ဤကျမ်းစာပါ မဗျိမဒေသ ဌာနအသီးသီးနှင့် သီဟိုဠ်ကျွန်း-စသည့် နေရာများသို့ အချိန်ယူ၍ ကိုယ်တိုင်လှည့်လည်မှတ်သားပြီး

ညောတီ-ဦးကိုတိုထေရ်

ရေးသားစီရင်အပ်သော

ကဒ္ဒိယကြီးပုံကျမ်းကြီး



၂၅၂၈ ၁၉၈၄

ဤကွန်ဒီယကြေးမုံကျမ်းကြီးကို အဆက်မပြတ် ထုတ်ဝေနိုင်ရန်
ရည်သန်၍ ငွေပဒေသာပင် စိုက်ထူကာ
ပညာသံဝတ္ထုနိုကကုသိုလ်ပြုကြသော ဓမ္မဒါနဒါယကာများ

* * * * * *

နှစ်ဖက်မိဘများဖြစ်ကြသော

ဗိုလ်မှူးကြီး (ငြိမ်း) ဦးကောင်းလှ + ဒေါ်လှမြိုင်

ဗိုလ်ကြီး (ငြိမ်း) ဦးလှမြင့် + ဒေါ်ခင်ခင်သောင်း

တို့အား အမှူးထား၍

ဒု-အင်ဂျင်နီယာမှူးကြီး ဦးကျော်သူ

ဇနီး ဒေါ်သက်မာမြင့်

သား မောင်တေဇကျော်

သမီး မဇ္ဇနိန်ပွင့်သူ

ခြံအမှတ်-၁၊ စိန်ပန်းလမ်း၊ ပြည်ထောင်စုရိပ်မွန်၊ သယ်နိုးကျွန်းမြို့နယ်၊ ရန်ကုန်

မိသားစု ကောင်းမှု

ယကြေးမုံကျမ်းကြီး

ဦးကိုတို့ထေရ်

၁၂၉၄-ခု၊ တပေါင်းလရိုက် မူရင်းကျမ်းစာပါ မျက်နှာဖုံး

ဣန္ဒိယနိုင်ငံတော်ကြီးသို့ ဘုရားဖူးရန် သွားရောက်ကြသော
ရဟန်း,ရှင်,လူအပေါင်းတို့ ယုံမှားသံသယ ကင်းရှင်းရန်
မဗျိုမဒေသသို့ ကိုယ်တိုင်သွားရောက်ပြီးလျှင်
ကုသိနာရုံဆရာတော်ကြီး ဦးစန္ဒမုနိ,
ဇေတဝန်ဆရာတော်ကြီး ဦးမဟိန္ဒ,
ပုဏ္ဏားပုရောဟိတ်, ဟိန္ဒူပဏ္ဍိတ်တို့ထံမှ
သက္ကတ,နာဂရီ,ဗင်္ဂလီဘာသာများကို သင်ကြားအားထုတ်၍

ရေးသားပြုစုသော

ဣန္ဒိယကြေးမုံကျမ်းကြီး

ဤကျမ်းစာပါ မဇ္ဈိမဒေသ ဌာနအသီးသီးနှင့်
သီဟိုဠ်ကျွန်း-စသည့် နေရာများသို့ အချိန်ယူ၍
ကိုယ်တိုင်လှည့်လည်မှတ်သားပြီး

ညောတီ–ဦးကိတ္တိထေရ်

ရေးသားစီရင်အပ်သော

ဗုဒ္ဓဓမ္မ



၁၃၆၈ ၂၀၀၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
ကိုးတေသနစာကြည့်တိုက်
အမှတ်
ရက်စွဲ

ပုံနှိပ်မှတ်တမ်း

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနဂရဘိက္ခုသံဃအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဗုဒ္ဓစာပေအဖွဲ့က ထပ်မံ ပုံနှိပ်သည်။

အုပ်ရေ (၁,၀၀၀)

၁၃၇၃-ခုနှစ်၊ (၂၀၁၁-ခုနှစ်)

ရွှေသုဝဏ္ဏကျောင်းက သန့်စင်သည်အထိ ကွန်ပျူတာစာစီ လျှုဒါန်း၍ ဦးမြင့်စိုး၊ ဦးသိန်းအောင်၊ ဦးစိုးတင့်တို့ ကြီးကြပ်ပြင်ဆင်သည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ကမ္ဘာအေးပုံနှိပ်တိုက်အတွက် ညွှန်ကြားရေးမှူး ဦးဝင်းနိုင် မှတ်ပုံတင်အမှတ် (၀၃၈၄၃)က ပုံနှိပ်၍ ဗုဒ္ဓစာပေအဖွဲ့ ဦးညွှန့်မောင် ယာယီမှတ်ပုံတင်အမှတ် (၁၃၈၅)က ထုတ်ဝေသည်။

ဣန္ဒိယကြေးမုံကျမ်းကြီး၊ ပထမတွဲ၊ မာတိကာ

ဦးရေ အကြောင်းအရာ စာမျက်နှာ

- နိဒါနကထာ [၂၅]

{ ၁ } ပထမကဏ္ဍ

[၁] ပဏာမဂါထာနှင့် အဘိယာစက ၁
[၂] 'ဇမ္ဗူဒီပါ' ခေါ်ဆိုခြင်း ၄
[၃] မဇ္ဈိမဒေသ နယ်နိမိတ် ၄
[၄] ဣန္ဒိယ၏ သာမညဝိဘာဂစကားရပ် ၅
[၅] တောင်ကို ဝေဖန်၍ပြခြင်း ၇
[၆] တောင်တို့မှ ရအပ်သောအကျိုး ၁၁
[၇] မြစ်တို့ကို ဝေဖန်၍ပြခြင်း ၁၁
[၈] မြစ်တို့မှ ရအပ်သောအကျိုး ၁၆
[၉] မရတဟာန်(မုတ္တမ)ကွေ-စသော အော် ၁၆
[၁၀] အိုင်ကို ဖော်ပြခြင်း ၁၆
[၁၁] သတ္တုတွင်းကို ဖော်ပြခြင်း ၁၇
[၁၂] မီးရထားအကြောင်း ၁၇
[၁၃] ကြေးနန်းကြိုးအကြောင်း ၁၉
[၁၄] မဒရာဆ် (မဒရပ်)နယ်၌ အထူးမှတ်သားဖွယ် ၂၀
[၁၅] ဘုံဘိုင်နယ်၌ အထူးမှတ်သားဖွယ် ၂၂
[၁၆] ဗြိတိသျှဗလုကျိုဆတာန်နယ်၌ အထူးမှတ်သားဖွယ် ၂၄
[၁၇] အနောက်မြောက်ထောင့်နယ်ခြား၌ အကျဉ်းမှတ်သားဖွယ် ၂၅

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
[၁၈]	ပံဂျာပ်နယ်၌ အထူးမှတ်သားဖွယ်	၂၆
[၁၉]	ကဿမီရ်(ကသ္မီရ)ပြည်၌ အကျဉ်းမှတ်သားဖွယ်	၂၈
[၂၀]	ဒိလ္လီမြို့တော်၌ အကျဉ်းမှတ်သားဖွယ်	၂၉
[၂၁]	သံယုတ္တ၊ ယူနိုက်တက်ပရိုဗင့်နယ်၌ အကျဉ်းမှတ်သားဖွယ်	၃၀
[၂၂]	ဣန္ဒိယအလယ်ပိုင်းနှင့် ဗရာရ်နယ်၌ အကျဉ်းမှတ်သားဖွယ်	၃၄
[၂၃]	ဗိဟာရ်နှင့် ဥရီဆာနယ်ကို အကျဉ်းဖော်ပြခြင်း	၃၅
[၂၄]	ဗင်္ဂါလ် (ဗင်္ဂလား)နယ်ကို အကျဉ်းဖော်ပြခြင်း	၃၇
[၂၅]	အာဆာမ် (အာသာမ်)နယ်၌ အကျဉ်းမှတ်သားဖွယ်	၃၉
[၂၆]	ဘူဋာန်နယ်၌ အကျဉ်းမှတ်သားဖွယ်	၄၀
[၂၇]	နေပါလ်နယ်၌ အကျဉ်းမှတ်သားဖွယ်	၄၀
[၂၈]	ရာဂျပူတာနာနယ်၌ အကျဉ်းမှတ်သားဖွယ်	၄၂
[၂၉]	ဗရောက်ဒါနယ်၌ အကျဉ်းမှတ်သားဖွယ်	၄၃
[၃၀]	ဟိုက်ဒရာဗာဒ်နယ်၌ အကျဉ်းမှတ်သားဖွယ်	၄၃
[၃၁]	မိုက်ဆူရ်နယ်၌ အကျဉ်းမှတ်သားဖွယ်	၄၄

{ ၂ } ဒုတိယကဏ္ဍ

[၁]	ဝိသာခါဒါယိကာမအား ဟောတော်မူသော တိုင်းကြီး ၁၆-တိုင်း	၄၆
[၂]	မဇ္ဈိမဒေသသို့ ကြွသွားခြင်း	၄၇
[၃]	မလ္လတိုင်း၊ ကုသိနာရုံပြည်	၄၉
[၄]	၎င်း၏ လမ်းခရီးအစီအစဉ်	၅၃
[၅]	သက္ကဋဘာသာနှင့် ဟိန္ဒီဘာသာကို သင်ခြင်း	၅၃
[၆]	ကောသလတိုင်း၊ သာဝတ္ထိပြည်အကြောင်း	၅၄
[၇]	၎င်း၏ လမ်းခရီးအစီအစဉ်	၅၇

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
[၈]	ဇေတဝန်ဆရာတော်ကြီး အတ္ထုပ္ပတ္တိ	၅၈
[၉]	သာဝတ္ထိပြည်မှ ကုသိနာရုံသို့ ပြန်သွားခြင်း	၆၀
[၁၀]	လုမ္ဗိနီဥယျာဉ်၌ ညောင်ရေသွန်းပွဲတော်ကို ကျင်းပခြင်း	၆၁
[၁၁]	လုမ္ဗိနီဥယျာဉ်အကြောင်း	၆၂
[၁၂]	၎င်း၏ လမ်းခရီးအစီအစဉ်	၆၄
[၁၃]	သက္ကတိုင်း၊ ကပိလဝတ်ပြည်	၆၅
[၁၄]	၎င်း၏ လမ်းခရီးအစီအစဉ်	၆၈
[၁၅]	အနော်မာမြစ်အကြောင်း	၆၈
[၁၆]	၎င်း၏ လမ်းခရီးအစီအစဉ်	၇၀
[၁၇]	ကောလိယပြည်အကြောင်း	၇၀
[၁၈]	၎င်း၏ လမ်းခရီးအစီအစဉ်	၇၂
[၁၉]	ဒေဝဒဟပြည်အကြောင်း	၇၃
[၂၀]	ရာမဂ္ဂာအကြောင်း	၇၃
[၂၁]	မောရိယမြို့၊ အဂ်ီရထူပစေတီအကြောင်း	၇၄
[၂၂]	၎င်း၏ လမ်းခရီးအစီအစဉ်	၇၆

{ ၃ } တတိယကဏ္ဍ

[၁]	ကာသီတိုင်း၊ ဗာရာဏသီပြည်အကြောင်း	၇၇
[၂]	၎င်း၏ လမ်းခရီးအစီအစဉ်	၇၉
[၃]	ဗာရာဏသီ၊ မိဂဒါဝုန်အကြောင်း	၇၉
[၄]	မိဂဒါဝုန်၊ ဓာတ်တော်ကျောင်း ဖွင့်လှစ်ခြင်းအကြောင်း	၈၁
[၅]	၎င်း၏ လမ်းခရီးအစီအစဉ်	၈၂
[၆]	ဣလာဟာဗာဒ်မြို့အကြောင်း	၈၃

ဣန္ဒိယကြေးမုံကျမ်းကြီး

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
[၇]	သဟဇာတိရွာအကြောင်း	၈၄
[၈]	ဝံသတိုင်း၊ ကောသမ္မီပြည်အကြောင်း	၈၅
[၉]	၎င်း၏ လမ်းခရီးအစီအစဉ်	၈၈
[၁၀]	ဘဂ္ဂတိုင်း၊ သံသုမာရဂိရိပြည်အကြောင်း	၈၉
[၁၁]	အာဠဝီတိုင်း၊ အာလမ္ဘိကာမြို့	၉၀
[၁၂]	၎င်း၏ လမ်းခရီးအစီအစဉ်	၉၁
[၁၃]	သက်သနဂိုရ်ပြည်အကြောင်း	၉၁
[၁၄]	၎င်း၏ လမ်းခရီးအစီအစဉ်	၉၅
[၁၅]	ဖရရုခါဗာဒ်မြို့အကြောင်း	၉၆
[၁၆]	ဗိလဆရ်အဆောက်အဦးအကြောင်း	၉၆
[၁၇]	သောရေယျပြည်အကြောင်း	၉၇
[၁၈]	သုရသေနတိုင်း၊ ရာဇဂုတ်ပြည်အကြောင်း	၉၈
[၁၉]	အာဂရာမြို့အကြောင်း	၁၀၁
[၂၀]	ဘရတပုရ်မြို့အကြောင်း	၁၀၂
[၂၁]	မဗ္ဗတိုင်း၊ မဗ္ဗပုရပြည်အကြောင်း	၁၀၃
[၂၂]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၀၆
[၂၃]	အဂျမေရ်မြို့အကြောင်း	၁၀၆
[၂၄]	အဟမဒါဗာဒ်မြို့အကြောင်း	၁၀၇

{ ၄ } စတုတ္ထကဏ္ဍ

[၁]	ဒွါရက(ဒွါရဝတီ)မြို့အကြောင်း	၁၀၉
[၂]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၁၁
[၃]	သုရဋ္ဌတိုင်း၊ သုဝဏ္ဏဘူမိအကြောင်း	၁၁၁

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
[၄]	ဂိရိနာရ်တောင်ကို ဖော်ပြခြင်းအကြောင်း	၁၁၃
[၅]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၁၅
[၆]	ဗရိဒါမြို့အကြောင်း	၁၁၆
[၇]	ဆုရတမြို့အကြောင်း	၁၁၇
[၈]	ယောနကတိုင်းအဝင်အပါ နမ္မဒါမြစ်၌ ခြေတော်ရာအကြောင်း	၁၁၇
[၉]	ယောနကတိုင်းအကြောင်း	၁၂၀
[၁၀]	ဘရုကစ္ဆသဘော်ဆိပ်အကြောင်း	၁၂၁
[၁၁]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၂၂
[၁၂]	ဘုံဘိုင်မြို့တော်အကြောင်း	၁၂၂
[၁၃]	ကဏ္ဍဟေရီလိုဏ်ဂူနှင့် သုနာပရန္တတိုင်းအကြောင်း	၁၂၃
[၁၄]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၂၄
[၁၅]	ကရလကာလိုဏ်ဂူနှင့် ဘာဂျကေလိုဏ်ဂူအကြောင်း	၁၂၄
[၁၆]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၂၆
[၁၇]	အပရန္တတိုင်းနှင့် သုနာပရန္တတိုင်းအကြောင်း	၁၂၆
[၁၈]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၂၈
[၁၉]	မဟာရဋ္ဌတိုင်း၊ ပဠိရမဏ္ဍာပြည်အကြောင်း	၁၂၉
[၂၀]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၃၀
[၂၁]	ကာရလာလိုဏ်ဂူအကြောင်း	၁၃၀
[၂၂]	ဒေါက်လတာဗာဒ်မြို့အကြောင်း	၁၃၀
[၂၃]	ဧလိုရာလိုဏ်ဂူအကြောင်း	၁၃၂
[၂၄]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၃၃
[၂၅]	အဂျန္တာလိုဏ်ဂူအကြောင်း	၁၃၄
[၂၆]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၃၅

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
[၂၇]	အဝန္တိတိုင်း၊ မဟေသယပြည်, ဥဇ္ဇေနီပြည်အကြောင်း	၁၃၆
[၂၈]	ဝေဒိသကတောင်အကြောင်း	၁၃၇
[၂၉]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၃၈
[၃၀]	ဝေဒိသကမြို့အကြောင်း	၁၃၉
[၃၁]	စေတီယတိုင်း၊ သောတ္ထိယပြည်အကြောင်း	၁၄၀
[၃၂]	အဿကတိုင်း၊ ပေါတနပြည်အကြောင်း	၁၄၂
[၃၃]	ကုရုတိုင်း၊ ဣန္ဒပတ္ထနဂိုရ်ပြည်အကြောင်း	၁၄၃

{ ၅ } ပဉ္စမကဏ္ဍ

[၁]	ပဉ္စာလတိုင်း၊ ပဉ္စာလရာဇ်ပြည်အကြောင်း	၁၄၇
[၂]	ဂန္ဓာရတိုင်း၊ တက္ကသိုလ်ပြည်အကြောင်း	၁၄၉
[၃]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၅၂
[၄]	ပေဿာဝရ်မြို့အကြောင်း	၁၅၃
[၅]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၅၄
[၆]	ကမ္မောဇတိုင်း၊ ဂုစ္ဆရပြည်အကြောင်း	၁၅၅
[၇]	မဒ္ဒရာဇ်တိုင်း၊ သာဂလပြည်အကြောင်း	၁၅၆
[၈]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၅၇
[၉]	သိဝိတိုင်း၊ စေတုတ္တရာပြည်အကြောင်း	၁၅၈
[၁၀]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၅၉
[၁၁]	စေတတိုင်း၊ မဒ္ဒရာဇ်ပြည်အကြောင်း	၁၅၉
[၁၂]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၆၀
[၁၃]	ကသ္မီရတိုင်းပြည်အကြောင်း	၁၆၀
[၁၄]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၆၃

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
[၁၅]	ရိရှိကေသျှ်မြို့အကြောင်း	၁၆၄
[၁၆]	အဟောဂင်္ဂါနှင့် ဟရိဒ္ဓါရ်မြို့အကြောင်း	၁၆၅
[၁၇]	မုရာဒါဗာဒ်မြို့အကြောင်း	၁၆၆
[၁၈]	လခနဦး(လက္ခနောင်း)မြို့အကြောင်း	၁၆၇
[၁၉]	သာကေတမြို့အကြောင်း	၁၆၈
[၂၀]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၇၀
[၂၁]	ကီဠာဂိရိပြည်အကြောင်း	၁၇၁
[၂၂]	ဗဒရတိမြို့အကြောင်း	၁၇၂
[၂၃]	ကောဏာဂုံမြတ်စွာဘုရား၏ ဖွားမြင်ရာဌာနကို ဖော်ပြခြင်း	၁၇၂
[၂၄]	၎င်း၏ လမ်းခရီးအစီအစဉ်	၁၇၄
[၂၅]	ဂိုရခပုရ်မြို့အကြောင်း	၁၇၄
[၂၆]	ကုသိနာရုံဆရာတော်ကြီး၏ သခေါ်ပအတ္ထုပ္ပတ္တိ	၁၇၄
[၂၇]	ဘုရားပွင့်ရာ မဟာဗောဓိသို့ ကြွသွားခြင်း	၁၇၈
[၂၈]	မဟာဗောဓိမြေမျက်နှာပြင်အကြောင်း	၁၇၈
[၂၉]	ဗောဓိပင်အကြောင်း	၁၈၀
[၃၀]	ရွှေပလွင်၏အကြောင်း	၁၈၂
[၃၁]	သတ္တာဟဌာနအကြောင်း	၁၈၃
[၃၂]	မဟာဗောဓိစေတီတော်ကြီး၏အကြောင်း	၁၈၈
[၃၃]	ဗုဒ္ဓဘာသာ ဓမ္မသာလာအကြောင်း	၁၈၉
[၃၄]	တိုလီမိုလီကို ပြဆိုခြင်း	၁၉၀
[၃၅]	နေရဉ္ဇရာမြစ်အကြောင်း	၁၉၀
[၃၆]	သုဇာတာနှင့် အဇပါလအကြောင်း	၁၉၁
[၃၇]	ဥရုဝေလတောအကြောင်း	၁၉၂

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
[၃၈]	ဂယာသီသမြို့အကြောင်း	၁၉၄
[၃၉]	ဗရာဗရ်တောင်အကြောင်း	၁၉၅
[၄၀]	မဟာဗောဓိ-စသော လမ်းခရီးအစီအစဉ်	၁၉၆

{ ၆ } ဆဋ္ဌကဏ္ဍ

[၁]	မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်အကြောင်း	၁၉၈
[၂]	၎င်း၏ လမ်းခရီးအစီအစဉ်	၂၀၂
[၃]	အမွှလဋ္ဌိကာမြို့အကြောင်း	၂၀၃
[၄]	နာလန္ဒာရွာအကြောင်း	၂၀၅
[၅]	၎င်း၏ လမ်းခရီးအစီအစဉ်	၂၀၇
[၆]	ဗိဟာရ်မြို့အကြောင်း	၂၀၈
[၇]	၎င်း၏ လမ်းခရီးအစီအစဉ်	၂၀၈
[၈]	သခေါ်ပစကားရပ်အကြောင်း	၂၀၉
[၉]	ပါဋလိပုတ်ပြည်အကြောင်း	၂၀၉
[၁၀]	၎င်း၏ လမ်းခရီးအစီအစဉ်	၂၁၂
[၁၁]	အင်္ဂတိုင်း၊ စမ္ပာနဂို၏ပြည်အကြောင်း	၂၁၃
[၁၂]	ဝဇ္ဇီတိုင်း၊ ဝေသာလီပြည်အကြောင်း	၂၁၄
[၁၃]	၎င်း၏ လမ်းခရီးအစီအစဉ်	၂၁၉
[၁၄]	ဥက္ကာစေလပြည်အကြောင်း	၂၂၀
[၁၅]	နာဒိကာရွာအကြောင်း	၂၂၁
[၁၆]	ဒေါဏပုဏ္ဏားအကြောင်း	၂၂၁
[၁၇]	အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံတော်မူရာအကြောင်း	၂၂၂
[၁၈]	၎င်း၏ လမ်းခရီးအစီအစဉ်	၂၂၃

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
[၁၉]	ကျမ္ဘရန်စီရင်စုရှိ အသောကမင်းကြီး၏ကျောက်စာဌာန	၂၂၄
[၂၀]	ဝိဒေဟတိုင်း၊ မိထိလာပြည်အကြောင်း	၂၂၄
[၂၁]	၎င်း၏ လမ်းခရီးအစီအစဉ်	၂၂၅
[၂၂]	ဝဂ်တိုင်း၊ ဝဂ်ရာဇ်ပြည်အကြောင်း	၂၂၆
[၂၃]	ဝိသုဒ္ဓိစာအုပ်ကို ဝေဌခြင်းအကြောင်း	၂၂၈
[၂၄]	ကာမရူပတိုင်း၊ ကုမာရပြည်အကြောင်း	၂၂၈
[၂၅]	၎င်း၏ လမ်းခရီးအစီအစဉ်	၂၂၉
[၂၆]	မဟာဗောဓိပင်၏ လက်ျာတောင်ကိုင်းကို သီဟိုဠ်ကျွန်းသို့ ယူဆောင်သော တာမလိတ္ထိသင်္ဘောဆိပ်	၂၂၉
[၂၇]	ဗဂ်လား၊ အဝကျွန်းဌ သာသနာပြုခြင်းအကြောင်း	၂၃၀
[၂၈]	ဗုဒ္ဓဝင်အကျဉ်းချုပ်နှင့် ဓမ္မစကြာသုတ်ကို ရေးသားရခြင်းအကြောင်း	၂၃၃
[၂၉]	မဒရာဆ်(မဒရပ်)မြို့အကြောင်း	၂၃၃
[၃၀]	ဥက္ကလာပတိုင်း၊ ဥရီဆာပြည်အကြောင်း	၂၃၄
[၃၁]	၎င်း၏ လမ်းခရီးအစီအစဉ်	၂၃၈
[၃၂]	ကလိင်္ဂတိုင်း၊ ဒန္တပုရပြည်အကြောင်း	၂၃၈
[၃၃]	၎င်း၏ လမ်းခရီးအစီအစဉ်	၂၄၀
[၃၄]	အန္ဓရတိုင်း၊ ပိဏ္ဍိလပြည်အကြောင်း	၂၄၀
[၃၅]	ဓနကဋ္ဌကပြည်အကြောင်း	၂၄၁
[၃၆]	စောလပြည်အကြောင်း	၂၄၂
[၃၇]	မဟီသကတိုင်း၊ သာဂလပြည်အကြောင်း	၂၄၃
[၃၈]	၎င်း၏ လမ်းခရီးအစီအစဉ်	၂၄၄
[၃၉]	ဒြဝိဍတိုင်း၊ ကဉ္စီပုရပြည်အကြောင်း	၂၄၄
[၄၀]	၎င်း၏ လမ်းခရီးအစီအစဉ်	၂၄၆

[၁၈] ဣန္ဒိယကြေးမုံကျမ်းကြီး

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
[၄၁]	ဝနဝါသီတိုင်း၊ ကောကနပြည်အကြောင်း	၂၄၆
[၄၂]	တန်ဂျိုမြို့အကြောင်း	၂၄၈
[၄၃]	တြီချနာပလီမြို့အကြောင်း	၂၄၈
[၄၄]	မထုရာပြည်အကြောင်း	၂၄၉
[၄၅]	ရာမေဆွရာမ်မြို့၌ ရှေးဟောင်းဘုရားကျောင်းအကြောင်း	၂၅၁

{ ၇ } သတ္တမကဏ္ဍ

[၁]	သီဟိုဠ်ကျွန်းသို့ ကြွသွားခြင်းအကြောင်း	၂၅၂
[၂]	သီဟိုဠ်ကျွန်းအကြောင်း	၂၅၂
[၃]	ကိုလမ္ဘိ(ကိုလံဘို)မြို့အကြောင်း	၂၅၅
[၄]	ကလျာဏီစေတီအကြောင်း	၂၅၆
[၅]	အနုရာဓမြို့အကြောင်း	၂၅၃
[၆]	မဟာစေတီအကြောင်း	၂၅၈
[၇]	လောဟပါသာဒပြာသဒ်အကြောင်း	၂၆၀
[၈]	အမွှာ်ဏအကြောင်း	၂၆၁
[၉]	ဒက္ခိဏသာခါ မဟာဗောဓိအကြောင်း	၂၆၁
[၁၀]	ဌေးရကျေးမင်း၏ သချိုင်းရာအကြောင်း	၂၆၂
[၁၁]	ဣသရမုနိစေတီတော်အကြောင်း	၂၆၂
[၁၂]	ဣသိဂိလိတောင်အကြောင်း	၂၆၃
[၁၃]	မရိစ္စဝဋ္ဌိစေတီတော်အကြောင်း	၂၆၃
[၁၄]	စတုတ္ထသင်္ဂါယနာတင်ရာအကြောင်း	၂၆၄
[၁၅]	ထူပါရုံစေတီတော်အကြောင်း	၂၆၅
[၁၆]	အဘယဂိရိစေတီတော်အကြောင်း	၂၆၆

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၇	ဇေတဝနစေတီတော်အကြောင်း	၂၆၆
၁၈	လက်ဘရာမစေတီတော်အကြောင်း	၂၆၇
၁၉	မိဿကတောင်အကြောင်း	၂၆၇
၂၀	သခ်ၦမြို့၊ စွယ်တော်ဓာတ်အကြောင်း	၂၇၀
၂၁	ဂဂ်ါရာမဘုရားအကြောင်း	၂၇၂
၂၂	ခြေတော်ရာအကြောင်း	၂၇၃
၂၃	၎င်း၏ လမ်းခရီးအစီအစဉ်	၂၇၅
၂၄	မဟိယင်္ဂဏစေတီတော်အကြောင်း	၂၇၆
၂၅	အာလောကလိုဏ်ဂူအကြောင်း	၂၇၇
၂၆	၎င်း၏ လမ်းခရီးအစီအစဉ်	၂၇၈
၂၇	ဒမ္မုလလိုဏ်ဂူအကြောင်း	၂၇၈
၂၈	ပုလတ္ထိမြို့အကြောင်း	၂၈၀
၂၉	၉-တိုင်း, ၉-ဌာနခ် သာသနာပြုခြင်း	၂၈၁
၃၀	သီဟိုဠ်ကျွန်းခ် အကျဉ်းမှတ်သားဖွယ်	၂၈၃
၃၁	ဝါဆိုစဉ်ကို ပြခြင်း	၂၈၄
၃၂	မဇ္ဈိမဒေသမှ ရခိုင်ပြည်သို့ ပြန်ကြွလာခြင်း	၂၈၇
၃၃	ပါဠိဆရာ ဆရာဝ၏ မေတ္တာလက်ဆောင် အာသီသဂါထာ	၂၈၈

ပထမတွဲ၊ မာတိကာ ပြီး၏။

ဣန္ဒိယကြေးမုံကျမ်းကြီး၊ ဒုတိယတွဲ၊ မာတိကာ

{ ၁ } ပထမကဏ္ဍ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
[၁]	ဣန္ဒိယရှိ ရှေးဟောင်းပညာများ တိမ်မြုပ်သွားခြင်းအတ္ထုပ္ပတ္တိ	၂၉၇
[၂]	ဣန္ဒိယရှိ ရှေးဟောင်းပညာများ တဖန်ဖြစ်ပေါ်လာခြင်းအတ္ထုပ္ပတ္တိ	၃၀၂
[၃]	ဣန္ဒိယပညာရှိတို့ ထကြွလုံ့လနှင့် ရှေးဟောင်းပညာအရာဝတ္ထုကို စုဆောင်းရှာဖွေခြင်း	၃၀၇
[၄]	ကျောက်စာရေးသားရခြင်း	၃၀၉
[၅]	သီရိမဟာသောကမင်းကြီးအတ္ထုပ္ပတ္တိ	၃၁၂
[၆]	ရှေးဟောင်းဣန္ဒိယရှိ အကွာရာကို ဝေဖန်ခြင်းနှင့် အသောကမင်းကြီး ရေးထိုးထားခဲ့သော ကျောက်ထက်အကွာရာ	၃၁၆
[၇]	အသောကမင်းကြီးကျောက်စာ ရရာဌာနကို ဝေဖန်ခြင်း ၈-ပါး	၃၁၈
[၈]	တစ်နည်း အသောကမင်းကြီးကျောက်စာ ရရာဌာနကို ဝေဖန်ခြင်း ၅-ပါး	၃၂၁
[၉]	ကျောက်စာတွင် သဒ္ဒါနှင့် စပ်လျဉ်း၍ဖော်ပြခြင်း	၃၃၀
[၁၀]	ကျောက်စာ၌ ပါဝင်သော လက္ခဏာတို့ကို ပြဆိုခြင်း	၃၃၁

လယုသိလာလေခ

[၁၁]	ပထမ လယုသိလာလေခ (ရူပနာထ်) မူလပါဋ္ဌ ၃-ဌာနနှင့် အနက်အဓိပ္ပါယ်	၃၃၂
[၁၂]	ပထမ လယုသိလာလေခ (ပြဟ္မဂိရိ) မူလပါဋ္ဌ ၃-ဌာနနှင့် အနက်အဓိပ္ပါယ်	၃၃၉
[၁၃]	ဒုတိယ လယုသိလာလေခ(ပြဟ္မဂိရိ) မူလပါဋ္ဌနှင့် အနက်အဓိပ္ပါယ်	၃၄၄
[၁၄]	ပထမ လယုသိလာလေခ(မာဆကီ) မူလပါဋ္ဌနှင့် အနက်အဓိပ္ပါယ်	၃၄၇
[၁၅]	ဘာပြူ(ဘာဘရာ)သိလာလေခ မူလပါဋ္ဌနှင့် အနက်အဓိပ္ပါယ်	၃၅၀

{ ၂ } ဒုတိယကဏ္ဍ

ဦးရေ အကြောင်းအရာ စာမျက်နှာ

[၁] စတုဒ္ဒသသိလာလေခ(ဂိရနာရ်) ပထမ သိလာလေခ မူလပါဠိ
၆-ဌာနနှင့် အနက်အဓိပ္ပါယ် ၃၅၅

[၂] စတုဒ္ဒသသိလာလေခ(ဂရိနာရ်) ဒုတိယ သိလာလေခ မူလပါဠိ
၆-ဌာနနှင့် အနက်အဓိပ္ပါယ် ၃၆၀

[၃] စတုဒ္ဒသသိလာလေခ(ဂိရနာရ်) တတိယ သိလာလေခ မူလပါဠိ
၆-ဌာနနှင့် အနက်အဓိပ္ပါယ် ၃၆၄

[၄] စတုဒ္ဒသသိလာလေခ(ဂိရနာရ်) စတုတ္ထ သိလာလေခ မူလပါဠိ
၆-ဌာနနှင့် အနက်အဓိပ္ပါယ် ၃၆၈

[၅] စတုဒ္ဒသသိလာလေခ(ဂိရနာရ်) ပဉ္စမ သိလာလေခ မူလပါဠိ
၆-ဌာနနှင့် အနက်အဓိပ္ပါယ် ၃၇၈

[၆] စတုဒ္ဒသသိလာလေခ(ဂိရနာရ်) ဆဋ္ဌမ သိလာလေခ မူလပါဠိ
၆-ဌာနနှင့် အနက်အဓိပ္ပါယ် ၃၈၈

[၇] သျှာဟဗာဂ်ဂဟရီကျောက်စာ၌ ပိုမိုရှိပါရှိသော ကျောက်စာများ ၃၉၆

[၈] စတုဒ္ဒသသိလာလေခ(ဂိရနာရ်) သတ္တမ သိလာလေခ မူလပါဠိ
၆-ဌာနနှင့် အနက်အဓိပ္ပါယ် ၃၉၆

[၉] စတုဒ္ဒသသိလာလေခ(ဂိရနာရ်) အဋ္ဌမ သိလာလေခ မူလပါဠိ
၇-ဌာနနှင့် အနက်အဓိပ္ပါယ် ၄၀၀

[၁၀] စတုဒ္ဒသသိလာလေခ (ဂိရနာရ်) နဝမ သိလာလေခ မူလပါဠိ
၆-ဌာနနှင့် အနက်အဓိပ္ပါယ်များ ၄၀၄

[၁၁] စတုဒ္ဒသသိလာလေခ (ဂိရနာရ်) ဒသမ သိလာလေခ မူလပါဠိ
၆-ဌာနနှင့် အနက်အဓိပ္ပါယ်များ ၄၁၃

[၁၂] စတုဒ္ဒသသိလာလေခ (ဂိရနာရ်) ဧကာဒသမ သိလာလေခ မူလပါဠိ
၄-ဌာနနှင့် အနက်အဓိပ္ပါယ် ၄၁၇

[၁၃] စတုဒ္ဒသသိလာလေခ (ဂိရနာရ်) ဒွါဒသမ သိလာလေခ မူလပါဠိ
၄-ဌာနနှင့် အနက်အဓိပ္ပါယ် ၄၂၀

ဦးရေ အကြောင်းအရာ စာမျက်နှာ

[၁၄] စတုဒ္ဒသသိလာလေခ (ဂိရနာရ်) တေရသမ သိလာလေခ မူလပါဠ် ၄-ဌာနနှင့် အနက်အဓိပ္ပါယ် ၆၂၈

[၁၅] စတုဒ္ဒသသိလာလေခ (ဂိရနာရ်) စုဒ္ဒသမ သိလာလေခ မူလပါဠ် ၅-ဌာနနှင့် အနက်အဓိပ္ပါယ် ၆၆၆

{ ၃ } တတိယကဏ္ဍ

[၁] ပထမ ကလိင်္ဂသိလာလေခ (ဓောက်ထီ) မူလပါဠ် ၂-ဌာနနှင့် အနက်အဓိပ္ပါယ် ၆၆၈

[၂] ဒုတိယ ကလိင်္ဂသိလာလေခ (ဓောက်ထီ) မူလပါဠ် ၂-ဌာနနှင့် အနက်အဓိပ္ပါယ် ၆၅၈

{ ၄ } စတုတ္ထကဏ္ဍ

[၁] သတ္တ ထမ္ဘလေခ (ဒိထီတိုပရာ) ပထမ ထမ္ဘလေခ မူလပါဠ် ၆-ဌာနနှင့် အနက်အဓိပ္ပါယ် ၆၆၆

[၂] သတ္တ ထမ္ဘလေခ (ဒိထီတိုပရာ) ဒုတိယ ထမ္ဘလေခ မူလပါဠ် ၆-ဌာနနှင့် အနက်အဓိပ္ပါယ် ၆၇၁

[၃] သတ္တ ထမ္ဘလေခ (ဒိထီတိုပရာ) တတိယ ထမ္ဘလေခ မူလပါဠ် ၆-ဌာနနှင့် အနက်အဓိပ္ပါယ် ၆၇၅

[၄] သတ္တ ထမ္ဘလေခ (ဒိထီတိုပရာ) စတုတ္ထ ထမ္ဘလေခ မူလပါဠ် ၆-ဌာနနှင့် အနက်အဓိပ္ပါယ် ၆၇၉

[၅] သတ္တ ထမ္ဘလေခ (ဒိထီတိုပရာ) ပဉ္စမ ထမ္ဘလေခ မူလပါဠ် ၅-ဌာနနှင့် အနက်အဓိပ္ပါယ် ၆၈၈

[၆] သတ္တ ထမ္ဘလေခ (ဒိထီတိုပရာ) ဆဋ္ဌမ ထမ္ဘလေခ မူလပါဠ် ၄-ဌာနနှင့် အနက်အဓိပ္ပါယ် ၆၉၆

[၇] သတ္တ ထမ္ဘလေခ (ဒိထီတိုပရာ) သတ္တမ ထမ္ဘလေခ ပုဗ္ဗမူနှင့် အပရမူမူလပါဠ် အနက်အဓိပ္ပါယ် ၆၉၉

{ ၅ } ပဉ္စမကဏ္ဍ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
[၁]	ဒွေးတရာ ဤထမ္ဘလေခရုမ်ိုန်ဒေ (လုမ်ဗိနီဥယျာဉ်) ပထမ ထမ္ဘလေခ မူလပါဠိနှင့် အနက်အဓိပ္ပါယ်	၅၁၅
[၂]	ဒွေးတရာ ဤထမ္ဘလေခ (နိဂလီဟဝါ) ဒုတိယ ထမ္ဘလေခ မူလပါဠိနှင့် အနက်အဓိပ္ပါယ်	၅၁၇
[၃]	လယူ ထမ္ဘလေခ ဆာရနာထ်(မိဂဒါဝုန်) ပထမ ထမ္ဘလေခ မူလပါဠိနှင့် အနက်အဓိပ္ပါယ်	၅၁၉
[၄]	လယူ ထမ္ဘလေခ ကောက်ဆမ်ဗီ(ကောသမ္ဗီ) ဒုတိယ ထမ္ဘလေခ မူလပါဠိနှင့် အနက်အဓိပ္ပါယ်	၅၂၄
[၅]	လယူ ထမ္ဘလေခ ဆာန်ကျီ (ဝေဒိသကတောင်) တတိယ ထမ္ဘလေခ မူလပါဠိနှင့် အနက်အဓိပ္ပါယ်	၅၂၅
[၆]	လယူ ထမ္ဘလေခ (ရာနီလေခ) စတုတ္ထ ထမ္ဘလေခ မူလပါဠိနှင့် အနက်အဓိပ္ပါယ်	၅၂၇
[၇]	တိဂုဟာလေခ- ပထမဂုဟာလေခ, ဒုတိယဂုဟာလေခ, တတိယ-ဂုဟာလေခ, မူလပါဠိနှင့် အနက်အဓိပ္ပါယ်	၅၂၉
[၈]	ဒသရထတိဂုဟာလေခ- ပထမဂုဟာလေခ, ဒုတိယဂုဟာလေခ, တတိယဂုဟာလေခ မူလပါဠိနှင့် အနက်အဓိပ္ပါယ်	၅၃၁
[၉]	ကျောက်စာတွင် မူကွဲပြားပုံကို ဇယားကွက်နှင့် ဖော်ပြခြင်း	၅၃၃

{ ၆ } ဆဋ္ဌကဏ္ဍ

[၁]	ကုသိနာရုံပြည်မှ ရရှိသော မြေခွက်ကမ္ဘည်းစာ	၅၃၅
[၂]	ကုသိနာရုံပြည်မှ ရရှိသော ကြေးပုရပိုက်စာ	၅၃၆
[၃]	ကုသိနာရုံပြည်၊ မြတ်စွာဘုရားညောင်စောင်းမှရရှိသော စာတမ်းငယ်	၅၃၆
[၄]	ကုသိနာရုံ ကျောင်းတော်ရာမှ ရရှိသော မြေခွက်တံဆိပ်စာ	၅၃၇
[၅]	ကုသိနာရုံ ကျောင်းတော်ရာမှ ရရှိသော ရွှေဒဂါး, ငွေဒဂါးစာ	၅၃၈
[၆]	ကုသိနာရုံစေတီတော်မှ ရရှိသော ကြေးပုရပိုက်စာ ၁-မျိုး	၅၃၈

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
[၇]	ပိပရ(ဟ)ဝါဓာတ်တော်ကြုတ်ကမ္ဘည်းစာ	၁၃၉
[၈]	မောရိယမြို့မှ ရရှိသော ကျောက်စာငယ်	၁၃၉
[၉]	ကနိ၇္ဓကမင်း၏ ရွှေဒင်္ဂါးစာ	၁၄၀
[၁၀]	ကမ္ဘောဇတိုင်း၊ ဤရာနီကျောက်စာ	၁၄၀
[၁၁]	သိဝိတိုင်းမှ ရရှိသော ငွေဒင်္ဂါး ၇-ပြားစာ	၁၄၀
[၁၂]	ဗြဟ္မီလိပိခေါ်သော အက္ခရာ၏အကြောင်း	၁၄၀
[၁၃]	ဗြဟ္မီဂဏန်းသင်္ချာကို ဖော်ထုတ်၍ပြခြင်း	၁၄၂
[၁၄]	ခရိုရှဋ္ဌီလိပိခေါ်သော အက္ခရာ၏ အကြောင်း	၁၄၅
[၁၅]	ခရိုရှဋ္ဌီဂဏန်းသင်္ချာကို ဖော်ထုတ်၍ ပြခြင်း	၁၄၉
[၁၆]	မောရိယမင်းဆက်ကို ဖော်ပြခြင်း	၁၅၀
[၁၇]	ကနိ၇္ဓကမင်းလက်ထက် သင်္ဂါယနာကို ပြခြင်း	၁၅၂
[၁၈]	ဟီနယာန, မဟာယာနတို့ဖြစ်ပေါ်လာပုံ	၁၅၄
[၁၉]	မဟာယာနဂိုဏ်းသားတို့၏ အယူဝါဒ	၁၅၅
[၂၀]	မဟာယာနဂိုဏ်း၌ ဘဂဝဒ္ဂီတာကျမ်း၏ တရားမျိုးသက်ဝင်ခြင်း	၁၅၆
[၂၁]	မဟာယာနဂိုဏ်း၌ ဘာသာခြားတရား ဝင်ရောက်လာခြင်း	၁၅၇
[၂၂]	ဟီနယာနနှင့် မဟာယာနတို့၏ ခြားနားပုံ	၁၅၈
[၂၃]	ဣန္ဒိယ၌ ဗုဒ္ဓဘာသာ သာသနာတော်၏ အခြေအနေ	၁၅၉
{ ၇ }	နိဂုံးချုပ် ဆုတောင်းဂါထာ ပါဠိနိသျှ	၁၆၂

အထူးအမှာ။ အသောကမင်းကြီး ရေးထိုးထားခဲ့သော ဗြဟ္မီအက္ခရာ ခရိုရှဋ္ဌီအက္ခရာ ၂-မျိုးတို့၏ ဝဏ္ဏမာလာနှင့် ဂဏန်းသင်္ချာ သောင်ညှပ်ပြေပုံများကို ဤကျမ်းကြီး အဆုံးတွင် ကြည့်ရှုပါလေ။

----- × -----

နိဒါနကထာ

လူ ၃-ပါးတို့၏ ဝပ်တွားရိုသေ ကိုင်းရှိုင်းရာဖြစ်သော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ၄-သင်္ချိန့်ဂဏန်း ကမ္ဘာ ၁-သိန်းကာလပတ်လုံး ဒါန-စသော ပါရမီ ၁၀-ပါး အပြား-၃၀၊ ၅-သွယ်သော စာဂ၊ စရိယ ၃-ပါး အလုံးစုံသော တရားတို့ကို ကြိုးပမ်း အားထုတ်တော်မူပြီး၍ ဤကမ္ဘာဝယ် ကောဇာတွက်စစ် သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့် နေ့၌ မဟာဗောဓိမဏ္ဍိုင်သို့ ကပ်တော်မူပြီးလျှင် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရတော်မူလေ၏။ ထို့နောက် နတ်,ဗြဟ္မာနှင့်တကွသော လူအပေါင်းတို့အား ၄၅-ဝါ ကာလ ပတ်လုံး တရားတည်းဟူသော အမြိုက်ဆေးကို တိုက်ကျွေးဆုံးမတော်မူပြီးလျှင် လူတွင် တွက်စစ် သက္ကရာဇ် ၁၄၈-ခု၊ ဥတုဂိမ္ဘာ၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ မိုးသောက်ယာမ်ဝယ် ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ခိုလှုံနိဗ္ဗာန်၊ ဝင်စံတော်မူလေ၏။

ထို့နောက်ကာလ ဘုရားမြတ်စွာ သာသနာတော်သည် အနှစ် ၅,၀၀၀-မစေ့ရောက်မီ တစ်နေ့တခြား ပျက်ပြားဆုတ်ယုတ်ခြင်းသို့ ရွေ့လျားရောက်ရှိလာလေ၏။ ထိုသို့ပင် ရွေ့လျား ဆုတ်ယုတ်ပြားသော်လည်း သာသနာတော်ဝင် လူ,ရှင်အပေါင်းတို့သည် ရတနာ ၃-ပါးတို့၌ သက်ဝင်ယုံကြည်ကြပြီးလျှင် ထိုသာသနာတော်မြတ်ကြီး၏ မူလဘူတ အခြေအမြစ်ဖြစ်သော မဗ္ဗိမဒေသသို့ နှစ်စဉ်မပြတ် သွားရောက်ဖူးမြော်လျက် ရှိနေကြကုန်၏။ ထိုကဲ့သို့ လာရောက်ကြသော ပညာရှိသူတော်ကောင်းအပေါင်းတို့သည် ခရီးလမ်းအစီအစဉ်နှင့် နေရပ်ဌာနများကို ယထာဘူတ ဟုတ်တိုင်းမှန်ရာကို မသိရှိကြ၍ အလွန်အလွန်ပင် ဒုက္ခကြီးရောက်ကြရကုန်၏။ ယင်းသို့ အပင်အပန်းနှင့် စခန်းမနီး ဂ္ဂန္ဓိယနိုင်ငံတော်ကြီးသို့ ဘုရားဖူးရန် သွားရောက်ကြပြားသော်လည်း ဟုတ်လိမ့်နိုးနိုး အမျိုးမျိုးနှင့် အကိုးအကားမရှိဘဲ အမျိုးသား အပေါင်းတို့မှာ ယုံမှားမကင်း ရှိနေကြရကုန်၏။

ဤကဲ့သို့ အချက်အရာကို ကရုဏာသက်လာသော ဓညဝတီ ဦးကိတ္တိရဟန်းတော်သည် ထိုမဗ္ဗိမဒေသသို့ ကိုယ်တိုင်ကိုယ်ကြပ် သွားရောက်ပြီးလျှင် ကုသိနာရုံဆရာတော် ဘုရားကြီး ဦးစန္ဒြမုနိ၏ ထံတော်ရင်းမှလည်းကောင်း၊ ဇေတဝန်ဆရာတော်ဘုရားကြီး ဦးမဟိန္ဒ၏ ထံတော်ရင်းမှလည်းကောင်း၊ ထိုမှတပါး ပုဏ္ဏားပုရောဟိတ်, ဟိန္ဒူပဏ္ဍိတ်, ဆရာကြီးတို့အထံမှလည်းကောင်း သက္ကဋ္ဌ, နာဂရီ, ဗင်္ဂလီဘာသာများကို သင်ကြားအားထုတ်၍ ဤဂ္ဂန္ဓိယကြေးမုံကျမ်းကြီးကို ရေးသားစီရင် အားထုတ်လိုက်ရပေတော့သတည်း။

ဣန္ဒိယကြေးမုံကျမ်းကြီး

ဤကျမ်းကြီးကို ရေးသားစီရင်ရန် အားမထုတ်မီ အထက်ပါ ကျေးဇူရှင်ဆရာတော်ဘုရားကြီး ၂-ပါးတို့၏ အမိန့်အာဏာတော်မြတ်ကို ဦးထိပ်ထက်၌ အမြဲတင်ရွက်ပြီးလျှင် ဣန္ဒိယနိုင်ငံတော်အတွင်း၌ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ အရပ်ရပ်သော ဌာနဟူသမျှတို့ကို မိမိကိုယ်တိုင် အခိုင်အမာ သိရှိနားလည်ဖို့ရန် ၁၂-နှစ်တိုင်တိုင် သွားလာလှည့်ပတ် ရှာဖွေစုဆောင်း သိမှီးခဲ့ရပေ၏။ ရောက်ရာရောက်ရာ အရပ်ဒေသတို့မှာလည်း-

- ဟူယိင်ဆင်နှင့် ဖာဟီယာန်ခေါ်သော တရုတ်ဘုန်းတော်ကြီးတို့၏ ခရီးစဉ်မှတ်တမ်းအရဖြင့်လည်းကောင်း၊
- ဥရောပတိုက်သား အင်္ဂလိပ်ကျောက်စာဝန် ကျောက်စာမင်းကြီးဟို့နှင့် ဣန္ဒိယတိုင်းသား ကျောက်စာဘက်ဆိုင်ရာ ပညာရှိအပေါင်းတို့၏ တူးဖော်ရရှိသော ကမ္ဘည်းကျောက်စာအရဖြင့်လည်းကောင်း၊
- ပိဋကတ်ကျမ်းဂန်အရဖြင့်လည်းကောင်း၊
- သင်္ဂဋ္ဌ, ဗင်္ဂလီ, နာဂရီ-စသော ဘာသာအမျိုးမျိုးတို့ဖြင့်လည်းကောင်း၊
- ဂရိတ်ဘုရင်က စန္ဒဂုတ္တမင်းထံ စေလွှတ်သော ဂရိတ်သံအမတ်၏ မှတ်တမ်းအရဖြင့်လည်းကောင်း၊
- ဟိန္ဒူပုရာဏ်ကျမ်းဂန် ရာဇဝင်အစောင်စောင်တို့၏ အရဖြင့်လည်းကောင်း-

သိရှိနားလည်ကြသည့်အတိုင်း အတည်ပြု၍ ပြဋ္ဌာန်းထားသည်ကို ဤဣန္ဒိယကြေးမုံကျမ်းကြီးတွင် ထည့်သွင်းဖော်ပြလျက် ပါရှိပါပေ၏။

ဤသို့လျှင် မျက်မြင်ဒိဋ္ဌ ကျမ်းဂန်အရဖြင့် ပညာရှိတို့ အဆုံးအဖြတ်, မှတ်တမ်းမှတ်ရာ, ဝိနိစ္ဆယ, ဗဟုသုတ အမျိုးမျိုးအဖုံဖုံ ပါရှိပေသော ဤကျမ်းကြီးသည် ယခုလောကပစ္စက္ခအတွင်းတွင် လူတို့ ကြည့်ရှုအပ်သော ဖြူစင်သန့်ရှင်း ကြည်လင်ကောင်းမွန်တောက်ပသော, ထိန်လင်းလှပေသော ကြေးမုံမှန်အပြင်နှင့် တူသောကြောင့် ဣန္ဒိယကြေးမုံကျမ်းကြီး-ဟူ၍ ခေါ်ဆိုရပေ၏။ ဤကျမ်းကြီးကို ရေးသားစီရင်ရခြင်း၏ အကြောင်းမှာလည်း ရဟန်းရှင်,လူ သူတော်သူမြတ်အား မြတ်စွာဘုရားသခင်၏ သာသနာတော်သည် ဇမ္ဗူဒီပ်ကျွန်းတွင် အဘယ်ပုံ ပေါ်လွင်ထင်ရှား ကျော်စောခဲ့ပြီး အဘယ်အခါကာလမှာ အဘယ်ပုံ ဆုတ်ယုတ်ပျက်ပြားလျက် ဖြစ်ပျက်ပုံကို ကောင်းစွာ သိရှိနားလည်စေနိုင်ခြင်း၊ သီရိဓမ္မာသောကမင်းကြီးနှင့်တကွ ထိုထိုသို့သော မင်းအများတို့သည် မြတ်စွာဘုရားသခင်၏ သာသနာတော်၌ ကောင်းမှုပုည မျိုးစေ့ချပြီးလျှင် ကမ္ဘည်းကျောက်စာ ရေးထိုးထားခဲ့သောအရာကို ခြားနားစွာ

သိရှိနားလည်စေနိုင်ခြင်း၊ သီဟိုဠ်ကျွန်းဌ၌ မြတ်စွာဘုရားသခင်၏ သာသနာတော်သည် နေရောင်,လရောင်တို့ထက် ပေါ်လွင်ထင်ရှားပြီးလျှင် ယခုအခါကာလမှာ မည်ကဲ့သို့ အခြေအနေမျိုးသို့ ကျရောက်လျက်ရှိနေသည်ကို ထင်ရှားစွာ သိရှိစေနိုင်ခြင်း၏ အကြောင်းရင်းလည်း ဖြစ်ပေ၏။

အထူးအားဖြင့်ကား ရှေးလွန်ခဲ့သော နှစ်ပေါင်း ၂၂၄၅-ခုနှစ်လောက်ကစ၍ သီရိ-ဓမ္မာသောကမင်းကြီး ရေးထိုးထားခဲ့သော ကျောက်တိုင်, ကျောက်လုံး, ကျောက်ဆောင်-စသည်များ၌ ကျောက်ကမ္ပည်းစာများကို တွေ့ရှိခြားသော်လည်း အနက်အဓိပ္ပါယ်ကို ဟုတ်မှန်တိုင်း မသိကြသောကြောင့် တွေ့မြင်ရသူ ဟူဟူသမျှတို့မှာ အချို့အချို့တို့ကလည်း ထိုကျောက်ကမ္ပည်းစာများကို တိသဏီ, ကန္ဒရီ, နာဂရီ, ဗင်္ဂလီဘာသာ-ဟု ပြောဆိုကြပြီးလျှင် ပြန်သွားကြပေ၏။ ဤကဲ့သို့ ဒုလ္လဘစာတမ်းကို တွေ့မြင်ရပါလျက် အနက်အဓိပ္ပါယ်ကို မသိရုံမျှမက ပဓာန အလေးမမူဘဲ ဖဲခွါသွားရလေသည်ကို ထောက်ဆလိုက်လျှင် အလွန်ပင် ဝမ်းနည်းဖွယ်ရာလည်း အကြောင်းတစ်ခုဖြစ်ပေ၏။ အကယ်၍ ဣန္ဒိယကြေးမုံကျမ်းကို ရေးယူပြီးလျှင် ပညာရှိတို့ ကြည့်ရှုလိုက်သည်ရှိသော် သာမည အားထုတ်မှုနှင့် ဣန္ဒိယတစ်နိုင်ငံလုံးရှိ အသောက-စသော ကျောက်စာများကို ဖတ်ရှုတ်သိရှိနိုင်ရုံမျှမက ဗုဒ္ဓဘာသာဆိုင်ရာ ရှေးဟောင်းအဆောက်အဦးတို့ကိုလည်း အကုန်အစင် ထင်မြင်ပြီးလျှင် ကမ္ဘာပေါ်တွင် ပညာရှိတစ်ယောက် ဖြစ်နိုင်လောက်သော ပညာဉာဏ်အခြေကို ရရှိစေနိုင်ခြင်း အကြောင်းရင်းလည်း ဖြစ်ပေ၏။

ထိုမှတပါး ဗုဒ္ဓဘာသာ မြန်မာကျမ်းဂန်တို့၌ ရှေးဟောင်းကျောက်စာများကို သုတ်သင်ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းပြီးလျှင် ရေးသားထားသော ကျမ်းဂန် ၁-ခုသည် ယခုထက်ထိ မဖြစ်နိုင်သလောက်ပင် ရှိနေသေး၏။ ထို့ကြောင့် ဤဣန္ဒိယကြေးမုံကျမ်း၏ အထောက်အပင့်ကို ရရှိပါက အထက်ဆိုအပ်ခဲ့ပြီးသော ခဲယဉ်းသော အကြောင်းအရာတို့ကို အကယ်၍ ဧကန်မုချ တစ်စိတ်တစ်ဒေသမျှ ပယ်ဖျောက်နိုင်ခဲ့သည်ရှိသော် ဦးကိတ္တိ ရဟန်းတော်ကဲ့သို့ပင် ဣန္ဒိယနိုင်ငံကြီးအတွင်းသို့ ဝင်ရောက်၍ ဗဟုသုတကို လိုလားတောင့်တရှာကြံဆည်းပူးကြသောအရာဝယ် သာမည သိရှိသူ ရှင်,လူရဟန်းပုဂ္ဂိုလ်များအတွက် အထူးဝမ်းမြောက်ဖွယ်ရာသော အကြောင်းအရင်းကြီး ၁-ချက်လည်း ဖြစ်ပေလိမ့်မည်။

ထိုကြောင့် ဗဟုသုတကို အထူးလိုလားတောင့်တသူတို့မှာ မိမိတို့ကိုယ်တိုင် ဣန္ဒိယနိုင်ငံသို့ မသွားမရောက်နိုင်သော်ငြားလည်း ဤဣန္ဒိယကြေးမုံကျမ်းကို အလေးဂရု ကြည့်ရှုဖို့ရန် ၁-ယောက်လျှင် ၁-အုပ်ကျစီ ဆောင်ထားသင့်ကြောင်းဖြင့် နှုံးဆော်တိုက်တွန်းရပါသတည်း။

အမှာစကားရပ်

၁။ တရုတ်ဘာသာ၌ လီဟူသော အတိုင်းအရှည်ကို ဘာသာပြန်ဆိုသူ အင်္ဂလိပ်, ဟိန္ဒူပညာရှိတို့၏ မည်ညွှတ်သော အယူဝါဒရှိကြ၏။ ၂-လီ ၁-မိုင်, ၅-လီ ၁-မိုင်, ၆-လီ ၁-မိုင်စီ ပါရှိ၏။ သဘောကျရာကို ယူကြလေ။

၂။ မြန်မာဘာသာမှတပါး အင်္ဂလိပ်, ဟိန္ဒူစကားများကို ရွတ်ဖတ်ကြသောအခါ တံခွန်လွှားပါရှိလော အက္ခရာများကို မတြာခွဲ သို့မဟုတ် လေသံကလေးနှင့် ဌာန်,ကရိုဏ်း ပီသစွာ ရွတ်ဖတ်ကြလေ။ ဣန္ဒိယ၌ ဟိန္ဒူလူမျိုးတို့၏ အသံထွက်ကို အလေးမူကြလျှင် လိုရာအကျိုးကို ပြီးစီးအောင်မြင်နိုင်၏။

၃။ မိမိကိုယ်တိုင် မရောက်ဖူးသေးသော နေရပ်များကိုလည်း နီးစပ်သော နေရာဌာနက နေ၍ ရေးသားဖော်ပြပါရှိကြောင်း၊

၄။ အရေးကြီးသော အချက်များကို ဟိန္ဒူ, မြန်မာ ၂-ဘာသာဖြင့် ဖော်ပြထား၏။

၅။ လမ်းခရီးအစီအစဉ်မှာ ရဟန်း,ရှင်,လူအပေါင်းတို့ လွယ်ကူစွာ သွားရောက်နိုင်စေခြင်းငှာ အင်္ဂလိပ်ဘာသာဖြင့် ဘူတာရုံ ၁-ခု, ၁-ခုစီ ရေးသားဖော်ပြထား၏။

၆။ ဘူတာရုံမရှိသောအရပ်ဒေသသို့ သွားလိုလျှင် ဣန္ဒိယမြေပုံကို ကြည့်၍ဖြစ်စေ သို့မဟုတ် စာတိုက်ဘက်ဆိုင်ရာ အရာရှိတို့အား မေးမြန်း၍ဖြစ်စေ သွားရောက်ကြည့်ရှုနိုင်၏။

၇။ ခရီးစဉ်တွင် မပါသော အရပ်ဒေသများသည် များသောအားဖြင့် ကျောက်စာပိုင်းတွင် ထည့်သွင်းဖော်ပြလျက် ပါရှိ၏။

၈။ ထိုထိုသို့သော ရဟန်း,ရှင်,လူတို့ ကြည်ဖြူသဒ္ဓါ လွယ်ကူစွာဖြင့် ကောက်ယူကြည့်ရှုနိုင်ကြစေရန် ကဏ္ဍအလိုက် မာတိကာတွင် ဖော်ပြထား၏။

၉။ သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဘာသာ သံဃာတော်များနှင့်တကွ ဒါယကာ, ဒါယိကာမများတို့သည် များသောအားဖြင့် စေတီတော်, ပုထိုးတော်-စသည်တို့ကို ပါဠိဘာသာဖြင့် ပြောဆိုကြလေ့ရှိ၏။ ထို့ကြောင့် ဘုရားဖူးလာရောက်ကြသော ပုဂ္ဂိုလ်တို့မှာ လွယ်ကူစွာဖြင့် သိနိုင်၏။ လမ်းခရီးအစီအစဉ်ကို အထူးဖော်ပြရန်မလို။ ဆိုလိုရင်းအချက်မှာ ဌာနတိုင်းမှာ သီဟိုဠ်ဘာသာဖြင့် ပါရှိ၏။

၁၀။ ဤကျမ်းကို ရေးသားရခြင်းကား မိမိ၏ ပကာသနဂုဏ်ကို လိုလားတောင့်တ၍ မဟုတ်။ အမျိုးသားတို့၏ အကျိုးများစေခြင်းငှာ ယထာဘူတ ဟုတ်မှန်စွာဖြင့် သိရှိပြီးလျှင် ဗဟုသုတ တိုးပွါးကြစေရန် ရေးသားရခြင်းဖြစ်ပေ၏။ သဘော်၊ မီးရထား လမ်းစဉ် တလျှောက်မှာ ရေးသားရခြင်းဖြစ်သောကြောင့် ပမာဒလေခများလည်း ရှိကောင်းရှိပေ လိမ့်မည်။ ၎င်းအခြင်းအရာများကို ပညာရှိပုဂ္ဂိုလ်အပေါင်းတို့က ပြင်ဆင်ကြည့်ရှု၍ သတိချပ် ကြပါစေခလို။

·အထူးမှာထားချက်

ဤကျမ်းကြီး၌ ပါရှိသော စာသားများတွင် ပထမတွဲ၊ မျက်နှာနံပါတ် ၁-မှစ၍ ၂၁၆-အထိ အမျိုးသားစာပုံနှိပ်တိုက်မှ ရိုက်နှိပ်သော စာသားများဖြစ်၍ ၂၁၇-က နောက် ပိုင်းရှိ စာသားများကိုသာလျှင် ကဝိမျက်မှန် စာပုံနှိပ်တိုက်က ရိုက်နှိပ်သော စာသားများ ဖြစ်ကြောင်းကို ဖော်ပြလိုက်ရပါသည်။

ဦးကိတ္တိ

----- × -----

ညောတီ–ဦးကိတ္တိထေရ်

ဣန္ဒိယကြေးမုံကျမ်းကြီး၊ ပထမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

{၁} ပထမကဏ္ဍ

[၁] ပဏာမဂါထာနှင့် အဘိယာစက

၁။ ဇမ္ဗုဒီပေ ယေ ဗုဒ္ဓါ၊ ဥပ္ပဇ္ဇန္တိ တထာဂတာ။
အနုတ္တရာ မဟိဒ္ဓိကာ၊ တိလောကေဟိ'ဘိပူဇိတာ။ ။

အဟံ၊ နာမသမုတ် ကျွန်ုပ်ဦးကိတ္တိရဟန်းတော်သည်။ တထာဂတာ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူကုန်ထသော။ အနုတ္တရာ၊ လွန်မြတ်သောသူ ရှိတော်မမူကုန်ထသော။ မဟိဒ္ဓိကာ၊ ကြီးသောအာနုဘော် ရှိတော်မူကုန်ထသော။ တိလောကေဟိ၊ လူ ၃-ပါးတို့သည်။ အဘိပူဇိတာ၊ အထူးသဖြင့် ပူဇော်အပ်တော်မူကုန်ထသော။ ယေ ဗုဒ္ဓါ၊ ဂဂီဝါဋ္ဌ သဲစုမက ပွင့်တော်မူကုန်ထသော အကြင်ဘုရားရှင်တို့သည်။ ဇမ္ဗုဒီပေ ယေဝ၊ ဇမ္ဗူဒီပါကျွန်းဌ်သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ပွင့်တော်မူကြကုန်၏။

၂။ ဝန္ဒာမိ'ဟံ ပါဒေ တေသံ၊ ဓမ္မံ ဘုဒ္ဓေဟိ ပူဇိတံ။
သီလာဒိဂုဏသမ္ပန္နံ၊ သံဃဉ္စ သြရသံ နုတံ။ ။

တေသံ၊ ထိုဘုရားရှင်တို့၏။ ပါဒေ၊ ခြေတော်အစုံတို့ကို။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတ္တာ၊ ရှိခိုးပြီး၍။ ဘုဒ္ဓေဟိ၊ ဘုရားရှင်တို့သည်။ ပူဇိတံ၊ ပူဇော်အပ်တော်မူသော။ ဓမ္မဉ္စ၊ တရားတော်မြတ်ကိုလည်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတ္တာ၊ ရှိခိုးပြီး၍။ သီလာဒိဂုဏသမ္ပန္နံ၊ သီလ-စသော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံတော်မူထသော။ သြရသံ နုတံ၊ ရွှေရင်တော်နှစ် သားတော်စစ်ဖြစ်တော်မူထသော။ သံဃဉ္စ၊ ပရမတ္ထသံဃာတော်ကိုလည်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၃။ ဂန္ဓနရဉ္စ ဇာနန်၊ ပိဋကတ္တယကောဝိဒံ။
ဆေကံ ဘာသန္တရဉ္စာပိ၊ ဓီရံ ဂါရဝဘာဇနံ။ ။

ဝန္ဒိတ္တာ၊ ရှိခိုးပြီး၍။ ဂန္ဓနရဉ္စ၊ ထွေထွေပြားပြား ကျမ်းဂန်များကိုလည်း။ ဇာနန်၊ ထိုးထွင်း၍ သိမြင်တော်မူထသော။ ပိဋကတ္တယကောဝိဒဉ္စ၊ ပိဋကတ် ၃-ပုံ၌လည်း လိမ္မာတော်မူထသော။ ဘာသန္တရဉ္စာပိ၊ ဘာသာအမျိုးမျိုးကိုလည်း။ ဆေကံ၊ ဟောပြောခြင်း၌ လိမ္မာတော်မူထသော။ ဓီရံ၊ မြမြဲသော သမာဓိလည်း ရှိတော်မူထသော။ ဂါရဝဘာဇနံ၊ ရိုသေခြင်း၏ တည်ရာလည်း ဖြစ်တော်မူထသော။

၄။ ဝသန္တံ ကုသိနာရာယံ၊ စန္ဒမုနိတိ ဝိဿုတံ။
အာစေရံ သာဝတ္ထိယဉ္စ၊ ဝသံ မဟိန္ဒနာမကံ။ ။

ကုသိနာရာယံ၊ ကုသိနာရုံပြည်၌။ ဝသန္တံ၊ သီတင်းသုံးနေတော်မူထသော။ နာမေန၊ အမည်အားဖြင့်။ စန္ဒမုနိတိ၊ ဆရာတော်ဦးစန္ဒမုနိ-ဟူ၍။ ဝိဿုတံ၊ ထင်ရှားကျော်စောခြင်း ရှိတော်မူထသော။ အာစေရံ စ၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကိုလည်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတ္တာ၊ ရှိခိုးပြီး၍။ တထေဝ၊ ရှေးစကားနှင့် မခြားစံယူ ထိုအတူသာလျှင်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်။ ဇေတဝနဌာနေ၊ ဇေတဝန်ကျောင်းတော်ရာ၌။ ဝသံ = ဝသန္တံ၊ အမြဲမွေ့လျော်သီတင်းသုံးနေတော်မူထသော။ မဟိန္ဒနာမကံ၊ ဦးမဟိန္ဒဆရာတော် ဘုရား-ဟု ထင်ပေါ်သော အမည်ရှိတော်မူထသော။ အာစေရံ စ၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကိုလည်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၅။ ယာစိတော'ဟံ နာရဒေန၊ သုတုစ္စိတေန ဘိက္ခုနာ။
ဥဿာပိတံ အသောကေန၊ သေလကွရမ္မိ ဒဿိယ။ ။

ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ သုတုစ္စိတေန၊ ကြား,မြင်ပညာ၊ အရာရာကို ကောင်းမွန်စွာ ရှာဖွေလေ့ရှိထသော။ နာရဒေန၊ ဦးနာရဒ-ဟု ၊ နာမတွင်ဘီ၊ အမည်ရှိထသော။ ဘိက္ခုနာ၊ ဣန္ဒိယနေပျော်၊ စာသင်ဖော် ရဟန်းတော်သည်။ ယာစိတော၊ မျှားစွာခေါက်ခေါက်၊ လာရောက်တောင်းပန်အပ်ရကား။ အဟံ၊ ငါဦးကိတ္တိရဟန်းတော်သည်။ အသောကေန၊ သီရိ-ဓမ္မာသောကမင်းကြီးသည်။ ဥဿာပိတံ၊ စိုက်ထူထားအပ်ပြီးသော။ သေလက္ခရမ္မိ၊ ရှေးဟောင်းကျောက်စာ ကမ္မည်းအက္ခရာကိုလည်း။ ဒဿိယ၊ ဖော်ပြ၍။

၆။　　ရစယိသာမိ ယံ ဂန္ဆံ၊ ဣန္ဒိယာဒါသနာမကံ။
ဣစ္ဆန္တာနမေဝ'တ္ထာယ၊ ပသန္နေ တုဋ္ဌမာနသာ။　။

ဣန္ဒိယာဒါသနာမကံ၊ ဣန္ဒိယကြေးမုံ အမည်ရှိသော။ ယံ ဂန္ဆံ၊ အကြင်ကျမ်းကြီးကို။ ဣစ္ဆန္တာနံ၊ အလိုရှိကုန်သောသူတို့၏။ အတ္ထာယ ဧဝ၊ အစီးအပွါးအလို့ငှါသာလျှင်။ ရစယိသာ-မိ၊ ရေးသားပြုပြင် စီရင်ပေအံ့သတည်း။ တံ ဂန္ဆံ၊ ထိုဣန္ဒိယကြေးမုံကျမ်းကြီးကို။ တုဋ္ဌမာန-သာ၊ နှစ်လိုဝမ်းမြောက်သော စိတ်ရှိကုန်သော။ သာဓဝေါ၊ သူတော်ကောင်းတို့သည်။ ပသန္နေ၊ ရှုကြစေကုန်သတည်း။

၇။　　ပုညေနာ'နေန နိဋ္ဌာတု၊ အန္တရာယံ ဝိနာသယံ။
ခလိတံ သစေ ပသဿထ၊ သောဓေန္တု သုဒ္ဓမာနသာ။　။

အနေန ပုညေန၊ ဤဘုရားအစရှိသော ရတနာ ၃-ပါး, ဆရာသမားတို့အား ရှိခိုးရသော ပဏာမကုသိုလ်ကံ စေတနာကြောင့်။ အန္တရာယံ၊ မကောင်းသော အန္တရာယ်မျိုးကို။ ဝိနာသယံ = ဝိနာသယန္တော၊ ပယ်ဖျောက်လျက်။ အယံ ဂန္ထော၊ ဤဣန္ဒိယကြေးမုံကျမ်းကြီးသည်။ နိဋ္ဌာတု၊ ပြီးစီးအောင်မြင်ပါစေသတည်း။ ခလိတံ၊ မှားယွင်းချွတ်ချော် မလျော်သော ပုဒ်,ပါဠိ,အက္ခရာကို။ သစေ ပသဿထ၊ အကယ်၍ မြင်ကြကုန်ငြားအံ့။ ဧဝံ၊ ဤသို့ မြင်ကြကုန်သည်ရှိသော်။ သာဓဝေါ၊ ပညာမြော်မြင် သူတော်စင်တို့သည်။ သုဒ္ဓမာနသာ၊ ဖြူစင်သော စိတ်သဘောဖြင့်။ သောဓေန္တု၊ သုတ်သင်ကြပါစေကုန်သတည်း။ ဝါ၊ အပြစ်မမြင် ကောင်းစွာ ပြင်ဆင်ကြပါစေကုန်သတည်း။

----- × -----

[၂] 'ဇမ္ဗူဒီပါ' ခေါ်ဆိုခြင်း

ဇမ္ဗူဒီပါကျွန်းအကြောင်းကို ရဟန်းတစ်ပါးအား ဘုရားသခင် ဟောတော်မူသည်မှာ "ချစ်သားရဟန်း၊ ဤဇမ္ဗူဒီပါကျွန်းသည်ကား အရှေ့, အနောက်, မြောက်မျက်နှာအပြင်သည် ယူဇနာ ၂,၀၀၀-ရှိ၏။ တောင်မျက်နှာအပြင်သည် ယူဇနာ ၄,၀၀၀-ရှိ၏။ အထောင့်ကြီး ၃-ထောင့်နှင့် အထောင့်ငယ် ၃-ထောင့်ရှိ၍ လှည်းဦးဌ ခင်းအပ်သော ကပ်သဏ္ဌာန်ကဲ့သို့ တည်ရှိ၏။ အချင်းအားဖြင့် ယူဇနာ ၁-သောင်း, အဝန်းအားဖြင့် ယူဇနာ ၃-သောင်းရှိ၏။ **ဇမ္ဗူဒီပါကျွန်း၏ မြောက်အစွန်းဌ ဇမ္ဗူသပြေပင် ရှိ၏။**" ဤသို့ မိန့်ကြားတော်မူကြောင်းကို မဟာဝင်ကျမ်းဌ လာရှိ၏။

အင်္ဂုတ္တရ၊ အဋ္ဌကနိပါတ်အဋ္ဌကထာ(၂၁၈)ဌ "ဤဇမ္ဗူဒီပါကျွန်းသည် ယူဇနာ ၁-သောင်းရှိကြောင်း"ကိုလည်းကောင်း၊ သာရတ္ထဒီပနီဋီကာဌ "အလျား, အနံအားဖြင့် ဤဇမ္ဗူဒီပါကျွန်းသည် ယူဇနာ ၁-သောင်းစီရှိ၏"ဟု(လည်းကောင်း) လာရှိ၏။

"ပဋမေ ဇမ္ဗုဒီပေတိ ဇမ္ဗုယာ ပညာတော ပါကဋော ဒီပေါတိ ဇမ္ဗုဒီပေါ"ဟူ၍ ဧကကနိပါတ်၊ အင်္ဂုတ္တရအဋ္ဌကထာ(၃၇၇)နှင့်အညီ ဇမ္ဗူသပြေပင်ကို အစွဲပြု၍ ငါတို့နေရာ ဤကျွန်းကို ဇမ္ဗူဒီပါကျွန်း-ဟု ခေါ်ဆိုကြ၏။

----- × -----

[၃] မဇ္ဈိမဒေသ နယ်နိမိတ်

ထိုဇမ္ဗူဒီပါကျွန်းတို့တွင် မဇ္ဈိမဒေသသည် အဝန်း ၉၀၀-ရှိကြောင်းကို ဝိနည်းမဟာ-ဝါပါဠိတော်-စသည်တို့ဌ ဟောတော်မူ၏။ ထိုမဇ္ဈိမဒေသ၏ နယ်နိမိတ်အပိုင်းအခြားကား ဧကကနိပါတ်၊ အင်္ဂုတ္တရအဋ္ဌကထာ(၃၆)ဌ လာရှိသည်နှင့်အညီ–

- အရှေ့အရပ်ဌ ဂဇင်္ဂလနိဂုံးရွာ၊ ၎င်းရွာ၏ပြင်ပဌ အင်ကြင်းတောရှိ၏။
- အရှေ့တောင်အရပ်ဌ သလ္လာဝတီမြစ်၊
- တောင်အရပ်ဌ သေတကဏ္ဏိကနိဂုံးရွာ ရှိ၏။
- အနောက်အရပ်ဌ ထူဏနိဂုံးရွာ ရှိ၏။
- မြောက်အရပ်ဌ ဥသီရဒ္ဓဇတောင်တန်းဖြင့် ပိုင်းခြားအပ်၏။

ထို ၅-ရပ်သော နယ်နိမိတ်အတွင်းရှိ မြို့,ရွာသည် မဇ္ဈိမဒေသ မည်၏။ ထိုမဇ္ဈိမဒေသသည် မုရိုးစည်သဏ္ဌာန်ကဲ့သို့ အလယ်ကြီး၍ အရင်းအဖျား ငယ်၏။

အလျားအားဖြင့် အချို့သောအရပ်သည် ယူဇနာ-၈၀၊ အချို့သောအရပ်ကား ယူဇနာ ၁၀၀-လည်းကောင်း, ၂၀၀-လည်းကောင်းရှိ၏။ အလယ်အရပ်ကား ယူဇနာ-၃၀၀၊ အဝန်းအားဖြင့်ကား ယူဇနာ ၉၀၀-ရှိ၏။ အနံ့အားဖြင့် ဤမဇ္ဈိမဒေသကို ယူဇနာ ၂၅၀-ရှိ၏-ဟု သုတ်သီလက္ခန်အဋ္ဌကထာ-စသည်တို့၌ လာရှိ၏။ ဤမျှလောက် ကျယ်ဝန်းသော မဇ္ဈိမဒေသ၏ အတွင်း၌သာ ဘုရား, ရဟန္တာ-စသည်တို့ ဖြစ်ထွန်းပေါ်ပေါက်ကြောင်းကို အထက်ပါ အဋ္ဌကထာတို့၌ လာရှိ၏။ (အံ၊ဌ၊၁။၇၆)

အထက်ပါ ပါဠိဘာသာ၌လာရှိသော အရှေ့ဘက် ဂဇင်လနိုဂုံးရွာကို ဟိန္ဒီ, သင်္ဂျပ္ပ ဘာသာ၌ ကဇင်လ-ဟု လာရှိ၏။ ၎င်းကဇင်လသည် ယခုအခါ ဗီဟာရ်နယ်၊ ဆံထာလ်ပရ-ဂနာစီရင်စုရှိ ကံကျိုလ်ခေါ်သော အရပ်သည်ပင်လျှင် ဖြစ်ပေ၏။ ယခုရှိ ဟက္ကာရီဗာဂ်စီရင်စု နှင့် မေဒနီပူရ်စီရင်စုရှိ ဆီလဏ္ဍီခေါ်သော မြစ်ကို သလ္လာဝတီမြစ်-ဟု ယူအပ်၏။ ဟက္ကာရီဗာဂ် စီရင်စုတွင် တစ်ခုခုသောရွာသည် ရှေး-သေတကဏ္ဍိကနိုဂုံးရွာ မည်၏။

ထူဏနိုဂုံးရွာမှာ ယခုရှိ ကာရနာလ်စီရင်စု၌ ထာနေဆရ်ရွာကို ယူအပ်၏။ ဟိမဝန္တာ တောင်တွင် ဥသျှီရဓွဂျခေါ်သော တစ်ခုသောတောင်သည် မြောက်ဘက် ဥသီရဒ္ဓဇတောင် ပင် ဖြစ်ပေ၏။ ဤသို့လျှင် မဇ္ဈိမ ဒေသသည် အလျားအားဖြင့် ယူဇနာ-၃၀၀, အနံ့အားဖြင့် ယူဇနာ ၂၅၀-ရှိ၍ အဝန်း ၉၀၀-ယူဇနာရှိကြောင်းကို ဗုဒ္ဓကျရယျ အမည်ရှိသော သင်္ဂျပ, ဟိန္ဒီကျမ်းတို့၌ လာရှိ၏။

----- × -----

[၄] အိန္ဒိယ၏ သာမညဝိဘာဂစကားရပ်

အောက်၌ ပါရှိသော စကားများကို အိန္ဒိယပညာရှိ, ဥရောပပညာရှိတို့ အလိုအား ဖြင့် ဝေဖန်၍ ပြဦးအုံ့။

၁။ ပါဠိဘာသာ၌ မဇ္ဈိမဒေသ-ဟူသောအမည်ကို ယခုအခါ ဟိန္ဒူလူမျိုးတို့၏ နေထိုင် ရာအဖြစ်ကို အစွဲပြု၍ ဟိန္ဒူဆတာန်-ဟု တွင်နေ၏။

၂။ ဘရတမင်း၏ စိုးစံရာ ဖြစ်ခြင်းကြောင့် ဘာရတခဏ္ဍ သို့မဟုတ် ဘာရတဗရ္ဓ-ဟူ၍ ခေါ်ဆိုကြ၏။

၃။ အာရယျလူမျိုးတို့၏ အုပ်စိုးရာ နေပြည်တော်ဖြစ်၍လည်း **အာရယျဗရတ**-ဟူသော အမည်ဖြင့် ထင်ပေါ်လေ၏။

၄။ အင်္ဂလိပ်မင်းတို့သည် ဆိန္ဓုမြစ်ကို ဣန္ဒဆ်ရိယရ်-ဟူ၍ ခေါ်ဆိုကြရာ ကာလကြာလေသော် ထိုအမည်မှ ဖောက်ပြန်၍ **ဣန္ဒိယာ**-ဟူ၍သာ ထင်ရှားနေ၏။

ဤသို့လျှင် ရအပ်သော အမည် ၄-ပါးဖြင့် တင့်တယ်သော ဤဣန္ဒိယပြည်သည် နံ့ကောင်ကဲ့သို့လည်းကောင်း၊ တစ်နည်းကား- လက် ၃-ချောင်းကဲ့သို့လည်းကောင်း ပုံသဏ္ဌာန်ရှိ၏။ ဣန္ဒိယပြည်ကြီးအောက်၌ သီဟိုဠ်ကျွန်းသည် တွဲလျက်ပါရှိနေ၏။

- ဣန္ဒိယမြောက်မှာ ဟိမဝန္တာတောင်၊ - **တောင်**မှာ ဟိန္ဒသမုဒ္ဒရာ၊
- **အရှေ့**မှာ ဗင်္ဂလားအော်နှင့် မြန်မာပြည်၊
- **အနောက်**မှာ အရေဗပင်လယ် ဗလူကျီဆတာန်, တစ်နည်းလည်း အာဖဂါနိုဆတာန်၊

ဤသို့လျှင် နိမိတ် ၄-ရပ်ဖြင့် ပိုင်းခြားအပ်၏။

အလျား,အနံ့အားဖြင့်သော်ကား မြောက်ဘက်၌ နံဂါတောင်မှ တောင်ဘက် ကော်မော်ရင်အင္ဂူတိုင်အောင် မိုင်ပေါင်း-၂၀၀၀၊ အရှေ့ဘက် မြန်မာပြည်မှ အနောက်ဘက် ကရာကျီတိုင်အောင် မိုင်ပေါင်း ၂၅၀၀-လောက်ရှိ၏။ ဣန္ဒိယအားလုံး၏ **စတုရန်းမိုင်ပေါင်း**ကား ၁၈-သိန်းထက်မက ရှိလိမ့်မည်။ လူ၏ အရေအတွက်မှာ ၃၃-ကုဋေကျော်လောက်ရှိ၏။ ရာဇနီတိဝိဘာဂဖြင့် ဣန္ဒိယတွင်–

မြောက်ဘက်၌ ဟိမဝန္တာ, **တောင်ဘက်၌** ဟိန္ဒသမုဒ္ဒရာ,
အရှေ့ဘက်၌ ဗြဟ္မပုတြနှင့် ဗင်္ဂလားအော်, **အနောက်ဘက်၌** ဆိန္ဓုနဒီ၊

ဤသို့လျှင် ဝေဖန်၍ သိအပ်၏။

ဣန္ဒိယကို မြောက်အရပ်က အမြင့် ၃-မိုင်ခန့်ရှိ ဟိမဝန္တာတောင်၏ တိုက်နံရံဖြင့် ကာဆီးပြီးလျှင် ပင်လယ် ၃-မျက်နှာ ဝိုင်းရံလျက် ရှိနေ၏။ ဤမျှလောက်ကြီးကျယ်သော တိုင်းပြည်ကို ရန်သူမင်းတို့သည် မျှားစွာဝင်ရောက်တိုက်ခိုက်၍ အမျိုးမျိုးသော ဆင်းရဲခြင်းသို့ ရောက်စေကုန်၏။

- **အာရယျလူမျိုး**က **အနာရယျအမျိုး**ကို တိုက်ခိုက်လေ၏။
- **ယူနာနီမင်း**သည် **အာရယျ**ကို နှိပ်ကွပ်လေ၏။
- **သျှကလူမျိုး**ကလည်း **ဘာရတအနွယ်**ကို ဖျက်ဆီးပြန်လေ၏။

- ဆိကန္ဒရသည် ပုရုရာဇာကို တိုက်ဖျက်လေ၏။
- မူဆလမာန်တို့ကလည်း ဟိန္ဒူလူမျိုးကို ဝင်ရောက်တိုက်ခိုက်ကြကုန်၏။
- ပုရာမင်းသည် ဝိဂျဏ္ဍာကို တိုက်ခိုက်လေ၏။

အကဗရ်(အက္ကဗာ)လက်ထက်မှာ အနည်းငယ်မျှသာ ယူရိုးပီးယာန်ခေါ် အင်္ဂလိပ်လူမျိုးတို့ ဣန္ဒိယသို့ ဝင်ရောက်လာကြကုန်၏။ စီးပွါးရေးကို မြင်ကြသောအခါ ကုန်ရောင်း, ကုန်ဝယ်အတွက် မျှားစွာလာရောက်ကြကုန်၏။ ပေါ်တူဂီလူမျိုးတို့ ရှေးဦးစွာ ဝင်ရောက်နေကြသော်လည်း ပြင်သစ်လက်ထက်မှာ ပြန်သွားကြကုန်၏။ ထို့နောက် မကြာမီပင် ဗြိတိသျှကုန်သည်တို့ တစ်နေ့ထက်တစ်နေ့ တိုးပွါးလာကြ၏။ ဒေါက်တာဟိုက်မီလတန် အန္တယ်အဆက်သည် ထိုဗြိတိသျှကုမ္ပဏီကို မြေနေရာ အနည်းငယ်မျှ ပေးစေ၏။

ဤသို့လျှင် တဖြည်းဖြည်းနှင့် ဣန္ဒိယနိုင်ငံတော်လုံးသည် ဗြိတိသျှကုန်သည်ဖြစ်သော ဣဆဒ္ဓ(*အီစတဲန်း*)ဣန္ဒိယာကုမ္ပဏီခေါ် အရှေ့ဣန္ဒိယကုမ္ပဏီလက်ထဲသို့ ရောက်လေ၏။ ခရစ်တော်သက္ကရာဇ် ၁၈၅၈-ခုနှစ်မှာ ဧကရိဝိကတိုရိယာဘုရင်မသည် ထိုကုမ္ပဏီလက်မှ သိမ်းယူပြန်လေ၏။

----- x -----

[၅] တောင်ကို ဝေဖန်၍ပြခြင်း

ဣန္ဒိယပြည်ကြီး၌ တောင်တို့သည် အမြောက်အများရှိကုန်၏။ ထိုတောင်တို့တွင် ထင်ရှားသော တောင်တို့ကို ဝေဖန်၍ ပြဦးအံ့။ ဣန္ဒိယမြောက်ပိုင်းရှိ တောင်မျှားတို့အနက်-

ဟိမဝန္တာတောင်သည် ရေခဲ, နှင်းခဲ, ဆီးနှင်းတို့ဖြင့် ရောပြွမ်းရာ ဖြစ်၏။ ထိုတောင်သည် အလျှားအားဖြင့် မိုင်ပေါင်း-၁၅၀၀, အနံအားဖြင့်ကား ၁၅၀-မှ ၂၅၀-တိုင်အောင် ရှိ၏။ အချို့သော ပညာရှိတို့က ဟိမဝန္တာတောင်ကို မြောက်ဘက်မှာ မိုင်ပေါင်း ၁၆၀၀-အကျယ်အပြန့်ရှိ၏-ဟု ဖော်ပြကြကုန်၏။ တောင်၏ ထက်ဝန်းကျင်အရပ်၌ကား ဆေးပင်, ဆေးမြစ်, ရွှေ, ငွေ-စသော သတ္တုတွင်းနှင့်တကွ တောင်စဉ်,တောင်ဝှန်းတို့သည် မျှားစွာတည်ရှိကုန်၏။

ဂေါက်ရီသျှဲကရ, ကိန်ကျိန်ဂကျိန်ဂါ, ဓဝလာဂိရိ, နန္ဒာဒေဝီ၊ ဤတောင်ထွဋ်တို့သည် ဣန္ဒိယဘက်သို့ ရှိကုန်၏။ ကိုက်လာသျှ, နံဂါ, ကာမေတ်၊ ဤတောင်ထွဋ်တို့သည် တိဗက်ပြည်သို့ ပါဝင်ရှိကုန်၏။

ဟိမဝန္တာတောင်သည် ပေပေါင်း-၁၉,၀၀၀၊

ဧဝေရိ(ဧဝရက်)ဆဋ္ဌတောင်သည် ပေပေါင်း ၂၉,၀၀၂-ပေ၊

နံဂါတောင်သည် ပေပေါင်း-၂၆,၀၀၀, တစ်နည်း ၂၆,၆၃၃-ပေ မြင့်ကြောင်းကို ပညာရှိတို့ ညွှန်းပြကြကုန်၏။

နန္ဒာဒေဝီတောင်သည် ပေပေါင်း-၂၅,၀၀၀, တစ်နည်း-၂၅,၆၀၀၊

ဓဝလာဂိရိတောင်သည် ပေပေါင်း-၂၆,၀၀၀, တစ်နည်း ၂၈,၈၂၆-ပေ မြင့်၏-ဟု ပညာရှိတို့ တွက်ဆိုပြကြကုန်၏။

ဂိုဆာအိန်တာန်တောင်သည် ပေပေါင်း-၂၆,၀၀၀၊

ကိန်ကျိန်ဂကျိန်ဂါတောင်သည် ပေပေါင်း-၂၈,၀၀၀၊

စုမလဓရိတောင်သည် ပေပေါင်း-၂၄,၀၀၀၊

ကံကျနဂျဃာတောင်သည် ပေပေါင်း-၂၈,၁၅၀၊

ဂေါက်ရီသျှဲကရ်တောင်သည် ပေပေါင်း-၂၉,၀၀၂၊

ကိုက်လာသျှ(ကေလာသ)တောင်သည် ပေပေါင်း ၂၂,၉၀၀-မြင့်၏။

ကရာကုရမ်တောင်သည် ဣန္ဒိယမြောက်ထောင့်၌ တည်ရှိ၍ ပေပေါင်း ၂၈,၂၅၀-မြင့်၏။

ဟိန္ဒူကုသျှတောင်သည် မြောက်မှ အနောက်တောင်သို့ တန်းလျက်ရှိ၏။ ပေပေါင်း ၂၀,၀၀၀-ကျော်လောက် မြင့်၏။

ဥဂျဝလတောင်သည် အနောက်မြောက်သို့ ရှိ၏။

ဆုလေမာန်တောင်သည် ဣန္ဒိယနှင့် ဗလူကျိုဆတာန်နယ်ခြား ဖြစ်၏။

တခတဆုလေမာန်တောင်သည် ပေပေါင်း ၁၁,၅၀၀-ကျော်လောက် အမြင့်ရှိ၏။

အရဗလီတောင်သည် ခမ္ဘာတကွေအနီးမှ အရှေ့မြောက်သို့ တန်းလျက်ရှိသည်။

အာပူတောင်သည် ပေပေါင်း ၅,၀၀၀-မြင့်၏။

ဝိန္ဓျာစလတောင်သည် ဣန္ဒိယအလယ်ပိုင်း၌ တည်ရှိ၍ ခမ္ဘာတကွေမှ အရှေ့ဘက်သို့ မိုင်ပေါင်း ၆၀၀-ခန့်လောက်ရှိ၏။ တောင်၏ အရှေ့ဘက်အပိုင်းကို ကိုက်မူရ်-ဟူ၍ ခေါ်ဆိုကြ၏။

အမြင့်ဆုံးအထွတ်ကား ကျာမယာင်္ဂ အမည်ရှိ၏။ အမြင့်ပေ ၃,၀၀၀-ခန့်လောက် ရှိ၏။

ဆတပုရာတောင်သည် ထိုဝိန္ဓျာစလတောင်၏ တောင်ဘက်အစွန်း၌ ရှိ၍ နရ်မဒါ (နမ္မဒါ)နှင့် တာပတီခေါ်သော မြစ် ၂-ခုတို့၏ အလယ်ကြား ကျ၏။

ပုရ်ဗီယာင်္ဂတောင်သည် အမြင့်ပေ-၃,၀၀၀၊ အချို့အချို့မှာလည်း ၁,၅၀၀-မှ ၂,၀၀၀ ထိအောင် အမြင့်ရှိ၏။

ပဿကျိမီယာင်္ဂတောင်သည် ထိုပုရ်ဗီယာင်္ဂတောင်ထက် သမုဒ္ဒရာနှင့် အလွန်နီးစပ်၏။ ပေပေါင်း ၄,၀၀၀-ခန့်လောက် မြင့်၏။

နီလဂိရိတောင်သည် တောင်ဘက်၌ ထိုတောင် ၂-လုံးတို့၏ ဆုံရာတွင် တည်ရှိ၏။ အမြင့်ပေ ၈,၇၆၀-မြင့်၏။ ထိုတောင်ကို ဒါဒါဗေရာ-ဟူ၍လည်း သမုတ်ကြ၏။ အချို့က ၇,၈၆၀-သာ မြင့်ကြောင်းကို ညွှန်ပြ၏။ ၎င်းတောင်၏ တောင်ဘက်အရပ်ကို မလျာဂိရိ-ဟု ခေါ်ဆိုကြ၏။

ဟာလာတောင်သည် ဂျန္ဒီယနှင့် ဗလူကျိုဆတာန်နယ်ခြားတွင် တည်ရှိ၏။ ဆုလေမာန်တောင်သည် ဂျန္ဒီယနှင့် ဗလူကျိုဆတာန်နယ်ခြား၌ ရှိ၏။

နာမက(ဆားတောင်)သည် ဂျဟေလန်နှင့် သျှာဟပုရ်နယ်ကြားမှာ ရှိ၏။

ဆုဖိုက်ဒတောင်သည် ဂျန္ဒီယနှင့် အာဖဂါနိုဆတာန်အလယ်တွင် တည်ရှိ၏။

ဟိန္ဒူကုသ်တောင်သည် ဂျန္ဒီယနှင့် ကာဗုလ်နယ်ကြားတွင် ကျ၏။

နံဂါတောင်သည် ဂျန္ဒီယမြောက်ဘက် နယ်ကြားတွင် ရှိ၏။

ကရာကုရမ်တောင်သည် နံဂါတောင်၏ မြောက်ဘက်အရပ် တိဗက်ပြည်တလျှောက် ရှိ၏။

ပီရပဉ္စာလတောင်သည် နံဂါတောင်၏ တောင်ဘက်ရှိ ကသ္မီရနှင့် ရာဝလပိဏ္ဍီနယ်တွင် တည်၏။

ကာမေတ်နှင့် ကိုက်လာသ်တောင်သည် ဟိမဝန္တာတော တောင်ထွတ်တွင် အပါအဝင်ဖြစ်၏။

ကမာယုံတောင်သည် ကမာနှင့် ဂဟရဝါလ် အမည် ၂-ခုကို ရရှိ၏။ ထိုတောင်၌ နိုက်နီတာလ်, ဘီမတာလ်, သျှိမလာ, ရာနီခေတ်-အစရှိသော နေရပ်သည်ကား နွေဥတုအခါ နေထိုင်ဖွယ် အထူးသင့်လျော်၏။

ခေါက်လာခရ်တောင်သည် ကံဂရာတောင်ခြေ၌ ရှိ၏။

နေပါလ်နှင့် ဘူဏာန်တောင် နယ် ၂-ခုသည် လွတ်လပ်သော ဘုရင်၏နေရာ ဖြစ်၏။ ယခုအခါ အင်္ဂလိပ်နှင့် မဟာမိတ် အဖြစ်ဖြင့် ရှိနေ၏။

နာဂါ, ခဆီယာ, ဂျယန္တီယာ, ဂါရို၊ ၎င်းတောင်တို့သည် အာသာမ်နယ်သို့ တန်းလျက် ရှိ၏။

ယခုကာလ ကုလားအခေါ် ယူမေဋ္ဌ, မြန်မာအခေါ် ရိုးမတောင်သည် မြန်မာပြည်တွင် အရှေ့ဘက်နယ်နိမိတ်၌ ရှိ၏။ ၎င်းတောင်ကို ရခိုင်ရိုးမ, ပဲခူးရိုးမ, တနင်္သာရီရိုးမ-ဟူ၍ ၃-မျိုးခွဲခြားထား၏။ မလေးကျွန်းစွယ်ထိ တောင်,မြောက်တန်းလျက် ရှိ၏။

ပါရဆနာဝင်တောင်သည် နာဂပုရိန္ဒာ့ ဟဂျာရီဗာဂ်တွင် ရှိ၏။ တစ်ခုသော တောင်ထိပ်ကား ပေပေါင်း ၄,၀၀၀-မြင့်၏။

ဆတပုရာတောင်သည် မိုင်ပေါင်း ၂၀၀-အလျှားရှိ၏။

အမရကံ္ဌကတောင်သည် အလယ်ပိုင်း အရှေ့ဘက်၌ ၃,၄၉၃-ပေ မြင့်၏။ ၎င်းတောင်မှ နရ်မဒါ(နမ္မဒါ)မြစ် ထွက်၏။

ရာဂျပိုပလာတောင်သည် နရ်မဒါမြစ် မြောက်ဘက်သို့ အစဉ်ရှိ၏။

အာဗူတောင်သည် ဂုဂျရတ်နှင့် ရာဇပုတာနာနယ်သို့ တန်းလျက်ရှိ၏။ အမြင့်ပေ ၅,၀၀၀-ခန့် ရှိ၏။

အာရာဝလီတောင်သည် ရာဇပုတာနာနယ်တွင် ရှိ၏။

ဂိရိနာရ်တောင်သည် ကာဌိယာဝါရ်နယ်တွင် အမြင့်ပေ ၃,၀၀၀-လောက်နှင့် တည်ရှိ၏။

ပဿကျိမီယာဋ္ဌတောင်သည် တောင်,မြောက် တန်းလျားနေ၍ ပင်လယ်မှ မိုင်ပေါင်း ၄၀-ကွာဝေး၏။ ထိုတောင်၏ မြောက်ဘက်ရှိ တောင်ထိပ်ကို အဟျာဒြီ-ဟု ခေါ်ကြ၏။

အာဒမ်တောင်သည် ကံနယကုမာရိမှ သီဟိုဠ်တိုင်အောင် သမုဒ္ဒရာအတွင်း၌ အစဉ်ရှိ၏။ ၎င်းတောင်ကို ရာမမင်း သီဟိုဠ်သို့ သွားရန် ဟနုမာန်မျောက် တံတားကြီး ထိုးထားခဲ့သည်-ဟု ပြောဆိုကြ၏။

ရာမပရ်ဝတခေါ်သော တောင်သည် သီဟိုဠ်ကျွန်းတွင် ဆရီပါဒအမည်ဖြင့် ထင်ရှား၏။ အကျယ်ကိုလိုလျှင် ဣန္ဒိယပထဝီဝင်ကို ရှုကြလေ။

----- × -----

[၆] တောင်တို့မှ ရအပ်သောအကျိုး

ဣန္ဒိယမြောက်ဘက်ရှိ ဟိမဝန္တာ-အစရှိသော တောင်တို့ကြောင့် ရအပ်သောအကျိုးကား-

- တိဗက်-စသော လူမျိုးတို့ကို ပြည်နယ်အားဖြင့် သီးခြားလျက် အကျင့်စာရိတ္တ တစ်မျိုးတစ်မျိုးစီ ဖြစ်နေရခြင်း၊
- တောင်ကြားလမ်း-ဟူသမျှလည်း တိုက်နံရံ တံခါးပေါက်ကဲ့သို့ နေရခြင်း၊
- လေမုန်တိုင်းကြီးတို့ကို တားဆီးရုံသာမက လယ်မြေ-စသည်တို့နှင့် သတ္တဝါတို့၏ အစီးအပွါးအလို့ငှာ မိုးရွာခြင်း၊
- အေးချမ်းသောလေကို ရရှိနိုင်ခြင်း၊
- အဖိုးတန်သစ်ပင်, ဆေးပင်-စသည်တို့ကို ရနိုင်ခြင်း၊
- ရွှေ, ငွေ-စသော ရတနာမျိုးတို့ကိုလည်း ရရှိနိုင်ခြင်း၊
- မြစ်ကြီး, မြစ်ငယ်တို့ စီးဝင်ခြင်း၊
- ဣန္ဒိယ အတွင်း,အပရှိ တောင်တို့ကြောင့်လည်း ကျန်းမာရေးနှင့်တကွ တောင်မှ ထွက်သော မြစ်ရေ,စမ်းရေတို့ကြောင့် လူတို့လည်းကောင်း, တိရစ္ဆာန်တို့လည်းကောင်း အသက်မွေးမြူနိုင်ခြင်း၊
- လူတို့အသုံးအဆောင်အတွက် ကျောက်အုတ်, ကျောက်တိုင်, ကျောက်ဖြူတို့ကို ရရှိနိုင်ခြင်း၊
- စိန်, ကျောက်-စသော ရတနာမျိုးကိုလည်း ရနိုင်ခြင်း၊
- ၎င်းပြင် ကတိုး, နံ့သာ, အပွင့်, အသီးတို့နှင့် သတ္တဝါအမျိုးမျိုးကိုလည်း ရနိုင်ခြင်း၊

ဤသို့စသော အကျိုးတို့နှင့် ပြည့်စုံ၏။

----- x -----

[၇] မြစ်တို့ကို ဝေဖန်၍ပြခြင်း

တိဗက်နယ်တွင် မာန်ဆရိုဝရ်, ရာဝဏာဟရိဒ်, ရာဓျဆ်-ဟူ၍ အိုင်ကြီး ၃-အိုင်ရှိ၏။ ထိုအိုင်တို့မှ ဣန္ဒိယမြစ်ကြီးတို့ ထွက်ပေါ်ကုန်၏။ ထိုမြစ်တို့၏ ထွက်ရာသည် ၁-ခုနှင့် ၁-ခုမှာ ၅-မိုင်, ၁၀-မိုင်စီလောက်သာ ခြားနား၏။ တွေ့ဆုံကြရာကား မိုင် ၁,၈၀၀-ကျော်လောက်

စီ ခြားနား၏။ မြဟွပုတြမြစ်သည် ဗင်္ဂလားအော်သို့ စီးကျ၏။ ဆိန္ဓုမြစ်သည် ခမ္ဘာတကွေနှင့် နီးစပ်၏။ သို့သော်လည်း ၎င်းမြစ် ၂-စင်းသည် တစ်နေရာတည်းမှ ထွက်၏။

ဤနည်းတူ ယာယရာနှင့် ဆတလဂျ်မြစ်သည် ထိုနေရာကပင် ထွက်သော်လည်း ယာယရာသည် အရှေ့ဘက်သို့ စီးဝင်၍ ဆတလဂျ်သည် အနောက်ဘက်သို့ စီးလေ၏။ ထိုမြစ် ၂-ခုတို့တွင် တစ်ခုသောမြစ်ကား ဂင်္ဂါနှင့်ပေါင်းမိ၏။ ၎င်း ၁-ခုကား ဆိန္ဓုနှင့် ဆုံမိ၏။

ဆိုန, နရ်မဒါ, ဗာဏဂင်္ဂါ, မဟာနဒီမြစ်တို့၏ ထွက်ရာ အနီးအနီးစီသာ ဖြစ်၏။ ထိုသို့ပင် တစ်ခုနှင့်တစ်ခု နီးစပ်သော်လည်း ဆိုနသည် မြောက်သို့ စီးလျက်(ဂင်္ဂါမှ တဆင့်) ဗင်္ဂလားအော်သို့ ဝင်လေ၏။ နရ်မဒါသည် အနောက်သို့ စီးပြီးလျှင် အာရ်ဗျပင်လယ်သို့ ရောက်လေ၏။ ဗာဏဂင်္ဂါသည် တောင်ဘက်သို့၊ မဟာနဒီသည် အရှေ့ဘက်သို့ ရှေ့ရှု၍ ရှိ၏။

ဟိမဝန္တာမှ စီးဝင်သောမြစ်ကို ဝေဖန်ခြင်း ၃-ခုဖြင့် ပြပေအုံ့။

ပထမ မြဟွပုတြသည် ကိုက်လာသ်ျတောင်တို့၏အနီးရှိ မာန်ဆရိုဝရ်အိုင်မှ ထွက်၍ မြေရေခွဲလမ်းအတိုင်း အရှေ့သို့ စီးလျက် မိုင်ပေါင်း ၁,၀၀၀-ခန့်လောက် တောင်တို့၌ လှည့်လည်ပြီးမှ အနောက်သို့ ရှေးရှုပြီးလျှင် ဗင်္ဂလားအော်သို့ စီးဝင်လေ၏။ ၎င်းမြစ်၌ ရံဂါပုရ်, ဗိသ္ဏုနာထ်, နောက်ဂံဝ်, ဂိုဟာဋ်, ဂွါလပါရာမြို့များ ရှိကုန်၏။

ဒုတိယ ဂင်္ဂါမြစ်သည် ဟိမဝန္တာရှိ ဂင်ုတ္တရီတောင်မှ ထွက်၍ ဆံယုတ္တ(သံယုတ္တ)နယ် ဗိဟာရ်နှင့် ဗင်္ဂလားသို့ စီးဝင်လျက် ဗင်္ဂလားအော်သို့ သက်ဆင်းလေ၏။ မိုင်ပေါင်း ၁,၅၂၀-လောက်သာ အလျားရှိ၏။ ယမုနာမြစ်သည် လက်ျာမှ လာ၍ ဣလာဟာဗာဒ်မြို့၌ ဆုံလာ၏။ ဆိုနမြစ်သည်လည်း ပဋ္ဌနာအနီးသို့ လာ၍ ဂင်္ဂါမြစ်နှင့်ပင် ဆုံမိ၏။ ဂိုးမတီမြစ်သည် ဗာရာဏသီ အရှေ့ဘက်ရှိ ဆိုက်ဒပုရ်အရပ်တွင် ဂင်္ဂါနှင့် ပေါင်းစပ်၏။ ယာယရာမြစ်သည် ချပရာ အနီးအပါး ၎င်းဂင်္ဂါနှင့်ပင် ဆုံလာ၏။

ယဇ္ဇာတ်မြစ်သည် ပဋ္ဌနာအရှေ့ဘက် ဂင်္ဂါနှင့် ပေါင်းစပ်၏။ ထိုဂင်္ဂါမြစ်ကမ်းပါး၌ ဟရိဒ္ဒါရ်, ကနောက်ဗျ, ကံနပုရ်, ဣလာဟာဗာဒ်, မိရဇာပုရ်, ဗာရာဏသီ, ပဋ္ဌနာ, ဟာဗရာ (ဟောက်ရာ)၊ ၎င်းမြို့တို့သည် တည်ရှိကုန်၏။ ယမုနာသည် ဂင်္ဂါထွက်ရာ အနီးအပါး ယမုနိုတ္တရီတောင်မှ ထွက်၍၊ ဝိန္ဓျဂိရိတောင်မှ ထွက်သောမြစ်ကို ဆောင်လျက် ဣလာဟာ-ဗာဒ်မြို့မှာ ဂင်္ဂါနှင့်တွေ့ဆုံပြန်၏။ ထိုမြစ်၏အရံကား ကျမ္ဘလ်, ဗေတဝါ, ကေနမြစ်တို့တည်း။ ထိုယမုနာကမ်းပါး၌ ဒိလ္လီ, မထုရာ, အာဂရာ, ကောသမ္ဗီ, ဣလာဟာဗာဒ်မြို့တို့ တည်ရှိကုန်၏။

တတိယ ဆိန္ဓုမြစ်သည် ဗြဟ္မပုတြအနီးအပါး ရာဝဏဟရိဒ်အိုင်မှ ထွက်၍ အလျားအားဖြင့် မိုင်ပေါင်း ၁,၀၀၀-ရှိ၏။ မိုင်ပေါင်းများစွာ ဟိမဝန္တာတွင် လှည့်လည်၍ ပြည်နယ်ခြားသို့ လာရောက်၏။ ထိုနေရာမှ ကာဗုလ်မြစ်ကို ယူဆောင်လျက် တောင်ဘက်သို့ စီးကျ၏။ ပဒေသအရပ်သို့ ဝင်ရောက်ပြီးလျှင် အာရ်ဗျပင်လယ်သို့ စီးဝင်လေ၏။ မိုင်ပေါင်း ၂,၀၀၀-ခန့်စီး၏။ ဆိန္ဓုမြစ်၏ ကမ်းထိပ်၌ အင္ဒုက, ဟက္ကာရာ, ဒေရဟ ဂ္ဂဆမာဧလခံ-စသောမြို့များ တည်ရှိကုန်၏။ နရ်မဒါမြစ်သည် ဝိန္ဓျာစလတောင်မှ ထွက်၍ မိုင်ပေါင်း ၈၀၀-စီးဝင်ပြီးလျှင် အနောက်သို့ ရှေးရှုလျက် ခမ္ဘာတကွေသို့ ရောက်လေ၏။

အချို့ဆရာတို့က အမရကံ္ဌကတောင်မှ ထွက်၏-ဟု ဆိုကြ၏။ မြစ်၏ မြောက်ဘက်၌ ဝိန္ဓျာစလတောင် တောင်ဘက်၌ ဆတပုရာတောင် ရှိ၏။ ကမ်းပါး၌ကား မဏ္ဍလာ, ဆိဝနီ, ဂျဗလပုရ်, နရဆီဟပုရ်-စသောမြို့ ရှိ၏။ တာပတီမြစ်သည် နရ်မဒါအနီးမှ ထွက်၏၊ တစ်နည်း ဆတပုရာတောင်မှ ထွက်၏။ မိုင်ပေါင်း ၄၀၀-ခန့်လောက် အနောက်သို့ သွားပြီးလျှင် ခမ္ဘာတကွေ၌ ကျလေ၏။

အချို့က "တာပတီသည် ဆတပုရာတောင်မှ ထွက်၍ အာရ်ဗျပင်လယ်၌ စီးဝင်လျက် မိုင်ပေါင်း ၅၀၀-ခန့်သာ စီး၏။ မြစ်၏ ကမ်းပါး၌ ဆူရတ်, နဆီရာဗာဒ်, ဗုရဟာန်ပုရ်မြို့ တည်ရှိ၏"ဟု ညွှန်ပြ၏။ နရ်မဒါနှင့် တာပတီကြားမှာ ဆတ-ပုရာတောင် ရှိ၏။ ဆာဝရ်မတီနှင့် မာဟီမြစ်သည် အရာဝလီနှင့် ဝိန္ဓျတောင်ကြားရှိ မြေကို သွန်းလောင်းလျက် အနောက်သို့ ဝင်၍ ခမ္ဘာတတွင် ဆုံမိလေ၏။

မဟာနဒီသည် ဝိန္ဓျာစလမှ ထွက်၍ အရှေ့တောင်သို့ မိုင်ပေါင်း ၅၀၀-ခန့်စီးလျက် ဗင်္ဂလားအော်သို့ စီးကျလေ၏။ တစ်နည်း အမရကံ္ဌကမှ ထွက်၍ ဗင်္ဂလားအော်သို့ ရောက်လေ၏။ မိုင်ပေါင်း ၅၅၀-ခန့် စီး၏။ ထိုမြစ်၏ ကမ်းပါး၌ ကင္ဒုက, ဆမ္ဘလပုရ်မြို့ တည်၏။

ဂိုဒါဝရီမြစ်သည် တောင်ဘက်တွင် အကြီးဆုံးသောမြစ် ဖြစ်၏။ နာဆိကအနီးရှိ ပသျှကျိမီယာဌ်တောင်မှ ထွက်၍ တောင်ဘက်သို့ ရှေးရှုလျက် မိုင်ပေါင်း ၈၀၀၊ ၉၀၀-ခန့်လောက် စီးပြီးလျှင် ဗင်္ဂလားအော်သို့ ရောက်လေ၏။ ၎င်း၏ ကမ်းတွင် နာဆိကနှင့် ရာဂျမဟိန္ဒြိမြို့ တည်၏။

ကြိရ္ဏာနဒီသည် မဟာလေသျှရ်အနီးရှိ ပသျှကျိမီယာဌ်တောင်မှ ထွက်၍ တုံဂဘဒြနှင့် တီမာမြစ်ကို ယူလျက် မိုင်ပေါင်း ၈၀၀-ခန့်၊ တစ်နည်း ၄၇၅-မိုင်ကျော်ခန့်စီ (ရှည်လျား၍) ဗင်္ဂလားအော်သို့ ကျလေ၏။ ကမ်းပါး၌ ဆိတာရာ, ကရနုလ်, ဂံဟူရ်မချလီပဋ္ဌမ်မြို့ တည်၏။

ကာဝေရီမြစ်သည် ပဿကျီမီယာင်္ဂမ္ဘလည်းကောင်း၊ တစ်နည်း ကုရဂတောင်မှ လည်းကောင်း ထွက်၍ နီလဂိရိသို့ ကပ်လျက် မိုင်ပေါင်း ၄၇၅-မိုင်ခန့် စီးပြီးလျှင် ဗင်္ဂလားအော်သို့ ရောက်လေ၏။ ကမ်းထိပ်၌မူကား ဆိရင်ပဋ္ဌမ်, တံကျိုရ်, ကျိန္နာဗလီမြို့, တည်၏။ ကြိရ္ဝဏနှင့် ကာဝေရီကြားတွင် မိုက်ဆုရ်တောင်မှ ထွက်သော **ဥတ္တရီ**ပနာရ်, **ပါ**လာရ်, **ဒက္ခိဏီ**ပနာရ်-ဟူ၍ မြစ် ၃-ခုရှိသည်။

ဧရာဝတီသည် ပဋ္ဌကိုဏ္ဍ မြောက်ဘက်တောင်မှ ထွက်၍ မုတ္တမကွေ့သို့ သက်ဆင်း၏။ မိုင် ၈၀-ခန့်သာ စီး၏။ ကမ်းပါး၌ မန္တလေး, ပခုက္ကူ, ပြည်-စသောမြို့, တည်၏။ သံလွင်မြစ်သည် တိဗက်တောင်မှ ထွက်၍ မုတ္တမကွေ့၌ ကျ၏။ ဖျာပုံ, မော်လမြိုင်မြို့, တည်၏။ **ကလ**ဒါန်မြစ်သည် ရခိုင်ရိုးမမှ ထွက်၍ ဗင်္ဂလားအော်သို့ ကျလေ၏။ ကျောက်တော် စသောမြို့ရှိ၏။ **ယ**မုနာသည် မိုင်ပေါင်း ၈၆၀-စီး၏။

ကျမ္မသ်နဒီသည် ဝိန္ဓျာစလမှ ထွက်၍ ဂင်္ဂါဝါ စီရင်စု ယမုနာတွင် ပေါင်းဆုံ၏။ မိုင် ၅၇၀-စီး၏။ အနားတွင် ဓာရကိုးင်္ဂနှင့် ဓောက်လပုရ်မြို့ ရှိ၏။ **ဗေ**တဝါ**နဒီ**သည် ဝိန္ဓျာစလမှ ထွက်၍ ဟမီရပုရ်အနီး ယမုနာနှင့် ဆုံ၏။ မိုင် ၃၆၀-စီး၏။ ဘူပါလ်, ကျန္ဒေရီ, ဂျဟံဆီ, ဟမီရပုရ်အနီး မြို့တည်၏။

ကေန**နဒီ**သည် ဝိန္ဓျာစလမှ ထွက်၍ ကျိုလ္လာနာရာအနီး ယမုနာနှင့် ဆုံ၏။ အနားတွင် ဗံဒါမြို့ တည်၏။ **ဆု**ံ**န**နဒီသည် အမရကံ္ဌကတောင်မှ ထွက်၍ ဒါနာပုရ်မြို့တွင် ဂင်္ဂါနှင့် ဆုံ၏။ ရိုဝံနှင့် ဒါနာပုရ်မြို့ တည်၏။ **တုံ**ဆ်**န**ဒီသည် ဝိန္ဓျာစလမှ ထွက်၏။ ဂျလာဟာဗာဒ်မြို့၌ စိရဆာအနီးရှိ ဂင်္ဂါနှင့် ဆုံ၏။ အနီးအပါးမှာ ဆိရဆာမြို့ ရှိ၏။ **ကာ**လီ**န**ဒီသည် ဟိမဝန္တာမှ ထွက်၍ ကံနောက်ဂျအနီးရှိ ဂင်္ဂါနှင့် ဆုံ၏။ မိုင်ပေါင်း ၃၇၃-မိုင် စီး၏။ ကမ်းနား၌ မေရင်, ဗုလန္ဒသ္ဝဟရ်, ကာဆဝ်ဂျ-စသော မြို့တို့သည် ရှိကုန်၏။

ဂိုမတီ**န**ဒီသည် ပီလိဘိတ်တောင်ခြေမှ ထွက်၍ ဆိုက်ဒပုရ် (ဂါဂျ်ပုရ်)ဂင်္ဂါ၌ လာဆုံ၏။ မိုင်ပေါင်း ၈၄၀-ခန့် စီး၏။ အနားမှာရှိသော မြို့ကား ဂျောင်နပုရ်, ဆုလတန်ပုရ်, လက္ခနောင်းမြို့ ရှိ၏။ **ယာ**ယ**ရာ**နဒီသည် အလမိုရာတောင်မှ ထွက်၍ ချပရာမှာ ဂင်္ဂါနှင့် ပေါင်းမိ၏။ မိုင်ပေါင်း ၂၀၀-စီး၏။ အယိုဓယာ, ဖိုက်ဇာဗာဒ်, ချပရာမြို့တို့သည် ၎င်းမြစ်နားတွင် ရှိကုန်၏။ **ရာ**ပတီ**န**ဒီသည် နေပါလ်တောင်မှ ထွက်၏။ ဗရဟာဂျ်အနီးအပါး ယာယရာနှင့် ဆုံ၏။ မိုင်ပေါင်း ၄၀၀-စီး၍ ၎င်းအနား၌ ဂိုရခပုရ်မြို့နှင့် ဗရဟာဂျ်မြို့ တည်၏။ **ရာ**မ**ဂ**ဂါသည် အလမိုရာတောင်မှ ထွက်၍ ကံနောက်ဂျအနီး ဂင်္ဂါနှင့် ဆုံ၏။ ၃၇၆-မိုင် စီး၏။ မြစ်နားမှာ မုရာဒါဗာဒ်နှင့် ဗရေလီမြို့ ရှိ၏။

ယဏ္ဏာတ်သည် နေပါလ်တောင်မှ ထွက်၍ ဟာပုရ်အနီး ဂင်္ဂါနှင့် ပေါင်းဆုံ၏။ ကိုဆီနဒီသည် နေပါလ်တောင်မှ ထွက်၍ ရာဂျမဟယ်နယ်ခြားတွင် ဂင်္ဂါနှင့် ဆုံ၏။ ဆတလဂျ်နဒီသည် မာန်ဆရိုဝရ်အိုင်မှ ထွက်၍ ဘာဂလ်ပုရ်အနီး ကျွန်းဝ်နှင့် ဆုံ၏။ မိုင်-၉၀၀ စီး၏။ အလီဗာလ်, ဘိုက်ရိုဗာလ်-စသော မြို့ရှိ၏။ ဗျာဆ်နဒီသည် ဟိမဝန္တာရှိ ကုလ္လုဆိပ်မှ ထွက်၍ ဟရိပဋ္ဌမ်အနီးရှိ ဆတလဂျ်နှင့် ဆုံ၏။ မိုင် ၂၉၀-ခန့်သာ စီး၏။ ဟရိပဋ္ဌမ်နှင့် နာဒါန်းမြို့ရှိ၏။

ကျွန်းဝ်နဒီသည် ဟိမဝန္တာရှိ လာဟုလ်-ခေါ်သော ဆိပ်မှထွက်၍ ဆိန္ဓုနဒီ၌ မိဋ္ဌန်ကိုးင့်အနီးတွင် ဆုံ၏။ မိုင်ပေါင်း ၇၆၅-မိုင်လောက်သာ စီးလေ၏။ ကမ်းနားတွင် ဆယာလ်ကိုးင့်, မုလတာန်, ဂျဟံဂ်မြို့ ရှိ၏။ ဂျဟေလမ်နဒီသည် ဟိမဝန္တာရှိ ကသ္မီရဆိပ်မှ ထွက်၍ ဂျဟံဂ်အနီး ကျွန်းဝ်နှင့် ဆုံမိ၏။ မိုင်ပေါင်း ၄၉၀-ခန့် စီး၏။ အနားမှာ ကသ္မီရနှင့် ဂျဟေလမ်မြို့ ရှိ၏။

ဒီမဂ်နဒီသည် ဟိမဝန္တာမှ ထွက်၍ ပြဟ္မပုတြတွင် မြောက်ဘက်မှ လာ၍ ဆုံ၏။ လိုဟိတနဒီသည် ဟိမဝန္တာမှ ထွက်၍ ဒီမဂ်တွင် အရှေ့ဘက်မှ လာ၍ ဆုံ၏။ ဒီဟိုဂ်နဒီသည် ပဋ္ဌကိုဏ္ဍတောင်မှ ထွက်၍ လိုဟိတ၌ အရှေ့တောင်မှ လာ၍ ဆုံ၏။ မုဝန်ဆာရိနဒီသည် ဘူဌာန်နယ်မှ ထွက်၍ ပြဟ္မပုတြတွင် မြောက်ဘက်မှ လာ၍ ဆုံ၏။ မနာဆ်နဒီသည် ဘူဌာန်နယ်မှ ထွက်၍ ပြဟ္မပုတြတွင် မြောက်မှလာ၍ ဆုံ၏။ တိဆတာနဒီသည် ဘူဌာန်နယ်မှ ထွက်၍ ပြဟ္မပုတြတွင် မြောက်မှ လာ၍ ဆုံ၏။

ပါဠိဘာသာ၌ လာရှိသော မြစ် ၅-စင်းတို့တွင်–

- ဂင်္ဂါသည် ဗာရာဏသီ၌ ထင်ရှား၏။
- ယမုနာသည် ဥတ္တရမထုရာ၌ ထင်ရှား၏။
- အစိရဝတီသည် ဗလရာမ်ပုရာရ်ခေါ်သော သာဝတ္ထိပြည်၌ ရာမတီအမည်ဖြင့် ထင်ရှား၏။
- မဟီမြစ်သည် ဟာဂျိပုရ်မြို့၏အနီး ယဏ္ဏာတ်အမည်ဖြင့် ထင်ရှား၏။
- ဟိန္ဒီ, သက္ကဋ, ရာမာယဏ်နှင့် မဟာဘာရတကျမ်းအရဖြင့် သရဘူမြစ်သည် ဆရကျူ-ဟူသောအမည်ဖြင့် အယိုဓယာနယ်၌ ထင်ရှားကြောင်းကို သိအပ်,မှတ်အပ်၏။

----- x -----

[၈] မြစ်တို့မှ ရအပ်သောအကျိုး

ဣန္ဒိယနိုင်ငံတော်၌ မြစ်တို့သည် များစွာရှိကုန်၏။ ထိုမြစ်တို့မှ ရအပ်သောအကျိုးကား-

- မြစ်တို့သည် မိမိနှင့်အတူတကွ ရွှံ့ညွန်တို့ကို ယူဆောင်ကြကုန်၏။ ထိုရွှံ့ညွန်တို့ကြောင့် ကောက်ပဲသီးနှံတို့၏ ဖြစ်ပွါးရာ လယ်မြေတို့ တိုးတက်ခြင်း၊
- မြစ်ရှိခြင်းကြောင့် ရေမြောင်းတို့ ဖြစ်ပေါ်ရခြင်း၊
- ရေမြောင်းတို့မှ လယ်မြေများကို ရေသွန်းလောင်းရခြင်း၊
- ရောင်းဝယ်ကူးသန်းခြင်း၌ လူတို့အသွားအလာ လွယ်ကူခြင်း၊
- ပြည်နယ်များကိုလည်း ပိုင်းခြားနိုင်ခြင်း၊
- အသစ်အသစ်သော လယ်မြေဖြစ်ပေါ်၍ လူတို့အကျိုးစီးပွါး များစွာတိုးတက်ရခြင်း၊
- လှေ,သင်္ဘောတို့ သွားရောက်နိုင်ခြင်း၊

ဤသို့အစရှိကုန်သော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံရပေ၏။

----- × -----

[၉] မရတဗာန်(မုတ္တမ)ကွေ-စသော အော်

ပင်လယ်အော်တို့တွင် **မုတ္တမကွေ**သည် ပဲခူးတောင်ဘက်မှာ ရှိ၏။ **ဗင်္ဂလားအော်**သည် ဣန္ဒိယပြည်နှင့် မြန်မာပြည်ကြားတွင် ဗင်္ဂလားတောင်ဘက်မှာ ရှိ၏။ **မနာရ်ကွေ**သည် ဣန္ဒိယနှင့် သီဟိုဠ်ကြားမှာ ရှိနေ၏။ ထိုအော်မှ ပုလဲထွက်၏။ **ခမ္ဘာတကွေ**သည် ဂုဂျရာတ်နယ်ပြည် တောင်ဘက်တွင် ရှိ၏။ **ကကျ(ကစ္ဆ)ကွေ**သည် ကကျပြာယဒ္ဒိပ်၏ အနောက်ဘက်မှာ ရှိ၏။ အလွန်တိမ်သောကြောင့် မိုးတွင်းကို ရေပြည့်၍ နွေဥတုမှာ ခြောက်သွေ့၏။

----- × -----

[၁၀] အိုင်ကို ဖော်ပြခြင်း

မာန်ဆရိုဝရ်ရေအိုင်သည် ဟိမဝန္တာ၌ ရှိ၏။ **ဒုလ်ရေအိုင်**နှင့် **ဥလရ်ရေအိုင်**သည် ကသ္မီရပြည်တွင် ရှိ၏။ **ဆံဘရနမက်အိုင်**သည် ရာဇပုတာနာနယ်မှာရှိ၏။ **ကိုလကာအိုင်**

သည် ဗင်္ဂလားနှင့် မဒရာဆ်နယ်ခြားဌ ရှိ၏။ ပလီကင်္ဆအိုင်သည် မဒရာဆ်အနီးအပါးမှာ ရှိ၏။ ကိုလရ်အိုင်သည် ဂိုဒါဝရီနှင့် ကြိရှဏာနဒီကြားတွင် ရှိ၏။ ပကျောက်လာအိုင်သည် ဥဒယပုရ်မြို့တွင် ရှိ၏။ ရနကက္ခအိုင်သည် ကက္ခပြာယဒွိပ်၏ မြောက်ဘက်မှာ ရှိ၏။ မုံကျရ်အိုင်သည် ဆိန္ဓုနယ်တွင် ရှိ၏။ ပလ္လိကင်္ဆအိုင်သည် ကနာရဋ္ဌက်နယ်တွင် ရှိ၏။ လိုနာရ်အိုင်သည် ဗရာရ်နယ်ဌ ရှိ၏။

----- × -----

[၁၁] သတ္တုတွင်းကို ဖော်ပြခြင်း

ဣန္ဒိယနယ်တွင် သတ္တုတွင်းတို့သည် မှားစွာရှိခြင်းကြောင့် ယခုထက်ထိ တူး၍ မကုန်နိုင်။ အကြောင်းမူကား ထိုအရပ်သားများသည် မသိခြင်း, အလိုမရှိခြင်း, မရှာဖွေခြင်း-စသောအကြောင်းကြောင့် နိုင်ငံတော်ရှိ ရတနာသည် မြေထဲတွင် နေရပေ၏။ မိုက်ဆူရ်နယ်မှ ရွှေထွက်၏။ ထိုမှတပါး ပံ့ကျာပ်နယ်-စသည်ဌ အချို့အချို့သော မြစ်သဲပြင်မှာ ရှိ၏။ ငွေတွင်းသည် မုရသ္ပါဒါဗာဒ်တွင် ရှိ၏။ သံများလည်း မဒရဆ်, ဗင်္ဂလား, ဣန္ဒိယအလယ်ပိုင်းဌ ရှိ၏။ ကျောက်မီးသွေးသည် နာဂပုရ်ငယ်, အာသမ်, ဗင်္ဂလားနယ် အလယ်ပိုင်းတွင် ရှိ၏။ အပြိုက်ကျောက်သည် ဗင်္ဂလားနှင့် မဒရဆ်နယ်မှ ထွက်၏။

စိန်သည် ဆမ္ဘလပုရ်, ရုဟေလခဏ္ဍာ, ဂိုလကုဏ္ဍာနယ်မှ ထွက်၏။ ကျောက်သလင်းဖြူသည် ကျိုခပုရ်, ဣန္ဒိယအလယ်ပိုင်းမှ ထွက်၏။ ဆားသည် နမက်ဆာရ်တောင်နှင့် ဆံမဟာရ်အိုင်မှ ထွက်၏။ တစ်နည်း ပံ့ကျာပ်နယ်ရှိ အိုင်မှ ထွက်၏။ ရေနံဆီ, ဓာတ်ဆီသည် မြန်မာပြည်မှ ထွက်၏။ ကုမာယုံနယ်ဌ ကြေးနီတွင်း ရှိ၏။ ဂိုဒါဝရီအနီးအပါးတွင်လည်း ရံခါရံခါ စိန်များကို ရ၏။ ဘင်, ခဲ, သွတ်, ကန့်, ဆေးဒန်း, မြေဖြူ, မြေနီ, ယမ်းစိမ်း, ဆပ်ပြာ အစရှိသော သတ္တုသည်လည်း နယ်ပြည်နှင့် ဆိုင်ရာဆိုင်ရာမှ ထွက်၏။

----- × -----

[၁၂] မီးရထားအကြောင်း

ခရစ်ယာန်သက္ကရာဇ် ၁၈၅၄-ခုနှစ်မှာ ဣဆင္ဒဣန္ဒိယာကုမ္ပဏီသည် ဣန္ဒိယတွင် မီးရထားလမ်းကို စ၍ ဖွင့်လှစ်လေ၏။ ထိုကုမ္ပဏီ ဖွင့်လှစ်သော လမ်းတို့တွင် ပဓာနဖြစ်သော လမ်းတို့ကို အမြွက်မျှ ပြပေအုံ့။

ဣန္ဒိယတွင် ကလကတ္တား ဟာဗရာ(ဟောက်ရာ)ဘူတာမှ ကာလကာတိုင်အောင် မီးရထားလမ်း ရှိ၏။ ထိုရထားလမ်းခွဲ ၁-ခုသည် ဣလာဟာဗာဒ်မြို့မှ ဂျပလပုရ်မြို့ထိ ရှိနေ၏။ ဂျပလပုရ်မှ ဗြေင်ဋ္ဌဣန္ဒိယန်ပေနိန်သျှုလာခေါ်သော ရထားလမ်းသည် ဗုံဗိုင်သို့ ရောက်၏။ ဗုံဗိုင်မှ ၎င်းရထားလမ်းခွဲ ၁-ခုသည်ကား ဂျပလပုရ်တွင် ဣဆင္ဒဣန္ဒိယန်ခေါ်သော ရထားလမ်းနှင့် ပေါင်းဆုံလေ၏။

အခြားသော လမ်းခွဲ ၁-ခုလည်း ရာဂျပုတာနာ, အဂျာမေရ်, အာဂရာသို့ သွားပြီးလျှင် ဒိလ္လီသို့ ဆိုက်ရောက်၏။ ဒိလ္လီတွင်လည်း **နာရထဝေဆင္ဒရန်** အမည်ရှိသော ရထားလမ်းနှင့် ဆုံမိလေ၏။ အမှာလာမှ ထိုရထားလမ်းခွဲ ၁-ခုသည် လာဟိုရ်, ပေသျှာဝရ်မြို့တို့နှင့် ဆက်သွယ်၏။ ထိုပေသျှာဝရ်မြို့မှ နာရထဝေဆင္ဒရန် ရထားလမ်းခွဲသည် သျှိကာရပုရ်သို့ သွားလျက် ကရာကျီတိုင်အောင် ဆိုက်ကပ်လေ၏။

ဗုံဗိုင်မှ ရထားလမ်း ၁-ခုသည် ဗီလာရီသို့ ရောက်ပြီးလျှင် မဒရဆ်မြို့သို့ သွားလျက်ရှိ၏။ ၎င်းမြို့မှ ဣဆင္ဒကိုဆဒ္ဒတွင်သော ရထားလမ်းခွဲသည် သမုဒ္ဒရာကမ်းခြေတလျှောက် သွားပြီးလျှင် ကလကတ္တားသို့ ဆိုက်ရောက်လေ၏။ ထိုလမ်းမှာ ဗိဂျဂါပဋ္ဌာမ်, ကဋ္ဌက အစရှိသော ရပ်ကွက်များ ရှိကုန်၏။ မဒရာဆ်မြို့မှ ရထားလမ်းခွဲ ၁-ခုသည် ကန္ဒယာကုမာရီအန္တ-ရီးပ်တိုင်အောင် သွား၏။ ၎င်းအရပ်မှတဖန် ဆေတုဗန္ဓ၌ ရထားလမ်း ၁-ခုလည်း သီဟိုဠ်နှင့် ဆက်သွယ်နေ၏။ ကလကတ္တားမှ ရထားလမ်းငယ် ၁-ခုသည် ရာယပုရ်သို့ ရောက်လျက် ဗြေင်ဋ္ဌဣန္ဒိယန်ပေနိန်သျှုလာ ရထားလမ်းခွဲနှင့် ပေါင်းစပ်၏။ ထိုလမ်းက ဂျပလပုရ်, ဗုံဗိုင်သို့ သွား၏။ ရထားလက်တက်ငယ် ၁-ခုသည် ကဋ္ဌနီမှ ဣန္ဒောရ်နှင့် ဣန္ဒိယအလယ်ပိုင်းသို့ ရောက်ပြီးလျှင် မထုရာတိုင်အောင် သွား၏။

ကန္ဒပုရ်(ကောင်ပို)မြို့မှ ကဋ္ဌဟာရ်ထိ၊ ဗဂ်ါလ်, နာရထဝေဆင္ဒရန်-ရထားသည် အသွားအလာရှိနေ၏။ မုဂလ်ဆရာယ်ဘူတာမှ **အဝဓရှဟေလခဏ္ဍ** ရထားလမ်းသည် အစဉ်အတိုင်း ဆဟာရန်ပုရ်သို့ သွားလေ၏။ ထိုမြို့မှ နာရထဝေဆင္ဒရန် ရထားသည် လာဟိုရ်, ပေသျှာဝရ်လမ်းထိ သွားရောက်၏။

ထိုမှတပါး ယခုကာလ အိန္ဒိယ၌ မီးရထားလမ်းကြီး, လမ်းငယ်တို့သည် အမြောက်အမြား တွင်ကျယ်လျက်ရှိနေခြင်းကြောင့် လူတို့ အသွားအလာ လွယ်ကူကြ၏။ ဤကား အကျဉ်းမျှ ပြခြင်းသာ ဖြစ်ပေ၏။ အကျယ်ကို လိုလျှင် ရထားလမ်းပြစာအုပ်တွင် ကြည့်ကြလေ။

----- x -----

[၁၃] ကြေးနန်းကြိုးအကြောင်း

အိန္ဒိယပြည်ကြီး၌ ကြေးနန်းဖြင့် ဆက်သွယ်လျက် ကြေးနန်းရုံတို့သည် အမြောက်အများ ရှိကုန်၏။ နိုင်ငံလုံးကို အသုံးပြုနိုင်အောင် မိုင်ပေါင်းများစွာ အတိုင်းအရှည်နှင့်တကွ ဖော်ပြထားသည်ကို ထုတ်ဆောင်၍ ပြခြင်းငှာ အလွန်ကျယ်ဝန်း၏။ အထူးအားဖြင့်ကား သမုဒ္ဒရာ၌ အနည်းနည်းအဖုံဖုံ ဆက်သွယ်ထားပုံကို ထောက်ရှုသော် အဘယ်မှာ ချီးမွမ်း၍ ကုန်နိုင်အံ့နည်း။ သို့သော် အနည်းငယ်မျှ ပြဦးအံ့။ လောကလုံးတွင်–

- သီဟိုဠ်မှ အိုဆတြေလိယာသည် မိုင်ပေါင်း-၃,၁၂၀၊
- ဗုံဗိုင်နှင့် အဒန်၏ အခြားအကွာ မိုင်ပေါင်း-၁,၆၅၀၊
- ကရာကျီမှ အဒန်ထိ မိုင်ပေါင်း-၂,၄၅၀၊
- ကလကတ္တားနှင့် သီဟိုဠ်သည် မိုင်ပေါင်း-၁,၂၃၁၊
- ကလကတ္တားမှ ရန်ကုန်သို့ မိုင်ပေါင်း-၇၈၀၊
- ရန်ကုန်မှ ဆိန်ဂါပူရ်တိုင်အောင် မိုင်ပေါင်း-၁,၀၇၀၊
- သီဟိုဠ်နှင့် ကေပဌာအုန်သည် မိုင်ပေါင်း-၄,၃၈၀၊

ဤအတူ ဗုံဗိုင်မှ အဒနရုမ်ဆာဂရ်, ဂျီပြာလဌရ်ကို ဖြတ်သန်း၍ လန်ဒန်တိုင်အောင် မိုင်ပေါင်း ၇,၂၅၀-ရှိ၏။ သီဟိုဠ်မှ ကေပဌာအုန်ကို ဖြတ်သန်းလျက် ဆိန်ဂါပူရ်ဖြင့် ဟံဂ်ကံဂ်, ဂျာပန်သို့ ဆက်သွယ်၏။ တဖန် ဂျာပန်မှ ဗိုကတိုရိယာ, ဖြန္ဒိဆ်, ပနာမာ အစရှိသည်သို့လည်း ဆက်သွယ်၏။ လိုရင်းအဓိပ္ပါယ်မှာ လန်ဒန်နှင့် တစ်လောကလုံးကို ဆက်သွယ်ထား၏-ဟု သိအပ်၏။ ထို့ကြောင့် ကြေးနန်းသတင်းမှာ ၁-စက္ကန့်အတွင်း၌ မိုင်ပေါင်း ၁,၈၀,၀၀၀-တိုင်အောင် ကြားသိနိုင်၏။ ဗုံဗိုင်မှ ထိုင်လျက်နှင့်ပင် ၁-နာရီအတွင်းမှာ လန်ဒန်သို့ သတင်းပို့နိုင်၏။ ကလကတ္တားနှင့် ပေသျှာဝရ်မြို့သည် ကြေးနန်းဖြင့်ဆိုလျှင် ၁-မိနစ်ခန့်မျှသာ ကွာဝေး၏။ မီးရထားသည် မြေပြင်မှာ အနှုန်းအပြားရှိသော်လည်း ကြေးနန်းလောက် အံ့ဩစရာ မဟုတ်သေး။

အထူးအားဖြင့်ကား ယခုအခါမှာ ဗုံဗိုင်, ကရာကျီ, လာဟိုရ်, ပေသျှာဝရ်, ဂ္ဂလာ-ဟာဗာဒ်, မဒရဆ်, ကလကတ္တား, ရန်ကုန်-စသော မြို့တို့မှာ ကြေးနန်းကြိုးမရှိဘဲလျက် ဓာတ်တိုင်များ ရှိကုန်၏။ ထိုတိုင်ဖြင့် အထောင်အသောင်းမက မိုင်ပေါင်းများစွာတိုင်အောင် လျှို့ဝှက်သော အကြံအစည်, သတင်းစကား, အကြောင်းအရာများကိုလည်း ခဏချင်း ကြားသိနိုင်ပေ၏။ ဤကား အကျဉ်းမျှဖော်ပြသော စကားရပ်တည်း။

[၁၄] မဒရာဆ် (မဒရပ်)နယ်၌ အထူးမှတ်သားဖွယ်

မဒရာဆ်နယ်၏ နယ်နိမိတ်ကား–

မြောက်ဘက်၌ ဗိဟာရ်, ဥရိဆာ, ဣန္ဒိယအလယ်ပိုင်း, ဟိုက်ဒရာဗာဒ်တိုင်အောင်၊

တောင်ဘက်၌ ဟိန္ဒမဟာသာဂရတိုင်အောင်၊

အရှေ့ဘက်၌ ဗင်္ဂလားအော်တိုင်အောင်၊

အနောက်ဘက်၌ ဗုံဗိုင်နယ်ထိ၊ ဤမျှလောက် ကျယ်ဝန်း၏။

စတုရန်းမိုင်ပေါင်း ၁,၄၀,၀၀၀-မှ ၁,၄၁,၁၈၉-ထိ ရှိ၏။

ပုရဗီယာင်္ဂနှင့် ပသျှကျိမီယာင်္ဂတောင်သည် နီလဂိရ်တောင်နှင့် ဆက်သွယ်၏။ ထိုတောင် ၂-လုံးတို့တွင်လည်း ပသျှကျိမီယာင်္ဂတောင်၏ ဂလီကိုရာနှင့် ဂလီပြိတမ်ခေါ်သော တောင်ထွင့် ၂-ခုသည် ပေပေါင်း ၅,၀၀၀-ခန့် မြင့်၏။ နီလဂိရ်တောင်သည် ပေပေါင်း ၆,၀၀၀-ခန့် မြင့်၏။ ထိုတောင်ကို မြက်ညှိုတို့ဖြင့် ပြွမ်းသောကြောင့် နီလဂိရိ-ဟု ခေါ်ဆို၏။ ထိုတောင်၏ အမြင့်ဆုံးအထွင့်ကား ဒါဒါပေဌာ-အမည်ဖြင့် အမြင့်ပေ-၈,၆၄၀၊ တစ်နည်း ၈,၆၈၀-ခန့် မြင့်၏။

အနာမလယ တစ်နည်း အနိုက်မိုရိ အမည်ရှိသော တောင်ထွင့်သည် ပေပေါင်း ၈,၈၄၀-မြင့်၏။ ထိုမှတပါးလည်း ကလေရိန်မလယ, သျှိဝရာယမလယ, တဝါမလယ, ပကျာယမလယ-စသော တောင်များလည်း ရှိကုန်၏။

မြစ်တို့တွင် ဂိုဒါဝရီ, ကြိရှဏာ, ကာဝေရီ၊ ဤမြစ် ၃-စင်းသည် အကြီးဆုံးသောမြစ်မည်၏။ ထိုမြစ်ကြီး ၃-ခုသည် ပသျှကျိမီယာင်္ဂတောင်မှ ထွက်၍ ပုရဗီယာင်္ဂတောင်ကို ဆိုင်ရာဆိုင်ရာက ဖြတ်သန်းလျက် အရှေ့ဘက်သမုဒ္ဒရာသို့ စီးလေ၏။ **ပနာရ်နဒီ**သည် မိုက်ဆူရ်နယ်မှ အရှေ့ဘက်ရှိ နန္ဒီဟာဂတောင်မှ ထွက်ပြီးလျှင် မိုင်ပေါင်း ၁၂၀-ခန့် မြောက်သို့ စီး၍ တဖန် ၃၆၀-ခန့်လောက် တောင်သို့ စီးလေ၏။ ထို့နောက် ဗင်္ဂလားသို့ ဝင်လေ၏။ ၎င်းပြင်လည်း ပါလာရ်, **မနီယာရ်, ဗိလာရ်**ခေါ်သော မြစ်တို့သည်လည်း ရှိကုန်၏။ **ဝိဂေ** အမည်ရှိသော မြစ်သည် ကာဝေရီတောင်ဘက်၌ အကြီးဆုံးသောမြစ် ဖြစ်၏။

မြစ်တို့၏အနီးရှိ ချိုင့်ဝှမ်းရာများ၌ စပါး, ပြောင်း, နှမ်း ဖြစ်ပွါး၍ ကုန်းမြင့်တို့မှာ ဝါခင်းများ ဖြစ်ပွါးကုန်၏။ **ပလနီ, သျှိဝရာဌ, နီလဂိရိ**ဒေသတို့၌ကား လက်ဖက်ခင်းများ ဖြစ်ထွန်းကုန်၏။ **ဂိုဒါဝရီ, ကိုယမ္ဗတ္တူ**ရ်, **မဒူ**ရာအရပ်တွင် ဆေးခင်းလယ်ယာ စိုက်ပျိုးကြ၏။

ရင်းပြင် ကွမ်းသီး, အုန်းသီး, မန်ကျည်းသီးလည်း ထွက်၏။ မာလာဝါရ်, တြာဝန်ကိုးရ်အရပ်မှ ငရုတ်ကောင်း, ဖာလာ ထွက်၏။ နယ်ရှိတောအရပ်၌ကား အင်ကြင်း, ယင်းတိုက်, နံ့သာပင်များ ပေါက်ရောက်ကုန်၏။ ဗိနောက်ဦးသတ္တုတွင်းမှ ရွှေထွက်၏။

ဆေလမ်အရပ်မှ သံထွက်၏။ မဒူရာ, ကုရာပါ, ကာရနိုလ်, နီလိုရ်အရပ်၌ စိန်,ငွေ, ခဲ, ကြေးနီတို့၏ထွက်ရာ သတ္တုတွင်းရှိ၏။ ကနာနုရ်အနီးအပါး၌ ကျောက်မီးသွေးတွင်း ရှိ၏။ တုတီကိုရန်အနီးအစပ်မှ ပုလဲ ထွက်၏။ **မချလီပဋ္ဌမ်, ဗိဂျဂါပဋ္ဌမ်, ကနာနုရ်, အာရနီ** အရပ်တို့မှာ အဝတ်ပုဆိုး ရက်ကြ၏။ **တေဂျပုရ်**အရပ်၌ ငွေနှင့် ကြေးအလုပ်များ ပြုဌာန်း၏။ အထူးအားဖြင့် ဗိဂျပဋ္ဌမ်၌ကား ကျွဲ-စသော ဦးချိုများ, ဆင်စွယ်များတို့ကို အမျိုးမျိုးလုပ်တတ်သူ ရှိ၏။

အခြားသော နယ်နှင့်စာလျှင် မဒရာဆ်နယ်သည် အပူပြင်း၏။ သို့သော်လည်း သမုဒ္ဒရာနှင့် နီးစပ်သောကြောင့် ဟေမန္တ, ဂိမှန္တမှာ အချမ်း,အပူ သင့်လျော်၏။ အရှေ့ဘက်ထက် အနောက်ဘက်ကမ်း၌ မိုးကောင်း၏။ နီလဂိရိ, ဥဋ္ဌကမဏ္ဍာအရပ်၌ လေ,ရေများ ကောင်းခြင်းကြောင့် ကျန်းမာရေးအတွက် သွားရောက်နေထိုင်လေ့ ရှိကုန်၏။

မဒရာဆ်နယ်၌ မဟာဒေဝကို ကိုးကွယ်ကြသော ဟိန္ဒူလူမျိုး များ၏။ အခြားသော ပြည်နယ်တို့ထက် ခရစ်ယာန် ပွါးများ၏။ ရှေးအနွယ်အဆက်မှ ဆင်းသက်သူတို့သည် တော, တောင်တို့မှာ နေထိုင်ကြ၏။ နယ်အားလုံးမှာ ဒြဝိဋဘေါ်သော ဘာသာကို ပြောဆိုကြ၏။ ထိုဘာသာမှာလည်း တာမိထ်, ဌေလဂူ, ကနာရီ, မလာယာလမ်, ဋ္ဌိလီ-ဟူ၍ ၅-မျိုး ပြားသေး၏။ စကားလည်း ၁-မျိုး, ၁-မျိုးစီ ကွဲပြား၏။

မဒရာဆ်နယ်အားလုံးမှာ–

ဂံဂျမ်[၁],	ဗိဂျဂါပဋ္ဌမ်[၂],	ဂိုဒါဝရီ[၃],
ကြိရှဏာ[၄],	နီလောက်ရ်[၅],	ကရာပါ[၆],
အနန္တပုရ်[၇],	ဗိလာရီ[၈],	ကရနာလ်[၉],
မဒရာဆ်[၁၀],	ကျံဂလပဋ္ဌ်[၁၁],	ဥတ္တရိအရကာဋ္ဌ်[၁၂],
ဒက္ခိဏိအရကာဋ္ဌ်[၁၃],	တံဂျောက်ရ်(တံဂျိုရ်)[၁၄],	တြိကျိန္ဒာပလ္လိ[၁၅],
မဒူရာ[၁၆],	ဌနာဝလိ[၁၇],	ကာယမ္ဗတ္တူရ်[၁၈],
နီလဂိရိ[၁၉],	ဆေလမ်[၂၀],	ဒက္ခိဏိကိနာရာ[၂၁],

မလာဝါရ်[၂၂] – ဟူ၍ စီရင်စု ၂၂-ခုရှိ၏။

ထိုစီရင်စုတို့၌ ဂါဝနာသည်သာလျှင် ပြဋ္ဌာန်း၏။ ၎င်းပြင် လူဦးရေပေါင်း ၄၆၂,၁၇,၂၄၅-ယောက် ရှိ၏။

အထူးသဖြင့်ကား သဘော်ဆိပ်ကမ်းဖြစ်သော မချလီပဋ္ဌမ်သည် ခရစ်ယာန်သက္ကရာဇ် ၁၈၆၄-ခုနှစ်မှာ ဒီရေတိုးတက်၍ လူပေါင်း ၃၀,၀၀၀-ခန့်လောက် ပျက်စီးဖူး၏။ တြိကျိန္နာပလ္လိမှာ သျှရီရင်္ဂီ-ခေါ်သော နတ်ကွန်းကြီး ၁-ခုကို အထူးကြည့်ရှုအပ်၏။ မဒရာဆ်မြို့သည် ၎င်းနယ်၏ နေပြည်တော်အဖြစ်ဖြင့် ရှိ၏။ ထိုမြို့၌ လက်နက်တိုက်နှင့် သိပ္ပံကျောင်းကြီး ၁-ခုရှိ၏။

----- × -----

[၁၅] ဗုံဗိုင်နယ်၌ အထူးမှတ်သားဖွယ်

ဗုံဗိုင်နယ်၏ နယ်နိမိတ်ကား–

မြောက်ဘက်မှာ ဗလုကျိုဆတာန်နှင့် ပံကျာပ်၊

တောင်ဘက်မှာ မိုက်ဆူရ်၊

အရှေ့ဘက်မှာ ရာဂျပုတာနာနှင့် ဣန္ဒိယအလယ်ပိုင်း၊

အနောက်ဘက်မှာ အာရ်ဗျသမုဒ္ဒရာနှင့် ဗလုကျိုဆတာန်တိုင်အောင် ရှိ၏။

ဗုံဗိုင်, ဆိန္ဓ, အဒန်၊ ဤနယ် ၃-ခုကို အသီးအခြားပင်ဖြစ်သော်လည်း အစီအမံအတွက် ပညာရှိတို့က ထည့်သွင်းဖော်ပြကုန်၏။ ထိုနယ် ၃-ခုတို့အနက်–

ဗုံဗိုင်နယ်သည် စတုရန်း ၁,၂၃,၀၆၄-မိုင်နှင့်တကွ ခရစ်တော် သက္ကရာဇ် ၁၉၁၁-ခုနှစ်အရ လူဦးရေ ၁၉၆,၇၂,၆၄၂-ယောက် ရှိ၏။ ဘာသာအားဖြင့် မရာဋ္ဌီ, ဂုဇ္ဇရာတီဘာသာများကို ပြောလေ့ရှိ၏။

ဆိန္ဓနယ်သည် စတုရန်း ၇၅,၉၁၈-မိုင်နှင့်တကွ လူဦးရေ ၁၆၁,၁၃,၀၄၂-ယောက် ရှိ၏။ ဘာသာအားဖြင့် ဆိန္ဓီဘာသာကို အသုံးပြု၏။

အဒန်နယ်သည် စတုရန်းမိုင်ပေါင်း ၈၀-ခန့်နှင့်တကွ လူဦးရေ ၄၆,၁၆၅-ယောက် ရှိ၏။ ဘာသာအားဖြင့် အာရဗီဘာသာကို ပြောဆိုလေ့ရှိ၏။

ဗုံဗိုင်နှင့် ကရာကျီသည် သဘော်ဆိပ်ကမ်းကြီးဖြစ်၍ အရောင်းအဝယ် စည်ပင်၏။ ခမ္ဘာတနှင့် ကက္ခ(ကစ္ဆ)အော်ကြားမှာ ကာဋ္ဌိယာဝါရ, ပြာသဒီပ်နယ် ရှိ၏။ ၎င်းကျွန်းသည်

သမုဒ္ဒရာ၌ အဝေးကြီးတိုင်အောင် ဆန်တက်၏။ သမုဒ္ဒရာနှင့် ပဿကျိမီယာင်္ဂနေတောင်ကြား တွင် ကိန္နကာန်ခေါ်သော ကွင်းပြင်ရှိ၏။ ထိုအရပ်၏ မြောက်ပိုင်းကို ဆိန္ဓ-ဟု ခေါ်ဆို၏။ ကကျအော်၏အနီးရှိ နယ်ကို ဂုဂျရာတ်-ဟူ၍ ခေါ်ဆို၏။

ပဿကျိမီယာင်္ဂသည် တာပတီမြစ်မှ စ၍ တောင်ဘက်တလျှောက်ရှိ၏။ ဆတပုရာနှင့် ဝိန္ဓျတောင်၏ အချို့နေရာများလည်း ထိုတောင်သို့ ပါဝင်နေ၏။ ခေရတာရ်တောင်စဉ်သည် ဗုံပိုင်ကို ဗလုကျိဆတာန်နှင့် သီးခြား၏။

ဆိန္ဓုမြစ်သည် ပံကျာပ်မှ လာဝင်ပြီးလျှင် မြစ်လက်တက်နှင့်တကွ သမုဒ္ဒရာသို့ စီးဝင် လေ၏။ ပဿကျိမီယာင်္ဂနယ်တွင် ထင်ရှားသော မြစ်မရှိ။ ဆိန္ဓနယ်တွင် မိုးနည်းခြင်းကြောင့် အပူ,အအေး လွန်၏။ တောင်ဘက်နယ်၌ မိုးနည်းခြင်းကြောင့်လည်းကောင်း, သမုဒ္ဒရာနှင့် နီးစပ်ခြင်းကြောင့်လည်းကောင်း လေ,ရေများ အထူးမကောင်းသည့်အပြင် အပူလည်း အားကြီး၏။ မိုးများရာ ပဿကျိမီယာင်္ဂအနီးအပါး အရပ်ဒေသတို့၌ကား လေ,ရေများ သင့်လျော်၏။ ဆိန္ဓနယ်သည် သဲဖြင့်ပြီး၍ ကျောက်စပါးနှင့် ဂျုံစပါးသာ အနည်းငယ်မျှ ဖြစ်ထွန်းသည်။ သို့ရာတွင် လယ်သမားများမှာ ဆောင်းဥတုအခါကို ဆိန္ဓုမြစ်မှ အထောက် အပင့် ယူကြရ၏။

ဗုံပိုင်အလယ်ပိုင်းမှာ ဝါ, ပြောင်း, လူး, ဆပ် လယ်ယာခင်း ဖြစ်ထွန်း၏။ မိုးရွာသော ရပ်ကွက်အချို့မှာလည်း ကောင်းစွာစိုက်ဖျိုး၏။ အုန်းပင်များကား ပဿကျိမီယာင်္ဂနယ်တွင် ဖြစ်ပွါးကုန်၏။ ကရာကျီနှင့် ဗုံပိုင်နယ်၌ ဟိန္ဒူ ၅-ယောက်မှာ မူဆလမာန် ၁-ယောက်ကျစီ ရှိ၏။ ပါရစီ ၉၀,၀၀-ခန့်လောက်သာ ရှိ၏။ ဆိန္ဓနယ်၌ လူဦးရေ အနည်းငယ်သာ ရှိ၏။ အပြောအဆိုမှာ ဆိန္ဓီဘာသာ။ ဂုဂျရာတ်နယ်၌ ဂုဂျရာတီဘာသာကို ပြောဆိုကြ၏။ ကြွင်း သော အရပ်ဒေသမှာကား မဟာရာရှတြီးဘာသာကို ပြောဟောကြ၏။

ဗုံပိုင်နယ်တွင် ကော်မီဿနာ ၄-ယောက်နှင့် စီရင်စု ၂၄-ခုရှိသည့်အနက်–

ဆိန္ဓုကော်မီဿနာ၌ ကရာကျီ, သျှိကာရပုရ်, အပရဆိန္ဓုဖြန္ဒိယရ်, ဟိုက်ဒရာဗာဒ်, ထရပကရ် ဟူ၍ စီရင်စု ၅-ခုရှိ၏။

ဥတ္တရီကော်မီဿနာ၌ အဟမဒါဗာဒ်, ခေရာ, ပံကျမုဟာလ်, ဘရိုးကျ်, ဆူရတ်, ထာနာစီရင်စု ၆-ခုရှိ၏။

မဗျဘာဂကော်မီဿနာ၌ နာဆိက်, ပုရဗီခါန်ဒေသ, ပဿကျိမီခါန်ဒေသ, အဟမယ-ဒနဂရ်, ပူနာ, သျှိုလာပုရ်, ဆတာရာ-ဟူ၍ စီရင်စု ၇-ခု ရှိ၏။

ဒက္ခိဏီဘာဂကော်မိသျှနာ၌ ငေလဂ်ဝ်, ဓာရာဝါရ, ဗီဂျာပုရ, ကနာရာ, ရတနာဂိရိ, ကုလာဝါ-ဟူ၍ စီရင်စု ၆-ခုရှိ၏။

ဗုံဗိုင်မြို့ကိုလည်း ၁-ခုသော စီရင်စုသဖွယ် မှတ်ယူအပ်၏။ အာရဗျသမုဒ္ဒရာ အနောက်ဘက်၌ အဒန်ကိုလည်းကောင်း, လာလသာဂရ၌ ပိုက်ရိမ်ကိုလည်းကောင်း မည်သည့်စီရင်စုအောက် မသေးနုပ်-ဟု မှတ်အပ်၏။

ကျွန်းကြီးသဖွယ် ဗုံဗိုင်မြို့သည် မိမိ၏ နယ်ပြည်တော်ဖြစ်၏။ ရက်ကန်း, ဝါအလုပ်မှာလည်း အများဆုံးသောမြို့ ဖြစ်၏။ ထိုမြို့၌ ပုရတဂါလ်မင်းတို့သည် ရှေးဦးစွာ ဝင်ရောက်နေခြင်းကြောင့် ထိုမင်းသမီးနှင့်ပင် အင်္ဂလိပ် ကျောရလဆ်မင်းကို လက်ထပ်လေ၏။ ထိုအခါ အင်္ဂလိပ်မင်းအား ဗုံဗိုင်မြို့ကို ၁၁၆၁-ခုနှစ်မှာ လက်ဆောင်အဖြစ်ဖြင့် ရရှိလေ၏။ ဆာဝရ-မတီမြစ်နားရှိ အဟာမဒါဗာဒ်မြို့၌ စက္ကူ, ဝါ, ပိုး, ရွှေ, သားရေအလုပ်များ တွင်ကျယ်ကုန်၏။ တာပတီနဒီအနားရှိ ဆူရတ်မြို့သို့ အင်္ဂလိပ်တို့ ရှေးဦးစွာ လာရောက်ကြပြီးလျှင် ကုန်ရောင်း, ကုန်ဝယ် အလုပ်ရုံကြီး ၁-ခုကို ဖွင့်လှစ်တည်ထောင်ကြကုန်၏။

ပူနာမြို့သည် နွေအခါ အစိုးရတို့ သွားရောက်နေထိုင်ကြရာဖြစ်၏။ နရ်မဒါမြစ်ကမ်းရှိ ဘရိုးကျ်ခေါ်သောအရပ်သည် ရှေးဟောင်းမြို့ ဖြစ်၏။ အလုပ်အကိုင်မှာ ဝါကုန်များကို ပြုလုပ်ကြ၏။ ဂိုဒါဝရီမြစ်ဆိပ်ရှိ နာဆိက်အမည်ရှိသောအရပ်၌ ဟိန္ဒူလူမျိုးတို့၏ ကိုးကွယ်ရာ အဆောက်အဦးများ ရှိကုန်၏။ ထိုအနီးအနားတွင်လည်း ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ ဒဿနိယ ဌာနများ ရှိကုန်၏။ ဤသို့လျှင် ဗုံဗိုင်နယ်ကို အကျဉ်းအားဖြင့် မှတ်ယူကြလေကုန်။

----- × -----

[၁၆] ဗြိတိသျှဗလုကျိုဆတာန်နယ်၌ အထူးမှတ်သားဖွယ်

ဗလုကျိုဆတာန်ကို ခံကီလာတ်မင်းနှင့် ဗြိတိသျှအစိုးရ မင်း ၂-ပါးတို့သည် ပိုင်ကုန်၏။ ထိုပိုင်နက် ၂-ခုတို့တွင် ဗြိတိသျှမင်းတို့ ပိုင်နက်ကို ဗြိတိသျှဗလုကျိုဆတာန်-ဟု ခေါ်ဆို၏။ ထိုပြည်နယ် ၂-ခုတို့သည် ဣန္ဒိယသို့ မပါဝင်ငြားသော်လည်း မြန်မာပြည်ကဲ့သို့ ပြည်နယ်အဖွဲ့မှာ ဣန္ဒိယနှင့် ဆက်သွယ်၏။ နယ်နိမိတ်ကား–

မြောက်ဘက်မှာ အဖဂါနိုဆတာန်နှင့် အနောက်မြောက်ထောင့် နယ်ခြား၊

တောင်ဘက်မှာ ဗလုကျိုဆတာန်, တစ်နည်း အာရ်ဗျသာဂရ၊

အရှေ့ဘက်မှာ ပံဂျာပ်နှင့် ဆိန္ဓနယ်၊

အနောက်ဘက်မှာ ဤရာန်, တစ်နည်း အာဖဂါနိုဆတာန်တိုင်အောင် ရှိ၏။

စတုရန်းမိုင်ပေါင်း ၅၄,၂၂၈-မိုင်နှင့်တကွ လူဦးရေ ၄,၀၀,၀၀၀-ကျော်ခန့် ရှိ၏။ နယ်အားလုံးမှာ တောတောင်များသောကြောင့် စီးပွါးဖြစ်ထွန်းရာ နည်း၏။ ပဲကျာပ်နှင့် ထိုနယ်ကို ဆုလေမာန်တောင်ဖြင့် ခြားနား၏။ မြစ်ကြီး,ချောင်းကြီးတို့သည် တစ်စုံတစ်ခုမျှ အကြီးအကျယ် မရှိကုန်။ ဦရီ, လူရာ, ကဒနီမြစ်များလည်း မထင်ရှား။ အနောက်မြောက်ထောင့်နယ်ခြားခ္ဍ ဟလမ်ဒ်ခေါ်သော မြစ်ငယ်တစ်ခုသည် ကာဗုလ်မြစ်မှ စီးထွက်၏။

ဣဗ်အမည်ရှိသော မြစ်ငယ် ၁-ခုသည်လည်း ဂိုမလ်မြစ်ငယ်နှင့် ပေါင်းဆုံနေ၏။ ဆောင်းဥတုအခါမှာ အနည်းငယ်မျှသာ မိုးရွာ၍ နွေရာသီ၌ သွေ့ခြောက်၏။ အေးသောရာသီသို့ ရောက်လျှင် ဆီးနှင်းခဲသောကြောင့် လယ်သမားတို့ မနေနိုင်။ စွန်ပလွံ, သပျစ်သီး, ဗာဒံသီး, ကာဗူဇီးသီးများ ထွက်ကုန်၏။ ဆိုင်ရာဆိုင်ရာနယ်တို့မှလည်း ခဲမဖြူ, ကန့်, သံများ ထွက်ကုန်၏။ လူမျိုးမှာ မူဆလမာန် များ၏။ ဘာသာအားဖြင့်ကား ဗလုကျိ, ဗီလ္လောက်ဂျ် ခေါ်သော မူဆလမာန်ဘာသာကို ပြောဆိုကြ၏။

ထိုနယ်အားလုံး၌ ကျိုဖ်ကော်မီဿနာ ၁-ယောက်သာ ပြဋ္ဌာန်း၏။ ပြည်နယ်ခ္ဍမူကား ပေဆိန်, ကွေ့ဌာ, ဆီဗီ-ဟူ၍ အသီးအခြားစီ စီရင်စု ၃-ခုရှိ၏။ ကျိုဖ်ကော်မီဿနာသည် ကွေ့ဌာနယ်ပြည်တော်၌ နေ၏။ မြို့ ၄-မျက်နှာကို တောင်ဖြင့် ကာရံ၍ ခံတပ်မြို့ကြီး ဖြစ်နေ၏။ ၎င်းမြို့တော်မှ သစ်သီးများကို ပဲကျာပ်နယ်၌ အရောင်းအဝယ်ပြုလုပ်ကြ၏။ ဤသို့လျှင် အကျဉ်းအားဖြင့် မှတ်အပ်၏။

----- × -----

[၁၇] အနောက်မြောက်ထောင့်နယ်ခြားခ္ဍ အကျဉ်းမှတ်သားဖွယ်

ခရစ်ယာန်သက္ကရာဇ် ၁၉၀၁-ခုနှစ်မှာ ဟက္ကာရာ, ပေသျှာဝရ်, ကိုဟာဋ်, ဗန္ဏု, ဇေရာ-ဂ္ဂဆမာဂ္ဂလခံ-ဟူသော ဤစီရင်စု ၅-ခုကို ပဲကျာပ်နယ်မှ သီးခြားလျက် ၎င်းနယ်မှာ ခိုက်ဗရ်, ကုရရမ်, မာလကန္ဒ, လိုကျီ, ကရနာလ်, သျှီရာနီအရပ်ဒေသကို ပါဝင်စေပြီးမှ အနောက်မြောက်ထောင့်နယ်-ဟု အသီးအခြား ပြုလုပ်လေ၏။ ထိုနယ်၏ **အပိုင်းအခြားမှာ–**

မြောက်ဘက်၌ ဟိန္ဒူကုသ်တောင်၊ **တောင်ဘက်မှာ** ဒေရဟာဂါဂျီခံစီရင်စု၊

အရှေ့ဘက်မှာ ဆိန္ဓုမြစ်၊

အနောက်ဘက်မှာ အာဖဂါနိုဆတာန်, ကိုဟာတောင်, ဆုလေမာန်တောင်တိုင်အောင်ရှိ၏။

စတုရန်းမိုင်ပေါင်း ၁၃,၄၁၈-မိုင်နှင့်တကွ လူဦးရေ ၂၂,၅၀,၀၀၀-ခန့်လောက်ရှိ၏။

ဆိန္ဓုမြစ်ကြီး၌ ကာဗုလ်ခေါ်သော မြစ်သည် အနောက်ဘက်မှ လာရောက်ပေါင်းဆုံ၏။ ဆိန္ဓုနယ် အနည်းငယ်ကို ကြည်၍ တစ်နယ်လုံးတွင် တောင်အတိရှိ၏။ လူမျိုးမှာ ပဿျတူဘာသာကို ပြောဆိုကြသော မူဆလမာန်လူမျိုး များကုန်၏။ ထိုသူတို့သည် ခွန်အား ဗလနှင့် အလုံးအရပ် ကြီးမြင့်၏။ မိမိတို့ဘာသာပင် မဟုတ်ငြားသော်လည်း ပံ့ကျာဗီဘာသာနှင့် ဥရဒူဘာသာကိုလည်း အတော်အတန်စီ နားလည်ကြ၏။ ပြည်နယ်တွင် မိုးနည်း၍ အပူ,အအေး လွန်ကဲ၏။ မြေအပြင်တို့သည် သွေ့ခြောက်ငြားသော်လည်း ဂျုံ, ကျောက်, ပြောင်း, လူး, ပဲ, အာလူးတို့သည်ကား အနည်းငယ် ထွက်ကုန်၏။ ကိုဟာဋ်တောင်မှ ဆား, ရေနံဆီ ထွက်၏။ ဆိန္ဓုမြစ် သဲသောင်ပြင်၌ ရွှေထွက်၏။

ကျိုဖ်ကော်မိသျှနာသည် နယ်လုံးဆိုင်ရာတွင် အကြီးဆုံးဖြစ်၏။ ထိုအနောက်မြောက်ထောင့်နယ်ခြား၌ ကော်မိသျှနာ ၂-ယောက်နှင့် စီရင်စု ၅-ခုရှိသည့်အနက်–

ပေသျှာဝကော်မိသျှနာ၌ ပေသျှဝရ်, ဟကျာရာ, ကိုဟာဋ်-ဟူ၍ စီရင်စု ၃-ခုရှိ၏။

ဒေရာကျာတ်ကော်မိသျှနာ၌ ဗန္ဓု, ဒေရာဂျဆမာဂျလခံ-ဟူ၍ စီရင်စု ၂-ခုရှိ၏။

ပေသျှာဝရ်မြို့သည် နယ်ပြည်အားလုံးတွင် အကြီးဆုံးသော မင်းနေပြည် ဖြစ်၏။ ထိုပြည်တော်မှ ခါးဝတ်ပုဆိုးနှင့် ရွှေအဝတ်တန်ဆာများကို အမြောက်အမြား ပြုလုပ်ကြ၏။ ကျီတရာလ်မြို့သည် မြောက်ပိုင်း၌ မြို့ငယ်ပင် ဖြစ်သော်လည်း စစ်မြေပြင်ဖြစ်ခြင်းကြောင့် အလွန်ထင်ရှား၏။

----- x -----

[၁၈] ပံ့ကျာပ်နယ်၌ အထူးမှတ်သားဖွယ်

ဤပံ့ကျာပ်နယ်ကို ဆတလဂ်, ဗျာဆ်, ရာဗီ(ရာပီ), ကျီနာဝ်, ဂျဟေလမ်-ဟူ၍ နဒီ ၅-စင်းရှိခြင်းကြောင့် ပံ့ကျာပ်-ဟု ခေါ်ဆို၏။ ထိုပံ့ကျာပ်နယ်သည် ဣန္ဒိယအနောက်မြောက်၌ တည်၏။ နယ်နိမိတ်မှာ–

မြောက်ဘက်၌ ကသ္ဟမီရ်(ကသ္မီရ)၊ တောင်ဘက်မှာ ရာဂျပုတာနာ၊

အရှေ့ဘက်မှာ အာဂရာနှင့် အဝဓ၊

အနောက်ဘက်မှာ အနောက်မြောက်ထောင့်နှင့် ဗလုကျိုဆတာန်တိုင်အောင် ရှိ၏။

စတုရန်းမိုင်ပေါင်း ၉၉,၂၂၂-မိုင်ခန့်နှင့်တကွ လူဦးရေ ၁၉၂၁-ခုနှစ်အရ ၂၀၆,၈၅,၀၂၄-ယောက်ရှိ၏။ ထိုနယ်တွင် ဂျပေလမ်နှင့် သျှာဟပုရ်အလယ်၌ ဆားတောင်ရှိ၏။

မြစ် ၅-စင်းသည် ဆိန္ဓမြစ်၌ ပေါင်းဆုံပြီးလျှင် အာရ်ဗျသာဂရသို့ စီးကျ၏။ ဆတလဂ်အရှေ့ဘက်၌ ဆရဆွတီခေါ်သော မြစ်ငယ် ၁-ခုသည် ရာဇပုတာနာသို့ စီးဝင်ပြီးလျှင် ပျောက်သွားလေ၏။ သမုဒ္ဒရာနှင့် ဝေးကွာသောကြောင့် အပူ,အအေး လွန်ကဲ၏။ ဟိမဝန္တာတောင်အနီးအပါးဒေသကား မိုးများလျက် ဆိန္ဓနယ်တွင် အနည်းငယ်မျှ ရွာ၏။ လယ်ယာလုပ်စားသူတို့သည် မြစ်ရေ, မြောင်းရေတို့ဖြင့် ကောက်ပဲစိုက်ပျိုးကြရ၏။ ပြည်နယ်မှ ပြောင်း, လူး, ပဲ, ဝါ, ဂျုံ, ကျောက်, ကြံ, စပါး-စသည်များ ထွက်၏။

အချို့သော တောင်နယ်၌ လက်ဖက်ခင်း စိုက်ပျိုး၏။ နမက်ဆာရ်ခေါ်သော တောင်မှ ဆားထွက်၏။ ကျောက်မီးသွေးကို ခေတရေအနီးအနားမှ ရရှိနိုင်၏။ ရက်ကန်းသည်များမှာ များသောအားဖြင့် ပိုးချည်, သိုးမွေး, ဝါချည်တို့ဖြင့် အဝတ်တန်ဆာ ရက်ကြကုန်၏။ ကာလေ-ဗာဂ်ခေါ်သော ဥယျာဉ်၌ ကျောက်ချဉ်တွင်းလည်း ၁-ခုရှိ၏။ ပြည်နယ်သူတို့ကို အလုံးအရပ်ကြီးမြင့်သောကြောင့် စစ်သားဘက်ဆိုင်ရာက အလိုရှိကြ၏။ အင်္ဂလိပ်တို့သည်လည်း ထိုပြည်သားတို့ကို စစ်သားအလို့ငှာ များစွာ အသုံးပြုကြကုန်၏။ ပြည်နယ်အားလုံးမှာ ဟိန္ဒူထက် မူဆလမာန် များကုန်၏။ အရှေ့ဘက်အစိတ်မှာ ဟိန္ဒီဘာသာကို ပြော၍ ကြွင်းသောဒေသ၌ကား ပံ့ကျာဗီ, ဂုရုမုခီဘာသာကို ပြောဆို၏။

ရာဇဝင်အလိုအားဖြင့် ခရစ်ယာန်သက္ကရာဇ် ၁၁၉၃-ခုနှစ်မှာ ပံ့ကျာပ်နယ်အားလုံးသည် မူဆလမာန်လက်ထဲသို့ ရောက်လေ၏။ ၁၈၄၉-ခုနှစ်မှာ အင်္ဂလိပ်ပြည်နယ်ဖြစ်၍ တဖန် ၁၈၅၈-ခုနှစ်သို့ ရောက်လျှင် ဒိလ္လီမြို့ကို ဆံ့ယုတ္တ(သံ့ယုတ္တ)နယ်မှ သီးခြားပြီးမှ ပံ့ကျာပ်သို့ ပါဝင်စေ၏။ ၁၈၅၉-ခုနှစ်မှာ လေ့ဖဋ္ဌနေဋ္ဌဂါဝနာကို ခန့်ထားလိုက်ပေ၏။ ၁၉၀၁-ခုနှစ်မှာ ပေသျှဝရ်ကို ဟာဋ်, ဟကျရာ, ဗန္ဓု, ဒေရဟက္ကဆမာ, ဣလခံ-ဟူသော စီရင်စု ၅-ခုကို ထုတ်ယူ၍ အထက်ပါ အနောက်မြောက်ထောင့်သို့ ပါဝင်စေ၏။

ပံ့ကျာပ်နယ်၌ ကော်မိသ္သနာ ၅-ယောက်နှင့် စီရင်စု ၂၈-ခုရှိ၏။ ၎င်းအနက်–

အမ္ဘာလေကော်မိသ္သနာ၌ ရိုဟတက်, ဂုရှဂံဝ်, ဟိဆာရ်, ကရနာလ်, အမ္ဘာလာ, သျှိမလာ-ဟူ၍ စီရင်စု ၆-ခုရှိ၏။

ဂျာလန္ဓရ်ကော်မိသ္သနာ၌ ကံဂရာ, ဟိုသျှယာရပုရ်, ဂျာလန္ဓရ်, လိုမိယာနာ, ဖိရိုဂျပုရ်-ဟူ၍ စီရင်စု ၅-ခုရှိ၏။

လာဟောက်ရ်(လာဟိုရ်)ကော်မီသျှနာ၌ လာဟိုရ်, အမြိတဆရ်, ဂုရုဒါဆပုရ်, ဆိယာ-လကိုးင့်, ဂုဂျရာန်ဝါလာ-ဟူ၍ စီရင်စု ၅-ခု ရှိ၏။

ရာဝလပိဏ္ဍီကော်မီသျှနာ၌ ရာဝလပိဏ္ဍီ, ဂျဟေလမ်, ဂုဂျရာတ်, သျှဟရပုရ်, မျာနဝါလီ, အင္ဂုက-ဟူ၍ စီရင်စု ၆-ခုရှိ၏။

မုလတာန်ကော်မီသျှနာ၌ မုလတာန်, ဂျဟင်, မုဇပ္ပဖရဂရဟ, ဧရာဂါဂျီခံ, မန္တ္တဂိုမရီ, လာယလပုရ်-ဟူ၍ စီရင်စု ၆-ခုရှိ၏။

ရာဝီမြစ်နားရှိ လာဟိုရ်မြို့သည် ပံဂျာပ်နယ်၏ မြို့တော်ဖြစ်၏။ ၎င်းမင်းနေပြည်၌ သိပ္ပံကျောင်း, ပြတိုက်, တိရစ္ဆာန်ရုံ-စသည်များကို အထူးကြည့်ရှုအပ်ပါ၏။ မြို့တော်မှ ၅-မိုင်လောက်တွင်လည်း စစ်တပ် ၁-ခုရှိ၏။ လာဟိုရ်မြို့မှ အရှေ့ဘက်ရှိ အမြိတဆာရ်မြို့၌ ဆိက်လူမျိုးတို့ ကိုးကွယ်ရာ နတ်ကွန်း ၁-ခုရှိ၏။ ထိုနတ်ကွန်းသည် ကမ္ဘာပေါ်တွင် အလွန်ထူးဆန်း၏။ ထိုပြည်နယ်မှ သိုးမွေးအဝတ်အထည်များ ထွက်ကုန်၏။ ရာဝလပိဏ္ဍီမှ ကသ္မီရသို့ သွားနိုင်၏။ ၎င်းပြင် မြို့၌ စစ်တပ်နှင့်တကွ လက်နက်တိုက်လည်း ၁-ခုရှိ၏။

မုလတာန်မှ မြေဩိုး, မြေခွက် ထွက်၏။ ထိုမြို့ရှိ စွန်ပလွံ, သရက်သီးများ အထူးအရသာရှိကုန်၏။ **ကံဂရေ၌** နတ်ကွန်းကြီး ၁-ခုသည် ၁၉၀၅-ခုနှစ်မှာ မြေငလျင်လှုပ်၍ မြို့လုံးပျက်စီးရာတွင် ပါသွားလေ၏။ ယခုတဖန် ပြန်၍ စည်ကားလျက်ရှိ၏။ **သျှီမလာ**သည် ဘုရင်ခံချုပ်၏ နွေရာသီကို နေရာဖြစ်ပေ၏။ ဤသို့လျှင် အကျဉ်းအားဖြင့် မှတ်ယူအပ်၏။

----- × -----

[၁၉] ကသ္မီရ်(ကသ္မီရ)ပြည်၌ အကျဉ်းမှတ်သားဖွယ်

ကသ္မီရ်(ကသ္မီရ)ပြည်သည် ပံဂျာပ်နယ်၏ မြောက်ဘက်၌ ကျ၏။ ပြည်နယ်အားလုံးသည် တောတောင်အတိ ဖြစ်၏။ နယ်၏အပိုင်းအခြားကား-

မြောက်ဘက်၌ တရုတ်တုရကိုဆတာန်၊ **တောင်ဘက်၌** ပံဂျာပ်၊

အရှေ့ဘက်၌ တိဗက်၊ **အနောက်ဘက်၌** အနောက်မြောက်ပိုင်းနယ်၊

တောင်,မြောက်အားဖြင့် မိုင်ပေါင်း ၃၀၀-ခန့်၊ အရှေ့,အနောက်အားဖြင့် ၃၈၄-မိုင်ခန့်ရှိ၍ စတုရန်းမိုင် ၈၅,၀၀၀-လောက် ကျယ်၏။ လူဦးရေမှာ ၃၃,၀၀,၀၀၀-လောက်ရှိ၏။ ဟိမဝန္တာတောင်နယ်ဖြစ်ခြင်းကြောင့် ဆီးနှင်းခဲ၏။

ပြည်နယ်၌ ပီရပ်ဂျာလ်, ကရာကိုရမ်, နံဂါ, မာအူန္တဂါဗိန် ခေါ်သော တောင်နှင့် ဆိန္ဓ, ဂျဟေလမ်, ကျိနာပ်-ဟူ၍ မြစ် ၃-စင်းရှိ၏။ လေ,ရေကောင်းခြင်းကြောင့် နွေရာသီကို ကျန်းမာရေးအတွက် လူချမ်းသာတို့ သွားရောက်နေထိုင်ကြကုန်၏။ မိုးနည်း၍ လယ်ယာ မဖြစ်ထွန်း။ သို့သော်လည်း အထူးအားဖြင့်ကား အချို့သောလူများသည် မြေဖြင့် ဖြည့်သော သစ်ဖောင်ကို ချောင်း,မြောင်း, အင်း,အိုင်တို့၌ မျှောလျက် ကောက်ပဲအနည်းငယ်စီ စိုက်ပျိုး၏။ ဂျဟေလမ်အနီးအနားမှာလည်း စပါးအနည်းငယ် ပေါက်ရောက်၏။ အသီးအနှံမှာ စပျစ်သီး, ပန်းသီး, သစ်ကြားသီး စသည်တို့ ပွါးများရုံသာမက အရသာလည်း အထူးကောင်း၏။ ကတိုး, ကုံကမ်းများကိုလည်း အထူးသဖြင့် ရနိုင်၏။

လူမျိုးဘာသာမှာ ၄-ပုံ ၁-ပုံ မူဆလမာန်ရှိ၍ ဥရဒူဘာသာကို အသုံးများ၏။ နေပြည်သားတို့သည် လက်မှုပညာကို အလေ့ပြုကြ၏။ ပိုး, သိုးမွေး-စသော အဝတ်အထည်ကို သူတပါးထက် သာအောင် ရက်နိုင်ကြ၏။ ရွှေ,ငွေလက်ဝတ်လက်စားကိုလည်း ကောင်းသည်ထက်အကောင်းဆုံး ပြုလုပ်နိုင်ကြ၏။ မြစ် ၂-ခုကြား၌ သျှရီနဂရ်ခေါ်သော မင်းနေပြည်သည် အထင်အရှားဆုံး၊ ဋလ်ခေါ်သော ရေအိုင်တွင် တင့်တယ်သော ပန်းဥယျာဉ်များ ရှိ၏။ ဣဆလာမာဗာဒ်၌ လက်မှုပညာရှိ ပွါးများ၏။

တောင်ဘက်ကုန်းမြင့်တွင် တည်ရှိသော ဂျမ္မူမြို့မှာ ဟိန္ဒူစော်ဘွား အခါအားလျော်စွာ နေထိုင်၏။ ထိုမြို့အောက်၌ တဗီ(တဝီ)မြစ် စီးနေ၏။ ဂိလဂတ်အရပ်သည် မြောက်ဘက်နယ်ခြားလောက်တွင် တည်၍ ဂဝရနလ်, ဂျန္ဒရလ်ဘက်မှ အစိုးရတစ်ယောက် နေ၏။ လီယဟအရပ်ဒေသသည်ကား အရှေ့မြောက်၌ ကုန်ရောင်းကုန်ဝယ် လမ်းကျ၏။ အကျယ်ကို လိုလျှင် ဣန္ဒိယပထဝီဝင်ကို ရှုလေ။

----- × -----

[၂၀] ဒီလှီမြို့တော်၌ အကျဉ်းမှတ်သားဖွယ်

ယမုနာဂမ်းထိပ်၌ တည်ရှိသော ဒီလှီမြို့တော်သည် ရှေးဟောင်း မင်းနေပြည်ကြီးဖြစ်ပေ၏။ အပိုင်းအခြားမှာ ပထဝီဝင်အလိုဖြင့်–

မြောက်ကို ရိုဟတကစီရင်စု,	တောင်ကို ရိဟာရိစီရင်စု,
အရှေ့ကို မေရင်,	အနောက်ကို ရိုဟတကစီရင်စုနယ်ထိ ရှိ၏။

စတုရန်းမိုင်-၅၅၇၊ တနည်း ၄၅၀-မိုင်နှင့် လူဦးရေ ၅,၀၀,၀၀၀-လောက်ရှိ၏။

ထိုမြို့သည် ရှေးက ယုဓိရှင်ရ၊ ပြိုထဝိရာဇာ, သျှာဟကျဟ်-စသော မင်းတို့၏ မင်းနေပြည် ဖြစ်ဖူး၏။ ပဌမမြောက် ကျော့မင်းသားသည်လည်း-၁၉၁၁၊ ဒီဇင်ဘာလ ၁၂-ရက်မှာ နန်းတက်ပွဲ ပြုဖူး၏။ ယခုအခါ ဣန္ဒိယဘုရင်ခံချုပ်၏ နေရာလည်း ဖြစ်၏။

ဗုဒ္ဓဘာသာလက်ထက်မှာ ဣန္ဒပထနဂိုရ်,
ဟိန္ဒူမင်းလက်ထက်မှာ ဣန္ဒြပြဿထ,
မူဆလမာန်မင်းလက်ထက်မှာ ဒိလ္လီ,
အင်္ဂလိပ်မင်းလက်ထက်မှာ ဒေဟလီ – ဟူသော အမည်ဖြင့် ထင်ပေါ်၏။

ဤနယ်အတွင်းမှာ ရှေးဟောင်းအဆောက်အအုံများလည်း အမြောက်အမြား ပျက်စီးယိုယွင်းလျက် ရှိကုန်၏။ ဂုလာမ်အန္ဒယ်ဝင် ကုတဗုဒိန်မင်းသည် အမြင့်ပေ ၂၅၀-လောက်ရှိ မျှော်စင်ကြီး ၁-ခုကို ပြုလုပ်ခဲ့၏။ ၎င်းကို ကုတုမ္ဘမီနာရ်-ဟူ၍ ခေါ်ဆို၏။ မြို့၌ နာရီစင်, ကျန္ဒနီကျောက်ခေါ်သော စေးတန်းကြီး, ဟုမာယုံမင်း၏ ဌာပနာတိုက်, ယူနီဗာစိတီကောလိပ် ကျောင်း, ရာယဝိတောက်ရာခံတပ် အစရှိသည်ကို အထူးရှုအပ်၏။ ၁၉၁၂-ခု၊ အောက်တိုဘာလ ၁-ရက်နေ့ကစ၍ ၆-ကုဋေ ငွေဖြင့်ပြုလုပ်သော ရုံးတော်, အလုပ်ရုံများကိုလည်း ၎င်းမြို့တော်၌ပင် ဖွင့်လှစ်ထား၏။

ထိုမှတပါး ရွှေ, ငွေ, သားရေ, ဂျုံမှုန့်, အဝတ်အထည်, ဗီဆကုတ်မှုန့်, ဆင်စွယ်, သကြား, သံ-စသည်တို့၏ စက်အလုပ်ရုံလည်း ရှိ၏။ ၎င်းပြင် ကျောက်စည်, သွတ်, ခဲ, ဖန်, မှန်, မြေ-စသော အိုးခွက်တို့ကိုလည်း ထူးထူးဆန်းဆန်း ပြုလုပ်ကြ၏။ ရာသီဥတုမှာ သင့်လျော်၏။ ဘာသာအားဖြင့် ဟိန္ဒူ, မူဆလမာန်တို့သည် များသောအားဖြင့် ဥရဒူဘာသာကိုသာ ပြောဆိုလေ့ရှိ၏။ ဤမြို့တော်ကို ဣန္ဒိယပြည်ကြီးတွင် အထင်ရှားဆုံးမြို့တော်-ဟု မှတ်အပ်၏။ ယခုအခါ အင်္ဂလိပ်မင်းတို့က နယူးဒိလ္လီအမည်ဖြင့် ကြီးကျယ်စွာသော မြို့ ၁-မြို့ကို စီမံထား၏။ အစီအမံမှာ ကျိုဖ်ကော်မီသျှနာ ၁-ယောက်ရှိ၏။

----- × -----

[၂၁] သံယုတ္တ၊ ယူနိုက်တက်ပရိုဗင့်နယ်၌ အကျဉ်းမှတ်သားဖွယ်

အာဂရာနှင့် အယိုဓယာကို ပဓာနထား၍ ဆံယုတ္တ(သံယုတ္တ)နယ်ကို အကျဉ်းဝေဖန်၍ ပြဦးအံ့။ ထိုနယ် ၂-ခုတို့တွင် အာဂရာသည် ရှေးရှေးက ဗဂ်ါလ်(ဗင်္ဂလား)နယ်သို့ ပါဝင်လျက်ရှိ၏။ အယိုဓယာနယ်ကား လွတ်လပ်သောနယ် ၁-ခုဖြစ်၏။

အင်္ဂလိပ်မင်းသည် ဗင်္ဂလားကို ရပြီးနောက် ၎င်းဗင်္ဂလားမှ အနောက်မြောက်ရှိ အာဂရာနယ်ကို၊ လော့ဒါလဟောက်စီ ဘုရင်ခံချုပ်ကြီးသည် ၁၈၅၆-ခုနှစ်မှာ အဝဓနယ်ကို ပေါင်းစပ်လိုက်၏။ ထိုအခါကပင် တစ်နယ်လုံးသည် အာဂရာ, အဝဓ-ဟူသော အမည်ဖြင့် ထင်ပေါ်လာ၏။ ထို ၂-ခုသော အမည်ကို ၁၉၀၂-ခုနှစ်မှာပင် သံယုတ္တနယ်-ဟု တွင်စေ၏။ ၁၈၃၃-ခုသို့ ရောက်ဦးကပင် ပြည်နယ်အလို့ငှာ ဂါဝနာ ၁-ယောက် ခန့်ထားလိုက်၏။ ဣန္ဒိယမြောက်ဘက် အလယ်ပိုင်းကျနေသော ပြည်နယ်၏ အပိုင်းအခြားမှာ–

မြောက်သို့ ဟိမဝန္တာနှင့် နေပါလ်ပြည်,

တောင်သို့ ဣန္ဒိယအလယ်ပိုင်း,

အရှေ့သို့ တစ်နည်း အရှေ့တောင်ထောင့်သို့ ဗိဟာရ်နယ်,

အနောက်သို့ ဂွါလိယာရ်, ဓဝလပုရ်, ဘရတပုရ်, ဒိလ္လီ, ပံကျာပ်နယ်တိုင်အောင်ရှိ၏။

အရှေ့,အနောက်အားဖြင့် မိုင် ၅၀၀-ခန့်၊ တောင်,မြောက်အားဖြင့် မိုင် ၃၀၀-ခန့် ကျယ်၏။ စတုရန်းမိုင် ၁,၁၂,၃၄၆-မိုင်နှင့်တကွ လူဦးရေမှာ ၁၉၁၁-ခုနှစ်အရ ၄,၈၀,၁၄,၀၈၀ လောက်ရှိ၏။ အဆိုပါနယ်၌ ပဓာနအားဖြင့် ပါဝင်သော–

နန္ဒာဒေဝီတောင်သည် ၂၅,၆၀၀-မှ ၂၅,၆၆၁-ပေ မြင့်၏။

ဗဒရီနာထ်တောင်သည် ၂၅,၄၃၁-ပေ မြင့်၏။

တြိသူလ်တောင်သည် ၂၃,၄၈၂-ပေ မြင့်၏။

ကေဒါရနာထ်တောင်သည် ၂၂,၈၃၂-ပေ မြင့်၏။

ပံကျူလဟီတောင်သည် ၂၂,၆၇၃-ပေ မြင့်၏။

နန္ဒာကိုးင်ရီတောင်သည် ၂၂,၅၃၈-ပေ မြင့်၏။

ထိုတောင်တို့မှတပါး နယ်အတွင်းရှိ တောင်တို့တွင်လည်း သျှိဝါလကတောင်သည် ဒေဟရာဒုန်နှင့် ဆဟာရန်ပုရ်စီရင်စုတွင် ရှိ၏။ ဝိန္ဓျာစလတောင်သည် ထိုစီရင်စု၏ တောင်ဘက်တွင် တည်၏။ ကိုက်မူရ်တောင်သည် မိရဇာပုရ်တောင်ဘက်၌ ထင်ရှား၏။

ပါဝင်လျက်ရှိသော မြစ်,အိုင်တို့တွင် ဂင်္ဂါ, ယမုနာ, ကာလီ, ဌူးဆ်, ရာမဂင်္ဂါ, ဂိုမတီ, ယာယရာ, ရာပတီ, ဆိုန, ကျမ္မလ်, ဗေတဝါ, ကေနတို့သည် အထူးထင်ရှားကုန်၏။ ကုမာယုံ-ကော်မီဿနာတွင်ရှိနေသော တောင်စမ်းအိုင်အနက် နိုက်နီတာလ်အိုင်သည် ထင်ရှား၏။ ကွင်းပြင်တို့၌ အိုင်ကြီး, စမ်းကြီးပင် မရှိသော်လည်း ဆုရဟာတာလ်သည် ဗလိယာအနီး၌ ရှိ၏။

ဗဆတီစီရင်စု၌ ဗခီရာနှင့် ကျန္ဒြတာလ်ခေါ်သော ရေအိုင်ရှိ၏။ ဂိုရခပုရ်မြို့အနီး၌ ရာမဂဟရရေအိုင် ရှိ၏။ ဂေါင်ဘာစီရင်စု၌ ဆုဟေလတာလ်အမည်ဖြင့် ရေအိုင် ၁-ခုရှိ၏။ ဂျတံဆီတွင် မဂရဝါရဟရေအိုင်သည် ထင်ရှား၏။ နယ်အားလုံးတို့၌ တောအင်ကြင်း-စသော သစ်ပင်များလည်း ပွါးများကုန်၏။

နယ်ပြည်၌ သမုဒ္ဒရာနှင့် ဝေးခြင်းကြောင့် အပူလွန်၏။ ဟိမဝန္တာနှင့် နီးစပ်ခြင်းကြောင့်လည်း အအေးကြီး၏။ တောင်နယ်တို့မှာ မိုးများလျက် ကွင်းပြင်တို့၌ မိုးနည်း၏။ လေ,ရေများ သင့်လျော်ငြားသော်လည်း တောင်ခြေရင်းအနီးရှိ ဂိုရခပုရ်, ဗဆတီ, ဂေါင်ဘာ, ဗဟရာဂ္ဂက်စီရင်စုမြောက်ပိုင်းတွင် ၄က်ဖျားမိတတ်၏။ အသီးအနှံမှာ စပါး, ဂျုံ, ဂျောက်, ကုလားပဲ, ကြံ, ဝါ, ဘိန်းပင်, မဲပင်-စသည်တို့သည် ဖြစ်ထွန်းကုန်၏။ ဒေဟရာဒုန်နယ်၌ လက်ဖက်လည်း ထွက်၏။ ထိုမှတပါး ပြည်နယ်ရှိ သရက်, မာလကာ, သခွါး, အာလူး, မြောက်ဥ, ကန်စွန်းဥ-စသည်တို့လည်း အထူးကောင်း၏။

နယ်အားလုံးတို့၌–

ဟိန္ဒူလူမျိုး ၄၀၇,၀၅,၃၅၃-ယောက်,	မူဆလမာန်လူမျိုး ၆၉,၀၄,၇၃၁-ယောက်,
ခရစ်ယာန်လူမျိုး ၁,၇၉,၆၉၄-ယောက်,	အာရယလူမျိုး ၁,၃၁,၆၃၈-ယောက်,
ကျိုင်းနီလူမျိုး ၇၅,၇၃၅-ယောက်,	ပါရဆီလူမျိုး ၈၇၂-ယောက်,
ဆိခ်လူမျိုး ၁၅,၁၈၆-ယောက်,	ဗုဒ္ဓဘာသာ-၇၈၀,
ယဟူဒီဘာသာ-၅၀,	မြန်မာလူမျိုး ၄၁-ယောက်ရှိ၏။

ၦင်းပြင် ၁၀၀-တွင် ၇၂-ယောက်ကျ လယ်သမား၊ ၁၀၀-မှာ ၃၄-ယောက်ကျ အသင်အကြားရှိသောသူလည်း ရှိ၏။ ဘာသာစကားမှာ နယ်နှင့်ဆိုင်ရာ ဟိန္ဒီ, ပြဂျ, ဗိဟာရီ, ဥရဒူ, တောင်နယ်တောသူတို့ဘာသာ, ရှေးဟောင်းဘာသာ၊ ဤမျှလောက် ဘာသာမျိုးကို ပြောဆိုလေ့ရှိ၏။

ဆိုအပ်ခဲ့ပြီးသော သံယုတ္တနယ်၌ ကော်မီဿနာ ၁၀-ယောက်နှင့် စီရင်စု ၄၈-ခု ရှိ၏။ ၎င်းအနက် ကော်မီဿနာ ၈-ယောက်နှင့် စီရင်စု ၃၆-ခုသည် အာဂရာ၌ ပါဝင်၏။ ကော်မီဿနာ ၂-ယောက်နှင့် စီရင်စု ၁၂-ခုကား အဝဓသို့ ပါဝင်၏။ ထိုစကားတို့တွင်လည်း-

ကမာယုံကော်မီဿနာ၌ ဂရဟဝါလ်, အလမိုရာ, နိုက်နီတာလ်-ဟူ၍ စီရင်စု ၃-ခု ရှိ၏။

ရူဟေလခဏ္ဍကော်မီဿနာ၌ ဗိဂျနောက်ရ်, မုရာဒါဗာဒ်, ဗဒါယုံ, ဗရေထီ, ပီလိဘီတ်, ဿာဟဂျဟံပုရ်-ဟူ၍ စီရင်စု ၆-ခုရှိ၏။

မေရင်ကောမိသျှနာ၌ ဒေဟရာဒုန်, ဆဟာရန်ပုရ်, မုဇပ္ပမရ် နဂရ်, မေရင်, ဗုလန္ဒသျှဟရ်-ဟူ၍ စီရင်စု ၅-ခုရှိ၏။

အာဂရာကော်မိသျှနာ၌ မထုရာ, အလီဂရဟ, ဧရှာ, မိုက်နပုရီ, အာဂရာ-ဟူ၍ စီရင်စု ၅-ခုရှိ၏။

ဂျဟံဆီကော်မိသျှနာ၌ ဂျဟံဆီ, ဂျလောက်နိ်, ဟမီရပုရ်, ဗန္ဒာ-ဟူ၍ စီရင်စု ၄-ခုရှိ၏။

ဂျလာဟာဗာဒ်ကော်မိသျှနာ၌ ဖရုခါဗာဒ်, ကာန္နပုရ်, ဧရှာဝါ, ဖတဟာပုရ်, ဂျလာဟာဗာဒ်-ဟူ၍ စီရင်စု ၅-ခုရှိ၏။

ဗနာရဆ်ကော်မိသျှနာ၌ မိရဇာပုရ်, ဗနာရဆ်, ဂျောင်နပုရ်, ဂါဇီပုရ်, ဗလိယာ-ဟူ၍ စီရင်စု ၅-ခုရှိ၏။

ဂိုရခပုရ်ကော်မိသျှနာ၌ အာဇမဂရဟ, ဂိုရခပုရ်, ဗဆတီ-ဟူ၍ စီရင်စု ၃-ခုရှိ၏။

ဤသို့လျှင် အာဂရာနယ်၌ ကော်မိသျှနာ ၈-ယောက်နှင့် စီရင်စု ၃၆-ခုကို သိအပ်၏။

ဖိုက်ဇာဗာဒ်ကော်မိသျှနာ၌ ပြုတာပဂရဟ, ဆုလတာန်ပုရ်, ဖိုက်ဇာဗာဒ်, ဗာရဟာဗင်-ပုရ်, ဗဟရာဣကျ, ဂေါင်ဘာ-ဟူ၍ စီရင်စု ၆-ခုရှိ၏။

လခနဉီ(လက္ခနော်)ကော်မိသျှနာ၌ ရာယဗရေလီ, ဥန္နာဝ်, လခနဉီ, ဟရဒိုဤ, ဆီတာပုရ်, ခေရီ-ဟူ၍ စီရင်စု ၆-ခုရှိ၏။ ဤကား **အဝဓနယ်၌** ကော်မိသျှနာ ၂-ယောက်နှင့် စီရင်စု ၁၂-ခုဝည်း။

အထူးအားဖြင့်ကား ဂဂ်ါ, ယမုနာ ဆုံရာ၌ တည်ရှိသော ဣဟာလာဗာဒ်မြို့၌ အကဗရ်(အက္ကဗ)မင်း ပြုလုပ်ခဲ့သော ခံတပ် ၁-ခု၊ ၎င်းအတွင်း၌ အသောကကျောက်တိုင် ၁-ခုရှိ၏။ မြို့၌လည်း သိပ္ပံကျောင်းကြီး စသည်များ ရှိကုန်၏။ မာလကာသီးလည်း ပွါးများ၏။ ဂဂ်ါ၏ လက်ဝဲဘက်၌ တည်ရှိသော ဗာရာဏသီမြို့၌ ဟိန္ဒူသိပ္ပံကျောင်း, ဗီသ္ဌနာထ် နတ်ကွန်း, ဟိန္ဒူကောလိပ်ကျောင်း ရှိ၏။ မြို့မှာ ပိုးအထည်, ကြေးအိုး, ရွှေချည်ထိုး, ငွေချည်ထိုး, အထည်လိပ်ကို ပြုလုပ်ကြ၏။

ကာန္နပုရ်မြို့၌ သားရေအလုပ်, ရက်ကန်းစက်, အင်္ဂလိပ်၏ မေမိုရိယယ်ရေတွင်း-စသည်များကို အထူးကြည့်ရှုအပ်၏။ **မေရင်မြို့၌** အသောကလက်ထက်မှာ သာသနာတော် စည်ပင်ခဲ့၏။ ခရစ်သက္ကရာဇ် ၁၈၅၇-ခုမှာ သူပုန်ရန် စ၍ထဖူး၏။ **မုရာဒါဗာဒ်မြို့၌** ကြေးအိုး,ကြေးခွက်များကို များသောအားဖြင့် ဒန်ရေသုတ်၍ ရောင်းကြကုန်၏။ ဂိုရခပုရ်မြို့၌ ဆေးရွက်, ပန်းသီး-စသည်များ ပွါးများကုန်၏။ လက္ခနော်မြို့၌ နန်းတော်ကြီး, နန်းတော်

ငယ်-စသည်များကို ကြည့်ရှုအပ်၏။ ၎င်းပြင် စက္ကူအလုပ်, ငွေတန်ဆာအလုပ်ကိုလည်း ပြုလုပ်ကြ၏။ သခွါး,သရက်များ ပွါးများ၏။ အကျယ်ကိုလိုလျှင် ဣန္ဒိယပထဝီဝင်ကို ရှုလေ။

----- x -----

[၂၂] ဣန္ဒိယအလယ်ပိုင်းနှင့် ဗရာရ်နယ်၌ အကျဉ်းမှတ်သားဖွယ်

ဤပြည်နယ် ၂-ခုသည် ဣန္ဒိယအလယ်ပိုင်း၌ တည်နေခြင်းကြောင့် ဟိန္ဒူလူမျိုးတို့ အခေါ်ဖြင့် **မဈျပြဒေသ**၌ အမည်ရှိ၏။ ဤနယ်ကို စိုးအုပ်ခဲ့သောမင်းကား **ဂေါင်ဒုအမည်** ရှိခြင်းကြောင့်လည်း **ဂေါင်းဒုဂါနာ**-ဟု တွင်ဖူး၏။ ခရစ်တော်သက္ကရာဇ် ၁၈၁၈-ခုနှစ်မှာ ဆာဂရ်နှင့် နရ်မဒါကို ပေါင်းစပ်လျက် တဖန် ၁၈၆၁-ခုနှစ်မှာ နာဂပုရ်ကို ပါဝင်စေ၍ ပြည်နယ်အားလုံး၌ ကျိုဖ်ကော်မီဿနာ ၁-ယောက် ခန့်ထားလိုက်၏။ ဟိုက်ဒရာဗာဒ်မှ ဗရာရ်နယ်ကို ရပြီးလျှင် ၁၉၀၃-ခုနှစ်မှာ အခိုင်အမာဖြစ်စေပြီးမှ အဆိုပါနယ်ကိုလည်း ဣန္ဒိယအလယ်ပိုင်းသို့ ပါဝင်စေ၏။ **ပြည်နယ်၏ အပိုင်းအခြားမှာ**–

အရှေ့သို့ ဥရီဆားနှင့် မဒရာဆ်တိုက်နယ်, **တောင်**သို့ ဟိုက်ဒရာဗာဒ်နယ်,
အနောက်သို့ ဗုံပိုင်နှင့် ဣန္ဒိယအလယ်ပိုင်း,
မြောက်သို့ ရီဝံ, ပန္နာ, ဗုန္ဒေလခဏ္ဍနယ်တိုင်အောင် ရှိ၏။

စတုရန်းမိုင်ပေါင်း ၉၉,၈၂၃-မိုင်သည် အစိုးရဘက်သို့ ပါဝင်၏။ ၃၁,၁၇၄-မိုင်သည် စော်ဘွားနယ်သို့ ပါဝင်၏။ ၎င်းတို့နယ်ရှိ ၁၃၉,၁၆,၃၀၈-ယောက်ကုန်သောသူတို့သည် အင်္ဂလိပ်ပိုင်နက်တွင် နေကုန်၏။ ၁၁,၁၇,၀၀၂-ယောက်တို့သည်ကား စော်ဘွားနယ်၌ ရှိကုန်၏။ နယ်ပြည်သည် အလျားအားဖြင့် ၅၇၆-မိုင်, အနံအားဖြင့် မိုင်ပေါင်း ၄၃၀-ခန့်လောက် ရှိ၏။ တောတောင် အလွန်များ၏။ မြောက်နှင့်အနောက်မှာ ဆတပုရာတောင်၊ တောင်ဘက်၌ကား ပုရဗီယာဒ္ဓတောင်နှင့် စပ်လျဉ်း၏။ နရ်မဒါနှင့် တာပတီမြစ်သည် အနောက်ဘက် အာရဗျပင်လယ်သို့ စီးဝင်၏။

အပူ,အချမ်းမှာ မအေးလွန်း, မပူလွန်း-ဟု ဆိုကြားသော်လည်း ကွင်းပြင်တို့၌ကား ရံခါရံခါ အပူကြီး၏။ မိုးများခြင်းကြောင့် မြစ်ရေ, မြောင်းရေတို့ကို အရေးတကြီး စီမံရန် မလိုပြီ။ တော,တောင်နယ် များခြင်းကြောင့် ၃-ပုံ ၁-ပုံသာသာလောက် လယ်ယာဖြစ်ထွန်း၏။ ကောက်ပဲသီးနှံမှာ ကျုံ, မုယော, ပြောင်း, လူး, ကုလားပဲ, ဝါ ဖြစ်ထွန်း၏။ တောနယ်တို့မှာလည်း အင်ကြင်းသစ်, ချိပ်-စသည်ကို ရနိုင်၏။ သံတွင်း, ကျောက်မီးသွေးတွင်း ရှိ၏။

များသောအားဖြင့် ရက်ကန်းအလုပ်ရုံရှိ၏။ ပြည်နယ်အားလုံးမှာ ဟိန္ဒီ, မဟာရာရှ္ထြီး, ဥရိယာဘာသာများသာလျှင် ပြဋ္ဌာန်းကုန်၏။

အထက်ပါ နယ်အတွင်းဝယ် ကော်မီသျှနာ ၅-ယောက်နှင့် စီရင်စု ၂၂-ခုရှိသည့် အနက်–

ဂျဗလပုရ်ကော်မီသျှနာ၌ ဆာဂရ်, ဒရိဟ, ဂျဗလပုရ်, ဆေဂနီ, မဏ္ဍလာ-ဟူ၍ စီရင်စု ၅-ခုရှိ၏။

နရ်မဒါကော်မီသျှနာ၌ နရိဆိဟပုရ်, ဟိုသျှင်္ဂါဗာဒ်, ချိန္ဒဝါရာ, ဗေတုလ်, နီမာရ်-ဟူ၍ စီရင်စု ၅-ခုရှိ၏။

ချတ္တီဆဂရဟကော်မီသျှနာ၌ ရာယပုရ်, ဗိလာဆပုရ်, ဒြုဂ-ဟူ၍ စီရင်စု ၃-ခုရှိ၏။

နာဂပုရ်ကော်မီသျှနာ၌ နာဂပုရ်, ဘံဒှာရာ, ကျံဒါ, ဗရဒ္ဓါ, ဗာလာဃာဋ်-ဟူ၍ စီရင်စု ၅-ခုရှိ၏။

ဗရာရ်ကော်မီသျှနာ၌ အမရဝတီ, အကိုလာ, ဗလဒါနာ, ခေတမ်ဟာလ်-ဟူ၍ စီရင်စု ၄-ခုရှိ၏။

နာဂပုရ်မြို့၌ မိမိတို့လက်ထွက် အဝတ်အထည် အလွန်ကောင်း၏။ လိမ္မော်သီး အလွန်ပွါး၏။ ၎င်းမြို့တော်၌ပင် ဂါဗနာကြီး နေ၏။ ဂျဗလပုရ်ပြည်နယ်၌ အိပ်ရာခင်းချည် များတို့ကို ပြုလုပ်ကြ၏။ ၎င်းမြို့မှ မိုင်ပေါင်း ၃၀-အကွာအဝေး၌ ကျောက်သင်ပုန်းလုပ်သော ကျောက်နှင့် ကျောက်သလင်းဖြူတောင် ရှိ၏။ ကျန္ဒာနယ်မှာ သံတွင်းရှိ၏။ ပံကျမေဟရဆ် တောင်နယ်၌ နွေဥတုအခါကို ဂါဝနာ သွားရောက်နေထိုင်၏။ ဧလကျပုရ်သည် မြောက်ဘက်တွင် ဗရာရ်နယ်မှာ အကြီးဆုံးသောမြို့ ဖြစ်၏။ အကိုလာအနီးအပါးမှာ ခရစ်တော်သက္ကရာဇ် ၁၈၀၃-ခုနှစ်တွင် မဟာရာရှ္ထြီးလူမျိုးကို အောင်မြင်လေ၏။

----- x -----

[၂၃] ဗိဟာရ်နှင့် ဥရီဆာနယ်ကို အကျဉ်းဖော်ပြခြင်း

ရှေးက ဗဂ်ါလ်(ဗင်္ဂလား)နယ်သို့ ပါဝင်လျက်နေသော ဤနယ်ကို ခရစ်သက္ကရာဇ် ၁၉၁၂-ခုနှစ်၊ ဒီလ္လီနန်းတက်ပွဲမှာ စီမံထုတ်နုတ်ပြီးလျှင် ၎င်းပြည်နယ်၌ ဗိဟာရ်နှင့် ဥရီဆာ, နာဂပုရ်, စော်ဘွားနယ်ကိုလည်း ပေါင်းစပ်လျက် နယ်လုံးဆိုင်ရာတွင် ဂါဗနာ ၁-ယောက် ခန့်ထားလိုက်၏။

အထက်ပါပြည်နယ်တွင်–

မြောက်ဘက်၌ နေပါလ်, တောင်ဘက်၌ ဗင်္ဂလားအော်နှင့် မဒရဆ်,

အရှေ့ဘက်၌ ဗဂ်ါလ်,

အနောက်ဘက်၌ ဂ္ဂနီယအလယ်ပိုင်းနှင့် သံယုတ္တယူနိုက်တက်ပရိုဗင့်နယ်-

တည်ရှိ၏။ စတုရန်းမိုင်ပေါင်း ၁,၁၁,၈၂၉-မိုင်နှင့်တကွ လူဦးရေ ၃၈၄,၃၅,၂၉၃-ယောက်ရှိသည့်အနက် ၂၈,၆၄၈-မိုင်နှင့် လူဦးရေ ၃၉,၄၅,၂၀၉-ယောက်သည် စော်ဘွားနယ်၌ ပါဝင်၏။

မြောက်ဘက်၌ နာဂပုရ်တောင်များအနက် ပါရဆနာထ်တောင်သည် အထင်ရှားဆုံး။ ဗိဟာရ်နယ်၌ ဂဂ်ါ, ယာယရာ, ဆိုန, ဂဏ္ဍက, ကိုဆီ-ဟူ၍ ထင်ရှားသောမြစ် ၅-စင်းနှင့် ဥရိဆာနယ်မှာ မဟာနဒီသည် မိမိ၏အထောက်အပင့်ဖြစ်သော ပြဟ္မာနီ, ဗိုက်တရဏီ, ဆွဝရဏာရခါ-ဟူသော မြစ် ၃-စင်းနှင့်တကွ တည်ရှိ၏။ ၎င်းပြင် သမုဒ္ဒရာနှင့် စပ်လျက် ကျိုလကာခေါ်သော အိုင်လည်း ၁-ခုရှိ၏။ ဥရိဆာသည် သမုဒ္ဒရာနှင့် နီးသောကြောင့် အပူ,အအေးမလွန်သော ပြည်နယ် ၁-ခုဖြစ်၏။

ဗိဟာရ်နယ်ကား သွေ့ခြောက်လျက် နာဂပုရ်နယ်မှာ အအေးများ၏။ ပြည်နယ်အားလုံး၏ ဆိုင်ရာဆိုင်ရာနေရာ၌ စပါး, ပြောင်း, ဘိန်း, ဂျုံ, နှမ်း-အစရှိသည်တို့ ဖြစ်ထွန်း၏။ ထိုမှတပါး လက်ဖက်ခင်း, အုန်းခင်းများလည်း ရှိကုန်၏။ ခရဟာရ်ဗာရိနယ်တွင်းမှ ကျောက်မီးသွေးထွက်၍ အချို့အချို့နေရာမှ သံထွက်၏။

အထက်ပါပြည်နယ်၌ ကော်မိဿနာ ၅-ယောက်နှင့် စီရင်စု ၂၁-ခုရှိသည့်အနက်–

တိရဟုတ်ကော်မိဿနာ၌ ဒရဘင်္ဂါ, မုဇပ္ဖရ်ပုရ်, ကျမ္ပာရန်, ဆာရန်-ဟူ၍ စီရင်စု ၄-ခုရှိ၏။

ပဋ္ဌနာကော်မိဿနာ၌ ပဋ္ဌနာ, ဂယာ, သျှာဟာဗာဒ်-ဟူ၍ စီရင်စု ၃-ခုရှိ၏။

ဘာဂလပုရ်ကော်မိဿနာ၌ ဘာဂလ်ပုရ်, မုံဂေရ်, ပူရဏိယာ, ဆန္တာလပရဂနာ-ဟူ၍ စီရင်စု ၄-ခုရှိ၏။

နာဂပုရ်ကော်မိဿနာ၌ ဆီဟာဘူမိ, မာနဘူမိ, ဟဇာရီဗာဂ်, ပါလာမဥ, ရံကျီ-ဟူ၍ စီရင်စု ၅-ခုရှိ၏။

ဥရိဆာကော်မိဿနာ၌ ကဋ္ဌက, အဏ်ဂုလ်, ပုရီ, ဗာလာဆိုရ်, ဆမ္ဘလပုရ်-ဟူ၍ စီရင်စု ၅-ခုရှိ၏။

အထူးအားဖြင့်ကား ဗိဟာရ်နယ်မှ ဆန်, စပါး, ဆေး, ဝါ ထွက်၏။ များသောအားဖြင့် ဟိန္ဒူများ၍ ဟိန္ဒီဘာသာကို ပြောဆိုကြ၏။ မင်းနေပြည်ဖြစ်သော ပဋ္ဌနာသည် ရှေးအခါက ဗုဒ္ဓဘာသာတို့ ထွန်းကားရာ, ယခုအခါမှာလည်း ရောင်းဝယ်ကူးသန်းခြင်းနှင့်တကွ ထင်ရှားသော မြို့ကြီး ၁-မြို့ပင်ဖြစ်ပေ၏။ ဂယာမြို့သည် ဗုဒ္ဓဘာသာတို့၏ နေရာဌာနကြီး ဖြစ်ဖူး၏။ ယခုအခါမှာလည်း ဗုဒ္ဓဘာသာအဆောက်အအုံ များစွာရှိကုန်၏။ မုံဂေရ်ပြည်နယ်တွင် လက်နက်များနှင့် သားရေအလုပ် ပွါးများ၏။ ဘာဂလပုရ်မြို့သည် ကုန်ဆိပ်ကမ်းသဖွယ် ဖြစ်၍ အဝတ်အထည် ထွက်ရာလည်း ဖြစ်၏။

ဥရီဆာသည် ဗဂ်လားအော်နှင့် နီးစပ်၏။ ထိုနယ်၌ မြစ်တို့တွင် မဟာနဒီ ထင်ရှား၏။ တောနယ်များ၍ တောတိရစ္ဆာန်ပွါးများ၏။ စပါးလယ်ယာမှာ အထူးကောင်း၏။ ဘာသာအားဖြင့် ဥရိယာဘာသာကို ပြောဆို၏။ မဟာနဒီကမ်းပါးရှိ ကဠကမြို့၌ ရွှေငွေကို အထူးထုလုပ်တတ်သူ ရှိ၏။ ပုရီ(ဂျဂနာထ်)ဒေသသည် ပင်လယ်ကမ်း၌ တည်၏။ ရှေးဟောင်းအဆောက်အအုံများ ရှိကုန်၏။ ဗာလာဆိုရ်ဒေသသည် ဟုဂလီမြစ်နား၌ သင်္ဘောဆိပ်ကမ်းငယ် ၁-ခုဖြစ်၏။ အင်္ဂလိပ်သည် ရှေးဦးစွာ ၎င်းအရပ်ကို တည်ထောင်လေ၏။ ရံကျီသည် နွေဥတုအခါ ဂါဝနာတို့၏နေရာဖြစ်၏။ ဤသို့လျှင် အထူးမှတ်အပ်၏။

----- × -----

[၂၄] ဗဂ်ီလ်(ဗဂ်လား)နယ်ကို အကျဉ်းဖော်ပြခြင်း

ဗိဟာရ်နှင့် ဥရိဆာ၏အရှေ့ဘက်၌ တည်နေသော ဗဂ်လား၏နယ်နိမိတ်ကား-

မြောက်ကို နေပါလ်, ဆိကိမ်, ဘူဋာန်၊ တောင်ကို ဗဂ်လားအော်၊

အရှေ့သို့ အာဆာမ်၊

အနောက်သို့ ဗိဟာရ်, ဥရိဆာတိုင်အောင်ရှိ၏။

ဤနယ်ကား ၃-ထောင့်သဏ္ဌာန် တည်ရှိ၏။ စတုရန်းမိုင်ပေါင်း ၈၄,၀၉၂-မိုင်ခန့်နှင့် ခရစ်သက္ကရာဇ် ၁၁၉၁-ခုနှစ်အရ လူဦးရေ ၄၆၂,၀၅,၆၄၂-ယောက်ရှိ၏။ ၁၉၁၂-ခုနှစ်မှာ ဗိဟာရ်, ဥရိဆာနယ်မှ သီးခြားပြီးလျှင် စီရင်စုတို့ကို ၁၉၀၅-ခုနှစ်မှာ အာဆာမ်နှင့် ပေါင်းစပ်လျက် တဖန် မိမိနယ်သို့ ပါဝင်စေ၏။ ဗဂ်လားအော် အထက်ကမ်းပါး၌ ညွှန်အိုင်,ညွှန်ဗျောင်းနှင့်တကွ တောကြီးများတို့၌ တောတိရစ္ဆာန် ပွါးများ၏။ မြောက်ဘက်မှာ ဟိမဝန္တာတောင်စဉ်, အနောက်မှာ ပါရဆနာထ်ခေါ်သော တောင်ရှိ၏။

မြစ်များအနက် ဂွါလဏ္ဍာအနီးရှိ ဂင်္ဂါသည် ဗြဟ္မပုတြာနှင့် ဆုံ၏။ ဟူဂလီမြစ်သည် ဂင်္ဂါ၏လက်တက်ဖြစ်ပြီးလျှင် ဗင်္ဂလားအော်သို့ စီးဝင်၏။ ရေ,လေတို့ကို ကျန်းမာရေးတွင် အထူးကောင်း၏-ဟု မဆိုအပ်။ မိုးရေ, မြစ်ရေများကို ရနိုင်သော်လည်း ပူသောရာသီမှာ အပူကြီးသေး၏။ ပြည်နယ်မှ အလုံးစုံအရာဝတ္ထုမျိုးကို ရနိုင်၏။ မိုးရာသီမှာ ကောက်ပဲ ၃-ကြိမ် စိုက်ပျိုးကြ၏။ ပိုက်ဆံလျှော်, ဆေး, ကွမ်း, လက်ဖက်, ပြောင်း, ပဲ, ဂျုံ, ကြံ, ဝါ,မဆလာ, ပိုးချည်, ဝါချည်, ကျောက်မီးသွေးများ ထွက်ကုန်၏။

ဗင်္ဂလားမြို့တော်၌ကား ဖိနပ်, သားရေ, စက္ကူ, အဝတ်အထည်, ဆပ်ပြာ, သကြား, ကြံ, သံ-စသည်များကိုလည်း ပြုလုပ်ကြ၏။ ပြည်နယ်လူမျိုးမှာ ဟိန္ဒူများသော်လည်း ဗင်္ဂလီဘာသာကို ပြောဆိုကြ၏။

နယ်လုံးဆိုင်ရာတွင် ကော်မိသျှနာ ၅-ယောက်နှင့် စီရင်စု ၂၈-ခုရှိသည့်အနက်–

ဗာရဒဝါန်ကော်မိသျှနာ၌ ဗာရဒဝါန်, ဗံကုရာ, ဗီရဘူမိ, မိဒနီပုရ်, ဟူဂလီ, ဟာဗရာ-ဟူ၍ စီရင်စု ၆-ခုရှိ၏။

ပြေဆီဌေန်ဆီကော်မိသျှနာ၌ ကလကတ္တား, ကျောက်ဗီဆပရဂနာ, နဒီယာ, ဂျိုက်ဆိုရ်, မုရသ္ဒါဒါဗာဒ်, ခုလနာ-ဟူ၍ စီရင်စု ၆-ခုရှိ၏။

ရာဂျသ္ထာဟီကော်မိသျှနာ၌ ရာဂျသ္ထာဟီ, ပဝနာ, ဗိုဂရာ, မာလဒါ, ဒီနာဂျပုရ်, ရင်ပုရ်, ဂျလပါဂြိ, ဂိုရီ, ဒါဓဂျီလင်္ဂ်-ဟူ၍ စီရင်စု ၉-ခုရှိ၏။

ဒါကာ(ပကာ)ကော်မိသျှနာ၌ ပကာ, မိုက်မနဆင်္ဂ်, ဖရီဒဝုရ်, ဗာကရဂံဂျ်-ဟူ၍ စီရင်စု ၄-ခုရှိ၏။

ကျင္ရဂံဝ်(စစ်တကောင်း)ကော်မိသျှနာ၌ ဌိပရာ, နိုဝါခလီ, စစ်တကောင်း, ပဟာရီ-ဟူ၍ စီရင်စု ၃-ခုရှိ၏။

ဟူဂလီမြစ်နားရှိ ကလကတ္တားသည် ကြီးကျယ်ခမ်းနားသော မြို့တော်ကြီးဖြစ်၏။ ၎င်းမြို့၌ ဝါချည်, စက္ကူ, သံ-စသည်တို့၏ အလုပ်ရုံကြီးများ ရှိကုန်၏။ လူဦးရေမှာ ၁၂,၂၃, ၃၁၃-ယောက်ရှိ၏။ မြို့သည် ရှေးရှေးက ရွာငယ်မျှသာ ဖြစ်၏။ ထိုရွာ၌ ကာလီခေါ်သော နတ်ကွန်း ၁-ခုရှိ၏။ ထိုနတ်ကွန်းကို အစွဲပြု၍ ကာလီကတ္တား တွင်၏။ ယခု လူတို့အခေါ်ကား ကလကတ္တား-ဟု ခေါ်ကြ၏။ ကလကတ္တားမြို့၌ ဂါဗနာအိမ်တော်, ပြတိုက်, တိရစ္ဆာန်ရုံ, သိပ္ပံကျောင်း, ဓာတ်ပုံတိုက်, ဓာတ်တော်ကျောင်း-စသည်ကို အထူးကြည့်ရှုအပ်၏။ ၁၉၁၁-ခုနှစ်တိုင်အောင် ဂ္ဂန္ဒီယမင်းနေပြည်ကြီး ဖြစ်ဖူး၏။

ယခုအခါ ဒိလ္လီသည်ပင်လျှင် ဣန္ဒိယရာဇဓာနီ ဖြစ်နေ၏။ ကလကတ္တားနှင့် ဟောက်ရာ(ဟာဝရာ)ကြားရှိ ဟူဂလီမြစ်၌ တံတားကြီး ၁-ခုရှိ၏။ ဗာရကပုရ၌ သံအလုပ်ရုံကြီး ရှိ၏။ မူဆလမာန်၏ မင်းနေပြည်ဖြစ်ဖူးသော မုရသျှိဝါဗာဒ်တွင် ဆင်စွယ်, ပိုးထည်-စသော အလုပ်ကို ကောင်းမွန်စွာ ပြုလုပ်ကြ၏။ ကာဆီမ်ဗာဇာရ်ဈေးမှာ အင်္ဂလိပ်တို့သည် ရှေးဦးစွာဆုံး ကုန်ရောင်းကုန်ဝယ်အဖြစ်ဖြင့် လာရောက်ကြ၏။ ရာနီဂံ၌မှ ကျောက်မီးသွေး အမြောက်အမြား ထွက်၏။ ဒါရ၇ိုလိင်္ဂတောင်မှ လက်ဖက်များစွာ ထွက်၏။ ဤသို့လျှင် အကျဉ်းမျှ မှတ်ယူအပ်၏။

----- × -----

[၂၅] အာဆာမ်နယ်၌ အကျဉ်းမှတ်သားဖွယ်

ရှေးက အာဆာမ်(အာသာမ်)နယ်၌ ဆီလဟင်္ဂ, ကချာရ်, ပကာ, ရာဂျသျှာဟီ, စစ်တကောင်း, မာလဒါ-ဟူသော ဗဂင်္ဂလားနယ်ရှိ စီရင်စုတို့ကို ပေါင်းစပ်လျက် ရှိ၏။ ခရစ်ယာန်သက္ကရာဇ် ၁၉၁၂-ခုနှစ်မှာ သီးခြားပြီးလျှင် တဖန် အထက်ပါစီရင်စုတို့ကို ဗဂင်္ဂလားနယ်သို့ ပါဝင်စေ၏။ ထိုကြောင့် အာဆာမ်သည် ရှေးကကဲ့သို့ လွတ်လပ်သော ပြည်နယ် ၁-ခု ဖြစ်လေ၏။ နယ်အားလုံးကို ကျိုဖ်ကော်မိသျှနာလက်အောက်ခံ ဖြစ်စေ၏။

နယ်နိမိတ်ကား– မြောက်ဘက်၌ ဘူဋာန်,
တောင်ဘက်၌ မြန်မာပြည်နှင့် ဗဂင်္ဂလားနယ်,
အရှေ့ဘက်၌လည်း မြန်မာပြည်,
အနောက်ဘက်၌လည်း ဗဂင်္ဂလားနယ်ထိတိုင်အောင် ရှိ၏။

စတုရန်းမိုင်ပေါင်း ၅၃,၀၁၅-မိုင်နှင့်တကွ လူဦးရေ ၇၆,၀၆,၂၃၀-ရှိ၏။ မြောက်မှာ ဟိမဝန္တာတောင်တန်း၊ အရှေ့မှာ လုသျှဣ, ပဋ္ဌကိုဣတောင် ရှိ၏။

ပြည်နယ်မှာ ဂါရို, ခဆီယာ, နာဂါ, ဂျယန္တီယာ-ဟူ၍ တောင် ၄-လုံး အထင်အရှား ရှိ၏။ ၎င်းပြင် မေဂနာ, ပြဟ္မပုတြခေါ်သော မြစ် ၂-ခုအနက် ပြဟ္မပုတြ၌ကား တောင်, မြောက်အရပ်မှ လာရောက်ပေါင်းဆုံကြသော မြစ်တို့တွင်လည်း ဆုရံဆရီနှင့် ကျနာဆရီသည် အထင်ရှားဆုံးသော မြစ်တို့ဖြစ်၏။

ဗာရက(ဝါရက) ခေါ်သော မြစ်သည် မနီပုရ်မှ ထွက်လျက် ဆီလဟင်္ဂသို့ ရောက်ပြီးမှ တဖန် ဆုရမာ, ကုဆီယာရ်-ဟူ၍ မြစ်ရေအလျှဉ် ၂-ခု ဖြစ်သွား၏။ ထို့နောက် မေဂနာသို့

စီးကျလေ၏။ ပြည်နယ်၌ မိုးများခြင်းကြောင့် လယ်ယာအတွက် ရေမရှား။ ထိုနယ်မှ လက်ဖက်, ဆန်, စပါး, သစ်သား, ရော်ဘာ ထွက်၏။ သျှိဝါဆာဂရ်တွင် ကျောက်မီးသွေးတွင်း ရှိ၏။ ဗာကုမ်၌ ရေနံတွင်း ရှိ၏။ များသောအားဖြင့် အာဆာမ်(အာသာမ်)ဘာသာနှင့် ဗဂ်လီဘာသာကို ပြည်နယ်သူတို့ ပြောဆိုကြ၏။ ဌက်ဖျားကို အထူးကြောက်ရ၏။ ပြည်နယ်အားလုံးတွင် အကြီးအကျယ်မြို့ မရှိခြင်းကြောင့် ရွာကြီးကိုပင် မြို့-ဟု ခေါ်ဆိုကြ၏။

အာဆာမ်ဗေလီကော်မီသျှနာ၌ ဂါရို, ဂွါလပါရာ, ကာမရူပ, ဒရင်, နောက်ဂ်ဝ်, သျှိဝဆာဂရ်, လခမပုရ်-ဟူ၍ စီရင်စု ၇-ခုရှိ၏။

ဆုရမာဗေလီဟိလ်ကော်မီသျှနာ၌ ဆီလဟင့်, ကချာရ်, ခဆီယာ, ဂျယန္တီယာ, နာဂါ, လုသျှာဣ-ဟူ၍ စီရင်စု ၆-ခုရှိ၏။

အထူးအားဖြင့်ကား ဆီလဟင့်သည် အာဆာမ်၏ မင်းနေပြည် ဖြစ်၏။ ၎င်းပြည်မှ လိမ္မော်သီးနှင့် ထုံးကျောက် ထွက်၏။ နွေရာသီကို ကျိုဖ်ကော်မီသျှနာသည် သျှိလင်္ဂ်အရပ်၌ နေ၏။ ကျေရာပုံဂျိမှာ အလုံးစုံတို့ထက် မိုးများ၏။ ဂုဟာဋီသည်ကား အကြီးဆုံးသောမြို့ဖြစ်၏။ အာဆာမ်နယ်၌ မနီပုရ်လည်း ပါဝင်နေ၏။ ထိုမနီပုရ်နယ်မှ ဆန်, စပါး, လက်ဖက် ထွက်၏။

----- × -----

[၂၆] ဘူဋာန်နယ်၌ အကျဉ်းမှတ်သားဖွယ်

လွတ်လပ်သော ဘူဋာန်နယ်သည် ဟိမဓ္ဓာတောင်စဉ်ဖြင့် ရံနေခြင်းကြောင့် အလျားအားဖြင့် အလွန်သေးငယ်၏။ နယ်နိမိတ်မှာ–

မြောက်သို့ တိဗက်၊ တောင်သို့ ဗဂ်လ်,အာဆာမ်နယ်၊

အရှေ့သို့လည်း အာဆာမ်တောင်နယ်၊

အနောက်သို့ ဗဂ်လ်နှင့် ဆိကိမ်နယ်တိုင်အောင် ရှိ၏။

စတုရန်းမိုင်ပေါင်း ၁,၆၈,၀၀၂-မှ ၁၆,၈၆၂-ထိ ရှိ၏။ တောင်တို့တွင် ကျူမလဟာရီတောင်သည် ပေပေါင်း ၂၄,၀၀၀-မြင့်၏။ ပြဟ္မပုတြနှင့် မနာဆ်မြစ်မှတပါး အခြားအခြားသော မြစ်လည်းရှိ၏။ နယ်ပြည်အဝန်းမှ ဆန်, စပါး, ဂျို, ပြောင်း, တောသတ္တဝါ, တောမြင်း, သိုးမွေး, ဖယောင်း, ချိတ်, ဝါချည်, ဆေး, ဆား, ကတိုး, မဆလာ-စသည်များ ထွက်ကုန်၏။ အရောင်းအဝယ်မှာ များသောအားဖြင့် ဗဂ်လား, အာဆာမ်တို့နှင့် ဆက်သွယ်ကြ၏။

ဗုဒ္ဓဟာယာ၌နေသော လူဦးရေ ၁-သိန်းခန့်လောက် ဗုဒ္ဓဘာသာကို ကိုးကွယ်၏။ လူတို့သည် တိဗတ္တီဘာသာကိုလည်းကောင်း, ဟိန္ဒီဘာသာကိုလည်းကောင်း အရောရော အနှောနှော ပြောဆိုကြ၏။ ပနာခါသည် ရှေးအခါက မင်းနေပြည် ဖြစ်ဖူးငြားသော်လည်း ယခုအခါ တာဆီဆုဒန်သည်ပင်လျှင် မင်းနေပြည်ဖြစ်နေ၏။ တုဂံဆူအရပ်သည် အာဆာမ်နှင့် လာဆာကြားတွင် တည်ရှိ၏။

----- × -----

[၂၇] နေပါလ်နယ်၌ အကျဉ်းမှတ်သားဖွယ်

ဟိမဝန္တာတောင်နယ်နှင့် ဆက်စပ်လျက်ရှိသော နေပါလ်နယ်သည်လည်း လွတ်လပ်သော ပြည်နယ် ၁-ခု ဖြစ်ပေ၏။ နယ်နိမိတ်ကား–

မြောက်ဘက်၌ တိဗက်၊ တောင်ဘက်၌ ဗဂျီလ်, ဗိဟာရ်, သံယုတ္တနယ်၊

အရှေ့ဘက်၌ ဆိကိမ်, ဒါရ်ဂျီလင်္ဂ်စီရင်စု၊

အနောက်ဘက်၌ အလမိုရာတိုင်အောင် ရှိ၏။

အရှေ့,အနောက် မိုင်ပေါင်း-၅၀၀၊ တောင်,မြောက် မိုင်ပေါင်း ၆၀-မှ ၁၄၀-ထိရှိ၏။

စတုရန်းမိုင် ၅၄,၅၀၀-နှင့် ၁၉၁၁-ခုနှစ်အရဖြင့် လူဦးရေ ၆၅,၀၀,၀၀၀-ခန့်လောက် ရှိ၏။ တောင်ဘက် တောင်ခြေရင်းအရပ်သည် ဆန်, စပါးဖြစ်ထွန်းရာ ဖြစ်ပေ၏။မြောက်ပိုင်းက တောင်နယ်ခံ၏။ အနောက်ပိုင်းရှိ ရေမျှားသည် ဆာရဒါမြစ်သို့ စီး၏။ ယာယရာ, ဂဏ္ဍာက, ကိုဆီဂျီ၊ မြစ် ၃-ခုကား နေပါလ်နယ်၌ တောင်ကို ဖြတ်သွား၏။ ၎င်းပြင် ဟိမဝန္တာမှ စီးကျသော မြစ်တို့လည်း မျှားစွာရှိကုန်သေး၏။ မိုးမျှားခြင်း, အအေးကြီးခြင်း အဂါ ၂-ပါးရှိ၏။

နယ်ပြည်မှ ဒုတ္ထာ, ဖာလာကြီး, ပျား, ဖယောင်း, သားရေ, လားဦးချို, ဆင်စွယ်, လက်ချား, ကတိုး, ပြောင်း, လူး, အင်ကြင်းသစ်, ယင်းတိုက်, ဆေးမြစ်-စသည်များလည်း ထွက်ကုန်၏။ ရောင်းဝယ်ရန်အတွက် ဆင်, မြင်းကိုလည်း ရနိုင်၏။ တောင်နယ်အချို့၌ သံ, ခဲ, ကြေး, ကန့်, စက္ကူလုပ်သော မြက်-စသည်များလည်း ရှိကုန်၏။

နေပါလ်နယ်သူနယ်သားတို့သည် နေဝါရ်, တာဘာရီအနွယ်နှင့် ဆက်စပ်၏။ ဗုဒ္ဓဟာနှင့် နေဝါရ်လူမျိုးကား ဗုဒ္ဓဘာသာကို ကိုးကွယ်၏။ ဘာသာအမျိုးမျိုးပင် ရှိငြားသော်လည်း ဟိန္ဒီဘာသာကို နားလည်သူ များ၏။ တိဗက်ပြည်သို့ သွားရာ ကာဌမဏ္ဍာသည် မြို့တော်ကြီး ဖြစ်ပေ၏။ ၁၈၆၈-ခုနှစ်မှ နေပါလီတို့ ရရှိသော လလိတာပဋ္ဌန်သည် ရှေးက

နေဝါရ်လူမျိုးတို့၏ နေပြည်တော်ပင်တည်း။ ထိုမှတပါး ဂိုရခါ, ခါကျီ-ဟူ၍လည်း မြို့ ၂-မြို့ ရှိနေ၏။

----- x -----

[၂၈] ရာဂျပူတာနာနယ်၌ အကျဉ်းမှတ်သားဖွယ်

ဣန္ဒိယပြည်၌ ခတ္တိယလူမျိုးတို့၏ ဖြစ်ပွါးရာ ဖြစ်ခြင်းကြောင့် ဤရာဂျပူတာနာနယ်ကို ရာဂျဆထာန်-ဟူ၍လည်း ခေါ်ဆို၏-ဟု မှတ်အပ်၏။ ဤနယ်ပြည်သည်ကား ပံဂျာပ်နယ် တောင်ဘက်၌လည်းကောင်း, ဗုံဗိုင်နယ်မြောက်ဘက်၌လည်းကောင်း, ဣန္ဒိယအလယ်ပိုင်းမြောက်ဘက်၌လည်းကောင်း တည်ရှိ၏။ အနောက်ဘက်မှာ ဆိန္ဓု၊ အရှေ့ဘက်မှာ သံယုတ္တယူနိုက်တက်ပရိုဗင့်နယ်နှင့် ဣန္ဒိယအလယ်ပိုင်းတိုင်အောင် ရှိ၏။ စတုရန်းမိုင် ၁,၂၈,၉၈၇-မိုင်နှင့် လူဦးရေ ၁၀၅,၃၀,၄၃၂-ယောက်ရှိ၏။

ပြည်နယ်အလယ်တွင် အရာဗလီတောင်သည် အနောက်တောင်မှ အရှေ့မြောက်သို့ ရှိနေ၏။ ပြည်နယ်အနောက်မြောက်၌ကား လယ်ယာ မဖြစ်ထွန်းနိုင်သော သဲကန္တာရကြီး ရှိ၏။ တိဟာရ်ခေါ်သော သဲကန္တာရသည် အလွန်ကြောက်မက်ဖွယ် ကောင်း၏။ ၎င်းကန္တာရတွင် လိုနီခေါ်သော မြစ် ၁-စင်းသည် ကက္ခ(ကစ္ဆ)အော်သို့ စီးလေ၏။ ရာဂျပူတာနာမှ ဂျယုပုရ်အနီးအပါး ဆံဘာရ်-အမည်ရှိသော ဆားများ၏ထွက်ရာ အိုင်ကြီး ၁-ခုရှိ၏။

ရာဂျပူတာနာအလယ်၌ အင်္ဂလိပ်အပိုင် **အဂျမေရ်**ပြည်နယ်နှင့် မေရဝါရာခေါ်သော ပြည်နယ် ၂-ခုအနက် အဂျမေရ်စီရင်စုသည် အကြီးဆုံးတည်း။ ဤစီရင်စုအတွင်းမှာ သဲသောင်ပြင်ကြီး ၁-ခုရှိ၏။ ပြည်သူတို့ကား သိုး, ဆိတ်များကို မွေးမြူလေ့ရှိကြ၏။ နယ်အားလုံး၌ ဥဒယပုရ်, ကျီတောက်ရ်-အစရှိသော ထင်ရှားသောနယ်ကြီး ၁၅-နယ်ရှိ၏။ထို ၁၅-ခုသော နယ်တို့တွင် ဋ္ဌေက်ခေါ်သော ပြည်နယ်ကို မူဆလမာန် အုပ်ချုပ်၏။ အလုံးစုံကုန်သော မင်းတို့သည် ဗြိတိသျှအစိုးရကို အခွန်ဆက်ကြရကုန်၏။ နယ်အားလုံးဆိုင်ရာ အင်္ဂလိပ်မင်းတို့သည်ကား အဂျမေရ်မြို့တော်၌ နေ၏။

ဂျယုပုရ်မြို့၌ ကျောက်သလင်းဖြူနှင့် ကြေးအလုပ်ရုံကြီးများ ရှိ၏။ ဥဒယပုရ်မြို့မှ ၂၄-မိုင်ကွာ၌ ကန့်တွင်း, သံတွင်းများ ရှိကုန်၏။ မြို့ရှိ အိုင်နား ၁-ခုမှလည်း ကျောက်သလင်းဖြူ ထွက်၏။ ကျိုဓပုရ်, ဗီကာနေရ်-ဟူ၍ မြို့ကြီး ၂-မြို့ရှိသည့်အနက် ဗီကာနေရ်မြို့တွင် ကျောက်ညိုခံတပ်ကြီး ၁-ခုရှိ၏။ သျှရာဗူအရပ်သည်ကား နွေရာသီအခါကို အစိုးရတို့ နေထိုင်ရာဖြစ်၏။

[၂၉] ဗရောက်ဒါနယ်၌ အကျဉ်းမှတ်သားဖွယ်

ဂျာ့ဇီယပြည်ကြီး၌ ဗရောက်ဒါနယ်သည် ဂုဂျရာတ်ပြည်နယ်အတွင်းတွင် မရဟာဋ္ဌ လူမျိုးတို့၏ပြည်နယ် အဝင်အပါ ၁-ခုဖြစ်၏။ ဤနယ်ကို မဟာရာဇာဂါရကဝါရ် အမည်ရှိသော ဟိန္ဒူမင်း အုပ်ချုပ်ထား၏။ နယ်နိမိတ်မှာ အနောက်မြောက်ထောင့်နှင့် အရှေ့ဘက်မှာ ဂုဂျရာတ်နယ်၊ တောင်ဘက်မှာ ဗုံပိုင်၊ အနောက်ဘက်မှာ ဘရိုးကျ်တိုင်အောင် ရှိ၏။ စတုရန်းမိုင် ၈,၁၈၂-မိုင်နှင့်တကွ ၁၉၁၁-ခုနှစ်အရ လူဦးရေ ၂၀,၃၂,၇၉၈-ယောက်ရှိ၏။

ပြည်နယ်အခြေအနေမှာ မဆုတ်ယုတ်သော အခြေအနေရှိ၏။ နယ်အားလုံး၌ ကာဒီ, ဗရောက်ဒါ, နောက်ဆာရီ, ဥမရေလီ-ဟူ၍ ကော်မီဿနာ ၄-ယောက်နှင့် စီရင်စု ၃၁-ခုရှိ၏။ ၎င်းပြင်လည်း ရာဂျပီပလာဘောင် ၁-လုံးနှင့် မြောက်ဘက်မှာ မာဟီနဒီ, ပူရဏာနဒီ ဟူ၍ မြစ် ၂-စင်းရှိ၏။ နယ်ပြည်ကြားတွင် နရ်မဒါနှင့် တာပတီမြစ် စီးနေ၏။ ရေ,မြေကောင်း၍ လယ်ယာဖြစ်ထွန်းခြင်းကြောင့် ဝါ, ဆေး, ဘိန်း, ကြံ, ကောက်ပဲသီးနှံတို့ ပွါးများ၏။ ဘာသာအားဖြင့် ဂုဂျရာတီဘာသာကို ပြောဆိုကြသော်လည်း ဟိန္ဒီဘာသာကိုလည်း နားလည်ကြ၏။

ဗရောက်ဒါမြို့တော်၌ နန်းတော်နဆီးရ်ဗါဂ်ခေါ်သော ဥယျာဉ်, ပြတိုက်, တိရစ္ဆာန်ရုံ ရှိ၏။ နောက်ဆာရီမှာ အခါခပ်သိမ်း မီးလျှံရှိသော ဟဝန်ကုဏ္ဍခေါ်သော ဌာနကို ကြည့်ရှုအပ်၏။ မြောက်ဘက်ရှိ နွားများတို့သည် အဖိုးတန်ကုန်၏။ ကာဌိယာဝါရ်နယ်ရှိ မြင်းတို့ကား အလွန်ထင်ရှားကုန်၏။ ဌေဆာခေါ်သော အရပ်၌ စစ်တပ် ၁-ခုရှိ၏။ ဤသို့လျှင် အကျဉ်းအားဖြင့် သိအပ်၏။

----- × -----

[၃၀] ဟိုက်ဒရာဗာဒ်နယ်၌ အကျဉ်းမှတ်သားဖွယ်

ဤဟိုက်ဒရာဗာဒ်နယ်၏ အပိုင်းအခြားကား မြောက်ဘက်၌ ဂျာ့ဇီယအလယ်ပိုင်းနှင့် ဗရာရ်နယ်၊ တောင်ဘက်၌ မဒရာဆ်၊ အရှေ့ဘက်၌လည်း မဒရာဆ်နယ် ခံ၏။ အနောက်ဘက်၌ ဗုံပိုင်၊ တောင်,မြောက် မိုင်ပေါင်း-၄၀၀၊ အရှေ့,အနောက် မိုင်ပေါင်း-၃၈၀၊ စတုရန်းမိုင် ၈၂,၆၉၈-မိုင်နှင့် ၁၉၁၁-ခုနှစ်အရ လူဦးရေ ၁၃၃,၇၄,၆၇၄-ယောက်ရှိ၏။ နီဇာပ်အမည်ရှိသော မင်းသည် ပြည်နယ်အားလုံးကို အုပ်ချုပ်၏။

နယ်ပြည်အတွင်း၌ကား အချို့အချို့နေရာမှာ တောင်များ ရှိကြကုန်၏။ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ **အဂျန္တာ**ခေါ်သော တောင်တန်းသည် မြောက်ဘက်သို့ ရှိ၏။ အရှေ့တောင်ထောင့်၌ ပူရဗီယာင့်ရှေတောင် ရှိ၏။ မြောက်ဘက်နယ်စပ်၌ ပိုက်နဂင်္ဂါ, အရှေ့ဘက်နယ်ခြား၌ ပြာဏဟိတာနှင့် ဂိုဒါဝရီမြစ် ၂-ခု ရှိ၏။ တုဂ်ဘဒြာနှင့် ကြိုရှဏာနဒီသည်ကား တောင်ဘက်နယ်စပ်တွင် ရှိ၏။ ဒုဒနာနှင့် ပူရဏာနာနဒီသည် ရာဟုထောင့်မှ ထွက်လာ၍ ဂိုဒါဝရီနှင့် ပေါင်းဆုံ၏။ မံဂျိရာနဒီသည် အနောက်ဘက်မှ ထွက်၍ ဂိုဒါဝရီမှာ ဆုံလေ၏။ ဘီမာနဒီသည် တြိရှဏာနဒီနှင့် ပေါင်းစပ်၏။

နယ်ပြည်၌ ရေ,လေ သင့်မြတ်၏။ မိုးပေါင်ချိန် ၃၀-လောက်ရှိ၏။ ရေကန်, ရေတွင်းများခြင်းကြောင့် စပါး, ကျောက်စပါး, ကြံ, စပျစ်သီး, သခွါးချို-စသည်များ အထူးကောင်း၏။ အရသာလည်း ရှိ၏။ အရှေ့ပိုင်း, မြောက်ပိုင်း စီရင်စုတွင် ကျောက်မီးသွေးတွင်း ရှိ၏။ ဂိုလကုဏ္ဍာအရပ်၌ စိန်သတ္တုတွင်း ရှိ၏။

မူဆလမာန်စော်ဘွားပင် ဖြစ်သော်လည်း လူ ၁၀၀-မှ ၉၀-လောက်စီ ဟိန္ဒူလူမျိုး ရှိ၏။ အနောက်ပိုင်း၌ မဟာရာရှတြီးဘာသာ, တောင်ပိုင်းမှာ ကနာရီဘာသာ, အရှေ့တောင်ထောင့်၌ တေလဂူဘာသာများကို ပြောဆိုကြ၏။ နယ်လုံးဆိုင်ရာတွင် အင်္ဂလိပ်နယ်ကဲ့သို့ ကော်မီရှင်နာ ၅-ယောက်နှင့် စီရင်စု ၁၀-ခုရှိ၏။ ၎င်းတို့အနက် ဟိုက်ဒရာဗာဒ် မင်းနေပြည်သည် ၁၅၈၉-ခုနှစ်မှာ မူဆာမြစ်နား၌ ဘာဂနဂရ်အမည်ဖြင့် တွင်ဖူး၏။

မြို့တော်၌ ကြည့်ရှုစရာ မူဆလမာန်ဘုရားကျောင်း ရှိ၏။ ဂိုသကုဏ္ဍာသည် မြို့တော်မှ အနောက်ဘက် ၇-မိုင်ခန့်လောက်တွင် ရှေးဟောင်း မင်းနေပြည်အဖြစ်ဖြင့် တည်နေ၏။ ပိလာရမ်အရပ်သည် စစ်သားတို့နေရာ ဖြစ်၏။ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ **ဧလိုရာ, အဂျန္တာ**လိုဏ်ဂူ ၂-ခုသည်လည်း အဆိုပါနယ်အတွင်း၌ ပါဝင်၏။ အကျယ်ကိုလိုလျှင် မိမိတို့ကိုယ်တိုင် သွားရောက်၍ ကြည့်ရှုပါလေ။

----- x -----

[၃၁] မိုက်ဆူရ်နယ်၌ အကျဉ်းမှတ်သားဖွယ်

ဣန္ဒိယတောင်ပိုင်း၊ မဒရာဆ်ပြည်နယ်၌ မိုက်ဆူရ်ခေါ်သော စော်ဘွားနယ် ၁-ခု ရှိ၏။ ၎င်းနယ်အပိုင်းအခြားမှာ- မြောက်နှင့် အနောက်ကို ဗုံပိုင်နယ်၊
တောင်နှင့် အရှေ့ကို မဒရာဆ်နယ်တိုင်အောင် ရှိ၏။

တောင်,မြောက်အားဖြင့် မိုင်ပေါင်း- ၂၀၀၊ အရှေ့,အနောက်အားဖြင့် မိုင်ပေါင်း ၂၅၀-ရှိ၏။ စတုရန်းမိုင်ပေါင်း ၂၁,၄၇၅-မှ ၂၉,၀၀၀-ရှိ၏။ ခရစ်တော်သက္ကရာဇ် ၁၉၁၁-ခုနှစ်အရ လူဦးရေ ၅၈,၀၆,၁၉၃-ယောက် ရှိ၏။

အရှေ့, အနောက်, တောင်ဘက်တို့၌ တောင်ဖြင့် ခြံရံ၏။ ပူရပီယာင်္ဂန္ဒနှင့် ပသျှကျိမီ-ယာင်္ဂ-ဟူ၍ အထင်ရှားဆုံး တောင် ၂-လုံးရှိ၏။ မြောက်ဘက်၌ တုဂ်ဘဒြာနှင့် ဝေဒဝတီ ခေါ်သော မြစ် ၂-စင်းသည် ကြိရှဏာမြစ်နှင့် ပေါင်းဆုံ၏။ မြောက်ဘက်၌ တုဂ်ဘဒြာနဒီ ဖြင့်လည်းကောင်း၊ တောင်ဘက်၌ ပလာရ်နဒီဖြင့်လည်းကောင်း, ဒက္ခိဏီပနာရ်နဒီဖြင့်လည်း ကောင်း, ကာဝေရီနဒီဖြင့်လည်းကောင်း သွန်းလောင်းလျက် ရှိ၏။

နယ်ပြည်သည် မြင့်၏။ မိုးပေါင်ချိန် ၃၀-ခန့်ရှိ၏။ လေ,ရေ ကောင်း၏။ အသီးအနှံ မှာ လေးညှင်း, ငရုတ်ကောင်း, ဖာလာ, ကွမ်းသီး, အုန်းသီး, သစ်မည်စည်, ဆေး, စပါး, ကြံ, ဝါ, နံ့သာများ ဖြစ်ထွန်းကုန်၏။ ကာလေရ်သတ္တုတွင်းမှ ရွှေထွက်၏။ ဆေလီကာရ် အမည်ရှိသော အကြီးအကျယ် ရေအိုင်ကြီး ၁-ခုရှိ၏။ ပြည်သူတို့သည် ဟိန္ဒူပင်ဖြစ်သော်လည်း ကနာရီဘာသာကို ပြောဆိုကြ၏။

နယ်လုံးဆိုင်ရာမှာ ကော်မီသျှနာ ၃-ယောက်နှင့် စီရင်စု ၈-ခုရှိ၏။ အထူးအားဖြင့် ဗင်္ဂလိုရ်မြို့သည် အကြီးဆုံးသော မြို့ဖြစ်၏။ စစ်တပ်နှင့် မွေလျှော်ဖွယ်ရာ ဥယျာဉ်လည်း ရှိ၏။ ဝါချည်, သိုးမွေးတို့ဖြင့် အဝတ်အထည် ရက်လုပ်ကြ၏။ မင်းနေပြည်ဖြစ်သော မိုက်ဆူရ် မြို့တော်၌ မဟာရာဇာ နေထိုင်၏။ ၎င်းမြို့၌ နံ့သာသစ်သားဖြင့် လက်သမားတို့သည် အမျိုးမျိုးပြုလုပ်ကြ၏။

သျှရီရင်္ဂပဋ္ဌမ်သည် ခံတပ်မြို့ဟောင်း ဖြစ်ဖူး၏။ ကိုလေရ်အရပ်၌ ရွှေတွင်းရှိ၏။ ထိုမှတပါး မိုက်ဆူရ်အနီးအပါးတွင်လည်း စတုရန်းမိုင် ၁,၆၀၀-ခန့်နှင့် ကုရဂခေါ်သော ပြည်နယ် ၁-ခုကို ဗြိတိသျှအစိုးရသည် ၁၈၃၄-ခုနှစ်ကပင် သိမ်းပိုက်လေပြီ။ ထိုပြည်၌ မိုးကောင်းသော်လည်း ကျောက်မြေများခြင်းကြောင့် လယ်ယာကောင်းမွန်စွာ မဖြစ်ထွန်း။ ဘရကရာမြို့သည် ပဓာနဖြစ်သော မြို့ဖြစ်၏။ ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် ပြည်နယ်တို့ကို အသီးသီးဝေဖန်၍ သိအပ်၏။

ပထမကဏ္ဍ ပြီးပြီ။

★ ★ ★ ★ ★ ★ ★

{ ၂ } ဒုတိယကဏ္ဍ

[၁] ဝိသာခါဒါယိကာမအား ဟောတော်မူသော တိုင်းကြီး ၁၆-တိုင်း

သေယျထာပိ ဝိသာခေ ယော ဣမေသံ သောဠသန္နံ မဟာဇနပဒါနံ ပဟူတ-ရတ္တရတနာနံ ဣဿရိယာဓိပစ္စံ ရဇ္ဇံ ကာရေယျ။ သေယျထိဒံ? အင်္ဂါနံ မဂဓာနံ ကာသီနံ ကောသလာနံ ဝဇ္ဇီနံ မလ္လာနံ စေတိယာနံ(စေတီနံ) ဝံသာနံ(ဝင်္ဂါနံ) ကုရူနံ ပဉ္စာလာနံ မဿာနံ(မစ္ဆာနံ) သူရသေနာနံ အဿကာနံ အဝန္တီနံ ဂန္ဓာရာနံ ကမ္ဗောဇာနံ။ အဋ္ဌာရသမန္နာဂတဿ ဥပေါသထဿ ဇာတေ(ဇာတံ) ကလံ နဋ္ဌတိ သောဠသိံ။

(တိကနိပါတ်၊ အင်္ဂုတ္တရပါဠိတော်။ ၂၁၃)

ဝိသာခေ၊ ဝိသာခါ။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ယော၊ အကြင်သူသည်။ ပဟူတရတ္တရတနာနံ၊ များစွာနှစ်သက်ဖွယ်ရာ ရတနာနှင့် ပြည့်စုံကုန်သော။ သောဠသန္နံ၊ ၁၆-တိုင်းကုန်သော။ ဣမေသံ၊ ဤသို့ သဘောရှိကုန်သော။ မဟာဇနပဒါနံ၊ လူတို့ဖြစ်ရာ မဟာဇနပုဒ်တို့၌။ ဣဿရိယာဓိပစ္စံ၊ အစိုးရသော အကြီးအမှူး၏အဖြစ်-ဟုဆိုအပ်သော။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကာရေယျ၊ ပြုစေရာ၏။ သေယျထိဒံ၊ တိုင်းကြီး ၁၆-တိုင်းတို့ဟူသည် အဘယ်သည်တို့နည်းဟူမူကား။ –

အင်္ဂါနံ၊ **အင်္ဂတိုင်း**လည်းကောင်း။ မဂဓာနံ၊ **မဂဓတိုင်း**လည်းကောင်း။

ကာသီနံ၊ **ကာသီတိုင်း**လည်းကောင်း။

ကောသလာနံ၊ **ကောသလတိုင်း**လည်းကောင်း။

ဝဇ္ဇီနံ၊ **ဝဇ္ဇီတိုင်း**လည်းကောင်း။ မလ္လာနံ၊ **မလ္လတိုင်း**လည်းကောင်း။

စေတိယာနံ၊ **စေတိယတိုင်း**လည်းကောင်း။

ဝံသာနံ၊ **ဝံသတိုင်း**လည်းကောင်း။ ကုရူနံ၊ **ကုရုတိုင်း**လည်းကောင်း။

ပဉ္စာလာနံ၊ **ပဉ္စာလတိုင်း**လည်းကောင်း။ မဿာနံ၊ **မဿတိုင်း**လည်းကောင်း။

သူရသေနာနံ၊ **သူရသေနတိုင်း**လည်းကောင်း။

အဿကာနံ၊ **အဿကတိုင်း**လည်းကောင်း။ အဝန္တီနံ၊ **အဝန္တီတိုင်း**လည်းကောင်း။

ဂန္ဓာရာနံ၊ ဂန္ဓာရတိုင်းလည်ကောင်း။ ကမ္ဗောဇာနံ၊ ကမ္ဗောဇတိုင်းလည်းကောင်း။ ဣတိ ဣမေ၊ ဤသည်တို့တည်း။

ဧတံ၊ ဤ ၁၆-တိုင်းတို့၌ မင်းဖြစ်ရခြင်းသည် (ထည့်)။ အဌဂ်သမန္နာဂတသ၊ အဂ်ါ၈-ပါးနှင့် ပြည့်စုံသော။ ဥပေါသထသ၊ ဥပုသ်ဆောက်တည်ရ ခြင်းအကျိုး၏။ သောဋ္ဌသိ၊ ၁၆-စိတ်ကို။ ကတွာ၊ ပြု၍။ ဧကံ၊ တစ်ခုသော။ ကလံ၊ အစိတ် ကို။ နဋ္ဌတိ၊ မမီနိုင်သေး။

(အံ၊၁။၂၁၃။ အံ၊ဋ္ဌ၊၂။၁၉၉)

အဓိပ္ပါယ်ကား "ဝိသာခါ၊ ဥပုသ်စောင့်သုံးရခြင်း၏အကျိုးကား ရတနာ ၇-ပါးနှင့် ပြည့်စုံ၍ အလုံးစုံနှစ်သက်ဖွယ်ကောင်းသော အင်္ဂတိုင်း, မဂဓတိုင်း, ကာသိတိုင်း, ကောသလတိုင်း, ဝဇ္ဇီတိုင်း, မလ္လတိုင်း, စေတိယတိုင်း, ဝံသတိုင်း, ကုရုတိုင်း, ပဉ္စာလတိုင်း, မစ္ဆတိုင်း, သူရသေနတိုင်း, အဿကတိုင်း, အဝန္တိတိုင်း, ဂန္ဓာရတိုင်း, ကမ္ဗောဇတိုင်း၊ ဤ ၁၆-တိုင်းတို့ကို အစိုးရ၍ မင်းပြုလုပ်ရသည်ထက် သာလွန်ထူးမြတ်၏။ ဤတိုင်းပြည်တို့ကို အုပ်ချုပ်၍ မင်းလုပ်ရခြင်းသည် ၁-နေ့, ၁-ရက် ဥပုသ်စောင့်သုံးရသော အကျိုးကို ၁၆-စိတ်စိတ်၍ ၁-စိတ်လောက်ကိုမျှ မမှီနိုင်"ဟု မှတ်လေ။

အထက်ဖော်ပြခဲ့သော တိုင်းကြီး ၁၆-တိုင်းတို့ကို အောက်ပါဆိုင်ရာဆိုင်ရာ အခန်းတို့၌ ဖော်ပြပေအုံ့။

----- × -----

[၂] မဇ္ဈိမဒေသသို့ ကြွသွားခြင်း

ဓညဝတီ ရခိုင်ပြည်တွင် မြို့ဟောင်းမြို့အပိုင်၊ မင်းကံရှာလျှင် ဖွားရာဇာတိ ပဝတ္တိမင်းပြားမြို့အပိုင်၊ ခြိုတ္တောင်ရှာကို အမှီပြု၍ သီတင်းသုံးနေသော ဦးကိတ္တိရဟန်းတော်သည် မြန်မာပြည်၊ ရန်ကုန်, မော်လမြိုင်-စသော မြို့တို့၌ သွားရောက်လျက် ပါဠိဘာသာကျမ်းဂန်များကို သင်အံကြိုးစားပြီးလျှင် မိမိနေရာ ခြိုတ္တောင်ရှာ၌ပင် ပြန်ရောက်သီတင်းသုံးနေလေ၏။

၃-နှစ်တိုင်တိုင် ဒကာ, ဒကာမတို့အား တရားဓမ္မတို့ဖြင့် သြဝါဒပေးပြီးလျှင် ၄-နှစ်မြောက်သောအခါ ကောဇာသက္ကရာဇ် ၁၂၈၃-ခု၊ တန်ဆောင်မုန်းလပြည့်နေ့ကို အစပြုလျက် လောကီ,လောကုတ္တရာ အကျိုး ၂-ပါးတို့၏ ပွါးတိုးစေခြင်းငှာ မိမိ၏တပည့်ဖြစ်သူ ဦးမေဓသာရ ဦးပဉ္စင်းငယ် ၁-ပါးနှင့် မဇ္ဈိမဒေသသို့ ထွက်ကြွသွားလေ၏။

ထိုအခါ စစ်တွေမြို့ သဘော်ဆိပ်၌ မြို့ဟောင်းမြို့မှ မဇ္ဈိမဒေသသို့ ဘုရားဖူးသွားရန် လာရောက်နေကြသော ဒါယိကာမ ၁-ယောက်နှင့် ဘုရားဒါယကာ ၂-ယောက်ကို တွေ့ဆုံလေ၏။ ထိုဒါယကာ, ဒါယိကာမတို့နှင့် လျှောက်ပတ်သော ဓမ္မဒေသနာစကားဖြင့် ပြောဟောလျက် ထွက်သွားလေရာ ထိုဒါယကာတို့သည် သဒ္ဓါပသန္နကြောင့် ပစ္စည်း ၄-ပါးဖြင့် လမ်းစဉ်တလျှောက်လုံးမှာ အထောက်အပင့် ပြုကြလေ၏။

ဦးကိတ္တိရဟန်းတော်သည် နောက်ပါမကွာ ဒါယကာ, ဒါယိကာမများနှင့် သွားကြလေရာ ရှေးဦးစွာ စစ်တကောင်းမြို့သို့ ဆိုက်ရောက်လေ၏။ ထိုမြို့၌ ဗုဒ္ဓဘာသာ သာသနာပြုကျောင်းတွင် ပညာတော်သင် ရခိုင်ဦးပဉ္စင်း ဦးနရိန္ဒနှင့် အလ္လာပ,သလ္လာပစကားဖြင့် ဆွေးနွေးပြောဟောပြီးလျှင် ၁-ရက်ခန့်မျှ နေရလေ၏။ ထို့နောက် ညနေမီးရထားဖြင့် လိုက်သွားလေသော် ကလကတ္တားမြို့သို့ ဆိုက်ရောက်ပြန်လေ၏။ ထိုမြို့၌လည်း ဗုဒ္ဓဘာသာ သာသနာပြုကျောင်းတိုက်တွင် ၁-ရက်, ၂-ရက်ခန့်မျှ တည်းခိုနေထိုင်ပြီးမှ တဖန် ဘုရားမြတ်စွာ ပွင့်တော်မူရာ မဟာဗောဓိသို့ ထွက်သွားပြန်လေ၏။

ထိုနေရာ၌လည်း သဒ္ဓါပသန္နစိတ်ဖြင့် အားရဝမ်းသာ မဟာဗောဓိပင်နှင့် စေတီတော်မြတ်ကို ၁-ရက်, ၂-ရက်ခန့်မျှ ဖူးမြော်၍ ဗာရာဏသီမြို့တော်သို့ တစ်ဖန် အမြန်ရထားဖြင့် လျှင်မြန်စွာ ဆိုက်ဝင်ရလေ၏။ ထိုဗာရာဏသီမြို့တော်မှ သဗ္ဗညုသခင် ဘုရားရှင်တို့၏ အကြင်ဓမ္မစက်ကို ပဉ္စဝဂ္ဂီ ၅-ဦးတို့အား ဟောမြွက်တော်မူရာ မိဂဒါဝုန်တောသို့ သွားရောက်လေ၏။ ထိုနေရာမှာလည်း ဗုဒ္ဓဘာသာ ဓမ္မသာလာ၌ သီတင်းသုံးနေသော ရခိုင်ဦးပဉ္စင်းကြီး ဦးသီရိမာလာနှင့် တွေ့ဆုံ၍ ခိုလှုံနေနားလိုသော သဘောထားကြောင့် ပါလာကြသော ဦးပဉ္စင်း ၁-ပါးနှင့် ဒါယကာ, ဒါယိကာမတို့ကို မိမိတို့ အလိုရှိရာသို့ သွားနိုင်ခွင့်ရှိပြီ-ဟု ခွင့်ပြုလိုက်ပေ၏။

ထိုအခါ ပါလာကြသော ဦးပဉ္စင်း ၁-ပါးနှင့် ဒါယကာ, ဒါယိကာမတို့သည်လည်း မိမိတို့စိတ်ညွှတ်ရာ ကုသိနာရုံသို့ သွားကြပြီးလျှင် မကြာမြင့်မီ ဓညဝတီပြည်သို့ ပြန်သွားကြလေကုန်၏။ ရဟန်းတော်ဦးကိတ္တိသည် ထိုမိဂဒါဝုန်တော၌ ၁၅-ရက်ခန့်မျှ သီတင်းသုံးနေပြီးလျှင် မဟာပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံသို့ လူကြုံနှင့် လိုက်ပါသွားလေ၏။ ထိုကုသိနာရုံသို့ ဆိုက်ရောက်လေသောအခါ ကျေးဇူးရှင် ကုသိနာရုံဆရာတော်ဘုရားကြီးနှင့် တွေ့ဆုံရသောကြောင့် အတိုင်းထက်အလွန် ဝမ်းမြောက်သော စိတ်ဆန္ဒသည် ဖြစ်ပေါ်လာပြန်၍ အမြန်ခဏ ဤနေရာတွင် အချက်ကျပြီ-ဟု တွေးဆဆင်ခြင်ပြီးလျှင် ထိုဆရာတော်ဘုရားကြီး၏ ခြေရင်းတော်၌ ဝပ်တွားဆည်းကပ်လျက် ၁-နှစ်, ၁-ဝါ နေဖို့ရန် ခွင့်ပန်လျှောက်ထား၍ သီတင်းသုံးနေရလေ၏။

[၃] မလ္လတိုင်း၊ ကုသိနာရုံပြည်

ဤမလ္လတိုင်း၊ ကုသိနာရုံပြည်သည် ငါတို့ဘုရားအလောင်းတော် မဟာသုဒဿန စကြာမင်းဖြစ်စဉ်အခါ ကုသဝတီအမည်ဖြင့် တွင်၍ အရှေ့,အနောက် အလျား ၁၂-ယူဇနာ၊ တောင်နှင့်မြောက် အနံ ၇-ယူဇနာ ကျယ်ကြောင်းကို သုတ်မဟာဝါပါဠိတော်၌ ဟောတော်မူ၏။ သတ္တတိနိပါတ်၊ ကုသဇာတ်၌ "ရှေးလွန်လေပြီးသောအခါ ၊လ္လတိုင်း၊ ကုသဝတီပြည်၌ ဥက္ကာကရာဇ်မင်းသည် မင်းပြုတော်မူလေ၏။ ထိုမင်း၏သားတော် ကုသမင်းသည် မဒ္ဒရာဇ်တိုင်း၊ သာဂလပြည်ရှင် ဘုရင်မင်းတရားကြီး၏သမီးတော် ပဘာဝတီမင်းသမီးကို ယူဆောင်၍ မင်းပြုတော်မူလေ၏"ဟူ၍ ဟောတော်မူ၏။ (ဇာ၊၅၊၅။၂၉၇-၃၀၃)

သီလက္ခန်အဋ္ဌကထာ၊ အမ္ဗဋ္ဌသုတ်(၂၃၀)၌လည်း အန္ဓရကပ်ဦးအစ မဟာသမ္မတမင်း၏သားတော် ရောဇ ရောဇမင်း၏သားတော် ဝရရောဇ-စသည်ဖြင့် ဆင်းသက်လာ၍ မဂ္ဃဒေဝမင်းမှ စ၍ ၈၄,၀၀၀-ကုန်သော မင်းတို့၏ လွန်ပြီးသည့်နောက် ဥက္ကာကရာဇ်မင်း ၃-ဆက် ဖြစ်ဖူးကြောင်းကို လာရှိပေ၏။ ငါတို့ဘုရားရှင် လက်ထက်တော်၌ကား ဤကုသိ-နာရုံပြည်သည် ခုဒ္ဒကနဂရကေ-ဟူသော သုတ်မဟာဝါပါဠိတော်(၁၃၉)၌ ဟောတော်မူသောကြောင့် မြို့သိမ်,မြို့ငယ်မျှသာဖြစ်၍ မြို့တော်ကြီးတို့၏ အရံအကာ မြို့ကလေး-ဟူ၍ မှတ်ယူအပ်၏။

ဤကုသိနာရုံပြည်သည် မြို့ငယ်,မြို့သိမ်ပင် ဖြစ်ငြားသော်လည်း ဘုရားသခင် ပရိ-နိဗ္ဗာန်စံဝင်တော်မူရာ မဟာဆိပ်ကမ်းကြီးဖြစ်ခြင်းကြောင့် အထူးသဖြင့် မြင့်မြတ်ကြီးကျယ်သော မြို့,ရွာ,ဌာနကြီး-ဟူ၍ပင် မှတ်ယူသင့်ပေ၏။ မြတ်စွာဘုရားလည်း ဤကုသိနာရုံမြို့တော်ကို အထူးချီးမွမ်းတော်မူခဲ့လေ၏။ ပရိနိဗ္ဗာန်စံတော်မူရာ အင်ကြင်းဥယျာဉ်တော်သည်ကား "ဧဝံ တံ ဥယျာနံ ကုသိနာရာယ ဒက္ခိဏပစ္ဆိမဒိသာယ ဟောတိ"ဤသို့ ဋီကာ(ဒီ၊ဋီ၊၂၊၁၇၄) ဆရာ မိန့်မှာသည်နှင့်အညီ မြို့၏အနောက်တောင်ထောင့်အရပ်၌ ရှိကြောင်းကို သိရ၏။

"တတ္ထ ပါဝေယျကာ သဗ္ဗေဟိ အာသန္နတရာ ကုသိနာရတော တိဂါဝုတန္တရေ နဂရေ ဝသန္တီ"စသော သုတ်မဟာဝါအဋ္ဌကထာ(၁၉၉)နှင့်အညီ ဓာတ်တော်ဝေစု တောင်းခံလာကြသော ၇-ပြည်ထောင်မင်းတို့တွင် ပါဝါပြည်သည် အနီးဆုံးဖြစ်၏။ ကုသိနာရုံမှ ၃-ဂါဝုတ်မျှသာ ကွာဝေးလေ၏။ **မကုဋဗန္ဓနမည်**သော တေဇောဓာတ်လောင်ရာ သချိုင်းတော်သည်ကား–

> ပုရတ္ထိမေန ဒ္ဝါရေန နိက္ခမိတ္တာ ပုရတ္ထိမတော နဂရဿ **မကုဋဗန္ဓနံ** နာမ မလ္လာနံ စေတိယံ၊ ဧတ္ထ စ ဘဂဝတော သရီရံ နိက္ခိမိံသု။ (ဒီ၊၂။၁၃၂) –

ဟူ၍ သုတ်မဟာဝါပါဠိတော်၌ မြတ်စွာဘုရား၏ အလောင်းတော်ကို မြို့၏အရှေ့တံခါးဖြင့် ထုတ်ဆောင်ပြီးလျှင် ကုသိနာရုံမြို့၏ အရှေ့အရပ်၌ မလ္လာမင်းတို့၏ ဦးသျှောင်ထုံးမင်္ဂလာ ပြုရာဖြစ်သော အရိုအသေပြုရာ ဇရပ်၌ ချထားတော်မူကြလေ၏-ဟု ဆိုသောကြောင့် မြို့၏အရှေ့အရပ်၌သာ ရှိ၏-ဟု မှတ်ယူအပ်၏။ ဤကား ပါဠိဘာသာဖြင့် ပိုင်းခြားအပ်သော စကားရပ်တည်း။

ယခုရှိပုံ အခြေအနေကို ပြဦးအုံ့။ ကုသိနာရုံသည် စတုရန်း၂-မိုင်ခန့်လောက်သာ ရှိ၍ ဤအခါသမယတွင် ကာဆီယာခေါ်သော မြို့ငယ်မှ အနောက်ဘက် ၁-မိုင်ခွဲလောက်ရှိ ဗိရှန်ပုရ်ရွာသည်ပင်လျှင် ရှေးက ကုသိနာရုံမြို့ ဖြစ်ပေ၏။ ၎င်းမှ အနောက်တောင် မိုင်ဝက်ခန့်ရှိ မာထကုဝရ်ခေါ်သော နေရာသည် မဟာပရိနိဗ္ဗာန် စံဝင်တော်မူရာ မလ္လာမင်းဥယျာဉ်တော် အင်ကြင်းစုံတော ဖြစ်ပေ၏။ ၎င်းမာထကုဝရ်မှ အရှေ့ဘက် ၁-မိုင်သာသာ၌ ရာမဘရ် သို့မဟုတ် ဒေဝီဆထာန်ခေါ်သောနေရာသည် မကုဋဗန္ဓနအမည်ရှိသော တေဇော ဓာတ်လောင်ရာ သချိုင်းတော်ကြီး ဖြစ်ပေ၏။

ဗိရှာန်ပုရ်ရွာမှ အရှေ့ဘက်ရှိ မြောက်မှ တောင်ဘက်သို့ စီးဆင်းနေသော မြစ်ငယ်သည် ဟိရည်ဝတီမြစ် ဖြစ်ပေ၏။ ပါဝါပြည်သည် ယခုအခါမှာ ပဒရောက်နာခေါ်သော စော်ဘွားမြို့ကလေးပင် ဖြစ်ပေ၏။ ၎င်းမြို့သည် ကုသိနာရုံပြည်မှ အရှေ့မြောက် တာလမ်းအတိုင်း ၁၂-မိုင်လောက်တွင် ရှိနေ၏။ ပဒရောက်နာမြို့၌ကား အုတ်အဆောက်အဦးပျက်ထဲမှ ကျောက်စာဝန်ဘက်ဆိုင်ရာက ဘုရားရုပ်တု,ဆင်းတု များစွာရရှိ၍ ဆိုင်ရာဆိုင်ရာ ပြတိုက်၌ ထည့်သွင်းဖော်ပြလျက် ထားပေ၏။ ကကုဓမြစ်သည်ကား ထိုပဒရောက်နာမြို့နှင့် ကာဆီယာမြို့၏အကြားရှိ ဗာဓိ သို့မဟုတ် ဗန္ဓိနာလာခေါ်သော မြစ်သည်ပင်လျှင် ဖြစ်ပေ၏။

ဗိပွလိဝနမှ အရှေ့မြောက်ထောင့် ၂၈-မိုင်အကွာတွင် ကုသိနာရုံပြည် ရှိနေ၏။ ကုန်းလမ်းအတိုင်းဆိုလျှင် ၃၅-မိုင်အောက်မနည်း ရှိလိမ့်မည်။ ခရစ်ယာန်သက္ကရာဇ် ၇၀၀-လောက်က မြို့ရွာအပျက်အစီးသည် ပတ်လည် ၂-မိုင်ခန့်လောက် ရှိနေကြောင်းကို ဟူယင်ဆင်အမည်ရှိသော တရုတ်ဘုန်းတော်ကြီးက ဖော်ပြပေ၏။ ဤကား ကျောက်စာဝန်, ကျောက်စာမင်းကြီးတို့၏ အဆုံးအဖြတ်စကားဖြင့် နှိုင်းယှဉ်၍ ပြအပ်သော စကားရပ်ပေတည်း။

မလ္လတိုင်း၏ နယ်နိမိတ်မှာ ဂိုရခပုရ်မြို့မှ အရှေ့ဘက် ချပရာနယ်ရှိ ဆာရန်စီရင်စု အနီးအပါးတိုင်အောင် ရှိနေ၏။ ထို့ကြောင့် ထိုစီရင်စု၏အတွင်းရှိ မြို့,ရွာဒေသများကို မလ္လတိုင်း-ဟု မှတ်ယူအပ်၏။ ဤကား ဗုဒ္ဓကျရယျခေါ်သော ဟိန္ဒီကျမ်းဂန်၏ အလိုတည်း။

ကျောက်စာဝန်တို့ တူးဖော်ကြသောအခါ ပေါ်ထွက်သော အရာဝတ္ထုများကို ပြဆိုဦးအုံ့။ ကုသိနာရုံကို ကျောက်စာဝန်တို့သည် ခရစ်တော်သက္ကရာဇ် ၁၉၀၆-ခုနှစ်မှာ ၁-ကြိမ်, ၁၉၀၈-ခုနှစ်မှာ ၁-ကြိမ်, ၁၉၁၂-ခုနှစ်မှာ ၁-ကြိမ် တူးဖော်ကြလေပြီ။ တူးဖော်ရာ ဥယျာဉ်တော်အတွင်း အရှေ့ဘက်တံတိုင်း ၆၇၃-ပေ, တောင်ဘက်တံတိုင်း ၉၆၆-ပေ, အနောက်ဘက်တံတိုင်း ပေပေါင်း-၇၀၀, မြောက်ဘက်တံတိုင်း ၉၆၇-ပေ၊ စုစုပေါင်း ၃,၃၀၆-ပေ ရှိနေ၏။

ပေါ်ထွက်သော ကျောင်းတော်တို့တွင် ကုသိနာရုံဘုရားကြီး မြောက်ဘက်အရပ်၌ ကျောင်းကြီး ၃-ဆောင်ရှိ၏။ ထိုကျောင်း ၃-ဆောင်တွင် အနောက်ဘက်အဆုံးကျောင်းတော်ကား အလျား ၁၁၉-ပေ, အနံ ပေ ၉၀-ရှိ၏။ ၎င်းအရှေ့ဘက်သို့ ကပ်လျက်နေသော ဒုတိယကျောင်းတော်သည် အလျား ၁၃၅-ပေ, အနံ ၈၉-ပေရှိ၏။ ၎င်းနှင့် အရှေ့ဘက်အနားသို့ ကပ်လျက်နေသော တတိယကျောင်းတော်သည် အလျား ၁၂၆-ပေ, အနံ ၇၈-ပေရှိ၏။

စေတီတော်မှ အရှေ့ဘက်မျက်နှာရှိ ကျောင်းတော်သည် အလျား ၉၂-ပေ, အနံ ၆၉-ပေရှိ၏။ ဘုရားကြီး အနောက်မြောက်ထောင့်ရှိ ကျောင်းတော်သည် တောင်,မြောက် ပေပေါင်း-၁၀၀၊ အရှေ့,အနောက် ၁၀၁-ပေ ရှိ၏။ ဘုရားကြီးမှ အနောက်ဘက်ရှိ ကျောင်းတော်သည် အရှေ့,အနောက် ၁၄၈-ပေ, ၆-လက်မ၊ တောင်,မြောက် ပေ ၁၅၀-ရှိ၏။ ၎င်းနှင့်ဆက်လျက် တောင်ဘက်ရှိ ဒုတိယကျောင်းတော်သည် အရှေ့,အနောက် ပေ-၁၁၀၊ တောင်,မြောက် ၁၀၄-ပေ ရှိ၏။ ၎င်းကျောင်းမှ တောင်ဘက် တတိယကျောင်းတော်သည် အရှေ့,အနောက် ပေ-၁၁၀၊ တောင်,မြောက် ၁၀၄-ပေ ရှိ၏။

ခရစ်တော်သက္ကရာဇ် ၁၈၇၇-ခုနှစ်မှာ ကုသိနာရုံဘုရားကြီးကို တူးဖော်လေ၏။ ဘုရားပရိနိဗ္ဗာန်စံယူတော်မူပုံ လျောင်းတော်မူဘုရားကြီး အလျားပေ ၂၀-ရှိ၏။ ထိုရုပ်တုတော်၏ ညောင်စောင်းအောက်၌ ကပ်လျက် ဇီဝကရုပ်ပုံ, သုဘဒ်ရဟန်းပုံ, အာနန္ဒာရုပ်ပုံတော်၊ ထို ၃-ခုသော ပုံတော်၏ အလယ်ကြားတွင် ကျောက်စာပိုင်းတွင် ဖော်ပြပါရှိသော ကျောက်စာလည်း ရှိ၏။

လျောင်းတော်မူဂူ အလျား ၄၈-ပေ, အနံ ၃၂-ပေ ၂-လက်မ၊ ဂူအမြင့်ပေ ၁၆-ပေနှင့် ၇-လက်မ ရှိ၏။ အာရုံခံကြမ်းပြင် အလျား ၃၄-ပေ ၇-လက်မ, အနံ ၁၄-ပေ ၈-လက်မ ရှိ၏။

ဘုရားကြီး၏အရှေ့ဘက် ကပ်လျက် ပရိနိဗ္ဗာန်ဝင်စံတော်မူရာ မဟာစေတီတော်ကြီးသည် အောက်စေတီငယ်အခြံအရံနှင့် တင့်တယ်စွာ တည်ရှိ၏။ ထိုစေတီတော်ကြီးကို

မြန်မာပြည်၊ ဟင်္သာတမြို့,က အရေးပိုင် ဦးဘိုးကြူးသည် အကြီးအမှူးပြု၍ ရှိရင်းစေတီကို ကြီးလွန်းသည့်အတွက် ၄-ပေပတ်လည် သုတ်သင်ပြီးလျှင် အမြင့် ၅၇-ပေ ၂-လက်မ တိုင်အောင် အသစ်အုတ်တို့ဖြင့် ပြုပြင်၍ ရွှေလုံးပိတ် ချလေ၏။ စေတီတော်ကြီး ထီးတော် ၁၅-ပေအမြင့်, ထီးအောက်ခုံ ၆-ပေ, အလျား ၁၀-ပေ ၉-လက်မ, အောက်အလျား ၁၀-ပေ ၃-လက်မ, ထီးအောက် စေတီတော်အမြင့် ၅၇-ပေ ၂-လက်မ, စေတီတော်လုံးပတ် ၁၇၉-ပေ ရှိ၏။ ၎င်းစေတီတော်ကြီးကို ၁၉၁၂-ခုနှစ်မှာ တူးဖော်သောအခါ ဌာပနာအိုးမှ မီးသွေး, ပြာ, ကျောက်သံပတ္တမြား, ကြေးပရပိုက်စာ, စန္ဒကူးနံ့သာ, တံဆိပ်စာ, ရွှေ, ငွေ, ပုလဲ-စသော အရာဝတ္ထုများကို ရရှိ၍ ဆိုင်ရာပြတိုက်၌ ဖော်ပြလျက်ရှိ၏။

စေတီတော်ကြီး အရှေ့ဘက်နားအနီးရှိ ဒုတိယစေတီ၏ဖိနပ် အရှေ့,အနောက် ၈၅-ပေ၊ ၈-လက်မရှိ၏။ တောင်,မြောက် ၉၂-ပေ ရှိ၏။ ကုသိနာရုံကျောင်းတော်ကို ဟရိဗလ အမည်ရှိသော ကျောင်းဒါယကာကြီး ဆောက်လုပ်လျှဒါန်းခဲ့၏။ ကျောက်စာပိုင်းတွင် ရှုကြလေ။ ဟရိဗလ ကျောင်းဒါယကာဖြစ်ကြောင်းကို ကမ္ပည်းစာတွင် ပါရှိ၏။ ထိုမှတပါးလည်း ကျောင်းတော်ရာအတွင်းမှာ ရေတွင်းများနှင့်တကွ စေတီပျက်ငယ်တို့လည်း ရှိကုန်၏။

လျှောင်းတော်မူဘုရားကြီး၏ အနောက်တောင်အရပ် ၁-ဖာလုံခန့်တွင် မာထကုဝရ်ခေါ်သော ကျောက်ဆင်းတုတော် ၁-ပါးရှိ၏။ ဉာဏ်တော် ၃-တောင်ခန့်လောက် ရှိ၏။ ဘုရားရှေ့မှာလည်း ကျောင်းတော်ရာများ ပေါ်လျက်ရှိ၏။ ၎င်းပြင် ကုသိနာရုံစေတီတော်ကြီး၏အရှေ့ဘက် ၁-မိုင်လောက်တွင် တေဇောဓာတ်လောင်ရာ မကုဋ္ဌဗန္ဓန-အမည်ရှိသော သချိုင်းတော်ကြီး၌ စေတီတော်ကြီး ၁-ဆူ ပျက်ပြိုလျက် ရှိ၏။ စေတီပေါ်က ညောင်ပင်များ ပေါက်နေ၏။ စေတီတော်ခြေရင်း၌ ရေတွင်းနှင့်တကွ ကျောင်းတော်ရာလည်း ရှိ၏။

ကုသိနာရုံဘုရားကြီးနှင့် ဂူကို ကျောက်စာဝန်တို့က ပြုပြင်၍ ထားကုန်၏။ ရခိုင်ပွဲစားကြီး ဦးချိုးစားရှိသည် ခရစ်ယာန်သက္ကရာဇ် ၁၉၀၂-ခုနှစ်က ဘုရားဖူးသားတို့ တည်းခိုရန် ဓမ္မသာလာကြီး ၁-ခုကို ဆောက်လုပ်လျှဒါန်းခဲ့၏။ ထိုဇရပ်ကျောင်း၌ မဟာဗိရ်ခေါ်သော ဗုဒ္ဓဘာသာဝင် ဟိန္ဒူဘုန်းတော်ကြီး ၁-ပါးသည် အထက်ပါ အဆောက်အဦးများနှင့် အမျိုးသားတို့ကို စောင့်ရှောက်၍ နေခဲ့လေ၏။ ထို့နောက် ဓညဝတီပြည်မှ ဦးစန္ဒြမုနိ အမည်ရှိသော ဆရာတော်ကြီးဘုရားသည် ဗုဒ္ဓဘာသာ သာသနာတော်ကို တစ်နေ့ထက်တစ်နေ့ ပွါးတိုးစေတော်မူ၏။ ဆရာတော်ကြီးလက်ထက်မှာပင် ကဆုန်ညောင်ရေသွန်းပွဲတော်ကြီး စ၍ဖြစ်ပေါ်လာ၏။ ဆရာတော်ကြီး အတ္ထုပ္ပတ္တိကို ကြည့်လေ။

----- x -----

(၄) ကုသိနာရုံပြည် လမ်းခရီးအစီအစဉ်

ဘုရားဖူးသွားရောက်လိုသောသူတို့ သွားရောက်ရန် အစီအစဉ်သည်ကား အောက်ပါအတိုင်း ဖြစ်သည်။

ကလကတ္တားမြို့မှ ဗာရာဏသီမြို့သို့ လိုက်ရမည်။ ဗာရာဏသီမြို့မှ တဟာဆိလ်ဒေအိုရိယာ(Tahsildeoria) ဘူတာသို့ လိုက်ရမည်။ ၎င်းဘူတာမှ မော်တော်ကားနှင့် ကာဆိယာမြို့သို့ လိုက်ရမည်။ ၎င်းကာဆိယာမှ မာထကုဝ်ရ်ခေါ်သော ကုသိနာရုံသို့ လိုက်ရမည်။ တဟာ-ဆိလ်ဒေအိုရိယာဘူတာမှ ကာဆိယာမြို့သို့အရောက် အင်္ဂလိပ်မိုင်-၂၀၊ ၎င်းကာဆိယာမြို့မှ ကုသိနာရုံသို့ ၂-မိုင် ကွာဝေး၏။ ယခုအခါ ကုသိနာရုံသည် ဂိုရခပုရ်စီရင်စုဌ် ရှိ၏။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
ကုသိနာရုံ၊ ပရိနိဗ္ဗာန်စံရာ	မာထကုဝ်ရ်
ဓမ္မသာလာဇရပ်ကြီး	ခရ်မသျှာလာ
ကုသိနာရုံဘုရားကြီး	ဗုဒ္ဓကုဝ်ရ်
မာထကုဝါဘုရား	မာထကုဝ်ရ်
မကုဋဗန္ဓန	ရာမဘာရ်, ဒေဝီဆထာန်
ကုသိနာရုံမြို့ဟောင်းရာ	ဗိရှန်ပုရ်
ဟိရည်ဝတီမြစ်	ဗိရှန်ပုရ်, ဂံဝ်ကာ နဒီ
ကကုဓမြစ်	ဗာဓိ, ဗန္ဓိနာလာ
ပါဝါပြည်	ပဒရောက်နာ

----- x -----

(၅) သက္ကဋ္ဌဘာသာနှင့် ဟိန္ဒီဘာသာကို သင်ခြင်း

ဦးကိတ္တိရဟန်းတော်သည် တစ်နေ့သ၌ ကျေးဇူးရှင် ကုသိနာရုံဆရာတော်ဘုရားကြီးအား "ဗုဒ္ဓဘာသာဆိုင်ရာဌာနသို့ သွားရောက်ဖူးမြော်လိုကြောင်း"နှင့် လျှောက်တောင်းပန်ထွာရာ ဆရာတော်ကြီးဘုရားက မိန့်ကြားတော်မူသည်မှာ "ဒေသန္တရသို့ သွားရောက်

လိုက ဘာသန္တရကို နားလည်မှ အကျိုးရှိမည်”ဆိုသော စကားတော်ကို ကြားလျှင်ကြားချင်း အားရနှစ်သက် အချက်ကျပြီ-ဟု နှလုံးပိုက်လျက် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းခ၌ ဝပ်စင်းကာ လျှောက်ထားသည်မှာ “ကျေးဇူးရှင်ဘုရား၊ တပည့်သားကို သနားတော်မူသဖြင့် တစ်ခုသော ဘာသာစကားကို နားလည်စေရန် ချီးမြှင့်ထောက်ပင့်တော်မူပါမည့်အကြောင်း” ကို လျှောက်တောင်းပန်လေ၏။

ထိုအခါ ဆရာတော်ကြီးဘုရားသည် မိမိ၏ တပည့်ဖြစ်သူ ရှင်ကိတ္တိမကို ခေါ်၍ ဟိန္ဒီဘာသာကို အခြေရလောက်အောင် ပို့ချစေ၏။ သာမဏေလည်း စွမ်းအားရှိသလောက် အချီးအမြှောက်ကို ပြုပြီးလျှင် ဝါလသို့ ရောက်သောအခါ သာဝတ္ထိပြည်သို့ ပညာသင်ရန် ထွက်ခွါသွားလေ၏။ ထိုအခါ ဦးကိတ္တိရဟန်းတော်သည် ဆရာတော်ဘုရားကြီးထံတော်ရင်းခ၌ သက္ကဋ္ဌနှင့် ဟိန္ဒီဘာသာကို သင်ကြားလျက် နေရလေ၏။ ဆရာတော်ဘုရားကြီးလည်း ကြိုးစားအားထုတ် သင်ကြားပို့ချပြီးလျှင် သီတင်းဝါလ ကျွတ်သောအခါ နဝကမ္မအလုပ်ကြောင့် သာဝတ္ထိပြည်၊ ဇေတဝန်ဆရာတော်ဘုရားကြီးထံသို့ အပ်နှံတော်မူလိုက်ပေ၏။

ဦးကိတ္တိရဟန်းတော်လည်း ထိုဆရာတော်ဘုရားကြီးထံသို့ သွားရောက်၍ သက္ကဋ, နာဂရီဘာသာတို့ကို သင်ကြားနေကြကုန်သော ဦးကောဏ္ဍည, ဦးဥတ္တမ မြန်မာရဟန်းတော် ၂-ပါးနှင့် တွေ့ဆုံကြလျှင် ရှေးကထက်ပင် ဝမ်းမြောက်သဖြင့် ထိုနေရာမှာပင် ၁-နှစ်လောက် ခိုလှုံလျက် ထိုရဟန်းတော်တို့နှင့်အတူအကွ ဇေတဝန်ဆရာတော်ကြီး ခြေတော်အောက်မှာ သက္ကဋဘာသာကို ခြိုးခြံ(ကြိုးစား)အားထုတ်နေရလေ၏။

----- × -----

[၆] ကောသလတိုင်း၊ သာဝတ္ထိပြည်အကြောင်း

“ဤကောသလတိုင်း၊ သာဝတ္ထိပြည်၌ ငါတို့ဘုရားသခင်လက်ထက် လူဦးရေ ၇-ကုဋေရှိ၏။ ၎င်းအနက် ၅-ကုဋေကုန်သော လူတို့သည် ဘုရားတရားတော်ကို ယုံကြည်၍ အရိယာဖြစ်ကြကုန်၏။ ၂-ကုဋေမျှ လူတို့သည်ကား ပုထုဇဉ်ဖြစ်ကြလေကုန်၏။ အရိယာသာဝကတို့မူကား မနက်ကို ဆွမ်း, ညကို ပန်းနှင့် တရားတော်ကို နာကြဖို့ရန် ဘုရားသီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ အမြဲဝင်ရောက်ကြကုန်၏”ဟူ၍ **ဓမ္မပဒအဋ္ဌကထာ** (၁။၄)၌ လာရှိပေ၏။

ပါရာဇိကဏ်အဋ္ဌကထာ(၂။၁၁၉)၌ကား “သာဝတ္ထိမြို့သည် ၅၇,၀၀,၀၀၀-ကုန်သော အိမ်ခြေတို့၏တည်ရာ ဖြစ်၏။ ၈၀,၀၀၀-သော ရွာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော

ယူဇနာ ၃၀၀-အတိုင်းအရှည်ရှိကုန်သော ကာသိတိုင်း, ကောသလတိုင်း ၂-တိုင်းတို့၏ အခွန်တော်ဆက်ရာလည်း ဖြစ်၏"ဟု ဖွင့်ပြပေ၏။

ဤသို့လျှင် အိမ်ခြေ- ၅၇,၀၀,၀၀၀၊ လူဦးရေပေါင်း ၇-ကုဋေမျှရှိသော မြို့တော်၌ ၈-မင်းပယ်စာရှိသော ဇေတဝန်ကျောင်းတော်ရှိကြောင်းကို သုတ်မဟာဝါအဋ္ဌကထာ(မဋ္ဌ၊၂။ ၇၂), စူဠဝါအဋ္ဌကထာ(၆၃)၌ ပါရှိပေ၏။ ၈-မင်းပယ်စာကို ၄-တောင်တာနှင့် တာပေါင်း ၂၅၀-ရှိကြောင်းကို ကျောက်ဖြူဒီစတြိတ်၊ ရမ်းဗြဲမြို့၊ တောင်ကျောင်းဆရာတော်ဘုရားကြီး ရေးသားသော ဇမ္ဗူဒီပကျွန်ဓီယနယ်ပုံကျမ်း၌ ပါရှိ၏။ ဇိနတ္ထပကာသနီကျမ်း၌ ပကတိပယ်ထက် မင်းပယ် ၁-ပြန်ကြီးသည်-ဟု ဆိုသောကြောင့် ၇-တောင်တာဖြင့် စတုရန်းအတာ ၅၀-သည် မင်းပယ် ၁-ပယ် မည်၏။ ထိုမင်းပယ်ဖြင့် ၁၈-ပယ်သည် ဇေတဝန်ကျောင်းတော်ရာ-ဟု လာရှိ၏။

ထိုကျောင်းတော်ကြီး၌ ကရေရိကုဋ္ဌိ, ကောသမ္ဗကုဋ္ဌိ, သလဋ္ဌာဂါရကုဋ္ဌိ, ဂန္ဓကုဋ္ဌိ-ဟူ၍ ကုဋ္ဌိ ၄-လုံးရှိ၏။(ဒီ၊ဋ္ဌ၊၂။၁) ဇေတဝန်ကျောင်းတော်၏ တံခါးဝ၌ အရှင်အာနန္ဒာသည် အရှင်မောဂ္ဂလ္လာန်ထံမှ မဟာဗောဓိသီးကို ရ၍ အနာထပိဏ်သူဌေးကို စိုက်ပျိုးစေသော **အာနန္ဒာဗောဓိပင်**ရှိကြောင်းကိုလည်း တေရသကနိပါတ်၊ ကလိင်္ဂစက္ကဝတ္တိဇာတ်(ဇာ၊ဋ္ဌ၊၄။ ၂၂၉၊၂၃၀)၌ ပါရှိ၏။

အရှင်စုန္ဒမထေရ်သည် အရှင်သာရိပုတ္တရာ၏ သပိတ်, သင်္ကန်း, ဓာတ်တော်ထည့်အပ်သော ရေစစ်မှားတို့ကို ယူလာပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ သွား၍ အရှင်အာနန္ဒာနှင့်တကွ မြတ်စွာဘုရားထံတော်ပါးသို့ သွားလျက် ဓာတ်တော်ထည့်သော ရေစစ်ကို ဆက်ကပ်လေသော် ဘုရားသခင်လည်း လက်ခံတော်မူပြီးလျှင် ဂါထာ ၁,၀၀၀(၅၀၀) တို့ဖြင့် အရှင်သာရိပုတ္တရာ၏ဂုဏ်ကို ချီးမွမ်းတော်မူလေ၏။ ထို့နောက် ဓာတုစေတီ တည်(မည်)သော အရှင်သာရိပုတ္တရာ၏ ဓာတ်တော်စေတီ ၁-ဆူရှိကြောင်းကို သုတ်မဟာဝါအဋ္ဌကထာ(၁၄၄)၌ လာရှိပေ၏။

ဇေတဝနေ ဂန္ဓကုဋိယာ စတ္တာရိ မဟာပါဒဋ္ဌာနာနိ အဝိဇဟိတာနေဝ ဟောန္တိ။--

ဟု သုတ်မဟာဝါအဋ္ဌကထာ(၁၇)၌ လာရှိသောကြောင့် ဇေတဝန်ကျောင်းတော်ရာအတွင်း၌ ဂန္ဓကုဋိတိုက်တွင် ၄-ပါးကုန်သော ညောင်စောင်းခြေတို့၏ ချရာအရပ်သည် ဘုရားတကာတို့ မစွန့်အပ်သောကြောင့် **အဝိဇဟိတဋ္ဌာန**ကြီး မည်၏။ ဓမ္မပဒအဋ္ဌကထာ(၁။၃), သုတ်ပါ-ထေယျအဋ္ဌကထာ(၄၄)၌ကား သာဝတ္ထိမြို့၏ တောင်မျက်နှာအရပ်၌ အနာထပိဏ်သူဌေးသည် ၅၇-ကုဋေငွေဖြင့် ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ်၏-ဟူ၍လည်းကောင်း၊

ဝိသာခါဒါယိကာမသည် သာဝတ္ထိမြို့၏ အရှေ့ဘက်အရပ်၌ ၉-ကုဋေငွေဖြင့် ပုဗ္ဗာရုံကျောင်းတော်ကို ဆောက်လုပ်၏-ဟူ၍လည်းကောင်း ဖွင့်ပြပေ၏။ ဤကား ပါဠိဘာသာဖြင့် ပိုင်းခြားအပ်သော စကားရပ်တည်း။

ယခုရှိပုံ အခြေအနေကို ပြဦးအံ့။ သာဝတ္ထိပြည်၌ ယခုရှိပုံအခြေအနေကား သာဝတ္ထိပြည်သည် ဤအခါသမယမှာ ဗလ်ရာမ်ပုရ်ခေါ်သော စော်ဘွားမြို့မှ အနောက်ဘက် ၁၀-မိုင်ခန့်ရှိ ဆဟေတ်မဟေတ်ခေါ်သော နေရာသည်ပင်လျှင် ရှေးက သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း ဖြစ်ပေ၏။ တိုင်းပြည်၏ နယ်နိမိတ်မှာ ဟူယိင်ဆင်အလိုအားဖြင့် စတုရန်း ၆၆၇-မိုင်ရှိ၏။ ကျောက်စာဝန်တို့ အလိုအားဖြင့်ကား ၆၀၀-ခန့်မျှ ရှိ၏။ ၎င်း ၂-ယောက်တို့၏ စကားသည် အလွန်မကွာခြားလှချေ။ ထို့ကြောင့် တောင်ဘက်၌ ယာဂရာမြစ်ထိ, မြောက်ဘက်၌ နေပါလ်နယ်အဝင် မလ်ဘုမ်ခေါ်သော ဌာနနှင့် ခါကျီစီရင်စုတိုင်အောင် ရှိ၏။

အနောက်ဘက်၌မူကား ကရနာလိခေါ်သော မြစ်မှ အရှေ့ဘက် သက္ကတိုင်းအစပ်တိုင်အောင် ရှိနေ၏။ သာဝတ္ထိပြည်ကို ယခုအခါ သတ်မှတ်ရန် ခဲယဉ်း၏။ အဘယ့်ကြောင့်ဆိုသော် သာဝတ္ထိပြည်သည် ခရစ်ယာန်သက္ကရာဇ် ၃၀၀-အတွင်းတွင် ပျက်စီးခဲ့၍ ၄၀၀-လောက်မှာ အိမ်ခြေ ၂၀၀-လောက်သာ ကြွင်းကျန်ပြီးလျှင် ၆၃၂-ခုနှစ်မှာ အလုံးစုံ ပျက်စီးလေ၏။ သာဝတ္ထိမြို့၌ ပသေနဒီကောသလမင်းကြီး၏နန်းတော် အတွင်း,အပြင်မြို့ရာမှာ ယခုထက်ထိ မြို့ရိုးတံတိုင်းကြီး အလျား,အနံ ၁-မိုင်လောက်စီ ပျက်စီးလျက်ရှိနေ၏။ ၎င်းမြို့၏ အရှေ့မြောက်ဘက်အရပ်သည် အစိရဝတီမြစ်ရေ စားသောကြောင့် ကမ်းနားတို့ ပြိုပျက်ပြီးလျှင် ရေထဲသို့ မိုင်ဝက်ခန့် ပါဝင်သွားလေပြီ။

ဝိသာခါကျောင်းအမကြီး ဆောက်လုပ်သော ပုဗ္ဗာရုံကျောင်းတော်လည်း ၎င်းရေထဲ၌ပင် ပါဝင်သွားလေပြီ။ မြစ်ရေတွင် ကျောက်စာဘက်ဆိုင်ရာက ကျောက်စာဝန်တို့ တူးဖော်စမ်းသပ်ကြည့်ရှုကြလျှင် မြစ်ရေထဲ၌ မိုင်ဝက်ခန့်တွင် အုတ်, ကျောက်-စသော အဆောက်အဦးကို တွေ့ရကုန်၏။ အစိရဝတီမြစ်ကို ယခုအခါ ရာမတီ-ဟု ခေါ်ဆိုကြ၏။ အယိုဗျခေါ်သော သာကေတမြို့မှ သာဝတ္ထိတိုင်အောင် မိုင်ပေါင်း ၅၈-မိုင် ကွာဝေး၏။ နန်းတော်ရာ၏ တံတိုင်းအတွင်း အရှေ့,အနောက်အားဖြင့် ခြေလှမ်းပေါင်း ၁၃၀၀-ခန့်လောက် ရှိ၏။ မြို့ရာမှ အနောက်တောင်ထောင့်အနီးအပါ: ဇေတဝန်ကျောင်းတော်ရာသည် ခြေလှမ်းပေါင်း ၆၅၀-ရှိ၏။ ဤကား ကျောက်စာမင်းကြီးတို့ ဆုံးဖြတ်အပ်သော စကားဖြင့် နှိုင်းယှဉ်၍ပြသော စကားရပ်တည်း။

ဇေတဝန်ကျောင်းရာမှ ကျောက်စာဝန်တို့ တူးဖော်ကြသောအခါ ပေါ်ထွက်သော အရာဝတ္ထုများကို ပြဆိုပေအံ့။ ဇေတဝန်ကျောင်းတော်ကို ကျောက်စာဝန်တို့သည် တူးဖော်

ကြသောအခါ အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လျှဒါန်းအပ်သော ဇေတဝန်ကျောင်းတော်၊ ၎င်းကျောင်းတော်သည် အရှေ့,အနောက် ခြေလှမ်း-၄၀၀၊ တောင်,မြောက် ခြေလှမ်း ၇၀၀-ရှိ၏။

ဂန္ဓကုဋီတိုက် ၄-လုံး, ညောင်စောင်းရာ ၁-ခု၊ ၎င်းညောင်စောင်းရာသည် အလျား ၂၇-တောင်, အနံ ၇-တောင် ရှိ၏။ **အာနန္ဒာဗောဓိပင်, အရှင်သာရိပုတ္တရာ၏** ဓာတ်တော် **စေတီ** ၁-ဆူ, **ရေကန်ကြီး** ၁-ခု, **ရေတွင်းများ**-စသည်တို့သည် ပေါ်ထွက်ကုန်၏။ ၎င်းပြင်ကျောင်းတော်ရာမှ ၁-မိုင်ခန့်လောက် အရှေ့တောင်ခပ်ယွန်းယွန်းတွင် တန်ခိုးပြာဋိဟာကိုပြတော်မူရာ၌ **စေတီတော်ကြီး** ၁-ဆူနှင့် **ဒေဝဒတ်မြေမျိုရာ ရေကန်ကြီး** ၁-ခု ရှိ၏။ ထိုမှတပါးကျောင်းတော်ရာမှ အရှေ့ဘက်၌ အသစ်ပြုလုပ်သော ဆရာတော်ကြီးဦးမဟိန္ဒကျောင်း, တောင်ဘက်၌ မြန်မာပြည်က မယ်ဒွေးဆောက်လုပ်သော သိမ် ၁-ခုရှိ၏။ ထိုသို့ တူးဖော်၍ ရရှိသော အရာဝတ္ထုတို့တွင် ဘုရားရုပ်တုတော်နှင့်တကွ အချို့အချို့သော အရာဝတ္ထုများကို လက္ခနာဦး-စသော ဆိုင်ရာဆိုင်ရာမြို့၌ ပြတိုက်တွင် သွင်းထားဖော်ပြလျက် ရှိလေ၏။

----- × -----

[၇] သာဝတ္ထိပြည် လမ်းခရီးအစီအစဉ်

ဘုရားဖူး သွားရောက်လိုသူတို့ သွားရောက်ကြည့်ရှုရန် အစီအစဉ်သည်ကား အစဉ်အတိုင်း ကလကတ္တား, ဗာရာဏသီ, ကုသိနာရုံသို့ သွားရောက်ပြီးလျှင် ဂိုရခပုရ်မြို့သို့ သွားကြရမည်။ သို့မဟုတ် ဗာရာဏသီမြို့မှ တိုက်ရိုက် ဂိုရခပုရ်မြို့သို့ လိုက်သွားပြီးလျှင် ၎င်းမြို့မှ ဗလ်ရာမ်ပုရ်(balrampur)ခေါ်သော ဘူတာသို့ သွားကြရမည်။ ထိုဗလ်ရာမ်ပုရ်မြို့၌ မြန်မာပြည်၊ ဦးဝရသမ္ဘောဓိ ဆောက်လုပ်ထားသော ဓမ္မသာလာတွင် တည်းခိုနေပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ သွားကြလေ။ ထိုဇေတဝန်ကျောင်းတော်ရာ၌လည်း ဇေတဝန်ဆရာတော်ကြီးကျောင်းတော် ရှိ၏။ ဗလ်ရာမ်ပုရ်မြို့မှ အနောက်ဘက် တာလမ်းအတိုင်း ဇေတဝန်ကျောင်းတော်သို့အရောက် အင်္ဂလိပ် ၁၀-မိုင်ရှိ၏။ ယခုအခါ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်ရာသည် ဗဟရာဂ္ဂက်(bahraich)စီရင်စု၌ ရှိ၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ဗလမ်ပူမြို့	ဗလ်ရာမ်ပုရ်
ဓမ္မသာလာဇရပ်	ဓရ်မသ္ဘာလာ

တန်ခိုးပြာဋိဟာစေတီ	အိုရာဂျရ်
ဒေဝဒတ်ရေကန်ကြီး	ဝန္ဒာဆာဂရ်
သာဝတ္ထိပြည်	ဆဟေတ်မဟေတ်
ဇေတဝန်ကျောင်း	ဆဟေတ်
အာနန္ဒာဗောဓိပင်	အာနန္ဒပီပလ်
ဂန္ဓကုဋိတိုက်	ဂန္ဓကုဋိ
သာရိပုတ္တရာစေတီ	ဆတူပါမန္ဒီရ်
ရေကန်ကြီး	တာလာပ်
ကောသလနန်းတော်	မဟေတ်
အစိရဝတီမြစ်	ရာပတီနဒီ, အကျိရဝတီနဒီ

----- × -----

[၈] ဇေတဝန်ဆရာတော်ကြီးအတ္ထုပ္ပတ္တိ

ဇေတဝန်ဆရာတော်ဘုရားကြီး၏ သခင်ပအတ္ထုပ္ပတ္တိကား အလုံနယ်အရှေ့ပိုင်း၊ သို့မဟုတ် စစ်ကိုင်းနယ် အနောက်မြောက်အစပ် မောင်းထောင်, ကျောက်ကာတို့နှင့် ၆-မိုင်ကွာ လှည်းပေါင်းကူးချောင် ရှေးကံအဟုန် ပါရမီဂုဏ်ကြောင့် ပေါင်းဆုံနေထိုင်ကြသော ဦးမျှူ, ဒေါ်ခဲတို့အား သားသမီး ၁၂-ယောက်ကို ရရှိလေကုန်၏။ ထိုသားသမီးတို့တွင် အထွေးဆုံးသော သားရတနာမှာ ဇေတဝန်ဆရာတော်ပင် ဖြစ်ပေ၏။ ၁၂-ယောက်မြောက် ထိုဇေတဝန်ဆရာတော်သည် လူတို့ဝေါဟာ ကောဇာသက္ကရာဇ် ၁၂၄၅-ခု၊ ဒုတိယဝါဆိုလ ဆုတ် ၁၄-ရက်၊ ကြာသပတေးနေ့၊ နံနက် ၄-ချက်တီးကျော်အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူလေ၏။

ဆရာတော်ဘုရားကြီးသည် ငယ်ရွယ်စဉ်အခါကပင် ဘဝထိုထို ရှေးအဟိုက ပါရမီရင့်ညောင်း ဆည်းပူးခဲ့သောအကြောင်းကြောင့် ကောင်းမြတ်သော သမ္မာဆန္ဒဖြင့် သာသနာတော်သို့ ညွှတ်ကိုင်းလျက် မပျက်သော ဝီရိယနှင့် ပြည့်စုံရကား မြင်းခြံမြို့၊ ကိုးဆောင်တိုက်သို့ ခိုကပ်၍ ရဟန်းမြတ်အဖြစ်ကို သက္ကရာဇ် ၁၂၆၄-ခု၊ တပို့တွဲလဆုတ် ၄-ရက်နေ့၊ နေလွဲစက် ၂-နာရီအချိန်ကို ရတော်မူလေ၏။ ပဗ္ဗဇိတဒုလ္လဘကို ရပြီးသောအခါ ဘုရားသာသနာတွင် မဆုတ်နစ်သော လုံ့လဖြင့် ပရိယတ္တိဓမ္မကို ကြိုးစားအားထုတ်လေရာ မကြာမြင့်မီ

ပါရမီတော်ကျေးဇူးကြောင့် အထူးလွန်မြောက် တဖက်ကမ်းတိုင်အောင် ပေါက်ရောက်တော်မူလေ၏။

ဤမျှလောက်နှင့် မနေ၊ ရဟန်း ၇-ဝါမြောက်လျှင် သက္ကဋ္ဌ, ဟိန္ဒီဘာသာကို သင်ကြားပြီး၍ မဗျိုမဒေသ၌ သာသနာတော်ပြုလိုသော ဆန္ဒတော်ဖြင့် ၁၂၇၁-ခု၊ တပေါင်းလဆန်း ၄-ရက်နေ့ ဂ္ဂန္ဒီယသို့ ကြွသွားတော်မူလေ၏။ ဆရာတော်ဘုရားကြီး၏ ကြွသွားရာ အစဉ်မှာ မြန်မာပြည်၊ မော်လမြိုင်မြို့၊ ညောင်ဝိုင်းကလေးကျောင်း၌ သီတင်းသုံးနေတော်မူသော နောင်တော်ကြီးဦးမာလာထံတော်ပါးမှ ထွက်ခွါသွားပြီးလျှင် ၎င်းမြို့ရှိ ဝေဇယန္တာဆရာတော်ကြီးနှင့် တွေ့ဆုံ၍ အကျိုးအကြောင်းကို လျှောက်ထားလေသော် ထိုဆရာတော်ကလည်း အမျိုးမျိုးသော နည်းလမ်းအစဉ်ဖြင့် ညွှန်ကြားလိုက်ပေ၏။

ဇေတဝန်ဆရာတော်သည် ထိုဆရာတော်ကြီး၏ အထောက်အပင့်ကို ရရှိ၍ ရန်ကုန်မြို့မှ ကြွလာတော်မူလေလျှင် တပေါင်းလဆန်း ၈-ရက်နေ့ကို ကလကတ္တားသို့ ရောက်တော်မူလေ၏။ ၎င်းမြို့၌ ဟော်ပိုက်သမ္ဘ နေတော်မူပြီး၍ တဖန် ကြွသွားတော်မူလေရာ ၎င်းလဆန်း ၁၅-ရက်နေ့ကို ဗာရာဏသီသို့ ရောက်တော်မူလေ၏။ ၎င်းမြို့မှ ဝါဆိုလဆန်း ၁၄-ရက်နေ့ ကြွသွားတော်မူလေရာ လပြည့်နေ့ကို ကုသိနာရုံသို့ ရောက်၍ ဆရာတော်ဦးစန္ဒြမုနိနှင့် အလွှာပသလွှာပ ဆွေးနွေးကြပြီးလျှင် ပညာသင်ကြားရန် ထိုဆရာတော်ကြီး ညွှန်ကြားတော်မူတိုင်း ဗာရာဏသီအနီးအနား ဂါဂျီပုရ်စီရင်စု၊ ရေဝတီပုရ်အရပ်သို့ ကြွတော်မူလေ၏။

ထိုအရပ်က ဂျီးခူဗာဗူနှင့် ၎င်း၏တူဖြစ်သူ ကျရိတြခေါ်သော ဒါယကာတို့၏ အထောက်အပင့်ကို ရ၍ တစ်ခုသောဥယျာဉ်မှာ နေပြီးလျှင် ဆဟဒေဝပဏ္ဍိတ်ထံမှာ ၇-နှစ်ပတ်လုံး ပညာသင်ကြားနေတော်မူလေ၏။ ထိုအခိုက်တွင် ရပ်ရွာ၌ ကာလရောဂါတိုက်၍ လူပေါင်းများစွာ ပျက်စီးနေသောအခါ ဆရာတော်သည် ရတနာ ၃-ပါးဂုဏ်ကြောင့် ငြိမ်းအေးစေပြီးမှ အသီးသီးသော ဟိန္ဒူရသေ့ရဟန်း ၁,၀၀၀-လောက်ကို ကြီးစွာသောအလှူပေးတော်မူလေ၏။ ထို့နောက် ပြန်လာပြီးလျှင် ၁၂၇၈-ခု၊ ဝါဆိုလမှစ၍ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ ဆင်းရဲပင်ပန်းစွာ သီတင်းသုံးနေတော်မူရပေ၏။

ထိုအခါ မြန်မာပြည်၊ သာယာဝတီ သုံးဆယ်မြို့၊ မယ်ခွေးခေါ်သော ဒါယိကာမကြီး တစ်ယောက်သည် ဓမ္မသာလာဆောက်လုပ်လို၍ လာရောက်လျှောက်ထားရာ ဇေတဝန်ဆရာတော်မှာ သတ္တဝါတို့အား သနားတော်မူသဖြင့် ဆောင်ရွက်အားထုတ်ပေးခြင်း, ဗုဒ္ဓဘာသာ သာသနာတော်ကို ထင်ပေါ်စေလို၍ သက်သနဂိုရ်-စသော အရပ်ဒေသသို့ အပင်ပန်းခံ၍ လှည့်လည်ကြည့်ရှု သာဓုအနုမောဒနာတရားကို ဟောပြောခြင်း-စသည်များ

ကို အထူးဂရုစိုက်တော်မူလေ၏။ ထို့နောက် ရာဇဂြိုဟ်ပြည်တွင် ပဲခူးမြို့နယ်၊ သကလပ် (သက္ကလပ်)ရွာ၊ ဒါယကာဦးပုတ်ကြီး, ဒေါ်ကြီးတို့၏ အထောက်အပင့်ဖြင့် ၁၅,၀၀၀-ငွေကို အရင်းတည်၍ ဓမ္မသာလာကြီးကို အားထုတ်ဆောက်လုပ်လေ၏။ ထို့နောက် မိမိသီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်၌ ဓနုဖြူမြို့နေ ဒေါ်သိမ်း၊ မော်လမြိုင်မြို့နေ ဒေါ်အေးမြ၊ ရင်းပြင် အခြားအခြားသော ဒါယကာ, ဒါယိကာမများတို့၏ ကူညီခြင်းကို အရင်းမူ၍ အုတ်ကျောင်း ၁-ခုနှင့် ဟင်္သာတ, အင်ပူ, ကြည့်မြင်တိုင် ဝန်ထောက်တို့၏ သဒ္ဓါတရားဖြင့် အသပြာငွေ ၆၀၀-တန် ရေတွင်း ၁-ခု စီမံပြုလုပ်လေ၏။

----- × -----

[၉] သာဝတ္ထိပြည်မှ ကုသိနာရုံသို့ ပြန်သွားခြင်း

ဦးကိတ္တိရဟန်းတော်သည် ဇေတဝန်ဆရာတော်ကြီး ခြေတော်ရင်း၌ ၁-နှစ်လုံးလုံး သက္ကဋ္ဌဘာသာကို သင်ကြားပြီးလျှင် ကုသိနာရုံသို့ တဖန် ပြန်လာ၍ ပညာကို သင်ကြားရောင့်ရဲတင်းတိမ်ခြင်း မရှိခြင်းကြောင့် "ပုဏ္ဏားဆရာကြီးတို့ထံမှာ အပ်နှံပေးပါမည့်အကြောင်း"ကို လျှောက်တောင်းပန်ထွာလေရာ ထိုအခါ ဆရာတော်ကြီးဘုရားသည် အားရဝမ်းမြောက်တော်မူ၍ မိမိ၏ဒါယကာ ရာဇာမဏိ ဗြိုဝါဠီခေါ်သော ပုဏ္ဏား၏နေရာ ပါဝါပြည်သို့ ပို့ထားတော်မူလေ၏။ ၎င်းပုဏ္ဏားထံမှ ၃, ၄-လခန့်မျှ ပညာသင်ကြားပြီးလျှင် တဖန်အမြဲမပြတ် စာပေကျမ်းဂန်များကို သင်ကြားရွတ်ဖတ်သရဇ္ဈာယ်နေကြသော ဗရဟက်မြို့ငယ်၊ ပရမဟံသကျောင်းတိုက်သို့ သွားရောက်လျက် နာနာနယ ဂန္ဓန္ဓရ ဗဟုသုတကို ဆည်းပူးအားထုတ်နေရလေ၏။

ထိုအခိုက်အတန့်မှာ ကျန်းမာခြင်းကိစ္စ အာရောဂသမ္ပဒါဂုဏ်နှင့် ပြည့်စုံစွာနေခိုက်တွင် ဆိုက်ရောက်လာသော ပရံပရဝိပါက်ကို တစ်ဦးတစ်ယောက်မျှ မလွန်ဆန်နိုင်သောကြောင့် လက်ဝဲဘက်ခြေ၌ အနာကြီး ၁-ခု ဝင်ရောက်လာ၏။ ထိုအနာကို ဆရာကောင်းတို့နှင့် ကုစားငြားသော်လည်း မကင်းမပျောက်ဘဲ တစ်ဝါတွင်းလုံး ဒုက္ခရောက်နေရလေ၏။ ထိုအကြောင်းကို ကျေးဇူးရှင်ဆရာတော်ကြီးဘုရား ကြားသိလေလျှင် အလျင်မကြာ ရဟန်းတော် ၃-ပါးကို စေလွှတ်၍ မိမိနေရပ်သို့ ဆောင်ယူစေ၏။ ကုသိနာရုံသို့ ရောက်သောအခါ များစွာသော ဆေးဝါးတို့ဖြင့် ကုသလေသော် ထိုရောဂါမှ ချမ်းသာရလေ၏။

ထို့နောက် တဖန် ဝါလသို့ ရောက်ပြန်လေသော် ယခင်က နေဖူးသော ပရမဟံသကျောင်းတိုက်၌ သွားရောက်ပြီးလျှင် ပညာသင်ခြင်းကိစ္စဖြင့် သီတင်းသုံးနေပြန်လေ၏။

သီတင်းဝါလ ကျွတ်သောအခါ ကုသိနာရုံသို့ ပြန်လာ၍ အလ္လာပ, သလ္လာပ, ပဋိသန္ထာရ စကားဖြင့် ပြောဟောလျက်နေစဉ် ဆရာတော်ဘုရားကြီးက အသက်ထက်ဆုံး မှတ်သားဖွယ် ကောင်းသော စကားတည်းဟူသော အကွာရာစာလုံးကို စိတ်နှလုံးတည်းဟူသော ကျောက်သားပြင်တွင် ရေးထိုးတင်လိုက်သည်မှာ-

"ငါ့ရှင် ကိတ္တိ၊ သတိရှိလော။ ကြုံကြိုက်ခဲလှသော သာသနာမှာ မေ့မေ့လျော့လျော့နေခြင်းငှာ မသင့်။ တဆင့်ထက်တဆင့် ရေကြာမြင့်သည့်ပမာကဲ့သို့ ကြီးရင့်စေခြင်းငှာ မဗ္ဗိမဒေသတွင် ဗုဒ္ဓဘာသာဆိုင်ရာဌာနသို့ သွားရောက်ဖူးမြော်က လူတွင် အကောင်းဆုံးသော ဖူးမြော်ခြင်းလည်း မည်၏။ အံ့ခ်ီးမကုန် သာသနာတော်၏ ဖြစ်,ပျက်ပုံကို အစုံအလင် သိမြင်ပြီးလျှင် သံဝေဂသို့ ဝင်ရောက်ခြင်း အကြောင်းရင်းကြီးလည်း ၁-ခု ဖြစ်ပေ၏။"

ဤသို့ နှုတ်မြွက်မိန့်ဆိုချက်ကို နှစ်သက်တော်မူသောကြောင့် တပည့်ဦးကိတ္တိမှာ ဘုရားဖူး ဆက်လက်ရန်ကို စိတ်ထဲ၌ ကြံနေရလေ၏။ ထိုအခိုက်အတန့်မှာ ဌက်ဖျားအကြီး အကျယ် တစ်ခါမိပြန်လေ၏။ ထိုဌက်ဖျားကို သမားမကူဘဲ ဆရာတော်ကြီး အလိုသဘော ဖြင့် ကင်းပျောက်စေ၏။ ထိုဝေဒနာမှ ကင်းလွတ်ခဲ့သော် ဆရာတော်ဘုရားကြီးသည် ဆေးကျမ်း သက္ကဋ္ဌဘာသာကို ပို့ချချီးမြှင့်တော်မူပြန်၏။ ဤအခါသမယမှာ ဦးကိတ္တိရဟန်းတော်သည် ဣန္ဒိယ၌ ၄-နှစ်မြောက် ရှိလေပြီ။

----- x -----

[၁၀] လုမ္ဘီနီဥယျာဉ်၌ ညောင်ရေသွန်းပွဲတော် ကျင်းပခြင်း

ဦးကိတ္တိရဟန်းတော်သည် ဣန္ဒိယပြည်ကြီး၌ ၄-နှစ်မြောက် ကုသိနာရုံဆရာတော်ဘုရားကြီး ထံတော်ပါးတွင် ခိုဝင်သီတင်းသုံးနေစဉ် "ဘုရားမြတ်စွာ သာသနာကို စည်ပင်ပွင့်လန်းစေခြင်းငှာ ကောဇာသက္ကရာဇ် ၁၂၈၈-ခုနှစ်၊ ကဆုန်လပြည့်နေ့၊ လုမ္ဘီနီဥယျာဉ်တော်သို့ သွားရောက်ပြီးလျှင် ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးကို စီမံကျင်းပရမည်" ဟူသော ဆရာတော်ဘုရားကြီး၏ မိန့်ခွန်းချက်ကို ပန်ရွက်ထိပ်တင်၍ ဦးကောဏ္ဍည အမည်ရှိသော ရခိုင်ပဉ္စင်း ၁-ပါးနှင့် ဘုရားရုပ်တုတော် ၁-ပါးကို ပင့်ဆောင်ယူသွားလေ၏။

နောက်တန္ဆဝါဘူတာသို့ ရောက်လျှင် ဆိဒ္ဓါရ်ထ အမည်ရှိသော ဗုဒ္ဓဘာသာ ဟိန္ဒူ အသင်းအပင်းနှင့်တကွ ဘုရားသခင် ဖွားမြင်တော်မူရာ လုမ္ဘီနီဥယျာဉ်တော်တိုင်အောင် ကျင်းပအပ်သော ပွဲလမ်းသဘင်ကို စီမံကျင်းပလျက် သွားကြလေကုန်၏။ လုမ္ဘီနီသို့ ရောက်

ကြလေရာ ထိုနေရာမှာ တရားတော်ဟောခြင်း, ပူဇော်ခြင်း-စသော အမျိုးမျိုးသော ချီးမြှောက်ဖွယ်ကိစ္စဖြင့် တစ်နေ့ပတ်လုံး ချီးမြှောက်ကြပြီးလျှင် ၎င်းနောက်တန္ဆဝါဘုတာသို့ ညနေချမ်းတွင် ပြန်လာကြကုန်၏။ ထို့နောက် ကုသိနာရုံသို့ ပြန်ရောက်၍ ဆရာတော်ဘုရားကြီးအား လျှောက်ထားလိုက်လျှင် နှစ်သက်တော်မူသောကြောင့် အထူးချီးမြှောက်ခြင်းကို ခံရပေ၏။

----- × -----

[၁၁] လုမ္ဗိနီဥယျာဉ်အကြောင်း

လုမ္ဗိနီဥယျာဉ်တော်သည် ငါတို့ဘုရားရှင် ဖွားမြင်တော်မူရာ မြင့်မြတ်သောနေရာကြီးတစ်ခု ဖြစ်ပေ၏။ ဖွားမြင်တော်မူခြင်းအကြောင်းကား ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်မှ သက်ဆင်းလာ၍ မဇ္ဈိမဒေသ၊ သက္ကတိုင်း၊ ကပိလဝတ်ပြည်၊ သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်ကြီးဖြစ်သော မဟာမာယာဒေဝီ ဝမ်းထဲ၌ ရတနာဆင်ဖြူအသွင်ဖြင့် သက္ကရာဇ် ၆၇-ခု၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၊ ဥတ္တရာသာဠ္ဠနက္ခတ်ယှဉ်လျက် ညဉ့်သန်းခေါင်ယံဝယ် ပဋိသန္ဓေ နေတော်မူလာ၏။ ၁၀-လစေ့လတ်သော် မိဖုရားသည် "ခမည်းတော်တို့၏နေရာ ဒေဝဒဟပြည်သို့ သွားလိုကြောင်း"နှင့် မင်းကြီးအား ခွင့်တောင်းလေ၏။

မင်းကြီးလည်း ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်အကြား ၅-ယူဇနာရှိသော ခရီးကို ကောင်းမွန်စွာ ဆင်ယင်ပြီးလျှင် စစ်အင်္ဂါ ၄-ပါးနှင့် ထွက်စေတော်မူ၏။ လမ်းခရီးအကြား လုမ္ဗိနီဥယျာဉ်တော်သို့ ရောက်လျှင် မိဖုရားသည် ရွှေထမ်းစင်မှ ဆင်း၍ အင်ကြင်းပင်အောက်သို့ ဝင်တော်မူလေ၏။ ထိုအခါ အင်ကြင်းပင်၏ ခက်မသည် ညွှတ်၍ ခံလာပေ၏။ မိဖုရားလည်း ထိုအင်ကြင်းခက်ကို လက်ဖြင့် လှမ်းလိုက်လျှင် ၃၂-ပါးကုန်သော အံ့ဖွယ်သရဲတိတ်နိမိတ်တို့သည် ထင်စွာဖြစ်လာကုန်၏။ ကမ္မဇလေလှုပ်ကြောင်းကို မောင်းမတို့ သိလတ်သော် တင်းတိမ်အရံဖြင့် ကာရံနေစဉ် အလောင်းတော်မင်းသားကို သက္ကရာဇ် ၆၈-ခု၊ ဥတု ဂိမှာန၊ ကဆုန်လပြည့်၊ သောကြာနေ့၊ နံနက် ၁-ချက်တီး၊ ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် ဖွားမြင်တော်မူလေ၏။

ထိုအခါ ရဟန္တာဖြစ်သော ဗြဟ္မာကြီး ၄-ယောက်တို့သည် ရတနာရွှေကွန်ရွက်ဖြင့် ဖြန့်လျက် ခံလာကုန်၏။ ထို့နောက် စာတုမဟာရာဇ်နတ်မင်းကြီး ၄-ယောက်တို့သည် နူးညံ့သော သစ်နက်ရေဖြင့် ခံလာကုန်၏။ ထို့နောက် လူမင်းသား ၄-ယောက်တို့သည် ဘွဲ့ဖြူပုဆိုးဖြင့် ခံလာကုန်၏။ ထိုလူတို့လက်မှ မြေကြီးထက်သို့ သက်ဆင်း၍ အရှေ့အရပ်သို့

မျက်နှာမူလျက် ရပ်တော်မူသော် စကြဝဠာအပေါင်းတို့သည် ထင်လာကုန်၏။ ထိုအခါ လူ,နတ်,ပြဟ္မာတို့သည် ကောင်းစွာ ပူဇော်ကြကုန်၏။ အလောင်းတော်မြတ်သည် အရှေ့ဘက်အရပ်မှ မြောက်သို့ လှည့်၍ ၇-ဖဝါး လှမ်းပြီးလျှင်–

အဂ္ဂေါဟ'မသ္မိ လောကဿ၊ သေဋ္ဌောဟ'မသ္မိ လောကဿ၊ အသဒိသောဟ'မသ္မိ လောကဿ။ –

ဟူသော စကား ၃-ခွန်းဖြင့် ကြိမ်းဝါးတော်မူလေ၏။

အဓိပ္ပါယ်မှာ "လောကဌ် ငါသည် အမြတ်ဆုံး၊ ငါ့ထက် မြတ်သောသူ မရှိ၊ ငါနှင့် တူသောသူ တစ်စုံတစ်ယောက်မျှလည်း မရှိ။" ဤဥဒါန်းစကား၏ အဓိပ္ပါယ်အရဖြင့် အတုမရှိသော ဘုရားသခင်၏ ဖွားမြင်တော်မူရာ လုမ္ဘိနီဥယျာဉ်တော်သည် အထွတ်အမြတ်ဌာနကြီးတစ်ခု ဖြစ်ပေ၏။ ဤသို့လျှင် ဇိနတ္ထကျမ်းဌ် လာရှိ၏။ သုတ်မဟာဝါပါဠိတော်ဌ် "ဤ လုမ္ဘိနီဥယျာဉ်တော်သည် ဘုရားသခင် မွေးဖွားရာဖြစ်ခြင်းကြောင့် ဒဿနီယဌာနကြီးတစ်ခု ဖြစ်ပေ၏။ ဤနေရာကို ဖူးမြင်ကြသူ သူတော်ကောင်းတို့သည် အပါယ် ၄-ပါးသို့ မလားနိုင်" ဟု ပါရှိပေ၏။ ဤကား ပါဠိဘာသာဖြင့် ပြအပ်သော စကားရပ်တည်း။

လုမ္ဘိနီဥယျာဉ်ဌ် ယခုရှိပုံ အခြေအနေကား နဂရခဆ်ခေါ်သော ကပိလဝတ်ပြည်မှ မိုင် ၂၀-ခန့် ကွာဝေးသော လုမ္ဘိနီဥယျာဉ်သည် ယခုအခါမှာ နော်ဂက်တန္ဒဝါဘူတာမှ အနောက်ဘက် အင်္ဂလိပ် ၁၀-မိုင်ခန့်၊ နောဂ္ဂဟရ်ဘူတာမှ မြောက်ဘက် မိုင် ၂၀-ခန့်လောက် နေပါလ်နယ်အတွင်း ခုနှဂါဏ္ဍာ၏ မြောက်ဘက်ဌ် ရူမိန်းဒေ့ဏ္ဍ-ဟူသော အမည်ဖြင့် ထင်ရှားစွာ ရှိ၏။ အင်ကြင်းပင်တို့ကား မရှိပြီ။ ယခုထက်ထိ ကုန်းမြင့်ကြီးအပေါ် ပုထိုးငယ် ၁-ခုဌ် မဟာမာယာဒေဝီ သားဖွားဟန် ကျောက်ရုပ်သဏ္ဌာန် ၁-ခုရှိ၏။ ပြဟ္မာကြီး ၄-ယောက်တို့ ရှေ့ကွန်ရွက်ဖြင့် ခံလာပုံလည်း ရှိ၏။ သို့သော် ၎င်းပုံမှာ မိစ္ဆာဒိဋ္ဌိလူမျိုးတို့ ဖျက်ဆီးပစ်ကြသောကြောင့် ကောင်းကောင်းကြီး မထင်ရှားပြီ။ ကုန်းမြင့်ကြီး၏ အရှေ့တောင်ထောင့်ဌ် ဓမ္မသာလာငယ် ၁-ခုကို နေပါလ်ရှင်ဘုရင်က ပြုလုပ်ထား၏။ ဥယျာဉ်၏ အရှေ့ဘက်ဌ် ရေတွင်းဟောင်းလည်း ၁-ခုရှိ၏။ အနောက်ဘက်အရပ် ဥယျာဉ်နှင့်ကပ်လျက် ရေကန်ပျက်ကြီး ၁-ခုရှိ၏။

ကာလရှည်လျားသောကြောင့် အစောက် မနက်ပြီ။ ပုထိုး၏ အနောက်မြောက် ခပ်ယွန်းယွန်း တောင်ခုလတ်တွင် ကျောက်စာပိုင်းဌ် ဖော်ပြပါရှိသော ဓမ္မာသောကမင်းကြီး၏ ကျောက်စာတိုင် ၁-ခုရှိ၏။ လုံးပတ် ၆-တောင်, အမြင့် ၈-တောင်ခန့် ရှိ၏။ ၎င်းကုန်းမြင့်ကြီး ပတ်ပတ်လည်မှာ ဥဿျစ်ပင်များ ပေါက်ရောက်လျက် ရှိကုန်၏။ နေပါလ်နယ်ထဲတွင်

ကျနေသောကြောင့် ၎င်းနေရာကို နေပါလ်ရှင်ဘုရင်က အုပ်ချုပ်ထား၏။ ဤကား ဒိဋ္ဌ မျက်မြင်ဖြင့် ဖော်ပြသော စကားရပ်တည်း။

----- × -----

[၁၂] လုမ္မိနိဥယျာဉ်၊ လမ်းခရီးအစီအစဉ်

ဘုရားဖူး သွားလိုသူတို့ သွားရောက်ရန် ခရီးအစီအစဉ်ကား ဂိုရခပုရ်မြို့မှ နောက်တန္ဓဝါ(Nautanwa)ခေါ်သော ဘူတာသို့ သွားကြပြီးလျှင် ၎င်းမှ ၁၀-မိုင်လောက် အနောက်ဘက်သို့ နွားလှည်းနှင့် သွားရမည်။ နောက်တန္ဓဝါဘူတာမှာ တည်းခိုရန် ဓမ္မ-သာလာ မရှိ၊ သို့သော် စာသင်ကျောင်းမှာ တည်းခိုနေနိုင်သည်။ လမ်းတွင် မြစ် ၃, ၄-မြစ် ကူးရသောကြောင့် လမ်းခရီးမကောင်း။ တာလမ်းလည်း မရှိ။ **တစ်နည်း** ဂိုရခပုရ်မြို့မှ နောဂွဟရ်(Naugarh) ဘူတာသို့ သွားကြပြီးလျှင် ၎င်းဘူတာမှ မြောက်ဘက် မိုင် ၂၀-ခန့် လောက် တာလမ်းအတိုင်း နွားလှည်းနှင့် သွားကြရမည်။

နောဂွဟရ်ဘူတာနားမှာ ဓမ္မသာလာပင် မရှိသော်လည်း လမ်းကောင်း၏။ တစ်နေ့ အတွင်း ရောက်နိုင်၏။ လုမ္မိနီသို့ မရောက်မီ ကံဂရ်ဗဂျာရ်ခေါ်သော စျေးကြီး၌ အစိုးရ တဲနန်းတွင် တည်းခိုနိုင်သည်။ လုမ္မိနိဥယျာဉ်၏အနီးအပါး **ခုန္ဒဂါဏ္ဍာရှိ** မြေပိုင်သူဌေး အိမ်မှာ တည်းခိုနိုင်သည်။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ခုန္ဒဂါဏ္ဍာ	ခုန္ဒဂါဏ္ဍ ဂံဝ်
မြေပိုင်သူဌေး	ကျောက်ဒရီဆီတာရာမ်
လုမ္မိနိဥယျာဉ်တော်	ရုမ္မိန်းဒေဏ္ဍ
ဓမ္မသာလာဇရပ်	ဓရ်မသျှာလာ
ရေတွင်းဟောင်း	ပုရာဏာကုံဝါ, ပုရာဏာဂ္ဂနာရာ
မယ်တော်မာယာလိုဏ်ဂူ	ဒေဝီမန္ဒိရ်
ဓမ္မာသောကကျောက်စာတိုင်	အသျှိုးက်ဆတမ္ဘ
ရေကန်ဟောင်းကြီး	ပုရာဏာတာလာပ်

----- × -----

[၁၃] သက္ကတိုင်း၊ ကပိလဝတ်ပြည်

သက္ကတိုင်း၊ ကပိလဝတ်ပြည်သည် တိုင်းကြီးသောင့်သတို့တွင် အပါအဝင် မဟုတ်။ မလ္လာတိုင်း၊ ကုသိနာရုံမှ တည်ထောင်သောပြည်သာ ဖြစ်သည်။ ဖြစ်ပုံမှာ ရှေးအခါက ဥက္ကာကရာဇ်မင်းသည် မိမိမြတ်နိုးအပ်သော မိဖုရား၏သားကို ထီးနန်းပေးလို၍ ဥက္ကာမုခ, ကရကဏ္ဍ, ဟတ္ထိနိက, သိန်သူရ-အမည်ရှိသော သားကြီး ၄-ယောက်ကို ပြည်မှ နှင်ထုတ်လိုက်၏။(သီ၈၇) ထိုမင်းသားတို့သည် ဟိမဝန္တာတောင်အနီး ပေါက္ခရဏီရေကန်၏ ကမ်းပါးရှိ ကျွန်းတောကြီးသို့ ကပ်ပြီးလျှင် အမျိုးမပျက်စေရန် တဝမ်းတည်းဖွား နှမတော်တို့နှင့် ပေါင်းသင်းနေထိုင်ကြကုန်၏။

ခမည်းတော်သည် သားတော်တို့အကြောင်းကို အမတ်ကြီးတို့အား မေးလေလျှင် အမတ်ကြီးတို့သည် အကြောင်းမျိုးစုံကို အကုန် လျှောက်တင်ကြကုန်၏။ ထိုအခါ မင်းကြီးသည် "သက္ကာ ဝတ ဘော ကုမာရာ"ဟူသော စကားဖြင့် "သားတော်တို့သည် လူသာမန်တို့ ပြုနိုင်ခဲသောအမှုကို ပြုနိုင်ပေစွတကား"ဟု ကျူးရင့်တော်မူ၍ ၃-ကြိမ်တိုင်တိုင် ဝမ်းမြောက်တော်မူလေ၏။ ထိုဥဒါန်းစကားကို အစွဲပြု၍ သက္ကာ-ဟူသော အမည်သည် ထင်ရှားလေ၏။ ဤကား သီလက္ခန်ပါဠိတော်၏ စကားတည်း။ (သီ။၈၇)

ဇင်းအဋ္ဌကထာ၌ကား ဥက္ကာကရာဇ်မင်း ၃-ဆက်တို့တွင် တတိယမြောက်မင်းအား ဟတ္ထာ, စိတ္တာ, ဇန္တု, ဇာလိနီ, ဝိသာခါ-ဟူ၍ မိဖုရား ၅-ယောက် ရှိကုန်၏။ မိဖုရားကြီးသည် ဥက္ကာမုခ-စသော သားတော် ၄-ယောက်၊ ပိယာ, သုပ္ပိယာ, အာနန္ဒာ, ဝိဇိတာ, ဝိဇိတ-သေနာ-အမည်ရှိသော သမီးတော် ၅-ယောက်ကို ဖွားမြင်ပြီးလျှင် နတ်ရွာစံလေ၏။ မင်းကြီးသည် မင်းသမီးတစ်ယောက်ကို မိဖုရားမြှောက်၍ ထားသောအခါ သားတော်ဇန္တုကို ရရှိပြန်လေ၏။ သားဖွား၍ ၅-ရက်မြောက်မှာ မင်းကြီးအား တင်ပြလေလျှင် ဝမ်းမြောက်တော်မူသဖြင့် မိဖုရားအား အလိုရှိအပ်သော ဆုမြတ်ကို တောင်းဆိုဖို့ရန် ခွင့်ပြုလေ၏။(သီ၊၅၊၂၃၀)

မိဖုရားသည် ဆွေးမျိုးတို့နှင့် တိုင်ပင်လျက် "သားတော်အား မင်းအဖြစ်ကို ရလိုပါသည်"ဟု တောင်းခံလေ၏။ မင်းကြီး သဘောမကျသော်လည်း မိဖုရား၏ စွပ်စွဲအပ်သော မုသာဝါဒစကားကို ကြောက်သောကြောင့် သားတော်တို့ကို ခေါ်ပြီးလျှင် "ချစ်သားတို့၊ ခမည်းတော်သည် သင်တို့၏ညီငယ် ဇန္တုမင်းသားကို မြင်၍ မိဖုရားအား ဆုပေးမိချေပြီ။ သင်တို့သည် အလိုရှိသမျှ ယူကြပြီးလျှင် ထွက်သွားကြကုန်လော့။ ခမည်းတော် လွန်မှ မင်းပြုကြကုန်လော့"ဟူ၍ မိန့်ဆိုလျက် အမတ် ၈-ယောက်တို့နှင့်တကွ ပြည်မှ ထွက်သွား

စေ၏။ ဝိဓုရဇာတ်တော်နှင့်အညီ မင်းသားတို့သည် ခြွေရံအပေါင်းတို့နှင့်တကွ မလ္လာတိုင်း၊ ကုသဝတီအမည်ရှိသော ကုသိနာရုံပြည်မှ ထွက်ခွါသွားကြလေကုန်၏။

ဥက္ကာမုခ-စသော မင်းသား ၄-ယောက်တို့သည် ဗိုလ်ပါများစွာနှင့် ပြည်မှ ထွက်သွား၍ ဟိမဝန္တာသို့ ခရီးအစဉ်အားဖြင့် မြို့၏နေရာကို ရှာဖွေနေစဉ် ဘူမိဝိဇာအတတ်၌ လိမ္မာသော ဘုရားလောင်း ကပိလရသေ့နှင့် တွေ့ဆုံကြလေ၏။ ထိုအခါ အကြောင်းမျိုးကို ကြားသိစေသော် ရသေ့ကြီးသည် "ငါ၏ သခ်ၤမ်းရာ၌ တည်သော မြို့ရွာသည် အတုမရှိ။ တစ်ယောက်သောသူကို ဗိုလ်ခြေ ၁,၀၀၀-လည်း မနှိပ်စက်နိုင်။ စဏ္ဍာလပင်ဖြစ်သော်လည်း စကြဝဠာတေးလောက် ဘုန်းကြီးလတ္တံ့။ ဤနေရာ၌ မြို့တည်ပြီးလျှင် ထိုမြို့ကို ကပိလဝတ်-ဟု အမည်မှည့်ကြကုန်လော" ဤသို့ စသည်ဖြင့် မိန့်တော်မူလေ၏။ မင်းသားတို့လည်း ဘုရားလောင်းရသေ့ဆိုတိုင်း စီမံပြီးလျှင် ထိုအရပ်၌ပင် မြို့ရွာတည်၍ နေကြလေကုန်၏။

အမတ်ကြီးတို့လည်း မင်းသားတို့ အရွယ်ရောက်သည်ကို မြင်လျှင် အမျိုးမရောယှက်စေဘဲ အကြီးဆုံးဖြစ်သော နှမတော် ပိယာမင်းသမီးကို အမိအရာ၌ ထားလျက် မင်း ၄-ပါးတို့သည် နှမတော် ၄-ယောက်တို့နှင့် ပေါင်းသင်းနေထိုင်ကြကုန်၏။ ထိုအကြောင်းကို ခမည်းတော် ဥက္ကာဂရာဇ်မင်း ကြားသိလေသော် "သဂျ ဝတ ဘော ကုမာရာ"ဟူသော စကားဖြင့် ဝမ်းမြောက်၍ ၃-ကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်လေ၏။ မင်းကြီးစကားဖြင့် မင်းသားတို့၏အနွယ်ကို သာကီဝင်မျိုး-ဟု ခေါ်ဆိုကြလေ၏။ ကပိလရသေ့ တည်ထောင်သည်ကို အစွဲပြု၍ ကပိလဝတ်-ဟု ခေါ်ဆိုကြလေ၏။ ဤကား **သီလက္ခန်အဋ္ဌကထာ, ဋီကာ**တို့၏ စကားတည်း။ (သီ၊ဋ္ဌ။၂၃၁၊၂၃၂)

ယခုရှိပုံ အခြေအနေကို ဖာဟီယန်, ဟူယင်ဆင်ခေါ်သော တရုတ်ဘုန်းကြီးစာတမ်းအရဖြင့် ကျောက်စာမင်းကြီးတို့ သတ်မှတ်ထားပုံအတိုင်း ဖော်ပြဦးအံ့။ ဦးကိတ္တိရဟန်းတော်သည် ကုသိနာရုံမှ သွားရောက်ကြည့်ရှုရှာဖွေသောအခါ တွေ့ရှိသော ကပိလဝတ်ပြည်မှ နာဂရခါဆ်(Nagarkhas)ခေါ်သော ဌာနဟောင်းသည်ပင် ရှေးက ကပိလဝတ်ပြည် ဖြစ်ပေ၏။ ဖြစ်ဟန်ကား **တိပက်မဟာယာန ဗုဒ္ဓဘာသာကျမ်းဂန်၌** ကောသလတိုင်းအပါအဝင် ရောဟိ-ဏီမြစ်၏ ကမ်းပါးအနီးအပါးရှိ ရေအိုင်ကြီးအနားတွင် ကပိလဝတ်ပြည် တည်ရှိကြောင်းကို လာရှိ၏။ ထိုစကားသည် ဗုဒ္ဓဘာသာ ဟိနယာနဂိုဏ်းသားတို့အလိုနှင့်လည်း ညီညွတ်ပေ၏။

ထို့ကြောင့် ယခုကာလ ကျောက်စာဝန်ဘက်ဆိုင်ရာက ကပိလဝတ်ပြည်ကို သတ်မှတ်၍ပြသည်မှာ ဗဆတီစီရင်စု၌ ရာပတီခေါ်သော မြစ်လက်တက်, ကိုဟန်မြစ် ကမ်းပါးအနီးအပါးရှိ ကျန္ဒိုတာလ်ခေါ်သော ရေအိုင်သည် ရှိနေ၏။ ၎င်းရေအိုင်၏ အရှေ့ဘက်ကမ်းထိပ်၌တည်ရှိသော နဂရခါဆ်ခေါ်သော အထက်ပါနေရာသည်ပင်လျှင် ရှေးက ကပိလဝတ်

ပြည်ဖြစ်၏။ ၎င်းပြင် ကိုဟန်မြစ်သည် ယခုရှိ ရောဟိဏီမြစ်ပင် ဖြစ်ပေ၏-ဟု ဆုံးဖြတ်ဟော်ပြ၏။

ထိုကပိလဝတ်ပြည်၏ နယ်နိမိတ်အကျယ်အဝန်းကား ဟူယိုင်ဆင်မှတ်တမ်းစာအရ ဖြင့် လီပေါင်း ၄,၀၀၀-ရှိပေ၏။ ယခု အင်္ဂလိပ်မိုင်နှင့် တိုင်းထွာလျှင် စတုရန်း ၆၆၇-မိုင်ခန့်မျှ ရှိပေ၏။ ယာယရာမြစ်နှင့် ဂန္ဓကမြစ်အကြားကို မြေပုံပေါ်တွင် အဖြောင့်တိုင်းလျှင် မိုင်ပေါင်း ၅၀၀-ခန့်လောက် ရှိ၏။ ကုန်းလမ်းအတိုင်း တိုင်းလိုက်လျှင် မိုင်ပေါင်း ၆၀၀-ကျော်သဖြင့် ထိုခရီးသည်တို့၏အဆိုသည် ယုတ္တိရှိ၏။

သာဝတ္ထိပြည်နှင့် ကပိလဝတ်ပြည်၏ အကွာအဝေးမှာ ဖာဟီယန်ကျမ်းအရဖြင့် မိုင်ပေါင်း ၉၀-ခန့်လောက် ရှိ၏။ ဟူယိုင်ဆင်စာတမ်းဌကား ၈၃-မိုင်ရှိကြောင်းကို လာရှိ၏။ ယခုအခါ ကျောက်စာမင်းကြီး ကနိန်ဂဟမ်၏ အတိုင်းအထွာအားဖြင့် အင်္ဂလိပ်မိုင် ၈၁-မိုင် ရှိပေ၏။ ထို့ကြောင့် ဟူယိုင်ဆင် တရုတ်ဘုန်းကြီးစကားသည် သာလွန်၍ယုတ္တိရှိပေ၏။ ဤကား ကျောက်စာဝန်ဘက်ဆိုင်ရာစကားနှင့် နှိုင်းယှဉ်၍ပြအပ်သော စကားရပ်တည်း။

အချို့ဆရာများက ဗဆတီမြို့စီရင်စု မြောက်ဘက်အရပ် ပိပရဟဝါခေါ် ရွာ၏ အနီးအပါးကို ညွှန်းပြကြ၏။ အဘယ်ကြောင့်ဆိုသော် ၎င်းရွာ၏အနီးအပါး ရှေးဟောင်းစေတီပျက် ၁-ဆူကို ပီပီကျောက်စာဝန်သည် မြေပိုင်သူဌေး ၁-ယောက်ကို အတူးခိုင်းရာ ၎င်းနေ့ရာမှ ဓာတ်တော်ကြုတ် ၁-ခု ရ၏။ ထိုဓာတ်တော်ကြုတ်ကို ကုသ်နာရုံမှ သာကီဝင်မင်းတို့ ရလာသော ဓာတ်တော်ကို ဌာပနာထားခဲ့သော ဓာတ်တော်ကြုတ်-ဟု အထင်နှင့် ဆိုဟန်ရှိသည်။ ပိပရဟဝါရွာသည် လုမ္ဗိနီမှ ၈-မိုင် ဝေး၏။

အချို့ဆရာကား ကပိလဝတ်ပြည်သည် ဗဆတီစီရင်စု၊ ပိပရဟဝါရွာ၏ အနောက်မြောက်ထောင့်၌ အင်္ဂလိပ် ၁၀-မိုင်ခန့်ရှိ ယခုအခါ တိလောက်ရာကိုးဋ္ဌခေါ်သော အဆောက်အဦးသည်ပင်လျှင် ရှေးက ကပိလဝတ်ပြည် ဖြစ်၏-ဟု သမုတ်ကြ၏။ ထိုပညာရှိတို့သည် လုမ္ဗိနီမှ အနောက်မြောက် ၁၃-မိုင်၊ တိလောက်ရာကိုးဋ္ဌအရပ်မှ မြောက်ဘက် ၁-မိုင်ခွဲလောက်မှာ နိဂလီဝ(နိဂလီဟဝါ)ရွာ ရှိ၏။ ထိုရွာ၏ ကန်ပေါင်ရိုးအတွင်း၌ ကျိုးလျက်ရှိသော အသောကကျောက်စာကို တွေ့ရှိဟန် မတူကြ။ ထိုကျောက်စာ၏ အဓိပ္ပါယ်ကို ကျောက်စာခန်းတွင် ရှုလေ။

ကပိလဝတ်ပြည်သို့ ဖာဟီယန်တို့ ရောက်ကြသောအခါ တောအတိ ဖြစ်နေ၏။ "လူနေ အလွန်နည်း၍ တောအတိဖြစ်သောကြောင့် လမ်းခရီးတွင် ကျား,ဆင်များကို ကြောက်ရ၏"ဟု ၎င်းစာတမ်းဌ ပါရှိ၏။ ယခုအခါမှာကား ကျား,ဆင်များကို ကြောက်စရာ

မရှိ။ အနီးအပါးတို့မှာလည်း ရွာငယ်များ ရှိ၏။ လက်ညှိုးညွှန်ပြစရာ စေတီပုထိုးလည်း တစ်စုံတစ်ခုမျှ မရှိချေ။

----- × -----

[၁၄] ကပိလဝတ်ပြည် လမ်းခရီးအစီအစဉ်

ဘုရားဖူးသွားရောက်လိုသူတို့ သွားရောက်ကြည့်ရှုရန် အစီအစဉ်ကား ဂိုရခပုရ်မြို့မှ ဗဆတီ(Basti) ဘူတာသို့ သွားကြရမည်။ ၎င်းမှ ကျန္ဒြတာလ်ရေအိုင်ကြီးသို့ သွားရမည်။ ၎င်းရေအိုင်ကြီး၏ ကမ်းထိပ်မှ နဂရခါဆ်ခေါ်သော မြို့ဟောင်းရာသို့ သွားကြရမည်။ မော်တော်ကားနှင့်ဖြစ်စေ, မြင်းရထားနှင့်ဖြစ်စေ သွားနိုင်၏။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
ဂိုရခပုရ်မြို့	ဂိုရခပုရ်
ဗဆတီမြို့ဘူတာ	ဗဆတီဆတေသျှန်
ရေကန်ကြီး, ရေအိုင်ကြီး	ကျန္ဒြတာလ်တာလာပ်
ကပိလဝတ်ပြည်	နဂရခါဆ်

----- × -----

[၁၅] အနော်မာမြစ်အကြောင်း

ငါတို့ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ဝေနေယျသတ္တဝါတို့ကို ခေမာရပ်ခွင်သို့ တင်ဆောင်တော်မူခြင်းငှာ နန်း၏စည်းစိမ်ကို ပယ်စွန့်၍ ဆန္နအမတ်နှင့် မြင်းတော်ကဏ္ဍကကို ယူဆောင်လျက် သက်တော် ၂၉-နှစ်၊ သက္ကရာဇ် ၉၇-ခုနှစ်၊ ဝါဆိုလပြည့်၊ တနလင်္ဂနေ့၊ သန်းခေါင်ယံဝယ် ဥတ္တရာသာဠှနက္ခတ်နှင့် စန်းမြတ်ယှဉ်သည့်အခိုက်တွင် တောထွက်တော်မူလေ၏။ အလောင်းတော်သည် ၁-ညဉ့်ချင်းတွင် ယူဇနာ ၃၀-မျှသော ခရီးကို လွန်၍ စ-ဥသဘကျယ်သော အနော်မာမြစ်ကို ခုန်သဖြင့် ထိုမှာဘက်ကမ်း၌ တည်လေ၏။ ထို့နောက် မကိုင်ရှနှင့်တကွ ဆံတော်ကို သန်လျက်ဖြင့် ဖြတ်တော်မူ၍ ဓိဋ္ဌာန်တော်မူပြီးလျှင် ကောင်းကင်သို့ လွှင့်ပစ်တော်မူလေ၏။ ထိုဆံတော်ကို သိကြားမင်း ယူဆောင်ပြီးလျှင် စူဠာမဏိပုထိုးတည်၍ ကိုးကွယ်ထားလေ၏။

ထို့နောက် ယဉ့်ကာရပြဟ္မာမင်းသည် ပရိက္ခရာ ၈-ပါးနှင့်တကွ ကြာသက်နန်းအစုံကို ကပ်လာလေလျှင် ထိုပရိက္ခရာ, ကြာသက်နန်းဖြင့် ရဟန်းပြုတော်မူလေ၏။ ယဉ့်ကာရပြဟ္မာကြီးသည် လဲတော်မူသော ပုဆိုးတော်ကို ယူဆောင်ပြီးလျှင် အကနိဋ္ဌဘုံ၌ ဒုဿစေတီတည်၍ ကိုးကွယ်ထားလေ၏။ ဆန္နအမတ်နှင့် ကဏ္ဍကမြင်းတော်ကို ပြန်ကြလေ-ဟု စေတော်မူသဖြင့် ပြန်ကြလေသော် အနော်မာမြစ်တဖက်သို့ ရောက်လျှင် မြင်းတော် သေဆုံး၍ တာဝတိံသာ၌ နတ်သားဖြစ်လေ၏။ ဆန္နအမတ်သည် နန်းတော်သို့ ရောက်၍ ခမည်းတော်,မယ်တော်တို့အား အကြောင်းမျိုးကို ကြားသိစေ၏။ ဤကား ဇိနတ္ထ-စသော ကျမ်းဂန်၏အလိုတည်း။

ဇမ္ဗူဒီပါ ဣန္ဒိယနယ်ပုံကျမ်း၌ကား "အနော်မာမြစ်သည် ကပိလဝတ်ပြည်နှင့် ရာဇဂြိုဟ်ပြည်အကြား ယူဇနာ ၃၀-စီ ကွာခြားသောအရပ်တွင် ၈-ဥသဘ အနုံကျယ်သော အနော်မာမြစ်သည် ရှိ၏-ဟု သုတ္တနိပါတ်အဋ္ဌကထာ၌ လာရှိ၏"ဟူ၍လည်းကောင်း၊ ၄-တောင်တာနှင့် ၂၅-ပြန်လျှင် ၁-ဥသဘဖြစ်၏။ ၈-ဥသဘတွင် တာ ၂၀၀-ရှိသောကြောင့် "တာပေါင်း ၂၀၀-အကျယ်ရှိ၏"ဟူ၍လည်းကောင်း၊ အနော်မာခွင် ငွေသဲပြင်-ဟူသော ပေါရာဏစကားအရ အနော်မာမြစ်၏ ကမ်း ၂-ဖက်ကို ငွေအဆင်းကဲ့သို့ ဖွေးဖြူသော သဲသောင်ပြင်ရှိ၏-ဟူ၍လည်းကောင်း လာရှိ၏။

အနော်မာမြစ်၏ ယခုရှိပုံ အခြေအနေကား ဗဆတီမြို့စီရင်စုရှိ ကျန်ဒေါက်လီရွာ၏ အနောက်မျက်နှာအနီးအပါး အောင်မီ(Aumi)ခေါ်သော မြစ်သည်ပင်လျှင် ရှေးက ဘုရားလောင်းဖြတ်ကူးသော အနော်မာမြစ် ဖြစ်၏။ ယခုရှိ ကျန်ဒေါက်လီရွာမှပင် ဘုရား-လောင်းတော် ဖြတ်ကူးလေ၏။ ကျန်ဒေါက်လီရွာမှ မြောက်ဘက် ၃-မိုင် အဝေးအကွာ၌ ကျူရေယ်ခေါ်သော ရွာသည် ရှိ၏။ ၎င်းရွာ၌ပင် ဘုရားလောင်း ဆံတော်ပယ်၏။ ကျန်-ဒေါက်လီရွာမှ အရှေ့တောင်အရပ် ၃-မိုင်ခွဲလောက်တွင် ကဆေယရ်အမည်ရှိသော ရွာရှိ၏။ ၎င်းရွာ၌ပင် ဘုရားလောင်း သက်နန်းဝတ်တော်မူ၏။ အနော်မာမြစ်သည် အထက်ပါ ကပိလဝတ်ပြည်မှ အရှေ့ဘက် အင်္ဂလိပ်မိုင် ၄၀-ရှိ၏။ ဤကား ကျောက်စာမင်းကြီးတို့ အလိုတည်း။

အခြို့ပညာရှိကား ဂိုရခပုရ်မြို့နှင့် ဗဆတီမြို့၏အကြား ခလီလာဗာဒ်(khalilabad) ခေါ်သော ဘူတာမှ တောင်ဘက် ၅-မိုင်အကွာ၌ တာမေဆွရ်ခေါ်သော ဟိန္ဒူနတ်ကွန်း ရှိ၏။ ၎င်းနတ်ကွန်း၏ ကုန်းမြင့်ကြီးတလျှောက် တောင်,မြောက်အားဖြင့် ၁-မိုင်လောက်ရှိ ရှေးဟောင်းအဆောက်အဦးပျက်ကြီး ၁-ခုရှိ၏။ ၎င်းမှ အရှေ့မြောက်ထောင့် ၁-မိုင်လောက်

တွင် ခုဒဝါနာရာခေါ်သော မြစ်ကို အနော်မာ-ဟု သမုတ်ပြီးလျှင် ဆန္ဒအမတ်ကို ပြန်စေရာ၌ စေတီ ၁-ဆူ, ဆံတော်ပယ်ရာ၌ စေတီ ၁-ဆူ, သင်္ကန်းဝတ်တော်မူရာ၌ စေတီ ၁-ဆူ ရှိကြောင်းကို ညွှန်းပြ၏။ ဦးကိတ္တိရဟန်းတော် သွားရောက်ကြည့်ရှုလျှင် ရေမရှိသော ချောင်းငယ် ၁-ခုသာ ရှိ၏။ စေတီမှာမူကား အရာမျှ မရှိချေ။ ယုတ္တိလည်း မရှိ။

----- × -----

[၁၆] အနော်မာမြစ် လမ်းခရီးအစီအစဉ်

ဘုရားဖူးသွားလိုသူတို့ သွားရောက်ရန် အစီအစဉ်ကား ဗဆတီ(Basti)မြို့မှ ကျန်-ဒေါက်လီခေါ်သော ရွာသို့ သွားရမည်။ ၎င်းရွာ၏ အနောက်မျက်နှာအနီးအပါး အောင်မိခေါ်သော အနော်မာမြစ်သို့ သွားရမည်။ ၎င်းမှ ကျူရေယ်ရွာ, ကဆေယရ်ရွာသို့ သွားရမည်။ နဂရခါဆ်ခေါ်သော ကပိလဝတ်ပြည်မှ နှိုင်းယှဉ်လျှင် အရှေ့ဘက် အင်္ဂလိပ်မိုင် ၄၀-ရှိ၏။

စာကြည့်သူတို့သည် အဆိုပါ စကားရပ်များတို့ကို ဆင်ခြင်၍ ကြည့်ရှုလျှင် သိနိုင်လောက်ကုန်ပြီ။ အကျယ်ကို သိလိုလျှင် ကနိန်ဂဟမ်စာအုပ်ကို ရှုကြလေ။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
ဗဆတီမြို့ဘူတာ	ဗဆတီဆတေသျှန်
ကျန်ဒေါက်လီရွာ	ကျန်ဒေါက်လီ ဂံ၀်
အနော်မာမြစ်	အောင်မိနဒီ
ဆံတော်ပယ်ရာ	ကျူရေယ်
သင်္ကန်းဝတ်ရာ	ကဆေယရ်

----- × -----

[၁၇] ကောလိယပြည်အကြောင်း

တရံရောအခါ ဥက္ကာမုခ-စသော မင်း ၄-ပါးတို့၏ နှမတော်အကြီးဆုံးအား နူနာရောဂါစွဲကပ်လေလျှင် မောင်တော်တို့သည် နှမတော်ကို ရထားဖြင့် တင်၍ တောအရပ်သို့ ယူဆောင်ပြီးလျှင် မြေကို အိမ်ကဲ့သို့ တွင်းတူးစေလျက် အစာအာဟာရနှင့်တကွ ထိုမြေ

ခေါင်းခ် သွင်းထားပြီးလျှင် ဖျဉ်ချပ်တို့ဖြင့် ပိတ်ထားခဲ့လေ၏။ ထို့နောက် ဗာရာဏသီပြည်၊ ရာမမင်းကြီးသည်လည်း နှုနာရောဂါ စွဲကပ်သောကြောင့် သားကြီးအား တိုင်းပြည်ကို အပ်နှင်းပြီးလျှင် ထိုမင်းသမီးနေရာ၌ သခ်ိမ်း ၁-ခု ပြုလုပ်နေလေ၏။

ထိုအခါ သစ်မြစ်,သစ်သီးတစ်ခုခုကို စားမိသောကြောင့် ၎င်းရောဂါမှ ကင်းဖျောက်လေ၏။ တောအရပ်၌ လှည့်လည်စဉ်ဝယ် သစ်ခေါင်းကြီး ၁-ခု၌ လှေကားကို ပြုပြင်လျက် သားသမင်တို့ကို အမှတ်ပြု၍ အိပ်နေလေ၏။ မိုးလင်းလေသော် အသံကြားရာသို့ လိုက်သွား၍ သစ်,ကျားတို့၏ စားကြွင်းကို ချက်ပြုတ်စားနေလေ၏။

တစ်နေ့သ၌ မိုးသောက်ယံတွင် မီးမွှေးနေစဉ် ကျား ၁-ကောင်သည် မင်းသမီးအထံသို့ လာရောက်ပြီးလျှင် ဖျဉ်ချပ်ကို လျက်နေလေ၏။ မင်းသမီးမြင်လျှင် ကြောက်လန့်သဖြင့် ဟစ်အော်လေ၏။ ထိုမင်းသမီးအသံကို ရာမမင်းကြီး ကြားလတ်သော် အနားသို့ ချဉ်းကပ်လျက် အကြောင်းမျိုးကို မေးပြီးလျှင် "ထိုတွင်းမှ ထွက်ခဲ့လော့"ဟု ဆို၏။ မင်းသမီးလည်း "ဉက္ကာကရာဇ်မင်း၏ သမီးတော်ဖြစ်၏။ နှုနာရှိသောကြောင့် မထွက်ဝံ့ပါ"ဟု ပြောဆိုလေက "ငါလည်း ဗာရာဏသီပြည် ရာမမင်း ဖြစ်၏"ဟု ပြောဆိုလေ၏။ ထိုအခါ မင်းကြီးသည် မင်းသမီးကို တွင်းမှ ထုတ်ဆောင်ပြီးလျှင် မိမိနေရာ သစ်ခေါင်းကြီးသို့ ယူဆောင်လာလေ၏။ မင်းကြီးသည် မိမိစားသော ဆေးမြစ်ကို စားစေ၏။ မင်းသမီး၏ နှုနာသည်လည်း ထိုဆေးမြစ်ကြောင့် ကင်းဖျောက်၍ ရွှေအဆင်းကဲ့သို့သော ခန္ဓာကိုယ်ကို ရလေ၏။ မင်း ၂-ပါးပျော်ပါးနေကြရာ အစဉ်အတိုင်း ၃-ကျိပ် ၂-ယောက်ကုန်သော မင်းသားတို့ကို ရပြန်လေ၏။

တစ်နေ့သ၌ ဗာရာဏသီမြို့သား မုဆိုးတစ်ယောက်သည် မင်းကြီးနှင့် လာရောက်တွေ့ဆုံ၍ အဖြစ်အပျက်ကို သိသောအခါ ရာမမင်း၏ သားတော်ထံသို့ ပြန်ရောက်အကြောင်းကြားလေ၏။ သားတော်လည်း ခမည်းတော်ထံသို့ လာရောက်ပြီးလျှင် တိုင်းပြည်ကို အပ်နှံပြန်လေ၏။ ခမည်းတော်မင်းကြီးသည် "ငါ အလိုမရှိပြီ။ ဤအရပ်၌ပင် မြို့တည်ထောင်ပေးလော့"ဟု အမိန့်ရှိ၏။ သားတော်သည် ခမည်းတော်ဆိုတိုင်း ကောလ မည်သော သစ်ပင်ကို ရှင်းလင်း၍ မြို့,ရွာတည်လေသောကြောင့် ထိုနေရာကို ကောလမြို့-ဟူ၍လည်းကောင်း၊ သစ်,ကျားတို့၏ခရီးလမ်း၌ တည်သောကြောင့် ဗျဃ္ဃပထမြို့-ဟူ၍လည်းကောင်း ခေါ်ဆိုကြလေ၏။

သုတ်မဟာဝါအဋ္ဌကထာ(၂၆၇), ဓမ္မပဒအဋ္ဌကထာ၌ကား ကောလိယ-ဟု လာရှိ၏။ သစ်ပင်တို့ကို ကလောပင်-ဟူ၍ အသီတိနိပါတ်၊ မဟာကုဏာလဇာတ်၌ လာရှိ၏။ မင်းသားတို့သည် မယ်တော်တို့၏စကားကို ရရှိသောကြောင့် ကပိလဝတ်ပြည်၌ ဦးရီးတော်တို့၏

သမီးတော်တို့တွင် အလိုရှိရာ မင်းသမီးတို့ကို ရေဆိပ်မှ ယူဆောင်လာပြီးလျှင် အမည်တို့ကို ပြောဟောလျက် သွားကြလေကုန်၏။ သာကီဝင်မင်းတို့သည် ထိုအကြောင်းကို ကြားသိကြသောအခါ "ငါတို့၏ အမျိုးအနွယ်ဖြစ်ပေသည်"ဟု သဘောထားကြပြီးလျှင် ငြိမ်သက်စွာ နေကြလေကုန်၏။ ဤကား သီလဂုန်အဋ္ဌကထာနှင့်အညီ သာကီဝင်မင်းနှင့် ကောလိယမင်းတို့၏ အကြောင်းတည်း။ (သီ၊ဋ္ဌ။၂၃၃၊၂၃၄)

ကောလိယပြည်၏ ယခုရှိပုံ အခြေအနေကား အထက်ဖော်ပြခဲ့သော ကပိလဝတ်-ဟု ခေါ်ဆိုသော နဂရခါဆ်အရပ်မှ အရှေ့ဘက် ၁၁-မိုင်အကွာ၌ အမွှကိုဟိလ်ခေါ်သော ရွာ ရှိ၏။ ၎င်းရွာသည်ပင်လျှင် ရှေးဟောင်း ကောလိယပြည် ဖြစ်၏။ ဤကား ကျောက်စာမင်းကြီး ကနိန်ဂဟမ်၏ သတ်မှတ်ဖော်ပြသော အဆုံးအဖြတ် စကားရပ်တည်း။ အကျယ်ကို လိုလျှင် ကနိန်ဂဟမ်စာကို ရှုလေ။

----- × -----

[၁၈] ကောလိယပြည် လမ်းခရီးအစီအစဉ်

သွားရောက်ရန် အစီအစဉ်ကား ဗဆတီ(Basti) မြို့ဘူတာမှ ကပိလဝတ်ခေါ်သော နဂရခါဆ်အရပ်သို့ သွားကြပြီးလျှင် ၎င်းမှ မိုကဆန်မြို့ငယ်သို့ သွားကြရမည်။ ၎င်းမြို့မှရှေ့ ကိုဟာန်မြစ်ကို ကူးပြီးလျှင် အမွှကိုဟိလ်ခေါ်သော ကောလိယသို့ သွားကြလေ။ ယခုအခါ ထိုနေရာမှာ အထိမ်းအမှတ် စေတီ,ပုထိုး တစ်စုံတစ်ခုမျှ မရှိချေ။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ဂိုရခပုရ်မြို့	ဂိုရခပုရ်
ဗဆတီဘူတာ	ဗဆတီဆတေသျှန်
ကပိလဝတ်ပြည်	နဂရခါဆ်
မိုကဆန်မြို့	မိုကဆန်သျှဟရ်
ကိုဟာန်မြစ်	ကိုဟာန်နဒီ
ကောလိယ	အမွှကိုဟိလ်

----- × -----

[၁၉] ဒေဝဒဟပြည်အကြောင်း

ဒေဝဒဟပြည်မှာ ကပိလဝတ်ပြည်နှင့် ကောလိယပြည်၊ ၎င်း ၂-ပြည်တို့၏အကြားခွဲ ရောဟိဏီမြစ်ရှိကြောင်းကို သုတ်မဟာဝါအဋ္ဌကထာ(၂၆၆), ဓမ္မပဒအဋ္ဌကထာ, အင်္ဂုတ္တရ-အဋ္ဌကထာတို့၌ လာရှိ၏။ ဒေဝဒဟပြည်အကြောင်းကား မပါရှိချေ။ ဝိဓုရဇာတ်၌ ဥက္ကာမုခ မင်း၏ ညီတော်တို့သည် ဒေဝဒဟပြည်ကို တည်ကြကုန်၏-ဟု ပါရှိ၏။

မှန်နန်းရာဇဝင်၌ ကပိလဝတ်ပြည်၊ သာကီဝင်မင်းတို့သည် နတ်ရေကန်ကြီးအနီး၌ မင်းတဲများ ဆောက်လုပ်၍ ရေပွဲသဘင် ပျော်ရွှင်ကစားကြကုန်၏။ ထိုသို့ ကစားကြရာ မင်းတဲကို အစွဲပြု၍ မြို့,ရွာတည်လေ၏။ ရေအိုင်ကြီး၏အနီး၌ မြို့,ရွာတည်သည်ကို အစွဲပြု၍ ဒေဝဒဟပြည် တွင်ကြောင်းကို ပါရှိ၏။ ထိုဒေဝဒဟမင်းတို့လည်း ကပိလဝတ်နှင့် ကောလိယ မင်းတို့ကဲ့သို့ ဆင်,မြင်း,ဗိုလ်ပါနှင့်တကွ ထီးဖြူဆောင်းမင်း ဖြစ်ကြကုန်၏-ဟု ဆိုပေ၏။ ဤကား **ဇမ္ဗူဒီပါ ဣန္ဒိယနယ်ပုံကျမ်း၏အလိုတည်း**။ ယခုအခါ ထိုဒေဝဒဟပြည်သည် အမည် အားဖြင့် မထင်ရှားသေး။ ကျောက်စာဘက်ဆိုင်ရာကလည်း ရှာဖွေ၍ မတွေ့ရှိရသေး။

----- × -----

[၂၀] ရာမရွာအကြောင်း

ဤရာမရွာ၌ ရှေးအခါက ကောလိယမင်းမျိုးတို့သည် မင်းပြုကြလေ၏။ ထိုမင်းတို့ သည် ကုသိနာရုံပြည်တွင် ဘုရားပရိနိဗ္ဗာန်စံယူကြောင်းကို ကြားသိကြ၍ မလ္လာမင်းတို့ထံမှ ဓာတ်တော်ဝေစုကို ရကြလေကုန်၏။ ထိုအခါ ရရှိသမျှ ဓာတ်တော်ဝေစုကို ယူဆောင်ကြပြီး လျှင် မိမိတို့တိုင်းပြည်မှာ ဓာတ်တော်စေတီပြုလုပ်လျက် ကိုးကွယ်ထားကြလေကုန်၏။ စေတီ၏အနားတွင် ရေအိုင်ကြီးတစ်ခုက နဂါးတစ်ကောင်သည် အမြဲမပြတ် ဆည်းကပ်ကိုး ကွယ်နေကြောင်းကို ဖာဟီယန်-စသော စာတမ်း၌ လာရှိ၏။ ယခုအခါမှာမူကား တစ်စုံတစ်ခု မရှိချေ။ နေရာဌာနကိုကား မှုချအားဖြင့် မပိုင်းခြားနိုင်။ သို့သော် ကျောက်စာဝန်, ကျောက်စာ မင်းကြီးတို့ သတ်မှတ်၍ ထားသည်ကို ဖော်ပြလိုက်ပေအုံ့။

ရာမရွာကို ဖာဟီယန်ကျမ်းစာအရဖြင့် ကပိလဝတ်ပြည်မှ အရှေ့ဘက် ၅-ယူဇနာ ရှိ၏။ ထို ၅-ယူဇနာကို အင်္ဂလိပ်မိုင်ဖြင့် ပိုင်းခြားလျှင် ၃၅-မိုင်သာ ရ၏။ ဟူယင်ဆင်ကျမ်း အလိုအားဖြင့် ကပိလဝတ်ပြည်မှ အရှေ့ဘက် လီပေါင်း ၂၀၀-ရှိ၏။ ထိုလီပေါင်း ၂၀၀-

ကို အင်္ဂလိပ်မိုင်ဖြင့် ပိုင်းခြားလျှင် ၃၃ $\frac{1}{2}$-မိုင်ရှိ၏။ ယခုရှိပုံနှင့် ထိုခရီးသည် ၂-ယောက်တို့၏ အနော်မာမြစ်သို့ သွားကြသော ခရီးစဉ်အကွာအဝေးကို နှိုင်းဆလိုက်လျှင် ခရီးအကွာအဝေး မညီကြ။

ဣန္ဒိယမဟာယာန ဗုဒ္ဓဘာသာကျမ်းဂန်တို့က ကပိလဝတ်ပြည်မှ ၆-ယူဇနာဟု ဆို၏။ ထိုစကားသည် သာလွန်၍ ယုတ္တိရှိ၏။ အဘယ်ကြောင့်ဆိုသော် နာဂရခါဆ်ခေါ်သော ကပိလဝတ်ပြည်မှ အရှေ့ဘက် အနော်မာမြစ်သည် မိုင်ပေါင်း ၄၀-ရှိ၏။ အထက်ပါ ခရီးသည် ၂-ယောက်တို့၏ သွားလာကြပုံကို ချင့်ချိန်ဆင်ခြင်လျှင် ကပိလဝတ်နှင့် အနော်မာခရီးအကွာအဝေးကို ၃-ပုံပုံ၍ ၂-ပုံခန့်၌သာ ရာမရှာ ရှိသင့်၏။ ထို့ကြောင့် ၄-ယူဇနာ သို့မဟုတ် ၂၈-မိုင်ခန့်သာ အကွာအဝေးရှိသင့်၏-ဟု မြဲမြံစွာ မှတ်အပ်၏။

ဤ ၂၈-မိုင်ခန့်၌ ယခုကာလ ဒီအိုကာလီ(Deokali)ခေါ်သော ရွာ ၁-ရွာရှိ၏။ ၎င်းရွာ၏ အနီးအပါးတွင်လည်း ရှေးဟောင်း အုတ်အဆောက်အအုံဖျက်တို့သည် ရှိကုန်၏။ ဤဒီအိုကာလီခေါ်သော ရွာကိုပင်လျှင် ရှေးက ရာမရှာ-ဟု မှတ်ယူအပ်၏။ ဤကား ကျောက်စာမင်းကြီး ကနိန်ဂဟမ်၏ အဆိုအတိုင်း ဖော်ပြအပ်သော စကားရပ်တည်း။

----- × -----

[၂၁] မောရိယမြို့၊ အဂ်ါရထူပစေတီအကြောင်း

မဟာဝင်္ဂ လာရှိသည်မှာ ငါတို့မြတ်စွာဘုရားရှိစဉ်ကပင် ဝိဒူဋ္ဌဗမင်းသည် သာကီ-ဝင်မင်းတို့ကို ဖျက်ဆီးလေ၏။ ထိုအခါ သာကီဝင်မင်း အချို့အချို့တို့သည် အသက်ဘေးမှ လွတ်လိုရှိ၍ ဟိမဝန္တာ၏အနီးအပါး တောအုပ် ၁-ခုကို မှီခိုလျက် မြို့,ရွာတည်၍ နေကြလေကုန်၏။ ထိုအရပ်မှာ ဥဒေါင်း,ကြိုးကြာတို့၏ အသံဖြင့် သာယာဖွယ်ရှိရကား ထိုဌက်တို့၏ အသံကို အစွဲပြု၍ ထိုမြို့,ရွာကိုပင် **မောရိယ**-ဟု ခေါ်ဆိုသမုတ်ကြလေ၏။

မောရိယမင်းတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော်မူပြီးနောက် ဓာတ်တော်အမွေခံလိုရှိ၍ လာရောက်တောင်းခံကြလေလျှင် ၈-ပြည်ထောင်မင်းတို့သည် အသီးသီးယူဆောင်ကြလေသောကြောင့် တစ်ဆူသော ဓာတ်တော်ကိုမျှ မရကြလေကုန်။ ထိုအခါ သခ္ခိုင်းတော်မှ စန္ဒကူးမီးသွေးများကို ယူဆောင်ကြပြီးလျှင် "**ပိပ္ပလိဝနိယာပိ မောရိယာ ပိပ္ပလိဝနေ အဂ်ါရာနံ ထူပဋ္ဌ မဟဋ္ဌ အကံသု**"ဟူ၍ သုတ်မဟာဝါပါဠိတော်၊ ပရိနိဗ္ဗာနသုတ် (၁၃၈)နှင့်အညီ မောရိယမင်းတို့သည်လည်း ညောင်ကြတ်တောမှာ စန္ဒကူးမီးသွေးတို့၏

စေတီတော်ကို တည်ပြီးလျှင် ပူဇော်ကြကုန်၏။ ၎င်းစေတီတော်ကား ၁၀-ခုမြောက် စေတီတော်ပင် ဖြစ်ပေ၏။ ဤကား ပါဠိဘာသာဖြင့် ညွှန်းပြအပ်သော စကားရပ်တည်း။

မောရိယမြို့၏ ယခုရှိပုံ အခြေအနေမှာကား ဟာဟိယန်ကျမ်းဌ် အနော်မာမြစ်မှ အရှေ့ဘက် ၄-ယူဇနာတွင် မောရိယမြို့ရှိ၏-ဟု လာရှိ၏။ ထို ၄-ယူဇနာကို အင်္ဂလိပ်မိုင်ဖြင့် ပိုင်းခြားလျှင် ၂၈-မိုင်သာ ရ၏။ ဟူယင်ဆင်စာတမ်းဌ်ကား မောရိယမြို့သည် အနော်မာမြစ်မှ အရှေ့တောင်ထောင့်အရပ် လီပေါင်း ၁၈၀-သို့မဟုတ် ၁၉၀-ခန့်သာသာရှိကြောင်းကို ပါရှိ၏။ ၎င်းလီပေါင်းကို အင်္ဂလိပ်မိုင်ဖြင့် နှိုင်းယှဉ်လျှင် ၃၀-သို့မဟုတ် ၃၂-မိုင်လောက်ရှိ၏။

ထိုခရီးသည်တို့ စကားကို ထောက်ဆ၍ ကြည့်လိုက်လျှင် ယခုအခါ အောင်မိခေါ်သော အနော်မာမြစ်မှ အရှေ့တောင်ခပ်ယွန်းယွန်းဌ် ရုဒြပုရ်ရွာ၏ အနောက်မြောက်ထောင့်အနီးအပါးတွင် ဆဟန်ကိုးဌ်ခေါ်သော ရှေးဟောင်းဗုဒ္ဓဘာသာ အဆောက်အဦးပျက်ကြီး ၁-ခု ရှိ၏။ ထိုနေရာကို ဘူကျနန် အမည်ရှိသော ကျောက်စာဝန် တူးဖော်သော အခါ ဗုဒ္ဓဘာသာ ရုပ်တု,ဆင်းတုတော်တို့ကို အမြောက်အမြား ရရှိလေ၏။ ထိုဆဟန်ကိုးဌ်ခေါ်သော နေရာကိုပင်လျှင် အင်္ဂါရထူပစေတီတည်ရာ မောရိယပြည်-ဟု မှတ်ယူအပ်၏။ အနော်မာမြစ်မှ မြေပုံပေါ်ဌ် ဖြောင့်ဖြောင့်တိုင်းလျှင် မိုင်-၂၀၊ လူလမ်းအတိုင်း နှိုင်းယှဉ်လျှင် ၂၅-မိုင်ကျော်ရှိ၏။ ဤကား ကျောက်စာမင်းကြီးတို့ အတည်ပြု၍ ဖော်ပြသော စကားရပ်တည်း။

ယခုအခါ တွေ့ရှိရသော အဆောက်အဦးကို ပြဆိုပေအုံ့။ ယခုအခါ ရုဒြပုရ်၊ ရှေးအခါက မောရိယပြည်သည် ဂေါက်ရီဘူတာမှ တောင်ဘက်အရပ် ၁၀-မိုင်ခရီးဌ် တည်ရှိ၏။ ရုဒြပုရ်ရွာ၏ ပတ်လည်ထက်ဝန်းကျင် ၄-မိုင်, ၅-မိုင်အတွင်းမှာ အုတ်,ကျောက်ရောပြွမ်းလျက်ရှိ၏။ ရွာ၏အနောက်မြောက်တွင် မိုင်ဝက်ခန့်လောက်မှာ ဆဟန်ကိုးဌ်ခေါ်သော ခံတပ် မြို့ဟောင်းကြီးတစ်ခုရှိ၏။ ထိုမြို့တွင်းမှ တူးဖော်ရရှိသမျှသော ဘုရား,အဆောက်အဦးများကို ကျောက်စာဝန်ဘက်ဆိုင်ရာက ယူဆောင်ပြီးလျှင် ဆိုင်ရာပြတိုက်တို့မှာ ဖော်ပြထားလေပြီ။

၎င်းခံတပ်မြို့ဟောင်း၏ အရှေ့ဘက်ဌ် ဒူဓနာထ်ခေါ်သော ဟိန္ဒူဘုရားကျောင်း၊ ထိုကျောင်း၏အရှေ့က ကျုံးမြောင်းကြီး ၁-ခုရှိ၏။ အရှေ့တောင်ရပ်ဌ် ဗုဒ္ဓဘာသာစေတီငယ် ၁-ခု၊ ၎င်းသည် လမ်းနားတွင် ကပ်လျက်ရှိ၏။ ရဝိပြတာပ်နာရာယဏ်ဆိုဂ်-အမည်ရှိသော စော်ဘွားတိုက်၏ အရှေ့မြောက်ဌ် ရာမစကြခေါ်သော စေတီပျက်ကြီး ၁-ဆူ၊ ၎င်းစေတီပေါ်ဌ် ယခုအခါ ဟိန္ဒူနတ်ကွန်း ဖြစ်လေပြီ။ ထိုစေတီ၏ အရှေ့ဘက်ဌ် သျှိဝလဒဟတာလာဗ်

ခေါ်သော ရေအိုင်ကြီး၊ ၎င်းရေအိုင်ကြီး၏အလျား အရှေ့,အနောက်အားဖြင့် ၁-မိုင်သာသာ လောက် ရှိ၏။

၎င်းပြင် အမောင်နီ, အဓာရဂီရွာတို့မှာလည်း ရှေးဟောင်းအပျက်အစီး အဆောက် အဦးများ ရှိကုန်၏။ ဒုဓနာထ်ခေါ်သော ဟိန္ဒူဘုရားကျောင်း၏အဝင်ဝက အထက်တံခါး ဘောင်၌ "ဥံ ယောဂီ ပြယာဂေဝါသယောဂီ လေခိတား"ဟူသော စာတမ်းတစ်ခုရှိ၏။ အဓိပ္ပါယ် မှာ ဘုရား, ရဟန္တာ, ယောဂီပုဂ္ဂိုလ်တို့၏ နေထိုင်ရာဖြစ်သော ပြယာဂ်မြို့နေ ယောဂီပုဂ္ဂိုလ် တစ်ယောက်သည် ဤစာတမ်းကို ရေးသားအပ်ပြီ။ ဤစာတမ်းကို ကျောက်စာဝန်တို့က လွန်ခဲ့သော နှစ်ပေါင်း ၁၃၀၀-လောက်ကပင် ရေးထိုးထားခဲ့သော စာတမ်း-ဟု ဖော်ပြကြ ကုန်၏။

----- × -----

[၂၂] အဂ်ါရထူပစေတီ လမ်းခရီးအစီအစဉ်

ဗာရာဏသီမှလည်းကောင်း သို့မဟုတ် ဂိုရခပုရ်မြို့မှလည်းကောင်း ဂေါက်ရီဘူတာ (Gauri Bazar)သို့ သွားပြီးလျှင် ၎င်းမှ တောင်ဘက် ၁၀-မိုင်ခရီး ဆဟန်ကိုးဌ်ခေါ်သော မောရိယမြို့သို့ သွားကြလေ။ မော်တော်ကား ရနိုင်၏။ တည်းခိုရန် ဓမ္မသာလာ မရှိ။ သို့သော် ရုဒြပုရ်ရွာ၌ သျှိဝဒတ္တတေဝါရီခေါ်သော ရွာသူကြီးအိမ်၌ ခေတ္တတည်းခို၍ မေးမြန်း နိုင်သည်။ ယခုအခါ မောရိယမြို့သည် ဂိုရခပုရ်စီရင်စု၌ ရှိ၏။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
ဂေါက်ရီဘူတာ	ဂေါက်ရီဆတေသျှန်, ဂေါက်ရီဗဇာရ်
မောရိယပြည်	ဆဟန်ကိုးဌ်, ရုဒြပုရ်
ကျုံးမြောင်းကြီး	ဆာဂရ်
စေတီပျက်ကြီး	ရာမကျကြ
ရေအိုင်ကြီး	သျှိဝလဒဟတာလာဗ်

ဒုတိယကဏ္ဍ ပြီးပြီ။

★ ★ ★ ★ ★ ★ ★

{ ၃ } တတိယကဏ္ဍ

[၁] ကာသီတိုင်း၊ ဗာရာဏသီပြည်အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ကုသိနာရုံ၏အနီးအပါးရှိ အရပ်ဒေသများတို့ကို သွားရောက်ရှုမြင် မှတ်တမ်းတင်ပြီးလျှင် ကုသိနာရုံ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ အမိန့်တော်မြတ်ကို ဦးခေါင်းပေါ်တင်၍ ကောဇာသက္ကရာဇ် ၁၂၈၈-ခု၊ ပထမဝါဆိုလဆန်း ၁-ရက်၊ နံနက် ၆-နာရီအချိန်ကို ထွက်သွားလေရာ ညနေ ၅-နာရီ၌ ဗာရာဏသီမြို့တော်ကြီးသို့ ဆိုက်ရောက်လေ၏။ ထိုမြို့၌ သီတင်းသုံးနေကြကုန်သော ဦးဥတ္တမ, ဦးအေသုခ, ဦးကိတ္တိမ-အစရှိသော ရဟန်းတော် ၈-ပါးနှင့် တွေ့ဆုံလေရာ အစဉ်မှတ်သားဖွယ်ကောင်းသော ပဋိသာရဏီယစကားဖြင့် တိုင်ပင်ပြောဟောနေကြရ၏။

ဗာရာဏသီပြည်၏ အထူးကား-

၁။ ဒသကနိပါတ်၊ သခ်ၣတ်(၂၀၇)၌ ဤဗာရာဏသီမြို့သည် မောဠိနိအမည်၊

၂။ ဧကာဒသကနိပါတ်၊ ဥဒယဘဒ္ဒဇာတ်(၂၃၄)၌ သုရုန္ဓနအမည်၊

၃။ ၎င်းနိပါတ်၊ ယုဝဥ္စယဇာတ်(၂၃၆)၌ ရမ္မာ(ရမ္မက)အမည်၊

၄။ စတ္တာလီသနိပါတ်၊ စူဠသုတသောမဇာတ်(၃၀)၌ သုဒဿနအမည်၊

၅။ သတ္တတိနိပါတ်၊ သောဏနန္ဒဇာတ်(၄၊၅။၃၃၂)၌ ဗြဟ္မဝမုနအမည်၊

၆။ စန္ဒကုမာရဇာတ်(၂၄၉)၌ ပုပ္ပဝတီအမည်ဖြင့် -

ထင်ပေါ်ကျော်စောခဲ့ဖူး၏။

ယခု အင်္ဂလိပ်မင်းလက်ထက်မှာ ဗနာရဆ်-ဟူ၍လည်းကောင်း, ကာသီ-ဟူ၍လည်းကောင်း ဝေါဟာရ ခေါ်ဆိုကြ၏။

"လာလတ္တံ့သော အနာဂတ်ကာလမှာကား လူတို့အသက် ၁၀-နှစ်တမ်းသို့ ရောက်ကြသောအခါ တစ်ယောက်နှင့်တစ်ယောက် အချင်းချင်း သတ်ဖြတ်ကြကုန်လျက် ၇-ရက်အတွင်းမှာ သေကြပျက်စီးကြပြီးလျှင် ကြွင်းကျန်ကြကုန်သောလူတို့မှ ပေါက်ဖွားကြကုန်သော လူများတို့သည် အသက်တမ်း ၂၀, ၄၀-စသည်ဖြင့် တိုးပွါးကြီးမား၍ အသက်တမ်း

အသခ်ေါ်သို့ ကျရောက်ပြီးနောက် တဖန် ဆုတ်ယုတ်လာကြပြီးလျှင် လူတို့အသက်တမ်း ၈၀,၀၀၀-သို့ ကျရောက်သောအခါဝယ် ဤဗာရာဏသီပြည်သည် ကေတုမတီအမည်ဖြင့် မင်းနေပြည်ကြီး ဖြစ်ရလတ္တံ့။ ထိုအခါ ဗာရာဏသီ ဤမြို့တော်ကြီး၌ သခ်ၤစကြာမင်း မင်းပြု၍ အုပ်ချုပ်ရလတ္တံ့။ ထိုမင်း၏ အဂ္ဂအမည်ရှိသော ပုရောဟိတ်ပုဏ္ဏား၏ သားတော်သည်ပင် လျှင် အရိမေတ္တေယျအမည်ဖြင့် ဘုရားဖြစ်တော်မူ၍ နတ်နှင့်တကွသော လူကို ကြည်ဖြူစွာ တရားဟောလတ္တံ့”ဟူ၍ သုတ်ပါထေယျပါဠိတော်(၆၂၊၆၃)၌ ဟောတော်မူ၏။ ဟိန္ဒူလူမျိုးတို့ကလည်း ဤဗာရာဏသီမြို့ကို ကမ္ဘာဦးတည်စကပင် ယခုထက်ထိ မပျက်မစီးရှိနေခြင်းကြောင့် လောကတွင် အမြတ်ဆုံး-ဟု အယူရှိကြကုန်၏။ ဤကား ပါဠိဘာသာနှင့် ယခုဝေါဟာရစကားဖြင့် ဖော်ပြအပ်သော စကားရပ်တည်း။

ဗာရာဏသီမြို့၏ ယခုရှိပုံ အခြေအနေကို ပြဦးအံ့။ ကာသိတိုင်း နယ်နိမိတ်သည် မြောက်ဘက် ဂုမ္မတီမြစ်မှ ဂင်္ဂလာဟာဗာဒ်မြို့တိုင်အောင်၊ အနောက်ဘက်၌ တုန်စ်မြစ်မှ သည် ဗိလဟာရိရွာတိုင်အောင်၊ ၎င်းမှတစ်ဖန် တောင်ဘက်မျက်နှာရှိ ဆိုနဟတ်အရပ်တိုင်အောင်၊ ၎င်းပြင် အရှေ့ဘက်၌ ကရမနိုဆ်မြစ်မှ ဂင်္ဂါတိုင်အောင် ရှိ၏။ မြေပုံပေါ်တွင် အဖြောင့်တိုင်းလျှင် စတုရန်းပတ်လည် ၅၉၅-မိုင်ရှိ၏။ ခြေလျင်လမ်းအတိုင်း တိုင်းလိုက်က ၆၅၀-မိုင်အောက်မနည်း ရှိ၏။

ဤမျှလောက် ကျယ်ဝန်းသော ကာသိတိုင်း၌ အလျား ၃-မိုင်, အနံ ၁-မိုင်ခန့် ရှိသော ဗာရာဏသီမြို့သည် ဂင်္ဂါမြစ်လက်ဝဲဘက် သို့မဟုတ် အနောက်ဘက်ကမ်းပေါ်တွင် တည်ရှိ၏။ မြန်မာဗုဒ္ဓဘာသာကျမ်းအလိုဖြင့် ဗာရာဏသီမြို့သည် မျောက်ဦးခေါင်းနှင့် တူသောကြောင့် ဗာရာဏသီ မည်၏။ သက္ကဋဘာသာ, ဟိန္ဒီဘာသာ၌ကား မြောက်ဘက်၌ ဗာရဏာမြစ်, အနောက်တောင်ဘက်၌ အဆီမြစ်(ဗာရဏာ+အဆီ=ဗာရာဏသီ)၊ ၎င်းမြစ် ၂-ခုတို့၏အကြား၌ တည်သောကြောင့် ဗာရာဏသီ-မည်ကြောင်းကို လာရှိ၏။ ဤကား ကျောက်စာမင်းကြီးတို့ သတ်မှတ်ကြသော နယ်နိမိတ်တည်း။

ဗာရာဏသီမြို့၌ ယခုအခါ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ အဆောက်အဦး တစ်စုံတစ်ခုမျှ မရှိချေ။ မဟာဒေဝ-စသော ဟိန္ဒူနတ်ကွန်းသာ ရှိ၏။ သို့သော် လာရောက်ကြကုန်သော သူတို့၏ အထူးကြည့်ရှုရန်ကား မြန်မာပြည် ဦးကုသလရဟန်းတော်သည် အကြီးအမျှးပြု၍ ဗုဒ္ဓဘာသာ သာသနာပြုအတွက် ဖွင့်လှစ်ထားသော လိုက်ဘရီ (စာဖတ်တိုက်) ၁-ခုရှိ၏။ ၎င်းပြင် မျှော်စင်, ဂင်္ဂါဆိပ်ကမ်း, သိပ္ပံကျောင်းကြီး ဤမျှလောက်သာ ရှိပေ၏။

----- x -----

[၂] ဗာရာဏသီပြည် လမ်းခရီးအစီအစဉ်

ဗာရာဏသီမြို့တော်သည် ဂျန္ဒိယတွင် ထင်ရှားသောမြို့တော်ဖြစ်ခြင်းကြောင့် ဘယ်နေရာကမဆို သွားရောက်နိုင်သည်။ သို့သော် မြန်မာတို့အတွက်မှာ ကလကတ္တား, ရာဇဂြိုဟ်, ဗုဒ္ဓဂယာသို့ အစဉ်အတိုင်း သွားကြပြီးလျှင် ယခုအခါ ဗနာရဆ်(Benares) ခေါ်ဆိုသော မြို့သို့ သွားကြရမည်။ ၎င်းဗနာရဆ်ခေါ်သော ဘူတာ၏ တောင်ဘက်အနီး အပါးရှိ ဟိန္ဒူဓမ္မသာလာမှာ တည်းခိုနိုင်ကုန်၏။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
ဗာရာဏသီမြို့ဘူတာ	ဗနရဆ်ချာဝနီ
ဓမ္မသာလာဇရပ်ကြီး	ဓရ်မသျှာလာ
မြန်မာစာဖတ်တိုက်	ဗရမာလိုက်ဘရီ
ရပ်ကွက် ဗုလာနာလာ	ဗုလာနာလာ
မျှော်စင်ကြီး	မီနာရ်
ဂဂ်ါရေချိုးဆိပ်	ဒဆာဆမေတ်ယာဒ်
ယူနီဗာစီတီသိပ္ပံကျောင်း	ဗီဿဗီဒျာလယ်

----- x -----

[၃] ဗာရာဏသီ၊ မိဂဒါဝုန်အကြောင်း

ဗာရာဏသီမြို့မှ မြောက်ဘက် အဖြောင့်လမ်း ၃-မိုင်ခွဲ၊ တာလမ်းအတိုင်း ၇-မိုင် အကွာအဝေးဌ ဂါတို့ဘုရားသခင်သည် ပဌဝဂ္ဂီ ၅-ဦးတို့အား တရားဓမ္မစက်ကို ဟောမြွက်တော်မူရာ မိဂဒါဝုန်တောသည် ယခုအခါ ဆာရနာထ်အမည်ဖြင့် ကမ္ဘာပေါ်တွင် ထင်ရှားစွာ ရှိနေ၏။ ခပ်သိမ်းကုန်သော ဘုရားရှင်တို့၏ မစွန့်အပ်သောကြောင့် အဝီဇဟိတ အမည်တော် ရသော ဤကွသိပတန မိဂဒါဝုန်တောဌ ရာဇာဝါဒကျမ်းနှင့်အညီ နန္ဒိယသူကြွယ် ဆောက်လုပ်လှူဒါန်းထားခဲ့သော တိုက်ခန်း ၄-ခု, မုခ်အထွတ် ၄-ခုဖြင့် ဆင်ယင်လျက် ကျောင်းတော်ကြီးသည် ရှိ၏။ ထိုကျောင်းတော်ကို မသမာသော လူမိစ္ဆာမင်းတို့က ဖျက်ဆီးပစ်လေသောကြောင့် ယခုအခါ ယိုယွင်းပျက်စီးလျက် ရှိနေ၏။

ဤနေရာသို့ အင်္ဂလိပ်ကျောက်စာဝန်တို့ လာရောက်တူးဖော်သောအခါ အရာဝတ္ထုတို့သည် မျှားစွာပေါ်ထွက်ကုန်၏။ ထိုအရာဝတ္ထုတို့တွင် မိဂဒါဝုန်ကျောင်းတော်ရာသည် တောင်နှင့်မြောက် ခြေလှမ်း ၄၅၀-ခန့်လောက် ရှိ၏။ အရှေ့,အနောက် ခြေလှမ်း ၅၁၀-ခန့်လောက် ရှိ၏။ ကျောင်းတော်သည် ၃-ထပ်တိုက်ပုံသဏ္ဌာန် ရှိ၏။ ကျောင်းတော်အတွင်း၌ ဘုရားသခင် ကျိန်းစက်တော်မူရာ ဂန္ဓကုဋိ ၁-ခုရှိ၏။ ထိုဂန္ဓကုဋိမှာ တောင်,မြောက်အားဖြင့် ခြေလှမ်း ၅၂-လှမ်း၊ အရှေ့,အနောက်အားဖြင့် ၆၂-လှမ်းရှိ၏။

ဂန္ဓကုဋိမှ အနောက်ဘက်ကပ်လျက် ကျောက်စာခန်းတွင် ပါရှိသော **သီရိဓမ္မာ-သောကမင်းကြီး၏** ကျောက်စာတိုင်၊ ၎င်းကျောက်စာတိုင်လည်း ၅-ပိုင်းပိုင်း၍ ကျိုးပျက်ခြင်းသို့ ရောက်ရှိလေပြီ။ အရင်းပိုင်းက ၎င်းနေရာမှာပင် အင်္ဂလိပ်မင်းတို့ အထောက်အပင့်ဖြင့် ကျောက်စာနှင့်တကွ စိုက်ထူလျက် ရှိ၏။ ခြေသော့်ရုပ်ပါရှိသော အထက်ဆုံးပိုင်းသည် ပြတိုက်တွင် ရှိနေ၏။ အလယ် ၃-ပိုင်းကား ဂန္ဓကုဋိ၏ အနောက်ဘက်၌ တုံးလုံးလဲလျက် ရှိ၏။

ဂန္ဓကုဋိ၏အနောက်ဘက် ကျောင်းတော်ရာနှင့် မနီးမဝေးတွင် စစ်တွေမြို့က ဦးမြထွန်း ဆောက်လုပ်ထားခဲ့သော ၂-ထပ်တိုက် ဓမ္မသာလာကြီး ၁-ခုရှိ၏။ ဂန္ဓကုဋိမှ တောင်ဘက်အနီးအပါးတွင် ဓရ်မရာဇိက စေတီ ၁-ဆူ၊ ၎င်းစေတီမှာလည်း အောက်ဖိနပ်မျှသာ ရှိ၏။ ထိုစေတီမှ တောင်ဘက်မနီးမဝေးအရပ်တွင် ကျောင်းပျက် ၁-ခု၊ ၎င်းကျောင်းပျက်မှ အရှေ့ဘက်အနီးအပါး၌ ကျောင်းပျက် ၁-ခုရှိ၏။

ဂန္ဓကုဋိမှ အရှေ့တောင်ဘက်၌ ဟိန္ဒူလူမျိုး ကျိုင်းနီ(ကျိန်း)နတ်ကွန်း ၁-ခု၊ ၎င်းနတ်ကွန်းမှ မြောက်ဘက်, ဂန္ဓကုဋိမှ အရှေ့တောင်ခပ်ယွန်းယွန်း၌ ကျောင်းပျက် ၁-ခုရှိ၏။ ၎င်းကျောင်းပျက်၏ အရှေ့ဘက်အနီးအနားမှာ ပေ ၁၀၀-ခန့် အမြင့်ရှိသော **ဓာမေခ** ခေါ်သော စေတီကြီး ၁-ဆူ၊ ၎င်းစေတီကြီး၏နေရာမှာပင် ဘုရားသခင်သည် ဓမ္မစက္ကာ ဒေသနာတော်ကို ပဉ္စဝဂ္ဂီ ၅-ဦးတို့အား ဟောတော်မူ၏-ဟု အများပြောဆိုကြ၏။ ထိုစေတီကြီးမှ အရှေ့တောင်ခပ်ယွန်းယွန်းတွင် သီဟိုဠ်သား**ဓမ္မပါလ** ဆောက်လုပ်သော ဓမ္မသာလာ ၁-ခုရှိ၏။

၎င်းပြင် ကျောင်းတော်ရာမှ မြောက်ဘက် တာလမ်းနှင့်ကပ်လျက်၌ အစိုးရက ဆောက်လုပ်ထားသော ပြတိုက်ကြီး ၁-ခုရှိ၏။ ဓာမေခစေတီကြီးမှ အနောက်တောင်ထောင့် ၃-ဖာလုံခန့်တွင် တာလမ်းနှင့်ကပ်လျက် **ကျောက်ခဏ္ဍီ**ခေါ်သော စေတီ ၁-ဆူ၊ ၎င်းစေတီလည်း ထိုဓာမေခစေတီထက်ပင် ကြီး၏။ ထိုစေတီတည်ရာမှာ ဘုရားသခင်သည် ပဉ္စဝဂ္ဂီ ၅-ယောက်နှင့် ရှေးဦးစွာ တွေ့ဆုံ၏-ဟု ပြောဆိုကြ၏။

ထိုမှတပါး ဂန္ဓကုဋိမှ မနီးမဝေး အနောက်မြောက်ထောင့်၌ ဥမင်လိုဏ်ခေါင်းနား မှာ ကျောင်းပျက် ၁-ခု၊ ၎င်းကျောင်းပျက်မှ အရှေ့ဘက်ကပ်လျက်ပင် ဓရ်မစကြဇိန္ဒဝိဟာရ အမည်ရှိသော ကျောင်းပျက် ၁-ခု၊ ၎င်းကျောင်းကို ကုမာရဒေဝီဆောက်လုပ်သော ကျောင်း-ဟု မှတ်လေ။ ထိုကုမာရီကျောင်းမှ အရှေ့ဘက်ကပ်လျက် ကျောင်းပျက် ၁-ခု, ၎င်းကျောင်း ပျက်မှ အရှေ့ဘက်အစဉ်မှာ ကျောင်းပျက် ၁-ခုရှိ၏။

စစ်တွေမြို့၊ ဦးမြထွန်းဇရပ်, ပြတိုက်, ကျောက်ခဏ္ဍီစေတီကြီး၊ ဤ ၃-ခုမှ ကြွင်းကုန်သော အဆောက်အဦးများတို့သည် နန္ဒိယသူကြွယ်၏ ကျောင်းတိုက်အတွင်း၌ ပါဝင်ကုန်၏။ ၎င်းပြင် ကျောင်းတော်ရာ၏ မြောက်ဘက်ကပ်လျက် အရှေ့,အနောက် အလျား ၁-မိုင် ခန့်လောက်ရှိသော တူးမြောင်း ၁-ခုရှိ၏။ ကျောင်းတော်ရာကို တူးဖော်ကြသောအခါ ၎င်းကျောင်းတော်ရာမှ ထွက်သမျှသော ဘုရားရုပ်တု, ဆင်းတု, ကျောက်ထီးသပိတ်, အိုးခွက်-အစရှိသော အရာဝတ္ထုတို့ကို အထက်ပါပြတိုက်တွင် ဖော်ပြထား၏။

----- × -----

[၄] မိဂဒါဝုန်၊ ဓာတ်တော်ကျောင်း ဖွင့်လှစ်ခြင်း

သီဟိုဠန်းသား ဓမ္မပါလ အမည်ရှိသော ဗြဟ္မစာရီသည် နိုင်ငံတော်အသီးသီးသို့ သွားရောက်ပြီးလျှင် သာသနာတော်ပြုလေရာ လူများစွာတို့မှာ သဒ္ဓါပသန္နဖြစ်ပွါး၍ ထိုဓမ္မပါလကို ပစ္စည်းဥစ္စာတို့ဖြင့် ချီးမြှောက်ကြကုန်၏။ ရရှိသောပစ္စည်းဖြင့် ကလကတ္တားမြို့တော်ကြီး၌ မဟာဗောဓိဆိုဆာဂ္ဂတီခေါ်သော သာသနာပြုအသင်းကြီး ၁-ခုကို တည်ထောင်ပြုလုပ်လေ၏။ ထိုအသင်းက မိဂဒါဝုန်တောင်၌ ဓာတ်တော်ကျောင်းကြီး ၁-ခုကို ခရစ်တော်သက္ကရာဇ် ၁၉၂၇-ခုနှစ်ကပင် စတင်၍ ပြုလုပ်ရာ ၁၉၃၁-ခုနှစ်မှာ အပြီးအစီးသို့ရောက်စေ၏။ ဓာတ်တော်ကျောင်း အလျားပေ ၁၃၀-နှင့် ၁-မိုက်၊ အမြင့်ပေ ၁၁၀-ရှိ၏။ ကုန်ကျသော ငွေပေါင်းမှာ ၁,၂၀,၀၀၀-ကျော် ကုန်ကျ၏။

ကျောင်းကြီး၏ အုတ်ခုံအလျား ၁၁၆-တောင်, အနံကား ၄၆-တောင် ၁-ထွာရှိ၏။ ၎င်းအုတ်ခုံ အမြင့် ၁-တောင်နှင့် ၄-လက်မရှိ၏။ ကျောင်းကြီး၌ လှေကား ၅-ခု၊ အုတ်ခုံ၌ လှေကား ၈-ခုရှိ၏။ ထိုကျောင်းတော်ကြီး အပြီးတိုင်ရောက်လျှင် ခရစ်တော်သက္ကရာဇ် ၁၉၁၁-ခုနှစ်၊ သာသနာတော်သက္ကရာဇ် ၂၄၇၅-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၉၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂-ရက်နေ့မှစ၍ ၃-ရက်တိုင်တိုင် ဓာတ်တော်ဌာပနာပွဲတော်ကြီးကို ကျင်းပလေ၏။ ထိုပွဲတော်သို့ ဗုဒ္ဓဘာသာဆိုင်ရာ နိုင်ငံတော်အားလုံးမှ ရဟန်းတော်များနှင့်

တကွ ပညာရှိလူကြီး,လူငယ်တို့သည် လာရောက်ကြပြီးလျှင် ရှေ, ငွေ-စသော ခြီးမြောက်ခြင်းအမျိုးမျိုးတို့ဖြင့် ခြီးမြှောက်ပူဇော်ကြကုန်၏။

အစိုးရမင်းတို့ကလည်း ပေသျှဝါမြို့မှ ရရှိသော ဘုရားဓာတ်တော် ၁-ဆူကို ကျောင်းတော်ကြီး ဌာပနာတိုက်၌ လာရောက်ဌာပနာကြကုန်၏။ ၎င်းပြင် သီဟိုဠ်ကျွန်း၊ အနုရာဓမြို့မှ ယူဆောင်လာသော မဟာဗောဓိပင်ကိုလည်း စိုက်ပျိုးကြကုန်၏။ ထိုပွဲတော်ကြီးမှာ ဆိုင်ရာဆိုင်ရာ ပညာရှိသံဃာတော်များနှင့် လူအပေါင်းတို့သည် ပရိတ်မေတ္တာ ရွတ်ဖတ်ခြင်း, တရားဟောခြင်း, သာသနာတော် ကြီးပွါးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း-စသည်ဖြင့် စီမံကြကုန်၏။ ကျောင်းကြီးအတွင်း မူလဂန္ဓကုဋီ၏ ပလ္လင်ထက်မှာ ဓမ္မစကြာတရားတော်ကို ဟောနေပုံ ရုပ်ဆင်းတုတော်မြတ် ၁-ပါး၊ ထိုပလ္လင်အောက်တွင် ဓာတ်တော် ဌာပနာတိုက် ရှိ၏။

----- x -----

[၅] မိဂဒါဝုန်၊ ဓာတ်တော်ကျောင်း လမ်းခရီးအစီအစဉ်

ဘုရားဖူးသွားရောက်လိုသူတို့ သွားရောက်ရန် အစီအစဉ်ကား ကလကတ္တားမြို့မှ အစဉ်အတိုင်း ဗနာရဆ်ချာဝနီ(Benares Chani)ခေါ်သော ဘူတာသို့ သွားကြရမည်။ ၎င်းဘူတာမှ မြင်းရထားနှင့်ဖြစ်စေ, မော်တော်ကားနှင့်ဖြစ်စေ ဆာရနာထ်ခေါ်သော မိဂဒါဝုန်၌ ဗုဒ္ဓဘာသာ ဓမ္မသာလာသို့ သွားကြလေ။

တစ်နည်း အထက်ဘူတာမှ မီးရထားနှင့် ဆာရနာထ်(Sarnath)ခေါ်သော ဘူတာသို့ လိုက်ပြီးလျှင် ၎င်းဘူတာမှ ခြေကျင် ပေတရာလမ်းအတိုင်း ၁-မိုင်လောက် မြောက်ဘက်သို့ သွားလိုက်လျှင် ဗုဒ္ဓဘာသာ ဓမ္မသာလာသို့ ရောက်နိုင်၏။ ဤဘူတာမှ ကူလီ, မြင်းရထားတို့ကို မရနိုင်။ မိဂဒါဝုန်တောသည် ဗာရာဏသီမြို့၏ စီရင်စုဋ္ဌ ပါရှိ၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ဗာရာဏသီမြို့ဘူတာ	ဗနာရဆ်ချာဝနီ, စိကရာဝ်
မိဂဒါဝုန်တော	ဆာရနာထ်
မြန်မာဓမ္မသာလာ	ဗရ်မာဓရ်မသျှာလာ
နန္ဒိယကျောင်းတော်ရာ	ပုရာဏာဂ္ဂမာရတ်
ဂန္ဓကုဋီကျောင်း	ဂန္ဓကုဋီဗိဟာရ်

အသောကကျောက်စာတိုင်	အသျှီးက်ဆတမ္ဘလေခ်
ဓမ္မရာဇိက စေတီ	ဓရ်မရာဇိကဆတူပ်
ဓမ္မစက္ကဇိနဝိဟာရ	ဓရ်မကျကြကျိနဝိဟာရ်
ဓာမေခစေတီ	ဓာမေခဆတူပ်
ဟိန္ဒူကျိုင်းနီနတ်ကွန်း	ကျိုင်းန်မန္ဒိရ်
သီဟိုဠ်ဇရပ်	လက်ာဓရ်မပါလ်, ဓရ်မသျှာလာ
ဓာတ်တော်ကျောင်းသစ်	နယာမန္ဒိရ်
ပြတိုက်ကြီး	မျှဇီယမ်, အဂျာယဗ်ယရ်
ကျောက်ခဏ္ဍီစေတီ	ကျောက်ခဏ္ဍီဆတူပ်

----- × -----

[၆] ဣလာဟာဘာဒ်မြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဗာရာဏသီမြို့မှ တဖန် ထွက်သွားလေရာ ဣလာဟာ-ဗာဒ်မြို့သို့ ဆိုက်ရောက်လေ၏။ ထိုမြို့၌ ဂုဏ်ကျက်သရေနှင့်ပြည့်စုံသော ဗာဗူရာမ်ကိဆိုးရ် အမည်ရှိသော သူဌေးမင်းနှင့် တွေ့ဆုံသောအခါဝယ် ထိုသူဌေးမင်းသည် ရိုသေကိုင်းညွှတ်ခြင်းနှင့်တကွ ပြုအပ်,ပြုထိုက်သော ဝတ္တရားကို ပြုလုပ်ပြီးလျှင် မြို့တွင်း,မြို့ပြင်တို့၌ ကြည့်ရှုအပ်သော အရာဌာနများကို သွားလာကြည့်ရှုစေရန် ကောင်းမွန်စွာသော စီမံခြင်းကို စီမံပေးလေ၏။ ဦးကိတ္တိရဟန်းတော်သည် ထိုသူဌေးမင်းနှင့် ဓမ္မသဟာယအဖြစ်ဖြင့် ဆရာ,ဒကာ ဖြစ်ကြလေ၏။ ဣလာဟာဘာဒ်မြို့၌ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ ကြည့်ရှုဖွယ် အထူးမရှိ။ ဟိန္ဒူလူမျိုးနှင့်ဆိုင်ရာ ကျောင်း, ကန်, သိမ်, ပုထိုးတို့သည်ကား လှပတင့်တယ် ကြည့်ရှုဖွယ်ရာများစွာရှိကုန်၏။

အထူးအားဖြင့် ဟိန္ဒူလူမျိုးတို့၏ မြတ်နိုးရာ ဂင်္ဂါနှင့် ယမုနာမြစ် ၂-ခုတို့၏ ဆုံရာရေဆိပ်ကမ်း၊ ၎င်းပြင် ပြယာဂ်ခေါ်သော ရေချိုးဆိပ်သည် ရှိ၏။ ထိုဆိပ်ကမ်း၌ နေကြတ်, လကြတ်သောအခါ လာရောက်၍ ရေချိုးသူတို့သည် မကောင်းမှုမှ ကင်းလွတ်၍ နိဗ္ဗာန်, မဂ်,ဖိုလ်သို့ ရောက်နိုင်၏-ဟု အယူရှိကြပြီးလျှင် ထိုနေ့,ထိုရက်မှာ အတိုင်းတိုင်းအပြည်ပြည်က လာရောက်ရေချိုးကြ၏။ ၎င်းပြင် ခံတပ်ဟောင်းကြီးအတွင်း၌ ကျောက်စာခန်းတွင် ပါရှိသော အသောကကျောက်စာတိုင် ၁-ခုရှိ၏။ ခံတပ်ကြီး၏ ဥမင်လိုဏ်ခေါင်းအတွင်းမှာ

၈၄ ဂ္ဂန္ဒီယကြေးမုံကျမ်းကြီး၊ ပထမတွဲ | တတိယကဏ္ဍ

လည်း ဟိန္ဒူလူမျိုးတို့၏ကိုးကွယ်ရာ ရုပ်ဆင်းတုများစွာရှိကုန်၏။ အချို့အချို့လည်း ငါတို့ဘုရားရှင်၏ ရုပ်ဆင်းတုတော်နှင့် အနည်းငယ်ခန့်မျှ တူကြ၏။

ဘူတာရုံမှ ၁-မိုင်လောက်တွင် ကျောက်ခေါ်သော စျေးကြီး၌ ကျိုင်းနီ(ကျိန်း)လူမျိုးတို့၏ ဓမ္မသာလာကြီး၌ ခရီးသည်များတို့ တည်းခိုနေနိုင်ကြ၏။ ဓမ္မသာလာ၏အနီးတွင် ဖန်ဖြင့်ပြီးသော ကျွန်ုပ်တို့ဆာမိခေါ်သော အရုပ်လည်း ၁-ခုရှိ၏။ ဂ္ဂလာဟာဗာဒ်မြို့သည် ဂ္ဂန္ဒီယတွင် ထင်ပေါ်သောမြို့ဖြစ်ခြင်းကြောင့် ဘယ်နေရာကမဆို သွားရောက်နိုင်၏။ မြန်မာအခေါ် ခံတပ်ဟောင်းကြီး၊ ဟိန္ဒူအခေါ် ကိလာ၊ ရှေးကအခေါ် ပြယာဂ်၊ ယခုအခေါ် ဂ္ဂလာဟာဗာဒ်(Allahabad)ဟူ၍ ခေါ်ဆို၏။ အထူးအားဖြင့်ကား ၎င်းမြို့၌ ရုံးနှင့်ကပ်လျက် မျူဇီယမ်ခေါ်သော ပြတိုက်ငယ် ၁-ခုရှိ၏။

----- × -----

[၇] သဟဇာတိရွာအကြောင်း

သဟဇာတိရွာ၏ ရှေးအကြောင်းကား ငါတို့ဘုရားသခင် ပရိနိဗ္ဗာန်ဝင်စံပြီးနောက် အနှစ် ၁၀၀-မြောက်တွင် ဝဇ္ဇီတိုင်း၊ ဝေသာလီပြည်၌ ဝဇ္ဇိပုတ္တကရဟန်းများတို့သည် သိက္ခာ-ဝဏ-စသော ရဟန်းတို့အား မအပ်သောဝတ္ထု ၁၀-ပါးကို သာသနာတော်၌ အညစ်အကြေးပွါးစီးလေအောင် ကြံဆောင်ဟောပြောနေကြစဉ် အရှင်မဟာယသသည် ဝေသာလီသို့ကြွတော်မူ၍ မသူတော်တရား မတိုးပွါးစေရန် ဓမ္မဝါဒီတရားကို ပြင်ပြားသော်လည်း မနာမယူ ရန်သူပြုလုပ်၍ ခုခံနေခြင်းကြောင့် ကောင်းကင်ခရီးဖြင့် ကောသမ္မီသို့ ကြွသွားလျက် ပါဝါသိက, အဝန္တိကသံယာတော်ထံသို့ စေတမန်ဖြင့် အကြောင်းကြားတော်မူလေ၏။

ထိုအခါ ရေဝတမထေရ်သည် ထိုအကြောင်းကို ကြားလတ်သော် ချမ်းသာစွာနေလိုသောကြောင့် သောရေယျမြို့မှသည် အစဉ်အတိုင်း သင်္ကဿနဂိုရ်, ကဏ္ဏကုဇ္ဇ(ကန္နောဂ်ဂျ်), ဥဒုမ္ဗရ, အဂ္ဂလပုရ, သဟဇာတိရွာသို့ ကြွသွားလျက် သီတင်းသုံးနေတော်မူ၏။ အရှင်မဟာယသလည်း ထိုအရပ်သို့ ကြွလာတော်မူပြီးလျှင် အရှင်ရေဝတမထေရ်နှင့် တိုင်ပင်ကြကုန်၏။

ယခုအခါ ဂ္ဂလာဟာဗာဒ်စီရင်စုရှိ ဘီရာခေါ်သော အရပ်သည် အထက်ပါ မထေရ်မြတ် ၂-ပါးတို့ တွေ့ဆုံ၍ မေးမြန်းကြသောနေရာ သဟဇာတိရွာ မည်၏။ အကျယ်ကို သိလိုလျှင် သင်္ကဋ,ဟိန္ဒီ ဗုဒ္ဓကျရယျကျမ်းကို ရှုကြလေ။

----- × -----

[၈] ဝံသတိုင်း၊ ကောသမ္မီပြည်အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဣလာဟာဗာဒ်မြို့မှ ထွက်ခွါသွားလေရာ ဘရဝါရီဘုတာသို့ ရောက်၍ ၎င်းဘုတာ၏အနီးအပါးရှိ ပရဆရာ ရွာသူကြီးအိမ်၌ ၁-ညဉ့်ပတ်လုံး တည်းခိုနေထိုင်ပြီးလျှင် နံနက် ၆-နာရီအချိန်ကို တဖန် သွားလေပြန်သော် ကရာလီပါရာရွာတို့ကို လွန်မြောက်၍ ဗိဒါဝရွာသို့ ရောက်လေ၏။ ထိုရွာ၌ ရာယုရာဂျဆီဟ အမည်ရှိသော ရွာသူကြီး၏ ဆွမ်းအလုပ်အကျွေးကို ခံယူပြီးလျှင် တဖန် သွားလေပြန်ရာ ကာဒီရကာပူဟာ, မုဆုရဖာရွာတို့ကို လွန်မြောက်၍ ကိုးဆမ်(ကောသမ္မီ)မြို့ဟောင်းသို့ ညနေချမ်းအချိန်ကို ရောက်လေ၏။

ထိုမြို့ဟောင်း၌ ကိုးဆမ်ခိရာဂျ်ဂရဟဝါ အမည်ရှိသော ရွာတွင် ရာမဘရိုဆ်ခေါ်သော ပဏ္ဍိတ်နှင့် တွေ့ဆုံလေ၏။ ထိုပဏ္ဍိတ်သည် မိမိအိမ်တွင် နေထိုင်စေပြီးလျှင် ကြည့်ရှုဖွယ်ရာ အလုံးစုံကို အကုန်စီမံပေးလေ၏။

ဝံသတိုင်း၊ ကောသမ္မီပြည်ကို ဝိသတိနိပါတ်၊ မာတင်္ဂဇာတ်(၈၊၁။၃၀၉)နှင့်အညီ သိအပ်၏။ အခါတပါး ဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝံသတိုင်းရှင်ဘုရင် ဥတေနမင်းကို အကြောင်းပြု၍ "ကုတော နု အာဂစ္ဆသိ"အစရှိသော ဂါထာဖြင့် မာတင်္ဂဇာတ်ကို ဟောတော်မူ၏။ ပိဏ္ဍောလမထေရ်သည် ဇေတဝန်ကျောင်းတော်မှ ကောင်းကင်ခရီးဖြင့် ကြွသွား၍ ကောသမ္မီပြည်၊ ဥတေနမင်း၏ ဥယျာဉ်တော်၌ နေ့သန်းခြင်းကို မျှားသောအားဖြင့် ပြုတော်မူ၏။

နာရဒဇာတ်(၂၅၇)တော်၌ "အာနန္ဒာအလောင်းသည် မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၌ ရွှေပန်းတိမ်သည်ဖြစ်စဉ်အခါဝယ် ပရဒါရကံကို ကျူးလွန်မိလေ၏။ ထိုဘဝမှ စုတေလတ်သော် တစ်ခုသော ကောင်းမှုကံကြောင့် ကောသမ္မီပြည်၊ သူဌေးအမျိုး၌ ဖြစ်လေ၏။ ထိုဘဝမှ စုတေလတ်သော် လွန်ကျူးမိခဲ့သော ပရဒါရကံကြောင့် ရောရှဝင ရဲသို့ ကျရောက်လေ၏"ဟု ဟောတော်မူ၏။

ဒသကနိပါတ်၊ ကဏ္ဍဒီပါယနဇာတ်(၈၊၁။၂၀၈)၌လည်း ကောသမ္မီပြည်၌ ကောသမ္ဗကမင်းသည် မင်းပြုကြောင်းကို ဆိုတော်မူ၏။ ထိုမှတပါး ကောသမ္မီပြည်၌ ယောသက, ကုက္ကုဋ, ပါဝါရိက အမည်ရှိသော သူဌေးကြီး ၃-ယောက်ရှိ၏။ ထို ၃-ယောက်ကုန်သော သူဌေးတို့သည် ဇေတဝန်ကျောင်းတော်သို့ သွားကြ၍ ဘုရားသခင် တရားတော်ကို နာရသောအခါ သောတာပတ္တိဖိုလ်၌ တည်ကြလေ၏။ ထို့နောက် သံဃာတော်တို့အား အလှူကြီးပေး၍ ၁၅-ရက်ပတ်လုံး နေကြပြီးသော် မြတ်စွာဘုရားကို ပင့်ဆောင်ပြီးလျှင် ပြန်သွားကြလေ၏။

ကောသမ္ဗီသို့ ရောက်ကြသောအခါ ဘုရားသီတင်းသုံးတော်မူရန်–

- ယောသကသူဌေးသည် ယောသိတာရုံကျောင်းတော်ကို ဆောက်လုပ်လေ၏။
- ကုက္ကုဋ္ဌသူဌေးသည် ကုက္ကုဋ္ဌာရုံကျောင်းတော်ကို စီမံလေ၏။
- ပါဝါရိကသူဌေးသည် ပါဝါရိကာရုံကျောင်းတော်ကို အားထုတ်လေ၏။

ဘုရားသခင်လည်း နောက်ပါ သံဃာတော်တို့နှင့်တကွ ကြွလာတော်မူပြီးလျှင် ထိုကျောင်းတော်ကြီး ၃-ရပ်၌ နဝမဝါ ကပ်တော်မူ၏။ ထိုအခါ သံဃာတော်များ ကွဲပြားခြင်းကြောင့် သီတင်းကျွတ်လျှင် ပါလိလေယျကတောအုပ်သို့ ဝင်တော်မူ၍ အင်ကြင်းပင်ကြီး အရပ်၌ ပါလိလေယျကဆင်၏ အလုပ်အကျွေးကို ခံလျက် သီတင်းသုံးနေကြောင်းကိုလည်း ဇိနတ္ထကျမ်း၌ လာရှိ၏။ ဤကား ပါဠိဘာသာဖြင့် ညွှန်းပြအပ်သော စကားရပ်တည်း။

ဝံသတိုင်း၊ ကောသမ္ဗီပြည်၏ ယခုရှိပုံ အခြေအနေကား ကနိန်ဂဟမ်ကျောက်စာမင်းကြီးသည် ဝံသတိုင်း၏ အကျယ်အဝန်းကို စတုရန်းမိုင် ၁၀၀-ရှိ၏ဟု ညွှန်းပြ၏။ ဟူယိုင်ဆင်စာတမ်း၌ကား လီပေါင်း ၆,၀၀၀-ပါရှိ၏။ ၎င်းလီပေါင်း ၆,၀၀၀-ကို "၆-လီလျှင် ၁-မိုင်စီ ရှိ၏"ဟူသော စကားဖြင့် ပိုင်းခြားသော် စတုရန်းမိုင် ၁,၀၀၀-နှင့် မင်းနေပြည်၏ စတုရန်းမိုင် ၅-မိုင်ရှိ၏-ဟု ပါရှိ၏။

ယခုရှိ ကောသမ္ဗီမြို့ရိုး၏ ပတ်လည်မှာ ပေပေါင်း ၂၃,၁၀၀-ရှိ၏။ အင်္ဂလိပ်မိုင်အားဖြင့် ၄-မိုင်နှင့် ၃-ဖာလုံခန့် ရှိ၏။ မြို့ရိုး၏ အမြင့်ပေမှာ ၃၀-မှ ၃၅-ပေရှိ၏။ မြောက်ဘက်၌ အမြင့်ပေ-၅၀၊ အနောက်တောင်နှင့် အရှေ့တောင်မျက်နှာ၌ ပေပေါင်း ၆၀-စီ မြင့်၏။ မြို့ရိုးအပြင်၌လည်း ကျုံးမြောင်းတို့သည် ယခုထက်ထိ ရှိနေ၏။ ဤနေရာကို အသောကကျောက်စာဖြင့် ကောသမ္ဗီပြည်-ဟု မှချမှတ်ယူအပ်၏။ ဤကား ကျောက်စာဘက်ဆိုင်ရာစကားနှင့် ဟူယိုင်ဆင်စာတမ်းဖြင့် ညွှန်းပြအပ်သော စကားရပ်တည်း။

ကောသမ္ဗီမြို့ဟောင်းကို ကျောက်စာဘက်ဆိုင်ရာက တူးဖော်လေပြီး တွေ့ရှိရသော အရာဝတ္ထုများ ကျောက်စာခန်းတွင် ပါရှိသော အသောကကျောက်စာတိုင်၊ အကျိုးအပျက်ရုပ်တု,ဆင်းတုများတို့သည် ထိုမှ,ဤမှ ကျရောက်၍ များစွာရှိကုန်၏။ ဂဟရဝါရှာ၏ အရှေ့မြောက်ထောင့် ၁-မိုင်လောက်တွင် မြို့တံတိုင်းအပ ပီဟန်ပူရ်ဗာရှာ၏ တောင်ဘက် တမာပင်ရင်း၌ ဒေဝီခေါ်သော ကျောက်ရုပ်၏ ပုံသဏ္ဌာန်ကား သား၏ခြေထောက်ကို လက်ဝဲလက်ဖြင့် ကိုင်လျက် ဆောင့်ကြောင့်ထိုင်နေ၏။ ကျောက်စာတိုင်၏ အရှေ့တောင်ပါး၌ ရေတွင်းဟောင်းကြီး ၁-ခုရှိ၏။

ရင်းပြင် ဂဟရဝါရ္ဘာ၏ မြောက်စူးစူး မနီးမဝေးဌ အာရာမြို့က ဗာဗူဒေဝကုမာရ် ဆောက်လုပ်သော ဓမ္မသာလာကြီး၊ ရင်းဓမ္မသာလာဌ္ဌ တည်းခိုနိုင်၏။ ဓမ္မသာလာ၏ အနောက်အရပ် ကပ်လျက် ဟိန္ဒူနတ်ကွန်း ၄-ခုရှိ၏။ ရင်းနတ်ကွန်း၏ မြောက်အရပ်တွင် နတ်ကွန်းဟောင်းကြီး ၁-ခုသည် ပျက်ပြိုလျက် မြေထဲဌ္ဌ မြုပ်ပါသွားလေပြီ။ ဓမ္မသာလာနှင့် နတ်ကွန်းအကြားမှာလည်း စေတီ,ပုထိုးများတို့သည် မြုပ်ပါသွားကြောင်းကို ပြောဆိုကြ၏။

နတ်ကွန်း ၄-ခုဌ္ဌ ကျိုင်းနီ(ကျိန်း)လူမျိုးတို့ ကိုးကွယ်ရာ ပဒ္ဓနာထ်ခေါ်သော ခြေရာရှိ၏။ ဓမ္မသာလာ၏ အရှေ့တောင်ထောင့်ဌ္ဌ ရုပ်တု,ဆင်းတု အကျိုးအပျက်တို့သည် အမြောက်အမြား ရှိနေကုန်၏။ ဓမ္မသာလာ၏ တောင်ဘက်ဌ္ဌ ရေတွင်းဟောင်းကြီး ၁-ခု၊ အနောက်တောင်ပါးဌ္ဌ ပုထိုးငယ် ၁-ခုတွင် နတ်ရုပ်,ကျောက်ရုပ် အမြောက်အမြားရှိ၏။

ကောသမ္မီမြို့ရာဌ္ဌ လယ်လုပ်သမားတို့ လယ်ထွန်ကြသောအခါ ထွန်ဖြင့် တိုက်၍ အကျိုးအပျက် ရုပ်တုများတို့သည် ပေါ်ထွက်ကုန်၏။ ဗုဒ္ဓဘာသာဝင် ရဟန်း,ရှင်,လူတို့ တွေ့ကြုံသောအခါ စိတ်နှလုံးဌ္ဌ မီးဝင်စွဲသကဲ့သို့ ဖြစ်ကြလိမ့်မည်။ ကောသမ္မီပြည်သည် ယမုနာမြစ်၏ ကမ်းထိပ်ဌ္ဌ တည်နေ၏။ ဂဟရဝါရ္ဘာ၏ အနောက်ဘက်စူးစူး ၄-မိုင်လောက်တွင် ပတိုဆာခေါ်သောအရပ်ဌ္ဌ ဘုရားသခင်သည် ကောသမ္မီပြည်၊ ယောသိတာရုံကျောင်းဌ္ဌ နေတော်မူစဉ် အရှင်အာနန္ဒာသည် ပလကဂူ၏အနီးရှိ ဒေဝကဋသောဇ္ဇရေအိုင်မှာ နေသော သန္ဓကပရိုက်ကို အကြောင်းပြု၍ သန္ဓကသုတ်ကို ဟောတော်မူဖူးလေ၏။

ရှာ၏အနီးမှာ ကျိုင်းနီ(ကျိန်း)လူမျိုးတို့၏ ဓမ္မသာလာ ၁-ခုရှိ၏။ ရှာ၏အနောက်ဘက်ဌ္ဌ တောင် ၁-လုံးရှိ၏။ ရှာ၏အနောက်မြောက်ထောင့်ဌ္ဌ တောင် ၁-လုံးရှိ၏။ ထိုတောင် ၂-လုံးတို့တွင် အနောက်မြောက်ထောင့်တောင်ဌ္ဌ နတ်ကွန်း ၁-ခုနှင့် ၎င်းအတွင်းမှာ ကျိုင်းနီ(ကျိန်း)လူမျိုးတို့၏ ကိုးကွယ်ရာ ရုပ်တုအကြီး,အငယ်မှာ ၈-ပါးရှိ၏။ အနောက်အရပ် တောင်ဌ္ဌ ကား အနုမာန်နတ်ကွန်း ၁-ခု တောင်အောက်ဌ္ဌ ရှိ၏။ ၎င်းပြင် ပါလီရှာဌ္ဌ ယမုနာမြစ်ကမ်းပါးတွင်လည်း နတ်ကွန်းဟောင်းကြီး ၁-ခုရှိ၏။

ထိုမှတပါးလည်း ဂဟရဝါရ္ဘာ၏တောင်ဘက် ယမုနာမြစ်ကမ်း ဗန္ဓာစီရင်စု၊ ဗဟရ-ကိုးဌ္ဌရာရှာ၏ အနောက်အရပ်ဌ္ဌ အဆောက်အဦးကြီး ၁-ခုကို ကျောက်စာဝန်တို့သည် မကြာမီ တူးဖော်လိမ့်မည်။ ရှာ၏တောင်ဘက်ဌ္ဌ ရိုခီယန်အမည်ရှိသော တောင်ခေါင်း ၁-ခုသည် အလျားအားဖြင့် မည်မျှရှိရမည်ကို မသိနိုင်သေး။ ဤသို့စသည်ဖြင့် အဆင့်စကားကြားခဲ့ရပေ၏။

----- × -----

[၉] ကောသမ္ဗီပြည် လမ်းခရီးအစီအစဉ်

ကောသမ္ဗီပြည်သို့ သွားလိုကြလျှင် ဣလာဟာဗာဒ်မြို့မှလည်းကောင်း သို့မဟုတ် ကာနပုရ(ကောင်ပို)မြို့မှလည်းကောင်း ဘရဝါရီ(Bharwari)ဘူတာသို့ လိုက်ကြရမည်။ ဘူတာ၌ တည်းခိုနေနိုင်သည်။ ၎င်းဘူတာမှ တောင်ဘက် အင်္ဂလိပ်မိုင် ၂၀-အကွာအဝေး၌ ကောသမ္ဗီမြို့ဟောင်း ရှိ၏။ ကေခေါ်သော မြင်းရထား, နွားလှည်းပင် ရသော်လည်း လမ်းမကောင်းသောကြောင့် ဆင်းရဲခံရတတ်၏။ နွားလှည်း ၁-စီးကို အသွား,အပြန် ၆-ကျပ်ပေးရ၏။ ကောသမ္ဗီကို ယခုကာလ ကိုဆမ်, ကောက်သ္ဝမ္ဗီ-ဟူ၍လည်း ခေါ်ဆိုကြ၏။

မြို့ဟောင်း၌ ကိုဆမ်ဣနာမ်, ကိုဆမ်ခိရာဂျ-ဟူသော အမည်ဖြင့် ရွာငယ် ၂-ရွာ ရှိနေ၏။ ကိုဆမ်ခိရာဂျရွာကို ဂဟရဝါ-ဟူ၍လည်း ခေါ်ဆိုကြ၏။ ၎င်းရွာ ၂-ရွာ၏ အမည်ဖြင့် သွားလျှင် ရောက်လွယ်၏။ သို့မဟုတ် အထက်ပါ ဦးကိတ္တိရဟန်းတော် လမ်းအတိုင်း သွားလျှင်လည်း ရောက်နိုင်၏။ မြို့ဟောင်းသို့ ရောက်လျှင် ဂျိုင်းနီ(ဂျိန်း) ဓမ္မသာလာမှာသော်လည်းကောင်း သို့မဟုတ် ကိုဆမ်ခိရာဂျရွာ၌ ရာမဘရိုးဆ်ပဏ္ဍိတ်ခေါ်သော အိမ်၌သော်လည်းကောင်း တည်းခို၍ မေးမြန်းနိုင်၏။ ကောသမ္ဗီမြို့သည် ဣလာဟာဗာဒ်မြို့နယ်၊ ယမုနာမြစ်၏ ကမ်းထိပ်၌ တည်ရှိ၏။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
ဧလာဗာဒ်မြို့	ဣလာဟာဗာဒ်
ဘရဝါရီဘူတာ	ဘရဝါရီဆင်ရှေ့သျှန်
ကောသမ္ဗီမြို့	ကိုဆမ်ဣနာမ်, ကိုဆမ်ခိရာဂျ
ပဏ္ဍိတ်အိမ်	ရာမ်ဘရိုးဆ်ပဏ္ဍိတ်မကာန်း
အသောကကျောက်စာတိုင်	အသျှီးက်ဆတမ္ဘလေခ်
ပါလိရွာ	ပါလီ ဂံ၀်
ပဘိုဆရွာ	ပဘိုဆာ ဂံ၀်
ဒေ၀ကင်ရှသောဇ္ဇရေအိုင်	ပလခ်ျဂူဟာကေပါဆ်ဂျလ်ကုံ၌

----- × -----

[၁၀] ဘဂ္ဂတိုင်း၊ သံသုမာရဂိရိပြည်အကြောင်း

ဧကံ သမယံ ဘဂ္ဂေသု ဝိဟရတိ သံသုမာရဂိရေ(သုသုမာရဂိရေ) ဘေသကဠာဝနေ မိဂဒါယေ။ တေ နု ခေါ ပန သမယေန အာယသ္မာ အနုရုဒ္ဓေါ စေတိသု ဝိဟရတိ ပါစီနဝံသဒါယေ။ (အဋ္ဌကနိပါတ်၊ အဂုတ္တိရ်ပါဠိတော်။ အံ၊၃။၆၂)

ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ ဘုရားမြတ်စွာသည်။ ဘဂ္ဂေသု၊ ဘဂ္ဂတိုင်းတို့၌။ သံသုမာရဂိရေ၊ သံသုမာရဂိရိပြည်၌။ ဘေသကဠာဝနေ၊ ဘေသကဠာဘီလူးသည် စောင့်ရှောက်အပ်သော တောအုပ်ဖြစ်သော။ မိဂဒါယေ၊ သားသမင်တို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန်တောင်၌။ ဝိဟရတိ၊ နေတော်မူ၏။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ အာယသ္မာ၊ သက်တော်ရှည်သော။ အနုရုဒ္ဓေါ၊ အနုရုဒ္ဓါမထေရ်သည်။ စေတိသု၊ စေတိယတိုင်းတို့၌။ ပါစီနဝံသဒါယေ၊ ဘုရားသခင် နေတော်မူရာ ဘေသကဠာတောမှ အရှေ့ဖြစ်သော တောအုပ်၌။ *(ဝိဟရတိ၊)* သီတင်းသုံးနေတော်မူ၏။

အဓိပ္ပါယ်မှာ ဘုရားသခင်သည် ဘဂ္ဂတိုင်း၊ သံသုမာရဂိရိပြည်၌ သီတင်းသုံးနေတော်မူစဉ် အရှင်အနုရုဒ္ဓါမထေရ်လည်း ဘုရားသခင် နေတော်မူရာမှ အရှေ့အရပ်တောအုပ်၌ နေ၏။ ထို့ကြောင့် အရှင်အနုရုဒ္ဓါမထေရ် နေတော်မူရာ စေတိယတိုင်းမှ ဘဂ္ဂတိုင်း၊ သံသုမာရဂိရိပြည်သည် အနောက်အရပ်ကျကြောင်းကို သိ၊အပ်၏။

ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ ဘဂ္ဂရဋ္ဌေ သုသုမာရဂိရိနဂရေ သေဋ္ဌကုလေ နိဗ္ဗတ္တိ၊ သတ္ထာပိ ဘိက္ခုသံ်ဃပရိဝုတော စာရိကံ စရမာနော တံ နဂရံ ပတ္တော ဘေသကဠာဝနေ ဝိဟရတိ။ (ဧကကနိပါတ်၊ အဂုတ္တရအဋ္ဌကထာ။၁။၃၀၇)

ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ၊ ဤငါတို့ဘုရား ဖြစ်တော်မူသောအခါ၌။ ဘဂ္ဂရဋ္ဌေ၊ ဘဂ္ဂတိုင်း၌။ သုသုမာရဂိရိနဂရေ၊ သုသုမာရဂိရိပြည်၌။ သေဋ္ဌကုလေ၊ သူဌေးမျိုး၌။ နိဗ္ဗတ္တိ၊ နကုလပိတာတို့ ဖြစ်ကြကုန်၏။ သတ္ထာပိ၊ ဘုရားသခင်လည်း။ ဘိက္ခုသံ်ဃပရိဝုတော၊ ရဟန်းသံ်ဃာအပေါင်း ခြံရံလျက်။ စာရိကံ၊ ဒေသစာရိကို။ စရမာနော၊ လှည့်လည်တော်မူသည်ရှိသော်။ တံ နဂရံ၊ ထိုသုသုမာရဂိရိမြို့သို့။ ပတ္တော၊ ရောက်တော်မူ၍။ ဘေသကဠာဝနေ၊ ဘေသ-ကဠာဘီလူးသည် စောင့်ရှောက်အပ်သော တောအုပ်၌။ ဝိဟရတိ၊ နေတော်မူလေ၏။

အဓိပ္ပါယ်မှာ- ငါတို့ဘုရားသခင် ဖြစ်တော်မူစဉ် နကုလပိတာတို့သည် ဘဂ္ဂတိုင်းအဝင် သုသုမာရဂိရိမြို့ဝယ် သူဌေးမျိုး၌ ဖြစ်ကုန်၏။ ဘုရားသခင်လည်း ရဟန်းသံ်ဃာခြံရံလျက် လှည့်လည်သောအခါ ထိုသုသုမာရဂိရိမြို့သို့ ရောက်တော်မူ၍ ဘေသကဠာတောအုပ်၌ နေတော်မူလေ၏။

ယခုအခါ ထိုဘဂ္ဂတိုင်း၊ သုသုမာရဂိရိမြို့သည် ကောသမ္မီပြည်မှ အရှေ့တောင် ၆၄-မိုင် အကွာအဝေးဌာနရှိသော ဂါရာမြို့ ဖြစ်သင့်ကြောင်းနှင့် ဇမ္ဗူဒီပဣန္ဒိယနယ်ပုံကျမ်းဌာ လာရှိ၏။ သဏ္ဌာန်, ဟိန္ဒီကျမ်းဂန်အားလျှော်စွာ ဣန္ဒိယ, ဥရောပတိုက်သားတို့က သတ်မှတ် ဖော်ပြထားကြသည်မှာ ဗာရာဏသီ, မိရဇာပုရ်, ဣလာဟာဗာဒ်စီရင်စုတို့၏ ဂင်္ဂါမြစ် တောင်ဘက်ကမ်းခြေတလျှောက်ရှိ နယ်သည် ဘဂ္ဂတိုင်းဖြစ်၍ မိရဇာပုရ်စီရင်စုရှိ **ကျွန်နာရ်** ခေါ်သော တောင်သည် သုသုမာရဂိရိတောင် ဖြစ်၏။ ၎င်းတောင်မှ ဗုဒ္ဓဘာသာ ရုပ်တု, ဆင်းတုများလည်း ရရှိလေပြီ။ (ဗုဒ္ဓကျရယျ(ဗုဒ္ဓစရိယ)ကျမ်း၊ နံပါတ် ၄၁၂၂ ၉၃-မှာ ရှုလေ။)

----- × -----

[၁၁] အာဌဝီတိုင်း၊ အာလမ္ဘိကာမြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ကောသမ္ဗီမှ အစဉ်အတိုင်း ပြန်လာ၍ ဘရဝဂီဘူတာသို့ တဖန် ရောက်လေပြန်၏။ ၎င်းဘူတာမှ ထွက်ခွါသွားလေရာ ကန္ဒပုရ်(ကောင်ပို)မြို့တော်သို့ ရောက်လေ၏။ ဤကန္ဒပုရ်စီရင်စုသည် ရှေးက အာဌဝီတိုင်းပြည် ဖြစ်ပေ၏။ ဖြစ်ဟန်ကား ဒီဃနိကာယ်ဌ "**ပဏ္ဍာလစန္ဒော အာဌဝကော**"ဟူသည်နှင့်အညီ အာဌဝီပြည်သည် ဒက္ခိဏ-ပဏ္ဍာလပြည်ဌသာ ရှိသင့်၏။ ထို့ကြောင့် အဆိုပါစီရင်စုသည် အာဌဝီတိုင်းဌ ပါဝင်လျက် ရှိနေ၏။

ယခုရှိ **အရဝလ်အရပ်**သည် ရှေးက အာလမ္ဘိကာပြည် ဖြစ်၏။ အာဌဝီပြည်၊ အဂ္ဂါဌဝအမည်ရှိသော စေတီဌ ၁၆-ဝါမြောက် ဝါဆိုတော်မူစဉ် အာဌဝကဘီလူးကို ဆုံးမ၍ ၅၀၀-သော ဥပါသကာနှင့်တကွ ဆည်းကပ်လာသော ဟတ္ထကအာဌဝက ဥပါသကာအား သင်္ဂဟတရား ၄-ပါးကို ဟောတော်မူကြောင်းနှင့် အဂ္ဂုတ္တရနိကာယ်ဌ လာရှိ၏။

ယခုအခါ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ တစ်စုံတစ်ခုမျှ မရှိသော်လည်း ဘုရားသခင် တရားဟောတော်မူရာ ဒေသထူး-ဟူ၍ မှတ်ယူအပ်၏။ မြို့သည် ယမုနာမြစ်ကမ်းဌ တည် နေခြင်းကြောင့် ရသေ့သူတော်ကောင်းတို့ မျှားစွာ လာရောက်ရေချိုးကြကုန်၏။ သူဌေးများ ကလည်း ပုညခေတ္တာ ဓမ္မသာလာကြီးကို ဆောက်လုပ်လျက် နိစ္စဗဒ်အလှူဝတ်ဖြင့် ပျော်မွေ့ လေ့ရှိကြ၏။ မြို့တွင်းဌ ဖန်ကျောင်း, မှန်ကျောင်း ခံတပ်ဟောင်းနှင့်တကွ သိုးမွေးဖြင့် ရက်အပ်သော ရက်ကန်းစင်များလည်း ရှိကုန်၏။ ဘာသာမှာ ဟိန္ဒူဘာသာ များ၏။ ဗုဒ္ဓ-ကျရယျဟိန္ဒီကျမ်းကြီးကို ရှုကြလေ။

----- × -----

[၁၂] အာလမ္ဘီကာမြို့ လမ်းခရီးအစီအစဉ်

ဂျာန္ဒီယတွင် ကန္နပုရ်(Cawnpore)မြို့သည် အလွန်ထင်ရှား၏။ သွားလိုရာမှ ရောက်နိုင်၏။ ဘူတာရုံမှ ၁-မိုင်လောက်တွင် ဂျိုင်းနီဝမ္မသာလာ ရှိ၏။ လူများတို့ တည်းခိုနိုင်၏။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
အာဌဝီတိုင်း	ကန္နပုရ်
ဝမ္မသာလာဇရပ်	လချမန်ဒါဆ်ဗာဗူရာမ်, ဓရ်မသျှာလာ
ဖန်ကျောင်း	ကံဂ်မန္ဒိရ်
ယမုနာရေဆိပ်	ဆရဆဏ္ဍိယာယာဌ
ခံတပ်ဟောင်း	ပုရာဏာ ကိလာ
အာလမ္ဘီကာမြို့	အရဝလ် (ကန္နပုရ်ဂျိလာ)

----- x -----

[၁၃] သက်သနဂိုရ်ပြည်အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ကာန္နပုရ်မြို့၊ အယန္ဒဝရဂံဂျဘူတာမှ လိုက်သွားလေရာ ဖရရုခါဗာဒ်မြို့သို့ ရောက်လေ၏။ ၎င်းမြို့မှတဖန် ရထားပြောင်း၍ စီးသွားပြန်လျှင် မိုင်ဌာဘူတာသို့ ရောက်လေ၏။ ဘူတာရုံမှ မြောက်ဘက် ၁-မိုင်လောက်တွင် ဘိုင်ဆရိုလီရှာ ရှိ၏။ ၎င်းရှာ၏ ယဂျဒတ္တခေါ်သော ပရောဟိတ်ပုဏ္ဏားအိမ်၌ တည်းခိုနေနားပြီးလျှင် နံနက်စောစော ထသွားလေရာ လမ်း၌ ကာလီမြစ်ကို ကူးပြီးမှ တဖန်သွားလေရာ မကြာခင်ပင် သက်သနဂိုရ်ပြည်သို့ ဆိုက်ရောက်လေ၏။

ထိုအခါ ဆံကိဆာရှာ၌ သျှိဝဒယာလ်ပဏ္ဍိတ် အမည်ရှိသော ပုဏ္ဏားသည် မိမိအိမ်သို့ ပင့်ဆောင်ပြီးလျှင် အကြင်အကြင်သို့သော စကားကို မေးမြန်း၏။ ထိုထိုစကားကို ဖြေကြားလိုက်လျှင် သဒ္ဓါတရားသက်ဝင်လျက် ရှုမြင်အပ်သော အရာဝတ္ထုကို တစ်ခုမကျန် လှည့်လည်ကြည့်ရှုစေရန် စီမံ၍ ပေးပြန်လေ၏။

သက်သနဂိုရ်ပြည်၏ အတ္ထုပ္ပတ္တိကား ငါတို့ ဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေပျော်စဉ်ဝယ် တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ ကဏ္ဍမ္ဗ အမည်ရှိသော သရက်ဖြူပင်ရင်း၌ ရေမီးအစုံဖြင့် တန်ခိုးပြာဋိဟာကို ပြတော်မူ၍ အကုဋေမကကုန်သော သတ္တဝါတို့အား ဓမ္မာဘိသမယကို ရစေတော်မူပြီးမှ ရှေးနောင်တော်ဘုရားရှင်တို့၏ ဓမ္မတာနည်းလမ်းဖြင့် မယ်တော်ဖြစ်ဖူးသော သန္တုဿိတနတ်သားကို အကြောင်းပြု၍ အဘိဓမ္မာတရားတော်ကို ဟောခြင်းငှာ တာဝတိံသာနတ်ပြည်သို့ ကြွသွားတော်မူလေ၏။ ထိုနတ်ပြည်၌ ဝါတွင်း ၃-လပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောတော်မူလေ၏။ တရားတော်၏အဆုံး၌ ကုဋေ ၈-သန်းမျှလောက်ကုန်သော နတ်အပေါင်းတို့သည် သစ္စာ ၄-ပါး, မှန်ကန်သော တရားတော်ကို ပိုင်းခြားစွာ မြင်ကြကုန်၏။ မယ်တော် နတ်သားလည်း သောထာပတ္တိဖိုလ်သို့ ရောက်လေ၏။

ထို့နောက် လူများတို့ကို အကြောင်းပြု၍ အရှင်မောဂ္ဂလာန်မထေရ်သည် လူပြည်သို့ သက်ကြွပါမည့်အကြောင်းကို လာရောက်တောင်းပန်လေရာ ဘုရားသခင်လည်း အကြောင်းမျိုးစုံကို မှာထားလိုက်ပြီးလျှင် သီတင်းကျွတ်လပြည့်နေ့ ရောက်လတ်သော် လူပြည်သို့ ဆင်းကြွမည့်အကြောင်းကို သိကြားမင်းအား မိန့်ကြားတော်မူ၏။ ထိုအခါ သိကြားမင်းသည် သုဒဿနနတ်မြို့ တောင်တံခါးမှ သက်သနဂိုရ်ပြည် တောင်တံခါးတိုင်အောင် ပတ္တမြားစောင်းတန်းကို ဖန်ဆင်းပြီးလျှင် ထိုစောင်းတန်း၏အနီး၌ ရွှေဖြင့်ပြီးသော စောင်းတန်း ၁-ခု၊ ငွေဖြင့်ပြီးသော စောင်းတန်း ၁-ခုကို ဖန်ဆင်းလေ၏။

ဘုရားသခင်သည် သုဒဿနမြို့ထိပ်၌ ရပ်တော်မူလျက် နတ်,လူတို့အား ပီတိသောမနသဖြစ်စေခြင်းငှာ လောကဝိဝရဏာတန်ခိုးတော်ကြောင့် လူအပေါင်းတို့ကို နတ်ပြည် ၆-ထပ်နှင့်တကွ ပြဟ္မာ့ပြည်တိုင်အောင် မြင်စေတော်မူ၏။ နတ်တို့သည်လည်း ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် လူပြည်မှ အဝီစိငရဲတိုင်အောင် အကြွင်းမရှိ မြင်ကြကုန်၏။ ဘုရားသခင်သည် နီလ, ပီတ-စသော ရောင်ခြည်တော် ၆-ပါးကို တပြိုင်နက်တည်း ဘဝဂ်ထိတိုင်အောင် တောက်ပစေလျက် မြင်းမိုရ်တောင်ထိပ်မှသည် ပတ္တမြားစောင်းတန်းဖြင့် သက်ကြွတော်မူ၏။ ထိုအခါ–

- ပြဟ္မာမင်းတို့သည် ရွှေထီး, ငွေထီး, သန္ဓာထီးတို့ဖြင့် မိုး,ကာလျက် ပရိသတ်နှင့်တကွ လက်ယာစောင်းတန်းဖြင့် ဆင်းကြကုန်၏။
- သိကြားမင်း ၃-ကျိပ် ၃-ယောက်တို့တွင် အချို့ကား ရွှေ, ငွေ, ပုလဲတံခွန်တို့ကို လက်စွဲကုန်လျက်၊ အချို့ကား ဝိဇယုတ္တရခရှသင်းကို တီးမှုတ်လျက်၊
- ပဉ္စသီခနတ်သားသည် မကိုင်ရှောင်းလျက် ဗေလုဝမည်သော နတ်စောင်းကို ကိုင်၍၊

- မာတလိနတ်သားသည် စာမရီသားမြီးယပ်ဖြင့် တလွဲလွှဲခပ်လျက် ဂန္ဓဗ္ဗနတ်သားတို့နှင့် တကွ လက်ဝဲစောင်းတန်းဖြင့် သက်ဆင်းကြကုန်၏။

လူတို့ မြင်ကြလျှင် အထူးကြည်ညိုပူဇော်ကြကုန်လျက် ၃၆-ယူဇနာ အဝန်းရှိသော ပရိသတ်တို့တွင် တစ်စုံတစ်ယောက်မျှမကျန် ဘုရားဆုကို တောင်းကြကုန်၏။ ဘုရားသခင်လည်း နတ်,ပြဟ္မာခြံရံလျက် ကြွလာတော်မူ၍ သက်သနဂိုရ်ပြည် တောင်တံခါးဝ၌ ရပ်တော်မူလေလျှင် အရှင်သာရိပုတ္တရာသည် တပည့်နှင့်တကွ ခြေတော်ရင်း၌ ဘုရားဂုဏ်တော်ကို ချီးမွမ်းပြောဆို၍ ပူဇော်နေလေ၏။ ထိုအခါ–

ယေ စာနပ္ပသုတာ ဓီရာ၊ နိက္ခမ္မူပသမေ ရတာ။
ဒေဝါပိ တေ ပိဟယန္တိ၊ သမ္ဗုဒ္ဓါနံ သတိမတံ။　　။　–

ဟူသော ဂါထာ(သုတ္တနိ၊၄။၂,၂၈၆)ကို ဟောတော်မူ၏။ ဂါထာ၏အဆုံး၌ သတ္တဝါ ၁-ကုဋေ တို့သည် အမြိုက်အရသာ တရားတော်ကို သုံးရလေကုန်၏။

သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ ယေ ဓီရာ၊ အကြင်ဘုရား အစရှိကုန်သော သူတော်ကောင်းတို့သည်။ စာနပ္ပသုတာ၊ အာရမ္မဏူပနိဇ္ဈာနစျာန်, လက္ခဏူပနိဇ္ဈာနစျာန်, ၅-တန်သော ဝသီဘော်တို့ဖြင့် ပျော်ရွှင်လေ့လာခြင်း ရှိကုန်၏။ နိက္ခမ္မူပသမေ၊ ကိလေသာတို့၏ငြိမ်းရာ နိဗ္ဗာန်ချမ်းသာ၌။ ရတာ၊ မွေ့လျော်ကုန်၏။ တေ တေသံ၊ ထိုစျာန်သမာပတ်ကျေးဇူးဂုဏ်နှင့် ပြည့်စုံကုန်သော။ သတိမတံ၊ သတိတရားရှိကုန်သော။ ဗုဒ္ဓါနံ၊ ဘုရားသခင်တို့အား။ ဒေဝါပိ၊ နတ်,ပြဟ္မာတို့သည်လည်း။ ပိဟယန္တိ၊ ချစ်မြတ်နိုးကုန်၏။

ဤသို့ ဟောတော်မူ၍ တံခါးဝ၌ ရပ်တော်မူပြီးလျှင် လူအပေါင်းတို့အား ထိုက်တန်သောပြဿနာကို မေးတော်မူသောအခါ အသီးသီး လျှောက်ထားဖြေဆိုကြကုန်၏။ အထက်အထက်သော တရားတော်ကိုကား မဖြေဆိုနိုင်ကြကုန်။ အရှင်မောဂ္ဂလာန်, အရှင်သာရိ-ပုတ္တရာကိုလည်း မေးမြန်းတော်မူ၏။ ထိုအခါ ပြဿနာ၏ နက်နဲသောကြောင့် မဖြေဆိုနိုင်သည်ကို မြင်လတ်သော် အမြွက်မျှလောက်ကို ဘုရားသခင် ဟောမြွက်တော်မူလေလျှင် အရှင်သာရိပုတ္တရာသည် ဗုဒ္ဓဝိသယဖြစ်သော ပြဿနာကို နည်းအရာ, နည်းအထောင်ဖြင့် တန်ဆာဆင်၍ ဖြေဆိုတော်မူလေ၏။

ထို့နောက် အရှင်သာရိပုတ္တရာသည် ဤသို့ လျှောက်ထား၏။ "အရှင်ဘုရား၊ တပည့်သားတော်သည် စကြဝဠာတိုက်၌ တစ်ကမ္ဘာပတ်လုံး ရှာသမျှသော မိုးရေ,မိုးပေါက်ကို မကြာခင်ပင် ရေတွက်ပြနိုင်ပါ၏။ သို့သော် ဒေသနာတော်၏ အနက်အဓိပ္ပါယ်ကို နည်းအမြွက်မျှ မရခဲ့ပါလျှင် မဖြေဆိုနိုင်ပါ"ဟု လျှောက်ထားလေ၏။

ဤသို့လျှင် လူမင်း, နတ်မင်း, ပြဟ္မာမင်းတို့၏ ပူဇော်ရာအထူးကို ခံတော်မူထိုက်သော ဘုရားသခင်၏ လက်ယာခြေတော် ချတော်မူရာ သက်သနဂိုရ်ပြည်၏ တောင်တံခါးဝသည် ဘုရားရှင်အပေါင်းတို့ မစွန့်အပ်သောကြောင့် အဝီဇဟိတဌာနကြီးတစ်ခု ဖြစ်ပေ၏။ ဤကား ဇိနတ္ထကျမ်းဌီလာရှိသော စကားရပ်ဖြင့် ညွှန်းပြအပ်သော စကားရပ်တည်း။

သံကဿနဂိုရ်ပြည်၏ ယခုရှိပုံ အခြေအနေကား မြောက်ဘက်၌ ဂင်္ဂါမြစ်, တောင်ဘက်၌ ယမုနာမြစ်, အရှေ့ဘက်၌ ကံနောက်ဂျိစီရင်စု, အနောက်ဘက်၌ အတရင်ဂျိစီရင်စု ဖြစ်၍ ယခုကာလ စတုရန်းမိုင်ပေါင်း ၂၂၀-ခန့်ရှိ၏။ မြို့ရိုးမှာ စတုရန်း ၃-မိုင်ခွဲသာ ရှိ၏။ ပေနှင့် တိုင်းလိုက်လျှင် စတုရန်း ၁၈,၉၀၀-ရှိ၏။ ဤသို့လျှင် ကျောက်စာဘက်ဆိုင်ရာက ကျောက်စာမင်းကြီး ကနိန်ဂဟမ်သည် ပိုင်းခြား၍ သတ်မှတ်ဖော်ပြလျက်ထား၏။

ဣတောာ မဓုရာယ စတူသု ယောဇနေသု သက်သံ နာမ နဂရံ အတ္ထိ၊ တတ္ထ ဗဟူ ဇနာ ဝသန္တိ။ –

ဟူသော သဒ္ဒါကြီးကျမ်း(ဒုရန္တိ-သုတ်၊၁၄၀။ 'မထုရာ'ဟု မူကွဲရှိသည်။)နှင့်အညီ မထုရာပြည်မှ ၄-ယူဇနာမျှသာ ကွာဝေးသော အဝီဇဟိတဌာနကြီးအပါအဝင် ဤသက်သနဂိုရ်ပြည်ကို ယခုကာလ ဆံကိဆာ-ဟူ၍လည်းကောင်း, ဆံကိဆိယာ-ဟူ၍လည်းကောင်း ခေါ်ဆိုကြ၏။ ထိုဆံကိဆာရွာ၏ တောင်ဘက်အရပ်၌ အဆောက်အဦးကြီးတစ်ခုတွင် ကျောက်ဆင်းတု, နတ်ရုပ်-စသည် ရှိနေ၏။ ကျောက်ဆင်ရုပ်ပါရှိသော ကျောက်တိုင်လည်း ၁-ခုရှိ၏။

ပြောဆိုကြသည်မှာ ထိုကျောက်တိုင်၏ အောက်အဆုံးကို သိလို၍ တူးဖော်ကြရာ အဆုံးတိုင်အောင် မတူးနိုင်သောကြောင့် ပကတိသော နေရာမှ ၄, ၅-တောင်လောက်က ပိုင်းယူပြီးလျှင် ဤနေရာတွင် စိုက်ထား၏-ဟု ပြောဆိုကြ၏။ ထို့ကြောင့် ဆင်ခြင်၍ ကြည့်လိုက်လျှင် ထိုကျောက်တိုင်၏နေရာသည် မြတ်စွာဘုရား လက်ယာခြေတော် ချတော်မူရာ သက်သနဂိုရ်ပြည်၏ တောင်တံခါးဝနှင့် တူဟန်ရှိ၏။

ဖာဟီယန်ကျမ်းဌီကား "တာဝတိံသာနတ်ပြည်မှ သက်ဆင်းသော စောင်းတန်း ၃-ခုသည် မြေ၌ ဝင်သွားလေ၏။ လှေကားထစ် ၇-ခုသာ ကြွင်းကျန်နေလေ၏။ ထို့နောက် အသောကမင်းကြီးသည် ထိုလှေကား၏အဆုံးကို သိလို၍ တူးဖော်စေရာ အောက်ရေဝါတိုင်အောင် တူးဖော်သော်လည်း အဆုံးကို မတွေ့သောကြောင့် ထိုနေရာမှာ ကျောင်းတော်ကြီး ၁-ခု ဆောက်လုပ်၍ အလယ်စောင်းတန်းလှေကား၌ ၁၆-တောင်ပမာဏရှိသော ရုပ်ပွါးတော် ၁-ဆူကိုလည်း တည်ထားလေ၏။ ကျောင်းတော်၏အနောက်၌ ခြသေ့ရုပ်ပါရှိသော အတောင် ၃၀-ခန့်ရှိသော ကျောက်တိုင် ၁-ခုကိုလည်း စိုက်ထူထားခဲ့ကြောင်း"ကို လာရှိ၏။

ထိုခြေသေ့ရုပ်ကျောက်တိုင်၏အရှေ့ဘက် မိုင်ဝက်လောက်တွင်လည်း ကျောက်တိုင်ငယ် ၁-ခုရှိ၏။ ၎င်းတိုင်ကို ဟိန္ဒူလူမျိုးတို့ တူးဖော်ကြည့်ရှုလျှင် အဆုံးကို မတွေ့သောကြောင့် အပေါ် ၂-တောင်လောက်ကို ချန်ထားပြီးမှ အလုံးစုံကို မြေဖို့လိုက်၏။ ယခုအခါ ၎င်းတိုင်ငုတ်ကို မဟာဒေဝလိုင်-ဟု ရည်မှတ်ကိုးကွယ်နေကြကုန်၏။ ထိုအဆောက်အဦးကြီး၏ အရှေ့ဘက် အောက်မြေအပြင်၌ ဂိုဆာဟီလူမျိုးတို့၏ အိမ် ၁-ဆောင်ရှိ၏။ ၎င်းအိမ်၏မြောက်ဘက် ကျောက်တိုင်၏အနီးအပါးရှိ ဗောဓိပင်အကြား လက် ၄-ချောင်းပါရှိသော ကျောက်နတ်ရုပ်ကြီး ၁-ခုလည်း ရှိ၏။

သက်သနဂိုရ်မြို့ဟောင်း၌ ရေတွင်းဟောင်းတို့သည် မျှားစွာ ရှိကုန်၏။ ဆံကိဆာရွာ၏မြောက်ဘက်၌ ရေအိုင်ကြီး ၁-ခုရှိ၏။ ၎င်းရေအိုင်သည် မြတ်စွာဘုရား ရေချိုးသော ရေအိုင် ဖြစ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူလာသောအခါ ကိုယ်တော်၏ ရနံ့သည် အလွန်မွှေးကြိုင်ခြင်းကြောင့် ရေချိုးတော်မူ၏-ဟု ဖာဟီယန်ကျမ်း၌ ပါရှိ၏။ ဤသက်သနဂိုရ်ပြည်၌ ကျောက်စာဝန်ဘက်ဆိုင်ရာက တူးဖော်ထားသော နေရာဌာန ၃-ခုရှိ၏။

----- x -----

[၁၄] သက်သနဂိုရ်ပြည် လမ်းခရီးအစီအစဉ်

သက်သနဂိုရ်ပြည်သို့ သွားလိုကြလျှင် ကန္ဒပုရ်မြို့မှ ဖရရှခါဗာဒ်မြို့သို့ သွားကြရမည်။ ၎င်းမြို့မှ မိုဌာ(Mota)ဘူတာသို့ သွားကြလေ။ ဓမ္မသာလာ မရှိ၊ ဘူတာရုံမှာ တည်းခိုနိုင်သည်။ နွားလှည်း, မြင်းရထား မရနိုင်။ ဘူတာရုံမှ မြောက်ဘက် ဘိုင်ဆရိုလီရွာသို့ သွားပြီးမှ အရှေ့မြောက်ထောင့်ခပ်ယွန်းယွန်း သက်သနဂိုရ် အမည်ရှိသော ဆံကိဆာရွာသို့ သွားကြလေ။ ဘူတာမှ ဆံကိဆာရွာသည် ၄-မိုင်လောက်သာ ဝေး၏။ ဖရရှခါဗာဒ်စီရင်စု၌ ရှိ၏။ ဆံကိဆာသို့ ရောက်လျှင် သျှိဝဒယာလ်ပဏ္ဍိတ်ခေါ်သော ပုဏ္ဏားအိမ်၌ အပြောအဆိုကောင်းလျှင် တည်းခိုနိုင်၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ဖရရှခါဗာဒ်	ဖရရှခါဗာဒ်
မိုတာဘူတာ	မိုဌာဆတေသျှန်
ဘိုင်ဆရိုလီရွာ	ဘိုင်ဆရိုလီဂံ၀
ကာလီမြစ်	ကာလီနဒီ

သက်ဿနဂိုရ်ပြည်	ဆံကိဆာ, ဆံကိဆိယာ
ပုဏ္ဏားအိမ်	သျှိဝဒယာလ်ပဏ္ဍိတ်မကာန်း

----- x -----

[၁၅] ဖရရုခါဗာဒ်မြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် သက်ဿနဂိုရ်ပြည်မှ ထွက်ခွါ၍ သွားရာ ဖရရုခါဗာဒ်မြို့သို့ ဆိုက်ရောက်လေ၏။ ထိုမြို့၌ ဗလဒေဝဒါဆ် မည်သော သူဌေးမင်းအိမ်တွင် နံနက်ဆွမ်းစား၍ မြို့အားလုံးကို လှည့်လည်ကြည့်ရှုရာဝယ် ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ အဆောက်အဦးတစ်စုံတစ်ရာမျှ မရှိချေ။ ဟိန္ဒူ-စသော လူမျိုးတို့ ကိုးကွယ်ရာ ကျောင်း, ကန်, သိမ်, ပုထိုး, နတ်ကွန်းများကိုသာ တင့်တင့်တယ်တယ် ဆင်ယင်လျက် တွေ့ရှိပေ၏။

ၦင်းပြင် ဂင်္ဂါရေချိုး ဆိပ်နှင့်တကွ အဟောင်း,အသစ် ခံတပ် ၂-ခုရှိ၏။ ဘုတာရုံမှ ၁-မိုင်လောက်တွင် ဗလဒေဝဒါဆ်သူဌေးကြီး ဆောက်လုပ်သော ဓမ္မသာလာ ၁-ခုရှိ၏။ လူများ တည်းခိုရန် နေနိုင်၏။ ဖရရုခါဗာဒ်(Farukhabad)မြို့သည် ထင်ရှားသောမြို့ဖြစ်ခြင်းကြောင့် အသွားအလာ လွယ်ကူ၏။

----- x -----

[၁၆] ဗိလဆရ်အဆောက်အဦးအကြောင်း

ဦးကိတ္တိရဟန်းတော်သည် တဖန်လိုက်သွားလေရာ ရုဒါယာန်းဘုတာသို့ ရောက်လေ၏။ ၎င်းဘုတာမှ အရှေ့တောင်ထောင့် ၁-ကောသလောက် သွားလိုက်လျှင် ဗိလဆရ်ခေါ်သောရွာသို့ ရောက်လေ၏။ ထိုရွာ၌ ကျောက်စာဝန်တို့ တူးဖော်၍ အသီးသီးနယ်နိမိတ်သတ်မှတ်ထားလေ၏။ တူးရာဌာနမှာ ကျောင်းတော်ရာ ပုံသဏ္ဌာန်နှင့်တကွ ကျောက်ခွက်, ကျောက်တိုင်, တံခါးမုခ်-စသည် ပေါ်ထွက်လျက် ရှိ၏။

အရှေ့ဘက်၌ တံခါးမုခ်ကျောက်တိုင် ၂-ခု၊ အနောက်အရပ်၌ ကမ္မည်းစာပါရှိသော ကျောက်တိုင် ၂-ခု ရှိ၏။ ရွာ၏အနီးအနားမှာလည်း နတ်ကွန်းကြီး ၁-ခုရှိ၏။ ရွာတွင်း၌ ကျောက်စလောင်းကြီး ၁-ခုနှင့် ပျက်စီးလေပြီးသော ကျောက်တိုင်ကြီးလည်း ၁-ခုရှိ၏။ ထိုအရပ်ဒေသကို ဗိလဆရ်ရာဇဝိန် အမည်ရှိသော မင်းတစ်ပါး စိုးစံခဲ့ပြီးလျှင် ၎င်းမင်းနောက် ကိုဗိရဆီဟ အမည်ရှိသောမင်း ထီးနန်းစိုက်ခဲ့ဖူးကြောင်းနှင့် ပညာရှိတို့ ပြောဆိုကြ၏။

ဗိလဆရ်ရွာသည် ဧရာစီရင်စု၌ ရှိ၏။ ရှေးက ဗုဒ္ဓဘာသာအဆောက်အဦး တစ်ခုခု နှင့်တူသည်။ အတိအကျ မသိရသေး။ ၎င်းရွာ၌ ပဏ္ဍိတ်ဗဏ္ဏန်လာလ်ခေါ်သော အိမ်က နေ၍ အလုံးစုံကို မေးမြန်းပြီးလျှင် ကြည့်ရှုနိုင်၏။ ခရီးအစီအစဉ်မှာ အထက်ပါအတိုင်း ဖြစ်သည်။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ရုဒါယာန်းဘူတာ	ရုဒါယာန်းဆတေသျှန်
အလဟိယာပူရွာ	အလဟိယာပုရ်ဂံဝ်
ဗိလဆရ်ရွာ	ဗိလဆရ်ဂံဝ်
ဗဏ္ဏန်လာလ်ပဏ္ဍိတ်အိမ်	ဗဏ္ဏဝန်လာလ်ပဏ္ဍိတ်မကာန်း

----- × -----

[၁၇] သောရေယျပြည်အကြောင်း

အရှင်မဟာရေဝတမထေရ် သီတင်းသုံးတော်မူရာ သောရေယျပြည်သည် ဗရိုက်-လီမြို့နှင့် မထုရာမြို့တို့၏ အလယ်ကြား ဂင်္ဂါလက်ယာကမ်း၌ တည်ရှိ၏။ သင်္ဂဇုကျမ်းဂန်၌ ရှေးအခါက ဥက္ကလချေတြ-ဟု ခေါ်ဆိုရ ဗိရှဏု(ဗိဿနိုး)ဘုရားသည် ဝက်အဖြစ်ဖြင့် သက်ဆင်းလာ၍ ဟိရညယက္ခကို သတ်ဖူးလေ၏။ ထို့ကြောင့် တဖန် သုကရချေတြ-ဟု တွင်လာပြန်၏။

ထိုနေရာ၌ ယခုရှိ ကုန်းမြင့်ကြီးကို ကိလာ(ခံတပ်)ဟု ခေါ်ဆိုကြ၏။ ၎င်းခံတပ်သည် အလျား ၂-ဖာလုံ, အနံ ၂-ဖာလုံအောက် စဉ်းငယ်မျှ နည်း၏။ ၎င်းကုန်းသည် ဂင်္ဂါ၏ လက်ယာကမ်းစောက်၌ တည်ရှိ၍ ယခုရှိ ဆိုရုန်မြို့သည် ပြဆိုခဲ့သော မြို့ဟောင်းကုန်းမြင့် ၏ အနောက်မျက်နှာနှင့် တောင်ဘက်မျက်နှာ၌သာ တည်ရှိ၏။ လူနေ အိမ်ခြေ ၅,ဝဝဝ-ခန့် ရှိနေ၏။ မြို့ဟောင်းကုန်းမြင့်၌ကား ဆီတာရာမ်ဂျီခေါ်သော ဟိန္ဒူနတ်ကွန်းနှင့် သျှားကဂျမာလ် အမည်ရှိသော ပသီလူမျိုးတို့၏ အရိုးတိုက်ရှိ၏။

အဆိုပါ စကားရပ်နှင့်အညီ ယခုရှိ ဆိုရုန်(Soron)မြို့သည် ရှေးက သောရေယျပြည် ဖြစ်၏။ ဤသို့လျှင် ကျောက်စာဘက်ဆိုင်ရာ ကျောက်စာမင်းကြီး ကနိန်ဂဟမ်သည် ကျမ်းဂန် အစောင်စောင်နှင့်တိုက်ဆိုင်၍ ဖော်ပြထား၏။ ဂ္ဂန္ဒိယ မီးရထားမြေပုံကို ကြည့်ရှု၍ သွား နိုင်၏။

----- × -----

[၁၈] သုရသေနတိုင်း၊ ရာဇဂုတ်ပြည်အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဗိလဆရ်ရွာမှ ထွက်ခွါသွားလေရာ မထုရာ(မဓုရာ)ပြည်သို့ ဆိုက်ရောက်လေ၏။ ၎င်းမြို့၌ သံ-သူဌေးတစ်ယောက်နှင့် တွေ့ဆုံလေရာ ထိုသူဌေး၏ ဆွမ်းအလုပ်အကျွေးကို ခံယူပြီးလျှင် ကြည့်ရှုအပ်သမျှ အရပ်ရပ်ဒေသသို့ လှည့်လည်ကြည့်ရှု၍ မှတ်တမ်းစာဖြင့် နောင်လာနောက်သား အကျိုးများစေခြင်းငှာ ရေးသားဖော်ပြပေအံ့။

ဒသကနိပါတ်၊ ယဋ္ဌပဏ္ဏိတဇာတ်၌ ကံသမင်းတို့၏ နေထိုင်ရာသည် ဥတ္တရာပထတိုင်း၊ အသိတဉ္ဇနမြို့တော်ဖြစ်ကြောင်း၊ ဝါသုဒေဝ-စသော မင်းသားတို့၏ နေရာဖြစ်သော ဒ္ဒါရကမြို့သည် တဖက်မျက်နှာ၌ သမုဒ္ဒရာ, တဖက်မျက်နှာ၌ တောင်ရှိကြောင်းကို ဟောတော်မူ၏။

ဣတော မဓုရာယ စတူသု ယောဇနေသု သက်သံ နာမ နဂရံ အတ္ထိ၊ တတ္ထ ဗဟူဇနာ ဝသန္တိ။ –

ဟူ၍ မထုရာပြည်မှ သက်သနဂိုရ်ပြည်သည် ၄-ယူဇနာ ဝေးကြောင်းကို သဒ္ဒါကြီးကျမ်း(ဒုရန္တိသုတ်၊၁၄၀)တွင် ပါရှိ၏။ နေမိတ္တကဝိဇာကျမ်း၌ သတ္တဘိသ္ဘ, ပြုဇ္ဇဘဒြပိုဒ်, ဥတ္တရာဘဒြပိုဒ်၊ ဤနက္ခတ် ၃-လုံးသည် မထုရာပြည်, ကသ္မီရပြည်-စသော မြောက်ဘက်အရပ်ဒေသ၌ ယှဉ်ကြောင်းကို လာရှိ၏။ ဣန္ဒိယရာဇဝင်, မဟာဘာရတ-စသော ကျမ်းဂန်တို့၌လည်း ကံသမင်းသည် ဤမထုရာပြည်၌ပင် မင်းပြုကြောင်းကို တွေ့ရှိ၏။

ယင်းသို့ လောကီ,လောကုတ္တရာ ကျမ်းဂန်လာသည်နှင့်အညီ ဤတိုင်းပြည်ကို ဥတ္တရာပထ မဓုရာ-ဟူ၍လည်းကောင်း၊ သို့မဟုတ် ဥတ္တရာပထ မထုရာ-ဟူ၍လည်းကောင်း ခေါ်ဆိုအပ်၏။ တစ်နည်း ရှေးအခါက အသိတဉ္ဇန၊ ယခုအခါ မထုရာ-ဟူ၍လည်း ခေါ်ဆိုထိုက်၏။ ဤကား လောကီ, လောကုတ္တရာကျမ်းဂန်အရနှင့် နှိုင်းယှဉ်၍ ပြအပ်သော စကားရပ်တည်း။

ယခုကာလမှာ ဤမထုရာပြည်သည်ပင်လျှင် သုရသေနတိုင်း၊ ရာဇဂုတ်ပြည်ဖြစ်၏။ ဖြစ်သင့်ကြောင်းကို ကျောက်စာမင်းကြီးတို့ ဆုံးဖြတ်ချက်အရဖြင့် သတ်မှတ်၍ ပြပေအံ့။ သုရသေနတိုင်း၏ နယ်နိမိတ်အတွင်း၌ မထုရာစီရင်စုနှင့် ဗိုက်ရာင်ရှနယ်, အတ္တရန်ဂျနယ်တို့သည် ပါဝင်ကုန်၏။ ၎င်းပြင် အာဂရာစီရင်စုရှိ မြောက်ပိုင်းများလည်း အနည်းငယ်ခန့်မျှ ပါဝင်လျက် ရှိနေ၏။ တောင်ဘက်၌ နရဝါးမြို့, ဆိုဝပုရီမြို့တိုင်အောင်၊ အနောက်ဘက်၌ ဆိန္ဓုမြစ်တိုင်အောင် အကျယ်အဝန်းရှိ၏။ စတုရန်းမိုင်ပေါင်း ၆၅၀-ခန့် ကျယ်ဝန်း၏။

ခရစ်တော်သက္ကရာဇ် ၇၀၀-အတွင်းက မိုင်ပေါင်း စ၃၃-မိုင် ကျယ်ကြောင်းကိုလည်း မေဂါဆထနီဂျ, ပလိန္ဒီ-စသော ဂရိတ်သံအမတ်ရာဇဝင်၊ ဟူယိုင်ဆင်မှတ်တမ်းစာဖြင့် သိအပ်၏။ မင်းနေပြည်ကို စတုရန်း ၄-မိုင်သာသာလောက် ရှိ၏-ဟု ၎င်းဟူယိုင်ဆင်ကျမ်းဌ်လာရှိ၏။ ယခုအခါ သုရသေနတိုင်း၏ နေပြည်တော်သည် မထုရာမြို့ပင် ဖြစ်ပေ၏။ ထိုမျှလောက် ကျယ်ဝန်းလျှင် ဘရတပုရ်နယ်, ခိရောက်လီနယ်, ဒေါလ်ပုရ်နယ်များလည်း ပါဝင်လျက် ဂွါလိယာရ်နယ်၏ အစွန်အဖျားတို့သည်လည်း အနည်းငယ်ခန့်မျှစီ ဝင်ပါလိမ့်မည်။ ဤသို့လျှင် ကျောက်စာဝန်များတို့ ဖော်ပြကြကုန်၏။

ဤမျှလောက်ကျယ်ဝန်းသော သုရသေနတိုင်း၊ မထုရာပြည်သို့ ဟူယိုင်ဆင် အမည်ရှိသော တရုတ်ဘုန်းကြီး လာရောက်သောအခါ ကျောင်းတိုက် ၂၀-ဌ ဟိနယာန, မဟာ-ယာန သံယာတော် ၂,၀၀၀-ခန့်လောက်ရှိ၏။ အသောကမင်းကြီး တည်ထားခဲ့သော စေတီတော် ၃-ဆူရှိ၏။ ဘုရား ၄-ဆူတို့၏ ပုံသဏ္ဌာန်များလည်း ရှိကုန်၏။ ၎င်းပြင် ဘုရားသခင်၏ သားတော်ဖြစ်တော်မူကြသော ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်,မွေတော် ဌာပနာရာ အဆောက်အဦး, စေတီတော်များတို့သည်လည်း ရှိကုန်၏။ ဤသို့စသည်ဖြင့် ရှေးအခါ သမယ-က မထုရာပြည်ဌ သာသနာတော် စည်ပင်သာယာခဲ့ကြောင်းကို ထိုဟူယိုင်ဆင်မှတ်တမ်းဌ် တွေ့ရှိ၏။

ဦးကိတ္တိရဟန်းတော် သွားရောက်ရှာဖွေကြည့်ရှုလတ်သော် ဘခ်ီရလက်တွင်းမှ မလွတ်ကင်းသောကြောင့် ရှေးဟောင်း ဗုဒ္ဓဘာသာအဆုံးအမ ဩဝါဒတရားနှင့် အဆောက်အဦးများတို့ကို တစ်စုံတစ်ခုမျှ မတွေ့မြင်ရချေ။ ဘူတာရုံမှ ၂-မိုင်လောက်တွင် ယမုနာမြစ်ကမ်းပါးဌ် ကန်ပုဟရ်ခေါ်သော ဓမ္မသာလာကြီး ၁-ခုရှိ၏။ ထိုဓမ္မသာလာကြီးဌ် လူများတို့ တည်းခိုနိုင်၏။ မြစ်ကမ်းတလျှောက်မှာ ဟိန္ဒူရေချိုးဆိပ်နှင့် ရဟန်း,ရှင်,လူတို့ ခိုဝင်နေရန် အကြီးအကျယ်အဆောက်အဦးများ ရှိ၏။ မြို့တွင်းဌ်လည်း နတ်ကွန်းကြီး,ငယ်တို့သည် အလွန်များပြားကုန်၏။ သူဌေးများတို့ ပြုလုပ်ထားသော ပုညခေတ္တဇရပ်မဏ္ဍပ်ဌ် ရောက်လာသူ လူအများကို စားရေး,သောက်ရေး-စသည်တို့ဖြင့် ထိုထိုအလှူမဏ္ဍပ်က စီမံပေးကြ၏။

အစိုးရကျောက်စာဝန်တို့သည် အချို့အချို့နေရာမှ တူးဖော်၍ ရသမျှသော ရုပ်တု, ဆင်းတု-စသည်များကိုလည်း မထုရာမြို့ရှိ မျူဇီယမ်ခေါ် ပြတိုက်နှင့်တကွ ဆိုင်ရာဆိုင်ရာ ပြတိုက်တို့ဌ် ဖော်ပြထားကြလေပြီ။ ယခု မထုရာနယ်၏ပတ်လည် စတုရန်း စ၄-ကောသ ရှိ၏။ ထိုအတွင်းဌ် ဟိန္ဒူကြီးရှဏဘုရား၏ အတ္ထုပ္ပတ္တိကို ရည်မှတ်လျက် ကိုးကွယ်ဆည်းကပ်ဖို့ရန် ဆောက်လုပ်စီမံထားသော ကျောင်း, ကန်, သိမ်, ပုထိုး, ရေတွင်း, ရေကန်တို့ကား ရေတွက်၍ မပြနိုင်လောက်အောင် ပွါးများကုန်၏။ လူတို့ အသွားအလာမှာမူကား နေ့,ညဉ့်

မပြတ် ဆိတ်ငြိမ်ခြင်း မရှိကုန်။ ထိုဌာနများတို့တွင် ပဓာနကြီးဖြစ်သော ဌာနများကို အောက်ပါ အတိုင်း ဖော်ပြလိုက်ပေအုံ့။

၁။ မထုရာမြို့မှ အနောက်ဘက် ၇-ကောသ၌ ဟိန္ဒူ ကြိရှဏာဘုရား ထီးလုပ်၍ ဆောင်းခဲ့သော ဂိုဝ်ရမန်တောင် ၁-လုံးရှိ၏။ တောင်ပေါ်၌ ကြိရှဏာ-စသော ဘုရားကျောင်း, ဟရ-ဒေဝဂျီကျကြေဆွရ်-စသော ဘုရားကျောင်း, ဘရတပုရ်ရာဇာ ဆောက်လုပ်ထားသော အဆောက်အဦး မာန္ဒဆိဂဂ်ါများတို့ ရှိကုန်၏။ ၎င်းပြင် ဓမ္မသာလာကြီးနှင့်တကွ အလှူ နိစ္စဗဒ် တင်းကုပ်တို့သည်လည်း အမြောက်အမြားရှိကုန်၏။

၂။ မထုရာမြို့မှ ၁-ကောသလောက်တွင် ဂိုဝ်ရမန်တောင်သို့ သွားရာလမ်းအတိုင်း သန္တနုမင်းကြီး၏ တရားကို အားထုတ်ရာ ဆာန္တနုကုဋီခေါ်သော ရေအိုင်ကြီး ၁-ခုရှိ၏။ ရေအိုင်၏ အလယ်၌လည်း ဆာန္တာန်ဗိဟာရီအမည်ရှိသော နတ်ကွန်းကြီး ၁-ခုရှိ၏။

၃။ ဂိုဝ်ရမန်တောင်မှ မြောက်ဘက် ၁-မိုင်လောက်တွင် ကြည်လင်သော ရေနှင့်တကွ ကုဆုမ်းဆရိုဝ်ရေအိုင်ကြီး ၁-ခုရှိ၏။ ရေအိုင်မှ ၂-မိုင်လောက်တွင် ရာဓာကုဋီ, သျှမ်ကုဋီ အမည်ဖြင့် ရေအိုင်ကြီး ၂-ခုရှိ၏။ ၎င်းရေအိုင်မှ ၃-ကောသလောက်တွင် ဂရှဒုဂိုဝိန္ဒ အမည်ရှိသော ရေအိုင်ကြီး ၁-ခုရှိ၏။ ၎င်းရေအိုင်မှ ၄-ကောသလောက်တွင် ပြိန္ဒာဗန် အမည်ဖြင့် ကမ္ဘာပေါ်တွင် အလွန်ထင်ရှားသော အရပ်ဌာနကြီး ၁-ခုရှိ၏။ ထိုပြိန္ဒာဗန်အရပ်သည် မထုရာမြို့မှ မြောက်ဘက် ၃-ကောသ ယမုနာမြစ်၏ ရေဆိပ်၌ တည်၏။

၄။ ပြိန္ဒာဗန်အရပ်၌ လက္ခမီကျန္ဒမန္ဒိရ်, ကျောက်ဆင် ကျရဏ-အစရှိကုန်သော ဟိန္ဒူ လူမျိုးတို့ ကိုးကွယ်ရာ အထူးအဆန်း ကျောင်းဘုရားတို့သည် များစွာရှိကုန်၏။ ဘုရားဖူးသားတို့ နေထိုင်ရန် ဓမ္မသာလာလည်း ရှိ၏။ ရသေ့, ရဟန်းများကို သူဌေးသူကြွယ်တို့က မခေါင်းပါးစေရအောင် နိစ္စဗဒ်အလှူဝတ်ကို ပြုလုပ်ကြကုန်၏။

၅။ မထုရာမြို့မှ အရှေ့အရပ် ၇-ကောသတွင် ဒါဉ္ဇာခေါ်သော အရပ်၌လည်း ထူးထူးဆန်းဆန်း ကြည့်ရှုစရာ ဟိန္ဒူနတ်ကွန်းများ ရှိကုန်၏။ မထုရာမှ ထိုဒါဉ္ဇာအရပ်တိုင်အောင် လမ်းစဉ်တလျှောက်တွင် ကြိရှဏာဘုရား၏ နေရာဖြစ်သော ဂိုးကူလ်အရပ်, မဟာဝန်တော-စသည်တို့သည် ရှိကုန်၏။

အထက်ပါ ၅-ဌာန၏ ရာဇဝင်ကို ရေးမည်ဆိုလျှင် ကုန်နိုင်စရာ မရှိ။ ဗဟုသုတကို လိုလားသူတို့အတွက် အနည်းငယ်မျှသာ ဖော်ပြလိုက်ရပေ၏။ အကျယ်ကို လိုလျှင် ဣန္ဒိယ ရာဇဝင်, မဟာဘာရတကြိရှဏာအတ္ထုပ္ပတ္တိကျမ်းဂန်တို့၌ ရှုလေ။ ဣန္ဒိယတွင် အထင်ရှားဆုံး မြို့တော်ကြီးဖြစ်ခြင်းကြောင့် ဤမထုရာ(Muttra)မြို့၏ ခရီးစဉ်ကို အထူးဖော်ပြရန် မလို၊ သွားလိုရာက ရောက်နိုင်သည်။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
သုရသေနတိုင်း၊ ရာဇပုတ်ပြည်	မထုရာ, မခုရာ
ဓမ္မသာလာဇရပ်ကြီး	ကန်ပုဟာရ်ခရ်မသ္ဘာလာ
ပြတိုက်ကြီး	မျူဇီယမ်, အဂျာယဗ်ယရ်
ဂေါဝဒ္ဓနတောင်	ဂိုဝရ်ဓန်ပရဗတ်
ဝိန္ဒာဝနအရပ်	ပြိန္ဒာဗန်ဆထာန်
ဒါဉဂျီနေရပ်	ဒါဉဂျီဆထာန်

----- x -----

[၁၉] အာဂရာမြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် မထုရာမြို့မှ တဖန် သွားပြန်လေရာ အာဂရာမြို့သို့ ရောက်လေ၏။ ဘူတာရုံအနီး၌ လူတို့ တည်းခိုရန် ဓမ္မသာလာကြီး ၁-ခုရှိ၏။ သို့သော်လည်း ခံတပ်နှင့် ဌာပနာတိုက်သည် ရှေ့ဘူတာရုံနှင့် ကပ်လျက်ရှိသောကြောင့် ၎င်းဘူတာ၏ အဝင်အပါ ဓမ္မသာလာက တည်းခို၍ အရပ်ရပ်ကို ကြည့်ရှုနိုင်၏။ အာဂရာမြို့၌ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ တစ်စုံတစ်ရာမျှ မရှိချေ။ ကြည့်ရှုလိုသောသူတို့၏ လိုရင်းအချုပ်ကား အာဂရာမြို့တွင် အထူးသဖြင့် ကြီးကျယ်သော တာဂျ်ဗီဗီခေါ်သော ရှေးဟောင်းအဆောက်အဦးကြီး ၁-ခုရှိ၏။ ဤအဆောက်အဦး၌ သျှာဟျဟံ အမည်ရှိသော မူဆလမာန်မင်း၏ မိဖုရားကြီး မုမတာဂျ် မဟာလ်ကို ဌာပနာထားခဲ့၏-ဟု ပြောဆိုကြ၏။

အဓိပ္ပါယ်မှာ သျှာဟျဟံမင်းသည် ဤကဲ့သို့ အဆောက်အဦးလုပ်ရာ၌ အလွန်လျှင် ဝါသနာပါ၏။ အခါတပါး မင်းကြီး၏ မိဖုရားကြီး မုမတာဂျ် မဟာလ်သည် နတ်ရွာစံလေသော် မင်းကြီးအား ပရိဒေဝမီး တောက်လောင်၍ မိဖုရားအလောင်းကို ကမ္ဘာပေါ်တွင် ထင်ရှားစေခြင်းအလို့ငှာ ဌာပနာတိုက်ကြီးကို အလွန်ဖြူစင်သန့်ရှင်းသော ကျောက်သလင်းဖြူတို့ဖြင့် ငွေ ၃-ကုဋေ အကုန်အကျခံပြီးလျှင် စိမ်ပြုလုပ်သွင်းထားခဲ့လေ၏။

ဤဌာပနာ အရိုးတိုက်ကြီးကို ကူလီ ၂၀,၀၀၀-နှင့် နှစ်ပေါင်း ၂၂-နှစ်တိုင်တိုင် လုပ်မှသာလျှင် အပြီးအဆုံးသို့ ရောက်စေ၏။ ထိုအရိုးတိုက်၏ အရပ် ၄-မျက်နှာ၌ တင့်တယ်ထူးဆန်းသော ဥယျာဉ်ဗိမာန်လည်း ရှိ၏။ ဥယျာဉ်၏ ရေကန်,ရေအိုင်တို့၌ တသွန်သွန် စီးကျနေသော ရေပြွန်,ရေပန်းလည်း ရှိ၏။

ဌာပနာတိုက်နံရံများကို အရောင်အမျိုးမျိုးတို့ဖြင့် ပြီးသော ကျောက်တို့ဖြင့် စီခြယ်ဆင်ယင်အပ်သောကြောင့် စပ်ထားရာ နေရာကို ရှာဖွေ၍ မတွေ့နိုင်။ အရောင်အမျိုးမျိုး ကျောက်တို့ ပါရှိခြင်းကြောင့်လည်း ထုလုပ်ထားခဲ့သော ပန်းပွင့်, ပန်းရွက်, ပန်းခက်တို့ကို ပွင့်သစ်သော ပန်းများကဲ့သို့ ထင်မြင်ရ၏။ ညဉ့်အခါတို့မှာ လရောင်နှင့်ထိမိလျှင် တိုက်၏ အရောင်သည် သာလွန်၍ တင့်တယ်၏။ အဝေးက ကြည့်လိုက်လျှင် သွန်းပုံဖြင့် သွန်းလုပ်ထားသော ဝတ္ထုပုံသဏ္ဌာန်ကဲ့သို့ ထင်မြင်ရ၏။ ၎င်းဌာပနာတိုက်ကြီးသည် တာဂျဲဂိုရှာ၏ အနီးအပါး၌ ရှိ၏။ သျှာဟဂျဟံမင်း နတ်ရွာစံပြီးနောက် ထိုမင်း၏ အလောင်းကိုလည်း ၎င်းမိဖုရား၏နေရာမှာပင် ဌာပနာလိုက်သည်-ဟု ပြောဆိုကြ၏။

၎င်းပြင် ဘူတာရုံကြီးနားမှာ အကဗရ်(အက္ကဗာ)ရှင်ဘုရင်၏ ခံတပ်ကြီး ၁-ခု, အာဂရာမြို့မှ ၃-ကောသလောက်တွင် ထိုရှင်ဘုရင် အရိုးတိုက်လည်း ၁-ခုရှိ၏။ ဣန္ဒိယတွင် ယမုနာဆိပ်ကမ်းရှိ အာဂရာ(Agra)မြို့သည် ထင်ရှားသော မြို့ဖြစ်ခြင်းကြောင့် လိုရာအရပ်က သွားရောက်ကြည့်ရှုနိုင်၏။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
အာဂရာမြို့	အာဂရာ
ဘူတာရုံနားရှိ ဓမ္မသာလာ	ဓရ်မသျှာလာ
အက္ကဗာခံတပ်ကြီး	အကဗရ်ကိလာ
ဌာပနာတိုက်ကြီး	တာဂျဗီဗီရောက်ဂျာ
အက္ကဗာအရိုးတိုက်	အကဗရ်ရောက်ဂျာ

----- x -----

[၂၀] ဘရတပုရ်မြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် အာဂရာမြို့မှ ဟိန္ဒူရသေ့တစ်ယောက်၏ အချီးအမြှောက် အထောက်အပင့်ကြောင့် မြို့လုံးဆိုင်ရာကို လှည့်လည်ကြည့်ရှုပြီးလျှင် ညနေ ၄-နာရီရထားနှင့် လိုက်ပါသွားလေလျှင် ဘရတပုရ်မြို့သို့ ဆိုက်ရောက်၍ ဗနိယန်းခေါ်သော ကုန်သည်ကြီးတစ်ယောက်နှင့် တွေ့ဆုံ၍ ဆွေးနွေးပြောဆိုကြပြီးလျှင် ထိုကုန်သည်ကြီး၏ အထောက်အပင့်ဖြင့် မြို့အားလုံးကို လှည့်လည်ကြည့်ရှုရပေ၏။

မြို့၏အခြေအနေမှာ ဟိန္ဒူရှင်ဘုရင် စိုးအုပ်လျက်ရှိ၏။ ကျုံးမြောင်း, တံတိုင်းတို့ဖြင့် ဝန်းရံသော နန်းတော်သည်လည်း တင့်တင့်တယ်တယ်ရှိနေ၏။ မြို့တွင်း, မြို့ပြင်၌မူကား မူဆလမာန်ဘုရားကျောင်းသာ မျှား၏။ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ တစ်စုံတစ်ခုမျှ မရှိချေ။ ခရီးသည်တို့ တည်းခိုရန် ရာမကိုးဌာနခေါ်သော ဓမ္မသာလာ ၁-ခု၊ ဘူတာရုံနှင့် ကပ်လျက် ဓမ္မသာလာ ၁-ခု၊ ၎င်း ၂-ခုတို့တွင် ဘူတာရုံအနီးရှိ ဓမ္မသာလာသည် ဓာဒုဂျီခရိမသျှာလာ-ဟူသော အမည်ဖြင့် ထင်ရှား၏။ အဆိုပါ ဓမ္မသာလာမှ တည်းခိုပြီးလျှင် ဘရတပုရ် (Bharatpur)မြို့၏ နန်းတော်ကို ကြည့်ရှုနိုင်၏။

----- × -----

[၂၁] မဗ္ဗတိုင်း၊ မဗ္ဗပုရပြည်အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဘရတပုရ်မြို့မှ တဖန် လိုက်ပါသွားလေရာ ဂျယပုရ်မြို့တော်သို့ ဆိုက်ရောက်လေ၏။ ဤဂျယပုရ်မြို့တော်သည် မဗ္ဗတိုင်းသို့ ပါဝင်လျက် ရှိနေ၏။ ပါဝင်နေကြောင်းကို အောက်ပါအတိုင်း မှတ်အပ်၏။ မဗ္ဗတိုင်း၊ မဗ္ဗပုရမြို့၏ ရှေးအကြောင်းကား မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ(၅၉-၆၃)၌ ဒွန်းစဏ္ဍားအမျိုးဖြစ်သော ဘုရားလောင်း မာတင်ရသေ့၏ စားကြွင်းအစာကို စားသောက်မိသော ပုဏ္ဏား ၈-ယောက်တို့သည် ဗာရာဏသီပြည်မှ မဗ္ဗမင်း၏ ပြည်သို့ ထွက်ပြေးလာကြကုန်၏။ ထိုသို့ လာရောက်ကြပြီးလျှင် ထိုပုဏ္ဏားတို့သည် ကျွန်ုပ်တို့ကား ပုဏ္ဏားမျိုးဖြစ်ပါသည်-ဟု မင်းကြီးအား လျှောက်ထားကြပြီး၍ မင်းအိမ်၌ စားသောက်နေကြလေကုန်၏။

ထို့နောက် ဘုရားလောင်း မာတင်ရသေ့သည် ဂင်္ဂါမြစ်နား၌နေသော ဇာတိမန္တ ရသေ့ထံသို့ သွားရောက်ပြီးလျှင် မိမိ၏ တံပူချောင်းကို မိဌာန်လျက် ရေညာသို့ ဆန်တက်စေ၏။ တံပူတံလည်း ဇာတိမာန်ဖြင့် တက်ကြွသော ရသေ့၏ ဆံကျစ်၌ပင် ငြိကပ်လေ၏။ ထိုအခါ ဇာတိမန္တရသေ့သည် ကျိန်ဆဲလေသည်မှာ "နံနက်အခါ ငါ့အား တံပူချောင်းဖြင့် ပစ်ချသောသူ၏ ဦးခေါင်းသည် ၇-စိတ်ကွဲပါစေသတည်း"ဟု ကျိန်ဆဲလိုက်၏။ ထိုကျိန်စာသည် ကျိန်ဆဲသော ဇာတိမန္တရသေ့၌သာ ပြန်၍ စူးမည်ကို မြင်တော်မူ၍ ဘုရားလောင်းရသေ့သည် နေကို တားမြစ်ထားလေ၏။ နေမထွက်သောအခါ ပြည်သားနှင့်တကွ မဗ္ဗမင်းသည် ဘုရားလောင်းရသေ့ထံသို့ လာရောက်မေးမြန်းလေ၏။

ဘုရားလောင်းရသေ့လည်း အကြောင်းမျိုးကို ပြန်ကြားလတ်သော် ဇာတိမန္တရသေ့ကို ဘုရားလောင်း မာတင်ရသေ့အား ကန်တော့စေပြီးမှ နေကို ထွက်စေတော်မူလေ၏။

မင်းကြီးလည်း ဘုရားလောင်းရသေ့ကို ပြည်တော်သို့ ကြွရောက်ပါမည့်အကြောင်းကို လျှောက်ထားလေ၏။ ထို့နောက် ဘုရားလောင်းရသေ့သည် လာအုံ့-ဟူသော ပဋိညာဉ်ကို လွတ်စေခြင်း၊ ထွက်ပြေးလာကြကုန်သော ထိုပုဏ္ဏား ၈-ယောက်တို့ကို ဩဝါဒပေးခြင်းတည်း ဟူသော အကြောင်း ၂-ပါးဖြင့် မဇ္ဈမြို့သို့ ကြွသွားတော်မူလေ၏။

ထိုအခါ ပုဏ္ဏားတို့သည် ဘုရားလောင်းရသေ့ကို မြင်လျှင် မင်းကြီးအား ကုန်းတိုက် သောစကားဖြင့် လျှောက်ထားကြကုန်၏။ ပုဏ္ဏားတို့စကားကို မင်းကြီး ယုံစားတော်မူသော ကြောင့် ဥယျာဉ်၏အတွင်း ကျောက်ဖျာထက်၌နေတော်မူသော ဘုရားလောင်းရသေ့ကို သန်လျက်ဖြင့် သတ်လိုက်လေ၏။ ထိုအကုသိုလ်ကံကြောင့် မဇ္ဈတိုင်းသည် ရွံ့ညွန်တို့ဖြင့် ဖုံးလွှမ်း၍ ပျက်စီးခြင်းသို့ ရောက်လေ၏။

အဋ္ဌကနိပါတ်(၈၊၆၊၃။၄၃၉)၌ကား သရဘင်္ဂရသေ့၏ တပည့်ဖြစ်သော **မေဏ္ဍိသရ** ရသေ့သည် ပဉ္စာလတိုင်း၌ ကလဗွေစုဥကနိဂုံးရွာတွင် အမှီပြု၍နေကြောင်းကို ဟောတော်မူ၏။ စတ္တာလီသနိပါတ်၊ **သရဘင်္ဂတ်**(၈၊၆၊၅။၁၄၀)၌ ထိုသရဘင်္ဂရသေ့သည် **သာလိသရ** အမည်ရှိသော တပည့်ရသေ့ကို ခေါ်ပြီးလျှင် "ငါ့ရှင်၊ ဤကျောင်းသည်ကား ရသေ့များတို့ နေခြင်းငှာ မလောက်၊ သင်သည် ရသေ့တို့ကို ယူဆောင်လျက် မဇ္ဈမင်း၏ နိုင်ငံတော် မဇ္ဈစူဠက(ကလဗွစုလ္လက)နိဂုံးရွာ၌ သီတင်းသုံး နေချေလော့"ဟု မိန့်ဆိုလိုက်ကြောင်းကို ဟောတော်မူ၏။

မဇ္ဈိမပဏ္ဏာသပါဠိတော်(၄၁)၌ ဘုရားသခင်သည် နာဠန္ဒမြို့၊ ပါဝါရိကသရက်တော ၌ သီတင်းသုံးနေတော်မူစဉ် ဥပါလိပုဏ္ဏားအား ဟောကြားတော်မူသည်မှာ "ရသေ့သူတော် ကောင်းတို့အား မနောပဒေါသဖြင့် ပြစ်မှားမိ၍ ဒဏ္ဍကီမင်း, ကလိင်္ဂမင်း, မဇ္ဈမင်းတို့၏ နိုင်ငံများသည် ပျက်ပြားကြလေသည်ကို သင်ပုဏ္ဏား မကြားဖူးသလော"ဟု မေးတော်မူ၏။ ဥပါလိပုဏ္ဏားလည်း ကြားဖူးပါကြောင်းကို လျှောက်ထားလေ၏။ ဤကား ပါဠိဘာသာဖြင့် ပြအပ်သော စကားရပ်တည်း။

ဤကျယပုရ်မြို့တော်သည် မဇ္ဈတိုင်း၌ ပါဝင်ကြောင်းကို ပြဆိုဦးအုံ့။ မဇ္ဈတိုင်းသည် ကုရုတိုင်း၊ ဣန္ဒပတ္ထနဂိုရ်ပြည်မှ တောင်ဘက် သို့မဟုတ် အနောက်တောင်ထောင့် ကျ၏။ သုရသေနတိုင်းမှ အနောက်ဘက်ရှိ အလဝါးနယ်နှင့် ၎င်းနယ်၏အနီးအပါးရှိ ကျယပုရ်, ဘရတပုရ်နယ်တို့သည်လည်း အချို့အချို့ ပါဝင်ကုန်၏။ မြောက်ဘက်၌ ကျုံ့ကျနုမြို့မှသည် ကိုးဌ်ကာဆိမ်းမြို့တိုင်အောင် မိုင်ပေါင်း ၇၀-ရှိ၏။ အနောက်ဘက်၌ ကျုံ့ကျနုမြို့မှသည် အကျမေရ်မြို့တိုင်အောင် မိုင်ပေါင်း ၁၂၀-ရှိ၏။ တောင်ဘက်၌ အကျမေရ်မြို့မှသည် ဗနဆ် ခေါ်သောမြစ်နှင့် ကျန်ပိလ် အမည်ရှိသော မြစ်၏ အဆုံးတိုင်အောင် မိုင်ပေါင်း ၁၅၀-

ရှိ၏။ အရှေ့ဘက်၌ အထက်ပါ မြစ်တို့၏အဆုံးမှ ကိုးဋ္ဌကာဆိမ်းမြို့တိုင်အောင် မိုင်ပေါင်း ၁၅၀-ရှိ၏။ စုစုပေါင်းလျှင် အကျယ်အဝန်း ၄၉၀-မိုင်ပေါင်း ရှိ၏။

ယခုအခါ မဗ္ဗပုရ်မြို့တော်သည် ဗိုက်ရာဋ္ဌအမည်ရှိသော မြို့ပင် ဖြစ်ပေ၏။ ဝိရာဋ္ဌမင်းကို အစွဲပြု၍ ဗိုက်ရာဋ္ဌ-ဟု တွင်နေ၏။ ၎င်းမြို့သည် ဒီလှိုမြို့မှ အနောက်တောင် မိုင်ပေါင်း ၁၅၀-ကွာဝေး၏။ ကျယ်ပုရ်မြို့မှ မြောက်ဘက် ၄၁-မိုင် ဝေး၏။ ဤအခါသမယမှာ လူနေအိမ်ခြေပေါင်း ၁,၄၀၀-ခန့်မျှ ရှိ၏။ လူပေါင်း ၇,၀၀၀-လောက် ရှိ၏။ ရှေးရှေးအခါက ဝေဿရာဇပုတ္တအနွယ်ဝင် မင်းတို့ အုပ်စိုးခဲ့ဖူး၏။ ခရစ်ယာန်သက္ကရာဇ် ၇၀၀-လောက်က ဗုဒ္ဓဘာသာကျောင်းပေါင်း ၈-ကျောင်း၊ ပုဏ္ဏားတို့၏ နတ်ကွန်း ၁၂-ခု ရှိခဲ့ဖူး၏။ လူဦးရေပေါင်း ၃၀,၀၀၀-ခန့်ရှိသည့်အနက် ဗုဒ္ဓဘာသာ လူဦးရေ ၆,၀၀၀-ရှိ၏။ ရဟန်းသံဃာတော် ၄၀၀-မျှ ရှိ၏။

မဟာဘာရတကျမ်းကြီး၌ ပဏ္ဍာမင်းသား ၅-ယောက်တို့သည် အံ့ရှုံး၍ တောထွက်နေစဉ် ၁၂-နှစ်တိုင်တိုင် ဤဝိရာဋ္ဌမြို့၌ ခိုအောင်းပုန်းဝှက်နေကြောင်းကို လာရှိ၏။ ၎င်းဝိရာဋ္ဌ(ဗိုက်ရာဋ္ဌ)မြို့၏ အနီးအပါးရှိ ဟိန်ဆဂိရ် အမည်ရှိသော တောင်အောက်၌ အသောကကျောက်စာ ၁-ခုရှိ၏။ ၎င်းပြင် ကျယ်ပုရ်နယ်၊ ဗိုက်ရာဋ္ဌမြို့၏ အနီး၌ပင်လျှင် တောင်ပေါ်ရှိ တစ်ခုသော ကျောက်ဆောင်၌လည်း ဘာပြုအမည်ဖြင့် အသောကကျောက်စာ ၁-ခု ရေးထိုးရှိ၏။ ၎င်းကျောက်စာကို ယူဆောင်၍ ကလကတ္တားမြို့ ပြတိုက်၌ သွင်းထားလေပြီ။ ကျောက်စာ၏ အနက်အဓိပ္ပါယ်ကို ကျောက်စာပိုင်းတွင်ပါရှိသော ဗိုက်ရာဋ္ဌနှင့် ဘာပြုခေါ်သော ကျောက်စာကို ရှုလေ။ ဤကား ကျောက်စာမင်းကြီးတို့၏အလိုဖြင့် ဖော်ပြအပ်သော စကားရပ်တည်း။

မဗ္ဗတိုင်းအပါအဝင် ကျယ်ပုရ်မြို့သို့ ဦးကိတ္တိရဟန်းတော် ဆိုက်ရောက်သောအခါ သူဌေးကြီးတစ်ယောက်၏ ဆွမ်းအလုပ်အကျွေးကို ခံယူပြီးလျှင် မြို့တွင်း,မြို့ပြင်ကို လှည့်လည်ကြည့်ရှုရာ မြို့အားလုံးကို ဟိန္ဒူရာဇာက စီမံထားသောကြောင့် နေထိုင်ဖွယ် အလွန်ကောင်း၏။ ၎င်းပြင် တောင်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ ရသေ့သူတော်ကောင်းတို့ နှလုံးမွေ့လျော်ဖွယ်ရှိ၏။

စော်ဘွားရာဇာ၏ ဥယျာဉ်တော်၌ ရေတွင်း, ရေကန်, ပန်းခြံ, တိရစ္ဆာန်ရုံ, ပြတိုက်လည်း ရှိ၏။ ဘာသာအလိုက် ကိုးကွယ်ကြရာ နတ်ကွန်း, စေတီပုထိုးလည်း များစွာရှိ၏။ ဘူတာရုံ၏ အနီး၌လည်းကောင်း, မြို့တွင်း၌လည်းကောင်း ခရီးသည်တို့ တည်းခိုဖို့ရန် ဓမ္မသာလာကြီး ရှိ၏။ အလှူမဏ္ဍပ်ဆောက်လုပ်၍ နိစ္စဗဒ်အလှူဝတ်ဖြင့် မွေ့လျော်ကြကုန်၏။

[၂၂] မဇ္ဈပုရပြည် လမ်းခရီးအစီအစဉ်

ဂျယပုရ်မြို့ ပါဝင်လျက်ရှိသော မဇ္ဈတိုင်း၊ မဇ္ဈပုရပြည်သို့ သွားရောက်လိုသူတို့သည် ဦးကိတ္တိရဟန်းတော်သွားသော လမ်းစဉ်အတိုင်းဖြစ်စေ သို့မဟုတ် အခြားသောမြို့ကဖြစ်စေ သွားနိုင်ကြကုန်၏။ ဂ္ဂန္ဒီယတွင် ဂျယပုရ်(Jaipur)မြို့သည် ထင်ရှားသောမြို့ကြီး ဖြစ်၏။ မီးရထားမြေပုံကို သိနားလည်က ဘယ်နေရာမဆို သွားရောက်နိုင်၏။ ဗိုက်ရာဇ်မြို့သည် ၎င်းဂျယပုရ်မြို့မြောက်ဘက် ၄၁-မိုင် ဝေး၏။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
မဇ္ဈတိုင်းပြည်	ဂျယပုရ်, ဂျိုက်ပုရ်
ဓမ္မသာလာဇရပ်	ဓရ်မသ္ဟာလာ
စော်ဘွားနန်းတော်	ရာဂျမဟယ်
မင်းဥယျာဉ်	ရာဂျဗာဂ်
ပြတိုက်ကြီး	မျူဇီယမ်, အဂျာယဗ်ယရ်
တိရစ္ဆာန်ရုံ	ကျိုရိယာခါနာ
မဇ္ဈပုရပြည်	ဗိုက်ရာဇ်
အသောကကျောက်စာ	ဟိန်ဆဂိရ်

----- × -----

[၂၃] အဂျမေရ်မြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဂျယပုရ်မြို့မှ ထွက်သွားလေရာ အဂျမေရ်မြို့သို့ ရောက်၍ ထိုမြို့၌ ဆတရာမ်ဗာဗာကီဒိုလတ္တဗာဂ် အမည်ရှိသော ဥယျာဉ်တွင် ဗာဗာဂျိုဟိရာဒါဆ်ခေါ်သောသူနှင့် တွေ့ဆုံ၍ ဓမ္မသဝန ဓမ္မဒေသနာကို ဆွေးနွေးပြောဆိုကြရာ တစ်ယောက်နှင့်တစ်ယောက် မေတ္တာသက်ဝင်ကြ၏။ ထိုဒါယကာကြီးသည် အသီးသီးသော နေရပ်ကို လှည့်ပတ်ကြည့်ရှုစေရန် အလုံးစုံကို စီမံပေး၏။ ၎င်းမြို့၌ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ တစ်စုံတစ်ခုမျှ မရှိချေ။ တောင်တို့ဖြင့် ဝန်းရံအပ်သောကြောင့် သူတော်ကောင်းတို့ မွေ့လျော်ဖွယ်ကောင်း၏။ ဟိန္ဒူ-စသောသူတို့၏ ကိုးကွယ်ရာ ဘုရားကျောင်းမူကား အလွန်များ၏။

အဂျယမာလ်အမည်ရှိသော မင်း၏ ပြုလုပ်အပ်သော တာရာဂဟာရ်ခေါ်သော ခံတပ် ၁-ခုသည် တောင်ထိပ်၌ ရှိ၏။ ၎င်းပြင် ဂျိုင်းနကီနဆိယာခေါ်သော ဟိန္ဒူဘုရားကျောင်း၊ မူဆလမာန်လူမျိုးတို့ ကိုးကွယ်ရာ ဒရဗာရ်-ဟူသော အမည်ဖြင့်လည်းကောင်း, ပိုက်ဂမ္ဘရ်-ဟူသော အမည်ဖြင့်လည်းကောင်း ထင်ရှားသော ဌာပနာကျောင်းကြီး ၁-ခုရှိ၏။

စျေးဌ၌လည်း ရွှေတို့ဖြင့် ဆင်ယင်သော ဟိန္ဒူဘုရားကျောင်း ၁-ခု၊ မြို့ထဲ၌ အစိုးရရုံးပြုလုပ်ထားသော ခံတပ်ဟောင်းကြီး ၁-ခု၊ ၄င်းပြင် ကျောက်နီ,ကျောက်ချပ်တို့ဖြင့် ဆောက်လုပ်ထားသော တိုက်အိမ်, ဥယျာဉ်ကြီးများတို့သည် ရှိကုန်၏။ ရှေးအခါက အနာ အမည်ရှိသော မင်းတစ်ပါးသည် စီမံ၍ထားခဲ့သော အနာဆာဂရ်(အနာသာဂရ)ခေါ်သော မြစ်ကြီး ၁-ခုရှိ၏။

အထူးအားဖြင့်ကား ဦးကိတ္တိရဟန်းတော်သည် ထိုမှ,ဤမှ လှည့်လည်ကြည့်ရှုနေစဉ် မော်တော်ကားသူဌေးတစ်ယောက်သည် သဒ္ဓါတရားပေါက်၍ ကြည်ညိုလောက်သော အခြေအနေကို ပြအံ့-ဟု လျှောက်ထားပြီးလျှင် မိမိမော်တော်ကားဖြင့် ဟိန္ဒူလူမျိုးတို့၏ ဆည်းကပ်ကိုးကွယ်ရာ ပုရှကရ်ရေအိုင်သို့ ယူဆောင်သွားလေ၏။ ထိုပုရှကရ်သည်လည်း ပြဟ္မပုရှကရ်, ဗိရှဏုပုရှကရ်, ဗြိဒ္ဓပုရှကရ်-ဟူ၍ ၃-ခုရှိ၏။

ထို ၃-ခုတို့တွင် ပြဟ္မပုရှကရ်ရေအိုင်သည် အကြီးဆုံးဖြစ်ခြင်းကြောင့် အစဉ်မပြတ်သွားလာရေခိုးကြ၏။ ဟိန္ဒူများမှာ ဂင်္ဂါချောင်း, မြောင်း, ရေအိုင်တို့၌ ရေချိုးရလျှင် မကောင်းမှုမှ ကင်းဖျောက်၏-ဟု အယူရှိကြ၏။ ခရီးသည်တို့ ချမ်းသာစွာ နေထိုင်ဖို့ရန် ဓမ္မသာလာ ရှိ၏။ ဂျာန္ဒီယတွင် ထင်ရှားသော ဤအဂျမေရ်(Ajmer)မြို့ကို ဘယ်နေရာကမဆို သွားရောက်နိုင်၏။

----- × -----

[၂၄] အဟမဒါဗာဒ်မြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် အဂျမေရ်မြို့မှ ထွက်ခွါသွားလေရာ ပါလန်ပုရ်မြို့သို့ ရောက်၍ တဖန် အမြန်ရထားဖြင့် လိုက်သွားလေရာ အဟမဒါဗာဒ်မြို့သို့ ဆိုက်ရောက်ပြန်လေ၏။ ထိုမြို့မှ တဖန် ခြေကျင်ခရီးဖြင့် ၄-မိုင်လောက် သွားလိုက်လျှင် ဂျန္ဒီယဉ္စာ ဗဟာတွာဂန္ဓီ သခ်ိမ်းကျောင်းသို့ ရောက်လေ၏။ ထိုအခါ မဟာတွာဂန္ဓီနှင့် တွေ့ဆုံ၍ အလွှာပသလွှာပ ပဋိသန္ထာရစကားဖြင့် ဆွေနွေးပြောဟောပြီးလျှင် ထိုသခ်ိမ်းကျောင်း၌ပင် ဝါကပ်နေထိုင်ရလေ၏။

မဟာတ္တာဂန္ဓီ၏ အလေ့အလာကား သခ်ၤာကျောင်းဌ မိန်းမ, ယောက်ျား, လူကြီး, လူငယ် ၃၀၀-ခန့်လောက်တို့ကို မိမိတို့ သတ်မှတ်အပ်သောအချိန်ကို အချည်းနှီး မကုန်လွန်စေဘဲ ရက်ကန်းရက်ခြင်း၊ ဗိုင်းဝင့်ခြင်း၊ ချည်ငင်ခြင်း၊ ဝါဖတ်ခြင်း၊ ညမနက် ဘုရားဝတ်တက်ခြင်း၊ တရားဟောခြင်း၊ အင်္ဂလိပ်, ဟိန္ဒီ, ဂုဇ္ဇရာတီ, မရဟာဋ္ဌီ-စသော ဘာသာကို သင်ကြားစေခြင်း၊ ၁-နှစ်ကို ၁-ကြိမ် မိမိမွေးဖွားသောနေ့ကို အထိမ်းအမှတ် ၁-ခုခုဖြင့် ပြုလုပ်ခြင်း-စသည်ဖြင့်သာလျှင် လွန်မြောက်စေ၏။

မဟာတ္တာဂန္ဓီသည် ပုဂ္ဂလဝိသေသဖြစ်သည်နှင့်အညီ သတ်မှတ်ထားသောအချိန်တွင် မည်မျှလောက်ပင် ကြာမြင့်စေကာမူ ညောင်းညာခြင်း မရှိ၊ ထိုင်နေခြင်း ဣရိယာပုထ်ဖြင့်သာ နေလေ့ရှိ၏။ ကာလအားလျော်စွာ စာကြည့်ခြင်း, ချည်ငင်ခြင်း, တရားဟောခြင်းကိစ္စဖြင့်လည်း မွေ့လျော်လေ့ရှိ၏။ ထိုအလုပ်တိုက်၌ နိုင်ငံအသီးသီးက ဘာသာအမျိုးမျိုး လူများတို့ လာရောက်ကြပြီးလျှင် ဆိုင်ရာဆိုင်ရာအလုပ်ကို ဆောင်ရွက်ကြကုန်၏။ အလုပ်သမားတို့တွင် အချို့အချို့ကို လခပေး၍ အချို့ကို စားစရိတ်ပေးလျက် အလုပ်များကို လုပ်ကိုင်စေ၏။

ဦးကိတ္တိရဟန်းတော်သည်လည်း ဗဟုသုတ ဝိသေသအထူးကို ဆည်းပူးလိုလားအပ်သည်နှင့်အညီ ဝါတွင်းကာလပတ်လုံးမှာ ရက်ကန်းအလုပ်နှင့် ဟိန္ဒီ, သင်္ဂျရာဘာသာကို သင်ကြားရခြင်းကိစ္စဖြင့် အချိန်ကို ကုန်စေ၏။ ဆာဝရမတီမြစ်ကမ်းပါးရှိ ဂုဇ္ဇရာတီနယ် အဟမဒါဗာဒ်မြို့၏ ဘူတာရုံအနီးအပါးတွင် ဟိန္ဒူဓမ္မသာလာ၌ ခရီးသည်တို့ တည်းခိုနေနိုင်၏။ မြို့ထဲ,မြို့ပြင်၌ကား ဟိန္ဒူဘုရားကျောင်း, မူဆလမာန်ဘုရားကျောင်းတို့သည် အမြောက်အများရှိကုန်၏။ သူဌေးသူကြွယ်များတို့သည် ဆင်းရဲသားတို့အား မခေါင်းပါးစေရန် နိစ္စဗဒ်အလှူဖြင့် နေလေ့ရှိကုန်၏။ အထူးအားဖြင့်ကား မြို့ထဲ၌ ရက်ကန်းစက်သာ များကုန်၏။ ဤအဟမဒါဗာဒ်(Ahmedabad) မြို့ကို ဗုံဗိုင်, ဒိလ္လီ, အာဂရာ-စသော မြို့တို့မှ သွားရောက်နိုင်၏။ မဟာတ္တာဂန္ဓီ၏ နေရာကို ဆာဝရမတီ(Sabarmati)ဟူ၍ ခေါ်ဆို၏။

တတိယကဏ္ဍ ပြီးပြီ။

★ ★ ★ ★ ★ ★ ★

{ ၄ } စတုတ္ထကဏ္ဍ

[၁] ဒွါရက(ဒွါရဝတီ)မြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် သီတင်းကျွတ်လျှင် မဇ္ဈိမဒေသသို့ လှည့်လည်သွား ရောက်လိုကြောင်းနှင့် မဟာတွာဂန္ဓီအား အကြောင်းကြားလိုက်လျှင် မဟာတွာဂန္ဓီလည်း ရောက်ရာရောက်ရာ ပြည်ရွာတိုင်းကား ရပ်တပါးတို့၌ ချမ်းချမ်းသာသာ တည်းခိုနေထိုင်စေ ရန်နှင့် ဆွမ်းရေးကိစ္စ-ဟူသမျှတို့ ပြည့်ဝစေခြင်းငှာ စီမံ၍ ပေးလိုက်ပေ၏။ ဦးကိတ္တိရဟန်း တော်သည် ထိုမဟာတွာဂန္ဓီနှင့် ခွဲခွါပြီးလျှင် ဆာဝရမတီဘူတာမှ ထွက်သွားလေရာ ရာဂျကိုးင့်မြို့၊ ဂျမနာဒါဆ်ဂန္ဓီခေါ်သော ဝံသာနုလူကြီးအိမ်သို့ ဆိုက်ရောက်လေ၏။ ထိုအခါ ၎င်းလူကြီးနှင့် သင့်တင့်လျောက်ပတ်သော တရားစကားဖြင့် ဆွေးနွေးကြပြီးလျှင် တဖန် သွားလေရာ ဒွါရက(ဒွါရဝတီ)မြို့သို့ ရောက်လေပြန်၏။ ထိုမြို့၌ ဘာဏ္ဍာဆရီကလျှာဏရာယ-ဂျီးသို့ အမည်ရှိသော အင်္ဂလိပ်ကျောင်းဆရာကြီးနှင့် တွေ့ဆုံကြရာ ၎င်းအိမ်၌ပင် ဓမ္မကထာ ဖြင့် ဟောပြောလျက် ၁-ရက်, ၂-ရက် တည်းခိုနေနားပြီးလျှင် ဒွါရကမြို့၏ အခြေအနေကို ကြည့်ရှုရပေ၏။

ဒွါရကမြို့၏ ရှေးအကြောင်းကား ရခိုင်ရာဇဝင်၌ သံတွဲမြို့ကို ဒွါရဝတီ-ဟု ပါရှိ၏။ အင်္ဂုံရပေတဝတ္ထု၌ ရှေးလွန်လေပြီးသောအခါ အင်္ဂုံရမင်းသားသည် ကုန်ကူးခြင်းအလို့ငှာ လှည်း ၁,၀၀၀-တို့ဖြင့် ပုဏ္ဏားတစ်ယောက်ကို ယူဆောင်လျက် ဒွါရကပြည်မှ ကမ္ဘောဇပြည် သို့ သွားကြလေသော် သိဝိတိုင်း၊ ရောရုဝပြည်အနောက်ဘက်၌ မရုကန္တာရသဲသောင်ပြင်သို့ မျက်စိလည်မှား၍ ရောက်သွားလေ၏။ ထိုအခါ ရိက္ခာကုန်၍ တည်းခိုရန်ကို ရှာဖွေနေစဉ် အတိတ်ကာလက အင်္ဂုံရမင်းသား၏ ကျွန်ဘဏ္ဍာစိုးသား အပ်လျှိုသမား ဖြစ်ခဲ့ဖူးသောသူ တစ်ယောက်သည် ရောရုဝပြည်၌ အသယ္ယသူဌေး၏ အလျှုပေးရာ မဏ္ဍပ်ကို မေးမြန်းလာ ကြသော အလျှုခံပုဂ္ဂိုလ်တို့အား လက်ညှိုးညွှန်ပြခဲ့ဖူးသော ကုသိုလ်ကြောင့် ထိုဘဝမှ ပြောင်း သွားလေလျှင် မရုကန္တာရသဲသောင်ပြင်၏ ညောင်ပင်ကြီး ၁-ခု၌ အလိုရှိတိုင်း ပြည့်စုံစေ နိုင်သော ရုက္ခစိုးနတ် ဖြစ်နေလေ၏။

ထိုရုက္ခစိုးနတ်သည် အင်္ဂုံရမင်းသားကို မြင်မိလျှင် ကျေးဇူးဆပ်လိုသောကြောင့် မိမိညောင်ပင်ကို ထိုမင်းသားအား ထင်မြင်စေ၏။ အင်္ဂုံရမင်းသားသည် ရုက္ခစိုးညောင်ပင်၌

နေထိုင်ပြီးလျှင် "အရှင်နတ်မင်း၊ အရှင်၏တန်ခိုးကြောင့် မခေါင်းပါးသော အရာဝတ္ထု ရှိပါ၏။ အရှင်က သိကြားမင်းပင် ဖြစ်ပါသလော"ဟု မေးလေ၏။ ထိုအခါ ရုက္ခစိုးနတ်က မိမိ၏ရှေးအကြောင်းကို ပြောကြားလတ်သော် မင်းသားလည်း ဝမ်းမြောက်စွာဖြင့် "ဤနေရာမှ ပြန်ပြီးလျှင် ဒွါရကပြည်၌ အလှူကြီးကို ပေးပါအုံ့"ဟု ဝန်ခံပြောဆိုကြောင်း "ဣတောဂန္တာ အနုပ္ပတ္တောနု ဒွါရကံ"စသည်ဖြင့် ဟောတော်မူ၏။

ဒွါရကပြည်၌ အက္ခိုရမင်းသား၏ ကြီးစွာသော အလှူဝတ်ကို အမှီပြု၍ ၇-ပြည် ထောင်ရှိ လူများတို့သည် အသက်မွေးကြကုန်၏။ ထိုအခါ မင်းဘဏ္ဍာတို့ ဆုတ်ယုတ်ခြင်းကြောင့် ထိုအက္ခိုရမင်းသားအား ပြောဆိုကြသည်မှာ "သင်၏အလှူကို အမှီပြု၍ အသက်မွေးခြင်းကြောင့် ငါတို့၏ မင်းဘဏ္ဍာသည် များစွာဆုတ်ယုတ်ခြင်းရှိ၏။ သင် ပေးရမည်"ဟု ပြောဆိုကြသော စကားကို ကြားလျှင် အက္ခိုရမင်းသားသည်လည်း မိမိနေရာမှ တိမ်းရှောင်လျက် ဂင်္ဂါ၏တောင်ဘက် ဒက္ခိဏာပထတိုင်း၊ ဒမ္မိဋ္ဌလူမျိုးတို့နေရာ သမုဒ္ဒရာနှင့် မနီးမဝေး၌ နေ၍ အလှူကြီးကို ပေးလှူနေကြောင်းနှင့် ၎င်းပေတဝတ္ထု(ပေတ၊ဌ။၁၀၄-၁၂၄)တွင် ဟောတော်မူ၏။ ဒသကနိပါတ်၊ ယဒ္ဒုပဏ္ဍိတဇာတ်(ဇာ၊ဌ၊၄။၈၃)၌ ဝါသုဒေဝမင်းသား ၁-ကျိပ်တို့နေရာ ဒွါရက(ဒွါရဝတီ)မြို့သည် တဖက်က သမုဒ္ဒရာ၊ တဖက်က တောင်ရှိကြောင်းကို ဆိုတော်မူ၏။

'ဝါသုဒေဝ'ဆိုသော စကား၌ "ဝသုဒေဝဿ အပစ္စံ ဝါသုဒေဝေါ"ဟူသော ဝစနတ္ထနှင့်အညီ ဝသုဒေဝမင်း၏သားတော် ဝါသုဒေဝကို ရ၏။ သက္ကဋ္ဌ, ဟိန္ဒီဘာသာ၌လည်း ၎င်းနည်းတူ လာရှိ၏။ အထူးကား ဝါသုဒေဝ၏ အမည်သည် ကြိုရှဏ(ကဏှ)မင်းပင် ဖြစ်၏-ဟု ပါရှိ၏။ ထိုစကား ၂-ရပ်သည် အတူတူပင် ဖြစ်ပေ၏။ အဘယ့်ကြောင့်ဆိုသော် သက္ကဋ္ဌဘာသာ၌ ကြိုရှဏ၏အမည်သည် ဝါသုဒေဝ-စသောအားဖြင့် ပရိယာယ်အမျိုးမျိုးပါရှိ၏။ ထိုကြောင့် ပါဠိနှင့် သက္ကဋ္ဌစကား ၂-ရပ်ကို အတူတူ မှတ်အပ်၏။ ထိုကြိုရှဏမင်းကို ပင်လျှင် ဟိန္ဒူလူမျိုးတို့သည် ဒွါရကမြို့၌ ဘုရားအမှတ်ဖြင့် ကိုးကွယ်ကြကုန်၏။

ဗုဒ္ဓဘာသာတို့သည် မဟာဗောဓိသို့ လာရောက်ဖူးမြော်သကဲ့သို့ ယခုထက်ထိ ဟိန္ဒူလူမျိုးတို့လည်း ထိုကြိုရှဏဘုရား၏နေရာ ဒွါရကမြို့သို့ သွားရောက်ကြသည်မှာ ၁-နှစ် ၁-နှစ်ကို လူပေါင်း မရေတွက်နိုင်။ ဤအခါသမယမှာလည်း ဒွါရကမြို့သည် တောင်တဖက်, သမုဒ္ဒရာ တဖက်၌ ရှိ၏။ မြို့နား၌လည်း ဂိုးမဘီခေါ်သော မြစ်ငယ်လည်း ၁-ခု ရှိ၏။ သေးငယ်သောမြို့ပင် ဖြစ်ငြားသော်လည်း ကြိုရှဏဘုရားမြို့တော်ဖြစ်ခြင်းကြောင့် ကမ္ဘာပေါ်မှာ ထင်ပေါ်လျက် ရှိနေ၏။

----- × -----

[၂] ဒ္ဒါရက(ဒ္ဒါရဝတီ)မြို့ လမ်းခရီးအစီအစဉ်

ဤဒ္ဒါရက(Dwarka)မြို့သို့ သွားရောက်လိုကြလျှင် အထက်ပါ ဦးကိတ္တိ လမ်းခရီးစဉ် ဖြင့် သွားနိုင်ကြကုန်၏။ ချမ်းသာစွာ တည်းခိုရန် ဘူတာရုံ၏အနားမှာ ဓမ္မသာလာနှင့် အလှူမဏ္ဍပ် ရှိ၏။ အထူးသတိထားရန် ၁-ချက်မှာ အဟမဒါဗာဒ်မြို့မှ လိုက်သွားလျှင် ဗိရာမ်ဂံဝ်ဘူတာ၌ ရထားပြောင်း၍ ရာဂျကိုးင့်မြို့သို့ လိုက်လေ။ ၎င်းမြို့မှ တဖန် ရထား ပြောင်း၍ ဒ္ဒါရကသို့ တိုက်ရိုက်ရောက်နိုင်၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
အဟမဒါဗာဒ်မြို့	အဟမဒါဗာဒ်
ဗိရာမဂါမဘူတာ	ဗိရာမ်ဂံဝ်ဆတေသျှန်
ရာဇကိုတမြို့	ရာဂျကိုးင့်
ဒ္ဒါရက(ဒ္ဒါရဝတီ)	ဒ္ဒါရကာ
ဓမ္မသာလာဇရပ်	ဓရ်မသျှလာ

----- x -----

[၃] သုရဋ္ဌတိုင်း၊ သုဝဏ္ဏဘူမိအကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဒ္ဒါရကမြို့တော်မှ အစဉ်အတိုင်း ပြန်လာရာ ဂျမ်နဂရ်, ရာဂျကိုးင့်မြို့သို့ ရောက်ပြီးလျှင် တဖန် ဂျူနာဂဟရ်(သုဝဏ္ဏဘူမိ)သို့ ဆိုက်ရောက်လေ၏။ ဤဂျူနာဂဟရ်မြို့သည် ရှေးက သောဏု'တ္တရမထေရ်မြတ်တို့ သာသနာပြုတော်မူရာ သုရဋ္ဌ တိုင်း၊ သုဝဏ္ဏဘူမိ အမည်ရှိ၏။ (ဝိ၊ဌ၊၁။၄၈)

မှတ်ယူရန်အကြောင်းကား "ဒီပဿ သမန္တတော အာရကၠံ ဌပေသိ"ဟူသော ပါရာ-ဇိကဏ္ဏအဋ္ဌကထာနှင့်အညီ တစ်ခုသောကျွန်းသာ ဖြစ်ကြောင်းကို သိအပ်၏။ ထိုသုဝဏ္ဏ-ဘူမိသို့ သောဏု'တ္တရမထေရ်မြတ်တို့သည် ကြွတော်မူကြ၍ ဘီလူးမတို့ မဝင်နိုင်အောင် အရံအတားကို ထားကြပြီးလျှင် ဗြဟ္မဇာလသုတ်ကို ဟောတော်မူလျက် လူအပေါင်းတို့အား သရဏဂုံ၌ တည်စေတော်မူကြ၏။ ထိုအခါမှာ ၆၀,၀၀၀-သောသူတို့သည် အကျွတ်တရားကို ရကြကုန်၏။ အမျိုးသား-၃,၅၀၀၊ အမျိုးသမီး ၁,၅၀၀-တို့သည် ရဟန်းဖြစ်ကြောင်းကို ပါရာဇိကဏ္ဏအဋ္ဌကထာတွင် လာရှိ၏။ (ဝိ၊ဌ၊၁။၅၂)

ပဠိကနိပါတ်၊ သုယောနန္ဒိဇာတ်(၁၇၄)၌ တမ္ဗမည်သော ဗာရာဏသီမင်း၏ စောင်းသမားသည် ဘာရုကစ္ဆ(ကုရုကစ္ဆ)သုပ္ပါရကသင်္ဘောဆိပ်မှ သုဝဏ္ဏဘူမိသို့ လှေဖြင့် သွားကြောင်းကို ဟောတော်မူ၏။ ဧကကနိပါတ်၊ အဂ်ုတ္တရအဋ္ဌကထာ(၂၁၇-၈)၌ ဗာဟိယလုလင်သည် ဗာဟိယတိုင်းမှ သုဝဏ္ဏဘူမိသို့ သွားရောက်ကြောင်းကိုလည်း လာရှိ၏။ **မဟာဇနကဇာတ်**တော်(၄၃)၌ စမ္ပာနဂိုရ်ပြည်မှ သုဝဏ္ဏဘူမိသို့ သင်္ဘောသား ၇၀၀-တို့ လာကြောင်းကိုလည်း ဆိုတော်မူ၏။ သီဟိုဠ်ကျွန်း၊ ဇမ္ဗုကောလသင်္ဘောဆိပ်မှ သုရဋ္ဌတိုင်း၊ သုဝဏ္ဏဘူမိသည် ယူဇနာ ၇၀၀-ဝေးကြောင်းကို ဧကကနိပါတ်၊ အဂ်ုတ္တရအဋ္ဌကထာ၌–

> **ဣတော ကိရ သုဝဏ္ဏဘူမိ သတ္တမတ္ထာနိ ယောဇနသတာနိ ဟောန္တိ။ ဧကေန ဝါတေန ဂစ္ဆန္တီ နာဝါ သတ္တဟိ အဟောရတ္တေဟိ ဂစ္ဆတိ။** – ဟူ၍ လာရှိ၏။

ဣတော၊ ဤသီဟိုဠ်ကျွန်း, ဇမ္ဗုကောလသင်္ဘောဆိပ်မှ။ သုဝဏ္ဏဘူမိ၊ သုဝဏ္ဏဘူမိကျွန်းသည်။ သတ္တမတ္ထာနိ ယောဇနသတာနိ၊ ယူဇနာ ၇၀၀-တို့သည်။ ဟောန္တိ၊ ဝေးသည်ဖြစ်ကုန်၏။ ဧကေန ဝါတေန၊ ဖြောင့်မတ်သော လေဖြင့်။ ဂစ္ဆန္တီ၊ သွားရသည်ရှိသော်။ နာဝါ၊ လှေသည်။ သတ္တဟိ အဟောရတ္တေဟိ၊ ၇-ရက် ၇-ညဉ့်တို့ဖြင့်။ ဂစ္ဆတိ ကိရ၊ သွားရသတတ်။

သီရိဓမ္မာသောကမင်းကြီးလက်ထက် သုရဋ္ဌတိုင်း၌ ပိဂ်လမင်း မင်းပြုကြောင်းကို နန္ဒကပေတဝတ္ထု၌ ဟောတော်မူ၏။ ဤကား ပါဠိဘာသာဖြင့် သိအပ်သော စကားရပ်တည်း။

တစ်ကြောင်းမှာလည်း ဂုဏ္ဍရာတီနယ်တွင် အဟမဒါဗာဒ်မြို့တော်နှင့် ခမ္ဘာတ် အမည်ရှိသော မြို့၏အကြား၌ရှိနေသော ခေဌာ(ခေရာ)ဟူသော မြို့သည်ကား ရှေးကာလ၌ ဝလဘီအမည်ဖြင့် ထင်ပေါ်ခဲ့၏။

- ၎င်းမြို့မှ အနောက်ဘက်သို့ ဟူယိုင်ဆင်ဂ် အမည်ရှိသော တရုတ်ဘုန်းကြီးသည် လီပေါင်း-၅၀၀၊ မိုင်အားဖြင့် ၈၃-မိုင်ကျော်ခန့် သွားလိုက်လျှင် သုရဋ္ဌတိုင်း, သုဝဏ္ဏဘူမိသို့ ရောက်ကြောင်း၊
- တိုင်းပြည်သည် စတုရန်းမိုင် ၆၆၆-မိုင်ကျော်ခန့်ရှိ၍ မင်းနေပြည်မှာ စတုရန်း ၅-မိုင် လောက်သာရှိကြောင်း၊
- မာတီနဒီသည် မြို့၏ အနောက်ဘက်သို့ စီးနေကြောင်း၊
- ပြည်တော်၌ မဟာယာနဂိုဏ်းဝင် ရဟန်းတော် ၃,၀၀၀-လောက် သီတင်းသုံးရာ ကျောင်းတိုက် ၅၀-ရှိကြောင်း၊
- ၎င်းပြင် ဘာသာအမျိုးမျိုးနှင့်ဆိုင်ရာ နတ်ကွန်းလည်း ၃၀၀-လောက်ရှိကြောင်း၊

- အနောက်ဘက် သမုဒ္ဒရာနှင့် နီးစပ်ခြင်းကြောင့် လှေ,သင်္ဘောတို့ ရောင်းဝယ်ကူးသန်းခြင်း ပွါးများကြောင်း၊
- မြို့၏ မနီးမဝေးလောက်တွင် ဥဂျန္တာ(ဥဇန္တာ)ခေါ်သော ရှေးအမည်ဟောင်း တောင်၌ ကျောင်းတိုက်လည်း ၁-ခုရှိကြောင်း၊
- ၎င်းကျောင်းတိုက်ရှိ တိုက်ခန်းတို့မှာ များသောအားဖြင့် တောင်ကို ဖောက်ထွင်း၍ ပြုလုပ်ထားကြောင်း၊
- တောင်မှ စမ်းရေစီးနေခြင်းကြောင့် ရသေ့,ရဟန်း ပျော်မွေ့ဖွယ်ကောင်းကြောင်း၊

ဤသို့လျှင် ဟူယိုင်ဆင်ကျမ်း၊ နံပါတ် ၆၃၀-တွင် ပါရှိ၏။

မောက်ရယျဆာမြာဂျက္ကတိဟာဆ်ခေါ်သောကျမ်း၊ နံပါတ် ၅၇၆-တွင်လည်း ဂုဂျရာတီနယ်ရှိ ကာဌိယာဝါရ်ခေါ်တွင်သော ဂျူနာဂဟာရ်မြို့သည်ပင် ဆုရာရှုတြ(သုရဋ္ဌ)တိုင်းပြည်ဖြစ်ကြောင်းနှင့် လာရှိပေ၏။ ပါဠိဘာသာ၌ သုရဋ္ဌအမည်သည် သက္ကဋ္ဌဘာသာ၌ ဆုရာရှုတြ, ဆောက်ရာဋ္ဌ, ဆုရာဋ္ဌ-ဟူ၍ လာရှိသည်ကို ထောက်လေ။

အထူးအားဖြင့်ကား မာဟီနဒီသည် မြို့၏အရှေ့ဘက်သို့ စီးဆင်းနေသည်ကို ဟူယိုင်ဆင်မှတ်တမ်းစာ၌ အနောက်သို့ စီးနေကြောင်းနှင့် လာရှိ၏။ ထိုစကားကို အင်္ဂလိပ် ဖရဂူဆန်ပညာရှိကြီးက ဟူယိုင်ဆင်ဘုန်းကြီး ဆိန္ဓုမြစ်ကို ကူးရာ အင္ဂုကအရပ်၌ သူ၏မှတ်တမ်းစာပျောက်၍ နုတ်စာအုပ်ငယ်မှ ရေးထားခဲ့ကြောင်းကို ဆုံးဖြတ်၍ ပြပေ၏။ ကျောက်စာမင်းကြီး ကနိန်ဂဟမ်လည်း ဤသုရဋ္ဌတိုင်းကို မှားစွာရေးသားဖော်ပြ၏။ ထို့ကြောင့် အဆိုပါ ဂျူနာဂဟာရ်မြို့ကို ရှေးက သုရဋ္ဌတိုင်း၊ သုဝဏ္ဏဘူမိ-ဟု မှတ်ယူကြလေ၏။

ယခုရှိပုံ အခြေအနေမှာ မြို့တံတိုင်းဖြင့် ကာဝိုင်းလျက် ရှိ၏။ မြို့တွင်း,မြို့ပြင်၌ ဓမ္မသာလာနှင့် အလှူဇရပ်ရှိ၏။ ယခုအခါ ပြည်နယ်ကို မူဆလမာန်စော်ဘွား အုပ်ချုပ်နေ၏။ ဥယျာဉ်, ရေတွင်း, ရေကန်တို့ဖြင့် တင့်တယ်၏။

----- x -----

[၄] ဂိရိနာရ်တောင်ကို ဖော်ပြခြင်း

ဦးကိတ္တိရဟန်းတော်သည် ဂျူနာဂဟာရ်(သုဝဏ္ဏဘူမိ)မြို့တော်မှ အင်္ဂလိပ်ကျောင်းဆရာကြီး ၁-ယောက်၏ အထောက်အပင့်ကို ရရှိသဖြင့် မြို့တော်၏ မြောက်ဘက်တံခါးမှ ထွက်သွားလေရာ မိုင်ဝက်ခန့်လောက်တွင် သီရိဓမ္မာသောကမင်းကြီး ရေးထိုးထားခဲ့သော

ကျောက်ကမ္ဘည်းစာနှင့်တကွ ကျောက်ဆောင်းကြီးသို့ ရောက်လေ၏။ ၎င်းနေရပ်မှာ ရုဒြဒါမန် အမည်ရှိသော မင်းလက်ထက်က သကမင်း၏ သက္ကရာဇ် ၇၂-ခုနှစ်တွင် ဆုဒရသျှန်း (သုဒဿန)ခေါ်သော ရေအိုင်ကြီး၏ ကျိုးပျက်သည်ကို ထပ်မံပြင်ဆင်သော နေ့စွဲနှင့်တကွ ဆကန္ဒဂုပ္တတမင်း၏ စာတမ်းငယ် ၁-ခုလည်း ရေးထိုးရှိ၏။ ကျောက်စာ၏ အနက်အဓိပ္ပါယ်ကို စတုဒ္ဒသသိလာလေခ ဂိရိနာရ်ကျောက်စာကို ရှုလျှင် သီရိဓမ္မာသောကမင်းကြီး သာသနာတော် ပြုခဲ့ပုံကို အကုန်အစင် သိမြင်ကြလိမ့်မည်။

ထိုနေရာမှ တဖန် ၃-မိုင်ခွဲလောက် သွားပြန်လေရာ ဂိရိနာရ်တောင်သို့ ရောက်လေ၏။ လမ်းစဉ်တလျှောက်မှာ ရှေးဟောင်း ကျောင်း, ကန်, သိမ်, ပုထိုးတို့သည် ပျက်စီးယိုယွင်းလျက် အမြောက်အမြားရှိကုန်၏။ မြို့တော်မှ တောင်သို့ ရောက်အောင် လူသွားလူလာ အခါခပ်သိမ်းရှိ၏။ တောင်ခြေလမ်းပင် ဆိုသော်ငြားလည်း လူတို့အသွားအလာ မပြတ်ခြင်းကြောင့် မြို့လမ်းနှင့်မခြား သာယာ၏။ ရသေ့,ရဟန်းတို့ စိတ်နှလုံး မွေ့လျော်ဖွယ်ရာ အလွန်ကောင်း၏။ ရောက်လာကြကုန်သော ဘုရားဖူးသားတို့သည် အစာအာဟာရတို့မှ ခေါင်းပါးခြင်း မရှိကုန်။

ဂိရိနာရ်တောင်ကို အရပ် ၄-မျက်နှာ တောင်တို့ဖြင့် ခြံရံ၏။ ထိုထိုတောင်တို့၌ ကမ္ဘဏာန်းဘာဝနာနှင့် ပျော်မွေ့နေကြသော အသက်-၂,၀၀၀၊ ၁,၅၀၀-ရှိ ရသေ့တို့သည် လိုဏ်ဂူတွင်းမှာ ခိုအောင်းနေကြကုန်၏။ ပါရမီဘုန်းကံရှိသူသာ တခါတရံ ဖူးတွေ့ရပေ၏။ တောင်အောက်,တောင်ထက်၌ သူဌေးသူကြွယ်တို့ကလည်း အလှူကြီးကို ပေးနေကြကုန်၏။ တောက်အောက်မှ တောင်ထိပ်သို့ ၇-ကောသ မြင့်၏။ အတက်,အဆင်း လွယ်ကူအောင် ကျောက်လှေကားတို့ဖြင့် ပြုလုပ်ထားကြ၏။

တောင်ထိပ်အရပ်ကို ပြဦးအုံ့။ ဂိရိနာရ်တောင်ထိပ်၌ တောင်ထွတ် ၃-ခုရှိ၏။ ထို ၃-ခုတို့တွင် ပထမတောင်ထွတ်၌ နေ့ရက်များစွာကပင် ဆင်းသက်လာသော ဟိန္ဒူ, ဂျိုင်းနီ လူမျိုးတို့၏ ကိုးကွယ်ရာ စေတီ,ဘုရား,ပုထိုးတို့သည် အမြောက်အမြားရှိကုန်၏။ အချို့အချို့ကုန်သော ရုပ်ပွါးတော်တို့သည် ငါတို့ဗုဒ္ဓဘာသာဘုရား၏ ရုပ်ပွါးဆင်းတုတော်နှင့် တူကုန်၏။ ရှေးဟောင်းအခြေအနေကို ထောက်လိုက်လျှင် ရှေးက အသောကမင်းကြီး၏ တန်ခိုးတော်ကြောင့် ဗုဒ္ဓဘာသာ စည်ကားစဉ်က ပြုလုပ်ထားခဲ့သော အဆောက်အအုံများနှင့် တူ၏။

ၛင်းပြင် တောင်ထိပ်၌ ဂေါမုခအမည်ရှိသော ကျောက်တွင်း ၁-ခုမှ ထွက်နေသော ရေကို တစ်ကမ္ဘာလုံး သုံးစွဲ၍ မကုန်နိုင်ရာ။ လူတို့ သုံးစွဲရန်အတွက် ထွက်နေသော ရေများကို ကျောက်ရေကန်ကြီး ပြုလုပ်ထားခြင်းကြောင့် အလိုရှိတိုင်း သုံးစွဲနိုင်၏။ ဘုရားဖူးသားတို့

နေထိုင်ရန်နှင့် အစားအသောက်တို့ကို သူဌေးများတို့က စီမံ၍ အပြီးပြုလုပ်ထားကြကုန်၏။ အဆင်အယင်မှာ ဆိုဖွယ်မရှိ၊ အထူးကြည့်ရှုဖွယ် ကောင်း၏။

ဒုတိယတောင်ထိပ်၌ ဗိသဏိုးနတ်ကို ကိုးကွယ်သော ဟိန္ဒူလူမျိုးတို့၏ အဆောက်အအုံများ ရှိ၏။ ၎င်းပြင် ခြေရာ ၃-ခုကို ပြိုင်လျက် စီမံထား၏။ ဟိန္ဒူရသေ့တို့ကို အမြောက်အမြား တွေ့ရှိ၏။

တတိယတောင်ထွတ်၌မူကား ခြေရာ ၁-ခုနှင့် ရုပ်ပွါးတော် ၁-ဆူရှိ၏။ ရုပ်ပွါးတော်၏ ဥဏှာတော်ကား ၁၂-လက်မခန့်မျှသာ ရှိ၏။ ခြေတော်ရာကို ဟိန္ဒူလူမျိုးတို့ကား ငါတို့၏ ကိုးကွယ်ရာ ၂၄-ဆက်မြောက် ဒတ္တာကြိုက်ယ အမည်ရှိသော ဘုရား၏ ခြေတော်ရာ-ဟု ရည်မှတ်ပြီးလျှင် နိစ္စဗဒ် ဆည်းကပ်ကိုးကွယ်ကြကုန်၏။ တောင်ထိပ်၏ ၁-ခုနှင့် ၁-ခုအကြား တို့မှာလည်း အမွာဒေဝီ, မဟာကာလိကာ, ဂေါက်မုခီ-စသော ဌာနများ ရှိ၏။

----- × -----

[၅] ဂိရ်နာရ်တောင် လမ်းခရီးအစီအစဉ်

ဂိရ်နာရ်တောင်သို့ သွားလိုကြလျှင် အဟမဒါဗာဒ်မြို့မှ ဗီရာမ်ဂံဝ်ဘူတာသို့ လိုက်သွားပြီးလျှင် ၎င်းဘူတာမှ ရာဂျကိုးဋ္ဌဘူတာသို့ လိုက်ကြလေ။ ၎င်းမှဟဖန် ဂျုနာဂဟာရ် (Junagad)ခေါ်သော သုဝဏ္ဏာဘူမိသို့ လိုက်သွားပြီးလျှင် ၎င်းမြို့မှ ဂိရ်နာရ်တောင်သို့ သွားနိုင်၏။ မြို့၌လည်းကောင်း၊ တောင်အောက်,တောင်ထက်၌လည်းကောင်း ဓမ္မသာလာရှိ၏။ ဂျုနာဂဟာရ်မြို့၏ မြောက်တံခါးမှ ထွက်လျှင် အသောကကျောက်စာ, ၎င်းမှ ဒါမိုဒရ်ကုဏ္ဍခေါ်သော ရေအိုင်, ၎င်းမှ မြိုဂိုကုံ၌ခေါ်သော ရေအိုင်, ၄င်းမှ ဂိရ်နာရ်တောင်သို့ ရောက်လိမ့်မည်။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
အဟမဒါဗာဒ်မြို့	အဟမဒါဗာဒ်
ဗီရာမရွာ	ဗီရာမ် ဂံဝ်
သုဝဏ္ဏာဘူမိ	ဂျုနာဂဟာရ်
အသောကကျောက်စာ	အသျှီးက်သျှီလာလေခ်
ဒါမိုဒါရေအိုင်	ဒါမိုဒရ်ကုံ၌

မိဂီရေအိုင်	မြိဂီကုံ၌
ဂိရ်နာရ်တောင်	ဂိရ်နာရ်ပရ်ဗတ်

----- × -----

[၆] ဗရိုဒါမြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဂျူနာဂဟာရ်မြို့မှ ထွက်သွားလေရာ ဂျန္တလဆရ်အဟမ-ဒါဗာဒ်မြို့သို့ တဖန် ပြန်၍ရောက်လေ၏။ ၎င်းမြို့၌ ၁-ညဉ့်ပတ်လုံးနေပြီးမှ နံနက် ၆-နာရီရထားနှင့် လိုက်သွားလေရာ အာနန္ဒာမြို့၌ ရထားတစ်ခါ ပြောင်းခဲ့၍ ဗရိုဒါမြို့သို့ ၎င်းနေ့ နံနက် ၁၀-နာရီကို ရောက်လေ၏။

မြို့တွင်း၌ ကေဆဝရာဝဒေဆပ်ဒေ အမည်ရှိသော ဝတ်လုံတော်ကြီးနှင့် တွေ့ဆုံလေလျှင် ကြည်လင်သော သဒ္ဓါတရားဖြင့် ပင့်ဆောင်၍ မိမိအိမ်တွင် သီတင်းသုံးနေစေ၏။ မြို့၌ ဟိန္ဒူစော်ဘွား အုပ်စိုး၏။ ကြည့်ရှုစရာမှာ တိရစ္ဆာန်ရုံ, ပြတိုက်, ကန်တော်ကြီး, ဥယျာဉ်တော်ကြီး, စော်ဘွားနန်းတော်-စသည်တို့သည် ရှိကုန်၏။ ခရီးသည်များ တည်းခိုရန် ဂျိုင်းနီ၏ ဓမ္မသာလာလည်း ရှိ၏။

မဇ္ဈိမဒေသတွင် ဤဗရိုဒါ(Baroda)မြို့သည် ထင်ရှားသော မြို့ကြီး ၁-မြို့ဖြစ်ခြင်းကြောင့် အထက်ပါ လမ်းအတိုင်းသော်လည်းကောင်း သို့မဟုတ် ဝုံဗိုင်ကသော်လည်းကောင်း သွားနိုင်၏။ ၎င်းမြို့၌ ဗုဒ္ဓဘာသာအသင်းသားလည်း ရှိ၏။ သို့သော် ရှေးဟောင်းဗုဒ္ဓဘာသာအဆောက်အအုံများတို့သည်ကား တစ်စုံတစ်ခုမျှ မရှိကုန်။ သခ်ေါ်ပစကားဖြင့် ပထမကဏ္ဍ၌လည်း ဖော်ပြခဲ့ပြီ။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ဗရိုဒါမြို့	ဗရိုဒရာ
ဓမ္မသာလာဇရပ်	ဂျိုင်းနီဓရ်မသ္ဘာလာ
ရေကန်ကြီး	တာလာပ်
ပြတိုက်ကြီး	မျူဇီယမ်, အဂျာယပ်ယရ်
တိရစ္ဆာန်ရုံ	ကျိရိယာခါနာ

----- × -----

[၇] ဆုရတမြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဗရိုဒါမြို့မှ ထွက်သွားလေရာ ဗရိုးက်ျကျာနိုးဒ်-စသော မြို့, နရ်မဒါ(နမ္မဒါ)မြစ်ကို လွန်မြောက်၍ ဆုရတခေါ်သောမြို့သို့ ရောက်ပြန်လေ၏။ ထိုမြို့၌ တိုင်းရင်းသားကျောင်းက ဥက္ကဋ္ဌလူကြီး ဒယာလာဂျီနာနုဘာ၏ အမည်ရှိသောသူနှင့် တွေ့ဆုံလေရာ ဆွရာဂျအာဆရမ်းဗာရဒိုလီဗဒလနာ အမည်ရှိသော ကျောင်းတိုက်၌ ဓမ္မသဟာယ အဖြစ်ဖြင့် အထူးအကျွမ်းဝင်လျက် မဟာမိတ်ကြီး ဖြစ်ကြလေ၏။

မြို့၌ လိုရင်းအချုပ်ကား ဖြိန်းကျဂါရဒန်ခေါ်သော ဗဂ်လားကြီး ၁-ခုရှိ၏။ ၎င်းဗဂ်လား၏အကြောင်းမှာ အင်္ဂလိပ်မင်းတို့ မရောက်မီက ဖြိန်းကျဂါရဒန်လူမျိုးတို့ လာရောက်နေထိုင်ခြင်းကြောင့် ၎င်းနေရာကို ယခုထက်ထိ သူတို့ကပင် အုပ်စိုးနေရ၏။ ထိုသူတို့၏ ရာဇဝင်သည် အလွန်ရှည်လျား၏။ ထိုမှတပါး အင်္ဂလိပ်မင်းတို့သည် လာရောက်စဉ်အခါက ကုန်ရောင်းကုန်ဝယ်အဖြစ်ဖြင့် လာရောက်ကြပြီးလျှင် ဟိန္ဒူရှင်ဘုရင်ထံမှ သင့်လျော်သော မြေ ၁-ကွက်ကို အချက်ကျ ယူ၍ ခံတပ်ကြီး ပြုလုပ်လေ၏။ ခံတပ်ကြီး အပြီးအစီးသို့ ရောက်သောအခါ ဟိန္ဒူရာဇာကို ပိုင်နင်းအုပ်ချုပ်ရာလည်း ၁-ခု ရှိ၏။

၎င်းပြင် ရှေးရှေးက မင်းစဉ်မင်းဆက် သက်ဆင်းနေလာကြသော မိဆန်ပြေးဆိပ်ခေါ်သော ပုံနှိပ်တိုက်လည်း ၁-ခုရှိ၏။ ထိုမှတပါး ဒက္ကာအိုဝါရာ အမည်ရှိသော သင်္ဘောဆိပ် ၁-ခုနှင့် ရှေးက တံတားဟောင်းကြီးလည်း ၁-ခုရှိ၏။ မြစ်ကိုမူကား တာပီ-ဟု ခေါ်ဆိုကြ၏။ မြို့သည် ပင်လယ်ကမ်းပါးနှင့် နီးစပ်၏။ ဣန္ဒိယနယ်တွင် နာမည်ထင်ပေါ်သော ဤဆုရတ(Surat)မြို့၏ လမ်းခရီးအစီအစဉ်ကို အထူးဖော်ပြရန် မလိုပြီ။ ဗုံဗိုင်နှင့် နီးစပ်၏။

----- × -----

[၈] ယောနကတိုင်းအဝင်အပါ နမ္မဒါမြစ် ခြေတော်ရာအကြောင်း

တီဏီ ခေါ် ပန ဘဂဝတော ပါဒစေတိယာနိ လင်္ကာဒီပေ ဧကံ၊ ဇမ္ဗုဒီပေ ယောနကရဋ္ဌေ ဒွေတိ။

တတ္ထ ဗောဓိတော အဋ္ဌမေ ဝဿေ ကလျာဏိယံ မဏိအက္ခိနာ နာဂရာဇေန နိမန္တိတော ဘဂဝါ ပဠဟိ ဘိက္ခုသတေဟိ ပရိဝုတော လင်္ကာဒီပံ အာဂမ္မ ကလျာဏီ-စေတိယဋ္ဌာနေ ကတေ ရတနမဏ္ဍပေ နိသိန္နော ဘတ္တကိစ္စံ ကတ္တာ သုမနကူဋေ ပဒံ ဒဿေတွာ အဂမာသိ။

ဝါဏိဇကေဟိ စ ကတံ စန္ဒနမဏ္ဍလမာဠံ ပဒိဋ္ဌဟေတုံ ပုဏ္ဏတ္ထေရေန နိမန္တိ-တော ဘဂဝါ သုပ္ပါရကပဋ္ဋနံ ဂန္တ္မာ ပစ္စာဂစ္ဆန္တော နမ္မဒါနာဂရာဇေန ပူဇနိယံ ယာစိတော နမ္မဒါနဒီတီရေ ပဒစေတိယံ ဒသေသိ၊ တံ ဝိစိသု အာဂတာသု ပိဓိယတိ။ ဂတာသု ဝိဝရိယတိ မဟာသက္ကာရပတ္တံ အဟောသိ။

တတော သစ္စဗန္ဓပဗ္ဗတံ ပတ္တာ သစ္စဗန္ဓတ္ထေရေန ယာစိတော **သစ္စဗန္ဓပဗ္ဗတေ** ယနပိဋ္ဌိပါသာဏေ အလ္လမတ္တိကပိဏ္ဍမ္ပိ လဉ္ဇနံ ဝိယ ပဒစေတိယံ ဒသေသိ။–

ဟူ၍ သာရတ္ထသင်္ဂဟကျမ်း၌ လာရှိ၏။

ပန၊ ခြေတော်ရာအပြားကို ဆိုဦးအုံ့။ ဘဂဝတော၊ ဘုရားသခင်၏။ ပါဒစေတိယာနိ၊ ခြေတော်ရာစေတီတော်တို့သည်။ လက်ာဒီပေ၊ သီဟိုဠ်ကျွန်း၌။ ဧကံ၊ ၁-ဆူ။ ဇမ္ဗုဒီပေ၊ ဇမ္ဗူဒီပါကျွန်း၌။ ယောနကရဋ္ဌေ၊ ယောနကတိုင်း၌။ ဒွေ၊ ၂-ဆူ။ ဣတိ၊ ဤသို့။ တိဏိ ခေါ၊ ၃-ဆူတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တတ္ထ၊ ထို ၃-ဆူတို့တွင်။ ဗောဓိတော၊ ဘုရားဖြစ်တော်မူသည်မှ။ အဋ္ဌမေ ဝဿေ၊ ၈-ဝါမြောက်၌။ ကလျာဏိယံ၊ ကလျာဏီမြစ်၌။ မဏိအက္ခိနာ၊ မဏိအက္ခိ အမည်ရှိသော။ နာဂရာဇေန၊ နဂါးမင်းသည်။ နိမန္တိတော၊ တောင်းပန်အပ်သည်ဖြစ်၍။ ဘဂဝါ၊ မြတ်စွာဘုရား သည်။ ပဠဟိ ဘိက္ခုသတေဟိ၊ ရဟန်း ၅၀၀-တို့ဖြင့်။ ပရိဝုတော၊ ခြံရံလျက်။ လက်ာဒီပံ၊ သီဟိုဠ်ကျွန်းသို့။ အာဂမ္မ၊ ကြွလာတော်မူ၍။ ကလျာဏီစေတိယဋ္ဌာနေ၊ ကလျာဏီစေတီ တည်ရာအရပ်၌။ ကတော၊ ပြုလုပ်အပ်သော။ ရတနမဏ္ဍပေ၊ ရတနာမဏ္ဍပ်၌။ နိသိန္နော၊ နေတော်မူလျက်။ ဘတ္တကိစ္စံ၊ ဆွမ်းဘုဉ်းပေးတော်မူခြင်း ကိစ္စကို။ ကတ္တာ၊ ပြုတော်မူပြီး၍။ သုမနကူဋေ၊ သုမနတောင်ထွတ်၌။ ပဒံ၊ လက်ဝဲခြေတော်ရာကို။ ဒသေတ္တာ၊ ချတော်မူခဲ့၍။ အဂမာသိ၊ ဇမ္ဗုဒီပါသို့ ကြွလာတော်မူ၏။

ဝါဏိဇကေဟိ စ၊ စူဠပုဏ်-စသော ကုန်သည် ၅၀၀-တို့သည်(လည်း)။ ကတံ၊ ဆောက်လုပ်အပ်သော။ စန္ဒနမဏ္ဍလမာဠံ၊ စန္ဒကူးမဏ္ဍပ် တန်ဆောင်ဝန်းပြာသာဒ်ကို။ ပဒိဋ္ဌဟေတုံ၊ ခံယူတော်မူခြင်းငှာ။ ပုဏ္ဏတ္ထေရေန၊ မဟာပုဏ္ဏမထေရ်သည်။ နိမန္တိတော၊ ပင့်ဖိတ်အပ်သည်ဖြစ်၍။ ဘဂဝါ၊ ဘုရားသခင်သည်။ သုပ္ပါရကပဋ္ဋနံ၊ သုပ္ပါရကသင်္ဘောဆိပ်သို့။ ဂန္တ္မာ၊ ကြွတော်မူ၍။ ပစ္စာဂစ္ဆန္တော၊ သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူခဲ့သော်။ နမ္မဒါနာဂ-ရာဇေန၊ နမ္မဒါနဂါးမင်းသည်။ ပူဇနိယံ၊ ပူဇော်အပ်သောအရာကို။ ယာစိတော၊ တောင်းပန်အပ်သည်ဖြစ်၍။ နမ္မဒါနဒီတီရေ၊ **နမ္မဒါမြစ်ကမ်းပါး**၌။ ပဒစေတိယံ၊ လက်ဝဲခြေတော်ရာကို။ ဒသေသိ၊ ချထားတော်မူ၏။ တံ၊ ထိုခြေတော်ရာသည်။ ဝိစိသု၊ လှိုင်းတံပိုးတို့သည်။

အာဂတာသု၊ တက်လာကုန်သည်ရှိသော်။ ပိဓိယတိ၊ ပိတ်နေ၏။ ဂတာသု၊ ကျကုန်သည်ရှိသော်။ ဝိဝရိယတိ၊ ပွင့်နေ၏။ မဟာသက္ကာရပတ္တံ၊ ကြီးစွာသော ပူဇော်သက္ကာရသို့ ရောက်သည်။ အဟောသိ၊ ဖြစ်၏။

တတော၊ ထိုအရပ်မှ။ သစ္စဗန္ဓပဗ္ဗတံ၊ သစ္စဗန္ဓတောင်သို့။ ပတ္တာ၊ ကြွရောက်တော်မူ၍။ သစ္စဗန္ဓတ္ထေရေန၊ သစ္စဗန္ဓမထေရ်သည်။ ယာစိတော၊ တောင်းပန်အပ်သည်ဖြစ်၍။ သစ္စဗန္ဓပဗ္ဗတေ၊ သစ္စဗန္ဓတောင်ထိပ်၌။ ဃနပိဋ္ဌိပါသာဏေ၊ တခဲနက်ထူသော ကျောက်ဖျာထက်၌။ အလ္လမတ္တိကပိဏ္ဍမှိ၊ စိုစွတ်သော မြေစိုင်ခဲအပေါ်၌။ လညှောနံ ဝိယ၊ အရေးတံဆိပ်ခတ်နှိပ်သကဲ့သို့။ ပဒစေတိယံ၊ လက်ဝဲခြေတော်ရာကို။ ဒဿေသိ၊ ချတော်မူ၏။

ဆိုလိုရင်း အဓိပ္ပါယ်ကား-

- ဘုရားသခင် ခြေတော်ရာသည် သီဟိုဠ်ကျွန်း၌ ၁-ဆူ,
- ဇမ္ဗူဒီပ်ကျွန်း၊ ယောနကတိုင်း၌ ခြေတော်ရာ ၂-ဆူ၊

ပေါင်း ၃-ဆူသော ခြေတော်ရာသည် ရှိ၏။ ထို ၃-ဆူတို့တွင်-

- **"ဘတ္တကိစ္စံ ကတ္တာ သုမနကူဋေ ပဒံ ဒဿေတ္တာ အဂမာသိ"**ဟူသည်နှင့်အညီ သီဟိုဠ်ကျွန်း၊ ကလျာဏီစေတီတော်တည်ရာ ရတနာမဏ္ဍပ်မှ ဆွမ်းကိစ္စပြီးလျှင် သုမနနတ်မင်းနေရာ တောင်ထိပ်ပေါ်၌ ခြေတော်ရာ ၁-ဆူ၊
- **"ပစ္စာဂစ္ဆန္တော နမ္မဒါနာဂရာဇေန ပူဇနိယံ ယာစိတော နမ္မဒါနဒီတီရေ ပဒစေတိယံ ဒဿေသိ"**ဟူသည်နှင့်အညီ သာဝတ္ထိပြည်သို့ ပြန်ကြွလတ်သော် နမ္မဒါနဂါးမင်းကို အကြောင်းပြု၍ နမ္မဒါမြစ်ကမ်းပါး၌ ခြေတော်ရာ ၁-ဆူ၊
- **"တတော သစ္စဗန္ဓပဗ္ဗတံ ပတ္တာ သစ္စဗန္ဓတ္ထေရေန ယာစိတော သစ္စဗန္ဓပဗ္ဗတေ"**ဟူသည်နှင့်အညီ ထိုအရပ်မှ သစ္စဗန္ဓတောင်သို့ ရောက်တော်မူ၍ သစ္စဗန္ဓမထေရ်ကို အကြောင်းပြု၍ ထိုသစ္စဗန္ဓတောင်ထိပ်၌ ခြေတော်ရာ ၁-ဆူ၊

ဤသို့လျှင် ၃-ဆူသော ခြေတော်ရာကို ချထားတော်မူ၏-ဟု အဓိပ္ပါယ်ရရှိ၏။

အဆိုပါ ကျမ်းဂန်အားလျော်စွာ "ဇမ္ဗူဒီပါကျွန်း၌ ခြေတော်ရာ ၂-ဆူသည် ဣန္ဒိယပြည်အနောက်တောင်ထောင့် ယောနကတိုင်းအပါအဝင် နမ္မဒါမြစ်နားနှင့် သပ္ပူရတောင် (ဆတပုရတောင်)ထိပ်၌ ရှိ၏"ဟု ဖော်ပြသော မဟာသုဇာတကကျမ်း, ဇမ္ဗူဒီပဣန္ဒိယနယ်ပုံ ကျမ်းဂန်သည် အထူးသင့်မြတ်ပေ၏။

အဘယ်ကြောင့်ဆိုသော် ဦးကိတ္တိရဟန်းတော်သည် ဗရိုဒါမြို့မှ ဆုရတမြို့သို့ သွားလေရာ ခရီးအကြားတွင် နရ်မဒါ(နမ္မဒါ)မြစ်ကို ကူးသွားခဲ့ရပေ၏။ ၎င်းပြင် ထိုမြစ်နား၌ ဘရိုးက်(ဘာရုကစ္ဆ)သင်္ဘောဆိပ်သည် ရှိကြောင်းကို ကျောက်စာမင်းကြီးတို့ကလည်း ဖော်ပြကြကုန်၏။ သစ္စဗန္ဓပဗ္ဗတ-ပုဒ်ကို သက္ကဋဘာသာ၌ "သတျဗဒ္ဓပရ်ဝတ်"ဟု တွေ့ရှိ၏။ ထို့ကြောင့် ထိုသစ္စဗန္ဓပဗ္ဗတတောင်သည် နမ္မဒါမြစ်နား၌ ရှိနေကြောင်းကို ဗုဒ္ဓကျရယျ ဟိန္ဒီဘာသာကျမ်းဂန်တို့၌ လာရှိ၏။

----- x -----

[၉] ယောနကတိုင်းအကြောင်း

"ဇမ္ဗုဒီပေ ယောနကရဋ္ဌေ ဒွေတိ"ဟူသော သာရတ္ထသင်္ဂဟအလိုဖြင့် ဇမ္ဗူဒီပါကျွန်း၊ ယောနကတိုင်းပြည်၌ ဘုရားသခင် ခြေတော်ရာ ၂-ဆူ ချတော်မူကြောင်းကို မှတ်ယူအပ်၏။ ထိုခြေတော်ရာ ၂-ဆူတို့တွင် **"နမ္မဒါနဒီတီရေ ပဒစေတိယံ ဒသေသိ"**ဟူ၍လည်း လာရှိခြင်းကြောင့် နမ္မဒါမြစ်နား၌ ခြေတော်ရာ ၁-ဆူရှိနေကြောင်းကို သိအပ်၏။

"သစ္စဗန္ဓတ္ထရေန ယာစိတော သစ္စဗန္ဓပဗ္ဗတေ"ဟူ၍ လာရှိသော ၎င်းသင်္ဂဟနှင့်အညီ ယောနကတိုင်းအပါအဝင် သစ္စဗန္ဓတောင်ထိပ်၌ ၁-ဆူသော ခြေတော်ရာရှိကြောင်းကို သိအပ်၏။

ယောနကရဋ္ဌံ တဒါ ဂန္ဒှာ၊ သော မဟာရက္ခိတော ဣသိ။
ကာဋကာရာမသုတ္တေန၊ တေ ပသာဒေသိ ယောနကေ။ –

ဟူ၍ လာရှိသော ပါရာဇိကဏ်အဋ္ဌကထာ(၀။၄။၁။၅၁)နှင့်အညီ မဟာရက္ခိတမထေရ်သည် ယောနကတိုင်းသို့ ကြွသွားပြီးလျှင် ကာဋကာရာမသုတ်ဖြင့် လူအပေါင်းတို့အား ကြည်ညိုစေ၏။ ထိုအခါ ၇-သိန်းကုန်သော လူတို့သည် မဂ်,ဖိုလ်ကို ရကြကုန်၏။ တစ်သောင်းမျှလောက်ကုန်သောသူတို့သည်ကား ရဟန်းပြုကြကုန်၏-ဟု သိအပ်၏။

ဤသို့လျှင် ဘုရားသခင် ခြေတော်ရာ ချထားရာနှင့်တကွ မဟာရက္ခိတမထေရ်သာသနာတော်ပြုရာ ယောနကတိုင်းကို ဗရိုဒါ, ဆုရတ၊ ၎င်းမြို့ ၂-မြို့တို့၏ အလယ်ကြားရှိ နရ်မဒါ(နမ္မဒါ)မြစ်တလျှောက် မြို့ရွာတို့ကိုသာ မှတ်ယူအပ်၏။ သို့သော် တိုင်းပြည်၏ နယ်နိမိတ်အပိုင်းအခြားကိုကား ကျောက်စာဘက်ဆိုင်ရာမှ မရရှိသေး။ ပညာရှိအချို့က ဣန္ဒိယအနောက်မြောက် နယ်နိမိတ်အပြင်ရှိ အရပ်ဒေသသည် ယောနကတိုင်း ဖြစ်၏-ဟု ဖော်ပြ

ကြကုန်၏။ စတုဒ္ဒသသိလာလေခ ဂိရနာရ် ဒုတိယသိလာလေခကျောက်စာ၏ အမှာစကား ရပ်မှ ရှုလေ။ အသောကကျောက်စာအရနှင့် ပညာရှိတို့အဆုံးဖြတ်ကို ဆင်ခြင်ကြပါ။

----- x -----

[၁၀] ဘရုကစ္ဆသင်္ဘောဆိပ်အကြောင်း

ဤဘရုကစ္ဆအရပ်သည် ရှေးအခါက သာသနာတော်၏ ထွန်းကားရာ အရပ်ဒေသကြီး ၁-ခု ဖြစ်ပေ၏။ ဟူယိုင်ဆင်ဂ် တရုတ်ဘုန်းတော်ကြီး၏ မှတ်တမ်းအလိုအားဖြင့် တိုင်းပြည်၏နယ်နိမိတ်မှာ စတုရန်း လီပေါင်း-၂,၄၀၀၊ ၂,၅၀၀-ခန့် ရှိ၏။ အင်္ဂလိပ်မိုင်အားဖြင့်ကား ၆-လီလျှင် ၁-မိုင်စီ ရှိ၏-ဟု ဆိုသော စကားအရဖြင့် မိုင်ပေါင်း ၄၀၀-သို့မဟုတ် ၄၁၆-မိုင်ကျော်ခန့် ရှိ၏။ မြို့တော်၏ စတုရန်းလီမှာ ၂၀-ခန့်လောက် ရှိ၏။ မိုင်အားဖြင့်ကား ၃-မိုင်ကျော်လောက်သာ ရရှိ၏။

ဆားမြေဖြစ်ခြင်းကြောင့် သရက်, ပိန္နဲ-စသော သစ်ပင်တို့သည် များစွာ မပေါက်ရောက်ကုန်။ လူများတို့မှာ သမုဒ္ဒရာကို မှီ၍သာလျှင် အသက်မွေးကြရကုန်၏။ သုံးစွဲအပ်သော ဆားကို သမုဒ္ဒရာရေမှ ချက်၍ အသုံးပြုကြရကုန်၏။ အခါခပ်သိမ်း လေပူ,လေပြင်းတိုက်ခြင်းကြောင့် အပူလွန်ကဲ၏။ မင်းနေပြည်တော်၌ စုစုပေါင်းကျောင်းဂိုက် ၁၀-လောက်မှာ ရဟန်းသံဃာတော် ၃၀၀-လောက်သာ ရှိကုန်၏။ ၎င်းပြင် နတ်ကွန်းများလည်း ၁၀-ခုလောက်ရှိ၏-ဟု ဟူယိုင်ဆင်ဂ်ကျမ်း၌ လာရှိ၏။

ဤတိုင်းပြည်ကို သက္ကဋ္ဌဘာသာ၌ ဘရုကစ္ဆ-ဟု ခေါ်ဆို၏။ တစ်နည်း ဘရိဂုကစ္ဆ-ဟူ၍လည်းကောင်း, ဘရိဂုချေတြ-ဟူ၍လည်းကောင်း အချို့သော ကျမ်းဂန်တွင် တွေ့ရှိ၏။ အဓိပ္ပါယ်မှာ ဘရိဂုရသေ့၏နေရာ ဖြစ်ပေ၏။ ယခုအခါ ထိုနေရာသည် ဟိန္ဒီဘာသာဖြင့် ဘရိုးကျ-ဟူ၍ တွင်ရှိ၏။ ၎င်းဘရိုးကျအရပ်၌နေသော ဘာရ်ဂဝအမည်ရှိသော ပုဏ္ဏားသည် ထိုဘရိဂုရသေ့၏ အနွယ်မှ ဆင်းသက်လာကြောင်းကို ဣန္ဒိယပညာရှိအပေါင်းတို့ ပြောဆိုကြကုန်၏။ ထိုဘရုကစ္ဆ(ဘရိုကျ)ခေါ်သော နေရပ်သည် နမ္မဒါ(နရ်မဒါ)မြစ်ဝ ကျ၏။

ယခုကာလ ကျောက်စာဘက်ဆိုင်ရာက သတ်မှတ်ထားသော နယ်နိမိတ်မှာ မြောက်ဘက်၌ မာဟီမြစ်၊ တောင်ဘက်၌ ဒါမာန်အရပ်၊ အနောက်ဘက်၌ ခမ္ဘေကွေ့၊ အရှေ့ဘက်၌ ဆဟယာဒရိတောင်တန်း၊ အလုံးစုံ စတုရန်း ၄၀၀-မှ ၄၁၇-မိုင်ထိ အကျယ်အဝန်းရှိနေ၏။

----- x -----

[၁၁] ဘရုကစ္ဆသင်္ဘောဆိပ်၊ လမ်းခရီးအစီအစဉ်

ဗုံဗိုင်မြို့တော်ကြီးမှ ယခုအခါ ဘရိုးက်ခ်(Bhroch)ခေါ်သော ဘရုကစ္ဆသင်္ဘောဆိပ်ကို သွားနိုင်၏။ ၎င်းသည် ဦးကိတ္တိရဟန်းတော် လာခဲ့သော အထက်ပါ ဘရိုဒရာ(Broda) မြို့နှင့် ဆုရတ်(Surat) မြို့ ၂-မြို့တို့၏ အကြားတွင် ဘရိုက်ခ်(Broach)ဟူသော အမည်ဖြင့် ထင်ရှားရှိ၏။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
ဗုံဗိုင်မြို့	ဗုံဗိုင်
ကိုလာဗာဘူတာ	ကိုလာဗာဆတေသျှန်
ဘရုကစ္ဆသင်္ဘောဆိပ်	ဘရိုးက်ခ်ဆတေသျှန်

----- x -----

[၁၂] ဗုံဗိုင်(Bombay)မြို့တော်အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဆုရတ်မြို့မှ တဖန် လိုက်သွားလေရာ ဗုံဗိုင်မြို့တော်သို့ ဆိုက်ရောက်၍ **ဆေ၎ **ရေဝါဆံကရ် ဂျဂျီဝန်** အမည်ရှိသော သူဌေးမင်းအိမ်၌ တည်းခိုနေစဉ် ၎င်းသူဌေးမှာ ရောဂါစွဲကပ်၍ တခြားသောနေရပ်သို့ ပြောင်းသွားပြီးလျှင် ချမ်းသာစွာနေလိုကြောင်းနှင့် အကြောင်းကြားလတ်သော် ဦးကိတ္တိရဟန်းတော်သည် ဓမ္မကထာဖြင့် ဟောပြောလျက် **ဒီဇအဆ်ကာနေ၎ကရ်**ခေါ်သော ဆေးတိုက်ကုမ္ပဏီ သူဌေးကြီးအိမ်သို့ပြောင်းသွားနေရလေ၏။ ထိုအခါ ဒါယကာမှာ လွန်ကဲသော သဒ္ဓါတရားနှင့် မိမိအိမ်တွင် သီတင်းသုံးနေစေပြီးမှ အစစအရာရာ ကြည့်ရှုဖွယ်များစွာကို စီမံကာ ပေးလေ၏။

ထို့နောက် မကြာမီ ဗုံဗိုင်မြို့၌ ဗုဒ္ဓဘာသာ ဥက္ကဋ္ဌအသင်းချုပ်ကြီးဖြစ်သော ဗုဒ္ဓဘာသာ**ရ**ရ်နာယရ်သူဌေးနှင့် တွေ့ဆုံပြန်လေ၏။ ထိုသူဌေးကြီးအိမ်၌လည်း ၁-လကို ၂-ကြိမ်စီ အမြဲမပြတ် သတ်မှတ်လျက် သာသနာတော်၏အကျိုးငှာ အစည်းအဝေးကို ပြုလုပ်၍ ဗုဒ္ဓဘာသာတရားတော်ကို ဟောပြောလေ့ရှိ၏။ ထိုအခိုက်မှာ ရဟန်းတော်ဦးကိတ္တိလည်း ဗုံဗိုင်မြို့နေ **မောင်မောင်, မောင်ဘချစ်, မောင်ထွန်းစိန်**-အစရှိကုန်သော မြန်မာကျောင်းသားတို့နှင့်တကွ အစည်းအဝေးကြီးသို့ သွားရောက်ပြီးလျှင် ဘုရားရှင်တရားတော်ကို ဟောဖော်

ပြလေ၏။ ဒေသနာတော်၏အဆုံး၌ လူအားလုံးတို့၏ သြဘာစကားကို ခံယူရပေ၏။ သူ့ဌေးကြီးဒါယကာမှာ စေတနာကဲလွန်လျက် မကြာမကြာ လာရောက်ချီးမြှောက်ဖို့ရန် တောင်းပန်လေရာ ရဟန်းတော်ဦးကိတ္တိသည် အားလပ်သောနေ့တိုင်း၌ ဒေသနာစကားဖြင့် သွားရောက်ကာ ဟောပြော၍နေရလေ၏။

ဝုံဗိုင်မြို့သည် ဣန္ဒိယတွင် အကြီးဆုံးသော မြို့တော်များတွင် အဝင်အပါဖြစ်ခြင်းကြောင့် စုပေါင်း၍ ရေးမည်ဆိုလျှင် ကုန်နိုင်စရာမရှိ။ သို့သော်လည်း ဤမြို့တော်က နေ၍ သိအပ်,သိထိုက်သော နေရာဌာနများကို စကားတိုတိုနှင့် မပိုမ်လွန်အောင် ပညာရှိတို့ ကျမ်းဂန်အစောင်စောင်မှ ထုတ်ဆောင်၍ မျက်မြင်ဒိဋ္ဌကို ဖော်ပြပေအုံ့။ ဝုံဗိုင်မြို့သည် ပင်လယ်ကမ်းပါး၌ တည်ရှိ၏။ မြို့၌မူကား ခရီးသည်တို့ တည်းခိုရန် ဓမ္မသာလာများနှင့် ပြတိုက်ကြီး, တိရစ္ဆာန်ရုံ, ပျော်မြူးစရာကောင်းသော တောင်ကြီးလည်း ၁-ခုရှိ၏။ ဤနယ်ကို မရဟဋ္ဌနယ်-ဟု ခေါ်ဆိုကြ၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ဝုံဗိုင်မြို့	ဝုံဗိုင်
ဓမ္မသာလာဇရပ်	ဂျန္ဒကီတာဏ္ဍ, ဓရ်မသ္ဘာ(လာ
ပြတိုက်ကြီး	မျူဇီယမ်, အဂျာ(ယ)ဗ်ယရ်
တိရစ္ဆာန်ရုံ	ကျိုရိယာခါနာ
မြို့ရှိတောင်	ပဟာရ်

----- × -----

[၁၃] ကဏ္ဏဟေရီလိုဏ်ဂူအကြောင်း

ဝုံဗိုင်နယ်၌ ကဏ္ဏဟေရီခေါ်သော လိုဏ်ဂူ ၁-ခု ရှိ၏။ ထိုလိုဏ်ဂူကို အရပ် ၄-မျက်နှာတောင်တို့ဖြင့် ဝန်းရံ၏။ ဂူတွင် ပထမဂူ၌ ၁၂-တောင်ခန့်ရှိ စေတီ ၁-ဆူ ရှိ၏။ ၎င်းစေတီ၏ရှေ့မှ လိုဏ်ဂူအလျား ခြေလှမ်းပေါင်း ၂၈-လှမ်း၊ အနံကား ၁၅-လှမ်း ရှိ၏။ လိုဏ်ဂူကျောက်တိုင်ပေါင်း ၃၄-တိုင် ရှိ၏။ ထိုလိုဏ်ဂူ၏ တောင်ဘက်လိုဏ်ဂူ၌ စေတီ ၃-ဆူ ရှိ၏။ ၎င်းစေတီ၏ အမြင့်မှာ ၇-တောင်ခန့်စီ ရှိ၏။ လိုဏ်ဂူ၏အလျားမှာ ခြေလှမ်းပေါင်း ၃၉-လှမ်း၊ အနံကား ၁၇-လှမ်း, ဧည့်ခံခန်း ရှိ၏။ တောင်အားလုံး၌ ဂူနံပါတ်ပေါင်း ၁၀၄-နံပါတ် ရှိ၏။ ၎င်းလိုဏ်ဂူအလုံးစုံ၌ သံယာတော်ပေါင်း ၁,၀၀၀-လောက် နေသာ၏။

ဂူပေါက်တို့၌ သုံးလူသနင်း တရားမင်း၏ ရုပ်တု, ဆင်းတုတော်နှင့်တကွ ဇာတ်နိပါတ် ရာဇဝင်ပုံသဏ္ဌာန်တို့သည်လည်း ထူးဆန်းအံ့ဩလောက်အောင် ရှိကုန်၏။ ၎င်းပြင် အချို့အချို့ ဂူဝမှာ ၁၂-ရာသီ ရေနှင့်တကွ လူတို့သုံးစွဲလောက်အောင် ကျောက်ရေခွက်လည်း ရှိ၏။ ဘယ်နေရာမှာမဆို ကျောက်ကို ထွင်းဖောက်လျှင် ရေမထွက်သောနေရာ မရှိ။ ထိုကဏ္ဍဟေရီခေါ်သော တောင်လိုဏ်ခေါင်း၌ အကယ်၍ ဟိန္ဒူဘုရား နတ်ကွန်းများ ရှိမည်ဆိုလျှင် ရွှေတောင်ကဲ့သို့ လုပ်ထားလိမ့်မည်။ ယခုမှာမူကား သာသနာ့ဒါယကာမှ ကင်းသော ရုပ်ပွါးတော်ရှိနေသည်ကို ကြည်ညိုရ၍ မကုန်နိုင်။ စမ်းရေများနှင့်တကွ လိုဏ်ဂူ ကျောင်းရှိခြင်းကြောင့် ရသေ့,ရဟန်းတို့ နေထိုင်ဖွယ်ရာ အလွန်ကောင်း၏။

----- x -----

[၁၄] ကဏ္ဍဟေရီလိုဏ်ဂူ လမ်းခရီးအစီအစဉ်

ဗုံဗိုင်မြို့၊ ဂြင့်ရိုဒ်(Bombay Grant Road) ခေါ်သော ဘူတာမှ ဗိုရိုဝကီ(Borivki) ဘူတာသို့ လိုက်ပြီးလျှင် ၎င်းဘူတာမှ အရှေ့ဘက် ၅-မိုင်လောက်တွင် ကဏ္ဍဟေရီလိုဏ်ဂူကျောင်းသို့ သွားကြလေ။ နွားလှည်း, မြင်းရထားလမ်း မဟုတ်သောကြောင့် တစ်ယောက်တည်းသွားလျှင် ခဲယဉ်း၏။ တောင်ကြားလမ်းဖြစ်၍ လမ်းသိသူ ၁-ယောက်ကို ခေါ်၍ သွားပါမူကား မပင်ပန်းဘဲနှင့် ရောက်နိုင်၏။ ဗုံဗိုင်မှ နံနက်သွားလျှင် ညနေပြန်ရောက်နိုင်၏။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
ဗုံဗိုင်မြို့တော်	ဗုံဗိုင်
ဂြန္တရိုးဘူတာ	ဂြင့်ရိုးဒ် ဆတေသျှန်
ဗိုရိုဝလိဘူတာ	ဗိုရိုဝကီဆတေသျှန်
ကဏ္ဍဟေရီဂူ	ကဏ္ဍဟေရီဂုဟာ

----- x -----

[၁၅] ကရလကာလိုဏ်ဂူနှင့် ဘာဂျကေလိုဏ်ဂူအကြောင်း

ဗုံဗိုင်မြို့မှ အရှေ့တောင်အရပ် မိုင် ၈၀-အကွာအဝေးတွင် လိုနာဝလာ အမည်ရှိသော မြို့၏အရှေ့ဘက် ၅-မိုင်လောက်၌ ဘာဂျကေခေါ်သော လိုဏ်ဂူ ၁-ခု ရှိ၏။

ထိုလိုဏ်ဂူအတွင်းဝယ် စေတီ ၁-ဆူရှိ၏။ တောင်ဘက်လိုဏ်ဂူ၌ ၁၂-ဆူသော စေတီရှိ၏။ ၎င်းဘာဂျကေဂူ၌ စေတီ၏ အကြီး,အငယ်မှာ ၈-တောင်, ၁၅-တောင်ခန့်စီ ရှိ၏။ ၎င်းပြင် လုံးပတ် ၈-ထွာ, အမြင့် ၁၅-တောင်ခန့်စီရှိသော ကျောက်တိုင်ပေါင်း ၂၇-လုံးရှိ၏။ လိုဏ်ဂူ အောက်တွင်လည်း ရေတွင်းများ ရှိ၏။ နတ်ရေတွင်း-ဟု ရေး(ထား)ရှိသော ကမ္ဘည်းစာလည်း ရှိ၏။ လိုဏ်ဂူပေါ်သို့ ၄-ဖာလုံ, ၅-ဖာလုံလောက် တက်ရ၏။

ထိုဘာဂျကေလိုဏ်ဂူမှ မြောက်ဘက် ၃-မိုင်လောက်တွင် ကရလကာခေါ်သော လိုဏ်ဂူလည်း ၁-ခုရှိ၏။ ဂူပေါ်သို့ ၁-မိုင်လောက် တက်ရ၏။ ဂူတွင်းရှိ စေတီ ၁-ဆူ, ကျောက်တိုင် ၄၁-တိုင်ရှိ၏။ ကျောက်တိုင်ထိပ်၌ ဆင်ရုပ် ၂-စီးစီ ပါရှိ၏။ မင်းရုပ်, မိဖုရားရုပ် များလည်း စီးလျက်ပါရှိ၏။ တိုင်တို့၏ လုံးပတ်မှာ ၅-တောင်, အမြင့် ၁၀-တောင်ခန့်စီ ရှိ၏။ လိုဏ်ဂူ၀၌ ကျောက်ရေကန်နှင့် ကျောက်စာတိုင် ရှိ၏။ ၎င်းကျောက်စာတိုင်၏အမြင့် ၂၅-တောင်၊ လုံးပတ် ၆-တောင်ခန့် ရှိ၏။ တိုင်ထိပ်၌ ခြသေ့ရုပ် ၄-ကောင် စီးလျက်ပါရှိ၏။

လိုဏ်ဂူ၀၏ တောင်ဘက်, မြောက်ဘက်၌ကား ဆင်ရုပ် ၃-စီးစီ ရှိနေ၏။ ဆင်ရုပ် တွင် မင်း, မိဖုရားရုပ် စီးလျက်ပါရှိ၏။ ကျောက်ရုပ်ဇာတ်စုံများ ပါရှိခြင်းကြောင့် အလွန်တင့် တယ်၏။ မြောက်ဘက်လိုဏ်ဂူမှာကား ၃-ထပ်တိုက်ပုံရှိ၍ အောက်ထပ်အလျား ခြေလှမ်း ၄၂-လှမ်း, အနံ ၁၄-လှမ်းရှိ၏။ ၎င်းအထပ် မြောက်ဘက်အရပ်၌ ကျောက်ရေကန်ရှိ၏။ အလယ်ထပ် ဧည့်ခံခန်း ခြေလှမ်း ၁၂-လမ်း ပတ်လည်ရှိ၏။ လိုဏ်ဂူပေါက် ၁၃-ပေါက် ရှိ၏။ အပေါ်ထပ်၌ ဧည့်ခံခန်း အလျား ခြေလှမ်း ၂၁-လှမ်း, အနံ ၁၇-လှမ်း ရှိ၏။ အတွင်း ကြမ်းပြင် အလျား ၁၆-လှမ်း, အနံ ၃-လှမ်းခန့် ရှိ၏။ အပြင်ကြမ်းပြင် အလျား ၁၄-လှမ်း, အနံ ၃-လှမ်းခွဲရှိ၏။ ပတ်လည်ဂူပေါက် ၁၄-ပေါက် ရှိ၏။ အလယ်ထပ်ကဲ့သို့ မြောက်ဘက်ဂူ ၏ ဧည့်ခံခန်း အလျားမှာ-၁၇, အနံမှာကား ခြေ ၈-လှမ်းစီရှိ ဂူ ၈-လုံးရှိ၏။ လိုဏ်ဂူကြီး၏ တောင်ဘက်ရှိ ဂူ၏ ဧည့်ခံခန်းမှာ အလျား-၂၀, အနံ ၂၀-ခြေလှမ်းရှိ၏။

၎င်းပြင် ဂူငယ်များတို့လည်း ရှိသေး၏။ အစိုးရဘက်က စောင့်ရှောက်သူတို့ နေရန် ကျောက်တိုက်လည်း ၄, ၅-ခုရှိ၏။ စျေးဆိုင်များ ရှိနေကြသည့်အတွက် ချမ်းချမ်းသာသာ အလိုရှိရာကို ရနိုင်၏။ အထက် ဘာဂျကေဂူမှာ ရဟန်းတော် ၁၀၀-ကျော်လောက် နေနိုင် ၏။ ထို့အတူ အောက်-ကရလကာဂူမှာလည်း သံဃာတော် ၂၀၀-ကျော်လောက် နေနိုင်လိမ့် မည်။ သူတော်ကောင်းတို့ မွေ့လျော်ဖွယ် အလွန်ကောင်း၏။ သိလိုသူတို့မှာ ဖြူစင်သော စေတနာနှင့် မပူမဆာဘဲ သွားရောက်နိုင်သည်။

----- × -----

[၁၆] ကရလကာလိုဏ်ဂူနှင့် ဘာဂျကေလိုဏ်ဂူ လမ်းခရီးအစီအစဉ်

ဘုရားဖူးသွားလိုသော သူတော်ကောင်းတို့သည် ဗုံဗိုင်၊ ဝိကတိုရိယာ (Bombay victoria)ဘူတာမှ လိုနာဝလာ(Lonavla) ဘူတာသို့ လိုက်သွားပြီးလျှင် ၎င်းမှ အရှေ့ဘက် ၅-မိုင်လောက်၌ရှိနေသော ဘာဂျကေခေါ်သော လိုဏ်ဂူသို့ သွားရောက်ကြည့်ရှုကြပြီးလျှင် ၎င်းလိုဏ်ဂူမှ မြောက်ဘက် ၃-မိုင်လောက်၌ တည်ရှိသော ကရလကာ အမည်ရှိသော လိုဏ်ဂူသို့ သွားကြရမည်။ မြင်းရထား ရနိုင်၏။ လူသွားလူလာ များ၏။ သို့သော် ဘုရားဖူးသွားတို့ အစဉ်မပြတ် တည်းခိုနေထိုင်ဖို့ရန် ဓမ္မသာလာ မရှိ။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
ဗုံဗိုင်မြို့	ဗုံဗိုင်
ဝိကတိုရိယဘူတာ	ဗိကတိုရိယာဆတေသျှန်
လိုနာဝလာမြို့ဘူတာ	လိုနာဝလာဆတေသျှန်
ဘာဂျကေလိုဏ်ဂူ	ဘာဂျကေဂုဖာ
ကရလကာလိုဏ်ဂူ	ကရလကာဂုဖာ

----- × -----

[၁၇] အပရန္တတိုင်းနှင့် သုနာပရန္တတိုင်းအကြောင်း

အပရန္တတိုင်းသို့ ယောနကဓမ္မရက္ခိတမထေရ် ကြွသွား၍ သာသနာတော်ပြုကြောင်းကို ပါရာဇိကဏ်အဋ္ဌကထာ(၁)၊ ဗာဟိရနိဒါန်း(၄၈)၌ လာရှိ၏။ မဟာဝင်ဝတ္ထု၌ သီဟိုဠ်ကျွန်းရှိ ဒုဋ္ဌဂါမဏိမင်းကြီး၏ စေတီတော်သို့ ဖူးမြော်ရန် လာရောက်ကြသော ရဟန်းတို့ကို ရေတွက်ရာ၌ ယောနကဓမ္မရက္ခိတမထေရ်သည် သံဃာတော် ၃၀,၀၀၀-နှင့် ကြွလာတော်မူကြောင်းကို တွေ့ရှိ၏။ သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ပဋိသမ္ဘိဒါဝိဘင်း၌လည်း ပုနဗ္ဗသု-ကုဋုမ္ဗိကပုတ္တတိဿမထေရ်သည် သီဟိုဠ်ကျွန်း၌ ဘုရားစကားတော်ကို သင်ယူပြီး၍ သမုဒ္ဒရာတဖက် အပရန္တတိုင်းသို့ ကြွသွား၍ ယောနကဓမ္မရက္ခိတမထေရ်ထံမှ မြတ်စွာ-ဘုရားစကားတော်ကို သင်ယူပြီးလျှင် ပြန်လှည့်လာခဲ့သော် သင်္ဘောထက်သို့ တက်ရာ ဆိပ်ကမ်း၌ တစ်ခုသောစာပုဒ်မှာ သံဃယမကင်းရှိနေခြင်းကြောင့် ယူဇနာ ၁၀၀-ခရီးသို့

ပြန်လာလျက် ဆရာဖြစ်ခဲ့သူ ယောနကဓမ္မရက္ခိတမထေရ်ထံသို့ သွားလေကြောင်းကို လာရှိပေ၏။ (အဘိ၊ဌ၊၂။၃၇၂၊၃၇၃)

အပရန္တတိုင်း၏ သုပ္ပါရကသင်္ဘောဆိပ်သည် သာဝတ္ထိပြည်မှ ယူဇနာ ၂၀၀-ဝေးကြောင်းကို ဓမ္မပဒအဋ္ဌကထာ၌ လာရှိ၏။ ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ပုဏ္ဏောဝါဒသုတ် အဖွင့်(၂၃၈)၌ကား "တိမတ္တာနိ (တီသမတ္တာနီ၊မူကွဲ) ယောဇနသတာနိ ပိဏ္ဍာစာရံ ကရိဿတိ" ဟူ၍ ယူဇနာ ၃၀၀-ဝေးကြောင်းကို လာရှိ၏။ ပုဏ္ဏမထေရ် ဖိတ်မံအပ်သည်ကို အကြောင်းပြု၍ သုပ္ပါရကသင်္ဘောဆိပ်သို့ မြတ်စွာဘုရား ကြွလာတော်မူ၏။ ထို့နောက် သာဝတ္ထိပြည်သို့ အပြန်ဝယ် ယောနကတိုင်း၊ နမ္မဒါမြစ်နား၌ နဂါးမင်းကို အကြောင်းပြု၍ ခြေတော်ရာ ၁-ဆူ ချတော်မူကြောင်းကို သာရတ္ထသင်္ဂဟကျမ်း၌ လာရှိ၏။

ပါရာဇိကဏ်အဋ္ဌကထာ(၁။၅၀)၌ ယောနကဓမ္မရက္ခိတမထေရ်သည် အပရန္တတိုင်း၌ အဂ္ဂိခန္ဓောပမာသုတ်ဖြင့် လူအပေါင်းတို့အား ကြည်ညိုစေ၏-ဟု ဆို၏။ ထိုအခါ လူ ၇၀,၀၀၀-တို့သည် တရားတော်ကို ကြားနာရ၍ ယောက်ျား-၁၀,၀၀၀၊ မိန်းမ ၆၀,၀၀၀-တို့သည် ရဟန်းပြုကြလေကုန်၏။

သုနာပရန္တသမာဂမေ စတုရာသီတိယာ ပါဏသဟဿာနံ ဓမ္မာဘိသမယော အဟောသိ။

မိလိန္ဒပဉ္ဍာကျမ်း၌ လာရှိ၏။

သုနာပရန္တတိုင်း၊ တရားဟောပွဲကြီး၌ ၈၄,၀၀၀-သော သတ္တဝါတို့အား အကျွတ်တရားတော်ကို ရကြလေ၏-ဟု သိအပ်၏။ ဤအရာ၌ သုနာပရန္တပင် ဆိုကြားသော်လည်း အပရန္တတိုင်း-ဟု မှတ်ရမည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတိုင်း ၂-ခုကို ဖွင့်ဆိုကြသောကျမ်းတို့တွင် ဥပရိပဏ္ဏာသပါဠိတော်၊ ပုဏ္ဏောဝါဒသုတ်၌ သုနာပရန္တ-သဒ္ဒါနှင့် ဟောတော်မူ၏။

၎င်းပြင် သုတ်မဟာဝါအဋ္ဌကထာ၊ မဟာနိဒါနသုတ်, သတိပဋ္ဌာနသုတ်အဖွင့်၌ အပရန္တ-သဒ္ဒါနှင့် လာရှိ၏။ ထို့ကြောင့် ၎င်းတိုင်း ၂-ခုသည် သဒ္ဒါပြားပြီးလျှင် အနက်တူ၏။ အဓိပ္ပါယ်မှာ အတူတူပင်-ဟု မှတ်ယူကြလေ။ ဤကား သိအပ်သိထိုက်သောအရာကို ပါဠိဘာသာဖြင့် ပိုင်းခြား၍ ပြရာပြကြောင်း စကားရပ်တည်း။

အပရန္တတိုင်း၏ ယခုရှိနေပုံ အခြေအနေကား ဗုံဗိုင်မြို့မြောက်ဘက် ထာနာစီရင်စု နှင့် ဆုရတ်စီရင်စုသည် အပရန္တတိုင်းပြည် ဖြစ်၏။ ထိုတိုင်းပြည်တွင် ယခုအခါ ဆိုပါရာခေါ်သော အရပ်သည်ပင်လျှင် ရှေးယခင်က သုပ္ပါရကသင်္ဘောဆိပ်ကမ်း၏ ကြီးကျယ်

ခမ်းနားခဲ့သော မင်းနေပြည်ကြီး ဖြစ်ဖူးကြောင်းကို မောက်ရယျဆာမြောဂျယဏ္ဍတိဟာဆ် ခေါ်သော ဟိန္ဒီဘာသာကျမ်းဂန်၌ လာရှိ၏။ သဏ္ဍဋ္ဌဘာသာ, ဟိန္ဒီဘာသာ မဟာဘာရတ ကျမ်းကြီး၌ ထိုဆိုပါရာအရပ်ကို သျှုရပါရကအမည်ဖြင့် တွေ့ရှိ၏။ အချို့ကျမ်းရေးဆရာများ က ဆိုပါရာ-ဟူသော အမည်ကို ကာလ,ဒေသအလိုက်အားဖြင့် ဆုပ္ပါရာ, ဆံပါရာ-ဟူသော အမည် ၂-ခုဖြင့် ဖော်ထုတ်၍ ရေးကြ၏။ ယင်းသို့ ရေးကြပြီးလျှင် ၎င်းအရပ်ကို ရှေးဟောင်း အပရန္တတိုင်းပြည်၏ မင်းနယ်ပြည်ဖြစ်ကြောင်းနှင့် ညွှန်းပြကြကုန်၏။

အစိုးရ ကျောက်စာဘက်ဆိုင်ရာကလည်း ထိုဆိုပါရာအရပ်မှ သီရိဝမ္မာသောက မင်းကြီး ရေးထားခဲ့သော စတုဒ္ဒသသိလာလေခတွင် ၈-ခုမြောက် ကျောက်စာအနည်းငယ် ရရှိလေပြီ။ မိစ္ဆာဒိဋ္ဌလူမျိုးတို့က ဖျက်ဆီးပစ်သောကြောင့် ရှေးဟောင်းသက်သေခံ ကျောက် ကမ္ပည်းစာတို့သည် မကြွင်းကျန်လောက်အောင် ပျက်စီးလျက် ရှိကုန်၏။ ကျောက်စာ၏ အဓိပ္ပါယ်ကို စတုဒ္ဒသသိလာလေခကျောက်စာပိုင်းတွင် ကြည့်ကြလေ။ ရှေးအခါက ၎င်း ဆိုပါရာနေရာ၌ သာသနာတော် ထွန်းလင်းခဲ့ပြားသော်လည်း ယခုအခါ သာဝတ္ထိ, မိဂဒါဝုန် မှာကဲ့သို့ အကြီးအကျယ် မရှိချေ။ ဤကား ကျမ်းဂန်အရဖြင့် ပညာရှိတို့၏ အဆုံးအဖြတ် စကားရပ်တည်း။

----- × -----

[၁၈] အပရန္တတိုင်းနှင့် သုနာပရန္တတိုင်း လမ်းခရီးအစီအစဉ်

အပရန္တတိုင်း၊ သုပ္ပါရကသင်္ဘောဆိပ်သို့သွားကြလျှင် ရှေးဦးစွာ ဗုံဗိုင်မြို့သို့ သွားကြ ပြီးလျှင် ၎င်းမြို့၏ ဗိုကတိုရိယာ(Bombay Victoria) ဘူတာမှ ထာနာခေါ်သော(Thana) မြို့သို့ သွားကြရမည်။ ၎င်းမြို့မှ တဖန် ဆိုပါရာသို့ သွားကြလေ။ သို့သော်လည်း မီးရထားမြေပုံကို သိနားလည်က အခြားသော နေရပ်မှလည်း သွားနိုင်သေး၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ဗုံဗိုင်မြို့တော်	ဗုံဗိုင်
ဗိုကတိုရိယာဘူတာ	ဗိုကတိုရိယာဆတေသျှန်
အပရန္တတိုင်း	ထာနဂျိလာ
သုပ္ပါရကဆိပ်ကမ်း	ဆိုပါရာ

----- × -----

[၁၉] မဟာရဋ္ဌတိုင်း၊ ပဠိရမဏ္ဍာပြည်အကြောင်း

မဟာဓမ္မရက္ခိတမထေရ်သည် မဟာရဋ္ဌတိုင်း၊ ပဠိရမဏ္ဍာပြည်သို့ ကြွသွားပြီးလျှင် သာသနာတော်ကို ကြီးပွါးစေတော်မူ၏။ ထို့ကြောင့် ပါရာဇိကဏ်အဋ္ဌကထာ၊ ဗာဟိရနိဒါန်း (၁။၅၀)၌–

မဟာရဋ္ဌं ဣသိ ဂန္ဓာ၊ သော မဟာဓမ္မရက္ခိတော။
ဇာတကံ ကထယိတ္ဝာန၊ ပသာဒေသိ မဟာဇနံ။ ။ – ဟူ၍ လာရှိ၏။

မဟာဓမ္မရက္ခိတော၊ မဟာဓမ္မရက္ခိတ အမည်ရှိသော။ သော ဣသိ၊ ထိုရဟန္တာ မထေရ်သည်။ မဟာရဋ္ဌं၊ မဟာရဋ္ဌတိုင်းသို့။ ဂန္ဓာ၊ ကြွတော်မူ၍။ ဇာတကံ၊ နာရဒဇာတ်တော်ကြီးကို။ ကထယိတ္ဝာန၊ ဟောတော်မူ၍။ မဟာဇနံ၊ လူများအပေါင်းကို။ ပသာဒေသိ၊ ကြည်ညိုစေတော်မူ၏။

အဓိပ္ပါယ်မှာ မဟာဓမ္မရက္ခိတမထေရ်သည် မဟာရဋ္ဌတိုင်းသို့ ကြွသွားတော်မူပြီးလျှင် ၈၄,၀၀၀-ကုန်သော လူအပေါင်းတို့အား နာရဒဇာတ်တော်ဖြင့် ဟောတော်မူလျက် မဂ်,ဖိုလ်၌ တည်စေ၏။ ထိုအခါ ၁၃,၀၀၀-ကုန်သော လူအပေါင်းတို့သည် ရဟန်းပြုလုပ်ကြကုန်၏။ ဤကား ပါဠိဘာသာဖြင့် သိအပ်သော စကားတည်း။ (ဝိ၊ဌ၊၁။၅၀)

တရုတ်ဘုန်းတော်ကြီး ဟူယင်ဆင်ကျမ်းနှင့်အညီ ဤမဟာရဋ္ဌတိုင်းသည် စတုရန်းလီပေါင်း ၅,၀၀၀-ခန့် ရှိ၏။ အင်္ဂလိပ်မိုင်အားဖြင့် ပိုင်းခြားလျှင် ၆-လီ = ၁-မိုင်-ဟု ဆိုသော စကားအရ ၈၃၃-မိုင်ကျော်ခန့် ရှိ၏။ ပဠိရမဏ္ဍာမြို့တော်ကား စတုရန်းလီပေါင်း ၃၀-ရှိ၏။ မိုင်အားဖြင့်ကား ၅-မိုင်ခန့် ရှိ၏။ မြို့တော်၏ အနောက်ဘက်၌ မြစ်ကြီး ၁-မြစ် စီးလျက်ရှိ၏။ တိုင်းပြည်အားလုံးမှာ ကျောင်းတိုက် ၁၀၀-လောက်တွင် ဟီနယာန, မဟာယာန သံယာတော်ပေါင်း ၅,၀၀၀-ခန့် ရှိ၏။ ၎င်းပြင် နတ်ကွန်းလည်း ၁၀၀-လောက် ရှိနေ၏။

သီရိဓမ္မာသောကမင်းကြီး စိမ်ပြုလုပ်ထားခဲ့သော ဘုရား ၄-ဆူတို့၏ သီတင်းသုံးတော်မူရာ မြို့တွင်း,မြို့ပြင်၌ စေတီတော် ၅-ဆူ ရှိ၏။ ထိုမှတပါးလည်း မရေမတွက်နိုင်အောင် အုတ်,ကျောက်တို့ဖြင့် ပြုလုပ်တည်ထားသော စေတီများတို့သည်လည်း ရှိကုန်၏။ မြို့၏ တောင်ဘက်အနီးရှိ ကျောင်းတိုက် ၁-ခုတွင် ဘုရားလောင်း၏ ထူးဆန်းသော ဆင်းတုတော်လည်း ၁-ပါးရှိ၏။

ကျောက်စာဝန်ဘက်ဆိုင်ရာက ရှာဖွေ၍ သတ်မှတ်ထားသော အခြေအနေကို ပြဦးအုံ့။ ယခုအခါ ဤမဟာရဋ္ဌတိုင်းသည် ဝန်ဝါသီတိုင်းမှ အနောက်မြောက်ကျလျက်

ရှိ၏။ နယ်နိမိတ်မှာ မြောက်ဘက်၌ မာလဝါနယ်၊ အရှေ့ဘက်၌ ကောသလနှင့် အန္ဓရပြည်၊ တောင်ဘက်၌ ဝနဝါသီ၊ အနောက်ဘက်၌ ပင်လယ်ကမ်းပါး၊ ဤမျှလောက် ကျယ်ဝန်း၏။ မဟာရဋ္ဌတိုင်း၏ ပဠိရမဏ္ဍာမြို့တော်သည် ဤအခါသမယမှာ အဆိုပါနယ်ရှိ ကိုက်လာသျှ(ကေလာသ)မြစ်၏ အရှေ့ဘက်၌ တည်ရှိသော ကလျာဏီခေါ် မြို့တော်ပင် ဖြစ်ပေ၏။

နရ်မဒါ(နမ္မဒါ)မြစ်ရှိ ယခုအခါ ဘရိုးကျ(Bhroch) တစ်နည်း ဘရုကစ္ဆ အမည်ရှိသော သင်္ဘောဆိပ်မှ တောင်ဘက်မိုင်ပေါင်း ၁၈၀-ကျော်ခန့် ဝေး၏။ အန္ဓဂုန္ဒီမြို့မှ အနောက်မြောက်ထောင့် မိုင်ပေါင်း ၄၀၀-ဝေး၏။ ထိုနေရာသည် မဟာရဋ္ဌတိုင်းကို စိုးစံခဲ့သော ကျာလုကျ(စာလုကယ)မင်း၏ ထီးနန်းရာလည်း ဖြစ်ခဲ့ဖူး၏။ ၎င်းမဟာရဋ္ဌတိုင်းအတွင်း၌ ကဏ္ဏဟေရီလိုဏ်ခေါင်းကြီးသည် ယခုထက်တိုင်အောင် ရှိနေ၏။ ဤကား ကျောက်စာမင်းကြီး ကနိန်ဂဟမ်၏ အဆုံးအဖြတ်တည်း။

မာရတိန်ခေါ်သော ပညာရှိအင်္ဂလိပ်က ဒေဝဂိရိ သို့မဟုတ် ဒေါက်လတာဗာဒ်မြို့ကို ပြဆို၏။ သို့သော် ၎င်းမြို့သည် မြစ်၏ကမ်းပါး မကျ၊ မိဆတာဖရဂုဆန်က ပိုက်တန်အစရှိသော နေရပ်ကို သတ်မှတ်၍ ပြ၏။ သို့သော်လည်း ကုံကဏပုရ်မြို့မှ အနောက်မြောက် မိုင်ပေါင်း ၄၀၀-ဝေးသင့်ပါလျက် ၎င်းနေရာသည် ထိုမျှလောက် မဝေး။ ၎င်းပြင် ဟူယိုင်ဆင်ဂ်ကျမ်း၌ တိုင်းပြည်၏ အရှေ့ဘက်နယ်နိမိတ်၌ တောင်ကို ပြုလုပ်ထားသော ကျောက်လိုဏ်ဂူ ၁-ခု တွေ့ရှိ၏-ဟု ဆိုသောစကားကို မိဆတာဖရဂုဆန်နှင့် ဝရဂဆ်ပညာရှိတို့က အဂျန္တာလိုဏ်ဂူကိုသာ ညွှန်းပြ၏။ ကနိန်ဂဟမ်ကျောက်စာမင်းကြီးက အထက်ဖော်ပြခဲ့သည့်အတိုင်း ကဏ္ဏဟေရီလိုဏ်ခေါင်းကို ညွှန်းပြ၏။ ဤနေရာ၌ ကျောက်စာမင်းကြီး သတ်မှတ်အပ်သော နေရာသည် ယုတ္တိ သာ၍ရှိ၏။ ဤကား ပညာရှိတို့၏ စကားအရကို ပြရာပြကြောင်း စကားရပ်တည်း။

----- x -----

[၂၀] ပဠိရမဏ္ဍာပြည် လမ်းခရီးအစီအစဉ်

မဟာရဋ္ဌတိုင်း၊ ပဠိရမဏ္ဍာ အမည်ရှိသော မြို့သို့ သွားရောက်လိုလျှင် ဗုံဗိုင်မြို့၊ ဗိကတိုရိယာ(Bombay Victoria)ဘူတာမှ ကလျာဏီ(Kalyan)မြို့သို့ လိုက်ကြရမည်။ ၎င်းကလျာဏီမြို့သည်ပင်လျှင် မဟာရဋ္ဌတိုင်းပြည်၏ ရှေးပဠိရမဏ္ဍာမြို့ ဖြစ်၏။ မဟာရဋ္ဌတိုင်းကို ယခုအခါ ဟိန္ဒီ, သင်္ဂလိဘာသာ၌ မဟာရာရှတြ, မရဟင်္ဂ-ဟူ၍ ခေါ်ဆိုကြ၏။ မီးရထားမြေပုံကို သိနားလည်လျှင် ဘယ်နေရာကမဆို သွားရောက်နိုင်၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ဗုံပိုင်မြို့	ဗုံပိုင်
ဗိကတိုရိယာဘူတာ	ဗိကတိုရိယာဆတေသျှန်
မဟာရဋ္ဌတိုင်း	မဟာရာရှဋ္ဌရ်
ပဋ္ဌိရမဏ္ဍာမြို့	ကလျာဏီ, ကလျာဏ်

----- × -----

[၂၁] ကာရလာလိုဏ်ဂူအကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဗုံပိုင်မြို့၊ ဗိုရိဗန္ဓ၏ဘူတာမှ ထွက်သွားလေရာ မလဝသီဘူတာသို့ ဆိုက်ရောက်လေ၏။ ၎င်းဘူတာမှ ၄-မိုင်လောက် သွားလိုက်လျှင် ကာရလာခေါ်သော လိုဏ်ဂူသို့ ရောက်ပြန်လေ၏။ ဤလိုဏ်ဂူအတွင်း၌ မျှားသောအားဖြင့် ရုပ်ပွါးဆင်းတုတော်သည် ဗုဒ္ဓမြတ်စွာ၏ရုပ်ပွါးတော် မဟုတ်ချေ။ မဟာဒေဝ, ဗိဿနိုးဆင်းတုမျှသာ မျှားကုန်၏။ သို့သော် အချို့သော ဂူတွင်းမှာ ငါတို့ဘုရားရုပ်ပွါးတော်လည်း ၁-ဆူ, ၂-ဆူ ရှိသေး၏။ ထောက်ဆဆင်ခြင်လိုက်သော် ရှေးယခင်က ရှင်တော်ဘုရား၏ သာသနာတော်တည်ရာနှင့် တူ၏။ ဗုဒ္ဓဘာသာသာသနာကို ပယ်ခွါဖျက်ဆီးလျက် ဟိန္ဒူများသည် မိမိတို့ဘာသာတရား စည်ကားစေရန် ပြုလုပ်ထားဟန်နှင့် တူ၏။

တစ်ခါတစ်ခေါက် သွားရောက်ကြည့်ရှုအပ်၏။ အကုန်ဆိုလိုက်က ကျမ်းလုံလောက်မည်မထင်၊ သူတော်စင်တို့ ဟော်ရှင်စရာ ဓမ္မသာလာနှင့် စမ်းရေများလည်း ထင်ရှားရှိပေ၏။ လူငယ်,လူကြီးတို့ အသီးသီး သွားလာခြင်းကြောင့် ခရီးစဉ်ကို အထူးဖော်ပြရန် မလိုပြီ။ ကလကတ္တား, ဗုံပိုင်မြို့-စသည်တို့မှ သွားရောက်နိုင်၏။ မလဝလီ(Malavli)ဘူတာသည် ပူနာမြို့သို့ သွားရာလမ်းကျ၏။

----- × -----

[၂၂] ဒေါက်လတာဗာဒ်မြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ကာရလာလိုဏ်ဂူမှ မီးရထားနှင့် လိုက်သွားလေရာ မဟာရဋ္ဌတိုင်း၏ နေပြည်တော်ဖြစ်သော ကလျာဏ်မြို့သို့ ရောက်၍ ၎င်းမြို့မှ ရထားပြောင်းပြီးလျှင် မန္ဒမာဌ်မြို့သို့ သွားရပြန်၏။ ၎င်းမြို့မှ တဖန် ရထားပြောင်းပြီးလျှင် မီးရထားလမ်း

ငယ်မှ ထွက်သွားလေရာ ဒေါက်လတာဗာဒ်မြို့, ဘူတာသို့ ဆိုက်ရောက်လေ၏။ ဘူတာရုံမှ ၂-မိုင်သွားလိုက်လျှင် **မန္ဒပုရိဆွာမိကာမဌ္ဌခေါ်**သော ဓမ္မသာလာသို့ ရောက်ပြန်လေ၏။

ဂင်းဌ် တည်းခိုနေထိုင်ပြီးလျှင် ကြည့်ရှုရာဝယ် ဒေါက်လတာဗာဒ်မြို့ဌ် ရှေးအခါက ရာမမင်း နေခဲ့ဖူးသော အဆောက်အဦးကြီး ၁-ခု တွေ့ရှိ၏။ ခံတပ်ဟောင်းကြီး ၁-ခုမှာ ကား အခြားအခြားသော မြို့,ရွာရှိ ခံတပ်နှင့်မတူ။ ထူးဆန်းပုံကား ကျောက်ဖြင့်ပြီးသော တောင်ကြီး ၁-လုံးကို အရပ် ၄-မျက်နှာ တံတိုင်းနှင့်တကွ ပြအိုး, မုခ်, ပြာသာဒ်-စသည်တို့ဖြင့် စီရင်ပြီးလျှင် တောင်ထိပ်သို့ ရောက်အောင် ဥမင်လိုဏ်ခေါင်း, စောင်းတန်း, လှေကား, မုခ်ဝ၊ အထပ်ထပ်သော ကျုံးမြောင်း, လုပ်တိုင်းတွင်း၊ လက်နက်, အမြောက်တပ်, စစ်သားတို့ နေရာ၊ မင်း, မိဖုရားတို့နေရာ-စသည်တို့ဖြင့် ဆိုင်ရာဆိုင်ရာ နေရာဌာနရှိနေခြင်းကြောင့် အလွန်ကြီးကျယ်၏။

အမြောက်လက်နက်တို့သည်ကား အငယ်ဆုံး ၃-တောင်, အကြီးဆုံး ၁၅-တောင် ခန့် ပမာဏစီ ရှိ၏။ ထိုတောင်ထိပ်ပေါ်၌ ဂျနာရယ်ဆွာမိ, ဒတ္တမဟာရာဂျ် အမည်ရှိသော ခြေရာ ၂-ခုသည် တောင်ထိပ်၏ ဥမင်လိုဏ်ခေါင်းကြီး၌ တည်လျက်ရှိ၏။ လိုဏ်ခေါင်းထဲတွင် စမ်းရေတို့ဖြင့် ပြည့်နေ၏။ ဟိန္ဒူလူမျိုးတို့သည် ထိုခြေရာကို အထူးသဖြင့် လာရောက်ဖူးမြော်ကြ၏။ ဂင်းပြင် တောင်အောက်၌လည်း မျှော်စင်ကြီး ၁-ခုရှိ၏။ ဒေါက်လတာဗာဒ်မြို့ပင် ဆိုငြားသော်လည်း ရှေးအမည်ဟောင်းမျှသာ ဖြစ်၏။ ယခုအခါ အောက်ရင်ဗာဒ်မြို့၏ စီရင်စုတွင် ပါဝင်လျက်ရှိ၏။ အလုံးစုံကို အောက်ရင်ဗာဒ်မြို့ မူဆလမာန်စော်ဘွားပိုင်ဆိုင်၏။ ခရီးစဉ်ကို ဆိုလတ္တံ့သော ဧလိုရာလိုဏ်ဂူမှ ဖော်ပြပေအုံ့။

----- × -----

[၂၃] ဧလိုရာလိုဏ်ဂူအကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဒေါက်လတာဗာဒ်မြို့မှ ၈-မိုင်လောက် သွားလိုက်လျှင် ဧလိုရာခေါ်သော လိုဏ်ဂူသို့ ရောက်လေ၏။ ၎င်းဂူ၏ အခြင်းအရာကား အလျား, အနံ ကျယ်ဝန်းသော ကျောက်တောင်ကို ထွင်းဖောက်ပြီးလျှင် ဘုရား, ရဟန္တာတို့ နေလောက်အောင် ဂူပုထိုးပြုလုပ်ထားသောကြောင့် ကမ္ဘာပေါ်တွင် အတုမရှိ ဆန်းကြယ်၏။ ၂-ထပ်တိုက်, ၃-ထပ်တိုက် ပုံသဏ္ဌာန်ကဲ့သို့ အဆင့်အဆင့် ပြုလုပ်လျက်ရှိ၏။ တောင်၏အလယ်ပိုင်း ၁-မိုင်ခန့်လောက်မှာ ဂူပေါက် ၃၀-လောက် ရှိ၏။ ထိုထိုအပေါက်တို့၌လည်း ဘုရား ရုပ်တု, ဆင်းတုတော်တို့သည် ရာဇဝင်, ဇာတ်နိပါတ်နှင့်တကွ ရှိကုန်၏။

ထိုဂူပေါက် ၃၀-လောက်တွင်လည်း မူလဂူပေါက်ကား ၁၉-ပေါက်ရှိ၏။ ဤအလုံးစုံသော အဆောက်အဦးတို့သည် ရှေးရှေးက ဗုဒ္ဓဘာသာ သာသနာတော်၏ အဆောက်အဦးဖြစ်ငြားသော်လည်း ယခုအခါမှာ လက်ဝဲဘက် ထက်ဝက်မှာမူ ဟိန္ဒူလူမျိုးတို့၏ ဆည်းကပ်ကိုးကွယ်ရာ မဟာဒေဝ, ပရ်ဗတီ, ကာလီ, ဗိဿနိုး အမျိုးမျိုးဖြစ်သွားလေပြီ။ ရှေးရှေးက ပြုလုပ်ထားခဲ့သော ရုပ်လုံး, ရုပ်ပြား, ဇာတ်ဝတ္ထုများတို့သည် အလွန်ဆန်းကြယ်၏။

လက်ယာဘက် ထက်ဝက်၌ကား ၄-သခြေ်နှင့် ကမ္ဘာ ၁-သိန်း တွက်ကိန်းများလှ ဖြည့်ကျင့်ရသော ပါရမီတော်ကြောင့် သဗ္ဗညုတဉာဏ်ကို ရတော်မူသော ဘုရားရှင်၏ ရုပ်ပွါးဆင်းတုတော်သည် တင့်တယ်စမွာယ်လျက် ရှိ၏။ ကိုယ်စားတော်၏ ဉာဏ်တော်ကား အင်ယန်ဆုံး ၂-တောင်, အကြီးဆုံးမှာ ၈-တောင်ခန့်လောက်စီ ရှိ၏။ ရုပ်မျိုးစုံတို့ဖြင့် ဆင်ယင်အပ်သောကြောင့် ကမ္ဘာပေါ်တွင် အလွန်တင့်တယ်၏။ ၎င်းပြင် လိုဏ်ဂူ၏ရှေ့၌ ကျောက်ခွက်,ကျောက်အိုင်ရေများနှင့်လည်း ပြည့်စုံ၏။ ထိုဂူအားလုံးကို ရာရှတြီးကူးင့်အနွယ်ဝင် မင်းများတို့သည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း-၆၀၀၊ ၇၀၀-လောက်က ပြုလုပ်စီမံထားခဲ့၏-ဟု ပညာရှိတို့ ပြောဆိုကြ၏။

----- x -----

[၂၄] ဧလိုရာလိုဏ်ဂူ လမ်းခရီးအစီအစဉ်

သွားရောက်ရန် လမ်းခရီးကား ဗုံဗိုင်လမ်း၊ မန်နမာဒ်(Manmad)ဘူတာသို့ ရှေ့ဦးစွာ သွားကြပြီးလျှင် ၎င်းဘူတာမှ မီးရထားလမ်းငယ်သို့ ပြောင်း၍ တဖန် ဒေါက်လတာဗာဒ်(Daulatabad)ဘူတာသို့ လိုက်ကြလေ။ ၎င်းမှ ဧလိုရာ(Elora)ခေါ်သော တောင်သို့ သွားနိုင်၏။ မြင်းရထား, မော်တော်ကား ရနိုင်၏။ ဘူတာမှ ၁၀-မိုင် ဝေး၏။ အောက်ရင်ဗာဒ်မြို့၏ စီရင်စုဌ် ဧလိုရာ-ဟူသော အမည်ဖြင့် အလွန်ထင်ရှား၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
မန်နမာရ်ဘူတာ	မန်နမာရ်ဆတေသျှန်
ဓမ္မသာလာဇရပ်	မာန်ပုရီဆွာမီကာမင့်
ဒေါက်လတာဗာဒ်ဘူတာ	ဒေါက်လတာဗာဒ်ဆတေသျှန်
ဧလိုရာလိုဏ်ဂူကျောင်း	ဧလိုရာဂုဖာ

----- x -----

[၂၅] အဂျန္တာလိုဏ်ဂူအကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဧလိုရာ, ဒေါက်လတာဗာဒ်မြို့မှ တဖန် လိုက်ပါသွားလေရာ မန်နမာရ်ဘူတာသို့ ပြန်၍ ရောက်လေ၏။ ၎င်းဘူတာမှ တဖန်လိုက်သွားလေရာ ပကျိုရာမြို့သို့ ရောက်၍ တစ်ညဉ့်ပတ်လုံးနေပြီးမှ နံနက်စောစောအချိန်ကို ထွက်သွားလေရာ ပဟူရ်ခေါ်သော ဘူတာသို့ ၉-နာရီခွဲ အချိန်ကောင်းကို ရောက်၍ **မရဝါရီကုန်သည်ကြီး** အိမ်၌ ဆွမ်းစားပြီးလျှင် ခြေကျင်ခရီးဖြင့် သွားလေရာ ဖရဒါပုရ်ရွာသို့ ညနေလောက်ကို ဆိုက်ရောက်လေ၏။ ၎င်းရွာ၌ ဝါ-သူဌေးကြီး၏ အချိုးအမြောက်ကို ခံယူလျက် တစ်ညဉ့်လုံးလုံးနေပြီးမှ နံနက် ၆-နာရီအချိန်ကို ထသွားလေသော် အဂျန္တာ အမည်ရှိသော လိုဏ်ဂူကျောင်းသို့ ၇-နာရီအချိန်လောက်ကို ဆိုက်ရောက်လေ၏။

ထိုလိုဏ်ဂူ၏အခြင်းအရာကား ငါတို့ သုံးလူထွင့်ထား ဘုရားသခင်၏ ရုပ်ပွါးတော် ဌာပနာရာ လိုဏ်ဂူတော်ကြီး ၁-ခုဖြစ်ပေ၏။ အရပ် ၄-မျက်နှာမှ ခြံရံအပ်သော တောင်ကြီး ၁-ခုကို အလယ်ထက်ဝက်လောက်က လိုဏ်ဂူကျောင်း ၂၇-ပေါက် ထွင်းဖောက်လျက် အချက်ကျ ပြုလုပ်စီမံထားကြသည်မှာ ကမ္ဘာပေါ်တွင် ရာဇဝင်တင်လောက်အောင် ထူးဆန်းပေ၏။ ၂-ထပ်တိုက်, ၃-ထပ်တိုက် ပုံကဲ့သို့ ၁-ပေါက် ၁-ပေါက်၌ မင်းပရိသတ်, ရဟန်းပရိသတ်, တရားနာပရိသတ်တို့၏ စည်းဝေးရာ ဧည့်ခံခန်းနှင့်တကွ မြတ်စွာဘုရား ရုပ်ပွါးတော်သည် တင့်တယ်စမွယ်နေတော်မူ၏။

ဂူပေါက်တိုင်း, ဂူပေါက်တိုင်းမှာ ဘုရားသခင်သည် လူ,ရှင်အများတို့အား တရားဟောပုံ၊ ရဟန်း,သံဃာတော်များတို့၏ ကိန်းဝပ်ရာတိုက်ခန်း၊ လိုဏ်ဂူ၏ အထက်,အောက်၌ ဇာတ်နိပါတ်, ရာဇဝင်, အတ္ထုပ္ပတ္တိ ပန်းချီရေး, ရုပ်လုံး,ရုပ်ပြား, ဆေးသားမင်တို့ဖြင့် တင့်တယ်လျောက်ပတ်စွာ ရှိကုန်၏။ ရုပ်တုတော်တို့၏ အကြီး,အငယ်ပမာဏမှာ ၄-တောင်မှ ၁၀-တောင်တိုင်အောင် ရှိ၏။ ရုပ်တုတော်၏ ရှေ့မျက်မှောက် အချို့အချို့သော ဂူ၏လိုဏ်ဝ၌ ကျောက်ရေတွင်း, ကျောက်အိုင်, ကျောက်ခွက်တို့နှင့်တကွ စမ်းရေများ ပြည့်လျက်ရှိ၏။ တောင်အောက်၌ ဧရာဝတီမြစ်ကဲ့သို့ ဖြူစင်သောရေ စီး၍ မြစ်ကြီးလည်း ၁-ခုရှိ၏။

အထူးအားဖြင့် အဆုံးဂူတွင်း၌ ကုသိနာရုံ မလ္လာမင်းတို့၏ဥယျာဉ်တွင် ဘုရားသခင်ပရိနိဗ္ဗာန်ဝင်စံဟန်အတူ မဟာပရိနိဗ္ဗာန်လိုဏ်ဂူလည်း ၁-ခုရှိ၏။ ဖူးမြင်ရသူတို့မှာ ကြည်ဖြူသော စေတနာကြောင့် ကြံယူတွေးဆလျက် မျက်ရေစက် ကျကြရကုန်၏။ အကျယ်ကို သိလိုလျှင် ကြည်ဖြူစွာ သွားရောက်ဖူးမြော်ကြပါကုန်။ နံပါတ် ၁၆, ၁၇, ၂၅, ၂၆-လိုဏ်ဂူ

ပေါက်၏ နံရံအောက်တို့မှာလည်း ကျောက်ကမ္ဘည်းစာ ရေးထိုးရှိ၏။ ပညာရှိတို့က အဆိုပါ လိုဏ်ဂူကို ဂုပ္တအနွယ်ဝင် မင်းများတို့သည် ခရစ်မပေါ်မီ နှစ်ပေါင်း ၄၅၀, ၅၅၀-လောက် ကပင် ပြုလုပ်ထားခဲ့ကြကုန်၏-ဟု ပြောဆိုကြ၏။

----- × -----

[၂၆] အဂျန္တာလိုဏ်ဂူ လမ်းခရီးအစီအစဉ်

အဂျန္တာလိုဏ်ဂူသို့ သွားလိုကြလျှင် ဗုံဗိုင်လမ်း၊ ပကျိုရာ(Pachora)ဘူတာသို့ ရှေ့ဦးစွာရောက်အောင် သွားပြီးလျှင် ၎င်းဘူတာမှ ပဟူရ်(Pahur)ဘူတာသို့ သွားကြရမည်။ ၎င်းဘူတာမှ အဂျန္တာသည် ၁၃-မိုင် ဝေး၏။ မော်တော်ကား, မြင်းရထားကလေး ရနိုင်၏။ အဂျန္တာတောင်သို့ မရောက်မီ ဖရဒါပုရ်ရွာ၌ ဒက်ဗင်္ဂလားရှိ၏။ အဖိုးအခနှင့် တည်းခိုနိုင်၏။

၎င်းအဂျန္တာကို ယခုအခါ ထိုအရပ်သားတို့သည် **ကေဝဆ်**-ဟူ၍လည်းကောင်း, **လေနာ**-ဟူ၍လည်းကောင်း, **ဧရုလာ**-ဟူ၍လည်းကောင်း ခေါ်ဆိုကြကုန်၏။ အောက်ရင်-ဗာဒ်မြို့၏ စီရင်စုဌ ရှိ၏။ အောက်ရင်ဗာဒ်မြို့မှ ၃၄-မိုင်, ပကျိုရာမြို့မှ ၂၅-မိုင်, ဒေါက်လ-တာဗာဒ်မြို့မှ ၃၄-မိုင် ဝေး၏။ အခါခပ်သိမ်း လူများတို့ သွားလာကြကုန်၏။ တစ်နည်း အဂျန္တာ(Ajjanta)တောင်သို့ သွားရန်လမ်းကား ဂျာလဂ်ဝ်(Jalgoon) ခေါ်သော ဘူတာမှ မော်တော်ကား ရနိုင်၏။ မီးရထားမြေပုံကို သိနားလည်သူတို့မှာ လွယ်ကူ၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ပကျိုရာဘူတာ	ပကျိုရာဆတေသျှန်
ပဟူရ်ဘူတာ	ပဟူရ်ဆတေသျှန်
ဖရဒါပုရ်ရွာ	ဖရဒါပုရ်ဂ်ဝ်
တဲနန်းဇရပ်	ဌာက်ဗံဂလာ
အဂျန္တာလိုဏ်ဂူ	အဂျန္တာဂုဖာ

----- × -----

[၂၇] အဝန္တိတိုင်း၊ မဟေသယပြည်, ဥဇ္ဇေနီပြည်အကြောင်း

ဦးကိတ္တိရဟန်းတော်သည် အဂျန္တာ, ပဟူရ်ဘုတာမှ တဖန်သွားပြန်လေရာ ပကျိုရာဘုတာသို့ ရောက်၍ ရထားလမ်းပြောင်းပြီးလျှင် လိုက်သွားလေရာ ဆံကျီ(ဝေဒိသကတောင်)သို့ ကောင်းမွန်စွာ ရောက်ပြန်လေ၏။

အဝန္တိတိုင်း၊ မဟေသယပြည်၏ ရှေးအကြောင်းကား "**အသောကကုမာရော အဝန္တိရဋ္ဌံ ဘုဉ္ဇတိ**"စသည်ဖြင့် ဖွင့်ပြအပ်သော သာရတ္ထဒီကာ(၁။၁၂၈) လာရှိသည်နှင့်အညီ အသောကမင်းသားသည် အဝန္တိတိုင်းကို ရ၏။ ခမည်းတော် ဗိန္ဒုသာရမင်းသည် မိမိပိုင်ရှိသော အဝန္တိတိုင်းသို့ စေခိုင်းအပ်သည်ဖြစ်သောကြောင့် ပါဋလိပုတ်ပြည်မှ ယူဇနာ ၅၀-ထက်၌ ဝိဒိုဗျာဘဘေးရန်ကြောင့် ရောက်လာကြသော သာကီဝင်မင်းမျိုးတို့၏နေရာ ဝေဒိသကမြို့၌ ဝေဒိသ-အမည်ရှိသော သူဌေးသမီးကို ယူဆောင်၍ ဥဇ္ဇေနီပြည်၌ မင်းပြုလေကြောင်းကို သိအပ်၏။

မဟာဝင်ကျမ်း၌ ပါဋလိပုတ်ပြည်နှင့် ဥဇ္ဇေနီပြည်သည် ယူဇနာ ၁၀၀-ဝေး၏။ ခရီးအကြား၌ရှိသော ဝေဒိသကမြို့သို့ ယူဇနာ ၅၀-ဝေးကွာကြောင်းနှင့် ပါရှိ၏။ သို့သော် မည်သည့်နေရာမှ ယူဇနာ ၅၀-ရှိ၏ဟု မဆို။ အဝန္တိတိုင်း၊ မဟေသယပြည်၌ မိဖုရားရတနာ ထွန်းကားကြောင်းကိုလည်း ဇမ္ဗူဒီပဣန္ဒိယနယ်ပုံကျမ်း၌ လာရှိ၏။

ဥဇ္ဇေနီပြည်၌ အဝန္တိမင်း၊ မင်းပြုသောအခါဝယ် ငါတို့ ဘုရားအလောင်းတော်သည် ဒွန်းစဏ္ဍားအမျိုး၌ စိတ္တလုလင် ဖြစ်ဖူး၏။ အာနန္ဒာအလောင်းသည် **သမ္ဘူတ**လုလင် ဖြစ်ဖူး၏။ ဤသို့လျှင် ဝိသတိနိပါတ်၊ စိတ္တသမ္ဘူတဇာတ်(၄၊၄။၄၀၁)၌ ဟောတော်မူ၏။ ငါတို့ ဂေါတမ ဘုရားသခင်လက်ထက်တော်၌ကား စန္ဒပဇ္ဇောတမင်းသည် မင်းပြုလေကြောင်းကို ဝိနည်း-မဟာဝါပါဠိတော်၌ ဟောတော်မူ၏။ ဤကား ပါဠိဘာသာဖြင့် သိအပ်, သိထိုက်သော စကားရပ်တည်း။

အထက်ပါ စကားရပ်နှင့်အညီ ယခုရှိနေပုံ **အခြေအနေ**ကို နယ်နိမိတ်နှင့်တကွ သတ်မှတ်၍ ပြဦးအံ့။ အဝန္တိတိုင်း၏ အပိုင်းအခြားကား---

အနောက်ကို မာလဝါနယ်ရှိ ကျန်ဗလ်ခေါ်သော မြစ်တိုင်အောင် ရှိ၏။

မြောက်ဘက်ကို မထုရာ(သုရသေန)တိုင်း အနီးအပါးတိုင်အောင် ရှိ၏။

အရှေ့ဘက်ကို မဟေသွရ်ပုရ် အမည်ရှိသော မြို့တိုင်အောင် ရှိနေ၏။

တောင်ဘက်၌ကား နရ်မဒါ(နမ္မဒါ)မြစ်နှင့် တမ္ပတီမြစ် ၂-ခုတို့၏အကြား ဖြတ်သန်း သွားနေသော ဆတပုရာခေါ်သော တောင်တန်းထိ ရှိ၏။

စတုရန်းမိုင်ပေါင်း ၉၀၀-ရှိ၏။ ဟူယိုင်ဆင်ဘုန်းကြီး ရောက်စဉ်အခါက မိုင်ပေါင်း ၁,၀၀၀-ခန့် ကျယ်ဝန်း၏။ ကျောင်းတိုက်ပေါင်း ၅၀-လောက်တို့သည်လည်း ပျက်စီးယိုယွင်းလျက် ရှိကုန်၏။ ဟီနယာန, မဟာယာန သံယာတော် ၃၀၀-လောက် ရှိ၏။ ဤသို့ စသည်ဖြင့် ၎င်းဟူယိုင်ဆင်မှတ်တမ်း၌ ပါရှိ၏။

အဝန္တီတိုင်း၊ မဟေသယပြည်သည် ယခုအခါ မဟေဿ္ဌရ်ပုရ်, ဂွါလိယရ် ခေါ်သော မြို့ပင် ဖြစ်၏။ ထိုပြည်၏ စတုရန်းမိုင်ကား ၅၀၀-ခန့် ရှိ၏။ မင်းနေပြည်မှာ ၅-မိုင်လောက်သာ ရှိကြောင်းကို ဟူယိုင်ဆင်ကျမ်း၌ ပါရှိ၏။ ယခုအခါ ဥဇျိုင်းနခေါ်သော မြို့သည် ရှေးအခါက ဥဇ္ဇေနီမြို့ပင် ဖြစ်၏။ ၎င်းမြို့သည် ပတ်လည် ၅-မိုင်ကျော်ခန့် ရှိ၏။ ဆိပြာခေါ်သော မြစ်၏ကမ်းပါးတွင် တည်ရှိ၏။ ဥဇ္ဇေနီမှ အရှေ့မြောက်ထောင့်၌ ဝေဒိသက(ဆံကျီ)တောင် ရှိ၏။ ၎င်းတောင်မှ အရှေ့မြောက် ၅-မိုင်လောက်တွင် ဗိလဆာ(Bhilsa)ခေါ်သော ဝေဒိသကမြို့ ရှိ၏။ ဤကား ကျောက်စာမင်းကြီး, ဟူယိုင်ဆင်ကျမ်းအရ ပြအပ်သော စကားရပ်တည်း။

----- × -----

[၂၈] ဝေဒိသကတောင်အကြောင်း

သီရိဓမ္မာသောကမင်းကြီး၏သားတော် အရှင်မဟိန္ဒမထေရ်ကို သံယာတော်နှင့်တကွ ဥပဇ္ဈယ်ဆရာ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်တို့သည် "သီဟိုဠ်ကျွန်းသို့ သွား၍ သာသနာတော်ပြုရမည်"ဟု တိုက်တွန်းကြသောအခါဝယ် ထိုမထေရ်ရှင်သည် ဤသို့ ဆင်ခြင်တော်မူ၏။

"သီဟိုဠ်ကျွန်း၌ မုဋ္ဌသီဝမင်းသည် ကြီးရင့်ခြင်းသို့ ရောက်လေပြီ။ သားတော် ဒေဝါနံပိယတိဿသည် မင်းအဖြစ်သို့ ရောက်ပါစေလော့။ ငါ၏ ခမည်းတော်လည်း ထိုမင်း အဘိသိက်ခံခြင်းငှာ လောကီ,လောကုတ္တရာ ပဏ္ဏာကာရကိုလည်း ဆက်သပါစေ။ ထိုအခါမှ စ၍ ငါ-ကြွတော့အံ့။ ဤအကြားဝယ် မယ်တော်နှင့်တကွ ဆွေတော်မျိုးတော်တို့အား ခြီးမြှောက်အံ့"ဟု ကြံစည်ပြီးလျှင် ထိုအရှင်မြတ်တို့အား ရှိခိုး၍ ခမည်းတော်အား အကြောင်းကြားလျက် အဖော် ၄-ပါးနှင့်တကွ သယ်မိတ္တာ၏သားဖြစ်သူ တူတော် သုမနသာမဏေကို ယူဆောင်၍ ဒက္ခိဏာဂိရိသို့ ကြွတော်မူလေ၏။

၆-လတိုင်တိုင် ဒေသစာအစဉ်ဖြင့် ကြွတော်မူပြီးလျှင် မယ်တော်၏နေရာ ဝေဒိ-သကဂိရိသို့ ရောက်တော်မူလေ၏။ မယ်တော်သည်လည်း ချစ်လှစွာသော သားတော်ကို မြင်လတ်သော် ရှင်ပျော်သောစိတ်ဖြင့် သံယာတော်တို့အား ဆွမ်းအလုပ်အကျွေးကို ပြုပြီးလျှင် ယခင်က ဆောက်လုပ်ထားသော ဝေဒိသဂိရိကျောင်းကို လှူဒါန်းတော်မူလိုက်ပေ၏။ ထိုအရှင်မဟိန္ဒမထေရ်လည်း သီတင်းသုံးနေပြီး၍ ၁-လစေ့မြောက် နယုန်လပြည့်သို့ ရောက်သောအခါ သိကြားမင်း၏ တောင်းပန်သောစကားကို အကြောင်းပြု၍ ဣဒ္ဓိယ, ဥတ္တိယ, သမ္ဘလ, ဘဒ္ဒသာလ, သုမနသာမဏေ, ဘဏ္ဍုကဥပါသကာတို့နှင့်တကွ ဝေဒိသဂိရိကျောင်းတော်မှ နယုန်လပြည့်နေ့ဝယ် ကောင်းကင်သို့ ပျံတက်သဖြင့် ရွှေဟင်္သာမင်းကဲ့သို့ ပျံကာ, ဝဲကာ သီဟိုဠ်ကျွန်း၊ **မိဿကတောင်**ထိပ်၌ သက်ဆင်းတော်မူကြောင်းကို မဟာဝင်ကျမ်း၊ ပါရာဇိကဏ်အဋ္ဌကထာ(၁။၅၃)၌ လာရှိပေ၏။

ယင်းသို့ အရှင်မဟိန္ဒမထေရ်တို့၏ ပျံတက်ကြွတော်မူရာ ဝေဒိသကတောင်ပေါ်တွင် မြင်ရသော ဒိဋ္ဌကား အစိုးရကျောက်စာဝန်တို့ တူးဖော်ကြသောအခါ ပေါ်ထွက်သော ကျောင်းတော်မှ ရရှိသမျှသော ရုပ်တု,ဆင်းတု-စသည်များကို ထိုတောင်ပေါ်မှာပင် ပြတိုက်ကြီး ပြုပြင်၍ လူအပေါင်းတို့အား ရှုမြင်စေ၏။ အလွန်ကြည်ညိုဖွယ်ရာကောင်းသော **စေတီ**တော်ကြီး ၃-ဆူလည်း ရှိကုန်၏။ ထို ၃-ဆူသော စေတီတို့တွင် အကြီးဆုံးစေတီသည် မုခ် ၄-ဘက်နှင့်တကွ အလယ်၌ တည်ရှိ၏။ စေတီတော်ရင်ပြင်၌ ကျောက်စာပိုင်းတွင် ပါရှိသော အသောကမင်းကြီးကျောက်စာတိုင် ရှိ၏။ စေတီတံတိုင်းနံရံမှာလည်း ကမ္ဘည်းကျောက်စာထိုးလျက် ရှိနေ၏။ စေတီကြီးတောင်ဘက် တံခါးမုခ်၌ရှိသော အသောကကျောက်စာကို လူမိစ္ဆာတို့ ဖျက်ဆီးပစ်ခြင်းကြောင့် ကျိုးပျက်လျက် ရှိနေ၏။ တောင်ပေါ်သို့ တက်ရန် စောင်းတန်း ၂-ခုရှိ၏။ တောင်ခြေရင်း၌ ကပ်လျက် ရေကန်ကြီး ၁-ခုတွင် ရေမပြတ်ရှိ၏။ ´တောင်၏ အနီးအပါးတွင် ရွာငယ်လည်း ၁-ရွာ, ၂-ရွာရှိ၏။ ပါဠိဘာသာ၌ ဝေဒိသကဂိရိ-ဟု လာရှိသောအမည်သည် ယခုအခါ ဆံကျီ-ဟူသောအမည်ဖြင့် ထင်ရှား၏။

----- x -----

[၂၉] ဝေဒိသကတောင် လမ်းခရီးအစီအစဉ်

ဝေဒိသကတောင်သို့ သွားရန် လမ်းခရီးအစီအစဉ်ကား ကလကတ္တား, ဗုံဗိုင်, အာဂရာ-စသော မြို့တို့မှ သွားနိုင်၏။ သို့သော် ဝေဒိသက အမည်ရှိသော ဆံကျီ(Sanchi) ဘူတာ၌ ပါဆိန်ဂျာရ်ရထားသာ ဆိုက်သည်။ ဗုံဗိုင်မြို့-စသည်မှ လိုက်လာလျှင် ဘိုပါလ်

(Bhopal)ဘူတာတွင် ရထားပြောင်းရမည်။ ကလကတ္တားမြို့မှ သွားလိုလျှင် ရှေ့ဦးစွာ ဂျဟန်ဆီ(Jhansi) ဘူတာ၌ ရထားပြောင်းပြီးမှ ဆံကျီဘူတာသို့ သွားနိုင်၏။ ပါဆိန်ဂျာရ်ရထားနှင့်မူကား မီးရထားမြေပုံကို ကြည့်၍ ဘယ်နေရာမှမဆို သွားနိုင်၏။ ဘူတာရုံနှင့် ကပ်လျက် ဝေဒိသကတောင် ရှိ၏။ တောင်အောက်၌ လူများတို့ တည်းခိုရန် ဘိုပါလ်ဗေဂမ်ခေါ်သော မူဆလမာန်စော်ဘွားက ပြုလုပ်ထားသော ဒက်ဗဂ်လား ၂-ခု ရှိ၏။ စားရေးသောက်ရေး အလုံအလောက် ပါရမည်။ ဝေဒိသကတောင်သည် ဘိုပါလ်စီရင်စု၌ ရှိ၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ဆင်ကျီဘူတာ	ဆံကျီဆတေသျှန်
တဲနန်းဇရပ်	ဌာက်ဗံဂလား
ရေကန်ကြီး	တာလာဗ်
ဝေဒိသကတောင်	ဆံကျီပဟာရ်
ပြတိုက်ကြီး	မျူဇီယမ်
စေတီတော်	ဆတူပါ, မန္ဒိရ်
အသောကကျောက်စာ	အသျှိုးက်သျှိလာလေခ်

----- × -----

[၃၀] ဝေဒိသကမြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဆံကျီ(ဝေဒိသက)တောင်မှ တဖန် သွားပြန်လေရာ ဘေလဆာ(ဘိလဆာ)မြို့သို့ ရောက်လေ၏။ ဤဘိလဆာမြို့သည် ရှေးက ဝေဒိသကမြို့ပင် ဖြစ်ပေ၏။ ဝေဒိသကမြို့၏ ရှေးအကြောင်းကား ဓမ္မာသောကမင်းသည် မင်းသားဖြစ်စဉ် အခါ ခမည်းတော်ဗိန္ဒုသာရမင်းကြီးသည် အဝန္တီတိုင်း၊ ဥဇ္ဇေနီပြည်ကို မြို့စားပေးလိုက်လေ၏။ ထိုဥဇ္ဇေနီပြည်သို့ သွားရာ ခရီးအကြား၌ ဝေဒိသကမြို့သို့ ရောက်လေ၏။ ထိုအခါ မြို့၌ သူဌေးသမီး ဒေဝီအမည်ရှိသော သတို့သမီးကို မြင်လတ်သော် ချစ်ခင်သောသဘော ဖြင့် မိဖုရားအရာ၌ ထားပြီးလျှင် ထိုမြို့မှာပင် ကြာမြင့်အောင် နေလေ၏။ မိဖုရားမှ မဟိန္ဒမင်းသားကို ဖွားမြင်၍ အရွယ် ၂-နှစ်သို့ ရောက်လေသော် သယ်မိတ္တာသမီးတော်ကို ဖွားမြင်ပြန်လေ၏။

ထိုသားတော်, သမီးတော်တို့ ၇-နှစ်အရွယ်သို့ ရောက်ကြသောအခါ ဓမ္မာသောက မင်းကြီးသည် ခမည်းတော်၏ အရိုက်အရာဖြစ်သော ရွှေထီးရွှေနန်းကို ရပြန်လေ၏။ ထိုအခါ ဒေဝီမိဖုရားသည် ထိုဝေဒိသကမြို့၌ပင် နေလေ၏။ အရှင်မဟိန္ဒမထေရ်သည်လည်း သီဟိုဠ်ကျွန်းသို့ သာသနာတော်ပြုရန် မကြွသွားမီ မယ်တော်နှင့်တကွ ဆွေတော်,မျိုးတော်တို့အား ခြီးမြှောက်တော်မူခြင်းငှာ မယ်တော်ရှိရာ ဝေဒိသကမြို့သို့ ကြွလာတော်မူလျက် သီတင်းသုံးနေတော်မူလေ၏။ ထိုအခါ အမိ, ညီမသမီး၏ သားဖြစ်သူ ဘဏ္ဍုကသူဌေယ်သည် တရားတော်ကို ကြားနာရ၍ အနာဂါမိဖိုလ်သို့ ရောက်ပြီးလျှင် အရှင်မဟိန္ဒထံတော်၌ နေတော်မူကြောင်းကို မဟာဝင်တွင် လာရှိ၏။

ယခုရှိပုံ အခြေအနေကား အရှင်မဟိန္ဒမထေရ်၏ တရားဟောရာ၊ သီရိဓမ္မာသောက မင်းကြီး၏ မိဖုရားမြတ် ရဟန္တာမထေရ်၏မယ်တော် စမ္မာယ်နေထိုင်ခဲ့ရာ ဤဝေဒိသက မြို့တော်သည် အရှင်မဟိန္ဒမထေရ် သီတင်းသုံးနေတော်မူရာ ဝေဒိသကတောင်မှ အရှေ့မြောက် ၅-မိုင်အကွာအဝေး၌ ဘိလဆာ-ဟူသော အမည်ဖြင့် ထင်ပေါ်ကျော်စောလျက် ရှိနေ၏။ မြို့တွင်း,မြို့ပြင်၌ကား ဟိန္ဒူနတ်ကွန်း၊ ဂျိုင်းနီလူမျိုးတို့၏ နတ်ကွန်းအဟောင်း, အသစ်မျှသာ ရှိ၏။ တောင်ထိပ်ပေါ်၌ ရှေးက ဗုဒ္ဓဘာသာတို့ ကိုးကွယ်ရာ စေတီကြီး ၁-ဆူကို မူဆလမာန်လူမျိုးတို့သည် ဖျက်ဆီး၍ မိမိတို့၏ ဘုရားကျောင်း ပြုလုပ်ထားသည်ကို ဒိဋ္ဌတွေ့ရှိရ၏။

ကျောက်စာဝန်တို့ကလည်း ဤဘိလဆာ(Bhilsa)မြို့သည်ပင်လျှင် ရှေးက ဝေဒိသကမြို့ဖြစ်ကြောင်းကို အသေအချာ သတ်မှတ်ထားကြ၏။ လမ်းခရီးအစဉ်ကို အထူးဖော်ပြရန် မလိုပြီ။ အဆိုပါ ဆံကျီမှ ၅-မိုင်လောက်သာ ဝေး၏။ အာဂရာ, ဂျဟန်ဆီ, ဘိုလ်ပါလ်-စသော မြို့တို့မှ သွားနိုင်၏။ မြို့၌ ခရီးသည်တို့ တည်းခိုရန် ဓမ္မသာလာရှိ၏။ ဟိန္ဒီဘာသာ၌ ဓရ်မသျှာလာ-ဟု ခေါ်ဆို၏။ ဤသို့လျှင် အထူးသိအပ်၏။

----- × -----

[၃၁] စေတီယတိုင်း၊ သောတ္ထိယပြည်အကြောင်း

စေတီယတိုင်း၊ သောတ္ထိယပြည်-ဟူသည်ကား "အခါတပါး ဘုရားသခင်သည် ဘဂ္ဂတိုင်း၊ သံသုမာရဂိရိမြို့၌ ဘေသကဌာ အမည်ရှိသော ဘီလူးမသည် စောင့်ရှောက်အပ်သော သားသမင်တို့ကို ဘေးမဲ့ပေးရာဖြစ်သော တောတွင် သီတင်းသုံးနေတော်မူစဉ် အရှင်အနုရုဒ္ဓါမထေရ်သည်လည်း စေတီယတိုင်း၌ မြတ်စွာဘုရားနေတော်မူရာ ဘေသကဌာ

အမည်ရှိသောအရပ်မှ အရှေ့ဘက်ဖြစ်သော ဝါးတောအရပ်၌ နေတော်မူ၏"ဟု အဋ္ဌက-နိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်(အံ၊၃။၆၂)၌ ဟောတော်မူ၏။

အဋ္ဌကထာ၌ စေတီအမည်ရှိကုန်သော မင်းတို့၏ နေရာဖြစ်သောကြောင့် စေတီအမည်ရှိ၏-ဟု လာရှိ၏။ အဋ္ဌကနိပါတ်၊ **စေတိယ**ဇာတ်၌ ဥပဝရမင်းသည် စေတိယတောင်၊ သောတ္ထိယမြို့၌ မင်းပြုလေသည်-ဟု ဟောတော်မူ၏(ဇာ၊၅၊၃။၄၃၁)။ ၎င်းပြင် စေတိယတိုင်း၌ စေတိယမင်းကို မုသားဆိုခြင်းကြောင့် မြေမျိုလေ၏-ဟူ၍လည်း မူလဋီကာသစ်တွင် ပါရှိ၏။ ဤကား ပါဠိဘာသာဖြင့် သိအပ်သော စကားအမြွက်တည်း။

စေတိယတိုင်း၏ ယခုရှိပုံ အခြေအနေမှာ အနောက်မြောက်၌ ကျန်ဗလ်(ကျရမန္ဒ-ဝတီ)မြစ်မှစ၍ ယမုနာမြစ်၏ တောင်ဘက်ကမ်းခြေတလျှောက် အကျယ်အဝန်းရှိ၏။ အရှေ့မြောက်၌ ကျိုတြကုဋ္ဌတောင်ထိ ရှိနေ၏။ အရှေ့တောင်၌ ကရဝီခေါ်သော အရပ်ဌာနထိ ရှိ၏။ တောင်ဘက်နယ်နိမိတ်၏ အပိုင်းအခြားမှာကား မာလဝါနယ်နှင့် ဗုန္ဒေလ်ခဏ္ဍာတောင်ပင် ဖြစ်ပေ၏။ မြို့တော် သောတ္ထိယသည် ယခုအခါမှာ ဗန္ဒာ(Banda)ခေါ်သော အရပ်ဌာန၏ အနီးအပါး၌သာ ရှိသင့်သည်။ ၎င်းပြင် မဟေသျှရ်ပုရ်(ဂွါလိယာရ်)မြို့သည် ရှေးက စေတိယတိုင်း၏မြို့တော် **မဟိသမတိပုရ** ဖြစ်ဖူး၏။ ဤကား ကနိန်ဂဟမ် ကျောက်စာမင်းကြီး၏ အလိုတည်း။

အထူးကား- ယခုကာလ ဂွါလိယာရ်၊ ရှေးက မဟေသရပြည်သည် စေတိယတိုင်း၏ မြို့တော်-ဟု ဆိုပါလျက် အချို့စာ၌ အဝန္တိတိုင်းမြို့တော်-ဟု ပါရှိရာ ပညာရှိတို့၏ စိတ်ကို အနည်းငယ် ရှုပ်ထွေးစေ၏။ စဉ်းစားရန်မှာ တိုင်းပြည်၏နယ်နိမိတ်ကား ခေတ်ကာလ အားလျော်စွာ အကြီးအကျယ်အားဖြင့် ပြောင်းရွှေ့ခြင်းလည်း ရှိသေး၏။

ထို့ကြောင့် စေတိယတိုင်းနှင့် အဝန္တိတိုင်း နယ်နိမိတ် ဆက်စပ်လျက်ရှိနေခြင်းကြောင့် အထက်ပါ တိုင်းပြည် ၂-ခုကို ပိုင်စိုးသော မင်းများတို့တွင် အချို့သည် မဟေသရမြို့မှနေ၍ အုပ်ချုပ်လျှင် ၎င်းမြို့သည်ပင် အဝန္တိတိုင်း၏မြို့တော် ဖြစ်သည်။ ၎င်းပြင် စေတိယတိုင်း၏ မြို့တော်လည်း ဖြစ်နေသည်။

ထို့ကြောင့် အဝန္တိတိုင်း၊ မဟေသရပြည်, တစ်နည်း စေတိယတိုင်း၊ သောတ္ထိယ သို့မဟုတ် မဟေသရ(မဟိသမတိပုရ)ဟူ ခေါ်ဝေါ်ရေးသားကြလေသည်။ ကာလအားလျော်စွာ နန်းစိုက်ရာမြို့ကို အကြောင်းပြု၍ ရေးသားရခြင်း ဖြစ်သည်-ဟု မှတ်အပ်၏။ မဟိသမ-တိပုရမြို့တော် ဂွါလိယာရ်(Gwaliar)သို့ အာဂရာ, ဂျဟန်ဆီတို့မှ သွားနိုင်၏။ ဗန္ဒာ(သောတ္ထိယ)မြို့သို့သွားလိုလျှင် ထိုဗန္ဒာ(Banda)ဘူတာသို့ သွားနိုင်၏။ ၎င်းအနီးအနား ထက်ဝန်းကျင် အရပ်ကို သောတ္ထိယမြို့-ဟူ၍ မှတ်ယူအပ်၏။

[၃၂] အဿကတိုင်း၊ ပေါတလပြည်အကြောင်း

အဿကတိုင်း၊ ပေါတလပြည်၏ ရှေးအကြောင်းကား ရှေးလွန်လေပြီးသောအခါ၌ ကလိင်္ဂတိုင်း၊ ဒန္တပုရပြည်၌ ကလိင်္ဂမင်း မင်းပြုလတ်သော် အဿကတိုင်း၊ ပေါတလပြည် (ပေါတလိ၊သီ။ ပါဠိလိ၊ဆဋ္ဌမ)၌ အဿကမင်း မင်းပြုတော်မူကြောင်းကို စတုက္ကနိပါတ်၊ စူဠ-ကလိင်္ဂဇာတ်(၄၊၃။၃)၌ ဟောတော်မူ၏။ အဂုံတ္တရ၊ ဧကကနိပါတ်အဋ္ဌကထာ၌လည်း ဗာဝရီပုဏ္ဏားသည် မိမိချမ်းသာရာအရပ်ကို ကြည့်ရှုလိုသည်ဖြစ်၍ မဇ္ဈိမဒေသ၊ သာဝတ္ထိပြည်မှ ဖယ်ခွါပြီးလျှင် အဿကမင်းနှင့် စူဠကလိင်္ဂမင်း၏ ပြည်၏အပိုင်းအခြားဖြစ်သော ဂေါဓာဝရီမြစ်နား၌ မိမိ၏နေရာအရပ်ကို သတ်မှတ်စေ၏။

ဟိန္ဒီဗုဒ္ဓကျရယျကျမ်းအဆိုကား ပသေနဒီကောသလမင်းကြီး၏ခမည်းတော် ကောသလမင်းကြီးသည် မြှောက်စားအပ်သော ပုရောဟိတ်အိမ်၌ ဗာဝရီပုဏ္ဏားသည် မွေးဖွား လေ၏။ ထိုဗာဝရီသည် ယောက်ျားမြတ်တို့၏ အင်္ဂါ ၃-ပါးနှင့် ပြည့်စုံ၍ ဝေဒ ၃-ပုံကို အကုန်တတ်မြောက်လေ၏။ ခမည်းတော်ပုရောဟိတ် သေလွန်ပြီးနောက် ပုရောဟိတ်အရာ ကို ရ၍ ၁၆-ယောက်သော ရသေ့ကြီးတို့သည် ထိုဗာဝရီပုဏ္ဏားထံ၌ပင် ပညာသင်ခြင်းကိစ္စ ကို ပြုလုပ်ကြကုန်၏။

အခါအားလျော်စွာ ကောသလမင်းကြီး နတ်ရှာစံလေသော် သားတော်ပသေနဒီ-ကောသလမင်းသားကို အဘိသိက်မြှောက်ကြကုန်၏။ ဗာဝရီလည်း ထိုမင်း၏ ပုရောဟိတ်အရာ၌ပင် တည်လေ၏။ မင်းကြီးသည် ခမည်းတော်မြှောက်စားသည်ထက် ပိုမို၍ ဗာဝရီကို မြှောက်စားလေ၏။ ငယ်ရွယ်စဉ်ကပင်လည်း ထိုပုဏ္ဏားထံမှာ ပညာသင်၍ ကြီးမြှောက်လာ၏။ အခါတပါး ဗာဝရီပုဏ္ဏား ပြောကြားသည်မှာ "မင်းကြီး၊ ကျွန်ုပ်သည် ရသေ့ပြုလုပ်လိုပါ၏။ အခွင့်ပေးပါ"ဟု ပြောကြားလေလျှင် "သင်ပုဏ္ဏားဆရာ ရှိနေခြင်းကြောင့် ငါ့မှာမူကား မိမိခမည်းတော်ရှိသကဲ့သို့ ထင်မှတ်ရပေ၏။ ရသေ့မပြုပါနှင့်"ဟု အလိလီတောင်းပန်လေ၏။

မင်းကြီး တောင်းပန်သောစကားကို မလိုက်နာသောကြောင့် မိန့်တော်မူလိုက်သည်မှာ "ဆရာပုဏ္ဏား၊ အကယ်၍ ရသေ့ပြုလုပ်လိုကလည်း ပြုလုပ်တော်မူပါ။ သို့ရာတွင် ကျွန်ုပ်ကိုယ်တိုင် ညနေက ဖူးမြင်နိုင်လောက်သော မင်း၏ဥယျာဉ်တော်မှာပင် ရဟန်းပြု၍ နေတော်မူပါ"ဟု တောင်းပန်လေ၏။ ထိုအခါ ဗာဝရီလည်း ၁၆,၀၀၀-သော အခြွေအရံ ရှိသော ၁၆-ယောက်သော တပည့်ကြီးတို့နှင့် ရသေ့ရဟန်းပြု၍ ဥယျာဉ်တော်၌ နေလေ၏။

မင်းကြီးလည်း အလိုရှိသမျှကို ပေးကမ်းလျှဒါန်း၍ ကိုးကွယ်နေသောအခါ တစ်နေ့သ၌ တပည့်တို့သည် လာရောက်လျှောက်ထားကြကုန်၏။ "ဆရာ မြို့,ရွာ၌ နေခြင်းကြောင့် အနှောင့်အယှက် အလွန်များကုန်၏။ လူနှင့် မနီးသောအရပ်၌ နေရမူကား အလွန်ချမ်းသာပေအံ့။ ထို့ကြောင့် ဤနေရာကို ပယ်စွန့်၍ တခြားသောအရပ်သို့ သွားလိုပါသည်"ဟု လျှောက်ထားကြကုန်၏။ ထိုအကြောင်းကို မင်းကြီး ကြားသိလတ်သော် ၃-ကြိမ်တိုင်တိုင် တားမြစ်လေ၏။ တားမြစ်တောင်းပန်၍ မရသောအခါ မင်းကြီးသည် ငွေ ၂,၀၀,၀၀၀-ပေး၍ အမတ်ကြီး ၂-ယောက်တို့အား ရသေ့တို့နေရာ သခ်ိမ်းကျောင်းကို ရသေ့တို့အလိုရှိရာ၌ ပြုလုပ်စေ၏။ ထိုအခါ ဗာဝရီသည် ၁၆,၀၀၀-ကုန်သော ရသေ့တို့နှင့်တကွ အမတ်များ ညွှန်ကြားလိုက်သော စကားအတိုင်း မိမိနေရာ မြောက်ဘက်ပြည်မှ တောင်ဘက်တိုင်းပြည်သို့ ထွက်သွားပြီးလျှင် အဿကတိုင်းပြည်၊ အလ္လကနယ်စပ်၌ နေလေ၏။

အဿကတိုင်းကို ဣန္ဒိယပညာရှိတို့၏ အလိုအားဖြင့် ပြဆိုဦးအံ့။ အထက်ပါ **အဿက, အလ္လကသဒ္ဒါ** ၂-ခုတို့တွင် သက္ကဋဘာသာ၌ အဿကသည် အသျှမက၊ အလ္လကသည် အာရက-ဟု လာရှိ၏။ ထိုကြောင့် ၎င်းပြည် ၂-ပြည်သည် အန္ဓက(အန္ဓရ)တိုင်းပြည်၏ အနီးအနား၌ ရှိနေ၏။ ပြည် ၂-ခုတို့၏အလယ်ကြား ဂိုဓါဝရီမြစ်စွန်း ၃-ယူဇနာရှိသော ကျွန်း၏ တည်ရာကို ယူအပ်၏။

ယခုကာလမှာ ထိုအဿကနှင့် အလ္လကသည် ဟိုက်ဒရာဗာဒ်နယ်အတွင်းရှိ အောက်ရင်ဗာဒ်နှင့် ဘီးရ်ခေါ်သော စီရင်စု ၂-ခု၏ အနီးအပါးရှိ မြို့,ရွာဖြစ်ပေ၏။ **ပေါတလ**ပြည်ကို **ပေါတလိပြည်-ဟူ၍လည်း ခေါ်ဆို၏**။ လမ်းခရီးမှာ အထက်ပါ မြို့တို့သည် ဣန္ဒိယတွင် ထင်ရှား၏။ အထူးဖော်ပြရန် မလို။

----- x -----

[၃၃] ကုရုတိုင်း၊ ဣန္ဒပတ္ထနဂိုရ်ပြည်အကြောင်း

ရဟန်းတော်ဦးကိတ္တိသည် ဘိလဆာမြို့မှ ကုန်သည်ကြီး **မရဝါရီ**သူဌေးတစ်ယောက်၏ အထောက်အပင့်ဖြင့် တဖန် လိုက်သွားလေရာ ဒိလ္လီမြို့သို့ ဖြောင့်မတ်စွာ ဆိုက်ရောက်လေ၏။ ၎င်းမြို့၌ ဣန္ဒာနီရာမ်အမည်ရှိသော ဟိန္ဒူရသေ့ပဏ္ဍိတ်နှင့် တွေ့ဆုံသောအခါ အရာရာအမျိုးမျိုး တိုးတိုးတိုင်ပင် ဆင်ခြင်ဆွေးနွေး အရေးကြီးသော ဓမ္မကထာဖြင့် ပြောဟောလျက် ထိုရသေ့ကြီး၏ မဟာဗိဒျာလယ သက္ကဋဘာသာကျောင်းတိုက်၌ ဆောင်းဥတုကို လွန်မြောက်စေ၏။

ဤဒိလ္လီမြို့သည် ရှေးအခါက ကုရုတိုင်း၊ ဣန္ဒပတ္ထနဂိုရ်ပြည်တော်ကြီး ဖြစ်ပေ၏။ ဖြစ်ဟန်ကား မဟာဘာရတကျမ်း၌ ပဏ္ဍုမင်းသား ၅-ယောက်တို့နေရာသည် ဤဒိလ္လီမြို့ပင် ဖြစ်၏-ဟု လာရှိ၏။ အသီတိနိပါတ်၊ မဟာကုဏာလဇာတ်၌ကား ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုနေစဉ်ဝယ် သမီးတော် ကဏ္ဍာဒေဝီသည် အရွယ်သို့ ရောက်လတ်သော် ပန်းကုံးစွပ်ပွဲ ၁-ခုကို ပြုလုပ်၍ မင်းအပေါင်းတို့အား စည်းဝေးစေ၏။ ထိုအခါ ကုရုတိုင်းသား ယုဓိရ္ဌိရ(ယုဓိဋ္ဌိရ) စသော ပဏ္ဍုမင်းသား ၅-ယောက်တို့သည်လည်း တက္ကသိုလ်ပြည်မှ ပညာသင်၍ ပြန်လာလျှင် တိုင်းပြည်ကို လှည့်လည်ခိုက်နှင့် ထိုပန်းကုံးစွပ်ပွဲကြီးသို့ ဆိုက်ရောက်ကြလေ၏။ ထိုအခါ မင်းသမီး ကဏ္ဍာဒေဝီသည် နှစ်သက်သောစိတ်ဖြင့် ထိုမင်းသား ၅-ယောက်တို့၏ ဦးခေါင်း၌ ပန်းကုံးစွပ်ပြီးလျှင် မိမိမယ်တော်ထံ အရှင်သခင်ဖြစ်စေလို ကြောင်းကို ဆုတောင်းခွင့်ပန်၍ သိမ်းယူလေကြောင်းကို ဆိုတော်မူ၏။ (ဇာ၊၅၊၅။၄၅၇)

တိသနိပါတ်၊ သမ္ဘဝဇာတ်၌လည်း ကုရုတိုင်း၊ ဣန္ဒပတ္ထနဂိုရ်ပြည်၌ **ဓနဉ္စယကောရဗ္ဘ** မင်းသည် မင်းပြုဖူးကြောင်း၊ ၎င်းပြင် ထိုမင်းသည် **ဓမ္မယာဂ** အမည်ရှိသော ပြဿနာကို စီရင်ပြီးလျှင် သုစီရတ မည်သော ဆရာပရောဟိတ်ကို မေးလေရာ မဖြေဆိုနိုင်သဖြင့် ဣန္ဒပတ္ထနဂိုရ်ပြည်မှ ထွက်သွားပြီးလျှင် ဗာရာဏသီပြည်၌ ဝိဓုရပဏ္ဍား၏သား ၃-ယောက်တို့တွင် အငယ်ဆုံး သမ္ဘဝ ဘုရားလောင်းကို မေးမြန်းလေ၏။ မေးသမျှအရာကို မကြာခင် ဖြေဆိုတော်မူလေ၏-ဟု ဟောတော်မူလေ၏။ (ဇာ၊၅၊၅။၅၈၊၅၉)

"**ဧကံ သမယံ ဘဂဝါ ကုရူသု ဝိဟရတိ**"စသည်ဖြင့် သုတ်မဟာဝါပါဠိတော်(၄၇)၌ ဟောတော်မူသည်နှင့်အညီ အခါတပါး ဘုရားသခင်သည် ကုရုတိုင်း၊ ကမ္မာသဒမ္မနိဂုံးရွာ၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မဟာနိဒါနသုတ်(၇၃), မဟာသတိပဋ္ဌာနသုတ်, အာနဉ္ဇ-သပ္ပါယသုတ်တို့ကို ဟောကြားတော်မူ၏။

အသီတိနိပါတ်၊ မဟာသုတသောမဇာတ်၌ ကုရုတိုင်းသည် အဝန်းယူဇနာ ၃၀၀-ရှိ၏။ ဣန္ဒပတ္ထနဂိုရ်ပြည်သည် ၇-ယူဇနာ ရှိ၏-ဟု ဆိုလေ၏။ ဝိသတိနိပါတ်၊ သောမနဿ ဇာတ်၌ ကုရုတိုင်း၊ (ဥတ္တရ)ပဉ္စာလမြို့၌ ရေဏုမင်း မင်းပြုကြောင်းကို ဟောတော်မူ၏။ ဤကား ပါဠိဘာသာဖြင့် သိအပ်သော စကားရပ်တည်း။ (ဇာ၊၅၊၄။၄၄၇)

ကျောက်စာဘက်ဆိုင်ရာက ကုရုတိုင်းသည် သုရသတီ(sorswati)ခေါ်သော မြစ်နှင့် ဂင်္ဂါမြစ် ၂-ခုတို့၏ အလယ်ကြားရှိ ပြည်နယ်အဝန်းသည်ပင်လျှင် ဖြစ်ပေ၏။ ၎င်းပြင် ဣန္ဒပတ္ထနဂိုရ်ပြည်သည်ကား ယခုရှိ ဒိလ္လီမြို့၏ အရှေ့တောင်အရပ်၌ရှိသော ရှေးက ယုဓိရ္ဌိရ (ယုဓိဋ္ဌိရ) မင်းတို့၏ တည်ထောင်ရာ ဣန္ဒြပြဿ်ခေါ်သော ရှေးဟောင်းဌာနသာ

ဖြစ်ပေ၏-ဟု ဖော်ပြ၏။ သို့သော် ဒိလ္လီမြို့-ဆိုသော်လည်း မလွဲနိုင်ရာ။ အဘယ်ကြောင့် ဆိုသော် ယခု ဒိလ္လီမြို့၏အမည်ကိုပင် ဟိန္ဒီ,သင်္ဂလာဘာသာ၌ ဣန္ဒြပြဿ-ဟူ၍လည်းကောင်း၊ ဟဿိနာပုရ်-ဟူ၍လည်းကောင်း တင်စားခေါ်ဆိုကြောင်းနှင့် လာရှိ၏။

ကုရုတိုင်း၌ စစ်မြေပြင်သည်လည်း ဒိလ္လီမြို့၏ အနီး၌ပင် ကုရုချေတြ အမည်ဖြင့် ရှိနေ၏။ ထိုနေရာ၌ ပဏ္ဍာမင်းသားတို့ စစ်ထိုး၍ မင်းမျှားတို့ သေဆုံးကြောင်းကို မဟာ-ဘာရတကျမ်း၌ လာရှိ၏။ အဆိုပါဌာနများသည် ဒိလ္လီမြို့နှင့် နီးစပ်ကုန်၏။ ဟိန္ဒီ, သင်္ဂလာ ဘာသာ၌ လာရှိသော ဣန္ဒြပြဿ, ဟဿိနာပုရ်-ဟူသော အမည် ၂-ခုကို ပါဠိဘာသာ အားဖြင့် ပြန်ဆိုလျှင် အစဉ်အတိုင်း ဣန္ဒပတ္ထ, ဟတ္ထိနာပုရ-ဟူ၍ ပြန်ဆိုရရှိ၏။ အမည်အား ဖြင့် ပြားသော်လည်း အဓိပ္ပါယ်မှာ အတူတူပင် မှတ်ယူအပ်၏။

ဣန္ဒပတ္ထနဂိုရ်ပြည်၌ ယခုတွေ့ရှိသော အဆောက်အဦးကား သီရိဓမ္မာသောက မင်းကြီး၏ ကျောက်စာတိုင် ၂-ခုရှိ၏။ ထို ၂-ခုတို့တွင် ၁-ခုသော ကျောက်စာတိုင်သည် ဒိလ္လီရိုပရာ-ဟူသော အမည်ဖြင့် ထင်ရှား၏။ တစ်နည်း ဖီရိုးဂျ်သျှာဟ်ကီလား၌-ဟူ၍လည်း ခေါ်ဆိုကြ၏။ ၎င်းတိုင်သည် ဒိလ္လီမြို့၌ ရှိရင်းတိုင်း မဟုတ်။ ဒိလ္လီမြို့မှ မိုင်ပေါင်း ၉၀-ကွာ ဝေးသော ယမုနာကမ်းရှိ ဋ္ဌိပရာ(အမ္ဘာလာဇီလာ)ခေါ်သော အရပ်ရှိ၏။ ၎င်းနေရာမှ ဆုလ-တာန်ဖီရိုးဂျ်သျှာဟ်မင်းသည် ယူဆောင်ပြီးလျှင် ဒိလ္လီမြို့၏ တံခါးပြင်ဘက် ယမုနာမြစ်ကမ်း နား၌ စိုက်ထား၏။ လုံးပတ် ၈-တောင်, အမြင့် ၂၅-တောင်ခန့်ရှိ၏။ တိုင်၏ ၄-မျက်နှာ အရပ်၌ ခံတပ်ဟောင်းကြီးလည်း ရှိ၏။

၎င်းပြင် ကျောက်စာတိုင် ၁-ခုကား ဒိလ္လီမေရင်္ဃအမည်ဖြင့် ထင်ရှား၏။ အဓိပ္ပါယ် မှာ ဤကျောက်စာတိုင်ကို ခရစ်ယာန်မပေါ်မီ အနှစ် ၃၀၀-လောက်က အသောကမင်းကြီး သည် မေရင်္ဃမြို့၌ စိုက်ထူထားခဲ့၏။ ၄င်းကို ခရစ်ယာန်သက္ကရာဇ် ၁၃၅၆-ခုနှစ်မှာ ဆုလတာန်ဖီရိုးဂျ်သျှာဟ်တုဂလက်မင်းသည် ယူဆောင်လာပြီးလျှင် ကုသ္ဓကသ္ပိကာရ်ပေလိဆ် အမည်ရှိသော နန်းတော်၌ စိုက်ထူထားခဲ့၏။ ခရစ်ယာန်သက္ကရာဇ် ၁၇၁၃-ခုနှစ်တွင် ယမ်း လက်နက်ကြောင့် လဲသွားပြီးလျှင် ၅-ပိုင်းကျိုးလျက်ရှိနေသည်ကို အင်္ဂလိပ်မင်းသည် ၁၈၆၇-ခုနှစ်မှာ တဖန် ကျောက်အင်္ဂတေတို့ဖြင့် ဆက်၍ ၎င်းနေရာ၌ပင် စိုက်ထူထားလေ၏။ တအက်ကျောက်စာ ၂-ခု၏ အနက်အဓိပ္ပါယ်ကို ကျောက်စာပိုင်းတွင် ရှုကြလေ။

ဒိလ္လီမြို့ကို ပထမကဏ္ဍ၌လည်း ဖော်ပြခဲ့ပြီ။ ဤနေရာ၌ လိုရင်းလောက်ကိုသာ အောက်ပါအတိုင်း မှတ်အပ်၏။ မြို့တွင်း, မြို့ပြင်၌ ခံတပ်ဟောင်း, ခံတပ်သစ်, ယန္တရား စက်ဝိုင်း, မူဆလမာန်ဘုရားကျောင်း, သျှာဟဂျဟံနန်းတော်, ကုတုမ္ဗမျှော်စင်, ပဏ္ဍာခံတပ်

ဟောင်း, ကျန္ဒနီစျေး, ဟုမာယုံအရိုးတိုက်, မြို့တော်မှ တောင်ဘက် ၁၁-မိုင်လောက်တွင် မျှော်စင်ကြီး၊ အထူးသတိထားရန်မှာ **မေရင်ကျောက်စာ**သည် "ကဿမီရီဒရဝါဂျေဗာဟရ်-ဗန္ဓဝါင့်ဖဒ္ဒေဟ်ဂဟရ်သျှိလာလေခ်"ဟူသော အမည်ဖြင့် ထင်ရှား၏။ **ဌိုပရာကျောက်စာ**သည် "ဖိရိုးဂ်သျှာဟ်ကိုဌလာဒိလ္လီဒရဝါဂျေဗာဟရ်ဖိရိုးဂ်သျှာဟ်လာဌ်"ဟူသောအမည်ဖြင့် ထင်ရှား၏။ ဂ္ဂန္ဒီယတွင် ဒိလ္လီ(Dilhi)မြို့တော်သည် အထင်ရှားဆုံး ဖြစ်၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ဂ္ဂန္ဒပတ္ထနဂိုရ်ပြည်	ဒိလ္လီ, ဒေဟလီ
ဓမ္မသာလာဇရပ်	ဓရ်မသျှာလာ
စန္ဒနီစျေးကြီး	ကျန္ဒနီကျောက်
ခံတပ်ဟောင်း	သျှာဟဂျဟံကိလာ
ခံတပ်သစ်ကြီး	နယာကိလာ, နယူကိလာ
ယန္တရားစက်ဝိုင်းကြီး	ယန္တရားမန္တရား

စတုတ္ထကဏ္ဍ ပြီးပြီ။

★★★★★★★

{၅} ပဌမကဏ္ဍ

[၁] ပဠာလတိုင်း၊ ပဠာလရာဇ်ပြည်အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဒိလ္လီမြို့တော်မှ တဖန် ထွက်သွားပြန်လေရာ လာဟိုရ်မြို့သို့ ကောင်းမွန်စွာ ဆိုက်ရောက်ပြန်လေ၏။ မြို့၌ ဗုဒ္ဓဘာသာ သျှီဝနာရာယဏ်ပဏ္ဍိတ် အမည်ရှိသော ဝတ်လုံတော်ရ ရှေ့နေကြီးနှင့် တွေ့ဆုံကြလျှင် အတိုင်းမသိ မေတ္တာသက်ဝင်လျက် ဓမ္မကထာအမျိုးမျိုးဖြင့် ဆွေးနွေးတိုင်ပင်ပြီးလျှင် ဓမ္မသဟာယ မပျက်စေဘဲ တသက်လုံး နေထိုင်ဖို့ရန်ကို တောင်းပန်၍ မိမိအိမ်၌ သီတင်းသုံးနေစေ၏။ ရဟန်းတော်တို့အား ပြုအပ်,ပြုထိုက်သော ဝတ္တရားကိုလည်း မမှားမယွင်းရအောင် ပြုလုပ်လေ၏။ အကြောင်းမှာကား ထိုရှေ့နေတော် မင်းသည် ရှေးဦးကပင် ဗုဒ္ဓဘာသာသို့ သက်ဝင်လျက်ရှိနေခြင်းကြောင့် ရဟန်းသံဃာတော်ကို မြင်ရလျှင်ပင် သဒ္ဓါဇောသက်ဝင်၍ အထူးသဖြင့် အလေးအမြတ်ပြုလုပ်တတ်သောသူတစ်ယောက် ဖြစ်ပေ၏။ အိမ်၌လည်း မြတ်စွာဘုရား ရုပ်တု, ဆင်းတုတော်-စသည်များကို ပင့်ဆောင်လျက် အမြဲမပြတ် ဆည်းကပ်ကိုးကွယ်လေ့ရှိ၏။

မဗ္ဗိမဒေသတွင် အနောက်မြောက်ထောင့်၌ ပဠာလတိုင်း၊ စူဠနီပြဟ္မဒတ်မင်း စိုးစံရာ ပဠာလရာဇ်ပြည်ရှိကြောင်းကို ပါဠိကျမ်းဂန်-စသည်၌ တွေ့ရှိ၏။ ဝိသတိနိပါတ်၊ သောမနဿဇာတ်၌ ဥတ္တရပဠာလ-ဟူ၍လည်း ဟောတော်မူ၏။ မဟော်ဇာတ်တွင် ဟောတော်မူသည်မှာ မဟောသဓသုခမိန်သည် အခြံအရံနှင့် ပဠာလရာဇ်ပြည်သို့ သွားစဉ်အခါဝယ် ၁-ယူဇနာစီရှိသော စခန်းထောက်၌ အမတ်ကြီး ၁-ယောက် ၁-ယောက်စီ ထားပြီးလျှင် အစဉ်အတိုင်း ဂဂ်ါမြစ်သို့ ရောက်လေ၏။ မြစ်ကို လှေဖြင့် ကူးသွားပြီးလျှင် မြစ်မှ ခြေလှမ်းအမှတ်ဖြင့် သွားလေသော် ၂-ဂါဝုတ်ရှိသောအရပ်သို့ ရောက်လေ၏။ ထိုအရပ်တိုင်အောင် ဥမင်လိုဏ်-ခေါင်းမြို့ကြီးကို စီရင်၍ ၎င်းမှ နန်းတော်သို့အရောက် ၁-ဂါဝုတ်ကို ဥမင်ကွေ့ စီရင်အုံ့-ဟု အမှတ်ပြုလျက် မြို့တွင်းသို့ ဝင်လေ၏။

မိထိလာပြည်နှင့် ပဠာလရာဇ်ပြည်သည် ယူဇနာ ၁၀၀-ရှိ၏။ တိသနိပါတ်၊ ဇယဒိသဇာတ်၌လည်း ကပိလတိုင်း၊ ဥတ္တရပဠာလပြည်၌ ပဠာလမင်း မင်းပြု၏။(ဇာ၊၅၊၅၊၂၂) ထိုမင်း၏ သားတော် ဇယဒိသမင်း မင်းပြုသောအခါ တက္ကသိုလ်ပြည်က နန္ဒပုဏ္ဏားသည် သတာရဟ ၄-ဂါထာကို ယူလာ၏။ ဇယဒိသမင်း၏သားတော် ဘုရားလောင်း အလီနသတ္တုမင်းသည်

လူသားစားသော ဘကြီးတော် စူဠပေါရိသာဒကို ဆုံးမဟောချက်ရာ၌ အမျိုး ၁,၀၀၀-တို့ကို နေထိုင်စေလျက် တည်ထောင်သော ရှာသည် စူဠကမ္မာသနိဂုံးရှာ မည်၏-ဟု ဆိုတော်မူ၏(ဇာ၊၄၊၅။၃၇)။ ထိုရှာသို့ မြတ်စွာဘုရား ကြွတော်မူ၍ မဟာသတိပဋ္ဌာနသုတ်ကို ဟောတော်မူကြောင်းနှင့် သုတ်မဟာဝါအဋ္ဌကထာ၊ ဒီဃဘာဏဆရာတို့၏ ဝါဒကို သိအပ်၏။ ဤကား ပါဠိဘာသာဖြင့် သိအပ်သော စကားရပ်တည်း။

ယခုအခါ ပဠာလတိုင်း၊ ပဠာလရာဇ်ပြည်ကို ပညာရှိတို့ ဆုံးဖြတ်ကြသည့်အတိုင်း ဖော်ပြဦးအံ့။ ဟိန္ဒီဗောက်ဒွကာလိန်ဘာရတကျမ်းကြီး၌ လာရှိသည်မှာ ပဠာလတိုင်း, ကုရုတိုင်း၏ အရှေ့ဘက်ရှိ တောင်နှင့် ဂင်္ဂါမြစ်၏ အလယ်ကြား၌ တည်၏။ ၎င်းပြင် ထိုပဠာလတိုင်းကို ဥတ္တရပဠာလ, ဒက္ခိဏပဠာလ-ဟူ၍ ဘေဒ-သဒ္ဒါဖြင့် ပါရှိ၏။

ထို ၂-မျိုးတို့ကို ကျောက်စာဝန်တို့၏ အလိုအားဖြင့် သတ်မှတ်၍ ပြဦးအံ့။ ဥတ္တရ-ပဠာလတိုင်း၏ နယ်နိမိတ်မှာ မြောက်ဘက်၌ ဟိမဝန္တာတောင်အရံမှသည် တောင်ဘက်၌ ဂင်္ဂါမြစ်(ရောဟိလခန္ဓနယ် အရှေ့ပိုင်း)၊ အနောက်ဘက်၌ ပီလိဘိတ်အရပ်ဒေသမှသည် အရှေ့ဘက်၌ ဂင်္ဂါမြစ်နားရှိ ခိုက်ရာဗာဒ်တိုင်အောင် ရှိနေ၏။ အကျယ်အဝန်းမှာ မြေပုံပေါ်၌ အဖြောင့်တိုင်းလျှင် စတုရန်းမိုင် ၄၅၀-ရှိ၏။ လမ်းအတိုင်းသွားလျှင် မိုင်ပေါင်း ၅၀၀-ခန့် ရှိ၏။ ဟူယိုင်ဆင်ကလည်း မိုင်ပေါင်း ၅၀၀-ရှိကြောင်းကို ညွှန်းပြ၏။ မြို့တော် ပဠာလရာဇ်ကား ယခုရှိ အဟိချေတြ(Ahi Chhatra)သည်ပင်လျှင် ဖြစ်ပေ၏။ ထိုအဟိချေတြမြို့ရိုးမှာ စတုရန်းမိုင် ၃-မိုင်ခွဲလောက်သာ ရှိ၏။ ၎င်းမြို့ရိုး၌ အသောကစေတီငယ် ၁-ဆူ ပျက်စီးယိုယွင်းလျက် ရှိနေ၏။ ယခုကာလ ထိုစေတီငယ် ၁-ဆူကို ချတ္တရ်(Chattr)ဟူ၍ ခေါ်ဆိုသမုတ်ကြကုန်၏။

ဒက္ခိဏပဠာလတိုင်းကိုကား ဂ္ဂန္ဒီယအလယ်ပိုင်း ဂင်္ဂါမြစ်ဝှမ်းတလျှောက်ကို ယူအပ်၏။ ၎င်းမြို့တော်မှာ ကမ္ပိလျ(Kampilya)မြို့ ဖြစ်ဖူး၏။ ယခုအခါ ဗဒါအုံ(Budaon)မြို့နှင့် ဖရရုခါဗာဒ်(Farukhabad) မြို့ ၂-ခုတို့၏အကြား ဂင်္ဂါမြစ်ကမ်းပါး၌ ကမ္ပိလ(Kampil) အမည်ဖြင့် ထင်ရှား၏။ တစ်နည်း ယခုရှိ ကနော့ဂျ်(Kanoj)မြို့သည် ရှေးဒက္ခိဏပဠာလ၏ မြို့တော်လည်း ဖြစ်ဖူး၏။ ဤသို့လျှင် ကျောက်စာမင်းကြီး ကနိန်ဂဟမ်က ဆုံးဖြတ်၍ ပြပေ၏။ ဤအခါသမယမှာ ပန်ဂျာဗ်နယ်၊ လာဟိုမြို့တော်ကြီး၌ အင်္ဂလိပ်မင်းတို့က စီမံပြုလုပ်ထားသော ပြတိုက်ကြီး ၁-ခုရှိ၏။ ၎င်းပြတိုက်ကြီးတွင် အရပ်ရပ်မှ တူးဖော်၍ ရရှိကုန်သော ဗုဒ္ဓဘာသာဆိုင်ရာ ရုပ်ဆင်းတု, ဇာတ်နိပါတ်, ရာဇဝင်အမျိုးမျိုးတို့ဖြင့် တန်ဆာဆင်ယင်လျက် ရှုချင်စဖွယ် တင့်တယ်စွာကုန်သော အဆောက်အဦးများ ရှိကုန်၏။

ထိုမှတပါး တိရစ္ဆာန်ရုံနှင့် မြို့ထဲ,မြို့ပြင်မှာ ရေတွင်း, ရေကန်, ဥယျာဉ်-စသည်တို့ဖြင့် စီမံပြုလုပ်ထားသောကြောင့် လူအပေါင်းတို့ နေထိုင်ဖွယ်လည်း အလွန်ကောင်း၏။ ရှေးဟောင်းမှာကား ခံတပ်, ဂုရုဒ္ဒါရ, မူဆလမာန်ဘုရားကျောင်း, မျှော်စင်၊ ဤ ၄-ခုတို့သည် ၁-ခုနှင့် ၁-ခု မနီးမဝေး စပ်လျက်ရှိကုန်၏။ မြို့သည်ကား ရာဝီ(ရာဗီ)မြစ်၏အနီးဌ၌ တည်၏။ လူများတို့လည်း နိစ္စဗဒ်အလျှဝတ်နှင့် ပြည့်စုံကုန်၏။ ခရီးသည်တို့ ချမ်းသာစွာ တည်းခိုရန် ဓမ္မသာလာလည်း ရှိ၏။ ဤလာဟိုရ်(Lahore)မြို့တော်သည် ဣန္ဒိယတွင် ထင်ပေါ်ကျော်စောသောမြို့ကြီးဖြစ်ခြင်းကြောင့် ခရီးစဉ်ကို အတူးရေးသားရန် မလိုပြီ။ ပထမကဏ္ဍ၌လည်း ဖော်ပြခဲ့ပြီ။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
ပန်ဂျာပ်ပြည်	လာဟောဂရ်, လာဟိုရ်
ဓမ္မသာလာဇရပ်	ဟိန္ဒူခရ်မသျှာလာ
ပြတိုက်ကြီး	မျူဇီယမ်, အဂျာယဗ်ယရ်
တိရစ္ဆာန်ရုံ	ကျိရိယာခါနာ
ခံတပ်ဟောင်းကြီး	ပုရာဏာကိလာ

----- × -----

[၂] ဂန္ဓာရတိုင်း၊ တက္ကသိုလ်ပြည်အကြောင်း

ရဟန်းတော်ဦးကိတ္တိသည် လာဟိုရ်မြို့တော်မှ သျှိဝနာရာယဏ်ပဏ္ဍိတ် ဝတ်လုံတော်ရ ရှေ့နေကြီး၏ အထောက်အပင့် အကူအညီဖြင့် တဖန် သွားပြန်လေရာ ဂန္ဓာရတိုင်း၊ တက္ကသိုလ်ပြည်သို့ ဆိုက်ရောက်လေ၏။ တက္ကသိုလ်ပြည်၏ ရှေးအကြောင်းကား ဧကက-နိပါတ်၊ တေလပတ္တဇာတ်(ဇာ၊၅၊၁။၄၂၀)၌ ဗာရာဏသီပြည်မှ ယူဇနာ ၁၂၀-ထက်၌ ဂန္ဓာရတိုင်း၊ တက္ကသိုလ်ပြည် ရှိ၏-ဟု ဆို၏။ ထိုတက္ကသိုလ်ပြည်မှ နန္ဒပုဏ္ဏားသည် ၄-ပါးကုန်သော သတာရဟဂါထာကို ယူ၍ ယူဇနာ ၁၂၀-ရှိသော ခရီးကို လွန်မြောက်၍ ဣန္ဒပတ္ထနဂိုရ်ပြည်သို့ ဆိုက်ရောက်ကြောင်းကို အသိတိနိပါတ်၊ မဟာသုတသောမဇာတ်၌ ဟောတော်မူ၏။ သတ္တတိနိပါတ်၊ ဂန္ဓာရဇာတ်၌ "ဂန္ဓာရရဋ္ဌေ တက္ကသီလနဂရေ"စသည်ဖြင့် လာရှိသည်ကို ထောက်လျှင် ဂန္ဓာရတိုင်း၌ တက္ကသိုလ်ပြည်ရှိကြောင်းကို မုချသိအပ်၏။

ဧကာ ဒါဋ္ဌာ တိဒသပုရေ၊ ဧကာ နာဂပုရေ အဟု။
ဧကာ ဂန္ဓာရဝိသယေ၊ ဧကာ ကလိင်္ဂရာဇိနော။ ။

ဤသို့လျှင် ဗုဒ္ဓဝင်ပါဠိတော်(၃၈၄)၊ သုတ်မဟာဝါပါဠိတော်၌ ဟောတော်မူ၏။

ဧကာ၊ ၁-ချောင်းသော။ ဒါဋ္ဌာ၊ အထက်လက်ယာစွယ်တော်သည်။ တိဒသပုရေ၊ တာဝတိံသာနတ်ပြည်၌။ အဟု၊ တည်သည်ဖြစ်၏။ ဧကာ၊ ၁-ချောင်းသော။ ဒါဋ္ဌာ၊ အောက်လက်ယာစွယ်တော်သည်။ နာဂပုရေ၊ နဂါးပြည်၌။ အဟု၊ တည်သည်ဖြစ်၏။ ဧကာ၊ ၁-ချောင်းသော။ ဒါဋ္ဌာ၊ အထက်လက်ဝဲစွယ်တော်သည်။ ဂန္ဓာရဝိသယေ၊ ဂန္ဓာရတိုင်း၌။ အဟု၊ တည်သည်ဖြစ်၏။ ဧကာ၊ ၁-ချောင်းသော။ ဒါဋ္ဌာ၊ အောက်လက်ဝဲစွယ်တော်သည်။ ကလိင်္ဂ-ရာဇိနော၊ ကလိင်္ဂမင်း၏။ ဝိဇိတေ၊ နိုင်ငံတော်၌။ အဟု၊ တည်သည်ဖြစ်၏။

လိုရင်းအဓိပ္ပါယ်မှာ ဘုရားသခင်၏ အထက်လက်ဝဲစွယ်တော်သည် ဂန္ဓာရတိုင်း၌ ရှိကြောင်းကို ဆိုလို၏။ စွယ်တော်ကို အကျယ်ပြလိုရင်း မဟုတ်။ ဇိနတ္ထကျမ်း၌ကား အဇာ-တသတ်မင်းသည် ဘူတာဝါဟနယန္တရားစက်ဖြင့် အသက်ရှိသော လူကဲ့သို့ သစ်သားရုပ်တို့ကို လက်နက်စွဲကိုင်စေလျက် လေ၏အဟုန်ကဲ့သို့ လျင်မြန်ခြင်းဖြင့် အဆင့်ဆင့်လည်စေ၍ ဌာပနာထားခဲ့သော ဘုရားရှင်ဓာတ်တော်တိုက်ကို ပါဋ္ဌလိပုတ်ပြည်၌ တက္ကသိုလ်ပြည်သား အနွယ်ဖြစ်သော သား,မြေးတို့ကို ဓမ္မာသောကမင်းကြီးက ဖွင့်လှစ်စေ၏။ ထို့နောက် ဓာတ်တော်များကို ယူ၍ စေတီ ၈၄,၀၀၀-တည်တော်မူကြောင်းကို တွေ့ရှိ၏။

သတ္တတိနိပါတ်၊ ဂန္ဓာရဇာတ်(၆၊၃။၃၄၅)၌ ဘုရားလောင်း **ဂန္ဓာလရာဇ်**မင်းသည် လကို ရာဟုဖမ်းသည်ကို မြင်၍ သံဝေဂဝင်ပြီးလျှင် မှူးမတ်တို့အား မင်းအဖြစ်ကို အပ်နှင်းလေ၏။ ထို့နောက် ဂန္ဓာရတိုင်းကို စွန့်လျက် ဟိမဝန္တာသို့ ထွက်သွားလေ၏-ဟု ဟောတော်မူ၏။ ကသ္မီရ, ဂန္ဓာရတိုင်း၌ **မ**ရွှန်ကမထေရ် ကြွတော်မူ၍ အာသိဝိသောပမသုတ်တရားကို ဟောကြားလျက် ၈၀,၀၀၀-ကုန်သော လူအပေါင်းတို့အား အကျွတ်တရားကို ရစေ၏-ဟု ပါရာဇိကဏ်အဋ္ဌကထာ(၁။၄၈-၅၀)၌ လာရှိ၏။ ဤကား ပါဠိဘာသာစကားဖြင့် သိအပ်, သိထိုက်သော အကြောင်းအရာတည်း။

ယခုရှိပုံ အခြေအနေကို ပြဆိုဦးအံ့။ ဂန္ဓာရတိုင်းသည် အနောက်ဘက်၌ လမ်ယာန်မြို့နှင့် ဂျလာလာဗာဒ်မြို့တိုင်အောင် ကျယ်ဝန်း၏။ မြောက်ဘက်၌ ဆွားတ်တောင်နှင့် ဗုနိရ်တောင်တန်းထိ ရှိ၏။ အရှေ့ဘက်၌ ဂ္ဂန္ဒမြစ်၊ တောင်ဘက်၌ ကာလဘာဂ်တောင်တန်းတိုင်အောင် ရှိ၏။ ဘုရားသခင်လက်ထက်ဝယ် ပံ့ကျာပ်နယ် အနောက်မြောက်ပိုင်းမှ သည် ယခုအခါ အာဖဂါနိုဆတာန်ပြည် အရှေ့ပိုင်းရှိ ကန္ဓဟာရ်နယ်ထိ ရှိဖူး၏။

တက္ကသိုလ်ပြည်၌ ပက္ကျသာတိမင်း အုပ်ချုပ်ခဲ့ဖူး၏ (ဒီ၊၄၊၂။၃၉၆)။ ထိုမြို့သည် ယခုအခါ ပေသျှာဝရ်စီရင်စု၊ ကာလ်ကာဆရာယခေါ်သော ရွာ၏ အရှေ့မြောက် ၁-မိုင်လောက် အကွာအဝေးရှိ ရှာဟ်ဓေရီခေါ်သော အရပ်ဌာန၏ အနီးအပါး၌ စေတီပေါင်း ၅၅-ဆူ၊ ကျောင်းပေါင်း ၂၈-ကျောင်း၊ ဘုရားတန်ဆောင်း ၉-ခုနှင့်တကွ ယခုအခါ ထင်ရှားရှိ၏။ ဤသို့လျှင် ကျောက်စာဝန် ကျောက်စာမင်းကြီး ကနိန်ဂဟမ်သည် ဆုံးဖြတ်၍ ပြ၏။ ဟူယင်ဆင်ကျမ်း၌ကား ဂန္ဓာရတိုင်းသည် အရှေ့မှ အနောက်သို့ လီပေါင်း ၁,၀၀၀-ရှိ၏။ (မိုင်အားဖြင့်ကား ၁၆၆-မိုင်ကျော် ရှိ၏။) မြောက်ဘက်မှသည် တောင်ဘက်တိုင်အောင် လီပေါင်း ၈၀၀-ရှိ၏။ (မိုင်အားဖြင့်ကား ၁၃၃-မိုင်ကျော် ရှိ၏။) မြို့တော် စတုရန်းလီပေါင်း ၄၀-ရှိ၏။ (မိုင်အားဖြင့်ကား ၆-မိုင်ကျော်ရှိ၏။) ဤသို့-စသည်ဖြင့် လာရှိ၏။

ဦးကိတ္တိရဟန်းတော် တွေ့ရှိရသည်ကို အမြွက်မျှ ဖော်ပြလိုက်ပေအုံ့။ တက္ကသိုလ်ပြည်၌ ကျောက်စာဝန်တို့သည် တူးဖော်လေပြီး, တူးဖော်ဆဲ, တူးဖော်လတ္တံ့တည်း။ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ ဌာနဝတ္ထု အစုစုအရပ်ရပ်တို့တွင် သိပ္ပံကျောင်းတော်ရာ, ဂျလိယန်, မိုရာမိုရာဒူ, ဂျန္ဒီယလ်, ဆိရကပ်, ကျိရတိုးပ်, ပိပလာ, ကူနလာဆ္ဆူပါ, မျူဇီယမ်၊ ဤ ၉-ခုသော ဌာနသည် အနီးအပါးတွင် ရှိ၏။ အထူးကား–

သိပ္ပံကျောင်းရာမှ အရာဝတ္ထုအမြောက်အမြား ပေါ်ထွက်၏။

ဂျလိယန်မှာ ကျောင်း, သိမ်, ရုပ်တု, ဆင်းတုများ ရှိကုန်၏။

မိုရာမိုရာဒူ၌ ကျောင်း, သိမ်, ရုပ်တုတော်နှင့်တကွ စေတီတော် ၁-ဆူရှိ၏။

ဂျန္ဒီယလ်နေရာမှာ ကျောင်းရာနှင့်တကွ ပျက်စီးလေပြီးသော အဆောက်အဦးများရှိ၏။

ဆိရကပ်အရပ်၌ ကြီးကျယ်ခမ်းနားသော ကျောင်းတော်ရာနှင့်တကွ အရာဝတ္ထုများ ရှိ၏။

ကျိရတိုးပ်ဌာန၌ ကျောင်းကန်, သိမ်, ပုထိုးနှင့်တကွ စေတီကြီး ၁-ဆူ ရှိ၏။ ၎င်းပြင် ရုပ်တု,ဆင်းတုတို့သည်လည်း ရှိကုန်၏။

ပိပလာ၌ ပျက်ပြားလေပြီးသော အဆောက်အဦးများသာ ရှိ၏။

ကူနလာဆ္ဆူပါ၌ကား ကျောင်းရာ,သိမ်ရာ-စသည်နှင့်တကွ စေတီတော်ကြီး ၁-ဆူရှိ၏။

မျူဇီယမ်၌ ထိုထိုသောနေရာမှ ရရှိသော အရာဝတ္ထုရှိ၏။

ဤမျှလောက်ကိုသာ တစ်ကိုယ်တစ်ယောက်တည်း သွားရောက်ကြည့်ရှုနိုင်၏။ ဝေးသောအရပ်ကိုမူကား မသွားနိုင်။ အဘယ်ကြောင့်ဆိုသော် တောင်လမ်း,တောလမ်း

အားကြီး၏။ လူဆိုး,လူမိုက်များလည်း ပွါးများကုန်၏။ ထို့ကြောင့် မသွားနိုင်သည့်အပြင် အစိုးရများလည်း ပဆပုက်လက်မှတ် မရှိသူကို သွားခွင့်မပေး။

----- × -----

[၃] တက္ကသိုလ်ပြည် လမ်းခရီးအစီအစဉ်

တက္ကသိုလ်ပြည်သို့ ကလကတ္တား, ဒိလ္လီ, လာဟိုရ်, ဗုံဗိုင်-စသည်မှ သွားနိုင်၏။ ယခုအခါမှာလည်း တက္ကသိုလ်(Thxila)ပြည်သို့ အတိုင်းတိုင်းအပြည်ပြည်က ပညာဗဟုသုတကို လိုလားကုန်သောသူတို့သည် လာရောက်ကြကုန်၏။ သို့သော် ဘူတာရုံမှတပါး တည်းခိုရန် နေရာမရှိ၊ လှည့်လည်ကြည့်ရှုသောသူမှာ ရှေးဦးစွာ မျူဇီယမ်အနီးအပါးရှိ အစိုးရလက်မှတ်ပေးရုံမှ လက်မှတ်ကို ရရှိမှ ကြည့်ရှုခွင့်ရသည်။ လက်မှတ်မပါခဲ့လျှင် ဌာနနှင့်ဆိုင်ရာ အစောင့်အရှောက်က အတွင်းသို့ ဝင်ခွင့်မပေး။ အစားအသောက်ကိုမူကား ဘူတာရုံအနီးအပါး ဆိုင်သည်များရှိခြင်းကြောင့် လွယ်လွယ်ကူကူ ရနိုင်၏။ အထက်ပါ အရပ်များသည် အစဉ်အတိုင်းမဟုတ်၊ တစ်နေရာနှင့် တစ်နေရာသည် ၂-မိုင်, ၃-မိုင်, ၄-မိုင်လောက်စီ ဝေး၏။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
တက္ကသိုလ်ပြည်	တက္ကသျှီလာ
လက်မှတ်ရုံ	တိကင့်အာဖိဆ်
ပြတိုက်ကြီး	မျူဇီယမ်
ဂျလိယန်	ဂျလိယန်
မိုရာမိုရာဒူ	မိုရာမိုရာဒူ
ဂျန္ဒီယလ	ဂျန္ဒီယလ်
ဆိရကပ္ပ	ဆိရကပ်
ကျိရတိုပ	ကျိရတိုပ်
ပိပလာ	ပိပလာ
ကူနလာ	ကူနလာဆ္ဆူပါ

----- × -----

[၄] ပေသျှာဝရ်မြို့အကြောင်း

ရဟန်းတော်ဦးကိတ္တိသည် တက္ကသိုလ်ပြည်မှ တဖန် သွားပြန်လေရာ ပေသျှာဝရ် (ပုရ၊ရှပုရ်)မြို့သို့ ဆိုက်ရောက်၍ ၎င်းမြို့၌ ဒီဝန်ကျန္ဒ အမည်ရှိသော ရှေ့နေကြီးနှင့် တွေ့ဆုံသောအခါဝယ် အထွေထွေအမျိုးမျိုး အကျိုးအကြောင်းစကားဖြင့် ဟောပြောပြီးလျှင် ၎င်းရှေ့နေကြီးက မိမိအိမ်သို့ ပင့်ဆောင်လျက် တင့်အပ်လျောက်ပတ်သောအရပ်၌ သီတင်းသုံးနေစေ၏။ ဤကဲ့သို့ တွေ့ဆုံရခြင်းအကြောင်းမှာလည်း လာဟိုရ်မြို့တော်က သျှိဝနာရာယဏ် ရှေ့နေကြီးက ဦးကိတ္တိရဟန်းတော် မရောက်မီကပင် တင်ကူး၍ အထူးကြေးနန်းရိုက်ထားသောကြောင့် ၎င်းဒကာကြီးသည် ဘူတာရုံတွင် အဆင်သင့်ကြိုဆိုနေ၏။ အိမ်သို့ ရောက်သောအခါ မြို့အားလုံး၌ အသုံးပြုလောက်သောနေရာ-ဟူသမျှကို အကြွင်းမရှိ သိမြင်စေ၏။

ပေသျှာဝရ်မြို့၏ ရှေးအကြောင်းကား ဖာဟီယန်ခေါ်သော တရုတ်ဘုန်းတော်ကြီးတို့ မရောက်မီကပင် စတုတ္ထသင်္ဂါယနာတင် ဘုရင်ကနိ၇္ကမင်းကြီး၏ အုပ်ချုပ်စဉ်အခါက သာသနာတော်သည် 'ရေမလှုပ် ကြာမစုတ်'ဆိုသကဲ့သို့ အထူးသဖြင့် ထင်ရှားကျော်စောခဲ့ဖူး၏။ ထိုကနိ၇္ကမင်းကြီးသည် ဘုရားသခင် ဗျာဒိတ်တော်အတိုင်း သာသနာတော်ကို ကောင်းစွာရှက်ဆောင်ပြီးလျှင် လက်တောင် ၁၀၀-မြင့်သော စေတီတော် ၁-ဆူကို ရတနာအမျိုးမျိုးတို့ဖြင့် ဆင်ယင်လျက် ကမ္ဘာပေါ်တွင် အတုမရှိသော စေတီကော်ကြီး တွင်စေရန် စီမံတည်ထားခဲ့လေ၏။

သာသနာတော်ထွန်းကားစဉ်အခါဝယ် ဖာဟီယန်တို့ အတော်အတန်မီလိုက်ကြကုန်၏။ ထို့နောက် ဟူယင်ဆင် တရုတ်ဘုန်းတော်ကြီးတို့ ဆိုက်ရောက်လာကြကုန်၏။ ထိုအခါ မြို့,ရွာများတို့ ပျက်စီးယိုယွင်းကြလေပြီ။ ရှေးရှေးက ရှိကုန်သော ကျောင်းတိုက် ၁,၀၀၀-လောက်လည်း သခ်ါရသဘောကို မလွန်နိုင်။ ရဟန်း,ရှင်,လူမှ ကင်းပြီးလျှင် မြက်တောထဲသို့ ဝင်ရောက်ရလေ၏။ များသောအားဖြင့် စေတီ, ပုထိုးလည်း ကျိုးပျက်ခြင်းသို့ ရောက်ရှိလေပြီ။ မြတ်စွာဘုရား၏ သပိတ်တော်သည်လည်း ဤတိုင်းပြည်တွင် ရှိခဲ့ဖူး၏။ အထူးသဖြင့် အကျယ်ကို သိလိုလျှင် ဖာဟီယန်နှင့် ဟူယင်ဆင်ကျမ်းကို ရှုကြလေ။ မင်းနေ-ပြည်သည် စတုရန်း ၆-မိုင်ကျော်ခန့် ရှိ၏။

မျက်မြင်ဒိဋ္ဌ ဦးကိတ္တိရဟန်းတော် တွေ့ရှိခဲ့ပုံမှာကား ကျောက်စာဝန်တို့ တူးဖော်လေပြီးသော ကျောင်းတော်ရာ ၁-ခုသည် လယ်ယာသဘ၌ဖြင့် ဖြစ်လေပြီ။ ၎င်းကျောင်းတော်ရာမှ ရရှိသော အရာဝတ္ထုကို ပြတိုက်၌ ဖော်ပြထား၏။ ၎င်းပြင် ပေသျှာဝရ်မြို့မှ မိုင်ပေါင်း ၄၀-အကွာအဝေး အရှေ့မြောက်ထောင့်အရပ် ယုဆုဖျာဤမြေဝန်တိုက်တွင် သျှာဟ-

ဗာဂျိုဂဟရီ-ခေါ်သော ရွာရှိ၏။ ၎င်းရွာမှ မိုင်ဝက်လောက်မှာ အသောကကျောက်စာရှိ၏။ ၎င်းကျောက်စာသည် အလျား ၂၄-ပေ, အမြင့်ပေ-၁၀, လုံးပတ် ၁၀-ပေရှိ ကျောက်လုံးပေါ်၌ ရေးရှိ၏။

ကျောက်စာ၏ ၁၄-ခန်းအနက် ၁၃-ခန်းသာ ရေးထိုးရှိ၏။ ၁၂-ခုမြောက် အခန်းသည်ကား ၎င်းနေရာမှ လက်တောင် ၅၀-လောက် အဝေးရှိ ကျောက်လုံး ၁-ခု၌ ရှိနေ၏။ အနက်အဓိပ္ပါယ်ကို ကျောက်စာပိုင်း သျှာဟဗာဂျိုဂဟရီတွင် ရှုလေ။ ထိုနေရာသည် သာမည မဟုတ်။ ရှေးအခါက အလွန်ကြီးကျယ်သော မြို့တော်ကြီး ဖြစ်ဖူး၏။ ကျောက်စာမင်းကြီး ကနိန်ဂဟမ်အလိုအားဖြင့် ဟူယိုင်ဆင်ကျမ်း၌ပါရှိသော ပိုလုသျှာမြို့သည် ဤနေရာ၌ ဖြစ်ဖူး၏။ တစ်နည်း အသောကမင်းကြီးပိုင်နက် ယဝနတိုင်းပြည်၏ မြို့တော်သည် ၎င်းကျောက်စာရှိရာမှာပင် ဖြစ်ဖူး၏-ဟု ဒေါက်တာဘဘ္ဘာရကရ်ခေါ်သော ပညာရှိကြီးက ဖော်ပြ၏။

၎င်းပြင် ပေသျှဝရ်မြို့၌ တိရစ္ဆာန်ရုံ, အက္ကဗရ်မင်း၏ ခံတပ်ဟောင်း, ထူးဆန်းအံ့ဩဖွယ်ကောင်းသော စမ်းရေတွင်းများလည်း ရှိကုန်၏။ လူတို့ တည်းခိုရန် ခိုင်မာလုံလောက်သော ဓမ္မသာလာမရှိ။ ဘူတာရုံ၌သော်လည်းကောင်း သို့မဟုတ် ဟိုတယ်(ထမင်းဆိုင်)၌သော်လည်းကောင်း တည်းခိုနိုင်၏။

----- x -----

[၅] ပေသျှာဝရ်မြို့ လမ်းခရီးအစီအစဉ်

ဤပေသျှာဝရ်(Peshawar)မြို့သည် မဇ္ဈိမဒေသတွင် ထင်ပေါ်သောမြို့ ဖြစ်ပေ၏။ ဝုံဗိုင်, ကလကတ္တား, ဒိလ္လီ, လာဟိုရ်-စသော မြို့တို့မှ သွားနိုင်,လာနိုင်၏။ ခရီးသည်တို့ ချမ်းချမ်းသာသာနှင့် တည်းခိုရန် ဟိန္ဒူဓမ္မသာလာ မရှိခြင်းကြောင့် ဆင်းရဲသောသူများ သွားရောက်ဖို့ရန် မလွယ်ကူချေ။ မူဆလမာန်ဓမ္မသာလာရှိငြားသော်လည်း အားမကိုးရချေ။ လူဆိုး,လူမိုက် များပြား၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ပေသျှာဝမြို့	ပေသျှာဝရ်
ပြတိုက်ကြီး	မျူဇီယမ် အဂျာယဗ်ယရ်
ခံတပ်ဟောင်း	ပုရာဏာကိလာ
စမ်းရေတွင်း	ကျသျှမာ

တိရစ္ဆာန်ရုံ	ကျိုရိယာခါနာ
ကျောင်းတော်ရာ	ဆရကာ ကီ ခိုဒါ(ဏ)ဆထာန်
ကျောက်စာရှိရာ	ယုဆုဖဂျာ(ဏ), သျှာဟဗာ(ဏ)ဂဟာရီ

----- × -----

[၆]　ကမ္မောဇတိုင်း၊ ဂုစ္ဆရပြည်အကြောင်း

ကမ္မောဇတိုင်း၊ ဂုစ္ဆရပြည်၏အကြောင်းကား-

ကမ္မောဇော အသာနံ အာယတနံ၊ ဂုန္နံ ဒက္ခိဏာပထော။

အသာနံ၊ မြင်းတို့၏။ အာယတနံ၊ ဖြစ်ပွါးရာအရပ်သည်။ ကမ္မောဇော၊ ကမ္မောဇတိုင်း မည်၏။ ဂုန္နံ၊ နွားတို့၏။ အာယတနံ၊ ဖြစ်ပွါးရာအရပ်သည်။ ဒက္ခိဏာပထော၊ ဒက္ခိဏာ-ပထဇနပုဒ် မည်၏-ဟူသော သီလဂွန်အဋ္ဌကထာ၊ ဗြဟ္မဇာလသုတ်(၁၁၅)နှင့်အညီ မြင်းတို့၏ ဖြစ်ပွါးရာအရပ်သည် ကမ္မောဇတိုင်း၊ နွားတို့၏ ဖြစ်ပွါးရာအရပ်သည် ဒက္ခိဏာပထဇနပုဒ် မည်၏။

စတုက္ကနိပါတ်၊ အင်္ဂုတ္တရပါဠိတော်, အပဏ္ဏကဝဂ်၊ ဒသမသုတ်(၃၉၄)၌ "**ဧကံ သမယံ ဘဂဝါ ကောသမ္မိယံ ဝိဟရတိ**"အစရှိသော ပါဠိတော်နှင့်အညီ မြတ်စွာဘုရားသခင်သည် ကောသမ္မီပြည်၊ ဃောသိတာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ အရှင်-အာနန္ဒာ လျှောက်ထားသည်မှာ "အရှင်ဘုရား၊ မာတုဂါမများသည် တရားသဘင်၌ မနေခြင်း၊ အမှုကြီး,ငယ်ကို မယှဉ်စေခြင်း၊ ကမ္မောဇတိုင်းသို့ ကုန်ရောင်း,ကုန်ဝယ် မသွားခြင်းသည် အကြောင်းအသို့ပါနည်း"ဟု လျှောက်ထားလေ၏။ (အံ၊၁။၃၉၄)

ဘုရားသခင်လည်း "ငါ့ရှင် အာနန္ဒာ၊ မာတုဂါမများသည် အမျက်ကြီးခြင်း, ငြူစူခြင်း, ဝန်တိုခြင်း, ပညာနည်းခြင်း"ဟု ဆိုအပ်သော အကြောင်းကြောင့် ဖြစ်၏-ဟု မိန့်တော်မူ၏။ အထက် ဒွါရကမြို့၌ ပြခဲ့သော အင်္ဂုံရမင်းသားသည် လှည်းစီး ၁,၀၀၀-တို့ဖြင့် ဒွါရက(ဒွါရဝတီ)ပြည်မှ ကမ္မောဇပြည်သို့ ကုန်ရောင်းသွားကြလေသော် သိဝိတိုင်း၊ ရောရုဝပြည်၏ အနောက်ဘက် မရုကန္တာရသဲသောင်ပြင်သို့ ရောက်လေကြောင်းကို အင်္ဂုံရပေတဝတ္ထု၌ ဟောတော်မူ၏။ ဤကား ပါဠိဘာသာဖြင့် သိအပ်သော စကားရပ်တည်း။ (ပေတ။၁၅၄)

ယခုရှိပုံ အခြေအနေကို သေချာစွာ ဖော်ပြဦးအုံ့။ ကမ္မောဇတိုင်းပြည်၏ **နယ်နိမိတ်**ကား မြောက်ဘက်၌ ပိရ်ပဏ္ဍာလ်, အနောက်ဘက်၌ ပုနက္ခ, တောင်ဘက်၌ ဘိမ်ဘရ်,

အရှေ့ဘက်၌ ရိဟာဆီနှင့် အဂ္ဂနုရ် အရပ်ဌာနများ ဖြစ်၏။ အဖြောင့်တိုင်းလျှင် စတုရန်းမိုင်ပေါင်း ၂၄၀-ရှိ၏။ ခြေကျင်ခရီးအတိုင်းဆိုလျှင် မိုင်ပေါင်း ၃၂၀-ရှိ၏။ အရှေ့ဘက်ကို ကျေနပ်မြစ်ကမ်းတိုင်အောင် ယူရမည်။ အထက်က ပြခဲ့သော နယ်နိမိတ်အတွင်းရှိ ရာကျောက်ရိုစိရင်စုနယ်သည်ပင် ရှေးယခင်က ကမ္ဘောဇတိုင်း ဖြစ်ပေ၏။

ကုစ္ဆရပြည် တစ်နည်း ဂုစ္ဆရပြည်သည် ၎င်းရာကျောက်ရိုမြို့ပင် ဖြစ်ပေ၏။ ရာကျောက်ရိုမြို့တော်သည် ရှေးအခါက မဟာမေဒင်မင်းများ အုပ်စိုးစဉ်မှာ ရာဂျပုရီ-ဟူသော အမည်သညာဖြင့် ထင်ပေါ်ခဲ့၏။ ကမ္ဘောဇတိုင်းကို ဂန္ဓာရတိုင်းနှင့် နီးစပ်၏-ဟု မှတ်ယူအပ်၏။ ဤကား ကျောက်စာမင်းကြီး ကနိန်ဂဟမ်၏ သတ်မှတ်အပ်သော ကမ္ဘောဇတည်း။

အချို့ဆရာက တိုဗက်ပြည်ကို ကမ္ဘောဇ-ဟု ခေါ်ဆိုကြ၏။ ထိုစကားသည် အရင်းအဖျား တိမ်မြုပ်နေ၏။ စင်စစ်မှာမူကား တိုဗက်လူမျိုးတို့သည် ဘုရားသခင်လက်ထက် သိန္ဓု(ဆိန္ဓု)မြစ်၏ အနောက်မြောက်ဘက်သို့ လာရောက်ပြီးလျှင် နေထိုင်ကြကုန်၏။ ထိုသူတို့ နေထိုင်ကြသည်ကို အစွဲပြု၍ ကမ္ဘောဇတိုင်းသည် တိုဗက်ပြည် ဖြစ်လေ၏-ဟု မှတ်လေ။

ထို့ကြောင့် ယခုရှိ တိုဗက်ပြည်ကို ကမ္ဘောဇတိုင်း-ဟု မယူအပ်။ ရှေးဟောင်း ဤရာနီကျောက်စာ၌ ကံဗုဇ္ဈိယ-သဒ္ဒါသည် ပါရှိ၏။ ၎င်းသဒ္ဒါ ကျောက်ကမ္ပည်းစာ၏ အဓိပ္ပါယ်မှာ ကမ္ဘောဇ-ဟု ရရှိပေ၏။ ထို့ကြောင့် ကျောက်စာမင်းကြီး ကနိန်ဂဟမ်၏အလိုသည် သာလွန်၍ ယုတ္တိရှိ၏။

----- × -----

[၃] မဒ္ဒရာဇ်တိုင်း၊ သာဂလပြည်အကြောင်း

ရဟန်းတော်ဦးကိတ္တိသည် ပေသျှာဝ၏မြို့မှ တဖန် ပြန်လိုက်လာလျှင် လာဟိုရ်မြို့တော် သျှိဝနာရာယဏ်ပဏ္ဍိတ် ရှေ့နေကြီးအိမ်သို့ ရောက်ပြန်လေ၏။ ပြန်လာရခြင်းအကြောင်းမှာ ၎င်းရှေ့နေမင်းက ကသ္မီရတိုင်းပြည်သို့ ချမ်းသာစွာ ရောက်စေလို၍ ဖိတ်မန်လိုက်ခြင်းကြောင့် လာဟိုရ်မြို့တော်သို့ ၂-ကြိမ်မြောက် ရောက်ရလေ၏။

ပန်ဂျာပ်နယ်ရှိ မဒ္ဒရာဇ်တိုင်း၏ ရှေးအကြောင်းကား ဧကကနိပါတ်၊ အဂုံတ္တရ-အဋ္ဌကထာ၊ ဘဒ္ဒါကာပိလာထေရီဝတ္ထု(မဟာကဿပထေရ်ဝတ္ထု၊၁၃၇။ ခေမာထေရ်ဝတ္ထု၊၂၆၄)၌ "**မဒ္ဒရဋ္ဌေ သာရလနဂရေ**"(ဇာ၊ဌ၊၅။၃၀၂)ဟူ၍ လာရှိခြင်းကြောင့် မဒ္ဒရာဇ်တိုင်း၌ သာဂလမြို့

ရှိကြောင်းကို သိအပ်၏။ သတ္တတိနိပါတ်၊ ကုသဇာတ်(၂၉၇)၌ လာရှိသည်မှာ မလ္လတိုင်း၊ ကုသဝတီပြည်မှ ကုသမင်းသည် တစ်နေ့တည်းဖြင့် ယူဇနာ ၁၀၀-ခရီးကို လွန်စေ၍ ညချမ်းသောအခါ သာဂလမြို့သို့ ဝင်ရောက်လေ၏-ဟု ဟောတော်မူ၏။ ထိုကုသမင်းသည် ပဘာဝတီမင်းသမီးကို တောင်းဆိုရန် လာကြသော ၇-ပြည်ထောင်မင်းတို့ကို ဖမ်းပြီးလျှင် မဒ္ဒရာဇ်မင်းကြီးအား အပ်နှင်းလေ၏။

မင်းကြီးလည်း "ငါ၏ရန်သူ မဟုတ်။ သင်ကုသမင်း၏ ရန်သူသာ ဖြစ်သည်။ ထို့ကြောင့် သင်မင်းကြီး အလိုရှိတိုင်း ပြုထိုက်သည်"ဟု ခွင့်ပြုလိုက်၏။ ကုသမင်းလည်း "သတ်ခြင်း၌ အကျိုးမရှိ၊ ဤမင်းတို့ကိုလည်း မင်းသမီး ၁-ယောက်, ၁-ယောက်စီ ပေးတော်မူပါ"ဟု အခွင့်တောင်းပြီးလျှင် မဇ္ဈမင်း, သုရသေနမင်း, အဿကမင်း, ပဉ္စာလမင်း, ဝဇ္ဇိမင်း, မဂဓမင်း, ကာသိမင်း၊ ဤ ၇-ပြည်ထောင်ကုန်သော မင်းတို့ကိုလည်း မင်းသမီး ၁-ယောက်, ၁-ယောက်စီ ပေးလိုက်ကြောင်းနှင့် ကုသဇာတ်၌ ဟောတော်မူ၏။ ဤကား ပါဠိဘာသာဖြင့် သိအပ်သော စကားတည်း။ (ဇာ၊၆၊၅။၃၃၀)

ထိုမဒ္ဒရာဇ်တိုင်း၊ သာဂလပြည်၏ ယခုရှိနေပုံမှာ ပန်ဂျာပ်နယ်ရှိ ဆိယာလ်ကိုးဌမြို့သည်ပင်လျှင် ရှေးက သာဂလပြည် ဖြစ်၏။ ယခုကာလ ရာဝီ(ရာဗီ)မြစ်၏ အနောက်ဘက်အစိတ်သည် ရှေးက မဒ္ဒရာဇ်တိုင်း ဖြစ်၏။ ၎င်းတိုင်း၏ နယ်နိမိတ်မှာ တောင်ဘက်ရှိ ဗျာဆ်နဒီ(Bias)ခေါ်သော မြစ်မှသည် မြောက်ဘက်ရှိ ဂျေလမ်(Jhelam)မြစ်တိုင်အောင်၊ အနောက်ဘက်၌ ကျေနပ်(Chenab) မြစ်မှသည် ဆိယာလ်ကိုးဌ သို့မဟုတ် ဂျမ်ဗူ (Jambu) မြို့တိုင်အောင် ရှိနေ၏။ ဤလာဟိုရ်မြို့တော်သည်ကား မဒ္ဒရာဇ်တိုင်းသို့ ပါဝင်လျက်ရှိနေပေ၏။ ဤသို့လျှင် ကျောက်စာဘက်ဆိုင်ရာက ကျောက်စာမင်းကြီး ကနိန်ဂဟမ်သည် အမှန်ပင် ဆုံးဖြတ်၍ ဖော်ပြထား၏။

----- × -----

[၈]　သာဂလပြည် လမ်းခရီးအစီအစဉ်

ကလကတ္တားမှ အမြိတဆာရ်(Amritsar)မြို့သို့ ရှေးဦးစွာ သွားပြီးလျှင် ၎င်းမြို့မှ ဆိယာလ်ကိုးဌ(Sialkot)မြို့သို့ သွားနိုင်၏။ သို့မဟုတ် မီးရထားမြေပုံကို သိနားလည်မူ အလိုရှိရာမြို့မှ သွားနိုင်၏။

----- × -----

[၉] သိဝိတိုင်း၊ စေတုတ္တရာပြည်အကြောင်း

ဝေဿန္တရာဇာတ်တော်ကြီးနှင့်အညီ ဝေဿန္တရာမင်းကြီးသည် သိဝိတိုင်း၊ စေတုတ္တရာပြည်မှ ဝက်ပါတောင်သို့ တောထွက်လေရာ ထိုအခါဝယ် ၅-ယူဇနာမြောက်တွင် သုဝဏ္ဏကာဋ(သုဝဏ္ဏဂိရိတာလ)တောင်သို့ ဆိုက်ရောက်လေ၏။ ၎င်းတောင်မှ ၅-ယူဇနာ သွားလျှင် ကောန္ဒိမာရမြစ်သို့ ရောက်လေ၏။ ၎င်းမှတဖန် ၅-ယူဇနာ သွားလေပြန်လျှင် အာရဉ္ဇရဂိရိတောင်သို့ ရောက်ပြန်လေ၏။ ၎င်းတောင်မှ ၅-ယူဇနာ သွားပြန်လျှင် နာဠိဒဏ္ဍ ပုဏ္ဏား(ဒုန္ဒိဝိဌပြာဟ္မဏ)ရွာသို့ ရောက်လေ၏။ ၎င်းရွာမှ ၁၀-ယူဇနာ သွားလေလျှင် ဦးရီးတော် မင်းကြီးနေရာ စေတတိုင်း၊ မဒ္ဒရာဇ်ပြည်(မာတုလမြို့)သို့ ရောက်လေ၏။ ၎င်းပြည်မှ ၁၅-ယူဇနာသွားလိုက်လျှင် ဟိမဝန္တာတောသို့ ရောက်လေ၏။ ၎င်းတောမှ ၁၅-ယူဇနာ သွားလေသောအခါ ဟိမဝန္တာရှိ ဝက်ပါတောင်သို့ ရောက်လေ၏။ ထို့ကြောင့် သိဝိတိုင်း၊ စေတုတ္တရာပြည်နှင့် စေတတိုင်း၊ မဒ္ဒရာဇ်ပြည်သည် ယူဇနာ ၃၀-ဝေးကြောင်းကို သိရ၏။ ဝက်ပါတောင်နှင့်ကား ယူဇနာ ၆၀-ဝေးကွာလေ၏။ (ဇာ၊၅၊၇။၂၈၄)

အဌကနိပါတ်၊ အာဒိတ္တဇာတ်၌ သိဝိတိုင်း၊ ရောရုဝမင်းကြီးနှင့် သမုဒ္ဒဝိဇယာမိဖုရားသည် ဟိမဝန္တာတောင်၌ သီတင်းသုံးနေတော်မူသော ပစ္စေကဗုဒ္ဓါ ၇-ဆူကို ပင့်ဖိတ်၍ ဆွမ်းလှူဖူးကြောင်းကို ဆိုတော်မူ၏။(ဇာ၊၅၊၃။၄၄၆) ၎င်းပြင် သိဝိတိုင်း၊ အရိဋ္ဌပုရပြည်၌ သိဝိမင်းကြီး မင်းပြုစဉ်အခါဝယ် မျက်စိမမြင်သော ပုဏ္ဏားယောင်ဆောင်လျက် အလှူခံလာသော သိကြားမင်းအား မျက်စိတော် ၂-ဖက်ကို ရက်ရက်စက်စက် ပေးလှူဖူးကြောင်းကိုလည်း ၎င်းသိဝိဇာတ်တော်၌ ဟောတော်မူ၏။

သိဝိတိုင်း၌ အရိဋ္ဌပုရပြည်ရှိကြောင်းကို သိလိုလျှင် ဝိသတိနိပါတ်၊ သိဝိဇာတ် (ဇာ၊၅၊၄။၄၀၂), ပဏ္ဏာသနိပါတ်၊ ဥမ္မာဒန္တီဇာတ်တွင် ရှုကြလေ။ သိဝိတိုင်းကို သောဝိရတိုင်း-ဟူ၍လည်း ခေါ်ဆို၏။ စေတုတ္တရာပြည်၏အမည်သည် ရောဒုက, ရောရုဝ, အရိဋ္ဌပုရ အမည်ဖြင့်လည်း ထင်ရှား၏။ ဤကား ပါဠိဘာသာဖြင့် သိအပ်,သိထိုက်သော စကားရပ်တည်း။

ယခုရှိပုံကို အောက်ပါအတိုင်း ရေးသားပြဦးအံ့။ ဣန္ဒိယပြည်၌ ကျီတောရ်(Chitor) အနီးအပါး နဂရီပြည်နယ်နှင့် စပ်လျက်ရှိနေသော ရှိရ်ကိုးင့်မြို့ရာသည် ရှေးက သိဝိတိုင်း၊ စေတုတ္တရာပြည်ဖြစ်ကြောင်းကို ကျောက်စာဝန် ဒေါက်တာဝိုဂေလ်ခေါ်သောသူသည် တူးဖော်သောအခါ ရရှိသော ငွေဒင်္ဂါး ၇-ပြားဖြင့် သိအပ်၏။ ၎င်းငွေဒင်္ဂါး၌ "မဇ္ဈမိက

သိဝိဇနပဒဿ"ဟူသော စာတန်းသည် ပါရှိ၏။ အဓိပ္ပါယ်မှာ မဇ္ဈိမိက-ဟု ဆိုအပ်သော သိဝိဇနပုဒ် (၀၊) သိဝိတိုင်းပြည်၏ မင်းတည်း။

ယခုအခါ မကြာမီအတွင်းမှာပင် ၎င်းသိဝိဇနပဒ-ဟူသော အမည်သည် သျှိ၀ပုရ် (သိ၀ပုရ) တစ်နည်း ဆိယောက်ရာရှိုးရ် စသည်ဖြင့် အမည်များစွာ ပြောင်းလာ၏။ မဒ္ဒရာဇ် တိုင်း၊ သာဂလပြည်မှ အနောက်တောင် မိုင်ပေါင်း ၈၆-မိုင် ဝေး၏။ ပန်ဂျာပ်နယ်မြောက်ပိုင်း သည် မဒ္ဒရာဇ်တိုင်း ဖြစ်၏။ တောင်နှင့် အနောက်တောင်ပိုင်းသည် သိဝိတိုင်းဖြစ်ကြောင်းကို ကျောက်စာမင်းကြီး ကနိန်ဂဟမ်သည် အထက်ပါရှိသော အကိုးအကား စကားရပ်ဖြင့် ဆုံးဖြတ်၍ ပြလိုက်သည်ကို မုချမှတ်ယူအပ်၏။

----- × -----

[၁၀] စေတုတ္တရာပြည် လမ်းခရီးအစီအစဉ်

မဒ္ဒရာဇ်တိုင်း၊ သာဂလပြည်ခေါ်သော ဆိယာလ်ကိုးဋ္ဌ(Sialkot)မြို့သို့ ရှေးဦးစွာ သွားကြပြီးလျှင် ၎င်းမြို့မှ အနောက်တောင်အရပ် ၈၆-မိုင်သွားလျှင် ရှိရ်ကိုးဋ္ဌအမည်ဖြင့် ထင်ရှားရှိနေသော သိဝိတိုင်း၊ စေတုတ္တရာမြို့ရာသို့ ရောက်နိုင်၏။ ရထားလမ်းမဟုတ်သော ကြောင့် အသွားအလာ မလွယ်ကူမှတ်လေ။ သတိထားရန်အကြောင်းမှာ သွားလိုသော ပုဂ္ဂိုလ်သည် ကျီတောရ်(Chitor)ခေါ်သော အရပ်ကို ရှေးဦးစွာ မေးရမည်။ ၎င်းမှ နဂရီကို မေးပြီးလျှင် အဆိုပါ ရှိရ်ကိုးဋ္ဌမြို့ရာသို့ သွားကြလေ။

----- × -----

[၁၁] စေတတိုင်း၊ မဒ္ဒရာဇ်ပြည်အကြောင်း

စေတတိုင်း၊ မဒ္ဒရာဇ်ပြည်သည် သိဝိတိုင်း၊ စေတုတ္တရာပြည်မှ ယူဇနာ ၃၀-ဝေးကြောင်းနှင့် ဝေဿန္တရာဇာတ်တော်ကြီးဌ လာရှိ၏။ ယခုရှိ မေရွတ်ခေါ်သော မြို့သည် စေတတိုင်း၊ မဒ္ဒရာဇ်ပြည် ဖြစ်၏-ဟု ဇမ္ဗူဒီပဂ္ဂန္ဒိယနယ်ပုံကျမ်းဌ ပါရှိ၏။ ဂ္ဂန္ဒိယပြည်ကြီးဌ မေရွတ်မြို့ကို ရှာမတွေ့၊ မေရဋ္ဌမြို့သာ ရှိ၏။ အရေးအသား မှားယွင်း၍ မေရွတ်ဖြစ်နေ ဟန်နှင့် တူ၏။ စေတတိုင်း၊ မဒ္ဒရာဇ်ပြည်ကို ကျောက်စာဝန်တို့ဘက်မှလည်း မရရှိသေး။

အကယ်၍ ဇမ္ဗူဒီပဂ္ဂန္ဒိယနယ်ပုံကျမ်းဌ ပါရှိသည့်အတိုင်း မှန်ခဲ့လျှင် မေရွတ်သဒ္ဒါကို မေရဋ္ဌ-ဟု ပြင်ရလိမ့်မည်။ မေရဋ္ဌသဒ္ဒါ မှန်ခဲ့လျှင် ၎င်းမေရဋ္ဌမြို့ဌ သီရိဓမ္မာသောကမင်းကြီး

ကျောက်စာ ၁-ခုရှိနေ၏။ ၎င်းကျောက်စာကို ဒိလ္လီမြို့သို့ ပြောင်းယူပြီးလျှင် စိုက်ထူထား လေ၏။

သို့သော် စဉ်းစားရန် အကြောင်းတစ်ခုမှာလည်း အင်္ဂလိပ်အကွာရာဖြင့် ရေးထား သောသဒ္ဒါကို ရခိုင်, မြန်မာ, ကုလားတို့က ရွတ်ဖတ်သောအခါ အသံထွက်သည် မှားသော အားဖြင့် မတူကြ။ ထိုသို့ မတူကြလျှင် မြန်မာတိုင်းပြည်၌ဖြစ်မူ မြန်မာအသံထွက်ကို အမှန် ယူရလိမ့်မည်။ ဂ္ဂန္ဒီယ၌ဖြစ်လျှင် ဟိန္ဒူလူမျိုးတို့၏ အသံထွက်ကို ယူရလိမ့်မည်။ အမည် သညာပုဒ်ကို အသံထွက်နှင့်ညီအောင် ရေးပြဖို့ရန် ခဲယဉ်းပေ၏။

----- × -----

[၁၂] မဒ္ဒရာဇ်ပြည် လမ်းခရီးအစီအစဉ်

မေရင်္ဂမြို့သို့ သွားလိုကြလျှင် ဗာရာဏသီမြို့မှလည်းကောင်း (သို့မဟုတ်) ဒိလ္လီမြို့မှ လည်းကောင်း သွားနိုင်၏။ သို့သော် ထိုမြို့တို့မှ ရှေးဦးစွာ ယာဂျိယာဗာဒ်(Ghagiyabad) ဘူတာသို့ လိုက်ကြလေ။ ၎င်းဘူတာမှ စေတတိုင်း၊ မဒ္ဒရာဇ်ပြည်ဖြစ်သော မေရင်္ဂ(Meerut) မြို့သို့ ရောက်အောင် သွားကြလေ။

----- × -----

[၁၃] ကသ္မီရတိုင်းပြည်အကြောင်း

ရဟန်းတော်ဦးကိတ္တိသည် ပဠာလတိုင်း၊ လာဟိုရ်မြို့တော်မှ တဖန် လိုက်သွားလေ ရာ ရာဝလ်ပိဏ္ဍီမြို့သို့ ကောင်းမွန်စွာ ဆိုက်ရောက်လေ၏။ ၎င်းမြို့၌ ၁-ရက်ပတ်လုံး နေထိုင် ခဲ့ပြီးမှ နံနက် ၁၀-နာရီကို မော်တော်ကားဖြင့် လိုက်ပါသွားပြန်လေရာ ကသ္မီရတိုင်းပြည်၌ ပဏ္ဍိတ်ဂျိုဝန္နာထ်ဂျက်အမည်ရှိသော အရေးပိုင်ကြီးအိမ်သို့ ရောက်လေ၏။ ထိုဒါယကာကြီးကို ဦးကိတ္တိရဟန်းတော် မရောက်မီကပင် လာဟိုရ်မြို့၊ သျှိဝနာရာယဏ် ရှေ့နေတော်မင်းက ကြေးနန်းဖြင့် အကြောင်းကြားထားလေသောကြောင့် ၎င်းဒါယကာကြီးမှာ ရဟန်းသံဃာကို မြင်ရလျှင် ဖြူစင်သောသဒ္ဓါတရားနှင့် တင်ကြို၍ ခရီးဦးကြိုပြုနှင့်လေ၏။

ကသ္မီရတိုင်းပြည်နှင့် လာခဲ့သော ရာဝလ်ပိဏ္ဍီမြို့သည် အင်္ဂလိပ်မိုင် ၂၀၀-ဝေး၏။ လမ်းစဉ်တလျှောက်လုံး၌ တောင်အတိပြီး၍ ဟိမဝန္တာကြီးနှင့် နီးစပ်သောကြောင့် တောင် အောက်,တောင်ထိပ် အလုံးစုံသောအရပ်မှာ ရေခဲ,နှင်းခဲဖြင့် ပြွမ်း၏။ ရေစမ်း, ရေအိုင်,

ကျောက်တောင်, ရေမြောင်း များစွာရှိကုန်၏။ ဟေမန္တဥတုရာသီကို တိုင်းတပါးက လူများတို့သည် သွားခြင်းငှာ အလွန်ခဲယဉ်းကြကုန်၏။ နယုန်လမှစ၍ သီတင်းကျွတ်လသို့ ရောက်အောင် လမ်းခရီးမြို့,ရွာတို့၌ ဆီးနှင်းခဲ မရှိကုန်။ အနီးအပါး တောင်တို့၌ကား ၁၂-ရာသီလုံး ရေခဲအတိ ရှိ၏။ လမ်းခရီးအကြားမှာ အလိုရှိသော အစားအသောက်ကို ရနိုင်၏။ အစိုးရဘက်မှလည်း နယ်ခြား,ပြည်ခြားအတွက် အချက်ကျနေရာတို့၌ အစောင့်အရှောက်ကို ထား၏။ အင်္ဂလိပ်ဘက်မှ ဂတ် ၂-ခု၊ ကသ္မီရအစိုးရဘက်မှ ဂတ် ၁-ခု၊ ထို ၃-ခုကို လွန်မှ သာလျှင် မြို့တွင်းသို့ ရောက်နိုင်၏။ ဤကား လမ်းစဉ်တလျှောက် သိအပ်သော စကားအမြွက်တည်း။

မြို့တော်၌မူကား ဟိန္ဒူရှင်ဘုရင် စိုးစံ၍ရှိ၏။ မြို့အားလုံးကို ၁၂-ရာသီ ဆီးနှင်းခဲတို့ဖြင့် ရောပြွမ်းသော တောင်တို့ဖြင့် ခြံရံ၍ တည်ရှိခြင်းကြောင့် သီတ လွန်ကဲ၏။ ကဆုန်လမှစ၍ သီတင်းကျွတ်လတိုင်အောင် မြို့တွင်း,မြို့ပြင်၌ ဆီးနှင်းခဲ မရှိ။ သို့သော် အဝေးရှိ တောင်တို့၌မူကား လူတို့ မသွားလာနိုင်အောင် ဆီးနှင်းခဲ ရှိ၏။ ၎င်းပြင် မြို့ထဲ,မြို့ပြင်၌လည်း ရေစမ်း, ရေအိုင်, ချောင်းမြောင်း, မြစ်ငယ်, ဥယျာဉ်, သစ်သီး, သစ်မြစ်-အစစအရာရာတို့သည် များစွာရှိကုန်၏။ ဟိန္ဒူ, မူဆလမာန်တို့သည် မိမိတို့ ကိုးကွယ်ကြကုန်သော ဘာသာတရားကို အထူးအားထုတ်ကြကုန်၏။ ဘာသာအလိုက် ကျောင်း, ကန်, သိမ်, ပုထိုး အမျိုးမျိုးသော ရုပ်တု,ဆင်းတုများလည်း ရှိကုန်၏။ ဤကား မြို့တွင်း,မြို့ပြင် ၂-ဌာန၏ အမြွက်မျှ စကားရပ်တည်း။

ပါရာဇိကဏ်အဋ္ဌကထာ၊ ဗာဟိရနိဒါန်း(၄၈)နှင့်အညီ ရှေးအခါဝယ် ဘုရားသခင်သာသနာတော်ကို စည်ပင်ထွန်းလင်းစေခြင်းငှာ ကသ္မီရတိုင်းပြည်သို့ မဇ္ဈန္တိကအရှင်မြတ်သည် စျာန်သမာပတ်ဖြင့် ကြွသွားပြီးလျှင် အရဝါဠနဂါးမင်းကို နှိမ်နင်းတော်မူပြီး၍ လူအပေါင်းတို့အား ကိလေသာတည်းဟူသော အနှောင်အဖွဲ့ကြီးကြီးမှ လွတ်စေတော်မူ၏။ ထို့ကြောင့်–

ဂန္ဓာ ကသ္မီရဂန္ဓာရံ၊ ဣသိ မဇ္ဈန္တိကော တဒါ။
ဒုဋ္ဌ နာဂံ ပသာဒေတ္မာ၊ မောစေသိ ဘန္ဓနာ ဘဟူ။ ။

ဟူ၍ လာရှိပေ၏။ (ဝိ၊ဌ၊၁။၅၀)

တဒါ၊ ထိုသာသနာတော်ပြု စေလွှတ်သောအခါ၌။ မဇ္ဈန္တိကော၊ မဇ္ဈန္တိက အမည်ရှိသော။ ဣသိ၊ ရဟန္တာအရှင်မြတ်သည်။ ကသ္မီရဂန္ဓာရံ၊ ကသ္မီရတိုင်း, ဂန္ဓာရတိုင်းသို့။ ဂန္ဓာ၊ ကြွသွားတော်မူ၍။ ဒုဋ္ဌနာဂံ၊ လူတို့အား နှိပ်စက်နေသော အရဝါဠနဂါးမင်းကို။ ပသာဒေတ္မာ၊

ကြည်ညိုစေပြီး၍။ ဗဟု၊ လူများအပေါင်းတို့ကို။ ဗန္ဓနာ၊ ကိလေသာတည်းဟူသော အနှောင်အဖွဲ့မှ။ မောစေသိ၊ လွတ်စေတော်မူ၏။

ဤသို့လျှင် ရဟန္တာအရှင်မြတ်၏ တရားဟောချက်တော်မူရာ ကသ္မီရတိုင်းပြည်၏ နယ်နိမိတ်ကား မြောက်ဘက်၌ ဣန္ဒုဆ်မြစ်မှသည် တောင်ဘက်ရှိ ဆလင့်ဇ်တောင်တန်းထိ၊ အနောက်ဘက်၌ ထိုဣန္ဒုဆ်မြစ်မှသည် အရှေ့ဘက်ရှိ ရာဝီမြစ်တိုင်အောင် ရှိနေ၍ စတုရန်းမိုင်ပေါင်း ၉၀၀-ကျော်ခန့်ရှိ၏-ဟူ၍ ကျောက်စာမင်းကြီး ကနိန်ဂဟမ်က ညွှန်းပြပေ၏။ ဟူယိုင်ဆင်ကျမ်း၏ အလိုအားဖြင့်ကား လီပေါင်း-၇၀၀၀၊ စတုရန်းမိုင်ပေါင်းဆိုလျှင် ၁၁၆၆-မိုင်ကျော် ရှိ၏။ မြို့တော်ကား တောင်နှင့်မြောက် ၂-မိုင်ကျော်ရှိ၍ အရှေ့,အနောက် ၁-မိုင်သာသာလောက် ရှိ၏။ မြို့တော်၏ အနောက်အရပ်၌ မြစ်ကြီး ၁-စင်း ရှိ၏။ သံယာတော် ၅၀၀၀-လောက်နှင့် ကျောင်းတိုက်ပေါင်း ၁၀၀-ရှိ၏။ မြတ်စွာဘုရား၏ သရီရဓာတ်တော်ကို ဌာပနာခဲ့သော အသောကစေတီတော် ၄-ဆူလည်း ရှိ၏။

ထိုမှတပါး ဝသုမိတြ(ဝသုဗန္ဓု)ဆရာကြီးကို ဥက္ကဋ္ဌတင်မြှောက်၍ ပညာရှိတို့နှင့် ပိဋကတ် ၃-ပုံကို ၁-ပုံလျှင် ဂါထာ ၁၀,၀၀၀-စီ ဖွဲ့ပြီးလျှင် စတုတ္ထသင်္ဂါယနာတင်ပြီးနောက် ကနိရ္ဓကမင်းသည် ကြေးပရပိုက်တွင် ရေးသားစေပြီးမှ ကျောက်သေတ္တာကြီး ၁-ခု၌ ဌာပနာပြီးနောက် ကမ္ဘည်းတံဆိပ် ခတ်နှိပ်လျက် ၁-ဆူသော စေတီတော်၌ ဌာပနာခဲ့၏။ မင်းကြီးလည်း ကောင်းမှုတော် ပြီးစီးလျှင် စစ်အင်္ဂါ ၄-ပါးနှင့်တကွ ပေသျှာဝ၏မြို့တော်သို့ ပြန်လှည့်ရာတွင် မြို့အနောက်တံခါးမှ ရပ်တော်မူလျက် အရှေ့ဘက်သို့ မျက်နှာမူ၍ ရှိခိုးပူဇော်ပြီးနောက် ပြည်သူပြည်သားနှင့်တကွ သံယာတော်တို့အား အလှူကြီးကို ပေးတော်မူပြီးမှ ကြွသွားတော်မူလေ၏။

ယခုရှိနေပုံ အခြေအနေမှာ ကသ္မီရမြို့တော်မှ ၄-မိုင်ခရီး၌ ပန္ဒြန်ဌာန်ခေါ်သော အရပ်သည် ရှိ၏။ ၎င်းအရပ်မှ ဗုဒ္ဓဘာသာ ဘုရားရုပ်တု, ဆင်းတုများ ရရှိကုန်၏။ မြို့တော်မှ ၁၁-မိုင်အဝေးအကွာ၌ ပရဟာဆ်ပုရာ အမည်ရှိသော ဌာန ၁-ခုရှိ၏။ ၎င်းအရပ်မှ ဘုရားလောင်းတော်၏ ရုပ်တု, ဆင်းတုများ ထွက်ပေါ်၏။ ထိုအရပ်ကို သျှာဒီပုရာ-ဟူ၍လည်းခေါ်ဆိုကြ၏။ မြို့တော်မှ ၃၄-မိုင်ထက်၌ ဗာရာမူလာခေါ်သော အရပ် ၁-ခုရှိ၏။ ၎င်းအရပ်မှ ဘုရားသခင်၏ ရုပ်ပွါးတော်, ဆင်းတုတော်များ ထွက်ပေါ်၏။ မြို့တော်မှ ၁၈-မိုင်အဝေး၌ အဝန္တိပုရာအရပ် ရှိ၏။ မြို့တော်မှ ၂၉-မိုင်ခရီး၌ ဘီဂျဗိဟာရာအမည်ဖြင့် ထင်ရှားသော ဌာနသည် ရှိ၏။ ၎င်းအရပ်မှ ဟိန္ဒူလူမျိုးတို့၏ ကိုးကွယ်ရာ ဗိသဏှိုး-စသော နတ်ရုပ်များ ထွက်ပေါ်၏။

မြို့တော်မှ ၅-မိုင်လောက် အဝေးအကွာ မြစ်ကမ်းပါးရှိ တောင်ခြေရင်းအရပ်၌ အထူးသဖြင့် အုံ့ဩစရာ နိသ္သာဒ်ဗါဂ် အမည်ရှိသော ဥယျာဉ်တော်ကြီး တုမရှိ နန္ဒဝန်ကဲ့သို့ တင့်တယ်စွာ ရှိပေ၏။ မြို့တော်နှင့် အထက်ပါ ဥယျာဉ်တော်အကြား၌ သျှလာမာရ် အမည်ဖြင့် လူတို့ခေါ်ဆိုကြသော ဥယျာဉ်တော်ကြီး ၁-ခု၊ ၎င်းပြင် ကျသျှမာခေါ် မည်သည်ဖြင့် ဝေါဟာရ စမ်းရေတွင်းကြီးလည်း ရှိ၏။ ခရီးသည်တို့ ချမ်းသာစွာ တည်းခိုရန် ဓမ္မသာလာ ရှိခြင်းကြောင့် ဆင်းရဲသားများ အသွားအလာ လွယ်ကူဖြောင့်မတ်၏။ မြို့တော်ကိုကား ယခုအခါ အလွန်သာယာသောကြောင့် သျှရီနဂရ်အမည်ဖြင့် ပြောင်းလွဲထား၏။ ပထမ ကဏ္ဍာ၌လည်း ဖော်ပြခဲ့ပြီ။

----- × -----

[၁၄] ကသ္မီရတိုင်းပြည် လမ်းခရီးအစီအစဉ်

ဤကသ္မီရ(Kashmir) မြို့တော်သည် မီးရထားလမ်း မဟုတ်။ လာဟိုရ်မှ ရာဝလ်-ပိဏ္ဍီမြို့သို့ သွားပြီးလျှင် ၎င်းမြို့မှ မော်တော်ကား, လော်ရီများနှင့် သွားနိုင်၏။ တစ်နည်း တက္ကသိုလ်, ပေသျှာဝရ်, ဂျမ္မူမြို့တို့မှလည်း သွားရောက်နိုင်၏။ သို့သော် အဆိုပါ ရာဝလ်ပိဏ္ဍီမှာ လူသွားလူလာများခြင်းကြောင့် အသွားအလာ ဖြောင့်မတ်၏။ မြို့တော်၌ ဓမ္မသာလာရှိနေခြင်းကြောင့် ချမ်းသာစွာ နေနိုင်ပေ၏။ ဖော်ပြခဲ့သော နေရပ်ဌာနများတို့သည် ကသ္မီရမြို့တော်ကို ခြံရံသော တောင်ကြား၌ ရှိနေခြင်းကြောင့် တစ်ကိုယ်တစ်ယောက်တည်း သွားခြင်းငှာ မစွမ်းနိုင်။ ကသ္မီရမြို့တော်ကို သျှရီနဂရ်-ဟု ခေါ်ဆို၏။ ရာဝလ်ပိဏ္ဍီ(Rawalpindi)မှ မိုင်ပေါင်း ၂၀၀-ဝေး၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ရာဝလပိဏ္ဍီမြို့	ရာဝလ်ပိဏ္ဍီ
ကသ္မီရတိုင်းပြည်	သျှရီနဂရ်
ဓမ္မသာလာဇရပ်	ဟိန္ဒူဓရ်မသျှာလာ
ပန္ဒြီဌာနအရပ်	ပန္ဒြန်ဌာန်
ပရဟာဆပုရာ, သျှာဒီပုရာ	ပရဟာဆ်ပုရာ, သျှာဒီပုရာ
ဗာရာမူလာအရပ်	ဗာရာမူလာ
နိသာဒဥယျာဉ်	နိသျှာဒ်ဗာဂ်

သလံမာရဉယျာဉ်	သျှလံမာရ်ဗာဂ်
ပြတိုက်ကြီး	မျှုဇီယမ်, အဂျာယဗ်ယရ်

----- × -----

[၁၅] ရိရှိကေသ္ဝမြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ကသ္မီရမြို့တော်မှ ပြန်လာရာ အစဉ်အတိုင်း ရာဝလ်-ပိဏ္ဍီ, လာဟိုရ်, ဟရိဒ္ဒါရ်မြို့သို့ ရောက်လေ၏။ ထိုမြို့မှ မော်တော်ကားနှင့် တဖန် လိုက်ပါသွားလေရာ ရိရှိကေသ္ဝ အမည်ရှိသော မြို့တော်သို့ ဆိုက်ရောက်၍ ဒယာနီမိဆွာမိ ခေါ်သော ပဏ္ဍိတ်နှင့် တွေ့ဆုံမိရာ အလ္လာပသလ္လာပ ပဋိသန္ထာရစကားဖြင့် ဟောပြောလျက် နေ့ရက်တို့ကို လွန်မြောက်စေ၏။ အဆိုပါမြို့၌ကား ဂင်္ဂါမြစ်တလျှောက်တွင် ရသေ့သူတော်ကောင်းတို့၏ နေရာသခ်ိမ်းကျောင်းတို့သည် အမြောက်အများရှိကုန်၏။ သူဌေးသူကြွယ်တို့ကလည်း ရသေ့,ရဟန်းတို့ကို မခေါင်းပါးစေရအောင် အလျှဇရပ်တော်ကြီး ဆောက်လုပ်ပြီးလျှင် မပျက်မကွက်သော အလျှဝတ်ကို ပြုလုပ်နေကြ၏။

အထူးကား ရိရှိကေသ္ဝမြို့သည် ဟိမဝန္တာနှင့် နီးစပ်၍ တောင်အရံအကာနှင့်တကွ တည်ရှိ၏။ ထိုနယ်အတွင်း၌ ဒေဟရာဒုန်းစီရင်စု၊ ကာလဆီရွာမှ ၁-မိုင်ခွဲလောက်တွင် တောင်ဘက်အရပ်၌ ယမုနာနှင့် တောက်ဆ်ခေါ်သော မြစ် ၂-ခုတို့၏ဆုံရာ ကျောက်ဆောင်ကြီး ၁-ခုတွင် ကျောက်စာပိုင်း၌ ပါရှိသော အသောကကျောက်စာ ရှိ၏။ ကျောက်စာပေါ်တွင် ဆင်ရုပ် ၁-ခု၌ ဂဇတမော-ဟူသော စာတန်းငယ်လည်း ပါရှိ၏။ အဓိပ္ပါယ်ကို ကာလဆီကျောက်စာမှာ ရှုကြလေ။

သွားရောက်ရန် ခရီးအစီအစဉ်မှာ ကလကတ္တားမြို့မှ ဟရိဒ္ဒါရ်(Hardwar)ဘူတာသို့ ရောက်အောင် လာပြီးလျှင် ရိရှိကေသ္ဝ(Rikhikesh)မြို့သို့ သွားနိုင်သည်။ တည်းခိုရန် ဓမ္မသာလာရှိ၏။ ကြည့်ရှုရန်ကား တြိဝေနီယာဌာနခေါ်သော ရေဆိပ်, ရာမကျန္ဒြမန္ဒိရ်ခေါ်သော ဘုရားကျောင်း, ဘရတ်မန္ဒိရ်ခေါ်သော ဘုရားကျောင်း, မာယာကုဏ္ဍခေါ်သော ရေအိုင်, ကေလာဆ်အာသျှရမ်ခေါ်သော သခ်ိမ်းကျောင်း, ဆွရဂါသျှရမ်းခေါ်သော သခ်ိမ်းကျောင်း၊ ဤသို့စသော နေရာဌာနများတို့သည် ရှိကုန်၏။ အသောကကျောက်စာရှိရာသို့ သွားလိုလျှင် ကလကတ္တားမှ ဒေဟရာဒုန်း(Dehradun)မြို့သို့ ရောက်အောင် သွားနိုင်၏။ ထိုမြို့မှ တဖန် အထက်ပါ နေရပ်သို့ သွားကြလေ။

----- × -----

[၁၆] အဟောဂင်္ဂါနှင့် ဟရိဒ္ဓါရ်မြို့အကြောင်း

ရှေးရှေးက ရဟန္တာအရှင်မြတ်တို့၏ သီတင်းသုံးတော်မူရာ အဟောဂင်္ဂါကို ဖူးမြော်ခြင်းအလို့ငှာ ရဟန်းတော်ဦးကိတ္တိသည် ရိရှိကေသျှမြို့မှ ပြန်လာရာ ဟရိဒ္ဓါရ်မြို့သို့ တဖန်ဆိုက်ရောက်ပြန်လေ၏။ ထိုဟရိဒ္ဓါရ်မြို့သည်ပင် ရှေးက အရှင်မဟာမောဂ္ဂလိပုတ္တတိသထေရ်၏ သီတင်းသုံးတော်မူရာ ဖြစ်ပေ၏။ ဖြစ်ဟန်ကား သီရိဓမ္မာသောကမင်းကြီးလက်ထက် အရှင်မောဂ္ဂလိပုတ္တတိသထေရ်သည် ဖြစ်လတ္တံ့သော အကြောင်းအရာကို မြင်တော်မူ၍ အဟောဂင်္ဂါသို့ ကြွသွားတော်မူပြီးလျှင် သီတင်းသုံးနေတော်မူလေ၏။

ထိုအခိုက်တွင် ပါဋလိပုတ်ပြည်၌ သံဃာတော်တို့၏ အဓိကရဏ်းကို ငြိမ်းအေးစေတော်မူလို၍ သီရိဓမ္မာသောကမင်းကြီးသည် အမတ်တစ်ယောက်အား "သံဃာတော်တို့၏ အဓိကရဏ်းကို ပယ်ဖျောက်စေရမည်"ဟု စေခိုင်းလိုက်ရာ မလိမ္မာသော အမတ်ကလည်း ကျောင်းတိုက်သို့ သွားပြီးလျှင် သံဃာတော်တို့ကို သတ်ဖြတ်ခြင်းတည်းဟူသော မသူတော်အမှုကို ပြုလေ၏။ ထိုအကြောင်းအရာကို မင်းကြီး ကြားသိလတ်သော် ဓမ္မသံဝေဂကြီးဖြစ်၍ "ထိုအမတ်ကြီး ပြုလိုက်သော အကုသိုလ်ကံသည် ငါ့အား ကျရောက်လတ္တံ့"ဟု ယုံမှားခြင်းဖြစ်လေ၏။ ထိုမင်းကြီး၏ စိတ်ဒုက္ခကို ပယ်ဖျောက်ခြင်းငှာ တစ်စုံတစ်ယောက်မျှ မစွမ်းနိုင်ရကား ယင်းသို့သောအကြောင်းဖြင့် မင်းကြီးသည် မိမိ၏ယုံမှားခြင်းကို ပယ်ဖျောက်စေလိုသောကြောင့် အရှင်မဟာမောဂ္ဂလိပုတ္တတိသထေရ်ကို ပင့်ဖိတ်တော်မူလေ၏။ မထေရ်မြတ်လည်း အကြောင်းအရာကို ကြည့်ရှုဆင်ခြင်၍ ပါဋလိပုတ်ပြည်သို့ ကြွလာတော်မူပြီးလျှင် မင်းကြီး၏သံသယကို ဖျောက်တော်မူပြီးမှ တတိယသင်္ဂါယနာ တင်တော်မူလေ၏။

ထိုအရှင်မဟာမောဂ္ဂလိပုတ္တတိသထေရ်၏ သီတင်းသုံးတော်မူရာ အဟောဂင်္ဂါသည်ကား ယခုရှိ ဟရိဒ္ဓရ်မြို့ ဂင်္ဂါဆိပ်၌ ကျန္ဒီမဟာရ်ခေါ်သော တောင်ကိုပင်လျှင် ရှေးက တတိယသင်္ဂါယနာတင် အရှင်မဟာမောဂ္ဂလိပုတ္တတိသထေရ်၏ သီတင်းသုံးတော်မူရာ တောင်-ဟု မှတ်ယူအပ်၏။ ထိုတောင်သည် ဂင်္ဂါ၏ လက်ဝဲဘက်တွင် တည်ရှိ၏။ တောင်ပေါ်မှာ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အဦးများ တစ်စုံတစ်ခုမျှပင် မရှိငြားသော်လည်း ရှေးက ရဟန္တာအရှင်မြတ်တို့ နေထိုင်ခဲ့ရာ ဌာနထူး,ဌာနမြတ်-ဟု ယုံကြည်ဆည်းကပ်ရပေ၏။ ဟိန္ဒီ,သင်္ဂလာ ဗုဒ္ဓကျရယခေါ်သော ကျမ်းကြီးကို ရှုလေ။

ဎင်းပြင်လည်း ဟရိဒ္ဓါရ်မြို့ကို ဟိန္ဒူလူမျိုးတို့က နိဗ္ဗာန်ဝင်ရာ မဟာဆိပ်ကမ်းကြီး-ဟု ယုံကြည်ပြီးလျှင် အထွဋ်အမြတ် တင်ထားကြကုန်၏။ သူဌေးသူကြွယ်တို့လည်း အလှူဝတ်မပျက်ဘဲ နေထိုင်လေ့ရှိကုန်၏။ ဂင်္ဂါ၏ လက်ဝဲ,လက်ယာတလျှောက်၌ ကြည့်ရှုစရာ

ဟိန္ဒူလူမျိုးတို့၏ အဆောက်အဦးမှာကား ဟရိဒ္ဒါရ်, မာယာဒေဝီ, ဆခနာထ်, ဂင်္ဂါဒ္ဒါရာ-ဟူ၍ ဘုရားကျောင်း ၄-ခုအနက် ဆခနာထ်ဘုရားကျောင်း၏ ပြင်ဘက်၌ ငါတို့ ဘုရားရုပ်ပွါး တော်များလည်း ရှိကုန်၏။ ထိုမှတပါး ဟရိကျရဏာယာဌ်ခေါ်သော ရေဆိပ်၏ ကြီးကျယ်ပုံကို အကုန်မရေးနိုင်ချေ။ လိုရင်းမျှကိုသာ ဖော်ပြလိုက်ရပေ၏။

အဆိုပါ အရပ်ဌာနသို့ သွားရောက်ကြည့်ရှုလိုလျှင် ဘုရားလူကြီးတစ်ယောက်ကို ခေါ်ဆောင်ယူမှ ဗဟုသုတများမည်။ တောတောင်များသည့်အတွက် တစ်ယောက်တည်း မသွားနိုင်။ ဟရိဒ္ဒါရ်(Hardwar)မြို့သည် ငယ်ပင်ဂယ်သော်လည်း ဂ္ဂန္ဒီယတွင် ထင်ပေါ်သော မြို့ဖြစ်နေခြင်းကြောင့် အသွားအလာ လွယ်ကူ၏။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
ဟရိဒ္ဒါရမြို့	ဟရိဒ္ဒါရ်
ရေဆိပ်ကမ်း	ဟရိကျရဏာယာဌ်
အဟောဂင်္ဂါ	ဂင်္ဂါနဒီ
မောဂ္ဂလိပုတ္တတိဿတောင်	ကျန္ဒီပဟာရ်

----- × -----

[၁၇] မုရာဒါဗာဒ်မြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဟရိဒ္ဒါရ်မြို့မှ ထွက်လာရာ မုရာဒါဗာဒ်မြို့သို့ ရောက်၍ ဆာဟုဟာရခုလာလ် အမည်ရှိသော သူဌေးကြီးနှင့် တွေ့ဆုံလေလျှင် ထိုသူဌေးမင်းသည် မိမိအိမ်သို့ ပင့်ဆောင်၍ သီတင်းသုံးနေစေပြီးမှ မြို့,ရွာအလုံးစုံကို အကုန်မကျန် ကြည့်ရှုစေ၏။ မြို့၌ကား ခံတပ်ဟောင်း, ရာမဂင်္ဂါ, ပန်းဥယျာဉ်များ ရှိကုန်၏။ ဟိန္ဒူရသေ့,ရဟန်းတို့လည်း ရေဆိပ်ကို အမှီပြု၍ အမြောက်အများ နေထိုင်ကြကုန်၏။ ဒန်အိုး, ဒန်ခွက်အလုပ်ကို အထူးအဆန်း ပြုလုပ်ကြ၏။ ဂ္ဂန္ဒီယပြည်တွင် ထိုမုရာဒါဗာဒ်မြို့လည်း ထင်ရှားပေ၏။ ထို့ကြောင့် သွားရောက်ကြည့်ရှုသူတို့မှာ လက္ခနောင်းမြို့, ဒိလ္လီမြို့တို့မှ မုရာဒါဗာဒ်(Moradabad) ဘူတာသို့ သွားရောက်ပြီးလျှင် မြို့၏အခြေအနေကို ကြည့်ရှုလေ။

အထူးမှာကား ဦးကိတ္တိရဟန်းတော်နှင့် တွေ့ဆုံသော သူဌေးသည် ကုသိနာရုံဆရာ-တော်ဘုရားကြီး၏ တရားတော်ကို ကြားနာရ၍ ရဟန်းသံယာတော်တို့အား အလွန်ကြည်ညြိ လေ့ရှိ၏။ ရောက်လာသော ဗုဒ္ဓဘာသာများကိုလည်း အခြီးအမြောက်ပြု၏။

[၁၈] လခနဦး(လက္ခနောင်း)မြို့အကြောင်း

ရဟန်းတော်ဦးကိတ္တိသည် မုရာဒါဗါဒ်မြို့မှ တဖန် သွားပြန်လေရာ လခနဦး (လက္ခ-နောင်း)မြို့သို့ ရောက်၏။ ၎င်းမြို့၌ ဗုဒ္ဓဘာသာ ဓမ္မသာလာတွင် မြန်မာဦးပဉ္စင်း ဦးကုဏ္ဍလနှင့် တွေ့ဆုံ၍ အလုံးစုံသော အကြောင်းအကျိုးကို တိုင်ပင်နှီးနှောလျက် ၁-ရက်, ၂-ရက်ခန့် တည်းခိုနေလေ၏။ လက္ခနောင်းမြို့၌ ဗာဗူလာလ် အမည်ရှိသော ဗုဒ္ဓဘာသာ ဗင်္ဂလီဒကာကြီးတစ်ယောက်သည် ဓမ္မသာလာသို့ လာရောက်ကြကုန်သော ရဟန်းတော်များကို ချီးမြှင့်ထောက်ပင့်ခြင်းဖြင့် ကိုးကွယ်ဆည်းကပ်လေ့ရှိ၏။

လက္ခနောင်းမြို့၏ ဂိုမတီမြစ်နားတွင် ရှေးယခင်က ပြုလုပ်ထားခဲ့သော အဆောက်အဦးကြီး ၁-ခုသည် ဗရာဏ္ဍမာမ်ဗာရာအမည်ဖြင့် ထင်ပေါ်လျက်နေ၏။ အဓိပ္ပါယ်မှာ ခရစ်ယာန်သက္ကရာဇ် ၁၇၈၄-ခုနှစ်မှာ အာဖဆဉ္ဇဒေါက်လာ အမည်ရှိသော ပသီရှင်ဘုရင် အုပ်ချုပ်စဉ်အခါ အဝဝပြည်၌ ငတ်မွတ်ခေါင်းပါးခြင်းဘေးကြီး ဆိုက်ရောက်လေ၏။ ထိုအခါ ဝယ် ၎င်းမင်းသည် ဆင်းရဲသားတို့အတွက် ကြီးကျယ်စွာသော အဆောက်အဦးကြီး ၁-ခုကို ပြုလုပ်လေ၏။ ထိုအဆောက်အဦးကြီးကို အမှီပြု၍ အသိန်းမကကုန်သော ဆင်းရဲသားအလုပ်သမားတို့သည် အသက်မွေးကြရကုန်၏။ နှစ်ပေါင်းများစွာ ပြုလုပ်ရသော အဆောက်အဦးကြီးကို အုတ်,ကျောက်နှင့် ထုံး, အင်္ဂတေသရွတ်မှတပါး ၁-ထွာ, ၁-မိုက်ခန့်မျှ သစ်သားတို့သည် မပါမရှိသောကြောင့် အထူးချီးမွမ်းဖွယ် ကောင်း၏။

အာဖဆဉ္ဇဒေါက်လာ-ခေါ်သော ထိုပသီမင်း သေလွန်သောအခါ ၎င်းနေရာ၌ ဌာပနာထည့်သွင်းပြီးလျှင် ၁-နှစ် ၁-ကြိမ် နှစ်ဆန်းနေ့ကို အထိမ်းအမှတ်ဖြင့် မီးထွန်းပွဲကြီး ပြုလုပ်ကြ၏။ အင်္ဂလိပ်မင်းပိုင်စ-အခါ ထိုဌာပနာတိုက်ကြီး၌ စစ်သားများ နေထိုင်ကြကုန်၏။ ယခုအခါမှာ ထိုစစ်သားတို့ကို တခြားသောနေရာသို့ ပြောင်းလွှဲထားလိုက်သောကြောင့် လူအပေါင်းတို့ ထွက်ဝင်ကြည့်ရှုရပေကုန်၏။

၎င်းပြင် လက္ခနောင်းမြို့၌ ပြတိုက်, တိရစ္ဆာန်ရုံ, ဥယျာဉ်တော်, ခံတပ်ဟောင်းစသည်များလည်း ရှိကုန်၏။ မြို့ထဲ၌ ဗင်္ဂလားမြို့နေ ဗုဒ္ဓဘာသာဝင် ကြီပ အမည်ရှိသော ဘုန်းတော်ကြီးက အမျိုးသားတို့ တည်းခိုဖို့ရန် ဓမ္မသာလာကြီး ၁-ခုကို စီမံပြုလုပ်ထားခဲ့၏။ ဂျုန္ဒိယတွင် လက္ခနောင်း(Lucknaw) မြို့သည် နာမည်ကြီးသော မြို့တော်ဖြစ်ခြင်းကြောင့် ဘယ်နေရာမှမဆို သွားရောက်နိုင်၏။ ရှုအပ်ရှုထိုက်သော နေရာဌာနများကိုလည်း အနည်းငယ်မျှ အောက်၌ ဖော်ပြပါရှိ၏။ သွားရောက်ကြသောအခါ ဓမ္မသာလာမှာ နေပြီးလျှင် လှည့်လည်ကြည့်ရှုကြလေကုန်။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
လက္ခနောင်းမြို့	လခနဦး
ဗုဒ္ဓဘာသာဇရပ်	ဗရမာဓရ်မသ္ဘာလာ
ပြတိုက်ကြီး	မျူဇီယမ်
တိရစ္ဆာန်ရုံ	ကျိုရိယာခါနာ
ဥယျာဉ်ဟောင်း	ပုရာဏာဗာဂ်
ခံတပ်ဟောင်း	ပုရဏာကိလာ
နန်းတော်ကြီး	ဗရေ ဣမာမ်ဗာရာ
နန်းတော်ငယ်	ချုင်ရှေ ဣမာမ်ဗာရာ

----- × -----

[၁၉] သာကေတမြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် လက္ခနောင်းမြို့မှ တဖန် ထွက်ခွါသွားလေရာ အယိုဓယမြို့သို့ မကြာမီ ဆိုက်ရောက်ပြန်လေ၏။ ၎င်းမြို့၌ ဝံသာနုလူကြီး **ဗလဒေဝဆဟာယသ္ဘရီဝါ-ဆတဗျာမန်တြီ** အမည်ရှိသောသူနှင့် တွေ့ဆုံကြရာ ဓမ္မကထာဖြင့် ဆွေးနွေးကြလျက် အသက်ထက်ဆုံး ဆရာ,ဒကာ ဖြစ်ကြလေ၏။ ထိုဒါယကာမှာ သဒ္ဓါတရားနှင့် မိမိအိမ်သို့ ပင့်ဆောင်ပြီးလျှင် ပြုအပ်သော ဝတ္တရားအတိုင်း ပြုလုပ်ရုံမျှမက အရပ်ဌာန-ဟူသမျှတို့ကို လည်း လှည့်လည်၍ ပြပေ၏။

ဤအယိုဓယမြို့သည် ရှေးအခါက သာကေတခေါ်သော မြို့ပင် ဖြစ်ပေ၏။ ဖြစ်ဟန်ကား "**ဣတော ဆသု ယောဇနေသု**"ဟူ၍ ဟောတော်မူသော ဝိနည်းမဟာဝါပါဠိ-တော်နှင့်အညီ ဤသာကေတမြို့သည် သာဝတ္ထိပြည်မှ ၆-ယူဇနာ ဝေး၏။ (ဝိ၊၃။၃၅၁)

ဓမ္မပဒအဋ္ဌကထာ၌ ကောသလမင်းကြီးသည် ယောက်ဖတော် ဗိမ္ဗိသာရမင်း၏ နိုင်ငံတော်ဖြစ်သော ဘဒ္ဒိယမြို့မှ ဓနဥယသူဌေးကို ယူဆောင်၍ သာဝတ္ထိပြည်သို့ လာရာ ၂-ရက် ၁-ညဉ့်အိပ်ခရီးဖြင့် ရောက်အံ့သောနေရာ ၁-ခုသို့ ချည်းကပ်မိလေ၏။ ထိုအခါ ဓနဥယသူဌေးက မေးသည်မှာ "ဤနိုင်ငံတော်သည် အဘယ်သူ၏နိုင်ငံတော် ဖြစ်ပါသနည်း။ ဤနေရပ်မှ သာဝတ္ထိပြည်သို့ အဘယ်မျှ ဝေးပါသနည်း"ဟု မေးမြန်းလေ၏။ မင်းကြီးသည် ဤသို့ ဆိုတော်မူ၏။

"သူဌေးကြီး၊ ဤတိုင်းပြည်သည်ကား ငါ၏တိုင်းပြည် ဖြစ်ပေ၏။ ဤနေရာမှ သာဝတ္ထိပြည်သည် ၇-ယူဇနာ ဝေး၏"ဟု ဖြေဆိုသောအခါ သူဌေးကြီးကလည်း "ငါ၏ ပရိသတ်သည် အလွန်များ၏။ ဤနေရာ၌ပင် သင်မင်းကြီး သဘောကျလျှင် နေချင်သော ဆန္ဒရှိပေ၏"ဟု ပြောဆိုလေ၏။ မင်းကြီးလည်း နှစ်သက်တော်မူသောကြောင့် ထိုနေရာမှာ ပင် မြို့ကို တည်ထောင်၍ ဓနဋ္ဌယသူဌေးအား ပေးခဲ့လေ၏။ ထိုကြောင့် သူဌေးကြီးသည် မိမိအလိုအတိုင်း ယူအပ်သောမြို့ဖြစ်၍ ၎င်းမြို့ကို သာကေတ-ဟု အမည်တွင်စေ၏။ အဂ်ုတ္တရ၊ ဧကကနိပါတ်အဋ္ဌကထာ၌လည်း ဓနဋ္ဌယသူဌေးကို ကောသလမင်းကြီးသည် သာဝတ္ထိပြည်မှ ၇-ယူဇနာထက်၌ သာကေတမြို့ တည်ပေးကြောင်းနှင့် ပါရှိ၏။ ဤကား ပါဠိဘာသာ ဖြင့် သိအပ်သော စကားရပ်တည်း။ (ဓမ္မပဒ၊ ၁။ ၂၄၄)

ဤသာကေတမြို့သို့ တရုတ်ဘုန်းတော်ကြီးဖာဟီယန် လာရောက်သောအခါ သာသနာတော်သည် ထင်ပေါ်လျက်ရှိနေသေး၏။ ထိုတရုတ်ဘုန်းတော်ကြီး၏ မှတ်တမ်း၌ လာရှိသည်မှာ "ငါတို့ မြတ်စွာဘုရားသခင်သည် မျက်သစ်တံ တံပူချောင်းကို မြေသို့ ပစ်ချ လိုက်လျှင် မငယ်,မကြီး ပကတိအတိုင်း မြေ၌ စိုက်လျက်နေလေ၏။ ပုဏ္ဏားလူမျိုးနှင့် ဂျိုင်းနီလူမျိုးတို့သည် ထိုတံပူချောင်းကို ခုတ်ဖြတ်၍ ပစ်ငြားသော်လည်း ၎င်းအတိုင်းပင် ရှိနေ၏။ ၎င်းပြင် သာကေတမြို့၌ ဘုရား ၄-ဆူတို့၏ စကြီတော်ဌာနနှင့် ထိုင်တော်မူရာ ဌာန၌ စေတီတော်များ ရှိကုန်၏"ဟု လာရှိ၏။

ထိုမှတပါး ဆုယိန်ကျွင် အမည်ရှိသော တရုတ်ဘုန်းတော်ကြီး၏ မှတ်တမ်း၌လည်း ဤအယိုဓယ(သာကေတ)မြို့၌ မြတ်စွာဘုရား၏ မျက်သစ်တံ တံပူချောင်းနှင့် စပ်လျဉ်း၍ ရေးသားပါရှိ၏။ တရုတ်ဘုန်းတော်ကြီး ဟူယင်ဆင်ကျမ်းနှင့်အညီ ဤသာကေတတိုင်းပြည် သည် အကျယ်အဝန်း လီပေါင်း ၄,၀၀၀-ရှိ၏။ မိုင်အားဖြင့် ခွဲဝေလျှင် ၆၆၆-မိုင်ကျော် ရရှိ၏။ မြို့တော်၏ အကျယ်အဝန်းကား ၁၆-လီရှိ၏။ မိုင်အားဖြင့် ဝေဖန်လျှင် ၂-မိုင်ကျော် လောက်သာ ရရှိ၏။ ဤမျှလောက် ကြီးကျယ်သော တိုင်းပြည်၌ သံယာတော် ၃,၀၀၀-လောက်နှင့် ကျောင်းတိုက်ပေါင်း ၂၀-ရှိ၏။ ကျောင်းတိုက်၏အနီးအပါး၌လည်း ပေ ၂၀၀-ခန့်အမြင့်ရှိ အသောကစေတီတော် ၁-ဆူရှိ၏။ ၎င်းပြင် နှစ်ပေါင်းများစွာကပင် ပေါက်ရောက် နေသော ၆-ပေ, ၇-ပေခန့် အမြင့်ရှိ သစ်ပင်လည်း ၁-ပင်ရှိ၏။ ၎င်းသစ်ပင်၏အကြောင်းမှာ ဘုရားသခင်၏ မျက်သစ်တံ တံပူဖြစ်ပေ၏။ ၎င်းပြင် ရှေးဘုရား ၄-ဆူတို့၏ နေရာအမှတ် သင်္ကေတလည်း ရှိသေး၏-ဟု မှတ်အပ်၏။

ယခုအခါ ဆရဂျူ(သရဘူ)မြစ်နှင့် ယာယရာမြစ်မှ ခွဲထားသဖြင့် ထိုမြစ်တို့၏ မြောက်ဘက် ဟိမဝန္တာတောင်ခြေတိုင်အောင် ရှိနေသော နယ်များကို ဥတ္တရကောသလ-

ဟု သတ်မှတ်ပြီးလျှင် အဆိုပါမြစ်၏ တောင်ဘက်ကို ဒက္ခိဏာကောသလ-ဟု ခေါ်ဆို၏။ ထို့ကြောင့် အယိုဓယမြို့သည်ပင်လျှင် ဒက္ခိဏာကောသလ သို့မဟုတ် သာကေတမြို့ ဖြစ်၏။ ၎င်းသာကေတကို သက္ကဋ္ဌဘာသာ, ဟိန္ဒီဘာသာ၌ **အဝဓ**-ဟူ၍လည်း ခေါ်ဆို၏-ဟု ကျောက်စာမင်းကြီး ကနိန်ဂဟမ်သည် ဆုံးဖြတ်၍ ပြရှိပေ၏။

သာကေတမြို့၌ မျက်မြင်ဒိဋ္ဌရှိသမျှကို အမြွက်မျှ ပြဦးအံ့။ ဟူယင်ဆင်-စသော ကျမ်းဂန်တွင်ပါရှိသော ဘုရားသခင်၏ မျက်သစ်တံ တံပူချောင်း ပေါက်ရာ၌ ယခုကာလ ဒါတုအိန်ကုဏ္ဍ တစ်နည်း **ဓာတုဝန်ကုဏ္ဍ**-ဟူသော အမည် ၂-ခုဖြင့် ထင်ပေါ်လျက် ရေကန်ကြီး ၁-ခုရှိ၏။ ဟိန္ဒူလူမျိုးတို့က ၎င်းရေကန်ကို ငါတို့၏ ရာမမင်း တံပူစား၍ ချုပစ်သော နေရာ-ဟု အယူရှိကြပြီးလျှင် ယခုထက်ထိ ကိုးကွယ်ပူဇော်ကြကုန်၏။ ၎င်းပြင် ဗုဒ္ဓဘာသာ ဆိုင်ရာ စေတီ, ပုထိုး-စသည်တို့သည် တစ်စုံတစ်ခုမျှ မရှိကုန်။ ဘုရားသာသနာတော် ကွယ်ပျောက်၍ ဟိန္ဒူသာသနာသာ အမြောက်အမြား ရှိနေကုန်၏။

ဟိန္ဒူတို့၏ ရသေ့,ရဟန်းများနှင့်တကွ နတ်ကွန်း အစရှိကုန်သော ဘုရားကျောင်းတို့သည်ကား အခြားအခြားသော နေရာတို့ထက် အဆ ၁၀၀-လောက် ပွါးများကုန်၏။ သူဌေးသူကြွယ်များလည်း အလျှုမဏ္ဍပ်, အလျှုဇရပ်တို့ကို ဆောက်လုပ်ပြီးလျှင် နိစ္စဗတ် ပုညအထူး ဆည်းပူးနေကြကုန်၏။ ၎င်းပြင် ဆရယူနဒီ တစ်နည်း **ဆရကျူနဒီ**ခေါ်သော မြစ်ကမ်းတလျှောက်မှာလည်း ရေချိုး(ဆိပ်)နှင့်တကွ ရသေ့,ရဟန်းတို့၏ နေထိုင်ရာ ဓမ္မသာလာများ ရှိကုန်၏။ ဒသရထမင်းကြီး၏သားတော် ရာမမင်းသား၏ ချက်မြှုပ်မြေ ဖြစ်ဖူးခြင်းကြောင့် ဟိန္ဒူလူမျိုးတို့သည် ဤသာကေတမြို့ကို အထူးသဖြင့် အလေးအမြတ်ပြုကြကုန်၏။

----- × -----

[၂၀] သာကေတမြို့ လမ်းခရီးအစီအစဉ်

ဗဟုသုတကို အလိုရှိကုန်သော သူတော်ကောင်းတို့သည် အယိုဓယ (သာကေတ) မြို့သို့ ကလကတ္တား, ဗာရာဏသီ, လက္ခနောင်း-စသော မြို့တို့မှ သွားရောက်ကြည့်ရှုကြပါကုန်။ ဂိုရခပုရ၏မြို့မှသွားလျှင် မာန်နကာပုရ်ဘူတာမှ ရထားပြောင်း၍ လက ရ်မဏ္ဍီအယို-ဓျာယာဒ္ဓူဘူတာသို့ လိုက်သွားပြီးလျှင် ၎င်းဘူတာမှ သာကေတသို့ ၁-မိုင်လောက် မြင်းရထားဖြင့် လိုက်သွားကြလေ။

မြို့၌ လိုရင်းအချုပ်ကား အောက်ပါအတိုင်း ဖြစ်သည်။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
သာကေတမြို့	အယိုဓယ
ဓမ္မသာလာဇရပ်	ဟရိဆ်ဆီဂ်, ဓရ်မသ္ဘာလာ
ဘုရားတံပူတံ စွန့်ရာ	ဓာတုဝန်ကုံ၌
သရဘူမြစ်ဆိပ်	ဆရဂျူယာင်္ဂ

----- × -----

[၂၁] ကီဋ္ဌာဂိရိပြည်အကြောင်း

ငါတို့ဘုရားသခင်သည် သာဝတ္ထိပြည်၌ မွေ့လျော်သမျှ နေတော်မူပြီးမှ သာရိ-ပုတ္တရာ, မောဂ္ဂလာန် အစရှိသော တပည့်သံယာတော် ၅၀၀-နှင့်တကွ ကြွတော်မူလာ၍ ကီဋ္ဌာဂိရိပြည်သို့ ရောက်တော်မူလေ၏။ ထိုအခါ မြတ်စွာဘုရား ကြွလာတော်မူကြောင်းကို ကြားလေလျှင် အဿဇိတ, ပုနဗ္ဗသု ရဟန်း ၂-ပါးသည် သံယိကပစ္စည်း အိပ်ရာနေရာများကို ဝေဖန်၍ ယူကြလေ၏။ ဘုရားသခင်လည်း ဒေသစာအစဉ်ဖြင့် ကီဋ္ဌာဂိရိသို့ ရောက်တော်မူ၍ ထိုရဟန်း ၂-ပါးကို သီတင်းသုံးနေထိုင်ရန် နေရာကို ပြုပြင်စေခြင်းငှာ ရဟန်းတို့အား စေခိုင်းလိုက်တော်မူလေ၏။

ရဟန်းတို့လည်း ဘုရားသခင် မိန့်တော်မူလိုက်သည့်အတိုင်း သွားရောက်အကြောင်းကြားလေလျှင် အဿဇိတနှင့် ပုနဗ္ဗသုတို့က "ဤအရပ်မှာ သံယိကအိပ်ရာ,နေရာ မရှိ။ ငါတို့ ဝေဖန်လိုက်ကြလေပြီ။ ဘုရားသခင်အလိုရှိရာမှာ နေပါစေ။ သို့ရာတွင် မကောင်းမှုပါပနှင့်ရောပြွမ်းသော သာရိပုတ္တရာ, မောဂ္ဂလာန်တို့အားကား နေရာပေးလိမ့်မည် မဟုတ်။" ဤသို့စသဖြင့် ပြန်ကြားလိုက်လေ၏။ ယင်းသို့သောအခါ ဘုရားသခင်သည် ရဟန်းများတို့အား မဝေဖန်အပ်သော အရာဝတ္ထု ၅-ပါးကို ပြ၍ ဟောကြားတော်မူလေ၏။ (ဝိနယစူဠဝဂ္ဂ) အကျယ်ကိုလိုလျှင် ဗုဒ္ဓကျရယျ ဟိန္ဒီဘာသာကျမ်းတွင် ရှုကြလေ။

ဘုရားသခင် သံယာတော် ၅၀၀-နှင့် သီတင်းသုံး၍ မဝေဖန်အပ်သော ဝတ္ထု ၅-ပါးကို ဟောတော်မူရာ ကီဋ္ဌာဂိရိပြည်သည် ယခုအခါ ကေရာတက(ဂျောင်နပုရ်)မြို့ ဖြစ်၏။ ဗာရာဏသီ, အယိုဓယ, လက္ခနောင်းမြို့တို့မှ သွားနိုင်၏။ အိန္ဒိယတွင် ဤဂျောင်နပုရ် (Jaunpur)မြို့သည် ဘူတာရုံနှင့်တကွ ထင်ရှားစွာ ရှိနေ၏။ သို့သော် ဗုဒ္ဓဘာသာနှင့် ဆိုင်ရာမူကား ယခုအခါမှာ အထိမ်းအမှတ် တစ်စုံတစ်ခုမျှ မတွေ့ရှိ။ သွားလိုလျှင် ဂျောင်နပုရ်ဘူတာမှ မြန်မာအခေါ် ကီဋ္ဌာဂိရိ၊ ဟိန္ဒူအခေါ် ကေရာတကသို့ သွားကြလေ။

[၂၂] ဗဆတိမြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် သာကေတမြို့၊ လကရ်မဏ္ဍီအယိုချယာဌ်ဘူတာမှ ထွက်ခွါ၍သွားလေရာ မာန်နကာပုရ်ဘူတာသို့ ရောက်လေ၏။ ၎င်းမှ ရထားပြောင်းပြီးလျှင် တဖန် သွားပြန်လေရာ ဗဆတိမြို့သို့ ဆိုက်ရောက်လေ၏။ ၎င်းဗဆတိမြို့၌ ဌာကူရ်မူရတီ-ဆီဟ်အမည်ရှိသော ရှေ့နေတော်ကြီးနှင့် တွေ့ဆုံကြရာ မဟာမိတ်ကြီးဖြစ်လျက် ထိုရှေ့နေတော်ကြီးအိမ်၌ပင် တည်းခိုနားနေ၍ ၁-ညလုံးလုံး အဆုံး,အစ တွေ့ကြုံခဲ့ရသော အလွှာပသလွှာပစကားများဖြင့် ကုန်လွန်စေ၏။ ဗဆတိစီရင်စုရှိ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ နေရာဌာနတို့ကို ကုသိနာရုံ၌ နေစဉ်အခါကပင် လာရောက်ကြည့်ရှု၍ ရေးသားဖော်ပြခဲ့ပြီ။ ၎င်းမြို့၌ကား ဟိန္ဒူ, မူဆလမာန်တို့သည် မိမိတို့ဘာသာအလိုက်ဖြင့် ကိုးကွယ်ကြသော ကျောင်း,ကန်, သိမ်, ပုထိုးမျှသာ ရှိကုန်၏။ လူတို့သည်လည်း ယဉ်ကျေးသောဂုဏ်နှင့် ပြည့်စုံကုန်၏။

အထူးစကားတရပ်မှာ ဦးကိတ္တိရဟန်းတော် ရောက်သည့်နေ့ပင် ဝံသာနုအစည်းအဝေး တရားဟောပွဲကြီးနှင့် တွေ့ကြုံရ၍ အသင်းလူကြီးများတို့က "ဝံသာနုတရားကို ဟောခဲ့ပါ"ဟု တောင်းပန်သောကြောင့် ဦးကိတ္တိရဟန်းတော်မှာ နှုတ်သီးဖျား၌ ပျားရေပေါက်ကျသကဲ့သို့ နှစ်လိုဝမ်းမြောက်စွာနှင့် အတော်ကြာအောင် ဝံသာနုတရားကိုလည်း ဟောခဲ့ရပေ၏။ လမ်းခရီးအစဉ်ကိုလည်း အထူးဖော်ပြရန် မလိုပြီ။ ကပိလဝတ်ပြည်နှင့် ဆိုင်ရာအခန်းကို ကြည့်ရှုက လုံးစုံမကြွင်း သိရှိကြလိမ့်မည်။

----- × -----

[၂၃] ကောဏာဂုံဘုရား မွေးဖွားရာဌာနကို ဖော်ပြခြင်း

ရဟန်းတော်ဦးကိတ္တိသည် ဗဆတိမြို့မှ တဖန် လိုက်ပါသွားလေရာ ဂိုရခပုရ်မြို့သို့ ရောက်၍ ၎င်းမြို့မှ ရထားပြောင်းပြီးလျှင် ခဏချက်ချင်း လိုက်သွားလေရာ ဗြိဂျမန်ဂံဂျ် (Bridgmanganj)ဘူတာသို့ ရောက်လေ၏။ ထိုရွာ၌ ဂယာပြဆာဒ် အမည်ရှိသော ဆိုဒ္ဓါရထအသင်းလူကြီးနှင့် တွေ့ဆုံသောအခါ တိုင်ပင်နှီးနှောလျက် ၎င်းဥက္ကဋ္ဌလူကြီး၏ အချီးအမြှောက်ဖြင့် တဖန်သွားပြန်လေရာ သျှီဟရတ်ဂံဂျ်ဘူတာရုံသို့ ရောက်၍ သျှီဝပတ္တဆီဂ် အမည်ရှိသော စော်ဘွားကြီးနှင့် တွေ့ဆုံ၍ ထိုစော်ဘွားကြီး၏ အချီးအမြှောက် အထောက်အပင့်ကို ခံယူပြီးလျှင် ခြေလျင်ခရီးဖြင့် ၁၀-မိုင်ခန့် သွားလေသော် တောက်လီဟဝါရွာသို့ ရောက်ပြန်လေ၏။

ထိုရွာမှ မြောက်သို့ ၁-မိုင်လောက် သွားလိုက်လျှင် ယခုအခါ ဘုရားဖူးသားတို့ ခေါ်ဆိုသမုတ်၍ ကပိလဝတ်ပြည်-ဟု တွင်နေသော အရပ်ဟောင်းကြီးရှိရာသို့ ရောက်ပြန်လေ၏။ ထိုအရပ်ဌာနကို ယခုကာလ တိလောက်ရာကိုးင့်-ဟူ၍ ခေါ်ဆိုကြကုန်၏။ ထိုနေရာ၌ ရှေးက မြို့ရာသဏ္ဌာန် ပုံဟန်ကျကျနှင့် ၄-ဘက်ပတ်လည် ပျက်ပြိုနေသော အုတ်တံတိုင်းရာ ရှိ၏။ တံတိုင်းတွင်း၌လည်း သရက်ပင်နှင့်တကွ တောအတိဖြစ်နေသောကြောင့် ကောင်းကောင်းကြီး မထင်ရှား။ ဟိန္ဒူများ ကိုးကွယ်ရာ ဒေဝီခေါ်သော နတ်ကွန်း ၁-ခုနှင့် ရေကန်လည်း ၁-ခု ရှိနေ၏။ မြို့ရာ၏ အနောက်ဘက်၌ ဗာဏဂင်္ဂါမြစ် ရှိ၏။ မြို့ရာမှ တောင်ဘက် အရပ်နှင့် ၂-မိုင်လောက်တွင် ဗရဒဟဝါခေါ်သော ရွာငယ် ၁-ခုရှိ၏။

ဌင်းရွာငယ်၏ အနီးအပါး အရှေ့အရပ်၌ အလျားအတောင်-၂၀၊ အနံအတောင် ၂၀-ရှိ ထက်ဝန်းကျင် တောင်ပို့ ၁-ခု၌ ကျောက်နွားရုပ် ၁-ခုရှိ၏။ ဌင်းနွားရုပ်၏ ပမာဏကား အလျား ၁-တောင့်ထွာခန့် ရှိ၏။ ဤကဲ့သို့ ကျောက်နွားရုပ်သည် ရှေးအခါက မျှားစွာရှိကြောင်းကို လူအပေါင်းတို့ ပြောဆိုကြကုန်၏။ မြို့ရာ၏ အနီးအပါးမှာလည်း စေတီရာကဲ့သို့ နေရာဌာနများလည်း ရှိကုန်၏။ ဤမျှလောက်သော အရာဝတ္ထုကို မြင်ရုံ,သိရုံမျှနှင့် ထိုတိလောက်ရာကိုးင့်နေရာဟောင်းကို ကပိလဝတ်ပြည်-ဟု ခေါ်ဆိုသမုတ်ကြပြီးလျှင် နှစ်စဉ်မပြတ် လာရောက်ကြည့်ရှုကြကုန်၏။

အဆုံးအဖြတ်စကားကို ခိုင်မာသော သက်သေနှင့် ထုတ်ဆောင်ပြဦးအံ့။ ထိုတိ-လောက်ရာကိုးင့်မြို့ရာမှ မြောက်ဘက် ၁-မိုင်ခွဲလောက်တွင် နိဂလီဝါ(နိဂလီဟဝါ)ခေါ်သော ရွာငယ် ၁-ရွာရှိ၏။ ဌင်းရွာ၏အနောက်ဘက် ကန်ဘောင်ရိုးအတွင်း၌ ဒေါင်းရုပ် ၃-ကောင်နှင့်တကွ သီရိဝမ္မာသောကမင်းကြီး စိုက်ထူထားခဲ့သော ကျောက်စာတိုင် ၁-ခုသည် ၂-ပိုင်းကျိုးလျက် ရှိ၏။ ကျောက်စာ၏ အဓိပ္ပါယ်မှာ ကောဏာဂုံမြတ်စွာဘုရား၏ မွေးဖွားရာဌာန-ဟု ပါရှိ၏။ အကျယ်ကို သိလိုလျှင် ကျောက်စာပိုင်းမှာ ရှုလေ။

ထို့ကြောင့် ဌင်းနေရပ်နှင့်တကွ တိလောက်ရာကိုးင့်မြို့ရာကို ကပိလဝတ်ပြည်-ဟု မမှတ်ယူအပ်။ တရုတ်ဘုန်းတော်ကြီးဖာဟီယန် စာတမ်း၌လည်း ကောဏာဂုံဘုရား မွေးဖွားတော်မူရာ-ဟူ၍<u>လည်းကောင်း</u>၊ ဌင်းပြင် ခမည်းတော်မင်းကြီးသည် သားတော်ကို ရှုကြည့်တော်မူရာနှင့် ပရိနိဗ္ဗာန်စံတော်မူရာ၌ စေတီများရှိကြောင်းကို လာရှိ၏။ ဤမျှ လောက်သက်သေကို တွေ့ရှိသူတို့သည် ဤနေရာကို ကောဏာဂုံဘုရားသခင်၏ မွေးဖွား တော်မူရာ-ဟု အသေအချာ မှတ်ယူပြီးလျှင် ဦးကိတ္တိရဟန်းတော် ညွှန်ပြထားခဲ့သော ကပိလဝတ်ပြည်သို့သာ အကြည့်အရှု သွားကြပါကုန်။

----- x -----

[၂၄] ကောဏာဂုံဘုရား မွေးဖွားရာဌာန လမ်းခရီးအစီအစဉ်

ဘုရားဖူးသွားလိုသူတို့မှာ ရှေးဦးစွာ ဂိုရခပုရ်မြို့သို့ သွားကြပြီးလျှင် ၎င်းဘူတာမှ လည်းကောင်း သို့မဟုတ် သာဝတ္ထိမြို့၊ ဗလရာမ်ပုရ်ဘူတာမှလည်းကောင်း သျှိုဟရတ်ဂံဂျ် (Shohratganj)ဘူတာသို့ ရောက်အောင်သွားပြီးမှ ၎င်းဘူတာမှ နွားလှည်း အသွား,အပြန် ၄-ကျပ်ပေး၍ တောက်လီဟဝါရွာသို့ သွားကြလေ။ ဘူတာရုံမှ အင်္ဂလိပ်ပိုင်နက် ၅-မိုင် တိုင်အောင် ပေတရာလမ်းရှိ၏။ ၎င်းမှ ၅-မိုင်လောက်အဝေး နယ်ပါလ်ရှင်ဘုရင်၏ နယ်ပြည် အတွင်းရှိ တောက်လီဟဝါအရပ်တိုင်အောင် ခိုင်မာသောလမ်းကြောင်း မရှိ။ လမ်းကြား၌ တံတားမရှိဘဲ မြစ်ငယ်လည်း ၁-ခု ရှိ၏။ တောက်လီဟဝါရွာသို့ ရောက်လျှင် မဟတ်ခေါ်သော မဟာဒေဝကျောင်း၌ တည်းခိုနေနိုင်၏။ ရောက်ကြသောအခါ အောက်ပါအတိုင်း ကြည့်ရှုကြလေ။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
သျှိုဟရတ်ဂန်ဂျဘူတာ	သျှိုဟရတ်ဂံဂျ်ဆတေသျှန်
တောက်လီဟဝါရွာ	တောက်လီဟဝါဂံဝ်
ဓမ္မသာလာဇရပ်	မဟတ်မန္ဒိရ်
ကောဏာဂုံဘုရား မွေးဖွားရာ	တိလောက်ရာကိုးင်
ဗာဏာဂဏ်မြစ်	ဗာဏာဂဏ်နဒီ
အသောကကျောက်စာရှိရာရွာ	နိဂလီဟာ, နိလီဝါ
အသောကကျောက်စာတိုင်	အသျှီးက်သျှိလာလေခ်, ဌျဋ္ဌာဟုဝါ ပထရ် ကာ ခမ္ဘာ

----- x -----

[၂၅] ဂိုရခပုရ်မြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ကောဏာဂုံဘုရားသခင် ဖွားမြင်တော်မူရာမှ အစဉ် အတိုင်းပြန်လာရာ ဂိုရခပုရ်မြို့သို့ ဆိုက်ရောက်လေ၏။ မြို့၌ အရိယာအသင်းလူကြီး ပရမာနန္ဒဆွာမီခေါ်သော တရားဟောဆရာနှင့် တွေ့ဆုံလေရာ သူ၏အကြောင်းအရာကို

မေးမြန်းစိစစ်၍ကြည့်လျှင် ဗုဒ္ဓဘာသာအယူကို ယူဟန်နှင့် မြန်မာပြည်သို့သွား၍ ရဟန်းခံနေကြောင်းကိုလည်းကောင်း၊ ဗုဒ္ဓဘာသာရဟန်းဘက်ကနေ၍ ဟိန္ဒူအရိယာအသင်းကို အားပေးနေကြောင်းကိုလည်းကောင်း သိရှိရ၏။ မြန်မာပြည်မှ ဂျာန္ဒီယသို့ ရောက်လျှင် လူဝတ်လဲ၍ သားမယားနှင့်တကွ ဆေးဆရာလုပ်နေသည်ကိုလည်း တွေ့မြင်ခဲ့ရပေ၏။

ဤအခါသမယမှာ ဂိုရခပုရ်မြို့၌ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ အဆောက်အဦး တစ်စုံတစ်ခုမျှ မရှိ။ ဘာသာအလိုက် ကိုးကွယ်ကြသော ဟိန္ဒူ, မူဆလမာန်တို့၏ နတ်ကွန်းသာရှိနေ၏။ ဂျာန္ဒီယတွင် ဂိုရခပုရ်(Gorakhpur)မြို့သည် ကြီးကျယ်ခမ်းနားသောမြို့ဖြစ်ခြင်းကြောင့် အသွားအလာလွယ်ကူ၏။ ဦးကိတ္တိရဟန်းတော်သည် ၎င်းမြို့မှ တဖန် ထွက်လာရာ အစဉ်အတိုင်း ကုသိနာရုံဆရာတော်ဘုရားကြီး၏ ခြေရင်းမျက်မှောက်သို့ ဆိုက်ရောက်၍ ခရီးအစဉ်ကို လျှောက်တင်လေရာ ဆရာတော်ဘုရားကြီးကလည်း အားရနှစ်သက်တော်မူ၍ အထူးသဖြင့် ချီးမြှောက်တော်မူလေ၏။

----- × -----

[၂၆] ကုသိနာရုံဆရာတော်ကြီး၏ သခင်ပအတ္ထုပ္ပတ္တိ

ဓညဝတီ၊ ရခိုင်ပြည်၊ စစ်တွေမြို့၊ ဒီစွတြိတ်မြို့ဟောင်းမြို့အပိုင်၊ ရမ်းချောင်း, ပေါက်ပင်ကွင်းရွာလျှင် ဖွားရာဇာတိ, ပဝတ္တိ ဂျာန္ဒီယပြည်ကြီးတွင် ထင်ပေါ်ကျော်စောတော်မူသော ကုသိနာရုံဆရာတော်ကြီး ဦးစန္ဒြမုနိသည် သက္ကရာဇ် ၁၂၃၇-ခုနှစ်၊ ကဆုန်လဆုတ် ၆-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူ၏။ ၇-နှစ်အရွယ်သို့ ရောက်လတ်သော် စစ်တွေမြို့၌ တံဆိပ်တော်ရ ဘကြီးတော်သီရိဦးစန္ဒိမာ ဆရာတော်ကြီးထံသို့ ခိုဝင်ပြီးလျှင် ပိဋကတ်ကျမ်းဂန်ကို သင်ကြားနေလေ၏။

၁၂၄၆-ခုနှစ်သို့ ရောက်လတ်သောအခါ ရှင်သာမဏေပြုလုပ်၍ ၅-နှစ်တိုင်တိုင် ပရိယတ္တိဓမ္မကို အားထုတ်ပြီးနောက် ၁၂၅၁-ခုနှစ်၊ တန်ဆောင်မုန်းလတွင် **သီဟိုဠ်ဆိုဖီအသင်းကြီး**ကို တည်ထောင်ခဲ့သော **မစ္စတာအော်လကော့**နှင့် **မဟာဗောဓိအသင်းလူကြီး**ဓမ္မပါလသည် ရခိုင်ပြည်သို့ လာရောက်ပြီးလျှင် ဂျာန္ဒီယသာသနာပြုပညာရှိတို့ကို ရွေးကောက်ရာ၌ ကျေးဇူးရှင် စန္ဒြမုနိသာမဏေနှင့် အခြားသော သာမဏေ ၁-ပါးကို ပါဝင်စေပြီးလျှင် ကလကတ္တားမြို့၌ သက္ကဋဘာသာကို သင်ကြားစေ၏။

တဖန် ၁၂၅၂-ခုနှစ်သို့ ရောက်လျှင် ထိုအသင်းမှ ထွက်ခွါ၍ စစ်တွေမြို့၌ ပြန်လည်ဝါဆိုနေတော်မူလေ၏။ ၁၂၅၃-ခုနှစ်မှာ ကလကတ္တားသို့ ပြန်ကြွပြီးနောက် သက္ကဋဘာသာ

ကို ဆက်လက်သင်ကြားနေတော်မူလေ၏။ ထိုအခိုက်တွင် ရခိုင်ပွဲစားကြီးဦးချီစားရှိသည် ပစ္စည်း ၄-ပါးဖြင့် ထောက်ပင့်နေ၏။

ခရစ်သက္ကရာဇ် ၁၈၅၂-ခုနှစ်တွင် အင်္ဂလိပ်မင်းအား ပုန်ကန်သော သူပုန်ရာဇဝင်၌ ထင်ပေါ်သော အမရသီဟမင်း, ကုံဝရသီဟမင်းတို့၏မြေးတော် မဟာဗီရသီဟမင်းသည် သီဟိုဠ်ကျွန်းမှ ရဟန်းဖြစ်၍ ပြန်လာသည့်အခိုက်အတန့်နှင့် တွေ့ဆုံကြရာ ကျေးဇူးရှင် သာမဏေကို ဂါဂျီပုရ်အနီးရှိ သက္ကဋ္ဌဘာသာကျောင်းကြီးသို့ ပညာသင်ပို့ထားလိုက်ပေ၏။ ဘာသန္တရကို သင်ကြားနေစဉ် ပွဲစားကြီးချီစားရှိနှင့် ဇနီးဒေါ်မြချမ်းဦးတို့၏ စေတနာဖြင့် ကုသိနာရုံတွင် စတုဒိသာဇရပ်တော်ကြီးကို ဘုန်းတော်ကြီးမဟာဗီရ၏ အတိုင်အပင်နှင့် စီမံဆောက်လုပ်လေ၏။

ခရစ်တော်သက္ကရာဇ် ၁၉၀၂-ခုနှစ်မှာ အပြီးသို့ ရောက်စေလျက် သက္ကဋ္ဌဘာသာကို တဖက်ကမ်းခပ်စေပြီးမှ မြန်မာပြည်၊ မန္တလေးမြို့၊ မြတောင်တိုက်၌ ပိဋကတ် ၃-ပုံကို ကုန်စင်အောင် သင်ကြားနေလေ၏။ **မြန်မာသက္ကရာဇ် ၁၂၆၅-ခုနှစ်၊ တပို့တွဲလပြည့်နေ့၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမဆရာတော်, ရွှေကျင်ဂိုဏ်းဝင်ဆရာတော် သံဃာတော် ၄၀-ကျော်တို့ကို ဒါယကာပွဲစားကြီးသည် စစ်တရေါင်းစီရင်စု၊ ပင်းဝါ(ပန်းဝါ)ရွာသို့ ပင့်ဖိတ်ပြီးလျှင် ရေသိမ်၌ ရဟန်းခံတော်မူလေ၏။**

ခရစ်သက္ကရာဇ် ၁၉၀၈-ခုနှစ်၊ ဧပြီလတွင် သီဟိုဠ်ဓမ္မပါလနှင့် ရတနာဂိရိမြို့သို့ ကြွသွားပြီးလျှင် သီပေါမင်းတရားကြီးနှင့် တွေ့ဆုံလျက် ခမည်းတော် မင်းတုန်းမင်းကြီး၏ ဇရပ်တော်ကြီး အကြောင်းအရာကို မေးမြန်းတော်မူလေ၏။ ထို့နောက် ကျေးဇူးရှင်ဆရာ-တော်ကြီးသည် ပါဠိတော် ဓမ္မပဒကျမ်းကို ဟိန္ဒီဘာသာသို့ ပြန်ဆို၍ ၁၉၀၉-ခု၊ ဒီဇင်ဘာလ အတွင်းမှာ စာအုပ်ရေ ၁,၀၀၀-ပုံရိုက်၍ ဂ္ဂန္ဒီယနယ်လုံးကို ဝေငှလိုက်ပေ၏။ **သွရောဒယ သက္ကဋ္ဌကျမ်းကိုလည်း** မြန်မာဘာသာသို့ ပြန်ဆိုပြီးလျှင် ပုံရိုက်ဝေငှလိုက်ပေ၏။

ခရစ်သက္ကရာဇ် ၁၉၁၀-ခုနှစ်မှာ စစ်တွေမြို့၊ ကုန်သည်ကြီးဦးမြထွန်း၏ စေတနာဖြင့် မိဂဒါဝုန်တောင်၌ မြေ ၄-ဧကကျော်ကို အဖိုးငွေ ၅၀၀-ပေး၍ ၁၉၁၁-ခုနှစ်မှာ ၁၆,၀၀၀-ငွေဖြင့် ဇရပ်တော်ကြီးတစ်ခုကို ဆောက်လုပ်တော်မူလေ၏။ ထို့နောက် ခရစ်သက္ကရာဇ် ၁၉၂၄-ခုနှစ်မှာ ကုသိနာရုံ၌ အိန္ဒိယပြည်သူတို့အကျိုးငှာ ကဆုန်ညောင်ရေသွန်းဘုရားပွဲ တော်ကြီးကို စတင်၍ စီမံကျင်းပလာရာ ယခုထက်ထိ ၈-ကြိမ်မြောက် ရှိလေပြီ။ ပွဲတော် ကျင်းပသည့်နေ့ကစ၍ ဂ္ဂန္ဒီယတွင် ရဟန်း,ရှင်,သာမဏေဖြစ်ကြ၍ နေ,လအသွင်ကဲ့သို့ သာသနာတော် ထင်ပေါ်ခြင်းသို့ ရောက်ရှိလေ၏။ ကျေးဇူးရှင် ဆရာတော်ကြီးသည် သီဟိုဠ်

ကျွန်းသား အမ်အေပေရိစ်၏အကူအညီဖြင့် ဘာသာအမျိုးမျိုးနှင့်ဆိုင်ရာ သာသနာပြု စာသင်ကျောင်းကြီး ၁-ခုကိုလည်း ဖွင့်လှစ်ပေးတော်မူ၏။

တဖန် ပျက်စီးလျက်နေသော ကုသိနာရုံ မဟာပရိဗွာန်စေတီတော်ကြီးနှင့် မာထကုဝ ခေါ်သော ဘုရားကျောင်းကို မြန်မာသက္ကရာဇ် ၁၂၈၈-ခုနှစ်တွင် ဟသ်ာတစီရင်စု၊ အင်ပုရ်မြို့နေ အရေးပိုင်ဦးဘိုးကြီးနှင့် လေးမျက်မြို့နေ ကျောင်းဆရာမ ဒေါ်နှင်းနွယ်တို့၏ သဒ္ဓါတရားဖြင့် ကြံခင်းမြို့နေ သူဌေးကြီးဦးဘိုးလှိုင်၏ အလှူငွေ ၅,၀၀၀-ကို ပါဝင်စေပြီးလျှင် စုစုပေါင်း ၁၈,၀၀၀-ငွေနှင့် ထပ်မံပြုပြင်၍ ခရစ်သက္ကရာဇ် ၁၉၃၁-ခုနှစ်၊ အောက်တိုဘာလမှစ၍ စေတီတော်ကြီးကို ရွှေလုံးပိတ် ချတော်မူလေ၏။ စေတီတော်အလို့ငှာ စုစုပေါင်းငွေမှာ ၁၂,၉၁၀-ကုန်ကျလေ၏။

ထို့နောက် ဆရာတော်ကြီးသည် ခရစ်သက္ကရာဇ် ၁၉၂၈-ခုနှစ်၊ ဩဂုတ်လတွင် အင်္ဂလိပ်မင်းတို့ လက်ထဲ၌ရှိသော ကုသိနာရုံဘုရားမြေကို ဗုဒ္ဓဘာသာအသုံးပြုနိုင်ရန် စီမံအားထုတ်ပေးတော်မူလေ၏။ ဆရာတော်ကြီး၏ ကျေးဇူးတော်ကြောင့် ကုသိနာရုံဌာနသည် လွတ်လပ်သောနေရာကြီး ၁-ခု ဖြစ်ရပေ၏။ ထိုကုသိနာရုံဥယျာဉ်တော်၌ ဂိုရခပုရ်မြို့ အင်္ဂလိပ်ကော်မီဿနာမင်းကြီးသည် ဆရာတော်ကြီးဘုရား၏ တရားတော်ကို ကြားနာရ၍ ၁၉၃၂-ခုနှစ်၊ မေလက အစပြု၍ အင်ကြင်းပင်တို့ကို ကိုယ်တိုင်လာရောက်စိုက်ပျိုးလေ၏။

ထိုမှတပါး ဆရာတော်ကြီးဘုရားသည် သက္ကဋဘာသာ၊ **အဋ္ဌနနိဒါန်းဆေးကျမ်းကြီး**ကို မြန်မာဘာသာသို့ ပြန်ဆိုခြင်း၊ ပါဠိဘာသာတွင် မဟာသတိပဋ္ဌာနသုတ်, ဓမ္မစကြာသုတ်, အနတ္တလက္ခဏာသုတ်, သဠာယတနသုတ်, ပရာဘဝသုတ်, မင်္ဂလသုတ်-စသည်တို့ကို ဟိန္ဒီ, သက္ကဋဘာသာသို့ ပြန်ဆိုခြင်း၊ ရောက်လာကြကုန်သောသူတို့ကိုလည်း တရားဟောခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာကို ပွါးများစေခြင်း၊ ပရိယတ္တိကို ပို့ချခြင်းကိစ္စတို့ဖြင့် နေ့ရက်ကို ကုန်စေတော်မူ၏။

ဆရာတော်ကြီးဘုရား၏ တရားတော်ကို ကြားနာရ၍ နေပါလ်ပြည်သား **မဟာ-ပညာသာသနဇောတိ, ကမ္မသီလ, ဓမ္မာလောက-**စသည်တို့နှင့် ဣန္ဒိယပြည်သား ဗြာဟ္မဏ-ဝဿဇာတ်ဝင် **ဇိနာနန္ဒ, အစုတာနန္ဒ**တို့ကို ရဟန်း,ပဉ္စင်း, ရှင်သာမဏေ ပြုလုပ်စေပြီးလျှင်လည်း သီဟိုဠ်ကျွန်း၊ မြန်မာပြည်သို့ ပညာသင်စေလွှတ်လိုက်ပေ၏။

ထို့နောက် နေပါလ်ပြည်မှ လာရောက်ကြသော သံဃပါလီ, ရတနာပါလီ, ဓမ္မပါလီ အမျိုးသမီးတို့ကိုလည်း သာသနာတော်ပြုစေရန် စီမံခန့်ထားတော်မူလိုက်ပေ၏။ အိန္ဒိယသာသနာပြုရာတွင် ကုသိနာရုံဆရာတော်ကြီးသည် ရှေးဦးစွာ ဆုံးကျ *(ရှေးဦးအကျဆုံး ဖြစ်)* တော်မူ၏။ အကျယ်ကို လိုလျှင် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို ကြည့်ကြလေ။

[၂၇] ဘုရားပွင့်ရာ မဟာဗောဓိသို့ ကြွသွားခြင်း

ဦးကိတ္တိရဟန်းတော်သည် ကျေးဇူးရှင် ကုသိနာရုံဆရာတော်ကြီးထံတော်မှ အခွင့်ပန်ပြီးလျှင် တဖန် ဗာရာဏသီမြို့၊ မိဂဒါဝုန်သို့ ထွက်သွားလေ၏။ ထိုမိဂဒါဝုန်၌ ရခိုင်ဦးပဉ္စင်း ဦးတေဇောဘာသ, ဦးတိဿ, ဦးအာလောက ရဟန်းတော်တို့နှင့်အတူတကွ ဝါလကိုလွန်မြောက်စေ၍ တဖန်သွားပြန်လေရာ မိုဂလ်ဆရာဂျ(Moghalsarai)ဘူတာသို့ ရောက်၍ ၁-ညဉ့်ပတ်လုံး နားနေပြီးလျှင် နံနက် ၅-နာရီခွဲရထားနှင့် သွားလေရာ ဂယာမြို့သို့ ၎င်းနေ့ နံနက် ၉-နာရီအချိန်ကို ဆိုက်ရောက်၍ ဓမ္မသာလာ၌ သုဂတကန္တီ အမည်ရှိသောသူနှင့် တွေ့ဆုံပြီးလျှင် နေ့ဆွမ်းစားပြီးမှ တဖန်သွားပြန်လေရာ ဘုရားသခင် ပွင့်တော်မူရာ မဟာ-ဗောဓိသို့ ညနေချမ်းအချိန်ကို ကောင်းမွန်စွာ ဆိုက်ရောက်လေ၏။

ဗုဒ္ဓဘာသာ ဓမ္မသာလာ၌ တည်းခိုနားနေ၍ တရားအထူးကို ဆည်းပူးအားထုတ်နေသည့်အခိုက်တွင် တွေ့မြင်သမျှကို ကျမ်းဂန်အရနှင့် နှိုင်းဆဝေဖန်လျက် အောက်တွင် ဖော်ပြထားသည့်အတိုင်း မှတ်ယူအပ်၏။

----- x -----

[၂၈] မဟာဗောဓိမြေမျက်နှာပြင်အကြောင်း

ငါတို့ဘုရားလောင်းသည် သုဇာတာ၏ နို့ယနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးမှ နေရွှေရာမြစ်၏အနီးအပါး အင်ကြင်းတောဝယ် နေ့သန့်တော်မူပြီးလျှင် ကာယဂတာသတိကို စီးဖြန်း၍ ညနေချမ်းအခါ ကာလနဂါး၏ ကောင်းချီးသံနိမိတ်ကို နာခံတော်မူလေ၏။

ထို့နောက် ကဿဏ်, ဂန္ဓဗ္ဗနတ်, အသုရာ-အစရှိကုန်သော နတ်တို့သည် ဖန်ဆင်းအပ်ကုန်သော ၈-ဥသဘခန့် ကျယ်ပြန့်သော လမ်းမဖြင့် ကြွရောက်တော်မူရာ ဤမဟာဗောဓိမြေမျက်နှာသည် ငွေအဆင်းကဲ့သို့ ဖွေးဖွေးဖြူသော သဲတို့ဖြင့် ကြဲထားအပ်ကုန်၏။ ၎င်းနေရာသည် ၈-မင်းပယ်စာရှိသည်ဖြစ်၍ ထက်ဝန်းကျင်မှ ပေါက်ရောက်ကုန်သော မြက်, နွယ်, သစ်ပင်တို့သည်လည်း လက်ယာရစ်လှည့်ပတ်လျက် ဗောဓိမဏ္ဍိုင်သို့ ရှေးရှုတည်ကုန်၏-ဟု တေရသကနိပါတ်၊ ကလိင်္ဂစက္ကဝတ္တိဇာတ်၌ ဟောတော်မူ၏။

သုတ်မဟာဝါအဋ္ဌကထာ၊ မဟာပဒါနသုတ်(၅)၌ လာရှိသည်မှာ–

မဟာဗောဓိပလ္လင်္ကော ဝိနသမာနေ လောကေ ပစ္ဆာ ဝိနသတိ၊ သဏ္ဌာဟမာနေ ပဌမံ သဏ္ဌာဟတိ။ –

မဟာဗောဓိပလ္လင်္ကော်၊ မဟာဗောဓိပင်နှင့် ပလ္လင်တော်ပေါက်ရာ မြေမျက်နှာသည်။ လောကေ၊ သြကာသလောကသည်။ ဝိနသမာနေ၊ ပျက်လတ်သည်ရှိသော်။ ပစ္ဆာ၊ နောက်ဆုံးမှ။ ဝိနသတိ၊ ပျက်၏။ သဏ္ဌာဟမာနေ၊ တည်သည်ရှိသော်ကား။ ပဌမံ၊ ရှေးဦးစွာဆုံး။ သဏ္ဌာဟတိ၊ တည်၏။

ဤသို့ လာရှိသည်နှင့်အညီ ဗောဓိပင်နှင့် ပလ္လင်ပေါက်ရောက်ရာ မြေမျက်နှာအပြင်ကို ကမ္ဘာပျက်လျှင် နောက်ဆုံးပျက်၏။ ကမ္ဘာတည်လျှင်လည်း ရှေးဦးစွာဆုံး တည်ကြောင်းကို သိအပ်၏။ သုတ်မဟာဝါဋိကာ၌ "**ဗောဓိမဏ္ဍော ဇမ္ဗုဒီပဿ မဇ္ဈေ နာဘိ ဌာနိယော**"ဟူ၍ လာရှိသည်အရ မဟာဗောဓိပင်ပေါက်ရာ မြေမျက်နှာသည် ဇမ္ဗူဒီပါ၏ အလယ်ချက်မနှင့် တူကြောင်းကို မှတ်ယူအပ်၏။

ဘုရားသခင်သည် ဥရုဝေလတောအနီး နေရဉ္ဇရာမြစ်ကမ်းပါးတွင် မဟာဗောဓိပင်အနီး ရွှေပလ္လင်ထက်၌ ဘုရားအဖြစ်သို့ ရောက်ကြောင်းကို ဟောတော်မူသော ဝိနည်း-မဟာဝါပါဋိတော်(၁)ကို ထောက်လိုက်လျှင် ဗောဓိပင်နှင့် ရွှေပလ္လင်ပေါက်၍ ဘုရားအဖြစ်သို့ ရောက်တော်မူရာ မြေမျက်နှာအပြင်-ဟု မှချပင် သိအပ်၏။ ခပ်သိမ်းကုန်သော ဘုရားရှင်တို့၏ မစွန့်အပ်သောကြောင့် ဤမဟာဗောဓိပင်နှင့် ရွှေပလ္လင်ပေါက်ရာ မြေမျက်နှာသည် အဝိဇဟိတဌာနကြီး ဖြစ်ကြောင်းကိုလည်း သုတ်မဟာဝါအဋ္ဌကထာ၌ လာရှိပေ၏။

ဟူယိင်ဆင်း အမည်ရှိသော တရုတ်ဘုန်းတော်ကြီးတို့ လာရောက်ကြသောအခါ တွေ့ရှိခဲ့ကြသည်မှာကား အရှေ့နှင့်အနောက်ကို အလျား၊ တောင်နှင့် မြောက်ကို အနံထားပြီးလျှင် ဤဗောဓိပင်နှင့် ရွှေပလ္လင်ပေါက်ရာ မြေမျက်နှာကို ခိုင်မာသော အုတ်နံရံ, တံတိုင်းတို့ဖြင့် ဝိုင်းရံထားရှိပေ၏။ ၎င်းနံရံတံတိုင်း၏ အကျယ်အဝန်းကား ခြေလှမ်း ၅၀၀-ခန့်ရှိ၏။ တံခါးမကြီးသည် နေရဉ္ဇရာမြစ်ဘက်သို့ ရှေးရှုလျက်ရှိ၏။ တောင်တံခါး၏ ရှေ့မြစ်ကမ်းပါးတွင် လှုပသောပန်းဥယျာဉ် ၁-ခုရှိ၏။ အနောက်အရပ်၌ တံခါးပေါက်မရှိဘဲ အားလုံးသော နေရာထက် ခိုင်ခန့်စွာ အုတ်တံတိုင်းဖြင့် ပြုလုပ်ထား၏။ မြောက်ဘက်၌မူကား တံခါးမှ ထွက်လျှင်ထွက်ချင်း ကျောင်းတိုက်သို့ ရောက်နိုင်၏။ ၎င်းပြင် တံတိုင်းတွင်းမှာလည်း ခြေ ၁-လှမ်းလျှင် ပူဇော်အပ်သော ဌာန ၁-ခု, ၁-ခုစီ ရှိခဲ့ကြောင်းကို ဟူယိင်ဆင်းကျမ်း၌ ပါရှိ၏။

ယခုရှိပုံမှာ ဗောဓိပင်နှင့် ရွှေပလ္လင်ပေါက်ရာ မြေမျက်နှာသည် ချောက်ကမ်းပါးကဲ့သို့ အစောက်နက်၍ ၄-ဘက်ပတ်လည် ကုန်းမြင့်ကြီးဖြစ်နေ၏။ အနောက်ဘက် မဟာရုံ

တံတိုင်း ၁၂၃-ပေ ရှိ၏။ အရှေ့ဘက် မဟာရံတံတိုင်း ၂၂၂-ပေ ရှိ၏။ တောင်ဘက် မဟာရံတံတိုင်း ၁၈၇-ပေ ရှိ၏။ မြောက်ဘက် မဟာရံတံတိုင်း ၁၈၇-ပေ ရှိ၏။ ထိုမဟာရံတံတိုင်းတွင်း၌ မဟာဗောဓိပင်, ပလ္လင်တော်, အချို့သော သတ္တာဟဘုရားနှစေတီကြီး, စေတီငယ်များစွာတို့နှင့် အကောင်း,အဆိုးအမျိုးမျိုးသော အရာဝတ္ထုတို့သည် ရှိနေကုန်၏။

----- x -----

[၂၉] ဗောဓိပင်အကြောင်း

ဘုရားလောင်း ဖွားမြင်သည်နှင့်တပြိုင်နက် ဒေဝဒဟပြည်ရှင်ဘုရင် သုပ္ပဗုဒ္ဓမင်းကြီး၏ အမိတ္တာမိဖုရားမှ ဘဒ္ဒကစ္စနာ ယသော်ဓရာကို ဖွားမြင်တော်မူလေ၏။ ဘထွေးတော် အမိတောဒနတွင်လည်း အာနန္ဒာမင်းသားကို ဖွားမြင်လေ၏။ ၎င်းပြင် ဆန္နအမတ်, ကာဠုဒါယီအမတ်, ကဏ္ဍကမြင်းကို ဖွားမြင်ပြန်လေ၏။ မဇ္ဈိမဒေသ မြေအပြင်၌လည်း မဟာဗောဓိပင် ပေါက်တော်မူလေ၏။ နန်းတော်တွင်း၌လည်း ရွှေအိုးကြီး ၄-လုံးတို့သည် ပေါ်ထွက်လာကုန်၏။ ဤသို့စသည်ဖြင့် ဗုဒ္ဓဘာသာကျမ်းဂန်များတို့၌ လာရှိပေ၏။

ထိုဖွားဘက်တော် ၇-ပါးတို့တွင် ဘုရားပွင့်တော်မူသော မဟာဗောဓိပင်ကို သီရိ-ဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓဘာသာမဖြစ်မီ ရှေးအဖို့က မနာလိုသော စိတ်ဆန္ဒကြောင့် စစ်သည်တော်အပေါင်းဖြင့် လာရောက်ပြီးလျှင် အမြစ်ရင်းကပင် ခုတ်ဖြတ်လေ၏။ ပင်လုံးနှင့်တကွ အကိုင်း, အခက်, အရွက်တို့ကို ချိုးဖျက်ပြီးလျှင် အနောက်ဘက် မနီး,မဝေးသော အရပ်၌ စုပုံထားပြီးမှ "ဤအပင်အင့ုတ်ကို မီးပုံ၍ ယင်ပူဇော်လေ"ဟု ပုဏ္ဏား ၁-ယောက်အား စေခိုင်းလိုက်ရာ ထိုပုဏ္ဏားလည်း မင်းကြီးဆိုတိုင်း ပြုလေ၏။

ထိုသို့ပင် ဖျက်ဆီးငြားသော်လည်း ပါရမီတော်အဟုန်ကြောင့် မီးခိုးငြိမ်းလတ်သော် ၎င်းနေရာမှာပင် ရှေးယခင်ထက် သာလွန်၍တင့်တယ်သော မဟာဗောဓိပင်သည် အဆောတလျင် ပေါက်လာပြန်၏။ ဤကဲ့သို့ အခြင်းအရာကို ဓမ္မာသောကမင်းတရားကြီး ကြားသိလေလျှင် မိမိပြုမိသောအပြစ်ကို အောက်မေ့လျက် နောင်တပူပန်ခြင်းသို့ ရောက်လေ၏။ ထိုအခါ မဟာဗောဓိပင်သို့ လာရောက်၍ အကြည်ညိုလွန်သောကြောင့် နန်းတော်သို့ မပြန်ဘဲ အမြဲမပြတ် ဆည်းကပ်ကိုးကွယ်နေသည်ကို မိဖုရားသီလတ်သော် ဣဿာ, မစ္ဆေရ ဝင်ပြီးလျှင် လျှို့ဝှက်သောအကြံအစည်ဖြင့် မင်းကြီးမရှိစဉ် မဟာဗောဓိပင်ကို အဖြတ်ခိုင်းလိုက်ပေ၏။

အသောကမင်းကြီးသည် လာရောက်၍ ပူဇော်အုံ-ဟု မဟာဗောဓိပင်ကို ကြည့်လျှင် ပိုင်းပြတ်နေသည်ကို မြင်ရကား စိုးရိမ်ခြင်းကြီးစွာနှင့် ဗောဓိပင်ငုတ်ကို နွားနို့ရည်တို့ဖြင့် သွန်းလောင်းပူဇော်၍ ဓိဋ္ဌာန်တော်မူလေလျှင် ယခင်အတိုင်း အမြစ်ရင်းမှ ဗောဓိပင်ပေါက်လာပြန်၏။ ဤကဲ့သို့ အဖြစ်အပျက်ကို ကွက်ကွက်ကွင်းကွင်း ထင်မြင်ရခြင်းကြောင့် အသောကမင်းကြီးအား သဒ္ဓါတရားသည် တိုးတက်သည်ထက်မက တိုးတက်လာပြန်လေ၏။ ထို့နောက် မင်းကြီးသည် အရပ် ၄-မျက်နှာမှ အုတ်တံတိုင်းတို့ဖြင့် ကာရံထား၍ တစ်နေ့မပြတ် ဆည်းကပ်ကိုးကွယ်နေလေ၏။

ထို့နောက်တဖန် အဆုံးစွန်အကြိမ်မှာ သျှသျှက်မင်း ၁-ပါးသည် ဘုရား၌ ဣဿာ, မစ္ဆေရရှိခြင်းကြောင့် ကျောင်းတိုက်ပေါင်း များစွာတို့ကို တူးဖြိုဖျက်ဆီးပြီးလျှင် မဟာဗောဓိပင်ကိုလည်း အငုတ်ပါ မကျန်ရအောင် ခုတ်ထွင်ပြီးမှ အောက်သို့ ရေဝါထွက်သည်တိုင်အောင် အမြစ်ရင်းကို တူးဖြိုစေ၏။ ယင်းသို့ တူးသော်လည်း ဗောဓိပင်အမြစ် ဆုံးရာဌာနကို မတွေ့ရှိချေ။ ဤမျှသာမက မဟာဗောဓိနေရာကို နောင်အခါ ထပ်မံ၍ ဗောဓိပင် မပေါက်အောင် မီးရှို့၍ ကြံ့ရည်တို့ဖြင့် သွန်းလောင်းစေ၏။

ထို့နောက် မှားမကြာမီ အသောကအနွယ်ဝင် ပူရဏဝရမာ အမည်ရှိသော နောက်ဆုံး မဂဓမင်းအား ကြားသိလေသော် မသာယာသော စိတ်သောကဖြင့် လာရောက်တော်မူ၍ နွားမ ၁,၀၀၀-မှ ရအပ်သော နို့ရည်တို့ဖြင့် ဗောဓိပင်နေရာကို သွန်းလောင်းလေလျှင် တစ်ညှဉ့်တည်းတွင် ၁၀-ပေခန့်ရှိသော ဗောဓိပင်ငယ် ၁-ပင် ပေါက်လာပြန်၏။ ထို့နောက် နောင်-တစ်စုံတစ်ယောက်မျှ မဖျက်ဆီးနိုင်လောက်အောင် ၂၄-ပေခန့် အမြင့်ရှိသော တံတိုင်း ၁-ခုကို ၄-ဘက်ပတ်လည် ပြုလုပ်စီမံထားလေ၏။ ဤသို့လျှင် မဟာဗောဓိပင်သည် ၃-ကြိမ်တိုင်အောင် အဖြတ်ခံရကြောင်းကို ဟူယိုင်ဆင်ကျမ်း၌ တွေ့ရှိ၏။ ဖာဟိယန်ကျမ်း၌လည်း ဗောဓိပင်ကို သီရိဓမ္မာသောကမင်းကြီး၏ မိဖုရားကြီးက မနာလိုသောစိတ်ဖြင့် ဖျက်ဆီးကြောင်းကို လာရှိပေ၏။

မဟာဝင်ကျမ်း၌ကား သီရိဓမ္မာသောကမင်းကြီးသည် မဟာဗောဓိပင်မှ မျိုးစေ့ကို ယူ၍ မိမိပြည်တွင် စိုက်အပ်သော ဗောဓိပင်ပျိုကို တိဿရက္ခာမိဖုရားကြီးသည် အဆိပ်ရှိသော ဖားရိုးနှင့် ယှဉ်သဖြင့် ဗောဓိပင်ကို သတ်စေ၏-ဟု လာရှိလေ၏။ ထိုမှတပါး ဗောဓိပင်၏ လက်ယာတောင်ကိုင်းကို အသောကမင်းကြီးသည် မြင်းသီလာဖြင့် ဖြတ်၍ သီဟိုဠ်ကျွန်း၊ အနုရာဓပြည်သို့ ပို့လိုက်ကြောင်းလည်း ပါရှိလေ၏။

ယခုရှိပုံ အခြေအနေမှာ ဘုရားသခင် ပွင့်တော်မူရာ မဟာဗောဓိပင်အစစ်သည် မရှိပြီ။ ထိုဗောဓိပင်၏နေရာမှာပင် လုံးပတ် ၉-တောင်, ၁၀-လက်မခန့်၊ အမြင့် အတောင်

၃၀-လောက်ရှိသော ဗောဓိပွါး ၁-ပင်သည် စေတီတော်ကြီး၏ အနောက်ဘက်၌ ကပ်လျက် ပေါက်နေ၏။ ထိုအပင်ကို အုတ်နံရံတို့ဖြင့် ကာရံလျက် ရှိနေ၏။ ၎င်းအပင်မှ ဘုရားဖူး လာရောက်ကုန်သောသူတို့သည် အစောင့်အရှောက်ကုလားကို ပိုက်ဆံပေးပြီးလျှင် အကိုင်း, အခက်, အရွက်, အသီးတို့ကို ခုတ်ဖြတ်ယူကြလေကုန်၏။

----- x -----

[၃၀] ရွှေပလ္လင်အကြောင်း

ဘုရားအလောင်းတော်သည် ကာလနဂါးမင်း၏ တိတ်နိမိတ်ကို ယူ၍ နတ်တို့ စီမံအပ်သော ၈-ဥသဘကျယ်သော လမ်းဖြင့် ဗောဓိမဏ္ဍိုင်သို့ ကြွလတ်သော် သောတ္ထိယ အမည်ရှိသော မြက်ထမ်းသမားသည် လျှုကပ်အပ်သော မြက် ၈-ဆုပ်ကို ခံယူ၍ မဟာ-ဗောဓိသို့ ကပ်လေ၏။

ထို့နောက်မှ ဇတာင်အရပ်က ရပ်တော်မူလျှင် မြေစောင်းထောင်လာဘိသကဲ့သို့ ထင်မှတ်၍ "ဤအရပ်ကား ဘုရားဖြစ်ရာ မဟုတ်"ဟု ကြံစည်လျက် တဖန် အစဉ်အတိုင်း အနောက်အရပ်, မြောက်အရပ်သို့ လှည့်ပတ်ရပ်တော်မူလေ၏။ ထိုအခါလည်း မြေပြင် စကြဝဠာသည် စောင်းထောင်သာ ထင်မြင်လေ၏။ "ဤနေရာလည်း ဘုရားဖြစ်ရာ မဟုတ် သေးချေ"ဟု ကြံဆ၍ အရှေ့အရပ်က ရပ်တော်မူလေ၏။ ယင်းသို့ ရပ်ပြီးသော် မြက် ၈-ဆုပ်ကို ကြဲလိုက်လေလျှင် ၁၄-တောင် အပြန့်ကျယ်သော အပရာဇိတပလ္လင်တော် ပေါက်၍ ၎င်းပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူပြီးမှ အာနာပါနကမ္မဋ္ဌာန်းကို ဝင်စားလျက် "ဘုရားမဖြစ်သမျှကို မထတော့ပြီ"ဟု မိဋ္ဌာန်ပြီးလျှင် စတုရင်္ဂဝိရိယဖြင့် နေတော်မူလေ၏။

ထိုပလ္လင်တော်၌ နေတော်မူသော် သိကြား-စသော နတ်,ဗြဟ္မာတို့၏ အသီးသီး တို့ဖြင့် ပူဇော်သက္ကာရကို ခံနေတော်မူစဉ် ဝသဝတ္တီမာရ်နတ်မင်းသည် ဗိုလ်ပါအပေါင်း ခြံရံလျက် တိုက်ဖျက်လာသည်ကို ပါရမီတော်အဟုန်ဖြင့် နေမဝင်မီ အောင်တော်မူလေ၏။

ထိုပလ္လင်တော်၌ပင်– - ညဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊
- သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊
- မိုးသောက်ယံ၌ အာသဝက္ခယဉာဏ်တော်ဖြင့် –

ကိလေသာကို ပိုင်းဖြတ်လျက် ပစ္စဝေက္ခဏာဝိထိ ၁၉-ချက်၏အဆုံး၌ သဗ္ဗညုတဉာဏ်ကို ရတော်မူ၍ သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့အကုန်၊ နေအရုဏ်တက်လျှင်

တက်ချင်း ဘုရားအဖြစ်သို့ ရောက်တော်မူ၍ "**အနေကဇာတိသံသာရံ**"စသော ဥဒါန်းကို ကျူးရင့်တော်မူလေ၏-ဟု ဇိနတ္ထပ္ပကာသနီ၌ တွေ့ရှိပေ၏။

ယင်းသို့ ဘုရားဖြစ်တော်မူရာ ရတနာပလ္လင်သည် "**ဗောဓိပလ္လင်္ကော် မာရဝိဇယံ**" ဟူသော ပရိတ်ကြီးပါဠိတော်နှင့်အညီ မာရ် ၅-ပါးကို အောင်တော်မူရာ ရတနာဗောဓိပလ္လင် မည်၏။ "**ဗောဓိသ သမီပေ ပဝတ္တော ပလ္လင်္ကော် ဗောဓိပလ္လင်္ကော်**"ဟူသော ပရိတ်ကြီးဋီကာ လာသည့်အရ ဗောဓိပင်၏အနီး၌ဖြစ်သော ပလ္လင်သည် ဗောဓိပလ္လင် မည်၏-ဟု သိအပ်၏။

"**နဇ္ဇာ နေရဉ္ဇရာယ တီရေ ဗောဓိရုက္ခမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ**"ဟူသော ဝိနည်း-မဟာဝါပါဠိတော်(၁)နှင့်အညီ နေရဉ္ဇရာမြစ်၏ အနောက်ဘက်ကမ်း၌ ဗောဓိပင်၏အနီး ရွှေပလ္လင်ထက်တွင် ရှေးဦးစွာ ဘုရားအဖြစ်သို့ ရောက်ကြောင်းကို သိအပ်၏။

ယခုရှိနေပုံကား ၄-သခြေ်နှင့် ကမ္ဘာ ၁-သိန်းကာလပတ်လုံး ပါရမီ ၁၀-ပါး, အပြား ၃၀-တို့ကို ဖြည့်ကျင့်တော်မူ၍ ရတော်မူအပ်သော ရွှေပလ္လင်တော်သည် မဟာဗောဓိပင်မှ ၆-ပေလောက်ခန့်သာ ကွာဝေး၍ တည်ရှိ၏။ အုတ်နံရံဖြင့် ကာရံလျက် ရှိ၏။ စင်စစ်မှာမူကား ပုံစံမျှသာ ဖြစ်ပေ၏။

----- × -----

[၃၁] သတ္တာဟဌာနအကြောင်း

ဝိနည်းမဟာဝါအဋ္ဌကထာ(၂၃၈-၂၄၀)နှင့်အညီ သတ္တာဟဌာနသည်–

၁။ ပလ္လင်္ကသတ္တာဟ,	၂။ အနိမိသသတ္တာဟ,
၃။ ရတနစင်္ကမသတ္တာဟ,	၄။ ရတနဃရသတ္တာဟ,
၅။ အဇပါလသတ္တာဟ,	၆။ မုစလိန္ဒသတ္တာဟ,
၇။ ရာဇယတနသတ္တာဟ –	ဟူ၍ ၇-ပါး အပြားရှိ၏။

၁။ ပလ္လင်္ကသတ္တာဟ

ထို ၇-ပါးတို့တွင် "**ဗောဓိရုက္ခမူလေ သတ္တာဟံ ဧကပလ္လင်္ကေန နိသီဒိ**"(ဝိ၊ဌ၊၃။၂၃၈) ဟူ၍ လာရှိသောကြောင့် ဘုရားသခင်သည် ဗောဓိပင်၏အနီး ရွှေပလ္လင်ထက်၌ ၇-ရက် ပတ်လုံး တစ်ထက်ဝယ်တည်းဖြင့် နေတော်မူ၏။ ထိုသို့ နေတော်မူရာသည် ပထမပလ္လင်္ကသတ္တာဟ မည်၏။

ဗောဓိသ သမီပေ ဝိဒတ္ထာဓိကစတုဟတ္ထန္တရေ ဌာနေ ပဝတ္တော ပလ္လင်္ကော-ဟူ၍ လာရှိသော ပရိတ်ကြီးဋီကာနှင့်အညီ ဗောဓိပင်နှင့် ပလ္လင်တော်သည် ၄-ထောင်ထွာ ခြား၏-ဟု သိအပ်၏။

ပုရတ္ထိမဒိသာဘာဂံ ဂန္ဓာ ပစ္ဆိမာဘိမုခေါ အဋ္ဌာသိ။ ပုရတ္ထိမဒိသာဘာဂေ ပန သဗ္ဗဗုဒ္ဓါနံ ပလ္လင်္ကာနံ အဟောသိ-ဟူသော အပဒါန်အဋ္ဌကထာ(၁။၈၅)ကို ထောက်လျှင် ပလ္လင်တော်သည် ဗောဓိပင်မှ အရှေ့မျက်နှာ ကျကြောင်းကို သိအပ်၏။

တာနိ တိဏာနိ အဂ္ဂေ ဂဟေတွာ စာလေသိ၊ တာဝဒေဝ စုဒ္ဒသဟတ္ထော ပလ္လင်္ကော အဟောသိ-ဟူသော ၎င်းအဋ္ဌကထာ(၁။၈၅)စကားဖြင့် ပလ္လင်တော်သည် ၁၄-တောင် အပြောကျယ်၏-ဟု သိအပ်၏။

အရုဏဝတီသုတ်၌ကား တိဏသန္ထရံ သန္ထရိတွာ စတုဝီသဘိဟတ္ထပ္ပမာဏော ပလ္လင်္ကော ဥဋ္ဌဟိတွာ ပလ္လင်္ကေ နိသီဒိတွာ-စသည်ဖြင့် လာရှိသည်ကို ထောက်လျှင် ၂၄-တောင်ပမာဏရှိသော ပလ္လင်တော် ပေါက်ကြောင်းကို သိအပ်၏။

ပလ္လင်တော်၏ ယခုရှိပုံ အခြေအနေမှာ အလျား ၅-တောင်, ၆-လက်မ၊ အနံ ၃-တောင်, ၅-လက်မ ရှိ၏။ အုင်္ဂန်ရံ အလျား ၂၁-တောင်, အနံ ၁၀-တောင်၊ အမြင့် ၂-တောင်, ၃-လက်မ၊ ဗြက် ၂-တောင်ခန့် ရှိ၏။ ။ ဤကား ပလ္လင်္ကသတ္တာဟတည်း။

၂။ အနိမိသသတ္တာဟ

ပလ္လင်္ကတော ဤသက် ပါစိနနိဿိတေ ဥတ္တရဒိသာဘာဂေ ဌတွာ-အစရှိသော ဝိနည်းမဟာဝါအဋ္ဌကထာ(၂၃၈)နှင့်အညီ ဗောဓိပလ္လင်မှ အရှေ့မြောက်ထောင့်၌ ရပ်တော်မူ၍ ၄-သခြေ့်နှင့် ကမ္ဘာ ၁-သိန်း ဖြည့်တော်မူမှ ရတော်မူသော ဗောဓိပင်နှင့် ရှေ့ပလ္လင်ကို မမှိတ်သောမျက်စိတော်ဖြင့် ကြည့်တော်မူ၍ ၇-ရက် နေတော်မူ၏။ ယင်းသို့ နေတော်မူရာသည် **အနိမိသသတ္တာဟ** မည်၏။

ဗောဓိဝိဘာဝနီ၌ အနိမိသနှင့် ပလ္လင်တော်သည် ၄-လံသာ ကွာကြောင်းကို တွေ့ရှိ၏။ ဗောဓိဝင်၌ ၁၀-လံ ကွာဝေးကြောင်းကို လာရှိလေ၏။ သမိုင်းမှတ်ပုံမှာကား ၁၄-လံ ကွာ၏-ဟု ပါရှိ၏။

ယခုရှိပုံ အခြေအနေမှာ ပလ္လင်တော်မှ အရှေ့မြောက်အရပ် တောင်ကုန်းမြင့်၌ ယခုရှိပေ ၂၂၇-ပေရှိရာအရပ်တွင် မဟာစေတီတော်ကြီးပုံအတိုင်း စေတီငယ် ၁-ဆူ ရှိ၏။

ၢင်းစေတီမှာ အမြင့်ပေ-၂၀၊ အလျား,အနံ ၁၆-ပေနှင့် ၄-လက်မစီ ရှိ၍ အရှေ့သို့ မုခ်ဝလှည့်လျက် ရှိနေ၏။ အထက်ခေါင်ထွင့် မရှိပြီ။ ဤကား ဒုတိယအနိမိသသတ္တာဟတည်း။

၃။ ရတနစက်မသတ္တာဟ

ပလ္လင်္ကသ စ ဌိတဌာနသ စ အန္တရာ-စသည်ဖြင့် ဝိနည်းမဟာဝါအဋ္ဌကထာ(၂၃၈) လာသည့်အရ ဗောဓိပလ္လင်တော်နှင့် အနိမိသအကြား အရှေ့,အနောက်တန်းလျား နတ်တို့ ဖန်ဆင်းအပ်သော စင်္ကြံတော်၌ ၇-ရက်ပတ်လုံး စင်္ကြံတော်ကြွ၍ နေတော်မူ၏။ ယင်းသို့ စင်္ကြံတော်ကြွရာသည် **ရတနစက်မသတ္တာဟ** မည်၏။ "**ရတနစက်မေတိ** ဒေဝတာဟိ မာပိတေ ရတနမယစက်မေ"ဟူ၍ တေရသကဏ္ဍီကာ(သာရတ္ထ၊ဋီ၊၃။၁၄၄)ကို ထောက်လျှင် ဘုရားသခင် စင်္ကြံကြွရာကို ဒေဝတာနတ်တို့က ဖန်ဆင်းကြကုန်၏-ဟု မှတ်ယူအပ်၏။

ပုထုလတော ပန ဒိယမှုရတနံ ဒ္ဒိသု ပသေသု ရတနမတ္တံ အနုစက်မံ ဒိယသော သဋ္ဌိဟတ္ထံ မုဒုတလံ သမဝိပွကိဏ္ဏဝါလုကံ စက်မံ ဝဋ္ဋတိ-ဟူ၍ အဘိဓမ္မာအဋ္ဌကထာနှင့်အညီ စင်္ကြံတော်သည် အရှေ့,အနောက် အတောင် ၆၀-ရှိ၏။ ယခုရှိပုံမှာ အရှေ့,အနောက် အလျား ၅၄-ပေ, ၉-လက်မ၊ အနံ ၄-ပေ၊ အမြင့် ၃-ပေ စင်္ကြံတန်းလျားရှိပြီးလျှင် ထိပ်ပေါ်၌ စီတန်းလျက် ကြာပွင့်ပုံ ၁၉-ခု ပါရှိ၏။ ဤကား **တတိယရတနစက်မသတ္တာဟတည်း**။

၄။ ရတနယရသတ္တာဟ

တတော ပစ္ဆိမဒိသာဘာဂေ ဒေဝတာ ရတနယရံ မာပယိသု-စသော ဝိနည်းမဟာဝါ-အဋ္ဌကထာ(၂၃၈)ဆရာသည် ညွှန်းပြအပ်သောကြောင့် ထိုရတနစင်္ကြံတော်မှ အနောက်မျက်နှာ, မဟာဗောဓိပင်မှ အနောက်မြောက်အရပ်၌ နတ်တို့သည် ကောင်းစွာ ဖန်ဆင်းအပ်သော ရတနာရွှေအိမ်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် အဘိဓမ္မပိဋကတ်ကို သုံးသပ်တော်မူ၍ ၇-ရက်ပတ်လုံး စမ္မာယ်တော်မူရာသည် **ရတနယရသတ္တာဟ** မည်၏။

စတုတ္ထေ ပန သတ္တဟေ ဗောဓိတော ပစ္ဆိမုတ္တရဒိသာဘာဂေ ဒေဝတာ ရတနယရံ မာပယိသု-ဟူသော အဋ္ဌကထာ(အပဒါန၊ဋ္ဌ၊၁။၉၂)ကြီး ၃-ကျမ်းနှင့်အညီ ၄-ခုမြောက်သော သတ္တာဟဌာနသည် ဗောဓိပင်မှ အနောက်မြောက် ကျ၏။ အကွာအဝေးမှာ ဗောဓိဝိဘာဝနီ ကျမ်း၌ စက်မဌာနကို အစွဲပြု၍ ၂၃-လံ ခြားကြောင်း၊ ဗောဓိဝင်၌ အလံ-၄၀၊ မှတ်ပုံကျမ်း၌ အလံ ၃၀-ခြားနေကြောင်းကို လာရှိ၏။

ယခုရှိပုံကား မဟာဗောဓိပင်မှ အနောက်မြောက် ယခုရှိပေ ၁၅၃-ပေ ကွာ၏။ ၎င်းအရပ်၌ အနိမိသနှင့် ပုံစံတူစေတီငယ် ၁-ဆူ ရှိ၏။ သို့သော် ပျက်စီးလေသောကြောင့် အုတ်ပုံမျှသာ ရှိနေ၏။ ၎င်းစေတီ၏ အလျား အရှေ့,အနောက် ၁၄-ပေ, ၄-လက်မ၊ တောင်,မြောက် ၁၂-ပေရှိ၏။ မြောက်ဘက်သို့ မျက်နှာမူ၍ ရှိ၏။ ဤကား **စတုတ္ထရတနယရ-သတ္တာဟတည်း**။

၅။ အဇပါလသတ္တာဟ

"ဧဝံ ဗောဓိသမီပေယေဝ စတ္တာရိ သတ္တာဟာနိ ဝီတိနာမေတွာ"ဟူသော ဝိနည်း-မဟာဝါအဋ္ဌကထာ(၂၃၉)၌ လာရှိသည်ကိုထောက်လျှင် အထက်ပါ ၄-ဌာနသည် ဗောဓိပင်၏ အနီးအပါးမှာ ရှိနေကြောင်းကို သိအပ်၏။ ဤမှ ကြွင်းသော **အဇပါလ-သတ္တာဟ**, မုစလိန္ဒသတ္တာဟ, ရာဇယတနသတ္တာဟတို့ကို ဗောဓိပင်မှ အဝေး၌ တည်၏-ဟု အဓိပ္ပါယ် ရရှိပေ၏။

ထို့ကြောင့် ဝိနည်းမဟာဝါအဋ္ဌကထာ(၂၃၉)၌ **"ပဠမေ သတ္တာဟေ ဗောဓိရုက္ခမူလာ ယေန အဇပါလနိဂြောဓော၊ တေနုပသင်္ကမိ"**ဟူ၍လည်းကောင်း၊ **"ဗောဓိတော ပုရတ္ထိမဒိသာ-ဘာဂေ ဧသ ရုက္ခော ဟောတိ"**ဟူ၍လည်းကောင်း လာ၏။(ဝိ၊၆၊၃။၂၃၉) အဓိပ္ပါယ်မှာ ၅-ခု မြောက်သော အဇပါလသတ္တာဟသည် မဟာဗောဓိပင်မှ အရှေ့အရပ်ကျ၏။ ထိုအဇပါလ ဆိတ်ကျောင်းညောင်ပင်ရင်း၌ ဘုရားသခင်သည် ၇-ရက်ပတ်လုံး သီတင်းသုံးနေတော်မူ၏။ ယင်းသို့ နေတော်မူရာ ဆိတ်ကျောင်းသားတို့၏ တည်းခိုရာ ညောင်ပင်သည် **အဇပါल-သတ္တာဟ** မည်၏။ ဗောဓိဝိဘာဝနီ-စသော ကျမ်းငယ်တို့၌ ဗောဓိပင်မှ အဇပါလသည် ၃၂-လံ ဝေးကြောင်းကို လာရှိ၏။

ဗောဓိပင်မှ အရှေ့ဘက် ၄-တောင်တာနှင့် တာပေါင်း ၄၀-ကျော်ခန့်တွင် ဗုဒ္ဓဂယာ ခေါ်သော ရွာသည် ရှိ၏။ ၎င်းရွာ၏အတွင်း၌ ညောင်ဗုဒ္ဓဟေပင်ကို အဇပါလသတ္တာဟ-ဟု ဇမ္ဗုဒီပဣန္ဒိယနယ်ပုံကျမ်း၌ ဖော်ပြ၏။ ၎င်းပြင် ဟူယိုင်ဆင်ကျမ်း၌ လာရှိသည်မှာကား ဗောဓိပင်၏ အရှေ့လမ်းမှ လက်ယာ, လက်ဝဲ ၂-ဖက်တို့၌ စေတီ ၂-ဆူ ရှိကုန်၏။ ထိုစေတီ တည်ရာ၌ ဘုရားသခင်နေတော်မူစဉ် မာရ်နတ်မင်းကိုယ်တိုင် ဖျက်ဆီး၍ မပျက်စီးနိုင်သော အခါ သမီးတော်ကို အဖျက်ခိုင်းသောကြောင့် မာရ်နတ်မင်းသမီးတော် လာရောက်၍ ဘုရား သခင်ကို ဖျားယောင်းလာ၏-ဟု ဆို၏။ သို့သော်လည်း အဝေးအကွာ စကားသည် ၎င်းကျမ်း၌ မပါမရှိ။

ယခုရှိပုံ အခြေအနေမှာ ဟူယိုင်ဆင်ကျမ်းဂန်၏အလိုကို ထောက်သောအားဖြင့် ဗောဓိပင်၏ အရှေ့အရပ်၊ ယခုရှိ ပေ ၁၇၄-ပေ ကွာဝေးသောအရပ်၌ ဆိတ်ကျောင်းညောင်ပင် မရှိသော်လည်း မဟာဗောဓိစေတီကြီးပုံအတိုင်း စေတီငယ် ၁-ဆူ လက်ယာဘက်၌ တည်ရှိ၏။ ၎င်းစေတီ၏အမြင့်ကား ၁၅-ပေ၊ အလျား, အနံ ပေ ၃၀-နှင့် ၄-လက်မရှိ၏။ ၎င်းပြင် မြောက်သို့ မျက်နှာမူလျက် တည်ရှိ၏။ လက်ဝဲဘက်စေတီမှာကား ပျက်စီးယိုယွင်းသွားလေပြီ။ ။ ဤကား ပဌမအလပါလသတ္တာဟတည်း။

၆။ မုစလိန္ဒသတ္တာဟ

"မုစလိန္ဒမူလာတိ မဟာဗောဓိတော ပါစီနကောဏေ ဌိတမုစလိန္ဒရုက္ခမူလာ"ဟူ၍ ဝိနည်းမဟာဝါအဋ္ဌကထာ(၂၄၀)စကားရပ် ပြအပ်သည်နှင့်အညီ မဟာဗောဓိပင်မှ အရှေ့တောင်ထောင့်အရပ် မုစလိန္ဒာမည်သော ရေအိုင်၏အနီးအပါး ကျည်းပင်ကြီးရင်း၌ ၇-ရက်ပတ်လုံး သီတင်းသုံးနေတော်မူ၏။ ယင်းသို့ နေတော်မူရာနေရပ်သည် **မုစလိန္ဒသတ္တာဟ**မည်၏။ ဗောဓိဝိဘာဝနီကျမ်း၌ ဗောဓိပင်မှ ၅၁-လံ ကွာကြောင်းကို ဆို၏။ နွားဥသဘတစ်တွန်မျှ ကွာဝေးကြောင်းကို သမိုင်းစာငယ်များ၌ လာရှိ၏။ ၎င်းပြင် အချို့စာငယ်များမှာ ၃၅-လံ ဟူ၍လည်းကောင်း, ၂၃-လံဟူ၍လည်းကောင်း ကွာဝေးကြောင်းကို တွေ့ရှိ၏။

ယခုရှိပုံမှာ မဟာဗောဓိပင်၏ အရှေ့တောင် ယခုရှိပေ ၃၃၂-ပေရှိ၏။ မုစလိန္ဒနဂါးမင်းကြီး အပူဇော်ကို ခံတော်မူလျက် သီတင်းသုံးနေတော်မူသော ကျည်းပင်ကြီးအိုင်မှာ ကန်မြောက်ဘက် ၎င်းကန်ဝ၌ မုခ် ၂-ဆောင်ထုတ်လျက်ရှိ၏။ ၎င်း၏အမြင့် ၁၅-ပေခန့်၊ မုခ်ဝအကျယ် အရှေ့,အနောက် ၃၅-ပေ၊ တောင်နှင့် မြောက်မှာလည်း ၎င်းနည်းအတိုင်း ၃၅-ပေ, ၆-လက်မ ရှိ၏။ ၎င်းမုခ်နှင့် တဆက်တည်း အရှေ့ဘက်သို့ ဆက်လျက် ဂူလိုဏ်ဝပေါင်း ၁၇-ခု တန်းလျားရှိ၏။ ၎င်း၏ အမြင့် ၆-ပေခန့် ရှိ၏။ ၎င်းပြင် ကန်၏ ရေနေအကျယ် အဝန်း ပေ ၁၅၀-ခန့်ရှိ၏။ မဟာရံတံတိုင်း၏ အရှေ့, အနောက်, တောင်နှင့် မြောက်မှာ ပေပေါင်း ၂၀၀-ခန့်စီ ရှိ၏။ ဤကား **ဆဋ္ဌမမုစလိန္ဒသတ္တာဟတည်း**။

၇။ ရာဇာယတနသတ္တာဟ

"ရာဇာယတနန္တိ ဒကွိဏာဘာဂေ ဌိတံ ရာဇာယတနရုက္ခမူလံ ဥပသင်္ကမိ"အစရှိသော ဝိနည်းမဟာဝါအဋ္ဌကထာ(၂၄၀၊၂၄၁)၌ လာရှိသော စကားအစဉ်ဖြင့် ရာဇာယတန-ဟူသည်ကား မဟာဗောဓိပင်မှ တောင်မျက်နှာအဖို့ လင်းလွန်ပင်ရင်း၌ သမာပတ်ကို ဝင်စား

၍ ၇-ရက်စေ့သောအခါ သိကြားမင်း၏ မျက်သစ်တံ တံပူနှင့်တကွ အနောတတ်ရေများကို အပူဇော်ခံ၍ နေတော်မူစဉ် ဥက္ကလာပတိုင်းသား တပုဿ, ဘလ္လိက ညီနောင်တို့သည် ပျားမုန့်ဆွမ်းကို ကပ်လှူကြ၏။ ထိုအခါ ဘုရားသခင်သည် စတုမဟာရာဇ်နတ်မင်းကြီး ၄-ယောက်တို့ ဆက်ကပ်လာသော ပဲနောက်အဆင်းရှိသော ကျောက်သပိတ်ဖြင့် ခံယူတော်မူလျက် ဒွေဝါစိကသရဏဂုံနှင့်တကွ ဆံတော်ဓာတ် တစ်လက်ဆုပ်ကိုလည်း ထိုကုန်သည် ညီနောင်တို့အား ပေးသနားတော်မူလေ၏။ ဤအရပ်သည် ရာဇာယတနသတ္တာဟ မည်၏။

ကျမ်းဆရာအချို့တို့က ဤရာဇာယတနသတ္တာဟသည် မဟာဗောဓိပင်မှ ၁၅-လံ ဟူ၍လည်းကောင်း၊ ၁၁-လံဟူ၍လည်းကောင်း၊ ၄-တောင်တာနှင့် အပြန် ၈၀-ကျော်ဟူ၍ လည်းကောင်း အသီးသီးညွှန်းပြကြကုန်၏။ ယခုရှိပုံကား မဟာဗောဓိပင်၏ တောင်အရပ် ယခုရှိ ပေ ၁၄၁-ခန့်ရှိအရပ်၌ ရှေးက စေတီကြီး ၁-ဆူရှိဟန်နှင့် တူ၏။ ယခုမူကား ဖိနပ်မျှသာ ရှိနေ၏။ အကျယ်အဝန်းမှာ ၄-မျက်နှာ၌ ၇၉-ပေနှင့် ၃-လက်မစီ ရှိ၏။ ။ ဤကား သတ္တမရာဇာယတနသတ္တာဟတည်း။

----- × -----

[၃၂] မဟာဗောဓိစေတီတော်ကြီးအကြောင်း

မဟာဗောဓိနှင့် ပလ္လင်တော်၏ ရှေ့၌ မဟာဗောဓိစေတီတော်ကြီး ၁-ဆူရှိ၏။ ၎င်းစေတီတော်ကြီးမှာ ၄-ထောင့်ပုံ ၂-ဆင့်ထပ် အရှေ့,အနောက် ၅၇-တောင်၊ တောင်နှင့်မြောက် အတောင် ၅၀၊ အထက်သပိတ်မှောက်ထိ အမြင့်ပေ ၁၃၀-ခန့် ရှိ၏။ ၎င်းမှ အထက်ကို ၃၀-ရှိ၏။ ၎င်းစေတီတော်ကြီး၏ ရှေ့က မုခ်မှာ ၉-တောင်ရှိ၏။ ၎င်းပြင် စေတီတော်ကြီး၏ အထက်ဆင့် အရှေ့,အနောက် အတောင် ၃၀-နှင့် ၁၇-လက်မရှိ၏။ တောင်နှင့်မြောက် ၃၁-တောင်နှင့် ၅-လက်မ ရှိ၏။ စေတီတော်ကြီး၏ အောက်ထပ်ဂူတွင်း ရှိ ရုပ်ပွါးတော်ကြီး၏ ဥဏ္ဍာတော်သည် ၃-တောင်နှင့် ၁-မိုက်ရှိ၏။ ဤမဟာဗောဓိစေတီတော်ကို သီရိဓမ္မာသောကမင်းကြီး စၦတည်ခဲ့ပြီးနောက် မင်းတုန်းမင်းကြီး အလိုတော်ဖြင့် အင်္ဂလိပ်ဘုရင်မကြီးက ထပ်မံ၍ တည်ထားလေ၏။

မြန်မာသက္ကရာဇ် ၁၁၈၃-ခုနှစ်၊ နတ်တော်လဆန်း ၉-ရက်၊ သောကြာနေ့၌ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး၏ မြေးတော်၊ စတုတ္ထအမရပူရမြို့တည် ဘုရင်မင်းမြတ်သည် အဖိုးတန်လျှုဖွယ်ဝတ္ထု အမျိုးမျိုးတို့နှင့် ကမ္ပည်းကျောက်စာများကို မဟာဗောဓိစေတီတော်သို့ အရောက်ပူဇော်လျှုဒါန်းစေ၏။ မြန်မာသက္ကရာဇ် ၁၂၃၆-ခုနှစ်မှာ တန်ဆောင်မုန်း

လတွင် မြန်မာဘုရင် မင်းတုန်းမင်းကြီးသည် ဂျာန္ဒီယအစိုးရတို့၏ အထောက်အပင့်ဖြင့် မဟာဗောဓိစေတီတော်ကို ပြန်၍ရဖို့ရန် အားထုတ်လတ်သော် အောင်မြင်ခြင်းသို့ ရောက်ဖူးလေ၏။ ၎င်းပြင် မဟာန္တကီခေါ်သော ဟိန္ဒူဘုန်းကြီးကလည်း မိမိရသမျှ လှူဖွယ်ဝတ္ထုနှင့် တကွ အလုံးစုံကို အကုန်ပြန်ပေးလေ၏။ မြန်မာဘုန်းတော်ကြီးများလည်း စေတီတော်ကြီး အပါး၌ အင်္ဂလိပ်နှင့် သီပေါမင်းတို့ စစ်မဖြစ်မီတိုင်အောင် သီတင်းသုံးနေကြကုန်၏။

မင်းတုန်းမင်းတရားသည် မြန်မာဘာသာ ကမ္ဘည်းကျောက်စာနှင့် ပါဠိဘာသာ ကမ္ဘည်းစာများကို လိုဏ်ဂူလုပ်၍ စိုက်ထူပြီးလျှင်–

- စိန်လုံးရေ ၅၁၁-လုံး,
- မြလုံးရေ ၃၁၁-လုံး,
- ပတ္တမြားလုံးရေ ၃,၉၆၆-လုံး,
- ပုလဲလုံးရေ ၆၂၃-လုံး၊

ဌင်းအလုံးစုံတို့ကို မဟာဗောဓိစေတီတော်အား လှူဒါန်းတော်မူခဲ့၏။ ယခုအခါ မဟာဗောဓိ-စေတီတော်နှင့်တကွ မြေအားလုံးသည် မဟာန္တကီ ဟိန္ဒူဘုန်းကြီး၏လက်ထဲ၌ ရှိ၏။ ရုပ်ပွါးတော်-စသည်များကိုလည်း ငရုတ်ကျည်ပွေ့, ငရုတ်ကျောက်ပျဉ်, ငရုတ်ကြီတ်ကျောက်လုံး အသုံးအဆောင်လုပ်သူက လုပ်၊ မြင်းတင်းကုပ်, ဆင်တင်းကုပ်၌ ထားသူက ထား၊ သခ္ဓိုင်းနှင့် အိမ်များစွာတို့မှာ ကပ်ထားသူက တခို့၊ အဖိုးအနှဌ ထိုက်တန်လှသော်လည်း သခ်ါရနှင့် မကင်းသည်ကို အတင်းပြောရန်လည်း မရှိ၊ သတိတရားဖြင့် ပေါင်းသင်းဖူးမြော်ရကြပေ၏။ ဤကား မှတ်တမ်းစာအစောင်စောင်မှ ထုတ်ဆောင်ဖော်ပြအပ်သော စကားရပ်တည်း။

----- x -----

[၃၃] ဗုဒ္ဓဘာသာ ဓမ္မသာလာအကြောင်း

ဘုရားဖူးသားတို့ တည်းခိုရန် ဆောက်လုပ်ထားသော ဓမ္မသာလာကြီးကား မဟာဗောဓိ၏ မဟာရံတံတိုင်း အနောက်မုခ်ပေါက်၏ မြောက်ဘက်အစွန်း၌ မင်းတုန်းမင်း၏ အစေခံများတို့ တည်းခိုနေထိုင်ခဲ့ကြသော ဓမ္မသာလာငယ် ၁-ခု ရှိ၏။ ၎င်းဇရပ်မှ အနောက်မြောက်ခပ်ယွန်းယွန်း ပေပေါင်း ၃၀၀-ကျော်ဝေးသောအရပ်၌ မြန်မာနှင့် သီဟိုဠ်ကျွန်းသားနှစ်ဦးစပ် ငွေပေါင်း ၁၅,၀၀၀-အကုန်ခံ၍ ဆောက်လုပ်ထားသော ဗုဒ္ဓဘာသာဓမ္မသာလာကြီး ၁-ခုရှိ၏။ ၎င်းဓမ္မသာလာ၏ အရှေ့နှင့် အနောက်မှာ ၅၈-ပေရှိ၏။ တောင်နှင့်မြောက်ကား ၇၆-ပေရှိ၏။

----- x -----

[၃၄] တိုလီမိုလီကို ပြဆိုခြင်း

အနိမိသစေတီမှ အရှေ့အရပ် မနီးမဝေး မဟာဒေဝနတ်ကွန်း၏ ဝင်းခြံ သို့မဟုတ် **မဟန္တကီယောဂိရာဇသချိုင်း**အတွင်း၌ အကြီး,အငယ် ရုပ်တု,ဆင်းတုများ ရှိ၏။ မဟာဗောဓိ စေတီတော်ကြီးမှ မြောက်ဘက် မဟာရံတံတိုင်း၏အပြင်ဘက် အထက်လမ်းမကြီး၌ အစိုးရ မင်းတို့က ပြုလုပ်ထားကြသော ပြတိုက်ငယ် ၁-ခုတွင် ရုပ်တု,ဆင်းတု များစွာရှိ၏။ ၎င်းပြင် ထိုပြတိုက်၏အနောက်ဘက် ဗိုလ်တဲဝင်းခြံ၌လည်း ၁-လက်သန်းခန့်မျှစီရှိသော ရုပ်ပွါးတော် အစုံနှင့် ကျောက်တိုင်လည်း ၁-ခု စိုက်ထူလျက် ရှိ၏။

မဟန္တကီဟိန္ဒူဘုန်းကြီး၏ တက်လမ်း တိုက်နံရံ မြင်းတင်းကုပ်, ဆင်တင်းကုပ်-စသည်တို့၌ ရုပ်တု,ဆင်းတုများ အကြီး,အငယ်များစွာ ရှိကုန်၏။ ၎င်းပြင် မဟန္တကီဟိန္ဒူ ဘုန်းကြီး၏ တောင်ဘက်ဝင်းခြံ၌ မြန်မာဘုရင်မင်းတို့ စိုက်ထူထားခဲ့သော ကျောက်စာဂူ ၂-ခု ရှိ၏။ ဂူ၏တောင်ဘက်ရှိ တိုက်ကိုကား မင်းတုန်းမင်းကြီးတိုက်-ဟူ၍ ပညာရှိသူတို့ ပြောဆိုကြလေ၏။ လာရောက်ကြည့်ရှုမှ စုံလင်စွာ သိကြလိမ့်မည်။ ဤမျှလောက်နှင့် ရှေ့သို့ ဆက်၍ ပြဦးအံ့။

----- × -----

[၃၅] နေရဠရာမြစ်အကြောင်း

"**နေလ် ဇလ် ဇော်ဌာတိ နေရဠရာ**"ဟူသော တေရသကဏ္ဍီကာဖြင့် ရှုံ့ညွှန်ကင်း၍ စိမ်းညိုသော ရေရှိသောကြောင့် နေရဠရာ အမည်ရှိ၏-ဟု သိအပ်၏။ "**နဇ္ဇာ နေရဠရာယ တီရေ ဗောဓိရုက္ခမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ**"ဟူသော ဝိနည်းမဟာဝါပါဠိတော်(၁)၌ ဟောတော်မူသည်နှင့်အညီ ရှေးဦးစွာ သစ္စာ ၄-ပါးကို သိတော်မူခြင်းသည် နေရဠရာမြစ်၏အနီး ဗောဓိပလ္လင်၌သာ သိတော်မူ၏။ ထို့ကြောင့် နေရဠရာမြစ်သည် ဗောဓိပလ္လင်နှင့် မနီးမဝေး သောအရပ်၌ ရှိရမည်မှာ မုချပင်ဖြစ်ပေ၏။

ဟောတော်မူသည့်အတိုင်း ရှိနေပုံအခြေအနေကား မဟာဗောဓိပင်မှ အရှေ့ဘက် အရပ်၌ တောင်မှမြောက်သို့ စီးလျက် မြစ်ကြီး ၁-မြစ် ရှိနေ၏။ ၎င်းမြစ်ကို နေရဠရာမြစ်-ဟု မှတ်ယူအပ်၏။ ယခုကာလ ဟိန္ဒီဘာသာ၌ ထိုမြစ်သည် ဖလဂူနဒီ-ဟူသော အမည်ဖြင့်

ထင်ရှားတ၏။ ယင်းသို့ ထင်ရှားသော ဖလဂူမြစ်သည် ဂယာမြို့မှ ၅-မိုင်လောက်တွင် မိုဟာနီ ခေါ်သောမြစ်နှင့် ပေါင်းဆုံနေ၏။ နေရဉ္ဇရာမြစ်၌ မိုးဥတုမှာသာ ရေရှိ၏။ နွေဥတု၌ကား ရေစီးကြောင်းမျှသာ ရှိ၏။

----- × -----

[၃၆] သုဇာတာနှင့် အဇပါလအကြောင်း

ဥရုဝေလတောတ၏အနီး သေနနိဂုံးရွာ၌ မဟာသေနသူကြွယ်၏ သမီးဖြစ်သော သုဇာတာသည် ညောင်ပင်ရင်းသို့ ကပ်၍ သားဆုတောင်းလေလျှင် "နွားမ ၁,၀၀၀-မှ ရသော ယနာနို့ဆွမ်းကို ညောင်နတ်အား လှူအံ့"ဟု ချက်နေစဉ်ဝယ် ပုဏ္ဏအမည်ရှိသော ကျွန်မသည် ညောင်ပင်ရင်း၌ အရှေ့သို့ မျက်နှာမူလျက်နေတော်မူသော ဘုရားလောင်းကို မြင်သဖြင့် နေရာတို့ကို သုတ်သင်ခဲ့ပြီးမှ အဆောတလျင်ပြန်လာ၍ သုဇာတာအား အကြောင်းကြားသည်မှာ "အရှင်မ၊ ယနေ့မှာ ငါတို့ အရှင်နတ်မင်းသည် ရောင်ခြည်တော် တို့ဖြင့် ညောင်ပင်ရင်း၌ ထိုင်လျက် ကိုယ်ထင်ပြနေ၏။ လျင်မြန်စွာ သွား၍ ပူဇော်ပါ"ဟု ပြောဆို၏။

ထိုစကားကို ကြားလျှင် သုဇာတာသည် ကဗျာကယာဖြင့် အသပြာ ၁-သိန်းထိုက် သော ရွှေခွက်၌ ယနာနို့ဆွမ်းကို အကုန်လုံးမှောက်ချလျက် ယူဆောင်သွားလေ၏။ ညောင် ပင်ရင်းသို့ ရောက်သောအခါ ဘုရားလောင်းကို မြင်လျှင်မြင်ချင်း ကြည်ညိုလှ၍ ထိုနို့ဆွမ်းကို ရွှေခွက်ပါ လှူခဲ့၏။ အလောင်းတော်လည်း နို့ယနာဆွမ်းကို ဓမ္မတာနည်းလမ်းအတိုင်း ရွှေခွက်ပါခံယူ၍ နေရဉ္ဇရာမြစ်၏ ဘုရားလောင်းတို့ ရေချိုးတော်မူရာ သုပ္ပတိတ္ထရေဆိပ်၌ ရေချိုးပြီးမှ အရှေ့သို့ မျက်နှာမူလျက် ထန်းသီးလုံးပမာ ၄၉-လုတ် စားသုံးတော်မူပြီးလျှင် ရွှေခွက်ကို ဓိဋ္ဌာန်၍ ရေတွင်မျှောလိုက်၏။ ရွှေခွက်လည်း ရေညာသို့ ဆန်တက်ပြီးလျှင် ကာလနဂါး၏ ဗိမာန်တွင် ရှေးဘုရားတို့ ရွှေခွက် ၃-လုံးကို ထိ၍ တည်နေလေ၏။ ဤသို့ ညွှန်ပြ ဇိနတ္ထအလိုဖြင့် ယခုအခါ ထိုနေရာတို့ကို ဘုရားဖူးများတို့ သမုတ်ကြသည့်အတိုင်း ထုတ်ဆောင်၍ ပြဦးအံ့။

ဗုဒ္ဓဂယာ မဟာဗောဓိယောဂိရာဇာခေါ်သော ဟိန္ဒူဘုန်းကြီး၏ ဝင်းခြံအရှေ့ဘက်ရှိ ဖလဂူ(နေရဉ္ဇရာ)မြစ်ကို ကူးလိုက်လျှင် ဗဟရာဝ်ရွာကို တွေ့၏။ ၎င်းရွာ၏ မြောက်ဘက်၌ တောင်ကုန်းပမာ တိုက်အိမ်ရာ ၁-ခုကို ရှေးက သုဇာတာ၏ တိုက်အိမ်ပျက်-ဟု အစဉ် အဆက်ခေါ်ဆိုကြပြီးလျှင် ၎င်းဗဟရာဝ်ရွာကိုလည်း သေနနိဂုံးရွာ၏အမည်ဖြင့် တွင်စေ၏။

သုပ္ပတိတ္ထရေဆိပ်ကိုကား နေရဠုရာမြစ်မှ တက်၍ သုဇာတာအိမ်သို့ လာရာလမ်းမြစ်ကမ်းပါး၌ နတ်ကွန်းပျက် ၁-ခုရှိ၏။ ၎င်းနတ်ကွန်း၏ တည်ရှိရာကို ဘုရားလောင်းရေချိုးတော်မူပြီးလျှင် နို့ယနာဆွမ်းကို စားပြီးမှ ရွှေခွက်မျှောရာ မဟာသုပ္ပတိတ္ထဆိပ်ကမ်း-ဟု သိအပ်၏။

အဇပါလရုက္ခမူလေ၊ နိသီဒိတ္တာ တထာဂတော။
တတ္တ ပါယာသံ ပဂ္ဂယှ၊ နေရဠုရမုပေတိတိ။ ။ –

ဟူ၍ ဗုဒ္ဓဝင်ပါဠိတော်, အဋ္ဌသာလိနီအဋ္ဌကထာ(၄၄)၌ လာရှိ၏။

အဓိပ္ပါယ်မှာ "အဇပါလ ဆိတ်ကျောင်းညောင်ပင်ရင်း၌ ဘုရားလောင်းသည် နေတော်မူပြီးလျှင် ထိုနေရာ၌ပင် နို့ယနာဆွမ်းကို ခံယူတော်မူပြီးမှ နေရဠုရာမြစ်သို့ ကပ်တော်မူလတ္တံ့။"

ဤသို့ကျမ်းလာ ဒေသနာအရဖြင့် ယခုအခါ ဖော်ပြရမည်မှာ အဆိုပါ သုဇာတာတိုက်အိမ်မှ အရှေ့အရပ် မာလတီ၊ တစ်နည်းကား ဤဆာဝါလာ-ဟူသော အမည် ၂-ခုဖြင့် ထင်ရှားနေသော ကုန်းမြင့်အရပ်ကို **အဇပါလ**-ဟု မှတ်အပ်၏။ ၎င်းအရပ်၌ ရှေးဟောင်းဖြစ်သော နတ်ကွန်း, ရေကန်, ရေတွင်း, ဗောဓိညောင်ပင်တို့သည် ရှိကုန်၏။ အချို့အချို့ ရုပ်တု,ဆင်းတုများလည်း ရှိကုန်၏။ သွားရောက်ကြည့်ရှုကြလျှင် အကြွင်းမရှိ သိမြင်နိုင်၏။

----- x -----

[၃၇] ဥရုဝေလတောအကြောင်း

ဘုရားအလောင်းတော်သည် အနော်မာမြစ်ကို ခုန်သဖြင့် ထိုဘက်ကမ်း၌ တည်လေ၏။ ထို့နောက် ဆန္ဒအမတ်ကို မြင်းတော်နှင့်တကွ ပြန်စေပြီးမှ သန်လျက်ဓားဖြင့် ဆံတော်ကို ပယ်ပြီးလျှင် ယင်ရိုကာရဗြဟ္မာမင်း လှူအပ်သော ပရိက္ခရာ ၈-ပါးနှင့် ကြာသက်နန်းအစုံကို ခံယူ၍ ရဟန်းပြုတော်မူလေ၏။ ထိုရဟန်းပြုတော်မူရာအရပ်၏ အနီးအပါး၌ရှိသော အနုပိယသရက်တောသို့ ဝင်လျက် ၇-ရက်လွန်စေပြီးသော် ယူဇနာ ၃၀-ရှိသော ခရီးကို နေ့ချင်းသွား၍ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူ၏။

ထို့နောက် ပဏ္ဍာဝတောင်ခြေရင်း၌ ဆွမ်းဘုဉ်းပေးပြီးမှ ဗိမ္ဗိသာရမင်းကြီး၏ လျှောက်ထားချက်ကို ဝန်ခံတော်မူ၍ ထိုအရပ်မှ အစဉ်အတိုင်း ကြွလာပြီးလျှင် အာဠာရ-

ရသေ့ထံမှ လောကီစျာန်ကို ရတော်မူ၏။ ထို့နောက် ဥဒကရသေ့ထံသို့ ကပ်၍ နှီးနှောလျှင် အထက်ဖြစ်သော ၈-တန်သော သမာပတ်ကို ရတော်မူ၏။ တဖန် ဘုရားလောင်းသည် ဥရုဝေလသို့ ရောက်လေသော် ပဉ္စဝဂ္ဂီ ၅-ဦးတို့နှင့် တွေ့ဆုံကြပြန်၏။ ထိုဥရုဝေလတောဌ် ကိုယ်တော်တစ်ယောက်တည်း ၆-နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူ၏-ဟု ဇိနတ္ထ-စသော ကျမ်းငယ်တို့ဌ် လာရှိ၏။

"**တေန ခေါ ပန သမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေလာယံ ဝိဟရတိ**"ဟူ၍ ဝိနည်းမဟာ-ဝါပါဠိတော်(၁)ဌ် ဟောတော်မူ၏။ အဓိပ္ပါယ်ကား "ထိုအခါ ဘုရားသခင်သည် ဥရုဝေလ တောသို့ ကပ်၍ နေတော်မူ၏"ဟူသတည်း။

ဥရုဝေလာယန္တိ မဟာဝေလာယံ ဥရုသဒ္ဒေါ မဟန္တဝါစီ၊ ဝေလာသဒ္ဒေါ တီရပရိယာ-ယော။ –

ဟူ၍ အဋ္ဌကထာ(ဝိ၊ဌ၊၃။ ၂၃၄)စကားကို ထောက်လျှင် ကြီးစွာသော သဲစုထက်ဌ-ဟူ၍ လည်းကောင်း, ဥရုသဒ္ဒါသည် မျှားသောအနက်ဟော-ဟူ၍လည်းကောင်း, ဝေလာ-သဒ္ဒါ သည် အပိုင်းအခြား ကမ်းနားဟော ပရိယာယ်သဒ္ဒါ-ဟူ၍လည်းကောင်း အဓိပ္ပါယ်ရှိ၏။

ယခုရှိပုံအခြေအနေကား ဗုဒ္ဓဂယာ မဟာဗောဓိမှ အရှေ့မြောက် ၅-မိုင်, ၆-မိုင် လောက်တွင် တောင်တန်းကြီးရှိ၏။ ၎င်းတောင်တန်း၏ အလယ်လောက်မှာ ဘုရားလောင်း ကမ္မဋ္ဌာန်းအောင်း၍ နေတော်မူရာ လိုဏ်ဂူ ၁-ခုရှိ၏။ ထိုဂူ၏အနောက် အလျား ခြေလှမ်း ၇-လှမ်း၊ တောင်,မြောက်အနံ ခြေလှမ်း ၅-လှမ်းခန့် ရှိ၏။ ဂူရှေ့ကြမ်းပြင် တောင်နှင့်မြောက် ကို ခြေလှမ်း ၃၇-လှမ်း, အနံခြေလှမ်း ၆-လှမ်းခန့် ရှိ၏။ ကြမ်းပြင်ထိပ်ဖျား ကျောက်တန်း အလျားမှာ ခြေလှမ်း-၃၀, အမြင့် ၆-တောင်ရှိ၏။ ဂူကမ်းပါးယံအမြင့် အတောင် ၁၀၀-လောက်ရှိ၏။ ဂူ၏ရှေ့မှာလည်း မန်ကျည်းပင်ကြီး ရှိ၏။

လိုဏ်ဂူတောင်ထိပ်ဌ် သီရိဓမ္မာသောကမင်းကြီး ကောင်းမှုတော် စေတီ ၅-ဆူလည်း ပျက်စီးယိုယွင်းလျက်ရှိ၏။ ထိုနေရာသို့ ဗုဒ္ဓဘာသာဝင် မြန်မာ, တိဗက်, တရုတ်, ဂျပန်, ရှမ်း, ရခိုင်, ထားဝယ်-အစရှိကုန်သော ဘုရားဖူးသမားတို့သည် လာရောက်ဖူးမြော်ကြကုန်၏။ ၎င်းဂူ၏ အမည်ကို ပုံဂေဿရီ-ဟူ၍ ခေါ်ဆိုကြကုန်၏။ ထိုတောင်အောက် အရှေ့ဘက် မျက်နှာအရပ်သည် နေရဠုရာမြစ်, မိုဟာနီမြစ်တို့နှင့် နီးစပ်၏။ အထူးကား နေရဠုရာမြစ် သည် ၎င်းမိုဟာနီမြစ်နှင့် ပေါင်းစပ်လျက်ရှိ၏။ ထိုကြောင့် အဆိုပါ နေရပ်အားလုံးကို ဥရုဝေလတော-ဟု မှတ်ကြလေ။

----- x -----

[၃၈] ဂယာသီသမြို့အကြောင်း

ဥရုဝေလတောဌ် ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပ-ဟူသော ရသေ့ညီနောင် ၃-ဦးကို အမှီပြု၍ မြစ်ကွေ့ ၁-ခု, ၁-ခုစီ မှီကြပြီးလျှင် ရသေ့ ၁,၀၀၀-တို့သည် နေကြကုန်၏။ ထိုအခါ ဘုရားသခင်သည် ဥရုဝေလကဿပရသေ့၏ အခွင့်ကို ယူပြီးလျှင် နဂါးရှိရာ မီးတင်းကုပ်ဌ အာနာပါနကမ္မဋ္ဌာန်းဖြင့် သီတင်းသုံးနေတော်မူ၏။ ယင်းသို့နေတော်မူပြီးမှ ထိုရသေ့ ၁,၀၀၀-တို့အား ၁,၅၁၆-ပါးသော တန်ခိုးပြာဋိဟာကို ပြု၍ ရဟန်းဖြစ်စေတော်မူပြီးလျှင် ဥရုဝေလတောမှ ထိုရဟန်းတို့နှင့်အတူတကွ ဂယာသီသသို့ ကြွတော်မူ၏။ ရွာ၏အနီး ကျောက်ဖျာကြီးဌ စည်းဝေးစေ၍ အာဒိတ္တဇာလသုတ်ဖြင့် ထိုရဟန်း ၁,၀၀၀-တို့ကို ဧဟိဘိက္ခုရဟန္တာ ဖြစ်ကြစေကုန်၏-ဟု ဇိနတ္ထကျမ်းဌ လာရှိ၏။

ဇမ္ဗူဒီပဣန္ဒိယနယ်ပုံကျမ်းဌ ဖော်ပြထားသည်မှာကား ဂယာမြို့၏အနီးဌ တည်သောကြောင့်လည်းကောင်း၊ ရွာ၏အနီး ဂယာမည်သော ရေကန်ရှိသည်ကို အစွဲပြု၍လည်းကောင်း၊ ဆင်ဦးကင်းနှင့်တူသော ရဟန်း ၁,၀၀၀-တို့ စည်းဝေးလောက်သော ကျောက်ဖျာကြီးရှိသော ရွာ၏အနီးဌ တည်ရှိခြင်းကြောင့်လည်းကောင်း ဂယာသီသ မည်၏။ ၎င်းပြင် မြို့၏တောင်ဘက်အနီးဌ ဆင်ဦးကင်းနှင့်တူသော တောင်သည် ရှိ၏။ ထိုတောင်ထိပ်ဌ ဥရုဝေလကဿပ-စသော ရသေ့ညီနောင် ရှင် ၁,၀၀၀-တို့အား အာဒိတ္တပရိယာယသုတ်ကို ဟောတော်မူ၍ ရဟန္တာအဖြစ်သို့ ရောက်စေ၏-ဟု လာရှိ၏။

ဦးကိတ္တိရဟန်းတော် တွေ့ရှိပုံအခြေအနေမှာ ဂယာသီသမြို့သည် ယခုရှိ ဂယာမြို့ပင် ဖြစ်ပေ၏။ ပဌနာ(ပဌလိပုတ်)ပြည်မှ မိုင်ပေါင်း-၆၀၊ ဗုဒ္ဓဂယာ မဟာဗောဓိမှ မြောက်ဘက် ၇-မိုင်၊ အရှေ့ဘက်ဌ ဗုဒ္ဓဂယာမှ စီးလာသော နေရဥ္ဇရာမြစ် ရှိ၏။ ဤဂယာမြို့ကို ပညာရှိတို့သည် ဗြဟ္မဂယာ-ဟူ၍ ခေါ်ဆိုကြ၏။ မြို့၏ အနောက်တောင်ထောင့် ၁-မိုင်လောက်တွင် ဂယာတောင်ဌ ရဟန်း ၁,၀၀၀-စည်းဝေးလောက်အောင် ကျောက်ဖျာမူကား တောင်အောက်,တောင်ထက်တွင် မရှိချေ။ သို့သော်လည်း ရထားဘက်ဆိုင်ရာကသော်လည်းကောင်း၊ မြို့သူ,မြို့သားတို့ကသော်လည်းကောင်း အိမ်တိုက်-စသော တစ်ခုခုအလုပ်ဌ အသုံးချလေဟန်နှင့် တူ၏။

ဂယာသီသတောင်သည်ကား ရှေးအခါက မင်းတို့၏ အဘိသေကကို ခံယူရာ ဖြစ်ပေ၏။ တိုင်းပြည်၏ ကြီးပွါးခြင်းနှင့် ဂုဏ်သတင်းကျော်စောစေခြင်းငှာ ကုသိုလ်ကောင်းမှုကို ပြုရာလည်း မည်၏။ ငါတို့ဘုရားသခင် တရားဟောရာနှင့် အသောကမင်းကြီး၏ ပေ

၁၀၀-ခန့်ရှိ စေတီတော် တည်ရာလည်း ဖြစ်ပေ၏။ ထိုမှတပါး ယခုရှိ တောင်ထိပ်ကြမ်းပြင် အလျား ခြေလှမ်း ၂၈-လှမ်းနှင့် အနံ ခြေလှမ်း ၁၅-လှမ်းခွဲ ရှိ၏။ ရှေးဟောင်း အသောက စေတီကို ဖျက်ဆီးပြီးလျှင် ဟိန္ဒူနတ်ကွန်း ပြုလုပ်ထား၏။

ထိုနတ်ကွန်းမှ အနောက်ဘက်ခပ်ယွန်းယွန်း ၁၅-ပေလောက်မှာ ဗြဟ္မယောနီ (ဗြဟ္မဂျိုနီ)အမည်ဖြင့် မန်ကျည်းပင်ကြီး ၁-ပင် ရှိ၏။ ၎င်းအပင်ရင်းခံရှိသော ကျောက်ခေါင်း မှာကား အရှေ့က ဝင်လျှင် အနောက်က ထွက်နိုင်၏။ အပေါက်ဝ ၁-ခုနှင့် ၁-ခုကား ၁-လံကျော်လောက်သာ ကွာ၏။ နတ်ကွန်းမှ တောင်ဘက်သို့ ဆင်းလျှင် ၃၆-တောင်လောက် တွင် ဗြဟ္မကုဏ္ဍခေါ်သော ရေတွင်းလည်း ၁-ခု ရှိ၏။ တက်လမ်းတွင် တောင်အောက်, တောင်ထိပ် လှေကားထစ်ပေါင်း ၄၁၇-ထစ် ရှိ၏။ စောင်းတန်းအဆုံး မြောက်ဘက်အနီး တောင်ခြေရင်းတွင် မဟာဒေဝနတ်ကွန်းနှင့် ရေကန်လည်း ၁-ခုရှိ၏။

ယခုကာလ လူများတို့ကား များသောအားဖြင့် ထိုတောင်ကို ဒေဝပြဒတ္တ-ဟူ၍ လည်းကောင်း၊ ဗြဟ္မဂျိုနီ-ဟူ၍လည်းကောင်း ခေါ်ဆိုကြ၏။

----- x -----

[၃၉] ဗရာဗရ်တောင်အကြောင်း

ဂယာမြို့မှ မြောက်ဘက် ၁၆-မိုင်အဝေး၌ ဗရာဗရ်ခေါ်သော တောင်သည် ရှိ၏။ ထိုတောင်၌ ထွင်းဖောက်၍ ပြုလုပ်ထားသော လိုဏ်ဂူလည်း ၃-ခု ရှိ၏။ လိုဏ်ဂူမှာ အသောကမင်းကြီး၏ အာဇီဝကတို့အား ပေးလှူခဲ့ကြောင်းနှင့် စပ်လျဉ်း၍ စာတမ်းငယ် လည်းရှိ၏။ လိုဏ်ဂူ ၃-ခုအနက် အကြီးဆုံး ဂိုဗီခေါ်သော ဂူ၏အလျား ၄၆-ပေ, ၅-လက်မ၊ အနံ ၁၉-ပေ, ၂-လက်မ၊ အမြင့် ၁၀-ပေခွဲ ရှိ၏။ လိုဏ်ဂူရှိ ကျောက်စာကို ကျောက်စာပိုင်းတွင် တိဂုဟာလေခအခန်း၌ ရှုကြလေ။

တိဂုဟာလေခကျောက်စာဖြင့် အသောကမင်းကြီးသည် မိမိဘာသာဝင် ရဟန်း,ရှင်, လူကိုသာ အလေးဂရုပြုသည် မဟုတ်သေး။ အခြားအခြားသော ဘာသာဝင်တို့အားလည်း ခီးမြှင့်ထောက်ပင့်ကြောင်းကို သိရှိရ၏။ ဂယာနယ်အားလုံးမှာ ဘုရားလောင်းနေတော်မူရာ ဟူသမျှတို့၌လည်းကောင်း၊ ဘုရားသခင် သီတင်းသုံးတော်မူရာ၌လည်းကောင်း စေတီ,ပုထိုး ရှိကြောင်းကို ဟိန္ဒူရာဇဝင်တို့မှာ များစွာလာရှိပေ၏။

ပညာရှိတို့သည် ဤဣန္ဒိယကြေးမုံကျမ်းကြီးတွင် ပါရှိသော ကျောက်စာ၏ အပိုင်းအခန်းကို စေ့ငုစွာ ကြည့်ရှုကြပါက သာသနာတော်ကို သီရိမဟာသောကမင်းကြီးသည် ဘယ်ကဲ့သို့ ချီးမြှောက်၍ တိုင်းပြည်နိုင်ငံတော်တို့ကို ဘယ်ကဲ့သို့ အုပ်ချုပ်ခဲ့သည်-ဟူသော အကြောင်းအရာများကို အသေအချာ သိကြရမည်မှာ အမှန်ပင် ဖြစ်ပေ၏။ ခရီးအစဉ်၌ မူကား အမြွက်မျှလောက်ကိုသာ ရေးသားဖော်ပြရပေ၏။

----- x -----

[၄၀] မဟာဗောဓိ-စသော လမ်းခရီးအစီအစဉ်

ဗုဒ္ဓဂယာ မဟာဗောဓိသို့ သွားလိုကြလျှင် ကလကတ္တား, ဗာရာဏသီ-စသောမြို့တို့မှ ဂယာ(Gaya)မြို့သို့ သွားရောက်နိုင်ကြ၏။ ဣန္ဒိယတွင် ထင်ပေါ်သော မြို့ကြီးတစ်မြို့ဖြစ်နေ၏။ ရှေးဦးစွာ ဂယာမြို့သို့ သွားကြရမည်။ ၎င်းမြို့၌ ဗုဒ္ဓဘာသာ ဓမ္မသာလာ ရှိ၏။ ထိုဓမ္မသာလာ၌ မနေလိုကလည်း ဘူတာရုံမှ ဖြောင့်ဖြောင့် ဗုဒ္ဓဂယာ မဟာဗောဓိသို့ မြင်းရထားနှင့်လည်းကောင်း သို့မဟုတ် မော်တော်ကားနှင့်လည်းကောင်း သွားနိုင်၏။ ဘူတာရုံမှ မဟာဗောဓိသို့ ရောက်အောင် ၇-မိုင်လောက် ရှိ၏။ မြင်းရထား အသွား,အပြန် ၄-ကျပ် ၈-ပဲ ပေးရ၏။ အစားအသောက်ကိုလည်း ရနိုင်၏။

ဗုဒ္ဓဂယာ မဟာဗောဓိ၌ ဓမ္မသာလာကြီးသို့ ရောက်လျှင် အောက်ပါအတိုင်း ကြည့်ရှုကြလေ။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ဂယာသီသမြို့	ဂယာနဂရ်
ဗုဒ္ဓဘာသာ ဓမ္မသာလာ	ဂျိုတိကဓရ်မသျှာလာ
ဂယာသီသတောင်	ဗြဟ္မဂျိုနီ, ဂယာပရဗတ်
မဟာဗောဓိပင်ရှိရာ	ဗုဒ္ဓဂယာ
ဗုဒ္ဓဘာသာဇရပ်ကြီး	ဓရ်မသျှာလာ
ဗောဓိပင်ကြီး	ဗိုဓိဗြိက္ခ, ပီပလ်
ပလ္လင်တော်	ပလံဂ်, အာဆန်

မဟာဗောဓိစေတီကြီး	ဗရေမန္ဒိရ်
ပလ္လင်္ကသတ္တာဟ	ပလင်္ဂ
အနိမိသသတ္တာဟ	အနိမိဆ်
ရတနာစင်္မသတ္တာဟ	ရတနကျံ့ကြမဏ်
ရတနယရသတ္တာဟ	ရတနယရ်
အဇပါလသတ္တာဟ	အဂျပါလ်
မုစလိန္ဒသတ္တာဟ	ဗုဒ္ဓကုဋ်, မုကျလိ်ဒ်
ရာဇာယတနသတ္တာဟ	ရာဂျာယတန
မင်းတုန်းမင်းကျောက်စာ	ဗရမာရာဂျာ ကာ သျှိလာလေခ်
နေရဉ္ဇရာမြစ်	ဖလဂူနဒီ, နီရဉ်ဂျရာနဒီ
သေနနိဂုံးရွာ	ဗကရာဝ်ဂံဝ်
သုဇာတာအိမ်	ဆုဂျာတာကိုဋ္ဌ
အဇပါလညောင်ပင်	မာလတံဂီ, ဤဆာဝါလာ
ဥရုဝေလတောင်	ပုံဂေသျှရီ
အသောကကျောက်စာတောင်	ဗရာဗရ်ပရဗတ်

ပဌမကဏ္ဍ ပြီးပြီ။

★★★★★★★

{ ၆ } ဆဋ္ဌကဏ္ဍ

[၁] မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်အကြောင်း

ရဟန်းတော်ဦးကိတ္တိသည် မဟာဗောဓိ၌ သီတင်းသုံးနေစဉ် တိပက်နယ်၊ ဆိကိမ်းရှင်ဘုရင်သည် မိမိနေပြည်တော်မှ မဟောဗောဓိသို့ ဘုရားဖူးရန် အခြွေအရံ လူပေါင်း ၄၀-လောက်နှင့် လာရောက်ပေ၏။ ထိုအခါ ဦးကိတ္တိရဟန်းတော်နှင့် တွေ့ဆုံကြ၍ အကြောင်းအကျိုး စကားမျိုးစုံကို စေ့စုံစွာပြောဆိုကြရာ ထိုရာဇာမှာ သဒ္ဓါပသန္နဖြင့် ရာဇဂြိုဟ်-စသော ပြည်သို့ လိုက်ပို့စေလိုကြောင်းနှင့် လျှောက်တောင်းပန်ထွာလေ၏။ ဦးကိတ္တိရဟန်းတော်လည်း ရာဇာဆိကိမ်းမင်းနှင့် ရှေးအကြောင်းရင်း ဆုံမိသောကြောင့် ဗုဒ္ဓဂယာ မဟာဗောဓိမှ ရှင်ဘုရင်နှင့်အတူတကွ ထွက်သွားလေရာ ခဏမကြာ ရာဇဂြိုဟ်မြို့သို့ ကောင်းမွန်စွာ ဆိုက်ရောက်ကြလေကုန်၏။

မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၏အကြောင်းကား–

> **မဂဓေသူတိ မဂဓာနာမ ဇနပဒိနော ရာဇကုမာရာ၊ တေသံ နိဝါသော ဧကောပိ ဇနပဒေါ ရုဇ္ဇိသဒ္ဒေန မဂဓာတိ ဝုစ္စတိ။ –**

ဟူ၍ သီလက္ခန်အဋ္ဌကထာ(၂၆၃)၌ လာရှိ၏။ အဓိပ္ပါယ်မှာ မဂဓ-ဟူသည်ကား မဂဓအမည်ရှိကုန်သော ဇနပုဒ်မင်းသားတို့၏နေရာ တစ်ခုသောဇနပုဒ်ကိုလည်း ရုဇ္ဇိသဒ္ဒါဖြင့် မဂဓ-ဟူ၍ ခေါ်ဆိုအပ်၏။ ဝိနည်းမဟာဝါပါဠိတော်(၅၅)၌ **မဂဓနံ ဂိရိဗ္ဗဇ-**ဟူ၍ ဟောတော်မူ၏။

မဂဓနံ၊ မဂဓတိုင်းသူတို့၏။ ဂိရိဗ္ဗဇ၊ တောင် ၅-လုံးဖြင့် ခြံရံသော။ နဂရံ၊ မြို့သို့။ **"မဂဓနံ ဂိရိဗ္ဗဇန္တိ မဂဓနံ ဇနပဒဿ ဂိရိဗ္ဗဇံ နဂရံ"**ဟူသော ၎င်းအဋ္ဌကထာ(၂၅၇)နှင့်အညီ မဂဓတိုင်းသူတို့၏ ဇနပုဒ်၏ တောင် ၅-လုံးဖြင့် ခြံရံအပ်သော ရာဇဂြိုဟ်မြို့ကို ရအပ်၏။ တေရသကဏ္ဍီကာ(၃။၂၃၁)၌ ဖွင့်ပြသည်မှာလည်း–

> **ဂိရိဗ္ဗဇနဂရန္တိ** သမန္တာ ပဗ္ဗတပရိက္ခိတ္တံ ဝေဿဒီသံ ဟုတ္တာ တိဋ္ဌတီတိ ဂိရိဗ္ဗဇန္တိ။

အဓိပ္ပါယ်ကား ထက်ဝန်းကျင်မှ တောင်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ နွားခြံနှင့်အတူ တည်ရှိသောကြောင့် ဂိရိဗဇ-ဟူ၍ ရအပ်သော အမည်ရှိသော ရာဇဂြိုဟ်ပြည်၊ ဤသို့ ကျမ်းဂန်အရဖြင့် မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၌ ပဏ္ဍာဝ, ဝေပုလ္လ, ဂ္ဂသိဂိလိ, ဂိဒ္ဓကူဋ,

ဝေဘာရ-ဟု ဆိုအပ်သော တောင် ၅-လုံးတို့သည် ထက်ဝန်းကျင် ခြံရံ၍ နွားခြံကဲ့သို့ တည်နေကုန်၏။ ၎င်းပြင် သီလက္ခန်အဋ္ဌကထာ, ပါရာဇိကဏ်အဋ္ဌကထာတို့၌ကား ရာဇဂြိုဟ်ပြည်-ဟူ၍ ရအပ်သော အမည်ရှိသော မြို့ကို မန္ဒာတုစကြာမင်း, မဟာဂေါဝိန္ဒ ပုရောဟိတ်ပုဏ္ဏား-အစရှိကုန်သောသူတို့သည် ယူအပ်ကုန်သည်၏အဖြစ်ကြောင့် ရာဇဂြိုဟ် ပြည်-ဟူ၍ ခေါ်ဆိုကြောင်းနှင့် ပါရှိကုန်၏။ (သီ၊ဋ္ဌ။၁၂၂)

ထိုမှတပါး ဘုရားနှင့် စကြာမင်းတို့ ဖြစ်ထွန်းစဉ်အခါ မြို့,ရွာဖြစ်၍ ဘုရားနှင့် စကြာမင်းတို့ မဖြစ်သောကာလမှာ ဘီလူးတို့နေရာ တောအုပ်ကြီး ဖြစ်နေကြောင်းကိုလည်း ၎င်းအဋ္ဌကထာတို့၌ ဖွင့်ပြလျက် ပါရှိကုန်၏။ ယင်းသို့ပင် ပါရှိသော်လည်း ထိုစကားကို ယေဘုယျစကား-ဟု သာရတ္ထဒီပနီဋီကာ၌ ဖွင့်ပြလေ၏။ ထို့ကြောင့် ရာဇဂြိုဟ်မြို့သည် ဘုရားနှင့် စကြာမင်းတို့ မဖြစ်ထွန်း,မပွင့်သော ကာလမှာလည်း ရှိနေကြောင်းကို သိအပ်၏။ ပြည်၏ထက်ဝန်းကျင်၌ ၁၈-ရပ်သောကျောင်းကြီး ရှိကြောင်းကိုလည်း ဇိနတ္ထ-စသော ကျမ်းဂန်တို့၌ လာရှိ၏။

ရာဇဂြိုဟ်ပြည်၌ မြို့တွင်း,မြို့ပြင် လူဦးရေ ၉-ကုဋေစီရှိ၍ ၁၈-ကုဋေ လူနေ ရှိကြောင်းကိုလည်း ပါရာဇိကဏ်အဋ္ဌကထာ၌ လာရှိ၏။ သီလက္ခန်အဋ္ဌကထာ၌ ရာဇဂြိုဟ် မြို့၌ တံခါးကြီး ၄-မျက်နှာရှိကြောင်းကို ပါရှိ၏။ ကေစိဝါဒ၌ကား တံခါးကြီး ၃၂-ခုနှင့် တံခါးငယ် ၆၄-ခုရှိ၏-ဟု ဖွင့်ပြ၏။ သုတ်မဟာဝါအဋ္ဌကထာ၌ ရာဇဂြိုဟ်မြို့၏ အရှေ့ တောင်အရပ်တွင် ဓာတ်တော် ၇-စိတ်ကို ဌာပနာခဲ့ကြောင်းနှင့် ပါရှိ၏။ သီလက္ခန်အဋ္ဌကထာ ကို ထောက်လျှင် ရာဇဂြိုဟ်မြို့မှာ ဂိဇ္ဈကူဋ်တောင်ကျောင်းတော်, ဝေဠုဝန်ကျောင်းတော်, ဇီဝကသရက်ဥယျာဉ်ကျောင်းတော်များ ရှိသည့်အနက် ဂိဇ္ဈကူဋ်တောင်ကျောင်းတော်နှင့် ဝေဠုဝန်ကျောင်းတော်သည် ရာဇဂြိုဟ်မြို့မှ အဝေးဆုံးဖြစ်ကြောင်းကို သိအပ်၏။

"**မယုံ ပန အမ္ဗဝနံ ဥယျာနံ အာသန္နတရံ**"ဟူသော ပါဠိဖြင့် ဇီဝက၏ သရက်ဥယျာဉ် ကျောင်းသည် အနီး၌တည်ကြောင်းကို သိအပ်၏။ "**သမောဓာနေတွာ ဂါယန္တိ ဧတ္ထာတိ သဂီယနာ**"ဟူသော ဝစနတ္ထဖြင့် အရှင်မဟာကဿပ အမှူးရှိကုန်သော ရဟန္တာ ၅၀၀-တို့သည် ဘုရားသခင် ပရိနိဗ္ဗာန်ဝင်စံပြီးနောက် ၄-လမြောက်၌ အဇာတသတ်မင်းကို အမှီပြု၍ ပဌမသင်္ဂီယနာတင်ကြောင်းကိုလည်း သိအပ်၏။ ဤကား ပါဠိဘာသာဖြင့် ပြအပ်သော စကားတည်း။

ဟူယိုင်ဆင်ကျမ်း၏ အလိုအားဖြင့် မဂဓတိုင်း၏ အကျယ်အဝန်းမှာ လီပေါင်း ၅,၀၀၀-ရှိ၏။ ကျောင်းတိုက် ၅၀၀-လောက်တွင် သံဃာတော် ၁၀,၀၀၀-လောက် ရှိ၏-ဟု သိအပ်၏။ ကျောက်စာမင်းကြီးကနိန်ဂဟမ် အဆိုမှာကား မဂဓတိုင်းသည် မြောက်ဘက်

၌ ဂဂ်ီမြစ်၊ အနောက်ဘက်၌ ကာသီတိုင်းအစပ်၊ အရှေ့ဘက်၌ မုံဂေရိခေါ်သော ဟိရည-ပရဗတ်တောင်၊ တောင်ဘက်၌ ဆိုဂ်ဘုမ်ခေါ်သော ကိရဏာဆုဝရ်ဏာအရပ်ဒေသ။ ထို့ကြောင့် အနောက်ကိုဆိုလျှင် ကရမနာဆ်မြစ်မှသည် တောင်ဘက်သို့ ဒမူမြစ် စ၍ထွက်ရာတိုင်အောင် ရှိလိမ့်မည်။ မြေပုံပေါ်၌ အဖြောင့်တိုင်းလျှင် မိုင်ပေါင်း-၇၀၀၊ လူလမ်းအတိုင်းဆိုလျှင် ၈၀၀-အောက်မနည်း ရှိလိမ့်မည်။

ဂိရိဗွဇ-ဟု ဆိုသော စကားနှင့်အညီ ရာဇဂြိုဟ်မြို့ကို တောင် ၅-လုံးတို့ဖြင့် ခြံရံ၏။ မြို့ရိုးပတ်လည်မှာ ပေပေါင်း၂၄၅,၀၀ ရှိ၏။ မိုင်အားဖြင့် ဆိုလျှင် ၄ -မိုင်ရှိ၏။ တောင် ၅-လုံးကို ဆက်၍ ခံတပ်ကြီးသဖွယ် ပြုလုပ်ထားသော မြို့ရံတံတိုင်း၏ ပတ်လည်မှာ ၈-မိုင်လောက်သာ ရှိနေ၏။

ဝေဘာရတောင်မှ ဝေပုလ္လတောင်ထိ ပေပေါင်း-၁၂,၀၀၀၊

ဝေပုလ္လတောင်မှ ဂိဒ္ဓကူဋ်တောင်ထိ ပေပေါင်း-၄,၅၀၀၊

ဂိဒ္ဓကူဋ်တောင်မှ ပဏ္ဍာဝတောင်ထိ ပေပေါင်း ၈,၅၀၀၊

ပဏ္ဍာဝတောင်မှ ဣသိဂိလိတောင်ထိ ပေပေါင်း-၇,၀၀၀၊

ဣသိဂိလိတောင်မှ ဝေဘာရတောင်ထိ ပေပေါင်း-၉,၀၀၀၊

စုစုပေါင်းလျှင် ၄၁,၀၀၀-ရှိ၏။

အခို့အခို့နေရာမှာ တံတိုင်းအထူ,အပါးကား ၁၃-ပေတိုင်အောင် ရှိ၏။ အဇာတသတ် တည်ထောင်သော မြို့သည် မြို့ဟောင်း၏ မြောက်ဘက်အရပ် $\frac{1}{2}$ -မိုင် ရှိ၏။ ယခုမှ ရာဂျဂ်ရ်ခေါ်သော မြို့ရာသည် ရှေးက အဇာတသတ်မြို့ရာ ဖြစ်၏။ ၎င်းမြို့၏ ခံတပ်တံတိုင်းပတ်လည်မှာ ၃-မိုင်ခန့်လောက်သာ ရှိ၏။ ဤသို့ စသဖြင့် သိအပ်၏။

ထိုတောင် ၅-လုံးတို့တွင် ဝေဘာရတောင်၌ အလျား ၂၄-တောင်, အနံ ၁၄-တောင်ခန့်ရှိသော လိုဏ်ဂူ ၁-ခုရှိ၏။ ထိုလိုဏ်ဂူကို ပထမသင်္ဂါယနာတင်သော စရည်းပင်ရောက်ရာ လိုဏ်ဂူ-ဟူ၍ ခေါ်ဆိုကြ၏။ ဤနေရာ၌ ပထမသင်္ဂါယနာ တင်,မတင်ကို သိလိုကြလျှင် တထာဂတဥဒါနဒီပနီကျမ်း၊ ဒုတိယတွဲ၊ စာမျက်နှာနံပါတ် ၄၆၅-မှ ၄၆၆-နံပါတ်တိုင်အောင် အစဉ်အတိုင်း ရှုကြလေ။ အခို့ဆရာများကား ဟိန္ဒူလူမျိုးတို့၏ လိုဏ်ဂူသာ ဖြစ်၏။ ဤနေရာမှာ သင်္ဂါယနာ မတင်-ဟု ပြောဆိုကြ၏။ ၎င်းပြင် ထိုဝေဘာရတောင်၌ ပိပ္ပလိလိုဏ်ဂူနှင့် စေတီပျက်လည်း ၂-ဆူ ရှိ၏။

ဝေပုလ္လတောင်၌ တောင်ထိပ်ပေါ်တွင် စေတီပျက် ၁-ဆူ၊ တောင်ခြေရင်း၌ သူရိယ-ကုဏ္ဍကဏ္ဍသိသိဂ်-ခေါ်သော ရေဆိပ်နှင့် ဗိမ္ဗိသာရမင်းကို ဓားခွဲရာဌာနလည်း ရှိ၏။ ထိုမှတပါး တာလဝနခေါ်သော ထန်းတောလည်း ရှိ၏။

ဂိဇ္ဈကူဋ်တောင်ပေါ်၌ အသောကမင်းကြီး စေတီပျက် ၁-ဆူ၊ ဘုရား ၄-ဆူ သီတင်းသုံးတော်မူရာနှင့် လိုဏ်ဂူပျက်လည်း ရှိ၏။ ၎င်းပြင် ဂျပန်, အင်္ဂလိပ်, တရုတ်, မြန်မာ၊ ၄-ဘာသာပါရှိသော အလျား ၁-တောင်, အနံ ၆-လက်မခန့်ရှိသော ကျောက်စာတိုင် ၁-ခု ရှိ၏။ ဂိဇ္ဈကူဋ်တောင်၏အဆုံး၌ သက္ကပဉ္စာသုတ်ကို ဟောတော်မူရာ ဂူနှဿာလလိုဏ်ဂူလည်း ၁-ခု ရှိ၏။

ပဏ္ဏာဝတောင်ပေါ်၌ ကျောက်လှေကားကြီးနှင့် စေတီပျက် ၃-ဆူရှိ၏။ တောင်ခြေရင်း၌မူကား တောင်တံခါးပေါက်သို့ သွားရာလမ်းတွင် စေတီပျက် ၃-ဆူနှင့် မြတ်စွာဘုရားဆွမ်းဘုဉ်းပေးတော်မူရာ ရှိ၏။ ၎င်းနေရာကို ကျောက်စာဝန်ဘက်က စောင့်ရှောက်ထား၏။ ယခုထက်ထိ ထိုနေရာ၌ အုတ်တံတိုင်းအဆောက်အဦး ရှိနေ၏။ ၎င်းပြင် ရေတွင်းဟောင်း ၁-ခုနှင့် အဂ္ဂနိဓာရာခေါ်သော ရေဆိပ်လည်း ရှိ၏။ တောင်ဘက်တံခါးမုခ်သို့ မရောက်မီ တောင်ခြေရင်း၌ ဗာလဂင်္ဂါခေါ်သော ရေဆိပ်လည်း ရှိ၏။

ဂူသိဂိလိတောင်ပေါ်၌ ဘုရား-စသော ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့၏ သီတင်းသုံးတော်မူရာ တောင်ဝှမ်းလျှိုမြောင်တို့နှင့်တကွ ကျောက်တံတိုင်း ရှိ၏။ ဤတောင်၌ ရသေ့, ရဟန်းတို့သည် ကောင်းကင်မှ စျာန်သမာပတ်နှင့် ပျံလာပြီးလျှင် ဆင်းသက်တော်မူကြကုန်၏။

ရာဇဂြိုဟ်မြို့တွင်း၌ကား တောအတိရောက်နေသောကြောင့် အလုံးစုံကို အကုန်ရှာဖွေ၍ မရနိုင်။ သို့သော် ထင်ရှားသောနေရာကား ဗိမ္ဗိသာရနန်းတော်ရာနှင့် ပဏ္ဍာသာတိဓာတ်တော်တိုက် ၁-ခု ရှိ၏။ ၎င်းဓာတ်တော်တိုက်ကို အစိုးရဘက်က အဆောက်အဦးငယ် ၁-ခု ပြုလုပ်ပြီးလျှင် အပေါ်က သွပ်မိုးထား၏။

ရာဇဂဟသ ပါစီနဒက္ခိဏာဒိသာဘာဂေ ဌတ္တာ ဣမသ္မိံ ဌာနေ ယော ပါသာဏော အတ္ထိ၊ သော အန္ဓရဓာယတု၊ ပံသုဝိသုဒ္ဓေါ ဟောတု၊ ဥဒကံ မာ ဥဋ္ဌဟတူတိ အဓိဋ္ဌာသိ။

စသည်ဖြင့် သုတ်မဟာဝါအဋ္ဌကထာ၌ လာရှိ၏။

အဓိပ္ပါယ်မှာ ရာဇဂြိုဟ်မြို့၏ အရှေ့တောင်ဘက်၌ အရှင်မဟာကဿပသည် ရပ်တော်မူ၍ "ဤနေရာ၌ ကျောက်-ဟူသမျှသည် ကွယ်ပျောက်၍ စင်ကြယ်သော မြေမျက်နှာ

ဖြစ်ပြီးလျှင် ရေများလည်း မထွက်ပါစေသတည်း"ဟု ဓိဋ္ဌာန်တော်မူ၍ ဓာတ်တော် ၇-စိတ်ကို ဌာပနာခဲ့လေ၏။ ထိုနေရာကိုကား အသေအချာ မတွေ့ခဲ့ရသေးချေ။ ရှေးကကဲ့သို့ပင် သန့်ရှင်းစင်ကြယ်သော မြေမျက်နှာအပြင်သည် မရှိငြားသော်လည်း ၎င်းနေရာသည် မုချ ရှိသင့်၏။ ကမ္ဘာပျက်မှ ကွယ်ပျောက်မည်-ဟု မှတ်ကြရမည်။

ဝေဘာရတောင်၏ ရေတံလျှောက်(ရေပြွန်)မှ ထွက်ရာ ၁၂-ခုသော ရေအိုင်ကို တပေါဒါမြစ်မှ ထွက်လာသော ရေအိုင်-ဟု မှတ်အပ်၏။ ထိုတပေါဒါမြစ်နှင့်စပ်လျက် ရှိရှိသမျှသော အောက်က ပွက်၍ ထွက်ရာ ရေပူကန်ကြီးသည်ကား ဗြဟ္မကုဏ္ဍ-အမည်ဖြင့် ထင်ပေါ်လျက်ရှိ၏။ ဣသိသိင်္ဂရေဆိပ်ကိုကား မဂဓိုးကုဏ္ဍ-ဟု ခေါ်ဆိုကြ၏။ ဝေဘာရတောင်၏ အရှေ့မြောက်၌ တပေါဒါမြစ်၏ ပေါင်းဆုံရာ သုရသတီမြစ်၏ကမ်းပါး ပိပ္ပလိလိုဏ်ဂူမှ ခြေလှမ်း ၅၀၀-ခန့်ရှိ ကုန်းမြင့်ကြီး ၁-ခုသည် ရှိ၏။ ထိုနေရာသည်ပင်လျှင် ဘုရားသခင်နှင့် အနာထပိဏ်သူဌေးကြီး တွေ့ဆုံကြရာ သီတဝနယင်းတိုက်တော မည်၏။ ကြွင်းကျန်သော ဌာနများကို ပညာရှိတို့က ကြံဆ၍ ယူကြလေ။

ဗဟုသုတကို လိုလားကြသူတို့အတွက် ရေဆိပ်များကို အနည်းငယ် ထည့်သွင်းဖော်ပြလိုက်ဦးအုံ့။

သုရသတီနဒီ,	ဗြဟ္မကုဏ္ဍ,	သတ္တမာရာကုဏ္ဍ,	အာနန္ဒကုဏ္ဍ,
ဂင်္ဂါယမုနာ,	ဗျာသကုဏ္ဍ,	ကမဆကုဏ္ဍ,	သူရိယကုဏ္ဍ,
စန္ဒကုဏ္ဍ,	ရာမကုဏ္ဍ,	လက္ခဏကုဏ္ဍ,	သီတာကုဏ္ဍ,
ဝေတရဏီကုဏ္ဍ,	သတ္တမီဂါမကုဏ္ဍ,	ဘရတကုဏ္ဍ,	ဗလဂင်္ဂါ,
အဂ္ဂိမာရာကုဏ္ဍ,	ဣသိသိင်္ဂ၊		

ဤသို့စသည်ဖြင့် ရေပူ,ရေအေးတို့ ထွက်ရာ ရေဆိပ်များကိုလည်း ခြားနား၍ သိကြလေ။ ယခုအခါ ရာဇဂြိုဟ်ပြည်သည် မူဆလမာန်စော်ဘွားနယ်တွင်းသို့ ကျ၍နေ၏။

----- × -----

[၂] ရာဇဂြိုဟ်ပြည် လမ်းခရီးအစီအစဉ်

ကလကတ္တားမြို့မှလည်းကောင်း, ဗာရာဏသီ-စသော မြို့မှလည်းကောင်း, ဗက္ခတီ-ယာရ်ပုရ်(BUKAHTIARPUR)ဘူတာသို့ သွားရောက်ပြီးမှ တဖန် ရထားပြောင်းပြီးလျှင် ရာဂျ-

ဂိရ်ကုံ၌(RAJGIRKUND)ခေါ်သော ဘူတာသို့ သွားကြလေ။ ၎င်းဘူတာမှ မနီးမဝေးအရပ်၌ မြန်မာပြည် ဦးကောဏ္ဍညဘုန်းတော်ကြီး ဆောက်လုပ်ထားသော ဗုဒ္ဓဘာသာ ဓမ္မသာလာ၌ တည်းခိုရန် ဌာနဟူသမျှကို ကြည့်ရှုကြလေ။ သို့မဟုတ် မြို့ဟောင်းသို့ သွားရာလမ်း၌လည်း ဗိုလ်တဲ ရှိ၏။ ၎င်းဗိုလ်တဲ၌လည်း တည်းခိုနေနိုင်၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ရာဇဂြိုဟ်ပြည်	ရာဂျဂိရ်ကုံ၌
ဓမ္မသာလာဇရပ်	ဗရမာဓရ်မသ္ဟာလာ
ဝေဘာရတောင်	ဗိုက်ဘာရ်ဂိရ်ပဟာရ်
ဝေပုလ္လတောင်	ဝေပုလ္လပဟာရ်, ဗိုက်ပုလ္လပဟာရ်
ဂိဇ္ဈကူဋ်တောင်	ဂြိဓြကူးဋ်ပဟာရ်, ရတနဂိရိ
ပဏ္ဍာဝတောင်	ဥဒယဂိရ်ပဟာရ်
ဣသိဂိလိတောင်	ဆိုနာဂိရ်ပဟာရ်
ပဏ္ဏသာတိဓာတ်တော်တိုက်	တိန္ဒကာဓျာဝနီ, နိဗာလ်ကုံဗာ
သဂီယနာလိုဏ်ဂူ	ဆိုနာမဏ္ဍာပ်
ပိပ္ပလိလိုဏ်ဂူ	ဂျရာဆိန္ဓရာဂျာ ကာ ဗိုက်ဌက်
ဣန္ဒသာလလိုဏ်ဂူ	ဣန္ဒြဆာလ်ဂုဖာ

----- x -----

[၃] အမွလဋ္ဌကာမြို့အကြောင်း

ငါတို့ဘုရားသခင်သည် ပရိနိဗ္ဗာန်ဝင်စံခါနီးတွင် အရှင်အာနန္ဒာနှင့်တကွ ရဟန်းအပေါင်းခြံရံ၍ အမွလဋ္ဌကာသို့ ကြွသွားတော်မူလေ၏။ ထိုမှတဖန် ဒေသစာအစဉ် ဖြင့် နာလန္ဒသို့ ကြွတော်မူလေ၏။ ရှေးအခါက ဘုရားသခင်ကြွတော်မူရာ အမွလဋ္ဌကာမြို့သည် ယခုအခါ နာလန္ဒနှင့် ရာဇဂြိုဟ်အကြားတွင် ဆီလာဝ်ခေါ်သော ရွာသည် ရှိ၏။ ထိုရွာသည်ပင်လျှင် အမွလဋ္ဌကာမြို့ဖြစ်၏-ဟု ဟိန္ဒီဗုဒ္ဓကျရယျကျမ်းကြီး၌ လာရှိ၏။ ထို့ကြောင့် သွားရောက်လိုသူတို့မှာ ရာဇဂြိုဟ်ပြည်မှဖြစ်စေ သို့မဟုတ် နာလန္ဒမှဖြစ်စေ သွားရောက်ကြည့်ရှုနိုင်ပေ၏။

ရန်ကုန်မြို့၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ငါးထပ်ကြီးဆရာတော် ဦးဇဋိလအရှင်မြတ် ဟောပြောညွှန်ပြတော်မူ ချက်အရ ဘုရားဖူး ရဟန်း,ရှင်,လူအပေါင်းတို့ တည်းခိုရန် အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၊ ရာဇဂြိုဟ်ပြည်၊ ဝေပုလ္လတောင်ခြေတွင် ရန်ကုန်မြို့၊ စစ်ကဲမောင်ခိုင်လမ်း၊ တိုက်နံပါတ် ၅၉-နေ သိမ်ကြီးအစ်မ ဒေါ်နှော်က ၁၂၉၃-ခုနှစ်တွင် ဆောက်လုပ်လျှုဒါန်းထားသည့် အလျား ၆၄-ပေခွဲ, အနံ ၃၆-ပေရှိ စတုဒိသာတိုက်ဇရပ်သစ်ကြီးပုံ။ ၎င်းဇရပ်သစ်ကြီးကို ရာဇဂြိုဟ်ပြည်၊ ဝေပုလ္လတောင်ခြေ၌ သီတင်းသုံးတော်မူသည့် ရာဇဂြိုဟ်သာသနာပြု ဦးကောဏ္ဍည ကြီးကြပ်ဆောက်လုပ်ပေးတော်မူသည်။



1932

1293-B-E

RAJAGAHA CATUDISA SALA

Charity of Theingyiama Daw Naw. Daughter of Phayadayaka U Po and Phayadayikama Daw Mo, 59, Tseekai MaungKhine Street, Rangoon. Under the patronage of Ngadatgyi SAYADAW U ZATILA, Aggamahapandita, Rangoon, Burma.

[၄] နာလန္ဒာအကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဆိကိမ်းရှင်ဘုရင်နှင့်အတူ ရာဇဂြိုဟ်ပြည်မှ တဖန် ထွက်သွားလေရာ ခဏမကြာ နာလန္ဒာသို့ မြန်စွာဆိုက်ရောက်လေ၏။

ဤနာလန္ဒာ၏ ရှေးအကြောင်းကား ရာဇဂြိုဟ်ပြည်၏ မနီးမဝေးဌ ဥပတိဿရွာနှင့် ကောလိတ အမည်ရှိသော ရွာကြီးသည် ရှိ၏။ ထို ၂-ရွာတို့တွင် ဝက်နွားပုဏ္ဏားသည် ရူပသာရီ အမည်ရှိသော ပုဏ္ဏားမနှင့် သင့်မြတ်၍ ဥပတိဿရွာကို အုပ်ချုပ်နေလေ၏။ သုဇာတာပုဏ္ဏားသည်လည်း မောဂ္ဂလီ အမည်တွင်သော ပုဏ္ဏားမနှင့် ရှေးကြောင်းရင်းဆုံမိ၍ ကောလိတရွာ၌ အကြီးအမှူး ဖြစ်နေလေ၏။

တရံရောအခါ ဥပတိဿရွာ၌ ရူပသာရီပုဏ္ဏားမအား သာရိပုတ္တရာအလောင်း ဥပတိဿ အမည်ရှိသော သားကို ရလေ၏။ ထိုနည်းအတူ ညီတူညီမျှ ကောလိတရွာ၌ မောဂ္ဂလီပုဏ္ဏားမအား မောဂ္ဂလာန်အလောင်း ကောလိတ အမည်ရှိသော သား ၁-ယောက်ကို ရပြန်လေ၏။ ထိုသူငယ် ၂-ဦးတို့သည် မိတ်သဟာယဖြစ်ကြ၍ အရွယ်သို့ ရောက်လတ်သော် တရားအထူးကို သိလိုသည့်အတွက် မိဘတို့ထံမှ ခွင့်ပန်ပြီးလျှင် တပည့်အခြံအရံနှင့် တကွ သိဒ္ဓည်းဆရာကြီးထံ၌ ရဟန်းပြုကြလေ၏။

ထိုဆရာမှလည်း သိအပ်သော လောကီတရားတို့ကို အလုံးစုံသိကြသောအခါဝယ် "ဤတရားကား နိဗ္ဗာန်ရောက်ကြောင်း မဟုတ်ချေ"ဟု အောက်မေ့လျက် "တစ်ယောက်နှင့် တစ်ယောက် တရားအထူးရလျှင် ပြောကြားရမည်"ဟု ကတိကဝတ်ပြုကြ၍ သေခြင်း-စသော ဘေးဒုက္ခတို့၏ကင်းရာ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို လိုက်၍ ရှာကြကုန်၏။ ဇမ္ဗူဒီပါ၌ ထိုကဲ့သို့သော တရားမြတ်ကို မရကြ၍ မိမိတို့ဆရာ သိဒ္ဓည်းထံသို့ ပြန်ရောက်နေထိုင်ကြကုန်၏။

ဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၌ ဝေဠုဝန်ကျောင်းတော်ကို ခံ၍ ၃-ရက်မြောက်ဝယ် **အရှင်အဿဇိ**သည် နံနက်အခါ လျှောက်ပတ်သော ဣန္ဒြေဖြင့် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူလေ၏။ ဥပတိဿလည်း မြို့တွင်းမှ ဆွမ်းဘုဉ်းပေးပြီးသော် မိမိနေရာသို့ ပြန်ကြွသည့်အခိုက်တွင် အခန့်သင့် လမ်းခရီးမှာ တွေ့မြင်လေ၏။ ထိုအခါ အရှင်အဿဇိ ကြွသောခရီးဖြင့် လိုက်လာပြီးလျှင် အရှင်အဿဇိအား ဆည်းကပ်လေ၏။ ဆွမ်းဘုဉ်းပေးပြီးအဆုံး၌ အရှင်အဿဇိအား လျှောက်ထားသည်မှာ "သင်သည် အဘယ်ကို ရည်မှန်း၍ ရဟန်းပြုပါသနည်း။ သင်၏ဆရာနှင့် သင်၏အယူဝါဒကား အသို့ပါနည်း"ဟု မေးသောအခါ အရှင်အဿဇိကလည်း "ငါ့ရှင်၊ ငါကား နိဗ္ဗာန်ကို ရည်မှန်း၍ ရဟန်းပြုသည်။ ငါ၏ဆရာကား

သမ္ဘာသမ္ဘဒ္ဓ ဂေါတမဘုရား။ ငါသည်ကား ထိုဘုရား၏ တပည့်သားဖြစ်ပါ၍ ထိုဆရာဘုရား အယူကို မှန်ကန်သည်”ဟု အယူရှိ၏။

ဤသို့ ဖြေကြားလေသော် “ထိုတရားကို ငါ့အားလည်း ဟောပါ”ဟု တောင်းပန်သောအခါ အရှင်အဿဇိသည် “**ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ**”(ဝိ၊၃။၅၁) စသည်ဖြင့် ဟောတော်မူလေ၏။ ဂါထာဆုံးလျှင် ၄-အင်သောသစ္စာကို မြင်ပြီးမှ မိမိနေရပ်သို့ ပြန်လေ၏။ ထိုအရပ်၌ မိတ်ဆွေ ကောလိတအား အကြောင်းမျိုးကို ပြန်ကြား၍ တပည့်သား ၅၀၀-နှင့် မြတ်စွာဘုရားအထံတော်သို့ သွားကြလေ၏။

မြတ်စွာဘုရားသခင်လည်း မြင်လျှင်မြင်ချင်း ဧဟိဘိက္ခု ခေါ်တော်မူလျှင် တန်ခိုးဖြင့်ပြီးသော ပရိက္ခရာအစုံဖြင့် ရဟန်းအဖြစ်သို့ ရောက်ကြလေကုန်၏။ တပည့် ၅၀၀-တို့လည်း အစဉ်အတိုင်း မဂ်ကိစ္စဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။ ထို့နောက် မြတ်စွာဘုရားသခင်လည်း အရှင်သာရိပုတ္တရာကို လက်ယာရံ အဂ္ဂသာဝက, အရှင်-မောဂ္ဂလာန်ကို လက်ဝဲရံအဂ္ဂသာဝကအဖြစ်ဖြင့် ခန့်ထားတော်မူလေ၏။

ဤသို့ဖွင့်ပြ ဇိနတ္ထ၏အလိုဖြင့် ယခုကာလ နာလန္ဒခေါ်သော ဤနေရာသည် ရာဇဂြိုဟ်ပြည်၏မြောက်ဘက် ၇-မိုင် ဝေး၏။ နာလန္ဒနဂါးမင်း၏နေရာကို အစွဲပြု၍ နာလန္ဒဟူ၍ ခေါ်တွင်၏။ ယခုအခါ ကရ်ဂိဒျပိုခါရ်ခေါ်သော နေရာသည် နာလန္ဒရေအိုင်ကြီးဖြစ်ပေ၏။ ထိုရေအိုင်၌ နာလန္ဒအမည်ရှိသော နဂါးမင်း နေခဲ့ဖူး၏။ ကျောင်းတော် အရှေ့မြောက်ဘက်၌ ဂိဒိပိုခါရ်ခေါ်သော ရေအိုင်နှင့် ပန္နဆိုကရ်ပိုခါရ် အမည်ရှိသော ရေအိုင်သည်ရှိ၏။ ထိုရေအိုင်၏ ပမာဏကား ၁-မိုင်လောက်စီ အလျားရှိ၏။ ကျောင်းတော်၏ တောင်ဘက်၌ ဂျန္ဒြပိုခါရ်ခေါ်သော ရေအိုင်ကား မိုင်ဝက်ခန့်မျှသာ အလျားရှိ၏။ ၎င်းပြင်လည်း အိုင်ငယ်တို့သည် ထိုမှ,ဤမှ များစွာရှိကုန်သေး၏။

နာလန္ဒမှ အရှေ့တောင်ထောင့်အရပ် ၄-မိုင်ကွာတွင် ကလ္လပိနာက အမည်ရှိသော ဌာနသည် ရှိ၏။ ထိုအရပ်ဌာနမှာပင် အရှင်သာရိပုတ္တရာကို ဖွားမြင်၏။ ထို့ကြောင့် ၎င်းရွာသည် ရှေးအခါက ဥပတိဿရွာ တစ်နည်း နာဠကရွာ-ဟူ၍ အမည်ရှိ၏။ နာလန္ဒမှ အနောက်တောင်ထောင့်အရပ် ၁-မိုင်နှင့် ၃-ဖာလုံလောက်တွင် ဂျဂ္ဂဒိဆ်ပုရ်ခေါ်သော တစ်နည်း ကုလိုးက် အမည်ရှိသောအရပ်သည် ရှိ၏။ ၎င်းအရပ်ဌာန၌ အရှင်မဟာမောဂ္ဂ-လာန်ကို ဖွားမြင်၏။ ထို့ကြောင့် ၎င်းအရပ်သည် ရှေးအခါက ကောလိတ အမည်ရှိ၏။

ရှေးအခါက နာဠ တစ်နည်း နာဠကရွာ၏ အနီးအပါး၌ တည်သောကြောင့် နာဠ-ကာရုံ၊ ယခုအခါ နာလန္ဒ-ဟု အမည်တွင်သော ကျောင်းတော်၏ ပျက်စီးနေရာဌာနသည် တူးဖော်ပြီးရှိသည့်အတိုင်း အလျားပေ-၁၆၀၀၊ အနံပေ ၄၀၀-ခန့်မျှ ရှိ၏။ ယခုအခါ ဤ

ကျောင်းတော်ရာကို ဗရိုဏ်ဝ-ဟူ၍လည်း ခေါ်ကြ၏။ ဘုရားသခင်သည် "ဧကာဒသမံ နာဠာယံ ဗြာဟ္မဏဂါမေ"ဟူသော အဋ္ဌကထာပါဠိ(ဗုဒ္ဓဝံ၊၆။၄)နှင့်အညီ ဤကျောင်းတော်၌ ဧကာဒသမ ဝါဆိုတော်မူ၏။ ဤကား ကျောက်စာမင်းကြီး ကနိန်ဂဟာမ်၏ အဆုံးအဖြတ်နှင့် ချင့်ချိန်၍ ပြအပ်သော စကားတည်း။

နာလန္ဒကျောင်းတော်ရာကို ကျောက်စာဘက်ဆိုင်ရာက တူးဖော်၍ထားသော ကြောင့် အထူးအဆန်း အဆောက်အဦးများနှင့်တကွ ရုပ်ပွါးဆင်းတုတော်တို့ကိုလည်း ပြတိုက်-စသည်၌ပင် တွေ့မြင်ရ၏။ ၎င်းပြင် ထိုနေရာမှာ အရှင်သာရိပုတ္တရာ စေတီတော်သည်လည်း ထင်ရှားရှိ၏။ ၎င်းစေတီတော်မှ အရှေ့မြောက် ခြေလှမ်း ၂၀၀-လောက်တွင် လေးထောင့်ပုံသဏ္ဌာန် အုတ်အရံ၌ ညောင်ပိန္နဲပင်ကြီးအောက်မှာ ရုပ်ပွါးတော် ၁-ဆူရှိ၏။ ထိုရုပ်ပွါးတော်၏ အနီးအပါးမှာလည်း စေတီတော်ကြီး ၁-ဆူနှင့် ရုပ်ပွါးတော် ၁-ဆူရှိ၏။ ကျောင်းတော်၏ အနီးအနားတွင်လည်း အမည်ကို မသိနိုင်ဘဲ စေတီငယ်နှင့် အဆောက်အဦးများတို့ ရှိကုန်၏။ အစိုးရတို့သည် ကျောင်းတော်ရာကို တူးပြီး, တူးဆဲ, တူးလတ္တံ့တည်း။ ဣန္ဒိယတွင် အလွန်ဆန်းကြယ်သော ကျောင်းတော်ကြီးဖြစ်ခြင်းကြောင့် အတိုင်းတိုင်း အပြည်ပြည်က ပညာရှိတို့ လာရောက်၍ နမူနာကို ကူးယူကြကုန်၏။

----- × -----

[၅] နာလန္ဒရွာ လမ်းခရီးအစီအစဉ်

လာရောက်ကြည့်ရှုလိုသူတို့မှာ အထက်ပြခဲ့သော ရာဇဂြိုဟ်လမ်းအတိုင်းပင် သွားကြရမည်။ နာလန္ဒ(Nalanda) ဘူတာပင် ရှိကြားသော်လည်း တည်းခိုရန် ဓမ္မသာလာ မရှိ။ ရာဇဂြိုဟ် ဗုဒ္ဓဘာသာဓမ္မာသာလာက နေ၍ သွားရောက်ကြည့်ရှုနိုင်၏။ သို့မဟုတ် နာလန္ဒကို ရှေ့ဦးစွာ ကြည့်ပြီးမှ ရာဇဂြိုဟ်သို့ သွားနိုင်၏။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
နာလန္ဒဘူတာ	ဗရိုဏ်ဝ, နာလန္ဒဆတေသျှန်
နာလိကာရုံကျောင်း	နာလန္ဒဗိဟာရ်
ပြတိုက်ကြီး	မျူဇီယမ်, အဂျာယဗ်ယရ်
ဥပတိဿရွာ	ကလ္လပိနာက်
ကောလိတရွာ	ဂျဂ္ဂဒိဆ်ပုရ်, ကုလီးက်

[၆] ဗိဟာရ်မြို့အကြောင်း

ဗိဟာရ်မြို့သည် ရာဇဂြိုဟ်ပြည်ရှိ ဂိရ်ယေးက်-အမည်ရှိသော တောင်မှ အရှေ့မြောက်ထောင့် ၁၁-မိုင်အဝေးအကွာ၌ ရှိနေ၏။ ၎င်းမြို့နှင့်ကပ်လျက် အနောက်မြောက်မျက်နှာရှိ ဗိဟာရ်ခေါ်သော တောင်ထိပ်၌ **အဝလောကိတေဿ**ရ် အမည်ရှိသော ကျောင်းတော်ရာသည် ရှိနေ၏။ ယခုအခါ ထိုဗိဟာရ်တောင်ထိပ်၌ မဟာမေဒင် ဆောက်လုပ်သော ကျောင်းသာ ရှိ၏။ ၎င်းနေရာကို ကျောက်စာမင်းကြီး ကနိန်ဂဟမ် တူးဖော်သောအခါ ၎င်းနေရာမှ ဘုရားရုပ်တု အကျိုးအပျက်နှင့် စေတီငယ်များလည်း ပေါ်ထွက်ကုန်၏။ အချို့သောသူတို့က ထိုတူးဖော်၍ ရုပ်တု,ဆင်းတု ရရာနေရာကိုပင် ရှေးက ဂုပ္တမင်းလက်ထက် ထွန်းကားကျော်စောခဲ့သော **ကပေါတိကသံဃာရာမ**ကျောင်းတိုက်-ဟု ခေါ်ဆိုသမုတ်ကြ၏။

သို့သော် ထိုကျောင်းရာသည် ပါဋ္ဌလိပုတ်ပြည်၏ အနီးအပါး၌သာ ရှိသင့်သည်။ ဂုပ္တရာဇဝင်ကို ဆင်ခြင်ကြည့်ရှုလျှင် သိနိုင်ရာ၏။ ဗိဟာရ်မြို့မှ အရှေ့တောင်ထောင့်အရပ် ၇-မိုင် အကွာအဝေး၌ **တိတရာဝ်**ခေါ်သော တောင်ကုန်း ၁-ခုရှိ၏။ ထိုတောင်ကုန်းထက်၌ လည်း ကျောင်း ၁-ဆောင်ရှိ၏။ ၎င်းပြင် ထိုနေရာ၌ပင် ရေကန်ကြီး ၁-ခု ရှိ၏။ ၎င်းရေကန်၏ အလျားပေမှာ ၁,၂၀၀-ရှိ၏။ ထိုရေကန်ကြီး၏ မြောက်ဘက်၌လည်း ကျောင်းတော်ပျက်ရာ အုတ်ပုံများ ရှိ၏။

----- × -----

[၇] ဗိဟာရ်မြို့ လမ်းခရီးအစီအစဉ်

ရာဇဂြိုဟ်ပြည်၌ ဗိဟာရ်မြို့သည် ငယ်ပင်ငယ်ငြားသော်လည်း နာမည်ကြီးသောမြို့ ၁-ခုဖြစ်နေခြင်းကြောင့် အသွားအလာ လွယ်ကူ၏။ သွားရောက်လိုသောသူတို့မှာ ရာဇဂြိုဟ်လမ်းအတိုင်း သွားရောက်နိုင်၏။ ဤဗိဟာရ်(Bihar)၌ ဗုဒ္ဓဘာသာ ဓမ္မသာလာ မရှိသော်လည်း ဟိန္ဒူဓမ္မသာလာမှာဖြစ်စေ သို့မဟုတ် အိမ်၌ဖြစ်စေ တည်းခိုနေနိုင်၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ဝိဟာရမြို့ဘူတာ	ဗိဟာရ်ဆတေဿန်
ဓမ္မသာလာဇရပ်	ဓရ်မသျှာလာ
ဝိဟာရတောင်	ဗိဟာရ်ပဟာရ်

ကျောင်းရာ	မူဆလမာန်မဆရိုဒ်
ကျောင်းနှင့်ရေကန်ကြီး	တိတရာဝ်ဆထာန်, ဗရာတာလာပ်ကာဆထာန်

----- × -----

[၈] သခ်ေပစကားရပ်အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဆိကိမ်းရှင်ဘုရင်နှင့်အတူတကွ နာလန္ဒမှ ထွက်သွားလေရာ ဗာရာဏသီပြည်၊ မိဂဒါဝုန်သို့ ရောက်၍ ထိုအရပ်၌ ၃-ရက်ခန့်နေပြီးလျှင် တဖန်သွားပြန်လေသော် ကုသိနာရုံသို့ ရောက်လေ၏။ ထိုနေရာမှာလည်း ၃-ရက်မျှနေပြီးမှ ဆောင်ယူလာသော ဆိကိမ်းရှင်ဘုရင်ကို ခွဲခွါလိုက်ရပေ၏။ ရှင်ဘုရင်လည်း အထူးကျေးဇူးတင်ပြီးလျှင် ခြီးမြှောက်ခြင်းအမျိုးမျိုးတို့ဖြင့် ခြီးမြှောက်လျက် မိမိအလိုရှိရာ ပဋ္ဌာလတိုင်းသို့ ထွက်သွားလေ၏။

ထိုအခိုက်အတန့်တွင် ကျေးဇူးရှင် ကုသိနာရုံဆရာတော်ဘုရားကြီးက "မိဂဒါဝုန် ဓမ္မသာလာ၌ ၂-လ, ၃-လခန့် နေ၍ ဘုရားဖူးလာကြသော အမျိုးသားများကို စောင်မကြည့်ရှုရမည်"ဟု အမိန့်တော်ထားလိုက်လျှင် မကြာချက်ချင်း ရဟန်းတော်ဦးကိတ္တိသည် မိဂဒါဝုန်သို့ လာရောက်၍ အမျိုးသားတို့အား စောင့်ရှောက်နေထိုင်ရလေ၏။

----- × -----

[၉] ပါဌလိပုတ်ပြည်အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ကျေးဇူးရှင် ကုသိနာရုံဆရာတော်ဘုရားကြီး၏ အမိန့်တော်မြတ်ကို လိုက်နာဆောင်ရွက်ပြီး၍ မိဂဒါဝုန်မှ တဖန် ထွက်သွားလေရာ ဒေသစာအစဉ်ဖြင့် ဗုဒ္ဓဂယာ, ရာဇဂြိုဟ်ပြည် ထိုထိုသော အရပ်ဒေသသို့ လှည့်လည်သွားလာခဲ့ပြီးမှ ပါဌလိပုတ်ပြည်သို့ ဆိုက်ရောက်လေ၏။

ပါဌလိပုတ်ပြည်၏ ရှေးအကြောင်းကား အခါတပါး၌ သီရိဓမ္မာသောကမင်းကြီးသည် ခမည်းတော် ဗိန္ဒုသာရမင်းကြီး နာတော်မူကြောင်းကို ကြားသိလတ်သော် ဥဇ္ဇေနီပြည်မှ မိမိချည်း ပါဌလိပုတ်ပြည်သို့ လာပြီးလျှင် ခမည်းတော်အား လုပ်ကျွေးနေ၏။ ခမည်းတော်လည်း သာသနာတော် သက္ကရာဇ် ၂၁၄-ခုနှစ်တွင် အနိစ္စရောက်တော်မူ၍ သားတော် အသောကမင်းကြီးသည် မင်းပြုတော်မူလေ၏။ ထိုအကြောင်းကို ကြားသိလတ်သော် သုမန

မင်းသားသည် ညီတော် ၉၉-ယောက်နှင့်တကွ ပါဠိလိပုတ်ပြည်ကို ဝန်းရံလေ၏။ ဓမ္မာ-သောကမင်းကြီးလည်း တမိတဖတည်း မွေးဖွားသော ညီတော်တိသကို ချန်လှပ်၍ နောင်တော် ၉۹-ယောက်ကို ပယ်ဖျောက်ပြီးလျှင် အဘိသိက်ကို မခံသေးဘဲ ၄-နှစ်တိုင်တိုင် ပြည်အလုံးကို သိမ်းဆည်း၍ မင်းပြုနေထိုင်ပြီးလျှင် သာသနာတော် သက္ကရာဇ် ၂၁၈-ခု မြောက်သောအခါမှ အဘိသိက်ကို ခံယူတော်မူလေ၏။ ထို့ကြောင့်–

တထာဂတသ ပရိနိဗ္ဗာနတော ဒ္ဝိန္နံ ဝဿသတာနံ ဥပရိ အဋ္ဌရသမေ ဝဿေ သကလ-ဇမ္ဗုဒီပေ ဧကရဇ္ဇာဘိသေကံ ပါပုဏိ။ –

ဟူ၍ ပါရာဇိကဏ်အဋ္ဌကထာ(၁။၃၂)၌ မိန့်ဆိုတော်မူလေသည်။

ညီတော် တိသကိုလည်း အိမ်ရှေ့အရာ ပေးသနားတော်မူလေ၏။ ထိုအခါ ဓမ္မာ-သောကမင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ တစ်ယောက်တည်းသော မင်းအဖြစ်သို့ ရောက်တော်မူလေ၏။ တနေ့သ၌ နိဂြောဓသာမဏေ၏ ဟောကြားတော်မူအပ်သော "**အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ**"အစရှိသော ဂါထာ(ဓံ၊၅၊၁။၃၆)ကို ကြားနာရလျှင် သာသနာတော်၌ အတိုင်းမသိ ကြည်ညိုသောကြောင့် သံဃာတော်များကို ဆည်းကပ်လျက် ၁-ပါး, ၁-ပါးသော ဓမ္မက္ခန္ဓာကို ရည်မှတ်၍ စေတီကျောင်း ၈၄,၀၀၀-စီ တည်တော်မူလေ၏။

အသောကမင်းကြီးလက်ထက်မှာ ပါဋလိပုတ်ပြည်ရှိ အသောကာရာမကျောင်းတိုက်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိသထေရ်သည် ပဋိသမ္ภိဒါပတ္တ, တေဝိဇ္ဇ, ဆဠဘိည, တိပိဋကဓရ-စသော ရဟန္တာ ၁,၀၀၀-ကို ရွေးကောက်ပြီးလျှင် ပိဋကတ် ၃-ပုံကို နယုန်လမှ စ၍ တတိယသင်္ဂီယနာတင်တော်မူကြရာ သာသနာတော် သက္ကရာဇ် ၂၃၅-ခုနှစ်မြောက်၊ တပို့တွဲလတွင် အပြီးအစီးသို့ ရောက်တော်မူလေ၏။

ယခုအခါမှာ ပါဋလိပုတ်ပြည်၌ အထူးမရှိချေ။ အသောကမင်းနှင့် အရှင်မဟာ-မောဂ္ဂလိပုတ္တတိသထေရ်တို့ သာသနာပြုရာ ပဓာနဖြစ်သည်ကို ရည်မှတ်၍ ကြည်ညိုဖွယ်ရာသာရှိ၏။ ပါဠိဘာသာ၌ ပါဋလိပုတ်ပြည်-ဟူသော အမည်မှ ဖောက်ပြန်၍ ကုသုမပုရ, ပါဋလိပုတြ, ပဋနာ-ဟူ၍ အမည် ၃-ခု ပြား၏။ ထို ၃-ခုသော အမည်တို့တွင်–

- လူတို့၏ အသက်ရှည်သည်ကို အကြောင်းပြု၍ ကုသုမပုရ,
- လူတို့၏ အသက်တမ်းတိုသည်ကို အစွဲပြု၍ ပါဋလိပုတြ –

ဟူ၍ တွင်လေ၏။ ယခုအခါ အင်္ဂလိပ်လက်ထက်မှာ ပဋနာ-ဟူသော အမည်ဖြင့် ထင်ရှား၏။ ပဋနာခေါ်သော ရှေးဟောင်းပါဋလိပုတ်ပြည်သည် ဂင်္ဂါ၏တောင်ဘက်၌ အကျယ်

အဝန်း ၁၂-မိုင်သာသာလောက် ရှိ၏။ ဂရိတ်ပညာရှိ မေဂဆထနီဆ်ကျမ်းစာ၏ အလိုဖြင့် သော်ကား စန္ဒဂုပ္တ, ဗိန္ဒုသာရမင်းတို့လက်ထက်က ၂၅-မိုင်နှင့် ၃-ဖာလုံ ကျယ်ဝန်းကြောင်းကို သိအပ်၏။ ယခုလက်ရှိအတိုင်းဆိုလျှင် ၂၂-မိုင်နှင့် ၄-ဖာလုံခန့်သာ ရှိနေ၏။

ပါဠိလိပုတ်ပြည်၌ ပဋ္ဌနာစီတီဘူတာ၏ တံတားအရှေ့ဘက် ခြေလှမ်း ၂၀၀-လောက်တွင် မီးရထားလမ်းနှင့်ကပ်လျက် စေတီကြီး ၁-ဆူ ရှိ၏။ ၎င်းစေတီကြီးကို မူဆလမာန်တို့က အထက်အဖို့တို့ကို ဖြိုဖျက်ပြီးလျှင် မိမိတို့ ဌာပနာတိုက် ပြုလုပ်ထားလိုက်ပြီ။ ပဋ္ဌနာဂုလက္ခာရ်ဗာဂ်ဘူတာမှ အနောက်အရပ် ၁-မိုင်ကျော်လောက်တွင် ကုမ်ဗရာဟာရ် အမည်ရှိသော ရပ်ကွက် ၁-ခု ရှိ၏။ ထိုအရပ်၏ သရက်ဥယျာဉ်တောကို ကျောက်စာဝန်တို့ တူးဖော်ကြလျှင် ၎င်းနေရာမှ အဆောက်အဦးပျက်နှင့်တကွ အသောကကျောက်စာတိုင် ၁-ခု ပေါ်ထွက်၏။ ကျောက်စာတိုင်၏ အထက်ပိုင်းသည် ကျိုးပျက်ပြီးလျှင် ထိုမှ,ဤမှ ကျရောက်လျက်ရှိ၏။ အောက်ပိုင်း ၁၀-တောင်ခန့်သည်ကား ပကတိသောနေရာမှ ရွှေ့လျားလျက် မြေ၌ တုံးလုံးလဲလျက် ရှိနေလေ၏။ ထိုတူးဖော်ရာအရပ်ကို အချို့က အသောကာရာမတိုက်၊ အချို့က အသောကမင်းကြီး၏ မြို့သစ်-ဟု ပြောဆိုသမုတ်ကြ၏။

ဖာဟီယန်စာတမ်း၌ကား ပုရှပပုရ(ပါဠိလိပတ္တန)မြို့သည် အသောက၏ မြို့တော်ဖြစ်၏။ မြို့၏တောင်ဘက် ၃-လီကျော်လောက်တွင် မဟာစေတီကို ရှေးဦးစွာ တည်ထားလေ၏။ စေတီတော်၏ရှေ့မှာ ဘုရားခြေတော်ရာ ၁-ဆူရှိ၏။ ၎င်းခြေဝေါ်ရာ၌ မြောက်သို့ မျက်နှာမူလျက် ကျောင်းတော် ၁-ဆောင် ဆောက်လုပ်ထား၏။ မဟာစေတီတော်၏ တောင်ဘက် လုံးပတ် ၁၄-တောင်, ၁၅-တောင်ခန့်ရှိသော ကျောက်စာတိုင် ၁-ခုကိုလည်း စိုက်ထူထားရှိ၏။ ၎င်းကျောက်စာတိုင်၏အမြင့်ကား အတောင် ၃၀-ကျော် ရှိ၏။ ကျောက်စာတိုင်၏အဓိပ္ပါယ်မှာ အသောကမင်းကြီးသည် ဇမ္ဗူဒီပါကို အရပ်ထက်ဝန်းကျင်ရှိ သံယာတော်တို့အား လျှုဒါန်းတော်မူပြီး၍ တဖန် ငွေဖြင့် ဝယ်ယူကြောင်း ဤကဲ့သို့သော အလျှုမျိုးကို အသောကမင်းကြီးသည် ၃-ကြိမ်တိုင်တိုင် ပြုဖူးကြောင်း-ဟူသော အကြောင်းအရာများပါ ရှိ၏။

၎င်းပြင် စေတီတော်ကြီး၏မြောက်ဘက် ခြေလှမ်း ၃, ၄-ရာခန့်၌ "နေလေ"မြို့ကို တည်ထောင်လေ၏။ ၎င်းမြို့၌လည်း အတောင် ၃၀-ကျော်ခန့်ရှိသော ကျောက်စာတိုင် ၁-ခုသည် ရှိ၏။ ၎င်းကျောက်စာတိုင်၏အပေါ်၌ ခြသေ့ရုပ်လည်း ပါရှိ၏။ ကျောက်စာ၏ အဓိပ္ပါယ်မှာ နေလေမြို့ကို တည်ထောင်သော အကြောင်းအရာနှင့် ခုနှစ်သက္ကရာဇ်, နှစ်, လ, ရက်, နေ့မှ,သာ ရေးထိုးပါရှိသည်ကို တွေ့ရှိရ၏။ ထို့ကြောင့် အဆိုပါနေရပ်ကို ဖာဟီယန်

ကျမ်းဖြင့် ကြည့်ရှုလိုက်လျှင် ကျောက်စာတိုင်နှင့် ကျောင်းတော်ရာသည် ရှိနေရကား မျက်မြင်ဒိဋ္ဌ တွေ့မြင်ရခြင်းကြောင့် ၎င်းနေရာကိုပင် ကျောင်းတော်ရာနှင့်တကွ မဟာစေတီတည်ရာ-ဟု ယူအပ်၏။

ဇိနတ္ထဋ္ဌကား ပါဋ္ဌလိပုတ်ပြည်၌ မြစ်ကမ်းနားဝယ် ၁-ကောသခွဲအရပ်၌ မဟာစေတီတည်ကြောင်းကို လာရှိ၏။ ၎င်းပြင် ပဋ္ဌနာဂျက်သျှန်ဘူတာရှိ မြို့ထဲမှာ ပြတိုက် ၁-ခုရှိ၏။ ထိုမှတပါး ဂင်္ဂါဆိပ်, မျှော်စင်များလည်း ရှိသေး၏။ နန်းတော်ရာ-စသည်တို့မှာကား ဂင်္ဂါရေစားရာသို့ ပါဝင်လေပြီ။

----- × -----

[၁၀] ပါဋ္ဌလိပုတ်ပြည် လမ်းခရီးအစီအစဉ်

ပါဋ္ဌလိပုတ်ပြည်(ပဋ္ဌနာ)မြို့သည် ဂ္ဂန္ဒီယတွင် ထင်ရှားသော မြို့ကြီး ၁-မြို့ဖြစ်ခြင်းကြောင့် ၎င်းပဋ္ဌနာ(Patna)မြို့ကို ကလကတ္တား, ဗာရာဏသီ, ဗုဒ္ဓဂယာ-စသည်မှ သွားရောက်နိုင်၏။ မြို့၌မူကား ပဋ္ဌနာစီတီ(Patnacity), ပဋ္ဌနာဂုလဇာရ်ဗာဂ်(Patnagulzar), ပဋ္ဌနာဂျက်သျှန်(Patnajungtion)ဟူ၍ ဘူတာ ၃-ခုရှိ၏။ ထို ၃-ခုအနက် ပဋ္ဌနာဂျင်သျှန်ဘူတာကို ဗင်ကိပုရ်-ဟူ၍လည်း ခေါ်ဆို၏။ ၎င်းဗင်ကိပုရ်မြို့တွင်း၌ ခရီးသည်များ တည်းခိုရန် ဓမ္မသာလာရှိ၏။ အခြားအခြားသော နေရာတို့၌လည်း ဓမ္မသာလာရှိသေး၏။ အောက်ပါဌာနများကို မြင်းရထားဖြင့် လှည့်လည်ကြည့်ရှုနိုင်၏။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
ပါဋ္ဌလိပုတ်ပြည်	ပဋ္ဌနာ
ဓမ္မသာလာဇရပ်	မရဝါရီဓရ်မသျှာလာ
ပြတိုက်ငယ်	မျူဇီယမ်, တဆဗီရ်ခါနာ
မျှော်စင်	မီနာရ်
မဟာစေတီနှင့် ကျောင်းတော်ရာ	ကုမ်ဗရာဟာရ်ခိုဒါဏ္ဍ်ကျမိန်
ပဋ္ဌနာစီတီရှိ စေတီတော်	မူဆလမာန်ဒရဂါရ်

----- × -----

[၁၁] အင်္ဂတိုင်း၊ စမ္ပာနဂိုရ်ပြည်အကြောင်း

အင်္ဂတိုင်း၊ စမ္ပာနဂိုရ်ပြည်၏ ရှေးအကြောင်းကား မဟာဇနကဇာတ်ဘော်ကြီး၌ မိထိလာပြည်နှင့် စမ္ပာနဂိုရ်ပြည်သည် ယူဇနာ ၆၀-ဝေးကြောင်းကို ဆို၏။(ဇာ၊၄၊၆။၄၁) ဝိသတိနိပါတ်၊ စမ္မေယျဇာတ်(ဇာ၊၄၊၄။၄၅၇)၌ အင်္ဂတိုင်း, မဂဓတိုင်းတို့အကြား၌ စမ္ပာမည်သော မြစ်ရှိ၏။ ထိုမြစ်၏ နဂါးပြည်၌ စမ္မေယျနဂါးမင်းသည် မင်းပြုနေ၏။ ဤသို့စသည်ဖြင့် ဟောတော်မူ၏။

အခါတပါး စမ္ပာနဂိုရ်ပြည်သို့ မြတ်စွာဘုရားသခင်သည် သံဃာတော် ၅၀၀-နှင့် ကြွလာတော်မူကြောင်းကိုလည်း သီလဂွန်ပါဠိတော်၌ ဟောတော်မူ၏။ ၎င်းအဋ္ဌကထာ၌ စမ္ပာနဂိုရ်မြို့၏ မနီးမဝေး၌ မင်းမိဖုရားတူးထားခဲ့သော ဂဂ္ဂရာရေကန်သည် ရှိ၏။ ထိုရေကန်၏ကမ်းနား၌ ကြီးစွာသော စကားပင်တော ရှိ၏။ ထိုတောသို့ မြတ်စွာဘုရားသခင် ကြွလာတော်မူ၍ သီတင်းသုံးနေတော်မူကြောင်းကို ဖွင့်ပြ၏။(သီ၊၄။၂၄၉) ထိုစမ္ပာနဂိုရ်မြို့သည် ဘုရားလောင်း မဟာဇနကမင်းသား၏ ဖွားမြင်ရာလည်း ဖြစ်ပေ၏။ သုဝဏ္ဏဘူမိသို့ သင်္ဘောသား ၇၀၀-နှင့် ထွက်သွားရာ သင်္ဘောဆိပ်လည်း ဖြစ်ပေ၏။

ဓမ္မပဒအဋ္ဌကထာ(၁။၂၄၃)၌ "**အင်္ဂရဋ္ဌေ ဘဒ္ဒိယနဂရေ**"ဟူ၍ လာရှိသည်ကို ထောက်လျှင် အင်္ဂတိုင်း၌ ဘဒ္ဒိယမြို့ရှိကြောင်းကို သိအပ်၏။ ၎င်းပြင် မူလပဏ္ဏာသပါဠိ-တော်(၃၃၈)၌ "**ဘဂဝါ အင်္ဂေသု ဝိဟရတိ အဿပုရံ နာမ အဂါနံ နိဂမော**"ဟူ၍ ဟောတော်မူသည်ကို ထောက်လျှင်လည်း အဿပုရမြို့သည်လည်း အင်္ဂတိုင်းတွင် ပါဝင်၏-ဟု သိအပ်၏။ ဤကား ပါဠိဘာသာဖြင့် သိအပ်သော စကားတည်း။

ယခုအခါ ဖြစ်နေပုံအခြေအနေကို ကျောက်စာမင်းကြီး ကနိန်ဂဟမ်အလိုအားဖြင့် အင်္ဂတိုင်းသည် ယခုအခါမှာ ဘာဂလ်ပုရ်(Bhaglpur)စီရင်စုပင် ဖြစ်ပေ၏။ တိုင်းပြည်၏ နယ်နိမိတ်ကား မြောက်ဘက်၌ ဂင်္ဂါမြစ်ကမ်းပါးရှိ ဂျန်ဂိရ်ခေါ်သောအရပ်နှင့် တေလိယာဂထီခေါ်သော အရပ်ဒေသထိရှိ၏။ တောင်ဘက်၌ ဘာဂီရထီမြစ်ကမ်းရှိ ကလ်နာခေါ်သော အရပ်နှင့် ဒမုဒမြစ်ကမ်းရှိ ပါကျီးတ်နေရပ်ဌာနကို အဆုံးထားပြီးလျှင် တိုင်းထွာလိုက်မူ အကျယ်အဝန်း မိုင်ပေါင်း ၅၀၀-လောက်ရှိ၏။

စမ္ပာနဂိုရ်ပြည်သည်ကား ဘာဂလ်ပုရ်မြို့မှ အနောက်ဘက် ၂၄-မိုင်အကွာ၌ ပတ္ထရ်ယာင်္ဂ အမည်ရှိသော နေရာသည် ရှိ၏။ ၎င်းနေရာမှ အနောက်မျက်နှာ အနီးအပါးတွင် ကျမ္ပာနဂရ် (Champanagar)ခေါ်သော ရွာသည် ရှိ၏။ ၎င်းကျမ္ပာနဂရ်ခေါ်သော ရွာသည် ပင်လျှင် ရှေးယခင်က စမ္ပာနဂိုရ်မြို့ဖြစ်၏။ ဟူယိုင်ဆင်ကျမ်း၌ကား အင်္ဂတိုင်း၏ အကျယ်

အဝန်းမှာ မိုင်ပေါင်း ၆၆၆-မိုင်ကျော်၍ မြို့တော် စမ္ပာသည် ၆-မိုင်ကျော်ရှိကြောင်းကို လာရှိ၏။ လမ်းခရီးအစီအစဉ်မှာ အိန္ဒိယတွင် ဘာဂလ်ပုရ်(Bhagalpur)မြို့သည် ထင်ရှားနေ၏။ ၎င်းမြို့သို့ ရောက်လျှင် အဆိုပါ စမ္ပာနဂိုရ်ပြည်သို့ သွားနိုင်၏။

----- × -----

[၁၂] ဝဇ္ဇီတိုင်း၊ ဝေသာလီပြည်အကြောင်း

ရဟန်းတော်ဦးကိတ္တိသည် ပါဋ္ဌလိပုတ်ပြည်မှ ထွက်သွားလေရာ ဒီဃာယားဠုဆိပ်ကမ်းမှ သင်္ဘောစီး၍ တစ်ဖန် ဂင်္ဂါမြစ်ကို ကူးပြီးလျှင် ၎င်းဂင်္ဂါမြစ်ကမ်းတဖက်ရှိ ရထားဖြင့် သွားလေရာ မုဇပ္ဖရ်ပုရ်မြို့သို့ ဆိုက်ရောက်၍ ၎င်းမြို့၌ ဗာလုယားဠုဆေဝါဆြမ် ခေါ်သော ကျောင်းတိုက်၌ ရာမ်ဒေဝဘာဏ္ဍာ အမည်ရှိသော ကျောင်းအုပ်ကြီးနှင့် တွေ့ဆုံကြရာ ဓမ္မ-ကထာဖြင့် နှီးနှောလျက် ဆက်လက်သော မေတ္တာရှိကြကုန်၏။ တဖန် မော်တော်ကားနှင့် အနောက်တောင်သို့ ၂၁-မိုင်သွားလိုက်လျှင် ဝေသာလီမြို့ဟောင်းသို့ ဆိုက်ရောက်လေ၏။ ၎င်းဝေသာလီပြည်၌ သျှိဝါလယမင္ဂခေါ်သော ကျောင်းတိုက်၌ သီတင်းသုံးနေပြီးလျှင် ရပ်ရွာက ဒါယကာ, ဒါယိကာမတို့၏ အထောက်အပင့်ကို ရသဖြင့် ဝါလကို လွန်မြောက်စေ၏။

ဝဇ္ဇီတိုင်း၊ ဝေသာလီပြည်၏ ရှေးအကြောင်းကို သုတ္တနိပါတ်အဋ္ဌကထာ-စသည်တို့၌ လာရှိသည့်အတိုင်း မှတ်ယူအပ်၏။ ရှေးသရောအခါ ဗာရာဏသီမြို့ရှင်ဘုရင်မင်းမြတ်၏မိဖုရားကြီးသည် ချိပ်ရည်အဆင်းနှင့်တူစွာ ဖွားမြင်သော သားတစ်ခဲကို ဂုဏ်သတင်းပျက်အံ့စိုးသောကြောင့် အိုးသစ် ၁-ခုနှင့်ထည့်၍ ကမ္မည်းတံဆိပ် ခတ်နှိပ်ပြီးလျှင် ဂင်္ဂါမြစ်၌ မျှောလိုက်လေ၏။ နတ်တို့ စောင်မသဖြင့် အန္တရာယ်မရှိဘဲ မျှောလေသော အိုးသစ်ကို ဂင်္ဂါမြစ်နား၌ နွားကျောင်းသားတို့ကို အမှီပြု၍နေသော ရသေ့တစ်ယောက် မြင်လတ်သော် ဆယ်ယူ၍ ထားလေ၏။ အိုးသစ်၌ တံဆိပ်အက္ခရာကို မြင်လျှင် ဖွင့်၍ ကြည့်လေ၏။ အိုးထဲ၌ သားတစ်ခဲကို တွေ့ရှိသောအခါ သခ်ၿိမ်းသို့ ယူဆောင်လျက် ကောင်းမွန်စွာ ထားလေ၏။

လခွဲလွန်မြောက်သော် သားတစ်ခဲ ၂-ခု ဖြစ်လာပြန်၏။ ထို့နောက် လခွဲလွန်လျှင် လက်,ခြေ,ဦးခေါင်းအလို့ငှာ အဖုဝယ် ၅-ခုစီ ပေါက်လာလေ၏။ တဖန် လခွဲလွန်လျှင် ရွှေအဆင်းကဲ့သို့ သား ၁-ယောက်, သမီး ၁-ယောက် ဖြစ်လာလေ၏။ ရသေ့ကြီးသည် မိမိလက်ညှိုးမှ နို့ရည်ကို တိုက်ကျွေး၏။ ရံဖန်ရံခါလည်း နွားနို့ကို တိုက်ကျွေး၍ မွေးမြူလေ၏။ သူငယ်၏ဝမ်းတွင်းသို့ ဝင်လေသမျှသော အစာအာဟာရတို့သည် ဖလ်ခွက်တွင် တည်နေသကဲ့သို့ ကြည်လင်စွာ ထင်မြင်ရ၏။ သူငယ်တို့မှာ အရေလွှာ မရှိသကဲ့သို့ ဖြစ်၍လည်း

ကောင်း၊ ပေါင်းစပ်ချုပ်ထားသကဲ့သို့ နုဖတ်တွန့်လိမ်သော အရေလွှာရှိသည်ဖြစ်၍လည်း ကောင်း အကြောင်း ၂-ပါးကို အစွဲပြု၍ လိစ္ဆဝီ-ဟု တွင်လေ၏။

အလျင်အမြန် ဆွမ်းခံဝင်၍ သူဌေယ်တို့အား လုပ်ကျွေးနေသော ရသေ့ကြီးကို ရှာသူတို့ မြင်ရကြလျှင် "အရှင်ရသေ့အား မလျှောက်ပတ်၊ အကျွန်ုပ်တို့ မွေးမြူပါရစေ"ဟု လျှောက်ထားကြကုန်၏။ ရသေ့မြတ်လည်း "သူဌေယ်တို့ဘုန်းကံကိုလည်းကောင်း၊ အချင်းချင်း ထိမ်းမြားခြင်းကိုလည်းကောင်း၊ မင်းကြီးမှ မြို့တည်ရာကို တောင်းခံ၍ မြို့,ရွာတည်ခြင်းကို လည်းကောင်း၊ အဘိသိက်သွန်းလောင်းခြင်းကိုလည်းကောင်း ပြုလုပ်ကြလျှင် သင်တို့အား အကျိုးများလတ္တံ"ဟူ၍ အကြောင်းမျိုးစုံကို အကုန်မှာထားပြီးမှ ရှာသူကြီးအား အပ်နှင်း လိုက်လေ၏။ နံနက်သောအခါ ရှာသူကြီးလည်း ချီးမြှောက်ခြင်းဖြင့် ယူဆောင်ပြီးလျှင် မိမိအိမ်တွင် မွေးမြူ၍ ထားလေ၏။

မင်းသားတို့အရွယ်သို့ ရောက်ကြလေသော် အချင်းချင်း ကစားလျက်နေကြစဉ် အငြင်းအခုန်ဖြစ်ကြ၍ သူဌေယ်ဖော်များကို ရိုက်နှက်ကြကုန်၏။ သူဌေယ်မိဘတို့ ကြားသိလေ လျှင် "မိမဲ့,ဘမဲ့သား ငါတို့သူဌေယ်များကို နှိပ်စက်ကြသည်။ ဤသူဌေယ်မောင်နှမကို မမွေးမြူ အပ်၊ ကြဉ်ရှောင်ကြလော့"ဟု ပြောဆိုကြလေကုန်၏။ ဤစကားကို အစွဲပြု၍ ထိုအရပ်ကို ဝဇ္ဇီတိုင်း-ဟူ၍ ခေါ်ဆိုစမှတ်ပြုကြကုန်၏။

မင်းသားတို့ အရွယ်သို့ရောက်လျှင် ရှာသူကြီးသည် ဗာရာဏသီမင်းအား လက်ဆောင်ဖြင့် နှစ်သက်စေပြီးမှ ယူဇနာ ၁၀၀-ရှိသောမြေကို တောင်းခံ၍ ၃-ဂါဝုတ်ရှိသောမြို့ကို တည်လေ၏။ မင်းသားတို့ကိုလည်း အဘိသိက်သွန်းလိုက်လေ၏။ ထိုမောင်နှမ ၂-ယောက်မှ သား,မြေးအစဉ်အဆက် ကြီးပွါးလတ်သော် မနေလောက်၍ ၃-ဂါဝုတ် ခြားနားပြီးလျှင် တဖန် မြို့ ၁-ထပ် တည်ပြန်လေ၏။ ထိုမြို့လည်း ရှေးနည်းအတိုင်း မနေလောက်သော ကြောင့် ၃-ဂါဝုတ် ထပ်မံ၍ မြို့တည်ကြလေ၏။ ယင်းသို့ မြို့ ၃-ထပ်တည်သည်ကို အစွဲပြု၍ ဝေသာလီ-ဟု တွင်လေ၏။

မြို့၏ အဂ်ါလက္ခဏာနှင့် ညီသောကြောင့် အလွန်တင့်တယ်လျှောက်ပတ်လေ၏။ ငါတို့မြတ်စွာဘုရားသခင်လက်ထက်တော်၌ ဝေသာလီပြည်သည် စည်ပင်သာယာ၍ ၇,၇၇၇-ယောက်ကုန်သော အိမ်ရှေ့မင်း-စသည်တို့လည်းကောင်း၊ ၇,၇၇၇-ဆောင်ကုန် သော ပြာသာဒ်, တရားဟောသဘင်, ဇရပ်, မဏ္ဍပ်, တန်ဆောင်း, ပြအိုးတို့လည်းကောင်း၊ ထို့အတူ ဥယျာဉ်, ရေကန်, ရေတွင်း-စသည်တို့နှင့် ပြည့်စုံကုန်၏။ ဝေသာလီမြို့၌ မဟာဝုန် တောကို သီလက္ခန်အဌကထာ(၂၇၇)၌ကား မြို့၏အပ ဟိမဝန္တာနှင့်စပ်၍ အလိုလိုဖြစ်သော တောကြီးဖြစ်ခြင်းကြောင့် မဟာဝုန်တော-ဟု ခေါ်ဆို၏။

ထိုတောင် သံယာတော်တို့နေရာ ကျောင်းအရံကိုကား စုလစ်မွန်းချွန်တပ်သော ကူဌာဂါရသာလကျောင်းတော် ခေါ်ဆို၏။ ထိုကျောင်း၌ မြတ်စွာဘုရားသခင် သီတင်းသုံးနေတော်မူ၏-ဟု လာရှိ၏။ ဇိနတ္ထ၌ လာရှိသည်မှာလည်း ဝေသာလီပြည်၌ သုသုနာဂမင်းမင်းပြု၍ နန်းသက်စည်းစိမ် ၁၈-နှစ်၊ သာသနာတော်သက္ကရာဇ် ၉၀-ပြည့်သောအခါဝယ် ထိုသုသုနာဂမင်းသည် အနိစ္စရောက်လေ၏။ သားတော် ကာလာသောကမင်းလက်ထက် သက္ကရာဇ် ၁၀၀-ပြည့်၍ အရှင်မဟာယသတို့သည် ပဋ္ဌိသမ္ဘိဒါပတ္တ, ခီဏာသဝ ရဟန္တာ ၇၀၀-နှင့် ပိဋကတ် ၃-ပုံကို ဝါလိကာရုံကျောင်းတော်၌ ၇-လတိုင်တိုင် ဒုတိယသင်္ဂါယနာတင်ကြောင်း ပါရှိ၏။ ၎င်းပြင် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ မဟာဝုန်ကျောင်းတော်သည် မြို့၏အနောက်ဘက် ၁-ဂါဝုတ် ကွာကြောင်းကိုလည်း ပြဆို၏။ ဤကား ပါဠိဘာသာဖြင့် သိအပ်သော စကားရပ်တည်း။ (ဝိ၊၆၊၁။၂၆၊၂၇)

ဝဇ္ဇီတိုင်း၏ အကျယ်အဝန်းကား ဟူယိုင်ဆင်ကျမ်း၏ အလိုအားဖြင့် လီပေါင်း ၅,၀၀၀-ရှိ၍ မြို့တော်၏ အကျယ်အဝန်းမှာ လီပေါင်း ၇၀-မျှသာ ရှိကြောင်းကို သိအပ်၏။ ၎င်းပြင် မြို့တော်မှ အရှေ့တောင်ထောင့် ၂-မိုင်ခွဲလောက်တွင် ဒုတိယသင်္ဂါယနာတင်ကျောင်းတော် ရှိ၏။

ယခုအခါ ရှိနေပုံမှာ ဝဇ္ဇီတိုင်းသည် မြောက်ဘက် တောင်ခြေရင်းမှ တောင်ဘက် ဂင်္ဂါမြစ်ကမ်းပါးတိုင်အောင် ရှိ၏။ အနောက်ဘက်၌ ယဏ္ဍောက်မြစ်မှ အရှေ့ဘက် မဟာနဒီမြစ်အတွင်းရှိ ယခုအခါ မုဇပ္ဖရ်ပုရ်စီရင်စု နယ်ပြည်များသည် ဖြစ်၏။ မိုင်ပေါင်း ၈၀၀-ခန့် ကျယ်ဝန်း၏။ ခရစ်ယာန်သက္ကရာဇ် ၇၀၀-အတွင်း၌ ရုံးစိုက်ရာမြို့တော်မှာ မိတ္ထိလာသို့မဟုတ် ဇနကပုရီမြို့ ဖြစ်ခဲ့ဖူး၏။ မုဇပ္ဖရ်ပုရ်နှင့် တိရဟုတ်မြို့များကို ပေါင်း၍ မိုင်ပေါင်း ၈၀၀-ဟု ဆိုလို၏။ ရှေးဟောင်း ဝေသာလီမြို့တော်သည်ကား မုဇပ္ဖရ်ပုရ်စီရင်စု၌ ဗနိယာ-ဗဆာရ် သို့မဟုတ် ရာဂျာဗိဆာလ ကာ ဂဟရ်ခေါ်သော မြို့ဟောင်းရာပင် ဖြစ်၏။ ဤသို့လျှင် ကျောက်စာမင်းကြီးကနိန်ဂဟမ်သည် ဆုံးဖြတ်၍ ပြပေ၏။

ကျောက်စာမင်းကြီး ညွှန်ပြထားသည့်အတိုင်း မျက်မြင်ဒိဋ္ဌကား မုဇပ္ဖရ်ပုရ်စီရင်စု၌ ဗာဆာရ်ခေါ်သောရွာ၏ မနီးမဝေး အနောက်ဘက်အရပ်တွင် စေတီဟောင်း ၁-ဆူရှိ၏။ စေတီ၏ထိပ်ဖျားကို ဖျက်ဆီးပြီးလျှင် မူဆလမာန်လူမျိုးတို့သည် အရိုးတိုက်ပြုလုပ်ထားကြ၏။ စေတီအောက်၌ မူဆလမာန်လူမျိုးနှင့် မူဆလမာန်ရသေ့တို့ နေကြ၏။ ထိုစေတီကို ယခုအခါမှာ ဒရဂါရ်-ဟူ၍ ခေါ်ဆိုကြ၏။

စေတီ၏ ရှေးအကြောင်းကား ငါတို့ဘုရားသခင်သည် ရာဇဂြိုဟ်ပြည်မှ ကြွလာပြီးလျှင် ဝေသာလီမြို့ အနောက်တံခါးမှ ထွက်၍ ရပ်တော်မူလျက် ဝေသာလီမြို့ကို ဆင်မင်း၏

ကြည့်ခြင်းဖြင့် လက်ယာရစ်လှည့်၍ ကြည့်တော်မူပြီးလျှင် မိန့်ကြားတော်မူသည်မှာ "ချစ်သားတို့၊ ဝေသာလီမြို့ကို ယခုအခါ ငါဘုရားသည် အဆုံးစွန် ကြည့်ရှုခြင်းဖြစ်ပေ၏။ နောင်လာနောက်သားတို့သည် ဤနေရာ၌ စေတီတည်၍ ကိုးကွယ်ကြကုန်လတ္တံ့။" ဤသို့ စသည်ဖြင့် ဗျာဒိတ်တော်မြတ် ထားတော်မူခဲ့လေ၏။ ထို့နောက် မြတ်စွာဘုရား ဗျာဒိတ်စကားဖြင့် နောင်လာနောက်သားတို့သည် စေတီတည်၍ ကိုးကွယ်ကြကုန်၏။ ထိုစေတီသည် နာဂပ-လောကိတအမည်ဖြင့် တွင်၍ နေလေ၏။ "မြို့၏အနောက်တံခါးမှ ထွက်၍" ဆိုသောစကားကို ဟာဟိယန်စာတမ်းအလို မှတ်ကြလေ။ ဇိနတ္ထ၌ကား ဝေသာလီပြည်သို့ ဆွမ်းခံဝင်တော်မူ၏။ ဆွမ်းခံရာမှ ဖဲခဲ့ပြီးသော် ပြည်၏အနီး၌ ရပ်တော်မူ၍-ဟု လာရှိ၏။

ဗဆာရ်ရွာ၏ မြောက်ဘက်၌ကပ်လျက် ကျုံးမြောင်းနှင့်တကွ နန်းတော်ရာဟောင်း ၁-ခုရှိ၏။ ပမာဏကား အလျားပေ-၁၅၈၀, အနံပေ ၇၅၀-ရှိ၏။ ၎င်းနေရာကို ကျောက်စာဘက်ဆိုင်ရာက တူးဖော်လေပြီ။ ယခုအခါ ရာဂျာဗီသျှာလ ကာ ဂဟာရ်အမည်ဖြင့် ထင်ရှားနေ၏။ အဓိပ္ပါယ်မှာ ဝေသာလီမင်းတို့၏ နန်းတော်ရာ-ဟု ဆိုလိုသည်။ ဗဆာရ်ရွာ၏ အနောက်အရပ် ၂-ဖာလုံကျော်လောက်၌ ဗာဝန်းကျီ ကာ ပိုခရာခေါ်သော ရေကန်ဟောင်းကြီး ၁-ခု ရှိ၏။ ၎င်း၏ မြောက်ဘက်ကန်ဘောင်၌ နတ်ကွန်း ၂-ခုတွင် ရှေ့နတ်ကွန်းထဲ၌ ကျောက်ဆင်းတု ၆-ဆူ ရှိ၏။ ထို ၆-ဆူတို့တွင်လည်း ဥဏှာတော် ၁၂-လက်မခန့်စီရှိသော ဗုဒ္ဓဆင်းတုတော် ၂-ဆူ, သိဒ္ဓတ္ထမင်းသားပုံသဏ္ဌာန် ကျောက်ဆင်းတု ၁-ဆူ ထင်ရှားရှိ၏။

ဗဆာရ်ရွာ၏ အရှေ့မြောက်ယွန်း မိုင်ဝက်ခန့်တွင် ကမန်ချပရာခေါ်သော ရပ်ကွက်၌ ကျောက်မုခီအမည်ဖြင့် ထင်ရှားသော ကျောက်တိုင် ၁-ခု မြေ၌ နစ်မြုပ်နေ၏။ လူတို့တူးဖော်ကြသောအခါ ကျောက်တိုင်ရင်းအဆုံးကို ရှာ၍ မတွေ့နိုင်သောကြောင့် တဖန်ပြန်၍ မြေဖို့ပြီးလျှင် မျက်နှာ၀ အနည်းငယ်ခန့်လောက်ကိုသာ ဖော်ထားပြီး မဟာဒေ၀အမှတ်ဖြင့် ဆည်းကပ်ကိုးကွယ်ကြကုန်၏။ ထိုအခါ လူများတို့မှာ ကိုးကွယ်၍ အကျိုးမရှိသည့်အပြင် အန္တရာယ်များခြင်း, စီးပွါးလာဘ်လာဘ ဆုတ်ယုတ်ခြင်း-စသော မကောင်းသောအကျိုးသာ တစ်နေ့ထက်တစ်နေ့ တိုးတက်ပိုမို၍ ဆုတ်ယုတ်လာခြင်းကြောင့် ၎င်းကျောက်တိုင်ကို အသုံးမပြုဘဲ နေကြကုန်၏။ ကျောက်တိုင်၌ မျက်နှာ ၄-ခု ပါရှိခြင်းကြောင့် ကျောက်မုခီ-ဟု တွင်စေကြကုန်၏။

ဗဆာရ်ရွာ၏ အနောက်မြောက် ၁-မိုင်ခွဲလောက်တွင် ကိုလူဟာ တစ်နည်း ကိုလူ၀ါ အမည်ရှိသော ရပ်ကွက်၌ စေတီ ၁-ဆူ ရှိ၏။ ၎င်းစေတီကို ကျောက်စာဘက်ဆိုင်ရာက တူးဖော်၍ နောင်သူတပါးတို့ မဖျက်ဆီးနိုင်အောင် အမိန့်စာပြန်တမ်းဖြင့် သတ်မှတ်၍ထား၏။ စေတီပေါ်တွင် ပုထိုးငယ် ၁-ခု၌ ဥဏှာတော် ၁-တောင့်ထွာရှိ ရုပ်တုတော် ၁-ပါးသည်

စံပယ်၍ နေ၏။ ရုပ်တုတော်ပလွင်အောက်၌လည်း စာ ၃-တန်း ပါရှိ၏။ စေတီအနား ပတ်လည်ကို ဖြိုဖျက်ပြီးလျှင် ဗိသဿကိုးအယူရှိသော ဟိန္ဒူဘုန်းကြီးသည် တိုက်အိမ်ပြုလုပ်ထား၏။ ထိုဟိန္ဒူဘုန်းကြီး၏ အိမ်ဝင်းခြံထဲမှာလည်း အသောကကျောက်စာတိုင် ၁-ခု ပါဝင်လျက် ရှိ၏။ ထိုတိုင်၏ပမာဏကား အမြင့် ၄၄-ပေ, ၂-လက်မ၊ လုံးပတ် ၁၂-ပေခန့် ရှိ၏။ အပေါ်၌လည်း ခြသေ့ရုပ် ၁-ခု ပါရှိ၏။ ယခုအခါ ၎င်းကျောက်စာတိုင်သည် **ဘီမ-ဆေနလာ**ဋ္ဌ-ဟူသောအမည်ဖြင့် ထင်ရှား၏။ ၎င်းပြင် စေတီ၏တောင်ဘက်၌ ကပ်လျက်ပင် ရေကန်ဟောင်း ၁-ခု ရှိ၏။

ထို ၃-ခုတို့တွင် **စေတီ၏အကြောင်း**ကား ငါတို့ မြတ်စွာဘုရားသခင်သည် အရှင်-မောဂ္ဂလာန်ကို သင်ကြားပြီးသော် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်သမျှ နေတော်မူခဲ့၍ ဒေသစာအစဉ်ဖြင့် ကြွတော်မူလာရာ ဝေသာလီပြည်သို့ ရောက်တော်မူလေ၏။ နံနက်အခါ ဆွမ်းခံတော်မူ၍ ဘုဉ်းပေးတော်မူပြီးသော် ဝေသာလီပြည်၏ အရှေ့မျက်နှာ **စာပါလစေတီ**သို့ ကပ်တော်မူ၍ ရှင်အာနန္ဒာအား အရိပ်အမြွက်စကားတော်ဖြင့် မိန့်တော်မူပြီးမှ ထိုစာပါလ စေတီ၏ မနီးအဝေး သစ်ပင်ရင်းသို့ ကြွတော်မူလျက် နေတော်မူလေ၏။

ထိုအခါ ရှင်အာနန္ဒာသည် ရေဆောင်ယူခြင်းငှာ သွားနေခိုက်တွင် မာရ်နတ်မင်းက "ပရိနိဗ္ဗာတု ဒါနိ ဘဂ္ဂေ ဘဂဝါ၊ ပရိနိဗ္ဗာတု သုဂတော"ဟူသော စကားဖြင့် "အရှင်ဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပါ"ဟု တောင်းပန်လာ၏။(ဒီ၊၆၊၂။၁၄၆) မြတ်စွာဘုရားသခင်သည်လည်း ဗုဒ္ဓဝင်ထုံးတမ်းအားလျော်စွာ "ဤလမှ ၃-လလွန်လျှင် ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြုအံ့" ဟု မိန့်ကြားတော်မူလိုက်လေ၏။ ထို့နောက် အာယုသင်္ခါရကို လွှတ်ခြင်းငှာ သမာပတ်ကို ဝင်စားတော်မူလေ၏။ သမာပတ်၏ အာနုဘော်ကြောင့် မဟာပထဝီမြေကြီးသည် ပြင်းစွာ တုန်လှုပ်လေ၏-ဟူ၍ သုတ်မဟာဝါပါဠိတော်၌ လာရှိ၏။

ဖာဟီယန်ကျမ်း၌လည်း ပစ္စေကဗုဒ္ဓစေတီတော် ၂-ဆူ၏ အနီးအပါးမှာ မြတ်စွာ-ဘုရားသခင် အာယုသင်္ခါရလွှတ်တော်မူကြောင်းကို တွေ့ရှိရ၏။ ထို့ကြောင့် ထိုစေတီတော်ကို **အာယုသင်္ခါရစေတီတော်**-ဟု သိအပ်၏။ ရေကန်ကိုကား မြတ်စွာဘုရားသခင်အား မာရ်နတ်မင်း တောင်းပန်စဉ် ရှင်အာနန္ဒာရေခပ်သော ရေကန်-ဟု သိရ၏။ ကျောက်စာတိုင်ကိုလည်း အာယုသင်္ခါရ လွှတ်တော်မူရာ၌ အထိမ်းအမှတ်ဖြင့် ပြုလုပ်ထားခဲ့သော အသောကကျောက်စာတိုင်-ဟု မှတ်ယူအပ်၏။

အာယုသင်္ခါရစေတီတော်မှ အနောက်ဘက် ၃-ဖာလုံလောက်၌ စေတီပုံသဏ္ဌာန် ရှေးဟောင်း မြေတောင်ပို့ကြီး ၂-ခု ပြိုင်လျက်ရှိ၏။ ၎င်းတောင်ပို့ ၂-ခုကိုမူကား ဖာဟီယန်

ကျမ်းအရဖြင့် ပစ္စေကဗုဒ္ဓါစေတီတည်ရာ မြေတောင်ပို့-ဟု ဆိုသင့်ပေ၏။ အကျယ်ကိုလိုလျှင် ဖာဟီယန်စာတမ်းတွင် ရှုကြလေ။ ထိုစေတီပုံ မြေတောင်ပို့သည် ဗခရာရှာ၏ တောင်ဘက် အရပ်မှ အရှေ့စူးစူးကျ၏။ ၎င်းပြင် အမွပါလီကျောင်းသည် မြို့ထဲ၌ ရှိ၏။ မဟာဝန်ကျောင်းတော်သည် ဝေသာလီမြို့၏ မြောက်ဘက်၌ ရှိ၏-ဟု ဖာဟီယန်စာတမ်း၌ ပါရှိ၏။

----- × -----

[၁၃] ဝေသာလီပြည် လမ်းခရီးအစီအစဉ်

သွားရောက်ကြည့်ရှုလိုသူတို့မှာ ဦးကိတ္တိရဟန်းတော် ခရီးအစဉ်ဖြင့်လည်းကောင်း သို့မဟုတ် မိုကာမာဟ်ဃားင့်(Mokameh ghat)ဘူတာမှ မုဇပ္ဖရ်ပုရ်(Muzaffarpur)မြို့သို့ ရောက်အောင်သွားပြီးမှ အနောက်တောင်အရပ် ၂၁-မိုင် ဗခရာခေါ်သော ရွာသို့ သွားကြလေ။ မုဇပ္ဖရ်ပုရ်မြို့၏ ဘူတာရုံအနားမှာ ဓမ္မသာလာရှိ၏။ ဗခရာ၌ကား ဒက်(ဘုက်)ဗင်္ဂလား-ငယ် ၁-ခုရှိ၏။ ဗုဒ္ဓဘာသာ ဓမ္မသာလာ မရှိသောကြောင့် တည်းခိုဖို့ရန် ခဲယဉ်း၏။ စားဖွယ်, သောက်ဖွယ်များကိုမူကား ၎င်းဗခရာဈေးကြီးမှာ ရနိုင်၏။ ယခုအခါ ဝေသာလီပြည်သည် မုဇပ္ဖရ်ပုရ်စီရင်စု၌ ရှိ၏။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
ဝဇ္ဇီတိုင်း	မုဇပ္ဖရ်ပုရ်
ဓမ္မသာလာ	ဓရ်မသျှာလာ
ဝေသာလီပြည်	ဗခရာဂံဝ်
ဗိုလ်တဲ	ဘုက်ဗံဂလာ
ပစ္စေကဗုဒ္ဓါစေတီ	ဘာရ်ဗဟံဂီ
အာယုသခ်ီရစေတီ	ကိုလုဝါ, မန္ဒိရ်
အာနန္ဒာရေကန်	တာလာပ်
အသောကကျောက်တိုင်	ဘီမဆေနလင့်
နန်းတော်ရာ	ရာဂျာဗီသျှလ ကာ ဂဟာရ်
ဝေသာလီမြို့ဟောင်း	ဗဆာရ်, ဗိုက်သျှာလီ
နာဂပလောကိတစေတီ	ဒရဂါရ်

ရေကန်ဟောင်းကြီး ဗာဝန်ပိုခရာ
နတ်ကွန်းရှိ ရုပ်တု မန္ဒိရ်
ကျောက်မုဒိတိုင် ကမန်ချပရာ

----- × -----

[၁၄] ဥက္ကာစေလပြည်အကြောင်း

မြတ်စွာဘုရားသခင်သည် ရှင်သာရိပုတ္တရာ, ရှင်မဟာမောဂ္ဂလာန်တို့ ပရိနိဗ္ဗာန်ဝင်စံ၍ မကြာမီ သံယာတော်များခြံရံလျက် ဝဇ္ဇီတိုင်း၊ ဂင်္ဂါမြစ်နားရှိ ဥက္ကာစေလပြည်သို့ ကြွတော်မူ၍ လွင်တီးခေါင်အရပ်၌ သီတင်းသုံးနေတော်မူသောအခါ မိန့်ကြားတော်မူသည်မှာ–

"ချစ်သားတို့၊ ဤအခါသည်ကား သာရိပုတ္တရာ, မောဂ္ဂလာန်တို့ရှိသော အခါသမယနှင့် မတူ၊ ဆိတ်ငြိမ်သော ပရိသတ်ရှိသော အခါသမယဖြစ်၏။ ချစ်သားတို့၊ ငါ၏သားတော် အဂ္ဂသာဝက, မဟာသာဝက တပည့်ကြီးတို့ကဲ့သို့ လက်ဝဲရံ, လက်ယာရံတပည့်တို့သည် ရှေးနောင်တော်ဘုရားတို့အားလည်း ရှိကြကုန်၏။ အနာဂတ်ကာလ၌ ပွင့်တော်မူလတ္တံ့ကုန်သော မြတ်စွာဘုရားတို့အားလည်း ရှိကုန်လတ္တံ့။ ဤကဲ့သို့သော သားကြီးသြရသတို့ ပရိနိဗ္ဗာန်ဝင်စံငြားသော်လည်း မြတ်စွာဘုရားတို့မည်သည်မှာ တုန်လှုပ်ခြင်းမရှိရကား ဤကဲ့သို့သော တရားမျိုးကို ရနိုင်ခြင်းသည် အလွန်အံ့သြဖွယ်ကောင်းပေစွတကား။ စ၍ဖြစ်တတ်သော သဘောတရားသည် ပျက်စီးခြင်းလျှင် အဆုံးရှိ၏။ သစ်ပင်ကြီးရှိသော်လည်း အကိုင်း,အခက်တို့သည် ကျိုးပျက်လေဘိသကဲ့သို့ ချစ်သားတို့၊ ငါတို့ဘုရား ထင်ရှားရှိသော်လည်း အကိုင်း,အခက်နှင့်တူသော သာဝကကြီးတို့သည် ပရိနိဗ္ဗာန်ဝင်စံရ၏"ဟု ဤသို့လျှင် သံယုတ္တနိကာယ်၌ ဟောတော်မူ၏။ (မဟာ။၂၈၆)

ဤသို့ စသည်ဖြင့် သခီါရတရားနှင့် စပ်လျဉ်း၍ ဥက္ကာစေလသုတ်ကို ဟောတော်မူရာ ဥက္ကာစေလပြည်သည် ယခုအခါ ဣန္ဒိယတွင် မုဇပ္ဖရ်ပုရ်စီရင်စုရှိ ဟာဂျီပုရ်(HAJIPUR) မြို့သည်ဖြစ်၏။ **လမ်းခရီးအစဉ်မှာ** ဗာရာဏသီ, ချပရ, မုဇပ္ဖရ်ပုရ်(Muzaffarpur)-စသော မြို့တို့မှ သွားလာနိုင်၏။ ဗုဒ္ဓဘာသာ အဆောက်အဦးမူကား တစ်စုံတစ်ခုမျှ မရှိချေ။

----- × -----

[၁၅] နာဒိကာရွာအကြောင်း *(နာတိကာ။ မဟာဝါ၎။၁၃၃)*

မြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန်ဝင်စံခါနီးတွင် ရှင်အာနန္ဒာနှင့်တကွ ရဟန်းအပေါင်းခြံရံလျက် ကုသိနာရုံသို့ ကြွတော်မူရာ ရာဇဂြိုဟ်မှ ဒေသစာရီအစဉ်ဖြင့် နာဒိကာ(နာဋိကာ)ရွာသို့ ဆိုက်ရောက်တော်မူလေ၏။ ၎င်းရွာသည် ယခုအခါ မုဇပ္ဖရ်ပုရ်စီရင်စုရှိ ရတ္တီပရဂနာခေါ်သော ရွာပင် ဖြစ်ပေ၏။ ဤသို့လျှင် အဆိုပါ ဌာန ၂-ခုကို ဟိန္ဒီ, သက္ကဋ, ဗုဒ္ဓကျရယျကျမ်းကြီး၌ အခိုင်အမာ အကိုးအကားနှင့်တကွ ဖော်ပြပါရှိပေ၏။

----- x -----

[၁၆] ဒေါဏပုဏ္ဏားအကြောင်း

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူသောအခါဝယ် ဇမ္ဗူဒီပ်ကျွန်းအပြင်၌ ထင်ရှားသော မင်းပုဏ္ဏားတို့၏ ဆရာဖြစ်သော **ဒေါဏပုဏ္ဏား**သည် ဓာတ်တော်ကို ဝေဖန်ပြီးလျှင် မိမိလျှို့ဝှက်ထားသော ဓာတ်တော်ကို ကြည့်၍ မတွေ့,မမြင်သောအခါ သူတပါးကို မမေးသာ။ "ငါရထိုက်သောအဖို့ကို ပေးကြလော့"ဟု ဆိုရမည်ကလည်း မိမိကိုယ်တိုင် ဝေဖန်သောသူ ဖြစ်နေခြင်းကြောင့် တောင်းရမည်ကလည်း အခက်၊ တစ်ခုသော အချက်ကို ကြည့်ရှု၍ ဓာတ်တော်ထည့်သော ရွှေခွက်ကိုသာ ငါ့အား ပေးကြပါ-ဟု နှုတ်က မြွက်လျက် တောင်းခံလေ၏။ မင်းအများတို့ကလည်း ဓာတ်တော်ခြင်သော စရွတ်ခွက်ကို ပေးကြကုန်၏။ ဒေါဏပုဏ္ဏားလည်း ထိုစရွတ်ခွက်ကို ဓာတ်တော်ကဲ့သို့ ထင်မှတ်လျက် မိမိမြို့၌ စေတီတည်၍ ကိုးကွယ်ထားကြောင်းနှင့် သုတ်မဟာဝါပါဠိတော်၌ လာရှိလေ၏။ ထို့ကြောင့် ထိုစေတီသည် **ဒေါဏစေတီ**-ဟု တွင်လေ၏။

ဌရနရ်ခေါ်သော အင်္ဂလိပ်ပညာရှိက ထိုဒေါဏစေတီသည်ပင်လျှင် **ကုမ္ဘစေတီ**ဖြစ်၏-ဟု ရေးသားလျက်ရှိသည်ကို တွေ့ရှိရ၏။ ဟူယိုင်ဆင်ကျမ်း၌ ဤဒေါဏစေတီကို အသောကမင်းကြီးသည် ဖျက်ဆီးပြီးလျှင် စရွတ်ခွက်ကို ထုတ်ယူ၍ ၎င်းစေတီနေရာမှာပင် စေတီအသစ်ကြီး ၁-ဆူ ပြုလုပ်ကြောင်းကို တွေ့ရှိရ၏။ ထိုဒေါဏပုဏ္ဏား(ကုမ္ဘ)စေတီသည် ဒေဂဝါရ်ရွာ၏ တစ်စုံတစ်ခုသော နေရာ၌ ရှိရမည်။ ဒေဂဝါရ်ရွာသည် ယခုအခါမှာ ရာဂျာ-ဗိသျှာလ ကာ ဂဟရ်ခေါ်သော ဝေသာလီပြည်မှ အနောက်တောင်ထောင့် ၂၃-မိုင်တွင် ရှိ၏။ ဤသို့လျှင် ကျောက်စာမင်းကြီး-စသော ပညာရှိတို့က ဆုံးဖြတ်၍ ပြကြကုန်၏။

ထို့ကြောင့် ပညာရှိတို့သည် ဒေါဏစေတီကို ဒေဂဝါရ်ရွာ၌ တည်ထားခဲ့သည်-ဟု မှတ်ယူအပ်၏။ လမ်းခရီးအစီအစဉ်မှာ ဖော်ပြခဲ့သောအတိုင်း ဝေသာလီပြည်သို့ လာရောက်ပြီးမှ အဆိုပါ လမ်းအတိုင်း သွားရောက်ကြလေ။ ခြေလျင်ခရီး ၂၃-မိုင်ကွာဝေး၏။

----- × -----

[၁၇] ရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံတော်မူရာအကြောင်း

ရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံတော်မူရာကို ပြဆိုဦးအံ့။ အထက်ဖော်ပြခဲ့သော ဝေသာလီပြည်မှ သို့မဟုတ် ဗဆာရ်ခေါ်သော ဝေသာလီမြို့ဟောင်းမှ တောင်ဘက် ၂၄-မိုင်အကွာ အဝေး၌ ဟရိဟရ်ချေတြခေါ်သော အရပ်တည်ရှိ၏။ ၎င်းအရပ်၌ ရှင်အာနန္ဒာသည် ပရိနိဗ္ဗာန် စံဝင်တော်မူလေ၏။

ဝင်စံဟန်ကား အရှင်အာနန္ဒာသည် မဂဓတိုင်းမှ ဝေသာလီပြည်သို့ ပရိနိဗ္ဗာန်ပြုတော်မူရန် ကြွလာတော်မူသောအခါ နတ်တို့က အဇာတသတ်မင်းအား ပြောကြားကြကုန်၏။ မင်းကြီး ကြားသိလတ်သော် အလျင်အမြန် စစ်သည်တော်များနှင့်တကွ နဒီ ၅-စင်း ဆုံရာသို့ လာရောက်လေ၏။ ဝေသာလီပြည်၊ လိစ္ဆဝီမင်းတို့ကလည်း ရှင်အာနန္ဒာ ကြွလာကြောင်းကို ကြားသိကြလျှင် ခရီးဦးကြိုပြုကြရန် လာရောက်ကြကုန်၏။

မင်း ၂-ပါးတို့ ပေါင်းဆုံမိသောအခါ ရှင်အာနန္ဒာသည် ဆင်ခြင်တော်မူသည်မှာ ငါသည် ရှေ့သို့ တိုးတက်၍ သွားငြားအံ့။ အဇာတသတ်မင်းက နှစ်သက်လိမ့်မည် မဟုတ်။ နောက်သို့ ပြန်ဆုတ်ကလည်း လိစ္ဆဝီမင်းတို့ အနိုင်အထက် မြစ်တားကြလိမ့်မည်။ ဤသို့ ဆင်ခြင်ပြီးလျှင် မြစ် ၅-စင်းတို့၏ ပေါင်းဆုံရာ၌ သမာဓိတန်ခိုးဖြင့် ပရိနိဗ္ဗာန်စံတော်မူလေ၏။ သရီရဓာတ်တော်ကို ၂-ဖို့ဖို့၍ မင်း ၂-ပါးတို့အား ၁-ဖို့စီ ရစေတော်မူ၏။ အဇာတသတ်မင်းနှင့် လိစ္ဆဝီမင်းတို့သည် ထက်ဝက်မျှစီ ဓာတ်တော်ကို ရရှိကြသောအခါ မိမိတို့နေရာ၌ စေတီတည်၍ ကိုးကွယ်ကြလေကုန်၏။ ဤသို့လျှင် ဖာဟီယန်ကျမ်း၌ လာရှိ၏။

"မြစ် ၅-စင်းတို့"ဆိုသော စကား၌ ယခုမျက်မြင်အားဖြင့် ဂင်္ဂါ, ယမုနာ, ဆရဂျူ, ဆိုနဘဒြ, ယဏ္ဍာကီ-ဟူ၍ မြစ် ၅-စင်း ရေတို့သည် အထက်က လာ၍ ဆုနပုရခေါ်သော အရပ်၏ အနီးအပါး ဟရိဟရ်နာထ် ဆိပ်ကမ်း၌ ပေါင်းဆုံလာကြ၏။ ထိုမြစ် ၅-စင်းတို့တွင် ယဏ္ဍာကီမြစ်သည် ယဏ္ဍာကီ, နာရာယနီ, သျှာလိဂြမ်း-ဟူသော အမည် ၃-မျိုးကို ရရှိ၏။ ၎င်းပြင် မဟီတရဏီနှင့် မဟူဝါမြစ်လည်း ရှိ၏။ ပညာရှိတို့က ၎င်းမြစ် ၂-ခုကို ဂင်္ဂါဖွဲ့၌ မလာသောကြောင့် တစ်စုံတစ်ခုသောမြစ်၏ လက်တက်မျှသာ ဖြစ်၏-ဟု ပြောဆိုကြ၏။

ပညာရှိအချို့တို့ကလည်း ဂင်္ဂါ, ယဂ္ဂာ, မဟီတရဏီ, ဆိုနဘဒြ, မဟူဝါ-ဟူ၍ မြစ် ၅-စင်းရှိကြောင်းကို ရေတွက်ပြကြကုန်၏။ အချို့ကလည်း အရှင်အာနန္ဒာသည် ဂင်္ဂါမြစ်နှင့် ယဂ္ဂာကီမြစ် ၂-ခုတို့၏ ပေါင်းဆုံရာ၌ ပရိနိဗ္ဗာန်ပြုကြောင်းကို ပြောဆိုကြ၏။ ဗုဒ္ဓဘာသာကျမ်းဂန်၌ကား ရောဟိဏီမြစ်၌ ပရိနိဗ္ဗာန် စံဝင်ကြောင်းနှင့် လာရှိ၏။ သို့ရာတွင် လိုရင်းမှာကား ပညာရှိတို့ ပြောဆိုသမျှ မြစ်ရေတို့သည် အထက်က စီးလာပြီးလျှင် ဟရိဟရ-နာထ် တစ်နည်း ဟရိဟရ်ချေတြအရပ်၌ ဆုံမိကြကုန်၏။ ထို့ကြောင့် ၎င်းမြစ်တို့၏ ပေါင်းဆုံရာ၌ အရှင်အာနန္ဒာသည် ပရိနိဗ္ဗာန်စံဝင်တော်မူ၏-ဟု မှတ်ကြလေ။

----- x -----

[၁၈] ရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံတော်မူရာနေရာ လမ်းခရီးအစီအစဉ်

ပဋ္ဌနာဂျံဂသျှန်ဘူတာမှ ဒီယာယာင့်ဘူတာသို့ လိုက်ပြီးလျှင် ဂင်္ဂါမြစ်ကို သင်္ဘောနှင့် ကူး၍လည်းကောင်း သို့မဟုတ် ချပရာ(CHUPRA)မှလည်းကောင်း၊ တစ်နည်း မုဇပ္ဖရ်ပုရ် ဘူတာမှလည်းကောင်း ဆုန်ပုရ်(Sonepore)ဘူတာသို့ ရောက်အောင် သွားကြလေ။ ၎င်းဆုန်-ပုရ်ဘူတာမှ ဟရိဟရ်နာထ် သို့မဟုတ် ဟရိဟရ်ချေတြခေါ်သော အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံဝင်ရာ ဆိပ်ကမ်းသည် အဖြောင့်အားဖြင့် ၁-မိုင်လောက်သာ ဝေး၏။ မြင်းရထား ရနိုင်၏။ ဆိပ်ကမ်း၌ ဓမ္မသာလာ ရှိ၏။ စားဖွယ်,သောက်ဖွယ်ကိုလည်း ရနိုင်၏။

ဟရိဟရ်ချေတြသည် ချပရာစီရင်စု၌ ရှိ၏။ တန်ဆောင်မုန်းလတိုင်း အကြီး အကျယ် ဟိန္ဒူဘုရားပွဲတော် ကျ၏။ လှေပြိုင်ပွဲကြီးနှင့်တကွ အလွန်ကြီးကျယ်သော ပွဲတော် ၁-ခုကိုလည်း တော်သလင်းလဆုတ် ၈-ရက်, ၉-ရက်နေ့များ၌လည်း ကျင်းပကြကုန်၏။ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အဦးမှာမူကား တစ်စုံတစ်ခုမျှ မရှိ။ ဌာနလောက်ကိုသာ ရည်မှတ်၍ ကြည်ညိုကြရ၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ဆုန်ပုရ်ဘူတာ	ဆိုနပုရ်ဆတေသျှန်
အာနန္ဒာပရိနိဗ္ဗာနဌာန	ဟရိဟရ်ချေတြ, ဟရိဟရ်နာထ်
ဓမ္မသာလာဇရပ်	ဓရ်မသျှာလာ

----- x -----

[၁၉] ကျမ္ဘရန်စီရင်စုရှိ အသောကမင်းကြီး၏ ကျောက်စာဌာန

၁။ 'လောက်ရိယာနန္ဒန်ဂဟာ' ဗိဟာရ်နယ်၊ ကျမ္ဘရန်စီရင်စု၌ လောက်ရိယာအရပ်မှ အနောက်မြောက် နေပါလ်သို့ သွားရာလမ်းတွင် လောက်ရိယာနန္ဒန်ဂဟာ အမည်ရှိသော အသောကကျောက်စာတိုင်သည် ရှိ၏။ ရှေးဟောင်းမြို့ရွာ အပျက်အစီးလည်း ၎င်းကျောက်စာတိုင်၏ အနီးအပါးတွင် ရှိ၏။

၂။ 'လောက်ရိယာအရရာဂျ' ဗိဟာရ်နယ်၊ ကျမ္ဘရန်စီရင်စု၌ ဓုမိယာ အမည်ရှိသော ရွာသည် ရှိ၏။ ၎င်းရွာ၏ အရှေ့တောင် ၂-မိုင်ခွဲလောက်၌ အရရာဂျ ခေါ်သော မဟာဒေဝနတ်ကွန်း ရှိ၏။ ၎င်းနတ်ကွန်းမှ ၁-မိုင်လောက်တွင် လောက်ရိယာ အမည်ရှိသော ရပ်ကွက်၌ လောက်ရိယာအရရာဂျအမည်ဖြင့် အသောကကျောက်စာတိုင်သည် ရှိ၏။

၃။ 'ရာမ်ပုရဝါ' ဗိဟာရ်နယ်၊ ကျမ္ဘရန်စီရင်စု၌ ရာမ်ပုရဝါ အမည်ရှိသော အရပ်သည် ရှိ၏။ ၎င်းအရပ်၌ ရာမ်ပုရဝါ-အမည်ရှိသော အသောကကျောက်စာတိုင်သည် ရှိ၏။

ဤကျောက်စာ ၃-ခုကို အသောကမင်းကြီး ရေးထိုးထားခဲ့သည်မှာ ဂဂ်ါ၏မြောက်ဘက်ကမ်း နေပါလ်သို့ သွားရာ မင်းလမ်းမ၌ အသွားအလာ လူများစွာတို့ကို တရားနှင့်လျှော်စွာ မိမိဘာသာသို့ ပါဝင်စေခြင်းအလို့ငှာ ရေးထိုးထားခဲ့၏။ အနက်အဓိပ္ပါယ်ကို သတ္တထမ္ဘ-လေခ ကျောက်စာပိုင်းတွင် ကြည့်ရှုကြလေ။ လမ်းခရီးအစီအစဉ်မှာလည်း ဗေတိယာ (Bettiah)ဘူတာမှလည်းကောင်း၊ နရကတိယာဂံဂ်(Narkatiaganj) ဘူတာမှလည်းကောင်း သွားရောက်ကြည့်ရှုနိုင်၏။ မီးရထားမြေပုံကို ကြည့်၍ ဂိုရခပုရ်မြို့မှလည်းကောင်း သို့မဟုတ် မုဇပ္ဖရ်ပုရ်မြို့မှလည်းကောင်း အဆိုပါဘူတာသို့ သွားရောက်နိုင်၏။

----- × -----

[၂၀] ဝိဒေဟတိုင်း၊ မိထိလာပြည်အကြောင်း

ဝိဒေဟတိုင်း၊ မိထိလာပြည်၌ မဟာပနာဒမင်း စိုးစံတော်မူကြောင်းကို တိကနိပါတ် (ဇာ၊၅။၂။၃၀၁)၌ ဟောတော်မူ၏။ သတ္တကနိပါတ်၌ ဝိဒေဟမင်း၊ ပကိဏ္ဏကနိပါတ်၌ သုရုစိမင်း, သာမိနမင်း စိုးစံတော်မူ၏-ဟု ဟောတော်မူ၏။

ရင်းပြင်– မဟာဇနကဇာတ်တော်ကြီး၌ မဟာဇနကမင်း, (ဇာ၊၅၊၆။၃၉)

နေမိဇာတ်တော်ကြီးဌ နေမိမင်း, (ဇာတ္ဂ၊၆။၁၂၀)
မဟော်ဇာတ်(ဥမဂ်ဇာတ်)တော်ကြီးဌ ဝိဒေဟ(ဝေဒေဟ)မင်း, (ဇာတ္ဂ၊၆။၁၆၃)
မဟာနာရဒဇာတ်တော်ကြီးဌ အဂ်တိမင်း စိုးစံတော်မူကြောင်းနှင့် ဟောတော်မူ၏။ ထိုမှတပါး မိထိလာပြည်သို့ မြတ်စွာဘုရားသခင် ကြွတော်မူပြီးလျှင် သရက်ဥယျာဉ်တော်ဌ နေမိဇာတ်တော်ကို ဟောတော်မူ၏။

အထူးအားဖြင့် သိသာရန်မှာ မိထိလာပြည်နှင့် ကာလစမ္ဘာနဂိုရ်ပြည်သည် ယူဇနာ ၆၀-ဝေး၏။ ယူဇနာ ၃၀-အရပ်ဌ မြစ် ၁-မြစ် ရှိ၏။ မိထိလာပြည် မြောက်ဘက်တံခါးမှ ထွက်လာနေသော ဘုရားလောင်းမယ်တော်ကို သိကြားမင်းက ရထားနှင့် ယူဆောင်လေရာ ကာလစမ္ဘာနဂိုရ်ပြည်၏ တောင်တံခါးအနီးသို့ ရောက်ကြောင်းနှင့် မဟာဇနကဇာတ်တော်ကြီးဌ ဟောတော်မူ၏။ ဤကား ပါဠိဘာသာဖြင့် သိအပ်သော အမြွက်မျှစကားတည်း။

ဝိဒေဟတိုင်း၊ မိထိလာပြည်၏ ယခုရှိနေပုံမှာ ဂျာန့်ဒီယပြည်ကြီးတွင် အလွန်ထင်ရှားသော တိရဟုတ်စီရင်စုသည် ရှေးက ဝိဒေဟတိုင်း ဖြစ်၏။ ထိုတိရဟုတ်စီရင်စုအတွင်းရှိ မိထိလာမြို့ဟောင်းသည်ပင်လျှင် ဝိဒေဟရာဇ, မင်းမဟော်တို့ စိုးစံခဲ့သော မိထိလာပြည် ဖြစ်ပေ၏။ မြို့တော် မိထိလာသည် ယခုအခါမှာ အကျယ်အဝန်း မိုင်ပေါင်း ၅၀-လောက် ရှိကြောင်းနှင့် ဂျာန့်ဒီယပညာရှိတို့က တိုင်းထွာ၍ ပြကြကုန်၏။

ဂင်းတိုင်းပြည်ကို ဟိန္ဒူလူမျိုးတို့က သီတာမိဖုရား၏ ခမည်းတော် ဇနကမင်းကြီး ထီးနန်းစိုက်ခဲ့ဖူးသည်ကို အကြောင်းပြု၍ ဇနကပုရီ-ဟူ၍လည်းကောင်း, မိထိလာ-ဟူ၍လည်းကောင်း ခေါ်ဆိုကြ၏။ နှစ်စဉ်မပြတ် ဂျာန့်ဒီယတိုင်းသားတို့သည် ဘုရားဖူးသွားလာလျက် နေကြကုန်၏။ ထိုနေရာဌာန၏ အကျယ်အဝန်းကို သိလိုလျှင် ရာမ၏ အတ္ထုပ္ပတ္တိကို ကြည့်ရှုကြလေ။

----- x -----

[၂၁] မိထိလာပြည် လမ်းခရီးအစီအစဉ်

သွားရောက်လိုကြလျှင် မုဇပ္ဖရ်ပုရ်, နရကတိယာဂ်ဂျ်, ဒရဘန်ဂါ-စသည်တို့မှ သွားလာနိုင်ကြ၏။ သို့သော် ဒရဘန်ဂါ(Darbhanga)ဘူတာနှင့် မိထိလာပြည်သည် နီးစပ်၏။ ယခုအခါ မိထိလာ-ဟူ၍လည်းကောင်း, ဇနကပုရ်ရုဒ်(Zanakpur Road) ဟူ၍လည်းကောင်း ခေါ်ဆိုကြ၏။ ဂင်းဇနကပုရ်မြို့၌ ခရီးသည်တို့ တည်းခိုရန် ဓမ္မသာလာ ရှိ၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ဝိဒေဟတိုင်း	တိရဟုတ်ဂျိလာ
မိထိလာပြည်	မိထိလာ, ဂျနကပုရ်
ဓမ္မသာလာ	ဓရ်မသျှာလာ

----- × -----

[၂၂] ဝဂ်တိုင်း၊ ဝဂ်ရာဇ်ပြည်အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ဝေသာလီပြည်၌ ဝါတွင်း ၃-လပတ်လုံး သီတင်းသုံးနေပြီးလျှင် တဖန် ထွက်သွားပြန်လေသော် ကလကတ္တားမြို့၌ ဗုဒ္ဓဘာသာ သာသနာတော်ပြု မြန်မာအသင်းတိုက်သို့ ဆိုက်ရောက်လေရာ ဆရာတော်ဦးနန္ဒဝံ အစရှိကုန်သော မြန်မာ, ရခိုင်ရဟန်းတော် ၁၀-ပါးတို့နှင့် တွေ့ဆုံ၍ သီတင်းသုံးနေလေ၏။

ဤကလကတ္တားမြို့သည် ရှေးအခါက ဝဂ်တိုင်း၊ ဝဂ်ရာဇ်မြို့တော် ဖြစ်ဖူး၏။ ဖြစ်ဟန်ကား ငါတို့မြတ်စွာဘုရားသခင် ပွင့်တော်မူသည်မှ ရှေးနှစ် ၁၀၀-လောက်က ဝဂ်တိုင်းပြည်၌ ဝဂ်ရာဇ်မင်း မင်းပြုလေ၏။ ထိုမင်းသည် ကလိဂ်မင်းသမီးကို ယူဆောင်၍ ထီနန်းစံတော်မူလေ၏။ မိဖုရားသည် သမီးတော်တစ်ပါးကို ဖွားမြင်သောအခါ ပညာရှိတို့က ထိုသတို့သမီးတော်သည် ခြင်္သေ့၏ မျောက်သား ဖြစ်လတ္တံ့သောအကြောင်းကို မြင်လတ်သော် ကေသရီ-ဟူသော အမည်ကို မှည့်ကြလေကုန်၏။

မင်းသမီးသည် အရွယ်သို့ ရောက်သောအခါ ခမည်းတော် ဝဂ်ရာဇ်မင်းကြီးသည် သမီးတော်၏ ကာမဂုဏ်၌ သူတပါးတို့ထက် ပိုမို၍ ကြီးကြောင်းကို မြင်လေ၏။ ထိုသို့ မြင်လတ်သော် ခမည်းတော်သည် ပြည်မှ ထွက်ခွါသွားစေ၏။ မင်းသမီးလည်း မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်သို့ သွားကြသော လှည်းကုန်သည်တို့ကို တွေ့မြင်လေရာ ထိုကုန်သည်တို့နှင့် အတူတကွ လိုက်ပါသွားလေ၏။

ထိုအခါ ယူဇနာ ၂၀-ကျော်ကျော် ဝေးကွာသော လာလတိုင်း၊ သီဟပုရမြို့၏ တည်ရာ တောအုပ်ကြီးတစ်ခုသို့ ရောက်ကြလေ၏။ ထိုတောအုပ်၌နေသော ခြင်္သေ့နှင့် ပေါင်းသင်းဆက်ဆံလေရာ သီဟဗာဟုမင်းသားနှင့် သီဟသီဝလိဒေဝီသမီးတော်ကို ဖွားမြင်လေ၏။ ဤသို့စသည်ဖြင့် မဟာဝင်ကျမ်း၌ လာရှိ၏။ ဝဂ်တိုင်းဆိုသည်မှာ ဗဂ်တိုင်း ဆိုခြင်းသည် အတူတူပင်ဖြစ်၏။ ဝအက္ခရာကို ဗအက္ခရာပြု၍ ဗဂ်တိုင်း-ဟူ၍လည်း အများခေါ်ဆို

ကြ၏။ ဤကား ပါဠိဘာသာစကားရပ်ဖြင့် သိအပ်,သိထိုက်သော အကြောင်းအရာတည်း။
ဝင်္ကတိုင်း၏ နယ်နိမိတ်မှာ–

အရှေ့ဘက်၌ ဗြဟ္မပုတြထိ၊ တောင်ဘက်၌ ဂင်္ဂါတိုင်အောင်၊
အနောက်ဘက်၌ မေဃန အရပ်ဌာနထိ၊
မြောက်ဘက်၌ ခဆိတောင်တိုင်အောင် – ရှိနေ၏။

ဎင်းအဆိုပါနယ်ကိုပင် ရာဓ, ဝရိန္ဒရ, ဗာဂဓိ-စသည်ဖြင့် နယ်ပြည်ခွဲ၍ ထားကြ၏။ ဗာဂဓိသည် ဗြဟ္မပုတြမြစ်ဝရှိ ကျွန်းပေါ်နယ်နှင့် ဂင်္ဂါမြစ်ဝကျွန်းပေါ်နယ် ဖြစ်ပေ၏။ ဟကာ(ဒက္ကာ)နယ်ရှိ ဆိုနာရ်ဂံဝ်ခေါ်သော အရပ်သည် သမတဋ(Samatata)မြို့တော် ဖြစ်ပေ၏။ အကျယ်ကို သိလိုလျှင် ကနိန်ဂဟမ်စာအုပ်၊ မျက်နှာနံပါတ် ၅၇၄-နှင့် ၇၂၉-တွင် ကြည့်ရှုကြလေ။

ဝင်္ကတိုင်း၊ ဝင်္ကာရီပြည်သည် ယခုအခါ ဗင်္ဂလားမြို့တော်(ကလကတ္တား)ဟူသော အမည်ဖြင့် ထင်ရှား၍ နေလေ၏။ ကလကတ္တားမြို့၌ လိုရင်းအချုပ်ကား ပြတိုက်ကြီး, တိရစ္ဆာန်ရုံကြီး, ဓမ္မပါလ ကြီးမျှားသော မဒရပ်နယ်၊ ကြိရှဏာစီရင်စုမှ ရရှိသော ဓာတ်တော်တိုက်ကြီး, ပါရဆ်နာထ်(ဂျိုင်းနီဘုရား), ဗုဒ္ဓဂေါနိက်ဂါရိုးဒုန်ဥယျာဉ်တော်ကြီး-စသည်တို့ ရှိကုန်၏။ ဤကလကတ္တား(Calcutta)မြို့သည် ယခုအခါ အလွန်ထင်ရှားလျက် ရှိ၏။

မြန်မာအခေါ်	**ဟိန္ဒူအခေါ်**
ဝင်္ကတိုင်း	ဗင်္ဂါလ် (BENGAL)
ဝင်္ကာရီပြည်	ကလကတ္တား(Calcuutta)
မြန်မာဓမ္မသာလာ	ဗရမာဓရ်မသျှာလာ
ပြတိုက်ကြီး	မျူဇီယမ်, အဂျာယဗ်ယရ်
တိရစ္ဆာန်ရုံကြီး	ကျိရိယာခါနာ, ဇူး
ဓာတ်ပုံတိုက်ကြီး	တဆဗီရ်ခါနာ
ဓာတ်တော်တိုက်ကြီး	ကောလိဂျ်ဆကွယ်ယာ မဟာဗောဓိဆိုဆာဂ္ဂတီ
ဂျိုင်းနီဘုရားကျောင်း	သျှမ်ဗာဇာရ် (ပါရဆ်နာထ်)
ဥယျာဉ်ကြီး	ဗုဒ္ဓဂေါနိက်ဂါရ်ဒုန်

(မြန်မာအသင်းတိုက်လိပ်စာ- No. A .10, Burma Dharma Shala, Eden Hospital Road, Calcutta.)

[၂၃] ဝိသုဒ္ဓိစာအုပ် ဝေဌခြင်းအကြောင်း

ဦးကိတ္တိရဟန်းတော်သည် ကလကတ္တားမြို့၊ မြန်မာအသင်းတိုက်၌ နေသည့်အခိုက် အတန်မှာ ဝိသုဒ္ဓိမဂ် အမည်ရှိသော စာအုပ်ငယ် ၁-အုပ်ကို ဟိန္ဒီဘာသာဖြင့် စီရင်ရေးသား၍ စာအုပ်ရေ ၁,၀၀၀-ပုံရိုက်ပြီးလျှင် ကုသိနာရုံ ကဆုန်ညောင်ရေသွန်းပွဲတော်မှ စ၍ ဣန္ဒိယနိုင်ငံလုံး၌ ဝေဌလိုက်ပေ၏။ ၎င်းစာအုပ်ကို ပုံရိုက်လုပ်ဆောင်ရာ၌ ငွေ ၆၅-ကျပ်ကုန်ကျ၏။ ပညာရှိတို့က ဓမ္မစကြာနှင့် ဗုဒ္ဓဝင်အကျဉ်းချုပ်ကိုလည်း ဟိန္ဒီဘာသာဖြင့် ဝေဌပါမည့်အကြောင်းကို တောင်းပန်ကြသည့်အတွက်ကြောင့် "လာလတ္တံ့သောနှစ်မှာ ထမြောက်အောင် အားထုတ်လိမ့်မည်"ဟူသော ပဋိညာဉ်ကို ဝန်ခံထားလိုက်ရပေ၏။

ဦးကိတ္တိရဟန်းတော်သည် သာသနာတော်ကို ချီးမြှောက်ခြင်းအလို့ငှာ စွမ်းနိုင်သမျှ တရားတော်ကို ရောက်ရာရောက်ရာ၌ ဟောပြောခြင်း, စာရေးခြင်း, ပညာသင်ခြင်းကိစ္စတို့နှင့် နေ့ရက်ကို ကုန်လွန်စေ၏။

----- x -----

[၂၄] ကာမရူပတိုင်း၊ ကုမာရပြည်အကြောင်း

ကာမရူပတိုင်း၊ ကုမာရပြည်၏ **နေ့အကြောင်းကား** ဟူယိုင်ဆင်ကျမ်းအလိုအားဖြင့် ၎င်းတိုင်းပြည်သည် အကျယ်အဝန်း လီပေါင်း ၁၀,၀၀၀-ရှိ၏။ မြို့တော် ကုမာရမှာ အကျယ်အဝန်း လီပေါင်း ၃၀-မျှ အတိုင်းအရှည်ရှိ၏။ မြို့တော်၏ ၄-မျက်နှာ၌ မြစ်ရေ, စမ်းရေများတို့သည် စီးနေကုန်၏။ လူတို့သည် ရိုးသားဖြောင့်မတ်၍ ယဇ်နတ်များကိုသာ ပူဇော်လေ့ရှိကုန်၏။ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သောသူ တစ်စုံတစ်ယောက်မျှ မရှိ။ တိုင်းပြည်, မြို့ရွာ၌ မြတ်စွာဘုရား ပွင့်သည့်နေ့က စ၍ ယခုထက်တိုင်အောင် ရဟန်း,သံဃာတော်များ သီတင်းသုံးရန် ကျောင်း, ကန်, သိမ်, ပုထိုးလည်း မရှိချေ။

တိုင်းပြည်တွင် ဗုဒ္ဓဘာသာကို ယုံကြည်သူ အချို့ကလည်း မိမိ၏ကမ္မဌာန်းဘာဝနာကို ဆိတ်ငြိမ်ရာ၌သာ ပွါးများရ၏။ နတ်ကွန်း ၁၀၀-လောက်နှင့် ဘာသာဝင်လူမျိုးတို့သာ ရှိကုန်၏။ တိုင်းပြည်ကို အုပ်ချုပ်သော ဘာဆ်ကရ်ဝရမာ(ကုမာရ)မင်းသည် ဗုဒ္ဓဘာသာအယူ မရှိငြားသော်လည်း ရဟန်း,သံဃာတော်များကို အလေးအမြတ် ပြုလုပ်၏။ ထိုကုမာရ်မင်းသည် နာလန္ဒရွာ၌ တရုတ်ဘုန်းတော်ကြီး ဟူယိုင်ဆင်ကို ပင့်ဖိတ်၍ ဖူးမြင်ခြင်း-စသော

ကိစ္စကို ပြုလေ၏။ ပုရာဏ်ကျမ်းတို့၌ ကာမရူပတိုင်းပြည်၏ မြို့တော်သည် ပြာဂ်ဂျယိုတိန်၏ အမည်ရှိကြောင်းကို ပါရှိ၏။

ယခုရှိပုံမှာ ကာမရူပတိုင်းသည် ရဂ်ပုရ်နယ်၌ ကရတိုယာခေါ်သော မြစ်မှစ၍ အရှေ့ဘက်တိုင်အောင် ကျယ်ဝန်း၏။ ထိုတိုင်းပြည်၌မူကား မနီပုရ်, ဂျယန္တီယာ, ကချာ, အနောက်အာဆာမ်, မိုက်မနဆင်ဟ်, ဆိလဟင့်(သီရိဟट्ट)အရပ်ဒေသ၏ နယ်နိမိတ်တို့သည် လည်း အနည်းငယ်ခန့်မျှစီ ပါဝင်လျက်ရှိ၏။ ဥရောပတိုက်သား ကျောက်စာဘက်ဆိုင်ရာ ပညာရှိများနှင့် ဂျာမန်ဒီယရှိ ပညာရှိတို့က ယခုမျက်မြင် ဂွါလာပါရာစီရင်စုမှ စ၍ ဂေါက်ဟာဋီ တိုင်အောင် ကာမရူပတိုင်း၏ အကျယ်အဝန်းကို ညွှန်းပြကြ၏။

လိုရင်းအချုပ်ကား ဗြဟ္မပုတြမြစ်ဝှမ်းရှိ ယခုကာလ အာဆာမ်(အာသမ်)နယ်ပင် ဖြစ်ပေ၏။ ထိုနယ်လည်း ဆဒီယာခေါ်သော အရှေ့ပိုင်း, အာဆာမ်အလယ်ပိုင်း, ကာမရူပ ခေါ်သော အနောက်ပိုင်း၊ ဤသို့အားဖြင့် ပြည်နယ် ၃-ခု ပိုင်းခြားလျက်ရှိနေ၏။

----- x -----

[၂၅] ကုမာရပြည် လမ်းခရီးအစီအစဉ်

ကလကတ္တားမြို့မှ အမိန်ဂန်(Amingaon)ဘူတာသို့ သွားပြီးမှ သင်္ဘောနှင့် ပန္ဒု (Pandu)ဘူတာသို့ သွားရမည်။ ၄င်းမှတဖန် ဂေါက်ဟာတီဗာဇာရ်ဃာट्ट(Gauhati Bazaar Ghat)ဆိပ်ကမ်းသို့ သွားပြီးမှ သင်္ဘောနှင့် ဂွါလာပါရာ(Goal Para)သို့ သွားကြလေ။ မီးရထား မြေပုံကို သိနားလည်လျှင် လွယ်ကူ၏။

----- x -----

[၂၆] မဟာဗောဓိပင် လက်ယာတောင်ကိုင်းကို သီဟိုဠ်ကျွန်းသို့ ယူဆောင်သော တာမလိတ္ထိသင်္ဘောဆိပ်

သီရိဓမ္မာသောကမင်းကြီးသည် မဟာဗောဓိပင် လက်ယာတောင်ကိုင်းကို အစောင့် အရှောက်များစွာတို့နှင့် စောင့်ရှောက်တော်မူပြီးလျှင် ဂဂ်ါမြစ်၌ လှေနှင့်တင်လျက် သမီးတော် သယ်မိတ္တာနှင့် သီဟိုဠ်ကျွန်းမှ ပါလာသော အရိဋ္ဌအမတ်တို့ကို ထိုလှေ၌ပင် စီးစေတော်မူ လေ၏။ ထို့နောက် ပါဋလိပုတ်ပြည်မှ ထွက်ကြပြီးသော် ဝိဇာတဝီတောအုပ်ကို လွန်မြောက် ၍ ၃-ရက်ဖြင့်လျှင် တာမလိတ္ထိသင်္ဘောဆိပ်သို့ ဆိုက်ရောက်ကြလေကုန်၏။ ထိုနေရာတွင်

နတ်နှင့်တကွသော မင်းကြီးသည် ကြီးစွာသောပူဇော်ခြင်းဖြင့် ပူဇော်တော်မူ၍ ဒေဝါနံပိယ-တိဿမင်းကိုလည်း အထူးသဖြင့် ပူဇော်သက္ကာရကို ပြုစေခြင်းငှာ အရိုဋ္ဌအမတ်ကြီးအား မှာထားတော်မူလေ၏။ သီရိဓမ္မာသောကမင်းကြီးလည်း ပြုအပ်,ပြုထိုက်သောအကြောင်း အရာကို ပြုလုပ်တော်မူပြီးမှ နန်းတော်သို့ ပြန်လာတော်မူလေ၏။

ဤသို့လျှင် သယ်မိတ္တာထေရီမသည် မဟာဗောဓိပင်ကို သီဟိုဠ်သို့ ယူဆောင်ရာ တာမလိတ္ထိသဘော်ဆိပ်ကို သက္ကဋ္ဌ, ဟိန္ဒီဘာသာ၌ တာမြလိပ္တိ-ဟူ၍ ခေါ်ဆို၏။ ထိုတာမြ-လိပ္တိသဘော်ဆိပ်သည် ယခုအခါ ဖာဟိယန်ကျမ်းနှင့်အညီ မေဒနီပုရ်စီရင်စု၌ တာမလုက် အမည်ဖြင့် အလွန်ထင်ပေါ်ကျော်စောပေ၏။ ဗဂ်လား(ကလကတ္တား)မြို့မှ သွားရောက်နိုင်သည်။ ၎င်းပြင် မဒရပ်မှလည်း သွားရောက်နိုင်သည်။ သို့သော် ခရီးဝေးလှလေသည်။

----- × -----

[၂၃] ဗဂ်လား၊ အဝကျွန်း၌ သာသနာပြုခြင်းအကြောင်း

ရဟန်းတော်ဦးကိတ္တိသည် ကလကတ္တားမြို့မှ ရထား,သဘော်အတန်တန်ဖြင့် သွားပြန်လေရာ ဂ္ဂန္ဓီယအပါအဝင် ဗောရိဆာလ်စီရင်စု၊ အဝကျွန်းနယ်တွင် နီသျှန်ဗာရိယာ ခေါ်သောအရပ်သို့ ဆိုက်ရောက်လေ၏။ ၎င်းအရပ်၌ သီတင်းသုံးနေစဉ် ရပ်ရွာက ကျောင်း-ဒကာ,ကျောင်းဒကာမ ကြီး,ငယ်တစ်စုတို့က လျှောက်ထားကြသည်မှာ "ဆရာတော်ဘုရား၊ တပည့်တော်, တပည့်တော်မတို့ အဝကျွန်းနယ်မှာ စောင်းတတ်ခေါ်သော တရားဟောဆရာ ၁-ယောက်သည် လာရောက်ပြီးလျှင် ဤမည်သောတရားကို ဟောပြောလျက်နေသည်မှာ ၁၀-နှစ်ခန့် ရှိနေပါပြီ။ ထိုဆရာ၏ ဟောပြောသောတရားကား-

- ရဟန်းတော်များသည် ဂါမဝါသီ မနေအပ်၊ ဘုရားပညတ်တော်ကို လွန်ကျူးပြီးလျှင် ရပ်ရွာကို အမှီပြု၍နေသော ရဟန်းများကို ဆည်းကပ်ကိုးကွယ်သောသူတို့မှာ အပါယ် ၄-ပါးသို့ မုချဧကန် အမှန်ပင် သွားရလိမ့်မည်-ဟု ဟောပြောခြင်းလည်း ၁-ရပ်၊
- ပဋ္ဌဇိတဒုလ္လဘတရားကို မြတ်စွာဘုရားသခင် ဟောတော်မူပါလျက်နှင့် ယခုအခါ အရပ်ရပ်အရွာရွာမှာ သံဃာတော်များတို့သည် မရေမတွက်နိုင်အောင် များပြားခြင်း သည်လည်း တရားတော်နှင့် မညီသောကြောင့် ရဟန်းကောင်း-ဟု မရေတွက်အပ်၊ ကျင့်ဝတ်တရားကို မသိဘဲနှင့် ရဟန်းပဋ္ဌင်း, ရှင်သာမဏေ ပြုလုပ်လျက် နေကြသူမှာ လည်း ဖြူစင်သောတရားနည်းလမ်း မဟုတ်-ဟု ဟောပြောရာလည်း ၁-ချက်၊

- လေ့မစီးအပ်-ဟု ဝိနည်းပညတ်ရှိပါလျက်နှင့် လေ့စီးသွားလာ၍ နေကြကုန်သော ရဟန်းတို့သည်လည်း အလဇီ, ဒုဿီလ ဖြစ်ကုန်၏။ အလဇီ, ဒုဿီလဖြစ်ခဲ့လျှင် ၁၄-ပါးသော အလျှခံသို့ မပါဝင်သောကြောင့် အလျှရှင်ဒါယကာတို့မှာ အကျိုးထူး ဝိသေသကို မရကြသည့်အပြင် အပါယ် ၄-ပါးသို့ သွားကြရတော့မည်-ဟု ဟော ပြောခြင်းလည်း ၁-ချက်၊
- အရိယာသူတော်ကောင်းကို လူအပေါင်းတို့က မိမိကိုယ်တိုင် မဖူးမတွေ့လိုက်ရဘဲ နှင့် ယခုရှိသော သမ္မုတိသံဃာတော်ကို အရိယာအသွင်ဖြင့် ကြည်ညိုဆည်းကပ်ခြင်း သည်လည်း တရားရင်းမူလနှင့် မညီ–

ဤသို့ စသည်ဖြင့် အရပ်ရပ်အရှာရှာသို့ သွားလာလှည့်ပတ် ဟောပြောလျက်ရှိနေ ပါသည်။ တိုင်းပြည်မှာလည်း ထိုကဲ့သို့သော တရားမျိုးကို ကြားနာရခြင်းကြောင့် ရပ်ရွာတို့၌ အယူဝါဒကွဲပြားပြီးလျှင် သံဃာတော်များတို့ကို စွပ်စွဲပုတ်ခတ်ခြင်း-စသော မသူတော်တရား မျိုးသည် လွှမ်းမိုးလျက်ရှိနေပါသည်။ ယခုလည်း ၎င်းစောင်းတတ် ပရမတ်ဆရာသည် တပည့်တော်တို့အရပ်မှာပင် ရောက်ဝင်၍ ဟောပြောနေပါသည်။ ကရုဏာကို ရှေ့ထားပြီး အရှင်ဘုရားက တရားတော်နှင့်အညီ ပိုင်းခြားဝေဖန်၍ ဆုံးဖြတ်ဟောချတ် ကယ်တင်တော် မူပါဘုရား”ဟု လျှောက်ထားတောင်းပန်ကြလေ၏။

ထိုအခါ ဦးကိတ္တိရဟန်းတော်သည် ထိုစောင်းတတ်ဆရာကို ၃-ကြိမ်တိုင်တိုင် အခေါ်စေလွှတ်လိုက်လေ၏။ တရားဟော စောင်းတတ်လည်း မမြတ်နိုးအပ်သောသဘော ဖြင့် စေလွှတ်လိုက်သောသူကို ပြောဆိုလိုက်သည်မှာ “မင်းတို့ ဆရာ့ကျောင်းကိုလည်း ငါ မလာနိုင်၊ ငါ့ထံပါးသို့လည်း မင်းတို့ဆရာကို မလာစေနှင့်”ဟု ပြောဆိုလိုက်လေ၏။ ယင်းသို့ ပြောဆိုလိုက်သည့်အခါ ဦးကိတ္တိရဟန်းတော်သည် “**သက္ခီ လဘိတ္တာန ဝိနိစ္ဆယော ကာရေ-တဗ္ဗော**”ဟူသော ဒေသနာတော်နှင့်အညီ မသူတော်တို့၏တရားကို အထင်အရှားဟောသည် ဟု သက်သေခံအရဖြင့် တစ်ခုသောစာတမ်းကို ရေးသားပြီးလျှင် ထိုစောင်းတတ်တရား ဟောဆရာကို ရပ်ရွာမှ နှင်ထုတ်လိုက်ရပေ၏။

ထို့နောက် သီတင်းဝါလကျွတ်၍ ပဝါရဏာပြုပြီးလျှင် “**သာသနဿ စ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ**”ကျမ်းဂန်လာအရဖြင့် နီဿျာန်းဗာရိယာရှာက သပ္ပုရိသူပသေဝနကို ရရှိကြသော ဦးလှထွန်းအောင် ကျွန်းရှာလူကြီး ဥက္ကဋ္ဌ၊ **အောင်စံဦး** ဆေးဆရာကြီး၊ **မွန်းသာအောင်** ဥက္ကဋ္ဌ၊ ကျောင်းဒကာ **စောလှညို**၊ ကျောင်းဆရာ **မောင်ကျော်စံ, မောင်ရွှေဝ, ချိုစားရှိ, စံလှရှိ, မောင်ဒိုး, မောင်ဆိုး, ရွှေချမ်းဦး, မောင်သာထွန်း, မျိုးလှအောင်** အစရှိကုန် သော ကျောင်းဒကာတို့သည် လောကီ,လောကုတ္တရာ ၂-ဌာနတို့၏ ကြီးပွါးရာကြီးပွါး

ကြောင်းကို တောင့်တပြီးလျှင် မိမိတို့ နီဿာန်းဗာရိယာရှာ၌ သံယသာမဂ္ဂိအဖွဲ့ ၁-ခုကို စီမံပြုလုပ်၍ ဟုတ်မှန်သော တရားသဘောကို ဆုံးဖြတ်ဟောပြောဖို့ရန် လျှောက်ထားတောင်းပန်ကြကုန်၏။

ယင်းသို့ လျှောက်ထားကြသောအခါ ဦးကိတ္တိရဟန်းတော်ကလည်း သာသနာတော်ကို ချီးမြှောက်လိုသော ဆန္ဒနှင့် ကောဇာသက္ကရာဇ် ၁၂၉၁-ခု၊ တန်ဆောင်မုန်းလဆုတ် ၃-ရက်နေ့ မိမိသီတင်းသုံးနေရာ နီဿာန်းဗာရိယာရှာ၌ နယ်လုံးဆိုင်ရာ သံယသာမဂ္ဂိအဖွဲ့ကို စီမံပြုလုပ်လေ၏။ ထိုအစည်းအဝေးကြီးသို့ ဒီဗျူတီခေါ်သော ဝန်ထောက်မင်းနှင့်တကွ ကျွန်းရှိ သံယာတော်တို့သည် လာရောက်ကြကုန်၏။

ထိုအစည်းအဝေးကြီးက ဥက္ကဋ္ဌလူကြီး နီဦးမာတဘာ ခေါ်သောသူသည် ထိုတရားဟော စောင်းတတ်ကို ချေပပြောဟောစေရန် ဆင့်ဆိုခေါ်လိုက်ပြန်သည်။ ထိုအခါလည်း ဆရာစောင်းတတ်သည် အစည်းအဝေးသို့ လာရောက်၍ ချေပပြောဆိုခြင်းကို မပြုဘဲ အဝေးက နေ၍သာ ဆန့်ကျင်ဘက်ပြုလုပ်၍ နေလေ၏။ လာရောက်ကြကုန်သော သံယာတော်အပေါင်းတို့ကလည်း အကြောင်းအကျိုးနှင့် ဆွေးနွေးကြပြီးလျှင် "ရှေးယခင်က ဟောထားသော စောင်းတတ်တရားကို ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့နှင့် မညီမညွတ်သောကြောင့် စောင်းတတ်ဆရာသည် မသူတော်တရားကို ထင်ရှားစွာ ဟောပြောသည်"ဟု ဆုံးဖြတ်စီရင်လိုက်ကြကုန်၏။

ပရိသတ်အပေါင်းတို့လည်း "စောင်းတတ်တရားသည် အဓမ္မဝါဒီတို့၏ တရားသာ၊ သူတော်ကောင်းတို့၏တရား မဟုတ်"ဟု အဆုံးအဖြတ်ကို အတည်တကျ ပြုလုပ်ကြပြီးလျှင် ဝန်ထောက်မင်း၏ရှေ့မှာပင် "ဧင်းစောင်းတတ်တရားကို ပယ်ရှားပါမည်"ဟူသော ပဋိညာဉ်ဖြင့် လက်မှတ်ရေးထိုးကြကုန်၏။

စောင်းတတ်လည်း သံယာတော်တို့၏ အဆုံးအမကိုလည်း မနာခံ၊ ပြည်သူပြည်သားတို့၏စကားကိုလည်း မလိုက်နာ၊ မိမိအယူဝါဒကိုလည်း မစွန့်ရက်ဘဲ အဝကျွန်းနယ်ပြည်မှ တိမ်းရှောင်ထွက်သွားလေ၏။ ဝန်ထောက်မင်းကလည်း "ထိုစောင်းတတ်သည် နောင်ထပ်မံ၍ မသူတော်တရားကို မဟောပြောရ"ဟု ပညတ်ထားလေသောကြောင့် အထက်အထက်က အယူဝါဒကွဲပြားပြီးလျှင် မညီညွတ်ဘဲရှိနေကြကုန်သော ရပ်ရွာရှိ ဒါယကာ, ဒါယိကာမတိုသည်လည်း မှန်ကန်သောအယူဝါဒသို့ ရောက်ကြကုန်၏။ 'စောင်းတတ်'၏အမည်ကား စောင်းတယောကို ထိုးတတ်သောကြောင့် ပဝတ္တိအမည်သာ ဖြစ်သည်။ နာမည်ရင်း ရွှေဖာ၊ ဇာတိနေရင်း မြို့ဟောင်းမြို့အပိုင်၊ လေးမြို့ချောင်းလက်ယာကမ်း၊ စံဘောကိုင်းအရပ်၊ ဓညဝတီပြည်သား ဖြစ်သည်။

[၂၈] ဗုဒ္ဓဝင်အကျဉ်းချုပ်နှင့် ဓမ္မစကြာသုတ်ကို ရေးသားခြင်း

ဦးကိတ္တိရဟန်းတော်သည် ဗဂ်လားအဝကျွန်း၊ နီသျှာန်းဗာရိယာရွာ၌ သီတင်းသုံး၍ နေစဉ်ပင် သာသနာတော်၏ အညစ်အကြေးဘေးရန်များကို နောက်နောင်မဖြစ်စေရအောင် ဆောင်ရွက်အားထုတ်ပြီးမှ မိမိဝန်ခံခဲ့ဖူးသော ဗုဒ္ဓဝင်အကျဉ်းချုပ်နှင့် ဓမ္မစကြာသုတ်ကို ဟိန္ဒီဘာသာဖြင့် ပြန်ဆိုရေးသားနေရလေ၏။ အားလပ်သောအခါတိုင်းမှာလည်း ဒကာ, ဒကာမတို့အား အဓိကရုဏ်း မဖြစ်ပွါးစေခြင်းငှာ တရားတော်ကို ဟောပြောခြင်း၊ ကျောင်းသားသူငယ်တို့အားလည်း ဟိန္ဒီဘာသာကို ပို့ချသင်ကြားခြင်း၊ ဂဏန်းသင်္ချာကို သင်ပြခြင်း-စသော ကိစ္စဖြင့်သာ နေ့ရက်ကို လွန်မြောက်စေ၏။

တပေါင်းလသို့တိုင် ရောက်သောအခါ ကလကတ္တားမြို့သို့ တဖန်ပြန်သွားပြီးမှ ဘာသာပြန်ဆိုပြီးသော ဓမ္မစကြာသုတ်ကို စာအုပ် ၁,၀၀၀-ပုံရိုက်၍ ကုသိနာရုံ၊ ကဆုန်ညောင်ရေသွန်းဘုရားပွဲတော်မှစ၍ နိုင်ငံလုံးကို ဝေငှလိုက်ပေ၏။ ရှုကြည့်ကြသူ ပညာရှိတို့ကလည်း အထူးပင် ကျေးဇူးတင်ကြကုန်၏။ ဦးကိတ္တိရဟန်းတော်သည် ကလကတ္တားမြို့ရှိ ပွဲစားကြီး စိန်သာဦး၏ ဆွမ်းအလှူကို ခံယူပြီးလျှင် ထိုနှစ် ဝါကို ကလကတ္တားမြို့၊ မြန်မာအသင်းတိုက်၌ပင် လွန်မြောက်စေ၏။

----- x -----

[၂၉] မဒရာဆ်(မဒရပ်)မြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် ကလကတ္တားမြို့မှ ထွက်သွားလေရာ မဒရာဆ်(မဒရပ်)မြို့သို့ ဆိုက်ရောက်လေ၏။ ၎င်းမြို့၌ ဗုဒ္ဓဘာသာအသင်းလူကြီး **အမ်ပုန်နိုး** (M.Ponnoo) အမည်ရှိသောသူနှင့် တွေ့ဆုံလေရာ ထိုဒါယကာသည် သဒ္ဓါတရားဖြင့် ပင့်ဖိတ်၍ မိမိအိမ်တွင် တည်းခိုနေထိုင်စေ၏။

မဒရပ်မြို့၌ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အဦးများကို တစ်စုံတစ်ခုမျှ မတွေ့ရှိရချေ။ သို့သော် လာရောက်ကြသူတို့ အထူးအားဖြင့် ကြည့်ရှုရမည်မှာ **တိရစ္ဆာန်ရုံ**, ပြတိုက်ကြီးနှင့် ငါးပြတိုက်၊ ဤ ၃-ဌာနမျှသာ ရှိကုန်၏။ မြို့၏အခြေအနေအားလျှော်စွာ ဟိန္ဒူလူမျိုးတို့၏ ကိုးကွယ်ရာ ကျောင်း, ကန်, သိမ်, ပုထိုးတို့မှာမူကား အကြီး,အငယ်အားဖြင့် များပြားကုန်၏။

လမ်းခရီးအစီအစဉ်ကိုလည်း အထူးဖော်ပြဖို့ရန် မလို။ ဣန္ဒိယတွင် ဤမဒရာဆ် (Madras)မြို့သည် အထူးပင် ထင်ပေါ်ကျော်စောဏ်။ မဒရာဆ်မြို့၌ ဘူတာရုံ၏အနီးအပါး-

- မိုးရ်မရကတ်ခေါ်သော စျေးရှေ့က ဟိန္ဒူဓမ္မသာလာ ၁-ခု,
- ၎င်းအနီးအနားမှာပင် မူဆလမာန် ဓမ္မသာလာ ၁-ခု၊

ဤ ၂-ခုသော ဓမ္မသာလာ၌ တည်းခိုနေနိုင်ဏ်။ သို့သော် အစောင့်အရှောက်လူကြီး တို့က ခရီးသည်များကို ရုတ်တရက်နေစေဖို့ရန် ခွင့်မပေးဘဲ ခဲခဲယဉ်းယဉ်း ပြောဆို၍ နေရဏ်။ ပြည်နယ်၏အကြောင်းကို ပထမကဏ္ဍ၌ ကြည့်ရှုကြလေ။

မြန်မာခေါ်	ဟိန္ဒူအခေါ်
မဒရပ်မြို့	မဒရာဆ်
ဓမ္မသာလာဇရပ်	ဓရ်မသ္ဘာလာ
တိရစ္ဆာန်ရုံ	ကျိရိယာခါနာ (Zoology)
ပြတိုက်ကြီး	မျူဇီယမ် (Museum)
ငါးပြတိုက်ကြီး	မိန်ကလဲဂ်ျ (Aquarium)

----- x -----

[၃၀] ဥက္ကလာပတိုင်း၊ ဥရီဆာပြည်အကြောင်း

တေန ခေါ ပန သမယေန တပုဿဘလ္လိကာ ဒွေ ဝါဏိဇာ ဥက္ကလာ တံ ဒေသံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နာ ဟောန္တိ။ –

ဟူ၍ ဝိနည်းမဟာဝါပါဠိတော်(၄)၌ ဟောတော်မူ၏။

အဓိပ္ပါယ်ကား- ငါတို့ မြတ်စွာဘုရားသခင်သည် လင်းလွန်းပင်ရင်း၌ သီတင်းသုံး နေတော်မူစဉ် တပုဿနှင့် ဘလ္လိက အမည်ရှိကုန်သော ကုန်သည်ညီနောင် ၂-ယောက်တို့ သည် ဥက္ကလဇနပုဒ်မှ မြတ်စွာဘုရားသခင် သီတင်းသုံးနေတော်မူသော လင်းလွန်းပင် ရှိရာသို့ လာရောက်ကြကုန်၏။

ထိုနည်းအတူ မဟာဝါအဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃။ ၂၄၁)၌လည်း "ဥက္ကလဇနပုဒ်မှ မြတ်စွာ-ဘုရားသခင် သီတင်းသုံးတော်မူရာ လင်းလွန်းပင်သို့ တပုဿနှင့် ဘလ္လိက ကုန်သည်

ညီနောင်တို့သည် လာရောက်ကြောင်း"နှင့် ပါရှိ၏။ ထိုကုန်သည်ညီနောင် ၂-ယောက်တို့သည် မိမိတို့တွင် ပါလာသော ကြွက်ကျစ်မုန့်, ပျားမုန့်ဆုပ်ကို မြတ်စွာဘုရားသခင်အား ကပ်လှူလေ၏။ မြတ်စွာဘုရားသခင်လည်း စတုမဟာရာဇ်နတ်မင်းကြီးတို့ ကပ်လှူလာသော ဣန္ဒနီလာကျောက်ညိုဖြင့် ပြီးသော သပိတ်တော်ဖြင့် ခံတော်မမူဘဲ ပဲနောက်အဆင်းရှိသော ကျောက်သပိတ်ဖြင့်သာ ခံယူတော်မူလေ၏။

ထိုကုန်သည်ညီနောင်တို့အားလည်း "ဗုဒ္ဓံ သရဏံ ဂစ္ဆामိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ" ဟူသော ဒွေဝါစိကသရဏဂုံကို ပေးတော်မူပြီးမှ ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ဓာတ် ၁-လက်ဆုပ်ကို ပေးအပ်လိုက်၏-ဟု ဇိနတ္ထပကာသနီကျမ်း၌ လာရှိ၏။ ကုန်သည်ညီနောင်တို့သည်လည်း ထိုဆံတော်ဓာတ်ကို မိမိတို့ နေရာအရပ်၌ စေတီတည်၍ ကိုးကွယ်ဆည်းကပ်ကြကုန်၏-ဟု ဤသို့စသည်ဖြင့် မှတ်ယူကြလေ။

ဣန္ဒိယသားတို့ အလိုအားဖြင့် ထိုတပုဿ, ဘလ္လိက ကုန်သည်ညီနောင်တို့၏နေရာ ဥက္ကလ(ဥက္ကလာပ)တိုင်းသည် ဣန္ဒိယပြည်ရှိ ယခုအခါ ဥရီဆာခေါ်သော နယ်ပြည်သာ ဖြစ်ပေ၏။ ဖြစ်ဟန်ကား ပါဠိတော်၌လာရှိသော ဥက္ကလ-သဒ္ဒါကို သက္ကဋဘာသာ၊ ဗိရှဏု, ပုရာဏ်,မဟာဘာရတ-စသော ကျမ်းဂန်များတို့၌ ဥက္ကလ-သဒ္ဒါဖြင့် ဖွင့်ပြပြီးလျှင် ၎င်းဥက္ကလ ကိုပင် ဥရီဆာနယ်-ဟု သတ်မှတ်၍ ပြပေ၏။ ၎င်းပြင် ထိုဥရီဆာနယ်ကို ဥဒြ, သြဒြနယ်-ဟူ၍လည်း ခေါ်ဆိုကြောင်းနှင့် သက္ကဋဘာသာ ကျမ်းအစောင်စောင်တို့၌ လာရှိ၏။ ထို့ကြောင့် ဣန္ဒိယရှိ ဥရီဆာနယ်သည်သာလျှင် ရှေးက ဥက္ကလ(ဥက္ကလာပ)တိုင်းပြည် ဖြစ်၏-ဟု ဣန္ဒိယတိုင်း ပညာရှိတို့အလိုအားဖြင့် ဆုံးဖြတ်မှတ်ယူ ပြောဆိုလျက်ရှိကြ၏။

ဥက္ကလာပတိုင်းပြည်၏ **အကျယ်အဝန်း**ကို ဟူယိုင်ဆင်ကျမ်း၌ လာရှိသည်မှာ လီပေါင်း ၇,၀၀၀-ရှိ၍ ၎င်း၏မြို့တော်သည် လီပေါင်း ၂၀-ခန့် ရှိ၏။ မိုင်အားဖြင့် ပိုင်းခြားလျှင် ၁,၁၆၆-မိုင်ကျော်ခန့် ရှိ၏။ မြို့တော် ကျရိတြ(ယခုအခါ ဂျဂနာထ်ပုရီ)ခေါ်သော မြို့သည်ကား ၃-မိုင်ကျော်ခန့် ရှိ၏။ ၎င်းမြို့မှ ကုန်သည်များတို့သည် အတိုင်းတိုင်းအပြည်ပြည်သို့ ကုန်ရောင်း,ကုန်ဝယ်သွားကြကုန်၏။ ဤသို့စသည်ဖြင့် ဟူယိုင်ဆင်ကျမ်း၌ လာရှိ၏။

၎င်းကျမ်းဂန်၏အရဖြင့် ကျောက်စာမင်းကြီး ကနိန်ဂဟမ်က သတ်မှတ်၍ပြထားသည်မှာ ဥက္ကလ(ဥက္ကလာပ)တိုင်း၌ မဟာနဒီမြစ်နှင့် ဆုဝရ်ဏာရိခ်-ခေါ်သော မြစ် ၂-ခုတို့၏ နယ်နိမိတ်အဝှန်းလုံးသည် ပါဝင်၏။ ၎င်းပြင် ယခုကာလ ကဋ္ဌက်(Katak) စီရင်စုနှင့် ဆမ္ဘာလ်ပုရ်(Sambhalpur)စီရင်စု အားလုံးလည်း ပါဝင်နိုင်၏။ **နယ်နိမိတ်မှာ–**

အနောက်ဘက်၌ ဂုန်ဒွါန်(Gondwana)၊

မြောက်ဘက်၌ တော,တောင်တို့ဖြင့်ပြွမ်းသော ဂျသျှပုရ(Jashpur), ဆိန်ဂဟာဘုမ် (Singhbhum)နယ်အဝှမ်း၊

အရှေ့ဘက်၌ ပင်လယ်၊

တောင်ဘက်၌ ဂန်ဂျာမ်(GanJam)နယ်တိုင်အောင် ကျယ်ဝန်း၏။

ယခုရှိ ဂျဂနာထ်ပုရ်မြို့၏ မြစ်ဘက်၌ ရှေးဟောင်းစေတီ ၅-ဆူ ရှိ၏။ ယခု ဟိန္ဒူတို့ ကိုးကွယ်နေကြသော ဂျဂနာထ် အမည်ရှိသော ဘုရား, တန်ဆောင်း, ပြာသာဒ်သည်လည်း အထက်ပါ စေတီ ၅-ဆူတွင် ၁-ဆူ အပါအဝင်ဖြစ်ကြောင်းကို ထိုဘုရားတန်ဆောင်းတွင်းရှိ ရှေးဟောင်းရုပ်ပွါးတော် ၃-ဆူက သက်သေခံရှိ၏။

ရင်းပြင် ပုရှပဂိရိ(ဥဒယဂိရိ), ခဏ္ဍဂိရိ တောင် ၂-ခု၌ ဗုဒ္ဓဘာသာကျောင်းနှင့် ကျောက်စေတီ ၁-ဆူ ရှိ၏။ ရင်းတောင်တို့မှာ ဗုဒ္ဓဘာသာဆိုင်ရာ လိုဏ်ဂူ, ကျောက်စာ ကမ္မည်းများကို ကျောက်စာဝန်တို့ ရရှိကုန်၏။ အဆိုပါ တောင်တို့သည် ကဋ္ဌက်မြို့မှ တောင်ဘက် မိုင်-၂၀၊ ဘုဝနေသ္ဝရ်နတ်ကွန်းမှ အနောက်ဘက် ၅-မိုင်တွင် တည်ရှိကုန်၏။

ယင်းသို့ ဆိုအပ်ခဲ့ပြီးသော ပါဋ္ဌ, သက္ကဋ, ပုရာဏ်, ဟိန္ဒီ, ဟူယိုင်ဆင်ကျမ်းဂန် အရပ်ရပ်ကို ထောက်ဆလိုက်လျှင် မဏ္ဍိမဒေသ၊ ဣန္ဒိယရှိ ဥက္ကလာပသည်ကား တပုဿ, ဘလ္လိကတို့ မြတ်စွာဘုရားသခင် ဆံတော်ဓာတ်ကို စေတီတည်၍ ကိုးကွယ်ကြရာအစစ်-ဟု ဣန္ဒိယသားတို့၏ အလိုအားဖြင့် သိအပ်,သိထိုက်ကြ၏။

ထိုဥရီဆာနယ်တွင် ပုရီစီရင်စု၌ ဘုဝနေသ္ဝရ်ခေါ်သော အရပ်ဌာနသည် ရှိ၏။ ရင်းအရပ်မှ တောင်ဘက် ၇-မိုင်အကွာအဝေးတွင် ဓောက်လီခေါ်သော ရွာ ၁-ရွာရှိ၏။ ထိုရွာ၏ ထက်ဝန်းကျင်အရပ်သည် ရှေးအခါက တုရှာလီ အမည်ရှိသော မင်းနေပြည်တော်ကြီး ဖြစ်ဖူး၏။ ထိုပြည်၌ အသောကမင်းကြီးသည် ကလိင်္ဂမင်းတို့ကို မင်းနေပြည်ပြုလုပ်၍ နေစေခဲ့၏။ ထို့ကြောင့် အသောကမင်းကြီးသည် ကလိင်္ဂတိုင်းသားတို့ကို အကြောင်းပြု၍ ရင်းဓောက်လီခေါ်သော ရွာ၏အနီးအပါးရှိ အသျှဆတမ်အမည်ဖြင့် ထင်ရှားသော ကျောက်လုံးကြီး၌ ကမ္မည်းကျောက်စာ ရေးထိုးထားခဲ့၏။ ကျောက်စာ၏ အနက်အဓိပ္ပါယ်ကို စတုဒ္ဒသသိလာလေခ ဓောက်လီအခန်းတွင် ရှုကြည့်ကြလေ။

မြန်မာပြည် ပညာရှိတို့၏ အယူဝါဒကွဲပြားနေချက်ကို ယုတ္တိအမြွက်နှင့် ထည့်သွင်း၍ ပြဦးအံ့။ မြန်မာပြည်ရှိ ပညာရှိတို့တွင် အချို့သော ပညာရှိတို့က "ငါတို့မြန်မာပြည်ရှိ ရန်ကုန်မြို့သည် ဥက္ကလာပတိုင်းဖြစ်၍ ရွှေတိဂုံစေတီတော်လည်း ဥက္ကလာပတိုင်းသား တပုဿနှင့် ဘလ္လိက အမည်ရှိသော ကုန်သည်ညီနောင် ၂-ဦးတို့သည် သတ္တဌာန လင်းလွန်းပင်ရင်း၌

သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်၏ ပေးအပ်သော ဆံတော်ဓာတ်ကို ယူဆောင်လာကြပြီးလျှင် စေတီတည်၍ ကိုးကွယ်ဆည်းကပ်ကြသော စေတီတော်မြတ်ဖြစ်ပေ၏"ဟု ပြောဆိုမှတ်သားကြကုန်၏။

အချို့ကလည်း "ရန်ကုန်မြို့မှ ရိုးမတောင်ကြီးနှင့် မြစ်ကြီး,မြစ်ငယ် အသွယ်သွယ်သော ချောင်း, မြောင်း, တော, တောင်တို့ကို ဖြတ်သန်း၍ လာနိုင်ဖို့ရန် အလွန်ပင် ခဲယဉ်းလှပေ၏။ မဗ္ဈိမဒေသ၊ ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်နှင့် ရန်ကုန်မြို့သည် ခရီးယူဇနာ အလွန်ကွာဝေး၏။ တပုဿနှင့် ဘလ္လိကတို့သည် လှည်းကုန်သည် ၅၀၀-နှင့် မလာ,မသွားနိုင်ရာ။ သို့ဖြစ်ခြင်းကြောင့် ရန်ကုန်မြို့သည် ဥက္ကလာပတိုင်း မဟုတ်။ ရွှေတိဂုံစေတီတော်သည်လည်း တပုဿနှင့် ဘလ္လိကတို့ တည်ထားခဲ့သော ဆံတော်ဓာတ်စေတီတော် မဟုတ်"။ ဤသို့ စသည်ဖြင့် ဝိဝါဒကွဲပြားလျက် ရှိနေကြကုန်၏။ ထိုပညာရှိတို့ စကား ၂-ရပ်ကို ဣန္ဒိယရှိ ရှေးပညာရှိတို့က ဆုံးဖြတ်ကြသည့် စကားရပ်များနှင့် ထောက်ဆဆင်ခြင်လိုက်လျှင် အတူတူပင် မှတ်ယူကြရမည်။

မှတ်ယူအပ်သော အကြောင်းကား ယခုအခါ ဣန္ဒိယပြည်ကြီး၌ ဥရိဆာခေါ်သော နယ်ပြည်သည် ရှေးက တပုဿနှင့် ဘလ္လိကတို့၏နေရာ ဥက္ကလာပတိုင်း ဖြစ်ပေ၏။ ၎င်းတိုင်းပြည်၌သာ မြတ်စွာဘုရား၏ ဆံတော်ဓာတ်ကို စေတီတည်၍ ကိုးကွယ်ဆည်းကပ်ကြကုန်၏။ သို့ရာတွင် ဘုရားသခင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသည့်နောက်ကို မိစ္ဆာဒိဋ္ဌမင်းတို့က လာရောက်တိုက်ခိုက်ရာ ဘာသာတရားကို မပျက်စီးစေခြင်းအလို့ငှာ ဗုဒ္ဓဘာသာအချို့တို့သည် နိုင်ငံခြားသို့ တိမ်းရှောင်ထွက်သွားကြရကုန်၏။

ထိုအခါ မတရားသောမင်းတို့၏ ဘေးအန္တရာယ်ကြောင့် ဣန္ဒိယရှိ ဥက္ကလာပတိုင်းသားတို့သည် မိမိတို့ဗုဒ္ဓဘာသာကို စောင့်ရှောက်ခြင်းအလို့ငှာ ကိုးကွယ်၍ထားသော တပုဿနှင့် ဘလ္လိကစေတီတော်မှ မြတ်စွာဘုရားသခင်၏ ဆံတော်ဓာတ်ကို ယူဆောင်၍ ရှေးက ရာမညတိုင်း၊ ပေါက္ခရဝတီခေါ်သော ရန်ကုန်မြို့သို့ ထွက်ပြေးလာကြကုန်၏။ မိမိတို့မှာ ပါလာသော ဆံတော်ဓာတ်ကိုလည်း ၎င်းမြို့၌ပင် စေတီတည်၍ ကိုးကွယ်ကြကုန်၏။ ထို့ကြောင့် ဣန္ဒိယရှိ ဥက္ကလာပတိုင်းသားတို့ လာရောက်နေထိုင်သည်ကို အစွဲပြု၍ ရန်ကုန်မြို့သည် ဥက္ကလာပ-ဟု အမည်တွင်လေ၏။ စေတီတော်ကိုလည်း ရှေးအမည်ဟောင်း မပျက်စေခြင်းငှာ တပုဿနှင့် ဘလ္လိကစေတီတော်-ဟု ခေါ်ဆိုကြကုန်၏။

ဤသို့လျှင် ဣန္ဒိယက ရှေးပညာရှိတို့ ဆုံးဖြတ်ကြသော စကားအတိုင်း လိုက်နာခဲ့လျှင် ယခုရှိသော ရွှေတိဂုံစေတီတော်သည် တပုဿနှင့် ဘလ္လိကတို့ ဆံတော်ဓာတ်ကို တည်၍ ကိုးကွယ်ကြသော စေတီတော်အစစ် ဖြစ်၏-ဟု မှတ်ကြရမည်။ မဗ္ဈိဒေသ၌ ဗုဒ္ဓ-

ဘာသာတို့ကို မသူတော်ဖြစ်သော မင်းတို့က ဖျက်ဆီး၍ နိုင်ငံခြားသို့ ထွက်သွားပုန်းအောင်း၍နေရခြင်းအကြောင်းအရာကို ဣန္ဒိယရာဇဝင်ကျမ်းအစောင်စောင်တို့မှာ ပါရှိကုန်၏။

----- × -----

[၃၁] ဥက္ကလာပတိုင်း လမ်းခရီးအစီအစဉ်

မဇ္ဈိမဒေသ၌ ဥက္ကလာပတိုင်းသို့ သွားရောက်လိုသူတို့မှာ ကလကတ္တား, မဒရပ်, ဗုံဗိုင်-စသော မြို့တို့မှ သွားရောက်နိုင်၏။ ဥရိဆာ(Orissa)ပြည်နယ်အတွင်း၌ မိမိတို့အလိုရှိရာကို မီးရထားမြေပုံမှာ ကြည့်၍ သွားလာနိုင်ကြသည်။ သို့ရာတွင် အထူးအားဖြင့် ကား ၎င်းနယ်၌ ပုရီစီရင်စုရှိ ဓောက်လီအရပ်ကို ကြည့်ရှုအပ်၏။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
ဥက္ကလာပတိုင်း	ဥရိဆာ
ပုရီစီရင်စု	ပုရီဂျိလာ
စရိတြမြို့	ဂျဂနာထ်
တုရှာလီမြို့ရာ	ဓောက်လီဂံ၀်
အသောကကျောက်စာ	အသျှဆတမ်

----- × -----

[၃၂] ကလိင်္ဂတိုင်း၊ ဒန္တပုရပြည်အကြောင်း

ကလိင်္ဂတိုင်းပြည်၏ ရှေးအကြောင်းကား "ရှေးလွန်လေပြီးသောအခါ ကလိင်္ဂတိုင်း၊ ဒန္တပုရမြို့၌ ကာလိင်္ဂမင်းသည် မင်းပြုလေ၏"ဟု တေရသကနိပါတ်၊ ကာလိင်္ဂစက္ကဝတ္တိဇာတ် (ကာလိင်္ဂဗောဓိ)၌ ဟောတော်မူ၏။ ၎င်းပြင် "ထိုကလိင်္ဂမင်း၏မြေးတော် ကာလိင်္ဂစကြာမင်းသည် ၃၆-ယူဇနာရှိသော ပရိသတ်နှင့်တကွ ကောင်းကင်ခရီးဖြင့် အနောက်မြောက်ထောင့်အရပ်ရှိ ဂဂ်ါမြစ်နား၌ မယ်တော်, ခမည်းတော်တို့ထံသို့ သွားလေရာ မဟာဗောဓိမဏ္ဍိုင်သို့ ဆိုက်ရောက်လေ၏"ဟူ၍လည်း ၎င်းဇာတ်၌ပင် ဟောတော်မူ၏။ (ဇာ၊၆၊၄။၂၃၀၊၂၃၂)

"ဘုရားလောင်း သရဘင်္ဂရသေ့သည် ဂေါဓာ၀ရီမြစ်နားတွင် ယူဇနာ ၃၀-ရှိသော သီးတောကျောင်း၌ ရသေ့အပေါင်းတို့နှင့် နေလေ၏။ ဘုရားလောင်းထံသို့ လာကြကုန်သော

ကာလိင်္ဂမင်း, အဋ္ဌကမင်း, ဘီမရထမင်း၊ ၎င်းမင်း ၃-ပါးတို့သည် ဂေါဓာဝရီမြစ်ကမ်းဌ တွေ့ဆုံကြ၍ ဘုရားလောင်းထံသို့ သွားရောက်ကြောင်း"ကိုလည်း စတ္တာလီသနိပါတ်၊ သရဘင်္ဂဇာတ်ဌ ဟောတော်မူ၏။ (ဇာ၊ဋ္ဌ၊၄။၁၄၂)

ရင်းပြင် အင်ုတ္တရ၊ ဧကကနိပါတ်အဋ္ဌကထာဌလည်း ဗာဝရီပုဏ္ဏားသည် သာဝတ္ထိပြည်မှ ထွက်ခဲ့၍ အဿကမင်း, စူဠကလိင်္ဂမင်းတို့၏ နယ်ပြည်တော်၏ အပိုင်းအခြား ဂေါဓာဝရီမြစ်နားဌ မိမိနေရာကို ပြုလုပ်စေကြောင်းနှင့် လာရှိ၏။ ဤကား ပါဠိဘာသာဖြင့် သိအပ်သော စကားတည်း။ (အံ၊ဋ္ဌ၊၁။၂၅၇)

ကလိင်္ဂတိုင်းပြည် အကျယ်အဝန်း လီပေါင်း ၅,၀၀၀-ရှိ၍ မြို့တော် ဒန္တပုရ်သည် လီပေါင်း ၂၀-ရှိကြောင်းကို ဟူယင်ဆင်ကျမ်းဌ ပါရှိ၏။ ၎င်းကလိင်္ဂတိုင်းကို မိုင်အားဖြင့် ခွဲဝေသော် အင်္ဂလိပ်မိုင် ၈၃၃-မိုင်ကျော် ရှိ၏။ ဒန္တပုရ်မြို့တော်၏ အကျယ်အဝန်း မိုင်မှာ ၃-မိုင်ကျော်လောက် ရှိ၏။ ထိုတိုင်းပြည်ဌ သံဃာတော် ၅၀၀-လောက်နှင့် ကျောင်းတိုက်ကြီး ၁၀-လောက် ရှိ၏။ ၄င်းပြင် နိဂဏ္ဌလူမျိုးတို့၏ အရေအတွက်က သာလွန်၍ ဗုဒ္ဓဘာသာကို လိုက်နာသောသူသည် အနည်းငယ်မျှသာ ရှိကြောင်းကိုလည်း ၎င်းဟူယင်ဆင်ကျမ်းဌ တွေ့ရှိရ၏။

ထိုမှတပါး မြို့၏တောင်ဘက်ဌ ပေ ၁၀၀-လောက် အမြင့်ရှိသော အသောက စေတီ ၁-ဆူ၊ ၎င်း၏အနီးအပါး ဘုရား ၄-ဆူတို့၏ သီတင်းသုံးရာ တိုင်းပြည်၏ မြောက်ဘက် နယ်နိမိတ်အနီးအပါးတွင် တောင်ကြီး ၁-လုံး ရှိ၏။ ၎င်းတောင်၏အပေါ်ဌ ပေ ၁၀၀-လောက်အမြင့်ရှိသော ကျောက်စေတီကြီး ၁-ဆူရှိကြောင်းကိုလည်း တရုတ်ဘုန်းကြီး ဟူယင်ဆင်သည် မှတ်တမ်းတင်ထားခဲ့၏။

ယခုရှိပုံမှာ ကလိင်္ဂတိုင်းသည် မဟာနဒီနှင့် ဂိုဓာဝရီ(ဂေါဓာဝရီ)မြစ် ၂-ခုတို့၏ အလယ်ကြားဌ ဗင်္ဂလားအော်၏ အနောက်ဘက်ကမ်းပါးဌ ရှိ၏။ ဤအခါသမယမှာ ဥရီဆာ နယ်သည်ပင်လျှင် ရှေးက ကလိင်္ဂတိုင်းပြည်ဌ အပါအဝင်ဖြစ်ပေ၏။ ကျောက်စာမင်းကြီး **ကနိန်ဂဟမ်၏အလိုကား** ကလိင်္ဂတိုင်းပြည်၏ **နယ်နိမိတ်**မှာ–

အနောက်တောင်ထောင့်ဌ ဂိုဓာဝရီမြစ်,

အနောက်မြောက်ထောင့်ဌ ဂျန္ဒြဝတီနဒီ၏ မြစ်လက်တက်ဖြစ်သော ဂေါက်ရိယာ မြစ်သည်သာလျှင် အပိုင်းအခြားရှိ၏။

၎င်းမှလွန်၍ ကလိင်္ဂတိုင်းပြည်သည် မရှိနိုင်။ ဤသို့လျှင် ပညာရှိတို့က သတ်မှတ်၍ ပြကြကုန်၏။

သီရိဓမ္မာသောကမင်းကြီး တည်ထောင်၍ ထားခဲ့သည်ကို ထောက်ဆသောအား ဖြင့် ဥရီဆာနယ်သည်လည်း ကလိင်္ဂတိုင်းသို့ ပါဝင်နေကြောင်းကို ရေးသားဖော်ပြလိုက်ရ ပေ၏။ ထိုကလိင်္ဂတိုင်းပြည်၏ ဒန္တပုရ်မြို့တော်ကား ကျာလုကျမင်းတို့သည် စီမံပြုလုပ်သော ရာဂျမဟိန္ဒြီ အမည်ရှိသော မြို့သည်ပင် ဖြစ်ပေ၏။ သို့မဟုတ် သမုဒ္ဒရာကမ်းပါးရှိ ကိုရိုင်ခေါ်သော အရပ်ဒေသသည် ရှေးက ဒန္တပုရ်ပြည် ဖြစ်၏။

----- × -----

[၃၃] ဒန္တပုရပြည် လမ်းခရီးအစီအစဉ်

ကလိင်္ဂတိုင်း၊ ဒန္တပုရ်ပြည်သို့ သွားရောက်လိုကြလျှင် ရှေးဦးစွာ ဥရီဆာနယ်သို့ သွားပြီးလျှင် ဝိဂျယနဂရမ်(ViJianagram)သို့ သွားကြလေ။ ၄င်းမြို့၏ နယ်အဝန်းသည် ကလိင်္ဂတိုင်း၏ နယ်ပြည်အဝန်း ဖြစ်ပေ၏။ ထိုဝိဂျယနဂရမ်မြို့မှ ဂိုဓာဝရီမြစ်သို့ သွားကြလေ။ ၎င်းမြစ်မှ ဒန္တပုရ်ခေါ်သော ရာဂျမဟိန္ဒြီ၊ တစ်နည်း သမုဒ္ဒရာကမ်းနားရှိ ကိုရိုင်အရပ်ဒေသသို့ သွားနိုင်၏။ ဣန္ဒိယမြေပုံကို သိနားလည်လျှင် ဖြောင့်မတ်စွာ ရောက်ရှိနိုင်၏။ ဤမျှလောက်နှင့် ပညာရှိတို့သည် မှန်းဆနိုင်လောက်ကုန်၏။

အကယ်၍ ကလိင်္ဂ၏အကြောင်းအရာကို ကြည့်လိုလျှင် (Sewell, Op. Cit, P. 19) ဤစာအုပ်ကို ကြည့်ရှုကြလေ။ ၎င်းပြင် ရာဂျမဟိန္ဒြီ၏ အကြောင်းအရာကို အလိုရှိလျှင် (Sewell, Lists & C., Vol.I, P. 22) ဤစာအုပ်ကို ကြည့်ရှုကြလေ။

----- × -----

[၃၄] အန္ဓရတိုင်း၊ ပိဏ်ဍလပြည်အကြောင်း

အန္ဓရတိုင်း၊ ပိဏ်ဍလပြည်၏ ရှေးအကြောင်းကား ဟူယိုင်ဆင်ဂျမ်း၏ အလိုအားဖြင့် တိုင်းပြည်၏ အကျယ်အဝန်းသည် မိုင်ပေါင်း ၅၀၀-ရှိ၍ ၎င်း၏ ပိဏ်ဍလပြည်မှာ ၃-မိုင်ကျော်ခန့် ရှိ၏။ နိုင်ငံတော်အားလုံး၌ ကျောင်းတိုက်-၂၀၊ သံဃာတော် ၃,၀၀၀-ရှိ၏။ ပိဏ်ဍလမြို့တော်မှ အနီးအပါးတွင် ကျောင်းတိုက် ၁-ခု၌ ကမ္ဘာပေါ်တွင် အလွန်ဆန်းကြယ်သော ရုပ်တု ၁-ဆူရှိ၏။ ၎င်းကျောင်းတိုက်၏ ရှေ့မှာလည်း ပေ ၁၀၀-လောက်မြင့်သော ကျောက်စေတီ ၁-ဆူ ရှိ၏။ ၎င်းပြင် မြတ်စွာဘုရားသခင် တရားဟောတော်မူရာ၌ အသောကစေတီတော်လည်း ၁-ဆူ ရှိ၏။ ဤသို့ စသည်ဖြင့် သာသနာတော်သည် ကြီးပွါးတော်မူခဲ့၏။

ဤအန္ဓရတိုင်းပြည်ရှင်ဘုရင် ပိဏ္ဍိလမင်းသည် အသောကမင်းကြီး နတ်ရွာစံပြီးနောက် ကြီးကျယ်ခမ်းနားစွာသော တိုင်းပြည်ကို တည်ထောင်၍ နေလေ၏။ ထိုပိဏ္ဍိလပြည်သည် ဝိဒိပြည်၏အမည်ဟောင်း ဖြစ်၏။ ပြည်၏နယ်နိမိတ်မှာ မဲကျိရ်မြစ်နှင့် ဂုဓာဝရီမြစ်ဆုံမှ အရှေ့တောင်ထောင့်အရပ် ဘဒြကျေလန်တိုင်အောင် မိုင်ပေါင်း ၂၅၀-ရှိ၏။ တောင်ဘက်၌ ဟိုက်ဒရာဗာဒ်မြို့တိုင်အောင် မိုင်ပေါင်း ၁၀၀-ရှိ၏။ ၎င်းပြင် ဟိုက်ဒရာဗာဒ်နှင့် ဘဒြကျေ-လန်အကြား မိုင်ပေါင်း ၁၇၅-မိုင်ရှိ၏။ စုစုပေါင်းလျှင် အကျယ်အဝန်း ၅၂၅-မိုင် ရသဖြင့် ဟူယိုင်ဆင်ကျမ်းနှင့် ညီမျှ၏။ ရှေးက ပိဏ္ဍိလပြည်သည် ယခုအခါ ဘိမ်ဂလ်(Bhimgal)မြို့တော် ဖြစ်၏-ဟု မှတ်အပ်၏။

----- x -----

[၃၅] ဓနကဋ္ဌကပြည်အကြောင်း

ဓနကဋ္ဌကပြည်၏ ရှေးအကြောင်းမှာ ဟူယိုင်ဆင် တရုတ်ဘုန်းကြီး၏ အလိုအားဖြင့် တိုင်းပြည်၏အကျယ်အဝန်းမှာ လီပေါင်း ၆,၀၀၀-ရှိ၍ မြို့တော်ကား လီပေါင်း ၄၀-ရှိ၏။ ယခုကာလ **အင်္ဂလိပ်တို့၏အလိုကား**–

အနောက်ဘက်၌ ကုလ်ဘရဂါ(Kulbarga) အရပ်နှင့် ပိန္နာကုဏ္ဍာ(Pennakonda)အရပ်ထိ ရှိ၏။

တောင်ဘက်၌ ဘြိုပါတီ(Tripati) ဌာနနှင့် ပုလိကင့်(Pulikat) ရေအိုင်တိုင်အောင် ရှိ၏။

မြောက်ဘက်၌ အန္ဓရနှင့် ကလိင်္ဂနယ်စပ်၊

ဂင်းပြင် **အရှေ့ဘက်၌** ပင်လယ်ကမ်းခြေတိုင်အောင် ရှိ၍ မိုင်ပေါင်း ၁,၀၀၀-အကျယ်အဝန်းရှိ၏။

ထို့ကြောင့် တရုတ်ဘုန်းကြီး ညွှန်ပြသော စကားရပ်သည် အထူးသင့်လျော်၏။

ယခုအခါ အမရာဝတီမြို့အနီးအပါးရှိ ဓရဏီကိုးင့်(Dharnikotta) မြို့သည် ရှေးက ဓနကဋ္ဌကတိုင်းပြည်၏မြို့တော် ဖြစ်၏။ နာဆိကနှင့် အမရာဝတီ၌ ရရှိသော ကျောက်စာ၌ကား **ဓနကဋ္ဌက**-ဟူ၍ ရေးရှိ၏။ ၎င်းဓနကဋ္ဌကကို သက္ကဋ္ဌဘာသာ၌ ဓနျကဋ္ဌက-ဟု လာရှိ၏။ ဤတိုင်းပြည်ကို **မဟာအန္ဓရ**-ဟူ၍လည်း ခေါ်ဆို၏။ ထိုမဟာအန္ဓရတိုင်းပြည်၌ ဟူယိုင်ဆင် တရုတ်ဘုန်းတော်ကြီး ရောက်လာသောအခါ သံဃာတော် ၁၀၀၀-လောက်နှင့် ကျောင်းတိုက်ပေါင်း ၂၀-ရှိသေး၏။

မြို့တော်၏အရှေ့ဘက်ရှိ တောင်နား၌ ပုဗ္ဗသီလာ အမည်ရှိသော ကျောင်း ၁-ဆောင်ရှိ၏။ မြို့၏အနောက်ဘက် တောင်မှာလည်း အဝရသီလာ ခေါ်သော ကျောင်းတိုက် ၁-ခုရှိ၏။ ဤသို့စသည်ဖြင့် မှားစွာတွေ့ရှိကြောင်းကို ၎င်း၏မှတ်တမ်း၌ လာရှိ၏။ ဤကား မဟာအန္ဓရပြည်အကြောင်းတည်း။

လမ်းခရီးအစီအစဉ်မှာ အမရာဝတီသို့ ရှေးဦးစွာ သွားပြီးလျှင် ၎င်း၏ အနီးအပါးရှိ ဓနကဋကမြို့တော် ဓရဏီကိုးင့်သို့ သွားနိုင်လေသည်။

----- x -----

[၃၆] စောလပြည်အကြောင်း

စောလတိုင်းသည် လီပေါင်း-၂၄၀၀ သို့မဟုတ် ၂၅၀၀-ခန့်ရှိ၍ မြို့တော်မှာ လီပေါင်း ၁၀-ခန့်လောက်သာ ရှိ၏။ တောမြို့ဖြစ်ခြင်းကြောင့် သူခိုး,ဓားပြ အလွန်များပြားကုန်၏။ မြို့၏ အရှေ့တောင်ထောင့်၌ အသောကစေတီတော် ၁-ဆူ၊ အနောက်ဘက်၌ ကျောင်းတိုက် ၁-ခု၊ ဤသို့စသည်ဖြင့် ဗုဒ္ဓဘာသာအကြောင်းအရာကို ဟူယိုင်ဆင်ကျမ်း၌ မှားစွာလာရှိ၏။

ၜင်းကျမ်းဂန်အရဖြင့် ကျောက်စာမင်းကြီး ကနိန်ဂဟမ်က သတ်မှတ်၍ ပြသည်မှာ–

အနောက်မြောက်ထောင့်၌ ဆလိမ်(Salem) အမည်ရှိသော အရပ်၊ ၎င်းအရပ်၏ အနီးအပါး ဆန်ကေရီဒုရဂ(Sankeri Drug) ဌာနမှသည် အရှေ့မြောက်ထောင့် ကာဝေရီတိုင်အောင် သို့မဟုတ် ကိုလရုန်(Kolrun)ခေါ်သော မြစ်ဝကို၊

၎င်းပြင် **အနောက်**တောင်ထောင့်၌ ဒိန္ဒိဂလ်(Dindigal) အမည်ရှိသော အရပ်မှသည် အရှေ့တောင်ထောင့်၌ ပွိုင်းထ်ကလိုင်မျရ် (Point Calimere) ခေါ်သော အစွန်အဖျားထိ ရှိနေ၍ အလျားမိုင်ပေါင်း-၁၂၀၊ အနံမှာ မိုင်ပေါင်း ၈၀-ရှိ၏ဟု ပိုင်းခြား၍ ပြထား၏။

၄-မျက်နှာ မိုင်ကို ပေါင်းကြည့်လိုက်လျှင် မိုင်အကျယ်အဝန်း ၄၀၀-ရှိသောကြောင့် အဆိုပါ ဟူယိုင်ဆင်ကျမ်းနှင့် ညီညွတ်၏။ ယခုအခါ ထင်ရှားရှိနေသော **ကာရနူလ်**(Karmul) မြို့တော်သည် ရှေးအခါက စောလ၊ တစ်နည်း စောဠပြည်၏မြို့တော် ဖြစ်ဖူး၏။

----- x -----

[၃၇] မဟီသကတိုင်း၊ သာဂလပြည်အကြောင်း

မဟီသကတိုင်း၊ သာဂလပြည်၌ သာဂလမင်း စိုးစံတော်မူကြောင်းကို အသိတိ-နိပါတ်၊ စူဠဟံသဇာတ်(ဇာ၊၄၊၅။၃၅၉)၌ ဟောတော်မူ၏။ ဝဇိရဗုဒ္ဓိဋီကာ(၂၈)၌–

မဟီသကမဏ္ဍလ် အန္ဓရဋ္ဌန္တိ ဝဒန္တိ။ – ဟူ၍ ဖွင့်ပြ၏။

မဟီသကမဏ္ဍလ်၊ မဟီသကတိုင်း အဝန်းကို။ အန္ဓရဋ္ဌန္တိ၊ အန္ဓတိုင်း-ဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ တစ်နည်း–

မဟီသကမဏ္ဍလန္တိ အန္ဓကရဋ္ဌं ဝဒန္တိ။ – ဟူ၍လည်း သာရတ္ထဋီကာ(၁။၁၅၀)၌ လာရှိ၏။

မဟီသကမဏ္ဍလန္တိ၊ မဟီသကတိုင်း အဝန်း-ဟူသည်ကား။ အန္ဓကရဋ္ဌ၊ အန္ဓကတိုင်းကို။ ဝဒန္တိ၊ ဆိုကြကုန်၏။

ယင်းသို့ ဋီကာလာသည်အရ အန္ဓက၊ တစ်နည်း အန္ဓတိုင်းကို မဟီသကတိုင်း-ဟု သိအပ်၏။ ဝိနည်းမဟာဝါအဋ္ဌကထာ(၃၃၁)၌ကား–

အန္ဓကဝိန္ဒာတိ ရာဇဂဟတော ဂါဝုတတ္တယေ **အန္ဓကဝိန္ဒံ** နာမ။ – ဟူ၍ လာရှိ၏။

အဓိပ္ပါယ်မှာ- အန္ဓကသဒ္ဒါကို အန္ဓကဝိန္ဒ-ဟု ဖွင့်ဆိုပြီးလျှင် ၄င်းအန္ဓကဝိန္ဒပြည်သည် ရာဇဂြိုဟ်ပြည်မှ ၃-ဂါဝုတ် ဝေးကွာ၏-ဟု အဓိပ္ပါယ်ရှိ၏။ ထိုမှတပါး ဘုရားလောင်း မဂဓရသေ့သည် ဥယျာဉ်တော်မှ ထွက်တော်မူပြီးလျှင် မဟီသကတိုင်းသို့ သွားလေ၏။ ထိုတိုင်းပြည်၌လည်း သခ်ၿပါလရေအိုင်မှ ထွက်သော ကဏ္ဌာဝဏ္ဏမြစ်၏အကွေ့၌ စန္ဒကတောင်သည် ရှိ၏။ ထိုတောင်၏ သစ်ရွက်မိုးကျောင်း၌ နေကြောင်းကို စတ္တာလီသနိပါတ်၊ သခ်ၿပါလဇာတ်(ဇာ၊၄၊၅။၁၇၃)၌ ဟောတော်မူ၏။ ဤသို့လျှင် ပါဠိဘာသာဖြင့် သိအပ်၏။

မဟီသကတိုင်း၊ သာဂလပြည်၏ ယခုရှိနေပုံမှာ ပါဠိဘာသာ၌ လာရှိသော မဟီသက မဏ္ဍလ-သဒ္ဒါကို သက္ကဋ, ဟိန္ဒီဘာသာ၌ မဟီသ္ဝမဏ္ဍလ်-ဟူ၍လည်းကောင်း၊ မဟိဆ်မဏ္ဍလ် (မဟီသမဏ္ဍလ)ဟူ၍လည်းကောင်း ဖွင့်ဆိုပြီးလျှင် ထိုမဟိဆ်မဏ္ဍလ်တိုင်းပြည်သည် ယခု အခါ မိုက်ဆူရ်နယ်အဝန်းကို ခေါ်ဆိုကြောင်းနှင့် ပါရှိ၏။

ၔင်းပြင် မဟိဆ်မဏ္ဍလ်ပြည်သို့ မဟာဒေဝမထေရ်သည် ကြွသွားပြီးလျှင် ဒေဝဒူတသုတ်တရားဖြင့် လူအပေါင်းတို့အား ကြည်ညိုစေ၏။ တရားတော်ကို ကြားနာရကုန်၍ ၄၀,၀၀၀-ကုန်သော လူအပေါင်းတို့သည် ရဟန်းပြုကြကုန်၏-ဟူ၍လည်း မောက်ရယျဆာ-မြာဂျယဏ္ဍတီဟာဆ်ခေါ်သော ဟိန္ဒီဘာသာကျမ်းဂန်၌ လာရှိ၏။

ရှေးက မဟိသကမဏ္ဍလတိုင်းသည် မိုက်ဆူရ်နယ်ဖြစ်ကြောင်းကို (V.A.Smith Asoka, Page- 44) ဤစာအုပ်တွင် ရှုကြလေ။ ထိုကြောင့် ယခုရှိသော မိုက်ဆူရ်မြို့ကို ရှေးက မဟိသကတိုင်း၊ သာဂလပြည် ဖြစ်၏-ဟု သိအပ်၏။ ၎င်းမိုက်ဆူရ်နယ်တွင် ကျိတလဒုရဂ (Chilaldroog)စီရင်စု၌ ဆိဒ္ဓပုရ်, ဂျတိဂ်ရာမေဿ္ဌရ်, ဗြဟ္မဂိရि-ဟူသော အမည်ဖြင့် အသောက ကျောက်စာ ၃-ဌာနနှင့်တကွ ရှေးဟောင်းမြို့ရာ အပျက်အစီးလည်း ရှိ၏။ ကျောက်စာ၏ နေရာမှာ ၁-ခုနှင့် ၁-ခု မနီးမဝေးစီ ရှိ၏။ အဓိပ္ပါယ်ကို ဗြဟ္မဂိရိကျောက်စာမှာ ရှုကြလေ။

----- × -----

[၃၈] သာဂလပြည် လမ်းခရီးအစီအစဉ်

မဟိသကတိုင်းသို့ သွားလိုကြလျှင် မဒရပ်မြို့မှ ဗန်ဂလိုရ်(Bangalore) မြို့သို့ သွားကြ ပြီးမှ မိုက်ဆူရ်မြို့သို့ သွားရမည်။ ဤမိုက်ဆူရ်(Mysore) နယ်အဝန်းသည် မဟိသကတိုင်း ဖြစ်၏။ ယခုအခါ ထင်ရှားသည်ကို အကြောင်းပြု၍ ၎င်းမြို့သည်ပင်လျှင် သာဂလပြည် ဖြစ်၏။ အကယ်၍ ကျောက်စာရှိရာသို့ သွားလိုမူ မိုက်ဆူရ်မြို့မှ ကျိတလဒုရဂ(Chitaldroog) စီရင်စုမြို့သို့ သွားကြလေ။ ၎င်းမြို့က နေ၍ အဆိုပါဌာနသို့ သွားနိုင်ကုန်၏။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
မဟိသကတိုင်း၊ သာဂလပြည်	မိုက်ဆူရ်
ကျိတလဒုရဂမြို့	ဂျိလာကျိတလ်ဒုရဂ,
အသောကကျောက်စာ	ဂျတိဂ်ရာမေဿ္ဌရ်, ဆိဒ္ဓပုရ်, ဗြဟ္မဂိရि

----- × -----

[၃၉] ဒြဝိဋတိုင်း၊ ကဠိပုရပြည်အကြောင်း

ရှေးက ဒြဝိဋတိုင်း၊ ကဠိပုရပြည်သည် ယခုအခါ မဒရာဆ်(မဒရပ်)မြို့မှ ၅၇-မိုင်ထက် ၌ ကဲ့ဂျိဝရမ်မြို့ဟောင်းပင် ဖြစ်ပေ၏။ ဖြစ်ဟန်ကား ဟူယိုင်ဆင်ကျမ်း၌ လာရှိသည်မှာ တိုင်းပြည်၏ အကျယ်အဝန်းသည် မိုင်ပေါင်း ၁,၀၀၀-ရှိ၍ မြို့တော် ကဠိပုရ(ကဲ့ဂျိဝရမ်)မှာ အကျယ်အဝန်း ၅-မိုင်သာ ရှိ၏။ ထိုတိုင်းပြည်တွင် ရဟန်းတော် ၁၀,၀၀၀-နှင့် ကျောင်းတိုက် ၁၀၀-ရှိ၏။ ၎င်းပြင် နတ်ကွန်း ၈၀-လောက်နှင့် ဘာသာကွဲများတို့သည်လည်း အမြောက် အများ ရှိကြ၏။

ရှေးက ငါတို့မြတ်စွာဘုရားသခင် သက်တော်ထင်ရှားရှိစဉ်အခါက ဤမည်သော တိုင်းပြည်သို့ ကြွလာတော်မူပြီးလျှင် အစဉ်မပြတ် သီတင်းသုံးနေတော်မူ၏။ အသောကမင်းကြီးလည်း မြတ်စွာဘုရားသခင် သီတင်းသုံးသောနေရာနှင့် တရားဟောတော်မူရာ နေရာတိုင်းမှာ စေတီ,ပုထိုး တည်ထားခဲ့ကြောင်းနှင့် ဟူယိုင်ဆင်ကျမ်း၊ စာမျက်နှာနံပါတ် ၅၇၃-တွင် တွေ့ရှိပေ၏။ (ပါဠိကျမ်းဂန်၌မူကား ဤဒြဝိဋ္ဌတိုင်းပြည်သို့ မြတ်စွာဘုရားသခင် ကြွရောက်တော်မူကြောင်းကို မတွေ့ရှိရပေ။ ပညာရှိတို့ ဆင်ခြင်တွေးဆ၍ ယူကြလေ။)

ဒြဝိဋ္ဌတိုင်းပြည်၏ နယ်နိမိတ်မှာ ကနိန်ဂဟမ်ကျမ်းစာအရဖြင့် ဟူယိုင်ဆင်နယ်-နိမိတ်အတိုင်းပင်–

မြောက်ဘက်၌ ကိုကနနှင့် ဓနကဋ္ဌက၊

တောင်ဘက်၌ မလျာကူးဋ္ဌ-ဟူ၍ ဆိုသောကြောင့် အနောက်ဘက်ပင်လယ်မှသည် အရှေ့ဘက်ပင်လယ်ထိ ရှိ၏။

မြောက်ဘက်၌ ကုဏ္ဍာပုရ်(Kundapur)မြို့မှသည် အနောက်ဘက် ပင်လယ်ကမ်းခြေထိ၊

တောင်ဘက်၌ ကာလာကုဋ္ဌ(Calcuta)မြို့မှ ကာဝေရီ(Kaveri)မြစ်ထိ၊

မြေပုံပေါ်၌ အဖြောင့်တိုင်းလျှင် မိုင်ပေါင်း ၁,၀၀၀-လောက်ရှိနေခြင်းကြောင့် တရုတ်ဘုန်းကြီး ဟူယိုင်ဆင်၏အလိုသည် ယခုရှိနေပုံနှင့် ညီညွတ်ပေ၏။

မျက်မြင်ဒိဋ္ဌမှာကား ထိုကံဂျီဝရမ်မြို့ဟောင်း၌ ကျောက်, အုတ်-စသည်ဖြင့် ဆောက်လုပ်ထားကုန်သော ကျောင်းတိုက်တို့သည် အမြောက်အများရှိကုန်၏။ သို့သော် ရှေးရှေးက ဗုဒ္ဓဘာသာ သာသနာတော်၏ စည်ပင်သာယာရာ ဖြစ်ငြားသော်လည်း ယခုအခါမှာမူ ဟိန္ဒူ, မူဆလမာန်တို့၏ သာသနာချည်းသာ ဖြစ်၍နေသည်ကို တွေ့ရှိရပေ၏။ တွေ့ရှိရသမျှသော အဆောက်အဦးများ အနက်တွင်လည်း ကျောက်စာဘက်ဆိုင်ရာက ရှာဖွေ၍ ပြထားသောဌာနမှာ ကြည်ညိုစရာ ၂-ဌာနသာ တွေ့ရှိရပေ၏။ ထိုသို့ပင် ရှိသော်လည်း မြင်ရသူတို့မှာ ရုတ်တရက် စိတ်ပျက်ဖွယ်ရာ ကောင်းပေ၏။

အကြောင်းကား ရှေးဟောင်းကျောင်းတိုက်ကြီး ၁-ခုသည် မုခ်အထွတ်အဆောင်ဆောင်တို့ဖြင့် ဆင်ယင်လျက် ကံဂျီဝရမ်မြို့တွင်း၌ ရှိနေ၏။ ထိုကျောင်းရှိ ရုပ်တု, ဆင်းတုတော်များကို အလုံးစုံ ချိုးဖျက်ပြီးလျှင် မိမိတို့ ကိုးကွယ်သော ဟိန္ဒူဘုရား၏ အဆောက်အဦးများ ပြုလုပ်၍ ထားကြကုန်၏။ ကျောက်စာဝန်တို့ကလည်း အချို့ထက်ဝက် ယူဆောင်ကြပြီးလျှင် မဒရပ်မြို့ရှိ ပြတိုက်တွင် ထည့်သွင်းဖော်ပြထားကုန်၏။ ယခုအခါမှာ ထိုကျောင်း

တိုက်၌ ဉာဏ်တော် ၃-တောင်ခန့်ရှိသော ဆင်းတုတော် ၁-ဆူသာ မဏိတော်ပြတ်လျက် ရှိနေ၏။ ကျောင်းတိုက်ကို ကာမတ်ချီအမွန်-ဟု ခေါ်ဆိုကြ၏။

ၦင်းပြင် ကံဂျီဝရမ်မြို့၌ တလ္လာရိလမ်း ၁-ခုရှိ၏။ ထိုလမ်းနား၌ ပေလိယန်နန်-မုဒလိယရ်ခေါ်သော ဥယျာဉ်တွင် ဉာဏ်တော် ၃-တောင်ခန့်ရှိသော မြတ်စွာဘုရား ရုပ်တုတော် ၁-ဆူ ရှိ၏။ ထိုမြို့သားတို့က ၦင်းဥယျာဉ်ကို ရှေးရှေးက ကျောင်းတိုက်-ဟု ပြောဆိုကြ၏။ ဥယျာဉ်ထဲမှာ လူတို့ ခေတ္တနားနေရန် ဓမ္မသာလာလည်း ၁-ခုရှိ၏။

----- × -----

[၄၀] ကဉ္စီပုရပြည် လမ်းခရီးအစီအစဉ်

မဒရာဆ်၊ ဧဂ္ဂမိုရ်ဘူတာမှ ကျိန်ဂလ်ပတ်(Chingleput)ဘူတာသို့ လိုက်ပြီးမှ ကံဂျီဝရမ်(ConJeeveram)ဘူတာသို့ သွားကြပြီးလျှင် အောက်ပါအတိုင်း ကြည့်ရှုနိုင်၏။ သို့မဟုတ် မဒရာဆ်မြို့မှ မော်တော်ကားနှင့်လည်း သွားရောက်ကြည့်ရှုနိုင်ပေ၏။ ဘူတာရုံကသော်လည်းကောင်း သို့မဟုတ် ဓမ္မသာလာကသော်လည်းကောင်း တည်းခိုရ ကြည့်ရှုကြလေ။

မြန်မာအခေါ်	ဟိန္ဒူအခေါ်
ဒြဝိဋ္ဌတိုင်း၊ ကဉ္စီပုရပြည်	ကံဂျီဝရမ်
ကျောင်းတိုက်ကြီး	ကာမင့်ကျီအမွန်မန္ဒိရ် (Kamtchi Amman)
ရှေးဥယျာဉ်တော်	ပေလိယန်နန်မုဒလိယရ်တို
ဘုရားကျောင်းတိုက်	တမ်တလ္လာရိတရ

----- × -----

[၄၁] ဝနဝါသီတိုင်း၊ ကောကနပြည်အကြောင်း

ဝနဝါသီတိုင်း၊ ကောကနပြည်၏ ရှေးအကြောင်းကား မြတ်စွာဘုရားသခင် လက်ထက်တော်၌ တိဿသာမဏေသည် သာဝတ္ထိပြည်၊ ဇေတဝန်ရွှေကျောင်းမှ ယူဇနာ ၂၀၀-ရှိသောအရပ်သို့ သွား၍ ဥပါသကာတစ်ယောက်သည် ညွှန်ပြအပ်သောနေရာသို့ ကပ်လျက်နေလေ၏။ သီတင်းကျွတ်လျှင် အရှင်သာရိပုတ္တရာ အစရှိကုန်သော သံဃာတော်

၄၀၀၀-တို့သည် ယူဇနာ ၂၀၀-ရှိသော ခရီးသို့ ကြွတော်မူကြပြီးလျှင် ဝနဝါသီတိုင်း၊ တိသ-သာမဏေ၏ ဆွမ်းခံရှာမှီစ၍ ၃-ဂါဝုတ်သွားပြန်လေသော် ထိုသာမဏေနေရာ တောကျောင်းသို့ ရောက်ကြလေကုန်၏။ မြတ်စွာဘုရားသခင်လည်း ကြွတော်မူလတ်၍ ဝနဝါသီအရပ်သို့ ရောက်တော်မူလေ၏။ ထိုအခါ တောင်ထိပ်သို့ တက်တော်မူပြီးလျှင် တိသ-သာမဏေအား တောင်ထိပ်မှ သမုဒ္ဒရာကို မြင်၏-ဟူသော စကားဖြင့် ဆုံးမတော်မူလေ၏။ ဤသို့ စသည်ဖြင့် ဓမ္မပဒအဋ္ဌကထာ(၁။၃၃၇)၌ လာရှိ၏။

သီလက္ခန်အဋ္ဌကထာ၊ အမွဋ္ဌသုတ်အဖွင့်(၂၁၃)၌ "**ဝနဝါသီသာမဏေရဿ တိဂါဝုတာဓိကံ ဝိသယောဇနသတံ**"ဟူ၍ ဓမ္မပဒအဋ္ဌကထာလာသော နည်းတူပင် ခရီးယူဇနာ ၂၀၀-နှင့် ၃-ဂါဝုတ်ရှိကြောင်းကို လာရှိ၏။ ဝနဝါသီတိုင်းသို့ ရက္ခိတမထေရ် ကြွသွား၍ အနမတဂ္ဂသုတ်ဖြင့် သာသနာတော်ပြုကြောင်းကို ပါရာဇိကဏ္ဍအဋ္ဌကထာ၌ လာရှိ၏။ ဤကား ပါဠိဘာသာဖြင့် သိအပ်သော စကားရပ်တည်း။

ယခုရှိပုံမှာ– **တောင်ဘက်၌ ဒြဝိဋ္ဌနယ်(ကံဂျီဝရမ်)၊**

အရှေ့ဘက်၌ ဓနကဋကအရပ်၊

မြောက်ဘက်၌ မဟာရာရှတြ(မဟာရဋ္ဌတိုင်း)၊

အနောက်ဘက်၌ ပင်လယ်ကမ်းခြေထိ၊

ဤမျှလောက် ဝနဝါသီတိုင်းသည် ကျယ်ဝန်း၏။ ယင်းသို့ ဖြစ်ခြင်းကြောင့် တိုင်းထွာ၍ ကြည့်လိုက်လျှင် အကျယ်အဝန်း မိုင်ပေါင်း ၈၀၀-ခန့် ရှိ၏။ ဤတိုင်းပြည်၌ ကာဒမ္ဘမင်းလည်း ထီးနန်းစိုက်ထူခဲ့ဖူး၏။

တစ်နည်း ၎င်းတိုင်းပြည်၌ ကနာရာစီရင်စုမြို့၏ မြောက်ပိုင်းရှိ မိုက်ဆူရ်နယ်၏ အနောက်မြောက်တိုင်အောင်လည်း ပါဝင်၏။ ကောကနပြည်သည်ကား ယခုအခါမှာ **အန္ဓဂုန္ဒီ**ပင် ဖြစ်ပေ၏။ ၎င်းအန္ဓဂုန္ဒီမြို့သည် တုဂ်ဘဒြာမြစ်၏ မြောက်ဘက်ကမ်းတွင် တည်ရှိ၏။ မဟာမက်တို့ မရောက်မီကပင် မြို့တော်ဖြစ်၍နေ၏-ဟု မှတ်အပ်၏။ မြစ်၏ တောင်ဘက်ကမ်း၌ရှိနေသော ဝိဇယနဂရခေါ်သော မြို့ကို မတည်မီ အဆိုပါမြို့သည်ပင် ယာဒဝ **အန္ဓယ်**ဝင် မင်းတို့၏မြို့တော် ဖြစ်လေ၏-ဟူ၍လည်း သိအပ်၏။ ဤသို့ အစရှိသော စကားရပ်ကို ကျောက်စာမင်းကြီး ကနိန်ဂဟမ်သည် လူအများတို့ကို သိစေ၏။ ပင်လယ်ကမ်းခြေနှင့် နီးစပ်သောကြောင့် အနီးအနားရှိ တောင်တို့တွင် ဘယ်တောင်မျိုးကမဆို သမုဒ္ဒရာကို မြင်နိုင်၏-ဟု မှတ်ကြလေ။

ဤနေရာ၌ ဟူယိုင်ဆင်ကျမ်း၏ အလိုကိုလည်း အနည်းငယ် ထုတ်ဆို၍ ပြလိုက်ဦးအုံ့။ ဝနဝါသီတိုင်း၏ အကျယ်အဝန်းသည် မိုင်ပေါင်း ၈၃၃-မိုင်ရှိ၍ ၎င်း၏မြို့တော် ကောဂနသည် အကျယ်အဝန်း ၅-မိုင်ရှိ၏။ တိုင်းပြည်အဝန်း၌ သံယာတော် ၁၀,၀၀၀-လောက်နှင့် ကျောင်းတိုက်ပေါင်း ၁၀၀-ရှိ၏။ ၎င်းပြင် ဘာသာအလိုက် ကိုးကွယ်ဆည်းကပ်ကြသော နတ်ကွန်း, နတ်စင်များလည်း ၁၀၀-လောက်ပင် ရှိလေ၏။ ဤသို့ စသည်ဖြင့် ဟူယိုင်ဆင်ကျမ်း၌ လာရှိပေ၏။ အကျယ်ကို သိလိုလျှင် ၎င်းကျမ်းတွင် ကြည့်ရှုကြလေ။ ၎င်းနေရာကို သွားရောက်လိုသူတို့မှာ အထက်ပါ နယ်နိမိတ်အတိုင်း ဣန္ဒိယမြေပုံကို ကြည့်၍ နီးစပ်ရာမှ သွားရောက်နိုင်ကြလေသည်။

----- × -----

[၄၂] တန်ဂျိုရ်မြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် မဒရာဆ်(မဒရပ်)မြို့၌ တစ်လပတ်လုံး သီတင်းသုံးနေပြီးမှ ဧဂ္ဂမိုရ်ဘူတာမှ ထွက်သွားလေရာ တန်ဂျိုရ်(Tan Jore)မြို့သို့ ဆိုက်ရောက်လေ၏။ မြို့၏ အခြေအနေမှာ သာယာလှသည်ဖြစ်၍ နေဖို့ထိုင်ဖို့ရာ ကောင်းလှ၏။ လူများတို့သည်လည်း ယဉ်ကျေးသောဂုဏ်နှင့် ပြည့်စုံကြ၏။ ရသေ့,ရဟန်းတို့အားလည်း နိစ္စဗဒ်အလှူပေးလေ့ရှိကြကုန်၏။ ဘာသာအလိုက် ကိုးကွယ်ဆည်းကပ်ကြသော ကျောင်း, ကန်, သိမ်, ဘုရား, ပုထိုးတို့မှာ အဟောင်း,အသစ် များစွာပင်ရှိကုန်၏။ ဗုဒ္ဓဘာသာနှင့် ဆိုင်ရာမူကား ယခုအခါမှာ တစ်စုံတစ်ရာမျှ မရှိချေ။

----- × -----

[၄၃] တြိချနာပလီမြို့အကြောင်း

ဦးကိတ္တိရဟန်းတော်သည် တန်ဂျိုရ်မြို့မှ ထွက်သွားလေရာ တြိချနာပလီ(Trichinapaly)မြို့သို့ ဆိုက်ရောက်ပြန်လေ၏။ ၎င်းမြို့၌ မြန်မာပြည်မှ ခေတ္တလာရောက်သော ဟိန္ဒူကုန်သည်ကြီးတစ်ယောက်နှင့် တွေ့ဆုံလေရာ မြန်မာပြည်သားဖြစ်သောကြောင့် ဗုဒ္ဓဘာသာ ရဟန်းတော်များကို မြင်လျှင်မြင်ချင်း ခရီးဦးကြိုပြုခြင်း, နှုတ်ခွန်းဆက်ခြင်း, ရှိခိုးခြင်း-စသော ဝတ္တရားဖြင့် များစွာ ဆည်းကပ်လေ့ရှိ၏။

ဦးကိတ္တိရဟန်းတော်နှင့် အကျိုးအကြောင်း စကားများကို ပြောဆိုမေးမြန်းကြရာ ထိုဒါယကာသည် သဒ္ဓါတရားအလျောက် ဆွမ်း ဘောဇဉ်ကို လုပ်ကျွေးလေ၏။

ၔင်းဒါယကာ၏ အထောက်အပင့်နှင့် မြို့,ရွာများတို့ကို ကြည့်ရှုရ၏။ မြို့ထဲ,မြို့ပြင်တွင် မိမိတို့ဘာသာ အယူဝါဒအားလျော်စွာ ကိုးကွယ်ဆည်းကပ်ရာ နတ်ကွန်း, နတ်စင်, ဘုရားကျောင်းတို့သည် များစွာရှိကုန်၏။ ဗုဒ္ဓဘာသာတို့၏ ရှေးဟောင်းအဆောက်အဦး ဆိုရ၍ကား တစ်စုံတစ်ခုမျှ မရှိချေ။ မြို့သူ,မြို့သား လူအများတို့သည်လည်း များသောအားဖြင့် သဒ္ဓါတရားနှင့် ပြည့်စုံကြပေ၏။

----- × -----

[၄၄]　မထုရာ(မဓုရာ)ပြည်အကြောင်း

ဦးကိတ္တိရဟန်းတော်သည် တြီချနာပလီမြို့မှ ထွက်သွားပြန်လေရာ မဓုရာ(Madura) မြို့သို့ ဆိုက်ရောက်ပြန်လေ၏။ ဘူတာရုံ၏အနီးအပါး ဟိန္ဒူဓမ္မသာလာ၌ တည်းခိုရ၍ နေရလေ၏။

မဓုရာပြည်၏ ရှေးအကြောင်းကား–

ဧကံ သမယံ အာယသ္မာ မဟာကစ္စာနော မဓုရာယံ ဝိဟရတိ ဂုန္ဒာဝနေ။ အသောသိ ခေါ ရာဇာ မဓုရော အဝန္တိပုတ္တော သမဏော ခလု ဘော ကစ္စာနော မဓုရာယံ ဝိဟရတိ ဂုန္ဒာဝနေ။ –

ဟူ၍ မဇ္ဈိမပဏ္ဏာသပါဠိတော်၌ ဟောတော်မူ၏။

ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ အာယသ္မာ၊ သက်တော်ရှည်သော။ မဟာ-ကစ္စာနော၊ အရှင်မဟာကစ္စည်းထေရ်သည်။ မဓုရာယံ၊ ဒကွိဏာမဓုရာပြည်၌။ ဂုန္ဒာဝနေ၊ ပိတ်ချင်းတောင်၌။ ဝိဟရတိ၊ နေတော်မူလေ၏။ တဒါ၊ ထိုအခါကာလ၌။ အဝန္တိပုတ္တော၊ အဝန္တိတိုင်း, ဥဇ္ဇေနီပြည်ရှင်ဘုရင် စန္ဒပဇ္ဇောတမင်း၏ သားတော်ဖြစ်သော။ မဓုရော၊ မဓုရာပြည်ကို အစိုးရသော။ ရာဇာ၊ မင်းသည်။ ခလု၊ စင်စစ်မုချ။ သမဏော၊ ရဟန်းဖြစ်သော။ ဘော ကစ္စာနော၊ အရှင်မဟာကစ္စည်းမထေရ်သည်။ မဓုရာယံ၊ မဓုရပြည်၌။ ဂုန္ဒာဝနေ၊ ပိတ်ချင်းတောင်၌။ ဝိဟရတိ၊ နေတော်မူလေ၏။ ဣတိ၊ ဤသို့သော အကြောင်းကို။ အသောသိ ခေါ၊ ကြားလေသည်သာလျှင်ကတည်း။

အဓိပ္ပါယ်မှာ "အခါတပါး ဒက္ခိဏာမဓုရပြည် ပိတ်ချင်းတောင်၌ အရှင်မဟာကစ္စည်းမထေရ်သည် သီတင်းသုံးနေတော်မူလေ၏။ ထိုအခါ အဝန္တီတိုင်းကို အစိုးရသော ဥဇ္ဇေနီပြည် မင်းကြီး၏သားတော် မဓုရာမင်းသည် ထိုအရှင်မဟာကစ္စည်းမထေရ် ကြွရောက်၍ ပိတ်ချင်းတောင်၌ သီတင်းသုံးနေကြောင်းကို ကြားသိတော်မူလေ၏။" ဤဒေသနာတော်ဖြင့် ဒက္ခိဏာမဓုရာပြည်၌ အရှင်မဟာကစ္စည်းမထေရ် သီတင်းသုံးတော်မူကြောင်းကို သိအပ်၏။

ထိုမှတပါးလည်း သီဟဗာဟုမင်းသည် နှမတော်သီဝလိကို မိဖုရားမြှောက်၍ မင်းပြုသောအခါ ထိုမိဖုရားမှ အစုံအစုံသော သားတော်တို့ကို ၁၆-ကြိမ် ဖွားမြင်လေ၏။ ထိုသားတော် ၃၂-ယောက်တို့တွင် ဝိဇယမင်းသည် အကြီးဆုံးဖြစ်၏။ သားတော်ဝိဇယကို ပြည်သူ, ပြည်သားတို့အား နှိပ်စက်ကလူပြုသောကြောင့် ခမည်းတော် သီဟဗာဟုမင်းကြီးသည် ကျွန်သင်း ၇၀၀-နှင့်တကွ လှေဖြင့် သမုဒ္ဒရာသို့ မျှောစေ၏။ မင်းသားလည်း အစဉ်အတိုင်း သီဟိုဠ်ကျွန်းသို့ ဆိုက်ရောက်လေလျှင် ဘီလူးမတစ်ယောက်ကို ကြင်ယာမြှောက်စားလျက် နေလေ၏။

ထို့နောက် ထိုမိဖုရားဘီလူးမ၏ အထောက်အပင့်ဖြင့် သီဟိုဠ်ကျွန်း၌ ဘီလူးတို့ကို အောင်မြင်သောအခါ တမ္ဗပါဏီ အမည်ရှိသော တစ်ခုသောမြို့ကို တည်ထောင်လျက် မင်းပြုနေလေ၏။ ထို့နောက် မြို့,ရွာအသီးအသီးကို တည်ထောင်ပြီးမှ ဇမ္ဗုဒီပါကျွန်း၊ မဓုရာပြည်မှ ပဏ္ဍာမင်း၏သမီးတော်ကို တောင်းခံစေ၍ မင်း၏အဘိသိက်ဖြင့် စိုးစံတော်မူလေ၏။

ဤစကား၌ ဆိုလိုရင်းကား ဝိဇယမင်းလက်ထက်၊ မဓုရာပြည်မှာ ပဏ္ဍာမင်း စိုးစံကြောင်းကိုလည်းကောင်း၊ ထိုဝိဇယမင်း၏ မိဖုရားသည် ထိုပဏ္ဍာမင်း၏ သမီးတော်ဖြစ်ကြောင်းကိုလည်းကောင်း ဆိုလိုသည်။ အကျယ်ကို သိလိုလျှင် မဟာဝင်ကို ရှုလေ။

ထိုဒက္ခိဏာမဓုရာ၏ နယ်နိမိတ်ကား-

တောင်ဘက်၌ ပင်လယ်ကမ်း,

မြောက်ဘက်၌ ဒြဝိဋ္ဌနယ်, တစ်နည်းကား ကာဝေရီမြစ်၊

တောင်ဘက် မလျှကူးင့်နယ်အထဲ၌ အရှေ့ဘက် တန်ကျိုရ်မြို့နှင့် မဓုရာစီရင်စု ပါဝင်၍,

အနောက်ဘက်၌ ကိုကျိန်နယ်နှင့် တြဝန်ကိုးရ်နယ်များလည်း ပါဝင်လျက်ရှိနေ၏။

ယခုအခါမှာ မဓုရာ၌ ဗုဒ္ဓဘာသာတို့၏အထိမ်းအမှတ် တစ်စုံတစ်ခုမျှ မရှိ၊ ဘာသာလိုက် ကိုးကွယ်ကြသော ဟိန္ဒူနတ်ကွန်း-စသည်များသာ ရှိကုန်၏။ ကမ္ဘာပေါ်တွင် အလွန်ကြီးကျယ်ခမ်းနားသော ရှေးဟောင်းနတ်ကွန်းကြီး ၁-ခုရှိ၏။ ၎င်းနတ်ကွန်းကို ဟိန္ဒီဘာသာ၌ ဗရာမဏ်၏ တစ်နည်း မိနာချီ-ဟူ၍ ခေါ်ဆိုကြ၏။ မဓုရ(Madura)ဘူတာရုံ အနီးအနားတွင် ရှိသော ဓမ္မသာလာမှာ တစ်နေ့ကို ပိုက်ဆံ ၄-ပဲစီ ပေး၍ နေနိုင်၏။

----- x -----

[၄၅] ရာမေဆွရာမ်မြို့၌ ရှေးဟောင်းဘုရားကျောင်းအကြောင်း

ဦးကိတ္တိရဟန်းတော်သည် မဓုရာပြည်မှ ထွက်သွားပြန်လေရာ အစဉ်အတိုင်း မာနာမဓုရာ, ပါရာမကုရီ, မန္ဒပန်ကမ်ပ်, ဟနုမန်ကျောက်တန်းကို လွန်မြောက်၍ ရာမေဆွ-ရာမ်ခေါ်သော ရှေးဟောင်း ဟိန္ဒူဘုရားကျောင်းကြီးသို့ ဆိုက်ရောက်လေ၏။ ရာမေဆွရာမ်ကျွန်းအားလုံးမှာ ရာမမင်း၏နေထိုင်ရာ အဆောက်အဦးများသာ ရှိကုန်၏။ အထူးအားဖြင့် ကြည့်ရှုအပ်သောနေရာကား ကမ္ဘာပေါ်တွင် အလွန်ကြီးကျယ်သော ရာမေဆွရာမ်ခေါ်သော ဘုရားကျောင်း ၁-ခုသာ ရှိ၏။ ဟိန္ဒူလူမျိုးတို့သည် ထိုကျောင်းတိုက်သို့ များစွာလာရောက်ကြည့်ရှုကြကုန်၏။ ဘုရားဖူးသူတို့ တည်းခိုရန် ဓမ္မသာလာရှိ၏။ အကျယ်ကို သိလိုလျှင် ဟိန္ဒီ,သင်္ဂလာ ရာမာယဏ်ကျမ်းကို ကြည့်ကြလေ။ ဤရာမေဆွရာမ်(Rameswaram) ဘုရားကျောင်းမှ ပင်လယ်က ထွက်သော သတ္တုအမျိုးမျိုးတို့ကို ရနိုင်၏။

ဆဋ္ဌကဏ္ဍ ပြီးပြီ။

★ ★ ★ ★ ★ ★ ★

{ ၇ } သတ္တမကဏ္ဍ

[၁] သီဟိုဠ်ကျွန်းသို့ ကြွသွားခြင်းအကြောင်း

ဦးကိတ္တိရဟန်းတော်သည် သီဟိုဠ်ကျွန်းသို့ ကူးသွားရန် နိုင်ငံခြားဆရာဝန်ထံမှ အခွင့်ခံယူလျှင် ဆရာဝန်က "ကျောက်မထိုးဘဲနှင့် သွားခွင့်ကို မပေးနိုင်"ဟု ဆိုပြီး တားမြစ်ထားသောကြောင့် ဆေးရုံကြီး၌ ကျောက်ထိုးခံ၍ ၆-ရက်ပတ်လုံး အကျဉ်းသားများကဲ့သို့ နေရပေ၏။ ၇-ရက်မြောက်သောနေ့၌ နာရီပြန် ၂-ချက်တီးအချိန် ရထားဖြင့် ထွက်သွားလေရာ ဓနုရှကုဏ္ဍီ(Dhanushkodi) ခေါ်သော သင်္ဘောဆိပ်သို့ ရောက်ရှိ၍ တဖန် သင်္ဘောခရီးဖြင့် သွားပြန်လေသော် မကြာမီပင် သီဟိုဠ်ကျွန်းသို့ ဆိုက်ရောက်လေ၏။

ဂျန္ဒီယကျွန်းဆွယ်မှ သီဟိုဠ်ကျွန်းဆိပ်ကမ်းသည် အဖြောင့်အားဖြင့် သင်္ဘော ၁-နာရီခွဲခရီး ရှိ၏။ ထိုဆိပ်ကမ်းမှ တဖန်သွားလေပြန်ရာ နံနက် ၈-နာရီလောက်ကို ကန်နကီ-ဆန်တူရီခေါ်သော ပင်လယ်ဆိပ်ကမ်းသို့ ဆိုက်ရောက်လေ၏။ ထိုဆိပ်ကမ်း၌ မီးရထားရုံပိုင်ကြီးသည် မိမိအိမ်သို့ ပင့်ခေါ်၍ ဆွမ်းအလုပ်အကျွေးဖြင့် ခရီးဦးကြိုပြုလေ၏။ ဦးကိတ္တိရဟန်းတော်သည်လည်း ဆွမ်းအလှူကို ခံယူသုံးဆောင်၍ မဂ်လာတရားတော်ဖြင့် ချီးမြှောက်ခဲ့ပြီးလျှင် ၎င်းနေ့ ညနေ ၅-နာရီရထားဖြင့် ထွက်သွားပြန်လေသော် နံနက် ၇-နာရီခွဲအချိန်၌ ကိုလံဘိုမြို့၊ ဦးဝိနယလက်ဘရ၏ ကျောင်းတိုက်သို့ ဆိုက်ရောက်လေ၏။

----- × -----

[၂] သီဟိုဠ်ကျွန်းအကြောင်း

ဤသီဟိုဠ်ကျွန်းသည် ကကုသန်မြတ်စွာဘုရားသခင်လက်ထက်တော်၌ သြဇာကျွန်းဟူသော အမည်ဖြင့် ထင်ပေါ်ကျော်စောခဲ့ဖူးလေ၏။ ထိုရောအခါ ပုဏ္ဏကဘီလူးသည် လူအပေါင်းတို့အား နှိပ်စက်ညှဉ်းဆဲခြင်းကြောင့် ဤကျွန်းသူ,ကျွန်းသားတို့သည် ရောဂါအနာစွဲကပ်ခြင်းသို့ ရောက်ကြရကုန်၏။ ကကုသန်မြတ်စွာဘုရားသခင်သည်လည်း မဟာကရုဏာတော်ဖြင့် သြဇာကျွန်းသို့ ပရိတ်အရံအတားဖြင့် လူအပေါင်းတို့၏ ဥပဒ္ဒဝေါဘေးရန်ကို ငြိမ်းစေတော်မူပြီး ရဟန္တာ ၄-သိန်းနှင့်တကွ ကြွလာတော်မူပြီးလျှင် ဒေဝကူဋတောင်ထိပ်၌ သီတင်းသုံးနေတော်မူလေ၏။ ရဟန္တာတို့အားလည်း ပရိတ်အရံအတားကို ပြုစေတော်မူ၏။

လူတို့၌ စွဲကပ်သော အနာရောဂါ, ဘေးဥပဒ်အန္တရာယ်တို့ ကင်းပ၍ ပျော်ကွယ်လေသောအခါဝယ် မြတ်စွာဘုရားသခင်သည် ဒေဝကုဋ္ဌတောင်ထိပ်ပေါ်မှ "ငါ၏အထံသို့ လာရောက်လိုကုန်သောသူတို့သည် မငြိုမငြင်ရဘဲလျက် ငါ၏ထံတော်ပါးသို့ လာရောက်ဖူးမြော်နိုင်ကြစေသတည်း"ဟု ဓိဋ္ဌာန်တော်မူ၍ ရောင်ခြည်တော် ၆-သွယ်ကို လွှတ်တော်မူလိုက်လေ၏။ ထိုအခါ အဘယမင်းနှင့်တကွ မြို့သူ,မြို့သားတို့သည် လာရောက်၍ ဖူးမြော်ကြကုန်၏။ ထို့နောက် မြတ်စွာဘုရားသခင်ကို ပင့်ဆောင်ပြီးလျှင် မဟာစေတီ တည်ရာ၌ သီတင်းသုံးနေစေပြီးမှ မြတ်စွာဘုရားသခင်နှင့်တကွ အားလုံးသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်း,ဘောဇဉ်ဖြင့် လုပ်ကျွေးကြလေကုန်၏။

၂။ ဤသီဟိုဠ်ကျွန်းကို ကောဏာဂုံမြတ်စွာဘုရားသခင်လက်ထက်တော်မှာ ဝရဒီပကျွန်းအမည်ဖြင့် ခေါ်ဆိုကြလေကုန်၏။ ထိုကျွန်း၌ မိုးခေါင်းပါးလှ၍ ငတ်မွတ်ခြင်းဘေးအန္တရာယ် ဆိုက်ရောက်လေသောအခါ ကောဏာဂုံမြတ်စွာဘုရားသခင်သည် မဟာကရုဏာတော်စိတ် ရှေးရှုပြဋ္ဌာန်းတော်မူ၍ ရဟန္တာ ၃-သောင်းနှင့် ကြွလာတော်မူပြီးလျှင် သုမနကူဋ္ဌတောင်ထိပ်၌ သီတင်းသုံးနေတော်မူ၏။ မြတ်စွာဘုရားသခင်လည်း တန်ခိုးတော်ဖြင့် ပြည်သူတို့အား ချမ်းသာစေတော်မူ၍ "လူအပေါင်းတို့သည် ငါ၏အထံတော်သို့ လာရောက်ဖူးမြော်ကြစေသတည်း"ဟု ဓိဋ္ဌာန်တော်မူလေ၏။

ထိုအခါ သမိန္ဓမင်းနှင့်တကွ တိုင်းသူပြည်သား လူအများတို့သည်လည်း မြတ်စွာဘုရားသခင် သီတင်းသုံးတော်မူရာ သုမနကူဋ္ဌတောင်ပေါ်သို့ လာရောက်ကြပြီးလျှင် ပူဇော်သက္ကာရကို ပြုလုပ်ကြလေကုန်၏။ ထို့နောက် မြတ်စွာဘုရားသခင်နှင့်တကွ သံဃာတော်အရှင်မြတ်တို့ကို ပင့်ဖိတ်၍ မဟာစေတီ တည်ရာ၌ သီတင်းသုံးနေစေတော်မူပြီးမှ ဆွမ်းအလုပ်အကျွေးဖြင့် ဆည်းကပ်ကြကုန်၏။

၃။ ကဿပမြတ်စွာဘုရားသခင်လက်ထက်တော်၌ကား ဤသီဟိုဠ်ကျွန်းသည် မဏ္ဍာဒီပကျွန်း-ဟု ခေါ်တွင်ထင်ရှားလေ၏။ ထိုအခါ ဇယန္တမင်းနှင့် ညီတော် ဘလ္လမင်းသားတို့သည် စစ်ထိုးကြ၍ သတ္တဝါတို့ ပျက်စီးကြကုန်၏။ ကဿပမြတ်စွာဘုရားသခင်သည်လည်း မဟာ-ကရုဏာတော်ဖြင့် ရဟန္တာ ၆-သောင်း ခြံရံလျက် မဏ္ဍာဒီပကျွန်းသို့ ကြွလာတော်မူပြီးလျှင် သုတတောင်ထိပ်၌ သီတင်းသုံးနေတော်မူလေ၏။ ထို့နောက် "လူများအပေါင်းတို့သည် ငါ၏ထံမှောက်သို့ လာရောက်၍ ငါ့အား ဖူးမြော်ကြစေကုန်သတည်း"ဟု ဓိဋ္ဌာန်တော်မူ၍ ရောင်ခြည်တော်တို့ကို စေလွှတ်တော်မူလိုက်လေ၏။

မြတ်စွာဘုရားသခင်၏ တန်ခိုးတော် အာနုဘော်တော်ကြောင့် ဇယန္တမင်းသည် ပြည်သူတို့နှင့်တကွ လာရောက်ဆည်းကပ်လေ၏။ မင်းညီနောင် ၂-ဦးတို့လည်း အချင်းချင်း ဒေါသပြေငြိမ်းပြီးလျှင် မြတ်စွာဘုရားသခင်ကို ပင့်ဆောင်ကာ မဟာစေတီတည်ရာ၌ သီတင်းသုံးနေစေတော်မူပြီးမှ ခဲဖွယ်,ဘောဇဉ်တို့ဖြင့် လုပ်ကျွေးကြလေကုန်၏။

၄။ ငါတို့ ဂေါတမမြတ်စွာဘုရားသခင် လက်ထက်တော်၌မူကား သီဟိုဠ်ကျွန်းသည် သီဟဠဒီပအမည်ဖြင့် ထင်ရှား၍နေ၏။ ဂေါတမမြတ်စွာဘုရားသခင်သည် ၃-ကြိမ်တိုင်တိုင် ဤသီဟိုဠ်ကျွန်းသို့ ကြွလာတော်မူ၏။

ဘုရားဖြစ်ဦးကာစကပင် ကြွလာတော်မူ၍ ကျွန်းနေ ဘီလူးတို့အား ဆုံးမခြင်းကို ပြုတော်မူ၏။

၂-ကြိမ်မြောက်၌ စူဠောဒရ, မဟောဒရ နဂါးမင်းတို့အား ဆုံးမတော်မူ၏။

၃-ကြိမ်မြောက်၌ ကလျာဏီနားခ်ိုနေသော မဏိအက္ခကနဂါးမင်း ပင့်ဖိတ်၍ သံယာတော်နှင့်တကွ ကြွလာတော်မူလျက် ကလျာဏီမြစ်နားခ်ိုတွင် ဆွမ်းဘုဉ်းပေးတော်မူ၍ ရေသပွါယ်တော်မူပြီးသော် မဟာဗောဓိပင်ဌာနသို့ ကြွတော်မူ၍ ဖလသမာပတ်ကို ဝင်စားပြီးမှ တဖန် မဟာစေတီ တည်ရာ၌လည်း ဝင်စားတော်မူ၏။

ထို့နောက် ရှေ့ဘုရားတို့၏ ဓမ္မကရိဏ္ဏာတော်, ခါးပန်းတော်, ရေသနုတ်တော်တည်း ဟူသော ပရိဘောဂ၏ တည်ရာအရပ်၌ ဖလသမာပတ်ကို ဝင်စားပြီးလျှင် ကဿပမြတ်စွာ ဘုရား သီတင်းသုံးတော်မူဖူးသော သောမနဿတန်ဆောင်းနေရာ၌လည်းကောင်း၊ ဂင်္ဂါမြစ်၏ ထိုမှာဘက် လက်ာဒီပကျွန်း၌လည်းကောင်း နေတော်မူလေ၏။ ဤသို့လျှင် ဘုရား ၄-ဆူ ကြွတော်မူကြောင်းကို မဟာဝင်၌ လာရှိ၏။

ပါရာဇိကဏ်အဋ္ဌကထာ(၁။၅၃)၌လည်း အရှင်မဟိန္ဒမထေရ်သည် ဣဋ္ဌိယ, ဥတ္တိယ, ဘဒ္ဒသာလ, သမ္ဘလ, သုမနသာမဏေ, ဘဏ္ဍုက ဥပါသကာတို့နှင့် ဇမ္ဗုဒီပကျွန်းမှ ရှေဟသ်ာ မင်းကဲ့သို့ ကောင်းကင်သို့ ပျံတက်တော်မူပြီးလျှင် မိသကတောင်ထိပ်၌ သက်ဆင်း၍ ဒေဝါနံပိယတိဿမင်းအား သဒ္ဓါတရား တိုးပွါးစေပြီးမှ သီဟိုဠ်ကျွန်းမှာ သာသနာတော် ပြုကြောင်းကို လာရှိ၏။ ထို့ကြောင့် ဤသီဟိုဠ်ကျွန်းသည် ဘုရား,ရဟန္တာတို့၏ မှီဝဲသုံးဆောင်ရာ ဖြစ်ပေ၏။

ဤမျှလောက် ကျက်သရေအပေါင်းတို့၏ ကိန်းအောင်းရာဖြစ်သည့်အတွက်ကြောင့် ဤသီဟိုဠ်ကျွန်းကို မဂ်လာကျွန်း-ဟု ဆိုခဲ့လျှင်လည်း မဟာဝင်-စသည်နှင့် ဆန့်ကျင်ဘက်ကျ နိုင်မည် မထင်၊ ဆင်ခြင်ထောက်ဆ ဤအခါသမယမှာ သီဟဠဒီပ-စသော ရှေးရှေးအမည်

ဟောင်းတို့ ရွှေ့ပြောင်းပြီးလျှင် ဆီလုံ(Ceylon)ဟု တွင်နေရပေ၏။ ဤဆီလုံကျွန်းသည် အလျားယူဇနာ-၅၀, အနံယူဇနာ ၃၀-ရှိ၏။ အရံကျွန်းငယ်တို့ဖြင့်လည်း ခြံရံ၏-ဟု ဖာဟီယန်ကျမ်းဌ် လာရှိ၏။

ယခုအခါ အင်္ဂလိပ်မိုင်ဖြင့် အကျယ်အဝန်း မိုင်ပေါင်း ၇၀၀-လောက်မျှသာ ရှိ၏။ ဤမျှလောက် ကြီးကျယ်၍ သာသနာတော်၏ စည်ကားခဲ့ရာဖြစ်သော သီဟိုဠ်ကျွန်းဌ် ယခုအခါ အင်္ဂလိပ်မင်းလက်ထက်မှာ သာသနာပြုမင်းကောင်းမင်းမြတ် မရှိသောကြောင့် မြတ်စွာဘုရားသခင် သာသနာတော်သည် ဂုဏ်သိန်ကင်းပလျက် မိုးတိမ်အတွင်းမှာ ကျရောက်နေသော နေမင်း, လမင်းကဲ့သို့ ထွန်းလင်းတောက်ပခြင်းမရှိဘဲ ရှိနေသည်ကို တွေ့မြင်ရခြင်းကြောင့် လူအပေါင်းတို့မှာ ကျမ်းဂန်အလာနှင့် ရှုကြည့်လိုက်လျှင် အထူးပင် ဝမ်းနည်းဖွယ် ဖြစ်ကြရကုန်၏။

----- x -----

[၃] ကိုလံဘိုမြို့အကြောင်း

ဤကိုလံဘိုမြို့သည် အနုရာဓမြို့ကဲ့သို့ ရှေးဟောင်း သီဟိုဠ်မင်းတို့ နေရာမြို့ဟောင်း မဟုတ်၊ ကျောင်းပျက်, သိမ်ပျက်, စေတီပုထိုးပျက်များလည်း မရှိချေ။ ကလံဘ-ခေါ်သော ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းစောင့် ရွာငယ်ကလေးသာ ဖြစ်ပေ၏။ ယခုအခါ အင်္ဂလိပ်အစိုးရမင်းတို့က ပြုပြင်၍ထားသောကြောင့် ကြီးကျယ်ခမ်းနားလျက် နေထိုင်ဖွယ်ရာ ကောင်းသော ပင်လယ်ဆိပ်ကမ်းမြို့တော်ကြီးဖြစ်၍ နေလေ၏။ ဤကိုလံဘိုခေါ်သော မြို့၏ အနောက်တောင်ထောင့်၌ တံတိုင်းနှင့်တကွ အုတ်တိုက်ကြီး ၁-ခုတွင် ရုပ်ပွါးဆင်းတုတော် အမြောက်အများရှိကုန်၏။ ထိုဘုရားတို့တည်ရာနေရာကို ရှမ်းဘုရား-ဟု အမည်တွင်၏။ ၎င်းရှမ်းဘုရား၏နေရာမှာ ၄-ထောင့်စေတီလည်း ၁-ဆူ ရှိ၏။

ထိုမှတပါး ကိုလံဘိုမြို့၏ ထက်ဝန်းကျင်မှာ ကျောင်း, ကန်, သိမ်, ပုထိုးလည်း ထိုမှ,ဤမှ များစွာရှိ၏။ ၎င်းပြင် လူအများတို့ ကြည့်ရှုကြသော ပြတိုက်, တိရစ္ဆာန်ရုံ-စသည်များလည်း ရှိကုန်၏။ မြို့သူ,မြို့သား ဗုဒ္ဓဘာသာဝင် ဒကာ, ဒကာမတို့သည် ရဟန်းသံဃာတော်တို့အား ဆွမ်း, ကွမ်း-စသည်တို့ဖြင့် ဆည်းကပ်ကိုးကွယ်ကြကုန်၏။ ရဟန်းသံဃာတော်များတို့က ဆွမ်းရပ်ခံလျှင် တွေ့မြင်ကြသော ဒါယကာ,ဒါယိကာမတို့သည် ဆွမ်းမရသာလျှင် တစ်ခုခုသော ခဲဖွယ်,ဘောဇဉ်များကို လျှုဒါန်းလေ့ရှိကြကုန်၏။ ရဟန်းသံဃာတော်တို့ကို ရှေးအစဉ်အလာ မပျက်ရအောင် အထူးခိုးမြောက်ကြကုန်၏။

ကိုလံဘိုမြို့၊ မရဒါနာဘူတာ၏ မနီးမဝေးဌ ဘုရားဖူး အာဂန္တုဧည့်သည်များတို့ တည်းခိုရန် မြန်မာဘုန်းတော်ကြီး ဦးဝိနယလင်္ကာရသည် စီမံဆောက်လုပ်ထားသော ဗုဒ္ဓဘာသာ ဓမ္မသာလာ ဇရပ်ကျောင်းကြီးရှိ၏။ မြန်မာပြည်မှ ရဟန်းတော်များတို့သည် လာရောက်၍ ပညာသင်ခြင်း, တရားဟောခြင်း-စသော သာသနာတော်ကိစ္စတို့ကို ရွက်ဆောင်နေကြကုန်၏။

(ကိုလံဘိုမြို့၊ ဓမ္မသာလာလိပ်။ U.VINAYALANKARA 160-BURMESE, REST Dematagoda Road.COLOMBO.)

----- x -----

[၄] ကလျာဏီစေတီတော်အကြောင်း

ကိုလံဘိုမြို့၊ မရဒါနာဘူတာမှ ပိုက်ဆံ ၈-ပြားပေးရသော ကလျာဏီခေါ်သော ဘူတာ ၁-ခုသည် ရှိ၏။ ၎င်းဘူတာမှ အရှေ့မြောက်ခပ်ယွန်းယွန်း ၂-မိုင်လောက်အကွာတွင် ကလျာဏီစေတီတော်နှင့် ရဟန္တာများ သမုတ်ခဲ့သော သိမ်တော်ကြီး ရှိ၏။

စေတီတော်၏ရှေးအကြောင်းကား ငါတို့မြတ်စွာဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်အခါဝယ် မဟောဒရနှင့် မဏိအက္ခိက အမည်ရှိသော နဂါးမင်းတူဝရီး ၂-ဦးတို့သည် မိဘ၏အမွေအနှစ်ဖြစ်သော ပတ္တမြားပလ္လင် ၁-ခုကို အကြောင်းပြု၍ စစ်ထိုးကြရာ နဂါးပေါင်းများစွာတို့သည် သေကြေပျက်စီးခြင်းသို့ ရောက်ကြလေကုန်၏။ ထိုအခါ မြတ်စွာ-ဘုရားသခင်သည် ၃-ဝါမြောက်ဌ ဒုတိယအကြိမ် ကြွလာတော်မူပြီးလျှင် တရားတော်ဖြင့် ငြိမ်းအေးစေတော်မူလေ၏။ နဂါးမင်း ၂-ဦးတို့ကလည်း ထိုပလ္လင်ကို မြတ်စွာဘုရားသခင်အား လှူဒါန်းကြလေကုန်၏။

ထို့နောက် ၈-ဝါမြောက်လတ်သောအခါ မဟောဒရနဂါးမင်းသည် ပင့်ဖိတ်ပြန်သော ကြောင့် ရဟန္တာ ၅၀၀-ခြံရံလျက် တတိယအကြိမ်မြောက် ကြွလာတော်မူလေ၏။ မဟောဒရ နဂါးမင်းလည်း ပတ္တမြားပလ္လင်ကို ခင်းပြီးလျှင် ၎င်းပလ္လင်နှင့်တကွ ဘောဇဉ်,ခဲဖွယ်များကို လှူဒါန်းလေ၏။ မြတ်စွာဘုရားသခင်လည်း ပလ္လင်ထက်ဌ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် သမာပတ်ကို ဝင်စားတော်မူလေ၏။ ထို့နောက် မြတ်စွာဘုရားသခင် ကြွသွားတော်မူလေလျှင် နဂါးမင်းတူဝရီးတို့သည် ထိုပတ္တမြားပလ္လင်ကို ဌာပနာ၍ စေတီတည်ကြလေကုန်၏။

တဖန် ထိုစေတီကို မျိုးငုံပြီးလျှင် ဓာတ်တော်ဌာပနာနှင့်တကွ စေတီတော်ကြီး တည်ကြကုန်၏။ စေတီတော်၏ ပမာဏကား အဝိုင်းလုံးပတ် အောက်ဖိနပ်တော် ၂၁၆-

တောင်၊ အမြင့်အတောင် ၆၀-ခန့်ရှိ၏။ စေတီတော်၏ အနီးကပ်လျက် အဌဖလဟောဓိပင်လည်း ၁-ပင် ရှိ၏။ ၎င်းပြင် အလျား ၄၂-တောင်၊ အနံ ၂၇-တောင်ခန့် ပမာဏရှိသော ကလျာဏီသိမ်တော်ကြီးသည်လည်း ထိုဟောဓိပင်၏ အနီးအနား၌ပင် ရှိနေပေ၏။ ထိုမှ တပါး လျှောင်းတော်မူဘုရား ၁-ဆူ, ဓာတ်တော်ကြုတ် ၁-ခု, မြန်မာဘုရား အမြောက်အမြား ရှိကုန်၏။ ကလျာဏီခေါ်သော မြစ်နား၌ တည်ရှိသောကြောင့် ကလျာဏီစေတီ, ကလျာဏီသိမ်တော်ကြီး-ဟု ခေါ်ဆိုသမုတ်ကြ၏။ သွားရောက်ရန် လမ်းခရီးမှာမူကား ဗုဒ္ဓဘာသာတို့ ရှိခြင်းကြောင့် လွယ်ကူလှပေ၏။

----- × -----

[၅] အနုရာဓမြို့အကြောင်း

သီဟိုဠ်ကျွန်း၌ ဝိဇယမင်းသည် ဘီလူးတို့ကို နှိမ်နင်း၍ အောင်မြင်ပြီးသော် တမ္ဗပါဏိမြို့ကို တည်ထောင်၍ ကုဝဏ္ဏာဘီလူးမနှင့် စိုးစံတော်မူလေ၏။ ထို့နောက် ဝိဇယမင်း၏-

- **အနုရာဓ**အမတ်သည် ကဒမ္ဗမြစ်နား၌ ရွာတည်၍ နေလေ၏။ ထိုရွာကို အနုရာဓရွာ-ဟု တွင်စေ၏။
- **ဥပတိဿ**အမတ်သည် ဥပတိဿရွာကို တည်လေ၏။
- **ဂမ္ဘီရ**မြစ်နား၌ ပုရောဟိတ်ပုဏ္ဏား တည်သောရွာကို ဂမ္ဘီရရွာ-ဟု တွင်စေ၏။
- **ဥဇ္ဇေနီ**အမတ် တည်သောရွာကို ဥဇ္ဇေနီရွာ-ဟု တွင်စေ၏။
- **ဥရုဝေလ**အမတ်လည်း ဥရုဝေလရွာကို တည်ထောင်လေ၏။
- **ဝိဇိတ**အမတ် တည်ထောင်သောရွာကို ဝိဇိတရွာ-ဟု ခေါ်ဝေါ်ကြကုန်၏။

ယင်းသို့ အမတ်ကြီးတို့သည် ရပ်ရွာကို အသီးအသီး တည်ထောင်ကြပြီးသော် ဇမ္ဗူဒီပ်ကျွန်း၊ ဒက္ခိဏာမဇ္ဈိမဒေသ၏ ပဏ္ဍုမင်းကြီး၏သမီးတော်ကို တောင်းခံ၍ ဝိဇယမင်းအား အဘိသိက်မြှောက်တင်ကြလေကုန်၏။ ဤမြို့ကို ဝိဇယမင်းသား တည်ထောင်သည်ကို အစွဲပြု၍ **တမ္ဗပါဏီ**-ဟူ၍လည်းကောင်း, အနုရာဓအမတ်ကြီး တည်ထောင်သောရွာကို အစွဲပြု၍ **အနုရာဓ**-ဟူ၍လည်းကောင်း ခေါ်ဆိုကြ၏။ ဤသို့လျှင် ရှေးဦးစွာ ဝိဇယမင်း တည်ထောင်သောကြောင့် ဤမြို့သည် မြတ်စွာဘုရားသခင် သာသနာတော်၏ အမြစ်သက်ရာ မဟာမြို့တော်ကြီး ဖြစ်ပေ၏။

ယခုအခါ လူတို့ ဝေါဟာရဖြင့် အနုရာဓ-ဟူ၍ပင် တွင်နေပေ၏။ မြို့တော်သည် ကိုလံဘိုမြို့မှ မိုင်ပေါင်း ၁၂၇-မိုင် ဝေး၏။ အနုရာဓဘူတာရုံမှ ၁-မိုင်လောက်တွင် အစဉ်အတိုင်း ကဒမ္ဗမြစ်, မဟာမေယဝန်ဥယျာဉ်တော်ရာ, မဟာဝိဟာရဝါသီ လောဟပါသာဒ ကျောင်းတိုက်ရာ, မဟာဗောဓိ, မဟာစေတီ-စသည်တို့သည် ရှိကုန်၏။ အနုရာဓမြို့၏ အတွင်း,အပ ၂-ဌာနရှိ အဆောက်အဦးကို အမျှားသူငါတို့ ဖူးမြော်ကြစေရန် အောက်ပါ အတိုင်း ဝေဖန်၍ ပြုပေအုံ့။

----- x -----

[၆] မဟာစေတီအကြောင်း

မဟာစေတီတော်အကြောင်းကား အရှင်မဟိန္ဒမထေရ်နှင့် ဒေဝါနံဝိယတိဿမင်းကြီးသည် အနုရာဓမြို့၏ တောင်မျက်နှာအဖို့ကို ဒေသစာရီလှည့်လည်ကြရာ အဘယဝါပီရေကန်ကြီး၏ အရှေ့ဘက် တာ ၅၀-လောက်သို့ ရောက်ကြလေလျှင် မင်းကြီးသည် မုလေးပန်း ၈-ဆုပ်ကို မထေရ်မြတ်အား ဆက်ကပ်လေ၏။ မထေရ်မြတ်လည်း မြတ်စွာဘုရား-သခင် ၈-ဝါမြောက်၌ ကဆုန်လဝယ် ထေရ်သံဃာ ၅၀၀-နှင့် တတိယမြောက် ကြွလာတော်မူ၍ သမာပတ်ဝင်စားရာတွင် ထိုပန်းဖြင့် ပူဇော်လေ၏။

ထိုအခါ မဟာပထဝီ တုန်လှုပ်ရကား အကြောင်းကို သိလို၍ မင်းကြီး မေးတော်မူလျှင် အရှင်မဟိန္ဒမထေရ်သည် မိန့်ကြားတော်မူသည်မှာ "ဒကာတော်မင်းကြီး၊ ဤနေရာကား ငါတို့မြတ်စွာဘုရားသခင် သမာပတ်ဝင်စားရာတည်း။ နောင်သောအခါ ဤနေရာ၌ မဟာစေတီ တည်လတ္တံ့"ဟု မိန့်တော်မူ၏။ မင်းကြီးလည်း "ကောင်းပါပြီဘုရား။ ထိုသို့တပြီးကား ဒကာတော်ပင် စေတီတည်၍ ဖူးမြင်ပါရစေ"ဟု လျှောက်ထားလေ၏။ မထေရ်မြတ်လည်း "သင်မင်းကြီး၏အရာ မဟုတ်။ မြေးတော် ဒုဋ္ဌဂါမဏိအဘယမင်းတို့သည် ဤနေရာ၌ စေတီတည်လတ္တံ့"ဟု မိန့်တော်မူလေ၏။

ထိုရောအခါ "မြေးတော်တည်လျှင် ဒကာတော် တည်သကဲ့သို့ပင်"ဟု လျှောက်ထားပြီးလျှင် လုံးပတ် ၅-တောင်, အမြင့် ၁၅-တောင် ပမာဏရှိသော ကျောက်စာတိုင် ၁-ခုကို ကျောက်ထက်အက္ခရာဖြင့် ထိုနေရာ၌ပင် စိုက်ထူထားခဲ့လေ၏။ ထို့နောက် မြေးတော် ဒုဋ္ဌဂါမဏိအဘယမင်းသည် ထိုနေရာမှာ မဟာစေတီတည်၍ ကျောက်စာတိုင်ကိုလည်း မြောက်ဘက်မုခ်၏အနီး၌ စိုက်ထူထားခဲ့လေ၏။

စေတီတော် တည်ဟန်ကား ဒုဋ္ဌဂါမဏိအဘယမင်းသည် ကျေးမင်း ၃-ကျိပ် ၂-ယောက်တို့ကို နှိပ်ကွပ်၍ သီဟိုဠ်ကျွန်း၌ တစ်ဦးတည်းသော မင်းအဖြစ်သို့ ရောက်လေ၏။ ထိုအခါ သီဟိုဠ်ကျွန်းရှိ သံဃာတော် ၂-သိန်းကျော်တို့ကို ပင့်ပြီးလျှင် သိဒ္ဓတ္ထမထေရ် အမိန့်ရှိတော်မူတိုင်း မဟာစေတီကို အုတ်မြစ်ချပြီးလျှင် ရဟန္တာ, သာမဏေ ၂-ပါးတို့သည် မြောက်ကျွန်းမှ ယူဆောင်လာသော စတုရန်းအတောင် ၈၀-ခန့်ရှိသော ကျောက်ချပ်ကြီး ၆-ချပ်တွင် ၄-ချပ်ကို ၄-မျက်နှာ ကာရံလျက် အထက်,အောက် ၁-ချပ်စီ ထည့်သွင်းဖို့ရန် လျှောက်ပတ်သောနေရာ၌ ထားလေ၏။ ထို့နောက်မှ စတုရန်းအတောင် ၈၀-ကျယ်ဝန်းသော ဌာပနာတိုက်ကို ပြုလုပ်စီမံလေ၏။

ယင်းသို့ စီမံပြုလုပ်ပြီးသော် ၅၅၀-ဇာတ်တော်ကို အကျဉ်းအားဖြင့်၊ ဝေဿန္တရာဇာတ်တော်ကို အကျယ်အားဖြင့်၊

- အသီတိမဟာသာဝကရုပ်တုတော်၊　　- မယ်တော်, ခမည်းတော်ရုပ်တုတော်၊
- တောထွက်ခန်း၊
- ရတနာ ၇-ပါးဖြင့်ပြီးသော ပလ္လင်တော်၊
- မြတ်စွာဘုရားသခင်၏ သဏ္ဌာန်တော် ပမာဏရှိသော တင်ပလ္လင်ခွေ ရွှေရုပ်ပွါးတော်၊ ၎င်းရုပ်ပွါးတော်၏ နောက်၌ အရွက်ကား မြ, အရိုးဂေါ်း ရွှေ, အဖူးမှာ သန္တာ, တစ်ပင်လုံး သန္တာဖြင့်ပြီးသော ၁၅-တောင် အမြင့်ဆောင်သော ညောင်ဗောဓိပင်၊
- ရတနာ ၇-ပါးစီခြယ်လျက် သိကြားမင်း လျှုအပ်သော ဓာတ်တော်ထည့်ရန် ရွှေပန်းတောင်းနှင့်တကွ ပလ္လင်တော်၊
- ရွှေပန်းတောင်းနှင့် ပလ္လင်ပေါ်၌ အတုလနဂါး၏ ခံတွင်းမှ သာမဏေရဟန္တာ ပင့်ယူလာသော ရာမရှာဓာတ်တော် တစ်စိတ်(နှစ်ပြည်)သားတို့ကို–

ဌာပနာပြီးလျှင် မဟာစေတီကို တည်တော်မူလေ၏။ ထိုစေတီတော်ကို ဟတ္ထိပါကာရ, သိလာပါကာရ, ဂန္ဓကပါကာရ-ဟု ဆိုအပ်သော တံတိုင်းကြီး ၃-ထပ်ဖြင့် ဝိုင်းရံကုန်၏။ စေတီတော်သည် ဂိုက်တောင် လုံးပတ် ၅၇၇-ရှိ၍ အမြင့်အတောင် ၁၂၀-မြင့်၏။ အကျယ်ကို သိလိုလျှင် **မဟာဗောဓိမဂ္ဂဒီပနီ**တွင် ရှုကြည့်ကြလေ။

အဆိုပါ ကျောက်စာတိုင်၌ကား ကမ္ပည်းအက္ခရာ မရှိတော့ချေ။ ပျက်စီးလေဟန်နှင့်တူ၏။ ယခုထပ်မံ၍ ပြင်ဆင်သော မဟာစေတီတော်ကား အောက်ဖိနပ်တော်မှ အထက်

ဌက်မြတ်နားထိ ပေပေါင်း-၃၀၀၊ အောက်ဖိနပ်လုံးပတ်တော် ပေပေါင်း ၉၀၀-ရှိ၏။ စေတီတော်ကြီး၏ အရှေ့တောင်ထောင့် တံတိုင်းအတွင်း၌ စေတီတော်နှင့်ကပ်လျက် ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ ရပ်တော်မူဘုရား ၄-ဆူနှင့်တကွ မေတ္တေယျဘုရားလောင်း၏ရုပ်ပုံတော် ရှိ၏။ အရှေ့မျက်နှာ စေတီတော်ရင်း အရုဏ်ခံအတွင်း၌ ရုပ်တု, ဆင်းတုတော်နှင့်တကွ ငရဲခန်းရုပ်ပုံများလည်း ရှိ၏။ ၎င်းအရုဏ်ခံ၏ တောင်ဘက်အနီး၌ တန်ဆောင်းအတွင်း အလယ်က ရုပ်ပွါးတော်၊ တောင်ဘက်က ကဏ္ဍုလဆင်ဖြူရတနာကို စီးနင်းလျက် ဒုဋ္ဌဂါမဏိမင်း၊ မြောက်ဘက်က ပဗ္ဗတဆင်နက်ကို စီးနင်းလျက် ဧဌာရကျေးမင်း တပ်သားပိုလ်ပါနှင့်တကွ စစ်ထိုးနေကြပုံ ရုပ်လုံး,ရုပ်ပုံများလည်း ရှိ၏။

မဟာစေတီတော်၏အရှေ့မုခ် မြောက်ဘက်အနီး၌ စေတီတော်ကို ရှိခိုးလျက် ဒုဋ္ဌဂါမဏိကျောက်ရုပ်သည် ၅-တောင်ခန့် အရပ်မြင့်၏။ ၎င်းမုခ် တောင်ဘက်နံပါး၌ ပုဆစ်တုပ်၍ ရှိခိုးနေဟန် ဒုဋ္ဌဂါမဏိမိဖုရားရုပ်ပုံလည်း ရှိ၏။

မဟာစေတီတော်၏ အရှေ့မုခ် တံတိုင်း ၃-ထပ်၏ ပြင်ပ၌ ဓာတ်တော်ဌာပနာမသွင်းမီ ခေတ္တခဏကိန်းဝပ်တော်မူရာ မုနိယရကျောင်းတိုက်သည် ယခုအခါမှာ ကျောက်တိုင်မျှသာ ရှိနေ၏။ ထိုကျောင်းတိုက်၏ တောင်မျက်နှာ၌ မကျန်းမာသော ထေရ်သံယာတို့ ဆေးရည်စိမ်ကြရာ ကျောက်ခွက်ကြီးလည်း ရှိ၏။ မုနိယရ၏ အရှေ့တောင် တာ ၃၀-လောက်တွင် သမာပတ်ဝင်စားရာ ဘောဇနကျောင်းတိုက်၌ကား ကျောက်တိုင်များနှင့် ကျောက်စည်ရေကန် ရှိ၏။ ၎င်းပြင် သံယာတော်တို့အား ယာဂုထည့်၍ လောင်းကြသော ကျောက်သမ္မန်ကြီးသည် လူနေအိမ်ကြားထဲမှာ ရောက်နေ၏။ အလျား အတောင်-၃၀, အနံ ၂-တောင်, အစောက်လည်း ၂-တောင် ရှိ၏။

----- x -----

[၃] လောဟပါသာဒပြာသာဒ်အကြောင်း

အရှင်မဟိန္ဒမထေရ်နှင့် ဒေဝါနံပိယတိဿမင်းသည် လှည့်လည်ကြရာ၌ မြေငလျင်လှုပ်သည်ကို မင်းကြီး မေးလျှောက်လေလျှင် "သံယာတော်တို့၏ စုဝေးရာဖြစ်လတ္တံ့"ဟု အရှင်မဟိန္ဒမထေရ် ဖြေကြားတော်မူသည့်အတိုင်း ဆောက်လုပ်ထားသော လောဟပါသာဒပြာသာဒ်သည် ရှိ၏။ ၎င်းပြာသာဒ်၏ ရှေးအကြောင်းကား ကဿပဘုရားရှင်လက်ထက်တော်၌ မြတ်စွာဘုရားသခင်အား ပန်းလျှခဲ့ဖူးသောကြောင့် အာကာသဌနတ်စည်းစိမ်ကို ရရှိသော ဘရဏီနတ်သမီးသည် ရှိ၏။ ရဟန္တာမထေရ်တို့သည် ထိုနတ်သမီး၏ ဝိမာန်နှင့်

တူစွာ ရေးကူး၍ ဒုဋ္ဌဂါမဏိမင်းအား ပြကြကုန်၏။ ထိုအခါ မင်းကြီးလည်း ၎င်းပုံအတိုင်းပင် ကုဋေ ၃၀-အသပြာငွေတို့ကို အကုန်ခံ၍ ဘုံ ၉-ဆင့်ဖြင့် ဆောက်လုပ်လျှုဒါန်းတော်မူ၏။

လောဟပါသာဒပြာသာဒ်၏ ယခုရှိပုံမှာ ပျက်စီးယိုယွင်းလေသည့်အတွက်ကြောင့် ကျောက်တိုင်ပေါင်း ၁,၆၀၀-နှင့်တကွ နေရာမျှသာ ရှိ၏။ ထိုတိုင်တို့တွင်လည်း ပြင်လက်ခံတိုင်ကား ပတ်လည်စတုရန်း ၁-ပေစီ ရှိ၏။ အတွင်းရှိ ကျောက်တိုင်ကြီးကား စတုရန်း ၁-တောင်နှင့် လက်တစ်ဝါးမျှ ရှိ၏။ ဒက္ခိဏာသာခါ မဟာဗောဓိနှင့် နီးစပ်၏။

----- × -----

[၈] အမွှာဏာအကြောင်း

လောဟပါသာဒပြာသာဒ်၏ အရှေ့ဘက်အနီးအရပ်၌ မြတ်စွာဘုရားသခင် သမာပတ်ဝင်စားရာ အမွှာဏာခေါ်သော အရပ်ဌာနရှိ၏။ ထိုဌာန၏ ရှေးအကြောင်းမှာ အရှင်မဟိန္ဒမထေရ်သည် ဒေဝါနံပိယတိဿမင်းနှင့် ဒေသစာအစဉ်ဖြင့် လှည့်လည်ကြရာ မင်းကြီးအား ဆက်သလာသော သရက်သီးကို မထေရ်မြတ်အား လှူကပ်လေ၏။ သရက်သီးကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် ထိုသရက်စေ့ကို မြေ၌ စိုက်စေတော်မူလေ၏။ ထိုအခါ မဟာပထဝီမြေကြီးသည် တုန်လှုပ်၏။ မင်းကြီး မေးတော်မူလျှင် မထေရ်မြတ်က "ဤနေရာသည် နောင်သောအခါ သံဃာတော်တို့ စုဝေးရာ ဖြစ်လတ္တံ့"ဟု မိန့်တော်မူလေ၏။ ဗျာဒိတ်တော်အတိုင်း ထိုနေရာမှာ အမွှာဏာ-ဟု သံဃာတော်တို့ စည်းဝေးရာ ပရိဘောဂ စေတီတော် ဖြစ်၏။

----- × -----

[၉] ဒက္ခိဏာသာခါ မဟာဗောဓိအကြောင်း

ဓမ္မာသောကမင်းကြီးသည် သာသနာတော်သက္ကရာဇ် ၂၃၆-ခုမြောက်၊ သီတင်း-ကျွတ်လဆန်း ၁၅-ရက်နေ့၊ ဒက္ခိဏာသာခါ မဟာဗောဓိပင်ကို ရွှေဖျဉ်း၌ တည်စေပြီးလျှင် သီတင်းကျွတ်လပြည့်ကျော် ၁၄-ရက်နေ့ ပါဋလိပုတ်ပြည်သို့ ပင့်ဆောင်လျက် ပူဇော်ခြင်းတို့ဖြင့် ပူဇော်ပြီးလျှင် သမီးတော်သင်္ဃမိတ္တာသည် သီဟိုဠ်ကျွန်းသို့ ကြွသွားသောအခါ ခြံရံခြင်းအမျိုးမျိုးတို့ဖြင့် ခြံရံ၍ ထည့်လိုက်လေ၏။

ဇမ္ဗူဒီပါမှ ဆောင်ယူလာသော မဟာဗောဓိပင်ကို ဒေဝါနံပိယတိဿမင်းကြီးလည်း ဇမ္ဗူကောလဆိပ်ကမ်းမှ ကြိုဆို၍ စောင့်ရှောက်နေစဉ် မဟာဗောဓိပင်သည် တိမ်တိုက်အတွင်း၌ ၇-ရက်တို့ပတ်လုံး ကြွသွား၍ တည်နေလေ၏။ ၇-ရက်က လွန်၍ ပြန်ကြွလာသောအခါ တန်ခိုးပြာဋိဟာကို ပြတော်မူလေ၏။ ထို့နောက် မင်းကြီးသည် ပင့်ဆောင်ယူလာပြီးလျှင် ဤနေရာမှာပင် စိုက်ပျိုးကိုးကွယ်လေ၏။ မဟာဗောဓိပင်မှ အသီး ၅-လုံးတို့သည် ၁-လုံး, ၁-လုံးလျှင် ၈-ပင်, ၈-ပင်စီဖြစ်၍ ၄၀-သော မဟာဗောဓိပင်ကိုလည်း ဇမ္ဗူကောလဆိပ်ကမ်း၌ ၁-ပင်, မိဿကတောင်၊ အမွတ္ထလကုန်း၌ ၁-ပင်၊ ဤသို့ စသည်ဖြင့် ၁-ပင်စီ, ၁-ပင်စီ စိုက်ပျိုး၍ ကိုးကွယ်ဆည်းကပ်ကြလေကုန်၏။

ယခု ရှိနေပုံမှာ လောဟပါသာဒပြာသာဒ်၏ တောင်မျက်နှာ တာ ၁၀-လောက်တွင် ကျောက်တံတိုင်း, ကျောက်လှေခါးနှင့်တကွ ကျောက်ပလွင် ၃-ဆင့်ဖြင့်လည်းကောင်း၊ သံဝန်းတာ ဝိုင်းကာ၍လည်းကောင်း ရှိ၏။ ထိုနေရာ၌ မြတ်စွာဘုရားသခင် သမာပတ်ဝင်စားခဲ့ဖူး၏။ အကျယ်ကို သိလိုလျှင် ကျမ်းဂန်ရာဇဝင်စာတမ်းများကို ရှုကြည့်ကြလေ။

----- × -----

[၁၀] ဗောဓိရကျေးမင်း၏ သခ္ဓိုင်းရာအကြောင်း

မဟာဗောဓိပင် ကျောက်တံတိုင်း၏ အနောက်ဘက် ပေတရာလမ်းအတိုင်းပင် တောင်ဘက်သို့ သွားလျှင် မိုင်ဝက်လောက်တွင် စေတီတော် ၁-ဆူ ရှိ၏။ ၎င်းစေတီတော်သည် ဗောဓိရကျေးမင်း၏ သခ္ဓိုင်းရာစေတီပျက် ဖြစ်၏။ ဗောဓိရကျေးမင်း-ဆိုသည်ကား ဒေဝါနံပိယတိဿမင်း၏ အဆက်အနွယ်ကို ပုန်ကန်သောင်းကျန်းဖျက်ဆီး၍ မင်းလုပ်ခဲ့သောသူပင် ဖြစ်ပေ၏။ ထိုမင်းသည် ဒုဋ္ဌဂါမဏိမင်းနှင့် စစ်တိုက်၍ လုံချက်ထိခြင်းကြောင့် ဆင်ပေါ်မှ ကျပြီးလျှင် သေဆုံးခြင်းသို့ ရောက်လေ၏။ ထိုနေရာမှာ နောင်လာနောက်သားလူအများတို့ အမှတ်အသားရစေရန် စေတီတည်ထားခဲ့၏။

----- × -----

[၁၁] ဣသရမုနိစေတီတော်အကြောင်း

ဗောဓိရကျေးမင်းသခ္ဓိုင်းမှ လမ်းမကြီးအတိုင်း လိုက်သွားလျှင် တောင်ဘက်အရပ် ၁-မိုင်လောက်၌ လမ်းမကြီး၏ အနောက်မျက်နှာတွင် အရှင်မဟိန္ဒမထေရ် သီတင်းသုံးတော်

မူရာ ကျောက်ဂူရှိ၏။ ထိုကျောက်ဂူ၏ အတွင်းဌ္ဌကား အရှင်မဟိန္ဒမထေရ်ရုပ်ပုံတော် ရှိ၏။ ကျောက်ဆောင်၏ အထက်ဌ္ဌကား ကျောက်လှေကား, သံလက်ရန်း ဝရံတာတို့ဖြင့် ဆင်ယင်၍ ဒေဝါနံပိယတိဿမင်း တည်ထားကိုးကွယ်သော ဓာတ်တော်စေတီ ၁-ဆူ ရှိ၏။ ထိုစေတီတော်ကို ဣဿရမုနိစေတီတော်-ဟု ခေါ်ဆိုကြလေ၏။ ထိုစေတီတော်၏ အောက်ဌ္ဌလည်း မဟာဗောဓိပင် ရှိ၏။ လူတို့ အသွားအလာ အခါခပ်သိမ်းရှိကုန်၏။

----- × -----

[၁၂] ဣသိဂိလိတောင်အကြောင်း

ဣဿရမုနိစေတီတော်မှ တောင်ဘက် ပေတရာလမ်းအတိုင်း မိုင်ဝက်ခန့်လောက်တွင် လမ်း၏အရှေ့မျက်နှာအရပ်ဌ ဣသိဂိလိခေါ်သော ကျောက်တောင် ၁-ခု ရှိ၏။ ထိုနေရာသည်ကား ရှေးအခါက ရဟန္တာ ၅၀၀-တို့ သီတင်းသုံးတော်မူရာ ဖြစ်ပေ၏။ ကျောက်ဂူ, ကျောက်လိုဏ်, ကျောက်မဏ္ဍပ်, ကျောက်လုံး, ကျောက်ဆောင်တို့ဖြင့် ရောပြွမ်းလျက် ကြီးကျယ်ခမ်းနားပေ၏။ ၎င်းတောင်၏ ထက်ဝန်းကျင်ဌ ကျောင်းတိုက်ရာ ကျောက်တိုင်တို့သည် ရှိကုန်၏။ ယခုအခါ ရှေးဟောင်းအဆောက်အဦးများတို့သည် ပျက်စီးယိုယွင်းလျက် ရှိနေကုန်၏။

အဆိုပါ တောင်၏ အနောက်ဘက် တာ ၁၀၀-ကျော်လောက်ဌ တိဿဝါပီခေါ်သော ရေကန်ကြီးရှိ၏။ ၎င်းရေကန်ကြီးသည် အရှေ့, အနောက် ၃-မိုင်လောက်၊ တောင်နှင့်မြောက်ကား ၂-မိုင်လောက် ရှိလိမ့်မည်။ ၎င်းပြင် တိဿဝါပီရေကန်ကြီး၏ မြောက်ဘက် ၁-မိုင်ကွာလောက်ဌ အဘယဝါပီရေကန်ကြီးလည်း ၁-ခု ရှိ၏။ ၎င်းရေကန်ကြီး ၂-ကန်သည် အလွန်ကြီးကျယ်၏။

----- × -----

[၁၃] မရိစ္စဝဋ္ဌိစေတီတော်အကြောင်း

တိဿဝါပီရေကန်နှင့် အဘယဝါပီရေကန် ၂-ကန်၏အကြားမှာ မရိစ္စဝဋ္ဌိခေါ်သော စေတီတော်ကြီး ၁-ဆူသည် ရှိ၏။ ထိုစေတီတော်၏ အကြောင်းကား ဒုဋ္ဌဂါမဏိမင်းသည် ငရုတ်သီးပေါ်ဦးစဌ သံယာတော်တို့အား လက်ဦးလက်ဖျားမလျှမိဘဲ စားမိလေသောကြောင့် မိမိကိုယ်ကို ငွေဒဏ် ၃-ကုဋေ ဒဏ်ပေးလေ၏။ ၎င်းဒဏ်ငွေဖြင့် စေတီတည်၍ ကိုးကွယ်လေ၏။ စေတီတော်သည်လည်း မရိစ္စဝဋ္ဌိစေတီ-ဟူ၍ပင် တွင်လေ၏။

ဒုဋ္ဌဂါမဏိမင်းသည် ခမည်းတော် ကာကဝလ္လိယမင်းအထံ၌ "သံယာတော်တို့အား ရှေးဦးစွာ မလျှဘဲနှင့် တစ်စုံတစ်ခုကို မစားပါ"ဟု ဝန်ခံခဲ့ဖူးလေ၏။ ထိုပဋိညာဉ်မှ ချွတ်ယွင်း၍ ငရုတ်သီးကို စားမိလေသောကြောင့် ဒဏ်ငွေဖြင့် တည်ထားခဲ့သောစေတီ-ဟု ဆိုလိုသည်။ ၎င်းပြင် စေတီတော်ကို ဝိုင်းရံ၍ ကျောင်းတော်ကြီးကိုလည်း ဆောက်လုပ်လျှဒါန်းပေ၏။ ထို့ကြောင့် စေတီကို အစွဲပြု၍ ကျောင်းတော်ကြီးကိုလည်း မရိစ္ဆဝဏ္ဏကျောင်းတော်ကြီး-ဟူ၍ ခေါ်ဝေါ်သမုတ်ကြလေ၏။ ယခုအခါ ကျောက်တိုင်မျှသာ ရှိတော့ချေ၏။

အခါတပါး ထိုစေတီတော်တည်ရာသို့ ဒုဋ္ဌဂါမဏိမင်းသည် လှံရိုး၌ ဓာတ်တော်ကို ထည့်သွင်းလျက် လှည့်လည်၍သွားရာ စွဲကိုင်သော လှံတော်ကို စေတီတော်နေရာမှာ စိုက်ထူထားခဲ့မိ၏။ ပြန်သွားသောအခါ လှံတော်ကို နုတ်လျှင် မရသောကြောင့် လှံတော်၌ ကိန်းဝပ်လျက်ရှိသော ဓာတ်တော်ကို ဌာပနာ၍ စေတီတည်ခြင်းကြောင့် ၎င်းမရိစ္ဆဝဏ္ဏစေတီတော်ကိုပင် **ကုန္ဓစေတီ**-ဟူ၍လည်း ခေါ်ဆိုကြသေး၏။

----- × -----

[၁၄] စတုတ္ထသင်္ဂီယနာတင်ရာ အကြောင်း

မဟာစေတီတော်၏ အနောက်မျက်နှာတံတိုင်း၏ ပြင်ပ၌ အရှင်မဟိန္ဒမထေရ်နှင့် ဒေဝါနံပိယတိဿမင်းတို့ သာသနာတော်အမြစ် သက်,မသက်ကို မေးဖြေကြရာအရပ်သည် ရှိ၏။ ထိုအရပ်၌ပင် သင်္ဂီယနာတင်သည်-ဟု ပြောဆိုကြကုန်၏။ အဓိပ္ပါယ်မှာ မဟိန္ဒမထေရ်အမိန့်တော်ရှိသည့်အတိုင်း ဒေဝါနံပိယတိဿမင်းသည် ဆောက်လုပ်ထားခဲ့သောနေရာ၌ ပထမ အရိဋ္ဌရဟန္တာမထေရ် စာပို့ချ၍ ဝဋ္ဋဂါမဏိမင်းလက်ထက်၌ စတုတ္ထသင်္ဂီယနာတင်ရာ ဖြစ်ပေ၏။

ယခုအခါ ၎င်းနေရာမှာ ကျောက်တိုင်များနှင့်တကွ တောင်, မြောက်အားဖြင့် ၂-ဌာနရှိ၏။ ဤသီဟိုဠ်ကျွန်း၌ အရှင်မဟိန္ဒမထေရ် ရောက်လာသည်မှစ၍ ဝဋ္ဋဂါမဏိမင်းလက်ထက်တိုင်အောင် အဆက်ဆက်သော ဆရာတို့သည် ပိဋကတ် ၃-ပုံကို အာဂုံဆောင်ရွက်ကြကုန်၏။ ဝဋ္ဋဂါမဏိမင်းလက်ထက်တော်၌ကား ပေထက်အက္ခရာ တင်ကြကုန်၏။ ဂျနီယ၌ ကနိရှကမင်း၏ သင်္ဂီယနာကို ရေတွက်လျှင် ဤသီဟိုဠ်ကျွန်း၌ သင်္ဂီယနာသည် ပဉ္စမသင်္ဂီယနာ ဖြစ်သင့်ပေ၏။ သိလိုမူ ကသ္မီရခရီးစဉ်မှာ ကြည့်ရှုကြလေ။

----- × -----

[၁၅] ထူပါရုံစေတီတော်အကြောင်း

မဟာစေတီ၏ အနောက်မြောက်ခပ်ယွန်းယွန်း စတုတ္ထသင်္ဂီယနာတင်ရာမှ မြောက်ဘက် တာ ၁၀၀-ကျော်လောက်၌ ထူပါရာမခေါ်သော စေတီတော်ကြီး ၁-ဆူရှိ၏။ ထိုစေတီတော်၏ ရှေးအကြောင်းကား သာသနာတော်သက္ကရာဇ် ၂၃၆-ခုမြောက်၊ တန်ဆောင်မုန်းလဆန်း ၁၅-ရက်နေ့ အရှင်မဟိန္ဒမထေရ်၏တူတော် သုမနသာမဏေသည် တာဝတိံသာ စူဠာမဏိစေတီတော်မှ ညွှန်ပြုတော်မူတော်ကို ပင့်ဆောင်ယူလာ၍ ရှေးဘုရား ၃-ဆူတို့၏ ရေစစ်, ခါးပန်း, ရေသနုပ်တော်တို့ကို ဌာပနာ၍ စေတီတည်ရာတွင် ထပ်မံပြီးလျှင် စေတီတော် တည်လေ၏။

ဒေဝါနံပိယတိဿမင်းသည် ဓာတ်တော်ကို ဌာပနာမည့်အခါ ထိုဓာတ်တော်သည် ဆင်၏ ဦးကင်းထက်မှ ကောင်းကင်သို့ ထန်း ၇-ဆင့်ခန့်မျှ ပျံတက်၍ ဘုရားကိုယ်တော်တိုင် ပြအပ်သော တန်ခိုးပြာဋိဟာကဲ့သို့ ၇-ရက်တို့ပတ်လုံး တန်ခိုးတော်ကို ပြတော်မူပြီးလျှင် ဌာပနာတိုက်တွင်းသို့ အလိုအလျောက် ပင်စံတော်မူလေ၏။ ဒေဝါနံပိယတိဿမင်းလည်း စေတီတော်ကို အပြီးသို့ ရောက်စေတော်မူလေ၏။ စေတီတော်၏ လျှခါးအနီးအနား၌ ဒက္ခိဏာသာခါ မဟာဗောဓိပင် ၁-ပင်ကိုလည်း တွေ့ရှိရလေ၏။

စေတီတော်ကြီး၏ တံတိုင်းအတွင်း၌ ၁၂-တောင်ခန့်စီရှိသော ကျောက်တိုင်များ လည်း ရှိကုန်၏။ စေတီကျောင်းဆောက်လုပ်ခဲ့သော ကျောက်တိုင်တို့နှင့် တူပေ၏။ ၎င်းပြင် စေတီတော်၏ အရှေ့စောင်းတန်းအဆုံး၌ ကျောက်သမ္မန်ငယ် ၁-ခု ရှိ၏။ ထူပါရုံစေတီ၏ အရှေ့တောင်ထောင့် ၁၀-တာလောက်တွင် စွယ်တော်တိုက်ရှိ၏။ ၎င်းစွယ်တော်တိုက်လည်း ပျက်ပြိုလျက် ရှိနေလေပြီ။ ထိုနေရာကို ရှေးအခါက ကိတ္တိသိရိမေဃမင်းတို့သည် ကျောက်တိုက်ဖြင့် ဆောက်လုပ်စီမံ၍ စွယ်တော်ဓာတ်ကို ဆည်းကပ်ကိုးကွယ်ကြရာ နေရာ-ဟု မှတ်အပ်၏။

ထူပါရုံစေတီတော်၏ အရှေ့ဘက် ၁၅-တာ အကွာလောက်တွင် သံယမိတ္တာထေရိမ ကျောက်ကျောင်းတိုက်ရာ ရှိ၏။ ယခုအခါမှာ ကျောက်တိုင်မျှသာ ရှိကုန်၏။ သံယာမိတ္တာ ကျောင်းတိုက်ရာ၏ အနောက်မြောက် တာ ၂၀-လောက်မှာ သံယမိတ္တာ၏ ဓာတ်တော်စေတီ ၁-ဆူ ရှိ၏။ ၎င်းကျောင်းတိုက်၏ အရှေ့မြောက်အနီးအပါးတွင် ဓာတ်တော်ဌာပနာရာ စေတီငယ် ၃-ဆူ ရှိ၏။ အမည်ကား မထင်ရှားသေး။

၎င်းပြင် ထူပါရုံစေတီတော်၏ အနောက်တောင် ၂၅-တာလောက်၌ မဟာပဒုမ ထေရ်၏ ကျောင်းတိုက်ရာ ရှိ၏။ ထိုမထေရ်သည် ဝိနည်းပိဋကတ်ကို ၁၈-ခေါက် ပေါက်

တော်မူ၏-ဟု ပညာရှိတို့ ပြောဆိုကြကုန်၏။ ယခုအခါ ထိုနေရာမှာ ကျောက်တိုင်မျှသာ စိုက်လျက်ရှိကုန်၏။ မဟာပဒုမထေရ်၏ ကျောင်းတိုက်အနီးအနား၌လည်း အဘယဝါပီ ရေကန်ကြီး ရှိ၏။

----- × -----

[၁၆] အဘယဂိရိစေတီတော်အကြောင်း

မဟာစေတီ၏ အရှေ့အရပ် ၁-မိုင်လောက်၌ အဘယဂိရိခေါ်သော စေတီတော် ၁-ဆူ ရှိ၏။ ၎င်းစေတီကို အဘယတိဿမင်းကြီးသည် ရွှေသားပိဋကတ် ၃-ပုံနှင့်တကွ ဓာတ်တော်တို့ကို ဌာပနာတော်မူ၍ တည်ထားခဲ့၏။ **စေတီ၏ ပမာဏကား** အတောင် ၁၈၀-ရှိ၏။ အထက်၌ ပိဋကတ်တိုက်နေရာမှာ စတုရန်း အတောင် ၄၀-ရှိ၏။ အထက် စေတီထိပ်ဝပတ်လည် ၁၅-တောင် ရှိ၏။ စေတီ၏ အနောက်မြောက်၌ တံတိုင်းအတွင်း အလျား ၁၂-တောင်, အနံ ၁-တောင်ခန့်ရှိ ကျောက်တို့ဖြင့် စီထားသော ကျောက်ရေကန် ရှိ၏။ အဘယဂိရိဂိုဏ်းသား မထေရ်များတို့၏ ကျောင်းတိုက်မှာမူကား ကျောက်တိုင်မျှသာ ကြွင်းကျန်၏။ ထိုကျောင်းတိုက်ကား စေတီ၏အနီးအနားမှာ ရှိ၏။

----- × -----

[၁၇] ဇေတဝနစေတီတော်အကြောင်း

အဘယဂိရိစေတီ၏ အနောက်မြောက် ၂-မိုင်လောက်တွင် ဇေတဝနခေါ်သော စေတီတော် ၁-ဆူ ရှိ၏။ ထိုစေတီ၌ မဟာသေနမင်းကြီးသည် ခါးပန်းတော်, ဆံတော်မြတ်နှင့်တကွ ဓာတ်တော်များကို ဌာပနာခဲ့၏။ စေတီတော်တည်ရာကို **နန္ဒဥယျာဉ်**ဟု ခေါ်ဆိုကြ၏။ ထို့ကြောင့်-

ပတိဋ္ဌာပေတွာ ဇိနကာယဇန္ဓနံ၊ သကေသဓာတုံ သဟ ဒေဟဓာတုယော။
မဟာမဟာသေနနရိန္ဒကာရိတံ၊ သုစေတိယံ ဇေတဝနန္တိ ဝိဿုတံ။ ။

ဟူ၍လာရှိသော ဂါထာ၏ အဓိပ္ပါယ်ကား- ငါတို့ မြတ်စွာဘုရားသခင်၏ သရီရမြတ် ကိုယ်-တော်ဓာတ်နှင့်တကွ ဆံတော်ဓာတ်, ခါးပန်းတော်တို့ကို ကောင်းစွာထည့်သွင်း၍ မဟာသေနမင်းကြီးသည် သာသနာတော်သက္ကရာဇ် ၉၁၈-ခုနှစ်တွင် သီဟိုဠ်ကျွန်း၊ အနုရာဓပြို့၊ နန္ဒဥယျာဉ်တော်၌ စစ်သည်,ဗိုလ်ပါ လူများစွာတို့နှင့် တည်ထားကိုးကွယ်တော်မူခဲ့လေ၏။

စေတီတော်လည်း ဇေတဝနာရာမတိဂုမ္ဗ-ဟု ထင်ရှားကျော်စောလေ၏။ ထိုစေတီတော်၏ ပမာဏကား အမြင့်အတောင် ၁၆၀-မြင့်၏။ မဟာရံတံတိုင်းအတွင်းမှာ ကျောက်များ ခင်းထားသောကြောင့် တင့်တယ်လျောက်ပတ်၏။

ဇေတဝနဝါသီဂိုဏ်းသား မထေရ်များတို့၏ သီတင်းသုံးရာ ကျောင်းတိုက်မှာမူကား ယိုယွင်းပျက်စီးလေပြီ။ ၎င်းကျောင်းတိုက်အတွင်း၌ ယာဂုဆွမ်းခံယူသော ကျောက်သမ္မန် ၁-ခုရှိ၏။ ၎င်းကျောက်သမ္မန်သည် အလျားအတောင်-၄၀၊ အနံ ၂-တောင်၊ အစောက်လည်း ၂-တောင်ပင် ရှိ၏။ ၎င်းပြင်လည်း ထိုမှ,ဤမှ ကြည့်ရှုစရာ ရှိသေး၏။

----- x -----

[၁၈] လက်ာရာမစေတီတော်အကြောင်း

ဇေတဝနစေတီတော်၏ ပေတရာလမ်းအတိုင်းပင် တောင်ဘက်အရပ် မိုင်ဝက်လောက်သွားပြီးလျှင် အနောက်ဘက် ပေတရာလမ်းသို့ မိုင်ဝက်ခန့်သွားလိုက်မူ လက်ာရာမခေါ်သော စေတီတော်ကို တွေ့နိုင်၏။ စေတီတော်ကို လက်ာဒေဝီမင်းသမီးသည် ဓာတ်တော်ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့၏-ဟု ရှေးပညာရှိတို့ ပြောဆိုကြ၏။ စေတီတော်၌ ကျောက်ပလွင်နှင့် ကျောက်ဖိနပ် အဆင့်ဆင့်ခံလျက်ရှိနေ၏။ ရှေးရှေးက စေတီကျောင်း ဆောက်လုပ်ထားသော ကျောက်တိုင်များမှာ ၁၃-တောင်ခန့်မျှစီ ရှိ၏။ အနီးအနားတွင်လည်း ကျောက်စီရေကန် ရှိ၏။ စေတီ၏ အနောက်ဘက်မျက်နှာတွင် ပျက်ပြိုလေပြီးသော လက်ာ-ရာမကျောင်းတိုက်ရာလည်း ရှိနေ၏။ ယခုအခါ ကျောက်တိုင်ပျက်ကိုသာ ရှုကြလေ။

ဂင်းပြင် စေတီမှ အရှေ့တောင်အရပ် ပေတရာလမ်းအတိုင်းပင် ၂-မိုင်လောက်သွားလိုက်လျှင် ရေမြောင်းကြီး ၁-ခုကို တွေ့ရှိရ၏။ ဂင်းရေမြောင်းကား အဘယဝါပီရေကန်မှ ရေထုတ်သော ရေမြောင်းဖြစ်၏။

----- x -----

[၁၉] မိသဃကတောင်အကြောင်း

မဟာစေတီ, လောဟပါသာဒပြာသာဒ်မှ အရှေ့မြောက်တာလမ်းအတိုင်း ၁-မိုင်လောက်တွင် ကဒမ္ဗမြစ်၊ ဂင်းမြစ်၏အကြား၌ ကျောင်းတိုက်ရာများ ရှိ၏။ ထိုမြစ်ကို တံတားဖြင့် ကူးသွားလျှင် နဂရဝါပီရေကန်ကြီးကို တွေ့ရ၏။ ထိုရေကန်လည်း တိသဝါပီရေကန်နှင့်

အလားတူ၏။ ရေကန်၏ အောက်အရပ် တာလမ်းအတိုင်း အရှေ့မြောက်သို့ သွားလျှင် စ-မိုင်လောက်တွင် မဟိန္ဒရာဇ်ခေါ်သော ရွာရှိ၏။ ၎င်းရွာမှ အရှေ့တောင်သို့ မိုင်ဝက်လောက်မှာ မိသကတောင် ရှိ၏။ ထိုတောင်၌ ဒေဝါနံပိယတိဿမင်းကြီးနှင့် အရှင်မဟိန္ဒမထေရ်မြတ်တို့သည် ရှေးဦးစွာ တွေ့ဆုံကြလေကုန်၏။

မိသကတောင်ပေါ်သို့ တက်လမ်း လက်ဝဲဘက်က ကျောင်းတော်ရာနှင့် ကျောက်ခွက်ကြီး ၂-ခုရှိ၏။ ၁-ခုမှာ အလျား အတောင် ၂၈-တောင်ထွာ၊ အနံ ၂-တောင်နှင့် ၁-မိုက်ခန့် ရှိ၏။ ၎င်း ၁-ခုကား အလျား ၁၅-တောင်, အနံ ၂-တောင်ခန့် ရှိ၏။ အမည်အားဖြင့်ကား ၎င်းကျောင်းတိုက်ရာသည် မထင်ရှားသေး။

မိသကတောင်ထိပ်ပေါ်၌ အမွတ္ထလစေတီတော် ၁-ဆူ ရှိ၏။ ၎င်းစေတီတော်နေရာမှာ အရှင်မဟိန္ဒမထေရ်သည် ဒေဝါနံပိယတိဿမင်းအား ရှေးဦးစွာ တရားဟောဖူးသောကြောင့် မထေရ်မြတ်၏ ဓာတ်တော်ကို မင်းကြီး၏ညီတော် သူရတိဿမင်းသည် ထိုစေတီ၌ ဌာပနာသည်-ဟု ပြောဆိုကြ၏။

အမွတ္ထလစေတီတော်၏ တောင်ဘက်မျက်နှာ ရင်ပြင်တော်၌ တံတိုင်းအတွင်းတွင် စတုရန်း ၄-တောင်ခန့်ရှိသော ကျောက်ဖျာကြီး ၁-ခုသည် ရှိ၏။ ၎င်းကျောက်ဖျာထက်၌ပင် အရှင်မဟိန္ဒမထေရ်၏ တဝမ်းကွဲတူတော် သုမနသာမဏေ၏ တဝမ်းကွဲညီတော် ဇမ္ဗုဒိပ်မှ ပါလာသော အနာဂါမ်ရှင်လောင်းကို ရှင်ပြု၏။ ရှင်ပြုမည့်အခါ သုမနသာမဏေသည် ၎င်းကျောက်ဖျာကို မြောက်ကျွန်းမှ ယူဆောင်၍ လာ၏-ဟု ပြောဆိုကြ၏။ ယခုအခါ ထိုကျောက်ဖျာကို သံဝရံတာ ကာရံထားကြလေ၏။

အမွတ္ထလစေတီ၏ အနီး၌ ကျောက်ဂူရှိ၏။ ထိုကျောက်ဂူ၏ အရှေ့မြောက်အောက်သို့ ဆင်းလိုက်လျှင် အရှင်မဟိန္ဒမထေရ်၏ ကိန်းစက်တော်မူရာ ကျောက်ဂူ ၁-ခုရှိ၏။ ထိုကျောက်ဂူ၌ပင် အရှင်မဟိန္ဒမထေရ်မြတ်သည် လျှောင်းစက်တော်မူ၏။ ထိုကျောက်ညောင်စောင်းသည် အလျား ၅-တောင်, အနံ ၂-တောင်ထွာခန့်ရှိ၍ အပေါ်က ကျောက်တောင်ကြီး မိုးကာလျက်ရှိ၏။ ၎င်းနေရာသို့ သံလှေခါးကလေးဖြင့် သွားရ၏။

အမွတ္ထလစေတီ၏ အရှေ့တောင်အနီးမှာ အတောင် ၅၀-လောက် မြင့်သော ကျောက်တောင်ကြီးသည် ရှိ၏။ ထိုကျောက်တောင်၏ ကျောက်လုံးထက်၌ အရှင်မဟိန္ဒမထေရ်သည် ဇမ္ဗုဒိပ်ကျွန်းမှ ရွှေဟင်္သာငှက်မင်း ပျံတက်သကဲ့သို့ အာကာသကောင်းကင်ကို ပျံတက်တော်မူလာပြီးလျှင် သက်ဆင်းတော်မူ၏။ တက်လမ်းကို သံလက်ရန်း, သံတံတားဖြင့် ပြုလုပ်ထား၏။ တစ်နည်းကား ထိုနေရာကို အရှင်မဟိန္ဒမထေရ် ကြွလာတော်မူ၍ တရား

ဟောရန် သုမနသာမဏေ ကြွေးကြော်သော ကျောက်တောင်-ဟု သမုတ်ကြ၏။ ၎င်းတောင် အောက်ကလည်း မတ်တတ်ရပ်လျက် အရှင်မဟိန္ဒမထေရ်မြတ်၏ ရုပ်ပုံတော်ရှိ၏။

အမွတ္ထလစေတီတော်၏ **အနောက်**မျက်နှာ၌ ဒကွိဏာသာခါ မဟာဗောဓိပင် ၁-ပင်ရှိ၏။ ၎င်းပြင် ကျောက်ကမ္ပည်းစာလည်း ရှိ၏။ မဟာဗောဓိပင်၏ အနောက်ဘက်အနီး၌ ကျောက်ရေကန်၊ ကျောက်ရေကန်၏ အနောက်နား၌ ကျောက်ဂူ၊ ကျောက်ဂူ၏ ထိပ်ပေါ်၌ ဒေဝါနံပိယတိဿမင်းသည် မြတ်စွာဘုရားသခင်၏ ဥဏ္ဏလုံမွေးရှင်တော်ကို ဌာပနာရာ **သေလစေတီ**တော် ၁-ဆူ ရှိ၏။

အမွတ္ထလကျောင်းတိုက်၏ **အနောက်**မုခ်တံခါးမှ အနောက်တောင်ဘက်လမ်း အတိုင်းသွားလျှင် **နာဂပေါက္ခရဏီ**ရေကန်ကြီးကို တွေ့ရှိပြီးမှ ၎င်းရေကန်၏ တောင်ဘက်မျက်နှာမှ အနောက်မြောက်လမ်း၊ ၎င်းလမ်းအောက်၌ ကျောင်းတိုက်ရာရှိ၏။ ကျောက်တိုင်တို့ဖြင့်ရံလျက် စမ်းရေပြွန်၌ ခြသော့်ရုပ်ပါရှိသော အရှင်မဟိန္ဒမထေရ် ရေသပွါယ်ရာ ကျောက်ရေကန် ရှိ၏။

၎င်းရေကန်မှ အနောက်ဘက်၌ ရေဟောင်းထုတ်ရာ ခံတွင်းမှ စမ်းရေစီးလျက် ခြသော့်ရုပ်ကြီး၊ ၎င်းခြသော့်ရုပ်မှ အနောက်တောင်သို့ စီးသော စမ်းချောင်းအတိုင်း လိုက်သွားလျှင် တောင်,မြောက်သွားနေသော တာလမ်းရှိ၏။ ၎င်းလမ်းမှ တောင်သို့ မိုင်ဝက်ခန့်သွားလျှင် အရှေ့တောင်သို့ သွားသောလမ်းအတိုင်း မိဿကတောင်၏ အနောက်တောင်ထောင့် အရပ်၌ **ကာလုဒကပေါက္ခရဏီ**ရေကန်ကြီး ၁-ခုရှိ၏။ ၄င်းရေကန်ကြီး၏ အနောက်ဘက်၌ ကျောက်ဖျာကြီး ၁-ခု ရှိ၏။

ကျောက်ဖျာ၏ အကြောင်းကား **ကာလ**ရက္ခိတရဟန္တာသည် လကွယ်နေ့ ညဉ့်အခါမှာ **ကာလ**ကာရာမသုတ်ကို တစ်ညဉ့်လုံး ဟောတော်မူ၏။ ထိုအခါ သဒ္ဓါတိဿမင်းသည် ရပ်လျက်ပင် တရားတော်ကို နာ၏။ နေအရုဏ်တက်၍ ပြီးဆုံးသောအခါ သီဟိုဠ်ကျွန်းလုံးမှ ထိုနေ့ထွက်သမျှ အခွန်ဘဏ္ဍာတို့ဖြင့် ပူဇော်ရာ ကျောက်ဖျာကြီး-ဟု ပညာရှိတို့ ညွှန်ပြကြကုန်၏။ ကျောက်ဖျာ၏ အနီးတွင်လည်း ကျောင်းတိုက်ရာ ကျောက်တိုင်ရှိကုန်၏။

၎င်းကျောက်ဖျာမှ လာလမ်းအတိုင်း ပြန်လာခဲ့လျှင် ပေတရာလမ်းအတိုင်း မြောက်သို့ အနည်းငယ်သွားပြီးမှ ၎င်းလမ်း အနောက်ဘက်၌ ရာဇဂီရိတောင်သို့ သွားရာ အင်္ဂလိပ်စာနှင့် မှတ်တိုင်ရှိ၏။ ၎င်းမှတ်တိုင်ကို ကြည့်ပြီးလျှင် တောင်ကို ကြည့်၍ လမ်းအတိုင်းသွားပြီးမှ စောင်းတန်းသို့ တက်သောအခါ ကျောက်ဂူ, ကျောက်လိုဏ်, ကျောက်မဏ္ဍပ်ကြီးကို တွေ့ရ၏။

[၂၀] သခ်ၤမ်ိဳ့၊ စွယ်တော်ဓာတ်အကြောင်း

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် ဝင်စံတော်မူသောအခါ အလောင်းတော်ကို ပူဇော်ခြင်းတို့ဖြင့် ပူဇော်ကြ၍ ၇-ရက်မြောက်သောနေ့၌ ပြကတ္တေ့သော သဘောဖြင့် တေဇော ဓာတ်လောင်တော်မူလေ၏။ ကြွင်းကျန်သော ဓာတ်တော်တို့တွင် **စွယ်တော် ၄-ချောင်း, ညှပ်ရိုးတော် ၂-ချောင်း, သင်းကျစ်တော် ၁-ဆူ၊** ဤ ၇-ဆူတို့သည် အသမ္ဘိန္နဓာတ်တော် မည်ကုန်၏။ ထိုမှကြွင်းသော ဓာတ်တော်တို့သည် သမ္ဘိန္နဓာတ်တော် မည်ကုန်၏။

ဒေါဏပုဏ္ဏားသည် ထိုဓာတ်တော်တို့ကို ၈-ပြည်ထောင်မင်းတို့အား ၁-ဒေါဏ (၁-စိတ်)စီ ဝေဖန်လေ၏။ မိမိမူကား **လက်ယာအောက် စွယ်တော်**ကို ဦးရစ်ကြား၌ ဝှက်ထားလေ၏။ သိကြားမင်းသည် တန်ခိုးဖြင့် ယူဆောင်၍ ထိုစွယ်တော်ကို တာဝတိံသာ စူဠာမဏိ စေတီတော်၌ ဌာပနာလေ၏-ဟု ဒီဃနိကာယ်၊ သုတ်မဟာဝါအဋ္ဌကထာ(၂၀၁)၌ လာရှိ၏။

ဒေါဏပုဏ္ဏားသည် ၁-ဆူသော **လက်ယာအောက် စွယ်တော်**ကို ခြေဖျားဖြင့် နင်း၍ ဝှက်ထားလေ၏။ ထိုအခါ ဇယသေန-နဂါးမင်း လာ၍ ယူဆောင်ပြီးလျှင် နဂါးပြည်၌ စေတီအတွင်းဝယ် ဌာပနာထည့်သွင်းထားလေ၏-ဟု ဓာတုဝင်၌ လာရှိ၏။

၁-ချောင်းသော လက်ဝဲအထက် စွယ်တော်ကို ဒေါဏပုဏ္ဏားသည် မိမိအဝတ်ကြား၌ လျှို့ဝှက်ထားလေ၏။ ထိုစွယ်တော်ကို ဂန္ဓရတိုင်းသား ရဟန္တာ ၁-ပါးသည် တန်ခိုးတော်အားဖြင့် ယူဆောင်ပြီးလျှင် စေတီယတောအုပ်၌ တည်ထားကိုးကွယ်လေ၏-ဟု ဓာတုဝင်၌ လာရှိ၏။

၁-ချောင်းသော လက်ဝဲအောက် စွယ်တော်ကို အရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သော ခေမာ အမည်ရှိသော ရဟန္တာသည် တေဇောဓာတ်လောင်သောအခါဝယ် စန္ဒကူးထင်းပုံထက်မှ ယူဆောင်၍ ဇမ္ဗူဒီပါကျွန်း၊ ကလိင်္ဂတိုင်း၊ ဒန္တပုရပြည့်ရှင် ဗြဟ္မဒတ်မင်းအား ပေးအပ်၍ ကိုးကွယ်ဆည်းကပ်စေ၏။ ထိုစွယ်တော်ကို မင်းစဉ်မင်းဆက်တို့လည်း ကိုးကွယ်ဆည်းကပ်ကြကုန်၏။

ထို့ကြောင့်-

> **ကော ဟိ ဒါဋ္ဌာ တိဒိဝေဟိ ပူဇိတာ၊ ကော ပန ဂန္ဓာရပုရေ မဟီယတိ။**
> **ကလိင်္ဂရညော ဝိဇိတေ ပုနေကံ၊ ကံ ပန နာဂရာဇာ မဟေတိ။ ။**

ဟူ၍ သုတ်မဟာဝါပါဠိတော်(၁၃၈)၌ ဟောတော်မူ၏။

အဓိပ္ပါယ်မှာ စွယ်တော်ဓာတ် ၄-ဆူသည် တာဝတိံသာ, ဂန္ဓာရ, ကလိင်, နဂါးပြည်၊ ဤ ၄-ဌာနမှာသာ ရှိ၏-ဟု သခ်ေပအဓိပ္ပါယ် ရရှိ၏။ သို့သော် **ဒါဌာဓာတုဝင်အဋ္ဌကထာ** အလိုမှာ ဟေမမာလာမင်းသမီးသည် ဒန္တကုမာရမင်းသားနှင့် အတူတက္ပ ပုဏ္ဏားယောင်ဖြင့် ကလိင်တိုင်းမှ စွယ်တော်ကို ယူဆောင်ပြီးလျှင် ထွက်ပြေးလာကြ၏။ သဘော်ဆိပ်၌ သဘော်သားတို့အား အကြောင်းကြား၍ တဟုန်တည်း သွားကြလေသောအခါ နတ်,နဂါး,ဂဠုန်တို့သည် ကြီးစွာသော ပူဇော်ခြင်းဖြင့် ပူဇော်ကြ၍ သီဟိုဠ်ကျွန်း၊ ဇမ္ဗူကောလပဋ္ဌနခေါ်သော သဘော်ဆိပ်သို့ ဆိုက်ရောက်ကြလေကုန်၏။ ထိုအခါ ခမည်းတော် ဂုဟသီဝမင်း၏ ညွှန်ကြားအပ်သော လမ်းခရီးဖြင့် အနုရာဓပြည်သို့ သွားရောက်ကြလေကုန်၏။

ထို့နောက်မှ ကိတ္တိသီရိမေဃမင်း၏ သတင်းအကြောင်းအရာကို မေးမြန်းကြကုန်၏။ ထိုမင်းအား သရဏဂုံတည်ကြောင်းကို ကြားသိရ၍ သံဃရိမဟာထေရ်သို့ ချဉ်းကပ်ပြီးလျှင် လျှောက်ပတ်သောအရပ်၌ နေပြီးမှ အကြောင်းမျိုးစုံကို အကုန်ပြန်လှန်၍ ပြောဆိုလျှောက်ထားကြကုန်၏။ ယင်းသို့ ပြောဆိုလျှောက်ထားပြီးလျှင် စွယ်တော်ကြုတ်ကို ဖွင့်ပြလေ၏။ ထို့နောက် အနုရာဓပြည်၏ တောင်မျက်နှာ၌ ကိတ္တိသီရိမေဃမင်းသည် စွယ်တော်တိုက် ကျောင်းဆောက်လုပ်ပြီးလျှင် ကိုးကွယ်ဆည်းကပ်လေ၏။

ကလိင်တိုင်းမှ သီဟိုဠ်ကျွန်းသို့ စွယ်တော်ဓာတ် ရောက်လာသောအခါ သာသနာတော်နှစ်-၆၃၀၊ သီဟိုဠ်မင်းဆက် ၆၂-ဆက်၊ ကိတ္တိသီရိမေဃမင်း နန်းစံ ၉-နှစ် ရှိလေပြီ။ တဖန် အနုရာဓမြို့မှ အရှေ့မြောက် ၇၃-မိုင်လောက်တွင် ကျမ်းဂန်အရဖြင့် ပုလတ္ထိနဂရ၊ သီဟိုဠ်အခေါ် ပေါလနရုဝမြို့သည် ရှိ၏။ ၎င်းမြို့သို့ မင်းတို့ ပြောင်းရွှေ့ကြသောအခါလည်း စွယ်တော်ဓာတ်ကို ပင့်ဆောင်၍ ကိုးကွယ်ဆည်းကပ်ကြကုန်၏။ ထိုပုလတ္ထိနဂရမြို့မှ တဖန် ကျမ်းဂန်အရဖြင့် သခ်ၤန္တ၊ ယခုအခါ ကန္ဒီခေါ်သော မြို့သို့ ပြောင်းရွှေ့၍ နန်းစံသောမင်းသည် ထိုစွယ်တော်ဓာတ်ကို ပင့်ဆောင်ပြီးလျှင် ကိုးကွယ်ဆည်းကပ်လေ၏။

ဤသို့ ရှေးရှေးက ဆရာတို့ ရေးသားဖော်ပြကြသော ကျမ်းဂန်တို့ကို ထောက်ဆလိုက်လျှင် သီဟိုဠ်ကျွန်း၌ ယခုရှိနေသော စွယ်တော်မြတ်သည် ကလိင်တိုင်းမှ ဒန္တကုမာရမင်းသားနှင့် ဟေမမာလာမင်းသမီးတို့ ပင့်ဆောင်ယူလာသော စွယ်တော်ဓာတ်မြတ်-ဟု ဧကန်မုချ မှတ်ယူအပ်၏။

စွယ်တော်ဓာတ်၏ ပမာဏကား ထိပ်ဝ လုံးပတ် ၆-မူးခန့်၊ အလျား ၂-လက်မခန့် ရှိ၏။ အရောင်အဆင်းမှာ နီကြန့်ကြန့်ရှိ၍ ကြီးသောဘက်မှာကား နီမြန်း၏။ ၎င်းဘက် ထိပ်ဝ၌ အနည်းငယ် မည်းညိုသော အကွက်ငယ်ကလေး ၃-ကွက် ပါရှိ၏။ သို့ရာတွင် ပညာရှိတို့က စွယ်တော်ဓာတ်၏ လုံးရပ်သဏ္ဌာန်, အရောင်အဆင်း စသည်များကို ခြားနား၍

မပြောမဆိုနိုင်-ဟု အစဉ်အဆက် နှုတ်ထွက်စကား ပြောဆိုလေ့ရှိကြကုန်၏။ ဖူးမြင်ရသူတို့သည်လည်း အဖြူ, အနီ စသည်တို့ဖြင့် အရောင်အဆင်းကို အယူဝါဒ တစ်မျိုးတစ်မျိုးစီ ညွှန်ပြပြောဆိုကြကုန်၏။

မြတ်စွာဘုရားသခင်၏ စွယ်တော်ဓာတ်သည် ငွေကြုတ်, ရွှေကြုတ်-စသော ၁၂-ထပ်သော ကြုတ်တို့၌ ကိန်းအောင်းတော်မူ၏။ ပြင်ပက ငွေကြုတ်ကား လုံးပတ် ၅-တောင်, အမြင့် ၄-တောင်ကျော်ခန့် ရှိ၏။ ပွတ်စေတီသဏ္ဌာန် ပထမ, ဒုတိယ, တတိယ ပစ္စယံ ၃-ဆင့်နှင့်တကွ ခေါင်းလောင်း, သပိတ်မှောက်၊ ၎င်းအထက်က ဖောင်းရစ်, ထီးတို့ဖြင့် ဆင်ယင်လျက် ရှိ၏။ ဖောင်းရစ်အရင်း၌ သီဟိုဠ်, မြန်မာ-စသော မင်းတို့သည် လှူအပ်သော နဝရတ်အရောင်တို့ဖြင့် တင့်တယ်သော စလွယ် ၁၄-သွယ် ရှိ၏။ ထိုစလွယ်တို့တွင် မဂ်လာဥဒေါင်းရုပ်ပါရှိသော စလွယ်သည် အထူးပင် တင့်တယ်လျှောက်ပတ်၍ ရှုချင်ဖွယ်ရာ ကောင်းလှပေ၏။

ကြုတ်တော်ကြီး၏ဖောင်းရစ်၌ သီဟိုဠ်မင်းတို့ လှူအပ်သော ပတ္တမြားလက်ကောက် ၁-ရံ စွပ်လျက်ရှိ၏။ ၄င်းပြင် ကြုတ်တော်ကြီး၏ အောက်၌လည်း **သီပေါမင်း၏ အမတော်တို့** လှူအပ်သော သလွန်တော်ရှိ၏။ ထို ၁၂-ထပ်သော ကြုတ်တို့ကို သော့ ၃-တန်ဖြင့် ပိတ်၍ ထား၏။ ၎င်းကြုတ်တော်ကြီး၏ ပြင်ပ၌ ဇလားသဏ္ဌာန် မှန်သေသေတ္တာ အုပ်ဖုံးလျက် ထား၏။ ၎င်းမှန်သေသေတ္တာ၏အနီး၌ ရှမ်းစော်ဘွား, သီဟိုဠ်သား, စစ်ကိုင်းမြို့, ဥပါသကာတို့ လှူအပ်သော ရွှေပန်း ၃-ပင်ရှိ၏။ ၎င်း၏ပြင်ပ၌ ရွှေချ၍ထားသော သံဝရံတာကို သော့ခတ်လျက် ထားရှိ၏။ ၎င်းသံဝရံတာ ထည့်သွင်းထားသော ကျောက်စွယ်တော်တိုက်ကြီးကိုမူကား သော့ ၃-တန်တို့ဖြင့် ခိုင်ခံ့လုံခြုံစွာ ခတ်၍ ထားရှိ၏။ အကျယ်ကို သိလိုလျှင် **မဟာဗောဓိမဂ္ဂဒီပနီကျမ်း**တွင် ရှုကြည့်ကြလေ။

----- × -----

[၂၁] ဂဂ်ါရာမဘုရားအကြောင်း

သခ်ၣမြို့၊ စွယ်တော်တိုက် အရှေ့တောင် ၁-မိုင်လောက်တွင် ဂဂ်ါရာမခေါ်သော ဘုရားကျောင်းတိုက် ၁-ခု ရှိ၏။ ထိုကျောင်းတိုက်ကို မဟာဝါလုကဂဂ်ါမြစ်အနီး ရဟန္တာမထေရ်မြတ်တို့ သီတင်းသုံးနေတော်မူရာ ကျောင်းတိုက်-ဟု ခေါ်ဆိုကြ၏။ ၎င်းကျောင်းတိုက်၌ ရပ်တော်မူဘုရား ၁-ဆူ ရှိ၏။ အရပ်တော် ၁၈-တောင် မြင့်၏။ ၎င်းဘုရားကိုပင် ယခုအခါ ဂဂ်ါရာမဘုရား-ဟု ခေါ်ဝေါ်သမုတ်ကြကုန်၏။

ထိုမှတပါး သခ်ၣာမြို့၌ အဟောင်း,အသစ် ဘုရားကျောင်းတို့လည်း များစွာပင် ရှိကုန်၏။ ထက်ဝန်းကျင် တောင်တို့ဖြင့် ခြံရံလျက်ရှိ၏။ ဗုဒ္ဓဘာသာတို့ နေထိုင်ရာဖြစ်ခြင်းကြောင့် အသွားအလာမှာ များစွာပင် လွယ်ကူလှပေ၏။ ရဟန်းတော်များတို့နှင့် စကားပြောဆိုကြလျှင် သီဟိုဠ်ဘာသာကို နားမလည်သောသူတို့မှာ ပါဠိဘာသာစကားဖြင့် ပြောဆိုမေးမြန်းနိုင်ကြ၏။

----- × -----

[၂၂] ခြေတော်ရာအကြောင်း

တီဏိ ခေါ် ပန ဘဂဝတော ပါဒစေတိယာနိ လက်ာဒီပေ ဧကံ ဇမ္ဗုဒီပေ ယောနကရဋ္ဌေ ဒွေတိ။

တတ္ထ ဗောဓိတော အဋ္ဌမေ ဝဿေ ကလျာဏိယံ မဏိအက္ခိနာ နာဂရာဇေန နိမန္တိတော ဘဂဝါ ပဠဟိ ဘိက္ခုသတေဟိ ပရိဝုတော လက်ာဒီပံ အာဂမ္မ ကလျာဏိ-စေတိယဋ္ဌာနေ ကတေ ရတနမဏ္ဍပေ နိသိန္နော ဘတ္တကိစ္စံ ကတ္တာ သုမနကူဋေ ပဒံ ဒဿေတ္တာ အဂမာသိ။ –

ဟူ၍ သာရတ္ထသင်္ဂဟကျမ်း၌ လာရှိ၏။

ပန၊ ခြေတော်ရာကို ပြဦးအုံ့။ ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ ပါဒစေတိယာ-နိ၊ ခြေတော်ရာတို့သည်။ လက်ာဒီပေ၊ သီဟိုဠ်ကျွန်း၌။ ဧကံ၊ ၁-ဆူ။ ဇမ္ဗုဒီပေ၊ ဇမ္ဗူဒိပ်ကျွန်း၌။ ယောနကရဋ္ဌေ၊ ယောနကတိုင်း၌။ ဒွေ၊ ၂-ဆူ။ ဣတိ၊ ဤသို့။ တီဏိ ခေါ်၊ ၃-ဆူတို့သည်သာလျှင်တည်း။

တတ္ထ၊ ထိုခြေတော်ရာ ၃-ဆူတို့တွင်။ ဗောဓိတော၊ ဘုရားဖြစ်တော်မူသည်မှ။ အဋ္ဌမေ ဝဿေ၊ ၈-ဝါမြောက်၌။ ကလျာဏိယံ၊ ကလျာဏီမြစ်နား၌။ မဏိအက္ခိနာ၊ **မဏိအက္ခိ**အမည်ရှိသော။ နာဂရာဇေန၊ နဂါးမင်းသည်။ နိမန္တိတော၊ ပင့်ဖိတ်အပ်သည်ဖြစ်၍။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ပဠဟိ ဘိက္ခုသတေဟိ၊ ရဟန်း ၅၀၀-တို့ဖြင့်။ ပရိဝုတော၊ ခြံရံအပ်လျက်။ လက်ာဒီပံ၊ သီဟိုဠ်ကျွန်းသို့။ အာဂမ္မ၊ ကြွတော်မူလတ်၍။ ကလျာဏီ-စေတိယဋ္ဌာနေ၊ ကလျာဏီစေတီတော်ကြီး တည်ရှိရာအရပ်၌။ ကတေ၊ ပြုအပ်ပြီးသော။ ရတနမဏ္ဍပေ၊ ရတနာမဏ္ဍပ်၌။ နိသိန္နော၊ နေတော်မူလျက်။ ဘတ္တကိစ္စံ၊ ဆွမ်းကိစ္စကို။ ကတ္တာ၊ ပြုတော်မူပြီး၍။ သုမနကူဋေ၊ သုမနတောင်ထွတ်၌။ ပဒံ၊ လက်ဝဲခြေတော်ရာကို။ ဒဿေတ္တာ၊ ချထားတော်မူခဲ့၍။ အဂမာသိ၊ ဇမ္ဗူဒိပ်သို့ ပြန်ကြွတော်မူလေ၏။

ပစ္စာ ဂစ္ဆန္တော နမ္မဒါနာဂရာဇေန ပူဇနိယံ ယာစိတော နမ္မဒါနဒီတီရေ ပဒစေတိယံ ဒသေတိ။ –

ဟူ၍လည်းကောင်း သာရတ္ထသင်္ဂဟကျမ်း၌ လာရှိ၏။

ပစ္စာ ဂစ္ဆန္တော၊ တဖန် သာဝတ္ထိပြည်သို့ ပြန်တော်မူလတ်သော်။ နမ္မဒါနာဂရာဇေန၊ နမ္မဒါနဂါးမင်းသည်။ ပူဇနိယံ၊ ပူဇော်အပ်သောအရာကို။ ယာစိတော၊ တောင်းပန်အပ်သောကြောင့်။ နမ္မဒါနဒီတီရေ၊ နမ္မဒါမြစ်နား၌။ ပဒစေတိယံ၊ လက်ဝဲခြေတော်ရာကို။ ဒသေတိ၊ ချထားတော်မူ၏။

တတော သစ္စဗန္ဓပဗ္ဗတံ ပတ္တာ သစ္စဗန္ဓတ္ထေရေန ယာစိတော သစ္စဗန္ဓပဗ္ဗတေ ယနပိဋ္ဌပါသာဏေ အလ္လမတ္တိကပိဏ္ဍမ္ပိ လဉ္ဇနံဝိယ ပဒစေတိယံ ဒသေသိ။–

ဟူ၍လည်းကောင်း သာရတ္ထသင်္ဂဟကျမ်း၌ လာရှိ၏။

တတော၊ ထို့နောက်မှ။ သစ္စဗန္ဓပဗ္ဗတံ၊ သစ္စဗန္ဓတောင်ထိပ်သို့။ ပတ္တာ၊ ကြွရောက်တော်မူပြီး၍။ သစ္စဗန္ဓတ္ထေရေန၊ သစ္စဗန္ဓမထေရ်သည်။ ယာစိတော၊ တောင်းပန်အပ်သောကြောင့်။ သစ္စဗန္ဓပဗ္ဗတေ၊ သစ္စဗန္ဓတောင်ထိပ်၌။ ယနပိဋ္ဌပါသာဏေ၊ တခဲနက်ထူသော ကျောက်ဖျာထက်၌။ အလ္လမတ္တိကပိဏ္ဍမ္ပိ၊ စိုစွတ်သော မြေစိုင်ခဲအပေါ်၌။ လဉ္ဇနံ ဝိယ၊ အရေးတံဆိပ် ခတ်နှိပ်တော်မူသကဲ့သို့။ ပဒစေတိယံ၊ လက်ဝဲခြေတော်ရာကို။ ဒသေသိ၊ ချတော်ထားတော်မူ၏။

အဓိပ္ပါယ်အကျဉ်းချုပ်မှာ မြတ်စွာဘုရားသခင်သည်–

- သီဟိုဠ်ကျွန်း၊ သုမနတောင်၌ ခြေတော်ရာ ၁-ဆူ၊
- ဇမ္ဗူဒိပ်ကျွန်း၊ ယောနကတိုင်း၊ နမ္မဒါမြစ်နား၌ ခြေတော်ရာ ၁-ဆူ၊
- ၎င်းပြင် သစ္စဗန္ဓတောင်ထိပ်ပေါ်၌ ခြေတော်ရာ ၁-ဆူ ချတော်မူခဲ့၏။

ထို ၃-ဆူသော ခြေတော်ရာတို့တွင် သီဟိုဠ်ကျွန်းရှိ ခြေတော်ရာကို ဒုဋ္ဌဂါမဏိမင်းသည် နောင်သောအခါ မိစ္ဆာဒိဋ္ဌတို့ မဖြိုဖျက်နိုင်အောင် နန္ဒိမိတ္တ, သူရနိမ္မိလ-စသော သူရဲ-ကောင်း ၁-ကျိပ်တို့ကို ကျောက်ဖျာကြီးဖြင့် ဖုံးအုပ်ထားစေသောကြောင့် ခြေတော်ရာအစစ်သည် ကျောက်ဖျာအောက်တွင် ရှိ၏။ အပေါ်၌ရှိသော ခြေတော်ရာကိုကား ပုံစံမျှသာ ဖြစ်၏-ဟု သိအပ်၏။

ကျောက်ဖျာကြီးအပေါ် ရှိ ခြေတော်ရာသည် အလျား ၅-ပေ, ၅-လက်မ၊ ခြေဖဝါး အလျား, အနံ ၂-ပေနှင့် ၁၀-လက်မ၊ ခြေဖနောင့်အရင်းနား အနံကား ၁-ပေနှင့် ၁၁-

လက်မရှိ၏။ သီဟိုဠ်ကျွန်းသို့ မြတ်စွာဘုရားသခင် ကြွတော်မူ၍ သုမနတောင်ထိပ်၌ ချတော်မူခဲ့သော ခြေတော်ရာ၏ ထူးဆန်းသော တန်ခိုးတော်မှာ ယခုကာလ ဗုဒ္ဓဘာသာ-စသော လူမျိုးတစ်ရာ့တစ်ပါးတို့သည် ထိုခြေတော်ရာရှိရာသို့ လာရောက်ကြကုန်၍ မိမိတို့၏ ကိုးကွယ်ရာ ဘုရားသခင်၏ ခြေတော်ရာ-ဟု ရည်မှတ်လျက် ဖူးမြော်ကြကုန်၏။

အဓိပ္ပါယ်မှာ ထိုခြေတော်ရာကို–

- ဗုဒ္ဓဘာသာလူမျိုးတို့ကလည်း ငါတို့ ကိုးကွယ်သော ဂေါတမမြတ်စွာဘုရားသခင်၏ ခြေတော်ရာ-ဟု အယူရှိကြကုန်၏။
- မူဆလမာန်လူမျိုးတို့ကလည်း ဤခြေတော်ရာသည် ငါတို့ကိုးစားရာ ခိုဒါခေါ်သော ထာဝရဘုရားသခင်၏ ခြေတော်ရာပင် ဖြစ်ပေသည်-ဟု အာရုံပြုလျက် ဆည်းကပ်ကြကုန်၏။
- ဟိန္ဒူလူမျိုးတို့ကလည်း ငါတို့၏ ရာမဘုရားသည် သီဟိုဠ်ကျွန်းသို့ လာရောက်သောအခါ ချထားခဲ့သော ခြေတော်ရာ-ဟု ယုံကြည်ပြီးလျှင် ပူဇော်ကြကုန်၏။
- ဟိန္ဒူအချို့တို့ကလည်း ဤခြေတော်ရာသည် ထာဝရဘုရားသခင်က စေလွှတ်၍ ဝိရှဏုခေါ်သော ဘုရားသခင်သည် ကိုယ်တိုင်လာရောက်၍ ချထားခဲ့သော ခြေတော်ရာပင်-ဟု သက်ဝင်ပူဇော်ကြကုန်၏။

ဤသို့ စသည်ဖြင့် ဘာသာအမျိုးမျိုးသည် အကိုးအကား ၁-ခုစီပြုပြီးလျှင် လာရောက်ပူဇော်နေကြသည်ကို မျက်မြင်ဒိဋ္ဌ တွေ့မြင်ခဲ့ရပေ၏။

----- × -----

[၂၃] ခြေတော်ရာတောင် လမ်းခရီးအစီအစဉ်

လမ်းခရီးအစီအစဉ်မှာ ကန္ဒီမြို့မှ ဟတ္တန်ဘူတာသို့ သွားရောက်ပြီးမှ ၎င်းဘူတာမှ ၁၂-မိုင်ကွာဝေးသော မစ္စဂီရိရွာသို့ မော်တော်ကားနှင့် သွားရမည်။ ၎င်းရွာမှ ၁၀-မိုင်လောက် ကားဖြင့်ဖြစ်စေ သို့မဟုတ် ခြေလျင်ဖြစ်စေ စေတီပါဒခေါ်သော တောင်ခြေရင်းသို့ သွားရမည်။ တောင်ခြေရင်းမှ တဖန် အချိန်ကောင်းကို ကြည့်၍ တောင်ထိပ်သို့ တက်ကြလေ။ သီဟိုဠ်ကျွန်း၌ ဤခြေတော်ရာတောင်သည် အမြင့်ဆုံးတောင် ဖြစ်ပေ၏။ တောင်အောက်, တောင်အလယ်လောက် လမ်းစဉ်တလျှောက်မှာ ဗုဒ္ဓဘာသာ တည်းခိုရန် ဓမ္မသာလာနှင့် စျေးဆိုင်များ ရှိ၏။

စေတီပါဒခေါ်သော ခြေတော်ရာတောင်သည် သခ်ၦ(ကန္ဒီ)မြို့မှ တောင်ဘက်အရပ် ၆၄-မိုင် ဝေး၏။ ယခုအခါ သီဟိုဠ်ဘာသာဖြင့် **ဆရီပါဒ-ဟူ**၍ ခေါ်ဆို၏။ မြန်မာဘာသာ၌ကား **စေတီပါဒ-အမည်**ဖြင့် ထင်ရှား၏။ လူသွားလူလာ အစဉ်မပြတ်ရှိနေ၏။

----- x -----

[၂၄] **မဟိယင်္ဂဏစေတီတော်အကြောင်း**

သီဟိုဠ်ကျွန်း၊ **မဟိယင်္ဂဏစေတီတော်**၏ **ရှေးအကြောင်း**မှာ ငါတို့မြတ်စွာဘုရား သခင်သည် သီဟိုဠ်ကျွန်းသို့ ရှေးဦးစွာ ကြွတော်မူလာ၍ အလျား ၃-ယူဇနာ, အနံ ၁-ယူဇနာရှိသော **မေယျဝန်ဥယျာဉ်**တည်ရာ၌ တစ်နည်း **မဟာနာဂဝန်ဥယျာဉ်**၌ တန်ခိုးတော်အားဖြင့် မိုးရွာခြင်း-စသည်တို့ကို ဖြစ်စေတော်မူပြီးမှ ဘီလူးတို့အား ထိတ်လန့်စေတော်မူ၏။ ယင်းသို့ ထိတ်လန့်စေပြီးလျှင် ကောင်းကင်မှ သက်ဆင်းတော်မူ၍ **မဟိယင်္ဂဏစေတီ**တည်ရာ၌ စမ္မာဏက်ကို ဖြန့်ခင်းပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလေ၏။

ထိုအခါ ဘီလူးတို့သည် လာကြကုန်၏။ မြတ်စွာဘုရားသခင်လည်း စမ္မာဏက်မှ ကြောက်မက်ဖွယ်သောအသံကို ဖြစ်စေတော်မူ၏။ ဘီလူးတို့လည်း ကြောက်လန့်သော ကြောင့် သမုဒ္ဒရာသို့ တိမ်းရှောင်ထွက်ပြေးကြလေကုန်၏။ ဘီလူးကြမ်းတို့ကို ဂိရိဒီပသို့ ရောက်စေပြီးမှ နောက်တဖန် ပြန်မရောက်စေခြင်းငှာ ကျွန်းအလုံးကို လက်ယာရစ် ၃-ကြိမ်လှည့်လည်တော်မူပြီးမှ ပရိတ်တော်အရံအတားကို ပြုတော်မူခဲ့လေ၏။ ထို့နောက် ဖလသမာပတ်ကို ဝင်စား၍ နေတော်မူပြီးသောအခါ တရားတော်ကို ဟောတော်မူ၏။ ကြားနာရသော ဘီလူးတို့လည်း ပဉ္စသီလ၌ တည်ကြကုန်၏။

ထိုအခါ **မဟာသုမနနတ်မင်း**သည် လျှောက်ထားတောင်းပန်အပ်သောကြောင့် **မဏိတော်**ကို လက်တော်ဖြင့် သုံးသပ်၍ ဆံတော်ဓာတ် ၁-လက်ဆုပ်ကို ပေးတော်မူပြီးမှ ဥရုဝေလသို့ ပြန်ကြွတော်မူလေ၏။ နတ်မင်းကြီးလည်း မြတ်စွာဘုရားသခင် သီတင်းသုံးထိုင်နေတော်မူရာ၌ ရတနာ ၇-ပါးဖြင့်ပြီးသော စေတီကို ပြုလုပ်၏။ စေတီတော်မြတ်၌ ထိုဆံတော်ဓာတ်ကို ဌာပနာပြီးလျှင် ဣန္ဒနီလာကျောက်ဖြင့် မွမ်းမံခြယ်လှယ် ရစ်စီ၍ **မဟိယင်္ဂဏစေတီတော်** ဘွဲ့ထူးဖြင့် ကိုးကွယ်ထားလေ၏။

ထို့နောက်တဖန် **အရှင်သာရိပုတ္တရာ**၏ တပည့်ဖြစ်သော **သရဘူရဟန္တာ**သည် မြတ်စွာဘုရားသခင်၏ စန္ဒကူးထင်းပုံထက်ကို ရဟန်း ၁,၀၀၀-နှင့်တကွ လက်ယာရစ်လှည့်လည်၍ ပူဇော်ကန်တော့ပြီးမှ လည်ရိုးတော်ဓာတ်ကို တန်ခိုးအားဖြင့် ယူဆောင်လျက် သီဟိုဠ်

ကျွန်း၊ မဟိယဂ်ဏာစေတီတော်၌ ဌာပနာလေ၏။ အဆီခဲအဆင်းနှင့်တူသော မေဒဝဏ္ဏာ ကျောက်တို့ဖြင့် လွှမ်းထပ်ပြန်၍ စေတီတော်ကို ၁၂-တောင် မြင့်စေ၏။ ထိုစေတီတော်ကို သုမနနတ်မင်းအား အပ်နှင်း၍ ကုသိနာရုံသို့ ကြွတော်မူလေ၏။ ထို့နောက် ဒေဝါနံပိယ-တိဿမင်း၏ ညီတော် ဥဒ္ဒစူဠာဘယမင်းသားသည် မဟိယဂ်ဏာစေတီတော်ကို အုတ်တို့ဖြင့် မွမ်းမံ၍ အတောင် ၃၀-မြင့်စေ၏။

ထို့နောက်တဖန် ဒုဋ္ဌဂါမဏိမင်းသည် ထိုအကြောင်းအရာကို သိလတ်၍ သဒ္ဓါတရား ကြီးမားလွှမ်းမိုးလေသောကြောင့် ထိုမဟိယဂ်ဏာစေတီတော်ကို သံတောင် ၈၀-အမြင့်တိုင်အောင် ထပ်မံ၍ ပြုလုပ်တော်မူလေ၏။ ထို့ကြောင့် ရဟန်း,ရှင်,လူ ခပ်သိမ်းသူတို့သည် ဤမဟိယဂ်ဏာစေတီတော်မြတ်ကို သီဟိုဠ်ကျွန်းတွင် ပထမဦးစွာ တည်ထားသောစေတီဟု ခေါ်ဝေါ်သမုတ်ကြကုန်၏။

ယခုအခါ ဦးကိတ္တိရဟန်းတော်၏အမြင်မှာ ဗျက်ပြိုလျှက် တစ်စိတ်တဒေသမျှသာ ရှိနေလေသည်။ ထိုစေတီတော်ကြီး၏ အနီးအနားမှာလည်း ဖလရှဟဟောဓိပင်ကြီး ၁-ပင် ရှိ၏။ ကန္ဒီမြို့မှ အရှေ့မြောက်ခပ်ယွန်းယွန်း ၄၇-မိုင် ကွာဝေး၏။ မော်တော်ကားနှင့် တောင်စဉ်တလျှောက် အထက်,အောက် သွားရ၏။ မဟိယဂ်ဏာစေတီသည် မော်တော်ကားလမ်းအဆုံး ဂဂ်ါမြစ်၏ ထိုမှာဘက်ကမ်း၌ တည်နေ၏။ စေတီတော်အနားမှာ ရှမ်းဘုန်းကြီးများ နေကြကုန်၏။ တည်းခိုရန်မှာလည်း ၎င်းဘုန်းကြီးများ၏ ကျောင်းတိုက်၌ပင် တည်းခို၍ နေထိုင်နိုင်၏။ လူနေဖြစ်သောကြောင့် စားဖွယ်,သောက်ဖွယ်တို့ကို လွယ်ကူစွာ ရနိုင်၏။ လမ်းစဉ်တလျှောက်မှာလည်း စျေးဆိုင်များ ရှိ၏။

----- x -----

[၂၅] အာလောကလိုဏ်ဂူအကြောင်း

ကန္ဒီမြို့မှ အရှေ့မြောက် ၁၇-မိုင်လောက်တွင် အာလောကလိုဏ်ဂူရှိ၏။ ထိုလိုဏ်ဂူ၌ အရှင်မဟာဗုဒ္ဓယောသမထေရ်သည် ပိဋကတ် ၃-ပုံကို ရေးကူးခဲ့၏-ဟု ပညာရှိတို့ ပြောဆိုကြကုန်၏။ ၎င်းလိုဏ်ဂူသည် ရှေးအခါက မလယလေနပုဒ်-ဟု တွင်ခဲ့ဖူး၏။ ယခုအခါ သီဟိုဠ်ဘာသာဖြင့် မာတလေ-ဟူသော အမည်ဖြင့် ထင်ရှားနေ၏။ သို့သော် ထိုအမည် ၂-ခုတို့သည်ကား မြို့၏အမည်မျှသာ ဖြစ်ပေ၏။

ထိုမာတလေမြို့၏ အနောက်ဘက်၌ရှိနေသော ဂူသည်သာ အာလောကလိုဏ်ဂူဖြစ်၏။ ၎င်းအာလောကလိုဏ်ဂူ၌ ကျောက်ဆောင်ကြီး ၆-ခု မနီးမဝေး စီတန်းလျှက်ရှိ၏။

ထိုကျောက်ဆောင်တို့တွင်–

၁။ စေတီတက်လမ်းအောက်ရှိ ကျောက်ဆောင်ဂူကို အရှင်မဟာဗုဒ္ဓယောသမထေရ် သီတင်းသုံးရာ-ဟု ညွှန်ပြကြကုန်၏။ စေတီတက်လမ်း သံချောင်းလက်တံ၏ ခြေရင်းအနီးမှာ ဗောဓိညောင်ပင် ၁-ပင်ရှိ၏။

၂။ ၎င်းညောင်ဗောဓိပင်မှ အထက်၌ ဒုတိယကျောက်ဆောင် ရှိ၏။ ၎င်းကျောက်ဆောင်၌ ဖိနပ်ရစ် ၅-ရစ်ပါရှိသော စေတီတော် ၁-ဆူရှိ၏။ ၎င်းစေတီတော်၏ အောက်ဖိနပ်တော်ကား လုံးပတ် ၃၅-တောင်နှင့် ၁၆-လက်မရှိ၏။ အမြင့်မှာ ၁၈-တောင်လောက် ရှိလိမ့်မည်။

၃။ တတိယကျောက်ဆောင်ဂူ၌ကား ၁၈-တောင်ပမာဏရှိသော လျောင်းတော်မူဘုရား ၁-ဆူနှင့် ရုပ်ပွါးတော်မြတ်များလည်း ရှိ၏။

၄။ စတုတ္ထလိုဏ်ဂူ၌ ရုပ်ပွါးတော်မြတ်များနှင့်တကွ ၃၅-တောင်ခန့် ပမာဏရှိသော လျောင်းတော်မူဘုရား ၁-ဆူရှိ၏။ သီဟိုဠ်ဘုန်းတော်ကြီးများက ၎င်းလိုဏ်ဂူအတွင်း၌ ပိဋကတ် ၃-ပုံကို ထည့်သွင်းပြီးလျှင် အတန်တန်သော သော့တို့ဖြင့် ပိတ်ထားလေ၏။ ဗုဒ္ဓယောသမထေရ်သည် ဤလိုဏ်ဂူမှ ပိဋကတ် ၃-ပုံကို ကူးယူလေ၏-ဟု ပြောဆိုကြကုန်၏။

----- x -----

[၂၆] အာလောကလိုဏ်ဂူ လမ်းခရီးအစီအစဉ်

လမ်းခရီးအစီအစဉ်မှာ ကန္ဒီမြို့မှ မော်တော်ကားနှင့် သွားနိုင်၏။ မီးရထားနှင့်သော်ကား မာတလေ့သို့သာ ရောက်နိုင်၏။ မြတ်စွာဘုရားရှိရာသို့ မရောက်နိုင်။ မြန်မာဘာသာဖြင့် အာလောကလိုဏ်ဂူ၊ သီဟိုဠ်ဘာသာဖြင့် **အာလုဝိဟာရ**-ဟူ၍ ခေါ်ဆိုကြကုန်၏။ ဗုဒ္ဓဘာသာနိုင်ငံတော်ဖြစ်ခြင်းကြောင့် အသွားအလာမှာ လွယ်ကူ၏။ ရဟန်းတော်မြတ်များတို့ကို ပါဠိဘာသာဖြင့် ပြောဆိုနိုင်၏။

----- x -----

[၂၇] ဒမ္မုလလိုဏ်ဂူအကြောင်း

ကန္ဒီမြို့မှ ၄၃-မိုင်, အာလောကလိုဏ်ဂူမှ ၂၈-မိုင် အဝေးအကွာတွင် ဆီဂိရိယခေါ်သော မြို့ငယ်ရှိ၏။ ၎င်းမြို့၏အနီး၌ ဒမ္မုလခေါ်သော ကျောက်တောင်ကြီးသည်

ရှိ၏။ ၎င်းကျောက်တောင်၌ လိုဏ်ဂူ ၅-ပေါက်ရှိသည့်အနက်-

၁။ ပထမတက်လမ်းဂူပေါက်၌ ညောင်စောင်းအလျား ၂၆-တောင်ပေါ်တွင် လျှောင်းတော်မူ မြတ်စွာဘုရားရုပ်ပွါးတော် ၁-ဆူ ရှိ၏။

၂။ ဒုတိယဂူပေါက်၌ အကြီး,အငယ် ရုပ်ပွါးတော် ၆၁-ဆူရှိ၏။ ထိုရုပ်ပွါးတော်တို့တွင် လျှောင်းတော်မူ မြတ်စွာဘုရားကြီး၏ညောင်စောင်း အလျား ၂၂-တောင်ခန့် ရှိ၏။

၃။ တတိယလိုဏ်ဂူမှာ လျှောင်းတော်မူရုပ်ပွါးဘုရား ၁-ဆူ၊ ထိုဘုရား၏ ညောင်စောင်းတော်ကား အလျား ၂၂-တောင်ထွာ ရှိ၏။ စုစုပေါင်း ရုပ်တုတော် ၅၉-ဆူ ရှိ၏။

၄။ စတုတ္ထလိုဏ်ဂူမှာ ရုပ်ပွါးတော် အကြီး,အငယ် ၂၁-ဆူ ရှိ၏။

၅။ ပဉ္စမလိုဏ်ဂူမှာ အလျား အတောင် ၂၀-ခန့်ရှိသော လျှောင်းတော်မူ ၁-ဆူနှင့် ရုပ်ပွါးတော် အငယ်,အကြီး ၁၁-ဆူ ရှိ၏။

အဆိုပါ ဂူ ၅-ပေါက်သည် အရှေ့,အနောက် တန်းလျက်ရှိ၏။ တောင်မျက်နှာတွင် ကျောက်ရေကန်နှင့် ဖလရုဟဘောဓိပင် ၁-ပင် ရှိ၏။

ဒမ္မုလတောင်၏ ရှေးအကြောင်းကား ဒုဋ္ဌဂါမဏိမင်းကြီးသည် ၄-လတို့ပတ်လုံး စစ်ထိုး၍ မြို့ပေါက်သောအခါ နန္ဒိမိတ္တာ, သူရနိမ္မိလ-စသော သူရဲကောင်းစစ်သူကြီးများသည် ထန်းပင်, အုန်းပင်တို့ကို လက်ဖြင့် ကိုင်နုတ်လျက် ရိုက်နှက်သတ်ဖြတ်ကြ၍ အောင်မြင်သော ဝိဇိတမြို့တော် ဖြစ်၏။ ၎င်းမြို့တော်၏ အနီးအပါး၌ ဆီဂိရိယ-အမည်ရှိသော မြို့သည် ရှိ၏။ ထိုဆီဂိရိယမြို့၏ အနောက်တောင်ထောင့်အရပ်တွင် ရှိနေသော ဤဒမ္မုလလိုဏ်ဂူကို သယံဇာတလိုဏ်ဂူ-ဟု ဆိုလိုသည်။ အဓိပ္ပါယ်မှာ လူဖြစ်စေ, မင်းဖြစ်စေ တစ်စုံတစ်ယောက်သောသူက မပြုမလုပ်ဘဲ အလိုလိုဖြစ်နေသော လိုဏ်ဂူ-ဟု မှတ်အပ်၏။

ထိုသယံဇာတလိုဏ်ဂူကို ဝဋ္ဋဂါမဏိမင်းကြီးသည် ပြုပြင်ပြီးလျှင် ဘုရားကျောင်းစီမံကြောင်းကို သီဟိုဠ်ဘုန်းတော်ကြီးတို့က ဝဋ္ဋဂါမဏိမင်းကြီး၏ ရုပ်ဓာတ်ပုံနှင့်တကွ စာတမ်းရေးထားသည်ကို ကိုယ်တိုင်ပင် တွေ့မြင်ခဲ့ရပေ၏။ ဘုရားဖူးသူတို့သည် ထိုအရပ်ရှိ သီဟိုဠ်ကျောင်း၌ တည်းခိုနေထိုင်နိုင်ကြ၏။ သို့သော် မြင်မြင်သမျှကို လက်မခံ။ တောင်အောက်ရှိ ရွာတွင် စားဖွယ်,သောက်ဖွယ်ကို လုံလောက်အောင် ရရှိနိုင်၏။

အရပ်သား ဒကာ, ဒကာမများတို့သည် မြန်မာဘုန်းကြီး ရဟန်းတော်များကို အထူးသဖြင့် ချီးမြှောက်ကြ၏။ ဗုဒ္ဓဘာသာမှန်သမျှတို့သည် ရဟန်းသံဃာတော်တို့အား ရှေးထုံးနည်းလမ်းအတိုင်း ကိုးကွယ်ဆည်းကပ်ကြသည်ကိုလည်း တွေ့မြင်ခဲ့ရပေ၏။

[၂၈] ပုလတ္ထိမြို့အကြောင်း

ရှေးသောအခါက ပုလတ္ထိမြို့၌ ပရက္ကမဗာဟုမင်းသည် ထီးနန်းအုပ်ချုပ်၍ မင်းလုပ်ခဲ့ဖူးလေ၏။ ထိုမင်းသည် သာသနာတော်ကို ကြည်ညြိုလေးမြတ်သောမင်းဖြစ်၍ မိမိတည်ထောင်သော ပုလတ္ထိမြို့မှာ ကြီးကျယ်ခမ်းနားစွာ ကျောင်း, ကန်, သိမ်, ပုထိုး, စေတီတော် အစရှိသည်တို့ကို တည်ထား၍ ကိုးကွယ်ဆည်းကပ်ကြလေ၏။

ထိုမင်းလက်ထက် မြတ်စွာဘုရားသခင်၏ သာသနာတော်သည် ပုလတ္ထိမြို့တော်၌ နေနှင့် လအရောင်ကဲ့သို့ တပြောင်ပြောင် ထွန်းလင်းတောက်ပတော်မူခဲ့လေ၏။ ယခုအခါမှာ မြို့,ရွာနှင့်တကွ ရတနာ ၃-ပါး၏ အဆောက်အဦးများသည် ပျက်စီးယိုယွင်းကာ တောအတိဖြစ်လျက် ရှိနေလေ၏။ အနီးအနား၌ ရပ်ရွာက သဒ္ဓါကြီးမား ဒါယကာအများတို့သည် စွမ်းအားအလျောက် သုတ်သင်ပြင်ဆင်ရှင်းလင်း၍ ထားကြကုန်၏။ တွေ့ရှိရသောအရာများကို အောက်ပါအတိုင်း ဖော်ပြပါရှိပေ၏။

ရှေးကျမ်းဂန်အရဖြင့် ပုလတ္ထိနဂရ-ဟု ခေါ်ဆိုကြသော အမည်သညာကို ယခုအခါ သီဟိုဠ်ဘာသာဖြင့် ပေါလနရုဝ-ဟူ၍ ခေါ်ဝေါ်ကြ၏။ ထိုပေါလနရုဝမြို့သည် အနုရာဝမြို့မှ အရှေ့မြောက်ထောင့် ၇၃-မိုင်၊ အထက်၌ ပါရှိသော ဒမ္မုလဂူမှ ၄၂-မိုင်အကွာအဝေး၌ တည်ရှိ၏။ ကြည့်ရှုစရာ အဆောက်အဦးတို့သည်ကား မြို့ဟောင်း၏ စတုရန်း ၈-မိုင်အတွင်းမှာ ရှိကုန်၏။

ပေါလနရုဝမြို့၌ ဘုရားဖူးတို့ တည်းခိုရန် ဓမ္မသာလာကြီး ရှိ၏။ ထိုဓမ္မသာလာ၏ အနောက်တောင်ထောင့်အရပ် ၁-ဖာလုံခန့်၌ ဖလရုဟဗောဓိပင်နှင့် ဘုရားကျောင်းတိုက် ရှိ၏။ ၎င်းကျောင်းတိုက်၌ ပန်းခြံဆေးတို့ဖြင့် ရေးသားထားသော သီဟိုဠ်မင်းဆက် ၃၀-ရှိ၏။ ဓမ္မသာလာမှ အနောက်အရပ် မနီးမဝေး၌ မဟာရေကန်ကြီး ရှိ၏။ ဓမ္မသာလာမှ အနောက်တောင် ကန်ဘောင်ရိုးတလျှောက် လက်ဝဲဘက်လမ်း ၁-မိုင်ကျော်လောက်၌ ပေါတဂုလဝိဟာရခေါ်သော ကျောင်းတိုက်သည် ရှိ၏။ ၎င်းကျောင်းတိုက်၌ အရပ် ၇-တောင်ခန့်ရှိသော ပရက္ကမဗာဟုမင်း၏ ကျောက်ရုပ်ပုံသည် မတ်တတ်ရပ်လျက် ပေစာကို ကိုင်၍ ကျောင်းတော်ကို ကြည့်ရှုနေဟန်၊ ၎င်းပြင် စွယ်တော်ဓာတ် ကိန်းအောင်းတော်မူရာ ကျောင်းတိုက်နှင့် အပျက်အစီး စေတီ, ပုထိုးရာများလည်း ရှိကုန်သေး၏။

ဓမ္မသာလာမှ မြောက်ဘက် ၃-မိုင်ခန့်အတွင်း၌–

- ရာဇာမာလိဂါဝါ, - ကုမာရပေါကုန, - အဘိဆေကမန္ဒိရ,
- ဒါလနာမလိဂါဝါ, - ထူပါရာမ, ၎င်းထူပါရာမ၌ ကျောက်စာ,
- နိဆမ်ကလတာ, - မဏ္ဍာပယာ, - ဟဘာဒါဂေ,
- ဝါတာဒါဂေ,
- ဂလပေါတ, ၎င်းဂလပေါတ၌ ကျောက်စာတိုင်နှင့် ကျောက်စာပါရှိသော ကျောက်ပြားကြီး,
- ဆတမဟာလပြာဆာဒ,
- ရန်ဂုတဝိဟာရ, ၎င်းရန်ဂုတဝိဟာရ၌ စေတီတော်ကြီး,
- လင်္ကာတိလက, ၎င်းလင်္ကာတိလက၌ ဘုရားကျောင်းနှင့် အတောင် ၂၀-ခန့်လောက် ရှိသော ရုပ်တုတော်,
- ကိရိဝိဟာရ, ၎င်းကိရိဝိဟာရ၌ စေတီတော်ကြီး,
- ဂလဝိဟာရ, ၎င်းဂလဝိဟာရ၌ ကုသိနာရုံဘုရားကြီး၊ ၎င်းဘုရားကြီးသည် ၃၇-တောင် ၁-ထွာရှိ၏။
- ၎င်းပြင် ရုပ်ပွါးတော် ၄-ဆူ ကျောက်စာပြား ၁-ခု ရှိ၏။

ဤမျှလောက်သော ဌာနကိုသာ လှည့်လည်၍ ကြည့်ရှုနိုင်၏။ ထိုမှ ကြွင်းကျန်သော နေရာတို့သည် အဝေးဌ ရှိကုန်၏။ ဓမ္မသာလာမှ ၁-မိုင်ကျော်လောက် အဝေးတွင် ပေါလန-ရု၀(Polonnaruwa)ခေါ်သော ဘူတာမှ ကိုလံဘိုမြို့သို့ သွားရောက်နိုင်၏။

----- × -----

[၂၉] ၉-တိုင်း ၉-ဌာနခွဲ သာသနာပြုခြင်း

တတိယသင်္ဂီယနာ တင်ကြပြီးသောအခါ၀ယ် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်သည် အရပ်ရပ်တို့၌ သာသနာတော်မြတ် ထွန်းလင်းမည်ကို မြင်တော်မူလတ်၍ မထေရ်မြတ် ၉-ပါးတို့ကို ၅-ပါး, ၅-ပါးစီ ဂိုဏ်းဖွဲ့၍ ၉-တိုင်း ၉-ဌာနသို့ သာသနာတော်ပြု စေလွှတ်တော်မူလိုက်၏။

ထိုအခါ–

၁။ နောက်ပါ ထေရ်သံယာတော် ၅-ပါးနှင့်တကွ မဗ္ဗန္ဓိကမထေရ်မြတ်သည် ကသ္မီရ ဂန္ဓရတိုင်းသို့ ကြွသွားတော်မူ၍ အာသီဝိသောပမသုတ်ဖြင့် သာသနာတော်မြတ်ကို အားထုတ်ပြုစုတော်မူလေ၏။ (ဝိ၊ဌ၊၁။၄၈၊၄၉)

၂။ မဟာရေဝတ အမှူးရှိသော ၅-ဦးသော မထေရ်မြတ်တို့သည် မဟီသကတိုင်းသို့ ကြွသွားတော်မူကြပြီးလျှင် ဒေဝဒူတသုတ်တရားဖြင့် သာသနာတော်မြတ်ကို ရှည်လျားစွာ တည်တော်မူကြစေကုန်၏။ (ဝိ၊ဌ၊၁။၄၉၊၅၀)

၃။ ရက္ခိတမထေရ်မြတ်သည် နောက်ပါမထေရ် ၅-ပါးနှင့်တကွ ကြွသွားတော်မူလျက် ဝနဝါသီတိုင်း၌ အနုမတဂ္ဂသုတ်တရားဖြင့် သတ္တဝါအပေါင်းတို့အား ဟောချတ်တော်မူလေ၏။

၄။ ယောနကဓမ္မရက္ခိတမထေရ်မြတ်သည် ၅-ပါးသော ထေရ်သံယာနှင့်တကွ အပရန္တ တိုင်းသို့ ကြွတော်မူ၍ အဂ္ဂိခန္ဓောပမသုတ်ဖြင့် သာသနာတော်မြတ်ကို ကြီးပွါးစေ၏။

၅။ မဟာဓမ္မရက္ခိတမထေရ်မြတ်သည် အဖော်သံယာတော် ၅-ပါးနှင့်တကွ ကြွသွားတော်မူ၍ မဟာရဋ္ဌတိုင်း၌ မဟာနာရဒကဿပဇာတ်တော်ဖြင့် သာသနာတော်မြတ်ကို စည်ပင်ပြန့်ပွါးစေ၏။ (ဝိ၊ဌ၊၁။၅၀)

၆။ မဟာရက္ခိတမထေရ်မြတ်သည် နောက်ပါထေရ်သံယာတော် ၅-ပါးနှင့်တကွ ယောနကတိုင်းသို့ ကြွသွားပြီးလျှင် မြတ်စွာဘုရားသခင် သာသနာတော်မြတ်ကို ကာဋကာရာမသုတ်ဖြင့် ထွန်းကားစေ၏။ (ဝိ၊ဌ၊၁။၅၁)

၇။ မဇ္ဈိမထေရ်အမှူးရှိသော ထေရ်သံယာ ၅-ပါးတို့သည် ဟိမဝန္တာသို့ ကြွတော်မူကြ၍ ဓမ္မစကြာတရားတော်ဖြင့် သာသနာတော်မြတ်ကို အထွတ်အထိပ်သို့ ရောက်စေကုန်၏။

၈။ သောဏ, ဥတ္တရမထေရ် ၂-ပါးတို့သည် ၅-ဦးသော သံယာတော်နှင့်တကွ သုဝဏ္ဏ-ဘူမိသို့ ကြွတော်မူကြ၍ ပြဟ္မဇာလသုတ်တရားဖြင့် သာသနာတော်မြတ်ကို ကြီးပွါးစေကုန်၏။ (ဝိ၊ဌ၊၁။၅၁-၅၂)

၉။ အရှင်မဟိန္ဒမထေရ်သည် နောက်ပါ အဖော်သံယာတော် ၅-ပါးနှင့်တကွ သီဟိုဠ်ကျွန်းသို့ ကြွသွားတော်မူပြီးလျှင် သာသနာတော်ကို ကြီးပွါးစေခြင်းငှာ ရှေးဦးစွာသော စူဠဟတ္ထိပဒေါပမသုတ်ဖြင့် ဒေဝါနံပိယတိဿမင်းအား ခိုးမြှောက်လိုက်ပေ၏။ (ဝိ၊ဌ၊၁။၅၈) အကျယ်ကို သိလိုလျှင် မဟာဝင်ကို ရှုလေ။

----- × -----

[၃၀] သီဟိုဠ်ကျွန်းခ္ဍ အကျဉ်းမှတ်သားဖွယ်

ပါဠိဘာသာခ္ဍလာရှိသော သီဟဠဒီပ-သဒ္ဒါကို ထောက်သဖြင့် မြန်မာတို့က သီဟိုဠ် ကျွန်း-ဟု ခေါ်စမှတ်ပြုကြ၏။ သင्ဂဠဘာသာခ္ဍကား ဆီဟဠဒ္ဒီပ-ဟု လာရှိ၏။ အရဗပြည်သား ပညာရှိတစ်ယောက် လာရောက်သောအခါမှာ ဆီလာန်-ဟူသော အမည် ၁-ခုကို တွင်စေ၏။ ထို့နောက် ကာလမြင့်ရှည်သော် ဆီလာန်-ဟူသော အမည်ကို ပြောင်းလွဲပြီးလျှင် အင်္ဂလိပ်လူမျိုးတို့က ဆီလုံ-ဟု အမည်မှည့်ကြကုန်၏။ ယခုအခါ ဟိန္ဒူလူမျိုးတို့၏ သင်္ကေတဖြင့် လင်္ကာ-ဟူ၍ပင် ထင်ပေါ်နေ၏။

ထိုလင်္ကာခေါ်သော သီဟိုဠ်ကျွန်းသည် ကြာင့်သဏ္ဌာန်ရှိ၏။ အချို့အချို့သော ကျွန်းနေရာတွင် သမုဒ္ဒရာရေ စားသောကြောင့် အင်း, အိုင်, ရေမြောင်း ဖြစ်ပေါ်လျက်ရှိကုန်၏။ သီဟိုဠ်ကျွန်း ဆိပ်ကမ်းတို့တွင် ကြိုက်ာမိုလီသည် အလွန်ကောင်းသော ဆိပ်ကမ်းဖြစ်ပေ၏။ ဂါလ်, ဂျဖနာ ၂-ခုကား ဆိပ်ကမ်းငယ်မျှသာ ဖြစ်ပေ၏။

တောင်တို့တွင်လည်း ရာမပရဝတ်(စေတီပါဒ)တောင်သည် အမြင့်ဆုံး၊ ထိုတောင်ခ္ဍတည်ရှိသော မြတ်စွာဘုရားသခင်၏ ခြေတော်ရာကို မူဆလမာန်လူမျိုးတို့သည် ဟဇရတ်, အာဒမ် အမည်ရှိသော မူဆလမာန်၏ ခြေတော်ရာအမှတ်ဖြင့် ဆည်းကပ်ကိုးကွယ်ကြ၏။ မြစ်အပေါင်းတို့တွင်လည်း မဟာဗလီဂင်္ဂါမြစ်သည် အကြီးဆုံးဖြစ်၏။ ကလျာဏီမြစ်သည် ငယ်ပင်ငယ်သော်လည်း သီဟိုဠ်ကျွန်းတွင် အလွန်ထင်ရှားနေ၏။

ကျွန်းအားလုံးကို ပင်လယ်ဝိုင်းနေခြင်းကြောင့် လေ, ရေတို့သည် အထူးမကောင်း၊ ဌက်ဖျားမိတတ်သည်။ ရာသီတိုင်းမှာပင် မိုးရွာ၏။ ဆောင်းဥတုမှာ လုံးလုံးကြီးမရှိသလိုဖြစ်နေ၏။ ထက်ဝန်းကျင် ပင်လယ်ကမ်းပါးခ္ဍ အုန်းတော, လယ်ယာများ ဖြစ်ထွန်း၏။ တောင်တို့ခ္ဍမူကား များသောအားဖြင့် လက်ဖက်ခြံသာ ရှိကုန်၏။ နေရာအချို့မှာလည်း ကိုကိုး, ကာဖီ, ဇာတိပွဲလ်-စသော အရာဝတ္ထုများ စည်ကားဖြစ်ထွန်းကုန်၏။

ၜင်းပြင် ပုလဲ, ကျောက်, သတ္တု-စသော လူတို့အသုံးအဆောင် ရတနာမျိုးတို့ကို ရနိုင်၏။ ဆီယာလီ, တာမိလ်, မုအရ်ခေါ်သော မူဆလမာန်, ဗရယရ် အမည်ရှိသော ခရစ်ယာန်, ပုရကျဂီဂ်အန္ဓယ်, အင်္ဂလိပ်, ဟိန္ဒူ-စသော လူမျိုးတို့ပင် ဝင်ရောက်နေထိုင်ကြားသော်လည်း များသောအားဖြင့် အင်္ဂလိပ်နှင့် တာမိလ်ဘာသာကိုသာ ပြောလေ့ရှိကုန်၏။ ဘာသာတရားသော်ကား ဗုဒ္ဓဘာသာတရားတော်၏ တည်ရာပဓာန ဖြစ်၏။

ယခုအခါ အင်္ဂလိပ်မင်းလက်ထက်မှာ ကိုလံဘိုခေါ်သော မြို့သည် မင်းနေပြည် အဖြစ်ဖြင့် ထင်ရှားနေ၏။ ဤဆာလူမျိုးတို့ မပေါ်မီ နှစ်ပေါင်း ၅၀၀-လောက်က သီဟိုဠ်ကျွန်း ကို ဣန္ဒိယမင်းသား ၁-ပါး စိုးအုပ်ဖူး၏။ ထို့နောက်–

- ခရစ်တော်သက္ကရာဇ် ၁၅၀၅-ခုနှစ်မှာ ပုရတဂါလ်ခေါ်သော လူမျိုးသည် ထိုအနွယ် အဆက်ကို ဖျက်ဆီးပြီးလျှင် မင်းလုပ်ခဲ့၏။
- ခရစ်သက္ကရာဇ် ၁၆၄၀-ပြည့်မှာ ဒچ္စလူမျိုးသည် လက်ရသိမ်းပိုက်လေ၏။
- ခရစ်သက္ကရာဇ် ၁၇၉၆-ခုသို့ ရောက်သောအခါ အင်္ဂလိပ်မင်းသည် ထိုဒچ္စမင်းကို တိုက်၍–
- တဖန် ခရစ်သက္ကရာဇ် ၁၈၁၅-ခုနှစ်သို့ ဆိုက်ရောက်လေသော် သီဟိုဠ်မင်းဆက်ကို ဖြတ်ပြီးလျှင် ဗြိတိသျှအစိုးရဘက်မှ ဘုရင်ကိုယ်တိုင် ဂါဗနာ ၁-ယောက် ခန့်ထား လိုက်၏။

တိုင်းပြည်အလုံးကို ပြည်နယ် ၉-ခုတို့ဖြင့် စီရင်ခန့်ခွဲလျက် အုပ်ချုပ်လေ၏။ သီဟိုဠ် ကျွန်းသည် အလျား-၂၇၀, အနံ-၂၄၅၊ ပတ်လည်စတုရန်း-၇၅၀၊ စတုရန်း ၂၅,၀၀၀-မိုင် ရှိ၏။ လူဦးရေ ၄၅-သိန်းကျော် ရှိ၏။

----- × -----

[၃၁] ဝါဆိုစဉ်ကို ပြခြင်း

ပဌမ ဝဿံ ဣသိပတနေ ဓမ္မစက္ကံ ပဝတ္တေတွာ အဌာရသ ဗြဟ္မကောဋိယော အမတပါနံ ပါယေတွာ ဗာရာဏသီ ဥပနိဿာယ ဣသိပတနေ မိဂဒါယေ ဝဿိ။ ဒုတိယံ ဝဿံ ရာဇဂဟံ ဥပနိဿာယ ဝေဠုဝနေ မဟာဝိဟာရေ။ တတိယစတုတ္ထာ-နိပိ တတ္ထေဝ။ ပဉ္စမံ ဝေသာလိံ ဥပနိဿာယ မဟာဝနေ ကူဋာဂါရသာလာယံ။ ဆဋ္ဌं မကုလပဗ္ဗတေ၊ သတ္တမံ တာဝတိံသဘဝနေ၊ အဋ္ဌမံ ဘဂ္ဂေသု သံသုမာရဂိရိ ဥပနိဿာယ ဘေသကဠာဝနေ။ နဝမံ ကောသမ္ဗိယံ။ ဒသမံ ပါလိလေယျကဝန-သဏ္ဍေ။

ဧကာဒသမံ နာဠာယံ ဗြာဟ္မဏဂါမေ။ ဒွါဒသမံ ဝေရဉ္ဇာယံ၊ တေရသမံ စာလိ-ယပဗ္ဗတေ၊ စုဒ္ဒသမံ ဇေတဝနမဟာဝိဟာရေ။ ပဉ္စဒသမံ ကပိလဝတ္ထုမဟာနဂရေ။

သောဋ္ဌသမံ အာဋ္ဌဝက် ဒမေတ္တာ စတုရာသီတိပါဏာသဟဿာနိ အမတပါနံ ပါယေတ္တာ အာဋ္ဌဝိယံ။ သတ္တရသမံ ရာဇဂဟေယေဝ။ **အဋ္ဌာရသမံ** စာလိယပဗ္ဗတေ ယေဝ၊ တထာ **ဧကူနဝီသတိမံ**။ **ဝီသတိမံ** ပန ဝဿံ ရာဇဂဟေယေဝ ဝသိ။ တေန ဝုတ္တံ "ဘဂဝါ ဟိ ပဌမဗောဓိယံ **ဝီသတိဝဿာနိ** အနိဗဒ္ဓဝါသော ဟုတ္တာ ယတ္ထ ယတ္ထ ဖာသုကံ ဟောတိ၊ တတ္ထ တတ္ထေဝ ဂန္ဓာ ဝသီ"တိ။ တတော ပဌာယ ပန သာဝတ္ထိံ ယေဝ ဥပနိဿာယ ဇေတဝနမဟာဝိဟာရေ စ ပုဗ္ဗာရာမေ စ ဝုဝပရိ-ဘောဂဝသေန ဝသိ။ (ဗုဒ္ဓဝံသအဋ္ဌကထာ။၄)

ပဌမံ ဝဿံ၊ **ရှေးဦးစွာသော ဝါကို**။ ဣသိပတနေ၊ ဣသိပတန အမည်ရှိသော မိဂဒါဝုန်တော၌။ ဓမ္မစက္ကံ၊ ဓမ္မစက်ြာတရားတော်ကို။ ပဝတ္တေတ္တာ၊ ဟောကြားတော်မူ၍။ **အဋ္ဌာရသ** ပြဟ္မကောဋိယော၊ ၁၈-ကုဋေသော နတ်,ပြဟ္မာအပေါင်းတို့ကို။ အမတပါနံ၊ အမြိုက်တည်းဟူသော အဖျော်ယမကာကို။ ပါယေတ္တာ၊ သောက်စေတော်မူ၍။ ဗာရာဏသီ၊ ဗာရာဏသီပြည်ကို။ ဥပနိဿာယ၊ အမှီပြု၍။ ဣသိပတနေ မိဂဒါယေ၊ ဣသိပတန အမည်ရှိသော မိဂဒါဝုန်တော၌။ ဝသိ၊ ဝါဆိုတော်မူ၏။

ဒုတိယ ဝဿံ၊ **ဒုတိယဝါကို**။ ရာဇဂဟံ၊ ရာဇဂြိုလ်ပြည်ကို။ ဥပနိဿာယ၊ အမှီပြု၍။ ဝေဠုဝနေ မဟာဝိဟာရေ၊ ဝေဠုဝန်ကျောင်းတော်ကြီး၌။ ဝသိ၊ ဝါဆိုတော်မူ၏။

တတိယစတုတ္ထာနိပိ၊ **တတိယဝါ, စတုတ္ထဝါတို့ကိုလည်း**။ တတ္ထေဝ၊ ထိုဝေဠုဝန်ကျောင်းတော်ကြီး၌ပင်လျှင်။ ဝသိ၊ ဝါဆိုတော်မူ၏။

ပဉ္စမံ၊ **ပဉ္စမဝါကို**။ ဝေသာလိ၊ ဝေသာလီပြည်ကို။ ဥပနိဿာယ၊ အမှီပြု၍။ မဟာ-ဝနေ၊ မဟာဝုန်တောကြီး၌။ ကူဋာဂါရသာလာယံ၊ စုလစ်မွန်းခွန်တပ်သော ဇရပ်၌။ ဝသိ၊ ဝါဆိုတော်မူ၏။

ဆဋ္ဌံ၊ **ဆဋ္ဌမဝါကို**။ မကုလပဗ္ဗတေ၊ မကုလတောင်၌။ သတ္တမံ၊ **သတ္တမဝါကို**။ တာဝတိံသဘဝနေ၊ တာဝတိံသာနတ်ပြည်၌။

အဋ္ဌမံ၊ **အဋ္ဌမဝါကို**။ ဘဂ္ဂေသု၊ ဘဂ္ဂတိုင်းတို့၌။ သံသုမာရဂိရိ၊ သံသုမာရတောင်ကို။ ဥပနိဿာယ၊ အမှီပြု၍။ ဘေသကဠာဝနေ၊ ဘေသကဠ မိဂဒါဝုန်တော၌။ ဝသိ၊ ဝါဆိုတော်မူ၏။

နဝမံ၊ **နဝမဝါကို**။ ကောသမ္ဗိယံ၊ ကောသမ္ဗီပြည်၌။

ဒသမံ၊ **ဒသမဝါကို**။ ပါလိလေယျကဝနသဏ္ဍေ၊ ပါလိလေယျကတောအုပ်၌။

ဧကာဒသမံ၊ ဧကာဒသမဝါကို။ နာဌာယံ၊ နာဌာ အမည်ရှိသော။ ပြာဟွဏဂါမေ၊ ပုဏ္ဏားရွာ၌။ ဝသိ၊ ဝါဆိုတော်မူ၏။

ဒွါဒသမံ၊ ဒွါဒသမဝါကို။ ဝေရဉ္ဇာယံ၊ ဝေရဉ္ဇာပြည်၌။

တေရသမံ၊ တေရသမဝါကို။ စာလိယပဗ္ဗတေ၊ စာလိယတောင်၌။

စုဒ္ဒသမံ၊ စုဒ္ဒသမဝါကို။ ဇေတဝနမဟာဝိဟာရေ၊ ဇေတဝန်ရွှေကျောင်းကြီး၌။ ဝသိ၊ ဝါဆိုတော်မူ၏။

ပဉ္စဒသမံ၊ ၁၅-ကြိမ်မြောက်သော ဝါကို။ ကပိလဝတ္ထုမဟာနဂရေ၊ ကပိလဝတ်ပြည်ကြီး၌။ ဝသိ၊ ဝါဆိုတော်မူ၏။

သောဠသမံ၊ ၁၆-ကြိမ်မြောက်သော ဝါကို။ အာဠဝကံ၊ အာဠဝကဘီလူးကြမ်းကို။ ဒမေတွာ၊ ဆုံးမတော်မူ၍။ စတုရာသီတိပါဏသဟဿာနိ၊ စဋ,ဝဝဝ-ကုန်သော သတ္တဝါတို့ကို။ အမတပါနံ၊ အမြိုက်အရသာ ရေကို။ ပါယေတွာ၊ သောက်စေ၍။ အာဠဝိယံ၊ အာဠဝီပြည်၌။ ဝသိ၊ ဝါဆိုတော်မူ၏။

သတ္တရသမံ၊ ၁၇-ကြိမ်မြောက်သော ဝါကို။ ရာဇဂဟေယေဝ၊ ရာဇဂြိုဟ်ပြည်၌သာလျှင်။ ဝသိ၊ ဝါဆိုတော်မူ၏။

အဋ္ဌာရသမံ၊ ၁၈-ကြိမ်မြောက်သော ဝါကို။ တထာ၊ ထိုမျှ။

ဧကူနဝီသတိမံ၊ ၁၉-ကြိမ်မြောက်သော ဝါကို။ စာလိယပဗ္ဗတေယေဝ၊ စာလိယတောင်၌သာလျှင်။ ဝသိ၊ ဝါဆိုတော်မူ၏။

ဝီသတိမံ၊ ၂၀-မြောက်သော။ ဝဿံ ပန၊ ဝါကိုကား။ ရာဇဂဟေယေဝ၊ ရာဇဂြိုဟ်ပြည်၌သာလျှင်။ ဝသိ၊ ဝါဆိုတော်မူ၏။ တေန၊ ထို့ကြောင့်။ "ဘဂဝါတိ ။ပ။ ဝသီ"တိ၊ ဝသိ-ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။

တတော၊ ထိုဝါ ၂၀-ပြည့်သည်မှ။ ပဌာယ ပန၊ စ၍ကား။ သာဝတ္ထိယေဝ၊ သာဝတ္ထိပြည်ကိုသာလျှင်။ ဥပနိဿာယ၊ အမှီပြု၍။ ဇေတဝနမဟာဝိဟာရေ စ၊ ဇေတဝန်ကျောင်းတော်ကြီး၌လည်းကောင်း။ ပုဗ္ဗာရာမေ စ၊ ပုဗ္ဗာရုံကျောင်းတော်၌လည်းကောင်း။ ဓုဝပရိဘောဂဝသေန၊ အမြဲနေခြင်း၏ အစွမ်းအားဖြင့်။ ဝသိ၊ ဝါဆိုတော်မူ၏။

----- × -----

[၃၂] မရှိမဒေသမှ ရခိုင်ပြည်သို့ ပြန်ကြွသွားခြင်း

ဦးကိတ္တိရဟန်းတော်သည် သီဟိုဠ်ကျွန်းတွင် လူအမျိုးမျိုး, ဘာသာအမျိုးမျိုးတို့၏ အလေ့အလာနှင့် ဗုဒ္ဓဘာသာ အဆောက်အဦးများတို့ကို နောင်လာနောက်သား အမျိုးသားတို့သည် ပိုင်းခြားသိမြင်နိုင်ကြရန် ကျမ်းဂန်အရဖြင့် လှည့်လည်ကာ ကြည့်ရှု၍ မှတ်တမ်းကြီး ၁-ခုပြုပြီးလျှင် ၁၂၉၂-ခု၊ တပေါင်းလဆုတ် ၁၂-ရက်နေ့ သီဟိုဠ်ကျွန်းမှ ပြန်လာရာ ဒေသစာအစဉ်ဖြင့် ဒက္ခိဏာမဓုရာ၊ မဒရပ်မြို့၊ ကလကတ္တား၊ မဟာဗောဓိပင်သို့ ဆိုက်ရောက်လေ၏။ ထိုအခါ မဟာဗောဓိစေတီတော်၏ ရင်ပြင်တော်၌ မြန်မာ, သီဟိုဠ်, ဗင်္ဂလီ, ရခိုင်ရဟန်းတော်တို့နှင့် အမိ-မြန်မာ, အဘ-ဗင်္ဂလီ ပါရမီဆုံရာ ဥပါသကာ ဒါယကာတစ်ယောက်ကို မြတ်စွာ-ဘုရားသခင်၏ သာသနာတော်အတွင်းသို့ ရောက်အောင် သွတ်သွင်းချီးမြှောက်ခဲ့ရပေ၏။

ထို့နောက် ဗာရာဏသီ, မိဂဒါဝုန်, ကုသိနာရုံသို့ ဆိုက်ရောက်၍ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားအား စကားဥသုံ အလုံးစုံကို အကုန်အစင် လျှောက်ထားတော်မူရပေ၏။ ထိုမှတဖန် ဗာရာဏသီသို့ ပြန်လာ၍ ထိုမြို့၌ပင် ဝါလကို လွန်မြောက်စေ၏။ သီတင်းဝါလကျွတ်လျှင် ဆောင်းဥတုကို မိဂဒါဝုန်၌ လွန်စေပြီးမှ တပေါင်းလကို အစပြု၍ ဗာရိဆာလ(ဗောရိသတ်)စီရင်စု၊ အဝကျွန်းပြည်နယ်၌ ဗုဒ္ဓဘာသာတို့အား တရားဟောရန် နွေဥတုကို ကုန်စေပြန်၏။

အထူးကား ဗင်္ဂလား၊ အဝကျွန်း၌ ရခိုင်, မြန်မာ ဗုဒ္ဓဘာသာ လူဦးရေ ၉၄၀၇-ယောက်၊ အိမ်ခြေပေါင်း ၃၀၀၀-လောက်နှင့် ရပ်ရွာဂါမပေါင်း ၂၀၀-ကျော် ရှိ၏။ ထိုထိုအရပ်တို့၌ လှည့်လည်ကာ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးလျှင် ထွက်သွားလေရာ ရခိုင်ပြည်၊ မင်းပြားမြို့၊ ချိတ္တောင်ရပ်သို့ ၁၂၉၄-ခု၊ ဝါဆိုလဆန်း ၁၁-ရက်နေ့၌ ဆိုက်ရောက်လေ၏။

သတ္တမပိုင်းနှင့်တကွ သီဟဠကဏ္ဍ ပြီး၏။

----- × -----

[၃၃] ပါဠိဆရာ-ဆရာဝ၏ မေတ္တာလက်ဆောင်
အာသီသပတ္ထနာ ဆုတောင်းမေတ္တာပို့ ဂါထာပါဠိ,အနက်

၁။ သဒ္ဓမ္မသရိရာ ဟောန္တု၊ ဘိက္ခူ သဒ္ဓမ္မဇီဝိနော။
ဘဝေဘောဂေသု သဗ္ဗေသု၊ နိဗ္ဗိန္ဒဟဒယာ သဒါ။ ။

ဘိက္ခူ။ ယခုနောင်လာ သာသနာတော်ဝန်ထမ်း ဣန္ဒိယကြေးမုံကျမ်းကြီးကို ကြိုးပမ်းရှုလတ် ရဟန်းတော်အရှင်မြတ်ဘို့သည်။ သဗ္ဗေသု၊ ခပ်သိမ်းဉဿုံ၊ အလုံးစုံကုန်သော။ ဘဝဘောဂေသု၊ ဘဝတည်းဟူသော စည်းစိမ်တို့၌။ ဝါ၊ ဗဟုကိစ္စ၊ ထွေပြားလှ၍၊ ငါးဝအာရုံ၊ ကာမဂုဏ်ညစ်၊ လူ့အဖြစ်, လူ့အသုံး အဆောင်-ဟု ဆိုအပ်သော စည်းစိမ်မျိုးတို့၌။ သဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ နိဗ္ဗိန္ဒဟဒယာ၊ လူပုပ်,ခွေးပုပ်, မစင်ပုပ်ကဲ့သို့ စက်ဆုပ်ရွံရှာသော နှလုံးရှိတော်မူကြကုန်သည်ဖြစ်၍။ သဒ္ဓမ္မသရိရာ၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ-ဟူသော သိက္ခာပုဒ် ၃-ပါးကို မိမိကိုယ်ကဲ့သို့ နှလုံးထား၍ ကျင့်ကြံနေထိုင်နိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သဒ္ဓမ္မဇီဝိနော၊ တရားသဖြင့် အသက်မွေးမြူခြင်းရှိတော်မူကြကုန်သည်။ ဝါ၊ တရားသဖြင့် ရရှိသော ပစ္စည်းတို့ဖြင့်သာလျှင် ကောင်းစွာ အသက်မွေးမြူနိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၂။ ဒေဝေါ ဝဿတု ကာလေန၊ ရာဇာ ရက္ခတု မေဒနိ။
သဗ္ဗေ အနာမယာ သတ္တာ၊ မောဒန္တု အကုတောဘယာ။ ။

ဒေဝေါ၊ မိုးသည်။ ကာလေန၊ ရွာသင့်သောအခါ၌။ သမ္မာ၊ ကောင်းစွာ။ ဝါ၊ အရည်ထန်စွာ။ ဝဿတု၊ ရွာပါစေသတည်း။ ရာဇာ၊ တိုင်းကြီးပြည်ရှင်၊ ဘုရင်ထီးဆောင်း၊ မင်းအပေါင်းသည်။ မေဒနိ၊ တိုင်းသားပြည်သူ၊ ရှင်,လူသိမ်းကျူး၊ လူ့အလုံးကို။ ရက္ခတု၊ မင်းကျင့်တရား၊ ၁၀-ပါးညီစွာ၊ စောင့်ရှောက်နိုင်ပါစေသတည်း။ သဗ္ဗေ၊ ကြွင်းမဲ့ဉဿုံ၊ အလုံးစုံကုန်သော။ သတ္တာ၊ ပညာသုတ၊ လိုလားကြ၍၊ ဤဣန္ဒိယကြေးမုံကျမ်းကြီးကို၊ ကြိုးပမ်းရှုစား၊ မျှားစွာသောင်းသောင်း၊ သတ္တဝါ-ဟူသမျှအပေါင်းတို့သည်။ အနာမယာ၊ ကိုးဆယ်နှင့်ခြောက်၊ မရောက်ရောဂါ၊ ရှင်းရှင်းကြီး ကွာကြကုန်သည်ဖြစ်၍။ ကုတောဘယာ၊ ဘေးဒဏ်မထိ၊ ရန်မရှိကြကုန်သည်ဖြစ်၍။ မောဒန္တု၊ ထွန်းသစ်စ-လ၊ တက်သစ်စ-နေ၊ ပွင့်ပေစ-ကြာ၊ ပဒုမ္မာသို့၊ သာယာရွှင်လန်း၊ ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။

(ပါဠိဆရာ ဆရာဝ)

ကျောက်ကမ္ဘည်းစာ ဝဏ္ဏမာလာ (နံပါတ်-၁)





ဝေးလွင်ဝိုလ်ယမ်ယမ်ယခ ဖွဲ့ယမ်းဆေးခဲ့ဂေဟာ (နံပါတ်-၂)
ကလေးကစားကွင်းတွင် ၂၀၀-ခေတ်လောက် ဒေါ်ကယ်ယမ်လေ-ဝဝင် ဓနိန်ဆေ ဇွဲကြာခရမ်ကဲယိုကဇွန်ဖစ

ခရစ်သက္ကရာဇ်မပေါ်မီ အနှစ် ၃၀၀-လောက်ကပင် အသောကမင်းကြီး ရေးထိုးထားခဲ့သော
အခြားအခြားသော ကျောက်ကမ္ပည်းစာ ဝဏ္ဏမာလာ (နံပါတ်-၃)
(ဒီလ္လီသျှိဝါလိက)





ရန်ဘဲယောကျ်ားကြီး ဒုတိယတပ်ခွဲ အနှစ် ၂၀၀-လောက်ကပေါ်ခဲ့ကြပြီး ရေးထုံးထားခဲ့သော
ဝေးလံခေါင်းပါးသော ကျေးရွာများတွင် ဓလေ့ရိုးရာ၊ ဘာသာရေး၊ ဆေးကုသမှု (ခံ့ပါတော်-၄)

(၆) ဘုရားနံ - ငါးကြီးတို့

ငါးကြီး				
၁	၁			
၂	၂			
၃	၃			
၄	၄			
၅	၅	+	±	
၆	၆			
၇	၇			
၈	၈			
၉	၉			
၁၀	၁၀			

ကျောက်ရုပ်	ဦးခေါင်း	ခန္ဓာကိုယ်
၀	∩	∩
၁	∩	∩
၂	∩	∩
၃	∩	∩
၄	∩	∩
၅	∩	∩
၆	∩	∩
၇	∩	∩
၈	∩	∩
၉	∩	∩
၁၀	∩	∩
၁၁	∩	∩
၁၂	∩	∩
၁၃	∩	∩
၁၄	∩	∩
၁၅	∩	∩
၁၆	∩	∩
၁၇	∩	∩
၁၈	∩	∩
၁၉	∩	∩
၂၀	∩	∩
၂၁	∩	∩
၂၂	∩	∩
၂၃	∩	∩
၂၄	∩	∩
၂၅	∩	∩
၂၆	∩	∩
၂၇	∩	∩
၂၈	∩	∩
၂၉	∩	∩
၃၀	∩	∩
၃၁	∩	∩
၃၂	∩	∩
၃၃	∩	∩
၃၄	∩	∩
၃၅	∩	∩
၃၆	∩	∩
၃၇	∩	∩
၃၈	∩	∩
၃၉	∩	∩
၄၀	∩	∩
၄၁	∩	∩
၄၂	∩	∩
၄၃	∩	∩
၄၄	∩	∩
၄၅	∩	∩
၄၆	∩	∩
၄၇	∩	∩
၄၈	∩	∩
၄၉	∩	∩
၅၀	∩	∩
၅၁	∩	∩
၅၂	∩	∩
၅၃	∩	∩
၅၄	∩	∩
၅၅	∩	∩
၅၆	∩	∩
၅၇	∩	∩
၅၈	∩	∩
၅၉	∩	∩
၆၀	∩	∩
၆၁	∩	∩
၆၂	∩	∩
၆၃	∩	∩
၆၄	∩	∩
၆၅	∩	∩
၆၆	∩	∩
၆၇	∩	∩
၆၈	∩	∩
၆၉	∩	∩
၇၀	∩	∩
၇၁	∩	∩
၇၂	∩	∩
၇၃	∩	∩
၇၄	∩	∩
၇၅	∩	∩
၇၆	∩	∩
၇၇	∩	∩
၇၈	∩	∩
၇၉	∩	∩
၈၀	∩	∩
၈၁	∩	∩
၈၂	∩	∩
၈၃	∩	∩
၈၄	∩	∩
၈၅	∩	∩
၈၆	∩	∩
၈၇	∩	∩
၈၈	∩	∩

ကျောက်ရုပ် ။ ကလေးကိုယ်ဝန်ရှိပြီး ခံနှစ်ခြင်းဖြစ်စေ - ပဲတုတ်ကနေ ကလေးပေါ်ကနေ ရေယူပါလေ - ယကထားနေ

ပြဟ္မီနှင့် ပြဟ္မီမှ ထွက်သောသင်္ချာ (နံပါတ်-၇)

ခရိုရှင်ဋ္ဌသင်္ချာ

ပုံကြီး ၁၈	ခရာဇ်-သက္ကရာဇ် မပေါ်မီ-အနှစ်-၃၀၀ က-အသောက-ဂ ကမာလာ	ခရာဇ်သက္ကရာဇ် မပေါ်မီ အနှစ်၅၀၀ ကနဒဘုယာဘဲ ဂကမာလာ	ခရာဇ် သက္ကရာဇ်-အနှစ် တရာနှစ်ရာက နာဆိုက-ဂကမာလာ	ခရာဇ်သက္ကရာဇ်-အနှစ် ၂၀၀မှ၄၀၀ထိ ဘုတြာ၊ ဒဂိုး ဂကမာလာ	သက-ဂဒုဿုန်-ပါရတိယန် အနွယ် ကင်မင်း ထိုင်း အမျိုးမျိုး သော ဂကမ၊လာ			လေးပုံ ၁ ပေါ်ရောင်ခြည်	ပုံကြီး ၁၈
၁၀၀		۸	۷	۹ ۹ ۹ ۹	३३	९०	/	/	၁
၁၀၀				۹ ۹	२३३	३०	//	//	၂
၂၀၀	۱ ۲ ۳	۴	۶	۲ ۹ ۹ ۹	३३३	६०	///		၃
၂၀၀				۹ ۹ ۹	२३३३	९०	X	////	၄
၃၀၀		۶			३३३३	००	IX	/////	၅
၃၀၀					१	०००	IIX		၆
၄၀၀					११	३००	IIIX		၇
၄၀၀					१११	२००	XX		၈
၅၀၀			۸		११३१	३११	२		၉
၅၀၀					११३३१x	३१९	३		၁၀

(၁) နံပါတ်တွင် ပါရှိသော ကမ္မည်းကျောက်စာကို ပါဠိအက္ခရာဖြင့် ရေးသားဖော်ပြသည်။

ဣယံ ဓံမလိပိ (ခပိ ဂလသိ ပဝတသိ) ဒေဝါနံ ပြိယေန ပြိယဒသိနာ ရာညာ လေခါပိတာ၊ ဣမ နဂိစိ ဇိဝံ အာရဘိတွာ ပြဋ္ဌဟိတဗ္ဗံ၊ နစ သမာဇော ကတဗ္ဗော၊ ဗဟုကံ ဟိ ဒေါသံ သမာဇမ္မိ ပသတိ၊ ဒေဝါနံ ပြိယော ပြိယဒသိ ရာဇာ (ဒခတိ) အတ္ထိပိ တု ဧကစ သမာဇော သာဓုမတာ ဒေဝါနံ ပြိယသ ပြိယဒသိနော ရာညော၊ ပုရာ မဟာနသမ္မိ ဒေဝါနံ ပြိယသ ပြိယဒသိနော ရာညော အနုဒိဝသံ ဗ(ဟူနိ ပါ)ဏသတသဟဿာနိ) – (အသောကကျောက်စာ။ ၂၅)

(၂) နံပါတ်တွင် ပါရှိသော ကမ္မည်းကျောက်စာကို ပါဠိအက္ခရာဖြင့် ရေးသားဖော်ပြသည်။

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အာဟာ သဋ္ဌိဝဿတိ ဝသ အဘိသိတေန မေ ဣယံ ဓမလိပိ လိခါပိတာ ဟိဒတပါလတေ ဒုသံပဋိပါဒယေ အံနတ အဂါယာ ဓံမကာမတာယာ အဂါယ ပလိခါယာ အဂါယ သုသူသာယာ အဂေန ဘယေနာ အဂေန ဥသဟေနာ ဧသ စု ခေါ မမ အနုသတိယာ ဓံမာပေခါ ဓံမကာမတာ စာ သုဝေ သုဝေ ဝပိတာ ဝပိသတိ စေဝါ ပုလိသာပိ စ မေ ဥကသာ စာ ဂေ ဝယာ စာ မစ္ဆိမာ စာ အနုဝိဓိယံတိ။

ဣန္ဒိယကြေးမုံကျမ်းကြီး၊ ပထမတွဲ ပြီး၏။

✪ ✪ ✪ ✪ ✪ ✪

ညြှတ်-ဦးကိုတ္တိထေရ်

ဣန္ဒိယကြေးမုံကျမ်းကြီး၊ ဒုတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

{ ၁ } ပထမကဏ္ဍ

[၁] ဣန္ဒိယရှိ ရှေးဟောင်းပညာများ တိမ်မြုပ်သွားခြင်း အတ္ထုပ္ပတ္တိ

ရှေးအခါ၌ ဤဣန္ဒိယပြည်ကြီးထဲမှာ ဘုရား-အစရှိကုန်သော အရိယာသူတော်ကောင်းများသည် ဖြစ်ထွန်းပေါ်ပေါက်ကြကုန်၏။ ထို့ကြောင့် ဣန္ဒိယလူမျိုးများသည် ပညာနှင့် ယဉ်ကျေးခြင်းတည်းဟူသော ဂုဏ်ကျက်သရေအရာတွင် အမြင့်မြတ်ဆုံးသော အတန်းအဆင့်သို့ ရောက်ရှိကြလေကုန်၏။ ၎င်းပြင် အယ်ဆိယာနယ်အပိုင်းသည် အရိယာသူတော်ကောင်းတို့၏ ယဉ်ကျေးခြင်းတည်းဟူသော ဂုဏ်ကျက်သရေကြီး၏တည်ရာ မူလရင်းကြီး ၁-ခု ဖြစ်ပေ၏။ ထိုဌာနမှ လောကအလုံးမှာ ဘာသာတရားနှင့် ယဉ်ကျေးခြင်းတည်းဟူသော ပညာဂုဏ်ကျက်သရေကြီးများသည် အတိုင်းထက်အလွန် အနှံ့အပြား ထင်ရှားခြင်းသို့ ရောက်ရှိကြ၏။

အယ်ဆိယာ၌ ဤရန်, သြဆီရိယာတို့သည်လည်းကောင်း, အဖြိုကာ၌ မိဆရနယ်သည်လည်းကောင်း အလွန်ကြီးပွါးသော အခြေအနေသို့ ရောက်ရှိခဲ့ကြလေကုန်၏။ သို့ရာတွင် ခေတ်သမယသည် ရွှေ့လျောပျက်ပြားတတ်သည့်အတွက်ကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ တစ်မျိုးတစ်စားတည်း အခြေအနေ၌ အခါခပ်သိမ်း တည်နေနိုင်ခြင်းမရှိရကား တိုင်းပြည်၏အခြေအနေသည် တစ်နေ့တပါး ရွှေ့လျောဖောက်ပြန်သည့်အတွက် ဤရန်, သြဆီရိယာ, မိဆရလူမျိုးများသည် မိမိတို့၏ ရှေးဟောင်းကျမ်းဂန် အစရှိသည်များမှ အမွေဆက်ကိုမျှ မခံစားရချေ။ ဣန္ဒိယ အရိယာသူတော်ကောင်းများသည်ကား ထိုသို့ပင် အန္တရာယ်အမျိုးမျိုးနှင့် တွေ့ကြုံခံစားရငြားသော်လည်း မိမိတို့၏ ရှေးဟောင်းရှိ ယဉ်ကျေးခြင်း ဂုဏ်-ကျက်သရေတည်းဟူသော စာပေကျမ်းဂန်များကို သင့်တော်အောင် ချင်းချန်ကာကွယ်သိပ်သိုဝှေ့ ထားနိုင်ခဲ့ကြသဖြင့် ပညာ၏အရာမှာ တစ်လောကလုံးရှိ လူများတို့သည် ထိုဣန္ဒိယရှိ အရိယာသူတော်ကောင်းတို့နှင့် ကျေးဇူးမကင်း ဖြစ်နေကြကုန်၏။

ဤကဲ့သို့ ရှေးက ဂုဏ်နှင့်ပြည့်စုံသော ဣန္ဒိယနိုင်ငံကြီးမှာ မူဆလမာန်တို့ မရောက်မီကပင် ယခုကာလ ပညာရှိများတို့သည် ရာဇဝင်စစ်, ရာဇဝင်မှန်-ဟု ခေါ်ဆိုနိုင်လောက်သော ရာဇဝင်အတ္ထုပ္ပတ္တိကို မတွေ့ရှိရပေ။ ဤဣန္ဒိယနိုင်ငံသည် အလွန်ကြီးကျယ်သော နိုင်ငံကြီး ၁-ခု ဖြစ်၏။ သို့သော်လည်း ဤမျှလောက်ကြီးကျယ်သော နိုင်ငံကြီးမှာ ရှေးကာလကပင်စ၍ မင်း ၁-ပါးတည်း အုပ်ချုပ်သော နိုင်ငံကြီး မဟုတ်ခဲ့ရကား စင်စစ်မှာမူ အခါသမယ အားလျော်စွာ အသီးအခြား လွတ်လပ်သောတိုင်းပြည်ဖြစ်ပေါ်လာခြင်း၊ ကွယ်ပျောက်ဆုတ်ယုတ်ခြင်းသည်ပင်လျှင် အမြဲမပြတ် ဖြစ်ပေါ်လျက်ရှိပေ၏။

ဤတိုင်းပြည်ကို နိုင်ငံခြားမင်းတို့ကလည်း မျှားစွာ တိုက်ခိုက်ခြင်းကြောင့် ရှေးဟောင်းရှိ မြို့,ရွာများသည် တစ်နေ့တပါး ပျက်စီးယိုယွင်းပြီးလျှင် ထိုမြို့ပျက်,ရွာပျက်နေရာမှာ အသစ်အသစ် မြို့,ရွာ တည်ထောင်ကြပြန်၏။ ၎င်းပြင် မူဆလမာန်မင်းလက်ထက်သို့ ကျရောက်သောအခါ၌ကား ရာဇပူတာနာနယ်၏ အစိတ်ဒေသကြီးကို ချန်လှပ်၍ ဣန္ဒိယအတွင်းရှိ ဟိန္ဒူမင်းအပိုင် နိုင်ငံများသ်ည် များသောအားဖြင့် ပြုန်းတီးပျက်စီးခြင်းသို့ ရောက်ခဲ့ဖူးလေ၏။

ဤမျှလောက်သာ မကသေး။ စင်စစ်သော်ကား ဣန္ဒိယ၌ ရှေးဟောင်း မြို့,ရွာ, စေတီ, ပုထိုး, နတ်ကွန်း, ကျောင်း, သိမ်, ရေတွင်း, ရေကန်-စသော ဘာသာရေးနှင့်ဆိုင်ရာ နေရာဌာန ပိဋကတ်တိုက်များကိုလည်း ဖျက်ဆီးပစ်ကြလေကုန်၏။ ဤကဲ့သို့ အခိုက်အတန့်မှာ ဣန္ဒိယနိုင်ငံကြီး၏ အစီအစဉ်ကောင်းသော ရာဇဝင်ဟောင်းများကို အခါခပ်သိမ်းရရှိဖို့ရန်လည်း အလွန်ခဲယဉ်းပေသေး၏။

ထိုသို့ပင် ခဲယဉ်းလေးငြားသော်လည်း ဣန္ဒိယပညာရှိများသည် ရာဇဝင်ပညာကို အရေးတကြီး အရေးယူကြ၏။ အခါနှင့်လျော်စွာ ရာဇဝင်နှင့် စပ်လျဉ်းပြီးလျှင် ကျမ်းဂန်များကို ရေးလေ့ရှိသည်-ဟု ဆိုရာ၌ အထူးယုံကြည်သင့်ပေ၏။ အကြောင်းကား ဝေဒနှင့် ဆိုင်ရာ ကျမ်းဂန်သည် ရှေးသူတော်ကောင်းတို့၏ အခြေအနေ, အဖြစ်အပျက်ကို အကျယ်အားဖြင့် ဖော်ပြခြင်းကိုလည်းကောင်း၊ ရာမာယဏကျမ်း၌ ရယုမင်းဆက်ကိုလည်းကောင်း၊ မဟာဘာရတကျမ်း၌ ကုရုမင်းဆက်၏ ကျယ်ဝန်းသော အတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ထိုမင်းတို့၏လက်ထက်က ဣန္ဒိယနိုင်ငံ၏ အခြေအနေကိုလည်းကောင်း၊ လူတို့၏ အကျင့်စာရိတ္တကိုလည်းကောင်း ဖော်ပြလျက် ပါရှိခြင်းတို့ကို တွေ့ရှိရပေ၏။

ဂင်းပြင် မတ္တဆယ, ဗာယု, ဗိရှဏု, အာဂဝတ္တ-စသော ပုရာဏ်ကျမ်း၌လည်း သူရိယဝံသနှင့် စန္ဒြဝံသမင်းများ၏ ရှေးကာလကပင် စ၍ ဘာရတညီနောင် စစ်ပွဲပြီးဆုံးသည့်နောက် နှစ်ပေါင်းများစွာတိုင်အောင် အချို့အချို့သော အကြောင်းအရာတို့ကိုလည်း တွေ့ရှိရပေ၏။ ဤမျှသာ မကသေး။ နန္ဒ, မောရိယ, သုံဂ, ကဏ္ဏဝ, အန္ဓြမင်းတို့၏ အမည်အစဉ်အဆက်ကိုလည်းကောင်း၊ ထိုအသီးသီးကုန်သော မင်းတို့၏ နန်းသက်အရေအတွက်တိုင်အောင်ကိုလည်းကောင်း တွေ့ရှိရပေ၏။

အန္ဓြမင်းတို့ စိုးစံပြီးသည့်နောက် ရာဇဝင်နှင့်ဆိုင်ရာကို ရေးထားခဲ့ကြကုန်၏။ ထိုကျမ်းဂန်များအနက် ဘာဏဘဋ္ဋစိကုံးသော ဟရရှကျရိတ္တခေါ်သော ရာဇဝင်-စသည်များကိုလည်း တွေ့ရှိရပေ၏။ ဤစာအုပ်များ၌လည်း ဣန္ဒိယပြည်ကြီးမှာ နန်းတက်သောမင်းများအနက် အနည်းငယ်မျှသော မင်းတို့၏ရာဇဝင်ကို ဖော်ပြလျက် ပါရှိလေ၏။ ထိုသို့ဖော်ပြရာ၌လည်း ခုနှစ်, သက္ကရာဇ်တို့သည်လည်း မျှားသောအားဖြင့် မှားယွင်းချက်ပါရှိပေ၏။

ထိုကျမ်းဂန်တို့ကို ရေးသားသော ဆရာများက ရာဇဝင်စစ်, ရာဇဝင်မှန်ဖြစ်အောင် ရေးထားခဲ့သည် မဟုတ်။ စင်စစ်မှာမူကား ပလွှားပိုမို၍ ပြဆိုထားသော ကာဗျကျမ်းဂန်အရ ရေးထားကြကုန်၏။ ငါတို့ ဂေါတမဘုရားရှင်သည် ပရိနိဗ္ဗာန်ဝင်စံပြီးနောက် ရေးထိုးထားသော ရာဇဝင်ကို သိရှိဖို့ရန်မှာ သဒ္ဓါတရားနှင့် မင်းစဉ်မင်းဆက် သူဌေး,သူကြွယ်တို့ ပြုလုပ်ထားခဲ့သော နတ်ကွန်း, ဥမင်, လိုဏ်ဂူ, ရေတွင်း, ရေကန်-စသည်များတွင် ကမ္ပည်းကျောက်စာများကိုလည်းကောင်း၊ ကျောက်တိုင်များနှင့် စမ္မခဏ်-စသည်၌ ထွင်းထားခဲ့သော ကမ္ပည်းကျောက်စာများကိုလည်းကောင်း မူဆလမာန်တို့လက်မှ အကျန်အကြွင်း ရရှိပေ၏။

ဂင်းပြင်လည်း နတ်ကွန်း, ကျောင်း, ကန်, သိမ်, ပုထိုးနှင့် ပုဏ္ဏားမျိုးကို ပေးလှူထားခဲ့သော လယ်မြေနှင့်ဆိုင်ရာ သက်သေခံ ပုရပိုက်စာ, မင်းအဆက်ဆက်တို့ သုံးစွဲကြသော

ဒဂါးတို့ကိုလည်းကောင်း တွေ့ရှိရပေ၏။ ခေတ်ကာလကောင်းမှာ ၎င်းအရာဝတ္ထုတို့ကို ရာဇဝင်ဟောင်း ပဓာနနည်းကောင်း,နည်းမြတ်-ဟူ၍ မှတ်ယူကြရကုန်၏။ ထိုထိုအရာဝတ္ထုတို့ကြောင့်သာလျှင် ရှေးဟောင်းရာဇဝင်များကို အသေအချာ သိရှိနိုင်ကြကုန်၏။ သို့သော်လည်း ထိုကမ္ဘည်းကျောက်စာများနှင့် ရာဇဝင်ဟောင်းတို့ကို မည်သူတစ်ဦးတစ်ယောက်မျှ အလေးမမူကြကုန်သည့်အတွက်ကြောင့် ကာလအားလျော်စွာ ချို့ယွင်းပျက်စီးခြင်းသို့ ရောက်ရှိရလေ၏။ ကမ္ဘည်းကျောက်စာများတို့ကိုလည်း မဖတ်မရွတ်ဘဲ မေ့လျော့ပျေါ်ဆ၍သာ နေကြလေ၏။ ထို့ကြောင့် အဖိုးအနှဌထိုက်တန်သော နည်းကောင်း,နည်းထူးတို့သည် အကျိုးမဲ့ ဖြစ်နေကြရလေ၏။

ဒေလီမြို့၊ ဆုလတန်ဖိရိုဂ်သျှာဟ်တုဂလက်မင်းသည် သီရိဓမ္မာသောကမင်းကြီး စိုက်ထူထားခဲ့သော ကျောက်စာတိုင် ၂-ခုကို အခြားသောအရပ်မှ ယူဆောင်ခဲ့ပြီးလျှင် ဒေလီမြို့မှာပင် စိုက်ထူထားစေ၏။ ထိုကျောက်စာတိုင်ရှိ စာ၏အဓိပ္ပါယ်ကို သိလိုသည့်အတွက် ထိုဆုလတန်မင်းသည် ပညာရှိတို့ကို စည်းဝေးစေ၍ အဖတ်ခိုင်းလေလျှင် တစ်စုံတစ်ယောက်သော ပညာရှိမျှ ဖတ်ရွတ်ခြင်း၌ မစွမ်းနိုင်ရကား ထို့နောက်ကိုလည်း အကွေ့ဇရ်မင်းသည် ထိုကျောက်စာတိုင်၏ စာသဘောကို သိလိုသောဆန္ဒနှင့် ထိုမင်းလက်ထက်က ပညာရှိတို့ကို ဖတ်စေသော်လည်း မင်းကြီး၏အာသာကို ပြည့်စေနိုင်သော ပညာရှိတစ်ဦးတစ်ယောက်မျှ မပေါ်မပေါက်ချေ။ ထို့ကြောင့် ရှေးဟောင်းကျောက်စာများကို တွေ့ရှိငြားသော်လည်း အကွာရာကို မသိကြ၍ ၎င်းစာများကို ကြည့်ပြီးလျှင် အထူးထူးအပြားပြား ကြံဆပြီးနောက် အချို့က မြေမြုပ်ဥစ္စာရှိသော ပုရပိုက်စာ-ဟု ပြောဆိုကြ၏။

အချို့သူများကလည်း ဣစ္ဆာသယ သိဒ္ဓိပေါက်ကျောက်စာ-ဟူ၍လည်းကောင်း၊ ဂါထာမန္တန်အင်းအိုင်-ဟူ၍လည်းကောင်း အမျိုးမျိုးအဖုံဖုံ တွေးဆပြောဆိုကြကုန်၏။ ဤမျှလောက် ပညာနည်းခြင်းကြောင့် ရှေးဟောင်းအရာဝတ္ထုတို့၏ ဂုဏ်ကျက်သရေများသည် တစ်စုံတစ်ခုမျှ ထင်ရှားခြင်းသို့ မရောက်ချေ။ ဤမျှလောက်သာ မကပြန်သေး။ ပျက်စီးလေပြီးသော နတ်ကွန်း, စေတီ-စသည်တို့မှ ရရှိသမျှ ကမ္ဘည်းကျောက်စာတို့ကို ချိုးဖဲ့ဖျက်ဆီးပြီးလျှင် အချို့နေရာမှာ အဖိုးမတန်သော ကျောက်ကဲ့သို့ အင်းကနယ်သရွတ်လုပ်၍ အသုံးပြုကြ၏။

အချို့နေရာမှာလည်း အစိတ်စိတ်အမြွှာမြွှာ ခွဲယူပြီးလျှင် ငရုတ်ကြီတ်ရန် ကျောက်လုံး,ကျောက်ပျဉ်ပြုလုပ်၍ အသုံးချကြ၏။ အချို့နေရာမှာလည်း နတ်ကွန်းအိမ်-စသည်တို့၌ လှေကား, ကျောက်ရုပ် ပြုလုပ်စီမံလျက် ထားကြပြန်၏။ ဤမျှသာမက၊ အမျိုးမျိုးသုံးစွဲကြသည်ကိုလည်း များစွာ တွေ့ရှိရပေ၏။

လူအချို့ကလည်း ရှေးရှေးက ကြေးပုရပိုက်-စသော အရာဝတ္ထုတို့ကို ယခုအခါ သာမညကြေးနှုန်းစျေးနှင့် ရောင်းချကြ၏။ အချို့သူမှာ အိုးခွက်-စသည် ပြုလုပ်ပစ်ကြ၏။ ရွှေဒင်္ဂါး,ငွေဒင်္ဂါးများကိုလည်း မိမိတို့ လက်ဝတ်လက်စားပြုလုပ်ပြီးလျှင် ယခုထက်ထိ အသုံးပြုနေကြ၏။ ရှေးဟောင်း ကြေးနီဒင်္ဂါးများကို နှစ်စဉ်နှစ်တိုင်း မီးနှင့်ဖျော်၍ ပေါင်ချိန်ပေါင်း အမြောက်အမြား သုံးစွဲနေကြ၏။

ဤမျှလောက် ပညာအခြေအနေ ပျက်ပြားဆုတ်ယုတ်ခြင်းကြောင့် ဣန္ဒိယနိုင်ငံရှိ ရှေးဟောင်းအရာဝတ္ထု အကြွင်းအကျန်များသည် ဤကဲ့သို့ အခိုက်အတန့်သို့ ရောက်ရှိရသည်မှာ အလွန်ဝမ်းနည်းဖွယ်ရာအကြောင်း ဖြစ်၏။ ရှေးဟောင်းရာဇဝင်နှင့်ဆိုင်ရာ ကျမ်းစာအုပ်တို့ကို ရရှိဖို့ရန်မှာလည်း အလုံးစုံသောသူတို့အတွက် အလွန်ပင် ခဲယဉ်းပေ၏။

ထို့ကြောင့် ၁၇၅-ခုနှစ်လောက်က ဣန္ဒိယသို့ မူဆလမာန်မရောက်မီ ရာဇဝင်အခြေအနေမှာ ဝိကြမ, ဗာပါရာဝလ, ဘောဇမင်း-စသော ထင်ရှားသော မင်းတို့၏ အမည်မျှကို ကြားရုံသာ ကြားရ၏။ သို့သော် မည်သူတစ်ဦးတစ်ယောက်က ထွင်းထွင်းဖောက်ဖောက် ထိုမင်းတို့သည် ဘယ်အခါ၌ဖြစ်၍ သူတို့မဖြစ်မီက ၎င်းမင်းကို့အနွယ်မှာ အဘယ်အဘယ် မည်သောမင်း ဖြစ်ဖူးသည်-ဟု မသိကြကုန်။ ဘောဇမင်းအတ္ထုပ္ပတ္တိကို ရေးသားသော ဗလ္လာလ်ပဏ္ဍိတ်သည်လည်း မုဂျမင်းသည် သိန္ဓုလမင်း၏ နောင်တော်ဖြစ်၍ ထိုနောင်တော်လွန်ပြီးနောက် သိန္ဓုလမင်းသည် တိုင်းပြည်ကို ရရှိကြောင်း မသိခဲ့ဖူးချေ။ အဘယ့်ကြောင့်ဆိုသော် ဘောဇမင်းအစိအမံ၌ သိန္ဓုလမင်း လွန်ပြီးနောက်၊ ၎င်းမင်း၏ညီတော် မုဂျသည် မင်းဖြစ်ကြောင်းကို ရေးသားထားရှိသည်၏ အဖြစ်ကြောင့်တည်း။

ထိုဘောဇမင်း၏ အတ္ထုပ္ပတ္တိကို ရေးသားသောဆရာသည် မိမိကိုယ်တိုင်က ဟုတ်မှန်စွာသိတတ်သော ပညာဉာဏ် မလုံလောက်ခဲ့ပါလျှင် သာမညသူတို့မှာ အသိဉာဏ်မည်မျှ ရှိသင့်သည့်အရာများကို ပညာရှိတို့ တွေးဆနိုင်လောက်ပေ၏။ ဤကဲ့သို့ အခိုက်အတန့်မှာ ဗဒုစို, ဂျာဂိုဏ်-စသော သူတို့သည် ခရစ်ယာန်သက္ကရာဇ် ၁၄၀၀-မရောက်မီက မင်းတို့၏ အဆက်အနွယ်ပါဝင်သော ကျမ်းဂန် ၁-ခု ရေးသားကြ၏။ ထိုကျမ်းဂန်၌ မင်းတို့၏ အမည်ပေါင်းများစွာတို့ကို ရေးထိုးထားပြီးနောက် ၎င်းကျမ်းကို ရာဇဝင်မှန် အဖိုးတန်ကျမ်းဂန်ကြီး ၁-ခု ဖြစ်ပြီ-ဟု ထင်မှတ်ပြီးလျှင် လျှို့ဝှက်ထားခဲ့ကြကုန်၏။

----- × -----

[၂] ဣန္ဒိယရှိ ရှေးဟောင်းပညာများ တဖန်ဖြစ်ပေါ်လာခြင်း အတ္ထုပ္ပတ္တိ

ဣန္ဒိယခေါ်ဤမဖ္ဗျိမဒေသ၌ အင်္ဂလိပ်မင်းတို့သည် လာရောက်အုပ်စိုးကြကုန်၏။ ထိုအခါ တိုင်းပြည်အလုံးမှာ အကုန်လုံး ငြိမ်သက်ခြင်းသို့ ရောက်ရှိကြလေ၏။ အင်္ဂလိပ်မင်းသည် ကလကတ္တားမြို့ကို မင်းနေပြည်ကြီး ပြုလုပ်လျက်နေခြင်းကြောင့် နှစ်ပေါင်းများစွာကပင် ကွယ်ပျောက်တိမ်မြုပ်နေသော ပညာတည်းဟူသော နေမင်းသည် တဖန် ထွက်ပေါ်ခြင်းသို့ ရောက်လာရပြန်၏။ အနောက်နိုင်ငံသား အလေ့အလာအားဖြင့် အင်္ဂလိပ်ပညာကို စတင်၍ သင်စဉ်ကပင် သက္ကဋ္ဌဘာသာနှင့် တိုင်းရင်းဘာသာကိုလည်း ထိုနည်းအတိုင်း သင်ကြားကြလေ၏။ အင်္ဂလိပ်များသည် ပညာကို လိုလားသည့်အတွက်ကြောင့် သက္ကဋ္ဌဘာသာကိုလည်း သင်ယူကြလေ၏။

ဎင်းပြင် ဆရ် ဗီလီယမ်ဂျိုးဆ်ခေါ်သော အင်္ဂလိပ်သည် သကုန္ဒလာဇာတ်ထုပ်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းကြောင့် ကဝိမျိုးတွင် ရာဇဝင်တင်လောက်သော ကာလီဒါသ ဆရာအားလည်း ဥရောပတိုက်က ကဝိဘွဲ့တံဆိပ်ကို ခတ်နှိပ်ပေးလိုက်၏။ ဤမျှလောက်သာ မကသေး၊ ဟိန္ဒူ၊ သက္ကဋ္ဌဘာသာလည်း ထင်ပေါ်ခြင်းသို့ ရောက်ရှိပေ၏။ ထိုကဲ့သို့ တလောကလုံး သိရှိကြ၍ တစ်ဆင့်ထက်တစ်ဆင့် ဥရောပတိုက်သားတို့သည် သက္ကဋ္ဌဘာသာကို စတင်၍ သင်ကြလေ၏။

ခရစ်ယာန်သက္ကရာဇ် ၁၇၈၄-ခုနှစ်မှာ ဆရ် ဗီလီယမ်ဂျိုးဆ်ခေါ်သော အင်္ဂလိပ်၏ ဝိရိယအစွမ်းကြောင့် အယ်ဆိယာရာဇဝင် ကျောက်အတတ် ပညာကျမ်းဂန်စာကို ရှာဖွေပြင်ဆင် ဖော်ပြဖို့ရန်အတွက်ကြောင့် ကလကတ္တားမြို့၌ပင် **အယ်ဆိယာတိက် ဆိုဆာလ္လတီ ဗင်္ဂလ်**ခေါ်သော အသင်းကြီး ၁-ခုကို တည်ထောင်ကြလေ၏။ ထိုအခါကပင် စ၍ ဣန္ဒိယရှိ ရှေးဟောင်းပညာရာဇဝင်ကို ရှာဖွေကြလေ၏။ အင်္ဂလိပ်နှင့် တိုင်းရင်းသားများသည် ထိုအသင်း၏ ရည်ရွယ်ချက်ကို အထမြောက်ဖို့ရန် အလွန်အားထုတ်ကြလေကုန်၏။

ရရှိသမျှသော စာတမ်းများကိုလည်း ခရစ်ယာန်သက္ကရာဇ် ၁၇၈၈-ခုနှစ်မှာ **အယ်ဆိ-ယာတိက် ရီဆရကျေးဆ်**ခေါ်သော ပထမစာအုပ်၌ ရေးသားဖော်ပြလေ၏။ ၁၇၉၇-ခုနှစ်တိုင်အောင် ၉-နှစ်အတွင်းမှာ ၎င်းစာအုပ်ကို အစဉ်အတိုင်း ပဉ္စမအုပ်ထိ စိမ်ရေးထုတ်ပြီးစီးအောင် ပြုလုပ်လိုက်ပြန်၏။ ၁၇၉၈-ခုနှစ်မှာ ၎င်းစာအုပ်ကို တဖန် အသစ်ပြုပြင်ပြီးလျှင် တိတ်တိတ်ပုန်းနှင့် အင်္ဂလန်၌ ပုံရိုက်ပြန်လေ၏။ ထိုကျမ်းစာအုပ်ကို အသုံးများခြင်းကြောင့် ၅-နှစ်, ၆-နှစ်အတွင်းမှာပင် ၂-ကြိမ်ထပ်မံ၍ ပုံရိုက်လုပ်ဆောင်ရပြန်လေ၏။

အမ်မအယ်လဝမ်ခေါ်သော ပညာရှိအင်္ဂလိပ် ၁-ယောက်သည် ရိုဆရ်ကျေ့ကျ်အယ်-ဆိယာတိက်ဆ် အမည်ဖြင့် ၎င်းကျမ်းစာအုပ်ကို ပြင်သစ်ဘာသာသို့ ပြန်ဆို၍ ပုံရိုက်လုပ်ဆောင်လေ၏။ ထိုစာအုပ်သည် လောကဌ အလွန်အဖိုးတန်ဖြစ်ခြင်းကြောင့် ပညာရှိများတို့သည် ခိုးမွမ်းကြကုန်၏။ ၁၈၇၉-ခုနှစ်တိုင်အောင် အထက်ပါ ကျမ်းစာအုပ်ကို စာအုပ်မျိုး ၂၀-ပုံရိုက်ပြီး၍ တဖန် ၎င်းစာအုပ်ကို ပုံမရိုက်ဘဲနှင့် ပိတ်ထားလေ၏။ ၁၈၃၂-ခုနှစ်က စ၍ ဂျနရယ် အာဖ် ဒီ အယ်ဆီယာတိက် ဆိုဆာဂ္ဂတီ အာဖ် ဗင်္ဂလ်-ခေါ်သော မဂ္ဂဇင်းစာအုပ်ကို အထက်အဆိုပါအသင်းက စတင်၍ ထုတ်ဝေလေ၏။ ထို့ကြောင့် ၎င်းမဂ္ဂဇင်းစာအုပ်ကို ယခုထက်ထိ ပညာရှိတို့ သုံးစွဲနေကြ၏။

ဤကဲ့သို့သော နည်းလမ်းအစဉ်နှင့် အထက်အဆိုပါ အသင်းဖြင့်သာလျှင် အာရှတိုက်ရှိ ရှေးဟောင်းပညာ အရာဝတ္ထုများကို ပြင်ဆင်ဖော်ပြရန် ကိစ္စ၌ ဥရောပတိုက်သား ပညာရှိများက အထူးဂရုစိုက်လျက် ၁၈၂၃-ခု၊ မေလ၌ လန်ဒန်မြို့မှာ ထိုရည်ရွယ်ချက်အတိုင်းနှင့် ရာယယ် အယ်ဆီယာတိက် ဆိုဆာဂ္ဂတီ-အမည်ဖြင့် အသင်းကြီး ၁-ခု ဖွဲ့စည်းလေ၏။ ၎င်းအသင်းက အသင်းခွဲများလည်း ဗုံဗိုင်နှင့် သီဟိုဠ်မှာ ရှိ၏။ ဤကဲ့သို့လျှင် ကာလကာလတိုင်းမှာ ပြင်သစ်, ဂျာမနီ, ဣတလီ-စသော ဥရောပတိုက်ရှိ အခြားအခြားသော နိုင်ငံ၌လည်းကောင်း၊ အမေရိကား, ဂျပန်-စသော ပြည်တို့၌လည်းကောင်း အယ်ဆီယာနှင့် စပ်လျဉ်း၍ အမျိုးမျိုးသော အရာဝတ္ထုများကို ပြင်ဆင်ဖော်ပြရန် အသင်းအဖွဲ့များ ဖွဲ့စည်းတည်ထောင်ကြလေ၏။

ထိုထို အသင်းမှ ထုတ်ဝေလိုက်သော ဂျာနယ်၌ ဣန္ဒိယက ရှေးဟောင်းအရာဝတ္ထုများစွာတို့ကို သုတ်သင်ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသော အကြောင်းအရာ စာတမ်းများကို ဖော်ပြပြီး, ဖော်ပြဆဲ ရှိနေကြ၏။ ဥရောပတိုက် ပညာရှိများသည် တရုတ်, တိဗက်, ပါဠိ, အာရဗီ, ဖာရဆီ-စသော ဘာသာများကို သင်ကြားပြီးလျှင် ၎င်းဘာသာများမှ ဣန္ဒိယရာဇဝင်ဟောင်းနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သော အကြောင်းအရာတို့ကို ရှာဖွေစုဆောင်းလျက် အမြောက်အမြား ဖော်ပြလေ၏။

အယ်ဆီယာတိက်ဆိုဆာဂ္ဂတီဗင်္ဂလ်-ခေါ်သော အသင်းက စတင်၍ လုပ်လေလျှင် ပညာရှိတို့ကလည်း မိမိတို့ နှစ်သက်ရာဘက်ကနေ၍ ဆိုင်ရာဆိုင်ရာ အကြောင်းအရာမျိုးစုံကို အကုန်သုတ်သင် ပြင်ဆင်ကြလေ၏။ ပညာရှိတို့သည် ဣန္ဒိယရာဇဝင်နှင့် ဆိုင်ရာကို ပြင်ဆင်ရှင်းလင်း၍ ဖော်ပြဖို့ရန်မှာ စိတ်ရောကိုယ်ပါ အားထုတ်ကြလေကုန်၏။ ထိုကဲ့သို့ အားထုတ်ကြပြီးလျှင် ရှေးဟောင်းကျောက်စာ, ကြေးပုရပိုက်စာ, ငွေဒင်္ဂါးစာ များစွာတို့ကို စတင်၍ ရှာဖွေကြပြန်လေ၏။

ဤနည်းလမ်းအစီအစဉ်ဖြင့် ဣန္ဒိယရှိ ရှေးဟောင်းကျောက်ထက်အက္ခရာ၌ ပညာရှိတို့က အထူးဂရုစိုက်ကြကုန်၏။ ဣန္ဒိယကဲ့သို့ ကြီးကျယ်သောနိုင်ငံ၌ စာရေးခြင်းတည်းဟူသော ရေလျှဉ်ရေစီးသည် စာရေးဆရာတို့၏ ခြားနားပုံသဘောနှင့်လျော်စွာ အမျိုးမျိုးသော လမ်းသို့ လိုက်လျောစီးဝင်ခြင်းကြောင့် ရှေးဟောင်းဗြဟ္မီအက္ခရာမှ ဂုပ္တ, ကုဋိလ, နာဂရီ, သျှာရဒါ, ဗင်္ဂလား, ပဆကျိမီ, မဓျ, ပြဒေသျှိ, တေလဂူ, ကန္နရီ, ဂြန္ထ, ကလိင်္ဂ, တာမိလ-စသော အက္ခရာများသည် ပေါ်ထွက်လာကုန်၏။

အခါသမယအားလျော်စွာ ၎င်းအက္ခရာတို့သည် ရုပ်လက္ခဏာ တစ်မျိုးတစ်မျိုးစီ ပြောင်းလွဲခြင်းကြောင့် တိုင်းပြည်လုံးရှိ ရှေးဟောင်းအက္ခရာတို့ကို ဖတ်ရှုတ်ဖို့ရန် အလွန်ခဲယဉ်းကြလေ၏။ သို့သော်လည်း ကျာဂုလဆ်ဝိကလိန်ဆ်, ပဏ္ဍိတ်ရာဓာဘန္ဓသျှရမာ, ကာနယ်လ်-ဂျင်မဆ်တံဒ်၏ ဂုရုယတိဂျာန်ကုန္ဒြ, ဒေါက်တာဗီဂျီဇ်ဝိန်ဂတန်, ဗံလတာရ်ဂ္ဂလိယတ်, ဒေါက်တာတာမ်လ်, ဒဗလျူအိပ်ချ်ဝါတန်, ဂျင်မဆ်ပြင်ဆဲပ်-စသော ပညာရှိများသည် ဗြဟ္မီအက္ခရာနှင့် ၎င်းဗြဟ္မီအက္ခရာမှ ထွက်ပေါ်လာသော အထက်က ဆိုခဲ့ပြီးသော ဘာသာအက္ခရာတို့ကို အထူးဂရုစိုက်၍ သင်ကြားအားထုတ်ကြသည့်အတွက်ကြောင့် ထိုထိုသော ဘာသာအက္ခရာတို့၏ ဝဏ္ဏအစီအစဉ်ကို ဝိသေသဉာဏ်ဖြင့် သိရှိကြလေ၏။

ဤနည်းလမ်းအတိုင်းနှင့် ဂျင်မဆ်ပြင်ဆဲပ်, မိနာရိဆ်, ဂျန်နရယ်ကနိုင်ဂဟမ်-စသော ပညာရှိတို့လည်း အထူးအားထုတ်ခြင်းကြောင့် ခရိုရှဋ္ဌိအက္ခရာ၏ ဝဏ္ဏစီစဉ်ဖွဲ့ဉာဏ်ကို ရရှိကြလေ၏။ ဤပညာရှိများတို့၏ လုံ့လဝီရိယနှင့် ဂရုစိုက်ပုံ အားထုတ်ကြပုံအရာကို အထူးအံ့ဩဖွယ် ကောင်းပေ၏။ သို့ရာတွင် ဂျင်မဆ်ပြင်ဆဲပ်၏ နက်နဲသောဉာဏ်နှင့် အဆုံးမရှိ အားထုတ်ရှာဖွေခြင်းကြောင့် သီရိဓမ္မာသောကမင်းလက်ထက်က ဗြဟ္မီအက္ခရာနှင့် ခရိုရှဋ္ဌိအက္ခရာကို တစ်လောကလုံး သိရှိကြရပေ၏။ ထို့ကြောင့် ထိုထိုပညာရှိတို့အား အထူးသဖြင့် ကျေးဇူးတင်လောက်ပေ၏။

ဤဣန္ဒိယပြည်၌ ရှေးဟောင်းရှိ အရာဝတ္ထုကို သုတ်သင်ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ တစ်စုံတစ်ခု အကြံအစည် အထမြောက်ခြင်းသည် ပညာရှိအမျိုးမျိုးနှင့် အသင်းအဖွဲ့တို့ကြောင့်သာ ဖြစ်ကြရလေ၏။ ခရစ်ယာန်သက္ကရာဇ် ၁၈၄၄-ခုနှစ်မှာ ရာယလ်အယ်ဆိယာ-တိက်ဆိုဆာဂ္ဂတီ-ခေါ်သော အသင်းသည် အစိုးရဘက်မှ ဤအလုပ်မျိုးကို လုံးလုံးကြီး ကူညီဖို့ရန် အလွန်အရေးကြီးသည်-ဟု အောက်မေ့ပြီးလျှင် ဣဆဒ္ဓန်ဣန္ဒိယာကုမ္ပဏီကို လျှောက်လွှာတင်သွင်း၍ အကြောင်းကြားလိုက်၏။

ထို့နောက် ၁၈၄၇-ခုနှစ်မှာ လာရန်ယရိန်ဂ်ျ အဆိုသွင်းရာ၌ ဖိုရန်အာဖ်ဒါဣရေက-တာရဆ်သည် ဤအလုပ်အတွက် အလုပ်သမားတို့ကို စရိတ်စက ကူညီလေ၏။ ထိုသို့

ကူညီပြားသော်လည်း ၁၈၆၀-ပြည့်နှစ်တိုင်အောင် ထိုသူတို့၏ မုချလိုအပ်သော အကျိုးသည် တစ်စုံတစ်ခုမျှ အထမမြောက်၊ ၁၈၆၁-ခုနှစ်မှာ ယူပီနယ်ဆိုင်ရာ အင်ဂျင်နီယာဆရာကြီး ကာနယ် အေကနိုင်ဂဟမ်သည် အလုပ်၏အစီအစဉ်ကို ရေးသားဖော်ပြပြီးလျှင် ဣန္ဒိယဂါဝနာဘုရင်ခံချုပ် လောကင်နိန်ဂ်ထံသို့ လျှောက်လွှာတင်သွင်းလိုက်၏။ ထိုအခါ ၎င်းဘုရင်ခံချုပ်သည် အလုံးစုံကို လက်ခံ၍ အစိုးရဘက်ဆိုင်ရာက အာရ်ကီအိုလိုဂျိကယ် ဆရဝေခေါ်သော ကျောက်စာဘက်ဆိုင်ရာ အဖွဲ့ ၁-ခုကို အတည်ပြုလုပ်လိုက်လေ၏။ ဂျန်နရယ်ကနိုင်ဂဟမ်ကိုလည်း ၎င်းအဖွဲ့၌ ဥက္ကဋ္ဌလူကြီး ခန့်ထားလိုက်၏။

အစိုးရဘက်က ဤကဲ့သို့ အကျိုးရှိအောင် အလုပ်ကို လက်ခံလိုက်သည့်အတွက်ကြောင့် ရှေးဟောင်းပညာ အရာဝတ္ထုများကို ပြင်ဆင်သုတ်သင်ဖို့ရာ၌ အလွန်အကျိုးထင်ပေါ်လေ၏။ ဂျန်နရယ်ကနိုင်ဂဟမ်သည် ဣန္ဒိယမြောက်ပိုင်းရှိ ရှေးပညာ အရာဝတ္ထုများကို သုတ်သင်ရှာဖွေဖို့အရာ၌ စီမံပြုလုပ်၍ ဒေါက်တာဂျင်မဆ်ဗဂျဆ်သည် ဣန္ဒိယအနောက်ပိုင်းနှင့် တောင်ပိုင်းရှိ ရှေးဟောင်းပညာ အရာဝတ္ထုများကို ရှာဖွေပြင်ဆင်ဖို့အရာ၌ စီမံပြုလုပ်လေ၏။ ဤပညာရှိ ၂-ယောက်တို့သည် မျှားစွာသင့်လျော်သော အစီရင်ခံစာကို ပုံရိုက်ထုတ်ဝေပြီးလျှင် ဂုဏ်ကျက်သရေများကို ခံယူကြလေ၏။

၁၈၇၂-ခုနှစ်မှစ၍ ဒေါက်တာဗရဂျေဆ်ခေါ်သောသူသည် ဣန္ဒိယန် အန္တိကွေရီခေါ်သော ဣန္ဒိယနှင့်ဆိုင်ရာ ရှေးဟောင်းပညာ အရာဝတ္ထုကို သုတ်သင်ပြင်ဆင်ခြင်းရှိသော မဂ္ဂဇင်းစာအုပ်ကို စ၍ ထုတ်ပြန်လေ၏။ ၎င်းမဂ္ဂဇင်းစာအုပ်သည် ယခုထက်ထိ တွင်ကျယ်လျက် ရှိလေ၏။ ထိုမဂ္ဂဇင်းစာအုပ်၌ ရှေးဟောင်းပညာ အရာဝတ္ထုများကို သုတ်သင်ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းပြီးလျှင် ရေးသားဖော်ပြထားသော စာတမ်းမှတပါး မျှားစွာကုန်သော ကျောက်စာ, ကမ္ပည်းစာ, ကြေးပုရပိုက်စာ, ဒဂ်ီးစာများ-စသည် ပုံရိုက်ပါရှိ၏။

၁၈၇၇-ခုနှစ်မှာ အစိုးရဘက်က ဂျန်နရယ်ကနိုင်ဂဟမ်သည် မောရိယဝံသ-အသောကမင်းကြီး၏ အကြင်မျှလောက်သော ကျောက်စာ, ကမ္ပည်းစာတို့ကို သိရှိလေ၏။ ထိုကျောက်ကမ္ပည်းစာ၏ စာအုပ်နှင့် ၁၈၈၈-ခုနှစ်မှာ ဂျေအာဖ်ဖလိတ် ခေါ်သောသူသည် ဂုပ္တမင်းနှင့် ၎င်းမင်းများတို့ ခေတ်ကာလတူသော မင်းများ၏ ရေးထိုးထားခဲ့သော ကျောက်စာ, ကမ္ပည်းစာ, ကြေးပုရပိုက်စာများကို ကျမ်းဂန် ၁-ခု ပြုလုပ်၍ ဖော်ပြကြလေ၏။

ထိုခုနှစ်မှ စ၍ အာရ်ကီအိုလိုဂျိကယ် ဆရဝေ-ခေါ်သော ကျောက်စာဘက်ဆိုင်ရာ အဖွဲ့မှလည်းကောင်း၊ အယ်ပိဂြာဖိအာဂ္ဂန္ဒိကာ-ခေါ်သော အဖွဲ့မှလည်းကောင်း မဂ္ဂဇင်းစာအုပ်ကို ၃-လ ၁-ကြိမ်စီ ပုံနှိပ်ထုတ်ဝေလေ၏။ ၎င်းစာအုပ်၌လည်း ကျောက်ကမ္ပည်းစာနှင့် ကြေးပုရပိုက်စာများကိုသာလျှင် ဖော်ပြ၍ ပါရှိလေ၏။

ယခုအခါ ၎င်းမဂ္ဂဇင်းစာအုပ်ကို စုဒ္ဒသမစာအုပ်တိုင်အောင် ပုံနှိပ်လုပ်ဆောင်လျက် ရှိလေပြီ။ ရာဇဝင်ဟောင်းအလို့ငှာ ဤမဂ္ဂဇင်းစာအုပ်သည် ရတနာကြုတ်သဖွယ်ဖြစ်လေ၏။ ဤကဲ့သို့သာလျှင် ထိုထိုအဖွဲ့ဆိုင်ရာက ၁၈၉၀-ပြည့်မှစ၍ ဆာဥထ်ဣန္ဒိယန် အင်ဆကြိပ်-သျှန်ဆ်(ဣန္ဒိယတောင်ပိုင်း ကမ္ဘည်းစာ)စာအုပ်ကိုလည်း စတင်၍ ပုံနှိပ်လုပ်ဆောင်လေ၏။ ၎င်းစာအုပ်၌ ဣန္ဒိယတောင်ပိုင်းက သင်္ဂဠာ, တာမိလ-စသော ဘာသာတို့၏ ကမ္ဘည်းကျောက်စာနှင့် ကြေးပုရပိုက်စာများလည်း ပါရှိလေ၏။ ၎င်းပြင် ၈-ခုမြောက် ၎င်းစာအုပ်၌ စာအုပ်ရေ ၃-အုပ်သည်လည်း ယခုထက်ထိ ပုံနှိပ်ပြီးစီးလျက် ရှိလေ၏။ ဤစာအုပ်များသည်လည်း အဖိုးတန်စာအုပ်များပင် ဖြစ်ကုန်၏။

ရှေးဟောင်းပညာ အရာဝတ္ထုများကို အထူးလိုလားသော လော့ကာဇင်သည် အာရ်ကီအိုလိုဂျီကယ်-ခေါ်သော ကျောက်စာဘက်ဆိုင်ရာအဖွဲ့ကို အထူးဂုဏ်တင်၍ ဒါဏ္ဍရေ-ကတာရ် ဂျန်နရယ် အဖ် အာရ်ကီအိုလိုဂျီ-ခေါ်သော ကျောက်စာဝန်ကြီးလက်အောက်၌ ဣန္ဒိယနိုင်ငံရှိ အသီးသီးသော ကျောက်စာဘက်ဆိုင်ရာ အဖွဲ့တို့အတွက် အသီးအခြားစီ အကြီးဥက္ကဋ္ဌ ကျောက်စာဝန်ထောက်များကို စီမံခန့်ထားလေ၏။ ထိုအခါမှစ၍ ရှေးဟောင်းပညာအရာဝတ္ထုတို့ကို သုတ်သင်ပြင်ဆင်ခြင်းရှိသော ဤကျောက်စာအဖွဲ့၏ အလုပ်အစီအစဉ်သည် အထူးကျေးဇူးရှိသဖြင့် တစ်နေ့ထက်တစ်နေ့ တွင်ကျယ်လျက် ရှိလေ၏။ ၎င်းပြင် ကျောက်စာမင်းကြီးနှင့် အသီးအသီးသောအဖွဲ့က ကျောက်စာဝန်ထောက်တို့၏ နှစ်စဉ်တိုင်း အစီရင်ခံစာ တင်သွင်းရာ၌ အထူးကျေးဇူးရှိသော အကြောင်းအရာများ ပါရှိ၏။

ရှေးဟောင်းပညာ အရာဝတ္ထုများကို သုတ်သင်ပြင်ဆင်ခြင်းရှိသော အလုပ်အစီအစဉ်နှင့် စပ်လျဉ်းရာ၌ အသီးသီးသော အသင်းအပင်းတို့နှင့်တကွ အစိုးရများသည် ရှေးက ကျောက်စာ, ကမ္ဘည်းစာ, ကြေးပုရပိုက်စာ, ဒင်္ဂါး, တံဆိပ်တုံး, ရုပ်တု, ဆင်းတု, ကျောက်ဆစ်, ပန်းပု-စသော နမူနာဟောင်း ပစ္စည်းဝတ္ထုများကို ရှာဖွေစုဆောင်းပြီးလျှင် ဗုံဗိုင် (အယ်ဆိ-ယာတိက် ဆိုဆာကျတီ), ကလကတ္တား (ဣန္ဒိယန် မျူဇီယမ်)နှင့် အယ်ဆိယာတိက် ဆိုဆာကျတီ-ဗင်္ဂလ်၌လည်းကောင်း၊ မဒရဆ်, နာဂပုရ်, အဂျမေရ်, လာဟောက်ရ်, ပေရှာဝါရ်, မထုရာ, လက္ခနောင်း-စသော မျူဇီယမ်ခေါ် ပြတိုက်၌လည်းကောင်း စုဆောင်းထားကြလေ၏။

ထိုမှတပါးလည်း ၎င်းရရှိသမျှ အရာဝတ္ထုတို့မှ သိအပ်,သိထိုက်သော အညွှန်းစာများကိုလည်း အမြောက်အမြား ပုံရိုက်ထားကြလေ၏။ ဂျန်နရယ်ကနိုင်ဂဟမ်သည် မိမိစုဆောင်း၍ ရရှိသမျှသော ရှေးဟောင်းဒင်္ဂါးများကို အညွှန်းစာနှင့်တကွ စာ ၄-အုပ် ပုံနှိပ်ထုတ်ဝေလေ၏။ လန်ဒန်ပြတိသျှ မျူဇီယမ်ကလည်း မိမိတို့ ရရှိသမျှကို စာ ၃-အုပ် ပြုလုပ်၍ ပုံနှိပ်ထုတ်ဝေလေ၏။

ထိုနည်းအတူ ပန်ဂျာပ်နယ်ရှိ လာဟောက်ရ်မျူဇီယမ်, ဣန္ဒိယန်မျူဇီယမ်-စသည်များ ကလည်း စုဆောင်းရရှိသမျှသော ဒဂါးမျိုးစုံကို ဓာတ်ပုံနှင့်တကွ အညွှန်းစာအုပ် ပြုလုပ်၍ ပုံနှိပ်ထုတ်ဝေလေ၏။ 'ဣန္ဒိယန်အန္တိကွေရီ', 'အာရ်ကီအိုလိုဂျိကယ်ဆရဝေ'-ကလည်း အသီးသီးသော အစီရင်ခံစာ၌လည်းကောင်း၊ 'အယ်ဆိယာတိက် ဆိုဆာဣတီ'ကလည်း ဂျာနယ်များ၌လည်းကောင်း၊ မူပိုင်စာအုပ်များ၌လည်းကောင်း ရှေးဒဂါးများ၏ အကြောင်းအရာတို့ကို ဖော်ပြကြလေ၏။

----- × -----

[၃] ဣန္ဒိယပညာရှိတို့ ထကြွလုံ့လနှင့် ရှေးဟောင်းပညာအရာဝတ္ထုကို စုဆောင်းရှာဖွေခြင်း

ဤကဲ့သို့ အင်္ဂလိပ်အစိုးရဘက်မှ ရှေးဟောင်းပညာ အရာဝတ္ထုများတို့ကို သုတ်သင်ပြင်ဆင်၍ အလုပ်အမျိုးမျိုး ထင်ပေါ်လာသောအခါ ပညာလိုလား ဣန္ဒိယတိုင်းရင်းသားမင်းများတို့ကလည်း မိမိတို့ ပိုင်နက်အတွင်း၌ ရှေးဟောင်းပညာအရာဝတ္ထုတို့ကို သုတ်သင်ပြင်ဆင်ရှာဖွေခြင်းနှင့် စပ်လျဉ်း၍ အလုပ်တိုက်အသီးသီးကို အကြီးအကျယ် ဖွင့်လှစ်ကြလေကုန်၏။ ထိုအကြောင်းအရာကို ဤစာအုပ်၌ အနည်းငယ် ဖော်ပြလိုက်ပါ့အုံ့။

ဘာဝနဂရ်ဒရဗာရ်မင်းသည် မိမိပညာရှိတို့နှင့် ကာဒ္ဒိယာဝါရ်, ဂုဂျရတ်, ရာဂျပူတာနာနယ်က ကျောက်စာများနှင့် ကြေးပုရပိုက်စာတို့၏ ပုံစံကို သုတ်သင်ကြပြီးလျှင် မှားစွာသော အရာဝတ္ထုတို့ကို ဘာဝနဂရ်ပြာကျိန်သျှမခဆံဂြဟ-ခေါ်သော စာအုပ်၌လည်းကောင်း၊ ဘာဝ-နဂရ်အိန်ဆကြိပသျှန်စ် အမည်ရှိသော စာအုပ်၌လည်းကောင်း ဖော်ပြထား၏။ ကာဒ္ဒိယာဝါရ် ကိုယ်စားလှယ် အင်ဂျင်တ်ကာနယ်ဗိုတဆန်ခေါ်သောသူသည် ရှေးဟောင်းပညာ အရာဝတ္ထုများကို ရှာဖွေရာ၌ အလွန်ဝါသနာပါ၏။ ထိုအကြောင်းအရာကို မြင်၍ ကာဒ္ဒိယာဝါရ်မင်းသည် ပေါင်းစပ်လျက် ရာဂျကိုင်ဋ္ဌမြို့၌ ဗာဒ္ဒဆန်မျူဇီယမ်ခေါ်သော ပြတိုက် ၁-ခုကို တည်ထောင်ပြုလုပ်လေ၏။ ထိုပြတိုက်၌ ရှေးဟောင်း ကျောက်စာ, ကမ္ပည်းစာ, ကြေးပုရပိုက်စာ, ဒဂါး, စာအုပ်-စသည်များကို စုဆောင်းရှာဖွေထားလေ၏။

မိုက်ဆူရ်မင်းသည်လည်း ၎င်းနည်းအတူပင် အရာဝတ္ထုများကို ရှာဖွေစုဆောင်းလေရုံမျှမကသေး။ ရှေးဟောင်းပညာ အရာဝတ္ထုမျိုးစုံကို ပြင်ဆင်သုတ်သင်ဖို့ရန် အာရ်ကီအိုလို-ဂျိကယ် ခေါ်သော ကျောက်စာဘက်ဆိုင်ရာ အဖွဲ့ကြီး ၁-ခုကို အတည်ပြုလုပ်ပြီးလျှင် မိမိတိုင်းပြည်ကြီး၌ ရာ,ထောင်မက ရရှိသမျှသော ကျောက်စာ, ကမ္ပည်းစာများနှင့် ကြေးပုရပိုက်

စာများကို အယ်ပိုကြာပိအာကရနာတိကာ အမည်ရှိသော စာအုပ်၌ ဖော်ပြထားလေ၏။ ၎င်းပြင်လည်း ၁၈၈၅-ခုနှစ်မှစ၍ ရှေးဟောင်းပညာ အရာဝတ္ထုတို့ကို သုတ်သင်ပြင်ဆင်ခြင်းရှိသော မိမိအဖွဲ့က နှစ်စဉ်မပြတ် အစီရင်ခံစာဖြင့် တင်သွင်းရာကိုလည်း ကောင်းမွန်စွာ ပုံရိုက်ထားလေ၏။

ဗျာဗာမင်းလည်း ရှေးဟောင်းပညာ အရာဝတ္ထုများကို ရှာဖွေစုဆောင်း၍ ရရှိသမျှသော စာဟောင်း,ပေဟောင်းများနှင့် ပုရပိုက်စာများကို ထင်ပေါ်သော ရှေးဟောင်းကျောက်စာဝန်ပညာရှိ ဒေါက်တာဖိုဂျလ်နှင့် ပြင်ဆင်၍ အင်တိကွိတီဂျ်အာဖ်ဒီကျံဗာဆတဲတ်-ခေါ်သော အဖိုးတန်စာအုပ်ကြီး၌ ထည့်သွင်းဖော်ပြပြီးလျှင် ရှေးဟောင်းပညာ အကျွမ်းကျင်တို့ကို လေ့လာလိုသောသူတို့အတွက် သျှာရဒါ-အက္ခရာပါရှိသော အရာဝတ္ထုတို့ကို အထူးရှာဖွေစုဆောင်းလေ၏။

တြာဝန်နကိုရ်မင်းနှင့် ဟိုက်ဒရာဗာဒ်မင်းတို့လည်း မိမိတို့တိုင်းပြည်ရှိ အုံ့ဩဖွယ်ကောင်းသော အလုပ်အမျိုးမျိုးကို စတင်၍ ပြုလုပ်လေ၏။ ဥဒယပုရ်, ဂျာလာဝါရ်, ဂွါလိယာရ်, ဓာရ်, ဘိုပါလ်, ဗရောက်ဒါ, ဂျူနာဂရ်, ဘာဝန်နဂရ်-စသော တိုင်းပြည်,မြို့,ရွာတို့မှာလည်း ရှေးဟောင်းပညာ အရာဝတ္ထုများကို ရှာဖွေစုဆောင်းပြီး, စုဆောင်းဆဲ ရှိနေ၏။

ဤနည်းအတိုင်း အင်္ဂလိပ်မင်းတို့၏ အထောက်အပင့်ကို ရရှိခြင်းကြောင့်လည်းကောင်း၊ အယ်ဆိယာတိက်ဆိုဆာဂျာတီ တိုင်းရင်းသားမင်း, အခြားအခြားသော ပညာရှိသာမည်ပုဂ္ဂိုလ်တို့နှင့် အထူးအားထုတ်ခြင်းကြောင့်လည်းကောင်း ဣန္ဒိယတိုင်းပြည် ရာဇဝင်ဟောင်းဆိုင်ရာ ပညာအရာဝတ္ထုကို ရရှိကြလေကုန်၏။ ထိုအရာဝတ္ထုတို့မှ သိရှိရသော မင်းစဉ်မင်းဆက်ကား နန္ဒ, မောရိယ, ဂြိတ်, သျှာတကရဏီ, သက, ပါရထိယန်, ကုသျှန်, ချတြပ, အဘီရ, ဂုပ္တ, ဟူဏ, ယောဒ္ဓေယ, ပုဿ်ဆ, လိစ္ဆဝိ-အစရှိသော မင်းစဉ်မင်းဆက်တို့၏ အကြောင်းအရာကိုလည်းကောင်း၊ ထိုထိုမင်းတို့၏ အဆက်အနွယ်ကိုလည်းကောင်း၊ အခါသမယကိုလည်းကောင်း သိရှိကြရကုန်၏။

ဤမျှသာ မကသေး။ ပညာရှိ ဓမ္မစာရယ သူဌေးသူကြွယ် အလျှုရှင်ဒါယကာသူရဲကောင်း၊ သတ္တိဗျတ္တိနှင့် ပြည့်စုံသောသူ၊ ယောဂ်ကျားကောင်း, ယောဂ်ကျားမြတ်တို့၏ အမည်ကိုလည်းကောင်း၊ ထိုသူတို့၏ အကြောင်းအရာကိုလည်းကောင်း၊ အခါသမယအစဉ်ကိုလည်းကောင်း ကောင်းစွာ သိရှိကြကုန်၏။

ဤကဲ့သို့လျှင် ဣန္ဒိယနိုင်ငံရှိ ပြည်နယ်အသီးသီးတို့၌ အသုံးပြုနေကြသော အမျိုးမျိုးခုနှစ်, သက္ကရာဇ်တို့၏ အစကိုလည်း ကောင်းစွာ မှတ်ယူကြရကုန်၏။ ရှေးကာလ တိုင်းပြည်,

စီရင်စု, မြို့, ရွာ-စသော အခြင်းအရာနှင့်ဆိုင်ရာ အမည်ကိုလည်းကောင်း၊ ထိုထိုမြို့-စသည်တို့၏ ယခုကာလ ဆိုင်ရာဆိုင်ရာဌာနကိုလည်းကောင်း သိရှိနိုင်ကြ၏။

ရှေးဟောင်းပညာ အရာဝတ္ထုတို့ကို သုတ်သင်ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသော အလုပ်မျိုးတို့သည် ယခုထက်ထိ ကြီးကြီးကျယ်ကျယ် ဖြစ်ပေါ်လျက် ရှိနေ၏။ ထိုအလုပ်မျိုးသည် ယခုထက်ထိ ပေါ်ထွက်ခါစသာ ရှိသေး၏-ဟု ဆိုကလည်း မှားမည် မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုမူ ဣန္ဒိယနိုင်ငံကြီးအနက် ရရှိသမျှ အရာဝတ္ထုတို့မှာ တစ်စိတ်တဒေသမျှလောက်ပင် မထင်ပေါ်နိုင်ရကား ရာ,ထောင်မကသော ပညာရှိတို့သည် နှစ်ပေါင်းများစွာတိုင်အောင် ဆက်လက်အားထုတ်ငြားသော်လည်း ထိုကျောက်စာလုပ်ငန်းရေးသည် အဆုံးသို့ ရောက်ခြင်းငှာ အလွန်ခဲယဉ်းလိမ့်မည်။ ရှေ့အဖို့အတွက်ကို ဤမျှလောက် ကြီးကျယ်သော နိုင်ငံလုံးမှာ ရှာမတွေ့ဘဲနှင့် အမြောက်အများပင် ကြွင်းကျန်နေသေး၏။

ခရစ်ယာန် သက္ကရာဇ် ၁၈၉၃-ခုနှစ်ထိ တစ်စုံတစ်ယောက်သော ပညာရှိသည် စာ ၁-အုပ်တည်းနှင့်ဖြစ်စေ သို့မဟုတ် စာအုပ်အမြောက်အများနှင့်ပင်ဖြစ်စေ ဟိမာလယ-ခေါ်သော တောင်မှ ကံနျာကုမာရီတိုင်အောင်လည်းကောင်း၊ ဒွါရကာမှ အိုရီဆာတိုင်အောင်လည်းကောင်း ရှေးဟောင်း ကျောက်ထက်အက္ခရာအားလုံးကို လွယ်လွယ်ကူကူနှင့် သင်ကြားဖတ်ရွတ်နိုင်ဖို့ရန် စာအုပ်မျိုးကို မရေးသားနိုင်ရကား နိုင်ငံလုံး အမြောက်အများပင် ကျန်ကြွင်းလျက်ရှိနေခြင်းကြောင့် ယခုပညာရှိတို့ လုပ်ငန်းရေးသည် စခါစမျှသာ ရှိနေသည်-ဟု ဆိုလိုက်ရခြင်း ဖြစ်ပေ၏။

----- × -----

[၄] ကျောက်စာရေးသားရခြင်း

ငါတို့ မြန်မာပြည်နှင့် ရခိုင်ပြည်၌လည်း ရှေးဟောင်းပညာ ကျောက်စာဘက်ဆိုင်ရာကို သုတ်သင်ရှင်းလင်း၍ ဖော်ပြဖို့ရန်မှာ အလွန်အရေးကြီးနေ၏။ ပညာရှိများကလည်း မိမိတို့တိုင်းပြည်၌ အားထုတ်နိုင်သလောက် အားထုတ်ပါက အထူးကျေးဇူးခံစားရလိမ့်မည်။ ဤကဲ့သို့ဆိုရာ၌ မှားဖို့ရန် မရှိချေ။ အဘယ့်ကြောင့်နည်းဟူမူ ဥရောပတိုက်သားနှင့် ဣန္ဒိယပညာရှိတို့ အသင်းအဖွဲ့တို့ကို ဖွဲ့စည်းပြီးလျှင် အထူးအားထုတ်ရှာဖွေခြင်းကြောင့် လောကတွင် ပညာအရာမှာ ထင်ပေါ်ကျော်စောလျက် တစ်နေ့ထက်တစ်နေ့ ကြီးပွါးခြင်းသို့ ရောက်ရှိကြပေ၏။ ငါတို့ တိုင်းပြည်က ပညာရှိတို့သည် အကယ်၍ အားထုတ်မည်ဆိုငြားသော်လည်း ကူညီထောက်ပင့်မည့်သူက အလွန်နည်းပါးလိမ့်မည်။

ယခုအခါ အင်္ဂလိပ်မင်းတို့နှင့် အားထုတ်ရှာဖွေရာ၌လည်း ပညာရှိတို့က အနည်းငယ်မျှလောက်သာ သဘောသက်ဝင်၍ အားထုတ်နေကြ၏။ ဤကဲ့သို့အနည်းငယ်မျှသာ ပါဝင်ခြင်းအကြောင်းမှာလည်း ကျောက်စာနှင့် ဆိုင်ရာကျမ်းဂန်များသည် အနှံ့အပြားရှိနေကြ၏။ သို့သော်လည်း ၎င်းကျောက်စာနှင့်ဆိုင်ရာ ပိဋကတ်တိုက်ရှိသော ဗုံဗိုင်နှင့် ကလကတ္တားမြို့တို့ကဲ့သို့ မြို့ကြီး,ပြကြီးများကို ချန်လှပ်၍ အခြားအခြားသောနေရာ၌ ရှေးဟောင်းကျောက်စာပညာ အရာဝတ္ထုပါရှိသော ကျမ်းစာအုပ်မျိုးတို့ကို အလွယ်တကူနှင့် တွေ့မြင်ကြည့်ရှုဖို့ရန် အလွန်ပင် ခဲယဉ်းပေ၏။ ထို့ကြောင့် အကြီးအကျယ် မဖြစ်နိုင်။

ထိုသို့ပင် ခဲယဉ်းငြားသော်လည်း ပညာရှိတို့ အလွယ်တကူ သင်ယူဖတ်ရှုတ်နိုင်ဖို့ရန် ဤစာအုပ်၌ အနည်းငယ် ဖော်ပြလိုက်၏။ ဤစာအုပ်ကို ပညာရှိတို့သည် အကျိုးများသော စာအုပ်-ဟူ၍ ညွှန်ပြကြကုန်၏။ ဤမျှသာ မကသေး။ စင်စစ်မှာမူ ဤစာအုပ်ကို ရှေးဟောင်းပညာကျောက်စာနှင့်ဆိုင်ရာတွင် ပထမတန်းစာအုပ်-ဟူ၍ ဂုဏ်တင်ပြီးလျှင် အထူးဂရုစိုက်ကြကုန်၏။ အကြောင်းမူကား အသောကမင်း၏ ကျောက်စာတိုင်အောင် ဖတ်ရှုတ်နိုင်ရန် စာအုပ်မရှိခြင်းကြောင့် အထူးဂရုစိုက်ကြကုန်၏-ဟူ၍ မှတ်ရမည်။

မြန်မာပြည် ပညာရှိများသည် ဤစာအုပ်မှ ဣန္ဒိယရှိ ရှေးဟောင်းပညာ အသောကမင်းကျောက်စာကို လွယ်ကူစွာနှင့် ဖတ်ရှုတ်သင်ကြားနိုင်ကြ၏။ ဤစာအုပ်၌ အသောကမင်း၏ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ ကျောက်ထက်အက္ခရာ၏ ဝဏ္ဏမာလာ, ဂဏမာလာသည်လည်း ပါရှိ၏။ ၎င်းကျောက်စာများကို ပါဠိအက္ခရာ အစဉ်အားလျှော်စွာ အနက်အဓိပ္ပါယ်နှင့်တကွ ဖော်ပြလိုက်၏။ ၎င်းအစီအစဉ်ဖြင့် အသောကမင်း ရေးထိုးထားခဲ့သော ပြဟ္မီအက္ခရာနှင့် ခရိုရှဋ္ဌီအက္ခရာကို ရှေးဦးစွာ သိနားလည်ခဲ့လျှင် ဣန္ဒိယရှိ ဗုဒ္ဓဘာသာဆိုင်ရာ ကျောက်စာများကို ဖတ်ရှုတ်နိုင်ရုံမက ဂုပ္တ, ကုဋိလ, တာမိလ်-စသော အက္ခရာတို့သည် ဘယ်လိုအစဉ်အတိုင်းဖြစ်ပေါ်လာသည်ကိုလည်း အကယ်၍ ထိုးထွင်း၍ရှာဖွေပါမူ အလွယ်တကူ သိရှိနားလည်နိုင်ရာ၏။

ဤကျမ်းကြီးကို ကြည့်ရှု၍ အမျိုးမျိုးသော ဣန္ဒိယရှိကျောက်စာတို့ကို သိဖို့ရန် အလွန်ခဲယဉ်းသေး၏-ဟူ၍ မည်သည့်ပညာရှိ တစ်ဦးတစ်ယောက်ကမှ ယုံမှားမရှိရာ။ အဘယ့်ကြောင့်ဆိုသော် ရှေးဦးစွာ ပြဟ္မီအက္ခရာနှင့် ခရိုရှဋ္ဌီအက္ခရာကို သိပြီးလျှင် ရှေ့သို့ ဆက်လက်အားထုတ်ရန် နည်းလမ်းသည် အလွန်လွယ်ကူ၏။ ထိုသို့ လွယ်ကူခြင်းကြောင့်လည်း ရှေးဟောင်းဣန္ဒိယရှိ အက္ခရာတို့မှာ အနည်းငယ်မျှစီသာ ခြားနားလျက်ပါရှိသောကြောင့် လွယ်ကူသည်-ဟု မှတ်ယူရမည်။

သက္ကဋ္ဌဘာသာကို သိနားလည်သော ပညာရှိတို့ကား ထိုထိုကျောက်စာအက္ခရာတို့ကို သင်ကြားအားထုတ်ဖို့အရာ၌ အထူးဂရုမစိုက်ရချေ။ ဤစာအုပ်၏ အထောက်အပင့်ကြောင့် ၆-လအတွင်းမှာ ရှေးဟောင်း ကျောက်ထက်အက္ခရာတို့ကို သင်ကြားရန် ပညာဉာဏ်လုံလောက်ပြည့်စုံနိုင်လိမ့်မည်-ဟု ထင်မြင်ရပေ၏။

မြန်မာဘာသာဖြင့် ဤစာအုပ်ကို ရေးသားရခြင်းမျှားမှာလည်း သက္ကဋ္ဌဘာသာကို နားလည်ကြကုန်သော ပညာရှိတို့သည် ဣန္ဒိယနိုင်ငံရှိ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ ရှေးဟောင်းကျောက်ကမ္မည်းစာ-စသည်ကို ဖတ်ရှုတ်ခြင်းငှာ မစွမ်းနိုင်သေး။ ဘုရားဖူးသွားရောက်ကြသောအခါ ထိုကျောက်ကမ္မည်းစာကို တွေ့ငြားသော်လည်း သူတပါးစကားနှင့် အမျိုးမျိုးကြံဆပြီးလျှင် ပြန်သွားကြရလေ၏။ အနက်အဓိပ္ပါယ်ကို မိမိကိုယ်တိုင် မသိဘဲနှင့် ပြန်သွားရခြင်းအချက်ကို ထောက်ဆဆင်ခြင်၍ ကြည့်လိုက်ယျှင် ဝမ်းနည်းစရာ အကြောင်းပင်ဖြစ်ပေ၏။ ထို့ကြောင့် ဤစာအုပ်၏ အထောက်အပင့်ကို အကယ်၍ ရရှိခဲ့ပါလျှင် အသောကမင်းကျောက်စာတွင်မက ဣန္ဒိယရှိ ရှေးဟောင်းကျောက်ကမ္မည်းစာများကိုလည်း ဖတ်ရှုတ်နိုင်ကြပေ၏။

ပညာရှိအရာမှာလည်း ဥပမာဆိုသော် နေအရုဏ်နှင့် ပဒုမ္မာကြာကဲ့သို့တည်း။ သက္ကဋ္ဌဘာသာနှင့် ဟိန္ဒီဘာသာကို နားမလည်သော်လည်း မြန်မာ, ပါဠိဘာသာကို ကောင်းစွာ သိရှိကြခြင်းကြောင့် ၎င်းဘာသာအက္ခရာတို့ဖြင့် ပြန်ဆိုရေးသားထားသော ကျောက်စာပိုဒ်ကို အမှီရသဖြင့် ရှေးဟောင်းအက္ခရာများကိုလည်း သင်ကြားဖတ်ရှုတ်နိုင်ကြကုန်၏။ ဤစာအုပ်ကား ဣန္ဒိယပြည်တွင် မူလဘူတပဓာနကြီးဖြစ်သော ဗြဟ္မီအက္ခရာနှင့် ခရိုရှဋ္ဌီအက္ခရာကို ရှေးဟောင်းမူအတိုင်းရေးပြီးလျှင် ပါဠိအက္ခရာဖြင့် ဖော်ပြပါရှိ၏။ အသောကနှင့်ဆိုင်ရာ ရရှိသမျှ အသီးသီးသော ကျောက်စာတို့ကိုလည်း မြန်မာဘာသာ အနက်အဓိပ္ပါယ်ဖြင့် ပါရှိပေ၏။

----- × -----

[၅] သီရိဓမ္မာသောကမင်းကြီး အတ္ထုပ္ပတ္တိ

ရှေးလွန်လေပြီးသောအခါ မောရိယသာကီဝင်မျိုးဖြစ်သော ဓမ္မာမင်းသမီးကို ပါဋ-လိပုတ်ပြည် ရှင်ဘုရင် ဗိန္ဒုသာရမင်းကြီးသည် ဆောင်ယူတော်မူပြီးလျှင် မိဖုရားမြောက်စား တော်မူလေ၏။ ထိုမိဖုရား၌ အသောကမင်းသားကို ပဋိသန္ဓေရလေသောအခါ–

- ခြေတဖက်ဖြင့် နေဝန်းကို, ခြေတဖက်ဖြင့် လဝန်းကို နင်းလိုခြင်း၊
- ကောင်းကင်၌ ကြယ်တို့ကို စားလိုခြင်း၊
- ကောင်းကင်၌ တိမ်ညွှန့်တို့ကို စားလိုခြင်း၊
- မြေပေါ်၌ သစ်ညွှန့်,သစ်ဖူးတို့ကို စားလိုခြင်း၊
- မြေထဲ၌ တီတို့ကို စားလိုခြင်း၊

ဤ ၅-ပါးသော ချင်ခြင်းသည် ဖြစ်ပေါ်လာ၏။

ထိုချင်ခြင်း ၅-ပါးကို တစ်စုံတစ်ယောက်သောသူအား မျှ မပြောဝံ့ဘဲ နေလေ၏။ မိဖုရား၏ ဖျော့တော့သောကိုယ်အင်္ဂါကို မင်းကြီးမြင်လျှင် မေးမြန်းတော်မူလေ၏။ မိဖုရား သည် အကြောင်းမျိုးစုံကို အကုန်တင်လျှောက်သောအခါ မင်းကြီးသည် ဥပါယ်တံမျှဉ်၌ လိမ္မာတော်မူ၍ အမတ်တို့နှင့် တိုင်ပင်ပြီးလျှင် ခဲဖွယ်,စားဖွယ်တို့ကို နေ,လအရုပ်လုပ်၍ ရပ်စေ၏။ ကြယ်သဏ္ဌာန်ပြုလုပ်သော မုန့်ကို စားစေ၏။ တိမ်ညွှန့်အသွင် ပြုပြင်သော မုန့် ကို စားစေ၏။ မင်းရင်ပြင်၌ သဲမှုန့်ကြဲစေပြီးသော် တီရုပ်၊ သစ်ညွှန့်,သစ်ဖူးသဏ္ဌာန် ပြုလုပ် အပ်သော စတုမဓူမုန့်ကို စားစေ၏။ ထို့နောက် မင်းကြီးသည် မိဖုရား၏ ချင်ခြင်းအကျိုးကို ပုဏ္ဏားတို့အား မေးလေ၏။ ထိုအခါ မိဖုရား၏ ဆရာဖြစ်သော ဇရသောဏအာဇီဝကသည် ဤသို့ တင်လျှောက်၏။

"မင်းကြီး၊ မိဖုရားသည် ဧကရာဇ်မင်းမိခင် ဖြစ်ထိုက်၏"။ ဤသို့စသည်ဖြင့် လျှောက် တင်လေသောအခါ မင်းကြီးလည်း ဝမ်းမြောက်တော်မူ၏။ မိဖုရားလည်း ကြွန်အင်လက္ခဏာ နှင့်ပြည့်စုံသော အသောကမင်းသားကို မွေးဖွားလေ၏။ မင်းသားသည် ထိုင်တတ်သော အရွယ်သို့ ရောက်၍ မင်းကြီး၏ရင်ခွင်၌ ကစားနေစဉ် ကျင်ငယ်စွန့်လိုက်လေ၏။ သားတော် ၏ကျင်ငယ်ကို ခမည်းတော်မင်းကြီးသည် ခရုသင်းဖြင့် ခံယူ၍ သားတော်၏ထိပ်ထက်၌ သွန်းလောင်းလိုက်လေ၏။ မိဖုရားသည် မနှစ်သက်၍ သားတော်ကို ယူပြီးလျှင် ဇရသောဏ-အာဇီဝကအား အကြောင်းကို ကြားလိုက်၏။ အာဇီဝကလည်း "မိဖုရား၊ မစိုးရိမ်လင့်။ သား

တော်သည် အဘိသိက်ခံခြင်းသို့ ရောက်လေပြီ။ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ဧကရာဇ်မင်း ဖြစ်လတ္တံ့"ဟု ပြောဆိုပြီး၍ မြို့မှ ယူဇနာ ၁၀၀-ဝေးသောအရပ်သို့ သွား၍ နေလေ၏။

အသောကမင်းသားသည် အရွယ်သို့ ရောက်လတ်သော် အိမ်ရှေ့အရာနှင့် အဝန္တီတိုင်း၊ ဥဇ္ဇေနီပြည်ကို ရလေ၏။ သူ့ဌေးသမီး ဝေဒိသကဒေဝီကို ယူဆောင်၍ မိဖုရားမြှောက်ရာ မကြာမီ မဟိန္ဒမင်းသားနှင့် သယံမိတ္တာသမီးတော်ကို ဖွားမြင်ပြန်၏။ အခါတပါး ခမည်းတော် ဗိန္ဒုသာရမင်းကြီး မကျန်းမာကြောင်းကို ကြားသိ၍ လာရောက်ပြီးလျှင် မိမိကိုယ်တိုင် လုပ်ကျွေးလေ၏။ ခမည်းတော်လည်း နန်းသက် ၂၈-နှစ်၊ သာသနာသက္ကရာဇ် ၂၁၄-ခုနှစ်မှာ အနိစ္စရောက်၍ ပြည်အလုံးကို သိမ်းယူလေ၏။ နောင်တော် သုမနမင်းသား ကြားသိလေလျှင် ၉၉-ယောက်သော ညီတော်တို့နှင့် တိုက်ခိုက်လာ၏။ အသောကမင်းကြီးလည်း နောင်ဟော် ၉၉-ယောက်တို့ကို သတ်၍ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ သာသနာတော်သက္ကရာဇ် ၂၁၈-နှစ်မြှောက်သောအခါ တစ်ယောက်တည်းသော မင်းအဖြစ်သို့ ရောက်လေ၏။

မြေအောက်,မြေထက် ၁-ယူဇနာစီ ပိုင်ခြင်းကြောင့် လူ, နတ်, ကျေး, ငုံး, ခါ, ငှက်, နဂါး, ရှဉ့်, ကြွက်, မြွေ, ပျား, ဝံ, မျောက်တိရစ္ဆာန်-စသော သတ္တဝါတို့သည် ဆိုင်ရာဆိုင်ရာ အခွန်ဘဏ္ဍာများကို ဆက်သလာကြကုန်၏။ ဤသို့ ဘုန်းတန်ခိုးကြီးသော အသောကမင်းကြီးသည် ကာဠနဂါးမင်းအား တောင်းပန်၍ ဘုရား ၄-ဆူသဏ္ဌာန်ကို ဖူးမြင်ရလေ၏။ အဘိသိက်ခံပြီး၍ ၄-နှစ်တိုင်တိုင် လောကီစည်းစိမ်ကို ခံစား၍ နေတော်မူလေ၏။ ခမည်းတော်မင်းကြီး၏ ပါသဏ္ဍအယူရှိသော ပဏ္ဍရင်ဒိဋ္ဌ ၆-သောင်းတို့ကိုလည်း အမြဲလုပ်ကျွေးနေလေ၏။

တစ်နေ့သ၌ ခြသေ့ခံသော လေသာတံခါးငယ်ကို လှစ်၍ ရှုတော်မူလေသော် ဣန္ဒြေမရှိသော ဒိဋ္ဌတို့ကို မြင်၍ သူတော်ကောင်း မဟုတ်ကြောင်းကို သိလေရကား "အလှူခံပုဂ္ဂိုလ်ကောင်းကို ရွေးချယ်၍ လှူအံ့"ဟု အကြံဖြစ်လေ၏။ သို့သော်လည်း အမတ်တို့စကားနှင့် သင့်လျော်အောင် အလှူဝတ်ကို ပြုပြီးလျှင် သွားစေ၏။ တစ်နေ့သ၌ နိဂြောဓသာမဏေ ဆွမ်းခံလာသည်ကို မြင်လျှင် ကြည်ညိုသောစိတ်နှင့် နန်းတော်သို့ ပင့်၍ သင့်လျော်သော နေရာ၌ နေစေတော်မူ၏။

သာမဏေလည်း "ဤနေရာ၌ ဇ္ဈာထက်ကြီးသူ မရှိ"ဟု သိ၍ ထီးဖြူအုပ်သော ရာဇယလွှင်ပေါ်သို့ တက်အံ့သောဌာ သပိတ်ကို မင်းကြီးလက်တော်သို့ ကမ်းလိုက်၏။ မင်းကြီး သပိတ်တော်ကို လှမ်းယူသောအခါ သာမဏေသည် ရာဇယလွှင်သို့ တက်၍ နေလေ၏။ မင်းကြီးလည်း ဘောဇဉ်အာဟာရတို့ဖြင့် သပိတ်တော်ကို ကပ်လိုက်လေ၏။ ဆွမ်းဘုဉ်းပေးပြီးနောက် သာမဏေအား အမျိုးနှင့်တကွ အယူဝါဒကို မေး၏။ သာမဏေလည်း "သဗ္ဗညုတ

ဘုရား၏အနွယ်, ဘုရားရှင်တို့၏ဖျော်စံရာ နိဗ္ဗာန်သာလျှင် အယူရှိ၏"ဟု ပြောကြားလိုက်၏။ မင်းကြီးသည် "ငါ့အားလည်း ဟောတော်မူပါ"ဟု တောင်းပန်၏။

ထိုအခါ ဓမ္မပဒ၊ အပ္ပမာဒဝဂ်ကို ဟောတော်မူလျှင် သဒ္ဓါတရား ထက်သန်သဖြင့် သာမဏေနှင့်တကွ ဥပဇ္ဈာယ်ဆရာ, ပိဋကတ် ၃-ပုံကို သင်ပေးသော ဆရာ, သီတင်းသုံးဖော် သံဃာတော်တို့အား စ-ဝတ်သောဆွမ်းကို နေ့တိုင်းမပြတ် လှူဒါန်းဆက်ကပ်လေ၏။ သဒ္ဓါ-ဗလဝကြောင့် ၆-သောင်းသော ဒိဋ္ဌတို့၏ ဆွမ်းဝတ်ကို ပယ်၍ ရဟန္တာ ၆-သောင်းတို့ကို နန်းတော်သို့ ပင့်ပြီးလျှင် နေ့စဉ် ဆွမ်းလုပ်ကျွေးပေ၏။ ထိုရဟန္တာတို့ နေစိမ့်သောဌာနလည်း အသောကရာမကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းတော်မူ၏။

အခါတပါးဌ သီရိဓမ္မာသောကမင်းကြီးသည် ကျောင်းတော်သို့ သွား၍ သံဃာတော်တို့ကို စည်းဝေးစေပြီးလျှင် ပစ္စည်း ၄-ပါးဖြင့် "အရှင်ဘုရားတို့၊ တရားတော်သည် အဘယ်မျှ ရှိပါသနည်း"ဟု မေးလျှောက်လေ၏။ ရဟန္တာတို့လည်း "ဒကာတော်၊ ဘုရား တရားတော်သည်ကား ဓမ္မဝိနယအားဖြင့် ၂-ပါး, ပိဋကတ်အားဖြင့် ၃-ပါး, နိကာယ်အားဖြင့် ၅-ပါး, အင်္ဂါအားဖြင့် ၉-ပါး, ဓမ္မက္ခန္ဓာအားဖြင့် ၈၄,၀၀၀-ရှိ၏"ဟု ဖြေတော်မူလေကုန်၏။ မင်းကြီးလည်း ဓမ္မက္ခန္ဓာကို ရည်မှတ်၍ စေတီ ၈၄,၀၀၀-တည်လိုကြောင်းနှင့် ဓာတ်တော်တို့ကို တောင့်တလေ၏။ သံဃာတော်တို့လည်း "ဓာတ်တော် ၇-စရှတ်သည် ရာဇဂြိုဟ်ပြည်ဌ ရှိ၏။ မင်းကြီးပင့်၍ စေတီတည်လော့"ဟု မိန့်တော်မူကုန်၏။

မင်းကြီးသည် ရဟန်းမိန်းမ ၁-ယောက် ညွှန်ကြား၍ စေတီဌာပနာရာကို သိရှိသော အခါ မှူးမတ်တို့နှင့် တူးဖော်လေ၏။ တံတိုင်း ၇-ထပ်အတွင်းဌ ဝင်းဝင်းညီးသော ဓား, လှံ, သန်လျက် စွဲကိုင်လျက် အသက်ရှိသော လူကဲ့သို့ ပြေးသွားကာနေသော ယန္တရားစက်ရုပ်ကို မြင်လျှင် ကြည့်လျက်ပင် နေရလေ၏။ ထို့နောက် ယန္တရားဌ လိမ္မာသောဆရာ ၁-ယောက်ကို အသပြာ ၁,၀၀၀-ပေး၍ ဖျက်စေ၏။

တွေ့ရှိသော ဓာတ်တော်တို့ကို ၇-ရက်ပတ်လုံး ပူဇော်ခြင်းတို့ဖြင့် ပူဇော်ပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းအလုံး ကိုးကွယ်စေခြင်းငှာ စ၄,၀၀၀-ကုန်သော မြို့တို့ဌ ၉၆-ကုဋေ ငွေနှင့် စေတီတည်ရန် စေလိုက်၏။ ဣန္ဒဂုတ္တရဟန္တာသည် ၆-လအတွင်းမှာ ထိုကျောင်းစေတီတို့ကို အပြီးသို့ ရောက်စေ၏။ အလုံးစုံတို့ကို လ-ကို ရာဟုဖမ်းသောနေ့ဌသာလျှင် တပြိုင်နက်တည်စေ၍ လ-ကို ရာဟုဖမ်းသော နေ့ဌသာလျှင် အပြီးအစီးသို့ ရောက်စေကုန်၏။

ဓာတ်တော်ဌာပနာသောအခါ ၁-ဖို့ကို ပါဠိလိပုတ်ပြည် မြစ်နားဝယ် မဟာစေတီ၌ ပါဝင်စေ၏။ စေတီတည်ပြီးနောက် ၇-လ, ၇-ရက်ပတ်လုံး တိဿနာဂ အမည်ရှိသော အရှင်ဥပဂုတ်ထေရ်အား မာရ်နတ်၏ အန္တရာယ်ကို စောင့်ရှောက်စေပြီးလျှင် ပူဇော်သက္ကာရ ပြုလေ၏။

ရဟန္တာအပေါင်းတို့ကလည်း ၈၄,၀၀၀-ကုန်သော ကောင်းမှုတို့ကို အကုန်မြင်လျှင် သာသနာတော်ကို အလွန်ကြည်ညိုလတ္တံ့-ဟူ၍ အကြံဖြစ်တော်မူကြ၏။ ထိုအခါ ဣဒ္ဓိဝိဓ အဘိညာဉ်ဖြင့် အကုန်မြင်စွမ်းနိုင်သော လောကဝိဝရဏ တန်ခိုးပြာဋိဟာကို ပြတော်မူကြ ကုန်၏။ မင်းကြီးလည်း ကျောင်းတော်က ရပ်လျက်ပင် ၈၄,၀၀၀-ကုန်သော စေတီကျောင်း တို့ကို အကုန်မြင်တော်မူလတ်သော် ဝမ်းမြောက်တော်မူသောကြောင့် မင်း၏ စည်းစိမ်ဖြင့် ပူဇော်တော်မူလေ၏။ ထို့နောက် မိမိကိုယ်ကို ဝါဂွမ်းတို့ဖြင့် ရစ်ပတ်၍ နံ့သာဆီ၌ နှစ်ပြီးလျှင် ပရမတ္ထဒါနဖြင့် မီးပူဇော်ခြင်းကို ပြုတော်မူ၏။ အရဟံဂုဏ်တော်ကို အာရုံပြုသောကြောင့် ၇-ယူဇနာမျှ ကောင်းကင်သို့ တက်သော မီးလျှံသည် စန္ဒကူးနံ့သာရေကဲ့သို့ ချမ်းမြေ့သည်သာ ဖြစ်လေ၏။ ထို့နောက် တရားတော်ကို နာပြီးသော် နန်းတော်သို့ ပြန်လာတော်မူလေ၏။

"ဤမျှလောက် အလှူကြီးကို ပေးငြားသော်လည်း သာသနာတော်၏ အမွေကို မခံစားရချေသေး"ဟု ဟောကြားတော်မူသော ရဟန္တာတို့၏ စကားတော်ကို ကြားနာရ၍ သားတော်မဟိန္ဒနှင့် သမီးတော်သင်္ဃမိတ္တာကို ရဟန်းပြုစေပြီးလျှင် သာသနာတော်၏ အမွေ ကို ခံယူတော်မူလေ၏။ ထို့နောက် မင်းကြီးသည် သာသနာတော်၌ သံဃာတော်တို့ ကွဲပြား နေခြင်းကို ရှင်းလင်းပြီးလျှင် စင်ကြယ်သောဥပုသ်ကို ပြုစေ၏။

အသောကာရာမကျောင်းတိုက်တွင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် အမှူး ရှိကုန်သော ပဋိသမ္ဘိဒါပတ္တ, တေဝိဇ္ဇ, ဆဠဘိည, တိပိဋကဓရ, ရဟန္တာ ၁,၀၀၀-တို့ကို ရွေး ကောက်လျက် ပိဋကတ် ၃-ပုံကို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှ ၂၃၅-ခုနှစ်အကျ။ နယုန်လမှစ၍ တတိယသင်္ဂီယနာတင်ရာ ၉-လမြောက် တပို့တွဲလမှာ အပြီးအစီးသို့ ရောက် ရှိကြလေကုန်၏။

[၆] ရှေးဟောင်းဣန္ဒိယရှိ အက္ခရာကို ဝေဖန်ခြင်းနှင့် အသောကမင်းကြီး ရေးထိုးထားခဲ့သော ကျောက်ထက်အက္ခရာ

ရှေးအနှစ် ၂၀၀၀-ကျော်လောက်က လောကရှိ လူမျိုးတို့ သုံးစွဲကြသော အက္ခရာကို ကြည့်ရှုလိုက်သော် ထိုအက္ခရာမှ ကြီးပွါးရာကြီးပွါးကြောင်းကို အနုံ့အသက်ကလေးလောက်မျှ မတွေ့ရှိရ။ အချို့မှာလည်း အသံထွက်နှင့် အက္ခရာ မညီမျှ။ အက္ခရာ ၁-လုံးမှ အသံအမျိုးမျိုး ထွက်နေကြ၏။ အချို့မှာလည်း အသံ ၁-ခု ထွက်ဖို့ရန် ၁-လုံးထက် ပိုမိုပြီးလျှင် အက္ခရာ ၃, ၄-လုံးကို အသုံးပြုကြရ၏။ အက္ခရာများအလို့ငှာလည်း ကျမ်းဂန်အစီအစဉ် တစ်စုံတစ်ခုမျှ မရှိ။ အချို့မှာလည်း အက္ခရာဝဏ္ဏ မရှိဘဲလျက် သက်သက် ရုပ်ပုံမျှသာ ပါရှိ၏။

ဤအက္ခရာမျိုးသည် လူတို့ စာပေဉာဏ် ဖြစ်ပေါ်စအခါကပင် ယခုထက်ထိ တိုးတက်ခြင်းမရှိဘဲ ပကတိအတိုင်းသာလျှင် တည်ရှိနေခြင်းကြောင့် တစ်စုံတစ်ခုမျှ ဆန်းသစ်ကြီးပွါးခြင်း မရှိချေ။ သို့သော် ဣန္ဒိယရှိ ပါဠိအက္ခရာ, ဒေဝနာဂရီ ခေါ်သော အက္ခရာတို့နှင့် ဂုဏ်ချင်းတူမျှလေအောင် မည်သည့်အက္ခရာမျှ ယခုတိုင်အောင် မပြုပြင်နိုင်သေး။ ထိုအက္ခရာတို့သည် အသံထွက်နှင့် ဝဏ္ဏ၏အစပ်ကို သေချာစွာ ပြုလုပ်တတ်ကုန်၏။

ဥပမာကား သီချင်းဆို ဓာတ်ခွက် အသံထွက်နှင့် အပ်စိုက်သော နားဓာတ်ခွက်၊ ၎င်းလက္ခဏာ ၂-ခုကြားက အသံထွက်သကဲ့သို့ အပြောနှင့်အရေးလည်း ညီမျှကြ၏။ ၎င်းပြင် ရေးသလိုပင် ရွတ်ဖတ်ကြပြန်၏။ ဝဏ္ဏ၏အစီအစဉ်ကိုလည်း လောကဓာတ်နည်းလမ်းအတိုင်း အတည်ပြုလုပ်ထားကြလေ၏။ ဤကဲ့သို့ ဂုဏ်မျိုးသည် အခြားအခြားသောဘာသာ၌ မရှိ။ ရှေးကာလ၌ သုံးစွဲကြသော ဂဏန်းပညာမှာလည်း အချို့နေရာမှာ အက္ခရာကိုပင် အသီးသီး ဂဏန်းအတွက် အသုံးပြုလေ့ရှိကြ၏။

ထိုသို့ အသုံးပြုသောအခါလည်း အချို့မှာကား ခုခေါ်သော ၁-ဂဏန်းမှ ၉-ဂဏန်းတိုင်အောင် ၉-ဂဏန်းကိုပင် အသုံးပြု၏။ ဤအတူ ၁၀-ခေါ်သော ၁၀-ဂဏန်းမှ ၉၀-တိုင်အောင် ၉-ဂဏန်းကိုပင် အသုံးပြု၏။ ၎င်းပြင် ရာ, ထောင်-စသော ဂဏန်းမှာကား အမှတ်သင်္ကေတ တစ်မျိုးတစ်မျိုးစီ အသုံးပြုခြင်း ပါရှိ၏။ ထိုအမှတ်သင်္ကေတပေါင်း ၂၀-ဖြင့် ၁-သိန်းအောက် အရေအတွက်ကိုသာလျှင် သင်္ချာအရေအတွက် ထင်ရှားလေ၏။ ၎င်းလက္ခဏာဂဏန်းသည် မိမိသတ်မှတ်ထားသော သင်္ချာဂဏန်းကိုသာ ထင်ရှားအောင် ပြုလုပ်နိုင်လေ၏။

ဣန္ဒိယနိုင်ငံလုံးမှာလည်း ဤကဲ့သို့ ရှုပ်ထွေးခဲခက်သော ဂဏန်းအစီအစဉ်ကြောင့် သင်္ချာအတတ်၌ အထူးကျေးဇူး မရှိသဖြင့် ယခုကာလ ဂဏန်းစီစဉ်ပုံကို စထွင်ပြုလုပ်ကြလေ၏။ ၎င်းအစီအစဉ်၌ကား ၁-ဂဏန်းမှ ၉-ဂဏန်းတိုင်အောင် ၉-ဂဏန်း၊ ၎င်းပြင် ၉-ဂဏန်းနောက်က ၀-ဂဏန်းကို အသုံးပြုလေ၏။ ဤဂဏန်း အမှတ်လက္ခဏာ ၁၀-နှင့် ဂဏန်းသင်္ချာအတတ်မျိုးကို အကုန်လုံး သုံးစွဲနိုင်၏။ ဤစကားရပ်ဖြင့် ရှေးအခါနှင့် ယခုအခါ ပညာ၏ အခြေအနေကို ထောက်ဆဆင်ခြင်နိုင်လေ၏။

ဤသို့လျှင် ဣန္ဒိယရှိ အသီးသီးသော ပညာအနက် လူတို့ဉာဏ်နှင့် ကြံစည်အပ်သော အကောင်းဆုံးပညာကား ဗြဟ္မီအက္ခရာ ၁-မျိုးသာ ရှိ၏။ မျှားသောအားဖြင့် အသောကမင်းကြီးသည် အကောင်းဆုံး ဗြဟ္မီအက္ခရာဖြင့် မိမိ၏ ကောင်းမှုတော်အရပ်ရပ်၌ ကမ္ဘည်းကျောက်စာ ရေးထိုးထားခဲ့၏။

ယခုအခါ အကြင်မျှလောက် အင်္ဂလိပ်မင်းတို့သည် ကျောက်ဆောင်, ကျောက်လိုဏ်ဂူ, ကျောက်နံရံ, ကျောက်တိုင်များတို့၌ ရရှိသော ကျောက်စာအနက် ဟိန္ဒူအနောက်မြောက်ပိုင်းနယ်နိမိတ်တို့၏ ဌာန ၂-ခု၌ စတုဒ္ဒသသိလာလေခကျောက်စာမှာ ခရိုရှဋ္ဌီအက္ခရာနှင့် ရေးရှိ၏။ ထိုလက်ထက်အခါက ခရိုရှဋ္ဌီအက္ခရာကို ထိုတိုင်းပြည်သားတို့ အသုံးပြုကြ၏။ ၎င်းအက္ခရာကို အာရဗီ, ဥရဒူ, မူဆလမာန်အက္ခရာတို့ကဲ့သို့ လက်ယာဘက်မှ လက်ဝဲဘက်သို့ တင်၍ ရေးကြ၏။ ၎င်းအက္ခရာသည် ရှေးဟောင်း ဧရမေဣက-ခေါ်သော အက္ခရာမှ ထွက်ပေါ်၏။

ဖာရဆီမင်းတို့သည် ပံ့ကျော်တိုင်းပြည်ကို စိုးပိုင်သောအခါက ၎င်းခရိုရှဋ္ဌီအက္ခရာကို အသုံးပြုကြလေ၏။ ထို့ကြောင့် ဟိန္ဒူအနောက်မြောက်ပိုင်း နယ်နိမိတ်တို့၌လည်း ရှိကောင်းရှိသင့်၏။ ကြွင်းသော ကျောက်စာကို ရှေးဟောင်း ဗြဟ္မီအက္ခရာနှင့် ရေးထိုးထားခဲ့၏။ ထိုဗြဟ္မီအက္ခရာမှ ဒေဝနာဂရီအက္ခရာသည်လည်းကောင်း၊ ဟိန္ဒူမြောက်ပိုင်း, အနောက်ပိုင်းတို့၌ ယခုကာလရှိ အက္ခရာတို့သည်လည်းကောင်း ပေါ်ထွက်လာကုန်၏။ ဗြဟ္မီအက္ခရာကို ရေးသောအခါ၌လည်း ပါဠိ, နာဂရီအက္ခရာကို ရေးသကဲ့သို့ လက်ဝဲမှ လက်ယာသို့ တင်၍ ရေးကြ၏။

----- x -----

[၃] အသောကမင်းကြီးကျောက်စာ ရရာဌာနကို ဝေဖန်ခြင်း ၈-ပါး

အသောကမင်းကြီး၏ ရေးထိုးထားခဲ့သော ကျောက်စာကို ယခုအခါသမယနှင့် လျော်စွာ အောက်၌ ဖော်ပြသည့်အတိုင်း ဝေဖန်ခြင်း ၈-ပါးတို့ဖြင့် ပိုင်းခြားဝေဖန်အပ်၏။ ၈-ပါးဟူသည်ကား–

၁။ လယုသိလာလေခတို့တွင် ပထမ လယုသိလာလေခကို–

(၁,၂,၃) ဣန္ဒိယတောင်ပိုင်း၊ မိုက်ဆူရ်ပြည်တွင် ဆိဒ္ဓပုရ်, ဂျဂတိ်ရာမေဆွရ်, ပြဟ္မဂိရိအရပ်ဌာနမှလည်းကောင်း၊

(၄) သျှာဟာဗာဒ်စီရင်စုတွင် ဆဟာဆရာမ်အရပ်ဌာနမှလည်းကောင်း၊

(၅) ဂျဗလပုရ်စီရင်စုတွင် ရူပနာထ်အရပ်ဌာနမှလည်းကောင်း၊

(၆) ဂျယပုရ်နယ်တွင် ဗိုက်ရာဋ်အရပ်ဌာနမှလည်းကောင်း၊

(၇) မိဂျာမ်နယ်တွင် မာဆကီအရပ်ဌာနမှလည်းကောင်း၊

ဤ ၇-ပါးသော အရပ်ဌာနမှ ရရှိကြ၏။

ပထမ လယုသိလာလေခကို ဤဆိုအပ်ခဲ့ပြီးသော အရပ်ဌာန၌ အသောကမင်းကြီးသည် မင်း၏ အဘိသိက်ကို ခံယူပြီး၍ ၁၃-နှစ်မြောက်တွင် ရေးထိုးခဲ့၏-ဟု အယူရှိကြ၏။ ဤပထမ လယုသိလာလေခသည် စတုဒ္ဒသသိလာလေခမှ ရှေးဦးကျ၏။

ဒုတိယ လယုသိလာလေခသည်ကား ပထမ လယုသိလာလေခမှ အနည်းငယ်မျှသာ နောက်ကျ၏။ ဒုတိယ လယုသိလာလေခကို သက်သက်အားဖြင့် ဣန္ဒိယမြောက်ပိုင်း၊ မိုက်ဆူရ်နယ်၏ ၃-ဌာန၌ ပထမ လယုသိလာလေခ၏ အောက်တွင် ရေးရှိသည်၏အဖြစ်ကို တွေ့ရှိရ၏။

ပထမ လယုသိလာလေခ၌ သက္ကရာဇ်နေ့စွဲသည် မရှိ။ အသောကမင်းကြီး၏ အတ္ထုပ္ပတ္တိအကြောင်း အနည်းငယ်မျှကို ပထမ လယုသိလာလေခဖြင့် သိရှိရ၏။ ထို့ကြောင့် ရာဇဝင်နှင့် စပ်လျဉ်း၍ ကြည့်လိုက်သော် ဤပထမ လယုသိလာလေခကျောက်စာသည် အလွန်ကြီးကျယ်၏။ ဒုတိယလယုသိလာလေခ၌ကား သက်သက်အားဖြင့် အသောကမင်းကြီး၏ လိုရင်းတရားမျှသာ အမြွက်လောက် ပါရှိပေ၏။

၂။ ဘာဗြူသိလာလေခသည် ဂျယပုရ်နယ်တွင် ဗိုက်ရာဇ်အရပ်ဌာန၏ အနီးအပါးရှိ တစ်ခုသောတောင်၏ ကျောက်ဆောင်၌ ရေးရှိ၏။ ယခုအခါ ၎င်းစာတမ်းကို ကလကတ္တားမြို့၌ ယူထားလေပြီ။ အထင်အားဖြင့်ကား အကြင်အခါ ပထမလယုသိလာလေခကို ရေးထားခဲ့၏။ ထိုအခါက-ဟုပင် မှတ်ကြ၏။ "အကြင်အခါ အသောကမင်းကြီးသည် ဤကျောက်စာတမ်းကို ရေးသားစေ၏။ ထိုစာတမ်းကို ရေးသားနေစဉ် အသောကမင်းကြီးလည်း ကိုယ်တိုင် ဗိုက်ရာဇ်အရပ်၏ တစ်စုံတစ်ခုသော သံယာအာရာမ်ကျောင်းတိုက်၌ ရှိနေ၏"ဟု အထင်ရ၏။ ဤကျောက်စာ၏သဘောကား "ဤမည်သောကျောက်စာကို လူအပေါင်းတို့ အထူးဂရုစိုက်ကြစေ"ဟု အသောကမင်းကြီး၏ ရည်ရွယ်ချက်အလိုနှင့် ဗုဒ္ဓကျမ်းဂန်မှ ၇-ချက်သော အရာဌာနကို ရေးထည့်လိုက်၏။ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ ပါရှိ၏။

၃။ စတုဒ္ဒသသိလာလေခကို တစ်ခြားတစ်ခြားစီ ၇-ခုသော အရပ်ဌာနမှ ရရှိ၏။ စင်စစ်မူကား ဤကျောက်စာကို အသောကမင်းကြီး၏ အဘိသိက်ခံပြီးသည်မှ ၁၃-နှစ်မြောက်, ၁၄-နှစ်မြောက်တွင် ရေးသားစေ၏။ ၎င်းကျောက်စာကို အောက်၌ ပါရှိသော အရပ်ဌာနမှ ရရှိ၏။

(၁) ပေသျှာဝ၏မြို့မှ အရှေ့မြောက်မိုင် ၄၀-ကွာဝေးသော သျှာဟဘာဂျဂရီအရပ်ဌာနမှ လည်းကောင်း၊

(၂) ပံဂျာပ်နယ်တွင် ဟဂျာရာမြို့စီရင်စု, မာန်နဆေရာအရပ်ဌာနမှလည်းကောင်း၊ ဤ ၂-ဌာန၌ရှိသော ကျောက်စာသည်ကား ခရိုရှဋ္ဌိအက္ခရာနှင့် ရေးရှိ၏။

(၃) မိုက်ဆူရ်မှ အနောက်အရပ် ၁၅-မိုင်ကွာဝေးသော ကာလဆီအရပ်ဌာနမှလည်းကောင်း၊

(၄) ဗုံဗိုင်မြို့အနီးအပါး ထာနာစီရင်စု၌ရှိသော ဆိုပါရာအရပ်ဌာနမှလည်းကောင်း၊

(၅) ကာဋ္ဌယာဝါရ်နယ်တွင် ဂျူနာဂါရ်မြို့၏ အနီးအပါးရှိ ဂိရိနာရ်တောင်မှလည်းကောင်း၊

(၆) ဥရီဆာနယ်တွင် ကဋ္ဌက်ကမြို့၏ စီရင်စု၌ရှိသော ဓောက်လီအရပ်မှလည်းကောင်း၊

(၇) မဒရာဆ်နယ်တွင် ဂံဂျာမ်မြို့၏ စီရင်စု၌ရှိသော ကျောဂ္ဂရ်အရပ်ဌာနမှလည်းကောင်း၊

ဤ ၇-ခုသော အရပ်ဌာနမှ ရရှိပေ၏။ ဤစတုဒ္ဒသသိလာလေခ၌ အသောကမင်းကြီး၏ အဆုံးအမနှင့်တကွ တရားတော်၏ လိုရင်းကိုသာ ဖော်ပြပါရှိ၏။ ဤမှကြွင်းသော ကျောက်စာများ၌မူကား အကြောင်းအရာ ၁-မျိုး ၁-မျိုးစီ ပါရှိပေ၏။

၄။ ဒွေကလိင်္ဂသိလာလေခကို အသောကမင်းကြီး အဘိသိက်ခံပြီးနောက် ၁၄-နှစ်မြောက်, ၁၅-နှစ်မြောက်တွင် ရေးထားခဲ့သည်-ဟု အထင်ရှိကြ၏။ ဤ ၂-ခုသော ကျောက်စာကို အသစ်တဖန် အောင်မြင်လေပြီးသော ကလိင်္ဂတိုင်းပြည်၏ အဆုံးအမ အကြောင်းအရာနှင့်စပ်လျဉ်း၍ ရေးထားခဲ့၏။ ၎င်းကျောက်စာ ၂-ခုသည်ကား ဓောက်လီ, ကျောဂ္ဂရ် စတုဒ္ဒသ-သိလာလေခ၏ နောက်ဆက်တွဲသဖွယ်နှင့် တူ၏။ ထို့ကြောင့် ၎င်း ၂-ခု၏ နောက်ကို ဆက်ထည့်လိုက်၏။ ဤကျောက်စာ၌ အသစ်အသစ် အောင်မြင်ခြင်းရှိသော ကလိင်္ဂတိုင်းပြည်၊ ထိုတိုင်းပြည်၏ နယ်နိမိတ်၌ နေကြကုန်သော တောသူတောင်သား-စသည်များကို အဆုံးအမ ပေးခြင်းသည် ဘယ်လိုနည်းနှင့် ဖြစ်ရမည်-ဟူသော အကြောင်းအရာကို ဖော်ပြ၏။

၅။ တိဂုဟာလေခကို အသောကမင်းကြီး အဘိသိက်ခံ၍ ၁၃-နှစ်မြောက်၌လည်းကောင်း, အနှစ် ၂၀-မြောက်၌လည်းကောင်း ဂယာမြို့၏ အနီးအပါး ဗရာဗရ်တောင်တွင် ရေးထားခဲ့၏။ ဤကျောက်စာ၌ အသောကမင်းကြီး အဘိသိက်ခံ၍ ၁၂-နှစ်မြောက်တွင် လိုဏ်ဂူထွင်းဖောက်၍ အာဇီဝကတို့ကို လှူခဲ့ဖူး၏။ အာဇီဝကတို့သည် အဝတ်မရှိ၊ အချည်းစည်း လှည့်လည်ကုန်၏။ မိမိတို့၏ ကြမ်းတမ်းသောအကျင့်ကြောင့် ထင်ရှားကုန်၏။ ဤသို့စသော အကြောင်းအရာနှင့် စပ်လျဉ်း၍ ရေးရှိ၏။

၆။ ဒွေးတရာဤ ထမ္ဘလေခကို နေပါလ်နယ်တွင် ရုမ္မိန်ဒေဤ-ခေါ်သော ရွာ, နိဂလီဝ ခေါ်သော ရွာ၊ ဤ ၂-ခုသော ရွာ၌ အသောကမင်းကြီး အဘိသိက်ခံ၍ ၂၁-နှစ်မြောက်တွင် ရေးထားခဲ့၏။ ရုမ္မိန်ဒေဤ-ဆိုသည်ကား ငါတို့မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္မိနီဥယျာဉ်ကို ဆိုလိုသည်။ နိဂလီဝ-ဆိုသည်ကား ကောဏာဂုံမြတ်စွာဘုရား၏ ဖွားမြင်တော်မူရာ ဌာနကို ဆိုလိုသည်။ နိဂလီဝအရပ်ကို နိဂလီဟဝါ-ဟူ၍လည်း ခေါ်ဆိုကြ၏။

၇။ သတ္တထမ္ဘလေခကို အသောကမင်းကြီးသည် အဘိသိက်ကို ခံပြီး၍ ၂၇-နှစ်မြောက်၌လည်းကောင်း၊ ၂၈-နှစ်မြောက်၌လည်းကောင်း ရေးထားခဲ့၏။ ဤသတ္တထမ္ဘလေခကို အောက်၌ရေးထားသော ၆-ဌာနမှ ရရှိ၏။ ၆-ဌာနဟူသည်ကား-

(၁) အံဗာလာမြို့အနီးရှိ ဋ္ဌိပရာအရပ်မှ ယူလာပြီးလျှင် ဒီလီမြို့၌ စိုက်ထားသော ကျောက်စာတိုင် ၁-ခု၊

(၂) မေရဋ္ဌမြို့မှ ယူလာ၍ ဒီလီမြို့၌ စိုက်ထူထားသော ကျောက်စာတိုင် ၁-ခု၊ ပေါင်း ဒီလီမြို့၌ ကျောက်စာတိုင် ၂-ခုရှိ၏။

(၃) ဣလာဟာဗာဒ်မြို့၏ ခံတပ်တွင်း၌ ကျောက်စာတိုင် ၁-ခု၊

(၄,၅,၆) တိရဟုတ်နယ်ရှိ ကျံ့ပါရာန်စီရင်စုတွင် လောက်ရီယာအရရာဂျ်, လောက်ရီယာနန္ဒန်-ဂရ်, ရာမပုရ်၊ ဤ ၃-ဌာန၌ ကျောက်စာတိုင် ၁-ခု ၁-ခုစီ ရှိ၏။

ဤသတ္တထမ္ဘလေခ၌ အသောကမင်းကြီးသည် အကြင်အကြင် ထုံးနည်းလမ်းတို့ကို မိမိနန်းသက်ရှည်သမျှကာလပတ်လုံး တရားတော်၏ တစ်နေ့တပါး ကြီးပွါးစေလိုခြင်း အမှုကိစ္စ၌သာလျှင် အသုံးပြု၏-ဟူသော နည်းလမ်းများကို ဖော်ပြလေ၏။

၈။ လယုထမ္ဘလေခကိုမူကား ဆာရနာသ်, ကောဆမ်ဗီ, ဆံကျီအရပ်ဌာနမှ ရရှိ၏။ ဤကျောက်စာကို အသောကမင်းကြီး မင်းပြု၍ ၂၉-နှစ်မြောက်မှ စ၍ ၃၈-နှစ်တိုင်အောင် စီရင်ရေးသားစေကုန်၏။ ဣလာဟာဗာဒ်မြို့၏ ခံတပ်၌ရှိနေသော ကျောက်စာတိုင်၌ ကောသမ္ဗီ(ကောဆမ်ဗီ)မြို့၌ရှိသော ကျောက်စာကိုလည်း ရေးထား၏။ ထို့ကြောင့် ဣလာဟာဗာဒ်မြို့၏ ခံတပ်၌ရှိသော ကျောက်စာတိုင်သည် ရှေးအထက်ကာလက ကောသမ္ဗီမြို့၌ ရှိဟန်နှင့်တူ၏။

ဤ ၃-ဌာနရှိ ကျောက်စာတိုင်၌ "ရဟန်းယောက်ျား, ရဟန်းမိန်းမတို့၏ သံဃာကို အကြင်သူသည် ကွဲပြားစေ၏။ ထိုသူကို သံဃာဘောင်မှ နှင်ထုတ်ရမည်"ဟူသော အကြောင်းအရာကို ဖော်ပြပါရှိ၏။ ရာနီလေခကိုလည်း ဣလာဟာဗာဒ်မြို့၏ ခံတပ်၌ရှိသော ကျောက်စာတိုင်၌ပင် ရေးရှိ၏။ ဤရာနီလေခ၌ အသောကမင်းကြီး၏ ၂-ယောက်မြောက် ကာရုဝါကီ အမည်ရှိသော မိဖုရား၏ အလှူဒါနနှင့် စပ်လျဉ်း၍ ရေးရှိလေ၏။

----- × -----

[၈] တစ်နည်း အသောကမင်းကြီးကျောက်စာ ရရာဌာနကို ဝေဖန်ခြင်း ၅-ပါး

မြတ်စွာဘုရားလက်ထက်၌ ဝိဇ္ဇဋ္ဌာဘဘေးရန်ကြောင့် သာကီဝင်မင်းအချို့တို့သည် ဟိမဝန္တာတောင်စပ်ကို ခိုရှောင်နေကြသောအခါ ဥဒေါင်း, ကြိုးကြာသံတို့၏ မွေ့လျော်ဖွယ်ကို အကြောင်းပြု၍ မောရိယမြို့ကို တည်ထောင်ကြလေ၏။ ထိုမြို့၌ မင်းပြုသော မင်း၏မိဖုရားသည် သန္ဓေရှိသောအခါ ပြည်နီးချင်း မင်း ၁-ပါး စစ်ပြု၍ မောရိယမင်းကို သတ်ပြီးလျှင် မင်းပြုလေ၏။ မိဖုရားလည်း မောင်းမတို့နှင့်တကွ အသွင်ကို ဖျက်၍ ပါဋ္ဌလိပုတ်ပြည်သို့ ထွက်လာခဲ့၏။

မြို့အနီးအပါး ရွာကြီး ၁-ရွာ၌ သားတော်ကို ဖွားမြင်လေ၏။ ဆင်းရဲသောအခိုက်မှာ သားကို မမွေးမြူနိုင်သောကြောင့် သူငယ်ကို အိုးသစ် ၁-ခုတွင် ထည့်၍ နွားနင်းသတ်စိမ့် သောဌာ နွားခြံဝ၌ ထားလေ၏။ နတ်တို့ စောင်မသောကြောင့် စန္ဒနွားလားသည် နွားခြံမှ ရှေးဦးစွာထွက်၍ ကောင်းစွာ စောင့်နေလေ၏။ နွားထိန်းယောကျ်ားသည် သူငယ်ကို မြင်လတ်သော် ချစ်မြတ်နိုး၍ မွေးမြူထားလေ၏။ သူငယ်ကို စန္ဒနွားလား စောင့်ရှောက်သည်ကို အစွဲပြု၍ စန္ဒဂုတ်ဟု အမည်မှည့်လေ၏။ မင်းသားသည် အရွယ်သို့ရောက်လတ်သော် ဇာနက္ကပုဏ္ဏား၏ အထောက်အပင့်ကြောင့် ဓနနန္ဒမင်းကို စစ်ထိုးလျက် မင်းပြုလေ၏။ ထို့နောက် ဗိန္ဒုသာရမင်းကို ဖွားမြင်ပြန်လေ၏။

စန္ဒဂုတ်မင်းသည် နန်းစံ ၂၄-နှစ်၊ သာသနာတော်သက္ကရာဇ် ၁၈၆-ခုနှစ်တွင် နတ်ရွာစံလေ၏။ သားတော်ဗိန္ဒုသာရ မင်းပြု၍ ဓမ္မာမိဖုရားမှ သီရိဓမ္မာသောကမင်းကို ဖွားမြင်လေ၏။ ခမည်းတော် ဗိန္ဒုသာရမင်းသည် နန်းစံ ၂၈-နှစ်၊ သာသနာတော်သက္ကရာဇ် ၂၁၄-ခုနှစ်တွင် နတ်ရွာစံလေ၏။ သီရိဓမ္မာသောကမင်းကြီးသည် ၄-နှစ်တိုင်တိုင် ပြည်ထဲရေးရာကို စီမံလျက် သာသနာတော်သက္ကရာဇ် ၂၁၈-ခုနှစ်သို့ ရောက်သောအခါ ရာဇာဘိသေကကို ခံတော်မူလေ၏။

ညီတော် တိဿကုမာရကိုလည်း အိမ်ရှေ့အရာကို ပေးတော်မူလေ၏။ ထို့နောက် အသောကမင်းကြီး၏မိဖုရား ဝေဒိဿကမှ သားတော်မဟိန္ဒနှင့် သမီးတော်သင်္ဃမိတ္တာကို ဖွားမြင်လေ၏။ အသောကမင်းကြီး ထီးနန်းအုပ်ချုပ်သောအခါ တိုင်းပြည်၏အခိုက်အတန့် ရာဇနီတိ လူ,ရှင်,ရဟန်းတို့ တရားတော်ကို အားထုတ်ခြင်း အစီအမံနှင့်တကွ အသောကအဆောက်အဦး-စသည်များကို သိစေခြင်းဌာ ထိုအသောကမင်းကြီး၏ ကျောက်စာသည်ပင် လျှင် မုချလိုရင်းဖြစ်၏။ ထိုကျောက်စာသည် ဣန္ဒိယ၌ ကျောက်လုံး, ကျောက်ဆောင်, ကျောက်တိုင်, ကျောက်ဂူ, လိုဏ်ခေါင်း-စသည်များ၌ ရေးသားထားရှိ၏။

ယခုအခါ ရသောကျောက်စာကို ပဓာနသိလာဘိလေခ, အပဓာနသိလာဘိလေခ, ပဓာနထမ္ဘာဘိလေခ, အပဓာနထမ္ဘာဘိလေခ, ဂုဟာဘိလေခ-ဟူ၍ ၅-ပါးသော ဝေဖန်ခြင်းဖြင့် ဝေဖန်၍ ပြဦးအုံ့။

၁။ ပဓာနသိလာဘိလေခ ၇-ပါး

(၁) စတုဒ္ဒသသိလာလေခ ဂိရနာရ်

ဤဂိရနာရ်ကျောက်စာသည် ကာဌိယာဝါရ်နယ်ရှိ ဂျူနာဂရ်မြို့မှ မိုင်ဝက်လောက် အကွာအဝေး ဂိရနာရ်တောင်သို့ သွားရာလမ်း၌ ကျောက်ဆောင်ကြီး ၁-ခုတွင် ရေးရှိ၏။ ၎င်းကျောက်ဆောင်၏အနီးအပါး ဆုဒရဆန်း(သုဒဿန) မည်သော ရေအိုင်ကြီး ရှိ၏။ ထိုကျောက်ဆောင်၌ကား မဟာဓမ္မပရာဇာရုဒြဒါမန်ခေါ်သော မင်းလက်ထက် သာက သက္ကရာဇ် ၇၂-ခုနှစ်တွင် ထိုရေအိုင်ကြီး၏ ကျိုးပဲ့ပျက်စီးခြင်းကို ကောင်းစွာစောင့်ရှောက်၍ နောက်တဖန် အသစ်ပြုပြင်ခြင်းတည်းဟူသော စာတမ်း၊ ၎င်းပြင် မဟာရာဇာဆကန္ဒဂုပ္တ-မည်သောမင်း၏ စာတမ်းကိုလည်း ရေးထိုးထားရှိ၏။

ထိုအသောကကျောက်စာ၏ ၁၃-ခုမြောက် ကျောက်စာအောက်၌ "ဝဆွေတော ဟတ္ထိဆဝါလောက ဆုခါဟရော နာမ"ဟူသော စာတမ်းလည်း ၁-ခုရှိ၏။ အနက်ကား "အလုံးစုံကုန်သော လောကတို့အား ချမ်းသာသုခကို ယူဆောင်ပေးနိုင်သော ရတနာဆင်ဖြူတော် အမည်ရှိ၏"။ အဓိပ္ပါယ်ကား "ထိုအရပ်၌ ဗုဒ္ဓအနုယာယီတို့သည် မယ်တော်မာယာ ဝမ်းကြာတိုက်၌ ဘုရားလောင်း ဆင်ဖြူရတနာဝင်၍ ပဋိသန္ဓေနေလာသည်ကို အကြောင်းပြု၍ ဆင်ဖြူတော်ကို ပူဇော်ထိုက်၏"ဟု အောက်မေ့မှတ်ထင်ကြကုန်၏။

ထို့ကြောင့် ၎င်းစာတမ်းကို ရေး၍ ဆင်ဖြူတော်ဘုရားလောင်းကို သိဒ္ဓိတင်ဟန်နှင့် တူသည်။ ၎င်းပြင် ကာလဆီ, ဂိရနာရ်, ဓောက်လီ၊ ဤ ၃-ခုသော ကျောက်စာ၌လည်း ထိုဆင်ဖြူတော်၏ အမည်ကိုလည်းကောင်း, ရုပ်ပုံကိုလည်းကောင်း ရေးထိုးထားကြကုန်၏။

(၂) စတုဒ္ဒသသိလာလေခ ကာလဆီ

ဤကာလဆီကျောက်စာသည် ယူနိုက်တက်ပရိုဗင့်နယ်ရှိ ဒေဟရာဒုန်းစီရင်စု၌ ရှိ၏။ အထင်အားဖြင့် ကာလဆီရွာမှ ၁-မိုင်ခွဲလောက် အကွာအဝေး တောင်ဘက်အရပ်၌ ယမုနာနှင့် ဌောင်ဆမြစ် ၂-ခုတို့၏ ပေါင်းဆုံရာ ကျောက်ဆောင်ကြီး ၁-ခုတွင် ရေးရှိ၏။ ကျောက်ဆောင်၏ စာတမ်းပေါ်၌ ဆင်ရုပ် ၁-ခု ထွင်းလျက် ပါရှိ၏။ ၎င်းဆင်ရုပ်အောက်၌ 'ဂဇတမော' ဟူသော စာတမ်းငယ် ၁-ခု ရေးရှိ၏။

အနက်ကား "ဂဇတမော၊ ဆင်တကာတွင် အမြတ်ဆုံး"၊ အဓိပ္ပါယ်ကား- ထိုအရပ်၌ ရှိကြသော ရှေးလူများသည် မယ်တော်မာယာဝမ်း၌ ဘုရားလောင်းသည် ဆင်ဖြူရတနာ အသွင်ဖြင့် ပဋိသန္ဓေနေလာသည်ကို အထွတ်အမြတ်တင်၍ ကိုးကွယ်ကြဟန်နှင့် တူလေသည်။

(၃) စတုဒ္ဒသသိလာလေခ ဓောက်လီ

ဤဓောက်လီကျောက်စာသည် ဥရီဆာနယ်ရှိ ပုရိစီရင်စုတွင် ဘုဝနေဆွရ်အရပ်မှ ၇-မိုင်အကွာအဝေး တောင်ဘက်အရပ်၌ ဓောက်လီရွာ၏အနီးအပါး အဆွတ္တာမာတောင်၏ ကျောက်လုံးကြီး၌ ရေးရှိ၏။ ဤကျောက်စာ၌ကား သက်သက်အားဖြင့် ၁၁-ခန်းမျှသာ ပါရှိ၏။ ၁၄-ခန်းတို့တွင် ၁၁, ၁၂, ၁၃၊ ၎င်း ၃-ခန်းတို့သည် မရှိကုန်။ အလုံးစုံကို ပေါင်း၍ ၁၁-ခန်းမျှသာ ရှိ၏။ ထိုကျောက်ဆောင်၏အထက်၌ ဆင်၏ ရှေ့ထက်ဝက်မျှသော အရုပ်ကိုသာ ပြုလုပ်ထားခဲ့၏။ ဆင်တစ်ကောင်လုံး အရုပ်မရှိ။ ၎င်းပြင် ကျောက်စာ၌ ၆-ခုမြောက်အခန်း အဆုံးတွင် သေတော-ဟူသော သဒ္ဒါသည် ပါရှိ၏။

အနက်ကား "သေတော၊ ရတနာဆင်ဖြူတော်"။ အဓိပ္ပါယ်ကား ဘုရားလောင်း ရတနာဆင်ဖြူတော်ကို ထိုအရပ်သားတို့ ပူဇော်ကြဟန်နှင့် တူလေသည်။

(၄) စတုဒ္ဒသသိလာလေခ ကျောဂ္ဂရ်

ဤကျောဂ္ဂရ်ကျောက်စာသည် မဒရာဆ်နယ်ရှိ ဂံဂျမ်မြို့မှ ၁၈-မိုင် အကွာအဝေး အနောက်မြောက်သို့ ကျောဂ္ဂရ်ဌာန၏ ခံတပ်မြို့ဟောင်းတွင် ကျောက်ဆောင် ၁-ခု၌ ရေးရှိ၏။ ဤကျောက်စာ၌လည်း သက်သက်အားဖြင့် ၁၁-ခန်းမျှသာ ပါရှိ၏။ ၁၁-ခုမြောက်, ၁၂-ခုမြောက်, ၁၃-ခုမြောက်အခန်းသည် မပါရှိ။ ၁၄-ခန်းရှိရမည့်အရာမှာ မရှိမူ၍ သက်သက်အားဖြင့် ၁၁-ခန်းမျှသာ ပါရှိ၏။

(၅) စတုဒ္ဒသသိလာလေခ သျှာဟဗာဂျဂရီ

ဤသျှာဟဗာဂျဂရီကျောက်စာသည် ဣန္ဒိယအနောက်မြောက်ပိုင်းနယ်ရှိ ပေသျှာဝရ် (ပေသျှဝါ)မြို့၏စီရင်စု ယုဆုဖဂျဤတိုက်နယ်၌ သျှာဟဗာဂျဂရီရွာ၏ အနီးအပါးရှိ ကျောက်ဆောင် ၁-ခုတွင် ရေးရှိ၏။ ကျောက်ဆောင်ရှိရာ တောင်သည် ပေသျှဝရ်မြို့မှ အရှေ့မြောက် မိုင်ပေါင်း ၁၀၀-အကွာအဝေး၌ ရှိ၏။

(၆) စတုဒ္ဒသသိလာလေခ မာန်နဆေရာ

ဤမာန်နဆေရာကျောက်စာသည် ဂ္ဂန္ဒီယအနောက်မြောက် နယ်နိမိတ်အပိုင်းအခြားရှိ ဟဂျာရာမြို့စီရင်စုတွင် အဗတာဗာဒ်မြို့မှ မြောက်ဘက် ၁၅-မိုင် အကွာအဝေးရှိ မာန်နဆေရာအရပ်ဌာနဌ ရေးရှိ၏။ ၎င်းအရပ်၏ ကျောက်လုံး ၂-ခုပေါ်တွင် သက်သက်အားဖြင့် ရှေ့ ၁၃-ခန်းမျှသာ ပါရှိ၏။ ၁၄-ခုမြောက်အခန်း မရှိ။

(၇) စတုဒ္ဒသသိလာလေခ ဆိုပါရာ

ဤဆိုပါရာကျောက်စာသည် ဗုံဗိုင်နယ်ရှိ ထာနာစီရင်စုတွင် ရှေးက သျှူရပါရက္ကခေါ်သော ဆိုပါရာမြို့၌ ရှိ၏။ ဤကျောက်စာ၌ကား သက်သက်အားဖြင့် ၈-ခုမြောက်အခန်းတွင် အနည်းငယ်မျှ အစိတ်အဖို့လောက်ကိုသာ တွေ့ရှိရ၏။

အမှာစကားရပ်။ သျှာဟဗာဂျဂရီနှင့် မာန်နဆေရာ၊ ဤကျောက်စာ ၂-ခုကို ခရိုရှင်ဒီအက္ခရာနှင့် ရေးရှိ၏။ ကြွင်းသော ကျောက်စာ ၅-ခုကိုကား ပြဟ္မီအက္ခရာနှင့် ရေးရှိ၏။ ပြဟ္မီအက္ခရာသည် ယခုကာလ ဒေဝနာဂရီ၊ ဂ္ဂန္ဒီယမြောက်ပိုင်း, အနောက်ပိုင်းရှိ အက္ခရာတို့၏ ဖြစ်ပေါ်ရာ မူလဘူတအက္ခရာ မည်၏။ ပြဟ္မီအက္ခရာကို လက်ဝဲဘက်မှ လက်ယာဘက်သို့ တင်ရေး၏။ ခရိုရှင်ဒီအက္ခရာကို လက်ယာဘက်မှ လက်ဝဲဘက်သို့ တင်ရေး၏။

၂။ အပဓာနသိလာဘိလေခ ၃-ပါး

(၁) ပထမ စတုဒ္ဒသသိလာလေခ၏ နောက်၌ ဓောက်လီနှင့် ဂျောဂ္ဂရ်ကျောက်စာ ၂-ခုသည် ကလိင်ကျောက်စာဖြစ်၍ ၎င်း ၂-ခုကို ဓောက်လီနှင့် ဂျောဂ္ဂရ်-ဟု ဆိုအပ်သော စတုဒ္ဒသသိလာလေခ၏ နောက်ဆက်တွဲသဖွယ်ဖြစ်ခြင်းကြောင့် ၎င်းစတုဒ္ဒသသိလာလေခ၏ နောက်၌ပင် ပေါင်းစပ်ရေးထည့်လိုက်၏။ ဓောက်လီနှင့် ဂျောဂ္ဂရ်ကျောက်စာသည် ဒွေကလိင်-သိလာလေခ-ဟူသော အမည်ဖြင့် ထင်ရှား၏။ အပဓာနသိလာဘိလေခသည်လည်း ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင် ပထမကျောက်စာ ၂-ခုသည် ကလိင်ကျောက်စာဖြစ်၍ ဓောက်လီနှင့် ဂျောဂ္ဂရ်၌ ပဓာနသိလာဘိလေခ-ဟု ဆိုအပ်သော ကျောက်ဆောင်ပေါ်တွင် ထင်ရှားရှိ၏။

(၂) ဒုတိယ ၂-ခုမြောက် ကျောက်စာသည် ဗြဟ္မဂိရိအမည်ဖြင့် ထင်ရှား၏။ ၎င်းကျောက်စာကို အောက်၌ပါရှိသော ၇-ခုသော အရပ်ဌာနမှ ရရှိ၏။

ဒုတိယလယုသိလာလေခဗြဟ္မဂိရိ — ဤဗြဟ္မဂိရိကျောက်စာသည် မိုက်ဆူရ်နယ်ရှိ မြောက်ပိုင်း၊ ကျိတလဒုရဂစီရင်စုဌ ရှိ၏။

ဒုတိယလယုသိလာလေခဆိဒ္ဓါပုရ် — ဤဆိဒ္ဓါပုရ်ကျောက်စာသည် မိုက်ဆူရ်နယ်ရှိ မြောက်ပိုင်း၊ ၎င်းကျိတလဒုရဂစီရင်စုဌ ရှိ၏။

ဒုတိယလယုသိလာလေခကျဂတိဂ်ရာမေဆွရ် — ဤကျဂတိဂ်ရာမေဆွရ်ကျောက်စာသည် မိုက်ဆူရ်နယ်ရှိ မြောက်ပိုင်း၊ ကျိတလဒုရဂစီရင်စုဌ ရှိ၏။

ဒုတိယလယုသိလာလေခမာဆကိ — ဤမာဆကိကျောက်စာသည် နိုကျာမ်တိုင်းပြည် ရာယကျူရ်စီရင်စုဌ ရှိ၏။

ဒုတိယလယုသိလာလေခဆဟာဆရာမ် — ဤဆဟာဆရာမ်ကျောက်စာသည် ဗိဟာရ်နယ်ရှိ သျှာဟာဗာဒ်စီရင်စုဌ ရှိ၏။

ဒုတိယလယုသိလာလေခရူပနာထ် — ဤရူပနာထ်ကျောက်စာသည် ဣန္ဒိယအလယ်ပိုင်း ဂျဗလ်ပုရ်စီရင်စုဌ ရှိ၏။

ဒုတိယလယုသိလာလေခဗိုက်ရာဋ် — ဤဗိုက်ရာဋ်ကျောက်စာသည် ရာဂျပူတာနာနယ်ရှိ ဂျယပုရ်စီရင်စုဌ ရှိ၏။

(၃) တတိယ ၃-ခုမြောက်ကျောက်စာသည် ဘာပြူအမည်ဖြင့် ထင်ရှား၏။ ဘာပြူသိလာ-လေခ တစ်နည်းကား ဘာဗရာသိလာလေခ၊ ဤကျောက်စာကို ဂျယပုရ်နယ်ရှိ ဗိုက်ရာဋ်မြို့၏ အနီးအပါးတောင်၌ ရှေးက ဗုဒ္ဓဘာသာ သံဃာရာမခေါ်သော နေရာတွင် ကျောက်ဆောင် ၁-ခုမှာ ရေးရှိ၏။ ၎င်းကျောက်လုံးသည် ယခုအခါ ကလကတ္တားမြို့ ဗံဂါလ် အယ်ဆီယာ-တိက် ဆိုဆာဂျာတီ-ခေါ်သော ပြတိုက်တွင် ပြင်ဆေပ် အမည်ရှိသော အရုပ်ရှေ့၌ ကောင်းစွာ တည်ရှိ၏။

၃။ ပဓာနထမ္ဘာဘိလေခ ၆-ပါး

(၁) ပထမသတ္တထမ္ဘလေခ၊ ဒီလီမြို့

ဤဒီလီကျောက်စာသည် ဒီလီမြို့အနီးအပါး ဖိရိုဂျာဗာဒ်ခေါ်သော မြို့ဟောင်းအထဲတွင် စိုက်ထူလျက်ရှိ၏။ ၎င်းကျောက်စာတိုင်၌ ကျောက်စာ ၇-ခန်းတို့ဖြင့် စီရင်ရေးသားလျက်ရှိ၏။ ထိုကျောက်စာတိုင်ကို ခရစ်ယာန်သက္ကရာဇ် ၁၃၅၅-ခုနှစ်တွင် ဆုလတာန်ဖိရိုဇ်ရှာဟ်တုဂလက်မင်းသည် အံဗာလာစီရင်စုရှိ ဗျိုပရာအရပ်မှ ကြီးကြီးပမ်းပမ်းနှင့် ပြောင်းရွှေ့စေလျက် အထက်ပါဌာနတွင် စိုက်ထူထားခဲ့၏။

(၂) ဒုတိယသတ္တထမ္ဘလေခ၊ ဒီလီမြို့

ဤဒီလီကျောက်စာသည် ဒီလီမြို့အနီးအပါးရှိ တောင် ၁-ခုတွင် စိုက်ထူလျက် ရှိ၏။ ၎င်းကျောက်စာတိုင်၌ ၂-ခန်းမြောက်, ၃-ခန်းမြောက်, ၄-ခန်းမြောက်, ၅-ခန်းမြောက် ကျောက်စာတို့ဖြင့် စီရင်ရေးသားလျက်ရှိ၏။ ပထမခန်းကျောက်စာသည် အဆုံးမှာ အနည်းငယ်မျှသာ ရှိ၏။ ၎င်းကျောက်စာတိုင်ကို ခရစ်ယာန်သက္ကရာဇ် ၁၃၅၆-ခုနှစ်တွင် ဆုလတာန်-ဖိရိုဇ်ရှာဟ်တုဂလက်မင်းသည် မေရင်ဒ်မြို့မှ အထူးကြိုးပမ်းလျက် ပြောင်းရွှေ့စေပြီးလျှင် ကုဿကဿိကာရ်ခေါ်သော နန်းတော်ရာ၌ စိုက်ထူထားခဲ့၏။ တဖန် ၎င်းနေရာတွင် တစ်စုံတစ်ခုသော ယမ်းလက်နက်ကြောင့် မြေသို့လဲကျ၍ ၅-ပိုင်းကျိုးသွားလေ၏။ ခရစ်ယာန်သက္ကရာဇ် ၁၈၆၇-ခုနှစ်တွင် ဂျန္ဒိယအစိုးရမင်းသည် ၎င်းနေရာ၏ အနီးအပါး တောင် ၁-ခု၌ စိုက်ထူပြီးလျှင် ထိုအကျိုး-ဟူသမျှကို ဆက်ထားလေ၏။

(၃) တတိယ သတ္တထမ္ဘလေခ၊ ဧလာဟာဗာဒ်မြို့

ဤဧလာဟာဗာဒ်ကျောက်စာသည် ဧလာဟာဗာဒ်မြို့၏ ခံတပ်အတွင်း၌ စိုက်ထူလျက်ရှိ၏။ ၎င်းကျောက်စာတိုင်၌ ရှေ့ ၆-ခန်းတို့ဖြင့်သာ ရေးသားပါရှိ၏။ ဆုလတာန်ဖိရိုဇ်ရှာဟ်တုဂလက်မင်းသည် ထိုကျောက်စာတိုင်ကို ကောသမ္မီမြို့မှ ယူလာ၍ ထိုဧလာဟာဗာဒ်မြို့၏ ခံတပ်တွင် စိုက်ထူထားခဲ့၏။ ကျောက်စာတိုင်၌ ကောသမ္မီကျောက်စာနှင့် မဟာရာနီမိဖုရားကြီးကျောက်စာ ပါရှိ၏။ ၎င်းပြင် ဧကရာဇ် ဆမုဒြဂုပ္တမင်းကြီး၏ စာတမ်း ၁-ခုလည်း ပါရှိ၏။ ထိုကျောက်စာတိုင်သည် အကြိမ်ပေါင်းများစွာ လဲ၍ အကြိမ်ပေါင်းများစွာ စိုက်ထူ

ထားကြလေပြီ။ ကျောက်စာတိုင်သည် မြေ၌လဲကျသောအခါ လူများသည် ၎င်းကျောက်တိုင်၌ ဌာနဌာနတို့တွင် အမည်နာမ, သက္ကရာဇ်နေ့စွဲ-စသည်ကို ရေးကြကုန်၏။ ၎င်းပြင်လည်း ထိုကျောက်စာတိုင်၌ ဗီရဗလ်မင်းကြီး၏ စာတမ်းငယ် ၁-ခုလည်း ရေးသားလျက် ပါရှိ၏။

(၄) စတုတ္ထ သတ္တထမ္ဘလေခ ရဓိယာ တစ်နည်း လောက်ရိယာအရရာဂျ

ဤရဓိယာကျောက်စာသည် ဗိဟာရ်နယ်ရှိ ကျုံပါရန်စီရင်စု၊ လောက်ရိယာရွာ၏ အနီးအပါး ရဓိယာ တစ်နည်း ရဟရိယာ အရပ်ဌာနမှ ၂-မိုင်ခွဲအကွာအဝေးတွင် အရရာဂျ အမည်ရှိသော မဟာဒေဝနတ်ကွန်းရှိ၏။ ၎င်းမှ အနောက်တောင်အရပ် ၁-မိုင်လောက်၌ ရှိ၏။ ၎င်းကျောက်စာတိုင်၌ ကျောက်စာကား ရှေ့ ၆-ခန်းသာ ပါရှိ၏။

(၅) ပဉ္စမ သတ္တထမ္ဘလေခ မထိယာ တစ်နည်း လောက်ရိယာနန္ဒန်ဂရ်

ဤမထိယာကျောက်စာသည် ဗိဟာရ်နယ်ရှိ ကျုံပါရန်စီရင်စု၊ လောက်ရိယာရွာ၏ အနီးအပါး မထိယာအရပ်ဌာနမှ မြောက်ဘက် ၃-မိုင်အကွာအဝေး၌ ရှိ၏။ ၎င်းကျောက်စာတိုင်၌ အခန်းအားဖြင့် ရှေ့ ၆-ခန်းသာ ပါရှိ၏။

(၆) ဆဋ္ဌမ သတ္တထမ္ဘလေခ ရာမပုရဝါ

ဤရာမပုရဝါကျောက်စာသည် ဗိဟာရ်နယ်ရှိ ကျုံပါရန်စီရင်စု၊ ရာမပုရဝါရွာ၏ အနီးအပါး၌ ရှိ၏။ ၎င်းကျောက်စာတိုင်၌ အခန်းအားဖြင့် ရှေ့ ၄-ခန်းသာ ပါရှိ၏။

၄။ အပဓာနထမ္ဘာဘိလေခ ၅-ပါး

(၁) ပထမ လယုထမ္ဘလေခ ဆာရနာထ်

ဤဆာရနာထ်ကျောက်စာတိုင်သည် ဗာရာဏသီ(ဗာနာရဆ်)ခေါ်သော မြို့မှမြောက်ဘက်၊ အဖြောင့်အားဖြင့် ၃-မိုင်ခွဲ အကွာအဝေး၌ ဆာရနာထ်(မိဂဒါဝုန်)အမည်နှင့် ထင်ပေါ်သော အရပ်ဌာနတွင် ရှိ၏။

(၂) ဒုတိယ လယုထမ္ဘလေခ ကောက်ဆမ်ဖီ

ဤကောက်ဆမ်ဖီ(ကောသမ်ဖီ)ကျောက်စာတိုင်သည် ဧလာဟာဗာဒ်စီရင်စုရှိ ကိုဆမ်ရွာ၏ အနီးအပါးဌ ရှိ၏။

(၃) တတိယ လယုထမ္ဘလေခ ဆာန်ကျီ

ဤဆာန်ကျီကျောက်စာတိုင်သည် ဟိန္ဒူတိုင်းပြည်အလယ်ပိုင်း ဘိုပါလ်နယ်ရှိ ဆာန်ကျီ အမည်ရှိသော အရပ်ဌာနတွင် ထင်ရှားရှိ၏။

(၄) စတုတ္ထ ဒွေးတရာဤထမ္ဘလေခ ရုမ္မိန်ဒေဤ

ဤ'ရုမ္မိန်ဒေဤ'(လုမ္မိနီတော) ကျောက်စာတိုင်သည် နယ်ပါလ်နယ်ရှိ ဘဂဝန်ပုရ်ရွာမှ မြောက်ဘက် ၂-မိုင်လောက်တွင် ရုမ္မိန်ဒေဤ-အမည်ဖြင့် ထင်ရှားစွာရှိ၏။ တစ်နည်းကား ဗဆတီစီရင်စုရှိ ဒုလဟာအရပ်မှ အရှေ့မြောက်ဘက် ၆-မိုင်လောက်တွင် ရုမ္မိန်ဒေဤ အမည်ဖြင့် ထင်ရှားစွာ ရှိ၏။

(၅) ပဉ္စမ ဒွေးတရာဤထမ္ဘလေခ နိဂလီဝါ

ဤနိဂလီဝါ(နိဂလီဟဝါ)ကျောက်စာတိုင်သည်လည်း ဗဆတီစီရင်စု၏မြောက်ဘက် နယ်ပါလ်နယ်ရှိ နိဂလီဟဝါရွာ၏ အနီးအပါးတွင် ရှိ၏။

အမှာစကားရပ်။ ဒွေးတရာဤထမ္ဘလေခ-ဆိုရာ၌ နယ်ပါလ်နယ်ရှိ တောင်ခြေရင်းနယ်နိမိတ် အပါအဝင်တွင် ရုမ္မိန်ဒေဤနှင့် နိဂလီဟဝါ ရွာ ၂-ရွာရှိ၏။ ၎င်းရွာ ၂-ရွာကို အစွဲပြု၍ ဒွေးတရာဤထမ္ဘလေခ-ဟု ဆိုလိုက်သည်။

၅။ ဂုဟာဘိလေခ

အသောကမင်းကြီး၏ ၃-ခုသော လိုဏ်ဂူကျောက်စာကိုလည်း ယခုအခါ တွေ့ရှိရ၏။ ဤကျောက်စာ၏ နေရာဌာနကို အောက်ပါအတိုင်း ဖော်ပြပေအုံ့။

တိဂုဟာလေခဗရာဗရ် ဤပရာဗရ်ကျောက်စာ ၃-ခန်းသည် ဗိဟာရ်နယ်ရှိ ဂယာမြို့၏ အနီးအပါး ပရာဗရ်တောင်၌ ရှိ၏။

ဤတွင် ဂုဟာဘိလေခ ပြီး၏။

"ဒသရထတိဂုဟာလေခ" အသောကမင်းကြီး၏ မြေးတော်ဖြစ်သော ဒသရထ၏ ၃-ခုသော ဂုဟာလေခကိုလည်းကောင်း၊ အသောကမင်းကြီး၏ မိဖုရားကြီးဖြစ်သော ကာရုဝိကီ၏ ကျောက်စာ ၁-ခုကိုလည်းကောင်း ဤကျောက်စာ ၂-ခုကိုလည်း နောက်ဆက်ဘွဲ့သဖွယ် ပေါင်းထည့်လိုက်၏။

----- × -----

[၉] ကျောက်စာတွင် သဒ္ဒါနှင့်စပ်လျဉ်း၍ ဖော်ပြခြင်း

လောက၌ သဒ္ဒါသည် ဘာသာတိုင်းမှာ ရှိ၏။ ရှေးအခါက အသောကမင်းကြီး သုံးစွဲသော သဒ္ဒါသည် ပါဠိဘာသာနှင့် တူ၏။ ထိုသို့ပင် တူကြားသော်လည်း ဝိဘတ်, လိင်, ဝုစ်, ကံ, ကတ္တား, ကြိယာ-စသည်များသည် ပါဠိဘာသာနှင့် အနည်းငယ် ခြားနားကုန်၏။ ပါဠိဘာသာမှာ အတြ, မနုဿ, ဂုရုဆိုလျှင် အသောကဘာသာမှာ ဟေတာ, မုနိသ, ဂလု စသည်ဖြင့် အသုံးပြု၏။ ဝိဘတ်အရာ၌လည်း ပထမာဝိဘတ် သြကာရန္တအရာမှာ ဧကာရန္တ ပါရှိ၏။

ဤသို့ စသည်ဖြင့် ဌာနာဌာနနှင့်လျော်စွာ ကွဲပြား၏။ သက္ကဋဘာသာ၌ကား ဧကဝုစ်, ဒွိဝုစ်, ဗဟုဝုစ်အားဖြင့် ၃-ပါးရှိ၏။ ပါဠိဘာသာ၌မူကား ဧကဝုစ်နှင့် ဗဟုဝုစ် ၂-မျိုးသာ ရှိ၏။ ထို့အတူ ဟိန္ဒူလူမျိုးတို့၏ ဘာသာ၌လည်း ၂-မျိုးသာ ရှိ၏။ လိင်အားဖြင့်ကား ပါဠိနှင့် သက္ကဋဘာသာ၌ ဣတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်-ဟူ၍ ၃-ပါးစီ ရှိ၏။ ဟိန္ဒီဘာသာ၌ကား ဣတ္ထိလိင်နှင့် ပုလ္လိင် ၂-မျိုးသာ ပါရှိ၏။ ၎င်းပြင် ပါဠိဘာသာ၌ သဗ္ဗဒါ-ဆိုလျှင် ဟိန္ဒီဘာသာ၌ သဒါ နိတျ-ဟူ၍ လာရှိ၏။ သက္ကဋဘာသာ၌ကား သရ်ဗဒါ-ဟူ၍ အသုံးပြု၏။ ဤသို့ စသည်ဖြင့် ကာလ, ဒေသ, ဘာသာနှင့်လျော်စွာ ကွဲပြား၏။

ထို့ကြောင့် အသောကကျောက်စာကို သိလွယ်အောင် မြန်မာဘာသာဖြင့် ပြန်ဆိုလျက် ပါရှိ၏။ အချို့နေရာမှာလည်း ဝိဘတ်, ကံ, ကတ္တားနှင့်လျော်စွာ ပြန်ဆိုရ၏။ အချို့နေရာမှာလည်း မိမိတို့ ရခိုင်, မြန်မာဘာသာ ထင်လွယ်စေခြင်းငှာ လွယ်ကူသောအနက်နှင့် ပြန်ဆိုလိုက်ရ၏။ ထိုမှတပါး ကျောက်စာများကိုလည်း စွမ်းနိုင်သမျှ ပြင်ဆင်၍ အနက်

ယောဇနာရ၏။ အချို့နေရာမှာလည်း မျဉ်း ၁-ကြောင်းလုံး ပျက်စီးလျက် ပါရှိ၏။ အချို့နေရာ မှာလည်း စာ ၁-လုံးတွင် တစ်စိတ်တစ်ဝက်မျှသာ ပါရှိ၏။ ၎င်းတို့ကို ပါဠိသေသအဖြစ်နှင့် ဖော်ပြလိုက်ရပေ၏။

၎င်းပြင် အနက်အဓိပ္ပါယ် တူရာတူရာ ကျောက်စာကို အကုန်လုံး အနက်မရေးဘဲနှင့် ပထမဆုံးမူ ၁-ခုကိုသာ အပြည့်အစုံ အနက်ပြန်ဆိုလိုက်၏။ တူရာကျောက်စာမူတို့ကို ပေါင်း၍ အဓိပ္ပါယ်ဖြင့် ဖော်ပြပါရှိ၏။ အကယ်၍ တစ်မူနှင့်တစ်မူ အနည်းငယ်မျှ ကွဲပြားပါရှိလျှင် လည်း ၎င်းတို့ကို အောက်၌ အမှာစကားရပ်ဖြင့် ဖော်ပြရေးထည့်လိုက်၏။

----- × -----

[အယ်ဒီတာ ဆရာကြီး ဗာရာဏသီဦးသိန်းအောင်၏ မှတ်ချက်

ကျောက်စာကူးရာတွင် အမှား ၃-မျိုး တွေ့နိုင်ပါသည်။ မူလပထမကျောက်စာထွင်းရန် ရေးပေး သောသူမှာ ပညာရှင်ဖြစ်နိုင်ပြီး ကျောက်စာထွင်းသောသူမှာ လက်မှုပညာသာ တတ်ပြီး ပညာရှင် မဟုတ်လျှင် ပထမရေးသောသူမှာ "ရောပါပိတာနိ စ၊"ဟု 'ါ'နှင့် ရေးထားလျှင် ထို'ါ' ကိုပင် 'ာ'ဟု ထင်ပြီး 'ာ'နှင့် "ရောပါပိတာနိ စာ"ဟု ဖြစ်သွားနိုင်ပါသည်။ ကျောက်စာမှတဆင့် ကျောက်စာကူးသော သူကလည်း "ဒေဝါနံ ပိယေ ဟေဝံ အာဟ၊"ဟု ရေးထားသည်ကို စာပေ မကျွမ်းကျင်၍ "အာဟ"နောင် 'ါ'မှာ အပေါ်က ပျက်နေသည်-ဟု ထင်ပြီး "အာဟာ"ဟု ဖြစ်သွားနိုင်ပါသည်။

နောက်ပုံနှိပ်တိုက်မှာလည်း ထိုသို့သောအဖြစ်မျိုး ကြုံတွေ့နိုင်ပါသည်။ ထိုသို့သော နေရာမျိုးတို့၌ အမှန်အတိုင်းဖြစ်အောင် "ရောပါပိတာနိ စ"၊ "ဒေဝါနံ ပိယေ ဟေဝံ အာဟ"ဟုသာ ပြင်မည်ဖြစ်ပါ သည်။ "လာစ၊ လာဉ၊ လာညာ"တို့မှာ အိန္ဒိယပြည် ပြာကရစ်အသုံးအနှုန်း ဖြစ်နိုင်ပါသည်။ ၎င်းတို့မှာ "လာစ=ရာဇ၊ လာဉ=ရာဇာ၊ လာညာ= ရာဇာ"တို့ ဖြစ်ပါသည်။ ထိုစာလုံးမျိုးကို မပြင်ပါ။ မူရင်းအတိုင်းသာ ထားမည်ဖြစ်ပါသည်။

အထူးသဖြင့် အရှင်အာဒိစ္စဝံသ၏ အသောကကျောက်စာမူနှင့် တိုက်ဆိုင်၍ လိုအပ်သည့်နေရာ တွင် ပြင်ဆင်သွားမည် ဖြစ်ပါသည်။ တိနိ-ဆိုရာတွင် တိဏိ-ဟု အရှင်အာဒိစ္စမူ၌ ရှိပါသည်။ ထိုသို့သော နေရာ၌ ပြင်သွားပါမည်။]

[၁၀] ကျောက်စာ၌ ပါဝင်သော လက္ခဏာတို့ကို ပြဆိုခြင်း

ဿ ဤလက္ခဏာသည် တာလုဇ သရရစ်ဖြစ်သည့် သ္ဘရ-ဟူ၍ ဖတ်ရွတ်ကြပါ။

ᢅ ဿ ဤလက္ခဏာဖြင့် ပါရှိသော သရရစ်ကို ဿ(အော) သရ-ဟု မှတ်ရမည်။

[ः-] ဤလက္ခဏာဖြင့် ဝါကျ၏ အဆက်ကို ညွှန်းပြသည်။

. . . ဤလက္ခဏာဖြင့် ကျောက်စာ၌ ပျက်နေသည်ကို ညွှန်းပြသည်။

* ဤလက္ခဏာဖြင့် ကျောက်စာ၌ မျဉ်းကြောင်း၏အဆုံးကို ညွှန်းပြသည်။

[।] ဤလက္ခဏာဖြင့် ဝါကျ၏ အဆုံးကို ညွှန်းပြသည်။

[?] ဤလက္ခဏာဖြင့် အမေးလက္ခဏာကို ညွှန်းပြသည်။

ရ ဤအက္ခရာဖြင့် မုဒ္ဓဇအက္ခရာကို ဖော်ပြသည်။

သ ဤအက္ခရာဖြင့် တာလုဇအက္ခရာကို ဖော်ပြသည်။

ဩ ဤအက္ခရာဖြင့် ဒန္တဇ သရရစ်အက္ခရာကို ဖော်ပြသည်။

( ) ဤလက္ခဏာထဲ၌ ပါရှိသော ပါဠိကို ပါဠသေသဖြင့် အနက်ပေးသော ပါဠိ-ဟု မှတ်ရမည်။

= ဤလက္ခဏာဖြင့် ညီမျှကြောင်းကို ဖော်ပြသည်။

[,] ဤလက္ခဏာဖြင့် ဝါကျကြီးတို့ကို ခွဲ၍ ပြသည်။

ဤလက္ခဏာများသည် ကျောက်စာ မူလပါဠိနှင့် ၎င်းနိသျ ၂-ပါးလုံးမှာပင် ပါဝင်လျက်ရှိ၏။

----- × -----

[၁၁] ပထမ လယုသိလာလေခ

၁။ ရူပနာထ် မူလပါဠိ

ဒေဝါနံ ပိယေ ဟေဝံ အာဟာ [ः-] သာတိလေကာနိ အပတိယာနိ ဝယ သုမိ ပါကာ သဝကေ နော စု ဗာပိ ပကတေ [,] သာတိလကေ စု ဆဝဆရေ ယ သုမိ ဟကံ သယ ဥပေတေ * ဗာပိ စု ပကတေ [।] ယိ ဣမာယ ကာလာယ ဇဗုဒီပသိ အမိသာ ဒေဝါ ဟုသု တေ ဒါနိ မိသာ ကဋ္ဌာ [।] ပကမသိ ဟိ ဧသ ဖလေ [।] နော စ အိုက်သာ မဟာတတာ ပါပေါတဝေ [।] ခုဒကေန ဟိ က * ပိ ပရုမမိနေန သကိယေ ဝိပုလေပိ သွဂေ အာရောဓဝေ [।] ဧတိယ အဋ္ဌာယ စ သာဝနေ ကဋ္ဌေ ခုဒကာ စ ဥဒါလာ စ ပကမံတုတိ [।] အံတာပိ စ ဇာနံတု ဣယံ ပကရဝ * ကိတိ [?] စိရဋ္ဌိတိကေ သိယာ [।] ဣယ ဟိ အဋ္ဌေ ဝပိ ဝပိသိတိ ဝိပုလံ စ ဝပိသိတိ အပလယိယေနာ ဒိယပိယ

ဝပိသတ [၊] ဣယ စ အဋ္ဌေ ပဝတိသု လေခါပေတ ဝါလတ ဟခ စ [၊] အထိ * သိလာဋ္ဌာဘေ သိလာဋ္ဌာဘသိ လာခါပတဝယတ [၊] ဧတိနာ စ ဝယဇနေနာ ယာဝတက တုပက အဟာလေ သဝရ ဝိဝသေတဝါယုတိ [၊] ဗျဋ္ဌေနာ သာဝနေ ကဋ္ဌေ ၂၅၆-သတ-ဝိဝါသာတ [၊]

၂။ ဆဟာဆရာမ် မူလပါဠိ

ဒေဝါနံ ပိယေ ဟေဝံ အာဟာ [;-] သာတိလေကာနိ အပတိယာနိ ဝယ သုမိ ပါကာ ဥပါသကေ နော စု ဗာပံ လကံတေ [,] သာတိလကေ စု သဒ္ဓံဝဆလေ ယ သုမိ ဟကံ သယ ဥပေတေ* ဗာပိ စု ပကတေ [၊] ယိ ဣမာယ ကာလာယ ဇုဒ္ဓိပသိ အံမိသံ ဒေဝါ သံတာ မုနိသာ မိံသ ဒေဝဟုသု တေ ဒါနိ မိသာ ကဋ္ဌာ [၊] ပကမသိ ဟိ ဧသ ဖလေ [၊] နော စ အိုက်သာ မဟာတတာ ပါပေါတဝေ [၊] ခုဒကေန ဟိ က * ပိ ကမမိနေနာ သကိယေ ဝိပုလေပိ သွဂေ အာရောဓဝေ [၊] ဧတိယ အဋ္ဌာယ စ သာဝနေ ကဋ္ဌေ ခုဒကာ စ ဥဒါလာ စ ပကမံတုတိ [၊] အံတာပိ စ ဇာနံတု ဣယံ ပကရဝ * ကိတိ [?] စိလဋ္ဌိတိကေ သိယာ [၊] ဣယ ဟိ အဋ္ဌေ ဝပိ ဝပိသိတိ ဝိပုလ စ ဝပိသိတိ အပလယိယေန ဒိယပိယ ဝပိသတ [၊] ဣယ စ အဋ္ဌေ ပဝတိသု လေခါပေတ ဝါလတ ဟခ စ [၊] အထိ * သိလာဋ္ဌာဘေ သိလာဋ္ဌာဘသိ လာခါပတဝယတ [၊] ဝိဝုထေန ဒုဝေ သပံ နာလာတိသတာ ဝိဝုထာတိ။ ၂၅၆-သတဝိသာတ [၊]

၃။ ဗိုက်ရာဌ် မူလပါဠိ

ဒေဝါနံ ပိယေ ဟေဝံ အာဟာ [;-] သာတိလေကာနိ အပတိယာနိ ဝယ သုမိ ပါကာ ဥပါသကေ နော စု ဗာပံ ပကတေ [,] သာတိလကေ စု ဆဝဆရေ ယ သုမိ ဟကံ သယ ဥပေတေ * ဗာပိ စု ပကတေ [၊] ယိ ဣမာယ ကာလာယ ဇုဒ္ဓိပသိ အမိသာ ဒေဝါ ဟုသု တေ ဒါနိ မိသာ ကဋ္ဌာ [၊] ပကမသိ ဟိ ဧသ ဖလေ [၊] နော စ အိုက်သာ မဟတ-နေဝ ပါပေါတဝေ [၊] ခုဒကေန ဟိ က*ပိ ပရုမမိနေန သကိယေ ဝိပုလေပိ သွဂေ အာလာဓေတဝေ [၊] ဧတိယ အဋ္ဌာယ စ သာဝနေ ကဋ္ဌေ ခုဒကာ စ ဥဒါလာ စ ပကမံ-တုတိ [၊] အံတာပိ စ ဇာနံတု ဣယံ ပကရဝ * ကိတိ [?] စိရဋ္ဌိတိကေ သိယာ [၊] ဣယ ဟိ အဋ္ဌေ ဝပိ ဝပိသိတိ ဝိပုလ စ ဝပိသိတိ အပလယိယေန ဒိယပိယ ဝပိသတ [၊] ဣယ စ အဋ္ဌေ ပဝတိသု လေခါပေတ ဝါလတ ဟခ စ [၊] အထိ * သိလာဋ္ဌာဘေ သိလာ-ဋ္ဌာဘသိ လာခါပတဝယတ [၊] ဗျဋ္ဌေနာ သာဝနေ ကဋ္ဌေ ၂၅၆-သတဝိဝါသာတ [၊]

၄။ ရူပနာထ် မူလပါဠိအနက်

ဒေဝါနံ၊ နတ်တို့၏။ ပိယေ၊ ကြည်ညြိသဒ္ဓါ၊ မြတ်နိုးရာ ဖြစ်တော်မူသော သီရိဓမ္မာ-သောကမင်းကြီးသည်။ ဟေဝံ၊ ဤသို့သော စကားကို။ အာဟာ၊ မိန့်ဆိုတော်မူလေ၏။ ဝယ၊ နှစ်တို့သည်။ အပတိယာနိ၊ ၂-နှစ်ခွဲတို့သည်။ သာတိလေကာနိ၊ လွန်လေကုန်ပြီ။ ပါကာ၊ ငါသည်။ သဝကေ၊ တပည့်သည်။ ဝါ၊ ဥပါသကာသည်။ သုမိ၊ ဖြစ်ပြီ။ စု၊ ထိုသို့ပင် ဖြစ်ငြားသော်လည်း။ ဗာပိ၊ အတိုင်းထက်အလွန်။ နော ပကတေ၊ အားမထုတ်ရသေး။ စု၊ စင်စစ်သော်ကား။ ဆဝဆရေ၊ ၁-နှစ်ခန့်မျှသည်။ သာတိလကေ၊ လွန်မြောက်လေပြီ။

ယ ဟကံ၊ အကြင်ငါသည်။ သယ၊ သံယာတော်ကို။ ဥပေတေ၊ ကိုးကွယ်ဆည်းကပ်ခြင်းသည်။ သုမိ၊ ဖြစ်ပြီ။ (တဒါ)၊ ထိုအခါကပင်။ ဗာပိ စု=ဗာပိ ဧဝ၊ အတိုင်းထက်အလွန်သာလျှင်။ ပကတေ၊ အားထုတ်ရပြီ။ ဣမာယ၊ ဤမည်သော။ ကာလာယ၊ အခါ၌။ ဇုဒိပသိ၊ ဇမ္ဗူဒီပါကျွန်း၌။ ယိ ဒေဝါ၊ အကြင်နတ်တို့သည်။ အမိသာ၊ မချွတ်မယွင်း။ ဝါ၊ အမှန်အကန်။ ဟုသု၊ ရှိနေကြကုန်ပြီ။ ဒါနိ၊ ယခုအခါ၌။ တေ၊ ထိုနတ်တို့ကို။ မိသာ၊ မဟုတ်မမှန်ကြောင်းတို့ကို။ ကဒ္ဓာ၊ ပြုအပ်ကုန်ပြီ။

ဟိ၊ မှန်၏။ ဧသ၊ ဤသို့ ပြုစုခြင်းသည်။ ပကမသိ၊ အားထုတ်ခြင်း၏။ ဖလေ၊ အကျိုးတည်း။ အိုက်သာ၊ ဤအားထုတ်ခြင်း၏ အကျိုးကို။ မဟာတတာ၊ ငါကဲ့သို့ ကြီးမြတ်သောသူသည်။ နော စ ပါပေါတဝေ၊ ရအပ်သည်သာ မဟုတ်။ ဟိ၊ စင်စစ်သော်ကား။ ကမ-ကေန၊ တစ်စုံတစ်ယောက်သော။ ပရုမမိနေန၊ လုံ့လအားထုတ်သော။ ခုဒကေန အပိ၊ ငယ်သောသူသည်လည်း။ ဝိပုလေ၊ မွန်မြတ်သော။ ဝါ၊ ကောင်းသော။ သွဂေ အပိ၊ နတ်စည်းစိမ်ကိုလည်း။ အာရောဓဝေ၊ ရအပ်သည်။ (ဝါ၊ ရခြင်းငှာ)။ သကိယေ၊ စွမ်းနိုင်၏။ ဧတိယ၊ ဤသို့ သဘောရှိသော။ အဌာယ စ၊ အကျိုးငှာလည်း။ သာဝနေ၊ ကြားနာအပ်သော။ ဣယံ၊ ဤအနုသာသနစကားကို။ မယာ၊ ငါသည်။ ကဌေ၊ ကြားအပ်ပြီ။

ဣတိ၊ ထို့ကြောင့်။ ခုဒကာ စ၊ လူငယ်တို့သည်လည်းကောင်း။ ဥဒါလာ စ၊ ငါကဲ့သို့ ကြီးကုန်သော မင်းတို့သည်လည်းကောင်း။ ပကမံတု၊ အားထုတ်ကြကုန်လော့။ အံတာပိ စ၊ ပြည်နီးချင်း မင်းတို့သည်။ ဣယံ၊ ဤအနုသာသနစကားကို။ ဇာနံတု၊ သိကြကုန်လော့။ ဣတိ၊ ဤသို့ သိကြကုန်သည်ရှိသော်။ ပကရဝ၊ ငါ၏ အားထုတ်ခြင်းသည်။ စိရဋ္ဌိတိကေ၊ ကြာမြင့်စွာ တည်နေခြင်းသည်။ ကိ သိယာ၊ အဘယ်မှာ မဖြစ်ဘဲရှိအံ့နည်း။

ဟိ၊ အမှန်မုချ။ ဣယ၊ ဤသို့ သဘောရှိသော။ အဋ္ဌ၊ အကျိုးသည်။ ဝပိ၊ အတိုင်းထက်အလွန် ကောင်းမွန်စွာသာလျှင်။ ဝပိသိတိ၊ ကြီးပွါးလတ္တံ့။ စ၊ ထိုမှတပါး။ ဝိပုလံ၊ ဖြူစင်စွာသာလျှင်။ ဝပိသိတိ၊ ကြီးပွါးလတ္တံ့။ အပလယိယေနာ၊ အနည်းဆုံးအားဖြင့်။ ဒိယပိယ၊ ၁-ဆခွဲလောက် (တစ်နည်း- ဒိယပိယ၊ နေ့ကို ၂-ဆ, ညဉ့် ၄-ဆသာလျှင်)။ ဝပိသတ၊ ကြီးပွါးလတ္တံ့။ စ၊ ဆက်၍ ဆိုဦးအံ့။ ဣယ၊ ဤသို့ သဘောရှိသော။ အဋ္ဌ၊ အနုသာသနစကားကို။ ဟခ စ၊ ဤပါဠိလိပုတ်ပြည် အနီးအပါးရှိ ပြည်တို့၌လည်းကောင်း။ ဝါလတ စ၊ အခြားအခြားကုန်သော နေပြည်တို့၌လည်းကောင်း။ ပဝတိသု၊ တောင်တို့၌။ ဝါ၊ တောင်ရှိ ကျောက်ဆောင်တို့၌။ လေခါပေတ၊ ရေးသားစေအပ်၏။

(ယတြ)၊ အကြင်အရပ်၌။ သိလာဌ္ဌေ၊ ကျောက်တိုင်သည်။ အထိ၊ ရှိ၏။ (တတြ)၊ ထိုအရပ်၌။ သိလာဌ္ဌဘသိ၊ ကျောက်တိုင်၌။ လာခါပတဝယတ၊ ရေးသားစေအပ်၏။ စ၊ ထိုမှတပါး။ ဣဟိနာ၊ ဤမည်သော။ ဝယဇနေနာ၊ အနုသာသနစကားဖြင့်။ တုပက၊ သင်မင်းတို့၏။ ယာဝတက၊ အကြင်မျှလောက်။ အဟာလေ၊ ပိုင်နက်သည်။ (အထိ)၊ ရှိ၏။ (တာဝတက)၊ ထိုမျှလောက်။ သဝရ၊ အလုံးစုံသော အရပ်ဒေသ၌။ ဣတိ၊ ဤသို့။ ဝိဝသေတ-ဝါယု၊ တွင်ကျယ်အောင် အားထုတ်ကြကုန်လော့။ ဗျဋ္ဌေနာ၊ တိုင်းခန်းလှည့်လည်သော အသောကမင်းကြီးသည်။ သာဝနေ၊ ကြားနာအပ်သော။ ဣယံ၊ ဤအနုသာသနစကားကို။ ၂၅၆-သတဝိဝါသာတ၊ တိုင်းခန်းလှည့်လည်၍ ၂၅၆-ရက်မြောက်၌။ ကဋ္ဌေ၊ ကြားအပ်ပြီ။

၅။ ရူပနာထ်-စသော ၃-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် ဤသို့သောစကားကို မိန့်ဆိုတော်မူ၏။ "ငါသည် ဥပါသကာဖြစ်သည်မှာ ၂-နှစ်ခွဲလောက် ရှိလေပြီ။ သို့သော် ငါသည် တစ်စုံတစ်ခု ကောင်းကောင်းမွန်မွန် အားမထုတ်ခဲ့ရသေး။ စင်စစ်သော်ကား ငါသည် သံဃာတော်ကို ကိုးကွယ်ဆည်းကပ်သည်မှာ ၁-နှစ်ခန့်မျှသာ ရှိသေး၏။ ထိုအခါကပင် ငါသည် ကောင်းမွန်စွာ အားထုတ်ရပေ၏။

ရှေးအခါက ဤမည်သောကာလ၌ ဤမည်သော ဇမ္ဗူဒီပ်ကျွန်းအပြင်မှာ အကြင်မိစ္ဆာဒိဋ္ဌနတ်တို့သည် မချွတ်ကေန် အမှန်မုချ ရှိနေကြကုန်၏။ ယခုအခါ ထိုမိစ္ဆာဒိဋ္ဌနတ်တို့ကို မဟုတ်မမှန်ကြောင်းနှင့် ပယ်ရှားလိုက်ပြီ။ ဤသို့ မိစ္ဆာဒိဋ္ဌမှ ကင်းလွတ်၍ သမ္မာဒိဋ္ဌသို့ ရောက်ရခြင်းကား လုံ့လဝီရိယ၏ အကျိုးသည်ပင်လျှင် မုချဖြစ်၏။ ဤလုံ့လ၏အကျိုးကို ငါကဲ့သို့ ကြီးမြတ်သောသူသည်သာ ရအပ်သည် မဟုတ်။ စင်စစ်သော်ကား ငယ်သောသူပင်ဖြစ်စေကာမူ အကယ်၍ တစ်စုံတစ်ခုကို အားထုတ်ခဲ့ခြင်းရှိလျှင် မွန်မြတ်သော နတ်စည်းစိမ်ကိုလည်း

ရနိုင်ပေ၏။ ငါသည် ဤအကျိုးငှာ ကြားနာအပ်သော ဤအနုသာသနစကားကို ကြားနာစေရန် ရေးသားစီရင်ခဲ့၏။ ထို့ကြောင့် ကြီး,ငယ်မဟူ မည်သူမဆို အားထုတ်ကြရမည်။ ၎င်းပြင် ငါ၏ ပြည်နီးပါးချင်း မင်းတို့ကလည်း ဤအနုသာသနစကားကို အသေအချာ သိရှိကြကုန်လော့။

ဤသို့ သိရှိကြပြီး၍ အသီးအသီး အားထုတ်ကြကုန်သည်ရှိသော် ငါ၏ အားထုတ်ခြင်းသည် သာသနာတော် ၅၀၀၀-တိုင်အောင် မရွေ့မလျား တည်မြဲတိုင်း တည်နေရပေအံ့။ ဤသာသနာတော်နှင့် စပ်လျဉ်းသောအကျိုးသည် တစ်နေ့ထက်တစ်နေ့ ထွက်စသော လ-ကဲ့သို့ ကြီးပွါးသည်ထက်မက ကြီးပွါးလိမ့်မည်။ ဖြူစင်သည်ထက်မက ဖြူစင်ကြီးပွါးခြင်းသို့ ရောက်လိမ့်မည်။ အနည်းဆုံး နေ့ကို ၂-ဆ, ညဉ့် ၄-ဆအားဖြင့် ကြီးပွါးရမည်မှာ မုချပင် ဖြစ်ပေ၏။

ထိုမှတပါး ဤအနုသာသနစကားကို ငါ၏ ပါဠိလိပုတ်ပြည်အနီးအပါးရှိ ပြည်နှင့် အခြားအခြားကုန်သော နေပြည်တို့၏ တောင်ပေါ်ရှိ ကျောက်ဆောင်များ၌ ရေးထိုးစေရမည်။ ကျောက်တိုင်များရှိရာ အရပ်တို့မှာလည်း ၎င်းကျောက်တိုင်တို့၌ ရေးထိုးစေရမည်။ ၎င်းပြင် ဤအနုသာသနစကားဖြင့် သင်တို့ ပိုင်နက်-ဟူသမျှတို့မှာ ငါကဲ့သို့ပင် တွင်ကျယ်အောင် အားထုတ်ကြရမည်”။ ကြားနာအပ်သော ဤအနုသာသနစကားကို တိုင်းခန်းလှည့်လည်သော သီရိဓမ္မာသောကမင်းကြီးသည် တိုင်းခန်းလှည့်လည်၍ ၂၅၆-ရက်မြောက်၌ ရေးထိုးထားခဲ့၏။ တစ်နည်း တိုင်းခန်းလှည့်လည်၍ ၂၅၆-ခုမြောက် တပ်စခန်းချရာ၌ ရေးထိုးထားခဲ့၏။

အမှာစကား။ အထက်အဆိုပါ ကျောက်စာ ၃-ခုကို အပဓာနသိလာဘိလေခတွင် ၃-မျိုး ၃-စား ဝေဖန်၍ ဖော်ပြပါရှိလေသောကြောင့် ဒုတိယ လယုသိလာလေခသို့လည်း ပါဝင်၏-ဟု မှတ်ယူကြလေ။

‘ဒေဝါနံပိယ’သည် အသောကမင်းကြီး၏ ဘွဲ့တံဆိပ်ဖြစ်၏။ ၎င်းဘွဲ့တံဆိပ်ကို အချို့နေရာမှာ ဒေဝါနံပိယ၊ အချို့နေရာမှာ ပိယဒသိရာဇာ၊ အချို့အချို့မှာလည်း ရာဇာပိယဒသိ-ပုဒ်နှင့် ဒေဝါနံပိယ ပိယဒသိ-ဟူ၍ တွေ့ရှိ၏။ သက္ကဋဘာသာ၌ ဒေဝပြိယ-ဟူ၍ လာရှိ၏။

အနက်ကား “ဒေဝါနံ ပြိယး ဒေဝ ပြိယး မဟာဒေဝ၊ နတ်တို့၏ အစာအာဟာရ၊ ဆိတ်-စသော သတ္တဝါ, သားတိရစ္ဆာန်များနှင့် တူသောသူ၊ ပညာမရှိသောသူ၊ အိမ်ရာမထောင်သောသူ၊ ရသေ့,ရဟန်း” အနက်ကို ရရှိ၏။ ဤအနက်တို့တွင် အသောကမင်းကြီးနှင့် ဆိုင်ရာ အနက် ၁-ခုမျှ မပါ။ ‘ဒေဝါနံပိယတိဿ’မင်းကဲ့သို့ အသောကမင်းကြီး၏ ဘွဲ့ထူးတံဆိပ်-ဟူ၍သာ မှတ်ယူရမည်။ “ဒေဝါနံ၊ သမ္မုတိနတ်တို့၏။ ပြိယာ၊ ကြည်ညိုရာ” အနက်ပေး။

'ဇပုဒိပ'ဇမ္ဗုဒိပ်ကျွန်း၊ ၎င်းဇမ္ဗုဒိပ်ကျွန်းကို ပူရာဏ်ကျမ်းတို့၌ ဣန္ဒိယကိုသာ ညွှန်းပြလျက် ပါရှိ၏။ ပါဠိဘာသာ၏ အလိုကိုလည်း ခရီးစဉ်မှာ ကြည့်လေ။ ဤဇမ္ဗုဒီပါကျွန်း၌ အသောကမင်းကြီးလက်ထက်မှာ လူနှင့်နတ်တို့သည် ရောနှောကြကုန်၏-ဟူ၍ မှတ်လေ။ 'ကာလာယ'ပုဒ်၌ ကာလာ-ဟူ၍လည်းကောင်း၊ ကာလ-ဟူ၍လည်းကောင်း ဖြစ်နိုင်၏။ အကယ်၍ ကာလာ-ဟူသောအနက်ကို ယူလျှင် အမဲရောင်, အနက်ရောင်ကိုသာ ရသည်။ ဤနေရာမှာ ကာလနှင့် သင့်လျော်ပေ၏။

မိသာ-သဒ္ဒါသည် မဟုတ်မမှန်သော အနက်ကို ဟော၏။ အချို့ဆရာက ရောနှောခြင်း အနက်ကို ဖော်ပြ၏။ 'အတာ'ပုဒ်၏အရကား ပြည်နီးချင်း မင်း၊ စောဋ(စောလ), ပဏ္ဍာယဆတျ-ပုတြ, ကေရလပုတြ, သီဟိုဠ်ကျွန်း, အန္ဓိယောဂယဝန၊ 'ဝါလတ'ပုဒ်၏အရကား ဣန္ဒိယတောင်ဘက်၌ မိုက်ဆူရ်နယ်အနီးအပါး ဆိဒ္ဓိပုရ်ဂျဂတိဂ်ရာမေဿရ်ဗြဟ္မဂိရိနိဇာမ်နယ်ရှိ မာဆကီ-စသည်ကို ယူလေ။ 'ဟဓ'ပုဒ်၏အရကား ပါဋ္ဌလိပုတ်ပြည်အနီးအပါးရှိ နေပြည်-ဟူသမျှကို ယူလေ။ 'အဟာလ'ပုဒ်၏ အနက်ကား အစာအာဟာရ, ဘောဂစည်းစိမ်, အမြတ်တော်ကြေး, အခွန်ဘဏ္ဍာ, ပိုင်နက်စိုးအုပ်ရာ ဌာန-စသည်ကို ဟော၏။

"ဗျဋ္ဌေန သာဝနေ ကဋ္ဌေ ၂၅၆-သတဝိဝါသာတ"ဟူသော ဝါကျ၌ ပညာရှိတို့ အယူဝါဒ ကွဲပြားကြပုံကို အကျဉ်းဖော်ပြပေအုံ့။ ဗျဋ္ဌေန-သဒ္ဒါသည် သက္ကဋဘာသာ၌ ဗျဋ္ဌရဋ္ဌေန၊ ဝိဝါသာတ-သဒ္ဒါသည် သက္ကဋဘာသာ၌ ဝိဝါသာတ် ဖြစ်၏။ 'ဗျဋ္ဌရဋ္ဌ'သည် ဝိရှေးရှိသော ဝသ-ဓာတ်, ဏ-ပစ္စည်းနှင့် ရုပ်ပြီး၏။ 'ဝိဝါသာတ်'သည် ဝိရှေးရှိသော ဃသဓာတ်, ဃည်ပစ္စည်းနှင့် ရုပ်ပြီး၏။ ရှေးက ဗျူလရ်ဖလီတ်အစရှိကုန်သော ပညာရှိတို့သည် ဗျဋ္ဌရဋ္ဌေန-သဒ္ဒါကို သွားလေပြီး, လွန်လေပြီး အနက်၌ ပြန်ဆိုကြ၏။ ယခုအခါ ပညာရှိအားလုံးတို့၏ အလိုအတိုင်း ၎င်းသဒ္ဒါ၏အနက်ကို ဝိဝါသိတ, ပြဝါသိတ, ပြောရှိတ-ဟူ၍သာ ပြန်ဆိုကြ၏။ မြန်မာအနက်ကား နိုင်ငံခြား တစ်တိုင်း တစ်ပြည်, သူတပါးပြည်၊ မိမိရွာ, မိမိမြို့, မိမိနိုင်ငံမှတပါး အခြားအခြားသော မြို့,ရွာ၊ တိုင်းခန်းလှည့်လည်ခြင်း-ဟူသော အနက်များကို ရရှိ၏။

၎င်းပြင် ဗျဋ္ဌရဋ္ဌေန-သဒ္ဒါသည် ဗုဒ္ဓဟော မဟုတ်။ အသောကမင်းကြီးကိုသာ ငဲ့သောသဒ္ဒါ ဖြစ်၏။ ရှေးက ဗျူလရ်ဖလီဋ္ဌ-စသော ပညာရှိများသည် ဝိဝါသ-သဒ္ဒါ၏အနက်ကို "မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူပြီးနောက် ၂၅၆-ခုမြောက်၌"ဟု ယောဇနာကြ၏။ ၎င်းတို့၏အနက်ကို ယခုအခါ လုံးလုံးပယ်ရှားလိုက်ပြီ။ တာမဆ် အင်္ဂလိပ်သည် ၎င်းဝါကျငယ်ကို ဖွင့်ပြ၏။ ထိုဆရာ၏အယူနှင့် ထိုကျောက်စာသည် အလွန်သင့်လျော်၏။ ဆဟဆရာမ်ကျောက်စာ၌ "ဒုဝေသပံနာလာတိသတာ" ဟူသောပုဒ်ကို သက္ကဋဘာသာအားဖြင့် ပြန်ဆိုလျှင် "ဒွေရှဋ္ဌပညာသျှ ရာတြိသျှတေ"ဟူ၍ ဖြစ်၏။

အနက်ကား တိုင်းခန်းလှည့်လည်သောအခါ ၂၅၆-ရက်မြောက် ညဉ့်အခါ ဤကျောက်-စာကို ရေးထိုးခဲ့၏။ ဤနေရာမှာ ရာတြိ-သဒ္ဒါဖြင့် ညဉ့်ကိုသာ ယူအပ်သည် မဟုတ်သေး၊ နေ့ကို

လည်း ယူရမည်။ ထို့ကြောင့် ဆဟာဆရာမ်တွင် ပါရှိသော စကားအရနှင့် ရူပနာထ်ကျောက်စာသည် ညီညွတ်၏။

'သတဝိဝါသာတ'မှာလည်း အမျိုးမျိုး အနက်ကွဲပြား၏။ တာမဆ်ပညာရှိသည် ဝေဖန်၍ ပြသည်မှာ သတ-သဒ္ဒါသည် တရာ- တပ်စခန်းနားနေသောအရပ်ကို ဟောသောကြောင့် ၂၅၆-ခုမြောက် တပ်စခန်း-ဟူ၍လည်းကောင်း၊ တစ်နည်း နန်းတော်မှ ထွက်၍ တိုင်းခန်းလှည့်လည်ရာ ၂၅၆-ရက်မြောက်နေ့ကို ရေးထိုးခြင်း ဖြစ်လိမ့်မည်။ ထိုပညာရှိ ဝေဖန်၍ ပြချက်ကို (Indian Antiquary 1908. P- 20-23. Journal Asiatique, 1910. P-507. 22) ဤစာအုပ်တွင် ကြည့်လေ။

ဖလီဋ်ခေါ်သော အင်္ဂလိပ်ပညာရှိ၏ အယူမှာကား မဟာဝင်နှင့် ဒီပဝင်မှာ လာသည့်အတိုင်း မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူပြီးနောက် ၂၁၈-နှစ်မြောက်တွင် အသောကမင်းကြီး နန်းတက်၍ ၃၇-နှစ် နန်းစံတော်မူခဲ့လေ၏။ ထို့ကြောင့် ၂၁၈-နှစ်ကို ၃၇-ခုနှင့် ပေါင်းလျှင် ၂၅၅-နှစ် ဖြစ်၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူပြီးနောက် ၂၅၅-နှစ်မြောက်ပြီးနောက် ၇-လမှာသော်လည်းကောင်း၊ သို့မဟုတ် ၈-လမှာသော်လည်းကောင်း အသောကမင်းကြီးသည် မင်းစည်းစိမ်ကို စွန့်၍ ရဟန်းပြုကောင်းပြုလိမ့်မည်။ ထို့ကြောင့် ၎င်းမင်းကြီးသည် မိမိအထိမ်းအမှတ်တစ်ခုခုဖြင့် ၈-လနှင့် ၁၆-ရက် ပြည့်သောအခါ ၎င်းရက်ပေါင်း ၂၅၆-ရက်မြောက်၌ ဤကျောက်စာကို ရေးထိုးထားခဲ့၏။

အသောကမင်းကြီး ရဟန်းပြု၍ ဘယ်နေရာမှာ နေသည်-ဟု မေးရန် ရှိ၏။ ပြဟ္မဂိရိနှင့် ဆိဒ္ဓပုရ်ကျောက်စာကို ထောက်သဖြင့် ၎င်းမင်းကြီး၏နေရာကို သိနိုင်ရာ၏။ အဘယ်ကြောင့် ဆိုသော် အဆိုပါ ကျောက်စာ ၂-ခုတွင် ဆုဝရဏဂိရိ(သုဝဏ္ဏဂိရိ) အမည်သည် ပါရှိ၏။ ၎င်းသုဝဏ္ဏဂိရိအရပ်မှ ဤကျောက်စာ ၂-ခုကို ရေးထိုးခဲ့၏။ ၎င်းပြင် မင်းသားနှင့် မဟာမတ္တခေါ်သော မင်းမှူထမ်းတို့သည် မင်းကြီး၏ အမိန့်အာဏာတော်အတိုင်း ဤကျောက်စာ ၂-ခုကို ရေးထိုးကြပေ၏။

ထို့ကြောင့် အသောကမင်းကြီးသည် မင်းမှုကိစ္စကို စွန့်၍ သုဝဏ္ဏဂိရိတောင်ရှိ တစ်ခုခုသော သံယာရာမကျောင်းတိုက်၌ နေကြောင်းကို သိရ၏။ ထိုတောင်ကို အချို့က ဗိဟာရ်နယ်ရှိ ဆိုနဂိရိတောင်ကိုပင် ရှေ့ ဆုဝရ်ဏဂိရိတောင်-ဟု ခေါ်ဆို၏။ သို့ဖြစ်၍ နန်းတော်မှ ထွက်သွားပြီးနောက် ၂၅၆-ရက်မြောက်တွင် ၎င်းတောင်မှ ရူပနာထ်နှင့် ဆဟာဆရာမ်ကျောက်စာ ၂-ခုကို ရေးထိုးသည်-ဟု သိရ၏။

အချို့ကလည်း အသောကမင်းကြီးနေသော တောင်သည် ဆုဝရ်ဏဂိရိ-အမည်ဖြင့် ဣန္ဒိယတောင်ပိုင်း တစ်စုံတစ်ခုသော နေရာမှာသာ ရှိသင့်ကြောင်းကို ပြောဆို၏။ စကားအားလုံးကို အကုန်ချုံးလိုက်လျှင် နန်းတော်မှ ထွက်ပြီးနောက် ၂၅၆-ရက်မြောက်သောနေ့ သို့မဟုတ် ညဉ့်ကို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူပြီးနောက် ၂၅၆-နှစ်မြောက်လေပြီ-ဟု ရရှိသင့်ပေ၏။

ပရိနိဗ္ဗာန်စံယူပြီးနောက် ၂၅၆-နှစ်မြောက်မှာ မင်းကြီးသည် အထိမ်းအမှတ်တစ်ခုခုဖြင့် လယု-သိလာလေခကျောက်စာကို ရေးထိုးခြင်း ဖြစ်နိုင်ပေသည်။ ဤစကားများကိုလည်း (J.R.A.S. 1910 P. 1301-8. 1911 P. 1091-1112) ဤစာအုပ်မှာ ကြည့်လေ။

ဟုလသ္ဓိနှင့် ဖလိဒ္ဓိခေါ်သော အင်္ဂလိပ်ပညာရှိတို့၏ အယူတစ်မျိုးကား "ဗျုဋ္ဌေန သာဝနေ ကရေ ၂၅၆-သတဝိဝါသာတ"ဟူသော ဤအဆုံးဝါကျစကားကို သီရိဓမ္မာသောကမင်းကြီးကိုယ်တိုင် စီမံရေးထိုးခဲ့သည် မဟုတ်-ဟူ၍ အယူရှိ၏။ အဘယ်ကြောင့်ဆိုသော် အသောကမင်းကြီးသည် ကျောက်စာ, စာတမ်း-စသည်များကို မင်းမှုထမ်းအမတ်ကြီးတို့အား အပ်နှံထားလေ၏။ ထို့ကြောင့် ၎င်းအမတ်ကြီးများတို့သည် ကျောက်စာကို ရေးထိုးသောအခါ အဆုံးမှာ ထိုဝါကျငယ် ၁-ခုကိုလည်း ဆက်လက်ရေးထိုးထားခဲ့၏။ အကယ်၍ အသောကမင်းကြီးကိုယ်တိုင် စီမံရေးထိုးရင်း မှန်ပါမူကား "မေ, မယာ"သဒ္ဒါ တစ်ခုခုကို ရေးသင့်သည်။ ဤနေရာမှာကား မိမိနှင့်ဆိုင်သော 'မေ မယာ'-သဒ္ဒါသည် တစ်ခုမျှ မပါရှိပေ။ ဤစကားရပ်ကို (J.R.A.S. 1909, P-730, P.-994) ဤစာအုပ်တွင် ကြည့်လေ။

"သယ ဥပေတ"ဟူသော ပါဠိကို "သံယဘောင်သို့ ဝင်ပြီး"ဟု အနက်ပေးကြပြီးလျှင် အသောကမင်းကြီးကို ရဟန်းပြု၍ သုဝဏ္ဏဂိရိတောင်မှာ နေသည်-ဟု ဆိုကြသော အယူဝါဒများကိုလည်း ပါဠိကျမ်းဂန်တို့၌ လာသည့်အတိုင်း ပညာရှိတို့ ဆင်ခြင်ရန် ရှိပေသည်။ သုဝဏ္ဏ-ဂိရိတောင်မှာ နေကြောင်းကိုကား ဗြဟ္မဂိရိကျောက်စာဖြင့် ထင်ရှားပြီ။ ရဟန်း ဖြစ်,မဖြစ်ကိုသာ ဆင်ခြင်ရန်ရှိပေသည်။

ဆဟဆရာမ်ကျောက်စာ၌ "ဇံဗုဒီပသိ အံမိသံ ဒေဝါ သံတာ မနုသာ မီသ ဒေဝါ ဟုသု" ဤမျှလောက်သာ အထူးပါရှိ၏။ ၎င်းပါဠိ၏ အနက်ကား "ဇံဗုဒီပသိ၊ ဇမ္ဗူဒိပ်ကျွန်း၌။ မနုသာ၊ လူတို့သည်။ မီသ၊ ချွတ်ယွင်းကုန်သော။ ဒေဝါ၊ နတ်တို့ကို။ အံမိသံ၊ မချွတ်ယွင်းကုန်သော။ ဒေဝါ၊ နတ်တို့-ဟူ၍။ သံတာ၊ ကိုးကွယ်ပူဇော်နေကြကုန်သည်။ ဟုသု၊ ဖြစ်ကုန်ပြီ။"

----- × -----

[၁၂] ပထမလယုသိလာလေခ

၁။ ဗြဟ္မဂိရိ မူလပါဠိ

သုဝံဏ္ဏဂိရိတေ အယပုတသ မဟာမာတာဏံ စ ဝစနေန ဣသိလသိ မဟာမာတာ အရောဂိယံ ဝတဝိယာ ဟေဝံ စ ဝတဝိယာ [၁] ဒေဝါဏံ ပိယေ အာဏပယတိ * [၁] အမိကာနိ အဟာတိယာနိ ဝသာနိ ယ ဟကံ. . . . . နော တု ခေါ ဗာပ် ပကံတေ

ဟုသံ ဧကံ သဝဆရံ [၊] သတိရေကေ တု ခေါ သံဝဆရံ * ယံ မယာ သံယေ ဥပယိတေ ဗာပံ စ မေ ပကံတေ [၊] ဣမိနာ စု ကာလေန အမိသာ သမာနာ မုနိသာ ဇုဒိပသိ* မိသာ ဒေဝေဟိ [၊] ပကမသ ဟိ ဣယံ ဖလေ [၊] နော ဟိယံ သကျေ မဟာတွေနေဝ ပါပေါတဝေ [၊] ကာမံ တု ခေါ ခုဒကေနပိ * ပကမမိဏောဏ ဝိပုလေ သွဂေ သကျေ အာရာဓေတဝေ [၊] ဧတာယ'ဌာယ ဣယံ သာဝဏော သာဝါပိတော* [၊] . . . . . မဟာတွာ စ ဣမံ ပကမေယုတိ အံတာ စ မေ ဇာနေယု စိရဋ္ဌိတိကေ စ ဣယံ * ပကမေ ဟောတု [၊] ဣယံ စ အဋ္ဌေ ဝပိသိတိ ဝိပုလံပိ စ ဝပိသိတိ အဝရဓိယာ ဒိယပိယံ* ဝပိသိတိ [၊] ဣယံ စ သာဝဏော သာဝပတေ ဗျူထေန ၂၅၆ [၊]

၂။ ဆိဒ္ဒပုရ် မူလပါဋ္ဌ

သုဝံဏာဂိရိတေ အယပုတသ မဟာမာတာဏံ စ ဝစနေန ဣသိလသိ မဟာမာ-တာ အရောဂိယံ ဝတဝိယာ ဟေဝံ စ ဝတဝိယာ [၊] ဒေဝါဏံ ပိယေ ဟေဝံ အာဟ * [၊] အဓိကာနိ အဟတိယာနိ ဝသာနိ ယ ဟကံ . . . . . နော တု ခေါ ဗာပံ ပကံတေ ဟုသံ ဧကံ သဝဆရံ [၊] သတိရေကေ တု ခေါ သံဝဆရံ * ယံ မယာ သံယေ ဥပယိတေ ဗာပံ စ မေ ပကံတေ [၊] ဣမိနာ စု ကာလေန အမိသာ သမာနာ မုနိသာ ဇုဒိပသိ* မိသာ ဒေဝေဟိ [၊] ပကမသ ဟိ ဣယံ ဖလေ [၊] နော ဟိယံ သကျေ မဟာတွေနေဝ ပါပေါတဝေ [၊] ကာမံ တု ခေါ ခုဒကေနပိ * ပကမမိဏောဏ ဝိပုလေ သွဂေ သကျေ အာရာဓေတဝေ [၊] ဧတာယဌာယ ဣယံ သာဝဏော သာဝိတော * [၊] . . . . . မဟာတွာ စ ဣမံ ပကမေယုတိ အံတာ စ မေ ဇာနေယု စိရဋ္ဌိတိကေ စ ဣယံ * ပကမေ ဟောတု [၊] ဣယံ စ အဋ္ဌေ ဝပိသိတိ ဝိပုလံပိ စ ဝပိသိတိ အဝရဓိယာ ဒိယပိယံ * ဝပိသိတိ [၊] ဣယံ စ သာဝဏော သာဝပတေ ဗျူထေန ၂၅၆ [၊]

၃။ ဂျတိဂ်ရာမေဿရ် မူလပါဋ္ဌ

သုဝံဏာဂိရိတေ အယပုတသ မဟာမာတာဏံ စ ဝစနေန ဣသိလသိ မဟာမာတာ အရောဂိယံ ဝတဝိယာ ဟေဝံ စ ဝတဝိယာ [၊] ဒေဝါနံ ပိယေ အာဏပယတိ * [၊] အဓိကာနိ အဟတိယာနိ ဝသာနိ ယ ဟကံ . . . . . နော တု ခေါ ဗာပံ ပကံတေ ဟုသံ ဧကံ သဝဆရံ [၊] သတိရေကေ တု ခေါ သံဝဆရံ * ယံ မယာ သံယေ ဥပယိတေ ဗာပံ စ မေ ပကံတေ [၊] ဣမိနာ စု ကာလေန အမိသာ သမာနာ မုနိသာ ဇုဒိပသိ * မိသာ ဒေဝေဟိ [၊] ပကမသ ဟိ ဣယံ ဖလေ [၊] နော ဟိယံ သကျေ မဟာတွေနေဝ

ပါပေါတဝေ [၊] ကာမံ တု ခေါ ခုဒကေနပိ * ပကမမိဏောဏ ဝိပုလေ သွဂေ သက္ကေ အာရာဓေတဝေ [၊] ဧတာယ'ဋ္ဌာယ ဣဒံ သာဝဏော သာဝါပိတော * [၊] . . . . . မဟာတွာ စ ဣမံ ပကမေယုတိ အံတာ စ မေ ဇာနေယု စိရဋ္ဌိတိကော စ ဣဒံ * ပကမေ ဟောတု [၊] ဣဒံ စ အဋ္ဌေ ဝပိသိတိ ဝိပုလံပိ စ ဝပိသိတိ အဝရမိယာ ဒိယပိယံ * ဝပိသိတိ [၊] ဣဒံ စ သာဝဏော သာဝပတော ဗျူထေန ၂၅၆ [၊]

၄။ ဗြဟ္မဂိရိ မူလပါဠိအနက်

သုဝံဏဂိရိရီတော၊ သုဝဏ္ဏဂိရိတောင်မှ။ အယပုတသ စ၊ အယပုတ္တမင်းသား၏လည်း ကောင်း။ မဟာမာတာဏံ စ၊ မဟာမတ္တ အမည်ရှိကုန်သော အမတ်ကြီးတို့၏လည်းကောင်း။ ဝစနေန၊ အဆင့်စကားဖြင့်။ ဣသိလသိ၊ ဣသိလအရပ်၌။ မဟာမာတာ၊ မဟာမတ္တအမည် ရှိကုန်သော အမတ်ကြီးတို့ကို။ အရောဂိယံ၊ အနာကင်းရှင်း ကျန်းမာခြင်း၏အဖြစ်ကို။ ဝတ-ဝိယာ၊ ပြောကြားအပ်ကုန်၏။ ဝါ၊ ပြောကြားလိုက်ရကုန်အံ့။ ဟေဝံ စ၊ ဤသို့လည်း။ ဝတဝိယာ၊ ပြောကြားအပ်ကုန်၏။ ဝါ၊ ပြောကြားလိုက်ရကုန်အံ့။

ဒေဝါဏံ၊ နတ်တို့၏။ ပိယေ၊ ကြည်ညြိသဒ္ဓါ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာ-သောကမင်းကြီးသည်။ အာဏာပယတိ၊ ဆင့်ဆိုလိုက်၏။ ဝသာနိ၊ နှစ်တို့သည်။ အဟတိ-ယာနိ၊ ၂-နှစ်ခွဲတို့သည်။ အဓိကာနိ၊ လွန်လေကုန်ပြီ။ ယ ဟကံ၊ အကြင်ငါသည်။ သဝကေ၊ တပည့်သည်။ ဝါ၊ ဥပါသကာသည်။ (သုမိ)၊ ဖြစ်၏။ ဝါ၊ ဖြစ်ပြီ။ တု၊ ထိုသို့ပင် ဖြစ်ငြားသော် လည်း။ ခေါ၊ စင်စစ်။ ဧကံ သဝဆရံ၊ ၁-နှစ်မျှ။ ဗာဟံ၊ အတိုင်းထက်အလွန်။ ပကံတော၊ အားထုတ်ရခြင်းသည်။ နော ဟုသံ၊ ရှိသည် မဖြစ်သေး။ တု၊ ထိုသို့ပင် အားမထုတ်ခဲ့ရသော် လည်း။ ခေါ၊ စင်စစ်မှာမူကား။ သံဝဆရံ၊ ၁-နှစ်ခန့်မျှသည်။ သတိရေကော၊ လွန်လေပြီ။ ယံ မယာ၊ အကြင် ငါသည်။ သံယေ၊ သံယာတော်ကို။ ဥပယိတော၊ ကိုးကွယ်ဆည်းကပ်အပ်ပြီ။ (တဒါ)၊ ထိုအခါကပင်။ မေ၊ ငါသည်။ ဗာဟံ စ = ဗာဟံ ဧဝ၊ အတိုင်းထက်အလွန်သာလျှင်။ ပကံတော၊ အားထုတ်အပ်ပြီ။ စု၊ ထင်စွာ ပြဦးအံ့။

ဣမိနာ၊ ဤမည်သော။ ကာလေန၊ အခါ၌။ ဇံဗုဒီပသိ၊ ဇမ္ဗူဒီပါကျွန်း၌။ မုနိသာ၊ ပုဏ္ဏား အစရှိကုန်သောသူတို့ကို။ အမိသာ၊ ကိုးကွယ်ရာမှန်၏-ဟု။ သမာနာ၊ ယုံကြည်ကိုး ကွယ်အပ်ကုန်ပြီ။ (ဒါနိ)၊ ယခုအခါ၌။ ဒေဝေဟိ၊ မိမိနတ်တို့နှင့်။ (သဟ)၊ တကွ။ (တေ)၊ ထိုပုဏ္ဏား အစရှိကုန်သောသူတို့ကို။ မိသာ၊ မဟုတ်မမှန်ကြောင်းတို့ကို။ (ကဋ္ဌာ)၊ ပြုအပ်ကုန်ပြီ။ ဟိ၊ မှန်၏။ ဣဒံ၊ ဤသို့ပြုရခြင်းသည်။ ပကမသ၊ အားထုတ်ခြင်း၏။ ဖလေ၊ အကျိုးတည်း။

ဟိ၊ ဆက်ဆံသည်ကို ဆိုဦးအုံ့။ ဣယံ၊ ဤအားထုတ်ခြင်း၏ အကျိုးကို။ မဟာတွေနော၀၊ ငါကဲ့သို့ ကြီးမြတ်သောသူသည်သာလျှင်။ ပါပေါတ၀ေ၊ ရခြင်းငှာ။ နော သကျေ၊ စွမ်းနိုင်သည် မဟုတ်သေး။

တု၊ ထိုမှတပါး။ ခေါ၊ စင်စစ်သော်ကား။ ပကမမိဏောဏ၊ လုံ့လအားထုတ်သော။ ခုဒကေနပိ၊ ငယ်သောသူသည်လည်း။ ဝိပုလေ၊ မွန်မြတ်သော။ ဝါ၊ ကောင်းသော။ သွဂေ၊ နတ်ပြည်-ဟု ဆိုအပ်သော။ ကာမံ၊ စည်းစိမ်ချမ်းသာကို။ အာရာဓေတ၀ေ၊ ရအပ်သည်၊ တစ်နည်း- ရခြင်းငှာ။ သကျေ၊ စွမ်းနိုင်၏။ ဧတာယ၊ ဤသို့သဘောရှိသော။ အဋ္ဌာယ၊ အကျိုးငှာ။ သာ၀ဏော၊ ကြားနာအပ်သော။ ဣယံ၊ ဤအနုသာသနစကားကို။ သာ၀ါပိတေ၊ ကြားစေအပ်ပြီ။

ဣတိ၊ ထို့ကြောင့်။ (ခုဒကာ စ)၊ လူငယ်တို့သည်လည်းကောင်း။ မဟာတွာ စ၊ ငါကဲ့သို့ ကြီးမြတ်ကုန်သော မင်းတို့သည်လည်းကောင်း။ ဣမံ၊ ဤအနုသာသနစကားကို။ ပကမေယု၊ အားထုတ်ကြကုန်လော့။ မေ၊ ငါ၏။ အံတာ စ၊ ပြည်နီးချင်း မင်းတို့သည်လည်း။ ဏနေယု၊ သိကြကုန်လော့။ (မေ)၊ ငါ၏။ ဣယံ၊ ဤမည်သော။ ပကမေ၊ အားထုတ်ခြင်းသည်။ စိရဋ္ဌ-တိကေ စ၊ ကြာမြင့်စွာ တည်နေခြင်းသည်လည်း။ ဟောတု၊ ဖြစ်စေသတည်း။

စ၊ ထိုမှတပါး။ ဣယံ၊ ဤမည်သော။ အဋ္ဌေ၊ အကျိုးသည်။ ဝပိသိတိ၊ ကြီးပွါးလတ္တံ့။ ဝိပုလံပိ စ၊ ဖြူစင်စွာသာလျှင်။ ဝပိသိတိ၊ ကြီးပွါးလတ္တံ့။ အ၀ရဓိယာ၊ အနည်းဆုံးအားဖြင့်။ ဒိယပိယံ၊ ၁-ဆခွဲလောက် (တစ်နည်း- နေ့ကို ၂-ဆ, ညဉ့် ၄-ဆအားဖြင့်)။ ဝပိသိတိ၊ ကြီးပွါး လတ္တံ့။ ဗျူထေန၊ တိုင်းခန်းလှည့်လည်သော သီရိဓမ္မာသောကမင်းကြီးသည်။ ၂၅၆-ဒွိသတ-ဆပညာသေ၊ တိုင်းခန်းလှည့်လည်၍ ၂၅၆-ရက်မြောက်၌၊ (တစ်နည်း ၂၅၆-ခုမြောက် တပ်စခန်းချရာ၌)။ သာ၀ဏော၊ ကြားနာအပ်သော။ ဣယံ၊ ဤအနုသာသနစကားကို။ သာ၀-ပတေ၊ ကြားစေအပ်ပြီ။

၅။ ဗြဟ္မဂိရိ-စသော ၃-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- သုဝဏ္ဏဂိရိတောင်မှ အယပုတ္တမင်းသားနှင့် မဟာမတ္တအမည်ရှိကုန်သော မင်းမှူထမ်းအမတ်ကြီးတို့မှတဆင့် ဣသိလအရပ်ရှိ မဟာမတ္တအမတ်ကြီးတို့အား ကျန်းမာကြောင်းစကားနှင့်တကွ ဤမည်သောစကားကို ပြောကြားလိုက်ရသည်မှာ 'ဒေ၀ါနံ-ပိယ' တံဆိပ်နာမံတော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် ဤသို့ ဆင့်ဆိုတော်မူပေ၏။ "ငါသည် ဥပါသကာဖြစ်သည်မှာ ၂-နှစ်ခွဲလောက် ရှိလေပြီ။ သို့သော် ငါသည် တစ်စုံတစ်ခုကို

၁-နှစ်မျှ ကောင်းမွန်စွာ အားမထုတ်ခဲ့ရသေး။ စင်စစ်သော်ကား ငါသည် သံယာတော်ကို ကိုးကွယ်ဆည်းကပ်သည်မှာ ၁-နှစ်ခန့်မျှ ရှိလေပြီ။ ထိုအခါကပင် ငါသည် ကောင်းမွန်စွာ အားထုတ်ရပေ၏။

ရှေးအခါက ဤမည်သောကာလ၌ ဤဇမ္ဗူဒီပ်ကျွန်းအပြင်မှာ ပုဏ္ဏား-စသည်တို့ကို ကိုးကွယ်အပ်၏-ဟု ယုံကြည်ကိုးကွယ်လျက်ရှိ၏။ ယခုအခါမှာ မိမိနတ်တို့နှင့်တကွ ထိုပုဏ္ဏားတို့ကို မဟုတ်မမှန်ကြောင်းနှင့် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း၊ ဤသို့လျှင် မိစ္ဆာဒိဋ္ဌိမှ ပယ်ဖျောက်၍ သမ္မာဒိဋ္ဌိသို့ ရောက်ရခြင်းကား လုံ့လ၏ အကျိုးသည်ပင်လျှင် မုချဖြစ်၏။ ဤကဲ့သို့ လုံ့လ၏အကျိုးကို ငါကဲ့သို့ ကြီးမြတ်သောသူသည်သာလျှင် ရအပ်သည် မဟုတ်။ စင်စစ်မူကား ငယ်သောသူပင် ဖြစ်စေကာမူ အကယ်၍ တစ်စုံတစ်ခုကို အားထုတ်ခဲ့ခြင်းရှိလျှင် မွန်မြတ်သော နတ်စည်းစိမ်ကိုလည်း ရနိုင်ပေ၏။

ငါသည် ဤအကျိုးငှာ ကြားနာအပ်သော အနုသာသနစကားကို ကြားနာစေ၏။ ထို့ကြောင့် ကြီး,ငယ်မဟူ မည်သူမဆို ဤအနုသာသနစကားအတိုင်း အားထုတ်ကြရမည်။ ငါ၏ ပြည်နီးချင်း မင်းတို့သည်လည်း ဤအနုသာသနစကားကို ကောင်းစွာ သိရှိကြကုန်လော့။ ဤသို့ သိရှိပြီး၍ အသီးအသီး အားထုတ်ကြကုန်သည်ရှိသော် ငါ၏ အားထုတ်ခြင်းသည် သာသနာ ၅၀၀၀-တိုင်အောင် မရွှေ့မရှား တည်မြဲတိုင်း တည်နေရပေအံ့။ တစ်နည်း တည်နေစေသတည်း။

ဤသို့ ဤသာသနာတော်နှင့် စပ်လျဉ်းသောအကျိုးသည် တစ်နေ့ထက်တစ်နေ့ ထွက်စ-သော လက်ဆဲ့ကြီးပွါးလိမ့်မည်။ ဤပြင် ဖြူစင်သည်ထက်မက ဖြူစင်ကြီးပွါးခြင်းသို့ ရောက်လိမ့်မည်။ အနည်းဆုံး နေ့ကို ၂-ဆ, ညဉ့် ၄-ဆအားဖြင့် ကြီးပွါးရမည် အမှန်ပင် ဖြစ်ပေ၏"။ ကြားနာအပ်, ကြားနာထိုက်သော ဤအနုသာသနစကားကို တိုင်းခန်းလှည့်လည်သော သီရိဓမ္မာသောကမင်းကြီးသည် တိုင်းခန်းလှည့်လည်၍ ၂၅၆-ရက်မြောက်၌လည်းကောင်း၊ တစ်နည်း တိုင်းခန်းလှည့်လည်၍ ၂၅၆-ခုမြောက် တပ်စခန်းချရာ၌လည်းကောင်း ရေးထိုးထားခဲ့၏။

အမှာစကား။ အထက်အဆိုပါ ကျောက်စာ ၃-ခုကို အပဓာနသိလာလေခတွင် ၃-မျိုး ၃-စားအားဖြင့် ဝေဖန်၍ ဖော်ပြပါရှိသောကြောင့် ဒုတိယ လယုသိလာလေခသို့လည်း ပါဝင်၏-ဟု မှတ်ယူကြလေ။

သုဝဏ္ဏဂိရိနှင့် ဣသိလ၊ ၎င်း ၂-ခုသော ဌာနကို ယခုအခါ အသေအချာ မသိရသေး။ ဗျုလရ် အင်္ဂလိပ်ပညာရှိ၏ အယူမှာ ဣန္ဒိယအနောက်ဘက်ကမ်းခြေ တစ်ခုခုမှာ ရှိသင့်၏-ဟု

အယူရှိ၏။ ဖလိဋ္ဌ အင်္ဂလိပ်ပညာရှိ၏ အလိုကား ပဋ္ဌနာစီရင်စု၊ ရာဇဂြိုဟ်ပြည်၌ရှိသော ဆိုနာဂိရိတောင်သည်ပင် ရှေးဟောင်း သုဝဏ္ဏဂိရိတောင် ဖြစ်သင့်၏။ ၎င်းပြင် ဣသိလအရပ်သည် မိုက်ဆူရ်နယ်မြောက်ပိုင်း ဆိဒ္ဓပုရ်အနီး၌ တစ်စုံတစ်ခုသောနေရာမှာ ရှိသင့်၏-ဟု ဆို၏။

အယပုတ္တမင်းသားသည် အသောက၏ တောင်ဘက်ပြည်နယ်၏ နယ်စားမင်းသား ဖြစ်၏။ မဟာမတ္တ အကြောင်းအရာကို 'စတုဒ္ဒသသိလာလေခ ဂိရနာရ် ပဉ္စမသိလာလေခ' အမှာ စကားရပ်တွင် ကြည့်လေ။ မုနိသာ-ပုဒ်၏အရကား ပုဏ္ဏားကို ယူရမည်။ အဘယ်ကြောင့်ဆိုသော် ဣန္ဒိယ၌ ပုဏ္ဏားကိုပင် အမြတ်ဆုံးကိုးကွယ်ရာ-ဟု ယုံကြည်၍ ကိုးကွယ်လေ့ရှိကြ၏။ ၎င်းပုဏ္ဏားမျိုးကို ဘူဒေဝ-ဟု ခေါ်ဝေါ်၍ လောကနတ်အမှတ်ဖြင့် ဆည်းကပ်ကြကုန်၏။ ယခုထက်ထိ ပုဏ္ဏားမျိုးကို မည်သူတစ်ဦးတစ်ယောက်မျှ ခုခံပြောဆိုခြင်းငှာ မတတ်နိုင်။ ထို့ကြောင့် ပုဏ္ဏားကိုသာ ယူရမည်။

အထက် ရူပနာထ်ကျောက်စာ၌ နတ်မျှားကိုသာ ဖော်ပြ၏။ နတ်ဆိုသည်ကား မဟာဒေဝ-စသည်ကို ယူလေ။ ကြွင်းသောပုဒ်တို့၏ အနက်အဓိပ္ပါယ်ကို ရူပနာထ်ကျောက်စာ၌ ကြည့်ကြလေ။ ၎င်းကျောက်စာ၌ အဆုံးအဖြတ်မျှားစွာ ပါရှိ၏။ ဗြဟ္မဂိရိနှင့် ရူပနာထ်ကျောက်စာသည် သဘောချင်းတူ၍ ဝါကျအစီအရင် ကွဲပြား၏။

----- × -----

[၁၃] ဒုတိယ လယုသိလာလေခ

၁။ ဗြဟ္မဂိရိ မူလပါဋ္ဌ

သေ ဟေဝံ ဒေဝါနံ ပိယေ * အာဟ [:-] မာတာပိတိသု သုသူသိတဝိယေ[၊] ဟေမေဝ ဂုရုတ္ဝံ ပြာဏေသု ဒြဟျိုတဗ္ဗံ [၊] သစ် * ဝတဝိယံ [၊] သေ ဣမေ ဓံမဂုဏာ ပဝတိတဝိယာ [၊] ဟေမေဝ အံတေဝါသိနာ * အာစရိယေ အပစာယိတဝိယေ [၊] ညာတိကေသု စ ကု ယထာရဟံ ပဝတိတဝိယေ * ဧသာ ပေါရာဏာ ပကိတိ ဒိယာဝုသေ စ [၊] ဧသ ဟေဝံ ဧသ ကဋ္ဌိဝိယေ * စ [၊] ပဋ္ဌေန လိခိတံ လိပိကရေဏ [၊]

[ဆရာကြီးဦးသိန်းအောင် မှတ်ချက်။ သုသူသိတဝိယေ-ကို သုသုသတာဝိယေ၊ ညာတိကေသု စ-ကို နာတိကေသု စ က. ယ. ရဟံ၊ ကဋ္ဌိဝိယေ-ကို ကတိဝိယေ၊ လိပိကရေဏ-ကို လိပိကရေန-ရှိ၏။ ရှင်အာဒိစ္စမူ။]

၂။ ဗြဟ္မဂိရိ မူလပါဠိအနက်

ဒေဝါနံ၊ နတ်တို့၏။ ပိယော၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော။ သေ၊ ထိုသီရိဓမ္မာသောကမင်းကြီးသည်။ ဟေဝံ၊ ဤသို့။ အာဟ၊ မိန့်ဆိုတော်မူ၏။ မာတာပိတိသု၊ အမိ,အဘတို့၌။ သုသူသိတဝိယေ၊ ကိုးကွယ်ဆည်းကပ်အပ်၏။ ဟေမေဝ၊ ဤအတူသာ လျှင်။ ပြာဏေသု၊ သတ္တဝါတို့၌။ ဂုရုတွဲ၊ အလေးမူအပ်သည်၏အဖြစ်ကို။ ဒြဟျိတဗ္ဗံ၊ အမြဲ ပြုအပ်၏။ သစ်၊ မှန်သောစကားကို။ ဝတဝိယံ၊ ပြောဆိုအပ်၏။ သေ=တတ၊ ထို့ကြောင့်။ ဣမေ ဓံမဂုဏာ၊ ဤတရားတော်၏ ဂုဏ်တို့ကို။ ပဝတိတဝိယာ၊ တွင်ကျယ်အောင် ပြုလုပ်အပ် ကုန်၏။ ဟေမေဝ၊ ဤအတူသာလျှင်။ အံတေဝါသိနာ၊ တပည့်သည်။ အာစရိယေ၊ ဆရာ ကို။ အပစာယိတဝိယေ၊ ရိုသေစွာ ဆည်းကပ်အပ်၏။

ညာတိကေသု စ၊ ဆွေမျိုးဉာတိတို့၌လည်းကောင်း။ ကုဋုမ्बေသု စ၊ အမျိုးတို့၌ လည်းကောင်း။ ယထာရဟံ၊ ထိုက်သည့်အားလျော်စွာ။ ပဝတိတဝိယေ၊ ပေါင်းသင်းဆက်ဆံ အပ်၏။ ဧသော၊ ဤသည်ကား။ ပေါရာဏာ၊ ဘုရားအလောင်း ရှေးသူတော်ကောင်းတို့၏ ထုံးဟောင်းဖြစ်သော။ ပကိတိ စ၊ ဓမ္မတာနည်းလမ်းသည်လည်းကောင်း။ ဒိယာဝုသေ စ၊ အသက်ရှည်ခြင်းအကြောင်းသည်လည်းကောင်း။ (ဘဝတိ)၊ ဖြစ်၏။ ဟေဝံ၊ ဤသို့။ ဧသေ= ဧသ စ၊ ဤနည်းလမ်း, ဤနည်းလမ်းကိုလည်း။ ကဋ္ဌိဝိယေ၊ ပြုကျင့်အပ်၏။ ပဒ္ဓေန၊ ပဒ္ဓ အမည်ရှိသော။ လိပိကရေဏ၊ ကျောက်ကမ္ပည်းစာ ရေးထိုးသောဆရာသည်။ (ဣဃံ)၊ ဤကျောက်စာကို။ လိခိတံ၊ ရေးထိုးအပ်ပြီ။

၃။ ဗြဟ္မဂိရိ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီး သည် ဤသို့ မိန့်ဆိုတော်မူလေ၏။ "အမိ,အဘတို့အား ကောင်းစွာ ဆည်းကပ်ရခြင်း၊ သတ္တဝါ တို့အပေါ်မှာ မေတ္တာတရားကို အမြဲထားရခြင်း၊ မှန်ကန်သော စကားကို ပြောဆိုရခြင်း၊ တရားတော်၏ ဂုဏ်ကို ယုံကြည်ကြီးပွါးစေရခြင်း၊ တပည့်များတို့ကလည်း ဆရာသမားတို့အား ရိုသေစွာ ဆည်းကပ်ရခြင်း၊ ၎င်းပြင် ဉာတိဆွေမျိုးနှင့်တကွ အမျိုးအနွယ်တို့၌ ဝတ္တရားအတိုင်း သင့်လျော်အောင် ပြုကျင့်ရခြင်း၊ ဤအလုံးစုံသော သဘောတရားသည် ရှေးသူတော်ကောင်း ဘုရားလောင်းတို့၏ ထုံးဟောင်းဓမ္မတာဖြစ်၍ အသက်ရှည်ခြင်းအကြောင်း ဖြစ်ပေ၏။ ထို့ကြောင့် ဤနည်းလမ်းအတိုင်း ကျင့်ဆောင်အားထုတ်ကြရမည်။ ပဒ္ဓ-အမည်ရှိသော ကျောက်ကမ္ပည်းဆရာသည် ဤကျောက်စာကို အောက်၌ ရေးထိုးထားခဲ့၏။"

အမှာစကား။ ဤဒုတိယ လယုသိလာလေခကို မိုက်ဆူရ်နယ် မြောက်ပိုင်း၌ ဗြဟ္မဂိရိ, ဆိဒ္ဓပုရ်, ဂျတိဂ်ရာမေဿ္ဌရ်၊ ၎င်း ၃-ဌာနရှိ ပထမ လယုသိလာလေခ၏ အောက်၌ ဆက်၍ရေးထားသည်ကို တွေ့ရှိရ၏။ ၎င်းကျောက်စာ၏ ရေးပုံ,သားပုံမှာ အခြားအခြားသော နေရာ၌ အသောကမင်းကြီး ရေးနည်းနှင့် မတူ။ ဥပနိရှဒ်ကျမ်း၏ ရေးပုံ,သားပုံနှင့်သာ အချို့,အချို့ တူ၏။ 'ဒိယာဝုသေ'ပုဒ်ကို သက္ကဋဘာသာ မနုကျမ်း၊ အခန်းနံပါတ်-၂၊ ဂါထာနံပါတ် ၁၂၁-မှာ ကြည့်လေ။

၄။ သက္ကဋဂါထာ

အဘိဝါဒန သျှီလသျ၊ နိတျံ ဗြဒ္ဓေါပသေဝိနး။
စတ္တာရိ တသျ ဝရဒ္ဓန္တ၊ အာယုး ဝိဒျာ ယသျောာ ဗလမ်။ ။

ဓမ္မပဒပါဠိတော်(၈၈)၊ ဒိယာယု ကုမာရဝတ္ထု၌လည်း သက္ကဋနည်းတူ လာရှိသည်ကို ထောက်၍ ကြည့်အပ်၏။

၅။ ဓမ္မပဒဂါထာ

အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။ ။ (ဓမ္မ။၂၉)

အဘိဝါဒနသီလိဿ၊ အရိုအသေ ရှိခိုးလေ့ရှိသော။ နိစ္စံ၊ အမြဲ။ ဝုဍ္ဎာပစာယိနော၊ အသက်သိက္ခာ, ဝါအားဖြင့် ကြီးသောသူတို့ကို အရိုအသေပြုထသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ အာယု၊ အသက်ရှည်ခြင်းလည်းကောင်း။ ဝဏ္ဏော၊ အဆင်းလှခြင်းလည်းကောင်း။ သုခံ၊ ချမ်းသာခြင်းလည်းကောင်း။ ဗလံ၊ ခွန်အားကြီးခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ ၄-ပါးကုန်သော။ ဓမ္မာ၊ ကျေးဇူးတရားတို့သည်။ ဝဍ္ဎန္တိ၊ တိုးပွါးကုန်၏။

'လိပိကရေဏ'ဟူသော သဒ္ဒါကို ခရိုရှဋ္ဌခေါ်သော အက္ခရာဖြင့် ရေးထားခဲ့၏။ ဣန္ဒိယ အနောက်မြောက်ထောင့်နယ်ခြား၌ မန်နဆေရာနှင့် သျှာဟဗာဂ်ဂဟရီအရပ်ရှိ စတုဒ္ဒသသိလာလေခမှာလည်း ၎င်းအက္ခရာနှင့်ပင် ရေးထိုးထားရှိ၏။ ထို့ကြောင့် ပဒုခေါ်သော ကျောက်စာရေးဆရာသည် ဣန္ဒိယ အနောက်မြောက်ပိုင်းနယ်သား ဖြစ်ဟန်တူသည်။ ၎င်းသည် မိမိကို ဘာသာ ၂-ခု၌ တတ်သိလိမ္မာရှိကြောင်းကို သိစေရန် 'လိပိကရေဏ'-သဒ္ဒါကို ခရိုရှဋ္ဌအက္ခရာနှင့် ရေးထိုးထားခဲ့၏-ဟု မှတ်ယူကြလေ။

----- × -----

[၁၄] ပထမ လယုသိလာလေခ

၁။ မာဆကီ မူလပါဠိ

ဒေဝါနံ ပိယသ အသောကသ . . . . . ပတ * . . . နိ ဝသာနိ ယံ အံ သုမိ ဇုံပါသျှကေ . . . . . တိရေကေ *. . . မိ သံယံ ဥပဂတေ ဗာ. . . မိ ဥပဂတေ [၊] ပုရေ ဇုဗု * သိ ဒေဝါ ဟုသု တေ ဒါနိ မိသိဘူတာ [၊] ဣယ အဒ္ဓေ ခုဒ*ကေန ဟိ ဓမယု-တေန သကေ အဓိဂတဝေ [၊] နဟေဝ ဒခိတဝိယေ ဥဒ္ဓာ*လကေဝ ဣမ အဓိဂဆေယာတိ [၊] ခုဒကေ စ ဥဒ္ဓာလကေက စ ဝတ*ဝိယာ ဟေဝံ ဝေ ကလ်ံတံ ဘဒကေဒ္ဓေတိ . . . တက စ ဝပိ*သိတိ စာ ဒိယပိယ ဟေသတိ [၊]

၂။ မာဆကီ မူလပါဠိအနက်

ဒေဝါနံ၊ နတ်တို့၏။ ပိယသ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော။ အသော-ကသ၊ သီရိဓမ္မာသောကမင်းကြီး၏။ (ဝစနေန၊ စကားဖြင့်။ ဟေဝံ၊ ဤသို့။ ဝတဝိယေ၊ မိန့်ဆို အပ်၏။) ဝသာနိ၊ နှစ်တို့သည်။ ပတ=အပတယာနိ၊ ၂-နှစ်ခွဲတို့သည်။ (သာတိလေကာနိ)၊ လွန်လေကုန်ပြီ။ ယံ အံ၊ အကြင်ငါသည်။ ဇုံပါသျှကေ၊ ဥပါသကာသည်။ သုမိ၊ ဖြစ်၏။ ဝါ၊ ဖြစ်ပြီ။ (စု၊ ထိုသို့ပင် ဖြစ်ငြားသော်လည်း။ ခေါ၊ စင်စစ်အားဖြင့်။ ဗာပံ၊ အတိုင်းထက်အလွန်။ နော ပကတေ၊ အားမထုတ်ရသေး။ စု၊ ထိုသို့ပင် ဖြစ်နေငြားသော်လည်း။ ဆဝဆရေ၊ ၁-နှစ်ခန့်မျှသည်)။ တိရေကေ=သာတိရေကေ၊ လွန်မြောက်လေပြီ။

(ယံ အံ)၊ အကြင်ငါသည်။ သံယံ၊ သံယာတော်ကို။ ဥပဂတေ၊ ကိုးကွယ်ဆည်းကပ်ခြင်းသည်။ သုမိ၊ ဖြစ်၏။ ဝါ၊ ဖြစ်ပြီ။ (တစ်နည်း ယံ အံ၊ အကြင်ငါသည်။ သံယံ၊ သံယာတော်သို့။ ဥပဂတေ၊ ကောင်းစွာ ကပ်ရောက်သည်။ သုမိ၊ ဖြစ်ပြီ။ တဒါ၊ ထိုအခါကပင်။) ဗာ=ဗာပံ စ၊ အတိုင်းထက်အလွန် ကောင်းမွန်စွာသာလျှင်။ ဥပဂတေ၊ ကိုးကွယ်ဆည်းကပ်ရခြင်းသည်။ (သုမိ)၊ ဖြစ်ပြီ။ ပုရေ၊ ရှေးအခါ၌။ ဇုဗု. . . သိ=ဇုဗုဒိပသိ၊ ဇမ္ဗူဒီပါကျွန်း၌။ ဒေဝါ=ယေ ဒေဝါ၊ အကြင်နတ်တို့သည်။ အမိသာ၊ မချွတ်မယွင်း။ ဝါ၊ အမှန်အကန်။ ဟုသု၊ ရှိနေကြကုန်ပြီ။ ဒါနိ၊ ယခုအခါ၌။ တေ၊ ထိုနတ်တို့သည်။ မိသိဘူတာ၊ မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်းကြ လေကုန်ပြီ။

ဟိ၊ မှန်၏။ ဣယ၊ ဤအမည်ရှိသော။ အဒ္ဓေ၊ အကျိုးကို။ ဓမယုတေန၊ တရားတော်ကို အားထုတ်သော။ ခုဒကေန၊ ငယ်သောသူသည်။ အဓိဂတဝေ၊ ရအပ်သည်။ ဝါ၊ ရခြင်းငှာ။ သကေ၊ စွမ်းနိုင်၏။ ဥဒ္ဓာလကေဝ၊ ငါကဲ့သို့ မြင့်မြတ်ကုန်သော မင်းတို့သည်သာလျှင်။ ဣမ၊

ဤလုံ့လ၏ အကျိုးကို။ အဓိဂဆေယာ၊ ရကုန်ရာ၏။ ဣတိ၊ ဤသို့။ နဟေဝ ဒဓိတဝိယေ၊ မရှုအပ်။ ခုဒကေ စ၊ လူငယ်များတို့ကိုလည်းကောင်း။ ဥဒ္ဒာလကေက စ၊ လူကြီးများတို့ကို လည်းကောင်း။ ဟေဝံ၊ ဤသို့။ ဝတဝိယာ၊ ပြောဆိုအပ်ကုန်၏။

ဝေ၊ မုချကေန် အမှန်စင်စစ်အားဖြင့်သော်ကား။ ဣတိ၊ ဤသို့။ ကလံတံ၊ ပြုရခြင်းသည်။ ဘဒကေဌေ၊ ကောင်းမြတ်သော အကြောင်းသည်။ ဘဝတိ၊ ဖြစ်၏။ ဣယ၊ ဤအမည် ရှိသော။ အဌေ၊ အကျိုးသည်။ တက စ=စိရဋ္ဌိတက စ၊ ကြာမြင့်စွာ တည်နေခြင်းသည်လည်း။ ဟောသတိ၊ ဖြစ်လတ္တံ့။ ဝပိသိတိ စ၊ ကြီးလည်း ကြီးပွါးလတ္တံ့။ ဒိယပိယ၊ ၁-ဆခွဲလောက်။ ဝါ၊ နေ့ကို ၂-ဆ, ညဉ့်ကို ၄-ဆအားဖြင့် ကြီးပွါးခြင်းသည်။ ဟောသတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဝတဝိယာ၊ ပြောဆိုအပ်၏။

၃။ မာဆကိအဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ' တံဆိပ်နာမံတော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် ဤသို့ မိန့်ဆိုတော်မူ၏။ "ငါသည် ဥပါသကာဖြစ်သည်မှာ ၂-နှစ်ခွဲလောက် ရှိလေပြီ။ သို့သော် ငါသည် မည်သည့်တစ်ခုကိုမျှ ကောင်းမွန်စွာ အားမထုတ်ခဲ့ရသေး။ စင်စစ်သော်ကား ငါသည် သံဃာတော်ကို ကိုးကွယ်ဆည်းကပ်သည်မှာ ၁-နှစ်ခန့်မျှသာ ရှိသေး၏။ ထိုအခါကပင် ငါသည် ကောင်းမွန်စွာ ကိုးကွယ်ဆည်းကပ်လျက် အားထုတ်ရပေ၏။ ရှေးအခါက ဤဇမ္ဗူဒိပ်ကျွန်းအပြင်တွင် အကြင် မိစ္ဆာဒိဋ္ဌိနတ်များတို့သည် မချွတ်ဧကန် မဖောက်မပြန်ဘဲ အမှန်ပင် ရှိနေကြကုန်၏။ ယခုမူကား ထိုမိစ္ဆာဒိဋ္ဌိနတ်များတို့သည် ဖောက်ပြန်ချွတ်ယွင်းလျက် မဟုတ်မမှန်ခြင်းသို့ ရောက်ရှိကြလေကုန်ပြီ။

ဤကဲ့သို့အကျိုးကို ငါမှတပါး တရားတော်သို့ သက်ဝင်ယုံကြည်ကြကုန်သော တိုင်းသူပြည်သား ငယ်သူငယ်သားများတို့သည်လည်း ရခြင်းငှာ စွမ်းနိုင်ကုန်၏။ ထို့ကြောင့် ငါကဲ့သို့ ကြီးမြတ်သောမင်းသာ ဤလုံ့လ၏အကျိုးကို ရအပ်,ရထိုက်သည်-ဟူ၍ တရံတဆစ်မျှ မမှတ်အပ်။ ငယ်သည်ဖြစ်စေ, ကြီးသည်ဖြစ်စေ လူအားလုံးတို့ကို ပြောဆိုကြရမည်မှာ 'ဤကဲ့သို့ပင် လုံ့လအားထုတ် ပြုလုပ်ရခြင်းသည် စင်စစ်မှာမူကား ကောင်းမြတ်သော ပြုလုပ်ရခြင်း၏ အကြောင်းရင်းကြီး ဖြစ်ပေ၏။ ၎င်းပြင် ဤဝိရိယအကျိုးသည် ကမ္ဘာပေါ်မှာ သာသနာတော် ၅,၀၀၀-ကာလပတ်လုံးလည်း တည်နေရလိမ့်မည်။

ဤမျှသာ မကသေး။ ထိုလုံ့လ၏ အကျိုးသည် တစ်နေ့ထက်တစ်နေ့ ထွက်စသော လ-ပမာကဲ့သို့ ကြီးပွါးသည်ထက်မက သာလွန်၍ ကြီးပွါးခြင်းသို့ ရောက်ရမည်မှာ မုချပင်

ဖြစ်ပေ၏။ အနည်းဆုံးအားဖြင့် ဆိုရလျှင် နေ့ကို ၂-ဆ, ညဉ့် ၄-ဆစီ အညီအမျှ မဆုတ်မနစ်ဘဲ ကြီးပွါးခြင်းသို့ ရောက်ရလိမ့်မည်'။ ဤသို့ စသည်ဖြင့် ကြီး,ငယ်မဟူ ခပ်သိမ်းသူတို့ကို ကြည်ဖြူစေအောင် ပြောဆိုကြရမည်"။

အမှာစကား။ 'အသောက' အကယ်၍ ဗျုလရ်ပညာရှိ အင်္ဂလိပ်၏အယူကို အမှန်ယူခဲ့လို့ ရှိလျှင် မာဆကီအနီးအပါးဌာနရှိသော နေရာကိုပင် အသောကမင်းကြီးနေသော သုဝဏ္ဏဂိရိ-ဟု ယူရလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် မာဆကီအရပ်မှာ ရှေးဟောင်းရွှေတွင်းများတို့သည် အမြောက်အများရှိကုန်၏။ ထို့ကြောင့် ၎င်းဌာန၏ အနီးအပါးအရပ်ဒေသများကို သုဝဏ္ဏဂိရိ-အမည်ဖြင့် ခေါ်ဆိုကြ၏။ ၎င်းမာဆကီဌာနသည် နိဇာမ်နယ်၊ ရာယကျ္ကရ်စီရင်စုဌ် ရှိ၏။

ဖလီဋ်-ခေါ်သော အင်္ဂလိပ်ပညာရှိ၏ အယူကို အတည်ပြုလို့ရှိလျှင် ဗီဟာရ်နယ်၊ ပဋ္ဌနာစီရင်စုဌ် ဆိုနဂိရိခေါ်သော တောင်ကိုပင် ရှေးဟောင်း အသောကမင်းကြီးနေရာ သုဝဏ္ဏဂိရိတောင်-ဟု ယူရမည်။ ရှေးက ရရှိသော ကျောက်စာများ၌ အသောက-ဟူသော အမည်သည် တစ်စုံတစ်ခုမှာမျှ မပါရှိပေ။ 'ဒေဝါနံပိယ, ပိယဒသိ'မျှသာ ပါရှိလေ၏။ ဤကျောက်စာ၌ကား အသောက-ဟူသော သဒ္ဒါနှင့် ရေးရှိသောကြောင့် ယုံမှားဖွယ်ရာမရှိရာ။ 'ဒေဝါနံပိယ, ပိယဒသိ'-ပုဒ်ကို အသောကမင်းကြီး၏ ဘွဲ့တံဆိပ်ဖြစ်၏-ဟု မှတ်ယူရမည်။ သေနာခေါ်သော အင်္ဂလိပ်ပညာရှိ ၁-ယောက်သည်လည်း ဗုဒ္ဓဘာသာကျမ်းဂန်တို့ကို ကိုးကား၍ ၎င်း'ဒေဝါနံပိယ, ပိယဒသိ' ဟူသောပုဒ်ကို အသောကမင်းကြီး၏ ဘွဲ့တံဆိပ်-ဟူ၍ပင် ဆုံးဖြတ်လိုက်၏။

'မိသိဘူတာ' သက္ကဋဘာသာ၌ မိသိဘူတာ-သဒ္ဒါသည် ကျွိ-ပစ္စည်းသက်၍ မြိုရှိဘူတားဟူ၍ ရုပ်ပြီး၏။ ၎င်းပုဒ်ကို ထောက်၍ အသောကသည် ဤဇမ္ဗူဒီပ်ကျွန်းအပြင်မှာ ရှေးဟောင်းရှိ မိစ္ဆာဒိဋ္ဌနတ်တို့ကို စတင်၍ ဖျက်ဆီးလိုက်ကြောင်းကို မုချသိမှတ်ကြရမည်။ ဤကျောက်စာ၌ပါရှိသော အကြောင်းအရာများသည် ရူပနာထ်နှင့် ဆဟဆရာမ်ကျောက်စာ၌ပါရှိသော အကြောင်းအရာနှင့် များသောအားဖြင့် တူကြ၏။ ထို့ကြောင့် ၎င်း ကျောက်စာ ၂-ခုကို ဆင်ခြင်ပြီးလျှင် ပြင်သစ်ပညာရှိသည် ဆုံးဖြတ်လိုက်သည်မှာ အားလုံးသော ကျောက်စာတို့တွင် ရူပနာထ်နှင့် ဆဟဆရာမ်၊ ဤကျောက်စာ ၂-ခုသည် ရှေ့ဆုံးကျ၏။ ထို့ကြောင့် ၎င်းကျောက်စာ ၂-ခုနှင့် တူသော ဤမာဆကီကျောက်စာလည်း ရှေးဦးကျလိမ့်မည်။ သို့သော် အထက်ကျောက်စာ ၂-ခု၌ ဗျူထ-သဒ္ဒါနှင့် ၂၅၆-သင်္ချာသည် ပါရှိ၏။ ဤမာဆကီ ကျောက်စာ၌မူကား တစ်စုံတစ်ခု သင်္ချာသဒ္ဒါသည် မပါမရှိပေ။

'ဘဒကေဌေတိ' ဟူသောပုဒ်ကို "ဘဒကေ အဌေ ဣတိ"ဟူ၍ ပုဒ်ဖြတ်။ ၎င်းပုဒ်တို့တွင် 'အဌေ'၌ အဌ-သဒ္ဒါသည် အကျိုးအနက်, ကြီးပွါးခြင်း, ဥစ္စာဝတ္ထု၊ အကြောင်း ပျက်စီးခြင်း, စီးပွါး, အနောက်(ဘက်က နေဝင်)တောင်အနက်ကို ဟော၏။ အဌ = ၈-ခုသင်္ချာဟော မဟုတ်။

အသောကကျောက်ထက်အဂ္ဂရာမှာ လာသော အဋ္ဌ-သဒ္ဒါသည် အတ္ထ-ဟူသော ပါဠိဘာသာနှင့် ညီမျှ၏။

အထက်အဆိုပါ ဤမာဆကီကျောက်စာကိုလည်း အပဓာနသိလာဘိလေခတွင် ၃-မျိုး ၃-စားအားဖြင့် ဝေဖန်၍ ဖော်ပြပါရှိလေသောကြောင့် ဒုတိယ လယုသိလာလေခသို့လည်း ပါဝင်၏-ဟု မှတ်ယူရမည်။ စင်စစ်မှာမူကား ၎င်းကျောက်စာသည် ပထမလယုသိလာလေခ ကျောက်စာသာ ဖြစ်၏။ သံယံ ဥပဂတေ-ဟူသောပုဒ်ကို ထောက်၍ အသောကမင်းကြီးကို ရဟန်းပြုလေပြီ-ဟု အယူရှိကြ၏။ ရဟန်းပင် မပြုငြားသော်လည်း မင်းမှုကိစ္စကို စွန့်၍ သုဝဏ္ဏ-ဂိရိတောင်၌ နေကြောင်းကိုကား ဗြဟ္မဂိရိကျောက်စာကို ထောက်၍ သိရ၏။

----- x -----

[၁၅] ၁။ ဘာဗြူ (ဘာဗရာ) သိလာလေခမူလပါဋ္ဌ

ပိယဒသိ လာဇာ မာဂဓံ သံယံ အဘိဝါဒနံ အာဟာ [:-] အပါဝါဓတံ စ ဖာသု ဝိဟာလတံ စာ * [၊] ဝိဒိတ ဝေ ဘံတေ အာဝတကေ ဟမာ ဗုဓသိ ဓံမသိ သံဃသိတိ ဂလဝေ စ ပသာဒေ စ [၊] ဧကဲစိ ဘံတေ*ဘဂဝတာ ဗုဓေန ဘာသိတေ သဝေ သေ သုဘာသိတေဝါ ဧ စု ခေါ ဘံတေ ဟမိယာယေ ဒိသေယာ ဟေဝံ သဓံမေ* စိလဋ္ဌိတိကေ ဟောသတိတိ အလဟာမိ ဟကံ တံ ဝတဝေ [၊] ဣမာနိ ဘံတေ ဓံမပလိယာယာနိ ဝိနယသမုကသေ* အလိယဝသာနိ အနာဂတဘယာနိ မုနိဂါထာ မောနေယသုတေ ဥပတိ-သပသိနေ ဧ စာ လာယုလော*ဝါဒေ မုသာဝါဒံ အဓိဂိယိ ဘဂဝတာ ဗုဓေန ဘာသိတေ ဧတာန ဘံတေ ဓံမပလိယာယာနိ ဣဆာမိ* ကိံတိ [?] ဗဟုကေ ဘိက္ခုပါယေ စ ဘိက္ခု-နိယေ စာ အဘိဓိနံ သုနယု စာ ဥပဓာလေယေယု စာ* ဟေဝံ ဟေဝါ ဥပါသကာ စာ ဥပါသိကာ စာ [၊] ဧတေနိ ဘံတေ ဣမံ လိခါပယာမိ အဘိဟေတံ မ ဇာနံတတိ [၊]

[ဆရာကြီးဦးသိန်းအောင် မှတ်ချက်။ အပါဝါသတံ-ကို အပါဘာဝတံ၊ စာ-ကို စ၊ ဝိဒိတ-ကို ဝိဒိတေ၊ အဓိဂိယ-ကို အဓိဂိစ္ဆ၊ ဧတာန-ကို ဧတာနိ၊ ဓံမပလိဟာယာနိ-ကို ဓံမပလိယာယာနိ၊ စာ-ကို စ-ရှိ၏။ ရှင်အာဒိစ္စမူ။]

၂။ ဘာဗြူ(ဘာဗရာ) သိလာလေခမူလပါဋ္ဌအနက်

(ဒေဝါနံ)၊ နတ်တို့၏။ ပိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာဖြစ်တော်မူသော။ လာဇာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ မာဂဓံ၊ မဂဓတိုင်း၌ သီတင်းသုံးနေတော်မူသော။

သံယံ၊ သံယာတော်မြတ်ကို။ အဘိဝါဒနံ၊ ရိုသေစွာ ရှိခိုး၍။ အာဟာ၊ လျှောက်ဆိုတော်မူ၏။ အပါဝါဓတံ စ၊ ဘေးရန်လွတ်ရှင်း၊ ဆင်းရဲကင်းခြင်းသည်လည်း။ (ဘဝတု)၊ ဖြစ်ပါစေသတည်း။ ဖာသု၊ ချမ်းချမ်းသာသာ ကောင်းမွန်စွာသာလျှင်။ ဝိဟာလတံ စာ၊ နေ့,ညဉ့်မကင်း၊ နေထိုင်ရခြင်းသည်လည်း။ (ဘဝတု)၊ ဖြစ်ပါစေသတည်း။

ဘံတေ၊ အရှင်ဘုရားတို့။ ဗုဓသိ စ၊ ဘုရား၌လည်းကောင်း။ ဓံမသိ စ၊ တရားတော်၌လည်းကောင်း။ သံဃသိ စ၊ သံယာတော်၌လည်းကောင်း။ ဟမာ၊ ဒကာတော်မင်းကြီး၏။ အာဝတကေ၊ အကြင်မျှလောက်။ ဣတိ၊ ဤသို့။ ဂလဝေ စ၊ ရိုသေလေးမြတ်ခြင်းကိုလည်းကောင်း။ ပသာဒေ စ၊ ကြည်ညိုခြင်းကိုလည်းကောင်း။ ပေ၊ အရှင်ဘုရားတို့သည်။ ဝိဒိတ၊ သိတော်မူအပ်ပြီ။ ဘံတေ၊ အရှင်ဘုရားတို့။ ဧကဲစိ၊ တစ်စုံတစ်ခုသော တရားတော်ကို။ ဘဂဝတာ၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဓေန၊ ဘုရားရှင်မြတ်သည်။ ဘာသိတေ၊ ဟောတော်မူအပ်ပြီ။ သေ သဝေ၊ ထိုအလုံးစုံသော တရားတော်ကို။ သုဘာသိ-တေဝါ၊ ကောင်းစွာ ဟောအပ်ပြီးသည်သာလျှင်ကတည်း။

ဘံတေ၊ အရှင်ဘုရားတို့။ စု၊ ထိုသို့ပင် ဟောအပ်သော တရားတော်ရှိငြားသော်လည်း။ ခေါ၊ စင်စစ်သော်ကား။ ဧ၊ အကြင်တစ်စုံတစ်ခုသော ကျမ်းဂန်ကို။ ဟမိယာယေ၊ ဒကာတော်မင်းကြီးသည်။ ဒိသေယာ၊ ညွှန်းအပ်၏။ ဧဝံ၊ ဤနည်းလမ်းအတိုင်း။ သဓံမေ၊ သူတော်ကောင်းတရားသည်။ စိလဋ္ဌိတိကေ၊ ကြာမြင့်စွာ တည်နေခြင်းသည်။ ဟောသတိ၊ ဖြစ်ရလတ္တံ့။ ဣတိ၊ ဤနည်းလမ်းဖြင့်။ ဟက်၊ ဒကာတော်မင်းကြီးသည်။ တံ၊ ထိုကျမ်းဂန်ကို။ ဝတဝေ၊ ဟောပြောခြင်းငှာ။ ဝါ၊ ရွတ်ဖတ်ခြင်းငှာ။ အလဟာမိ၊ ထိုက်ပါ၏။

ဘံတေ၊ အရှင်ဘုရားတို့။ ဣဟာနိ၊ ဤသည်တို့ကား။ ဓံမပလိယာယာနိ၊ တရားကျမ်းဂန်၏ အမည်တို့တည်း။ ဝိနယသမုကသေ စာ၊ ဝိနယသမုကသကိုလည်းကောင်း။ အလိယဝသာနိ စာ၊ အရိယဝံသတို့ကိုလည်းကောင်း။ အနာဂတဘယာနိ စာ၊ အနာဂတဘယတို့ကိုလည်းကောင်း။ မုနိဂါထာ စာ၊ မုနိဂါထာကိုလည်းကောင်း။ မောနေယျသုတေ စာ၊ မောနေယျသုတ်ကိုလည်းကောင်း။ ဥပတိသပသိနေ စာ၊ ဥပတိဿပြဿနာကိုလည်းကောင်း။ ဧ=ဧဝံ၊ ဤအတူ။ လာယုလောဝါဒေ စာ၊ ရာဟုလောဝါဒသုတ်ကိုလည်းကောင်း။ ဘဂဝတာ၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဓေန၊ ဘုရားရှင်မြတ်သည်။ မုသာဝါဒံ၊ မုသာဝါဒကို။ အဓိဂိယိ၊ အစွဲပြု၍။ ဘာသိတေ၊ ဟောတော်မူအပ်ပြီ။

ဘံတေ၊ အရှင်ဘုရားတို့။ ဧတာန၊ ဤသို့ ဆိုအပ်ခဲ့ကုန်ပြီးသော။ ဓံမပလိယာယာနိ၊ တရားကျမ်းဂန်၏ ဒေသနာတော်တို့ကို။ ဣဆာမိ၊ အလိုတော်ရှိပါ၏။ ကိံတိ၊ အဘယ်ကြောင့်

နည်းဟူမူကား။ ဗဟုကေ၊ မျှားစွာကုန်သော။ ဘိက္ခုပါယေ စ၊ ရဟန်းယောက်ျားတို့သည် လည်းကောင်း။ ဘိက္ခုနိယေ စ၊ ရဟန်းမိန်းမတို့သည်လည်းကောင်း။ အဘိဓိန်၊ မပြတ်မလပ်။ သုနယု စ၊ နာလည်း နာကုန်ရာ၏။ ဥပဓာလေယေယု စ၊ ဆောင်လည်း ဆောင်ကုန်ရာ၏။ ဟေဝံ=ဟေဝါ၊ ဤအတူသာလျှင်။ ဥပါသကာ စ၊ ဥပါသကာယောက်ျားတို့သည်လည်း ကောင်း။ ဥပါသိကာ စ၊ ဥပါသိကာမိန်းမတို့သည်လည်းကောင်း။ သုနယု စ၊ နာလည်း နာကုန်ရာ၏။ ဥပဓာလေယေယု စ၊ ဆောင်လည်း ဆောင်ကုန်ရာ၏။

ဘံတေ၊ အရှင်ဘုရားတို့။ (မုနိသာ)၊ လူမျှားအပေါင်းတို့သည်။ မ=မေ၊ ဒကာတော် မင်းကြီး၏။ အဘိဟေတံ၊ ဟောပြောအပ်သော အလိုဆန္ဒကို။ ဇာနံတ=ဇာနံတု၊ သိကြစေကုန် သတည်း။ ဧတေနိ၊ ဤသို့ ရည်မှတ်ခြင်းဖြင့်။ ဣမံ၊ ဤစာတမ်းကို။ (အဟံ)၊ ဒကာတော် မင်းကြီးသည်။ လိခါပယာမိ၊ ရေးသားစေတော်မူပါ၏။ ဣတိ၊ ဤသို့။ (အာဟာ)၊ လျှောက်ဆို တော်မူလိုက်၏။

၃။ ဘာပြ(ဘာဗရာ)သိလာလေခ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံ ပိယဒသီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်း ကြီးသည် မဂဓပြည်ရှိ သံဃာတော်အပေါင်းတို့ကို ရှိသေစွာရှိခိုး၍ လျှောက်ထားတော်မူ လိုက်သည်မှာ–

"အရှင်ဘုရားတို့၊ သံဃာတော်အားလုံးတို့အား ခပ်သိမ်းဘေးရန် အတန်တန်ကုန် သော အန္တရာယ်တို့မှ ကင်းလွတ်၍ ကိုယ်,စိတ် ၂-ဖြာ ချမ်းသာစွာ နေစေကြောင်းကို နေ့စဉ် ဆုတောင်းလျက် ရှိပါပေ၏။ အရှင်ဘုရားတို့၊ ဒကာတော်မင်းကြီးသည် ဘုရား, တရား, သံဃာ၊ ရတနာ ၃-ပါးဌ မည်မျှအလေးဂရုပြု၍ မည်မျှကြည်ညိုသက်ဝင်သည့်အရာများကို အရှင်ဘုရားတို့ သိရှိတော်မူကြပါကုန်၏။ အရှင်ဘုရားတို့၊ ဘုရားရှင်ကိုယ်တော်မြတ် ဟော အပ်သော ဒေသနာတော်အားလုံးသည် အထူးခြီးမွမ်းအပ်သော ဒေသနာတော်ပင် ဖြစ်ပေ၏။ အရှင်ဘုရားတို့၊ ထိုသို့ပင် ဖြစ်ကြားသော်လည်း ဘုရားရှင်၏ မုခပါဒ်ဒေသနာတော်မှ ထုတ်နုတ် ၍ ဒကာတော်မင်းကြီးသည် အကောင်းဆုံးသော ကျမ်းဂန်ကို ရေးသားဖော်ပြလိုက်ပေ၏။

ဤနည်းလမ်းအတိုင်း သူတော်ကောင်းတရားသည် မကွယ်မဆုံးဘဲ သာသနာတော် ၅,၀၀၀-ကာလပတ်လုံး တည်နေမည်ဖြစ်၍ ၎င်းကျမ်းဂန်ကို ဒကာတော်မင်းကြီးလည်း သူတပါးတို့အား ဟောပြောခြင်းငှာ ထိုက်ပါပေ၏။

ထိုကျမ်းဂန်တို့၏ အမည်ကား-

ဝိနယသမုကသ, အရိယဝံသ, အနာဂတဘယ,
မုနိဂါထာ, မောနေယသုတ်, ဥပတိဿပြဿနာ,
ရာဟုလောဝါဒသုတ်၊

ဤအလုံးစုံကို ရှင်တော်ဘုရားသည် မုသာဝါဒကို အကြောင်းပြု၍ ဟောတော်မူခဲ့ပေ၏။

အရှင်ဘုရားတို့ ဤမမွေသနာတော်ကို ဘိက္ခု, ဘိက္ခုနီမ၊ ဥပါသကာ, ဥပါသိကာမတို့ မပြတ်မလပ် ဖတ်ရွတ်ကြားနာ၍ အထူးဆောင်ရွက်ကြစေရန် ဒကာတော် အလိုရှိပါပေ၏။ အရှင်ဘုရားတို့၊ ဒကာတော်မင်းကြီး၏ အလိုဆန္ဒကို လူအများတို့ သိရှိစေရန် ရည်မှတ်လျက် ဤစာတမ်းကို ရေးသားစေတော်မူလိုက်ရပေ၏။" ဤသို့ လျှောက်ဆိုတော်မူ၏။

အမှာစကား။ ဤဘာပြူကျောက်စာသည် အလွန်အရေးကြီးသော ကျောက်စာ ဖြစ်သည်။ ၎င်းကျောက်စာဖြင့် အသောကမင်းကြီးသည် ရတနာ ၃-ပါးဌ လုံးလုံးသက်ဝင်ယုံကြည်ကြောင်းကို မုချသိရ၏။ ၎င်းပြင် ပိဋကတ်ကျမ်းဂန်မှ ဗုဒ္ဓဘာသာနှင့် ဆိုင်ရာကျမ်း ၇-ကျမ်းကို သာသနာတော်ရေးအတွက် ထုတ်နုတ်ပြီးလျှင် လူအများတို့အား ကြားသိစေ၏။ ထိုကျမ်းဂန်တို့ဖြင့် ဘိက္ခု, ဘိက္ခုနီမ၊ ဥပါသကာ, ဥပါသိကာမတို့အား အထူးအားပေးကြောင်းကို လည်း သိရ၏။ အဆိုပါ ကျောက်စာ၌ ပါရှိသော ဗုဒ္ဓဘာသာကျမ်းစာကို ထိုလက်ထက်အခါက ထိုဆိုခဲ့သော အမည်ဖြင့်သာ ခေါ်ဝေါ်ကြ၏။ ထိုကဲ့သို့ပင် အသုံးပြုခြင်းကို ဤကျောက်စာဖြင့် ယုံမှားမရှိ၊ မုချ သိရပေတော့၏။

ဤကျောက်စာကို အပဓာနသိလာဘိလေခတွင် ၃-မျိုး ၃-စားအားဖြင့် ပိုင်းခြား၍ ဝေဖန်လျက်ပါရှိလေသောကြောင့် တတိယလယုသိလာလေခ-ဟူ၍လည်း ခေါ်ဆိုထိုက်၏။ ဤကျောက်စာ၌ကား ပထမ, ဒုတိယ, တတိယ-ဟူ၍ အထူးမဆိုပြားသော်လည်း ပထမလယုသိ-လာလေခ ဘာပြူကျောက်စာ-ဟု ဆိုထိုက်၏။ အကြောင်းမူကား အပဓာနသိလာဘိလေခနှင့် လယုသိလာလေခသို့ ပါဝင်လျက် ရှိပေ၏။

၄။ အသောကမင်းကြီး ထုတ်နုတ်သော ကျမ်း ၇-ကျမ်း၏အမည်

၁။ ဝိနယသမုကသ - ပါတိမောက္ခ။
၂။ အလိယဝသ - အဂုံတ္တရနိကာယ၊ ဒုတိယပိုင်း။ (အံ၊၁။၃၃၆)

၃။ အနာဂတဘယ - အဂ္ဂုတ္တရနိကာယ၊ တတိယပိုင်း။ (အံ၊ ၂။၈၈)

၄။ မုနိဂါထာ - သုတ္တနိပါတ်၊ မုနိသုတ္တ၊ ပထမပိုင်း။ (၃၀၉)

၅။ မောနေယသုတ - သုတ္တနိပါတ်၊ နာလကသုတ္တ၊ တတိယပိုင်း။ (၃၈၅)

၆။ ဥပတိသပသိန - သုတ္တနိပါတ်၊ စတုတ္ထပိုင်း။ (၄၂၆)

၇။ လာယုလောဝါဒ - မဇ္ဈိမနိကာယ၊ ရာဟုလောဝါဒသုတ္တ၊ ပထမပိုင်း။ (၇၇)

ပထမကဏ္ဍ ပြီးပြီ။

★★★★★★★

{ ၂ } ဒုတိယကဏ္ဍ

[၁] စတုဒ္ဒသသိလာလေခ ဂိရနာရ် ပထမသိလာလေခ မူလပါဠ် ၆-ဌာန

၁။ ဂိရနာရ် ပထမသိလာလေခ မူလပါဠ်

ဣယံ ဓမ္မလိပိ ဒေဝါနံ ပြိယေန * ပြိယဒသိနာ ရာညာ လေခါပိတာ [:-] ဣဓ နဂိ*စိ ဇီဝံ အာရဘိတ္မာ ပြဋ္ဌဟိတဗ္ဗံ * နစ သမာဇော ကတထဝေါ [၊] ဗဟုကံ ဟိ ဒေါသံ * သမာဇံဟိ ပသတိ ဒေဝါနံ ပြိယော ပြိယဒသိ ရာဇာ * [၊] အတ္ထိ ပိ တု ဧကစ္စာ သမာဇာ သာဓုမတာ ဒေဝါနံ * ပြိယသ ပြိယဒသိနော ရာညော [၊] ပုရာ မဟာနသံဟိ* ဒေဝါနံ ပြိယသ ပြိယဒသိနော ရာညော အနုဒိဝသံ ဗ*ဟူနိ ပြာဏသတသဟဿာနိ အာရဘိသု သူပါထာယ * [၊] သေ အဇ ယဒါ အယံ ဓံမလိပိ လိခိတာ တိ ဧဝံ ပြာ*ဏာ အာရဘရေ သူပါထာယ ဒွေါ မောရာ ဧကော မဂေါ [၊] သောပိ* မဂေါ နဝုဝေါ [၊] ဧတေပိ တြီ ပြာဏာ ပဆာ နအာရဘိသရေ * [၊]

[ဆရာကြီးဦးသိန်းအောင် မှတ်ချက်။ ဓမ္မလိပိ-၌ ခပိဂိလသိ ပဝတသိ၊ ကတထဝေါ-၌ ကာတဗ္ဗော၊ ရာဇာ-၌ ရာဇ ဒခတိ၊ နစ-၌ နာပိ စ၊ သမာဇံဟိ-၌ သမာဇမ္မိ၊ အတ္ထိ-၌ အထိ၊ မဟာနသံဟိ-၌ မဟာနသမ္မိ၊ သူပါထာယ-၌ သူပထာယ၊ ဒွေါ-၌ ဒွေ၊ အဇ-၌ ကုဒါနိ၊ မဂေါ-၌ မိဂေါ၊ တိ ဧဝံ-၌ တဒါ တိဏာ ယေဝ၊ ပြာဏာ-၌ ပြာဏာနိ၊ အာရဘရေ-၌ အာရဘိယံတိ၊ မဂေါ နဝ-၌ မိဂေါသေသုပိစ-ရှိ၏။ ရှင်အာဒိစ္စမူ။အသောက။ ၂၅]

၂။ ကာလဆီ ပထမသိလာလေခ မူလပါဠ်

ဣယံ ဓံမလိပိ ဒေဝါနံ ပိယေနာ ပိယဒသိနာ လေခိတာ [:-] ဟိ ဒါနာ ကိဆိ ဇီ-ဝေ အာလဘိတု ပဇောဟိတဝိယေ * နောပိ စာ သမာဇေ ကဋ္ဌဝိယေ [၊] ဗဟုကာ ဟိ ဒေါသာ သမာဇသာ ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဒခတိ [၊] အထိ ပိ စာ ဧကတိယာ သမာဇ သာဓုမတာ ဒေဝါနံ ပိယသာ ပိယဒသိသာ လာဇိနေ * ပုလေ မဟာနသသိ ဒေဝါနံ ပိယသာ ပိယဒသိသာ လာဇိနေ အနုဒိဝသံ ဗဟုနိ ပါနသဟသာနိ အာလဘိယိသု သုပဋ္ဌာယ [၊] သေ ဣဒါနိ ယဒါ ဣယံ ဓံမလိပိ လေခိတာ တဒါ တိနိ ယေဝါ ပါနာနိ

အာလဘိယံတိ * ဒုဝေ မဇ္ဈလာ ဧကေ မိဂေ [၊] သေပိ စ မိဂေ နော ဓုဝေ [၊] ဧတာနိ ပိ စ တိနိ ပါနာနိ နော အာလဘိယိသံတိ [၊]

[ဆရာကြီးဦးသိန်းအောင် မှတ်ချက်။ ပါနသဟသာနိ-၌ ပါဏသဟသာနိ၊ တိနိ-၌ တိဏိ၊ ပါနာနိ-၌ ပါဏာနိ-ရှိ၏။ ရှင်အာဒိစ္စမူ]

၃။ ဓောက်လီ ပထမသိလာလေခ မူလပါဋ္ဌ

ဣယံ . . . . . သိ ပဝတသိ ဒေဝါနံ ပိယေ . . . . . ဇိနာ လိခါ . . . [:-] . . . . . ဇိဝံ အာလဘိတု ပဏေဟိ . . . * နော ပိ စ သမာ . . . . . [၊] . . . . . တိယာ သမာဏ သာဓုမတာ ဒေဝါ . . . . . * ပိယဒသိနေ လာဇိနေ . . . မဟ . . . . . နံ . . . . . ပိယ . . . . . နိ ပါနသတသ . . . အာလဘိယိသု သူပါဋ္ဌာယေ* [၊] သေ အဇ အဒါ ဣယံ ဓမ္မလိပိ လိခိတာ တိ̈နိ . . . . . လဘိယ . . . . . တိနိ ပါနာနိ ပဆာ နော အာလဘိယိသံတိ* [၊]

[ဆရာကြီးဦးသိန်းအောင် မှတ်ချက်။ ပါနသတသ-၌ ပါဏသတသ၊ သူပါဋ္ဌာယေ-၌ သူဇ္ဈာယေ၊ အဒါ-၌ ယဒါ၊ တိနိ-၌ တိဏိ၊ ပါနာနိ-၌ ပါဏာနိ-ရှိ၏။ ရှင်အာဒိစ္စမူ။]

၄။ ဂျောဂ္ဂရ် ပထမသိလာလေခ မူလပါဋ္ဌ

ဣယံ ဓံမလိပိ ခပိ̈ ဂလသိ ပဝတသိ ဒေဝါနံ ပိယေန ပိယဒသိနာ လာဇိနာ လိ-ခါပိတာ [:-] ဟိဒ နော ကိဆိ ဇိဝံ အာလဘိတု ပဏေဟိတဝိယေ * နောပိ စ သမာဏေ ကဋ္ဌဝိယေ [၊] ဗဟုကံ ဟိ ဒေါသံ သမာဏသိ ဒခတိ ဒေဝါနံ ပိယေ ပိယဒသိ လာဇ [၊] အထိ ပိ စု ဧကတိယာ သမာဏ သာဓုမတာ ဒေဝါနံ ပိယသ * ပိယဒသိနေ လာဇိနေ [၊] ပုလုဝံ မဟာနသသိ ဒေဝါနံ ပိယသ ပိယဒသိနေ လာဇိနေ အနုဒိဝသံ ဗဟူနိ ပါနသတ-သဟသာနိ အာလဘိယိသု သူပဋ္ဌာယေ * [၊] သေ အဇ အဒါ ဣယံ ဓံမလိပိ လိခိတာ တိ̈နိယေဝပါနာနိ အာလဘိယံတိ ဒုဝေ မဇ္ဈလာ ဧကေ မိဂေ [၊] သေပိ စု မိဂေ နော ဓုဝံ [၊] ဧတာနိပိ စု တိ̈နိ ပါနာနိ * ပဆာ နော အာလဘိယိသံတိ * [၊]

[ဆရာကြီးဦးသိန်းအောင် မှတ်ချက်။ ကိဆိ-၌ ကိ̈စိ၊ ကဋ္ဌဝိယေ-၌ ကတဝိယေ၊ အတိ-၌ အထိ၊ ပိယဒသိနေ-၌ ပိယဒသိနော၊ လာဇိနေ-၌ လာဇိနော၊ ပါနသတသဟသာနိ-၌ ပါဏသတသဟသာနိ၊

သူပါဌာယေ-ဌ် သူပထာယေ၊ အဇ အဒါ-ဌ် ဣဒါနိ ယဒါ၊ တိနိယေဝပါနာနိ-ဌ် တိဏိယေဝပါဏာနိ-ရှိ၏။ ရှင်အာဒိစ္စမူ]

၅။ သျှာဟဘာဂျိဂဟရီ ပထမသိလာလေခ မူလပါဋ်

အယံ ခြမဒိပိ ဒေဝံန ပြိအသ ရညော လိခပိတု [:-] ဟိဒ နော ကိစိ ဇိဝေ အရဘိတု ပြယုဟောတဝေ နောပိ စ သမဇ ကဋ္ဌဝ [၊] ဗဟုက ဟိ ဒေါရ်ံ သမ . . . သဒေဝန ပြိယော ပြိအဒြသ္မိရယ ဒေခတိ * [၊] အသ္ထိပိ စ ဧကတိဧ သမယေ သြေသ္ထမတိ ဒေဝန ပြိအသ ပြိအဒြသ္မိ သရညော [၊] ပုရ မဟနသသိ ဒေဝနံ ပြိအသ ပြိအဒြသ္မိ သရညော အနုဒိဂသော ဗဟုနိ ပြဏသ္ဃတသဟသြနိ အရဘိယိသု သုပဋ္ဌယေ [၊] သော ဣဒနိ ယဒ အယံ * ခြမဒိပိ လိခိတ တဒ ဘြယော ဝေါ ပြဏ ဟံညံတိ မဇ္ဈရ ဒုဝိ * မြုဂေါ * [၊] သောပိ မြုဂေါနော ခြုဝံ [၊] ဧတပိ ပြဏ တြယော ပဆ နဿ အရဘိသ္ကံတိ [၊]

၆။ မာန်နဆေရာ ပထမသိလာလေခ မူလပါဋ်

အယိ ခြမဒိပိ ဒေဝန ပြိယေန ပြိယဒြသ္မိန ရန လိခပိတ [:-] ဟိဒ နော ကိစိ ဇိဝေ အရဘိတ ပြယု*ဟောတဝိယေ နောပိ စ သမဇ ကဋ္ဌဝိယ [၊] ဗဟုက ဟိ ဒေါရ်ံ သမဇသ ဒေဝနံ ပြိယေ ပြိယဒြသ္မိ ရဇ . . . ခတိ [၊] အသ္ထိပိ စု* ဧကတိယ သမဇ သခုမတ ဒေဝန ပြိယသ ပြိယဒြသ္မိနေ ရဇိနေ [၊] ပုရ မဟနသသိ ဒေဝန ပြိ . . . သပြိ . . . သ္မိသရ * ဇိနေ အနုဒိဝ . . . ဗဟုနိ ပြဏသ္ဃတသဟသြနိ အရိ . . . သုသုပတြ ယေ [၊] သေ ဣ . . . နိ . . . အယိ ခြမဒိပိ လိခိတ တဒ တိနိ ယေ . . . ပြဏနိ အ . . . ဘိ . . . တိ ဒုဝေ * မဇ္ဈ * ရ ဧကေ * မြိဂေ [၊] သေပိ စု မြိဂေ နော ခြုဝံ [၊] ဧတနိပိ စု တိနိ ပြဏနိ ပဆ နော အရဘိ . . . [၊]

၇။ ဂိရနာရ် ပထမသိလာလေခ မူလပါဋ်အနက်

ဒေဝါနံ၊ နတ်တို့၏။ ပြိယေန၊ ကြည်ညိုသဒ္ဓါ၊ ချစ်မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပြိယဒသိနာ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ရာညာ၊ သီရိ-ဓမ္မာသောကမင်းကြီးသည်။ ဣယံ ဓမ္မလိပိ၊ ဤတရားတည်းဟူသော ကျောက်ကမ္ပည်းစာကို။ လေခါပိတာ၊ စိရင်ရေးသားစေအပ်ပြီ။ ဣဓ၊ ဤတိုင်းပြည်၌။ ကိံစိ၊ တစ်စုံတစ်ခုသော။ ဇီဝံ၊ သဝိညာဏက သတ္တဝါ-ဟူသမျှကို။ အာရဘိတွာ၊ သတ်၍။ နပြဇုဟိတဗ္ဗံ၊ ယဇ်နတ်

မပူဇော်အပ်။ သမာဇော စ၊ သက်သတ်စီရင်၊ စားပွဲသဘင်ကိုလည်း။ နှ ကတထဝေါ၊ မကျင်းပ, မစီမံအပ်။

ဒေဝါနံ၊ နတ်တို့၏။ ပြိယော၊ ကြည်ညိုသဒ္ဓါ၊ ချစ်မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပြိယဒသီ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ရာဇာ၊ သီရိဓမ္မာ-သောကမင်းကြီးသည်။ သမာဇံဟိ=သမာဇမှိ၊ သက်သတ်စီရင်၊ စားပွဲသဘင်၌။ ဗဟုကံ၊ တစ်ပါးမက၊ များပြားလှသော။ ဒေါသံ ဟိ၊ အပြစ်ကိုသာလျှင်။ ပသတိ၊ မျက်ဝါးထင်ထင်၊ မုချမြင်၏။ အပိ တု၊ စင်စစ်သော်ကား။ ဒေဝါနံ၊ နတ်တို့၏။ ပြိယသ၊ ကြည်ညိုသဒ္ဓါ၊ ချစ်မြတ်နိုးရာလည်းဖြစ်တော်မူထသော။ ပြိယဒသိနော၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ရာညော၊ သီရိဓမ္မာသောကမင်းကြီး၏။ သာဓုမတာ၊ နှစ်သက်အပ်ကုန်သော။ ဧကစာ၊ အချို့အချို့ကုန်သော။ သမာဇာ၊ စားပွဲသဘင်တို့သည်။ အတ္ထိ=သန္တိ၊ ရှိနေကုန်၏။

ပုရာ၊ ရှေးအခါက။ ဒေဝါနံ၊ နတ်တို့၏။ ပြိယသ၊ ကြည်ညိုသဒ္ဓါ၊ ချစ်မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပြိယဒသိနော၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ရာညော၊ သီရိဓမ္မာသောကမင်းကြီး၏။ မဟာနသံဟိ = မဟာနသမှိ၊ စားတော်ချက်ရာ၌။ ဝါ၊ စားဖိုအိမ်၌။ သူပါထာယ၊ ဟင်းလျှာအလို့ငှာ။ အနုဒိဝသံ၊ နေ့စဉ်အတိုင်း။ ဗဟူနိ၊ တစ်ပါးမက၊ များပြားလှကုန်သော။ ပြာဏသတသဟဿာနိ၊ ၁-သိန်းမျှလောက်ကုန်သော သတ္တဝါတို့ကို။ ဝါ၊ သတ္တဝါအသိန်းတို့ကို။ အာရဘိသု၊ သတ်ကြလေကုန်ပြီ။ သေ၊ ထို့ကြောင့်။ ဝါ၊ ထိုသို့ပင် သတ်ငြားသော်လည်း။ အဇ ယနေ့မှစ၍။ ယဒါ၊ အကြင်အခါ၌။ အယံ ဓံမလိပိ၊ ဤတရားတည်းဟူသော ကျောက်ကမ္ပည်းစာကို။ လိခိတာ၊ ရေးသားအပ်ပြီ။

(တဒါ)၊ ထိုအခါ၌။ ဝါ၊ ထိုအခါ, ထိုနေ့မှစ၍။ သူပါထာယ၊ ဟင်းလျှာအလို့ငှာ။ ဒွေါ၊ ၂-ကောင်ကုန်သော။ မောရာ၊ ဥဒေါင်းတို့လည်းကောင်း။ ဧကော၊ ၁-ကောင်သော။ မဂေါ၊ သမင်လည်းကောင်း။ ဧဝံ၊ ဤသို့။ တီ၊ ၃-ကောင်ကုန်သော။ ပြာဏာ၊ သတ္တဝါတို့ကို။ အာရဘရေ၊ သတ်ကြကုန်၏။ (ဧတေသု)၊ ဤသတ္တဝါ ၃-မျိုးတို့တွင်။ သောပိ မဂေါ၊ ထိုသမင်သည်လည်း။ နှ ဓုဝေါ၊ အမြဲမဟုတ်။ ပဆာ၊ နောင်သောအခါ၌။ တြီ၊ ၃-ကောင်ကုန်သော။ ဧတေပိ ပြာဏာ၊ ဤသတ္တဝါတို့ကိုလည်း။ နှ အာရဘိသရေ၊ မသတ်ရကြကုန်လတ္တံ့။

၈။ ဂိရနာရ်-စသော ၆-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒသီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် တရားနှင့်လျော်စွာ ဤကျောက်ကမ္ပည်းစာကို ရေးသားစီရင် ဇမ္ဗူဒီပ်ကျွန်းအပြင်

မှာ ထင်ရှားစေတော်မူလိုက်၏။ အကြောင်းကား- ဤတိုင်းပြည်၌ နေထိုင်ကြကုန်သော သူတို့သည် ဘယ်သတ္တဝါမျိုးကိုမဆို သတ်၍ ယဇ်ပူဇော်ခြင်းကိုလည်းကောင်း၊ ဗလိနတ်စာ ကျွေးခြင်းကိုလည်းကောင်း၊ တိရစ္ဆာန်များကို သတ်၍ စားတော်ပွဲ ပြုလုပ်စီမံခြင်းကိုလည်း ကောင်း မပြုမလုပ်ကြကုန်လင့်။ 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာ-သောကမင်းကြီးသည် ဤကဲ့သို့ သတ္တဝါများကို သတ်၍ စားပွဲသဘင်-စသည် ပြုလုပ်ရာ၌ များစွာသောအပြစ်ကို ရှုလေ့ရှိ၏။ စင်စစ်မှာမူကား 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမ်တော် ရှိသော သီရိဓမ္မာသောကမင်းကြီး၏ နှစ်သက်တော်မူသော စားတော်ပွဲ အချို့တို့သည်လည်း ရှိကုန်သေး၏။

ရှေးအခါက 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောက မင်းကြီး၏ စားတော်ချက်ရာ စဖိုအိမ်၌ စားရန်ဟင်းလျှာအလို့ငှာ နေ့စဉ်မပြတ် သတ္တဝါ တိရစ္ဆာန် ၁-သိန်းမျှလောက်ကို သတ်ကြကုန်၏။ ထိုသို့ပင် သတ်ငြားသော်လည်း ဤတရားနှင့် လျော်စွာ ကမ္မည်းစာရေးသည့်နေ့ကပင် စ၍ ဟင်းလျှာအလို့ငှာ ဥဒေါင်း ၂-ကောင်နှင့် သမင် ၁-ကောင်ကိုသာ သတ်ကြကုန်၏။ ဤ ၃-ကောင်အနက်ကလည်း သမင်ကို သတ်ရာ၌ အမြဲမဟုတ်။ နောင်အနာဂတ်ကာလမှာလည်း ဤ ၃-ကောင်လုံးကိုပင် လုံးလုံးကြီး သတ်ရ တော့မည် မဟုတ်-ဟု မှတ်ကြလေ။

အမှာစကား။ ဣဿရ မူလပါဠိ၌ "ခပိ ဂလသိ ပဝတသိ"ဤမျှသာ ထူး၏။ ၎င်းပါဠိထူး၏ အနက်ကား 'ကပိဇလေ ပရဝတေ'-ဟူသော သက္ကဋ္ဌကို ထောက်၍ "ကပိဇလ အမည်ရှိသော တောင်၌"ဟု အနက်ပေး။ မူလပါဠိကို ထောက်၍ "ခပိဂလ အမည်ရှိသော တောင်၌"ဟု အနက်ပေး။ အဓိပ္ပါယ်မှာ အတူတူပင်တည်း။ ဓောက်လီမူလပါဠိ၌ ကျောက်စာ ပျက်နေ၏။ သတ္တမီသို့-ဝိဘတ်နှင့် ပဝတသိ-သဒ္ဒါ ၁-ခုသာ ရှိ၏။ အဓိပ္ပါယ်ကား ကျောက်စာ ရေးထိုးရာ တောင်၏အမည်ပင် ဖြစ်၏။

သမာဇ-သဒ္ဒါ၏ အနက်ကား နာဋ္ဌက(ဇာတက) စားပွဲ, သောက်ပွဲ, ကပွဲ, ကစားပွဲ, နပန်းလုံးပွဲ, တိရစ္ဆာန်လောင်းပွဲ, သေအရက် စားသောက်ပွဲ, အသင်းအပင်း-စသော အနက်ကို ဟော၏။ ပါဠိလိပုတ်ပြည်မှာ ၁-နှစ်တစ်ခါစီ ကပွဲနှင့်တကွ စားတော်ပွဲကို စီမံကျင်းပလေ့ရှိ၏။ အသောကမင်းကြီးသည် တရားနှင့်မလျော်သော ပွဲတို့ကို ပယ်ရှား၍ တရားနှင့်လျော်သော ပွဲတော်တို့ကိုသာ နှစ်သက်တော်မူ၏။

----- x -----

[၂] စတုဒ္ဓသသိလာလေခ ဂိရနာရ် ဒုတိယသိလာလေခ မူလပါဠ် ၆-ဌာန

၁။ ဂိရနာရ် ဒုတိယသိလာလေခ မူလပါဠ်

သရဝတ ဝိဇိတမှိ ဒေဝါနံ ပြိယသ ပြိယဒသိနော ရာညော * ဧဝမပိ ပြစ်တေသု ယထာ စောဒှာ ပါဒှာ သတိယပုတော ကေတလပုတော အာတ်ဗ*ပ်ဏီ အံ်တိယကော ယောနရာဇာ ယေဝါပိ တသ အံ်တိယကသ သာမီပ် * ရာဇာနော သရဝတြ ဒေဝါနံ ပြိယသ ပြိယဒသိနော ရာညော ဒွေ စိကိဆ ကတာ * မနုသစိကိဆာ စ ပသုစိကိဆာ စ [၊] ⎺ြသုဟနိ စ ယာနိ မနုသောပဂါနိ စ * ပသောပဂါနိ စ ယတ ယတ နာသ္တိ သရဝတြ ဟာရာပိတာနိ စ ရောပါပိတာနိ စ * မူလာနိ စ ဖလာနိ စ ယတ ယတ နာသ္တိ သရဝတြ ဟာရာပိတာနိ စ ရောပါပိတာနိ စ * [၊] ပ်ထေသူ ကူပါ စ ခါနာပိတာ ပြဆာ စ ရောပါပိတာ ပြတိဘောဂါယ ပသုမနုသာနံ * [၊]

၂။ ကာလဆီ ဒုတိယသိလာလေခ မူလပါဠ်

သဝတာ ဝိဇိတသိ ဒေဝါနံ ပိယသာ ပိယဒသိသာ လာဇိနေ ယေ စ အံ်တာ အထာ စောဒှာ ပ်ဒှိယာ သာတိယပုတော ကေတလပုတော တ်ဗပ်နိ* အံ်တိယောဂေ နာမ ယောနလာဇာ ယေ စာ အ်နေ တသာ အံ်တိယောဂသာ သာမ်တာ လာဇာနော သာဝတာ ဒေဝါနံ ပိယသာ ပိယဒသိသာ လာဇိနေ ဒုဝေ စိကိသကာ ကဋ္ဌာ မနုသစိကိသာ စာ ပသုစိကိသာ စာ [၊] ⎺ြသမာနိ မနုသောပဂါနိ စာ ပသောပဂါနိ စာ အတတာ နထိ * သဝတာ ဟာလာပိတာ စာ လောပါပိတာ စာ [၊] ဧဝမေဝါ မုလာနိ စာ ဖလာနိ စာ အတတာ နထိ သဝတာ ဟာလာပိတာ စာ လောပါပိတာ စာ [၊] မဂေသု လုခါနိ လောပိတာနိ ဥဒုပါနာနိ စာ ခါနာပိတာနိ ပဋ္ဌိဘောဂါယေ ပသုမုနိသာနံ [၊]

၃။ ဓောက်လီ ဒုတိယသိလာလေခ မူလပါဠ်

သဝတ ဝိဇိတသိ ဒေဝါနံ ပိယသ ပိယဒသိနေ * လာ . . . . . အံ်တိယောဂေ နာမ ယောနလာဇာ * ဧဝါပိ တသ အံ်တိယောဂသ သာမ်တာ လာဇာနေ သဝတ ဒေဝါနံ ပိယေန ပိယဒသိနာ . . . . . စိ . . . . . သာ စ ပ . . . စိကိသာ စ [၊] . . . ဓာနိ

* အာနိမုနိသောပဂါနိ ပသုါ်ြသြပဂါနိ စ အတတ နု ထိ သဝတ ဟာလာပိတာ စ လောပါပိတာ စ မူလာ . . . . . ဝတ ဟာလာ-ပိတာ စ * လောပါပိတာ စ [၊] မဂေသု ဥဒုပါနာနိ ခါနာပိတာနိ လုခါနိ စ လောပါပိတာနိ ပဋ္ဌိဘောဂါယေ . . . . . နံ * [၊]

၄။ ဣာဂ္ဂရ် ဒုတိယသိလာလေခ မူလပါဋ္ဌ

သဝတ ဝိဇိတသိ ဒေဝါနံ ပိယသ ပိယဒသိနေ လာဇိနေ ဧဝါပိ အံတာ အထာ စောဒှာ ပံဒှိယာ သတိယပုတေ . . . . . အံတိယောကေ နာမ * ယောနလာဇာ ဧဝါပိ တသ အံတိယောကသ သာမံတာ လာဇာနေ သဝတ ဒေဝါနံ ပိယေန ပိယဒသိနာ လာဇိ . . . . . စိကိသာ စ* ပသုစိကိသာ စ [၊]]ြသြသဓာနိ အာနိမုနိသောပဂါနိ ပသုါ်ြသြပဂါနိ စ အတတ နု ထိ သဝတ . . . . . စ . . . အတတ နု ထိ * သဝတု ဟာလာပိတာ စ လောပါပိတာ စ [၊] မဂေသု ဥဒုပါနာနိ ခါနာပိတာနိ လုခါနိ စ လော . . . . . * [၊]

၅။ သ္ဟာဟဗာဂ်ိုဂဟရိ ဒုတိယသိလာလေခ မူလပါဋ္ဌ

သဗြတြ ဝိဇိတေ ဒေဝနံ ပြိယသ ပြိယဒြသ္ပိသ ယေ စ အံတ ယထ စောဒှ* ပံဒှိယ သတိယပုတြ ကေရလပုတြ တံဗပံနိ အံတိယောကော နာမ ယောနရဇ ယေ စ အံညေ တသ အံတိယောကသ သမံတ ရဇနော သဗြတြ ဒေဝနံ ပြိယသ ပြိယဒြသ္ပိသ ရညော ဒုဝိ * စိကိသ ကိဋ္ဌ မနုသ္ပစိကိသ . . . ပသ္ပုစိကိသ စ* [၊]]ြသြရ္ဓပနိ မနုသ္ပောပကနိ စ ပသ္ပောပကနိ စ ယတြ ယတြ နတ္ထိ သဝတြ ဟရောပိတ စ ဝုတ စ ကုပ စ ခနပိတ ပြတိဘောဂယေ ပသ္ပုမနုသ္ပနံ [၊]

၆။ မာန်နဆေရာ ဒုတိယသိလာလေခ မူလပါဋ္ဌ

သ. . . တြ. . . ဇိတသိ ဒေဝန ပြိယသ ပြိဒြသ္ပိသ ရဇိနေ ယေ စ အံတ အထ* စောဒှ ပံဒှိယ သတိယပုတြ ကေရလပုတြေ. . . ဗာဏိ. . . တိယောကေ နမ ယောန . . . ယေ စ. . . သ . . . . . သမံတ ရဇ . . . . . ဗြတြ . . . . . ပြိယသ ပြိယဒြသ္ပိသ ရဇိနေ * ဒုဝေ * စိကိသ ကဋ္ဌ မနုသ္ပစိကိသ စ ပသ္ပုစိကိသ စ [၊]]ြသြရ္ဓ-

ပိန် မနု. . . ကန် စ ပ . . . ကန် စ ယတြ ယတြ နှ . . . . . ဗြတြ ဟရပိတ စ ရောပပိတ စ * ဧဝမေဝ မုလန် စ ဖလန် စ အတြ အတြ နည္ဓိ. . . တြ ဟရပိတ စ ရောပပိတ စ [၁] မဂေသု ရုဆ . . . ပိတ ကု . . . . . တန် ပဋ္ဌိဘောဂယေ ပသ္သုမနုသ္သုန * [၁]

၇။ ဂိရနာရ် ဒုတိယသိလာလေခ မူလပါဋ္ဌအနက်

ဒေဝါနံ၊ နတ်တို့၏။ ပြိယသ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်းဖြစ်တော်မူထသော။ ပြိယဒသိနော၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ရာညော၊ သီရိဓမ္မာ-သောကမင်းကြီး၏။ ဝိဇိတမ္မိ၊ အောင်တော်မူလေပြီးသော။ ဝါ၊ နိုင်ငံတော်ဖြစ်သော။ သရဝတ၊ အလုံးစုံသော တိုင်းပြည်၌လည်းကောင်း။ ဧဝမပိ = ဧဝံ အပိ၊ ဤအတူသာလျှင်။ ပြစ်တေသု၊ နယ်စွန်နယ်ဖျားတို့၌။ ဝါ၊ အသောကမင်းကြီး နိုင်ငံတော်၏ နယ်နိမိတ်အစွန်အဖျားတို့၌။ (ယေ စ)၊ အကြင်တိုင်းပြည်တို့သည်လည်း။ (သန္တိ)၊ ရှိကုန်၏။

ယထာ၊ အသောကမင်းကြီး နိုင်ငံတော်၏ နယ်နိမိတ်အစွန်အဖျားတို့၌ အကြင် အကြင်တိုင်းပြည်တို့သည်ကား။ စောဠာ၊ **စောဠ**ပြည်လည်းကောင်း။ ပါဠာ၊ **ပါဠ**ပြည်လည်း ကောင်း။ သတိယပုတောဝါ၊ **သတိယပုတ**ပြည်လည်းကောင်း။ ကေတလပုတောဝါ၊ **ကေတလပုတ** ပြည်လည်းကောင်း။ အာတံဗပ်ဏီ၊ **တံဗပ်ဏီ**ပြည်တိုင်အောင်လည်းကောင်း။ အံတိယကော၊ အံတိယောက အမည်ရှိသော။ ယောနရာဇာ၊ ယဝနမင်းလည်းကောင်း။ တသ အံတိယကသ၊ ထိုအံတိယောကပြည်၏။ သာမီပ်၊ ထက်ဝန်းကျင်၌။ ဝါ၊ အနီးအပါး၌ ရှိနေကြကုန်သော။ (အံနေ)၊ တခြားတပါးကုန်သော။ ယေဝါပိ ရာဇာနော၊ အကြင်မင်းတို့သည်လည်းကောင်း။ (သန္တိ)၊ ရှိကုန်၏။

(တေသံ)၊ ထိုမင်းတို့၏။ သရဝတြ၊ အလုံးစုံကုန်သော တိုင်းပြည်တို့၌။ ဒေဝါနံ၊ နတ်တို့၏။ ပြိယသ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပြိယဒသိနော၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ရာညော၊ သီရိဓမ္မာသောကမင်းကြီး ၏။ မနုသစိကိဆာ စ၊ လူတို့အား ကုစားခြင်းကိုလည်းကောင်း။ ဝါ၊ လူတို့၏ ဆေးရုံကိုလည်း ကောင်း။ ပသုစိကိဆာ စ၊ တိရစ္ဆာန်တို့အား ကုစားခြင်းကိုလည်းကောင်း။ ဝါ၊ တိရစ္ဆာန်တို့၏ ဆေးရုံကိုလည်းကောင်း။ (ဣတိ)၊ ဤသို့။ ဒွေ၊ ၂-ပါး အပြားရှိကုန်သော။ စိကိဆ၊ ကုစားခြင်း တို့ကို။ ဝါ၊ ဆေးရုံတို့ကို။ ကတာ၊ စီမံပြုလုပ်ကုန်ပြီ။

မနုသောပဂါနိ စ၊ လူတို့နှင့်လည်း သင့်လျော်ကုန်ထသော။ ပသောပဂါနိ စ၊ တိရစ္ဆာန် များတို့နှင့်လည်း သင့်လျော်ကုန်ထသော။ ယာနိ ဩသုဟာနိ စ၊ အကြင်ဓာတ်ဆေး, ဗိန္ဒော

ဆေးတို့သည်လည်း။ ယတ ယတ၊ အကြင်အကြင် နေရာဌာနတို့၌။ နာသ္တိ=နေ သန္တိ၊ မရှိကုန်သေး။ တာနိ သြသုဟာနိ စ၊ အကြင် ဓာတ်ဆေး, ဗိန္ဒောဆေးတို့ကိုလည်း။ သရဝတြ၊ ထိုထို အလုံးစုံကုန်သော နေရာဌာနတို့၌။ ဟာရာပိတာနိ စ၊ ယူလည်း ယူဆောင်လာကုန်ပြီ။ ရောပါပိတာနိ စ၊ စိုက်လည်း စိုက်ပျိုးကုန်ပြီ။ (ဇဝမေဝါ)၊ ဤအတူသာလျှင်။ မူလာနိ စ၊ သစ်ဥ,သစ်မြစ်တို့သည်လည်းကောင်း။ ဖလာနိ စ၊ သစ်သီးတို့သည်လည်းကောင်း။ ယတ ယတ၊ အကြင်အကြင် နေရာဌာနတို့၌။ နာသ္တိ = နေ သန္တိ၊ မရှိကုန်သေး။

(တာနိ တာနိ စ)၊ ထိုထို သစ်ဥ, သစ်မြစ်, သစ်သီးတို့ကိုလည်း။ သရဝတြ၊ ထိုထို အလုံးစုံကုန်သော နေရာဌာနတို့၌။ ဟာရာပိတာနိ စ၊ ယူလည်း ယူဆောင်လာကုန်ပြီ။ ရောပါပိတာနိ စ၊ စိုက်လည်း စိုက်ပျိုးကုန်ပြီ။ ပံထေသူ၊ လမ်းခရီးအစဉ်တို့၌။ ပသုမနုသာနံ၊ တိရစ္ဆာန်များနှင့် လူအပေါင်းတို့၏။ ပြတိဘောဂါယ၊ အစဉ်မပြတ် စားသောက်သုံးဆောင်စိမ့်သောဌာ။ ကူပါ စ၊ ရေတွင်း, ရေကန်တို့ကိုလည်း။ ခါနာပိတာ၊ တူးစေကုန်ပြီ။ ဗြဆာ စ၊ သရက်, ပိန္နဲ အစရှိကုန်သော သစ်ပင်တို့ကိုလည်း။ ရောပါပိတာ၊ စိုက်ပျိုးစေကုန်ပြီ။

၈။ ဂိရနာရ်-စသော ၆-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီး၏ နိုင်ငံတော်အလုံးဌ၌လည်းကောင်း၊ ထိုနိုင်ငံတော်၏ အစွန်အဖျား အနီးအပါး၌ ရှိကြကုန်သော စောဋပြည်, ပါဋလိပြည်, သတိယပုတပြည်, ကေတလပုတပြည်, တံဗပဏ္ဏီပြည်, အံတိယောကပြည်၊ ထိုအံတိယောက အမည်ရှိသော ယဝနမင်း၏ ထက်ဝန်းကျင်ပြည်အနီးအပါးရှိ အခြားအခြားမင်းတို့၏ ဆိုင်ရာဆိုင်ရာ ဌာနအားလုံးတို့၌လည်းကောင်း၊ 'ဒေဝါနံပိယ ပိယဒဿီ'တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် လူ, ကျွဲ, နွား, တိရစ္ဆာန် အစရှိသည်တို့ကို ဆေးဝါးကုစားစေခြင်းအလို့ဌာ လူတို့ဆေးရုံနှင့် တိရစ္ဆာန်များ ဆေးရုံ၊ ၎င်း ၂-မျိုးကို စီမံပြုလုပ်စေတော်မူလေ၏။

၎င်းပြင် လူ, ကျွဲ, နွား, တိရစ္ဆာန်-စသည်တို့နှင့် သင့်လျော်ကုန်သော ဓာတ်ဆေး, ဗိန္ဒောဆေးတို့ကိုလည်း မရှိရာနေရာဌာနတိုင်းမှာ ရရာက ယူဆောင်စိုက်ပျိုးစေတော်မူလေ၏။ ဤနည်းအတူ သစ်ဥ, သစ်မြစ်, သစ်သီးများကိုလည်း ပါးရှားရာနေရာဌာနတိုင်းမှာ ပွါးများရာက ယူဆောင်စိုက်ပျိုးစေတော်မူလေ၏။ ဤမျှသာမက လမ်းစဉ်တလျှောက်လုံးဌ၌ လူ, ကျွဲ, နွား, တိရစ္ဆာန်-စသည်တို့၏ အမြဲမပြတ် စားသောက်ရန် ရေတွင်း, ရေကန်များကို တူးပြီးလျှင် သရက်, ပိန္နဲ အစရှိကုန်သော သစ်ပင်များကို စိုက်ပျိုးစေတော်မူလေ၏။

အမှာစကား။ ကာလဆီ-စသော ကျောက်စာ၌ **အံတ**-ကို ပြတျန္ဓ-ဟု ခေါ်သည်။ ၎င်းအံတ ပြည်သည် အသောက၏ အင်ပါယာထဲသို့ မဝင်။ နယ်ခြားရှိ အခြားသော မင်း၏ အုပ်ချုပ်ရာသာ ဖြစ်သည်။ စောဒကို စောလ, ကိုရိမဏ္ဍလ်, ကျိုလ်မဏ္ဍလ်-ဟု ခေါ်သည်။ ၎င်းစောဒပြည်သည် ဣန္ဒိယအရှေ့တောင် ကျသည်။ ယခုအခါ နီလောက်ရိန့်ဂ် ပဒ္ဒကိုဌာအကြား ရှိ နယ်ပြည်ဖြစ်၍ ၎င်း၏မြို့တော်သည် တြိကျိန္ဒာပလီအနီးရှိ ဥဒိုက်ယူရ်မြို့ ဖြစ်သည်။

ပါဒ-ကို ပဏ္ဍာယ-ဟု ခေါ်သည်။ ၎င်းပါဒပြည်သည် ဒြဝိရ(တာမိလ်)ပြည်၏ တောင်ဘက် ကျသည်။ ယခုအခါ မဒရပ်နယ်ရှိ မဒုရာနှင့် တိနီဝေလ္လီစီရင်စု ဖြစ်သည်။ မင်းနေပြည်ကား **မဒုရာ**ပင် ဖြစ်သည်။ **သ**တိယပုတကို ဆတျပုတြ-ဟု ခေါ်သည်။ ၎င်းသတိယပုတပြည်သည် ကံဂျိုဝရမ်မြို့၏အနီးရှိ အရပ်ဒေသပင် ဖြစ်သည်။ ယခုအခါ ၎င်းအရပ်ဒေသကို ဆတျဗြတ္တ-မဏ္ဍလ်-ဟု ခေါ်သည်။ အချို့က ဗံဂလောက်ရ(ဗံဂလိုရ်)မြို့သည် ၎င်း၏မင်းနေပြည် ဖြစ်သည်-ဟု ဆို၏။

ကေတလပုတ-ကို ကေရလပုတြ-ဟု ခေါ်သည်။ ၎င်းကေတလပုတပြည်သည် မလဝါရ် ပြည်မှ ကံနျာကုမာရီမြို့တိုင်အောင် အရပ်ဒေသပင် ဖြစ်သည်။ တစ်နည်းကား- မလဝါရ်ပြည်၏ သမုဒ္ဒရာကမ်းခြေတလျှောက်ကိုပင် ခေါ်ဆိုနိုင်သည်။ **တ**ံဗပဏ္ဏီ-ကို တာမြပရဏီ-ဟု ခေါ်သည်။ ၎င်းတံဗပဏ္ဏီပြည်သည် သီဟိုဠ်ကျွန်းဖြစ်သည်။ ပညာရှိတို့ ထင်မှတ်သည့်အတိုင်း မြစ်ငယ်,ချောင်းငယ် မဟုတ်-ဟု မှတ်လေ။

အံတိယက-ကို အံတိယောက-ဟု ခေါ်သည်။ ၎င်းအံတိယကပြည်သည် အံတိယိုကဆ်-ထိအိုဆ်, ဆီရိယာ, ဗိုက္ကတြိယာ-စသော အာရှတိုက် အနောက်ပိုင်းဖျား၊ ဘုရင် ယဝန(ဂရိတ်ယူနန်) မင်း ဖြစ်သည်။ ၎င်းမင်းသည် ဆိကံဒရ် (အလက်ဇင်ဒါ)မင်း၏ **ဆေ**းလျှုကဆ်နိကေတရ်မည်သော စစ်ဗိုလ်ချုပ်၏ မြေးပင် ဖြစ်သည်။ ၎င်းမင်းသည် ခရစ်ယာန်သက္ကရာဇ်မပေါ်မီ ၂၆၁-မှစ၍ အုပ်စိုးသည်။ နန်းသက် ၁၄-နှစ်သာ ရှိ၏။

----- × -----

[၃] စတုဒ္ဒသသိလာလေခ ဂိရနာရ် တတိယသိလာလေခ မူလပါဠိ ၆-ဌာန

၁။ ဂိရနာရ် တတိယသိလာလေခ မူလပါဠိ

ဒေဝါနံ ပြိယော ပြိယဒသိ ရာဇာ ဧဝံ အာဟ [၊] ဒ္ဝါဒသဝါသာဘိသိတေန မယာ ဣဒံ အာညပိတံ* [:-] သရဝတ ဝိဇိတေ မမ ယုတာ စ ရာဇုကေ စ ပြာဒေသိကေ စ ပံစသု ပံစသု ဝါသေသု အနုသံ*ယာနံ နိယာတု ဧတာယေဝ အထာယ ဣမာယ ဓံမာနုသဿိယ ယထာ အညာ*ယပိ ကံမာယ [:-] သာဓု မာတရိ စ ပိတရိ စ သုသြူသာ

မိတာသံ့ဆ္ဆုတညာတိနံ ဗာဟ္မဏ*သမဏာနံ သာဓု ဒါနံ ပြာဏာနံ သာဓု အနာရံဘော အပဗျယတာ အပဘာဋ္ဌတာ သာဓု * [၊] ပရိသာပိ ယုတေ အာညပယိသံတိ ဂဏနာယံ ဟေတုတော စ ဗျံဇနတော စ * [၊]

၂။ ကာလဆီ တတိယသိလာလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ အာဟာ * [:-] ဒုဝါဒုသဝသာဘိသိတေန မေ ဣယံ အာနပယိတေ [:-] သဝတာ ဝိဇိတသိ မမ ယုတာ လဇုကေ ပါဒေသိကေ ပံစသု ပံစသု ဝသေသု အနုသယာနံ နိခမံတု ဧတာယေဝါ အထာယေ ဣမာယေ ဓံမနုသ-ထိယာ ယထာ အံနာယေပိ ကံမာယေ [:-] သာဓု * မာတာပိတိသု သုသုသာ မိတသံ-ထုတနာတိကျာနံ စာ ဗံဘနသမနာနံ စာ သာဓု ဒါနေ ပါနာနံ အနာလံဘော သာဓု အပ-ဝိယာတာ အပဘံဋုတာ သာဓု [၊] ပလိသာပိ စ ယုတာနိ ဂနနသိ အနပယိသံတိ ဟေတု-ဝတာ စာ ဝိယံဇနတေ စ * [၊]

၃။ မောက်လီ တတိယသိလာလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ အာဟာ [:-] ဒုဝါဒသဝသာဘိသိတေန မေ ဣယံ အာနပယိ . . . [:-] . . . တ ဝိဇိတသိ မေ ယုတာ လဇုကေ စ . . . သိကေ . . . * ပံစသု ပံစသု ဝသေသု အနုသယာနံ နိခမာဝူ အထာ အံနာယေပိ ကံမနေ ဟေဝံ ဣမာယေ ဓံမာနု. . . ထိယေ [:-] သာဓု မာတာပိတိသု သုသူသာ . . . . . * နာတိသု စ ဗံဘနသမနေဟိ သာဓု ဒါနေ ဇိဝေသု အနာလံဘော သာဓု အပဝိယတိ အပဘံဋု-တာ သာဓု [၊] ပလိသာပိ စ . . . နသိ ယုတာနိ အာနပယိသတိ . . . တုတေ စ ဝိယံဇ . . . *

၄။ ဂျောဂ္ဂရ် တတိယသိလာလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ အာဟာ [:-] ဒုဝါဒသဝသာဘိသိတေန မေ ဣယံ အာ . . . . . [:-] . . . . . စ ပါဒေသိကေ စ * ပံစသု ပံစသု ဝသေသု အနုသယာနံ နိခမာဝူ အထာ အံနာယေပိ ကံမနေ . . . . . သာ မိတသံထုတေသု*နာတိသု စ ဗံဘနသမနေဟိ သာဓု ဒါနေ ဇိဝေသု အနာလံဘော သာဓု . . . . . * ဟေတုတေ စ ဝိယံဇနတေ စ * [၊]

၅။ သ္ဝာဟဗာဂ်ဂဟရီ တတိယသိလာလေခ မူလပါဠိ

ဒေဝါနံ ပြိယော ပြိယဒြသ္မိ ရဇ အဟတိ [;-] ဗဒယဝရ္ဘာသိသိတေန . . . . . [;-] သဝ . . . * ဝိဇိတေ ယုတ ရဇုကော ပြဒေသ္မိကေ ပံစရ္ရ ပံစ-ရ္ရ* ဝရ္ရေရ္ရ အနုသံယနံ နိကြမတု ဧတိသဝေါ ကရဏ ဣမိသ ဓြမနုသ္ဓတ္ထိ ယထ အညယေပိ ကြမယေ [;-] သဓု မတပိတုရ္ရ သုသြ္ဝရ္ရ မိတြသံတ္ဓုတညတိကနံ ဗြမဏသြ္ဝမဏနံ သ . . . ပြ . . . . . * အပဝယတ အပဘံဒုတ သဓု [၊] ပရိ . . . ပိ ယု တနိ ဂဏနသိ အဏပေသ္ဝတိ ဟေတုတော စ ဝညနတော စ [၊]

၆။ မာန်နဆေရာ တတိယသိလာလေခ မူလပါဠိ

ဒေဝန ပြိယေ ပြိယဒြသ္မိ ရဇ ဧဝ အဟ [;-] ဒုဝဒုသ္ဝဝရ္ဘာသေတေန မေ အယံ အဏပယိတေ [;-] သဗြတြ ဝိဇိတသိ မေ . . . တ ရဇု . . . ပြဒေသ္မိကေ . . . စရ္ရ ပံစရ္ရ * ဝရ္ရေရ္ရ * အနုသံယနံ နိကြမံတု ဧတယေဝံ အတြယေ ဣမယေ ဓြမနုသ္ဓသ္ဓိ ယေ ယထံ အဏယေပိ ကြမနေ [;-] သ . . . မတပိ . . ရ္ရ သုသြ္ဝရ္ရ မိကြသံတ္ဓုတ*ညတိကနံ စ ဗြမဏသြ္ဝမနနံ သဓု ဒနေ ပြဏန အ . . . ရဘေ သဓု အပဝယတ အပဘဒုတ သဓု [၊] ပရိရ္ရပိ စ ယုတနိ ဂဏနသိ အဏပယိသ္ဝတိ ဟေတုတေ စ ဝိယ . . . *နတေ စ[၊]

၇။ ဂိရနာရ် တတိယသိလာလေခ မူလပါဠိအနက်

ဒေဝါနံ၊ နတ်တို့၏။ ပြိယော၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပြိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ရာဇာ၊ သီရိဓမ္မာသောက မင်းကြီးသည်။ ဧဝံ၊ ဤသို့သင့်လျော်၊ စကားတော်ကို။ အာဟ၊ စဉ်းစားဝေဖန်၊ မိန့်မြွက်တော် မူပြန်၏။ ဒွါဒသဝါသာဘိသိတေန၊ မင်း၏အဘိသိက်ကို ခံတော်မူ၍ ၁၂-နှစ်မြောက်လေ ပြီးသော။ မယာ၊ ငါသည်။ ဣဒံ၊ ဤသို့ခြင်းရာ၊ ပြန်တမ်းစာကို။ အာညပိတံ၊ လူအပေါင်းတို့ အကြောင်းသိစေ၊ ဆင့်ဆိုတော်မူလိုက်ပေပြီ။ မမ၊ ငါ၏။ ဝိဇိတေ၊ အောင်လေပြီးသော။ ဝါ၊ နိုင်ငံတော်ဖြစ်လေပြီးသော။ သရဝတ၊ အလုံးစုံသော တိုင်းပြည်၌။ ယုတာ စ၊ ယုတအမတ် သည်လည်းကောင်း။ ရာဇုကေ စ၊ ရာဇုကအမတ်သည်လည်းကောင်း။ ပြာဒေသိကေ စ၊ ပါဒေသိကအမတ်သည်လည်းကောင်း။ ပံစသု ပံစသု၊ ၅-နှစ်, ၅-နှစ်မြောက်ကုန်သော။ ဝါသေသု၊ နှစ်တို့၌။ အညာယပိ၊ တပါးသော အဆုံးအမသြဝါဒနှင့် စပ်လျဉ်းခြင်းရှိသော။

ကံမာယ၊ ပြုဖွယ်ဟူသမျှ၊ မှုကိစ္စကို။ ဝါ၊ မှုကိစ္စအား။ အနုသံယာနံ ယထာ၊ စူးစမ်းစိစစ်ဖို့ရန် ထွက်ဘိသကဲ့သို့။

(တထာ)၊ ထို့အတူ။ ဧတာယေဝ အထာယ၊ ဤပြုဖွယ်ဟူသမျှ၊ မှုကိစ္စ၏အကျိုးငှာ လည်းကောင်း။ ဣမာယ ဓံမာနုသဿိယ၊ သာသနာတော်နှင့်ဆိုင်ရာ အဆုံးအမသြဝါဒ တရား၏အလို့ငှာလည်းကောင်း။ နိယာတု = နိခမ်တု၊ ထွက်ကြကုန်လော့။ (သရဝတ၊ ရောက်ရာရောက်ရာ၊ ပြည်ရွာသို့ကပ်၊ အရပ်ဟူသမျှတို့၌။ ဣဒံပိ၊ ဤစကားကိုလည်း။ ဝဒန္တု၊ ဆိုကြကုန်လော့။) မာတရိ စ၊ အမိ၌လည်းကောင်း။ ပိတရိ စ၊ အဘ၌လည်းကောင်း။ သုသြူ-သာ၊ ကိုးကွယ်ဆည်းကပ်ခြင်းသည်။ သာဓု၊ ကောင်း၏။ မိတာသံသ္ဂါတဉ္ဉတိနံ စ၊ အဆွေခင်ပွန်း, အသိအကျွမ်း, (ဂုဏ်ရှိသောသူ), ဆွေမျိုးညာတိတို့အားလည်းကောင်း။ ဗာဟ္မဏ-သမဏာနံ စ၊ ရဟန်း, ပုဏ္ဏားတို့အားလည်းကောင်း။ ဒါနံ၊ စွန့်ကြဲပေးကမ်း၊ လှူဒါန်းခြင်းသည်။ သာဓု၊ လောကီ,လောကုတ်၊ မယုတ်ပွါးတိုး၊ ကြီးမားသော အကျိုးရှိ၏။

ပြာဏာနံ၊ သဝိညာဏက၊ သတ္တဝါဟူသမျှတို့ကို။ အနာရံဘော၊ မသတ်ဖြတ်, မညှဉ်းဆဲခြင်းသည်။ သာဓု၊ ရောဂါကင်းကြောင်း၊ အကျင့်ကောင်းလည်း ဖြစ်၏။ အပဇျယတာ စ၊ ချွေတာသုံးစွဲခြင်းသည်လည်းကောင်း။ အပဘာဋိတာ စ၊ ပစ္စည်းဥစ္စာ၊ ရှာဖွေရာ၌၊ တဏှာ ပြတ်ကင်း၊ သင့်တော်အောင် ပေါင်းစုခြင်းသည်လည်းကောင်း။ သာဓု၊ တစ်နေ့တပါး၊ အကျိုးများ၍၊ ကြီးပွါးရာလည်း ဖြစ်၏။ ပရိသာပိ၊ မင်းတိုင်ပင်အဖွဲ့တို့ကလည်း။ ဝါ၊ ပါလိမန်အဖွဲ့တို့ကလည်း။ ယုတေ၊ ယုတ အစရှိကုန်သော လက်အောက်ခံအမတ်တို့ကို။ ဟေတုတော စ၊ အကြောင်းအားဖြင့်လည်းကောင်း။ ဝါ၊ ရည်ရွယ်ချက်အားဖြင့်လည်းကောင်း။ ဗျံဇနတော စ၊ အကျိုးအားဖြင့်လည်းကောင်း။ ဝါ၊ အကျိုးအားလျော်စွာလည်းကောင်း။ ဂဏနာယံ၊ စူးစမ်းစိစစ်ဖို့ အရာ၌။ အာညပယိသံတိ၊ အမိန့်အာဏာ ပေးကြရလိမ့်မည်။

၈။ ဂိရနာရ်-စသော ၆-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောက မင်းကြီးသည် ဤသို့ မိန့်ဆိုတော်မူလေ၏။ "ငါသည် မင်း၏အဘိသိက်ကို ခံတော်မူ၍ ၁၂-နှစ်မြောက် သာသနာတော်သက္ကရာဇ် ၂၃၀-မြောက်သောအခါ ဤသို့ အမိန့်အာဏာ ပေးတော်မူလိုက်သည်မှာ–

ငါ၏ နိုင်ငံတော်အလုံး၌ ယုတ, ရာဇုက, ပါဒေသိကအမတ်တို့သည် ၅-နှစ် တစ်ကြိမ် စီ အခြားသော တိုင်းပြည်နိုင်ငံ စီမံအုပ်ချုပ်ခြင်း အဆုံးအမသြဝါဒနှင့်စပ်လျဉ်း၍ အမှုကိစ္စ တို့ကို စူးစမ်းစိစစ်ဖို့ရန် ထွက်ကြဘိသကဲ့သို့ ထို့အတူ ဤအမှုကိစ္စနှင့်, ဤသာသနာတော်နှင့်

ဆိုင်ရာ အဆုံးအမ သြဝါဒတရားအလို့ငှာ ထွက်ကြကုန်လော့။ ရောက်ရာရောက်ရာ အရပ်-ဟူသမျှတို့၌ ဤအမည်ရှိသော စကားကိုလည်း ပြောဆိုကြကုန်လော့။ အမိ, အဘ, မိတ်ဆွေ ခင်ပွန်း, အသိအကျွမ်း, (ဂုဏ်ရှိသောသူ), ဆွေမျိုးညာတိ၊ ရဟန်း, ပုဏ္ဏားတို့အား ကိုးကွယ်ဆည်းကပ်ခြင်း, လျှုဒါန်းပေးကမ်းခြင်းသည် လောကီ, လောကုတ္တရာတို့မှာ ကောင်းသော အကျိုးရှိ၏။

သဝိညာဏကသတ္တဝါ, တိရစ္ဆာန်-ဟူသမျှတို့ကို မသတ်ဖြတ်, မညှဉ်းဆဲခြင်းသည် ရောဂါကင်း၍ အသက်ရှည်ခြင်း၏ ကောင်းသောအကျင့်လည်း ဖြစ်၏။ ထိုမှတပါး ပစ္စည်းဥစ္စာ ချွေတာသုံးစွဲခြင်းသည်လည်းကောင်း၊ ပစ္စည်းဥစ္စာကို ရှာဖွေစုဆောင်းရာ၌ အတိုင်းထက်အလွန် လောဘမကြီးခြင်းသည်လည်းကောင်း တစ်နေ့တပါး ကြီးပွါးတိုးတက်ဖို့ရာ အကျင့်စာရိတ္တကောင်းလည်း ဖြစ်၏။ ၎င်းပြင် မင်းတိုင်ပင်အဖွဲ့-ဟူသမျှကလည်း ယုတ-အစရှိကုန်သော လက်အောက်ခံအမတ်တို့ကို အကြောင်းအကျိုးအားလျော်စွာ စူးစမ်းစိစစ်ဖို့ရန်အတွက် အမိန့်အာဏာ ပေးကြရမည်”။

အမှာစကား။ ယုတသည် တိုင်းပြည်မှာ မင်းမှူထမ်းအမတ်ငယ် ဖြစ်၏။ ရှင်ဘုရင်လည်း ၎င်းယုတအမတ်ဖြင့် ငယ်သားများကို စောင့်ရှောက်ကြည့်ရှု၏။ ရာဇုကသည် တိုင်းပြည်မြေခွန်တော်နှင့် တိုင်းပြည်၏အစီအမံ၌ အကြီးအကဲဖြစ်၏။ ပါဒေသိကသည် နယ်ကို အုပ်ချုပ်သော အမတ်ဖြစ်၏။

ပရိသ= ပရိရှဒ်-သဒ္ဒါသည် မင်းတိုင်ပင်အဖွဲ့, ပါလီမန်, ရဟန်းပရိသတ် အစည်းအဝေးများကို ဟော၏။ **အနုသံယာနံ**-သဒ္ဒါသည် သင်္ကဿဘာသာ၌ 'သံယာနံ၊ လှည့်လည်ခြင်း' အနက်ကို ဟော၏။ အနုဥပသာရ-ပုဒ် ပါခြင်းကြောင့် တစ်နေရာမှ တစ်နေရာသို့ သွားခြင်း, လှည့်လည်ခြင်းအနက်ကိုလည်း ဟောနိုင်၏။ ၎င်းပြင် စူးစမ်းခြင်းအနက်ကိုလည်း ဟော၏။

----- × -----

[၄] စတုဒ္ဒသသီလာလေခ ဂိရနာရ် စတုတ္ထသီလာလေခ မူလပါဠိ ၆-ဌာန

၁။ ဂိရနာရ် စတုတ္ထသီလာလေခ မူလပါဠိ

အတိကာတံ အံတရံ ဗဟူနိ ဝါသသတာနိ ဝပိတော ဧဝ ပြာဏာရံဘော ဝိဟိ-သာ စ ဘူတာနံ ညာတီသု* အသံပြတိပတိ ဗြာဟ္မဏသြမဏာနံ အသံပြတိပတိ [၁] တေ အဇ ဒေဝါနံ ပြိယသ ပြိယဒသိနော ရာညော * ဓံမစရဏေန ဘေရိယောသော အဟော

ခံမယောသော ဝိမာနဒသဏာ စ ဟတ္ထိဒသဏာ စ * အဂိခံမာနိ စ အညာနိ စ ဒိဗ္ဗာနိ ရူပါနိ ဒသယိတ္တာ ဇနံ [၊] ယာရိသေ ဗဟူဟိ ဝါသသတေဟိ * နဘူတပုဝေ တာရိသေ အဇ ဝပိတေ ဒေဝါနံ ပြိယသ ပြိယဒသိနော ရာညော ခံမာနုဿိယာ အနာရံ*ဘော ပြာဏာနံ အဝိဟိသာ ဘူတာနံ ညာတီနံ သံပဋိပတိ ဗြဟ္မဏသမဏာနံ သံပဋိပတိ မာတရိ ပိတရိ* သုဿြုသာ ထိုက်ရသုဿြုသာ [၊] ဧသ အညေ စ ဗဟုဝိဓေ ခံမစရဏော ဝပိတေ [,] ဝပယိသတိ စေဝ ဒေဝါနံ ပြိယော* ပြိယဒသိ ရာဇာ ခံမစရဏံ ဣဒံ [၊] ပုတြာ စ ပေါတြာ စ ပြပေါတြာ စ ဒေဝါနံ ပြိယသ ပြိယဒသိနော ရာညော * ဝဓယိသံတိ ဣဒံ ခံမစရဏံ အာဝသံဝဋ္ဋကပါ ခံမမှ သီလမှ တိသ္သံတော ခံမံ အနုသာသိသံတိ* [၊] ဧသဟိ သေသ္ဍော ကံမေ ယံ ခံမာနုသာသနံ [၊] ခံမစရဏောပိ နဘဝတိ အသီလသ [၊] တ ဣမမှ အထမှ* ဝဓိ စ အဟိနိ စ သာဓု [၊] ဧတာယ အထာယ ဣဒံ လေခါပိတံ [:-] ဣမသ အထသ ဝဓိ ယုဇ်တု ဟိနိ စ* မာ လောစေတယ္ဍာ [၊] ဒ္ဝါဒသဝါသာဘိသိတေန ဒေဝါနံ ပြိယေန ပြိယဒသိနာ ရာညာ ဣဒံ လေခါပိတံ* [၊]

[ဆရာကြီးဦးသိန်းအောင် မှတ်ချက်။ အတိကာတံ-၌ အတိက်တံ၊ ဝါသသတာနိ-၌ ဝသသတာနိ၊ ဗဟူနိ-၌ ပဟူနိ၊ ဝလိတော-၌ ဝလိတေ၊ ပြာဏာရံဘော-၌ ပါဏာရံဘော၊ ညာတိသု-၌ ဉာတိသု၊ အသံပြတိပတိ-၌ အသံပဋိပတိ၊ တေ-၌ သေ၊ ထိုက်ရသုဿြုသာ-၌ ထေရဝုဒ္ဓေသုသုသာ၊ ရာညော ခံမာနုဿိယာ-၌ ရာဉော ခံမနုသထိယာ၊ သီလမှ တိသ္သံတော-၌ သီလမှ သိသံတော ခံမမှ တိဋ္ဌတု၊ ဧသဟိ သေသ္ဍော-၌ ဧသေဟိ သေဋ္ဌေ၊ ရှင်အာဒိစ္စမူ။အသောကနှာ-၃၈]

၂။ ကာလဆီ စတုတ္ထသိလာလေခ မူလပါဋ်

အတိက်တံ အံတလ် ဗဟုနိ ဝသသတာနိ ဝဓိတေ ဝါ ပါနာလ်ဘော ဝိဟိသာ စ ဘုတာနံ နာတိနံ အသံပဋိပတိ သမနဗ်ဘာနာနံ အသံပဋိပတိ [၊] သေ အဇ ဒေဝါနံ ပိယသာ ပိယဒသိနေ လာဇိနေ ခံမစလနေနာ ဘေလိယောသေ အဟော ခံမယောသေ ဝိမနဒသနာ* ဟထိနိ အဂိက်ခာနိ အံနာနိ စာ ဒိဗ္ဗာနိ လုပါနိ ဒသယိတု ဇနသ [၊] အာဒိသေ ဗဟုဟိ ဝသသတေဟိ နာဟုတပုလုဝေ တာဒိသေ အဇ ဝပိတေ ဒေဝါနံ ပိယသာ ပိယဒသိနေ လာဇိနေ ခံမနုသထိယေ အနာလ်ဘော ပါနာနံ အဝိဟိသာ ဘုတာနံ နာတိသု* သံပဋိပတိ ဝံဘနသမနာနံ သံပဋိပတိ မာတာပိတိသု သုသုသာ [၊] ဧရှ စာ အံနေ စာ ဗဟုဝိဓေ ခံမစလနေ ဝဓိတေ [,] ဝဓိယိသတိ စေဝါ ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဣမံ ခံမစလနံ [၊] ပုတာ စ ကံနတာလေ စာ ပနာတိက္ခာ စာ ဒေဝါနံ ပိယသာ ပိယဒသိနေ လာဇိနေ* ပဝပယိသံတိ စေဝ ခံမစလနံ ဣမံ အာဝကပ် ခံမသိ သီလသိ စ

စိဋ္ဌိတု ဓံမံ အနုသာသိသံတိ [၊] ဧသေဟိ သေဋ္ဌေ ကံမံ အံဓံမာနုသာသနံ [၊] ဓံမစလနေပိ စာ နော ဟောတိ အသိလသာ [၊] သေ ဣမသာ အထသာ ဝမိ အဟိနိ စ သာဓု [၊] ဧတာယေ အထာယေ ဣယံ လိခိတေ * [;-] ဣမသာ အထသာ ဝမိ ယုဇ်တု ဟိနိ စ မာ အလောစယိသု [၊] ဒုဝါဒသဝသ္ဟာဘိသိတေန ဒေဝါနံ ပိယေန ပိယဒဿိနာ လာဇိနာ လေခိတံ [၊]

[ဆရာကြီးဦးသိန်းအောင် မှတ်ချက်။ ဤကျောက်စာသည် ၁။ဂိရနာထ် စတုတ္ထသိလာလေခ မူလပါဠိနှင့် အတူများ၏။ သို့သော် အံတံလံ, လာဇိနေ, လာဇိနာ, လာဇာပါနာလံဘေ, ဘေလိယောသေ, လုပါနိ-တို့၌ ပါဠိ 'ရ' နေရာတွင် 'လ'သုံး၍ ပါဠိတွင်မူ အံတရံ, ရာဇိနေ, ရာဇိနာ, ရာဇာ, ပါနာရံဘေ, ဘေရိယောသေ, ရူပါနိ-ဟု ရှိ၏။ ပါဠိ 'ဉ 'နေရာတွင် 'နဲ'ကို သုံး၍ ညာတိနံ-ကို နာတိနံ၊ အံနာနိ-ကို အညာနိ၊ ဉတိသု-ကို နာတိသု-ဟု ရှိ၏။ သမဏာပြဟ္မဏာနံ-ကို သမနဗံဘနာနံ၊ ပြာဟ္မဏသမဏာနံ-ကို ဗံဘနသမနာနံ၊ ဝိမာနဒဿနာ-ကို ဝိမနာဒသနာ-ဟု တွေ့ရ၏။ ရေးကူးရာတွင် ကျောက်စာမပီသ၍ သော်လည်းကောင်း၊ ကျောက်စာဖတ်သူက တစ်ယောက်, ရေးသူက တစ်ယောက်ဖြစ်၍ ပါဠိမမှန်ခြင်း ဖြစ်နိုင်သည်။ ပြာဏာနံ-ကို ပါနာနံ၊ ဘူတာနံ-ကို ဘုတာနံ-ဟူ၍ ရေးထားသည်ကို တွေ့ရ၏။]

၃။ ခောက်လီ စတုတ္ထသိလာလေခ မူလပါဠိ

အတိက်တံ အံတလံ ဗဟူနိ ဝဿသတာနိ ဝပိတေ ဝ ပါဏာလံဘေ ဝိဟိသာ စ ဘူတာနံ နာတိသု အသံပဋိပတိ သမနဗာဘနေသု အသံပဋိပတိ* [၊] သေ အဇ ဒေဝါနံ ပိယသ ပိယဒသိနေ လာဇိနေ ဓံမစလနေန ဘေလိယောသံ အဟော ဓံမယောသံ ဝိမာန-ဒဿနံ ဟထိနိ အဂိက်ဓာနိ အံနာနိ စ ဒိဝိယာနိ * လူပါနိ ဒဿယိတု မုနိသာနံ [၊] အာဒိ-သေ ဗဟူဟိ ဝဿသတေဟိ နော ဟူတပုလုဝေ တာဒိသေ အဇ ဝပိ . . . ဒေဝါနံ ပိယသ ပိယဒသိနေ လာဇိနေ ဓံမာနုသထိယာ * အနာလံဘေ ပါနာနံ အဝိဟိသာ ဘူတာနံ နာတိသု သံပဋိပတိ . . . မနဗံဘနေသု သံပဋိပတိ မာတိပိတု သုသူသာ ဝုပသုသူသာ [၊] ဧသ အံနေ စ ဗဟုဝိဓေ * ဓံမစလနေ ဝပိတေ [,] ဝပယိသတိ စေဝ ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဓံမစလနံ ဣမံ [၊] ပုတာပိ စ နတိ ပနတိ . . . စ ဒေဝါနံ ပိယသ ပိယဒသိနေ လာဇိနေ * ပဝပယိသံတိ ယေဝ ဓံမစလနံ ဣမံ အာဂပံ ဓံမသိ သီလသိ စ စိဋ္ဌိတု ဓံမံ အနုသာသိသံတိ [၊] ဧသဟိ သေဋ္ဌေ ကံမေ ယာ ဓံမာနုသာသနာ [၊] ဓံမစလနေပိ စု * နော ဟောတိ အသိလသ [၊] သေ ဣမသ အထသ ဝုပိ အဟိနိ စ သာဓု [၊] ဧတာယေ . . . . . ဣယံ လိခိတေ [;-] ဣမသ အဌသ ဝပိ ယုဇ်တူ ဟိနိ စ မာ အလောစယိသု * [၊] ဒုဝါဒသဝသာနိအဘိသိတသ ဒေဝါနံ ပိယသ ပိယဒသိနေ လာဇိနေ ယံ . . . လိခိတေ * [၊]

[ဆရာကြီးဦးသိန်းအောင် မှတ်ချက်။ ဤကျောက်စာ၌လည်း ကာလဆီစတုတ္ထသိလာလေခကဲ့သို့ ပါဠိ၌ 'ရ'နေရာတွင် 'လ'၊ 'ဉ'နေရာတွင် 'လ'၊ ပါဏာနံ-ကို ပါနာနံ-ဟု ရှိ၏။]

၄။ ကျောဂ္ဂရ် စတုတ္ထသိလာလေခ မူလပါဋ်

အတိက်တံ အံတလ် ဗဟူနိ ဝဿသတာနိ ဝပိတေ ဝ ပါနာလ်ဘေ . . . . . * [၊] သေ အဇ * ဒေဝါနံ ပိယသ ပိယဒသိနေ လာဇိနေ ဓံမစလနေန ဘေလိ . . . . . * ဒိဝိယာနိ လူပါနိ ဒသယိတု မုနိသာနံ [၊] အာဒိသေ ဗဟူဟိ ဝဿတေ . . . . . * ဓံမာနုသထိယော အနာလ်ဘေ ပါနာနံ အဝိဟိသာ ဘူတာနံ နာတိသု သ်ပ . . . . . * [၊] ဧသ အ်နေ စ ဗဟုဝိဓေ ဓံမစလနေ ဝပိတေ [,] ဝပယိ . . . . . [၊] . . . . . * ပိယဒသိနေ လာဇိနေ ပဝပယိသ်တိ ယေဝ ဓံမစ . . . . . [၊] . . . . . * [၊] ဓံမစလနေပိ စု နော ဟောတိ . . . . . * ဟိနိ စ မာ အလောစယိသ . . . . . * [၊]

၅။ သ္ဒါဟဗာဂ်ဂဟရီ စတုတ္ထသိလာလေခ မူလပါဋ်

အတိကြတံ အ်တရ် ဗဟုနိ ဝရ္ဒသ္ဒတနိ ဝပိတော ဝေါပြဏရ်ဘော ဝိဟိသ စ ဘုတနံ ညတိနံ အသ်ပဋ္ဌိပတိ သ္ဒြမဏပြမဏနံ အသ်ပြဋ္ဌိပတိ [၊] သော အဇ ဒေဝနံ ပြိယသ ပြိယဒြသ္ဒိသ ရညော * ခြမစရဏေန ဘေရိယောရ္ဒ အဟော ခြမယောရ္ဒ ဝိမနနံ ဒြသ္ဒနံ ဟတ္တိနော ဇောတိက်ဓနိ အညနိ စ ဒိဝနိ ရူပနိ ဒြသ္ဒယိတု ဇနသ [၊] ယဒိသ္ဒ ဗဟုဟိ ဝရ္ဒသ္ဒတေဟိ နု ဘုတပြုဝေ တဒိသ္ဒေ အဇ ဝပိတော ဒေဝနံ ပြိယသ ပြိယဒြသ္ဒိသ ရညော ခြမ်နုသ္ဒတ္တိယ အနရ်ဘော ပြဏနံ အဝိဟိသ ဘုတနံ ညတိနံ သ်ပြဋ္ဌိပတိ ဗြမဏ* သ္ဒြမဏနံ သ်ပဋ္ဌိပတိ မတပိတုရ္ဒ ဝုပနံ သု သ္ဒြ၊ရ္ဒ [,] ဇတ အည် စ ဗဟုဝိမ် ခြမစရဏ် ဝပိတော [,] ဝပိသ္ဒတိ စယော ဒေဝနံ ပြိယသ ပြိယဒြသ္ဒိသ ရညော ခြမစရဏော ဂ္ဂမ [၊] ပုတြပိ စ ကု နတရော စ ပြနတိက စ ဒေဝနံ ပြိယသ ပြိယဒြသ္ဒိသ ရညော ဝပေသ္ဒတိ . . . မစရဏ် ဂ္ဂမ် အဝကပ် ခြမေ သ္ဒိလေ စ * တိသ္ဌိတိ ခြမ် အနုသ္ဒသ္ဒိသ္ဒတိ

[၊] ဧတဟိ သြေဋ္ဌ ကြမ် ယံ ခြမနုသ္သသ္သနံ [၊] ခြမစရဏံပိ စ နဘောတိ အသ္သိလသ [၊] သော ဣမိသ အတ္ထိသ ဝပိ အဟိနိ စ သဓု [၊] ဧတယေ အဋ္ဌယေ ဣမံ ဒိပိသ္ဓ [;-] * ဣမိသ အဋ္ဌသ ဝပိ ယုဇ်တ ဟိနိ စ မ လောစေရ္ဓ * [၊] ဗဒယဝရ္ဓဘိသိတေန ဒေဝနံ ပြိယေန ပြိယဒြသ္သိန ရည ဣဒံ . . . နံ ဒိပပိတံ [၊] *

[ဆရာကြီးဦးသိန်းအောင် မှတ်ချက်။ ဤကျောက်စာ၌ သဣတအသံထွက်ဖြင့် ရေးထားသည်ကို တွေ့ရသည်။ ဥပမာ- ဝသဝသာနိ-ကို ဝရှိသ္သတနိ၊ ပိယဒသိသ-ကို ပြိယဒြသ္သိသ၊ ဘေရိယောသ-ကို ဘေရိယောရ္ဓ၊ ဒသနံ-ကို ဒြသ္သနံ၊ မာတာပိတုသု-ကို မတပိတုရ္ဓ၊ ဓံမံ အနုသိသတိ-ကို ခြမံ အနုသ္သသ္သိသ့်တိ၊ အသီလသ-ကို အသ္သိလသ၊ ပိယဒသိနာ-ကို ပြိယဒြသ္သိန-စသည်ဖြင့် သဣတအသံဖြင့် ရေးထားသည်။ ၎င်းပြင် ဒီယ-နေရာ၌ ရသ-စသည်ကိုလည်း တွေ့ရသည်။ ဥပမာ- ဘူတာနံ-ကို ဘုတနံ၊ ညာတိနံ-ကို ညတိနံ၊ ဒေဝါနံ-ကို ဒေဝနံ၊ ပြာဏာနံ-ကို ပြဏာနံ-စသည်ဖြင့် တွေ့ရသည်။]

၆။ မာန်နဆေရာ စတုတ္ထသိလာလေခ မူလပါဌ်

အတိကြတံ အံတရံ ဗဟုနိ ဝရှသ္သတနိ ဝပိတေ ဝံ ပြဏရံဘေ ဝိဟိသ စ ဘုတနံ ညတိန အသံပဋ္ဌိပတိ သ္သြမဏပြမဏနံ အသံပဋ္ဌိပတိ* [၊] သေ အဇ ဒေဝန ပြိယသ ပြိယဒြသ္သိနေ ရ. . . နေ ခြမစရဏေန ဘေရိယောရ္ဓေ အဟော ခြမယောရ္ဓေ ဝိမနဒြသ္သန ဟတ္ထိနေ အဂိက်ဝနိ အညနိ စ ဒိဝနိ ရူပနိ ဒြသ္ဓေတိ ဇနသ* [၊] အဒိသ္ဓေ ဗဟုဟိ ဝရှသ္ဓတေဟိ နဟုတပြုဝေ တဒိသ္ဓေ အဇ ဝပိတေ ဒေဝန ပြိယသ ပြိယဒြသ္သိနေ ရဇိနေ ခြမနုသ္ဓတ္ထိယ အနရဘော ပြဏနံ အဝိဟိသ သုတန ညတိန* သံပဋ္ဌိပတိ ဗမဏသ္သြမဏနံ သံပဋ္ဌိပတိ မတုပိတုရ္ဓ သုသြ္ဓြရ္ဓ ဝုခြန သုသြ္ဓရ္ဓ [၊] ဧရ္ဓေ အညေ စ ဗဟုဝိဓေ ခြမစရဏော ဝဒြဟေ [,] ဝခြမယိသ္ဓတိ ယေဝ ဒေဝန ပြိယေ* ပြိယဒြသ္သိ ရဇ ခြမစရဏ ဣမ [၊] ပုတြ ပိ စ ကုနတရေ စ ပဏတိက ဒေဝနံ ပြိယသ ပြိယဒြသ္သိနေ ရဇိနေ ပဝပယိသ့်တိ ခြမစရဏ ဣမံ အဝကပံ ခြမေ သ္ဓိလေ စ* တိသ္ဓိတု ခြမံ အနုသ္ဓသ္ဓိသ့်တိ [၊] ဧရ္ဓေဟိ သြေဋ္ဌေ အံခြမုနသ္ဓသ္ဓန [၊] ခြမစရဏောပိ စ နဟောတိ အသ္ဓိလသ [၊] သေ ဣမသ အတ္ထြ သ ဝခြ အဟိနိ စ သဓု [၊] ဧတယေ* အတ္ထြယေ ဣမံ လိခိတေ [:-] ဧတသ အ . . . သ ဝခြ ယုဇ်တု ဟိနိ စ မ အနုလောစယိသု [၊] ဒုဝဒသ္ဓဝရ္ဓဘိသိတေန ဒေဝန ပြိယေန ပြိယဒြသ္ဓိန ရဇိန ဣယံ လိခပိတေ* [၊]

[ဆရာကြီးဦးသိန်းအောင် မှတ်ချက်။ ဤကျောက်စာ၌လည်း သဣတအသံထွက်ဖြင့် ရေးထားသည်။ အမှတ် ၅။ ကျောက်စာနှင့် ပုံစံတူ၏။]

၇။ ဂိရနာရ် စတုတ္ထသိလာလေခ မူလပါဠိအနက်

အံ့တရဲ့ နေ့,ရက်များလှ၊ ခါသမယသည်။ အတိကာတံ၊ တစ်နေ့တခြား၊ လွန်မြောက်များလေပြီ။ ဗဟူနိ၊ တစ်ပါးမက၊ များပြားလှကုန်သော။ ဝါသသတာနိ၊ ကာလတွက်စစ်၊ သင္ကရာဇ်ရှည်စွာ၊ နှစ်အရာတို့သည်။ (အတိကာတာနိ)၊ တစ်နေ့တခြား၊ လွန်မြောက်မြားလေကုန်ပြီ။ ပြာဏာရံဘော စ၊ သဝိညာဏက၊ သတ္တဝါဟူသမျှကို သတ်ခြင်းသည်လည်းကောင်း။ ဘူတာနံ၊ ဇီဝိတိန္ဒြေ၊ တည်နေကာလ၊ သတ္တဝါဟူသမျှတို့ကို။ ဝိဟိံသာ စ၊ ပုတ်ခတ်ညှဉ်းဆဲခြင်းသည်လည်းကောင်း။ ညာတီသု၊ ဆွေမျိုးစပ်ရာ၊ ဉာတကာတို့၌။ အသံ့ပြတိပတိ စ၊ မရိုသေ,မကိုင်းညွှတ်ခြင်းသည်လည်းကောင်း။ ဗြာဟ္မဏာသြမဏာနံ၊ ရဟန်း,ပုဏ္ဏားတို့အား။ အသံ့ပြတိပတိ စ၊ မရိုသေ, မကိုင်းညွှတ်ခြင်းသည်လည်းကောင်း။ ဝပိတော ဧဝ၊ တဆင့်ထက်တဆင့်၊ ကြီးမြင့်လွန်မြောက်၊ ပွါးစီးခြင်းသို့လျှင်၊ ရောက်ရှိလေပြီ။

တေ = တတ၊ ထိုမသူတော်တရား၊ လွှမ်းမိုးအားကြီးငြားသော်လည်း။ ဝါ၊ ထိုမသူတော်တရား လွှမ်းမိုးအားကြီး၍နေခြင်းကြောင့်။ အဇ ယနေ့။ ဝါ၊ ယခုအခါ။ ဒေဝါနံ၊ နတ်တို့၏။ ပြိယသ၊ ကြည်ညြိုသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပြိယဒသိနော၊ ရှင်ပြုးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ရာညော၊ သီရိဓမ္မာေသောကမင်းကြီး၏။ ဓံမစရဏေန၊ ကိုယ်တွင်းမခွါတ်၊ မြတ်ကျင့်ဝတ်ဖြင့်။ ဘေရီယောသော စ၊ တရားတည်းဟူသော စည်တော်သံသည်လည်းကောင်း။ အဟော=အထော၊ ထိုမျှ့။ ဝါ၊ ထိုမှတပါး။ ဓံမယောသော စ၊ တရားတည်းဟူသော ကြွေးကြော်သံသည်လည်းကောင်း။ အဟောသိ၊ လူ့ဘုံ,နတ်ရပ်၊ ဘဝဂ်ကပ်အောင်၊ နှံ့စပ်ဖြစ်ပေါ်လေပြီ။

တထာပိ၊ ထိုမှတပါးလည်း။ ဇနံ၊ တိုင်းသူပြည်သား၊ လူအများကို။ ဝိမာနဒဿဏာ စ၊ ပွဲသဘင်၌ နတ်ဗိမာန် ဖူးမြင်ခြင်းကိုလည်းကောင်း။ ဟတ္ထိဒဿဏာ စ၊ ပွဲသဘင်၌ ဆင်ဖြူရတနာ ဖူးမြင်ခြင်းကိုလည်းကောင်း။ အဂိခံဓာနိ စ၊ မီးတိုင်ကြီး ထွန်းခြင်းတို့ကိုလည်းကောင်း။ ဝါ၊ တန်ဆောင်မုန်းလပြည့်နေ့၌ ဘုရားမီးထွန်းပွဲတို့ကိုလည်းကောင်း။ အညာနိ၊ တပါးကုန်သော။ ဒိဗျာနိ၊ နတ်၌ဖြစ်ကုန်သော။ ရူပါနိ စ၊ အဆင်းသဏ္ဌာန်တို့ကိုလည်းကောင်း။ ဒဿယိတ္တာ၊ ဖူးမြင်စေအပ်ကုန်ပြီ။ ဝါ၊ ပြလေကုန်ပြီ။

ယာရိသေ၊ အကြင်သို့သဘောရှိသော။ ပြာဏာနံ၊ သဝိညာဏက သတ္တဝါ-ဟူသမျှတို့ကို။ အနာရံဘော၊ မသတ်ခြင်းသည်လည်းကောင်း။ ဘူတာနံ၊ ဇီဝိတိန္ဒြေ၊ တည်နေကာလ၊ သတ္တဝါဟူသမျှတို့ကို။ အဝိဟိသာ၊ မပုတ်မခတ်၊ မညှဉ်းဆဲခြင်းသည်လည်းကောင်း။ ညာတီနံ၊

ဆွေမျိုးစပ်ရာ၊ ဉာတကာတို့အား။ သံပဋိပတိ၊ ရိုသေကိုင်းညွှတ်ခြင်းသည်လည်းကောင်း။ ဗြဟ္မဏသမဏာနံ၊ ရဟန်း,ပုဏ္ဏားတို့အား။ သံပဋိပတိ၊ ရိုသေကိုင်းညွှတ်ခြင်းသည်လည်းကောင်း။ မာတရိ၊ အမိ၌လည်းကောင်း။ ပိတရိ၊ အဘ၌လည်းကောင်း။ သုဿြုသာ၊ ကိုးကွယ်ဆည်းကပ်ခြင်းသည်လည်းကောင်း။ ထိုက်ရသုဿြုသာ၊ ပညာဂုဏ်-စသည်ဖြင့် ကြီးကုန်သောသူတို့ကို ကိုးကွယ်ဆည်းကပ်ခြင်းသည်လည်းကောင်း။ ဗဟူဟိ၊ တစ်ပါးမက၊ များပြားလှကုန်သော။ ဝါသသတေဟိ၊ ကာလတွက်စစ်၊ သက္ကရာဇ်ရှည်စွာ၊ နှစ်အရာတို့မှ။ နှ ဘူတပုဗေ၊ ရှေးအခါက၊ တရံတဆစ်မျှ မဖြစ်စဖူးသေး။

တာရိသေ၊ သတ္တဝါတို့ကို မသတ်ခြင်း-စသော ထိုသို့သော သဘောတရားသည်။ အဇ ယနေ့။ ဝါ၊ ယခုအခါ။ ဒေဝါနံ၊ နတ်တို့၏။ ပြိယသ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်းဖြစ်တော်မူထသော။ ပြိယဒသိနော၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်းဖြစ်တော်မူထသော။ ရာညော၊ သီရိဓမ္မာသောကမင်းကြီး၏။ ဓံမာနုသဿိယာ၊ အဆုံးအမ၊ သြဝါဒတရားကြောင့်။ ဝပိတေ၊ တဆင့်ထက်တဆင့်၊ ကြီးမြင့်လွန်မြောက်၊ ပွါးစီးခြင်းသို့ ရောက်ရှိလေပြီ။ ဧသ၊ ဤသို့ သဘောရှိသော။ အညေ၊ တပါးသော။ ဗဟုဝိဓေ၊ အထူးထူးအပြားပြား များပြားလှစွာသော အစီအရင်ရှိသော။ ဓံမစရဏေ စ၊ တရားကျင့်ဝတ်၊ ပဋိပတ်သည်လည်း။ ဝပိတေ၊ တဆင့်ထက်တဆင့်၊ ကြီးမြင့်လွန်မြောက်၊ ပွါးစီးခြင်းသို့ ရောက်ရှိလေပြီ။

ဒေဝါနံ၊ နတ်တို့၏။ ပြိယော၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပြိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ရာဇာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ ဣဒံ ဓံမစရဏံ၊ ဤတရားကျင့်ဝတ်၊ ပဋိပတ်ကို။ ဝပယိသတိ စေဝ၊ ကြီးလည်းကြီးပွါးစေတော်မူလတ္တံ့။ ဒေဝါနံ၊ နတ်တို့၏။ ပြိယသ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်းဖြစ်တော်မူထသော။ ပြိယဒသိနော၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ရာညော၊ သီရိဓမ္မာသောကမင်းကြီး၏။ ပုတြာ စ၊ သားတော်တို့သည်လည်းကောင်း။ ပေါတြာ စ၊ မြေးတော်တို့သည်လည်းကောင်း။ ပြပေါတြာ စ၊ မြစ်တော်တို့သည်လည်းကောင်း။ ဣဒံ ဓံမစရဏံ၊ ဤတရားကျင့်ဝတ်၊ ပဋိပတ်ကို။ အာဝသံဝဋ္ဋကပါ၊ သံဝဋ္ဋဂကပ်တိုင်အောင်။ ဝါ၊ ကပ်ကမ္ဘာကုန်သည်တိုင်အောင်။ ဝဋ္ဋယိသံတိ၊ မရွှေ့မရှား၊ ကြီးပွါးကြစေကုန်လတ္တံ့။

ဓံမမှ၊ တရားတော်၌လည်းကောင်း။ သီလမှ၊ သီလတော်၌လည်းကောင်း။ တိဿံ-တော၊ မြဲမြံတည်တံ့ကြကုန်လျက်။ ဓံမံ၊ သူတော်ကျင့်ဝတ်၊ တရားမြတ်ကို။ အနုသာသိသံတိ၊ အစဉ်လိုက်၍၊ ဆုံးမကြကုန်လတ္တံ့။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဣဒ၊ ဤလောက၌။ ယံ ဓံမာနုသာသနံ၊ အကြင်အဆုံးအမ၊ သြဝါဒတရားသည်။ အတ္ထိ၊ ရှိ၏။ ဧသဟိ၊ ဤအဆုံးအမ၊ သြဝါဒတရားသည်သာလျှင်။ သေဿ၊ အထူးသဖြင့် လွန်မြတ်သော။ ကံမေ၊

ပစ္စုပ္ပန်,သံသရာ၊ ၂-ဖြာပေါင်းစု၊ ကြီးကျယ်သော အမှုကိစ္စသည်။ ဘဝတိ၊ မုချကောန်၊ ဖြစ်သည် မှန်၏။ အသီလသ၊ အလဇ္ဇီ,ဒုဿီလ၊ လူဗာလအား။ ခံမစရကောပိ၊ သူတော်ကျင့်ဝတ်၊ တရား မြတ်သည်လည်း။ နှ ဘဝတိ၊ အဘယ်မှာရှိတော့အုံ့နည်း။

တ=တတ၊ ထို့ကြောင့်။ ဣမမှိ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော။ အထမှိ၊ သူတော်ကျင့်ဝတ်၊ ပဋိပတ်အကျိုး၏။ ဝမိ စ၊ တစ်နေ့တပါး၊ ကြီးပွါးခြင်းသည်လည်းကောင်း။ အဟိနိ စ၊ ပျက်ပြား ယိုယွင်း၊ ဆုတ်ယုတ်ခြင်းမှ၊ ကင်းခြင်းသည်လည်းကောင်း။ သာဓု၊ ပစ္စုပ္ပန်,သံသရာ၊ ထို ၂-ဖြာမှာ၊ လိုရာဖွံ့ဖြိုး၊ ပွါးများသောအကျိုးရှိ၏။ ဧတာယ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော။ အထာယ၊ သူတော်ကျင့်ဝတ်၊ ပဋိပတ်အကျိုးငှာ။ ဣဒံ၊ ဤသို့ပေါင်းဆုံ၊ စကားအလုံးစုံကို။ လေခါပိတံ၊ ရေးစေအပ်ပြီ။

မုနိသာ၊ လူများတို့သည်။ ဣမသ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော။ အထသ၊ သူတော်ကျင့် ဝတ်၊ ပဋိပတ်အကျိုး၏။ ဝမိ စ၊ တစ်နေ့တပါး၊ ကြီးပွါးခြင်းခ္ခ်လည်း။ ယုဇ္ဇတု၊ အားထုတ်ကြ ပါကုန်လော့။ ဝါ၊ ယှဉ်ကြပါကုန်လော့။ ဟီန စ၊ ပျက်ပြားယိုယွင်း၊ ဆုတ်ယုတ်ခြင်းကိုလည်း။ မာလောစေတယ္ဟာ၊ မကြည့်ရှုကြပါကုန်လော့။ ဒ္ဒါဒသဝါသာဘိသိတေန၊ မင်း၏အဘိသိက်ကို ခံ၍ ၁၂-နှစ်မြောက်လေပြီးသော။ ဒေဝါနံ၊ နတ်တို့၏။ ပြိယေန၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာ လည်း ဖြစ်တော်မူထသော။ ပြိယဒဿိနာ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထ သော။ ရာညာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ ဣဒံ၊ ဤကမ္ဘည်းကျောက်စာကို။ လေခါပိတံ၊ ရေးသားစီမံစေအပ်ပြီ။

၈။ ဂိရနာရ်-စသော ၆-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- ရှေးလွန်လေပြီးသော နှစ်ပေါင်းများစွာကပင် သတ္တဝါတိရစ္ဆာန်များ ကို သတ်ခြင်း, ညှဉ်းဆဲခြင်း၊ ဆွေမျိုးဥာတိတို့ခ္ခ် မရိုသေခြင်း၊ ရဟန်း,ပုဏ္ဏားတို့ကို မရိုသေခြင်း၊ ဤကဲ့သို့ တရားသည် တိုးပွါးလျက် ရှိနေလေ၏။ ထိုသို့ပင် ရှိနေကြားသော်လည်း ယခုအခါ 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမံတော်ရှိသော သီရိဓမ္မာသောကမင်းကြီး၏ ကျင့်ဝတ် တရားကြောင့် တရားတော်၏ စည်သံနှင့် တရားတော်၏ ကြွေးကြော်သံသည် လူဘုံ,နတ်ရပ် တို့မှာ အနှံ့အပြားရှိနေလေ၏။ ဤမျှသာမက 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမံတော် ရှိသော သီရိဓမ္မာသောကမင်းကြီးသည် ငယ်သားအပေါင်းတို့ကို ပွဲသဘင်အလယ်တွင် နတ်ဘုံဗိမာန်ပြခြင်း၊ ဆင်ဖြူရတနာပြခြင်း၊ တန်ဆောင်မုန်းလပြည့်နေ့ခ္ခ် မီးတိုင်ပွဲကျင်းပခြင်း၊ ၎င်းပြင် အမျိုးမျိုးသော နတ်ဘုံ,နတ်နန်း အဆင်းသဏ္ဌာန်ကို ပြခြင်း-စသည်ဖြင့် ပြတော်မူ လေ၏။

ထို့ကြောင့် သတ္တဝါတိရစ္ဆာန်များကို မသတ်ခြင်း, မညှဉ်းဆဲခြင်း၊ ဆွေမျိုးဥာတိတို့၌ ရိုသေခြင်း၊ ရဟန်း, ပုဏ္ဏားတို့ကို ရိုသေခြင်း၊ အမိ,အဘတို့၌ ကိုးကွယ်ဆည်းကပ်ခြင်း၊ ပညာ-စသော ဂုဏ်ဖြင့် ကြီးကုန်သော သက်ကြီးသူအိုတို့ကို ကိုးကွယ်ဆည်းကပ်ခြင်း-စသော ဤကဲ့သို့ ရှေ့နှစ်ပေါင်းများစွာကပင် မဖြစ်ဖူးသော တရားမျိုးသည် ယခုအခါ 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီး၏ အဆုံးအမသြဝါဒတရား ကြောင့် တစ်နေ့ထက်တစ်နေ့ ကြီးပွါးခြင်းသို့ ရောက်ရှိလေ၏။

ဤနည်းအတူ အမျိုးမျိုးဝေဖန်ခြင်းဖြင့် အခြားအခြားသော တရားတော်မြတ် ပဋိပတ်ကျင့်စဉ်သည်လည်း တစ်နေ့ထက်တစ်နေ့ ကြီးပွါးခြင်းသို့ ရောက်ရှိလေ၏။ 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် ဤကဲ့သို့ တရားတော်မြတ် ပဋိပတ်ကျင့်စဉ်နည်းလမ်းကို ကြီးပွါးသည်ထက်မက ကြီးပွါးလေအောင် ကြံဆောင်ပြုလုပ်လိမ့်မည်။

ထိုမှတပါး 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီး၏ သားတော်, မြေးတော်, မြစ်တော်တို့သည်လည်း မင်းကြီးနည်းတူ ဤတရားတော်မြတ် ပဋိပတ်ကျင့်စဉ်နည်းလမ်းကို ကပ်ကပ္ပာကုန်သည်တိုင်အောင် ကြီးပွါးရာကြီးပွါးကြောင်းကို စီမံပြုလုပ်ကြလိမ့်မည်။ ထိုသားတော်-စသည်တို့သည် သူတော်ကောင်းကျင့်ဝတ် သီလတရား၌ တည်ကုန်၍ တရားတော်မြတ်၏ အဆုံးအမသြဝါဒများကို ပေးကြကုန်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် လောက၌ သူတော်ကောင်းတို့၏ အဆုံးအမသြဝါဒတရားသည်ပင်လျှင် အမှုကိစ္စ-ဟူသမျှတို့တွင် အမြတ်ဆုံးဖြစ်ပေ၏။ သီလမရှိသူအား သူတော်ကောင်းတို့၏ ကျင့်ဝတ်တရားသည် တရံတခါမျှ မရှိချေ။ ထို့ကြောင့် ဤသူတော်ကောင်းကျင့်ဝတ်တရား-ဟူသော အကျိုးကြီး၏ ကြီးပွါးခြင်း, မဆုတ်ယုတ်ခြင်းသည်ပင်လျှင် ပစ္စုပ္ပန်, တမလွန် ၂-တန်သော လောကမှာ ကြီးမားသောအကျိုးရှိ၏။ ဤသူတော်ကောင်းတရား၏ ပဋိပတ်ကျင့်စဉ်အလို့ငှာ ဤစကားအလုံးစုံကို အကုန်ရေးသားလိုက်၏။

တိုင်းသူပြည်သား လူအများတို့ကလည်း ဤရည်ရွယ်ချက်အတိုင်း ဤသူတော်-ကောင်းတရား ပဋိပတ်အကျိုးများ၏ တိုးပွါးခြင်းကိုသာ အားထုတ်ကျင့်ဆောင်ကြရမည်။ တရံတခါမျှ ဆုတ်ယုတ်ပျက်စီးစေလိုသော သဘောတရားနှင့် မကြည့်ရှုကြကုန်လင့်။ 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် ဤကမ္ဘာ့ကျောက်စာကို မင်း၏အဘိသိက်ကို ခံတော်မူပြီး၍ ၁၂-နှစ် (သာသနာတော်သက္ကရာဇ်-၂၃၀) မြောက်သောအခါ ရေးသားစီရင်စေတော်မူခဲ့၏။

အမှာစကား။ ဘေရိယောသ-သဒ္ဒါဖြင့် အသောကမင်းကြီးသည် ရှေးက စစ်ပွဲ၏ စည်တော်သံသည် ယခုအခါ ဓမ္မသဘင်၌ တရားတော်၏ စည်တော်သံ ဖြစ်လေပြီ-ဟု ညွှန်ပြသည်။ ၎င်းပြင် ရှေးက စစ်ပွဲသဘင် ဆင်ယင်ကျင်းပ၍ ထွက်ရာ၌ ယခုအခါ တရားပွဲသဘင် ဆင်ယင်ကျင်းပ၍ ထွက်နေသည်ကိုလည်း ညွှန်ပြသည်။

ဓံမယောသ-သဒ္ဒါဖြင့် ရှေးက စစ်မြေပြင်၌ ကြွေးကြော်ခြင်းအသံသည် ယခုအခါ ရတနာ ၃-ပါးနှင့် စပ်လျဉ်း၍ ကောင်းမှုပုညစိုက်ပျိုးရာ တရားတည်းဟူသော စစ်မြေပြင်၌ တရားတော်၏ ကြွေးကြော်ခြင်းအသံ ဖြစ်လေပြီ-ဟု ညွှန်ပြသည်။ ဝိမာန-သဒ္ဒါသည် ရထား, နတ်ရထား, နတ်ဗိမာန်, ယာဉ်-ဟူသော အနက်ကို ဟောတ်။ ၎င်းသဒ္ဒါဖြင့် နတ်တို့၏ ဘုံဗိမာန်ရထားကဲ့သို့ အမျိုးမျိုးဆင်ယင်လျက် ရထားပေါင်း ၁၀, ၂၀-အပေါ်၌ ဘုရားရုပ်ပွါးတော်, ဆင်းတုတော်၊ ဘုရားလောင်း ရုပ်ပုံ,ဓာတ်ပုံ အစုံအလင် တင်၍ မင်းလမ်းမကြီးတလျှောက် လှည့်လည်ထွက်ခြင်းကို ညွှန်းပြလေသည်။ ၎င်းပြင် လူများသည် ဤနေရာ၌ သဒ္ဓါတရားဖြစ်ပေါ်၍ ရတနာ ၃-ပါးကို ကြည်ညိုခဲ့လျှင် သေသောအခါ နတ်ပြည်၌ဖြစ်၍ နတ်တို့၏ ဗိမာနသုခကို မုချခံစားရတော့မည်-ဟု သိစေသည်။

သာဿိ-သဒ္ဒါဖြင့် ဆင်ရုပ်ကို ပြခြင်းမှာ ဘုရားလောင်းသည် ရတနာဆင်ဖြူအသွင်ဖြင့် မယ်တော်မာယာဝမ်းတိုက်၌ ပဋိသန္ဓေ နေလာသည်ကို အစွဲပြု၍ ငယ်သားတို့ကို ဘုရားသခင်၌ သဒ္ဓါတရား ဖြစ်ပေါ်စေသည်။ **အဂိခ်ခ**-သဒ္ဒါသည် မီးပုံကြီး, မီးတိုင်ကြီး, မီးပွဲကြီး-စသည်ကို ဟောတ်။ ၎င်းသဒ္ဒါဖြင့် ဘုရားပွဲတော် စီမံသောနေ့၌ မီးထွန်းခြင်းအမျိုးမျိုး၊ တန်ဆောင်မုန်းလ ဘုရားပွဲတော်နှင့် စပ်လျဉ်း၍ မီးတိုင်ကြီး ထွန်းခြင်း, မီးပူဇော်ခြင်း-စသည်ကို ပြုလုပ်ပြီးလျှင် ငယ်သားတို့အား ယုံကြည်သက်ဝင်စေသည်ကို ပြသည်။

ရူပ-သဒ္ဒါသည် ရုပ်အဌဝိသ, ရုပ်တု, ဆင်းတု, အဆင်းသဏ္ဌာန်, ရုပ်ပုံ-စသည်ကို ဟောတ်။ ၎င်းသဒ္ဒါဖြင့် နတ်၏အဆင်းနှင့်တူစွာ အမျိုးမျိုးသော ပုံသဏ္ဌာန်ကို ပြ၍ ပြည်သူတို့အား ယုံကြည်သက်ဝင်စေသည်။ ကာလဆီ-စသော ကျောက်စာ၌ ကံ(ခလု)-ဟူသော နိပါတ်ပုဒ်သည် အနိစ္စအနက်, မုချအနက်, စင်စစ်-ဟူသော အနက်ကို ဟောတ်။

----- x -----

[၅] စတုဒ္ဓသသိလာလေခ ဂိရုနာရ် ပဉ္စမသိလာလေခ မူလပါဠိ ၆-ဌာန

၁။ ဂိရုနာရ် ပဉ္စမသိလာလေခ မူလပါဠိ

ဒေဝါနံ ပြိယော ပြိယဒသိ ရာဇာ ဧဝံ အာဟ [:-] ကလာဏံ ဒုကရံ [၊] ယေ အဒိကရေ ကလာဏောသ သော ဒုကရံ ကရောတိ* [၊] တ မယာ ဗဟု ကလာဏံ ကဋ်ဋ် [၊] တ မမ ပုတာ စ ပေါတြာ စ ပရံ စ တေနယေ မေ အပစ် အာဝသ်ဝဋ္ဋကပါ အနုဝတိသရေ တထာ* သေ သုကဋ်ဋ် ကာသတိ [၊] ယော တု ဧတေ ဒေသ်ပိ ဟာပေသတိ သော ဒုကတံ် ကာသတိ [၊] သုကရံ ဟိ ပါပ် [၊] အတိကာတံ် အ်တရံ * နဿ ဘူတပြုရဝ်ံ ဓ်မမဟာမာတာ နာမ [၊] တ မယာ တြိုက်ဒသဝါသာဘိသိတေန ဓ်မမဟာမာတာ ကတာ [၊] တေ သဝပါသ်ဍေသု ဗျာပတာ ဓမာဓိဋ္ဌာနာယ* . . . . . ဓ်မယုတသ စ ယောနကံဗောဇဂံဓာရာနံ ရိသ္ဍိကပေတေဏိကာနံ ယေဝါပိ အ်ညေ အပရာတာ [၊] ဘတမယေသုဝ * . . . . . သုခါယ ဓ်မယုတာနံ အပရိဂေါဓာယ ဗျာပတာ တေ [၊] ဗ်ဓန ဗဓသ ပဋ္ဌိဝိဓာနာယ* . . . . . ပြဇာ ကတာဘီကာရေသု ဝါ ထိုက်ရေသု ဝါ ဗျာပတာ တေ [၊] ပါဋ္ဌလိပုတေ စ ဗာဟိရေသု စ* . . . . . ယေဝါပိ မေ အ်ညေ ညာတိကာ သရဝတ ဗျာပတာ တေ [၊] ယော အယ် ဓ်မနိသြိတောတိ ဝ* . . . . . ဓ်မမဟာမာတာ [၊] ဧတာယ အထာယ အယ် ဓ်မလိပိ လိခိတာ* . . . . . *

[ဆရာကြီးဦးသိန်းအောင် မှတ်ချက်။ ပြိယော ပြိယဒသိရာဇာ-ကို ပိယော ပိယဒသိရာဇာ၊ တမယာ ဗဟုကလာဏံ ကဋ်-ကို သေ မယာ ဗဟုံ ကလာဏံ ကတံ်၊ တ မမ ပုတာ စ-ကို တံ် ယော မမ ပုတြာ စ-ရှိ၏။ အဓိပ္ပါယ်တူ၏။ ရှင်အာဒိစ္စမူ။အသောက၊၄၃။]

၂။ ကာလဆီ ပဉ္စမသိလာလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ အာဟာ [:-]ကယာနေ ဒုကလေ [၊] ဧ အာဒိ-ကလေ ကယာနသာ သေ ဒုကလ် ကလေတိ[၊]သေ မမယာ ဗဟု ကယာနေ ကဋ္ဌေ[၊] တာ မမ ပုတာ စ နတာလေ စာ * ပလ် ဆာ တေဟိ ယေ အပတိယေ မေ အာဝကပ် တထာ အနုဝဋ္ဌိသ်တိ သေ သုကဋ်ဋ် ကဆ်တိ [၊] ဧ စု ဟေတာ ဒေသ် ပိဟာပယိသ်တိ သေ ဒုကဋ်ဋ် ကဆတိ [၊] ပါပေ ဟိ နာမ သုပဒါလ ယေ [၊] သေ အတိက်တံ် အ်တလ်

နော ဟူတပုလုဝါ ခံမမဟာမာတာ နာမ [၊] တေဒသဝသာဘိသိတေနာ မမယာ ခံမမဟာ-
မာတာ ကဋ္ဌာ [၊] တေ သဝပါသံဌေသု ဝိယာပဋ္ဌာ * ခံမာဓိထာနာယေ စ ခံမဝပိယာ
ဟိဒသုခါယေ စ ခံမယုတသာ တံ ယောနက်ဟောဇဂ်ဓာလာနံ ဇဝါပိ အံနေ အပလ်တာ
[၊] ဘဋ္ဌမယေသု ဗ်ဘနိဘေသု အနထေသု ဝုဓေသု ဟိဒသုခါယေ ခံမယုတာယေ
အပလိ ဟောဓာယေ ဝိယာပဋ္ဌာ တေ [၊] ဗ်ဓနဗဓသာ ပဋ္ဌိဝိဓာနာယေ အပလိဟောဓာယေ
မော ခါယေ စ ဇယ် အနုဗခံ ပဇာဝတိ ဝါ * ကဋ္ဌာဘိကာလေ တိ ဝါ မဟာလကေ တိ ဝါ
ဝိယာပဋ္ဌာ တေ [၊] ဟိဒါ ဗာဟိလေသု စ နဂလေသု သဝေသု ⎾ဩ⏌လောဓနေသု ဘာ
တိနံ စ နေ ဘဂိနိနာ ဇဝါပိ အံနေ နာတိကျေ သဝတာ ဝိယာပဋ္ဌာ [၊] ဇ ဣယ် ခံမနိသိ-
တေတိ ဝါ ဒါနသုယုတေတိ ဝါ သဝတာ ဝိဇိတသိ မမာ ခံမယုတသိ ဝိယာပဋ္ဌာ တေ ခံမ
မဟာမာတာ [၊] ဇတာယေ အဋ္ဌာယေ * ဣယ် ခံမလိပိ လေခိတာ [:-] စိလထိတိကျာ
ဟောတု တထာ စ မေ ပဇာ အနုဝတ်တု [၊]

၃။ ဓောက်လီ ပဉ္စမသိလာလေခ မူလပါဋ်

. . . ဝါနံ ပိယေ ပိယဒသီ လာဇာ ဟေဝံ အာဟာ [:-]ကယာနေ ဒုကလေ[၊]
ဇ. . . ကယာနသ သေ ဒုကလ် ကလေတိ [၊] သေ မေ ဗဟုကေ ကယာနေ ကဋ္ဌေ [၊]
တံ ယေ မေ ပုတာဝ * နတိ ဝ. . . လ် စ တေန ယေ အပတိယေ မေ အာဝ ကပ် တထာ
အနုဝတိသ်တိ သေ သုကဋ်ံ ကဆ်တိ [၊] ဇ ဟေတ ဒေသ် ပိ ဟာပယိသတိ သေ ဒုကဋ်ံ
ကဆတိ [၊]ပါပေဟိ နာမ * သုပဒါလယေ [၊] သေ အတိတ်ကံ အ်တလ် နော ဟူတပုလု
ဝါ ခံမမဟာမာတာ နာမ [၊] သေ တေဒသဝသာဘိသိတေန မေ ခံမမဟာမာတာ နာမ
ကဋ္ဌာ [၊] တေ သဝါပါသ်ဌေသု * ဝိယာပဋ္ဌာ ခံမာဓိထာနာယေ ခံမဝပိယေ တိတ သုခါယေ
စ ခံမယုတသ ယောနက်ဟောစဂ်ဓာလေသု လဋ္ဌကပိတေနိကေသု ဇဝါပိ အ်နေ အာပလ်တာ
[၊] ဘဋ္ဌိမယေသု * ဗာဘနိဘိယေသု အနာထေသု မဟာလကေသု စ ဟိတသုခါယေ
ခံမယုတာယေ အပလိဟောဓာယေ ဝိယာပဋ္ဌာ သေ [၊] ဗ်ဓနဗဓသ ပဋ္ဌိဝိဓာနာယေ
အပလိဟောဓာယေ မောခါယေ စ * ဣယ် အနုဗ်ခ ပဇတိ ဝ ကဋ္ဌာဘိ ကာလေတိ ဝ
မဟာလကေ တိ ဝ ဝိယာပဋ္ဌာ သေ [၊] ဟိဒ စ ဗာဟိလေသု စ နဂလေသု သဝေသု
သဝေသု ⎾ဩ⏌လောဓနေသု မေ ဇဝါ ပိ ဘာတိနံ မေ ဘဂိနိနံဝ * အ်နေသု ဝါ နာတိသု
သဝတ ဝိယာပဋ္ဌာ [၊] ဇ ဣယ် ခံမနိသိတေ တိ ဝ ခံမာဓိထာနေ တိ ဝ ဒါနသယုတေ
ဝ သ်ဝပုဋ္ဌဝိယ် * ခံမယုတသိ ဝိယာပဋ္ဌာ ဣမေ ခံမမဟာမာတာ [၊] ဣမာယေ အဋ္ဌာယေ
* ဣယ် ခံမလိပိ လိခိတာ [:-] စိလထိတိကာ ဟောတု တထာ စ မေ ပဇာ အနုဝတတု
* [၊]

၄။ ကျောဂ္ဂရ် ပဌမသိလာလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒ . . . . . [၊] . . . . . [၊] . . . . . [၊] . . . . . * နု တိ ဝ ပလ် စ တေ . . . . . [၊] . . . . . [၊] . . . . . * သုပဒါလယေ [၊] သေ အ . . . . . [၊] သေ . . . . . [၊] . . . . . * . . . ဓံမာဓိထာနာ . . . . . * . . . ဘနိဘိ . . . . . * မောခါယေ . . . . . * . . . . . * ဧဝါ . . . . . * . . . . . [၊] . . . . . * [၊]

၅။ သ္ဝာဟ္ဝာ၎ဂ်ဟ္ဝရီ ပဌမသိလာလေခ မူလပါဠိ

ဒေဝနံ ပြိယော ပြိယဒြသ္မိ ရယ ဧဝံ အဟတိ [:-] ကလ ဏံ ဒုကရံ [၊] ယော အ . . . ရော ကလ ဏသ သော ဒုကရံ ကရောတိ [၊] သော မယ ဗဟု ကလ် ကိ ဠ် [၊] တံ မဟ ပုတြ စ နတရော စ ပရံ စ တေ နု ယ မေ အပစ အ ဆံ တိ အဝ ကပ် တ ထံ ယေ အနုဝတိသ္ဝတိ တေ သု ကိ ဠ် ကရ်တိ [၊] ယော စု အ တော . . . ကံ ပိ ဟ ပေ သ္ဝတိ သော ဒုကဠံ ကရ္ဝတိ [၊] ပါပ် ဟိ သုကရံ [၊] သော အ တိ ကြံ တံ အံ တရံ နု ဘုတ ပြုဝ ခြ မ မ ဟ တ မ တြ နမ [၊] သောတိ ဒ သ္ဝ ဝ ရ္ဝ ဘိ သိ တေ နု * မ ယ ခြ မ မ ဟ မ တြ ကိ ဠ် [၊] တေ သ ပြ ပ ရ်ံ ဒ ဠ ရ္ဝ ဝ ပ ဌ ခြ မ ဓိ ထ နယ စ ခြ မ ဝ ပိ ယ ဟိ ဒ သု ခ ယ စ ခြ မ ယု ကသ ယော နကံ ဗော ယ ဂ်ံ ခ ရ နံ ရ သိ ကနံ ပိ တိ နိ ကနံ ယ ဝ ပိ အ ပ်ံ ရ်ံ တ [၊] ဘ ဌ မ ယ ရ္ဝ ပြ မ ဏိ ဘေ ရ္ဝ အ နထ ရ္ဝ ဝု ပ ရ္ဝ ဟိ တ သု ခ ယ ခြ မ ယု တ သ အ ပ လိ ဗော ခ ဝ ဝ ပ ဌ တေ * [၊] ဗံ ခ နု ဗ ခ သ ပ ဌ ဝိ ခ နယ အ ပ လိ ဗော ခ ယ မော ဆ ယ ဣ ယ် အ နု ဗ ခံ ပြ ဇ ဝ ကိ ဌ ဘိ က ရော ဝ မ ဟ လ က ဝ ဝိ ယ ပ ဌ [၊] ဣ အ ဗ ဟိ ရ ရ္ဝ စ နဂ ရ ရ္ဝ သ ပ ပြ သု ါ သြ ရော ခ နေ ရ္ဝ ဘြ တု နံ စ မ ေ သ ္ဝ သု နံ စ ယ ေ ဝ ပ ိ အ ံ ည ေ ည တ ိ က သ ဝ တြ ဝ ိ ယ ပ ဌ [၊] ယ ံ ဣ ယ ် ခ ြ မ နိ သ ္ဝ ိ တ ေ တ ိ ဝ

ခြေမမိသနေ တိ ဝ ဒနသယုတေ တိ ဝ သဝတြ ဝိဇိတေ မဟ ခြေမယုတသိ ဝိယပဋ္ဌ တေ ခြေမမဟာမတြ [၊] တေယေ အဌယေ အယံ ခြေမဒိပိ ဒိပိသ္တ* [;-] စိရထိတိက ဘောတု တထ စ ပြဇ အနုဝတတု * [၊]

[ဆရာကြီးဦးသိန်းအောင် မှတ်ချက်။ ပြာကရံစ်နှင့် သက္ကတအက္ခရာ ရောရ် ရေးထားဟန် တူသည်။]

၆။ မာန်နဆေရာ ပဠမသိလာလေခ မူလပါဋ္ဌ

ဒေဝနံ ပြိယေ ပြိယဒြဿိ ရဇ ဧဝံ အဟ [;-] ကလဏံ ဒုကရံ [၊] ယေ အဒိကရေ ကယဏသ သေ ဒုကရံ ကရောတိ [၊] တံ မယ ဗဟု ကယဏော ကဌေ [၊] တံ မအ ပုတြ စ * နတရေ ပရံ စ တေန ယေ အပတိယေ မေ အဝ ကပ် တထံ အနုဝတိသ္ဍတိ သေ သုကဌ ကရ္ဓတိ [၊] ယေ စု အတြ ဒေသ္ဍ ပိ ဟပေသ္ဍတိ သေ ဒုကဌ ကရ္ဓတိ * [၊] ပပေ ဟိ နမ သုပဒရေဝ [၊] သေ အတိကြတံ အံတရံ နဘုတပြုဝ ခြေမမဟာမတြ နမ [၊] သေ တြေဒုသ္ဍဝရ္ဓဘိသိတေန မယ ခြေမမဟာမတြ ကဌ [၊] တေ သပြပရ္ဓဒ္ဓေရ္ဓ * ဝပုဌ ခြေမဓိထနယေ စ ခြေမဝဗြိယ ဟိဒသုခယေ စ ခြေမယုတသ ယောနကံဗောဇဂံဝရနံ ရဌ ကပိတိနိကန ယေ ဝ ပိ အညေ အပရတ [၊] ဘဌမယေ* ရ္ဓ ပြမဏိဘျေရ္ဓ အနထေရ္ဓ ဝုခြေရ္ဓ ဟိဒံသုခယေ ခြေမယုတ အပလိဗောဝယေ ဝိယပုဌ တေ [၊] ဗဝနဗဝသ ပဌိဝိဝနယေ အပလိဗော ဝယေ မောဆယေစ ဣယံ * အနုဗဝ ပဇတိ ဝ ကြဌဘိကရ တိ ဝ မဟလကေ တိဝဝိယ ပြဌတေ [၊] ဟိဒံ ဗဟိရေရ္ဓ စ နဂရေရ္ဓ သခြေရ္ဓ ⁅ သြရောရာဝနေရ္ဓ ဘတန စ သ္ဍသုန စ * ယေဝ ပိ အညေ ညတိကေ သခြတြ ဝိယပဌ [၊] ဧ ဣယံ ခြေမနိသ္ဍိတိတိ ဝ ခြေမဓိထနေတိ တိ ဝ ဒနသံယုတေတိ တိ ဝ သခြတြ ဝိဇိတသိ မအ ခြေမယုတသိ ဝိပုဌ တေ * ခြေမမဟာမတြ [၊] ဧတေယေ အထြယေ အယိ ခြေမဒိပိ လိခိတ [;-] စိရဌ္ဌိတိက ဟောတု တထံ စ မေ ပြဇ အနုဝဌတု [၊]

၅။ ဂိရနာရ် ပဠမသိလာလေခ မူလပါဋ္ဌအနက်

ဒေဝါနံ၊ နတ်တို့၏။ ပြိယော၊ ကြည်ညြိသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပြိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ရာဇာ၊ သီရိဓမ္မာသောက မင်းကြီးသည်။ ဧဝံ၊ ဤသို့လျှစ်ဖော်၊ စကားတော်ကို။ အာဟ၊ နှုတ်မြွက်ဝေဖန်၊ မိန့်ဆိုတော်မူပြန်၏။ ကလာဏံ၊ ကုသိုဟ်-ဟူသမျှ၊ မှုကိစ္စကို။ (ကရံ)၊ မရိမဟျင်း၊ ပြုလုပ်ခြင်းသည်။ ဒုကရံ၊ ခဲယဉ်းလှပေ၏။ ယေ၊ အကြင်သူသည်။ ကလာဏော သ၊ ကုသိုလ်ဟူသမျှ၊ မှုကိစ္စကို။

အဒိကရေ၊ အကယ်၍ကား၊ ပြုလုပ်ငြားအုံ့။ ဝါ၊ စ၍အားထုတ်၊ ပြုလုပ်ငြားအုံ့။ သော၊ ထိုသူသည်။ ဒုကရံ၊ အလွန်အမင်း၊ ခဲယဉ်းခြင်းအမှုကို။ ကရောတိ၊ မုချဧကန်၊ ပြုလုပ်သည်မှန်၏။

(တေန)၊ ထို့ကြောင့်။ မယာ၊ ငါသည်။ ဗဟု၊ တစ်ပါးမက၊ များပြားလှသော။ တ ကလာဏ၊ ထိုကုသိုလ်ဟူသမျှ၊ မှုကိစ္စကို။ ကဋ္ဌ၊ မချန်မလှပ်၊ ပြုလုပ်အပ်ပြီ။ တထာ၊ ထိုငါနှင့် စံယူ၊ အလားတူသာလျှင်။ မမ၊ ငါ၏။ ပုတာ စ၊ သားတော်တို့သည်လည်းကောင်း။ ပေါတြာ စ၊ မြေးတော်တို့သည်လည်းကောင်း။ ပရံ စ၊ တပါးတုံ့လည်း။ တေန၊ ထိုသားတော်,မြေးတော်မှ။ မေ၊ ငါ၏။ ယေ အပစ်၊ အကြင်သား,မြေး,မြစ် အဆက်အနွယ်တို့သည်။ (ဘဝိသ်တိ)၊ ဖြစ်ပွါးကြကုန်လတ္တံ့။ တ၊ ထိုငါ၏ သား,မြေး,မြစ် အဆက်အနွယ်တို့သည်။ အာဝသ်ဝဋ္ဋကပါ၊ သ်ဝဋ္ဋကပ်တိုင်အောင်။ ဝါ၊ ကပ်ကမ္ဘာကုန်သည်တိုင်အောင်။ အနုဝတိသရေ၊ အစဉ်တစိုက်၊ အောက်မေ့လိုက်နာ၊ အားထုတ်ကြပါကုန်လတ္တံ့။

သေ၊ ထိုငါနှင့်အတူ၊ ပြုလုပ်ကြသောသူတို့သည်။ သုကဋ္ဌ၊ ပုညအစု၊ မြတ်ကောင်းမှုကို။ ကာသတိ=ကာသ်တိ၊ မလစ်မဟင်း ပြုလုပ်ခြင်း မည်ကုန်လတ္တံ့။ တု၊ ထိုမှတပါး။ ယော၊ အကြင်သူသည်။ ဧတေ၊ ဤသို့နှုတ်မြွက်၊ အာဏာစက်တွင်။ ဒေသ်ပိ၊ နှစ်သက်ကင်းပ၊ တစ်စိတ်တဒေသမျှကိုလည်း။ ဟာပေသတိ၊ ဆုတ်ယုတ်ကွယ်ပျောက်၊ ပျက်စီးခြင်းသို့ ရောက်စေလတ္တံ့။ သော၊ ထိုသူသည်။ ဒုကတံ=ဒုကဋ္ဌ၊ အပါယ်လားကြောင်း၊ မကောင်းမှုကို။ ကာသတိ၊ အရှက်ကင်းပ၊ ပြုလုပ်ကြသည် မည်လတ္တံ့။

ဟိ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ပါပ်=ပါပ် နာမ၊ မကောင်းမှုမည်သည်ကား။ သုကရံ၊ ခဲယဉ်းမဟူ၊ အားထုတ်ရာ၌ လွယ်ကူသောအမှု မည်၏။ အံတရံ၊ နေ့,ရက်များလှ၊ ခါသမယသည်။ အတိကာတံ၊ တစ်နေ့တခြား၊ လွန်မြောက်မြားလေပြီ။ ဓံမမဟာ-မာတာ နာမ၊ ဓမ္မမဟာမတ္တ အမည်ရှိကုန်သော မင်းမှူထမ်းတို့သည်။ နု ဘူတပြုရဝံ၊ ရှေးကာလက တရံတခါမျှ မဖြစ်ဘူးကြကုန်သေး။ တေန၊ ထို့ကြောင့်။ တြိုက်ဒသဝါသာဘိသိတေန၊ မင်း၏အဘိသိက်ကို ခံ၍ ၁၃-နှစ်မြောက်လေပြီးသော။ မယာ၊ ငါသည်။ တ ဓံမမဟာမာတာ၊ ထိုဓမ္မမဟာမတ္တ အမည်ရှိကုန်သော မင်းမှူထမ်းတို့ကို။ ကတာ၊ စီမံခန့်ထားအပ်ကုန်ပြီ။

တေ၊ ထိုဓမ္မမဟာမတ္တ အမည်ရှိကုန်သော မင်းမှူထမ်းတို့ကို။ သဝပါသ်ဆေသု၊ အလုံးစုံကုန်သော ဂိုဏ်းတို့၌။ ဓမာဓိဋ္ဌာနာယ စ၊ တရားတော်၏ တည်နေစေခြင်းအလို့ငှာလည်းကောင်း။ ဓံမဝပိယာ စ၊ တရားတော်၏ ကြီးပွါးစေခြင်းအလို့ငှာလည်းကောင်း။ ဓံမ-ယုတသ၊ ဘာသာတရားသို့ အစဉ်လိုက်သောသူ၏။ (ဟိဒသုခါယေ စ)၊ စီးပွါးချမ်းသာအလို့ငှာလည်းကောင်း။ ယောနကံဗောဇဂံဓာရာနံ စ၊ ယောနကတိုင်း, ကမ္ဗောဇတိုင်း, ဂန္ဓာရတိုင်း

တို့၏လည်းကောင်း။ ရိသ္ဆိကပေတေဏိကာနံ စ၊ ရာသဋ္ဌိကတိုင်း, ပေဋ္ဌနိကတိုင်းတို့၏လည်းကောင်း။ (ဟိဒသုခါယေ စ)၊ စီးပွါးချမ်းသာအလို့ငှာလည်းကောင်း။ အံညေ၊ တပါးကုန်သော။ အပရာတာ၊ အနောက်ဘက် နယ်နိမိတ်အစွန်အဖျားဌ နေကုန်သော။ ယေဝါပိ၊ အကြင်သူတို့သည်လည်း။ (သန္တိ)၊ ရှိကုန်၏။ တေသံ၊ ထိုသူတို့၏။ (ဟိဒသုခါယေ စ)၊ စီးပွါးချမ်းသာအလို့ငှာလည်းကောင်း။ ဗျာပတာ၊ စီမံခန့်ထားအပ်ကုန်ပြီ။

(တထာ)၊ ထိုမှတပါး။ တေ၊ ထိုဓမ္မမဟာမတ္တ အမည်ရှိကုန်သော မင်းမှူထမ်းတို့ကို။ ဘတမယေသုဝ၊ လခစား မင်းမှူထမ်းငယ် အရှင်သခင်အပေါ် တို့ဌ္ဌလည်းကောင်း။ (ဗံဘနိ-ဘေသုဝ)၊ ပုဏ္ဏား, သူဌေးသူကြွယ်အပေါ် တို့ဌ္ဌလည်းကောင်း။ (အနထေသုဝ)၊ ကိုးကွယ်ရာမဲ့အပေါ် တို့ဌ္ဌလည်းကောင်း။ ဂုဓေသုဝ၊ သက်ကြီးသူအိုတို့အပေါ် တို့ဌ္ဌလည်းကောင်း။ သုခါယ-ဟိဒသုခါယ စ၊ စီးပွါးချမ်းသာအလို့ငှာလည်းကောင်း။ ခံမယုတာနံ၊ ဓမ္မယုတ္တ အမည်ရှိကုန်သော လက်အောက်ခံမင်းမှူထမ်းတို့အား။ ဝါ၊ ဘာသာတရားသို့ အစဉ်လိုက်ကုန်သောသူတို့အား။ အပရိဂေါဓာယ စ၊ ဘေးရန် မရောက်စေခြင်းအလို့ငှာလည်းကောင်း။ ဗျာပတာ၊ စီမံခန့်ထားအပ်ကုန်ပြီ။

အထ၊ ထိုမှတပါး။ တေ၊ ထိုဓမ္မမဟာမတ္တ အမည်ရှိကုန်သော မင်းမှူထမ်းတို့ကို။ ဗံဓန=ဗဓသ၊ ထောင်ဒဏ်ပေးခြင်း, ကြိုးဒဏ်ပေးခြင်းကို။ ပဝိဝိဓာနာယ စ၊ တားမြစ်ကာကွယ်စေခြင်းအလို့ငှာလည်းကောင်း။ အပလိဘောဓ=ယေ စ၊ ဘေးရန်မရောက်စေခြင်းအလို့ငှာလည်းကောင်း။ မောခါယေ စ၊ အပြစ်မရှိကုန်သောသူတို့ကို လွှတ်စေခြင်းအလို့ငှာလည်းကောင်း။ ဗျာပတာ၊ စီမံခန့်ထားအပ်ကုန်ပြီ။ (အထဝါ)၊ ထိုမှတပါးလည်း။ ဝါ၊ တစ်နည်းသော်ကား။ တေ၊ ထိုဓမ္မမဟာမတ္တ အမည်ရှိကုန်သော မင်းမှူထမ်းတို့ကို။ ဇယံ အနုဗမံ = ဣမသ္မိံ အနုဗံခေ၊ ဤအဖွဲ့ဌ်။ ဝါ၊ ဤသို့ အုပ်ချုပ်ခြင်းဌ်။ ပြဇာ=ပဇာဝတိ ဝါ၊ သားသမီးအဆွေအရံများကုန်သောသူတို့ဌ္ဌလည်းကောင်း။ ကတာဘိကာရေသု ဝါ၊ မင်းမှူထမ်းဖူးကုန်သောသူတို့ဌ္ဌလည်းကောင်း။ ထိုက်ရေသု ဝါ၊ သက်ကြီးသူအိုတို့ဌ္ဌလည်းကောင်း။ (ဝိသေသတ္ထာယ)၊ အထူးကျေးဇူးဥပကာရအလို့ငှာ။ ဗျာပတာ၊ စီမံခန့်ထားအပ်ကုန်ပြီ။

တထာပိ၊ ထိုမှတပါးလည်း။ တေ၊ ထိုဓမ္မမဟာမတ္တ အမည်ရှိကုန်သော မင်းမှူထမ်းတို့ကို။ ပါဋ္ဌလိပုတေ စ၊ ပါဋ္ဌလိပုတ်ပြည်ဌ္ဌလည်းကောင်း။ ဗာဟိရေသု၊ ပါဋ္ဌလိပုတ်ပြည်မှ အပဖြစ်ကုန်သော။ သဝေသု၊ အလုံးစုံကုန်သော။ (နဂရေသု စ)၊ မြို့တို့ဌ္ဌလည်းကောင်း။ မေ၊ ငါ၏။ (ဩလောဓနေသု စ)၊ နန်းတော်တွင်းတို့ဌ္ဌလည်းကောင်း။ ဧဝါပိ၊ ဤအတူသာလျှင်။ မေ၊ ငါ၏။ ဘာတိနံ၊ ညီတော်, နောင်တော်တို့၏။ (ဩလောဓနေသု စ)၊ နန်းတော်တွင်းတို့ဌ္ဌလည်းကောင်း။ မေ၊ ငါ၏။ (ဘဂိနိနာ)၊ နှမတော်တို့၏။ (ဩလောဓနေသု စ)၊ နန်းတော်တွင်း

တို့၌လည်းကောင်း။ ယေဝါပိ၊ ဤအတူသာလျှင်။ မေ၊ ငါ၏။ အညေ၊ တပါးကုန်သော။ ညာတိကာ စ၊ ဆွေမျိုးဉာတိတို့၌လည်း ကောင်း။ သရဝတ စ၊ အလုံးစုံကုန်သော အရပ်ဌာန တို့၌လည်းကောင်း။ ဗျာပတာ၊ စိမ်ခန့်ထားအပ်ကုန်ပြီ။

ယော=ယေ၊ အကြင်သူတို့ကို။ အယံ ဓံမနိသြိတောတိ ဝ၊ ဤတရားတော်ကို မှီကုန်သောသူ-ဟူ၍လည်းကောင်း။ ဝါ၊ ဤတရားတော်ကို စိုးပိုင်ကုန်သောသူ-ဟူ၍လည်းကောင်း။ (ဓံမာဓိထာနေတိ ဝ)၊ တရားတော်၌ ဆောက်တည်ကုန်သောသူ-ဟူ၍လည်းကောင်း။ (ဒါန-သယုတေတိ ဝ)၊ ဒါနအရာ၌ လက်အောက်ခံ အမှုထမ်းနိုင်ကုန်သောသူ-ဟူ၍လည်းကောင်း။ ဝါ၊ ဒါနနှင့်စပ်လျက် အုပ်ချုပ်ကုန်သောသူ-ဟူ၍လည်းကောင်း။ မမာ၊ ငါ၏။ ဝိဇိတသိ၊ နိုင်ငံတော်ဖြစ်လေပြီးသော။ (သဝတာ)၊ အလုံးစုံသော တိုင်းပြည်၌လည်းကောင်း။ (သဝပုဒ္ဓ ဝိယံ)၊ အလုံးစုံသော မြေအပြင်၌လည်းကောင်း။ (ခံမယုတသိ)၊ ဓမ္မယုတ္တအမည်ရှိသော လက်အောက်ခံ မင်းမှုထမ်းငယ်၌လည်းကောင်း။ ဝါ၊ တရားတော်ကို အုပ်ချုပ်သော မင်းမှုထမ်း ငယ်၌လည်းကောင်း။ (ဝိယာပဋာ)၊ စိမ်ခန့်ထားအပ်ကုန်ပြီ။ တေ၊ ထိုသူတို့သည်။ ခံမမဟာ-မာတာ၊ ဓမ္မမဟာမတ္တ အမည်ရှိကုန်၏။ ဧတာယ၊ ဤသို့သဘာရှိသော။ အထာယ၊ အကျိုးငှာ။ အယံ ခံမလိပိ၊ ဤတရားတော်နှင့်ဆိုင်သော ကမ္မည်းကျောက်စာကို။ လိခိတာ၊ စိရင်ရေးသား စေအပ်ပြီ။

အယံ ခံမလိပိ၊ ဤတရားတော်နှင့်ဆိုင်ရာ ကမ္မည်းကျောက်စာသည်။ စိလထိတိကျာ၊ ကာလရှည်ကြာ၊ ကပ်ကမ္ဘာကုန်သည်တိုင်အောင် တည်နေခြင်းရှိသည်။ ဟောတု၊ ဖြစ်ပါစေ သတည်း။ တထာ စ၊ ထိုမှတပါးလည်း။ ဝါ၊ ထိုအတူသာလျှင်။ မေ၊ ငါ၏။ ပဇာ၊ တိုင်းသူပြည်သား လူအများတို့သည်။ အနုဝတ်တု၊ အစဉ်လိုက်၍ အားထုတ်ကျင့်ဆောင်နိုင်ကြပါစေ ကုန်သတည်း။

၆။ ဂိရနာရ် ပဋ္ဌမသိလာလေခ-စသော ၆-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောက မင်းကြီးသည် ဤသို့ မိန့်ဆိုတော်မူ၏။ (အသောကဝဂ္ဂ။ ဘာသာပြန်မှ စကြည့်ပါ။)

ကုသိုလ်ကောင်းမှုကို ပြုလုပ်ခြင်းသည် အလွန်ခဲယဉ်း၏။ ကုသိုလ်ကောင်းမှုကို စ၍အားထုတ်ပြုလုပ်သောသူသည် အလွန်ခဲယဉ်းသောအမှုကို ပြုလုပ်သောသူ မည်၏။ ထို့ကြောင့် ငါသည် မှားစွာသော ကုသိုလ်ကောင်းမှုကို ပြုလုပ်အားထုတ်ခဲ့လေပြီ။ ငါနှင့်အတူ ငါ၏သား,မြေး,မြစ်-စသော အဆက်အနွယ်သည်လည်း ကပ်ကမ္ဘာ ကုန်သည်တိုင်အောင်

ငါကဲ့သို့ အတုလိုက်၍ ပြုလုပ်ပါလျှင် ငါကဲ့သို့ပင် ကုသိုလ်ကောင်းမှုကို ပြုလုပ်သောသူ ဖြစ်လိမ့်မည် မှန်၏။

ဤသို့နှုတ်မြွက် ဓမ္မစက်ကို တစ်စိတ်တဒေသခန့်မျှ ဖျက်ဆီးသောသူသည် ရှက်ဖွယ်လိလိ မကောင်းမှုကို ပြုမိသောသူ မည်၏။ အဘယ်ကြောင့်နည်းဆိုသော် အကုသိုလ်အမှုကို ပြုလုပ်ခြင်းသည် အလွန်လွယ်ကူသော ပြုလုပ်ခြင်းမျိုးဖြစ်၏။ တစ်နည်း- အကုသိုလ်သဘောသည် လွယ်ကူစွာ ပြန့်ပွါးတတ်သော သဘောမျိုးဖြစ်၏။

ရှေးလွန်ခဲ့သော အခါသမယမှာ ဓမ္မမဟာမတ္တမည်သော သာသနာပြု မင်းမှူထမ်းကြီးတို့ကို မခန့်ခဲ့ဖူးကြကုန်သေး။ ထို့ကြောင့် ငါသည် မင်း၏အဘိသိက်ကို ခံ၍ ၁၃-နှစ်မြောက်, သာသနာတော်သက္ကရာဇ် ၂၃၁-နှစ်မြောက်သောအခါ ဓမ္မမဟာမတ္တ အမည်ရှိကုန်သော သာသနာပြု မင်းမှူထမ်းကြီးတို့ကို စီမံခန့်ထားလိုက်ပြီ။ ထိုသူတို့သည် ဂိုဏ်းအားလုံးတို့၌ တရားတော်၏ တည်နေစေခြင်း, တရားတော်ကို စောင်မကြည့်ရှုခြင်း, တရားတော်ကို ကြီးပွါးစေခြင်း, ဘာသာတရားသို့ ဝင်ပါသူတို့၏ အစီးအပွါးရှိစေခြင်းအလို့ငှာ ဖြစ်ကုန်၏။

ဂင်းပြင် ယောနက, ကမ္ဘောဇ, ဂန္ဓာရ, ရာသဋ္ဌက, ပေဋ္ဌနိကတိုင်းပြည်, အခြားအခြားကုန်သော အနောက်ဘက်ရှိ တိုင်းပြည်တို့၏ အကျိုးစီးပွါးအလို့ငှာလည်းကောင်း ဖြစ်ကုန်၏။ ထိုမှတပါး ထိုဓမ္မမဟာမတ္တ အမည်ရှိကုန်သော သာသနာပြု မင်းမှူထမ်းကြီးများကို မင်းမှူထမ်းလခစား, မင်းမှူထမ်းငယ်, အရှင်သခင်, ပုဏ္ဏား, သူဌေးသူကြွယ်, ကိုးကွယ်ရာမဲ့သက်ကြီးသူအိုတို့၏ အကျိုးစီးပွါးအလို့ငှာလည်းကောင်း၊ ဂင်းပြင် ဓမ္မယုတ္တ အမည်ရှိကုန်သော လက်အောက်ခံ မင်းမှူထမ်း ဘာသာတရားသို့ ဝင်ပါသူတို့အား အန္တရာယ် မရောက်စေခြင်းအလို့ငှာလည်းကောင်း စီမံခန့်ထားလိုက်၏။

တစ်နည်း- လက်အောက်ခံ မဟာဒဏ်တို့ဖြင့် ငယ်သားတို့အား အန္တရာယ်မရောက်စေခြင်းအလို့ငှာ စီမံခန့်ထားလိုက်၏။ ထိုမှတပါးလည်း မတရားသဖြင့် ထောင်ဒဏ်ပေးခြင်း, ကြိုးဒဏ်ပေးခြင်းမှ ကွယ်ကာခြင်း, ဘေးရန်ကို တားဆီးခြင်း, အပြစ်မရှိသူကို လွှတ်ခြင်းအလို့ငှာလည်းကောင်း၊ ဤအဖွဲ့မှာ အခြွေအရံများသူ, မင်းမှူထမ်းဖူးသောသူ, သက်ကြီးသူအို, ထေရ်ကြီးဝါကြီးတို့အပေါ် ၌ အထူးကျေးဇူးပြုခြင်းအလို့ငှာလည်းကောင်း၊ ဂင်းပြင် ပါဠိလိပုတ်ပြည်မှ အခြားခြားကုန်သော မြို့,ရွာ,နိုင်ငံ၌လည်းကောင်း စီမံခန့်ထားလိုက်၏။ ဤနည်းအတူ ငါ၏နန်းတော်၊ နောင်တော်, ညီတော်, နှမတော်တို့၏ နန်းတော်များ၌လည်းကောင်း၊ ဆွေတော်မျိုးတော်တို့၏အပေါ် ၌လည်းကောင်း၊ လောကအလုံး၌လည်းကောင်း စီမံခန့်ထားလိုက်၏။

တရားတော်ကို မှီခိုနိုင်ခြင်း, တရားတော်ကို အုပ်ချုပ်နိုင်ခြင်း, တရားတော်၌ ဆောက်တည်နိုင်ခြင်း, ဒါနအရာ၌ လက်အောက်ခံ အမှူထမ်းနိုင်ခြင်း, ဒါနနှင့်စပ်၍ အုပ်ချုပ်နိုင်ခြင်း, ဤကဲ့သို့ တရားမျိုး၌ ပိုင်ဆိုင်ခွင့်ရှိ၍ ငါ၏နိုင်ငံတော်နှင့်တကွ ကမ္ဘာလောကလုံး၌လည်းကောင်း၊ ဓမ္မယုတ္တာ အမည်ရှိသော လက်အောက်ခံ မင်းမှူထမ်း၌လည်းကောင်း၊ ဘာသာတရားကို အုပ်ချုပ်နိုင်သော မင်းမှူထမ်း၌လည်းကောင်း စီမံခန့်ထားလိုက်သောသူသည် ဓမ္မမဟာ-မတ္တာ အမည်ရှိ၏။ ငါသည် ဤကဲ့သို့အကျိုးငှာ ဤတရားနှင့်ဆိုင်ရာ ကမ္ဘည်းကျောက်စာကို စီရင်ရေးသားလိုက်၏။ ဤကျောက်စာသည် ကမ္ဘာကုန်ဆုံးအောင် တည်နေသည်ဖြစ်၍ ငါ၏ငယ်သားအားလုံးတို့သည် ယူကျုံးဆက်လက် အားတုတ်ရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။

အမှာစကား။ **ဓံမမဟာမာတ-**ကို သက္ကဋ္ဌနှင့် ဟိန္ဒီဘာသာမှာ ဓရ်မမဟာမာတြ-ဟု ခေါ်၏။ ပါဠိဘာသာအားဖြင့် ဓမ္မမဟာမတ္တ-ဟု ပြန်ဆိုနိုင်၏။ ၎င်းသည် သက်သက်အားဖြင့် အမတ်ကြီးမဟုတ်။ တိုင်းပြည်ကို စီမံအုပ်ချုပ်ရာ၌ ပဓာနဖြစ်သော သာသနာပြုအရာရှိကြီး တစ်ဦးတစ်ယောက်ဖြစ်၏။ အသောကမင်းကြီး၏အဖွဲ့က ပဓာနသာသနာပြု မင်းမှူထမ်းကြီး-ဟူ၍ ဆိုလိုသည်။ အသောကမင်းကြီးသည် ပါဋလိပုတ်ပြည်မှစ၍ ယောန, ကမ္ဘောဇ, ဂန္ဓာရ-စသော တိုင်းပြည်၏ ပြင်ပကိစ္စ-ဟူသမျှတို့၌ စီမံအုပ်ချုပ်ရန်အတွက် ယောက်ျား ဓမ္မမဟာမတ္တကို ခန့်ထား၏။ နန်းတော်တွင်းရှိ မင်းမိဖုရား-အစရှိကုန်သော အဆောင်တော်တို့၌ကား မိန်းမ ဓမ္မမဟာမတ္တကို ခန့်ထား၏။ ရှေးရှေးက အခြားအခြားသော အဖွဲ့တို့ကဲ့သို့ ဘာသာရေးနှင့်ဆိုင်ရာ အဖွဲ့နှင့် ဘာသာရေးအမတ်ကြီးတို့သည် မရှိကုန်။ အသောကမင်းကြီးလက်ထက်မှာသာ ဓမ္မမဟာမတ္တ ဘာသာရေးအဖွဲ့ သာသနာပြု မင်းမှူထမ်းများသည် ဖြစ်ပေါ်လာကြ၏။

ပါသံဍ-သဒ္ဒါသည် တရား, ဂိုဏ်း, အယူဝါဒကွဲပြားခြင်းအနက်ကို ဟော၏။ ၎င်းပြင်လည်း ပလွှားခြင်း, ကောက်ကျစ်ခြင်း, မကောင်းသော ပါခဏ္ဍီအနက်ကိုလည်း ဟော၏။ ဤနေရာမှာ ဘာသာရေးဆိုင်ရာ ဂိုဏ်းဟောအနက်ကို ယူရမည်။ ပါခဏ္ဍီ-သဘောကား အခွင့်ကို ကြည့်၍ ပြင်ပလက္ခဏာနှင့် အပေါ်ယံလောက်ကိုသာ အားပေးတတ်၏။ ထူးသော အဘိဓမ္မာနည်းလမ်းမျိုး-စသည်ကိုကား ဥပေက္ခာလောက်သာ ရှုလေ့ရှိ၏။

ယုတ-သဒ္ဒါသည် ဤကျောက်စာ၌ ၄-ဌာနမှာ ရှိ၏။ ပထမ ဓံမယုတ-သဒ္ဒါသည် ယုတအမတ်ငယ်ကို မဟော။ တရား၌ သက်ဝင်ခြင်း, ဘာသာရေးသို့ ပါဝင်ခြင်း, ဘာသာတရားကို အစဉ်လိုက်ခြင်း အနက်ကိုသာ ဟော၏။ ဒုတိယ ဓံမယုတ-သဒ္ဒါသည် ဓမ္မမဟာမတ္တ၏ လက်အောက်ခံအမှူထမ်းအနက်, ဘာသာတရားသို့ အစဉ်လိုက်ခြင်း အနက်ကို ဟော၏။ ၎င်းပြင် ယုတ-အမတ်ငယ်ကိုလည်း ငဲ့ကွက်နိုင်၏။ တတိယ ဒါနသံယုတ-သဒ္ဒါ၏အရာက ဒါနအရာ၌ လက်အောက်ခံအုပ်ချုပ်ခြင်း, ဒါနအရာ၌ လက်အောက်ခံအမှူထမ်းခြင်း အနက်ကို ဟော၏။

ဒါနသို့ သက်ဝင်ခြင်း, ဒါနပြုလုပ်ခြင်းအနက်ကို မဟော။ **စတုတ္ထ** ဓံမယုတ-သဒ္ဒါသည် ဘာသာတရားသို့ အစဉ်လိုက်သူ, တရားတော်ကို အုပ်ချုပ်နိုင်သော လက်အောက်ခံ မင်းမှူထမ်းအနက် ယုတ-အမတ်ငယ် အနက်ကို ဟော၏။ ဤနေရာမှာ ဓမ္မမဟာမတ္တသည် ငယ်သားများ ချမ်းသာဖို့ရန်ကိစ္စနှင့် ယုတ, ဓံမယုတ အစရှိကုန်သော မင်းမှူထမ်းတို့ကို ငယ်သားတို့အပေါ်မှာ မတရားသဖြင့် မနှိပ်စက်စေခြင်းကိစ္စကို ဆောင်ရွက်ရ၏။

ယောနပြည်သည် ဂ္ဂန္ဓိယအနောက်မြောက် နယ်စွန်နယ်ဖျား၌ ယဝန(ဂရိတ်)လူမျိုးတို့၏ နေရာဖြစ်၏။ ဒုတိယသိလာလေခ၌ ဖော်ပြခဲ့ပြီ။ **ဂန္ဓာရ**နှင့် **ကမ္မောဇ**ပြည်ကို သောဋ္ဌသခရိုးစဉ်မှာ ရှုကြပါ။ ၎င်း ၃-ပြည်သည် အသောက၏ လုံးလုံးပိုင် တိုင်းပြည်မဟုတ်။ သို့သော် တစ်မျိုးမျိုးနှင့် လက်အောက်ခံအဖြစ်ဖြင့် ရှိ၏။

ရိဿိက-ကို သက္ကဋ္ဌနှင့် ဟိန္ဒီဘာသာမှာ ရာရှတြိုက်-ဟု ခေါ်၏။ မြန်မာအလိုအားဖြင့် ရာသဋ္ဌက ဖြစ်သင့်သည်။ **ပေတေဏိက**-ကို သက္ကဋ္ဌ၌ ပြတိရှဋ္ဌာနိက၊ ဟိန္ဒီဘာသာ၌ ပိုဂ်ဋ္ဌနိက၊ မြန်မာဘာသာ၌ ပေဋ္ဌနိက ခေါ်၏။ ရိရှတြိုက်-အမည်ရှိသော ဂ္ဂန္ဓိယတောင်ပိုင်း အလဝရ်နယ်၏ အစိတ်ဒေသကို ယခုထက်ထိ ရာဋ္ဌ-ဟု ခေါ်၏။ ကာဋ္ဌိယာဝါရ်နယ်နှင့် မာလဝါနယ်၏ အကြားကိုလည်း ရာဋ္ဌ-ဟု ခေါ်၏။ ရိဿိကနှင့် ပေတေဏိက၊ ၎င်း ၂-ပုဒ်တို့၏ ဆက်သွယ်ပုံကို ထောက်လျှင် ဂိုဒါဝရီမြစ်ကမ်းရှိ ပြတိရှဋ္ဌာန်ပုရ်နှင့်သာ ဆက်ဆံနိုင်သည်။ ထို့ကြောင့် ၎င်း ၂-ပြည်ထောင်သည် ဂ္ဂန္ဓိယတောင်ပိုင်းရှိ မဟာရာရှတြီးနယ်၏ အနီးအပါးတွင်သာ ရှိသင့်သည်။ ဤတိုင်းပြည် ၂-ခုလည်း အသောက၏ပိုင်နက်ထဲသို့ လုံးလုံးမပါဝင်ချေ။

အပရာတပြည်ကို ပါဠိ, သက္ကဋ္ဌ, ဟိန္ဒီဘာသာမှာ အပရန္တ-ဟု ခေါ်၏။ ၎င်းပြည်သည် ဤနေရာ၌ တောင်ဘက် အပရန္တနှင့် မဆိုင်။ အနောက်ဘက်နယ်ခြား၌ နေသောသူနှင့်သာ ဆိုင်၏။ ၎င်းအပရန္တပြည်ကိုလည်း အသောကမင်းကြီး လုံးလုံးမပိုင်။ ပြည်နီးချင်း တိုင်းပြည်မျှသာ ဖြစ်သည်။ ဒုတိယ သိလာလေခ၌ ဝိဇိတ-သဒ္ဒါသည် လုံးလုံးအောင်ခြင်းအနက်ကို ဟော၏။ ထို့ကြောင့် ၎င်းသဒ္ဒါကို ထောက်လျှင် ယောန, ကမ္မောဇ, ဂန္ဓာရ, ရိဿိက, ပေတေဏိက, အပရန္တပြည်များသည် တစ်နည်းနည်းနှင့် လက်အောက်ခံ မဟာမိတ်မင်းတို့ပြည်သာ ဖြစ်ကုန်၏။

ဘတ = ဘဋ္ဌ-သဒ္ဒါသည် ကျေးကျွန်, မင်းခစား, စစ်သားအနက်ကို ဟော၏။ **အယေသု**= **အယေရှ**-သဒ္ဒါသည် အရှင်ဟော။ **ပဋိဝိဓာန**-သဒ္ဒါသည် အပြစ်ကို ပြောင်းလွဲပစ်ခြင်း, တားမြစ်ခြင်း, ကာကွယ်ခြင်းအနက်ကို ဟော၏။ **အပလိဇောဓ**-သဒ္ဒါသည် ဘေးအန္တရာယ် မရောက်စေခြင်း, လွတ်ထိုက်လွတ်သင့်သောသူကို အပြစ်ဒဏ်မှ လွတ်နိုင်ခြင်းအနက်ကို ဟော၏။ **မောခ**-သဒ္ဒါသည် အပြစ်မရှိသူကို လွတ်ခြင်း၊ အပြစ်ရှိသော်လည်း ဒဏ်သင့်သူအား သားသမီးများခြင်း, ဘေးအန္တရာယ် ကြီးကျယ်စွာ နှိပ်စက်ခြင်း, အလွန်အိုမင်းခြင်းရှိမူ လွတ်ပစ်နိုင်ခြင်း အနက်ကို ဟော၏။

ဗမ-သဒ္ဒါသည် ကြိုးဒဏ်ပေးခြင်း, အမျိုးမျိုးနှိပ်စက်၍ သတ်ခြင်းအနက်ကို ဟောဏ်။ ဗမန-သဒ္ဒါသည် ထောင်ဒဏ်, အချုပ်ဒဏ်ပေးခြင်းကို ဟောဏ်။ **အနုဗမ**-သဒ္ဒါသည် အုပ်ချုပ်ခြင်း, မိတ်ဆွေဖွဲ့စည်းခြင်း, မင်းဒဏ်သင့်သူ၏ အလိုအတိုင်း သတ်ခြင်းအနက်ကို ဟောဏ်။ **ကတာဘီ-ကာရ**-သဒ္ဒါသည် မင်းမှုထမ်းဖူးသူ တစ်ယောက်ယောက်က လှည့်စားဖျားယောင်း၍ အပြစ်ပြုမိသူ အနက်ကို ဟောဏ်။

ဩလောဓန-သဒ္ဒါသည် နန်းတွင်းမိဖုရားအဆောင်၊ မောင်းမ, မိန်းမအနက်ကို ဟောဏ်။ ဒိပိဿ-သဒ္ဒါသည် ရေးသားခြင်းအနက်ကို ဟောဏ်။ အကယ်၍ နိပိဿ - နိဝိဿရှိမှု ချည်နှောင်ခြင်း, သိကုံးခြင်း, ရေးသားခြင်း, အရင်းငွေ အနက်ကို ဟောဏ်။ ပညာရှိတို့လည်း ဆင်ခြင်နိုင်သမျှ ဆင်ခြင်ကြပါကုန်။

----- x -----

[၆] စတုဒ္ဒသသိလာလေခ ဂိရနာရ် ဆဋ္ဌမသိလာလေခ မူလပါဠိ ၆-ဌာန

၁။ ဂိရနာရ် ဆဋ္ဌမသိလာလေခ မူလပါဠိ

ဒေဝါနံ ပြိ . . . ပိယဒသိ ရာဇာ ဧဝံ အာဟ [:-] အတိက္ကြာတံ အံတရံ * နဘူတပြုဝ သဝကလ် အထက်မေဝ ပဋ္ဌဝေဒနာ ဝါ [၊] တ မယာ ဧဝံ ကဋ္ဌံ * [၊] သဝေ ကာလေ ဘုံဇမာနသ မေ ကြေ်ဩရောဓနမ့ိ ဂဘာဂါရမ့ိ ဝစမ့ိဝ * ဝိနီတမ့ိ စ ဥယာနေသု စ သဝတြ ပဋ္ဌဝေဒကာ သ္ဍိတာ အထေ မေ ဇနသ * ပဋ္ဌဝေဒေထ ဣတိ [၊] သရဝတြ စ ဇနသ အထေ ကရောမိ [၊] ယစ ကိံစိ မုခတော * အာညပယာမိ သ္ဍယံ ဒါပကံ ဝါ ဩ-ဝါပကံ ဝါ ယ ဝါ ပုန မဟာမာတြေသု * အာစာယိကေ အာရောပိတံ ဘဝတိ တာယ အထာယ ဝိဝါဒေါ နိစ္စတီ ဝ သံတော ပရိသာယံ* အာနံတရံ ပဋ္ဌဝေဒေတဗ္ဗံ မေ သရဝတြ သရဝေ ကာလေ [၊] ဧဝံ မယာ အာညပိတံ [၊] နာသ္ဍိ ဟိ မေ တာသော * ဥဿာနမ့ိ အထသံတီရဏာယ ဝ [၊] ကတဗ္ဗ မတေ ဟိ မေ သရဝလောကဟိတံ * [၊] တသ စ ပုန ဧသ မူလေ ဥဿာနံ စ အထသံတီရဏာ စ [၊] နာသ္ဍိ ဟိ ကံမတရံ * သရဝလောကဟိ-တတ္တာ [၊] ယ စ ကိံစိ ပရာက္ကြမာမိ အဟံ [:-] ကိံတိ [?] ဘူတာနံ အာနံဏံ ဂဆေယံ * ဣဓ စ နာနိ သုခါပယာမိ ပရတြာ စ သ္ဍဂံ အာရာဓယံတု [၊] တ ဧတာယ အထာယ * အယံ ဓံမလိပိ လေခါပိတာ [:-] ကိံတိ [?] စိရံ တိဋ္ဌေယ ဣတိ တထာ စ မေ ပုတြာ ပေါတာ စ ပြပေါတြာ စ * အနုဝတရဝံ သဝလောကဟိတာယ [၊] ဒုကရံ တု ဣဒံ အညတ အဂေန ပရာက္ကြမေန * [၊] (အသောကနှာ-၄၈)

[ဆရာကြီးဦးသိန်းအောင် မှတ်ချက်။ အတိကြာတံ ဘူတပြုဝ သဝကလ် အထက်မေဝ-၌ အတိက်တံ ဘူတပုဝံ သဝံ ကာလ် အထက်မ် ဝါ၊ တ မယာ ဧဝံ ကဋ်-၌ သေ မယာ ဧဝံ ကတ်၊ သဝေ ကာလေ ဘုံဇမာနသ မေ ⁺ သြရောဇမ်-၌ သဝံ ကာလ် အဒမာနသ မေ အ်စော သြရောဓနမ်၊ ပဋိဝေဒကာ ဿိတာ အတေမေ ဇနသ ပဋိဝေဒေထ ဣတိ-၌ ပဋိဝေဒကာ ဌိတာ အဌ် မေ ဇနသ အဌ် ပဋိဝေဒယ်တု မေတိ-ရှိ၏။ အသောက။၄၈]

၂။ ကာလဆိ ဆဋ္ဌမသိလာလေခ မူလပါဋ်

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ အာဟာ [:-] အတိက်တံ အ်တလ် နော ဟူတပုလုဝေ သဝ်ကာလ် အဌက်မေ ပါ ပဋိဝေဒနာ ဝ၊ [၊] သေ မမယာ ဟေဝ် ကဋ္ဌေ [၊] သဝ်ံ ကာလ် အဒမနသာ မေ * ⁺ သြလောခနသိ ဂဘာဂါလသိ ဝစသိ ဝိနိသတိ ဥယာနသိ သဝတာ ပဋိဝေ:ကာ အဌ် ဇနသာ ပဋိဝေဒေတု မေ [၊] သဝတာ ဇနသာ အဌ် ကဆာမိ ဟက် [၊] ယ်ပိ စာ ကိဆိ မုခတေ အာနပယာမိ ဟက် ဒါပက် ဝါ သာဝက် ဝါ ယေ ဝါ ပုနာ မဟာမာတေဟိ * အတိယာယိကေ အာ . . . ပိတ် ဟောတိ တာယေ ဌာယေ ဝိဝါဒေ နိစ္စတိ ဝါ သ်တ် ပလိသာယေ အနံတလိယေနာ ပဋိ . . . ဝိယေ မေ သဝတာ သဝ်ံ ကာလ် [၊]ဟေဝ်ံ အာနပယိတေ မမယာ [၊] နထိ ဟိ မေ ဒေါသေ ဝ ဥဌာနသာ အဌသ်တိလနာယေ စာ [၊] ကဌ္ဌဝိယ မုတေ ဟိ မေ သဝလောကဟိတေ [၊] တသာ ပုနာ ဧသေ မုလေ ဥဌာနေ * အဌသ်တိလနာ ဝါ [၊] နယ် ဟိ ကံမတလာ သဝလောက ဟိတေနာ [၊] ယ် စ ကိဆိ ပလကမာမိ ဟက် [:-] ကိတိ [?] ဘုတာနံ အနနိယ် ယေဟ် ဟိဒ စ ကာနိ သုခါယာမိ ပလတ စာ သ္ဌဂ် အာလာဓယိတု [၊] သေ ဧတာယ'ဌာယေ ဣယ် ဓမလိပိ လေခိတာ [:-] စိလဋ္ဌိတိကျာ ဟောတု တထာ စ မေ ပုတဒါလေ ပလကမာ တု သဝလောကဟိတာယေ * [၊] ဒုကလေ စ ဣယ် အနတ အဂေနာ ပလကမေနာ [၊]

၃။ ဓောက်လိ ဆဋ္ဌမသိလာလေခ မူလပါဋ်

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ အာဟာ [:-] အတိက်တံ အ်တလ် နော ဟူတပုလုဝေ သဝ်ံ ကာလ် အဌက်မေ ဝ ပဋိဝေဒနာ ဝ [၊] သေ မမယာ ကဌ္ဌေ [၊] သဝ်ံ ကာလ်. . . မာနသ မေ * အ်တေ ⁺ သြလောခနသိ ဂဘာဂါလသိ ဝစသိ ဝိနိတသိ ဥယာနသိ စ သဝတ ပဋိဝေဒကာ ဇနသ အဌ် ပဋိဝေဒယ်တု မေ တိ [၊] သဝတ စ ဇနသ အဌ် ကလာမိ ဟက်* [၊] အ်ပိ စ ကိ:ဆိ မုခတေ အာနပယာမိ ဒါပက် ဝါ သာဝက် ဝါ ဧဝါ မဟာမာတေဟိ အတိယာယိကေ အာလောပိတေ ဟောတိ တသိ အဌသိ ဝိဝါဒေဝ နိစ္စတိ

ဝါ သံတံ ပလိသာယ* အာနံတလိယံ ပဋိဝေဒေတဝိယေ မေတိ သဝတ သဝံ ကာလံ[၊] ဟေဝံ မေ အနုသထေ [၊] နထိ ဟိ မေ တောသေ ဥဒ္ဌာနသိ အဌသံတီလနာယ စ [၊] ကဋ္ဌဝိယ မတေ ဟိ မေ သဝလောကဟိတေ * [၊] တသ စ ပန ဣယံ မူလေ ဥဒ္ဌာနေ စ အဌသံတီလနာ စ [၊] နထိ ဟိ ကံမတ . . . သဝလောကဟိတေန [၊] အံ စ . . . ဆိ ပလကမာမိ ဟကံ [:-] ကိံတိ [?] ဘူတာနံ အာနနိယံ ယေ ဟံတိ * ဟိဒ စ ကာနိ သုခယာမိ ပလတ စ သွဂံ အာလာဓယံတူတိ [၊] ဧတာယေ ဣယံ ဓံမလိပိ လိခိတာ [:-] စိလဋ္ဌိတိကာ ဟောတု တထာ စ ပုတာ ပပေါတာ မေ ပလကမံတု * သဝလောကဟိ-တာယေ [၊] ဒုကလေ စု ဣယံ အံနတ အဂေန ပလကမေန [၊] သေကော။

၄။ ဣျောဂ္ဂရ် ဆဋ္ဌမသိလာဓလခ မူလပါဋ္ဌ

. . . ဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ အာဟာ [၊] အတိကံတံ အံတလံ နော ဟူတပုလုဝေ သဝံ ကာလံ အဌကံမေ ပဋိဝေဒနာ ဝ [၊] သေ မမယာ ကဋ္ဌေ [၊] သဝံ ကာလံ * . . . သမေ အံတေ ⎾ဩ⏿လောဓတသိ ဂဘာဂါလသိ ဝစသိ ဝိနီဘသိ ဥယာနသိ စ သဝတ ပဋိဝေဒကာ ဇနသ အဌ် ပဋိဝေဒယံတု မေ တိ [၊] သဝတ စ ဇနသ * . . . . ကံ [၊] အံ ပိ စ ကိံဆိ မုခတေ အာနပယာမိ ဒါပကံ ဝါ သာဝကံ ဝါ ဧဝါ မဟာမာတေဟိ အတိယာယိကေ အာလောပိတေ ဟောတိ တသိ အဌသိ ဝိဝါဒေ ဝ * . . . . . လိသာယ အာနံတလိယံ ပဋိဝေဒေတဝိယေ မေ တိ သဂတ သဝံ ကာလံ [၊] ဟေဝံ မေ အနုသထေ [၊] နထိ ဟိ မေ တောသေ ဥဒ္ဌာနသိ အဌသံတီ လနာယ စ* [၊] . . . . . မေ သဝလောကဟိတေ [၊] တသ စ ပန ဣယံ မူလေ ဥဒ္ဌာနေ စ အဌသံတီလနာ စ [၊] နထိ ဟိ ကံမတလာ သဝလောကဟိတေန [၊] အံ စ ကိံဆိ ပလကမာမိ ဟကံ * [:-] . . . . . နနိယံ ယေဟံ တိ ဟိဒ စ ကာနိ သုခယာမိ ပလတ စ သွဂံ အာလာဓယံတူတိ [၊] ဧတာယေ အဌာယေ ဣယံ ဓံမလိပိ လိခိတာ [:-] စိလဋ္ဌိတိကာ ဟောတု * . . . . . ပေါတာ မေ ပလကမံတု သဝလောကဟိတာယေ [၊] ဒုကလေ စု ဣယံ အံနတ အဂေန ပလကမေန * [၊]

၅။ သ္ဟာဟဗာဂ်ိုဂဟရိ ဆဋ္ဌမသိလာလေခ မူလပါဋ္ဌ

ဒေဝနံ ပြိယော ပြိယဒြသ္မိ ရယ ဧဝံ အဟတိ [:-] အတိကြတံ အံတရံ နု ဘုတ-ပြုဝံ သဗ္ဗံ ကလံ အထကြမံ ဝ ပဋိဝေဓေန ဝ [၊] တံ မယ ဧဝံ ကိဏ္ဍ [၊] သဗ္ဗံ ကလံ အသ္ဟ

မနသ မေ ါ်သြရောဓနသို့ ဂြဘဂရသို့ ဂြစသို့ ဝိနိတသို့ ဥယနသို့ သဂြတြ ပဋ္ဌရိဝေဒက အဋ္ဌ ဇနသ ပဋ္ဌရိ ဝေဒေတု မေ [၊] သဝတြ စ ဇနသ အဋ္ဌရ ကရောမိ [၊] ယံ ပိ စ ကိစိ မုခတော အဏာပယမိ အဟံ ဒပကံ ဝ သ္ဝါဝကံ ဝ ယံ ဝ ပန မဟာမတြန် ဝေါ အစယိက အ. . . ပိတံ ဘောတိ တယေ အဋ္ဌယေ ဝိဝဒေ ဝ နိစ္စတိ ဝ သံတံ ပရိရ္ဓယေ အနံတရိ ယေန ပြဋ္ဌိဝေဒေတဝေါ မေ * သဝတြ သပြံ ကလံ [၊] ဧဝံ အဏာပိတံ မယ [၊] နတ္ထိ ဟိ မေ တောရ္ဓော ဥဋ္ဌနသိ အဋ္ဌသံကိရဏယေ စ [၊] ကဋ္ဌဝ မတံ ဟိ မေ သဂြလောကဟိတံ [၊] တသ စ မုလံ ဧတြ ဥထနံ အဋ္ဌသံတိရဏ စ [၊] နတ္ထိ ဟိ ကြမတရံ * သဝလောက ဟိတေန [၊] ယံ စ ကိစိ ပရကြမမိ [:-] ကိတိ [?] ဘုတနံ အနဏိယံ ပြိစေယံ ဣအစ ရ္ဓ သုခယမိ ပရတြ စ သ္ဝက် အရဓေတု [၊] ဧတယေ အဋ္ဌယေ အယိ ခြမ ဒိဝိဿ [:-] * စိရထိတိက ဘောတု တထ စ မေ ပုတြ နတရော ပရကြမံတု သဝလောကဟိတယေ [၊] ဒုကရံ တု ခေါ ဣမံ အံညတြ အဂြေ ပရကြမေန * [၊]

၆။ မာန်နဆေရာ ဆဋ္ဌမသိလာလေခ မူလပါဋ်

ဒေဝနံ ပြိယေ ပြိယဒြဿိ ရဇ ဧဝံ အဟ [:-] အတိကြံတံ အဟရံ * နော ဟုတ ပြုဝေ သဝ်ံ ကသ အထြ ကြမ ဝ ပဋ္ဌိဝေဒန ဝ [၊] တ မယ ဧဝံ ကိဉ္ဇ [၊] သဂြ ကလံ အသ္ဝတသ မေ ါ်သြရောဓနေ ဂြဘဂရသိ ဂြစသို့ ဝိနိတသို့ ဥယနသို့ သဂြတြ ပဋ္ဌိဝေဒက အထြ ဇနသ * ပဋ္ဌိဝေဒေတု မေ [၊] သဂြတြ စ ဇနသ အထြ ကရောမိ အဟံ [၊] ယံ ပိ ကိစိ မုခတိ အဏာပေမိ အဟံ ဒပကံ ဝ သ္ဝါဝကံ ဝ ယံဝ ပုန မဟာမတြေဟိ အစယိကေ အရောပိတ ဟောတိ * တယေ အထြယေ ဝိဝဒေ နိစ္စတိ ဝ သံတံ ပရိရ္ဓယေ အနံတလိ ယေန ပဋ္ဌိဝေဒိတဝိယေ မေ သဂြတြ သဂြကလ [၊] ဧဝံ အဏာပိတ မယ [၊] နတ္ထိ ဟိ မေ တောရ္ဓေ ဥဋ္ဌနသိ အထြသံတိရဏယေ စ * [၊] ကဋ္ဌဝိယ မတေ ဟိ မေ သဂြလောက ဟိတေ [၊] တသ စု ပုန ဧရ္ဓေ မုလေ ဥဋ္ဌနေ အထြသတိရဏ စ [၊] နတ္ထိ ဟိ ကြမတရ သဂြလောကဟိတေန [၊] ယံ စ ကိစိ ပရကြမမိ အဟံ [:-] ကိတိ [?] ဘုတနံ* အနဏိယံ ယေဟံ ဣအ စ ရ္ဓ မုခယမိ ပရတြ စ သ္ဝဂ်ံ အရဓေတု တိ [၊] သေ ဧတယေ အထြယေ ဣယံ ခြမဒိပိ လိခိတ [:-] စိရဋ္ဌိတိကံ ဟောတု တထံ စ မေ ပုတြ နတရေ ပရကြမံ တေ သဂြ* လောကဟိတယေ [၊] ဒုကရေ စု ခေါ အညတြ အဂြေန ပရကြမေန [၊]

၇။ ဂိရနာရ် ဆဋ္ဌမသိလာလေခ မူလပါဠိအနက်

ဒေဝါနံ၊ နတ်တို့၏။ ပြိ=ပြိယေ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်းဖြစ်တော်မူထသော။ ပိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်းဖြစ်တော်မူထသော။ ရာဇာ၊ သီရိဓမ္မာသောက မင်းကြီးသည်။ ဧဝံ၊ ဤသို့နှုတ်မြွက်၊ ဓမ္မစက်ကို။ အာဟ၊ ဝစီနှုက်ထွက်၊ မိန့်ဆိုမြွက်၏။ အံတရံ၊ တွက်ရေမျှားလှ၊ ခါသမယသည်။ အတိကြာတံ၊ တစ်နေ့တပါး၊ လွန်မြောက်မြားလေပြီ။ သဝကလံ၊ အလုံးစုံသောကာလ၌။ ဝါ၊ အခါခပ်သိမ်း။ အထကံမေ ဝ၊ တိုင်းပြည်အကျိုး၊ အမှုမျိုးသည်လည်းကောင်း။ ပဋိဝေဒနာ ဝါ၊ ငယ်သားရောက်ဝင်၊ လျှောက်လွှာတင်ခြင်းသည်လည်းကောင်း။ နာ ဘူတပြုဝ၊ ရှေးအခါက တရံတဆစ်မျှ မဖြစ်ဘူးသေး။ တ=တတ၊ ထို့ကြောင့်။ မယာ၊ ငါသည်။ ဧဝံ၊ ဤသို့တွေးဆ၊ မှုကိစ္စကို။ ကဋ္ဌ၊ စိမ်ပိုင်းခြား ခန့်ထားအပ်ပြီ။

သဝေ၊ အလုံးစုံသော။ ကာလေဝ၊ ကာလ၌လည်းကောင်း။ မေ၊ ငါ၏။ ဘုံဇမာန-သဝ၊ စားတော်ခေါ်ဆဲ၌လည်းကောင်း။ (အံတေ စ)၊ ငါနှင့် နီးစပ်သောအခါ၌လည်းကောင်း။ သြရောဓနမှိ ဝ၊ မိဖုရားအဆောင်တွင်း၌လည်းကောင်း။ ဂဘာဂါရမှိဝ၊ စက်တော်ခေါ်ရာ အခန်း၌လည်းကောင်း။ ဝါ၊ လေသာခံ တိုက်ခန်း၌လည်းကောင်း။ ဝစမှိ ဝ၊ ပြင်သို့ထွက်ရာ၊ လေသာခံသောအခါ၌လည်းကောင်း။ ဝါ၊ ပြင်သို့ လေခံထွက်သောအခါ၌လည်းကောင်း။ ဝိနီတမှိ စ၊ ခရီးရှည်လျှား၊ တိုင်းပြည်ကို လှည့်လည်ထွက်သွားသောအခါ၌လည်းကောင်း။ ဥယာနေသု စ၊ ဥယျာဉ်တော်တို့၌ လှည့်လည်သောအခါ၌လည်းကောင်း။ သဝတြ စ၊ အလုံးစုံကုန်သော အရပ်ဌာနတို့၌လည်းကောင်း။ ပဋိဝေဒကာ၊ ရှေ့တော်ဖတ် စာရေးတို့သည်။ သ္မိတာ၊ ရှေ့တော်သို့ လာရောက်၍။ မေ၊ ငါ့အား။ ဇနသ၊ တိုင်းသူပြည်သား လူအများ၏။ အထေ၊ အမှုကိစ္စ-ဟူသမျှကို။ ပဋိဝေဒေထ၊ တင်သွင်းကြကုန်လော့။ ဣတိ၊ ဤသို့။ (ကဋ္ဌ)၊ စိမ်ပိုင်းခြား ခန့်ထားအပ်ပြီ။

စ၊ ဆက်၍ဆိုဦးအံ့။ (အဟံ)၊ ငါသည်။ သရဝတြ၊ အလုံးစုံကုန်သော အရာဌာနတို့၌။ ဇနသ၊ တိုင်းသူပြည်သား လူအများ၏။ အထေ၊ ပြုဖွယ်ဟူသမျှ၊ မှုကိစ္စကို။ ကရောမိ၊ လုံ့လအားထုတ်၊ စိမ်ပြုလုပ်ပါအံ့။ သွယ်၊ ငါကိုယ်တော်တိုင်။ ဒါပကံ ဝါ၊ ဒါနအရာ၌ စိမ်အုပ်ချုပ်သောသူကိုလည်းကောင်း။ သြာဝါပကံ ဝါ၊ အမိန့်တော်ပြန်ကိုလည်းကောင်း။ ယစကိ'စိ၊ အကြင်တစ်စုံတစ်ခုသော အမိန့်အာဏာကို။ မုခတော၊ ငါ၏နှုတ်တော်မှ။ အာညပယာမိ၊ အမိန့်ပေးလိုက်၏။ ဝါ၊ တစ်နည်းကား။ ယ၊ အကြင်တစ်စုံတစ်ခုသော အကြောင်းအရာကို။ ပုန၊ တဖန်။ အာစာယိကေ၊ အလွန်အရေးကြီးသောအခါ၌။ မဟာမာတြေသု၊ မဟာမတ္တအမည်ရှိကုန်သော မင်းမှူထမ်းတို့၌။ အာရောပိတံ၊ အတည်ပြုလုပ်နိုင်သည်။ ဘဝတိ၊ ဖြစ်၏။

တာယ၊ ထိုသို့ သဘောရှိသော။ အထာယ၊ အကြောင်းအရာအား။ ဝါ၊ အကြောင်းအရာ၌။ ဝိဝါဒေါ၀၊ ငြင်းခုံခြင်းသည်လည်းကောင်း။ နိစ္စတီ၀၊ အထူးအားဖြင့် စဉ်းစားခြင်းသည်လည်းကောင်း။ သံတော၊ ဖြစ်ပေါ်လာသောအခါ။ ပရိသာယံ၊ မင်းတိုင်ပင်အဖွဲ့သည်။ အာနံတရံ၊ အဆောတလျင်။ မေ၊ ဘုရားအား။ သရ၀တြေ၊ အလုံးစုံကုန်သော အရပ်ဌာနတို့၌လည်းကောင်း။ သရ၀ေ၊ အလုံးစုံသော။ ကာလေ၊ အခါကာလ၌လည်းကောင်း။ ပဋိ၀ေဒေ-တဗ္ဗံ၊ လျှောက်တင်အပ်၏။ ဧ၀ံ၊ ဤသို့။ မယာ၊ ငါသည်။ အာညပိတံ၊ အမိန့်ပေးအပ်ပြီ။ ဟိ၊ အဘယ်ကြောင့်နည်းဟူမူကား။ မေ၊ ဘုရားအား။ ဥဿာနမ္ပိ၀၊ လုံ့လအားထုတ်ရာ၌လည်းကောင်း။ အထသံတီရဏာယ၀၊ မင်းမှူကိစ္စကို ပြည့်စုံအောင် ပြုလုပ်ရာ၌လည်းကောင်း။ တာသော၊ ရောင့်ရဲတင်းတိမ်ခြင်းသည်။ နာတ္ထိ၊ မရှိ။

ဟိ၊ စင်စစ်သော်ကား။ မေ၊ ငါသည်။ (ဣယံ)၊ ဤကဲ့သို့ စီမံအားထုတ် ပြုလုပ်ခြင်းကို။ သရ၀လောကဟိတံ၊ အလုံးစုံကုန်သောသူတို့၏ အကျိုးစီးပွါးရှိသော။ ကတဗ္ဗ၊ ပြုအပ်,ပြုထိုက်သော ဝတ္တရား-ဟု။ မတော၊ အောက်မေ့မှတ်ထင်အပ်၏။ ပုန စ၊ တဖန်လည်း။ ဥဿာနံ စ၊ လုံ့လအားထုတ်ခြင်းသည်လည်းကောင်း။ အထသံတီရဏာ စ၊ မင်းမှူကိစ္စကို ပြည့်စုံအောင် ပြုလုပ်ခြင်းသည်လည်းကောင်း။ ဧသ၊ ဤတရား ၂-ပါးသည်။ တသ၊ ထိုအလုံးစုံကုန်သောသူတို့၏ အကျိုးစီးပွါး၏။ မူလေ၊ မူလရင်း တရားကြီးသည်။ ဘ၀တိ၊ ဖြစ်၏။

ဟိ၊ သင့်စွ။ မေ၊ ဘုရားအား။ သရ၀လောကဟိတတ္တာ၊ အလုံးစုံကုန်သောသူတို့၏ အကျိုးစီးပွါးကို ပြုလုပ်ရသော အမှုကိစ္စထက်။ ဂံမတရံ၊ ပိုလွန်သော တပါးသောအမှုကိစ္စသည်။ နာတ္ထိ၊ မရှိ။ စ၊ ဆက်၍ ဆိုဦးအုံ့။ ယ ကိံစိ၊ အကြင်တစ်စုံတစ်ခုသော အမှုကိစ္စကို။ အဟံ၊ ငါသည်။ ပရာကြမာမိ၊ ဥဿာဟစိုက်ထူ၊ အလေးမူ၍ ကူညီအားထုတ်၏။

တံ၊ ထိုအမှုကိစ္စကို။ ကိံတိ၊ အဘယ်ကြောင့် အားထုတ်သနည်းဟူမူကား။ ဘူတာနံ၊ တိုင်းသူပြည်သား လူအများတို့၏။ အာနံဏံ၊ ကြွေးမြီမှ။ ဂဆေယံ၊ ကင်းလွတ်လို၏။ ဣဓ စ၊ ဤလောက၌လည်း။ နာနိ၊ စင်စစ်မုချ။ သုခါပယာမိ၊ ချမ်းသာကို ရလို၏။ (တစ်နည်းကား) နာနိ စ၊ လူများအပေါင်းကိုလည်း။ ဣဓ၊ ဤလောက၌။ သုခါပယာမိ၊ ချမ်းသာစေလို၏။ ပရတြာ စ၊ တမလွန်လောက၌လည်း။ သွဂံ၊ နတ်ရွာ,နိဗ္ဗာန်ကို။ အာရာ၀ယံတု၊ ပေါက်မြောက်နိုင်ကြစေကုန်လော့။ (ဣတိ)၊ ထို့ကြောင့်။ (ပရာကြမာမိ)၊ ဥဿာဟစိုက်ထူ၊ အလေးမူ၍၊ ကူညီအားထုတ်၏။

တ=တတ၊ ထို့ကြောင့်။ ဧတာယ၊ ဤသို့သဘောရှိသော။ အထာယ၊ အကျိုးငှာ။ အယံ ဓံမလိပိ၊ တရားနှင့်လျော်စွာ ဤကျောက်စာကို။ လေခါပိတာ၊ ရေးသားစေအပ်ပြီ။

ကိုတိ၊ အဘယ်ကြောင့် ရေးစေအပ်သနည်းဟူမူကား။ အယံ၊ ဤကျောက်စာသည်။ စိရံ၊ ကာလရှည်ဆုံး၊ ကပ်ကမ္ဘာကာလပတ်လုံး။ တိဿေယ၊ မရွှေ့မစောင်း၊ လူအပေါင်းတို့၊ အကြောင်းသိစေ၊ တည်နေပါစေသတည်း။ တထာ စ၊ ထိုမှတပါးလည်း။ မေ၊ ငါ၏။ ပုတြာ စ၊ သားတော်တို့သည်လည်းကောင်း။ ပေါတာ စ၊ မြေးတော်တို့သည်လည်းကောင်း။ ပြပေါ-တြာ စ၊ မြစ်တော်တို့သည်လည်းကောင်း။ သဝလောကဟိတာယ၊ အလုံးစုံကုန်သောသူတို့၏ အကျိုးစီးပွါးအလို့ငှာ။ အနုဝတရဝံ၊ အစဉ်တစိုက် အားထုတ်လိုက်နာကြပါစေကုန်သတည်း။ ဣတိ၊ ထို့ကြောင့်။ (လိခါပိတာ)၊ ရေးသားစေအပ်ပြီ။

တု၊ စင်စစ်သော်ကား။ ဣဒံ၊ ဤအလုံးစုံကုန်သောသူတို့၏ အကျိုးစီးပွါးကို အားထုတ်ပြုလုပ်ခြင်းသည်။ အဂေန၊ ကြီးကျယ်မြင့်မြတ်သော။ ပရာကြမေန၊ လုံ့လဥဿာဟနှင့်။ အညတ၊ ကင်း၍။ ဒုကရံ၊ ပြုလုပ်ခြင်းငှာ ခဲယဉ်းပေ၏။ (သေတောာ)၊ ဘုရားလောင်း ရတနာ ဆင်ဖြူတော်ကြီး။

၈။ ဂိရနာရ် ဆဋမသိလာလေခ-စသော ၆-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ'တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောက မင်းကြီးသည် ဤသို့ မိန့်ဆိုတော်မူ၏။ လွန်ခဲ့သော နှစ်ပေါင်းများစွာ ရှေးအခါက အခါခပ်သိမ်း တိုင်းပြည်၏ အမှုကိစ္စနှင့် ငယ်သားတို့ လျှောက်လွှာတင်သွင်းခြင်းသည် အချိန်အခါမရွေးဘဲ တရံတခါမျှ မဖြစ်ဘူးသေး။ ထို့ကြောင့် ငါသည် ဤကဲ့သို့သော အစီအမံကို ပြုလုပ်လေ၏။

ဘယ်အခါကာလ, ဘယ်အရပ်ဒေသမှာမဆို အလိုရှိသောအခါမှာ ငါသည် စားတော်ခေါ်ဆဲဖြစ်စေ, ငါနှင့်နီးစပ်သောအခါဖြစ်စေ, မိဖုရားအဆောင်တွင်း၌ဖြစ်စေ, စက်တော်ခေါ်ရာ အခန်း၌ဖြစ်စေ, ပြင်သို့ထွက်၍ လေသာခံသောအခါ ဖြစ်စေ, ခရီးရှည် လျှားစွာ သွားသောအခါဖြစ်စေ, ဥယျာဉ်တော်၌ဖြစ်စေ, အားလုံးသောအရပ်ဌာနခ် ရှေ့တော် ဖတ်စာရေးတို့သည် ရှေ့တော်သို့ လာရောက်၍ ငယ်သားတို့၏ အမှုကိစ္စအလို့ငှာ ငဲ့အား လျှောက်တင်ကြကုန်။ ငါသည်လည်း အရာဌာနအားလုံးတို့၌ ငယ်သားတို့၏ အမှုကိစ္စကို စီမံပြုလုပ်အံ့။ ငါသည် မိမိကိုယ်တိုင် ဒါနအရာ၌ စီမံအုပ်ချုပ်သူနှင့် အမိန့်တော်ပြန်ကို ငါ၏ နှုတ်တော်မှ တစ်စုံတစ်ခုကို အမိန့်ပေးလိုက်၏။

တစ်နည်း- အကြောင်းတစ်စုံတစ်ရာ၌ တဖန် အရေးတကြီး ကျရောက်ခဲ့လို့ရှိလျှင် မဟာမတ္တာခေါ်သော မင်းမှူထမ်းများကလည်း အတည်ပြုလုပ်၍ စီမံအားထုတ်နိုင်၏။ ထိုသို့ စီမံပြုလုပ်သော အကြောင်းအရာ၌ ငြင်းခုံခြင်း, အထူးအားဖြင့် ထပ်မံစဉ်းစားရန် ဖြစ်ပေါ်

လာသောအခါ မင်းတိုင်ပင်အဖွဲ့က လျှင်မြန်စွာ ငါရှိရာ အရပ်ဌာနအားလုံးမှာ အခါမရွေး လာရောက်လျှောက်တင်နိုင်ခွင့်ရှိသည်။ ဤကဲ့သို့သော အခွင့်မျိုးကို ငါသည် အမိန့်ပေးထား လိုက်၏။

အကြောင်းမူကား ငါသည် လုံ့လအားထုတ်ခြင်းနှင့် မင်းမှုကိစ္စကို ဆောင်ရွက်ရာ၌ ရောင့်ရဲတင်းတိမ်ခြင်း မရှိ။ စင်စစ်သော်ကား ငါသည် ဤကဲ့သို့ စီမံအားထုတ်ခြင်းကိုပင် တစ်လောကလုံးတို့၏ အကျိုးရှိသော အားထုတ်ခြင်း-ဟု အောက်မေ့မှတ်ထင်၏။ ဤမျှသာ မက၊ အားထုတ်ခြင်းနှင့် မင်းမှုကိစ္စကို ရွက်ဆောင်ခြင်း၊ ဤတရား ၂-ပါးသည်ပင်လျှင် တစ်လောကလုံး အစီးအပွါး၏ မူလရင်းတရားကြီးသည် မုချဖြစ်၏။ ငါ့အားမူကား တစ်လောကလုံး၏ အစီးအပွါးကို ဆောင်ရွက်ရသော အမှုကိစ္စထက် ပိုလွန်၍ ထူးကဲမွန်မြတ်သော ဆောင်ရွက်ရန်ကိစ္စသည် မရှိ။ တစ်ဦးတစ်ခုအမှုကိစ္စကို ငါသည် အားထုတ်ဆောင်ရွက်ရခြင်းအကြောင်းကား ပြည်သူပြည်သားတို့၏ ကြွေးမြီမှ လွတ်လိုသည်ဖြစ်၍လည်းကောင်း၊ လောက၌ ချမ်းသာကို ရလိုသည်ဖြစ်၍လည်းကောင်း၊ လူအပေါင်းတို့အား ချမ်းသာစေလိုသည်ဖြစ်၍လည်းကောင်း၊ တမလွန်ဘဝ၌ နတ်ရွာနိဗ္ဗာန်ကို ရစေလိုရ်၍လည်းကောင်း အားထုတ်ရွက်ဆောင်ရပေ၏။ ထိုကဲ့သို့သော အကျိုးကို မျှော်လင့်၍ ဤကျောက်စာကို ရေးသားစေလိုက်၏။

တစ်နည်း- ၎င်းကျောက်စာကို ရေးထိုးစေရခြင်းမှာလည်း ဤကျောက်စာသည် တစ်ကမ္ဘာပတ်လုံး တည်နေ၍ ငါ၏ သားတော်, မြေးတော်, မြစ်တော်တို့သည်လည်း လောက၏ အစီးအပွါးအလို့ငှာ အစဉ်လိုက်ပြီးလျှင် အားထုတ်နိုင်ကြစေရန် ရေးသားစေလိုက်၏။ စင်စစ်မှာမူကား ဤကဲ့သို့ တစ်လောကလုံးတို့၏ အစီးအပွါးကို ဆောင်ရွက်ရခြင်းသည် သာမညအားထုတ်မှုမျိုးနှင့် ဖြစ်နိုင်ဖွယ်ရာ မရှိချေ။ (ဘုရားလောင်း ရတနာဆင်ဖြူတော်ကြီး)

အမှာစကား။ **အတိကြာတံ အံတရံ**-ပုဒ်ဖြင့် အသောကမင်းကြီးသည် ရှေးရှေးက မရှိသေးသည်ကို အသစ်စထွင်၍ ပြုလုပ်၏။ ရှေးကပင် ရှိပြီးသော်လည်း အကြားအကြားတို့၌ ပျက်ပြားချို့ယွင်း၏-ဟု သိအပ်၏။ **သဝကာလ သဝတြ**-ဟူသော အနာဝသေသ သဗ္ဗသဒ္ဒါဖြင့် ဘယ်ကာလ, ဘယ်အရပ်ဌာနမှာမဆို အခါခပ်သိမ်း မင်းမှုကိစ္စနှင့် ငယ်သားတို့အကျိုးကို အသောကမင်းကြီးသည် ရွက်ဆောင်ကြောင်းကို သိအပ်၏။ **အထက်မ**-သဒ္ဒါသည် တိုင်းပြည်၏အမှုကိစ္စကို ဟော၏။ **ပဋိဝေဒနာ**-သဒ္ဒါသည် လျှောက်လွှာတောင်းပန်စာကို ဟော၏။ **ဩရောဓန**-သဒ္ဒါသည် မိဖုရားအဆောင်ကို ဟော၏။

ဂဘာဂါရ-သဒ္ဒါသည် စက်တော်ခေါ်ရာ လေသာခံရာတိုက်ခန်း, နန်းတော်၏ အတွင်းတိုက်ခန်းကို ဟော၏။ **အံတ**-သဒ္ဒါသည် အဆုံး, အနီးအပါး, အထံ, ထံပါးကို ဟော၏။ **ဝစ**-

သဒ္ဒါသည် လေခံထွက်ခြင်း၊ ဆင်တင်းကုပ်, မြင်းတင်းကုပ်, တိရစ္ဆာန်နေရာ, ကျင်ကြီး, ဝစ္စကုဋ္ဌီ, နီးသောခရီး-စသော အနက်ကို ဟောတ်။ ဝိနီတ-သဒ္ဒါသည် သင်ထားသောမြင်း, လှည်းယာဉ်, ရထား, ရှည်သောခရီး, တရားအားထုတ်ရာဌာန, ကဝတ်ကစားခြင်း, စစ်အတတ်သင်ရာဌာန အနက်များကို ဟောတ်။

ပဋိဝေဒက-သဒ္ဒါသည် ရှေ့တော်ဖတ် စာရေးကြီး၊ (အချို့ဆရာက စုံထောက်-ဟု အနက် ယောဇနာတ်)။ ဒါပက-သဒ္ဒါသည် ဒါနအရာ၌ အကြီးအမှူးပြုလုပ်သူ ပေးနိုင်သော အခွင့်အာဏာကို ဟောတ်။ ဩဝါပက-သဒ္ဒါသည် အမိန့်တော်ပြန်, စာတော်ပြန်လူများကို သိစေနိုင်သော အမိန့်အာဏာကို ဟောတ်။ မဟာမာတြ-ကို ပဌမကျောက်စာ၌ ပြခဲ့ပြီ။ နိစ္စတီ-အနက်ကား အထူးစဉ်းစားခြင်း, ထပ်မံ၍ စဉ်းစားခြင်း။ ပရိသာယ်-ပုဒ်တ်အလိုကား မင်းတိုင်ပင်အဖွဲ့ ဗုဒ္ဓ-ဘာသာရဟန်းတော်တို့တ် အသင်းအပင်းကွဲပြားခြင်း, အစည်းအဝေးတ် မညီညွတ်ခြင်းကို ဆိုလိုသည်-ဟု မှတ်လေ။

----- x -----

[၇] သ္ဘာဟဗာဂ်ဂဟရီကျောက်စာ၌ ပိုမို၍ပါရှိသော ကျောက်စာများ

သဝတြ စ အဋ္ဌ ဇနသ ကရောမိ အဟံ ယံ စ ကိစိ မုခတော အဏပေမိ အဟံ ဒပကံ ဝ သ္ဘဝက ဝ ယ ဝ ပန မဟာမတြနံ အစယိကံ အရောပိတံ ဘောတိ တယေ အဌယေ ဝိဝဒေ သံတံ နိစ္စတီ ဝ ပရိရှယေ အနံတရိယေန ပဌရိဝေဒေတဝေါ မေ။

ဤမျှလောက် ပါရှိတ်။ ၎င်းကျောက်စာသည် ဂိရနာရ်-စသည်တို့၌ ပါဝင်လျက်ရှိလေပြီ။ အနက်ပေးရန် မလို။ ကျောက်စာရေးထိုးသော ဆရာသည် မှား၍ ရေးထိုးမိသည်နှင့် တူတ်။

----- x -----

[၈] စတုဒ္ဒသသိလာလေခ ဂိရနာရ် သတ္တမသိလာလေခ မူလပါဋ္ဌ ၆-ဌာန

၁။ ဂိရနာရ် သတ္တမသိလာလေခ မူလပါဋ္ဌ

ဒေဝါနံ ပိယော ပိယဒသိ ရာဇာ သရဝတ ဣဆတိ သဝေ ပါသံဏာ ဝသေယု [၁] သဝေ တေ သယမ်ံ စ* ဘာဝသုဒ်ိ စ ဣဆတိ [၁] ဇနော တု ဥစာဝစဆ်ံဒေါ ဥစာဝစရာဂေါ [၁] တေ သရဝ်ံ ဝ ကာသ်ံတိ ဧကဒေသ်ံ ဝ ကာသ်ံတိ * [၁] ဝိပုလေ တု ပိ ဒါနေ ယသ နာသ္တိ သယမေ ဘာဝသုဒ်ိတာ ဝ ကတ်ညတာ ဝ ဒိဝဘာတိတာ စ နိစ ဘာပ်ံ * [၁]

[ဆရာကြီးဦးသိန်းအောင် မှတ်ချက်။ သရဝတ-၌ သဝတြ၊ ဝသေယု-၌ ဝသေယုံတိ၊ သဝေ တေ-၌ သဝေ ဟိ တေ၊ ဘာဝသုဓိ-၌ ဘဝသုဓိ၊ ဣဆတိ-၌ ဣဆံတိ၊ ဇနော စ-၌ ဇနော တု၊ တေ သရဝံဝ ကာသံတိ-၌ တေ သဝံဝါ ကရိသံတိ၊ ဝိပုလေ တုပိ ဒါနေ ယသ နာသ္တိ-၌ ဝိပုလေပိ စ ဒါနေ ယသ နတိ၊ သယမေ ဘာဝသုဓိတာဝ ကတံ ညတာဝ-၌ သံယမော ဘဝသုဓိ ကတံ ဥ တာ ဒိလတိတာ စ နိစာ ဗာလ-၌ ဒါဠ ဘတိတာ ဝါ နိစာ ဗာဠ-ရှိ၏။ အသောက။၅၂]

၂။ ကာလဆိ သတ္တမသိလာလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ သဝတာ ဣဆတိ သဝ ပါသံ၃ ဝသေဝု [၊] သဝေ ဟိ တေ သယမံ ဘာဝသုဓိ စာ ဣဆံတိ [၊] ဇနေစု ဥစာဝုစာဆံဒေ ဥစာဝုစလာ-ဂေ [၊] တေ သဝံ ဧကဒေသံ ပိ ကဆံတိ [၊] ဝိပုလေ ပိ စု ဒါနံ အသာ နတိ* သယမေ ဘာဝသုဓိ ကိဋ္ဌနာတာ ဒါပိဘတိတာ စာ နိစေ ဗာပံ [၊]

၃။ ဓောက်လီ သတ္တမသိလာလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ သဝတ ဣဆတိ သဝ ပါသံ၃ာ ဝ သေဝူ တိ [၊] သဝေ ဟိ တေ သယမံ ဘာဝသုဓိ စ ဣဆံတိ [၊] မုနိသာ စ * ဥစာဝုစဆံဒါ ဥစာဝုစ-လာဂါ [၊] တေ သဝံ ဝါ ဧကဒေသံ ဝ ကဆံတိ [၊] ဝိပုလေပိ စု ဒါနေ အသ နတိ သယမေ ဘာဝသုဓိ စ နိစေ ဗာပံ * [၊]

၄။ ဣျောဂ္ဂရ် သတ္တမသိလာလေခ မူလပါဠိ

. . . . . ပိယဒသိ လာဇာ သဝတ ဣဆတိ သဝ ပါသံ၃ာ ဝသေဝူတိ [၊] သဝေ ဟိ တေ သယမံ ဘာဝသုဓိ စ ဣဆံတိ [၊] မုနိသာ စ ဥစာဝုစဆံဒါ ဥစာဝုစာလာဂါ* [၊] . . . . . ဝါ ဧကဒေသံ ဝ ကဆံတိ [၊] ဝိပုလေ ပိ စ ဒါနေ . . . . . မိ စ နိစေ ဗာပံ * [၊]

၅။ သ္ဟာဟဗာဂ်ိုဂဟရိ သတ္တမသိလာလေခ မူလပါဠိ

ဒေဝနံ ပြိယော ပြိယသ္ပိ ရဇ သဝတြ ဣဆတိ သဗ္ဗေ*ပြရ်ံ၃ ဝသေယု [၊] သဗ္ဗေ ဟိ တေ သယမ ဘဝသ္ဟုမိ စ ဣဆံတိ * [၊] ဇနော စု ဥစဝုစဆံဒေါ ဥစဝုစရဂေါ [၊] တေ သ(ရ)ံဝ ဧကဒေသ္ပံ*ပိ ကရ်ံတိ [၊] ဝိပုလေပိ စု ဒနေ ယသ နသ္တိ သယ မ ဘဝ* သ္ဟုမိ ကိ(ဋ္ဌ)ညတ ဒိပဘတိတ နိစေ ပပံ * [၊]

၆။ မာန်နဆေရာ သတ္တမသိလာလေခ မူလပါဠိ

ဒေဝနံ ပြိယေ ပြိယဒြဿိ ရဇ သဝေတြ ဣဆတိ သဝေ ပရှာ ဝသေယု [၊] သဝေ ဟိ တေ သယမ ဘာဝသ္ဝုမိ စ * ဣဆံတိ [၊] ဇနေစု ဉစဝုစစဒေ ဉစဝုစရဂေ [၊] တေ သပ္ပဲ ဧကဒေသ္မိ ဝ ပိ ကရှတိ [၊] ဝိပုလေ ပိ စု ဒနေ ယသ နတ္ထိ သယမေ ဘာဝသ္ဝုတိ ကိဉ္ဇနတ ဒြိမြောဘတိတ စ * နိစေ ဗပံ [၊]

၇။ ဂိရနာရ် သတ္တမသိလာလေခ မူလပါဠိအနက်

ဒေဝါနံ၊ နတ်တို့၏။ ပိယော၊ ကြည်ညိုသဒ္ဓါ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ရာဇာ၊ သီရိဓမ္မာသောက မင်းကြီးသည်။ ဣတိ၊ ဤသို့။ ဣဆတိ၊ တွေးယူကြံဆ မျှော်လင့်တောင့်တ၏။ သဝေ၊ အလုံးစုံကုန်သော။ ပါသံဍာ၊ ဂိုဏ်းသူ,ဂိုဏ်းသား လူအများတို့သည်။ သရဝတ၊ လုံးစုံဒေသ၊ ဟူသမျှတို့၌။ ဝသေယု၊ ပေါင်းသင်းတူကွ၊ နေထိုင်ကြကုန်ရာ၏။

ဟိ၊ အဘယ်ကြောင့်နည်းဟူမူကား။ သဝေ၊ ခပ်သိမ်းဉဿုံ၊ အလုံးစုံကုန်သော။ တေ၊ ထိုဂိုဏ်းသူဂိုဏ်းသား၊ လူအများတို့သည်။ သယမံ စ၊ ကိုယ်,နှုတ်,နှလုံး စောင့်သုံးခြင်းကို လည်းကောင်း။ ဘာဝသုဒိ စ၊ စိတ်သဘော၏ ဖြူစင်ခြင်းကိုလည်းကောင်း။ ဣဆတိ = ဣဆံတိ၊ မျှော်လင့်တောင့်တ၊ အလိုရှိကြကုန်၏။

တု၊ ထိုမှတပါး။ ဝါ၊ စင်စစ်သော်ကား။ ဇနော = ဇနာနံ၊ ဂိုဏ်းသူဂိုဏ်းသား၊ လူအများ တို့အား။ ဉစာဝစဆံဒေါ၊ မည်မည္ဆတ် ကွဲပြားတတ်သော ဆန္ဒသည်လည်းကောင်း။ ဉစာဝ-စရာဂေါ၊ မည်မည္ဆတ် ကွဲပြားတတ်သော၊ အနုရာဂသဘောမျိုးသည်လည်းကောင်း။ အထိ၊ မုချဧကန်၊ ရှိသည်မှန်၏။ တေ၊ ထိုဂိုဏ်းသူဂိုဏ်းသား၊ လူအများတို့သည်။ သရဝံ ဝ၊ ကြွင်းမဲ့ ဉဿုံ၊ အလုံးစုံသော တရားကိုလည်းကောင်း။ ကာသံတိ၊ လုံ့လကြိုးကုတ် ပြုလုပ်ကြကုန်လတ္တံ့။ ဧကဒေသံ ဝ၊ တစ်စိတ်တစ်ဒေသ၊ မြတ်ဓမ္မကိုလည်းကောင်း။ ကာသံတိ၊ လုံ့လကြိုးကုတ် ပြုလုပ်ကြကုန်လတ္တံ့။

တု၊ အကယ်၍ကား။ ယသ၊ ကြီး,ငယ်မဟူ၊ အကြင်သူအား။ ဝိပုလေ၊ ထူးကဲမြတ်မွန်၊ သူ့ထက်လွန်သော။ ဒါနေ အပိ၊ စွန့်ကြဝေဌ၊ ပေးလှူခြင်း ဒါနသည်လည်း။ နာတ္ထိ၊ မရှိငြားအံ့။ (တသ)၊ ကြီး,ငယ်မဟူ၊ ထိုကဲ့သို့သောသူအား။ သယမေ ဝ၊ ကိုယ်,နှုတ်,နှလုံး စောင့်သုံးခြင်း

သည်လည်းကောင်း။ ဘာဝသုဓိတာ ဝ၊ စိတ်သဘော၏ ဖြူစင်ခြင်းသည်လည်းကောင်း။ ကတံညတာ ဝ၊ သူ့ကျေးဇူးကို သိခြင်းသည်လည်းကောင်း။ ဒိပဘတိတာ စ၊ အမြဲမပြတ် ရတနာ ၃-ပါးအား ကိုးကွယ်ဆည်းကပ်ခြင်းသည်လည်းကောင်း။ ဗာပံ၊ မချွတ်ကေန်၊ အမှန်မုချ။ နိစာ၊ မြဲကုန်အံ့သတည်း။

၈။ ဂိရနာရ် သတ္တမသိလာလေခ-စသော ၆-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောက မင်းကြီးသည် ဤသို့ မျှော်လင့်တောင့်တခြင်း ရှိ၏။ ဘာသာတရားသို့ ဝင်ပါကြကုန်သော ဂိုဏ်းသူဂိုဏ်းသား လူများအလုံးတို့သည် အရပ်ဒေသ အလုံးစုံတို့မှာ အတူတကွ ပေါင်းသင်းနေထိုင်ကြကုန်ရာ၏။ အဘယ်ကြောင့်နည်းဆိုသော် ထိုကဲ့သို့နေကြလျှင် ထိုဂိုဏ်းသားအလုံးစုံတို့သည် ကိုယ်,နှုတ်,နှလုံး စောင့်သုံးခြင်း၊ စိတ်သဘောဖြူစင်ခြင်းများကို အလိုရှိကြကုန်၏။ ထိုမှတပါး ဂိုဏ်းသူဂိုဏ်းသားတို့အား အလိုဆန္ဒအမျိုးမျိုးနှင့် အမျိုးမျိုးသော အနုရာဂ သဘောများသည် ရှိနေကြပေ၏။

ထိုဂိုဏ်းသူဂိုဏ်းသား လူအများတို့သည် ထိုက်သည့်အားလျော်စွာ အလုံးစုံသော တရားကိုလည်းကောင်း သို့မဟုတ် တချို့တဝက်ကိုလည်းကောင်း ကျင့်သုံးကြလိမ့်မည်မှာ အမှန်ပင် ဖြစ်ပေ၏။ ကြီးကျယ်ခမ်းနား အမြောက်အမြား မလျှုနှိုင်ကုန်သောသူတို့သည်လည်း ကိုယ်,နှုတ်,နှလုံးကို စောင့်ခြင်း၊ စိတ်သဘောဖြူစင်ခြင်း၊ သူ့ကျေးဇူးကို သိခြင်း၊ သဒ္ဓါတရားနှင့် ရတနာ ၃-ပါးကို အမြဲမပြတ် ကိုးကွယ်ဆည်းကပ်ခြင်း၊ ဤသဘောတရားမျိုးသည် အမှန်မုချ မြဲကုန်အံ့သတည်း။

အမှာစကား။ ပါသံဍ-သဒ္ဒါကို ပဌမသိလာလေခမှာ ကြည့်လေ။ သယမ်-သဒ္ဒါသည် ကိုယ်, နှုတ်,နှလုံး စောင့်ရှောက်ခြင်း၊ ဣန္ဒြေကို စောင့်ရှောက်ခြင်း နိယမတရားအနက်ကို ဟော၏။ ဥစာဝစဆံဒ-သဒ္ဒါသည် အနိမ့်,အမြင့်၊ အယုတ်,အမြတ် သဘောတရား ခြားနားခြင်း၊ တစ်မျိုးနှင့်တစ်မျိုး မတူခြင်း၊ အလိုဆန္ဒအနက်ကို ဟော၏။ နိစာ-သဒ္ဒါသည် မြဲခြင်း, အနိမ့်အောက် ဇာတ်ညံ့သူအနက်ကို ဟော၏။ ရာဂ-သဒ္ဒါသည် အရောင်အဆင်း, အနီရောင်, ဒေါသ၊ **အနုရာဂ**-မြတ်နိုးခြင်း, ချစ်ခြင်းအနက်ကို ဟော၏။

အထူးမှတ်ရန်ကား- နိစာ-ဗာပံ-ဟူသော ပုဒ်ကို ဒေါက်တာဗူလာရ်ခေါ်သော ပညာရှိကယုတ်ညံ့သောလူ၌လည်း ခိုးမွမ်းထိုက်၏-ဟု ပြန်ဆိုလေ၏။ ဆင်ခြင်ကုန်ရာ၏။

----- x -----

[၉] စတုဒ္ဓသသိလာလေခ ဂိရနာရ် အဋ္ဌမသိလာလေခ မူလပါဋ် ၆-ဌာန

၁။ ဂိရနာရ် အဋ္ဌမသိလာလေခ မူလပါဋ်

အတိကာတံ အံတရံ ရာဇာနော ဝိဟာရယာတဝံ ညယာသု [၊] ဧတ မဂယ္ဟာ အညာနိ စ ဧတောရိသာနိ * အဘိရမကာနိ အဟုံသု [၊] သော ဒေဝါနံ ပိယော ပိယဒသိ ရာဇာ ဒသဝသာဘိသိတော သံတော အယာယ သံဗောဓိं * [၊] တေနေ'သာ ဓံမယာတာ [၊] ဧတ ယံ ဟောတိ ဗာဟုဇာသမဇာနံ ဒသဏော စ ဒါနေ စ ထိုက်ရာနံ ဒသဏော စ * ဟိရံဇာပဋိဝိဓာနော စ ဇာနပဒသ စ ဇနသ ဒသနံ ဓံမာနုသ္သသိ စ ဓမပရိပုဆာ စ * [၊] တဒေါပယာ ဧသာ ဘုယ ရတိ ဘဝတိ ဒေဝါနံ ပိယသ ပြိယဒသိနော ရာညော ဘာဂေ အံညေ * [၊]

၂။ ကာလဆီ အဋ္ဌမသိလာလေခ မူလပါဋ်

အတိကံတံ အံတလံ ဒေဝါနံ ပိယာ ဝိဟာလယာတံ နာမ နိခမိသု [၊] ဟိဒါ မိဂ-ဝိယာ အံနာနိ စာ ဟေဋ္ဌိသာနိ အဘိလာမာနိ ဟုသု [၊] ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဒသဝသာဘိသိတေ သံတံ နိကမိဋ္ဌာ သံဗောဓိ * [၊] တေနတာ ဓံမယာတာ [၊] ဟေတာ ဣယံ ဟောတိ သမနဗ်ဘနာနံ ဒသနေ စာ ဒါနေ စ ဝုဓာနံ ဒသနေ စ ဟိလံ နု ပဋိဝိဓာနေ စာ ဇာနပဒသာ ဇနသာ ဒသနေ ဓံမနုသထိ စာ ဓမပလိပုဆာ စ [၊] တတောပယာ ဧသေ ဘူယေ လာတိ ဟောတိ ဒေဝါနံ ပိယသာ ပိယဒသိသာ လာဇိနေ ဘာဂေ အံနေ * [၊]

၃။ ဓောက်လီ အဋ္ဌမသိလာလေခ မူလပါဋ်

. . . ကံတံ အံတလံ လာဇာနေ ဝိဟာလယာတံ နာမ နိခမိသု [၊] . . . တ မိဂဝိယာ အံနာနိ စ ဧဒိသာနိ အဘိလာမာနိ ဟုဝံတိ နံ [၊] သေ ဒေဝါနံ ပိယေ * ပိယဒသိ လာဇာ ဒသဝသာဘိသိတေ နိခမိ သံဗောဓိ [၊] တေနတာ ဓ . . . [၊] တတေ သ ဟောတိ သမနဗာဘနာနံ ဒသနေ စ ဒါနေ စ ဝုဟနံ ဒသနေ စ * ဟိလံ နု ပဋိဝိဓာနေ စ ဇာနပဒသ ဇနသဒသနေ စ ဓံမာနုသထိ စ . . . မ . . . လိပုဆာ စ [၊] တဒေါပယာ ဧသ ဘူယေ အဘိလာမေ ဟောတိ ဒေဝါနံ ပိယသ ပိယဒသိနေ လာဇိနေ ဘာဂေ အံနေ * [၊]

၄။ ကျောဂ္ဂရ် အဌမသိလာလေခ မူလပါဋ်

. . . တိကံတံ အံတလ် လာဇာ . . . . . ဝိယာ
အံနာနိ စ ဇ . . . . . မာနိ ဟုဝ်တိ နံ [၊] သေ ဒေဝါနံ ပိယေ * ပိယဒသီ လာဇာ ဒသ
. . . . . [၊] . . . . . [၊] တတေ သ ဟောတိ သ . . . . . စ ဒါနေ
စ ဝုဟာနံ ဒသနေ စ * ဟိလ်နေ ပဋ္ဌိဝိဓာနေ စ . . . . . .
ခ်ံမပါလိ ပု . . . [၊] . . . . . လာမေ ဟောတိ ဒေဝါနံ ပိယသ
* ပိယဒသိနေ လာဇိနေ ဘာဂေ အံ . . . * [၊]

၅။ သ္ဝာဟဘာဂ်ဂဟရိ အဌမသိလာလေခ မူလပါဋ်

အတိကြတနံ အံတရံ ဒေဝနံ ပြိယ ဝိဟရယတြ နမ နိကြမိရ္ဟ [၊] အတြ မြုဂယ
အညနိ စ ဟေဒိသ္ဝနိ အဘိရမနိ အဘဝသု [၊] သော ဒေဝနံ ပြိယော ပြိယဒြသိ ရဇ
ဒသ္ဝဝရ္ဘာဘိသိတော နိကြမိ သဟောမိ [၊] တေနဒံ မြမယတြ [၊] အတြ ဣယ် ဟောတိ
သ္ဝ မဇာပြမဇာနံ ဒြသ္ဝနေ ဒနံ ဝုပနံ ဒြသ္ဝနေ ဟိရညပဋ္ဌိဝိဓနေ စ ဇနပဒသ ဇနသ
ဒြသ္ဝနံ မြမနုသ္ဝသ္ဘိ မြမပရိပုဆ စ [၊] တတောပယ် ဇရ္ဝ ဘုယေ ရတိ ဟောတိ ဒေဝနံ
ပြိယသ ပြိယဒြသ္ဝိ သရညော ဘဂိ အံညိ * [၊]

၆။ မာန်နဆေရာ အဌမသိလာလေခ မူလပါဋ်

အတိကြတံ အံတရံ ဒေဝန ပြိယ ဝိဟရယတြ နမ နိကြမိရ္ဟ [၊] ဣဟ မြိဂဝိယ
အညနိ စ ဇေဒိသ္ဝနိ အဘိရမနိ ဟုသု [၊] သေ ဒေဝန ပြိယော ပြိယဒြသ္ဝိ * ရဇ ဒသ္ဝာရ္ဘာ-
သိတေ သံတံ နိကြမိ သံဟောမိ [၊] တေနဒံ မြမယဒြ [၊] အတြ ဣယ ဟောတိ
သ္ဝမဇာပြမဇာနံ ဒြသ္ဝနေ ဒနေ စ ဝမြန ဒြသ္ဝနေ စ ဟိညပဋ္ဌိဝိဓနေ စ * ဇနပဒသ
ဇနသဒြသ္ဝနေ မြမနုသ္ဝသ္ဘိ စ မြမပရိပုဆ စ [၊] တတောပယ ဇရ္ဝေ ဘုယေ ရတိ ဟောတိ
ဒေဝန ပြိယသ ပြိယဒြသ္ဝိ သ * ရဇိနေ ဘဂေ အဇော * [၊]

၇။ ဆိုပါရာ အဌမသိလာလေခ မူလပါဋ်

. . . . . .
. . . . . နိခမိဌာ သံ . . . . . .

ဟောတ ဣယံ ဟောတိ ဗဟ . . . . . စ ဝုဟနံ ဒသနေ ဟိရံနပဋိဝိဓာနေ စ . . . . . ဓံမာနုသဋ္ဌိ ဓံမ . . . စ . . . . . ယေ ရတိ ဟောတိ ဒေဝါ . . . . . ဇိန ဘာဂေ အညေ [၊]

၈။ ဂိရနာရ် အဋ္ဌမသိလာလေခ မူလပါဋ္ဌအနက်

အံ့တရံ၊ ရက်,လ,ခုနှစ်၊ သက္ကရာဇ်မျှားလှ၊ ခါသမယသည်။ အတိကာတံ၊ တွက်ဆ ရှည်လျှား၊ လွန်မြောက်မြားလေပြီ။ (ဒေဝါနံ)၊ နတ်တို့၏။ (ပိယာ)၊ ကြည်ညြိသဒ္ဓါ၊ မြတ်နိုးရာ ဖြစ်တော်မူကုန်သော။ ရာဇာနော၊ ထီးဖြူအုပ်ဆောင်း၊ မင်းအပေါင်းတို့သည်။ ဝိဟာရယာတဝံ၊ စိတ်ဌမ္ဘေလျှော်၊ အပျော်တော်အလို့ငှာ။ ညယာသု၊ တိုင်းခန်းကြွချီ၊ လှည့်လည်ထွက်သွားကြ ကုန်ပြီ။ ဧတေ၊ ဤတိုင်းခန်းကြွချီ၊ လှည့်လည်ထွက်သွားကြရာ၌။ မဂယွာ စ၊ စိတ်ဌပျော်ပိုက်၊ အမဲလိုက်ခြင်းတို့သည်လည်းကောင်း။ အညာနိ၊ တပါးကုန်သော။ ဧတာရိသာနိ၊ ဤသို့ သဘောရှိကုန်သော။ အဘိရမကာနိ စ၊ နှလုံးမွေ့လျော်၊ ပျော်ဖွယ်ရာတို့သည်လည်းကောင်း။ အဟုံသု၊ ဖြစ်နေကြကုန်ပြီ။

ဒေဝါနံ၊ နတ်တို့၏။ ပိယော၊ ကြည်ညြိသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ဒသဝဿာဘိသိတော၊ မင်း၏အဘိသိက်ကို ခံ၍ ၁၀-နှစ်မြောက်တော်မူလေပြီးထသော။ သံတော၊ သူတော်ကောင်း အစစ်၊ ဖြစ်တော်မူထသော။ သော ရာဇာ၊ ထိုသမုတိနတ်၊ သီရိဓမ္မာသောကမင်းမြတ်သည်။ သံဘောဓိံ၊ ဘုရားပွင့်ရာ၊ မဟာဘောဓိ၊ အစရှိသည်ကို။ အယာယ၊ ရည်သန်ကြံစည်၊ ကြွချီထွက် သွားတော်မူလေပြီ။

တေန၊ ထို့ကြောင့်။ (တစ်နည်းကား တေန=တေသု၊ ထိုတိုင်းခန်းလှည့်လည်၊ ကြွချီထွက် သွားရာတို့တွင်။) ဧသာ၊ ဤမဟာဘောဓိ၊ အစရှိသည်သို့ ကြွချီထွက်သွားတော်မူခြင်းသည်။ ဓံမယာတာ၊ တရားလှည့်လည်၊ ကြွချီထွက်သွားခြင်း မည်၏။ ဧတ၊ ဤတရားလှည့်လည် ကြွချီထွက်သွားရာ၌။ ဗာဟွဏသမဏာနံ၊ ရဟန်း, ပုဏ္ဏားတို့အား။ ဒသဏော စ၊ ဖူးမြင်ရခြင်း လည်းကောင်း။ ဒါနေ စ၊ စွန့်ကြဲပေးကမ်း လှူဒါန်းရခြင်းလည်းကောင်း။ ထိုက်ရာနံ၊ လူ သူတော်ကောင်း၊ သက်ကြီးသူအိုအပေါင်းတို့ကို။ ဒသဏော စ၊ တွေ့မြင်ရခြင်းလည်းကောင်း။ ဟိရံဏာပဋိဝိဓာနော စ၊ ဥစ္စာအသပြာ၊ ရွှေရတနာကို ဝေငှလှူဒါန်းရခြင်းလည်းကောင်း။ ဇာနပဒသ၊ ဇနပုဒ်ကို။ ဝါ၊ တိုင်းပြည်နိုင်ငံကို။ ဒသနံ စ၊ တွေ့မြင်ရခြင်းလည်းကောင်း။ ဇနသ၊ ပြည်သူ,ပြည်သား၊ လူအများကို။ ဒသနံ စ၊ တွေ့မြင်ရခြင်းလည်းကောင်း။ ဓံမာနုဿသီ စ၊ တရားတော်၏ အဆုံးအမသြဝါဒကို ပေးရခြင်းလည်းကောင်း။ ဓမ္မပရိပုဆာ စ၊ တရားတော်

ကို ဆွေးနွေးမေးမြန်းရခြင်းလည်းကောင်း။ ယံ=ဣယံ၊ ခပ်သိမ်းဥသုံ၊ ဤအလုံးစုံသည်။ ဟောတိ၊ အဂယ်မလွဲ၊ အမြဲနိစ္စ၊ ဖြစ်ရပေ၏။

တဒေါပယာ၊ ထိုစိတ်၌ မွေ့လျော်၊ အပျော်လိုက်ခြင်းထက်။ ဧသာ၊ ဤတရားလှည့်လည်၊ ကြွေချိုထွက်သွားခြင်းသည်။ ဘုယ၊ နှိုင်းဆကဲမွန်၊ အတိုင်းထက်အလွန်သာလျှင်။ ရတိ၊ နှစ်လိုဖွယ်ရှိသည်။ ဘဝတိ၊ စင်စစ်မုချ၊ ဖြစ်ပေရ၏။ ဒေဝါနံ၊ နတ်တို့၏။ ပိယသ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်းဖြစ်တော်မူထသော။ ပြိယဒသိနော၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်းဖြစ်တော်မူထသော။ ရာညော၊ သမ္မုတိနတ်၊ သီရိဓမ္မာသောကမင်းမြတ်၏။ ဘာဂေ၊ ရအပ်ပိုင်စိုး၊ ဝေစုမျိုးသည်။ အံညေ၊ ထူးဆန်းလွန်မိုး၊ အခြားအခြားသော ဝေစုမျိုးသည်သာ။ ဘဝတိ၊ မုချဧကန်၊ ဖြစ်သည်မှန်၏။

၉။ ဂိရနာရ်-စသော ၇-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- လွန်ခဲ့သော နှစ်ပေါင်းများစွာ ရှေးအခါက 'ဒေဝါနံပိယ' အမည်ရှိကုန်သော မင်းတို့သည် အပျော်တော်အလို့ငှာ တိုင်းခန်းလှည့်လည်တော်မူကြ၏။ ဤတိုင်းခန်းလှည့်လည်ရာမှာ အမဲလိုက်ခြင်းနှင့်တကွ အခြားအခြားသော ပျော်ပါးဖွယ်ရာသာ ရှိ၏။ 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမံတော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် မင်း၏ အဘိသိက်ကို ခံ၍ ၁၀-နှစ်မြောက် (သာသနာတော်သက္ကရာဇ် ၂၂၈-နှစ်မြောက်) ပြီးသောအခါ မဟာဗောဓိ-အစရှိသည်သို့ ဘုရားဖူးရန် ထွက်သွားတော်မူလေ၏။ တိုင်းခန်းလှည့်လည်ရာတွင် ဘုရားဖူးရန် မဟာဗောဓိ အစရှိသည်သို့ လှည့်လည်ထွက်သွားခြင်းသည်ကား ဓမ္မ၏ လှည့်လည်ထွက်သွားခြင်း မည်၏။

ဤဓမ္မ၏ လှည့်လည်ထွက်သွားခြင်း၌ကား ရဟန်း,ပုဏ္ဏားတို့ကို ဖူးမြင်ရ၍ လှူဒါန်းပေးကမ်းရခြင်း၊ သက်ကြီးသူအိုတို့နှင့် တွေ့ဆုံရ၍ ရွှေ,ငွေများကို ဝေငှလှူဒါန်းရခြင်း၊ တိုင်းပြည်နိုင်ငံနှင့်တကွ လူများအပေါင်းကို တွေ့မြင်ရခြင်း၊ ၎င်းပြင် ထိုသူတို့အား အဆုံးအမ ဩဝါဒတရားကို ပေး၍ တရားတော်ကို ဆွေးနွေးမေးမြန်းရခြင်း၊ ဤအလုံးစုံသည် အကုန်ပါဝင်လျက်ရှိ၏။ ဤဓမ္မ၏ လှည့်လည်ခြင်းသည် ထိုဝိဟာရခေါ်သော အပျော်လှည့်လည်ခြင်းထက် အတိုင်းထက်အလွန် မွန်မြတ်သော နှလုံးမွေ့လျော်ဖွယ်ရှိ၏။ 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမံတော်ရှိသော သီရိဓမ္မာသောကမင်းကြီး၏ ရရှိသမျှသော ဝေစုတရားသည်ကား အခြားကုန်သောမင်းတို့၏ ရရှိသော ဝေစုတရားမျိုးနှင့်မတူ၊ အလွန်ထူးကဲမွန်မြတ်သောတရားမျိုး ဖြစ်၏။

အမှာစကား။ ဒေဝါနံပိယ-သဒ္ဒါသည် မင်းတို့၏ ဘွဲ့တံဆိပ်ဟော-သဒ္ဒါဖြစ်သည်။ တရုတ်, ခုတန်, ကုသျှန်အနွယ်ဝင် မင်းတို့၏ အမည်သည်လည်း ဒေဝပုတြ-အမည်ရှိ၏။ နာမ-သဒ္ဒါသည် ဝိဟာရယာတဝံ-ပုဒ်၏ ဝိသေသဏပုဒ် မဟုတ်၊ ဝါစာသိလိတ္ထ-မျှသာ ဖြစ်သည်။ နံ-သဒ္ဒါသည် နိပါတ်ပုဒ်မျှသာ ဖြစ်သည်။ အနက်ထူး မရှိ။ ဘုယ-သဒ္ဒါသည် အလွန်အဖန်တလဲလဲ အနက်ကို ဟော၏။ ဘာဂ-သဒ္ဒါသည် အဖို့အစိတ်, ကံအကြောင်းအရင်းအစုကို ဟော၏။

သံဗောဓိ-သဒ္ဒါသည် သစ္စာ ၄-ပါးကို သိခြင်း, ပွင့်ခြင်း, နိုးကြားခြင်း, အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်-စသည်ကို ဟော၏။ 'သံဗောဓိ'၌ ဗောဓိ-သဒ္ဒါသည် ညောင်ဗောဓိပင်ကိုလည်း ဟော၏။ ဤနေရာမှာ မဟာဗောဓိပင်ကို ယူသင့်သည်။ အဘယ့်ကြောင့်ဟူမူ အသောကမင်းကြီးသည် ဘုရားအဖြစ်သို့ ရောက်သည်မဟုတ်။ သက်သက် မဟာဗောဓိ-အစရှိသော မြင့်မြတ်သော နေရာဌာနသို့ သွားရောက်ကြည့်ရှုတော်မူ၏။ ကျောက်စာ၌ ဝိဟာရယာတဝံ-နှင့် ဓံမယာတာ-ပုဒ်ကို ထောက်လျှင် သိသင့်ပြီ။

ဝိဟာရသဒ္ဒါသည် ကျောင်း, သွားခြင်း, ဗိဟာရ်နယ်, ကစားခြင်း၊ အပျော်လှည့်လည်ခြင်း အနက်ကို ဟော၏။ **အယာယ**-သဒ္ဒါသည် ရခြင်း, ရောက်ခြင်း, ထွက်သွားခြင်း-ဟူသော အနက်ကို ဟော၏။

----- × -----

[၁၀] စတုဒ္ဒသသိလာလေခ ဂိရနာရ် နဝမသိလာလေခ မူလပါဠိ ၆-ဌာန

၁။ ဂိရနာရ် နဝမသိလာလေခ မူလပါဠိ

ဒေဝါနံ ပြိယော ပြိယဒသိ ရာဇာ ဧဝံ အာဟ [:-] အတ္တိ ဇနော ဥစ္စာဝစံ မံဂလံ ကရောတေ အာဗာဓေသု ဝါ * အာဝါဟဝိဝါဟေသု ဝါ ပုတြလာဘေသု ဝါ ပြဝါသံမှိ ဝါ [၊] ဧတမှိ စ အညမှိ စ ဇနော ဥစ္စာဝစံ မံဂလံ ကရောတေ * [၊] ဧတ တု မဟိဿာယော ဗဟုကံ စ ဗဟုဝိဓံ စ ဆုဒ် စ နိရထံ စ မံဂလံ ကရောတေ [၊] တ ကတယွမေဝ တု မံဂလံ [၊] အပဖလံ တု ခေါ * ဧတရိသံ မံဂလံ [၊] အယံတု မဟာဖလေ မံဂလေ ယေ ဓံမမံဂ-လေ [၊] တတ ဒါသဘဋကမှိ သမ္မပြတိပတီ ဂုရုနံ အပစိတိ သာဓု * ပါဏေသု သယမော သာဓု ဗဟူဏသမဏာနံ သာဓု ဒါနံ [၊] ဧတ စ အည စ ဧတာရိသံ ဓံမမံဂလံ နာမ [၊] တ ဝတယွံ ပိတာ ဝ * ပုတေန ဝါ ဘာတြာ ဝါ သွာမိကေန ဝါ ဣဒံ သာဓု ဣဒံ ကတယွံ မံဂလံ အာဝ တသ အထသ နိဿာနာယ [၊] အတ္တိ စ ပိ ဝုတံ * သာဓု ဒါနံ ဣတိ [၊]

နဲ တု ဧတောရိသံ အသ္ဌိ ဒါနံ ဝ အနဂဟော ဝ ယာရိသံ ဓံမဒါနံ ဝ ဓံမာနုဂဟော ဝ [၊] တ တုခေါ မိတြေန ဝ သုဟဒယေန ဝါ * ညာတိကေန ဝ သဟာယန ဝ ါ[သြ]ဝါဒိတယ္ဓံ တမ္ပိ တမ္ပိ ပဂရဏော ဣဒံ ကစ် ဣဒံ သာဓ ဣတိ ဣမိနာ သက် * သဝဂ် အာရာဓေတု ဣတိ ကိ စ ဣမိနာ ကတယ္ဓတရံ ယထာ သဝဂါရမိ * [၊]

၂။ ကာလဆီ နဝမသိလာလေခ မူလပါဠ်

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ အာဟာ [:-] ဇနေ ဥစာဝုစ် မံဂလ် ကလေတိ အာဟာဓသိ အဝါဟသိဝိဝါဟသိ ပဇောပဒါယေ ပဝါသသိ [၊] ဧတာယေ အံနာယေ စာ ဧဒိသာပေ ဇနေ ဗဟု မံဂလ် ကလေတိ [၊] ဟေတ စု အဗကဇနိယော ဗဟု စာ ဗဟုဝိဓံ စာ ခုဒါ စ နိလထိယာ စာ မဂလ် ကလ်တိ * [၊] သေ ဣဒ္ဓဝိ စေဝ ခေါ မံဂလေ [၊] အပဖလေ ဝု ခေါ ဧသေ [၊] ဣယံ စု ခေါ မဟာဖလေ ယေ ဓံမမဂလေ [၊] ဟေတာ ဣယံ ဒါသဘဋ္ဌကသိ သမ္မာပဋ္ဌိပါတိ ဂုလုနာ အပစိတိ ပါနာနံ သယမေ သမနဗ်ဘာနာနံ ဒါနေ [၊] ဧသေ အံနေ စာ ဟေဋ္ဌိသေ တံ ဓံမမဂလေ နာမာ [၊] သေ ဝတဝိယေ ပိတိနာပိ ပုတေနပိ ဘာတိနာပိ သုဝါမိကေနာပိ မိတသံထုတေနာ အာဝ ပဋ္ဌိဝေသိယေနာပိ * ဣယံ သာဓု ဣယံ ကဋ္ဌဝိယေ မဂလေ အာဝ တသာ အထသာ နိဝုတိယာ [၊] ဣမံ ကထမိတိ [?] ဧဟ ဣဝဝလေ မဂလေ သံသယိကျေ သေ ဟောတိ [၊] သိယာ ဝ တ အဋ္ဌ နိဝဋ္ဌေယာ သိယာ ပုနာ နော ဟိဒလောကိကေ စ ဝ သေ [၊] ဣယံ ပုနာ ဓံမမဂလေ အကာလိကျေ [၊] ဟံစေ ပိ တံ အထံ နော နိဋ္ဌေတိ ဟိဒ အဋ္ဌ ပလတ အနံတံ ပုနာ ပသဝတိ [၊] ဟံစေ ပုနာ တံ အဋ္ဌ နိဝဋ္ဌေတိ ဟိဒ တတော ဥဘယေ*လခေ ဟောတိ ဟိဒ စာ သေ အဋ္ဌေ ပလတာ စာ အနံတံ ပုံနံ ပသဝတိ တေနာ ဓံမမဂလေနာ [၊]

၃။ ဓောက်လီ နဝမသိလာလေခ မူလပါဠ်

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝ် အာဟာ [:-] အထိ ဇနေ ဥစာဝုစ် မံဂလ် ကလေတိ အာဟာခေ . . . ဝိ . . . . . ဇောပဒါယေ ပဝါသသိ * [၊] ဧတာယေ အံနာယေ စ ဟေဒိသာယေ ဇနေ ဗဟုကံ မံဂလ် ကလေတိ [၊] ဧတ တု ဣထိ ဗဟုကံ စ ဗဟုဝိဓံ စ ခုဒကံ စ နိလဋ္ဌိယံ စ မံဂလ် ကလေတိ * [၊] သေ ကဋ္ဌဝိယေ စေဝ ခေါ မံဂလေ [၊] အပဖလေ စု ခေါ ဧသ ဟေဒိသေ မံဂလေ [၊] . . . ယံ စ ခေါ မဟာဖလေ ဧ ဓံမမံဂလေ [၊] တတေသ ဒါသဘဋ္ဌကသိ သံမ္ပာပဋ္ဌိပတိ * ဂုလ္ဟုနံ အပစိ . . . . . မေ သမနဗ်ာဘနာနံ ဒါနေ [၊] ဧသ အံနေ စ . . . ဓံမမံဂလေ နာမ [၊] တ ဝတ

. . . ပိတိနာ . . . ပုတေနပိ ဘာတိနာပိ * သုဝါမိကေနပိ . . . . . လေ အာဝ
တသ အဌသ နိဖဋ္ဌိယာ [၊] အထိပိ ဝံ ဝုတေ ဒါနေ သာဓုတိ [၊] သေ နု ထိ. . . . . .
အနုဂဟေ ဝါ * အာဒိသေ ဓံမဒါနေ ဓံမနုဂဟေ . . . . . မိ . . . . . .
. . . ကေန သဟာယေနပိ ဝိယော ဝဒိတဝိ . . . တသိ ပကလနသိ * . . . . . .
. . . . . လာဓယိတဝေ . . . . . ဌ ဝ . . . . . သွဂသ
အာလဓိ * [၊]

၄။ ကျောဂ္ဂရ် နဝမသိလာလေခ မူလပါဋ္ဌ

ဒေဝါနံ ပိယေ ပိယဒသီ လာဇာ . . . . . ပဇုပဒါယေ ပဝါသသိ [၊] ဧတာယေ အံနာယေ စ * ဟေဒိသာယေ
ဇနေ ဗဟုကံ . . . . . မံဂလံ ကလေတိ
[၊] သေ ကဋ္ဌဝိယေ စေဝ ခေါ မံဂလေ * [၊] အပဖလေ စု ခေါ ဧသ ဟေဒိသေ မံ . . .
. . . . . [၊] . . . . . ဘဋ္ဌကသိ သံမ္မာပဋ္ဌိပတိ
ဂုလူနံ အပစိတိ ပါနေသု သယမေ * သမနဗာဘနာ . . . . . နေ [၊] ဧသ အံနေ
. . . . . ပိတိနာပိ ပုတေနပိ ဘာတိနာပိ သုဝါမိကေနပိ ဣယံ
သာဓု ဣယံ ကဋ္ဌဝိယေ* . . . . . သေ ဒါနေ အနုဂဟေ ဝါ အာဒိသေ ဓံမဒါနေ ဓံမာနုဂဟေ စ [၊] သေ စု ခေါ
မိတေန * . . . . . ယံ သာဓု ဣမေန သကိယေ
သွဂေ အာလာဓယိတဝေ ကိ ဟိ ဣမေ နု ကဋ္ဌဝိယတလာ * . . . . . * [၊]

၅။ သ္ဝာဟဗာဂ်ိုဂဟရိ နဝမသိလာလေခ မူလပါဋ္ဌ

ဒေဝနံ ပြိယော ပြိယဒြဿိ ရယ ဧဝံ အဟတိ [:-] ဇနော ဥစ္စဝုစ်ံ မံဂလံ ကရော-
တိ အဗဓေ အဝဟေဝိဝဟေ ပဇုပဒနေ ပြဝေသေ [၊] ဧတယေ အညယေ စ ဧဒိသ္ဝိယေ
ဇနော ဝ မံဂလံ ကရောတိ [၊] အတြတု ဩယက ဗဟု စ ဗဟုဝိဓံ စ ပုတိကံ စ နိရဋ္ဌရိယံ
စ မံဂလံ ကရောတေန [၊] သော ကဋ္ဌဝေါ စ ခေါ မံဂလံ [၊] အပဖလံ တု ခေါ ဧတံ [
၊] ဣမံ တု ခေါ မဟဖလ ယေ ဓံမမံဂလံ * [၊] အတြ ဣမ ဒသဘဋ္ဌကသ သံမပြဋ္ဌိပတိ
ဂရုန အပစိတိ ပြဏနံ သံယမ သ္ဝိမဏပြမဏန ဒန [၊] ဧတံ အညံ စ ဓြမမံဂလံ နာမ
[၊] သော ဝတဝေါ ပိတုနပိ ပုတြေနပိ ဘြတုနပိ သွမိကေနပိ မိတြသံသ္ဌုတေန အဝ
ပြတိဝေသ္ဝိယေန ဣမံ သဓု ဣမံ ကဋ္ဌဝေါ မံဂလံ ယဝ တသ အဌသ နိဝုဋ္ဌိယ [၊] နိဝုဋ္ဌသ္ဝိ
ဝ ပန * ဣမံ ကေရ [?] ယေဟိ ဧတြကေ မဂလေ သံသ္ဝယိကေ တံ [၊] သိယ ဝေါ

တံ အင့် နိဝ္ဒေယ တိ သိယ ပန ဣအလောကစေ ဝေါ တိထေ [၊] ဣယ ပုန မြမမဂလံ အကလိကံ [၊] ယဒိ ပုန တံ အင့် နိဝ္ဒေ ဟိ အ အထ ပရတြ အနံတံ ပုညံ ပြသဝတိ [၊] ဟံစေ ပုန အထ နိဝ္ဒေတိ တတော ဥဘယသလမံ ဟောတိ ဣဟ စ သော အဗ္ဗော ပရတြ စ အနံတံ ပုညံ ပြသဝတိ တေန မြမံဂလေန * [၊]

၆။ မာန်နဆေရာ နဝမသိလာလေခ မူလပါဋ်

ဒေဝန ပြိယေ ပြိယဒြသ္မိ ရဇ ဧဝံ အဟ [:-] ဇနေ ဥစဝုစံ မဂလံ ကရောတိ* အဗခသိ အဝဟသိဝိဝဟသိ ပြဇောပဒယေ ပြဝသ္ဓိ [၊] ဧတယေ အညယေ စ ဧဒိသ္ဓ ယေ ဇနေ* ဗဟု မံဂလံ ကရောတိ [၊] အတြ တု ဗလိကဇနိက ဗဟု စ ဗဟုဝိဓ စ ခုဒ စ နိရတ္ထြိယ စ မဂလံ ကရောတိ [၊] သေက . . . ဝိ . . . စ ခေါ* မဂလေ [၊] အပ-ဖလေ စု ခေါ ဧရ္ဓေ [၊] ဣယံ စု ခေါ မဟာဖလေ ယေ မြမမံဂလေ [၊] အတြ ဣယံ ဒသ-ဘဒ္ဒကသိ သမ္ပဇ္ဇိပတိ ဂုရုန အပစိတိ* ပြဏန သယမေ သ္ဓြမဏတြမဏန ဒနေ [၊] ဧရ္ဓေ အဏော စ ဧဒိသ္ဓေ မြမမဂလေ နမ [၊] သေ ဧတဝိယေ ပိတုနပိ ပုတ္တြနပိ ဘတုန-ပိ သ္ဓမိကေန . . . * မိတြသံသ္ဓုတေန အဝ ပဇ္ဇိဝေသ္ဓိယေနပိ ဣယံ သဓု ဣယံ ကဒ္ဒ-ဝိဟော မဂလေ အဝ တသ အတ္ထြသ နိဝုဇ္ဇိယ [၊] နိဝုဇ္ဇသိ ဝ ပုန ဣမ ကေရ္ဓမိတိ [?] ဧဟိ အတြကေ မ . . . * သ္ဓသ္ဓယိကေ သေ [၊] သိယ ဝ တံ အတ္ထြ နိဝ္ဒေယ သိယ ပန နော ဣဟ စ လောကိ စ ဝသေ [၊] ဣယံ ပုန မြမမဂလေ အကလိကေ [၊] ဟစေ ပိ တံ အတ္ထြ နိဝ္ဒေတိ ဟိဒ အ . . . ပရတြ . . . * အနံတံ ပုညံ ပြသဝတိ [၊] ဟစေ ပုန တံ အတ္ထြ နိဝ္ဒေတိ ဟိဒ တတော ဥဘယသဝလခေ ဟောတိ ဟိဒ စ သေ အတ္ထြ ပရတြ စ အနံတံ ပုဏ်ံ ပြသဝတိ တေန မြမမဂလေန* [၊]

၇။ ဂိရနာရ် နဝမသိလာလေခ မူလပါဋ်အနက်

ဒေဝါနံ၊ နတ်တို့၏။ ပြိယော၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပြိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ရာဇာ၊ သီရိဓမ္မာသော-ကမင်းကြီးသည်။ ဧဝံ၊ ဤသို့ဝေဖြာ၊ ကြောင်းခြင်းရာကို။ အာဟ၊ တရားနှင့်လျော်၊ မိန့်ကြား-တော်မူ၏။ (ဣဓ)၊ ဤလောကဌ်။ ဇနော၊ ပြည်သူ,ပြည်သား၊ လူအများသည်။ အတ္ထိ၊ အတိုင်း-မသိ၊ များစွာရှိ၏။ (သေ)၊ ထိုတိုင်းသူပြည်သား၊ လူအများသည်။ အာဗာဓေသု ဝါ၊ မကျန်း-မမာ၊ ဝေဒနာဆိုက်ရောက်ကုန်သောအခါတို့ဌ်လည်းကောင်း။ ဝါ၊ ကြောင်းရင်းကံဆိုး၊ ရောဂါ

မျိုးတို့၌လည်းကောင်း။ အာဝါဟဝိဝါဟေသု ဝါ၊ သားသမီးရတနာ၊ ထိမ်းမြားရာတို့၌လည်းကောင်း။ ပုတ္တြလာဘေသု ဝါ၊ သားမြတ်ရတနာ မွေးဖွားရာတို့၌လည်းကောင်း။ ပြဝါသံမှိ ဝါ၊ တစ်ပြည်တစ်ရွာ သွားသောအခါ၌လည်းကောင်း။ ဥစာဝစံ၊ အနိမ့်,အမြင့်။ ဝါ၊ အနည်း, အများ။ မံဂလံ၊ ကောင်းနိုးရာရာ၊ မင်္ဂလာကို။ ကရောတေ၊ ရည်သန်အားထုတ်၊ ဆောင်ရွက်ပြုလုပ်၏။

(ဧဒိသာယေ)၊ ဤနည်းအတူ။ ဧတေမှိ စ၊ ဤဆိုအပ်ခဲ့ပြီးသောအခါ၌လည်းကောင်း။ အညမှိ စ၊ ဤမှတပါး၊ အခြားသော ကာလ၌လည်းကောင်း။ ဇနော၊ ပြည်သူပြည်သား၊ လူအများသည်။ ဥစာဝစံ၊ အနိမ့်,အမြင့်။ ဝါ၊ အနည်း,အများ။ မံဂလံ၊ ကောင်းနိုးရာရာ မင်္ဂလာကို။ ကရောတေ၊ ရည်သန်အားထုတ်၊ ဆောင်ရွက်ပြုလုပ်၏။ တု၊ စင်စစ်သော်ကား။ ဧတ=အတြ၊ ဤဆိုအပ်ခဲ့ပြီးသောအခါ၌။ မဟိဒ္ဓာယော၊ သားသမီးရှိကုန်သော မိန်းမတို့သည်။ ဗဟုဂဲ စ၊ တစ်ပါးမက၊ များပြားလှစွာသော။ ဗဟုဝိမံ စ၊ တစ်ပါးမက၊ များပြားသော အစီအရင်လည်းရှိထသော။ ဆုဒံ စ၊ အလွန်လည်း သေးနုပ်ထသော။ နိရထံ စ၊ အကျိုးလည်း မကြီးထသော။ မံဂလံ၊ လောကခြင်းရာ၊ မင်္ဂလာကို။ ကရောတေ၊ အထူးအားထုတ်၊ ပြုလုပ်ကြကုန်၏။ တု၊ အကယ်မလွဲ၊ အမြဲမုချ။ တ မံဂလံ၊ ထိုသို့ဖော်ပြ၊ မင်္ဂလာ-ဟူသမျှကို။ ကတယွမေဝ၊ ပြုအပ်, ပြုထိုက်သည်သာလျှင်ကတည်း။

တု၊ ထိုသို့ပင် ပြုအပ်,ပြုထိုက်သော်လည်း။ ခေါ၊ စင်စစ်သော်ကား။ ဧတရိသံ၊ ဤသို့သဘောရှိသော။ မံဂလံ၊ မင်္ဂလာသည်။ အပဖလံ၊ အကျိုးမကြီး။ ဝါ၊ ပစ္စုပ္ပန်, တမလွန် ၂-တန်ပွါးတိုး၊ ကြီးမားသောအကျိုးမရှိ။ (ဣဟ)၊ ဤလောက၌။ ဓံမမံဂလေ၊ ဓမ္မမင်္ဂလာ-ဟုဆိုအပ်သော။ ယေ မံဂလေ၊ အကြင်မင်္ဂလာသည်။ (အတ္ထိ)၊ ရှိ၏။ အယံတု=အယံ ဧဝ၊ ဤဓမ္မမင်္ဂလာသည်သာလျှင်။ မဟာဖလေ၊ လောကီ,လောကုတ်၊ မယုတ်ပွါးတိုး၊ ကြီးမားသော အကျိုးရှိသည်။ (ဘဝတိ)၊ ဖြစ်၏။ တတ၊ ထိုဓမ္မမင်္ဂလာ၌။ ဒါသဘဋ္ဌကမှိ၊ တသက်ကျွန်, လခစား, အစေခံကျွန်၌။ သမ္ပြတိပတိ၊ ကောင်းသော ဝတ်တရားသည်လည်းကောင်း။ ဂုရုနံ၊ ဆရာတို့အား။ သာဓု၊ ကောင်းစွာ။ အပစိတိ၊ ပူဇော်ခြင်းသည်လည်းကောင်း။ ပါဏေသု၊ သတ္တဝါတို့၌။ သာဓု၊ ကောင်းမွန်စွာ။ သယမော၊ စောင့်ရှောက်ခြင်းသည်လည်းကောင်း။ ဗဟုဏာသမဏာနံ၊ ရဟန်း,ပုဏ္ဏားတို့အား။ သာဓု၊ ကောင်းမွန်စွာ။ ဒါနံ၊ အလှူပေးခြင်းသည်လည်းကောင်း။ (အတ္ထိ)၊ ရှိ၏။

ဧတ စ၊ ဤသို့ခြင်းရာ၊ မင်္ဂလာသည်လည်းကောင်း။ ဧတာရိသံ၊ ဤသို့သဘောရှိသော။ ဝါ၊ ဤအတူ။ အည စ၊ တပါးသော မင်္ဂလာသည်လည်းကောင်း။ ဓံမမံဂလံ နာမ၊

ဓမ္မမဂ််လာ မည်၏။ တ=တတ၊ ထို့ကြောင့်။ ပိတာဝ၊ အဘသည်လည်းကောင်း။ ပုတေန ဝါ၊ သားသည်လည်းကောင်း။ ဘာတြာ ဝါ၊ ညီ,အစ်ကိုသည်လည်းကောင်း။ သွာမိကေန ဝါ၊ အရှင်သည်လည်းကောင်း။ (မိတသံထုတေန ဝါ)၊ မိတ်ဆွေအသိအကျွမ်း ဖြစ်သောသူ သည်လည်းကောင်း။ အာဝ၊ အကြင်မျှလောက်သော။ (ပဋိဝေသိယေနပိ)၊ အိမ်နီးပါးချင်းသည် လည်းကောင်း။ ဣဒံ၊ ဤဓမ္မမဂ််လာကို။ သာဓု၊ ကောင်း၏-ဟူ၍လည်းကောင်း။ အာဝ၊ အကြင်မျှလောက်။ တသ အထသ၊ ထိုထို မိမိတို့ တောင့်တအပ်သောအကျိုး၏။ နိဿာနာယ၊ ပြီးမြောက်အောင်မြင်စေခြင်းအလို့ငှာ။ ဣဒံ ဓံမမံဂလံ၊ ဤဓမ္မမဂ််လာကို။ ကတယွံ၊ ပြုအပ်၏-ဟူ၍လည်းကောင်း။ ဝတယွံ၊ ဟောပြောအပ်၏။

စ၊ ဆက်၍ဆိုဦးအုံ့။ (ဣဟ)၊ ဤလောကဌ်။ ဒါနံ၊ ကောင်းမှုပုည၊ မြတ်ဒါနသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤကောင်းမှုပုည၊ မြတ်ဒါနသည်။ သာဓု၊ ကောင်း၏။ ဝါ၊ မြတ်၏။ ဣတိ အပိ၊ ဤသို့လည်း။ ဝုတံ၊ ပြောဆိုအပ်၏။ တု၊ စင်စစ်သော်ကား။ (ဣဟ)၊ ဤလောကဌ်။ ယာရိသံ၊ အကြင်ကဲ့သို့။ ဓံမဒါနံ ဝ၊ ဓမ္မဒါနသည်လည်းကောင်း။ ဓံမာနုဂဟော ဝ၊ ဓမ္မာနုဂ္ဂဟ သည်လည်းကောင်း။ (အတ္ထိ)၊ ရှိ၏။ ဧတာရိသံ၊ ဤဓမ္မဒါန, ဓမ္မာနုဂ္ဂဟကဲ့သို့။ ဒါနံ ဝ၊ ဒါန သည်လည်းကောင်း။ အနုဂဟော ဝ၊ အနုဂ္ဂဟသည်လည်းကောင်း။ နု အတ္ထိ၊ မရှိ။ တုခေါ၊ မဲ့ချတ်ဧကန်၊ အမှန်မုချသာလျှင်။ တ=တံ၊ ထိုဓမ္မမဂ််လာ၊ ဓမ္မဒါန, ဓမ္မာနုဂ္ဂဟကို။ မိတြေန ဝ၊ မိတ်ဆွေသည်လည်းကောင်း။ သုဟဒယေန ဝ၊ စိတ်နှလုံးကောင်းဝေဘသူသည်လည်း ကောင်း။ ဝါ၊ အကျွမ်းဝင်သောသူသည်လည်းကောင်း။ ညာတိကေန ဝါ၊ ဆွေမျိုးဉာတိသည် လည်းကောင်း။ သဟာယေန ဝါ၊ အပေါင်းအဖော်သည်လည်းကောင်း။ ဝါ၊ သူငယ်ချင်းသည် လည်းကောင်း။ ပဂရဏော၊ ဝေဖန်ပိုင်းခြားအပ်သော။ တမ္မိ တမ္မိ၊ ထိုထိုဆိုအပ်ခဲ့ပြီးသောအခါ ဌ်။ ဣဒံ၊ ဤဓမ္မမဂ််လာ၊ ဓမ္မဒါန၊ ဓမ္မာနုဂ္ဂဟကို။ ကစ်၊ ပြုလုပ်အပ်၏။ ဣတိ စ၊ ဤသို့လည်း ကောင်း။

ဣဒံ၊ ဤဓမ္မမဂ််လာ၊ ဓမ္မဒါန၊ ဓမ္မာနုဂ္ဂဟသည်။ သာဓ=သာဓု၊ ကောင်း၏။ ဣတိ စ၊ ဤသို့လည်းကောင်း။ ဣမိနာ၊ ဤဓမ္မမဂ််လာ၊ ဓမ္မဒါန၊ ဓမ္မာနုဂ္ဂဟဖြင့်။ သဝဂ်၊ နတ်ရွာ, နိဗ္ဗာန်ကို။ အာရာဓေတု၊ ရခြင်းငှာ။ သက်၊ စွမ်းနိုင်၏။ ဣတိ စ၊ ဤသို့လည်းကောင်း။ ဣမိနာ၊ ဤဓမ္မမဂ််လာ၊ ဓမ္မဒါန၊ ဓမ္မာနုဂ္ဂဟနှင့်။ ယထာ၊ အကြင်ကဲ့သို့ တူမျှသော။ ကတယွ-တရံ အထူးသဖြင့် ပြုအပ်,ပြုထိုက်သော။ သဝဂါရမိ၊ နတ်ရွာတလျှောက်၊ နိဗ္ဗာန်ပေါက်အောင်၊ ပြီးမြောက်နိုင်သော အနုဂ္ဂဟတရားမျိုးသည်။ ကိ၊ တစိုးတစိ၊ အဘယ်မှာ ရှိတော့အုံ့နည်း။ ဣတိ စ၊ ဤသို့လည်းကောင်း။ ဩဝါဒိတယွံ၊ ဩဝါဒပေးအပ်၏။

၈။ ကာလဆီ, သျှာဟဗာဂျိုဂဟရီ, မာန်နဆေရာ၊ ၃-ဌာနဌ် ထူးသော ပါဠိအနက်

အာဝ၊ အကြင်မျှလောက်။ တသာ အထသာ၊ ထိုမိမိတို့ လိုအပ်တောင့်တအပ်သော အကျိုး၏။ (နှ နိဝုတိ)၊ မပြီးမြောက်သေး။ (တာဝ)၊ ထိုမျှလောက်။ နိဝုတိယာ၊ ပြီးမြောက်စေ ခြင်းအလို့ငှာ။ ဣယံ၊ ဤဓမ္မမဂ်လာကို။ ကဋ္ဌဝိယေ၊ အားထုတ်ပြုလုပ်အပ်၏။ ဣမံ၊ ဤဓမ္မ-မဂ်လာကို။ ဣတိ၊ ဤကဲ့သို့။ ကထံ=ကထံ ကေန ကရဏေန၊ အဘယ်အကြောင်းကြောင့်။ (ကဋ္ဌဝိယေ)၊ အားထုတ်ပြုလုပ်အပ်ဘိသနည်း။ ဧဟ၊ ဤလောကဌ်။ ဣဝလေ၊ ဤဓမ္မမဂ်လာမှ တပါးသော။ သံသယိကျေ၊ ယုံမှားခြင်း မကင်းသော။ သေ မဂလေ၊ ထိုဆိုအပ်ခဲ့ပြီးသော မဂ်လာသည်။ ဟောတိ၊ ရှိသည်ဖြစ်၏။

ဝ=ဝါ၊ တစ်နည်းကား။ (သေ မဂလေ)၊ ထိုဆိုအပ်ခဲ့ပြီးသော မဂ်လာသည်။ တံ အဋ္ဌ၊ ထိုမိမိတို့ လိုအပ်တောင့်တအပ်သောအကျိုးကို။ သိယာ နိဝဋ္ဋေယ၊ အကယ်၍ကား ပြီးစေ နိုင်အံ့လော။ ပုနာ၊ တဖန်။ နော သိယာ နိဝဋ္ဋေယ၊ အကယ်၍ကား မပြီးစေနိုင်အံ့လော။ စ၊ ထိုမှတပါးလည်း။ ဣယံ၊ ဤဓမ္မမဂ်လာအကျိုးသည်။ ဟိဒလောကိကော၊ ပစ္စုပ္ပန်ဘဝ၊ ဤလောကဌ်။ ဝသေ၊ ရှိနေ၏။ ဣတိ၊ ဤသို့။ (သံသယိကျေ)၊ ယုံမှားခြင်းသည်။ (ဟောတိ)၊ ဖြစ်၏။ သေ=တတ၊ ထို့ကြောင့်။ ကဋ္ဌဝိယေ၊ အားထုတ်ပြုလုပ်အပ်၏။ ပုနာ၊ တဖန်။ ဣယံ ဓံမမဂလေ၊ ဤဓမ္မမဂ်လာသည်။ အကာလိကျေ၊ ကာလအပိုင်းအခြား မရှိ။ ဝါ၊ အခါမလင့် အကျိုးကို ပေးလေ့ရှိ၏။

ဟံစေပိ၊ အကယ်၍ကား။ တံ အထံ၊ ထိုတစ်စုံတစ်ခုသော အကျိုးထူးကို။ ဝါ၊ ဒိဋ္ဌဓမ္မအကျိုးကို။ နော နိဋ္ဌေတိ၊ မပြီးစေငြားအံ့။ (တထာပိ)၊ ထိုသို့ပင် မပြီးစေငြားသော်လည်း။ ဟိဒ၊ ပစ္စုပ္ပန်ဘဝ၊ ဤလောကဌ်။ အဋ္ဌ၊ သာမညအကျိုးကိုလည်းကောင်း။ ပလတ၊ ထိုထိုဘဝ၊ တမလွန်လောကဌ်။ အနံတံ၊ အဆုံးမရှိသော။ ပုနာ=ပုညံ၊ ပုညအစု၊ မြတ်ကောင်းမှုကို။ ဝါ၊ နှစ်လိုဖွယ်ကိုလည်းကောင်း။ ပသဝတိ၊ ပွါးစီးတတ်၏။ ဟံစေ၊ အကယ်၍ကား။ ပုနာ၊ တဖန်။ တံ အဋ္ဌ၊ ထိုဒိဋ္ဌပေးတတ်၊ အကျိုးထူးမြတ်ကို။ ဟိဒ၊ ပစ္စုပ္ပန်ဘဝ၊ ဤလောကဌ်။ နိဝဋ္ဋေတိ၊ ပြီးစေငြားအံ့။ တတော၊ ထိုသို့ပြီးစေသည်ရှိသော်။ ဥဘယေ၊ ပစ္စုပ္ပန်ဘဝ၊ တမလွန်လောက တို့ကို။ လဓေ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။ တေနာ၊ ထိုသို့ သဘောရှိသော။ ဓံမမဂလေနာ၊ ဓမ္မမဂ်လာကြောင့်။ ဟိဒ စာ၊ ပစ္စုပ္ပန်ဘဝ၊ ဤလောကဌ်လည်း။ သေ အဋ္ဌေ၊ ထိုတစ်စုံတစ်ခု၊ ဒိဋ္ဌဓမ္မအကျိုးစုသည်။ ဟောတိ၊ ဖြစ်၏။ ပလတာ စာ၊ ထိုထိုဘဝ၊ တမလွန်လောကဌ်လည်း။ အနံတံ၊ အဆုံးမရှိသော။ ပုံနံ၊ ပုညအစု၊ မြတ်ကောင်းမှုကို။ ဝါ၊ နှစ်လိုဖွယ်ကို။ ပသဝတိ၊ ပွါးစီးတတ်၏။

၉။ ဂိရနာရ် နဝမသိလာလေခ-စသော ၆-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ'တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောက မင်းကြီးသည် ဤသို့ မိန့်ဆိုတော်မူ၏။ ဤပစ္စုပ္ပန်လောကဌ် လူများအပေါင်းတို့သည် ကြောင်းရင်းကံဆိုး၍ အမျိုးမျိုးသော ရောဂါအန္တရာယ် ဆိုက်ရောက်သောအခါဌ်လည်းကောင်း၊ သား, သမီးတို့ကို လက်ထပ်မင်္ဂလာ ပြုလုပ်သောအခါဌ်လည်းကောင်း၊ သား,သမီးရတနာ မွေးဖွားသောအခါဌ်လည်းကောင်း၊ တစ်ပြည်တစ်ရွာ သွားသောအခါဌ်လည်းကောင်း၊ အနည်း,အများ မိမိတို့ ကိုးကွယ်ရာနတ် အစရှိသည်ကို ပသခြင်းမင်္ဂလာကို ပြုလုပ်ကြကုန်၏။

ဤနည်းအတူ လူများတို့သည် အခြားသော ဒုသုမင်္ဂလာတို့မှာလည်း အနည်း,အများ ထိုက်သည့်အားလျော်စွာ မင်္ဂလာအမှုကို ပြုလုပ်ကြကုန်၏။ စင်စစ်သော်ကား ဤမင်္ဂလာမျိုးတို့ဌ် များသောအားဖြင့် သား,သမီး, မိခင်တို့သည် အထူးထူးအပြားပြား အကျိုးမရှိ သေးနုပ်သော မင်္ဂလာကို ပြုလုပ်ကြ၏။ လောကဌ် ထိုထိုမင်္ဂလာမျိုးကို မုချပြုလုပ်အပ်၏။ ထိုသို့ပင် ပြုလုပ်အပ်သော်လည်း ဤကဲ့သို့ မင်္ဂလာမျိုးသည် စင်စစ် ပစ္စုပ္ပန်,တမလွန်ဘဝတို့မှာ အကျိုးကြီးကြောင်း မဟုတ်ချေ။ လောကဌ် ထင်ရှားရှိသော ဓမ္မမင်္ဂလာသည်သာလျှင် လောကီ, လောကုတ္တရာတို့မှာ မျှားစွာအကျိုးရှိ၏။

ထိုဓမ္မမင်္ဂလာဌ်ကား ကျေးကျွန်တို့အပေါ်ဌ် တရားနှင့်လျော်စွာ ကြည့်ရှုစောင်မနိုင်ခြင်း၊ ဆရာသမားတို့အား ကောင်းစွာ ဆည်းကပ်ပူဇော်နိုင်ခြင်း၊ တိရစ္ဆာန်သတ္တဝါတို့အပေါ်ဌ် ကောင်းစွာ စောင့်ရှောက်နိုင်ခြင်း၊ ရဟန်း,ပုဏ္ဏားတို့အား ကောင်းစွာ စွန့်ကြဲပေးကမ်းနိုင်ခြင်း၊ ဤတရားမျိုးတို့သည် ပါဝင်လျက် ရှိ၏။ ဤနည်းအတူ ပြုလုပ်အပ်သော အခြားအခြားသော မင်္ဂလာသည်လည်း ဓမ္မမင်္ဂလာ မည်၏။ ထို့ကြောင့် အမိ, အဘ, သား, သမီး, ညီ, အစ်ကို, အရှင်သခင်၊ မိတ်ဆွေအသိအကျွမ်း၊ အိမ်နီးပါးချင်း-ဟူသမျှတို့သည် ဤဓမ္မမင်္ဂလာကို ကောင်းမြတ်၏-ဟူ၍လည်းကောင်း၊ မိမိတို့ လိုလားတောင့်တအပ်သောအကျိုး မပြိုးမြောက်သမျှကာလပတ်လုံး ပြုအပ်,ပြုထိုက်၏-ဟူ၍လည်းကောင်း ပြောဆိုသင့်၏။ တစ်နည်း ပြောဆိုကြရမည်။

ဤမျှသာ မကသေး။ လောကတွင် ဒါနကောင်းမှုသည်သာလျှင် အမြတ်ဆုံးဖြစ်၏-ဟူ၍လည်း ပြောဆိုကြရမည်။ ထိုမှတပါး ယခုလောကဌ် ဓမ္မဒါန, ဓမ္မာနုဂ္ဂဟတို့ကဲ့သို့ ထူးကဲလွန်မြတ်သော ဒါနအနုဂ္ဂဟသည် မုချမရှိသည်ဖြစ်၍ ထိုဓမ္မမင်္ဂလာနှင့် ဓမ္မဒါန, ဓမ္မာနုဂ္ဂဟကို မိတ်ဆွေ, အကျွမ်းဝင်သူ, ဆွေမျိုးဉာတိ, သူငယ်ချင်း, အပေါင်းအဖော်-ဟူသမျှတို့သည်

အခါမရွေး အမြဲနိစ္စ၊ ဤဓမ္မမဂ်လာနှင့် ဓမ္မဒါန, ဓမ္မာနုဂ္ဂဟကို ပြုအပ်,ပြုထိုက်၏-ဟု သြဝါဒ ပေးကြရမည်။ ၎င်းပြင် ဤဓမ္မမဂ်လာနှင့် ဓမ္မဒါန, ဓမ္မာနုဂ္ဂဟသည် အထူးမွန်မြတ်သည်ဖြစ်၍ ဤဓမ္မမဂ်လာ-စသည်ဖြင့် နတ်ရှာ,နိဗ္ဗာန်ကို ဧကန်ရနိုင်၏။

ထိုမှတပါး ဤဓမ္မမဂ်လာနှင့် ဓမ္မဒါန, ဓမ္မာနုဂ္ဂဟတို့ကဲ့သို့ ပြုအပ်,ပြုထိုက်သော နတ်ရှာ,နိဗ္ဗာန်သို့ ပေါက်ရောက်နိုင်သော အနုဂ္ဂဟတရားမျိုးသည် ဤလောကဌ် တစ်စုံတစ်ခုမျှ မရှိချေ။ ဤသို့ စသည်ဖြင့်လည်း သြဝါဒပေးကြရမည်။

အမှာစကား။ **အာဗာဓ**-သဒ္ဒါသည် ဝေဒနာရောဂါ, အကုသိုလ်တံ, ဆင်းရဲရောက်ခြင်းအနက်ကို ဟောဏ်။ **အာဝါဟ**-သဒ္ဒါသည် သုမဂ်လာနှင့် ဆိုင်ရာဌ် ဖိတ်မံခြင်း, သားကို လက်ထပ်မဂ်လာပြုခြင်း, ချွေးမကို ဆောင်ယူခြင်းအနက်ကို ဟောဏ်။ **ဝိဝါဟ**-သဒ္ဒါသည် သမီးကို လက်ထပ်မဂ်လာပြုခြင်း, သမီးကို မိမိအိမ်မှ ခွဲခွါလိုက်ခြင်း အနက်ကို ဟောဏ်။ **မဟိဏာ**-သဒ္ဒါသည် သား,သမီးရှိသော မိန်းမကို ဟောဏ်။

မံဂလ-သဒ္ဒါသည် ပွဲလမ်းသဘင်ဌ် တိရစ္ဆာန်များကို သတ်၍ ယဇ်နတ်ပူဇော်သော လောကီမဂ်လာ၊ မကျန်းမာသောအခါ စုန်းနတ်ကို ပသခြင်း, တိတ်နိမိတ်ဖတ်ခြင်း မဂ်လာ၊ ခရီးယာယီသွားသောအခါ နတ်အား ပူဇော်ခြင်း, ဗလိနတ်စာကျွေးခြင်း-အစရှိသော လောကီမဂ်လာကို ပြုလုပ်ခြင်းအနက်ကို ဟောဏ်။ အသောကမင်းကြီးသည် လောကီမဂ်လာတို့ကို ဓမ္မမဂ်လာ-ဟု ဆိုအပ်သော လောကုတ္တရာမဂ်လာဖြင့် ပယ်ရှားတော်မူ၏။

ဒါသ-သဒ္ဒါဖြင့် တသက်ကျွန်, ဥစ္စာဖြင့် ရသောကျွန်၊ **ဘဋက**-သဒ္ဒါဖြင့် လခစားကျွန်, အမှုလုပ်ကျွန်, အစေခံ, အငှားသားကျွန်ကို ယူအပ်၏။ **သယမ**-သဒ္ဒါသည် ဣန္ဒြေကို စောင့်ရှောက်ခြင်း, သတ္တဝါတို့ကို စောင့်ရှောက်ခြင်း, လုံခြုံစေခြင်းအနက်ကို ဟောဏ်။ **အာဝ**-သဒ္ဒါကို ပါဠိနှင့် သက္ကဋဘာသာဌ် အာ-ဟု ပြန်ဆို၏။ တစ်နည်းကား ယာဝ-ဟု ပြန်ဆို၏။ အနက်ကား တိုင်အောင်, အကြင်ရွှေ့လောက်, အကြင်မျှလောက်။

ဝသေ-ဟူသောပုဒ်ကို အချို့ဆရာကား ဝ-ပုဒ်, သေ-ပုဒ်ကြဲပြီးလျှင် ဝ-ကို ဧဝ-အနက်၊ သေ-ကို သော-အနက် ပေး၏။ သျှာဟဘဏ္ဍိဟရိနှင့် မာန်နဆေရာကျောက်စာဌ် တိထေ ဝသေ-ဟု ပါရှိသည်ကို ထောက်လျှင် ဝသေ-ပုဒ်သည် သာ၍ကောင်း၏။

----- x -----

[၁၁] စတုဒ္ဒသသိလာလေခ ဂိရနာရ် ဒသမသိလာလေခ မူလပါဠ် ၆-ဌာန

၁။ ဂိရနာရ် ဒသမသိလာလေခ မူလပါဠ်

ဒေဝါနံ ပြိယော ပြိယဒသိ ရာဇာ ယသော ဝ ကိတိ ဝ နု မဟာထာဝဟာ မံညတေ အညတ တဒါတ္ဝနော ဒိယာယ စ မေ ဇနော * ခံမသုသြုသာ သုသြုသတဝံ ခံမဝုတံ စ အနုဝိဓိယံ [၊] ဧတကာယ ဒေဝါနံ ပိယော ပိယဒသိ ရာဇာ ယသော ဝ ကိတိ ဝ ဣဆတိ * [၊] ယံ တု ကိံစိ ပရာကမတေ ဒေဝါနံ ပြိယဒသိ ရာဇာ တသဝံ ပါရတြိကာယ [,] ကိံတိ [?] သကလေ အပပရိသြဝေ အသ [၊] ဧသတု ပရိသြဝေ ယ အပုံညံ * [၊] ဒုကရံ တုခေါ ဧတံ ဆုဒကေန ဝ ဇ၊နနေ ဉသဒ္ဓေန ဝ အညတြ အဂေန ပရာကမေန သဝံ ပရိစဋိတ္ဝာ [၊] ဧတ တုခေါ ဉသဒ္ဓေန ဒုကရံ * [၊]

၂။ ကာလဆိ ဒသမသိလာလေခ မူလပါဠ်

ဒေဝါနံ ပိယေ ပိယဒရှာ လာဇာ ယရှော ဝါ ကိတိ ဝါ နော မဟာထာ ဝါ မနတိ အနတာ ယံပိ ယသော ဝါ ကိတိ ဝါ ဣဆတိ တဒတ္ဝာယေ အယတိယေ စာ ဇနေ ခံမ သုသုရှာ သုသုရှတု မေ တိ ခံမဝတံ ဝါ အနုဝိဓိယတုတိ [၊] ဧတကာယေ ဒေဝါနံ ပိယေ ပိယဒသိ * လာဇာ ယရှော ဝါ ကိတိ ဝါ ဣဆ [၊] အံ စာ ကိဆိ လကမတိ ဒေဝါနံ ပိယေ ပိယဒရှိ လဇာ တရှဝံ ပါလတိကျာယေ ဝါ [,] ကိတိ [?] သကလေ အပပလာရှဝေ ရှိယာတိ [၊] တိ ဧရှေ စု ပလိသဝေ ဧ အပုံနေ [၊] ဒုကလေ စု ခေါ ဧရှေ ခုဒကေန ဝါ ဝဂေန ဉရှဒ္ဓေန ဝါ အနတ အဂေနာ ပလကမေနာ ရှဝံ ပလိတိဒိတု [၊] ဟေတ စု ခေါ * ဉရှဒ္ဓေန ဝါ ဒုကလေ [၊]

၃။ ဓောက်လိ ဒသမသိလာလေခ မူလပါဠ်

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ယသော ဝါ ကိဋ္ဌိ ဝါ နု . . . ဌာဝ ဟံ မံနတေ . . . . . ပိ ယသော ဝါ ကိဋ္ဌိ ဝါ ဣဆတိ တဒတ္ဝာယေ အ . . . . . ဇနေ * . . . သံသု . . . သတု မေ ခံမ . . . . . မေ [၊] ဧတကာယေ ယ . . . . . ဋ္ဌိ ဝါ . . . . . စိ ပလကမတိ ဒေဝါနံ ပိယေ . . . ပါလတိကာယေ * [,] ကိံတိ [?] သကလေ အပပလိသဝေ ဟုဝေယာတိ [၊] ပလိသ . . . . . [၊]

ဒုကလေ . . . . . တ အဂေ . . . . . နဿ ဝံ စ ပလိတိဇိတု*
ခုဒကေန ဝါ ဥသဒ္ဓေန ဝါ [၊] ဥသဒ္ဓေန စု ဒုကလတလေ * [၊]

၄။ ကျောဂ္ဂရ် ဒသမသိလာလေခ မူလပါဠ်

. . . . . ယသော
ဝါ ကိဉ္စိ ဝါ ဣဆတိ တဒတ္တာယေ အာယတိယေ စ ဇနေ ဓံမသုသ္ဝ၍ သုသ္ဝသတုမေ *
. . . . . တိ
ဒေဝါနံ ပိယေ ပါလတိကာယေ ဝါ [,] ကိံတိ [?]သကလေ အပပလိသဝေ ဟုဝေယာတိ
* [၊] . . . . . [၊] . . . . . .
. . . . . လိတိဇိတု ခုဒကေန ဝါ ဥသဒ္ဓေန ဝါ [၊] ဥသဒ္ဓေန စု ဒုကလတလေ* [၊]

၅။ သ္ဝာဟဘာဂ်ိဂဟရီ ဒသမသိလာလေခ မူလပါဠ်

ဒေဝန ပြိယေ ပြိယဒြဿိ ရယ ယသ္ဝော ဝ ကိဉ္စရိ ဝ နော မဟဗ္ဘဝဟ မညတိ
အညတြ ယောပိ ယသ္ဝော ကိဉ္စရိ ဝ ဣဆတိ တဒတ္တာယေ အာယတိယ စ ဇနေ ခြမသုသ္ဝြ၍တု
သ္ဝြ၍တုမေတိ ခြံမဝုတံ စ အနုဝိဓိယတု [၊] ဧတကယေ ဒေဝနံ ပြိယေ ပြိယဒြဿိ ရယ
ယသ္ဝောဝ ကိဉ္စရိ ဝ * ဣဆတိ [၊] ယံ တု ကိစိ ပရကြမတိ ဒေဝနံ ပြိယော ပြိယဒြဿိ
ရယ တံသဗ္ဗံ ပရတြိကယေ ဝ [,] ကိတိ [?] သကလေ အပရိသြဝေ သိယ တိ [၊] ဧရ္ဝေ
တု ပရိသြဝေ ယံ အပုညံ [၊] ဒုကရံ တု ခေါ ဧရ္ဝ ခုဒ္ဒြကေန ဝဗြေန ဥသဒ္ဓေန ဝ အညတြ
အဗြေန ပရကြမေန သဝံ ပရိတိဇိတု [၊] ဧတံ စု ဥသဒ္ဓေ . . . . . * [၊]

၆။ မာန်နဆေရာ ဒသမသိလာလေခ မူလပါဠ်

. . . ပြိယေ ပြိယဒြဿိ ရဇယသ္ဝော ဝ ကိဉ္စိ ဝ နဿ မဟာယြဝဟံ မညတိ အဇာတြ
ယံပိ ယသ္ဝော ဝ ကိဉ္စိ ဝ ဣဆတိ တဒတ္တာယေ အယတိယ စ ဇနေ ခြမသုသ္ဝြ၍သု . . .
ရ၍တု မေတိ . . . တံ * အနုဝိဓိယတု [၊] ဧတကယေ ဒေဝနံ ပြိယေ ပြိယဒြဿိ ရဇ
ယသ္ဝော ဝ ကိဉ္စိ ဝ ဣဆတိ [၊] ဧတု ကိစိ ပရကြမတိ ဒေဝနံ ပြိယေ ပြိယဒြဿိ ရဇ တံ
သဗ္ဗံ ပရတြိကယေ ဝ [,] ကိတိ [?] . . . * အပပရိသြဝေ သိယတိ တိ [၊] ဧရ္ဝေ တု
ပရိသဝေ ဧ အပုံညံ [၊] ဒုကရံ စု ခေါ ဧရ္ဝ ခုဒ္ဒြကေန ဝ ဝဗြေန ဥသဒ္ဓေန ဝ အညတြ
အဗြေန ပရကြမေန သဗ္ဗံပရိတိ . . . တု [၊] ဧ . . . တု ခေါ ဥသဒ္ဓေန ဝ ဒုကရ [၊]

၇။ ဂိရနာရ် ဒသမသိလာလေခ မူလပါဠိအနက်

ဒေဝါနံ၊ နတ်တို့၏။ ပြိယော၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်းဖြစ်တော်မူထသော။ ပြိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်းဖြစ်တော်မူထသော။ ရာဇာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ ယသော ဝ၊ အခြွေအရံကိုလည်းကောင်း။ ကိတိ ဝ၊ အကျော်အစောကိုလည်းကောင်း။ အညတ၊ နောင်-တမလွန်လောကဌ်။ မဟာထာဝဟာ၊ မြင့်မြတ်သော အကျိုးစီးပွါးကို ဖြစ်စေတတ်သော ဝတ္ထုပစ္စည်း-ဟူ၍။ နမံညတေ၊ မအောက်မေ့။ မေ၊ ငါ၏။ ဇနော၊ တိုင်းသူပြည်သား၊ လူအများသည်။ တဒါတွေနော စ၊ ပစ္စုပ္ပန်အလို့ဌာလည်းကောင်း။ ဒိဃာယ စ၊ ရှည်မြင့်သော ကာလအလို့ဌာလည်းကောင်း။ ဝါ၊ နောင်အနာဂတ်ကာလအလို့ဌာလည်းကောင်း။ ဓံမသုဿြုသာ၊ ဆည်းကပ်အပ်သော တရားကို။ သုဿြုသတဝံ၊ ဆည်းကပ်ပါစေ။ ဓံမဝုတံ စ၊ ကျင့်အပ်,ကျင့်ထိုက်သော တရားတော်ကိုလည်း။ အနုဝိဓိယံ၊ အစဉ်လိုက်၍ ကျင့်ဆောင်ပါစေ။

ဧတကာယ၊ ဤအလို့ဌာ။ ဝါ၊ ဤအတွက်ကြောင့်။ ဒေဝါနံ၊ နတ်တို့၏။ ပိယော၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်းဖြစ်တော်မူထသော။ ပိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်းဖြစ်တော်မူထသော။ ရာဇာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ ယသော ဝ၊ အခြွေအရံကိုလည်းကောင်း။ ကိတိ ဝ၊ အကျော်အစောကိုလည်းကောင်း။ ဣဆတိ၊ အလိုရှိ၏။ တု၊ ထိုမှတပါး။ ဒေဝါနံ၊ နတ်တို့၏။ ပြိယော၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပြိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ရာဇာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ ယံ ကိဉ္စိ၊ အကြင်တစ်စုံတစ်ခုကို။ ပရာကမတေ၊ အားထုတ်၏။ တသ္မိံ၊ ထိုအလုံးစုံကို။ ပါရတြိကာယ၊ နောင်တမလွန်လောကအလို့ဌာ။ ပရာကမတေ၊ အားထုတ်၏။ ကိဉ္စိ၊ အဘယ့်ကြောင့်နည်းဟူမူကား။ သကလေ၊ အလုံးစုံသော လူအပေါင်းသည်။ အပပရိ-သြဝေ၊ အပြစ်ဒေါသမှ ကင်းလွတ်ခြင်းသည်။ အသ၊ ဖြစ်ရာ၏။

ဟိ၊ အပြစ်ကို ထင်စွာပြဦးအုံ့။ လောကေ၊ လောကဌ်။ ယ အပုံညံ၊ အကြင်အပုံညကြီယာတရား ၁၀-ပါးသည်။ (အတ္ထိ)၊ ရှိ၏။ ဧသတု=ဧသဟိ၊ ဤအပုံညကြီယာတရား ၁၀-ပါးသည်သာလျှင်။ ပရိသြဝေ၊ အပြစ်ဒေါသ မည်သည်။ (ဘဝတိ)၊ ဖြစ်၏။ သဝံ၊ ပစ္စည်းဥစ္စာအလုံးစုံသော ရတနာကို။ ပရိစဇိတွာ၊ စွန့်နိုင်ငြားသော်လည်း။ အဂေန၊ မြင့်မြတ်ကြီးကျယ်သော။ ပရာကမေန၊ အားထုတ်ခြင်းနှင့်။ အညတြ၊ ကင်း၍။ ဆုဒကေန ဝ၊ ငယ်သောသူသည်လည်းကောင်း။ ဥသဇ္ဇေန၊ ကြီးသော။ ဇနေန ဝ၊ လူသည်လည်းကောင်း။ (သရဝေသံ)၊

အလုံးစုံကုန်သောသူတို့အား။ ဧတံ၊ ဤအပုံညကြိယာဟရား ၁၀-ပါးကို စွန့်နိုင်ခြင်းသည်။ တုခေါ၊ စင်စစ်ဧကန်၊ အမှန်မုချသာလျှင်။ ဒုကရံ၊ ခဲယဉ်း၏။ တုခေါ၊ စင်စစ်သော်ကား။ ဥသဒ္ဓေန၊ ကြီးသော။ ဇနေန၊ လူသည်လည်း။ ဧတ၊ ဤအပုံညကြိယာတရား ၁၀-ပါးကို စွန့်နိုင်ခြင်းသည်။ ဒုကရံ၊ ခဲယဉ်း၏။

၈။ ဂိရနာရ် ဒသမသိလာလေခ-စသော ၆-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောက မင်းကြီးသည် အခြွေအရံနှင့် အကျော်အစောကို နောင်တမလွန်လောကအလို့ငှာ အကျိုးစီးပွါးများသော အရာဝတ္ထုမျိုး-ဟူ၍ မအောက်မေ့။ ငါ၏ ငယ်ဘားများသည် ယခုပစ္စုပ္ပန်နှင့် ရှည်လျားစွာသော နောင်အနာဂတ်ကာလအလို့ငှာ ကြာ်ီးနာအပ်,ဆည်းကပ်အပ်သော တရားတော်ကို ကြားနာဆည်းကပ်ကြစေရန်လည်းကောင်း၊ ကျင့်အပ်,ကျင့်ထိုက်သော တရားတော်ကို အားထုတ်ကျင့်ဆောင်ကြစေရန်လည်းကောင်း၊ ဤသို့ ရည်သန်သောစိတ်ဖြင့် 'ဒေဝါနံ-ပိယ ပိယဒဿီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် အခြွေအရံနှင့် အကျော်အစောကို အလိုရှိတော်မူ၏။

ထိုမှတပါး 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောက မင်းကြီးသည် အကြင်တစ်စုံတစ်ခုကို အားထုတ်၏။ ထိုအလုံးစုံကို နောင်တမလွန်လောက အလို့ငှာသာလျှင် အားထုတ်၏။ အဘယ့်ကြောင့်ဆိုသော် လူအားလုံးတို့သည် ထိုသို့အား ထုတ်ကြသည်ရှိသော် အကုသိုလ်အပြစ်မှ ကင်းလွတ်ခြင်းသည် ဖြစ်ရာ၏။ လောကဌ် အကုသိုလ်အပြစ်ဒေါသဆိုသည်ကား အပုံညကြိယာတရား ၁၀-ပါးသည်သာလျှင် ဖြစ်၏။

တစ်နည်း- ကုသိုလ်ကောင်းမှုကို မပြုမလုပ်ခြင်းသည်ပင်လျှင် လောကဌ် အကုသိုလ်၏အပြစ်ဒေါသ မည်၏။ ငယ်သည်ဖြစ်စေ, ကြီးသည်ဖြစ်စေ မည်သူမဆို အလုံးစုံသော အိမ်ထောင်ပစ္စည်းကို စွန့်နိုင်စေကာမူ အထူးသဖြင့် လုံ့လအားထုတ်ခြင်းနှင့် ကင်း၍ ဤအကုသိုလ်ကို ပယ်နိုင်ဖို့ရန် မုချခဲယဉ်း၏။ စင်စစ်သော်ကား ဤအကုသိုလ်ကို ပယ်ဖို့ရန် လူငယ်များကို မဆိုထားဘိ၊ လူကြီးများတို့ပင် အလွန်ခဲယဉ်းလှပေ၏။

အမှာစကား။ သုဿြုသာ-သဒ္ဓါသည် ဆည်းကပ်ခြင်း, အမှုကိစ္စ, အစေခံ, ချော့မော့၍ပြောခြင်း, နားထောင်လိုခြင်း အနက်ကို ဟော၏။ ဤစတုဒ္ဒသသိလာလေခဌ် ပါရှိသော အဆုံးဝါကျကို ဆဌမသိလာလေခနှင့် နှိုင်းယှဉ်၍ကြည့်လေ။

အပုံညကြိယာတရား ၁၀-ပါးဟူသည်ကား ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါး, မနောဒုစရိုက် ၃-ပါး-ဟု ဆိုအပ်သော ဒုစရိုက် ၁၀-ပါးကို ဆိုလိုသည်။ အပုံည-သဒ္ဒါသည် မကောင်းမှု, မနှစ်လိုဖွယ်-ဟူသောအနက်ကို ဟော၏။

----- x -----

[၁၂] စတုဒ္ဒသသိလာလေခ ဂိရနာရ် ဧကာဒသမသိလာလေခ မူလပါဠ် ၄-ဌာန

၁။ ဂိရနာရ် ဧကာဒသမသိလာလေခ မူလပါဠ်

ဒေဝါနံ ပြိယော ပိယဒသိ ရာဇာ ဧဝံ အာဟ [:-] နာသ္တိ ဧတာရိသံ ဒါနံ ယာရိသံ ဓံမဒါနံ ဓံမသံသ္တဝေါ ဝါ ဓံမသံဝိဘာဂေါ ဝ ဓံမသံဗဓော ဝ * [၊] တတ ဣဒံ ဘဝတိ ဒါသဘတကမှိ သမ္မပြတိပတိ မာတရိ ပိတရိ သာမု သုသြြှသာ မိတသ္သုတညာတိကာနံ ဗာဟ္မဏသမဏာနံ သာမု ဒါနံ * ပြာဏာနံ အနာရံဘော သာမု [၊] ဧတ ဝတယွံ ပိတာ ဝ ပုတြေန ဝ ဘာတာ ဝ မိတသ္သုတညာတိကေန ဝ အာဝ ပဋိဝေသိယေဟိ ဣဒံ သာမု ဣဒံ ကတယွံ * [၊] သော တထာ ကရု ဣလောက စ သ အာရာဓော ဟောတိ ပရတ စ အနံတံ ပုညံ ဘဝတိ တေန ဓံမဒါနေန * [၊]

၂။ ကာလဆီ ဧကာဒသမသိလာလေခ မူလပါဠ်

ဒေဝါနံ ပိယေ ပိယဒရှိ လာဇာ ဟေဝံ ဟာ [၊] နထိ ဟေဋ္ဌြှ ဒါနေ အာဒိရှံ ဓံမဒါနေ ဓံမရှံဝိဘာဂေ ဓံမရှံဗဓေ [၊] တတ ဧရှေ ဒါရှဘဋ္ဌကရှိ ရှမ္ပာပဋိပတိ မာတာပိတိရှု ရှုရှုရှာ မိတရှံထုတနာတိကျာနံ သမနဗံဘနာနံ ဒါနေ * ပါနာနံ အနာလံဘေ [၊] ဧရှေ ဝတဝိယေ ပိတိနာပိ ပုတေပိ ဘာတိနာပိ ရှဝါမိကျေနပိ မိတသ္ဓုထုဘာနာ အဝါ ပဋိဝေသိ-ယေနာ ဣယံ သာမု ဣယံ ကဋ္ဌဝိယေ [၊] သ္ပေ တထာ ကလံတ ဟိဒလောကိကျေ စ ကံ အာလဓေ ဟောတိ ပလတ စ အနံတ ပုံနာ ပသ္ပဝတိ တေနာ ဓံမဒါနေနာ [၊]

၃။ သ္ပာဟဗာဂ်ိုဂဟရီ ဧကာဒသမသိလာလေခ မူလပါဠ်

ဒေဝါနံ ပြိယော ပြိယဒြသ္ပိ ရယ ဧဝံ အဟ တိ [:-] နသ္တိ ဧဒိသ္ပံ ဒနံ ယဒိသ္ပံ ခြမဒနံ ခြမသံသ္တဝေ ခြမသံဝိဘဂေါ ခြမသံဗံဓော [၊] တတြ ဧတံ ဒသဘဋ္ဌကနံ သံမပြဋ္ဌိပတိ မတပိတုရှ သုသြ္ပှ်ရှ မိတြသံသ္တုတညတိကနံ သြ္ပမဏပြမဏနံ * ဒနံ ပြဏနံ အနရံဘော

[၁] ဧတံ ဝတဝေါ ပိတုနပိ ပုတ္တေနပိ ဘြာတုနပိ သမိကေနပိ မိတ္တြသံသ္ဂါတေန အဝ ပဋိဝေသ္မိယေနာ ဣမံ သဓု ဣမံ ကဋ္ဌဝေါ [၁] သော တထ ကရံ တံ ဣအလောကံ စ အရဓေတိ ပရတ္တြ စ အနတံ ပုံညံ ပြသဝတိ* တေန ခြမဒနေန* [၁]

၄။ မာန်နဆေရာ ဧကာဒသမသိလာလေခ မူလပါဠ်

. . . ပြိယေ ပြိယဒြသ္မိ ရဇ ဧဝံ အဟာ [:-] နတ္ထိ . . . ဒိသ္မေ ဒနေ အဒိသ္မေ ခြမဒနေ ခြမသ . . . ဝေ ခြမသံဝိဘဂေ ခြမ . . ., ဝေ * [၁] တတ္တြ ဧသေ ဒသဘဋ္ဌ . . . သ သမ္ပသံပဋိပတိ မတပိတုရ္ဌ . . . . . * သံသ္ဂါတညတိကန ဿ္ဝမဏပြမဏန ဒနေ ပြဏန အနရံဘေ [၁] ဧရ္ဒေ ဝတဝိယေ ပိတုန ပိ ပုတ္တြနပိ ဘတုနပိ သ္ဝမိ . . . ပိ မိတ္တြသံသ္ဂါတေန အဝ ပဋိဝေသ္မိယေန * ဣယံ သဓု ဣယံ ကဋ္ဌဝိယေ [၁] သေ တထ ကရံတံ ဟိဒ . . . ကစ အရဓေတိ ပရတ္တြ စ အ . . . တံ ပုဏ်ံ ပြသဝတိ . . . ခြမဒနေန * [၁]

၅။ ဂိရနာရ် ဧကာဒသမသိလာလေခ မူလပါဠ်အနက်

ဒေဝါနံ၊ နတ်တို့၏။ ပြိယော၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်းဖြစ်တော်မူထသော။ ပိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်းဖြစ်တော်မူထသော။ ရာဇာ၊ သီရိဓမ္မာသောက မင်းကြီးသည်။ ဧဝံ၊ ဝစီနှုတ်ထွက်၊ ဤသို့သော ဓမ္မစက်ကို။ အာဟ၊ အမျှားသိစေ၊ မိန့်မြွက်တော်မူပေ၏။ (ဣဟ)၊ ဤလောကဌ်။ ယာရိသံ၊ အကြင်ကဲ့သို့ သဘောရှိသော။ ဓံမဒါနံ ဝါ၊ ဓမ္မဒါနသည်လည်းကောင်း။ ဓံမသံသ္ဂေါ ဝါ၊ တရားတော်၏ အကျင့်စာရိတ္တသည်လည်းကောင်း။ ဓံမသံဝိဘာဂေါ ဝ၊ တရားတော်ကို၊ ကောင်းစွာဝေဖန်၍ ပေးခြင်းသည်လည်းကောင်း။ ဓံမသံဗဓော ဝ၊ တရားတော်နှင့် စပ်လျဉ်းခြင်းသည်လည်းကောင်း။ (အထိ)၊ ရှိ၏။ ဧတာရိသံ၊ ဤသို့ သဘောရှိသော။ ဝါ၊ ဓမ္မဒါန-စသည်နှင့်အတူ။ ဒါနံ၊ လျှုဖွယ်ဝတ္ထု၊ တစ်စုံတစ်ခုသော ဒါနမျိုးသည်။ နာသ္တိ၊ မရှိ။

တတ=တတ္တြ၊ ဓမ္မဒါန၊ စသည်မျှားပြား၊ ထိုတရားတို့၌။ ဒါသဘတကမ္မ၊ တသက်ကျွန်, လခစား, အစေခံကျွန်၌။ သမ္ပပြတိပတီ၊ ကောင်းသော ဝတ်တရားသည်လည်းကောင်း။ မာတရ်၊ အမိ၌လည်းကောင်း။ ပိတရ်၊ အဘ၌လည်းကောင်း။ (တစ်နည်း မာတရိပိတရ်၊ အမိ,အဘ၌။) သာဓု၊ ကောင်းစွာ။ သုဿြုသာ၊ ကိုးကွယ်ဆည်းကပ်ခြင်းသည်လည်းကောင်း။ မိတသ္သဂါတညာတိကာနံ၊ မိတ်ဆွေအသိအကျွမ်း, ဆွေမျိုးဉာတိတို့အားလည်းကောင်း။

ဗာဟွဏသမဏာနံ၊ ရဟန်း,ပုဏ္ဏားတို့အား လည်းကောင်း။ သာဓု၊ ကောင်းစွာ။ ဒါနံ၊ စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်းသည်လည်းကောင်း။ ပြာဏာနံ၊ သတ္တဝါတို့အား။ ဝါ၊ သတ္တဝါတို့ကို။ အနာရံဘော၊ မသတ်အပ်သော။ သာဓု၊ ကောင်းသော ဝတ်တရားသည်လည်းကောင်း။ ဣဒံ၊ ဖော်ပြဉသုံ၊ ဤအလုံးစုံသည်။ ဘဝတိ၊ ရှိသည်ဖြစ်၏။

ဧတ၊ ဓမ္မဒါန၊ စသည်အပြား၊ ဤတရားကို။ ပိတာ ဝ၊ အဘသည်လည်းကောင်း။ ပုတြေန ဝ၊ သားသည်လည်းကောင်း။ ဘာတာ ဝ၊ ညီအစ်ကိုသည်လည်းကောင်း။ (ရှဝါမိကျေ-နဝ)၊ အရှင်သည်လည်းကောင်း။ မိတသဿုတညာတိကေနဝ၊ မိတ်ဆွေအသိအကျွမ်း, ဆွေမျိုးဉာတိသည်လည်းကောင်း။ အာဝ၊ အကြင်မျှလောက်ကုန်သော။ ပဋိဝေသိယေဟိ၊ အိမ်နီးပါးချင်းတို့သည်လည်းကောင်း။ ဣဒံ၊ ဓမ္မဒါန၊ စသည်အပြား၊ ဤတရားကို။ သာဓု၊ ကောင်း၏-ဟူ၍လည်းကောင်း။ ဣဒံ၊ ဓမ္မဒါန၊ စသည်အပြား၊ ဤတရားကို။ ကတယွံ၊ ပြုအပ်၏-ဟူ၍လည်းကောင်း။ ဝတယွံ၊ ပြောဆိုအင်၏။ တထာ၊ ထိုမှတပါး။ ကရု၊ ပြုလုပ်လေ ပြီးသော။ သော၊ ထိုသူသည်။ (ဣလောက စ=ဣဓလောက စ)၊ ဤလောကဌ်လည်း။ သ=သရဝံ၊ အလုံးစုံသော ချမ်းသာသုခကို။ အာရာဓေ၊ ပြီးစီးအောင် ပြုလုပ်နိုင်သည်။ ဟောတိ၊ ဖြစ်၏။ ပရတ စ၊ နောင်တမလွန်လောကဌ်လည်း။ တေန ဓံမဒါနေန၊ ထိုဓမ္မဒါန-စသည်ကြောင့်။ အနံတံ၊ အဆုံးမရှိသော။ ပုံညံ၊ ကောင်းမှုသည်။ ဝါ၊ နှစ်လိုဖွယ်သည်။ ဘဝတိ၊ ဖြစ်၏။

၆။ ဂိရနာရ် ဧကာဒသမသိလာလေခ-စသော ၄-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောက မင်းကြီးသည် ဤသို့မိန့်ဆိုတော်မူ၏။ ဤလောကဌ် တရားတော်၏ အလှူ, တရားတော်၏ အကျင့်, တရားတော်၏ ခွဲဝေခြင်း၊ တရားတော်နှင့် စပ်လျဉ်းခြင်းနှင့်တူသော တစ်စုံတစ်ခု ဒါန-စသော တရားမျိုးသည် မရှိ။ ထိုဓမ္မဒါန-စသည်တို့ဌ်ကား မိမိ၏ ကျေးကျွန်, အစေခံ, လခစားတို့အပေါ်ဌ် ကောင်းမွန်စွာ ဝတ်ပြုနိုင်ခြင်း၊ အမိ,အဘတို့အပေါ်ဌ် ကောင်းမွန်စွာ ကိုးကွယ်ဆည်းကပ်နိုင်ခြင်း၊ မိတ်ဆွေအသိအကျွမ်း, ဆွေမျိုးဉာတိတို့နှင့်တကွ ရဟန်း,ပုဏ္ဏား တို့အား ကောင်းမွန်စွာ စွန့်ကြဲပေးကမ်း လှူဒါန်းနိုင်ခြင်း၊ သတ္တဝါတို့ကို မသတ်ဖြတ်, မညှဉ်း ဆဲခြင်း၊ ဤအလုံးစုံသော သဘောတရားမျိုးသည် ပါဝင်လျက် ရှိ၏။

ထို့ကြောင့် ဤဓမ္မဒါန-စသော တရားကို မိဘ, သား, သမီး၊ ညီ, အစ်ကို, မောင်နှမ၊ အရှင်သခင်၊ မိတ်ဆွေ,အသိအကျွမ်း၊ ဆွေမျိုးဉာတိ-စသည်တို့နှင့် အိမ်နီးပါးချင်း-ဟူသမျှတို့ သည် ဤဓမ္မဒါန-စသော တရားသည် အထူးမွန်မြတ်သည်ဖြစ်၍ ကောင်းမွန်စွာ ပြုအပ်,

ပြုထိုက်၏-ဟူ၍ ပြောဆိုအပ်၏။ တစ်နည်း ပြောဆိုကြရမည်။ ထိုမှတပါး ဤဓမ္မဒါန စသည်ကို ပြုလုပ်သောသူသည် ဤပစ္စုပ္ပန်လောကတွင် အလုံးစုံသော စည်းစိမ်သုခကို ပြီးမြောက်အောင်မြင်စေရုံမက နောင်တမလွန်လောကမှာလည်း ထိုဓမ္မဒါန-စသော တရားကြောင့် အတိုင်းမသိသော ကုသိုလ်ကောင်းမှုကို မုချရရာ၏။ ဤသို့စသည်ဖြင့် သြဝါဒပေးကြရမည်။

အမှာစကား။ ကံ-သဒ္ဓါသည် ချမ်းသာကိုလည်းကောင်း, အဘယ်ကိုလည်းကောင်း, အသို့-ဟူ၍လည်းကောင်း၊ ဤသို့-စသော အနက်ကို ဟော၏။ ဤကျောက်စာသည် နဝမကျောက်စာနှင့် သဘောချင်းတူ၏။ ဝါကျအစီအရင်မျှသာ ကွဲပြား၏။ တို့ကြောင့် အသီးအသီးပုဒ်တို့ကို ထုတ်နုတ်၍ အထူးဖော်ပြရန် မလိုပြီ။ အလိုရှိလျှင် နဝမသိလာလေခမှာ ရှုလေ။ ဤကျောက်စာအခန်း၌ ၄-ဌာနရှိ ကျောက်စာကိုသာ ရရှိလေ၏။

----- × -----

[၁၃] စတုဒ္ဒသသိလာလေခ ဂိရနာရ် ဒွါဒသမသိလာလေခ မူလပါဋ် ၄-ဌာန

၁။ ဂိရနာရ် ဒွါဒသမသိလာလေခ မူလပါဋ်

ဒေဝါနံ ပိယေ ပိယဒသိ ရာဇာ သဝ ပါသံဍာနိ စ ပဝဇိတာနိ စ ယရဏ္ဍာနိ စ ပူဇယတိ ဒါနေန စ ဝိဝိဓာယ စ ပူဇာယ ပုဇယတိ နေ* [?] နှ တု တထာ ဒါနံ ဝ ပူဇာ ဝ ဒေဝါ နံ ပိယော မံညတေ ယထာ ကိတိ [?] သာရဝပီ အသ သဝ ပါသံဍာနံ [?] သာရဝပီတု ဗဟုဝိဓာ * [?] တသ တသ တု ဣဒံ မူလံ ယ ဝစီဂုတီ [,] ကိံတိ [?] အာတ္တပါသံဍပူဇာ ဝ ပရပါသံဍဂရဟာ ဝ နော ဘဝေ အပကရဏမှိ လဟုကာ ဝ အသ * တမှိ တမှိ ပြကရဏော [?] ပူဇေတယာ တု ဧဝ ပရပါသံဍာ တေန တေန ပြကရဏေန [?] ဧဝံ ကရုံ အာတ္တပါသံဍံ စ ဝပယတိ ပရပါသံဍသ စ ဥပကရောတိ * [?] တဒံညထာ ကရောတော အာတ္တပါသံဍံ စ ဆဏတိ ပရပါသံဍသ စ ပိ အပကရောတိ [?] ယော ဟိ ကောစိ အာတ္တပါသံဍံ ပူဇယတိ ပရပါသံဍံ ဝါ ဂရဟတိ * သဝံ အာတ္တပါသံဍဘတိယာ [,] ကိံတိ [?] အာတ္တပါသံဍံ ဒီပယေမ ဣတိ [,] သော စ ပုန တထ ကရာတော အာတ္တပါသံဍံ ဗာဟတရံ ဥပဟနာတိ [?] တ သမဝါယော ဧဝ သာဓု * [,] ကိံတိ [?] အညမညံသ ဓံမံ သြဏာရှ စ သုသုသေရ စ [?] ဧဝံဟိ ဒေဝါနံ ပိယသ ဣဆာ ကိံတိ [?] သဝ ပါသံဍာ ဗဟုသြုတာ စ အသု ကလာဏာဂမာ စ အသု* [၊] ယေ စ တတြ တတေ ပြသံနာ တေဟိ ဝတယ္ဍ [:-] ဒေဝါနံ ပိယော နော တထာ ဒါနံ ဝ ပူဇာ ဝ မံညတေ ယထာ ကိံတိ [?] သာရဝပီ အသ သရဝပါသံဍာနံ ဗဟုကာ စ [၊] ဧတာယ * အထာ

ဗျာပတာ ခံမမဟာမာတာ စ ဣထိစျာမဟာမာတာ စ ဝစဘူမိကာ စ အညေ စ နိကာယာ [၊] အယံ စ ဧတသ ဖလ ယ အာတ္တပါသံဆုဝပိ စ ဟောတိ ခံမသ စ ဒီပနာ * [၊]

၂။ ကာလဆီ ဒွါဒသမသိလာလေခ မူလပါဠိ

ဒေဝါနာ ပိယေ ပိယဒရှိ * လာဇာ ရှဝါ ပါရှံဆုနိ ပဝဇိတာနိ ဂဟထာနိ ဝါ ပုဇေတိ ဒါနေန ဝိဝိဓေန စ ပုဇယေ [၊] နော စု တထာ ဒါနေ ဝါ ပုဇာ ဝါ ဒေဝါနံ ပိယေ မနတိ အထာ ကိတ [?] သျာလဝပိ သျိယာ တိ သျဝပါသျံဆုနံ [၊] သျာလဝပိ နာ ဗဟုဝိဓာ [၊] တသျ စု ဣယံ မုလေ အ ဝစဂုတိ [,] ကိတိ [?] တ အတပါသျံဆေ ပုဇာ ပလ ပါသျံဆုဂလဟာ ဝ နော သျယာ * အပကလနသျိ လဟကာ ဝါ သျိယာ တသျိ တသျိ ပဂ:လနသျိ [၊] ပုဇေတဝိယ စု ပလပါသျဆု ( ) နေ တေန အကာလန [၊] ဟေဝံ ကလတ အတပသျဆု ဗာပံ ဝပိယတိ ပလပါသျဆုပိ ဝါ ဥပကလေတိ [၊] တဒါ အံနထာ ကလတ အတပါသျဆု စ ဆနတိ ပလပသျဆုပိ ဝါ အပကလေတိ [၊] ယေဟိ ကေဆ အတပါသျဆု ပုနတိ * ပလပါရှဆု ဝါ ဂလဟတိ ရှဝေ အတပါရှံဆု ဘတိယာ ဝါ [,] ကိတိ [?] အတပါရှံဆု ဒိပယေမ [,] ရှေစ ပုနာ တထာ ကလံတံ ဝါပတလေ ဥပဟံတိ အတပါရှံဆုရှိ [၊] သမဝါယေ ဝ ရှာဓု [,] ကိတိ [?] အံနမနရှာ ခံမံ ရှုနေယု စာ ရှုရှုရှေ ယု စာ တိ [၊] ဟေဝံ ဟိ ဒေဝါနံ ပိယရှာ ဣဆာကိတိ * [?] သဝပါရှံဆု ဗဟုရှုတာ စ ကယာနာဂါ စ ဟုဝေယုတိ [၊] ဧ ဝ တတ တတာ ပရှံနု တေဟိ ဝတဝိယေ [:-] ဒေဝါနာ ပိယေ နော တထာ ဒါနံ ဝါ ပုဇာ ဝါ မံနတိ အထာ ကိတိ [?] ရှာလဝပိ သျိယာ ရှဝပါရှံ-ဆုတိ ဗဟုကာ စ [၊] ဧတာယာဌာယေ ဝိယာပဋာ ခံမမဟာမာတာ ဣထိခိယခမဟာမာတာ ဝစဘူမိကျာ အနေ ဝါ နိကာယာ * [၊] ဣယံ စ ဧတိရှာ ဖလေ ယံ အတပါရှံဆုဝပိ စာ ဟောတိ ဓမရှ စာ ဒီပနာ [၊]

၃။ သျာဟဗာဂ်ဂဟရီ ဒွါဒသမသိလာလေခ မူလပါဠိ

ဒေဝနံ ပြိယော ပြိယဒြသျိ ရယ သဝြ ပြရှံဆုနိ ပြဝြဇိတ ဂြဟဋ္ဌနိ စ ပုဇေတိ ဒနေန ဝိဝိဓယေ စ ပုဇယေ [၊] နော စု တထ ဒနံ ဝ ပုဇ ဝ * ဒေဝနံ ပြိယော မညတိ ယထ ကိတိ [?] သလဝပိ သိယ သဝြပြရှံဆုနံ [၊] သလဝပိ တု ဗဟုဝိဓ [၊] တသ တု ဣယော မုလ ယံ ဝစဂုတိ * [,] ကိတိ [?] အတပြရှံဆုပုဇ ဝ ပရပရှံဆုဂရန ဝ နော သိယ အပြကရ နသိ လဟုက ဝ သိယ တသိ တသိ ပြကရဏော [၊] ပုဇေတဝိယ ဝ စု ပရပြရှံ

* ဌ တေန တေန အကရေန [၊] ဧဝံ ကရံတံ အတပြရှံဌံ ဝပေတိ ပရပြရှံဌသ ပိ စ ဥပကရောတိ [၊] တဒအညထ ကရတ စ အတပြရှံဌံ * ဆကတိ ပရပြရှံဌသ စ အပကရော-တိ [၊] ယော ဟိ ကောစိ အတပြရှံဌံ ပုဇေတိ ပရပြရှဌ ဂရဟတိ သဗ္ဗေ အတပြရှဌဘတိယ ဝ [,] ကိတိ * [?] အတပြရှံဌံ ဒိပယမိ တိ [,] သော စ ပုန တထ ကရံတံ သော စ ပုန တထ ကရံတံ ဗဟဘရံ ဥပဟံတိ အတပြရှံဌံ [၊] သော သယမော ဝါ သဓု [,] ကိတိ [?] အညမညသ ဓြမော * သ္သြေဏယု စ သ္သြသ္သြရှေယု စ တိ [၊] ဧဝံ ဟိ ဒေဝနံ ပြိယသ ဣဆ ကိတိ [?] သပြိပြရှံဌ ဗဟုသ္သြတ စ ကလဏ ဂမ စ သိယသု [၊] ယေ စ တတြ တတြ* ပြသန တေရှ ဝတဝေါ [:-] ဒေဝနံ ပြိယော နာ တထ ဒနံ ဝ ပုဇ ဝ မညတိ ယထ ကိတိ [?] သလဝပိ သိယ တိ သဗ္ဗပြရှဌနံ ဗဟုက စ [၊] ဧတယေ အ . . * ဝပဋ္ဌ ဓြမမဟမတြ ဣတ္ထိမိယဆမဟမတြ ဝစဘုမိက အညေ စ နိကယေ [၊] ဣမံ စ ဧတိသ ဖလံ ယံ အတ ပြရှဌဝပိ ဘောတိ * ဓြမသ စ ဒိပန * [၊]

၄။ မာန်နဆေရာ ဒ္ဓါဒသမသိလာလေခ မူလပါဠိ

ဒေဝန ပြိယေ ပြိယဒြသ္မိ ရဇ သဗ္ဗ ပြရှဌနိ ပြဗ္ဗဇိတနိ ဂဟထနိ စ ပုဇေတိ ဒနေ နဝိဝိဓယေ စ ပုဇယ [၊] နော စု တတ ဒန ဝ ပုဇ ဝ* ဒေဝနံ ပြိယေ မညတိ အထ ကိတိ [?] သလဝပိ သိယ သဗ္ဗပြရှဌနတိ [၊] သလဗ္ဗပိ တု ဗဟုဝိဓ [၊] တသ စု ဣယံ မုလေ အံ ဝစဂုတိ * [,] ကိတိ [?] အတဗ္ဗရှဌပုဇ ဝ ပရပရှဌဂရဟ ဝ နော သိယ အပကရဏသိ လဟုက ဝ သိယ တသိ တသိ ပကရဏသိ [၊] ပုဇေတဝိယ ဝ စု ပရပြရှဌ တေန တေန* အကရေန [၊] ဧဝံ ကရတံ အတ္ထပရှဌ ဗဟု ဝပယတိ ပရပရှဌသ ပိ စ ဥပကရောတိ [၊] တဒညထံ ကရတံ အတ္ထပရှဌ စ ဆဏတိ ပရပရှဌသ ပိ စ* အပကရောတိ [၊] ယေ ဟိ ကေစိ အတ္ထပရှံဌံ ပုဇေတိ ပရပရှဌ ဝ ဂရဟတိ သဗ္ဗေ အတ္ထပရှဌဘတိယာ ဝ [,] ကိတိ [?] အတ္ထပရှဌ ဒိပယမ တိ [,] . . . . . ပုန တထ ကရတံ * ဝပံတရံ ဥပဟနတိ အတ္ထပရှဌ [၊] သေ သမဝယေ ဝ သဓု [,] ကိတိ [?] အဏမဏသ ဓြမံ သ္သြေဏော ယု စ သ္သြသ္သြ ရှေယု စ တိ [၊] ဧဝံ ဟိ ဒေဝနံ ပြိယသ ဣဆ ကိတိ [?] သဗ္ဗပရှဌ ဗဟုသ္သြတ စ * ကယဏဂမ စ ဟဝေယု တိ [၊] ဧစ တတြ တတြ ပြသန တေဟိ ဝတဝိယေ [:-] ဒေဝန ပြိယေ နော တထ ဒနံ ဝ ပုဇ ဝ မဏတိ အထ ကိတိ [?] သလဝပိ သိယ သဗ္ဗပရှဌန * ဗဟုက စ [၊] ဧတယေ အတ္ထြယေ ဝပဋ္ဌ ဓြမမဟမတြ ဣတ္ထြိစ္ဆမဟမတြ ဗြစဘုမိက အညေ စ နိကယ [၊] ဣယံ စ ဧတိသ ဖလေ * ယံ အတ္ထပရှဌဝပိ စ ဘောတိ ဓြမသ စ ဒိပန [၊]

၅။ ဂိရနာရ် ဒွါဒသမသိလာလေခ မူလပါဠိအနက်

ဒေဝါနံ၊ နတ်တို့၏။ ပိယော၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ရာဇာ၊ သီရိဓမ္မာသောက မင်းကြီးသည်။ သဝ၊ အလုံးစုံကုန်သော။ ပါသဏ္ဍာနိ စ၊ ဂိုဏ်းတို့ကိုလည်းကောင်း။ ပဝဇိတာ-နိ စ၊ အိမ်ရာမထောင်ကုန်သော သူတို့ကိုလည်းကောင်း။ ဝါ၊ ရဟန်းတို့ကိုလည်းကောင်း။ ယရဿာနိ စ၊ အိမ်ရာထောင်ကုန်သော သူတို့ကိုလည်းကောင်း။ ဝါ၊ လူတို့ကိုလည်းကောင်း။ နေ=နိစ္စံ၊ အမြဲမပြတ်။ ဒါနေန စ၊ အလှူဝတ်ဖြင့်လည်း။ ပူဇယတိ၊ ချီးမြှောက်၏။ ဝိဝိဓာယ၊ အထူးထူး အပြားပြားသော။ ပူဇာယ စ၊ ချီးမြှောက်ခြင်းဖြင့်လည်း။ ပုဇယတိ၊ ချီးမြှောက်၏။

တု၊ စင်စစ်သော်ကား။ ဒေဝါနံ၊ နတ်တို့၏။ ပိယော၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ (ပိယဒသိ)၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်းဖြစ်တော်မူထသော။ (ရာဇာ)၊ သီရိဓမ္မာသောကမင်းကြီးသည်။ တထာ၊ ထို့အတူ။ ဒါနံ ဝ၊ ဒါနကိုလည်းကောင်း။ ပူဇာ ဝ၊ ချီးမြှောက်ခြင်းကိုလည်းကောင်း။ နမံညတေ၊ မအောက်မေ့။ ကိတိ၊ အဘယ်ကဲ့သို့ မအောက်မေ့သနည်းဟူမူကား။ သဝ၊ အလုံးစုံကုန်သော။ ပါသဏ္ဍာနံ၊ ဂိုဏ်းတို့အား။ သာရ-ဝပီ၊ သဘောအနှစ်သာရ၏ ကြီးပွါးခြင်းသည်။ အသ ယထာ၊ ဖြစ်သကဲ့သို့တည်း။ (တထာ)၊ ထို့အတူ။ (ဒါနံ ဝ)၊ ဒါနကိုလည်းကောင်း။ (ပူဇာ ဝ)၊ ချီးမြှောက်ခြင်းကိုလည်းကောင်း။ (နမံညတေ)၊ မအောက်မေ့။ သာရဝပီတု၊ သဘောအနှစ်သာရ၏ ကြီးပွါးခြင်းမည်သည်ကား။ ဗဟုဝိဓာ၊ တစ်ပါးမက များသောအပြားရှိ၏။ တု၊ ထင်စွာပြဦးအုံ့။

ယ ဝစိဂုတီ၊ အကြင်နှုတ်လျှာကို စောင့်ထိန်းခြင်းသည်။ (အတ္ထိ)၊ ရှိ၏။ ဣဒံ၊ ဤနှုတ်လျှာကို စောင့်ထိန်းခြင်းသည်။ တသ တသ၊ ထိုထိုသဘောရှိသော အနှစ်သာရ ကြီးပွါးခြင်း၏။ မူလံ၊ မူလမည်၏။ ကိတိ၊ အဘယ်ကြောင့်နည်းဟူမူကား။ (တမ္မိ)၊ ထိုနှုတ်လျှာကို၊ စောင့်ထိန်းခြင်း၌။ အာတ္တပါသံဒုပူဇာ ဝ၊ မိမိဂိုဏ်းကို ချီးမြှောက်ခြင်းသည်လည်းကောင်း။ အပကရဏမ္ပိ၊ အကျိုးမရှိဘဲလျက်။ ပရပါသံဒုဂရဟာ ဝ၊ သူတပါးဂိုဏ်းကို ကဲ့ရဲ့ခြင်းသည်လည်းကောင်း။ နော ဘဝေ၊ မဖြစ်ရာ။ တမ္မိ တမ္မိ၊ ထိုထိုသဘောရှိသော။ ဝါ၊ တစ်စုံတစ်ခုသော။ ပြကရဏော၊ အကျိုးသည်။ (သတိ)၊ ရှိလတ်သော်။ လဟုကာ ဝ၊ ကဲ့ရဲ့ခြင်းသည်လည်းကောင်း။ အသ၊ ဖြစ်ရာ၏။

တု၊ အခါအားလျော်စွာ။ တေန တေန၊ ထိုထိုသဘောရှိသော။ ပြကရဏေန၊ အကျိုးအားဖြင့်။ ပရပါသံဒု၊ သူတပါးဂိုဏ်းတို့ကို။ ပူဇေတယာ ဧဝ၊ ချီးမြှောက်အပ်ကုန်သည်သာ

လျှင်ကတည်း။ (ယော)၊ အကြင်သူသည်။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ကရုံ၊ ပြု၏။ (သော)၊ ထိုသူသည်။ အာတွပါသံဒုံ စ၊ မိမိဂိုဏ်းကိုလည်း။ (ဗာဟံ)၊ သာလွန်၍။ ဝပယတိ၊ ကြီးပွါးစေသောသူ မည်၏။ ပရုပါသံဒုသ စ၊ သူတပါးဂိုဏ်းကိုလည်း။ ဥပကရောတိ၊ ကျေးဇူးပြုသောသူ မည်၏။ (ယော)၊ အကြင်သူသည်။ တဒံညထာ၊ ထိုဆိုအပ်ခဲ့ပြီးသော နည်းလမ်းမှ ဖောက်ပြန်၍ တပါးသော နည်းလမ်းဖြင့်။ ကရောတော၊ ပြုလုပ်၏။ (သော)၊ ထိုသူသည်။ အာတွပါသံဒုံ စ၊ မိမိဂိုဏ်းကိုလည်း။ ဆဏတိ၊ အားနည်းအောင် ပြုလုပ်သောသူ မည်၏။ ပရုပါသံဒုသ စ၊ သူတပါးဂိုဏ်းကိုလည်း။ အပကရောတိ၊ ဆုတ်ယုတ်ပျက်စီးအောင် ပြုလုပ်သောသူ မည်၏။

ယော ဟိ ကောစိ၊ အကြင် တစ်စုံတစ်ယောက်သောသူသည်။ အာတွပါသံဒုဘတိ-ယာ၊ မိမိဂိုဏ်းကို ဆည်းကပ်လိုသောအားဖြင့်။ သဝံ၊ အလုံးစုံသော။ အာတွပါသံဒုံ၊ မိမိဂိုဏ်းကို။ ပူဇယတိ၊ ချီးမြှောက်၏။ ဝါ၊ တစ်နည်းကား။ သဝံ၊ အလုံးစုံသော။ ပရုပါသံဒုံ၊ သူတစ်ပါးဂိုဏ်းကို။ ဂရဟတိ၊ ကဲ့ရဲ့၏။ ကိံတိ၊ အဘယ်ကြောင့်နည်းဟူမူကား။ အာတွပါသံဒုံ၊ မိမိဂိုဏ်းကို။ ဒီပယေမ=ဒီပယေမိ၊ ထင်ပေါ်စေအံ့။ ဣတိ၊ ဤသို့။ (မနသိကတွာ)၊ စိတ်၌ အောက်မေ့၍။ (ကရောတိ) ပြုလုပ်၏။ တထ၊ ထိုကဲ့သို့။ ကရောတော၊ ပြုလုပ်ခြင်းကြောင့်။ သော စ၊ ထိုသူသည်လည်း။ ပုန၊ တဖန်။ အာတွပါသံဒုံ၊ မိမိဂိုဏ်းကို။ ဗာဟတ၏၊ အတိုင်းထက်အလွန်၊ တိုး၍သာလျှင်။ ဥပဟနာတိ၊ ပျက်စီးခြင်းသို့ ရောက်စေသောသူ မည်၏။

တ=တတ၊ ထို့ကြောင့်။ သမဝါယော ဧဝ၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း ညီမျှခြင်းသည်သာလျှင်။ ဝါ၊ ပေါင်းသင်းခြင်းသည်သာလျှင်။ သာဓု၊ ကောင်း၏။ ကိံတိ၊ အဘယ်ကြောင့်နည်းဟူမူကား။ အညမံညသ၊ အချင်းချင်း။ ဝါ၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း။ ဓံမံ၊ တရားတော်ကို။ သြဏာရု စ၊ ကြားလည်း ကြားနာရကုန်၏။ သုသုသေရ စ၊ ဆည်းလည်း ဆည်းကပ်ရကုန်၏။ ဧဝံဟိ၊ ဤသို့သာလျှင်။ ဒေဝါနံ၊ နတ်တို့၏။ ပိယသ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီး၏။ ဣဆာ၊ အလိုသည်။ (ဘဝတိ)၊ ဖြစ်၏။

ကိံတိ၊ အဘယ်ကဲ့သို့ အလိုဖြစ်သနည်းဟူမူကား။ သဝ၊ အလုံးစုံကုန်သော။ ပါသံဏာ၊ ဂိုဏ်းတို့သည်။ ဗဟုဿုတာ စ၊ အကြား,အမြင်များကုန်သည်လည်း။ အသု၊ ဖြစ်ကုန်၏။ ကလာဏာဂမာ စ၊ ကောင်းသော ပညာဉာဏ်နှင့် ပြည့်စုံကုန်သည်လည်း။ အသု၊ ဖြစ်ကုန်၏။ (ဣတိ)၊ ဤသို့။ (ဣဆာ)၊ အလိုသည်။ (ဘဝတိ)၊ ဖြစ်၏။ ယေ၊ အကြင်သူတို့သည်။ တတြ တတော၊ ထိုထိုသောတရား၌။ ပြသံနာ၊ ကြည်ညိုကုန်၏။ တေဟိ စ၊ ထိုသူတို့သည်လည်း။ (ဧဝံ)၊ ဤသို့။ ဝတယဲ၊ ပြောဆိုအပ်၏။ ဒေဝါနံ၊ နတ်တို့၏။ ပိယော၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာ

လည်းဖြစ်တော်မူထသော။ (ပိယဒသီ)၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်းဖြစ်တော်မူထသော။ ရာဇာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ (တထာ)၊ ထို့အတူ။ ဒါနံ ဝ၊ ဒါနကိုလည်းကောင်း။ ပူဇာ ဝ၊ ချီးမြှောက်ခြင်းကိုလည်းကောင်း။ နော မံညတေ၊ မအောက်မေ့။

ကိုတိ၊ အဘယ်ကဲ့သို့ မအောက်မေ့သနည်းဟူမူကား။ သရဝပါသံဌာနံ၊ အလုံးစုံကုန်သော ဂိုဏ်းတို့အား။ ဗဟုကာ စ၊ များစွာသော။ သာရဝပီ၊ သဘောအနှစ်သာရ၏ ကြီးပွါးခြင်းသည်။ အသ ယထာ၊ ဖြစ်သကဲ့သို့တည်း။ တထာ၊ ထို့အတူ။ ဒါနံ ဝ၊ ဒါနကိုလည်းကောင်း။ ပူဇာ ဝ၊ ချီးမြှောက်ခြင်းကိုလည်းကောင်း။ နော မံညတေ၊ မအောက်မေ့။ ဧတာယ၊ ဤသို့ သဘောရှိသော။ အထာ=အထာယ၊ အကျိုးငှာ။ ဓံမမဟာမာတာ စ၊ ဓမ္မမဟာမတ္တ အမည်ရှိကုန်သော မင်းမှူထမ်းတို့ကိုလည်းကောင်း။ ဣတိစ္စာမဟာမာတာ စ၊ မိန်းမတို့၏ အကြီးအကဲဖြစ်ကုန်သော ဓမ္မမဟာမတ္တ အမည်ရှိကုန်သော မင်းမှူထမ်းတို့ကိုလည်းကောင်း။ ဝါ၊ ဓမ္မမဟာမတ္တ အမည်ရှိကုန်သော မင်းမှူထမ်းမိန်းမကြီးတို့ကိုလည်းကောင်း။ ဝစဘူမိကာ စ၊ မြေဝန်တို့ကိုလည်းကောင်း။ ဝါ၊ လမ်းခရီးနှင့်ဆိုင်ရာ အမတ်တို့ကိုလည်းကောင်း။ အညေ၊ တပါးကုန်သော။ နိကာယာ စ၊ အုပ်ချုပ်ခြင်းနှင့်ဆိုင်ရာ မင်းမှူထမ်းတို့ကိုလည်းကောင်း။ ဗျာပတာ၊ စီမံခန့်ထားအပ်ကုန်၏။

ဧတသ၊ ဤမင်းမှူထမ်းတို့ကို စီမံခန့်ထားရခြင်း၏။ အယံ စ ဖလ၊ ဤအကျိုးသည်ကား။ ယ အာတွပါသံဌဝပီ စ၊ အကြင် မိမိဂိုဏ်းတို့၏ ကြီးပွါးခြင်းသည်လည်းကောင်း။ ဓံမသ၊ တရားတော်၏။ ယ ဒီပနာ စ၊ အကြင် ထင်ပေါ်ခြင်းသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။

၆။ ဂိရနာရ် ဒွါဒသမသိလာလေခ-စသော ၄-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ'တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် ဘာသာဝင် ဂိုဏ်းအားလုံးတို့ကိုလည်းကောင်း၊ ရဟန်းတော်တို့ကိုလည်းကောင်း၊ လူမျှားတို့ကိုလည်းကောင်း၊ အလုံးစုံကုန်သောသူတို့ကို အမြဲမပြတ်သော ဒါနဝတ်နှင့်တကွ အမျိုးမျိုးသော ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်တော်မူပေ၏။ သို့သော်လည်း ဒါနနှင့်တကွ အမျိုးမျိုးချီးမြှောက်ခြင်းတို့ကို 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာ-သောကမင်းကြီးသည် ဘာသာဝင်ဂိုဏ်းအားလုံးတို့၏ သဘောအနှစ်သာရ၏ ကြီးပွါးခြင်းလောက် ကြီးပွါးနိုင်သောအရာမျိုး-ဟု အောက်မေ့တော်မမူ။ သဘောအနှစ်သာရ၏ ကြီးပွါးခြင်းမည်သည်ကား အမျိုးမျိုးရှိ၏။

လောကဘ၁ နှုတ်,လျှာကို စောင့်ထိန်းခြင်းသည်ပင်လျှင် ထိုသဘောအနှစ်သာရ ကြီးပွါးခြင်း၏ မူလရင်းကြီး ဖြစ်ပေ၏။ အသို့ဖြစ်သနည်းဟူမူ ထိုနှုတ်လျှာကို စောင့်ထိန်းရာ၌ မိမိဘာသာဝင်ဂိုဏ်းများကို ချီးမြှောက်ခြင်းနှင့် အကျိုးမရှိဘဲလျက် သူတပါးဘာသာဝင်ဂိုဏ်း များကို ကဲ့ရဲ့ရှုတ်ချခြင်းသည် တရုံတခါမျှ မရှိရာ။ လောကီ, လောကုတ္တရာမှာ တစ်စုံတစ်ခု အကျိုးရှိပါမူကား ကဲ့ရဲ့ရှုတ်ချခြင်းသည် သင့်မြတ်သေး၏။ အခါအားလျော်စွာ အမျိုးမျိုး သော နည်းလမ်းဖြင့်, တစ်နည်း ထိုထိုသောအကျိုးကို ကြည့်ရှုသောအားဖြင့် ဘာသာခြားများ ကိုလည်း ချီးမြှောက်ထိုက်ပေ၏။ ဤနည်းလမ်းအတိုင်း ပြုလုပ်သောသူသည် မိမိဘာသာဝင် ဂိုဏ်းများကို ကြီးပွါးစေရုံမက ဘာသာခြားဂိုဏ်းတို့အားလည်း ကျေးဇူးပြုရာသို့ ရောက်၏။ ဤနည်းလမ်းကို မလိုက်နာသောသူသည်ကား မိမိဘာသာဝင်ဂိုဏ်းတို့ကို အားနည်းအောင် ပြုလုပ်ရာ ရောက်ရုံမျှမက ဘာသာခြားဂိုဏ်းများကိုလည်း ပျက်ပြားလေအောင် ပြုလုပ်သော သူမည်၏။

အကြင်သူသည် မိမိဘာသာဝင်ဂိုဏ်းကို ကိုးကွယ်ဆည်းကပ်လိုသောအားဖြင့် မိမိဘာသာဝင် ဂိုဏ်းအားလုံးတို့အား ချီးမြှောက်ပြီးလျှင် တပါးသူတို့၏ ဂိုဏ်းအားလုံးတို့ကို ကဲ့ရဲ့ရှုတ်ချလိုက်၏။ အကြောင်းမူကား မိမိဘာသာဝင် ဂိုဏ်းအားလုံးတို့ကို ထင်ပေါ်ကျော် စောစေလိုသည့်အတွက်ကြောင့် သူတပါးဘာသာဝင် ဂိုဏ်းအားလုံးတို့ကို ကဲ့ရဲ့ရှုတ်ချလိုက် ၏။ ထို့ကြောင့် ၎င်းသူသည် ထပ်မံ၍ မိမိဘာသာဝင်ဂိုဏ်းများကို အလွန်ပျက်စီးခြင်းသို့ ရောက်စေသောသူ မည်၏။ ထို့ကြောင့် **လောကဘ၁ ဘာသာတစ်မျိုးနှင့်တစ်မျိုး ပေါင်းသင်းခြင်း** သည်ပင်လျှင် **အလွန်ကောင်းသောတရား** ဖြစ်ပေ၏။

အဘယ်ကြောင့်နည်းဆိုသော် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း တရားတော်ကို ဆွေးနွေးမေး မြန်းရခြင်း, ကြားနာရခြင်းနှင့် ကိုးကွယ်ဆည်းကပ်ရခြင်းသည် ဖြစ်ပေ၏။ 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမံတော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် ဤကဲ့သို့လည်း အလို တော်ရှိသေး၏။ အသို့ အလိုတော်ရှိသနည်းဟူမူ လောကဘ၁ ဂိုဏ်းအားလုံးတို့သည် ဗဟုသုတ အကြားအမြင်နှင့်တကွ ပညာအမြော်အမြင် ပြည့်စုံဖို့ရန်ကို အလိုရှိတော်မူပေ၏။ ထိုထိုတရား တို့ကို ကြည်ညိုကြသူတို့သည်လည်း ဤအကြောင်းအရာများကို ပြောဟောကြရမည်မှာ 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမံတော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် ဒါနနှင့်တကွ အမျိုးမျိုးချီးမြှောက်ခြင်းတို့ကို ဘာသာဝင်ဂိုဏ်းအားလုံးတို့၏ သဘောအနှစ်သာရ၏ ကြီးပွါး ခြင်းလောက် ကြီးပွါးနိုင်သောအရာမျိုး-ဟု အောက်မေ့တော်မမူ။ ဤကဲ့သို့ ပြောဆိုကြလေ။

ဤကဲ့သို့သောအကျိုးကို ရည်သန်လျက် ဓမ္မမဟာမတ္တခေါ်သော မင်းမှူထမ်းနှင့် ဓမ္မမဟာမတ္တ အမည်ရှိသော မင်းမှူထမ်းမိန်းမကိုလည်းကောင်း၊ လမ်းခရီးနှင့်ဆိုင်ရာ အမတ်

တို့ကိုလည်းကောင်း၊ ထိုမှတပါး ဆိုင်ရာဆိုင်ရာ အသီးသီးသော မင်းမူထမ်း, သာသနာပြုများကို စီမံခန့်ထားလိုက်လေ၏။ ဤကဲ့သို့ စီမံခန့်ထားလိုက်ရခြင်း၏အကျိုးကား မိမိဘာသာဝင် ဂိုဏ်းသူဂိုဏ်းသားတို့၏ တစ်နေ့ထက်တစ်နေ့ ကြီးပွါးခြင်းနှင့် မိမိတို့ ဘာသာတရား၏ ထင်ပေါ်ကျော်စောခြင်းသည် မုချဖြစ်နိုင်ရာ၏။

အမှာစကား။ ပါသံဒု-သဒ္ဒါကို ပဌမသိလာလေခ-၌ ပြခဲ့ပြီ။ ပဝဇိတ-သဒ္ဒါဖြင့် ရဟန်း, ရသေ့, အိမ်ရာ မထောင်သောသူ, ပရိဗိုဇ်ရဟန်း-စသည်ကို ယူလေ။ ကိမိတိ-ဟူသော ပုဒ်သည် သံယောဇကသဗ္ဗနာမ်ကဲ့သို့ အမေး,အဖြေစကားရပ်ကို ပြလျက် ဝါကျ၏ကြားမှာ ပါရှိ၏။ ဤကဲ့သို့ ပုဒ်မျိုးကို ယခုကာလ ဟိန္ဒီဘာသာရေးနည်းမှာ အသုံးမပြု၊ ပြောရိုးဆိုစဉ် စကားများမှာသာ အသုံးပြုလေ့ရှိ၏။ ပေါရာဏစကား မပျက်စေရန်သာ အနက်ယောဇနာလိုက်ရပေ၏။

သာရဝပီ-သဒ္ဒါသည် ခွန်အားဗလ သဘောတရား အနှစ်သာရ၏ ပြည့်စုံခြင်း, ကြီးပွါးခြင်း, ဘုန်းတန်ခိုး၏ ထင်ပေါ်ခြင်းအနက်များကို ဟော၏။ **အပဂရဏ**-သဒ္ဒါဖြင့်ကား အကျိုးမဲ့, အကြောင်းမဲ့ မသင့်သောအခါ မုန်းထားခြင်း, ရန်ငြိုးဖွဲ့ခြင်း-စသည်ကို ယူအပ်၏။ **လဟုကာ**-သဒ္ဒါသည် ကဲ့ရဲ့ခြင်း, ပြစ်တင်ခြင်း, ပေါ့ပါးခြင်း, သေးနုပ်ခြင်း, အငယ်တမတြာအနက်များကို ဟော၏။ အခြို့ဆရာများကား ဘာဝဝါစက-ဟု ပြောဆိုကြ၏။ **သမဝါယ**-သဒ္ဒါသည် ပေါင်းသင်းခြင်း, ခင်မင်ခြင်း-စသော အနက်ကို ဟော၏။ **သုသုသေရ သုသုသ**-သဒ္ဒါသည် ဒသမသိလာ-လေခ၌ သုဿုသ-သဒ္ဒါနှင့် တူ၏။ **ကလာဏာဂမာ**-သဒ္ဒါဖြင့် ကောင်းသော ဉာဏ်ရှိသောသူ, ကောင်းသောအကျိုး, ပညာဉာဏ်၏အမြော်အမြင်, ကောင်းသောမင်္ဂလာအနက်တို့ကို ယူအပ်၏။

ပြသံန-သဒ္ဒါသည် အယူကို စွဲလမ်းခြင်း, နှစ်သက်ခြင်း, ကြည်ညိုခြင်းအနက်ကို ဟော၏။ **ဓံမမဟာမာတာ**-ပုဒ်ကို ပဌမသိလာလေခမှာ ကြည့်လေ။ **ဣထိစ္စာမဟာမာတာ**-သဒ္ဒါ၌ ဣထိစ္စာ-ပုဒ်သည် မိန်းမအကြီးအကဲ, မိန်းမတို့တွင် အအုပ်အချုပ်ဖြစ်သောသူ၊ ၎င်းကို အသောကသည် နောက်မှ ခန့်ထားဟန်နှင့် တူသည်။ အသောကမင်းကြီးသည် ရှေးက မရှိသည်ကို မိမိလက်ထက်၌ စီမံခန့်ထားလေ၏။ **ဝစဘူမိက**-ပုဒ်၏အရကား ခရီးလမ်းစခန်း၌ ခရီးသည်များနှင့် ကုန်သည်များကို ဘေးရန်မှ ကာကွယ်လျက် မေတ္တာသက်ဝင်အောင် တရားဟောသောသူ, စားကျက်မြေစသည်ကို ကြည့်ရှုသောသူ, မြေဝန်-ဟူသော အနက်များကို ရရှိ၏။

၎င်းပြင် မထုရာနယ်က ခရီးသွားခြင်းနှင့် တရားဟောခြင်း၌ အလွန်လိမ္မာသော ဖြဂျဘူမိခေါ်သော လူတစ်မျိုး၊ ၎င်းကို ပါဋ္ဌလိပုတ်ပြည်မှာ တရားဟောဆရာ ခန့်ထားဟန်နှင့် တူ၏။ **နိကာယ**-သဒ္ဒါဖြင့်ကား ဂိုဏ်းအစုအပေါင်း အရာရှိကြီးတို့၏အဖွဲ့ကို ညွှန်ပြ၏။ ဤကျောက်စာ၌လည်း ၄-ဌာနမျှသာ ရရှိ၏။

----- × -----

[၁၄] စတုဒ္ဒသသိလာလေခ ဂိရနာရ် တေရသမသိလာလေခ မူလပါဠိ ၄-ဌာန

၁။ ဂိရနာရ် တေရသမသိလာလေခ မူလပါဠိ

... ... ညော ကလိဂါ ဝိဇိ ... ...
... ပေ သတသဟဿမာတြဲ တတြာ ဟတ် ဗဟုတာဝတက် မတ် [၊] တတာ ပဆာ
အနော လခေသု ကလိ်ဂေသု တီဝေါ ခ်မဝါယော * ... ...
... ... သယော ဒေဝါနံ ပြိယသ ဝိဇိ ... ...
ဝခေ ဝ မရဏ် ဝ အပဝါဟော ဝ ဇနသ [၊] တ် ဗာပ် ဝေဒနမတ် စ ဂုရုမတ် စ ဒေဝါနံ
... သ * ... ...

ပိယသ ဓံမာနုသည္ဍိ အနုဝတရေ [၊] ယတ ပိ ဒ္ဓုတိ * . . . . . .
. . . . . နံ ဓမာနုသည္ဍိ စ ဓမ. . . . . .
. . . . . ဝိဇယော သဝထာ ပုန ဝိဇယော ပိတိရသော သော
[၊] လဓာ သာ ပိတိ ဟောတိ ဓမဝိဇယမ္ပိ * . . . . . .
. . . . . နံ ပြိယော ဇောယ အ . . . ယေ အယ် ဓံမလိပိ . . . . . .
. . . . . ဝိဇယ် မာ ဝိဇေတဗ္ပံ မညာ [,] သရသကေ ဇေ ဝိဇယေ ဆာတိ် စ
* . . . . . .
. . . . . ဣလောကိကာ စ ပါရလောကိကာ စ * [၊]

၂။ ကာလဆီ တေရသမသိလာလေခ မူလပါဠ်

အဌဝဏ္ဏာဘိသိတဏ္ဍာ ဒေဝါနံ ပိယရ္ဍ ပိယဒရ္ဍိနေ လာဇိနေ ကလိဂ္ဂ ဝိဇိတာ [၊] ဒိယပမာတေ ပါနရ္ဍတရ္ဍဟသ္ပေ ယေတဖ အပဝုပေ သ္ပတရ္ဍဟရ္ဍမာတေ တတ ဟတေ ဗဟုတာဝံတကေ ဝါ မဇ္ဈေ [၊] တတာ ပဆာ အဝုနာ လခ္ဓေ ကလိဗ္ဗေ တိဝေ ဓံမဝါယေ * ဓံမကာမတာ ဓံမာနုရ္ဍထိ စ ဒေဝါနံ ပိယရ္ဍာ [၊] ရ္ဍေ အထိ အနုရ္ဍယေ ဒေဝါနံ ပိယရ္ဍာ ဝိဇိနိတု ကလိဂ္ဂနိ [၊] အဝိဇိတံ ဟိ ဝိဇိန မနေ ဇ တတာ ဝဓံ ဝါ မလနေ ဝါ အပဝဟေ ဝါ ဇနရ္ဍာ [၊] ရ္ဍေ ဗာပ ဝေဒနိယ မုတေ ဂုလ မုတေ စ ဒေဝါနံ ပိယရ္ဍာ [၊] ဣယံ ပိစု တတော ဂလုမတတလေ ဒေဝါနံ ပိယရ္ဍာ * [၊] သဝတာ ဝရ္ဍတိ ဗံဘနာ ဝ ရ္ဍမ ဝါ အနေ ဝါ ပါသ္ပ်ဒ္ဓ ဂိဟိထာ ဝါ ယေသ္ပ္ပ ဝိဟိတာ ဇရ္ဍ အဂဘုတ ရ္ဍရ္ဍရ္ဍာ မာတာပိတိ ရ္ဍရ္ဍရ္ဍာ ဂလုရ္ဍရ္ဍ မိတရ္ခံထုတရ္ဍဟာယနာတိကေရ္ဍ ဒါသ္ပဘတကရ္ဍိ ရ္ဍမ္ပာပဇ္ဇိပတိ ဒိယာတိတာ [၊] တေရ္ခံ တတာ ဟောတိ ဥပယာတေ ဝါ ဝမေ ဝါ အဘိလတာနံ ဝါ ဝိနိခမနေ * [၊] ယေရ္ခံ ဝါပိ ရ္ခံဝိဟိတာနံ ရ္ဍိနေဟေ အဝိပဟိနေ ဇတာနံ မိတသ္ပ်ထုတရ္ဍဟာယနာတိက္ပ ဝိယရ္ဍနေ ပါပုနာတိ [၊] တတ ရ္ဍေပိ နတမေဝ ဥပယာတေ ဟောတိ [၊] ပဇ္ဇိဘာဂေ စ ဇရ္ဍ ရ္ဍဝမနု . . . နံ ဂုလုမတေ စ ဒေဝါနံ ပိယရ္ဍာ [၊] နထိ စာ ရ္ဍေဇနပဒေ ယတာ နထိ ဣမေနိကာယာ အာနံတာ ယေနေ ရ္ဍ * ဗံဟ္ဘနေ စ ရ္ဍမနေ စ နထိ စ ကုဝါပိဇနပဒ ရ္ဍိ ယတာ နထိ မနုရ္ဍာနံ ဇေကံတလရ္ဍိ ပိ ပါရ္ဍဒ္ဓရ္ဍိ နော နာမ ပရ္ဍာဒေ [၊] ရ္ဍေ အာဝတကေ ဇနေ တဒါ ကလိ်ဂေရ္ဍ လ . . . ရ္ဍ ဟတေ စ မဇ္ဈေ စ အပဝုပေ စ တတာ ရ္ဍတောဘာဂေ ဝါ ရ္ဍဟရ္ဍဘာဂေ ဝါ အဇ ဂုလုမတေ ဝါ ဒေဝါနံ ပိယရ္ဍာ * . . . . . .
. . . . . .

. . . . . .
. . . နေယု [၊] ဣဆ . . . . . * ရှဝဘု . . . . . ရှယမ
ရှမစလိယံ မဒဝတိ [၊] ဣယံ ဝု မု . . . . . * ဒေဝါနံ ပိယေရှာ ယေ ဓံမဝိဇယေ
[,] ရှေ စ ပုနာ လဓေ ဒေဝါနံ ပိ . . . . . ဒ စ * ရှဝေရှ စ အတေရှ အရှရှပိယောဇန-
ရှတေရှ အတ အံတိယောဂေ နာမ ယောန . . ပလံ စာ တေနာ * အံတိယောဂေနာ
စတာလိ(၄) လဇနေ တုလမယေ နာမ အံတေကိနေ နာမ မကာ နာ*မ အလိကျရှဒလေ
နာမ [,] နိစ် စောဒ ပံဒ္ဓိယာ အဝံ တံဗပ်နိယာ ဟောဝမေဝ ဟောဝမေဝါ * ဟိဒ လာဇ
ဝိသ္ဓဝဇိ ယောနကံဗောဇေရှ နာဘကေ နာဘပ်တိရှ ဘောဇပိတိနိကျေရှ * အဓပလဒေရှ
ရှဝတာ ဒေဝါနံ ပိယရှာ ဓံမာနုရှထိ အနုဝတ်တိ [၊] ယတပိ ဒုတာ * ဒေဝါနံ ပိယသာ
နော ယံတိ တေပိ သုတု ဒေဝါနံ ပိယံယ ဓံမဝုတ် ဝိဓနံ * ဓံမာနုသထိ ဓံမ် အနုဝိဓိယံတိ
အနုဝိဓိယိသံတိ စ [၊] ယေ သေ လဓေ * ဧတကေနာ ဟောတိ သဝတာ ဝိဇယေ
ပိတိလသေ သေ [၊] ဂဓာ သာ ဟောတိ ပိတိ ပိတိ ဓံမဝိဇယ*ရှိ လဟုကာ ဝုခေါ သာ
ပိတိ [၊] ပါလံတိကျမေဝ မဟာဖလာ မံနံတိ ဒေဝနံ ပိနေ * [၊] ဧတာယေ စ အဌာယေ
ဣယံ ဓံမလိပိ လိခိတာ [,] ကိတိ [?]ပုတာ ပါပေါတာ မေ အ . . . * နဝံ ဝိဇယ မ
ဝိဇယံတဝိ<u>ယ</u> မနိရှ [,] ရှယကရှိ ဝိဇယရှိ ခံတိ စ လဟု*ဒံဒ္ဓုတာ စ လောစေတု တမေဝ
စ ဝိဇယံ မနတု ယေ ဓံမဝိဇယေ [၊] ရှေ ဟိဒလောကိကျ ပလလော*ကိကျေ [၊] ရှဝါ
စ နိလတိ ဟောတု ဥယာမလတိ [၊] ရှာဟိ ဟိဒလောကိက ပလလောကိကျာ * [၊]

[ဆရာကြီးဦးသိန်းအောင် မှတ်ချက်။ အသောက၊ နှာ ၈၇-၌ "ကျွန်ုပ်တို့ ပြင်ဆင်ဖြည့်စွက်ရန် တာဝန်မဟုတ်၊ အကွရာပုဒ်နေပါ၌ထား မှန်ကန်စေရန်လည်း တာဝန်မဟုတ်။ အတ္ထယုတ္တိ ရှိ, မဲ့ ဆင်ခြင်၍ အနက်ရဖြစ်စေရန် ရှိမြဲတိုင်း၌ ဉာဏ်ထောက်ဆလျက် ထင်ယူရန်သာ တာဝန်ရှိသည်-ဟု မှတ်ချက်ရေးထားသည်။]

၃။ သ္ဓာဟဗာဂ်ဂဟရီ တေရသမသိလာလေခ မူလပါဋ္ဌ

အသ္ဌဝရှအဘိသိတသ ဒေဝန ပြိအသ ပြိယဒြဿ်ိသ ရညော ကလိဂ ဝိဇိတ [၊]
ဒိယဓမတြေ ပြဏာသ္ဓတသဟသြေ ယေတတော အပဝုပေ သ္ဓတရှဟသြမတြေ တတြ
ဟတေ ဗဟုတဝတကေ မုဒ္ဓေ * [၊] တတော ပဆ အဓုန လဓေရှ ကလိ'ဂေရှ တိရြေ
ရြမပလနံ ရြမကမတ ရြမနုသ္ဓသ္ဓိ စ ဒေဝန ပြိယသ [၊] သော အသ္ဓိ အနုသောစနံ
ဒေဝန ပြိယသ ဝိဇိနိတု ကလိ' ဂနိ * [၊] အဝိဇိတံ ဟိ ဝိဇိနမနိ ယေ တတြ ဝဓော ဝ
မရဏံ ဝ အပဝဟော ဝ ဇနသ [၊] တံ ဗပ် ဝေဒနိယမတံ ဂုရုမတံ စ ဒေဝနံ ပြိယသ

[၊] ဣမံ ပိ စု တတော ဂုရုမတ . . . ရံ ဒေဝနံ ပြိယသ [၊] တတြ ဟိ * ဝသတိ ဗြမဏ ဝ သြမဏ ဝ အံညေ ဝ ပြရ်ုဒု ဂြဟထ ဝ ယေသု ဝိဟိတ ဧရ် အဂြဘုဇ် သုသြုရ် မတပိတုရ် သုသြုရ် ဂုရုနံ သုသြုရ် မိတြသံသ္ဂုတသဟယ * ညတိကေရ် ဒသဘဋကနံ သံမဂြတိပတိ ဒိပဘတိတ [၊] တေရ်ုံ တတြ ဘောဘီ အဝဂြထော ဝ ဝဓော ဝ အဘိရတန ဝ နိကြမဏံ [၊] ယေရ်ုံ ဝ ပိ သံဝိဟိတနံ နေဟော အဝိပြဟိနော ဧတေရ် မိတြသံသ္ဂုတ-သဟယညတိက ဝသန* ပြပုဏတိ [၊] ဂတြ တံ ပိ တေရ် ဝေါ အပဂြထော ဘောတိ [၊] ပြဘိဘဂ်ံ စ ဧတံ သဗ္ဗံ မနုသ္သနံ ဂုရု မတံ စ ဒေဝနံ ပြိယသ [၊] နသ္ဓိ စ ဧကတရသ္မိ ပိ ပြရ်ုဒုသ္မိ နိ နမ ပြသဒေါ [၊] သော ယမတြော ဇနော တဒ ကလိဂေ ဟတော စ မုဒ္ဓော စ အပဝုဟော စ တတော* သ္ဓတဘဂေ ဝ သဟသြဘဂ်ံ ဝ အဇ ဂုရုမတံ ဝေါ ဒေဝနံ ပြိယသ [၊] ယောပိ စ အပကရေယတိ ဆမိ တဝိယမတေ ဝေါ ဒေဝနံ ပြိယသ ယံ သ္ဓကော ဆမနယေ [၊] ယပိ စ အဒ္ဓဝိဒေဝနံ ပြိယသ ဝိဇိတေ ဘောတိ တပိ အနုနေတိ အနုနိစ္ဓပေတိ အနုတပေပိ စ ပြဘဝေ ဒေဝနံ ပြိယသ [၊] ဝုစတိ တေရ် ကိ [?] အဝတြပေယု နု စ ဟံညေယသု [၊] ဣဆတိ ဟိ ဒေဝနံ ပြိယော သဗ္ဗြဘုတန အဆတိ သံယမံ သမစရိယံ ရဘလိယေ [၊] ဧရ် စ မုခမုတေ ဝိဇယေ ဒေဝနံ ပြိယသ ယော ဗြမဝိဇယော [,] သော စ ပုန လဓော ဒေဝနံ ပြိယသ ဣဟ စ သဗ္ဗြရ် စ အံတေရ် * အရ်ရ်ပိ ယောဇနသ္ဓတေရ် ယတြ အံတိယောကော နမ ယောန ရဇ ပရံ စ တေန အံတိ-ယောကေန စတုရေ (၄) ရဇနိ တုရမယေ နမ အံတိကိနိ နမ မက နမ အလိကသုဒရော နမ [,] နိ စ စောဋ ပံဋ အဝ တံဗပံနိယ ဧဝမေဝ ဟိဒ ရဇ ဝိရ်ုဝ ဇြ ယောနက်ဗောယေရ် နဘကေ နဘိ တိန * ဘောဇပိတိနိကေရ် အံဗြပုလိဒေရ် သဝတြ ဒေဝနံ ပြိယသ ဗြမနုသ္ဓသ္ဓိ အနုဝဇ္ဇတိ [၊] ယတြ ပိ ဒေဝနံ ပြိယသ ဒုတ နု ဗြစ်တိ တေပိ သြုတု ဒေဝနံ ပြိယသ ဗြမဝုဇ္ဇ ဝိဓေနံ ဗြမ်နုသ္ဓသ္ဓိ ဗြမ် အနုဝိမိယံတိ အနုဝိမိယိသ္ဓံတိ စ [၊] ယော စ လဓေ ဧတကေန ဘောတိ သဝတြ ဝိဇယော သဝတြ ပုန * ဝိဇယော ပြိတိရသော သော [၊] လဓ ဘောတိ ပြိတိ ဗြမဝိဇယသ္ဓိ [၊] လဟုက တု ခေါ သ ပြိတိ [၊] ပရတြိကမေဝ မဟဖလ မေညတိ ဒေဝနံ ပြိယော [၊] ဧတယေ စ အဒ္ဓယေ အယော ဗြမဒိပိ ဒိပိသ္ဓ [,] ကိတိ [?] ပုတြ ပပေါတြ မေ အသု နဝံ ဝိဇယံ မ ဝိဇေတဝိယံ မညိရ် [,] . . . က . . . ယော ဝိဇယေ ဆံတိ စ လဟုဒ်ဋတံ စ ရောစေတု တံဧဝ ဝိဇ မည* ယော ဗြမဝိဇယော [၊] သော ဟိဒလောကိကော ပရလောကိကော [၊] သဗ္ဗ စ နိရတိ ဘောတု ယ သြမရတိ [၊] သ ဟိ ဟိဒလောကိက ပရလောကိက * [၊]

၄။ မာန်နဆေရာ ဇောရသမသိလာလေခ မူလပါဠ်

. . . . . ကလိဂ . . . . . ယ . . . ပြဏာသ္ဝ . . .
. . . . . * ပဆ အဝုန လခေရ္ဓ ကလိဂေရ္ဓ . . .
. . . . . မနုဿ . . . ၀ . . . . . .
. . . . . * . . . . . အပဝဟော ဝ ဇန . . . [၁]
သေ . . . ဝေဒနိယ မ . . . . . .
. . . . . * . . .
ဇရ္ဓ အဂြဘု . . . သုဿ္ဝရ္ဓ မတပိတုရ္ဓ သုဿ္ဝရ္ဓ ဂုရုသုဿ္ဝရ္ဓ မိ . . . သံသ္ဝ . . . . . .
. . . . . * . . . ဝ အဘိ . . . နံ ဝ ဝိနိကြမဏော
[၁] ယေရ္ဓံ ဝ ပိ သံဝိ . . . နံ သိနေဟေ အဝိဂြဟိနေ ဇော . . . မိတြသံ . . . . . *
. . . . . သ[ံ] မနုဿနံ
ဂုရုမတော ၀ ဒေ၀နံ ပြိယသ [၁] နသ္ဓိ ၀ သေဇနပဒေ ယတြ နသ္ဓိ ဣမေနိကယ အ . . .
ယေနေရ္ဓ ပြမဏ ၀ ဿ္ဝမ . . . . . ပိဇန . . . သိ . . . . . * နော
နမ ပြသဒေ [၁] သေ ယ၀တကေ ဇနေ တဒ ကလိဂေရ္ဓ ဟတော ၀ . . . . . .
. . . . . အပ၀ုပေ ၀ တတ သ္ဝတဘဂေ ၀ သဟသြဘဂေ အဇ ဂုရုမတော . . . ၀
. . . ပြိယသ [၁] . . . ဂ . . . . . မိတ၀ိ * . . . . . .
. . . ယ ပိ ၀ အဌ၀ိ ဒေ၀နံ ပြိယသ ၀ိဇိတသိ ဟောတိက ပိ အနုနယတိ အနုနိစ္ဘပယေတိ
အနုတပေ ပိ ၀ ပြဘ၀ေ ဒေ၀နံ ပြိယသ [၁] ၀ုစတိ တေရ္ဓံ . . . . . .
. . . . . ၀နံ ပြိယေ * . . . . . မုတော
ဝိဇယေ ဒေ၀နံ ပြိယသ ယေ ခြမ၀ိဇယေ [,] သေ ၀ ပုန လခေ ဒေ၀နံ ပြိယသ ဟိဒ ၀
သ[ဘ]ဂြရ္ဓ ၀ အံတေရ္ဓ အရ္ဓရ္ဓပိယ . . . ခြတရ္ဓ . . . . . ယောက နမ . . . နံ . . . *
. . . . . မက နမ အလိကသုဒရေ
နမ [,] နိစ်ံ ၀ စောဒ ပ်ဋိယ အ တ်ဗပ်နိယ ဇ၀မေ၀ . . . ရဇ ဝိရ္ဓ၀ဗြ ယောနကံ . . .
ရ္ဓ နဘကေ နဘပ်တိရ္ဓ ဘောဇပိတိနိ . . . ရ္ဓ အ်ခ၀ . . . . . * . . . . . .
. . . . . နံ ပြိယသ နော ယ်တိ တေပိ သ[ု]ဿ္ဝတု ဒေ၀နံ ပြိယသ
ခြမ၀ုတ် ဝိ၀နံ ခြမနုဿ္ဝသ္ဓိ ခြံမ် အနုဝိ၀ိယ်တိ အနုဝိ၀ိယိသ်တိ ၀ [၁] ယ . . . . . .
တကေန ဟောတိ ဝိဇ . . . . . [၁] . . . *
. . . . . ပြိယေ [၁] ဇတယေ အ[ထ]ြယေ

ဣယံ ခြမ . . . လိခိတ [,] ကိတိ [?] ပုတြ ပြပေါတြ မေ အ . . . နဝ . . . . . .
. . . . . * . . . . . .
. . . . . လောကိကေ [၊] သ ၎ စ နိရတိ ဟောတု ယ သြမရတိ [၊] သဟိ
ဟိဒလောကိက ပရလောကိက * [၊]

၅။ ဂိရနာရ်, ကာလဆီ တေရသမသိလာလေခ မူလပါဠိအနက်

ဒေဝါနံ၊ နတ်တို့၏။ ပိယရှ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပိယဒရှိနေ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ အဋ္ဌဝရှာဘိသ်တရှာ၊ မင်း၏အဘိသိက်ကို ခံတော်မူ၍ ၈-နှစ်မြောက်လေပြီးထသော။ လာဇိနေ၊ သီရိဓမ္မာသောက မင်းကြီးသည်။ ကလိဂ္ဂ၊ ကလိင်္ဂတိုင်းပြည်ကို။ ဝိဇိတာ၊ အောင်အပ်ပြီ။ ယေတဖာ၊ ဤကလိင်္ဂ တိုင်းပြည်မှ။ ဒိယပမာတေ၊ အခွဲနှင့်တကွသော။ ပါနရှတရှဟသ္သေ၊ လူပေါင်း ၁-သိန်းကို။ အပဝုပေ၊ အကျဉ်းသားအဖြစ်ဖြင့် ယူဆောင်အပ်ပြီ။ (အဋ္ဌဝရှာဘိသိတရှာ-မှ စ၍ ကာလဆီ တေရသမ သိလာလေခ မူလပါဠိအနက်)

တတ၊ ထိုကလိင်္ဂတိုင်းပြည်၌။ သ္သတရှဟရှမာတေ၊ ၁-သိန်းမျှသောသူသည်။ ဟတေ၊ ဒဏ်ရာရရှိလေပြီ။ ဗဟုတာဝံတကေ ဝါ၊ ၁-သိန်းထက်အလွန် အရေအတွက် ရှိသောသူသည်လည်း။ မဋ္ဌေ၊ ကာလရောဂါ-စသည်ကြောင့် သေလေပြီ။ တတာ ပဆာ၊ ထိုမှနောက်၌။ အဓုနာ၊ ယခုအခါ။ လဒ္ဓေ၎၊ ရကုန်ပြီးသော။ ကလိဂ္ဂေ၎၊ ကလိင်္ဂတိုင်းပြည် တို့၌။ ဒေဝါနံ၊ နတ်တို့၏။ ပိယရှာ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာ-သောကမင်းကြီး၏။ တိဝေ၊ အလွန်ထက်မြက်သော။ ဓံမဝါယေ စာ၊ တရားတော်ကို စောင့် ရှောက်ခြင်းသည်လည်းကောင်း။ ဓံမကာမတာ စ၊ တရားတော်ကို လိုလားခြင်းသည်လည်း ကောင်း။ ဓံမာနုရှထိ စ၊ တရားတော်၏ သြဝါဒသည်လည်းကောင်း။ အဘဝိ၊ ဖြစ်လေပြီ။

ရှေ=တတ၊ ထို့ကြောင့်။ ကလိဂ္ဂာနိ၊ ကလိင်္ဂတိုင်းပြည်တို့ကို။ ဝိဇိနိတု၊ အောင်မြင်လေ ပြီးသော။ ဒေဝါနံ၊ နတ်တို့၏။ ပိယရှာ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာ-သောကမင်းကြီးအား။ အနုရှယေ၊ နောင်တတဖန် စိုးရိမ်ခြင်းသည်။ အထိ၊ ရှိ၏။ ဟိ၊ အဘယ် ကြောင့်နည်းဟူမူကား။ ဧ=ယတာ၊ အကြင်တိုင်းပြည်၌။ ဇနရှာ၊ လူအပေါင်းကို။ ဝါ၊ လူအပေါင်း ၏။ ဝဓံ ဝါ၊ သတ်ခြင်းသည်လည်းကောင်း။ မလနေ ဝါ၊ သေခြင်းသည်လည်းကောင်း။ အပဝဟေ ဝါ၊ အကျဉ်းသားအဖြစ်ဖြင့် ယူဆောင်ခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တတာ၊ ထို တိုင်းပြည်၌။ ဝိဇိန၊ အောင်ခြင်းကို။ အဝိဇိတံ၊ မကောင်းသောအောင်ခြင်း-

ဟူ၍။ ဝါ၊ ကောင်းသောအောင်ခြင်း မဟုတ်-ဟူ၍။ (အဟ်)၊ ငါသည်။ မနေ၊ အောက်မေ့၏။ ရှေ၊ ထိုသို့ သတ်၍အောင်ခြင်း-စသည်ကို။ ဒေဝါနံ၊ နတ်တို့၏။ ပိယရှာ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီးသည်။ ဗာဟ၊ အလွန်။ ဝေဒနိယ စ၊ ဆင်းရဲပေးခြင်းအကြောင်း-ဟူ၍လည်း။ မုတေ၊ အောက်မေ့အပ်ပြီ။ ဂုလု စ၊ အထူးဝန်လေး၏-ဟူ၍လည်း။ မုတေ၊ အောက်မေ့အပ်ပြီ။

အပိစု၊ ထိုမှတပါးလည်း။ ဒေဝါနံ၊ နတ်တို့၏။ ပိယရှာ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်းဖြစ်တော်မူထသော သီရိဓမ္မာသောကမင်းကြီးသည်။ ဣယံ၊ ဤသတ်၍အောင်ခြင်းအစရှိသည်ကို။ တတော၊ ထိုထက်မက။ ဂလုမတတလေ၊ သာလွန်၍ ဝန်လေး၏-ဟူ၍ အောက်မေ့အပ်ပြီ။ ဟိ၊ အဘယ်ကြောင့်နည်းဟူမူကား။ သဝတာ၊ အလုံးစုံကုန်သော အရပ်တို့၌။ ဗံဘနာ ဝ၊ ပုဏ္ဏားသည်လည်းကောင်း။ ရှမ ဝါ၊ ရဟန်းသည်လည်းကောင်း။ အနေ၊ တပါးကုန်သော။ ပါသ္ဍဋ္ဌ ဝါ၊ ဘာသာဝင်ဂိုဏ်းတို့သည်လည်းကောင်း။ ဂိဟိထာ ဝါ၊ အိမ်ရာထောင်ကုန်သောသူတို့သည်လည်းကောင်း။ ဝရှတိ = ဝရှံတိ၊ နေထိုင်ကြကုန်၏။

ယေသ္မာ၊ အကြင်သူတို့တွင်။ မာတာပိတိ၊ အမိ, အဘ၌။ ရှုရှုရှာ၊ ကိုးကွယ်ဆည်းကပ်ခြင်းလည်းကောင်း။ ဂလုရှုရှ၊ ဆရာအား ကိုးကွယ်ဆည်းကပ်ခြင်းလည်းကောင်း။ မိတရှံ-ထုတရှဟာယနာတိကေရှ၊ မိတ်ဆွေ, အသိအကျွမ်း, သူငယ်ချင်း, ဆွေမျိုးညာတိတို့၌လည်းကောင်း။ ဒါသျှဘတကရှိ၊ တသက်ကျွန်, လခစား, အစေခံကျွန်တို့၌လည်းကောင်း။ ရှမျှာပဋိ-ပတိ၊ ကောင်းသော ကျင့်ဝတ်တရားလည်းကောင်း။ ဒိယာတိတာ၊ မြမြံစွာဆည်းကပ်ခြင်း (ဝါ) ကောင်းမွန်စွာမြတ်နိုးခြင်းလည်းကောင်း။ အဂဘုတ၊ ရှေးဦးစွာ ဆောင်ရွက်ခြင်းရှိကုန်သော။ ဧရှ ရှုရှုရှာ၊ ဤကိုးကွယ်ဆည်းကပ်ခြင်းတို့ကို။ ဝိဟိတာ၊ စီရင်ပြုလုပ်အပ်ကုန်၏။

တတာ၊ ထိုတိုင်းပြည်၌။ တေရှံ၊ ထိုသူတို့အား။ ဥပယာတေ ဝါ၊ ပျက်စီးခြင်းသည်လည်းကောင်း။ ဝဓေ ဝါ၊ သတ်ခြင်းသည်လည်းကောင်း။ အဘိလတာနံ၊ ချမ်းသာစွာ နေကြကုန်သောသူတို့၏။ ဝိနိဓမနေ ဝါ၊ တိုင်းပြည်မှ ကွေကွင်းခြင်းသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ရံဝိဟိတာနံ၊ အမြဲနေထိုင်ကြကုန်သော။ ယေရံ၊ အကြင်သူတို့၏။ ရှိနေဟေ ဝါပိ၊ မေတ္တာစိတ်သည်လည်း။ အဝိပဟိနေ၊ မကင်းပြတ်သေး။ ဧတာနံ၊ ထိုသူတို့၏။ မိတသျှံထုတ-ရှဟာယနာတိကျ၊ မိတ်ဆွေ, အသိအကျွမ်း, သူငယ်ချင်း, ဆွေမျိုးညာတိအပေါင်းသည်။ ဝိယရှနေ၊ ကိုယ်စိတ်နှလုံးတို့၏ ဆင်းရဲခြင်းသို့။ ပါပုနာတိ၊ ရောက်၏။

တေန၊ ထို့ကြောင့်။ တတ၊ ထိုတိုင်းပြည်၌။ နတမေဝ၊ ထိုအလုံးစုံကုန်သောသူတို့အားသာလျှင်။ ရှေပိ ဥပယာတေ၊ ထိုပျက်စီးခြင်းသဘောသည်လည်း။ ဟောတိ၊ ဖြစ်၏။

ဧရ္ဂ ပဋ္ဌိဘာဂေ စ၊ ဤသို့ ဖြစ်တတ်ပျက်တတ်သော သဘောသည်လည်း။ ရ္ဂဝမနု. . . နံ= ရ္ဂဝမနုရ္ဟာနံ၊ အလုံးစုံကုန်သောသူတို့အား။ (အသ္တိ)၊ ရှိ၏။ စာ တထာပိ၊ ထိုသို့ပင်ရှိကြားသော်လည်း။ ဒေဝါနံ၊ နတ်တို့၏။ ပိယရ္ဟာ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာ-သောကမင်းကြီးသည်။ ဂုလုမတေ၊ အလွန်ဝန်လေး၏-ဟု အောက်မေ့အပ်ပြီ။ (ဟိ)၊ အဘယ်ကြောင့်နည်းဟူမူကား။ ယတာ၊ အကြင်တိုင်းပြည်၌။ အာနံတာ၊ မျှားစွာကုန်သော။ ဣမေနိ-ကာယာ၊ ဤဘာသာဝင်ဂိုဏ်းတို့သည်။ နထိ=နဿန္တိ၊ မရှိကုန်။ ရ္ဂေဇနပဒေ စ၊ ထိုတိုင်းပြည်သည်လည်း။ နထိ၊ မရှိ။ ယေန၊ အကြင်ဘာသာဝင် ဂိုဏ်း၌။ ဗံဟွနေ စ၊ ပုဏ္ဏားသည်လည်းကောင်း။ ရ္ဟမနေ စ၊ ရဟန်းသည်လည်းကောင်း။ နထိ၊ မရှိ။ ဧရ္ဂ စ၊ ဤတိုင်းပြည်သည်လည်း။ နထိ၊ မရှိ။ ယတာ၊ အကြင်တိုင်းပြည်၌။ မနုရ္ဟာနံ၊ လူတို့၏။ ဧကတလရှိ၊ တညီတည္ထတ်တည်းသော။ ပါရ္ဟဒ္ဒရှိ အပိ၊ ဘာသာဝင်ဂိုဏ်း၌လည်း။ ပရ္ဟာဒေ နာမ၊ ကြည်ညိုသောသူ မည်သည်။ နော၊ မရှိ။ ကုဝါပိဇနပဒေ၊ ဤကဲ့သို့ တစ်စုံတစ်ခုသော တိုင်းပြည်သည်လည်း။ နထိ၊ မရှိ။

တဒါ၊ ထိုကလိင်္ဂတိုင်းပြည်ကို အောင်မြင်သောအခါ၌။ လ. . . ရ္ဟ=လခေရ္ဟ၊ ရအပ်ကုန်ပြီးသော။ ကလိင်္ဂေရ္ဟ၊ ကလိင်္ဂတိုင်းပြည်တို့၌။ အာဝတကေ၊ အကြင်မျှလောက်သော။ ရ္ဟေ ဇနေ၊ ထိုလူများအပေါင်းသည်။ ဟတေ စ၊ ဒဏ်ရာလည်းရှိပြီ။ မဋ္ဌေ စာ၊ ကာလရောဂါ-စသည်ကြောင့် သေလည်း သေလေပြီ။ အပဝုပေ စာ၊ အကျဉ်းသားအဖြစ်ဖြင့် ယူလည်းယူဆောင်လေပြီ။ တတာ၊ ထိုဒဏ်ရာရရှိသောသူ-စသည်၌။ ရ္ဟတေဘာဂေ ဝါ၊ ၁၀၀-ပုံ၍ ၁-ပုံမျှသည်လည်းကောင်း။ ရ္ဟဟရ္ဟဘာဂေ ဝါ၊ ၁၀၀၀-ပုံ၍ ၁-ပုံမျှသည်လည်းကောင်း။ စေ၊ အကယ်၍။ နာသ္ဟတိ၊ ပျက်စီးကြားအံ့။ ရ္ဟေ စ၊ ထိုမျှလောက်ပျက်စီးခြင်းကိုလည်း။ အဇ္ဈယနေ့။ ဝါ၊ ယခုအခါမှာ။ ဒေဝါနံ၊ နတ်တို့၏။ ပိယရ္ဟာ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီးသည်။ ဂုလုမတေ၊ အလွန်ဝန်လေး၏-ဟူ၍ အောက်မေ့အပ်ပြီ။

ယောပိ စ၊ အကြင်သူသည်လည်း။ အပကရေယတိ၊ ပျက်စီးအောင် ပြုလုပ်၏။ ဝေါ၊ ထိုသူကို။ ဒေဝါနံ၊ နတ်တို့၏။ ပိယရ္ဟာ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီးသည်။ ဆမိတဝိယမတေ၊ သည်းခံခြင်းငှာ ထိုက်၏-ဟု အောက်မေ့အပ်ပြီ။ တဒါ၊ ထိုအခါ၌။ ဆမိတဝေ၊ သည်းခံခြင်းငှာ။ သကံ၊ စွမ်းနိုင်၏။ အဋ္ဌဝိယော၊ တောင့် နေသော။ ယာစပိ၊ အကြင်သူသည်လည်း။ ဒေဝါနံ၊ နတ်တို့၏။ ပိယရ္ဟာ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီး၏။ ပိဇိတေ=ဝိဇိတေ၊ နိုင်ငံတော်၌။ ပါတိ၊ နေလျက်ရှိ၏။ တပိ=တံ အပိ၊ ထိုတောသူ,တောင်သားကိုလည်း။ အနုနေတိ၊ ယဉ်ကျေးစေ၏။ အနုနိစျပေတိ၊ တရားတော်၌ သက်ဝင်စေ၏။

ဟိ၊ အဘယ်ကြောင့်နည်းဟူမူကား။ စေ၊ အကယ်၍။ ဧဝံ၊ ဤသို့။ နု ကရေ၊ မပြုငြားအုံ့။ တဒါ၊ ထိုအခါ၌။ ဒေဝါနံ၊ နတ်တို့၏။ ပိယရှာ၊ ကြည်ညိုသဒ္ဓါ မြတ်နိုးရာလည်း ဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီးအား။ ပြဘဝေ၊ ချမ်းသာစွာ နေရာ၌။ အနုတပေပိ စ၊ နောင်တပူပန်ရခြင်းသည်လည်း။ ဘဝေ၊ ဖြစ်ရာ၏။ ဒေဝါနံ၊ နတ်တို့၏။ ပိယရှာ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီးသည်။ တေရှံ၊ ထိုတောသူ,တောင်သားတို့အား။ ဣဒံ၊ ဤမည်သောစကားကို။ ဝုစတိ=ဝုစတေ၊ မိန့်ဆိုအပ်၏။

ကိတိ၊ အဘယ်ကဲ့သို့ မိန့်ဆိုအပ်သနည်းဟူမူကား။ တုမ္မေ၊ သင်တို့သည်။ အဝတြပေ-ယု၊ မကောင်းမှုမှ ရှက်ကြကုန်လော့။ နု စ. . . နေယု=နု စ ဟံနေယု၊ မပျက်စီးစေကြကုန်လင့်။ ဝါ၊ မင်းဒဏ်မှ ကင်းလွတ်အောင် နေကြကုန်လော့။ ဒေဝါနံ၊ နတ်တို့၏။ ပိယော၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီးသည်။ ရှဝဘု. . . =ရှဝဘုတာနံ၊ အလုံးစုံကုန်သော သတ္တဝါတို့၏။ အဆတိ စ၊ မပျက်စီးခြင်းကိုလည်းကောင်း။ ရှယမ စ၊ ကိုယ်,နှုတ်,နှလုံး၊ စောင့်သုံးခြင်းကိုလည်းကောင်း။ ရှမစလိယံ စ၊ တရားတော်၌ ကောင်းစွာ ကျင့်သုံးခြင်းကိုလည်းကောင်း။ ဝါ၊ တရားတော်နှင့်အညီ ကျင့်ခြင်းကိုလည်းကောင်း။ မဒဝတိ စ၊ ဝမ်းမြောက်ခြင်းကိုလည်းကောင်း။ ဣဆ. . . = ဣဆတိ ဟိ၊ အလိုရှိသည်သာလျှင်ကတည်း။

ဝု၊ ထိုမှတပါး။ ယေ ဓံမဝိဇယေ၊ အကြင်တရားတော်၏ အောင်မြင်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣယံ၊ ဤတရားတော်၏ အောင်မြင်ခြင်းကို။ ဝိဇယေ၊ ကောင်းသော အောင်မြင်ခြင်း-ဟူ၍။ ဒေဝါနံ၊ နတ်တို့၏။ ပိယေရှာ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီးသည်။ မု. . . =မုခမုတေ၊ မုခ၊ မှတ်ထင်အပ်ပြီ။ ပုနာ စ၊ တဖန်လည်း။ ရှေ၊ ထိုတရားတော်၏ အောင်မြင်ခြင်းကို။ ဒေဝါနံ၊ နတ်တို့၏။ ပိ. . . =ပိယရှာ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီး၏။ . . . ဒ= ဟိဒ စ၊ ဤမိမိနိုင်ငံတော်၌လည်းကောင်း။ ရှဝေရှ၊ အလုံးစုံကုန်သော။ အတေရှ စ၊ နယ်စွန်နယ်ဖျားတို့၌လည်းကောင်း။ အရှရှပိယောဇနရှတေရှ၊ ယူဇနာ ၆၀၀-တို့၌လည်းကောင်း။ အတ၊ အကြင်ယူဇနာ ၆၀၀-အတွင်းတို့၌။ အံတိယောဝေ နာမ၊ အန္တိယောဂ အမည်ရှိသော။ ယောန. . . =ယောနရာဇာ၊ ယောနမင်းလည်းကောင်း။ တေနာ အတိယောဝေနာ၊ ထိုအန္တိ-ယောဂမှ။ ပလံ၊ တပါးသော။

တုလမယေ နာမ၊ တုလမယ အမည်ရှိသောမင်း။

အံတေကိနေ နာမ၊ **အံတေကိန** အမည်ရှိသောမင်း။

မကာ နာမ၊ မက အမည်ရှိသောမင်း။

အလိကျရှုဒလေ နာမ၊ အလိကသုဒရ အမည်ရှိသောမင်း။

(ကြွတိ)၊ ဤသို့။ စတာလိ၊ ၄-ပါးကုန်သော။ လဇာနေ စာ၊ မင်းတို့သည်လည်း ကောင်း။ နိစ်၊ မိမိတိုင်းပြည်မှ အောက်။ ဝါ၊ တောင်ဘက်ဖြစ်သော။ စောဒ၊ စောဒပြည်၌ လည်းကောင်း။ ပံဋိယာ၊ ပဏ္ဍိယပြည်၌လည်းကောင်း။ အဝံ၊ ဤအတူ။ တံဗပံနိယာ၊ တမ္ဗပါဏိ ကျွန်း၌လည်းကောင်း။ ဧတေရှု ဤအလုံးစုံကုန်သော ပြည်တို့၌။ လဓေ၊ ရအပ်ပြီ။ ဟေဝမေဝ ဟေဝမေဝါ၊ ဤအတူသာလျှင်။ ဝိသျှဝဇိ=ဝိသဝဇိ ဝိသပြည်, ဝဇိပြည်တို့၌လည်းကောင်း။ ယောနကံဗောဇေရှု ယောနပြည်, ကမ္ဗောဇပြည်တို့၌လည်းကောင်း။ နာဘကေ၊ နာဘက ပြည်၌လည်းကောင်း။ နာဘပံတိရှု နာဘပံတိပြည်တို့၌လည်းကောင်း။ ဘောဇပိတိနိကျေရှု ဘောဇပြည်, ပိတိနိကပြည်ကို့၌လည်းကောင်း။ အဓပလဒေရှု အဓပြည်, ပလဒပြည်တို့၌ လည်းကောင်း။ ရှဝတာ၊ အလုံးစုံကုန်သော ပြည်တို့၌လည်းကောင်း။ ဒေဝါနံ၊ နတ်တို့၏။ ပိယရှာ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီး၏။ ဓံမာနုရှထိ၊ တရားတော်၏ ဩဝါဒကို။ အနုဝတ်တိ၊ အစဉ်လိုက်နာကြကုန်၏။

ယတပိ၊ အကြင်အကြင် တိုင်းပြည်၌လည်း။ ဒေဝါနံ၊ နတ်တို့၏။ ပိယသာ၊ ကြည်ညို သဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီး၏။ ဒုတာ၊ စေတမန်တို့သည်။ နော ယံတိ၊ မရောက်ကုန်သေး။ တေပိ၊ ထိုတိုင်းပြည်သားတို့သည်လည်း။ ဒေဝါနံ၊ နတ်တို့၏။ ပိယံယ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီး၏။ ဓံမဝုတံ စ၊ တရားတော်၏ ကြီးပွါးခြင်းကိုလည်းကောင်း။ ဝိဓနံ စ၊ တရားတော်၏ နည်းလမ်းအစီအရင် ကိုလည်းကောင်း။ ဓံမာနုသထိ စ၊ တရားတော်၏ ဩဝါဒကိုလည်းကောင်း။ ဓံမံ စ၊ တရား တော်ကိုလည်းကောင်း။ သုတု၊ ကြားနာရ၍။ အနုဝိဓိယံတိ၊ အစဉ်လိုက်နာ အောက်မေ့ကြ ကုန်၏။ အနုဝိဓိယိသံတိ၊ အစဉ်လိုက်နာ အောက်မေ့ကြကုန်လတ္တံ့။

ဧတကေနာ၊ ဤမျှ အတိုင်းအရှည်အားဖြင့်။ ယေ၊ အကြင်သူသည်။ သေ၊ ထို လက်နက်ဖြင့် အောင်ခြင်းကို။ သဝတာ၊ အလုံးစုံသောအရပ်၌။ လဓေ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။ တရှာ၊ ထိုသူအား။ သေ ဝိဇယေ၊ ထိုလက်နက်ဖြင့် အောင်ခြင်းသည်။ ပိတိလသေ၊ ပီတိရသဖြစ်၏။ ဓံမဝိဇယရှိ၊ ဓမ္မဝိဇယ၌လည်း။ ပိတိ=ယေ ပိတိ၊ အကြင်ပီတိမျိုးသည်။ အတ္ထိ၊ ရှိ၏။ သာ ပိတိ၊ ထိုပီတိမျိုးသည်။ ဂဓာ၊ အလွန်နက်နဲ၏။ ဝုခေါ=စုခေါ၊ စင်စစ်သော် ကား။ သာ ပိတိ၊ ထိုပီတိ ၂-ပါးသည်။ လဟုကာ၊ သေးနုပ်သောပီတိ မည်၏။ ဒေဝနံ၊ နတ် တို့၏။ ပိနေ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီးသည်။

ပါလံတိကျမေဝ၊ တမလွန်လောကနှင့်စပ်သော အကျိုးကိုသာလျှင်။ မဟာဖလာ၊ ကြီးမြတ်သောအကျိုး ရှိ၏-ဟု။ မံနံတိ၊ အောက်မေ့မှတ်ထင်၏။ ဧတာယေ၊ ဤသို့သဘောရှိသော။ အဋ္ဌာယေ စ၊ အကျိုးထူး,အကျိုးမြတ်အလို့ငှာ။ ဣဃ ခံမလိပိ၊ ဤတရားတည်းဟူသော ကျောက်ကမ္ဘည်းစာကို။ လိခိတာ၊ ရေးစေအပ်ပြီ။

ကိတိ၊ အဘယ်အကျိုးငှာနည်းဟူမူကား။ မေ၊ ငါ၏။ ပုတာ၊ သားတို့သည်လည်းကောင်း။ ပါပေါတာ၊ မြေးတို့သည်လည်းကောင်း။ အ. . . =အသု၊ ရှိသည်ဖြစ်ကုန်၏။ တေ၊ ထိုသားတော်, မြေးတော်တို့သည်။ နဝံ၊ အသစ်ဖြစ်သော။ ဝိဇယ၊ အောင်ခြင်းကို။ ဝိဇယံတ-ဝိယေ၊ အောင်အပ်, အောင်ထိုက်၏-ဟု။ မ မနိ ရှု၊ မအောက်မေ့ကြကုန်စေသတည်း။ စေ၊ အကယ်၍။ ရှယကရှိ နော=ရှယကရှိ ဧဝ၊ မြှားပစ်ခြင်း၌သာလျှင်။ ဝိဇယရှိ၊ အောင်မြင်ခြင်းသည်။ ဝါ၊ အောင်လိုသည်။ (သတိ)၊ ရှိသော်။ (တမှိ)၊ ထိုမြှားပစ်၍ အောင်မြင်ခြင်း၌။ ခံတိ စ၊ သည်းခံခြင်းကိုလည်းကောင်း။ ဝါ၊ အေးချမ်းခြင်းကိုလည်းကောင်း။ လဟုဒံဒုတာ စ၊ ပေါ့သောဒဏ်ကိုလည်းကောင်း။ လောစေတု=လောစေန္တု၊ နှစ်သက်ကြစေကုန်သတည်း။

စ၊ ထိုမှတပါးလည်း။ ယေ ခံမဝိဇယေ၊ အကြင်တရားတော်၏ အောင်ခြင်းသည်။ အထိ၊ ရှိ၏။ တမေဝ၊ ထိုတရားတော်၏ အောင်ခြင်းကိုသာလျှင်။ ဝိဇယံ၊ ကောင်းသောအောင်ခြင်း-ဟူ၍။ မနတု=မနန္တု၊ အောက်မေ့ကြစေကုန်သတည်း။ ဟိ၊ အဘယ်ကြောင့်နည်းဟူမူကား။ ရှေ၊ ထိုတရားတော်၏ အောင်ခြင်းသည်။ ဟိဒလောကိကျ၊ ဤပစ္စုပ္ပန်လောက၌လည်းကောင်း။ ပရလောကိကျေ၊ နောင်တမလွန်လောက၌လည်းကောင်း။ ဝိဇယံ၊ ကောင်းသောအောင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဟိဒ၊ ဤလောက၌။ ဥယာမလတိ၊ အားထုတ်ခြင်း၌ ရအပ်သောချမ်းသာသည်။ ရှဝ၊ အလုံးစုံသော။ နိလတိ စ၊ ချမ်းသာခြင်း၏ အကြောင်းသည်သာလျှင်။ ဟောတု=ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ရှာဟိ၊ ထို အလုံးစုံချမ်းသာခြင်းအကြောင်းဖြစ်သော အားထုတ်ခြင်း၌ ရအပ်သော ချမ်းသာသည်ပင်လျှင်။ ဟိဒလောကိက၊ ဤပစ္စုပ္ပန်လောက၌လည်းကောင်း။ ပလလောကိကျာ၊ နောင်တမလွန်လောက၌လည်းကောင်း။ မဟာဖလံ၊ ကြီးမြတ်သောအကျိုးရှိ၏။

၆။ ဂိရနာရ်, ကာလဆီ တေရသမသိလာလေခ-စသော ၄-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ-ပိယဒဿီ' တံဆိပ်နာမံတော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် မင်း၏အဘိသိက်ကို ခံ၍ ၈-နှစ်(သာသနာတော်သက္ကရာဇ် ၂၂၆-နှစ်)မြောက်သောအခါတွင် ကလိင်္ဂတိုင်းပြည်ကို အောင်မြင်တော်မူလေ၏။ ထိုအခါ ကလိင်္ဂတိုင်းပြည်မှ

လူဦးရေပေါင်း ၁,၅၀,၀၀၀-တို့ကို အကျဉ်းသားအဖြစ်နှင့် ယူဆောင်လေ၏။ ထိုကလိင်္ဂ တိုင်းပြည်တွင် လူဦးရေ ၁-သိန်းခန့်မျှတို့သည်လည်း သေလောက်သော ဒဏ်ရာကို ရရှိကြ လေကုန်၏။ ၎င်းပြင် ၁-သိန်းမက လူဦးရေတို့သည်လည်း ကာလရောဂါ-စသည်ဖြင့် သေဆုံး ကြလေကုန်၏။

ထို့နောက်မှ အောင်မြင်ခြင်းသို့ ရောက်ရှိလေပြီးသော ကလိင်္ဂတိုင်းပြည်၌ သီရိဓမ္မာ-သောကမင်းကြီး၏ တရားတော်ကို ကျင့်ဆောင်ခြင်း, စောင့်ရှောက်ခြင်း, အလိုရှိခြင်းနှင့် တရားတော်၏ အဆုံးအမသည် အနှံ့အပြား ကြီးပွါးထင်ပေါ် ဖြစ်ထွန်းစည်ကားလာ၏။ သာသနာတော် စည်ပင်လာသော် သီရိဓမ္မာသောကမင်းကြီးသည် နောင်တတဖန် သံဝေဂ ရရှိပြန်၏။ အဘယ်ကြောင့်နည်းဟူမူ သီရိဓမ္မာသောကမင်းကြီး အောက်မေ့သည်မှာ "အကြင် တိုင်းပြည်ကို တိုက်ခိုက်၍ အောင်မြင်သောအခါ လူတို့သည် အမြောက်အမြား ပျက်စီးကြ ကုန်၏။ ထိုတိုင်းပြည်ကို အောင်မြင်ငြားသော်လည်း ငါ့အား ကောင်းသောအောင်မြင်ခြင်း မဟုတ်-ဟူ၍လည်းကောင်း၊ လူတို့ကို ပျက်စီးစေ၍ အောင်မြင်ခြင်းကို အလွန်ဆင်းရဲရခြင်း အကြောင်းဖြစ်၏-ဟူ၍လည်းကောင်း၊ လေးသောဝန်ရှိ၏-ဟူ၍လည်းကောင်း" အောက်မေ့ မှတ်ထင်လေ၏။

ထိုမှတပါးလည်း သီရိဓမ္မာသောကမင်းကြီးသည် ဤကဲ့သို့ လူများကို သတ်ခြင်း, ဖျက်ဆီးခြင်း-စသည်ကို ပြု၍ အောင်မြင်ရာ၌ ဝန်လေးသည်ထက်မက သာလွန်၍ ဝန်လေး၏-ဟု အောက်မေ့မှတ်ထင်လေ၏။ အဘယ်ကြောင့်နည်းဟူမူ တိုင်းပြည်ဟူသမျှတို့၌ ရဟန်း, ပုဏ္ဏား ဘာသာတရားကို လိုက်နာကြသော ဂိုဏ်းသူ,ဂိုဏ်းသား၊ အိမ်ရာထောင်ကုန်သော သူတို့သည် ရှိနေကြကုန်၏။ ထိုသူတို့တွင် အမိ, အဘ, ဆရာသမားတို့အား ကိုးကွယ်ဆည်း ကပ်ခြင်းသည်လည်းကောင်း၊ မိတ်ဆွေ,အသိအကျွမ်း, သူငယ်ချင်း, ဆွေမျိုးဥာတိ, တသက် ကျွန်, လခစားတျွန်-ဟူသမျှတို့၌ ကောင်းသော ဝတ်တရားနှင့် လုံခြုံစွာ စောင့်ရှောက်ကြည့်ရှု ခြင်းသည်သာလျှင် ရှေးဦးစွာ ဆောင်ရွက်အပ်သော တရားနည်းလမ်း ဖြစ်ပေ၏။

ထိုတိုင်းပြည်၌ နေကုန်သောသူတို့ကို ဖျက်ဆီးခြင်း, သတ်ဖြတ်ညှဉ်းဆဲခြင်း၊ ၎င်းပြင် ချမ်းသာစွာ နေသူတို့သည် တိုင်းပြည်မှ ကွေကွင်းရခြင်းသည်လည်း ဖြစ်ပေ၏။ သို့ဖြစ်သည့် အတွက် မေတ္တာစိတ် မကင်းဘဲနှင့် ချမ်းချမ်းသာသာ အမြဲနေလေ့ရှိကုန်သောသူတို့၏ မိတ်ဆွေ, အသိအကျွမ်း, သူငယ်ချင်း, ဆွေမျိုးဥာတိအပေါင်းတို့သည်လည်း ကိုယ်,စိတ်,နှလုံး ၃-ပါးလုံးတို့၏ ဆင်းရဲခြင်းသို့ ရောက်ရှိကြလေ၏။ ထို့ကြောင့် ထိုလူများအားလုံးတို့ကိုလည်း ဖျက်ဆီးရာ,သတ်ရာသို့ ရောက်ပေ၏။ ထို့ကြောင့် ဝန်လေးသည်ထက်မက သာလွန်၍ ဝန်လေး၏-ဟု အောက်မေ့မှတ်ထင်လေ၏။

ဤသို့ ဖြစ်တတ်,ပျက်တတ်သော သဘောတရားမျိုးသည် လောကဌ် မည်သူမဆို၊ လူအလုံးတို့အား ရှိ၏။ သို့သော်လည်း ဤနေရာမှာ သီရိဓမ္မာသောကမင်းကြီးသည် အထူးပင် ဝန်လေး၏-ဟူ၍ အောက်မေ့မှတ်ထင်လေ၏။ အဘယ်ကြောင့်နည်းဟူမူ လောကမှာ ဘာသာဝင်ဂိုဏ်းမရှိသောပြည်-ဟူ၍လည်း မရှိ၊ ၎င်းဘာသာဝင်ဂိုဏ်းတို့တွင် ရဟန်း,ပုဏ္ဏားမှ ကင်းသော ဘာသာဝင်ဂိုဏ်းမည်သည်လည်း မရှိ၊ တစ်နည်း ရဟန်း,ပုဏ္ဏားမရှိသော တိုင်းပြည်သည်လည်း မရှိ။ လူတို့ စည်းလုံးညီညွတ်ပြီးလျှင် ဖွဲ့ထားသော ဘာသာဝင်ဂိုဏ်းဌ် မကြည်ညိုသောသူ မည်သည်လည်း မရှိ။ (အဓိပ္ပါယ်မှာ တိုင်းပြည်-ဟူသမျှတို့ဌ် ဘာသာဝင်ဂိုဏ်း၊ ရဟန်း,ပုဏ္ဏားတို့နှင့်တကွ ဘာသာတရားကို သက်ဝင်ယုံကြည်ကုန်သောသူတို့သည် ရှိနေကုန်သည်သာလျှင်တည်း။) ထို့ကြောင့် အထူးဝန်လေး၏-ဟု နောင်တရခြင်းဖြင့် အောက်မေ့မှတ်ထင်၏။

ထိုအခါ အောင်မြင်လေပြီးသော ကလိင်္ဂတိုင်းပြည်ဌ် အကြင်မျှလောက်ကုန်သော သူတို့သည် ဒဏ်ရာရခြင်း, သေကြေပျက်စီးခြင်း, အကျဉ်းသားအဖြစ်နှင့် တိုင်းပြည်မှ ကွေကွင်းရခြင်းတို့သည် ဖြစ်ကြရကုန်၏။ ထိုမျှလောက်ကုန်သောသူတို့ကို မဆိုထားနှင့်။ ထိုသူများအနက် ၁၀၀-ပုံ၍ ၁-ပုံခန့်မျှလည်းကောင်း သို့မဟုတ် ၁,၀၀၀-ပုံ၍ ၁-ပုံခန့်မျှလည်းကောင်း အကယ်၍ကား ပျက်စီးခြင်းသို့ ရောက်ကြားအံ့။ ထိုမျှလောက် ပျက်စီးခြင်းသို့ ရောက်သည်ရှိသော် သီရိဓမ္မာသောကမင်းကြီးသည် အလွန်ဝန်လေး၏-ဟု ယခုအခါမှာ အောက်မေ့မှတ်ထင်၏၊ မှတ်ထင်လိမ့်မည်။ အကြင်သူသည် တစ်စုံတစ်ခုကို ပျက်စီးအောင် ပြုလုပ်၏။ ထိုအပြစ်ကို သီရိဓမ္မာသောကမင်းကြီးသည် သည်းခံခြင်းငှာ ထိုက်သောအပြစ်-ဟု သိလတ်သော် ထိုသူ၏အပေါ်မှာ သည်းခံနိုင်ပေ၏။

ဤပြင် သီရိဓမ္မာသောကမင်းကြီးသည် မိမိနိုင်ငံတော်အတွင်းဌ် နေထိုင်ကြကုန်သော တောသူ,တောင်သားများကိုလည်း ယဉ်ကျေးစေပြီးလျှင် တရားတော်ဌ် သက်ဝင်စေ၏။ အဘယ်ကြောင့်နည်းဟူမူ အကယ်၍ ဤကဲ့သို့ မပြုလုပ်လိုက်လျှင် ချမ်းသာစွာနေသော သီရိဓမ္မာသောကမင်းကြီးအား နောင်တပူပန်ခြင်းအကြောင်းသည် မုချဖြစ်ရာ၏။ တစ်နည်း ဖြစ်ရမည်။ ဤမျှသာ မကသေး။ သီရိဓမ္မာသောကမင်းကြီးသည် ထိုတောသူ,တောင်သားတို့ကို သင်တို့သည် မကောင်းမှုကို ပြုလုပ်ရာဌ် ဟိရိသြတ္တပ္ပတရားကို စောင့်ရှောက်ရမည်။ မင်းဒဏ်မှလည်း ကင်းလွတ်အောင် နေကြရမည်။ ဤမည်သောစကားကိုလည်း မိန့်ဆိုလိုက်၏။ သီရိဓမ္မာသောကမင်းကြီးသည် အားလုံးကုန်သော သတ္တဝါတို့၏ မပျက်စီးခြင်း၊ ကိုယ်, နှုတ်,နှလုံး စောင့်သုံးခြင်း၊ တရားတော်နှင့်အညီ ကျင့်ဆောင်ခြင်း၊ ဝမ်းမြောက်ဝမ်းသာ နေထိုင်ခြင်း-စသည်များကိုသာလျှင် အလိုရှိ၏။

ထိုမှတပါး သီရိဓမ္မာသောကမင်းကြီးသည် ဓမ္မဝိဇယကိုသာ ဝိဇယအစစ်-ဟု မှုချ အောက်မေ့မှတ်ထင်၏။ တဖန် ထိုဓမ္မဝိဇယကို သီရိဓမ္မာသောကမင်းကြီးသည် မိမိ၏နိုင်ငံ တော်၌လည်းကောင်း၊ နယ်စွန်နယ်ဖျားတို့၌လည်းကောင်း ပျံ့နှံ့စေ၏။ ၎င်းပြင် မိမိတိုင်းပြည် နှင့် အနီးအပါး ယူဇနာ ၆၀၀-အတွင်း၌ရှိသော အန္တိယောဂမည်သော ယောနမင်း၊ ၎င်းမင်းမှ တပါး အခြားကုန်သော တုလမယ, အန္တေကိန, မက, အလိကသုဒရ-ဟု ဆိုအပ်ကုန်သော မင်း ၄-ပါးတို့သည်လည်းကောင်း၊ ဤမင်း ၅-ပါးတို့သည်လည်း သီရိဓမ္မာသောကမင်းကြီး၏ ဓမ္မဝိဇယကို လိုက်နာကြကုန်၏။ ဤမျှသာ မကသေး။

ပါဋ္ဌလိပုတ်ပြည်မှ တောင်ဘက်ရှိ၊ တစ်နည်း အိန္ဒိယတောင်ပိုင်းရှိ စောဠပြည်, ပဏ္ဍိယပြည်, သီဟိုဠ်ကျွန်း၌လည်းကောင်း၊ ၎င်းပြင် ဝိသ, ဝဇိ, ယောန, ကမ္ဘောဇ, နာဘက, နာဘပန္တိ, ဘောဇ, ပိတိ, နိက္ခ, အဓ, ပလဒ-ဟု ဆိုအပ်ကုန်သော ပြည်တို့၌လည်း သီရိဓမ္မာ-သောကမင်းကြီး၏ ဓမ္မာနုသာသနတရားမျိုးကို လိုက်နာကြကုန်၏။ သီရိဓမ္မာသောကမင်းကြီး ၏ သံတမန်အမတ်များ မရောက်သေးကုန်သော တိုင်းသူ,ပြည်သားတို့သည်လည်း သီရိဓမ္မာ-သောကမင်းကြီး၏ ဓမ္မဝုပ, ဓမ္မဝိဓာန, ဓမ္မာနုသိဋ္ဌ-ဟု ဆိုအပ်သော တရားတော်ကို ကြားနာ ကြရ၍ လိုက်နာကျင့်ကြံကြကုန်၏။ နောက်နောင်ကိုလည်း အစဉ်လိုက်၍ ကျင့်ဆောင်ကြ ကုန်လတ္တံ့။

အကြင်သူသည် ဤနည်းလမ်းအတိုင်း လက်နက်တို့ဖြင့် တိုက်ဖျက်၍ တိုင်းပြည် အားလုံးကို ရရှိ၏။ ထိုသူအား ထိုလက်နက်ဖြင့် တိုက်ဖျက်၍ ရအပ်သော ပီတိသုခသည် ဖြစ်၏။ ဓမ္မဝိဇယမှာလည်း နက်နဲသော ပီတိသုခသည် ရှိ၏။ သို့သော်လည်း ထိုပီတိသုခ ၂-ပါးသည် ယခုပစ္စုပ္ပန်နှင့် စပ်လျဉ်းသောကြောင့် သေးနုပ်သော ပီတိသုခမျိုးသာ ဖြစ်၏။ သီရိဓမ္မာသောကမင်းကြီးသည် တမလွန်လောကနှင့် စပ်လျဉ်းသော ပီတိသုခအကျိုးမျှကို သာလျှင် ကြီးမြတ်သော ပီတိသုခအကျိုး-ဟု အောက်မေ့မှတ်ထင်၏။ ဤသို့သောအကျိုးဌာ ဤဓမ္မလိပိခေါ်သော ကျောက်ကမ္ပည်းစာကို ရေးသားစေ၏။

အဘယ်အကျိုးဌာ ရေးသားစေသနည်းဟူမူ နောက်သားနောင်လာ ငါ၏သားတော်, မြေးတော်-စသည်တို့အား အသစ်အသစ် တိုင်းပြည်, ခရိုင်, နိုင်ငံတို့ကို တိုက်ခိုက်၍ အောင်မြင် ခြင်းသည် ငါတို့ ခတ္တိယမျိုးတို့၏ အောင်အပ်သော ဝတ္တရား-ဟု မအောက်မေ့စေခြင်းဌာ လည်းကောင်း၊ အကယ်၍ မြားလက်နက်ဖြင့် ပစ်ခတ်၍ အောင်ငြားသော်လည်း ထိုအောင် ခြင်း၌ သည်းခံနိုင်သမျှ သည်းခံပြီးလျှင် ပေါ့သောဒဏ်ကို ပေးစေခြင်းအလို့ဌာလည်းကောင်း၊ ထိုမှတပါး ပစ္စုပ္ပန်လောက, တမလွန်လောက ၂-ဌာနတို့၌ ကောင်းမြတ်သော အောင်ခြင်း

မည်သော ဓမ္မဝိဇယကို ဝိဇယ-ဟု အောက်မေ့စေခြင်းအလို့ဌာလည်းကောင်း ရေးသားစေ၏။ ပစ္စုပ္ပန်၌ အားထုတ်၍ ရအပ်သော ပီတိသုခချမ်းသာ-ဟူသမျှသည် အလုံးစုံချမ်းသာခြင်း၏ အကြောင်းရင်းသာလျှင် ဖြစ်၏။ အကြောင်းကို ဆိုသော် ထိုအကြောင်းရင်းဖြစ်သော ချမ်းသာ သည်ပင်လျှင် ပစ္စုပ္ပန်, တမလွန် ၂-တန်သောဘဝမှာ ကြီးမြတ်သောအကျိုးရှိ၏။

အမှာစကား။ ကလိင်္ဂတိုင်းပြည်သည် မဟာနဒီနှင့် ဂိုဒါဝရီမြစ်၏အကြား၊ ဗင်္ဂလားအော်၏ အနောက်ဘက်ကမ်းခြေတွင် ရှိ၏။ ယခုအခါ ဥရိဆာနယ်သည်ပင်လျှင် ရှေးဟောင်း ကလိင်္ဂ၏အမည် ဖြစ်၏။ ဖြစ်ကြောင်းကို ရှေးက ရေးသားထားခဲ့သော ရာဇဝင် ဟိန္ဒီဘာသာကျောက်စာတို့၌ မျှားစွာတွေ့ရှိရ၏။

ဒဲ့တိယောဂ-ကို အန္တိယောကဆ်-ဟူ၍လည်း ခေါ်ဆိုကြ၏။ ၎င်းတိုင်းပြည်ကို ဒုတိယ သိလာလေခ-၌ ကြည့်လေ။ တုလမယ-ကို ဟိန္ဒီ, သင်္ဂျပ္ပဘာသာ၌ တုရမယ-ဟူ၍ ခေါ်ဆို၏။ ၎င်းမင်းသည် ခရစ်တော်မပေါ်မီ ၂၈၅-နှစ်မှ ၂၄၇-ထိ အီဂျစ်ပြည်ကို စိုးပိုင်ခဲ့သော တာလေမီ-ဖိလာဒေလဖဆ်ခေါ်သော မိဆရမင်းပင် ဖြစ်၏။

အ်တေကိန-ကို ဟိန္ဒီ,သင်္ဂျပ္ပဘာသာ၌ အန္တိကိန-ဟူ၍ ခေါ်ဆို၏။ ၎င်းမင်းသည် ခရစ်-တော်မပေါ်မီ ၂၇၈-နှစ်မှ ၂၃၉-ထိ မေဆီဒိုနီယာပြည်ကို အုပ်ချုပ်သော အင်တီဂိုနဆ်ဂိုနတဆ် မင်း ဖြစ်၏။ မက-ကို မဂ-ဟူ၍လည်း ခေါ်ဆို၏။ ဟိန္ဒီဘာသာ၌ မဂဆ်-ဟူ၍ ပါရှိ၏။ ၎င်းမင်း သည် ခရစ်တော်မပေါ်မီ ၂၈၅-နှစ်မှာ မင်းဖြစ်၍ ၂၅၈-ခုနှစ်မှာ နတ်ရွာစံလေ၏။ ဆိရီနီပြည်ကို အုပ်ချုပ်သော တာလေမီဘုရင်နှင့် ညီအစ်ကိုတော်ကြ၏။

အလိကျရှဒလ-ကို အလိကသုဒရ-ဟူ၍လည်းကောင်း, အဆိကသုဒရ-ဟူ၍လည်း ကောင်း ခေါ်ဆိုကြ၏။ ၎င်းမင်းသည် ခရစ်တော်မပေါ်မီ ၂၇၂-နှစ်မှ ၂၅၈-နှစ်တိုင်အောင် ဧပိရဆ်ပြည်ကို စိုးအုပ်သော အလက္ကဇိုင်ဒါရ်မင်းပင် ဖြစ်၏။ စောဋ, စောလ, ပံဋိယ, တံဗပံနိယ၊ ၎င်းပြည်တို့ကို ဒုတိယသိလာလေခမှာ ကြည့်လေ။

ဟိန္ဒီနှင့် သင်္ဂျပ္ပဘာသာမှာ ဝိသျှဝိသ-ကို ဝိရှ-ဟူ၍လည်းကောင်း, ဝဇိ-ကို ဗြဂျိ-ဟူ၍လည်းကောင်း, ဗြိဂျိ-ဟူ၍လည်းကောင်း ပါရှိ၏။ ပါဠိနှင့် မြန်မာဘာသာအားဖြင့်သော်ကား ဝိသ, ဝဇ္ဇိ, ဝိဇ္ဇိ-ဟူ၍ပင် ဖြစ်သင့်၏။ ၎င်းပြည်၏ အမည်တို့သည်ကား ရှေးဟောင်းအမည်ဖြစ်၏။ ၎င်းတိုင်းပြည်တို့၏ဌာနကို အသေအချာ မသိရသေး။ ဗူလရ် အင်္ဂလိပ်၏ အလိုအားဖြင့်ကား ဝိရှ-ကို ဝိုက်သျှ, ရာဇပုတ-ဟူ၍ပင် ဖြစ်သင့်၏-ဟူ၍လည်းကောင်း၊ ၎င်းပြင် ဗြိဂျိကို ဗိုက်သျှာလီ, ဝေသာလီ-ဟူ၍ပင် ဖြစ်သင့်၏-ဟူ၍လည်းကောင်း အယူရှိ၏။ ဟိဒလာဇ-ပုဒ်ကို အခို့ ဆရာက ဟိဒရာဇခေါ်သောပြည်-ဟု ပြန်ဆို၏။ ၎င်းပြည်၏ အမည်ကိုလည်း ယခုထက်ထိ မသိရသေး။

ယောန, ကံဗောဇ-ကို ပဉ္စမသိလာလေခမှာ ကြည့်လေ။ နာတကနှင့် နာဘပ်တိ၊ ၎င်းတို့၏အမည်ကိုလည်း အသေအချာ မသိရသေး။ ကျမ်းဂန်၌မူကား နာဘိတီ, နာဘာဂ-အမည်ဖြင့် ရှေးမင်းတို့၏အမည်ကို တွေ့ရှိ၏။ ဘောဇ ၎င်းပြည်သည် ယခုကာလ ဗရာရ်နယ်ရှိ ဣလိကျပုရ်ဒေသပင် ဖြစ်၏။ မဟာဘာရတ၌ ဝိဒရဘ-ဟု လာရှိ၏။ အဓ-ကို ဟိန္ဒီနှင့်သင်္ဂျပ္ပ ဘာသာမှာ အံ့ခြ-ဟူ၍ ခေါ်ဆို၏။ ၎င်းသည် ရှေးဟောင်းလူမျိုးတစ်မျိုးဖြစ်၍ အသောကနောက် နှစ်ပေါင်း ၄၀၀-ကျော်တိုင်အောင် ခိုင်ခဲ့သောပြည် ၁-ပြည်ကို တည်၍ နေကြလေ၏။ ဂိုဒါဝရီနှင့် ကြိုရှဏာနဒီမြစ်၏အကြားတွင် နေကြသောသူတို့ကို အံ့ခြပြည်သား-ဟု ခေါ်ကြ၏။ ရှေး အံ့ခြလူမျိုးသည် ယခုအခါ တိုက်လင်္ဂလူမျိုး ဖြစ်၏။

ပိတိနိကျ=ပိတိနိက-ကို ဟိန္ဒီဘာသာမှာ ပိုက်ဌနိက်-ဟူ၍ ခေါ်ဆို၏။ ၎င်းကို ပဉ္စမသိလာလေခမှာ ကြည့်လေ။ ပလဒ, ပါရိဒ, ပုလိဒ၊ ဤ ၃-ပုဒ်သည် တူမျှသော အနက်ရှိ၏။ စင်စစ်သော်ကား ဒေသ, ကာလအလိုက် အခေါ်အဝေါ် ကွဲပြားရုံမျှသာ ဖြစ်ပေ၏။ ထို့ကြောင့် ယခုကာလ ဟိန္ဒီဘာသာမှာ ပုလိ=ဒ-ဟူ၍ လာရှိ၏။ ၎င်းလူမျိုးတို့သည် လူရိုင်းမျိုး ဖြစ်ကုန်၏။ အိန္ဒိယအလယ်ပိုင်းရှိ တော,တောင်တို့၌ နေကြသောသူတို့-ဟု ဆိုလိုသည်။

ဒုတ, ဒူတိ -စေတမန်, သံအမတ်၊ ၎င်းသည် အသောကမင်းကြီး၏ အမိန့်တော်နှင့် အတိုင်းတိုင်းအပြည်ပြည်သို့ သွားရောက်၍ သာသနာပြု၏။ အသောကမင်းကြီး၏ တမန်များ ရောက်သောပြည်ကို အမြွက်မျှ အောက်၌ ရေးထည့်လိုက်၏။ ယဝန, ကမ္ဘောဇ, ဂန္ဓာရ, ရာရှတြိ-က, ပိတိနိက, ဘောဇ, အံ့ခြ, ပုလိ=ဒ= တောတောင်တို့မှာ ရှိနေသော ပြည်ရွာ, ကေရလပုတြ, ဆတျပုတြ, စောဠ(စောလ), ပဏ္ဍိယ, သီဟိုဠ်ကျွန်း, ဆီရိယာ, မိဆရ, ဆိရိန်, မဂ္ဂဆိဒ္ဓိနိယာ, ဧပိရဆ်(ဧပိရတ်စ) အစရှိသည်တည်း။ (ဆီရိယာ-စသော ၅၂ ၅-ပြည်ထောင်သည် ဂရိတ်ပိုင်နယ်နိုင်ငံတော် ဖြစ်လေ၏။)

ဤကျောက်စာ၌လည်း ၄-ဌာနမျှသာ ရရှိ၏။ ကျောက်စာမှာ "ဧ၀မေ၀, ဧ၀မေ၀"ဟု ၂-ကြိမ် ထပ်ပါ၏။ ၎င်းသဒ္ဒါကို အချို့ဆရာက ကျောက်စာရေးသူ၏ ပမာဒလေခမျှသာ၊ အနက်အထူးမရှိ-ဟု ပြောဆို၏။ အချို့ဆရာများက တိုင်းပြည်အများတို့ကို ငဲ့သောအားဖြင့် ၂-ကြိမ်ထပ်၍ ဆိုဟန်ရှိ၏-ဟု ပြောဆိုကြ၏။ ထိုဝါဒ ၂-မျိုးကို ဆင်ခြင်ပြီးလျှင် သဘောကျရာ အနက်ကို ယူကြလေ။

ဓမ္မဝိဇယ-ကို သက်သက်ပစ္စုပ္ပန်၏ အစီးအပွါးဖြစ်သော ဓမ္မဝိဇယ၊ ၎င်းပြင် ပစ္စုပ္ပန်, တမလွန် ၂-တန်သော လောက၏ အစီးအပွါးဖြစ်သော ဓမ္မဝိဇယ-ဟု မှတ်ယူရမည်။ အဘယ့်ကြောင့်ဆိုသော် ဓမ္မဝိဇယ၌ရှိသော ပီတိသုခသည် မြတ်၏-ဟုပင် ဆိုသော်လည်း အောက်ဝါကျ စကား၌ ပါလ်တိကျမေ၀ မဟဖလာ-သဒ္ဒါကို အထူးပြု၍ ဆိုခြင်းကြောင့်တည်း။

----- × -----

[၁၅] စတုဒ္ဒသသီလာလေခ ဂိရနာရ် စုဒ္ဒသမသီလာလေခ မူလပါဠ် ၄-ဌာန

၁။ ဂိရနာရ် စုဒ္ဒသမသီလာလေခ မူလပါဠ်

အယ် ခံမလိပိ ဒေဝါနံ ပြိယေန ပြိယဒသိနာ ရာညာ လေခါပိတာ အတ္ထိ ဧဝ * သံခိတေန အတ္ထိ မစ္ဆမေန အတ္ထိ ဝိတ္ထတန [၊] နဲ စ သရဝ သရဝတ ယဒ္ဓိတံ * [၊] မဟာလကေ ဟိ ဝိဇိတံ ဗဟု စ လိခိတံ လိခါပယိသံ စေဝ [၊] အတ္ထိ စ ဧတကံ * ပုန ပုန ဝုတံ တသ တသ အထသ မာဓူရတာယ [,] ကိံတိ [?] ဇနော တထာ ပဋိပဇေယ [၊] တတြ ဧကဒါ အသမာတံ လိခိတံ အသဒေသံ ဝ သဆာယကာရဏံ ဝ * အလောစေတွာ လိပိကရာပရဓေနဝ * [၊]

၂။ ကာလဆီ စုဒ္ဒသမသီလာလေခ မူလပါဠ်

ဣယ် ခံမလိပိ ဒေဝါနံ ပိယေနာ ပိယဒရ္ဒိနာ လဇိနာ လိခါပိတာ အထိ ယေဝါ သုခိ*တေနာ အထိ မစ္ဆိမေနာ အထိ ဝိထဒ္ဓေနာ [၊] နော ဟိ သဝတာ သဝေ ယဒ္ဓိတေ [၊] မဟာလကေ ဟိ ဝိ*ဇိတေ ဗဟုစ လိခိတေ လေခါပေသ္ဟာမိ စေဝ နိကျံ [၊] အထိစာ ဟေတာ ပုနံ ပုန လပိ* တေ တရ္ဒ တရ္ဒာ အထရ္ဒာ မဓုလိယာယေ ယေန ဇနေ တထာ ပဋိပဇေယာ [၊] ရ္ဒေ ရ္ဒိယာ အတ ကိဆိ အ*သမတိ လိခိတေ ဒိရ္ဒာ ဝါ ရ္ဒံခေယေကာလနံ ဝါ အလောစယိတု လိပိကလပလာခေနဝါ* [၊]

၃။ ဓောက်လီ စုဒ္ဒသမသီလာလေခ မူလပါဠ်

ဣယ် ခံမလိပိ ဒေဝါနံ ပိယေန ပိယဒသိနာ လာဇ . . . လိခ . . . . . အထိ မစ္ဆိမေန . . . . . နော ဟိ သဝ သဝတ ယဒ္ဓိတေ * [၊] မဟံတေ ဟိ ဝိဇယေ ဗဟုကေ စ လိခိတေ လိခိယိသာ စေဝ . . . [၊] အထိ စ ဟေ . . . . . ဒါယေ * ကိံတိ စ [?] ဇနေ တထာ ပဋိပဇေယာ တိ [၊] ဧပိ စု ဟေတ . . . အသမတိ လိခိတေ . . . သံ . . . သံ . . . . . လောစယိတု . . . ကလတိ * [,]

၄။ ကျောဂ္ဂရ် စုဒ္ဒသမသိလာလေခ မူလပါဠ်

. . . . . .
စျိမေန အထိ ဝိထဒ္ဓေန [၊] နော ဟိ သဝေ သဝတ ယဒ္ဓိတေ [၊] မဟ်တေ ဟိ ဝိဇယေ*
. . . . . [၊]. . . . . သ
မာဓုလိယာယေ [,] ကိ်တိ စ [?] ဇနေ တထာ ပဒ္ဓိပဇေယာ တိ [၊]ဧ ပိ စု ဟေတ*
. . . . . * [၊]

၅။ သ္ဝာဟဘာဂ်ိဂဟရီ စုဒ္ဒသမသိလာလေခ မူလပါဠ်

အယော မခြေမဒိပိ ဒေဝနံ ပြိယေန ပြိယသ္ဝိ နု ရည ဒိပပ်တော အသ္ဓိ ဝေါ သံခိတေန အသ္ဓိ ယော ဝိတ္ထြိဒ္ဓေန [၊] နု ဟိ သဗ္ဗြတ္ပဲ သော သဗ္ဗြေ ယဒ္ဓိတိ [၊] မဟာလကေ ဟိ ဝိဇတေ ဗဟု စ လိခိတေ လိခပေ သ္ဝမိ စေဝ [၊] အသ္ဓိ စ အတ္ထြ ပုနပုန လပိတံ တသတသ အဒ္ဓသ မာဓုရိယယေ ယေန ဇန တထ * ပြဒ္ဓိပဇေယ တိ [၊] သော သိယ ဝ အတ္ထြ ကိစိ အသမတံ လိခိတံ ဒေသ္ဝ ဝ သံခယေကရဏ ဝ အလောစေတိ ဒိပိကရသ ဝ အပရဓေန * [၊]

၆။ ဂိရနာရ် စုဒ္ဒသမသိလာလေခ မူလပါဠ်အနက်

ဒေဝါနံ၊ နတ်တို့၏။ ပြိယေန၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပြိယဒသိနာ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ရာညာ၊ သီရိဓမ္မာ-သောကမင်းကြီးသည်။ အယံ ဓံမလိပိ၊ တရားတော်နှင့်ဆိုင်ရာ၊ ဤကျောက်ကမ္ပည်းစာကို။ လေခါပိတာ၊ ရေးသားစီရင်စေအပ်ပြီ။ (တေသု)၊ ထိုထိုကျောက်ကမ္ပည်းစာတို့တွင်။ (ကွစိ)၊ အချို့သောကျောက်စာ၌။ သံခိတေန ဧဝ၊ အကျဉ်းမျှဖြင့်သာလျှင်။ အသ္ဓိ၊ ရှိ၏။ ကွစိ၊ အချို့သော ကျောက်စာ၌။ မစ္ဈမေန ဧဝ၊ အလယ်အလတ်မျှဖြင့်သာလျှင်။ အသ္ဓိ၊ ရှိ၏။ (ကွစိ)၊ အချို့သော ကျောက်စာ၌။ ဝိတ္ထတေန ဧဝ၊ အကျယ်အားဖြင့်သာလျှင်။ အသ္ဓိ၊ ရှိ၏။

(ကသ္မာ)၊ အဘယ်ကြောင့်နည်းဟူမူကား။ သရဝ=သဗ္ဗြတ္ပဲ၊ အလုံးစုံသောနေရာ၌။ သရဝတ၊ အလုံးစုံသော စကားသည်။ ဝါ၊ လူမျိုးအားလုံးသည်။ နု စ ယဒ္ဓိတံ၊ မတူမျှ။ ဟိ၊ သင့်စွ။ ဝါ၊ ထိုစကား မှန်၏။ (မယာ)၊ ငါသည်။ မဟာလကေ၊ တိုင်းပြည်ကြီးကို။ ဝါ၊ မျှားစွာ

သော တိုင်းပြည်ကို။ ဝိဇိတံ၊ အောင်အပ်ပြီ။ ဗဟု စ၊ များစွာသော ကျောက်ကမ္ဘည်းစာကို လည်း။ လိခိတံ၊ ရေးသားစေအပ်ပြီ။ (အဟံ)၊ ငါသည်။ (နိကျံ)၊ အစဉ်မပြတ်။ လိခါပယိသံ စေဝ၊ ရေးလည်း ရေးသားစေလတ္တံ့။ ဧတကံ၊ ဤကျောက်ကမ္ဘည်းစာ၌။ (ကွစိ)၊ အချို့အချို့ သောအရာ၌။ ပုန ပုန၊ အထပ်ထပ် အကြိမ်ကြိမ်။ ဝုတံ၊ ဆိုအပ်သော စကားသည်။ (အတ္ထိ)၊ ရှိ၏။

ကိုးတိ၊ အဘယ့်ကြောင့်နည်းဟူမူကား။ တသ တသ၊ ထိုထိုသောစကား၏။ အထသ၊ အနက်အဓိပ္ပါယ်၏။ မာဓုရတာယ စ၊ ပြေပြစ်စေခြင်းအလို့ဌာလည်းကောင်း။ တထာ၊ ထိုမှ တပါး။ (ယေန)၊ အကြင်စကားဖြင့်။ ဇနော၊ လူသည်။ ပဋိပဇ္ဇယ စ၊ ကျင့်စေခြင်းအလို့ဌာ လည်းကောင်း။ (အတ္ထိ)၊ ရှိ၏။ တတြ၊ ထိုကျောက်စာကို ရေးထိုးရာ၌။ အသဒေသံ ဝ၊ ထိုဘစိတ်တဒေသကိုလည်းကောင်း။ သဆာယကာရဏံ ဝ၊ ဆင်ခြင်အပ်သော အကြောင်းကို လည်းကောင်း။ ကေဒါ၊ တရံတခါ။ ဝါ၊ အချို့အချို့ကို။ အသမာတံ၊ ချန်လှပ်၍။ လိခိတံ၊ ရေးအပ်ပြီ။ (အတ)၊ ဤသို့ရေးသားရာ၌။ လိပိကရာပရဓေနဝ၊ ကျောက်စာရေးထိုးသော ဆရာ၏ အပြစ်ဒေါသကြောင့်-ဟူ၍သာလျှင်။ အလောစေတွာ = အလောစယိတု၊ ရှုကြကုန် လော့။

၇။ ဂိရနာရ် စုဒ္ဒသမသိလာလေခ-စသော ၅-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောက မင်းကြီးသည် တရားတော်နှင့်ဆိုင်ရာ ဤကျောက်ကမ္ဘည်းစာကို ရေးသားစေတော်မူ၏။ ထိုကျောက်ကမ္ဘည်းစာတို့တွင် အချို့သောနေရာမှာ အကျဉ်းသံခေပ၊ အချို့သော နေရာမှာ မကျဉ်းမကျယ် အလယ်အလတ်၊ အချို့သောနေရာမှာ အကျယ်ဝိတ္ထာရအားဖြင့် ရေးသား ဖော်ပြလျက်ပါရှိ၏။

အဘယ့်ကြောင့်နည်းဟူမူ အားလုံးသော နေရာတိုင်းတွင် ဘာသာစကားမျိုးနှင့် လူမျိုးအားလုံးသည် တူမျှခြင်းမရှိ။ ထို့ကြောင့် တစ်မျိုးတည်း ရေးသားခြင်းငှာ မသင့်လျော်။ သီရိဓမ္မာသောကမင်းကြီး မိန့်ဆိုသည်မှာ "ငါသည် များစွာသော ပြည်ကြီးကို အောင်မြင်လေ ၏။ ထိုသို့ အောင်မြင်ခြင်းကို ရရှိသည်ဖြစ်၍ ကျောက်ကမ္ဘည်းစာများကိုလည်း ရေးသားစီရင် စေ၏။ ၎င်းပြင် ရှေ့ရှေ့ကိုလည်း ဆက်လက်ပြီးလျှင် စီရင်ရေးသားစေအံ့။ ဤကျောက် ကမ္ဘည်းစာတွင် အချို့အချို့မှာ အကြိမ်ကြိမ်ထပ်ကာထပ်ကာ ဆိုအပ်သောစကားသည် ပါရှိ၏။ ထိုသို့ စကားတစ်မျိုးတည်းကိုပင် ထပ်ကာထပ်ကာ ရေးသားရခြင်းမှာလည်း ထိုထို

သော စကားအနက်အဓိပ္ပါယ် ပြေပြစ်စေခြင်းငှာလည်းကောင်း၊ ထိုစကားဖြင့် လူများတို့သည် အစဉ်လိုက်၍ ကျင့်စေခြင်းငှာလည်းကောင်း ဖြစ်ပေ၏။ ထိုထိုကျောက်ကမ္ပည်းစာကို ရေးထိုးရာ၌ တစ်စိတ်တဒေသမျှနှင့် ဆင်ခြင်အပ်, ဆင်ခြင်ထိုက်သော အကြောင်းအရာမျိုးကို အချို့အချို့နေရာမှာ ချန်လှပ်၍ ရေးသားပါရှိခဲ့မူကား ထိုအရာကို ကျောက်စာရေးထိုးသူတို့၏အပြစ်-ဟူ၍သာ အောက်မေ့မှတ်ယူအပ်၏။ ဝါ၊ မှတ်ယူကြလေ။ ဤကား နိဂမကဏ္ဍတည်း။

အမှာစကား။ ဤကျောက်စာ၌လည်း ၅-ဌာနမျှသာ ပါရှိ၏။ အနက်အဓိပ္ပါယ်တူခြင်းကြောင့် ဌာနနှင့်ဆိုင်ရာ ကျောက်စာအားလုံးကို မြန်မာပြန်ဆိုရန် မလိုပြီ။ သဒ္ဒါ, ဂရု, လဟု, ဝိဘတ်, ကံ, ကတ္တားတို့သည် အနည်းငယ်မျှ ကွဲပြားလျက်ပါရှိသော်လည်း အဓိပ္ပါယ်ကို ဂိရနာရ်ကျောက်စာမူနှင့် တိုက်ဆိုင်၍ ကြည့်ရှုလျှင် သိလွယ်လောက်ပြီ။ ပါရှိသောအနက်ကို သဘောကျလျှင် အောက်၌ပါရှိသော စကားကို သိဖို့ရန် မခဲယဉ်း။ ထူးသောသဒ္ဒါကို ဌာနတိုင်းမှာပင် အမှာစကားရပ်၌ ဖော်ပြပါရှိ၏။

ဒုတိယကဏ္ဍ ပြီးပြီ။

★ ★ ★ ★ ★ ★ ★

{ ၃ } တတိယကဏ္ဍ

[၁] ပထမကလိင်္ဂသိလာလေခ မူလပါဠိ ၂-ဌာနနှင့် အဓိပ္ပါယ်

၁။ ပထမကလိင်္ဂသိလာလေခ ဓောက်လီ မူလပါဠိ

ဒေဝါနံ ပိယသ ဝစနေန တောသလိယံ မဟာမာတာ နဂလဝိယောဟာလကာ * . . . ဝတဝိယ [:-] အံ့ကိဆိ ဒခါမိ ဟက် တံ ဣဆာမိ [,] ကိ်တိ [?] ကံ့မန ပဋိဝေဒ-ယေ ဟံ * ဒုဝါလတေ စ အာလဘေ ဟံ [၊] ဧသ စ မေ မောချမတ ဒုဝလသ အဌသိ အံ့ တုဖေသု * အနုသထိ [၊] တုဖေ ဟိ ဗဟူသု ပါနသဟသေသု အာယတာ ပန . . . ဂဆေမ သုမုနိသာနံ [၊] သဝေ * မုနိသေ ပဇာ မမာ [၊] အထာ ပဇာယေ ဣဆာမိ ဟက် ကိတိ [?] သဝေန ဟိတသုခေန ဟိဒလောကိက*ပါလလောကိကာယေ ယူဇေဠုတိ [၊] တထာ . . . မုနိသေသုပိ ဣဆာမိ ဟက် [၊] နော စ ပါပုနာထ အာဝါဂ*မကေ ဣယ် အဌေ [၊] ကေဆဝဧကပုလိသေ . . . နာတိ ဧတံ သေပိ ဒေသ် နော သဝံ [၊] ဒေခတ ဟိ တုဖေ ဧတံ * သုဝိဟိတာ ပိ နိတိ ဣယ် [၊] ဧကပုလိသေပိ အထိ ယေ ဗံဓနံ ဝါ ပလိကိလေသ် ဝါ ပါပုနာတိ [၊] တတ ဟောတိ * အကသ္မာ တေန ဗံဓနံတိက အံ့နေ စ . . . ဗဟုဇနေ ဒဝိယေ ဒုခီယတိ [၊] တတ ဣဆိတဝိယေ * တုဖေဟိ ကိ်တိ [?] မစ္ဆ် ပဋိပါဒယေမာတိ [၊] ဣမေဟိ စု ဇာတေဟိ နော သံ့ဋိပဇတိ ဣသာယ အာသုလောပေန * နိထူလိယေန တူလနာယ အနာဝူတိယ အာလသိယေန ကလမထေန [၊] သေ ဣဆိတဝိယေ ကိတိ [?] ဧတေ * ဇာတာ နော ဟုဝေဝု မမာတိ [၊] ဧတသ စ သဝသ မူလေ အနာသုလောပေ အတလနာ စ နိတိယံ [၊] ဧ ကိလံ့တေ သိယာ * . . . တေ ဥဂဆ [၊] သံ့စလိတဝိယေ တု ဝဇိတဝိယေ ဧတဝိယေ ဝါ [၊] ဟေဝံ့မေဝ ဧ ဒခိယေ တုဖာက [၊] တေန ဝတဝိယေ * အံ့နံ့ နေ ဒေခတ [၊] ဟေဝံ့ စ ဟေဝံ့ စ ဒေဝါနံ ပိယသ အနုသထိ [၊] သေ မဟာ. . . လေ ဧတသ သံ့ပဋိပါဒ * မဟာအပါယေ အသံ့ပဋိပတိ [၊] ဝိပဋိပါဒယမိနေ ဟိ ဧတံ နထိ သ္ဝဂသ အာလာဓိ နော လာဇာလဓိ * [၊] ဒုအာဟလေ ဟိ ဣမသ ကံ့မသ မေ ကုတေ မနေ အတိလေကေ [၊] သံ့ပဋိပဇမိနေ စု ဧတံ သ္ဝဂံ * အာလာဓယိသထ တ . . . အာနနိယ် ဧဟထ [၊] ဣယ် စ လိပိ

တိသနခတေန သောတဝိယ * အံ့တလာပိ စ တိသေ ခနသိ ခနသိ ဧကေနပိ သောတဝိယ [၊] ဟေဝံ စ ကလ်တံ တုဖေ * စယထ သံပဋိပါဒယိတဝေ [၊] ဧတာယေ အထာယေ ဣယံ လိပိ လိခိတ ဟိဒ ဧန * နဂလကဝိယောဟာလကာ သဝတ် သမယ် ယုဇ္ဇတိ နဂလဇနသ အကသ္မာ ပလိဘောခေ ဝ * အကသ္မာ ပလိကိလေသေ နော သိယာတိ [၊] ဧတာယေ စ အဋ္ဌာယေ ဟက် ဓံမတေ ပ်စသု ပ်စသု ဝသေ * သု နိခါမယိသာမိ ဧ အခခသေ အစ်ဋ္ဌ သခိနာလ်ဘေ ဟောသတိ [၊] ဧတံ် အဋ္ဌ ဇာနိတု တထာ * ကလ်တိ အထ မမ အနုသဏိဘိ [၊] ဥဇေနိတေ ပိ စု ကုမာလေ ဧတာ်ယေဝ အဋ္ဌာယေ နိခါမယိသ * [၊] ဟေဒိသမေဝ ဝဂ်ံ နော စ အတိကာမယိသတိ တိ်နိဝသာနိ [၊] ဟေမေဝ တခ-သိလာတေပိ [၊] အဒါ အ . . . . . ဝေ မဟာမာတာ နိခမိသ်တိ အနုသ်ယာနံ် တဒါ အဟာပယိတု အတနေ ကဲမ် ဧတ်ပိ ဇာနိသ်တိ * တ်ပိ တထာ ကလ်တိ အထ လာဇိနေ အနုမထိတိ [၊]

[ဆရာကြီးဦးသိန်းအောင် မှတ်ချက်။ အသောကဌ် တောသလိယ်-မပါ။ ဒခါမိဟက်-ဌ် အာမိဟက်၊ ပဋိဝေဒယေ ဟ်-ဌ် ပဋိပါဒယေ ဟ်၊ ပါနသဟသေသု-ဌ် ပါဏသဟသေသု၊ အထာ ပဇာယေ ဣဆာမိ-ဌ် အထ ပရာယေ ဣစ္ဆာမိ၊ ပါပုနာထ, ပါပုနာတိ-ဌ် ပါပုဏာထ, ပါပုဏာတိ၊ နိထူလိယေန တူလနာယ အနာဝူတိယ-ဌ် နိဌုလိယေန တုလနာယ အနာဝုတိယာ-ရှိ၏။ ရှင်အာဒိစ္စဝံသ၊ အသောက။ဝ၃၁]

၂။ ပထမကလိင်္ဂသိလာလေခ ဣဘဂ္ဂရ် မူလပါဌ်

ဒေဝါနံ် ပိယေ ဟေဝံ အာဟ [:-] သမာပါယ် မဟာမာတာ နဂလဝိယောဟာ လကဟေ . . . ဝတဝိယာ [:-] အံ့ကိဆိ ဒခါမိ ဟက် တံ် ဣဆာမိ [,] ကိ်တိ [?] ကဲမန ပဋိပါတယေ ဟ် * ဒုဝါလတေ စ အာလဘေ ဟ် [၊] ဧသ စ မေ မောခိယမတ ဒုဝါလ် အံ့ တုဖေသု အနုသထိ [၊] တုဖေ ဟိ ဗဟူသု ပါနသဟသေသု အာယတ ပနယ် ဂဆေမ သုမုနိသာနံ် [၊] သဝ မုနိသေ * ပဇာ [၊] အထ ပဇာယေ ဣဆာမိ ကိ်တိ [?] မေ သဝေန ဟိတသုခေန ယူဇ္ဇယ်ုတိ ဟိဒလောကိကပါလလောကိကေန [၊] ဟေမေဝ မေ ဣဆ သဝမုနိသေသု နော စ တုဖေ ဧတံ် ပါပုနာထ အာဝါဂမကေ * ဣယ် အဋ္ဌေ [၊] ကေစာဧကေပုလိသေ ပိ မနာတိ သေပိ ဒေသ် နော သဝ်ံ [၊] ဒခတ ဟိ တုဖေ ဟိ သုဝိတာ ပိ ဗဟုက [၊] အထိ ယေ ဧတိ ဧကမုနိသေ ဗ်ဓနံ် ပလိကိလေသ် ဟိ ပါပုနာတိ [၊] တတ ဟောတိ အက*သ္မာ တေန ဗ်ဓနံ်တိက . . . စ ဝဂေ ဗဟုကေ ဝေဒယတိ [၊] တတ တုဖေဟိ ဣဆိတယေ ကိ်တိ [?] မစ္ဆ် ပဋိပါတယေမ [၊] ဣမေဟိ ဇာတေဟိ နော

သံပဇ္ဇိပဇတိ ဣသာယေ အာသုလောပေန နိဋ္ဌုလိယေန * တုလာယေ အနာဝုတိယေ အာလသေန ကိလမထေန [၊] ဟေဝံ ဣဆိတဝိယေ ကိုတိ [?] မေ ဧတာနိ ဇာတာနိ နော ဟေယ္ယု တိ [၊] သဝသ စ ဣယံ မူလေ အနာသုလောပေ အတုလနာ စ နိတိ . . . [၊] ဧ ယံ ကိလံတေ သိ . . . . . * သံစလိတု ဥထာယေ [၊] သံစလိတဗျေတု ဝဇိတဝိယ ပိ ဧတဝိယေ ပိ [၊] နိတိယံ ဧ ဝေ ဒေခေယိ အံန နေ နိစ္ဆပေတဝိယေ [၊] ဟေဝံ ဟေဝံ စ ဒေဝါနံ ပိယသ အနုသထိ [၊] . . . . . * တံ မဟာဖလေ ဟောတိ အသံပဇ္ဇိပတိ မဟာပါယေ ဟောတိ [၊] ဝိပဇ္ဇိပါတယံတံ နော သ္ဓဂ အာလဓိ နော လာဇာမိ [၊] ဒုအာဟလေ ဧတသ ကံမသ မေ ကုတေ မနေ အ . . . . . * စ အာနနေယံ ဧသထ သ္ဓဂံ စ အာလာဓယိသထာ [၊] ဣယံ စ လိပိ အနုတိသံ သောတဝိယာ . . . လာ ပိ ခနသိ သောတဝိယာ ဧက . . . ပိ . . . ဝ . . . . . မနေ စ . . . . . * တဝေ [၊] ဧတာယေ စ အဌာယေ ဣယံ . . . ခိတာ လိပိ ဧန မဟာမာတာ နဂလက သသ္ဓတံ သမယံ ယု . . . ယု တိ . . . . . နေဟိ . . . . . * ပံစသု ပံစသု ဝသေသု အနုသံယာနံ နိခါမယိသာမိ မဟာမာတံ အစ်ဋ္ဌ အဖလဟတ ဝစနေလ . . . . . မာလေဝါ . . . . . * . . . . . အာဇဝစနိက [၊] အဒါ အနုသံယာနံ နိခမိသံတိ အတနေ ကံမ် ဧ . . . ပိ . . . နံ . . . . . .

၃။ ပထမကလိင်္ဂသိလာလေခ ဓောက်လီ မူလပါဋ္ဌအနက်

ဒေဝါနံ၊ နတ်တို့၏။ ပိယသ၊ ကြည်ညိုသဒ္ဓါ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာ-သောကမင်းကြီး၏။ ဝစနေန၊ စကားတော်ဖြင့်။ တောသလိယံ၊ တောသလီမြို့၌။ နဂလဝိ-ယောဟာလကာ၊ မြို့ကို စီမံခန့်ခွဲကုန်သော။ မဟာမာတာ၊ မဟာမတ္တ အမည်ရှိကုန်သော အမတ်ချုပ်ကြီးတို့ကို။ (ဧဝံ)၊ ဤသို့။ ဝတဝိယ၊ မိန့်ဆိုအပ်ကုန်၏။ အံကိဆိ၊ အကြင်တစ်စုံ တစ်ခုသောအကြောင်းအရာကို။ ဟကံ၊ ငါသည်။ ဒခါမိ၊ သိမြင်၏။ တံ၊ ထိုအကြောင်း အရာကို။ ဟကံ၊ ငါသည်။ ဣဆာမိ၊ အလိုရှိ၏။

ကိုတိ၊ အဘယ်ကဲ့သို့ အလိုရှိသနည်းဟူမူကား။ ဟံ၊ ငါသည်။ ကံမန၊ ပြုအပ်သော အမှုကိစ္စကို။ ပဇ္ဇိဝေဒယေ၊ သိစေအံ့။ စ၊ ထိုမှတပါး။ ဟံ၊ ငါသည်။ ဒုဝါလတေ၊ နည်းလမ်း အမျိုးမျိုးတို့ဖြင့်။ အာလဘေ၊ စ၍ အားထုတ်အံ့။ အဌသိ၊ အစီးအပွါး၌။ အံ၊ အကြင်နည်းလမ်း အမျိုးမျိုးကို။ တုဖေသု၊ သင်တို့၌။ အနုသထိ၊ ဆုံးမအပ်၏။ ဧသ စ၊ ထိုနည်းလမ်းသည်ကား။

မေ၊ ငါ၏။ မောခ္ခမတ၊ မုခ္ခအလိုရှိအပ်သော။ ဒုဝလသ၊ နည်းလမ်း၏။ (မတံ)၊ အလိုသည်။ (ဘဝတိ)၊ ဖြစ်၏။

ဟိ၊ မှန်၏။ တုဖေ၊ သင်တို့သည်။ ဗဟူသု၊ များစွာကုန်သော။ ပါနသဟသေသု၊ သတ္တဝါအပေါင်းတို့၌။ အာယတာ၊ အကြီးအမှူးဖြစ်ကုန်၏။ (ဣတိ)၊ ထို့ကြောင့်။ သုမုနိသာနံ၊ သူတော်ကောင်းတို့၏။ ပန. . . = ပနယံ၊ မြတ်နိုးခြင်း၏ တည်ရာသို့၊ ဂဆေမ၊ ရောက်ကုန်၏။ သဝေ၊ အလုံးစုံကုန်သော။ မုနိသေ၊ လူအပေါင်းတို့သည်။ မမာ၊ ငါ၏။ ပဇာ၊ ငယ်သားတို့သည်။ (ဟောန္တိ)၊ ဖြစ်ကုန်၏။ ဟကံ၊ ငါသည်။ အထာ၊ အကြင်ကဲ့သို့။ ပဇာယေ၊ မိမိသားတော်ဘို့ကို။ (ဣဆာမိ)၊ အလိုရှိ၏။ ကိတိ၊ အသို့အလိုရှိသနည်းဟူမူကား။ (မေ)၊ ငါ၏။ (ပဇာ)၊ သားတော်တို့သည်။ ဟိဒလောကိကပါလလောကိကာယေ၊ ပစ္စုပ္ပန်, တမလွန် ၂-ဘန်နှင့်စပ်သော။ သဝေန၊ အလုံးစုံသော။ ဟိတသုခေန၊ စီးပွါးချမ်းသာခြင်းနှင့်။ ယူဇေဠု၊ ယှဉ်စေကုန်ရာ၏။ ဣတိ၊ ဤသို့။ ဣဆာမိ၊ အလိုရှိ၏။

တထာ၊ ထိုနည်းအတူ။ (သဝေသု)၊ အလုံးစုံကုန်သော။ မုနိသေသုပိ၊ လူတို့၌လည်း။ ဟကံ၊ ငါသည်။ ဣဆာမိ၊ အလိုရှိ၏။ (တုဖေ)၊ သင်တို့သည်။ ဣဃ၊ ဤသို့ သဘောရှိသော။ အဠ္ဌ၊ ဆိုလိုရင်းအဓိပ္ပါယ်ကို။ အာဝါဂမကေ၊ အစအဆုံးတိုင်အောင် သိရှိခြင်းသို့။ နော စ ပါပုနာထ၊ မရောက်ကြကုန်။ ကေဆဝဧကပုလိသေ၊ တစ်စုံတစ်ယောက်သောသူသည်။ ဧတံ၊ ဤဆိုလိုရင်းအဓိပ္ပါယ်ကို။ (စေ)၊ အကယ်၍။ . . . နာတိ=မနာတိ၊ သိငြားအုံ့။ သေပိ၊ ထိုသူသည်လည်း။ ဒေသံ၊ တစ်စိတ်တဒေသမျှကို။ မနာတိ၊ သိ၏။ သဝံ၊ အလုံးစုံကို။ နော=နော မနာတိ၊ မသိ။ တုဖေ၊ သင်တို့သည်။ ဧတံ၊ ဤနည်းလမ်းကို။ ဒေခတ၊ ရှုကြကုန်လော့။

ဟိ၊ အဘယ့်ကြောင့်နည်းဆိုသော်။ ဣဃ၊ ဤဆိုလတ္တံ့သော တရားသည်ကား။ အပိ၊ စင်စစ်။ သုဝိဟိတာ၊ ကောင်းစွာ စီရင်အပ်သော။ နိတိ၊ သင့်, မသင့်ကို စိစစ်သော နီတိတရားဖြစ်၏။ ယေ၊ အကြင်သူသည်။ ဝံခနံ ဝါ၊ အကျဉ်းထောင်သို့လည်းကောင်း။ ပလိကိလေသံ ဝါ၊ အလွန်ဆင်းရဲခြင်းသို့လည်းကောင်း။ ပါပုနာတိ၊ ရောက်၏။ (ဣဒိသော)၊ ဤသို့ သဘောရှိသော။ ဧကပုလိသေပိ၊ တစ်စုံတစ်ယောက်သောသူသည်လည်း။ အထိ၊ ရှိ၏။ တတ၊ ထိုသူသည်။ (ယဒါ)၊ အကြင်အခါ၌။ (ဝံခနာဒိ)၊ ထောင်ကျခြင်း အစရှိသော ဒုက္ခသည်။ အကသ္မာ၊ အကြောင်းမရှိဘဲ။ ဟောတိ၊ ဖြစ်၏။ (တဒါ)၊ ထိုအခါ၌။ ဝံခနံတိက စ၊ အကျဉ်းထောင်၌ ခံနေရသောသူအားလည်းကောင်း။ အံနေ၊ တပါးကုန်သော။ ဗဟုဇနေ စ၊ များစွာကုန်သောသူတို့အားလည်းကောင်း။ ဒဝိယေ၊ အတိုင်းထက်အလွန်။ ဒုခိယတိ၊ ဆင်းရဲ၏။

တတ၊ ထိုအခိုက်အတန့်၌။ တုဖေဟိ၊ သင်တို့သည်။ ဣဆိတဝိယေ၊ အလိုရှိအပ်၏။ ကိုတိ၊ အသို့ အလိုရှိအပ်သနည်းဟူမူကား။ မစ္ဆ၊ မဇ္ဈိမပဋိပတ် အကျင့်မြတ်ကို။ ပဋိပါဒယေမ၊ ကျင့်ကြကုန်အံ့။ ဣတိ၊ ဤသို့။ ဣဆိတဝိယေ၊ အလိုရှိအပ်၏။ စု၊ အပြစ်ကို ပြဦးအံ့။ ဣသာယ၊ ပြုစုခြင်းကြောင့်လည်းကောင်း။ အာသုလောပေန၊ အားမထုတ်ခြင်းကြောင့်လည်းကောင်း။ နိထူလိယေန၊ ကြမ်းကြုတ်ရက်စက်ခြင်းကြောင့်လည်းကောင်း။ တူလနာယ၊ အဆောတလျင် ပြုလုပ်ခြင်းကြောင့်လည်းကောင်း။ အနာဝူတိယ၊ အမှုကိစ္စ၌ မစွမ်းနိုင်ခြင်းကြောင့်လည်းကောင်း။ အလသိယေန၊ ပျင်းရိခြင်းကြောင့်လည်းကောင်း။ ကလမထေန၊ အအိပ်ကြူးခြင်းကြောင့်လည်းကောင်း။ ဣမေဟိ၊ ဤ ၇-ပါးကုန်သော။ ဇာတေဟိ၊ သဘောတရားတို့၏ ဖြစ်ခြင်းတို့ကြောင့်။ နော သံပဋိပဇ္ဇတိ၊ အကျိုးတရားတို့၏ ပြီးစီးခြင်းသို့ မရောက်နိုင်။ သေ=တတ၊ ထို့ကြောင့်။ ဣဆိတဝိယေ၊ အလိုရှိအပ်၏။

ကိုတိ၊ အသို့ အလိုရှိအပ်သနည်းဟူမူကား။ မမ၊ ဇ့ါအား။ ဧတေ၊ ဤ ၇-ပါးကုန်သော။ ဇာတာ၊ သဘောတရားတို့သည်။ နော ဟုဝေဋ၊ မဖြစ်ကုန်ရာ။ ဣတိ၊ ဤသို့။ ဣဆိတ-ဝိယေ၊ အလိုရှိအပ်၏။ နိတိယံ၊ အခါခပ်သိမ်း။ အနာသုလောပေ စ၊ အားထုတ်ခြင်းသည်လည်းကောင်း။ အတလနာ စ၊ အဆောတလျင် မပြုလုပ်ခြင်းသည်လည်းကောင်း။ ဝါ၊ တည်ကြည်ခြင်းသည်လည်းကောင်း။ (ဣယံ)၊ ဤတရား ၂-ပါးသည်။ ဧတသ စ၊ ဤနိတိတရား၏လည်းကောင်း။ သဝသ စ၊ အလုံးစုံသောတရား၏လည်းကောင်း။ မူလေ၊ မူလရင်းကြီးတရားဖြစ်၏။ ဧ=ဧဝံ၊ ဤသို့။ တေ=ဧတေ၊ ဤတရားကို။ ကိလံတေ၊ ပြုလုပ်အပ်သည်။ သိယာ၊ ဖြစ်၏။

(တထာ)၊ ထိုမှတပါး။ (ဣယံ)၊ ဤတရားကို။ ဥဂဆ၊ အားထုတ်ကြလော့။ တု၊ အစဉ်မပြတ်။ သံစလိတဝိယေ ဝါ၊ ကျင့်လည်း ကျင့်အပ်၏။ ဝဇိတဝိယေ ဝါ၊ သွားလည်း သွားအပ်၏။ ဧတဝိယေ ဝါ၊ ရောက်လည်း ရောက်အပ်၏။ ဟေဝံမေဝ၊ ဤကဲ့သို့လျှင်။ တုဖာက၊ သင်တို့သည်။ ဧ၊ အကြင်တရားကို။ ဒဒိယေ၊ ရှုအပ်၏။ တေန၊ ထိုတရားဖြင့်။ ဝတဝိယေ၊ သူတပါးအား ပြောဆိုအပ်၏။ (ကိုတိ)၊ အသို့ပြောဆိုအပ်သနည်းဟူမူကား။ (ဣယံ)၊ ဤသည်ကား။ အံနံ၊ သီရိဓမ္မာသောကမင်းကြီး၏ အမိန့်အာဏာတော်တည်း။ နေ၊ ထိုအလုံးစုံတို့ကို။ (တုဖေ)၊ သင်တို့သည်။ ဒေခတ၊ ရှုကြကုန်လော့။ ဒေဝါနံ၊ နတ်တို့၏။ ပိယသ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီးသည်။ ဟေဝံ စ ဟေဝံ စ၊ ဤသို့ဤသို့လည်း။ အနုသထိ၊ ဆုံးမအပ်၏။

သေ=တတ၊ ထို့ကြောင့်။ ဧတသ၊ ဤအမိန့်အာဏာတော်ကို။ သံပဋိပါဒ၊ ပြည့်စုံအောင် ကျင့်သည်ရှိသော်။ မဟာ. . . လေ=မဟာဖလေ၊ မျှားသော အကျိုးရှိ၏။ အသံပဋိပတိ၊

ပြည့်စုံအောင် မကျင့်သည်ရှိသော်။ မဟာအပါယေ၊ ကြီးစွာသော အပြစ်ရှိ၏။ ဟိ၊ မှန်၏။ ဧတံ၊ ဤအမိန့်အာဏာတော်ကို။ ဝိပဋိပါဒယမိနေ၊ ဖောက်ပြန်၍ ကျင့်သည်ရှိသော်။ သွဂသ၊ နတ်ပြည်ကို။ အာလာမိ၊ ရခြင်းသည်လည်း။ နထိ၊ မရှိ။ လာဇာလမိ၊ မင်းအား နှစ်သက်ခြင်းသည်လည်း။ နော၊ မရှိ။ ဟိ၊ အကျိုးကို ပြဦးအံ့။ မေ၊ ငါ၏။ ဣမသ၊ ဤဆိုအပ်ခဲ့ပြီးသော။ ကံမသ၊ အမှုကိစ္စကို။ မနေ၊ စိတ်၌။ အတိလေကေ၊ အလွန်။ ကုတေ၊ ယုံကြည်၍ ပြုလုပ်သည်ရှိသော်။ ဒုအာဟာလေ၊ အကျိုး ၂-ပါးနှင့် ပြည့်စုံကုန်သည်။ (ဟောန္တိ)၊ ဖြစ်ကုန်၏။ စု၊ အကျိုး ၂-ပါးဟူသည်ကား။ ဧတံ၊ ဤအမှုကိစ္စကို။ သံပဋိပဇမိနေ၊ ပြည့်စုံအောင် အားထုတ်ရွက်ဆောင်ကုန်သော သူတို့အား။ သွဂံ၊ နတ်ပြည်ကို။ အာလာဓယိသထ၊ ရကုန်လတ္တံ့။ တ=တထာ၊ ထိုမှတပါး။ (ရာညော)၊ မင်း၏။ အာနနိယံ၊ ကြွေးမြီမှ ကင်းလွတ်ခြင်းသို့လည်း။ ဧဟဇ၊ ရောက်ကြကုန်လတ္တံ့။

ဣဃယံ စ လိပိ၊ ဤစာတမ်းကိုလည်း။ တိသနခတေန၊ ဖုဿနက္ခတ်နှင့်။ (ယုတ္တေ)၊ ယှဉ်သော။ (ဒိနေ)၊ နေ့၌။ သောတဝိယ၊ နာအပ်၏။ အံတလာပိ စ၊ ကြိုးကြားကြိုးကြား။ တိသေ၊ ဖုဿနက္ခတ်နှင့် ယှဉ်သောနေ့၌။ ခနသိ ခနသိ၊ ခဏခဏ။ ဝါ၊ မကြာမကြာ။ ဧကေနပိ၊ ၁-ယောက်ထီးတည်းလည်း။ သောတဝိယ၊ နာအပ်၏။ ဟေဝံ စ၊ ဤသို့လည်း။ ကလံတံ၊ ပြုလုပ်ကြကုန်လျက်။ တုဖေ၊ သင်တို့သည်။ သံပဋိပါဒယိတဝေ၊ ငါ၏အလို ပြည့်စုံစေခြင်းငှာ။ စယထ၊ အားထုတ်ကြကုန်လော့။ ဣဃယံ လိပိ၊ ဤစာတမ်းကို။ ဧတာယေ၊ ဤသို့ သဘောရှိသော။ (အထာယေ)၊ အကျိုးငှာ။ (လိခိတ)၊ ရေးအပ်ပြီ။

ဟိဒ၊ ဤမြို့၌။ ဧန၊ အကြင်စာတမ်းနှင့်။ နဂလကဝိယောဟာလကာ၊ မြို့ကို စီမံခန့်ခွဲကုန်သောသူတို့သည်။ ဝါ၊ မြို့ဝန်ချုပ်ကြီးတို့သည်။ သဝတံ၊ အခါခပ်သိမ်း။ သမယံ၊ အခါ၌။ ဣဒါ၊ ဤသို့။ ယုဇေဝု၊ ယှဉ်စေကုန်ရာ၏။ အကသ္မာ၊ အကြောင်းမရှိဘဲလျက်။ နဂလဇနသ၊ မြို့သူ,မြို့သား လူအများအား။ ပလိဘောဓေဝ၊ ထောင်ချခြင်း-စသည်လည်းကောင်း။ အကသ္မာ၊ အကြောင်းမရှိဘဲလျက်။ ပလိကိလေသေဝ၊ အလွန်ဆင်းရဲခြင်းသည်လည်းကောင်း။ ဝါ၊ အပြစ်ဒဏ်သည်လည်းကောင်း။ နော သိယာ၊ မဖြစ်ရာ။ ဣဒါ၊ ဤသို့။ အထာယေ၊ အကျိုးငှာ။ လိခိတ၊ ရေးအပ်ပြီ။

စ၊ ထိုမှတပါးလည်း။ ဧတာယေ၊ ဤသို့သဘောရှိသော။ အဋ္ဌာယေ၊ အကျိုးငှာ။ ဟကံ၊ ငါသည်။ ဓံမတေ၊ တရားတော်အတိုင်း။ ဧ၊ အကြင်မင်းမှုထမ်းကို။ ပံစသု ပံစသု၊ ၅-နှစ် ၅-နှစ်ကုန်သော။ ဝသေသု၊ နှစ်တို့၌။ နိခါမယိသာမိ၊ ထွက်စေအံ့။ (သေ)၊ ထိုမင်းမှုထမ်းသည်။ အခခသေ၊ ကိုယ်,နှုတ်,နှလုံး၊ ၃-ပါးလုံးတို့၏ နူးညံ့ခြင်းသည်လည်းကောင်း။ အစံဒု၊

အမျက်ဒေါသမှ ကင်းခြင်းသည်လည်းကောင်း။ သခိနာလံဘော၊ သနားကြင်နာခြင်းသည်လည်းကောင်း။ ဟောသတိ၊ ဖြစ်လတ္တံ့။ တထာ၊ ထိုမှတပါး။ တေ၊ ထိုမင်းမှုထမ်းတို့သည်။ ဧတံ၊ ဤမည်သော။ အဌ၊ အစီးအပွါးကို။ ဇာနိတ္တာ၊ သိ၍။ ကလံတိ၊ စီမံပြုလုပ်ကြကုန်လတ္တံ့။ အထ၊ အကြင်ကဲ့သို့။ မမ၊ ငါ၏။ အနုသထိ၊ အဆုံးအမသည်။ (အထိ)၊ ရှိ၏။ (တထာ)၊ ထိုကဲ့သို့။ ကလံတိ၊ စီမံပြုလုပ်ကြကုန်လတ္တံ့။ ဣတိ၊ ဤသို့။ (နိခါမယိသာမိ)၊ ထွက်စေအံ့။

စု၊ တစ်ပါးတုံလည်း။ ဥဇေနိတေ၊ ဥဇ္ဇေနီပြည်၌လည်း။ ကုမာလေ အပိ၊ မင်းသားသည်လည်း။ ဧတာယ၊ ဤမည်သော။ အဌာယေ ဧဝ၊ အစီးအပွါးအလို့ငှာသာလျှင်။ ဟေဒိ-သမေဝ၊ ဤနည်းလမ်းအတိုင်း။ ဝဂံ၊ မင်းမှုထမ်းအပေါင်းကို။ နိခါမယိသ၊ ထွက်စေလတ္တံ့။ တိုနိဝသာနိ၊ ၃-နှစ်တို့ကို။ နော စ အတိကာမယိသတိ၊ မလွန်စေလတ္တံ့။ တခသိလာတေပိ၊ တက္ကသိုလ်ပြည်၌လည်း။ ပေါမေဝ၊ ဤအတူသာလျှင်တည်း။

အဒါ၊ အကြင်အခါ၌။ အ မဟာမာတာ၊ အကြင် မဟာမတ္တ အမည်ရှိကုန်သော အမတ်ချုပ်ကြီးတို့သည်။ နိခမိသံတိ၊ ထွက်ကြကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ တေ မဟာမာတာ၊ ထိုမဟာမတ္တ အမည်ရှိကုန်သော အမတ်ချုပ်ကြီးတို့သည်။ အတနေ၊ မိမိတို့အား။ အနုသံယာ-နံ၊ ဆက်ဆံသော။ ကံမံ၊ ပြုဖွယ်ကိစ္စ-ဟူသမျှကို။ အဟာပယိတု၊ အားထုတ်ကြကုန်လျက်။ ဧတံပိ၊ ဤအကြောင်းကိုလည်း။ ဇာနိသံတိ၊ သိကြကုန်လတ္တံ့။ အထ၊ အကြင်ကဲ့သို့။ လာဇိနေ၊ မင်း၏။ အနုမထိ၊ အဆုံးအမသည်။ (အထိ)၊ ရှိ၏။ တထာ၊ ထိုကဲ့သို့။ တံပိ၊ ထိုအလုံးစုံကိုလည်း။ ကလံတိ၊ ပြုကြကုန်လတ္တံ့။ ဣတိ၊ ဤသို့။ (မဟာမာတာ)၊ မဟာမတ္တ အမည်ရှိကုန်သော အမတ်ချုပ်ကြီးတို့ကို။ (ဝတဝိယ)၊ မိန့်ဆိုအပ်ကုန်၏။

၄။ ပထမကလိင်္ဂသိလာလေခ ဓောက်လီ, ဣာဂ္ဂရ် ၂-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီး၏ အမိန့်တော်ဖြင့် တောသလီမြို့နှင့် သမပါမြို့ရှိ အမတ်ချုပ်ကြီးတို့အား ဤသို့ ဆင့်ဆိုရမည်မှာ "တစ်စုံတစ်ခုသော အကြောင်းအရာကို ငါသည် ထင်မြင်၏။ ထိုအကြောင်းအရာကို သင်တို့အား သိစေရန် အလိုရှိပေ၏။ အသို့ အလိုရှိသနည်းဟူမူ ငါသည် ပြုအပ်,ပြုထိုက်သော ဝတ္တရားကို သင်တို့အား သိစေအံ့။ ၎င်းပြင် ငါသည် နည်းစနစ်အမျိုးမျိုးတို့ဖြင့် စ၍ အားထုတ်၏။ အစီးအပွါးရှိသော စည်းကမ်းနည်းလမ်းအမျိုးမျိုးတို့ကို သင်တို့အား ဆိုဆုံးမ၏။ ထိုနည်းလမ်းမျိုးသည်ကား ငါ၏ မုချလိုလားအပ်သော အရေးအကြီးဆုံး စည်းကမ်းနည်းလမ်းမျိုးပင် ဖြစ်ပေ၏။

သင်တို့သည် အရာ,အထောင်မကကုန်သော သတ္တဝါတို့အပေါ်၌ အကြီးအမှူး ဖြစ်နေကြသောကြောင့် လူသူတော်ကောင်းအပေါင်းတို့၏ မြတ်နိုးရာ ဖြစ်ကြရကုန်၏။ သတ္တဝါအားလုံးတို့သည် ငါ၏ ငယ်သားတို့ပင် ဖြစ်ကြကုန်၏။ ငါသည် မိမိ၏သားတော်တို့အပေါ်မှာ ပစ္စုပ္ပန်, တမလွန်နှင့်စပ်သော အစီးအပွါးကို အလိုရှိသကဲ့သို့ အားလုံးကုန်သော သတ္တဝါတို့အပေါ်မှာလည်း ကောင်းကျိုးချမ်းသာမင်္ဂလာကို အလိုရှိပေ၏။ သို့သော်လည်း သင်တို့သည် ဤဆိုလိုရင်း အဓိပ္ပါယ်သဘောကို ပြည့်စုံလုံလောက်အောင် မသိကြကုန်။ အချို့သောသူသည် အကယ်၍ သိကြားသော်လည်း အချို့ထက်ဝက်မျှသာ သိရှိ၍ အလုံးစုံကို အကုန်အစင် မသိနိုင်ပေ။ သင်တို့သည် ဤသဘောနည်းလမ်းကို အထူးနှလုံးသွင်းကြရမည်။

အကြောင်းမူကား ဤဆိုလတ္တံ့သော သဘောနည်းလမ်းသည် သင့်မြတ်အောင် ကောင်း,မကောင်းကို စိစစ်၍ပြသော သဘောနည်းလမ်း ဖြစ်ပေ၏။ အကြင်သူတစ်ယောက်သည် တစ်စုံတစ်ခုအကြောင်းမရှိဘဲလျက် အကျဉ်းထောင်သို့ ကျသည်ဖြစ်၍ ကြီးကျယ်စွာသော ဆင်းရဲဒုက္ခသို့ ရောက်ကြားအံ့။ ထိုအခါ အကျဉ်းထောင်၌ ခံရသောသူနှင့် ပြင်ပရှိ အခြားအခြားကုန်သောသူတို့အားလည်း အလွန် အတိဒုက္ခဖြစ်ကြရကုန်၏။

ဤကဲ့သို့ အခိုက်အတန့်မှာ သင်တို့သည် မချစ်,မမုန်း ရှေးထုံးနည်းလမ်းအတိုင်း မဗ္ဗီမပဋိပတ်ကို မချွတ်ကျင့်ကြရမည်။ (အဓိပ္ပါယ်ကား- အကယ်၍ တစ်စုံတစ်ယောက်သောသူအား ပြစ်မှု မထင်ရှားဘဲ သို့မဟုတ် ဥပဒေပုဒ်မထက် ပိုမို၍ မတရားသဖြင့် ကြီးလေးသောအပြစ်ဒဏ်ကို ပေးခဲ့ပါလျှင် ထိုအပြစ်ဒဏ်ခံရသောသူသာ မဟုတ်။ အခြားသူတို့သည်လည်း မုချ စိတ်ဒုက္ခဖြစ်ကြပေလိမ့်မည်။ သို့ဖြစ်သောကြောင့် ဘယ်အမှုမျိုး၌မဆို မပိုမလျှော့ တရားနည်းလမ်းအတိုင်း စီရင်အုပ်ချုပ်ကြရမည်)။ သို့သော် **မဗ္ဗီမပဋိပတ်ကို** အားထုတ်ရာ၌ အပြစ်ဒေါသများကား အားမထုတ်ခြင်း၊ ကြမ်းကြုတ်ရက်စက်ခြင်း, အလျင်လိုခြင်း, အမှု၌ မစွမ်းနိုင်ခြင်း, ပျင်းရိခြင်း, အအိပ်ကြူးခြင်း၊ ဤအပြစ်ဒေါသကြောင့် အကျိုးတရား မပြီးစီးနိုင်။ ထို့ကြောင့် ၎င်းအပြစ်ဒေါသများကို မကပ်ရောက်စေရန် အထူးအားထုတ်ကြရမည်။

ဤနည်းလမ်းအားလျှော်စွာ အားထုတ်ရာ၌ လုံ့လအထူးနှင့် ရဲရင့်တည်ကြည်ခြင်း၊ ဤတရား ၂-ပါးသည်သာလျှင် အားလုံးသောတရား၏ မူလရင်းကြီးပင် ဖြစ်ပေ၏။ ဤသို့လည်း အားထုတ်ကြရမည်။ ဤမျှသာ မကသေး၊ ဤတရားနည်းလမ်းကို မပြတ်မလပ် ကျင့်ကြံအားထုတ်ခြင်း၊ အသီးသီးကုန်သောသူများလည်း ဤနည်းလမ်းအားလျှော်စွာ အားထုတ်၍ ကောင်းစွာဆောင်ရွက်ခြင်း စသည်များကို ပြုအပ်၏။ ၎င်းနည်းတူစွာ သင်တို့ကမိမိတို့သိမြင်သလောက် သူတပါးတို့အားလည်း ဟောပြောကြရမည်မှာ "ဤအမိန့်အာဏာ

တော်သည်ကား 'ဒေဝါနံပိယ ပိယဒဿီ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီး၏ အမိန့်အာဏာတော်"ဟု ပြောဆိုအပ်၏။

ထို့ကြောင့် ၎င်းအမိန့်တော်ကို ပြည့်စုံအောင် ဆောင်ရွက်သူမှာ အကျိုးကြီး၏။ မရွက်ဆောင်ကုန်သောသူတို့အား ကြီးစွာသောအပြစ်ရှိ၏။ ဤအမိန့်တော်ကို မလိုက်နာကုန်သောသူတို့အား ကြီးစွာသောအပြစ်ရှိ၏။ ဤအမိန့်တော်ကို မလိုက်နာကုန်သောသူတို့သည် နတ်ချမ်းသာကိုလည်း မရနိုင်။ မိမိတို့၏ မင်းတို့အားလည်း နှစ်သက်ခြင်းကို မဖြစ်စေနိုင်ကုန်။ ဤအကြောင်းအရာ၌ မှန်ကန်သော ဝိရိယနှင့်တကွ အမှုကိစ္စကို ဆောင်ရွက်သည်ရှိသော်ကား အကျိုးထူး ၂-ပါးကို မုချခံစားရ၏။ အကျိုး ၂-ပါးဟူသော်ကား အကယ်၍ သင်တို့သည် ငါ၏အမိန့်တော်ကို လိုက်နာခဲ့ပါလျှင် နတ်ရွာနိဗ္ဗာန်သို့ ရောက်ရခြင်း၊ ငါ့အား ပေးဆပ်ရန်ရှိသော မင်း၏ကြွေးမြီမှ ကင်းပွတ်ရခြင်း၊ ဤအကျိုးထူး ၂-ပါးကိုမုချခံစားရမည်-ဟု မှတ်ကြလေ။

ဤအမိန့်တော်ပြန်တမ်းစာကို ၁-လ, ၁-ကြိမ် လနှင့် ဖုဿနက္ခတ် ယှဉ်သောနေ့တိုင်းမှာ နားထောင်အပ်၏။ ၎င်းပြင် အကြားအကြား သင့်လျော်လျောက်ပတ်သောအခါဖြစ်စေ၊ သို့မဟုတ် အားလပ်ခွင့်ရသောအခါဖြစ်စေ တစ်ကိုယ်တည်း,တစ်ယောက်တည်းပင် ဖြစ်သော်လည်း ၎င်းနက္ခတ်ယှဉ်သော နေ့တိုင်း,နေ့တိုင်း နားထောင်အပ်၏။ သင်တို့သည် ဤနည်းလမ်းအတိုင်း ငါ၏ အလိုတော်ပြည့်စုံအောင် ဆောင်ရွက်ကြရမည်။ ဤစာတမ်းကို ရေးရခြင်းကား မြို့ဝန်များတို့သည် အခါခပ်သိမ်း အကြောင်းမရှိဘဲလျက် မြို့သူ,မြို့သားတို့အား ဖမ်းဆီးချုပ်နှောင်ခြင်း, ပြစ်မှုပေးခြင်း-စသည်တို့ မဖြစ်စေရန် ရည်သန်၍ ရေးသားရပေ၏။

၎င်းပြင် တရားနည်းလမ်းကို ကောင်းစွာ ကျင့်စေခြင်းငှာ ငါသည် ၅-နှစ် ၁-ကြိမ်စီ စိတ်နှလုံး နူးညံ့ခြင်း, ဒေါသမရှိခြင်း, မေတ္တာသက်ဝင်ခြင်းတည်းဟူသောဂုဏ်နှင့် ပြည့်စုံကုန်သောသူတို့ကို ပြင်ပသို့ တိုင်းခန်းလှည့်လည်ရန် စေလွှတ်လိမ့်မည်။ ထိုသူများတို့သည် ဤကဲ့သို့ တရားနည်းလမ်းနှင့် အစီးအပွါးကို သိရှိကြသည်ဖြစ်၍ ငါ၏အမိန့်တော်အတိုင်းသာလျှင် စီမံပြုလုပ်ကြလိမ့်မည်။

ဥဇ္ဇေနီပြည်ရှိ မင်းသားသည်လည်း ဤအစီးအပွါးအလို့ငှာ ဆိုခဲ့သောနည်းလမ်းအတိုင်း အမှုတော်ထမ်းတို့ကို ၃-နှစ်အတွင်း မလွန်စေဘဲ စေလွှတ်လိမ့်မည်။ တက္ကသိုလ်တိုင်းပြည်၌လည်း ၎င်းနည်းလမ်းအတိုင်းပင် ဖြစ်ပေလိမ့်မည်။ အထက်ပြဆိုခဲ့ကုန်သော မင်းမှုထမ်းတို့သည် တိုင်းခန်းလှည့်လည်သောအခါ မိမိတို့နှင့်ဆက်ဆံသော အလုပ်မျိုးကို ပြုလုပ်လျက် မင်း၏ ဩဝါဒအတိုင်းပင် ရောက်ရာရောက်ရာဌာနတို့၌ ဆိုဆုံးမကြလိမ့်မည်မှာ

အမှန်ပင် ဖြစ်ပေ၏။ ဤသို့လျှင် မဟာမတ္တာအမည်ရှိကုန်သော အမတ်ချုပ်ကြီးတို့ကို ဆင့်ဆိုလိုက်၏။

အမှာစကား။ ပထမ ကလိင်္ဂသိလာလေခမှာ တောသလီမြို့နှင့် သမပါမြို့ကို အုပ်ချုပ်သော သူနှင့် မဟာမတ္တာခေါ်သော အမတ်ချုပ်ကြီးများကို ဆင့်ဆို၍ရေးသားပါရှိ၏။ ဤကမ္ဘည်းစာ၌ မြို့သူ,မြို့သားတို့ကို တရားသဖြင့် အုပ်ချုပ်စေရန် ၎င်းအမတ်ချုပ်ကြီးတို့အား ဆင့်ဆိုလိုက်၏။ ပထမကလိင်္ဂကျောက်စာကို အချို့ပညာရှိတို့ကား ပြည်နယ်နှင့် ဆိုင်ရာကျောက်စာအမည်တပ်၍ ရေးသားကြလေ၏။

သဟသသဒ္ဒါသည် ၁,၀၀၀-အပေါင်း, အများ-ဟူသောအနက်ကို ဟော၏။ တိသနခတ-ဟူသောပုဒ်၏ အလိုကား လ-အသီးသီးတို့၌ တစ်လ ၁-ကြိမ်စီ လသည် ဖုဿနက္ခတ်နှင့် ကြိမ်၏။ ၎င်း နေ့,ရက်ကို ဆိုလိုသည်။ နဂလကဝိယောဟာလကခေါ်သော မြို့ဝန်နှင့် မဟာမာတခေါ်သော အမတ်ချုပ်ကြီးတို့ မတူကြကုန်။ ပဌမသိလာလေခမှာ ဓမ္မမဟာမတ္တကို ရှုလေ။ တတိယသိလာ-လေခ၌ အသောကမင်းကြီးသည် ၅-နှစ် ၁-ကြိမ်စီ ဓမ္မာနုသာသနအလို့ဌာလည်းကောင်း၊ အခြား,အခြားသော အမှုကိစ္စအလို့ဌာလည်းကောင်း ယုတ္တရဇုကပါဒေသိက မင်းမှုထမ်းများတို့ကို တိုင်းခန်းလှည့်လည်ရန် ထွက်စေကြောင်းနှင့်ရေးရှိ၏။

ကုမာရ-ဟု ဆိုရာ၌ မိဖုရားခေါင်ကြီး၏ သားတော်ကိုသာ ကုမာရအမည်ဖြင့် ခေါ်ဆိုကြ၏။ ဥဇ္ဇေနီ, တက္ကသိုလ်, တောသလီ, သုဝဏ္ဏဂိရိ-ဟူသော ပြည်နယ်ဆိုင်ရာ မြို့တော် ၄-ခု၏ အမည်ကို အသောကကျောက်စာ၌ တွေ့ရှိ၏။ ထိုနယ်ပြည်တော်တို့တွင်–

- ဥဇ္ဇေနီသည် အိန္ဒိယ အလယ်ပိုင်း၏ မြို့တော်ဖြစ်၏။
- တက္ကသိုလ်သည် အိန္ဒိယအနောက်မြောက်၏ မြို့တော်ဖြစ်၏။
- တောသလီသည် ကလိင်္ဂနယ်၏ မြို့တော်ဖြစ်၏။
- သုဝဏ္ဏဂိရိသည် အိန္ဒိယတောင်ပိုင်း၏ မြို့တော်ဖြစ်၏။

၎င်းပြင် အကြောင်းတစ်ခုကား အသောကမင်းကြီးသည် ခမည်းတော်ဗိန္ဒုသာရမင်းလက်ထက် တက္ကသိုလ်နှင့် ဥဇ္ဇေနီပြည်ကို အုပ်ချုပ်သော ပြည်နယ်မင်းဖြစ်ဖူးကြောင်းကို ပညာရှိတို့ ပြောဆိုကြ၏။

ဤကျောက်စာကား ကလိင်္ဂတိုင်းသူ, ပြည်သားတို့အား ပြုအပ်ပြုထိုက်သော မင်းမှုထမ်းတို့၏ဝတ္တရားကို ဖော်ပြသောကျောက်စာ ဖြစ်သည်။ ထိုသို့ဖြစ်သော်လည်း ဤတိုင်းပြည်၏ မင်းမှုထမ်းတို့ကိုသာ ဆိုလိုသည်မဟုတ်။ အထက်က ဆိုခဲ့သော ဥဇ္ဇေနီ, တက္ကသိုလ်-စသော တိုင်းပြည်၏ မင်းမှုထမ်းတို့ကိုလည်း ယူရမည်။

----- x -----

[၂] ဒုတိယ ကလိဂ်သိလာလေခ မူလပါဠိ ၂-ဌာနနှင့် အဓိပ္ပါယ်

၁။ ဒုတိယ ကလိဂ်သိလာလေခ ဓောက်လီ မူလပါဠိ

ဒေဝါနံ ပိယသ ဝစနေန တောသလိယံ ကုမာလေ မဟာမာတာ စ ဝတဝိယ [;-] အံကိဆိ ဒခါမိ ဟက် . . . . . * ဒုဝါလတေ စ အာလဘေ ဟံ [၊] ဧသ စ မေ မောချမတ ဒုဝါလာ ဧတသိ အဌသိ အံ တုဖေသု . . . . . မ၎ * [၊] အံထ ပဇာယေ ဣဆာမိ ဟက် ကိ်တိ [?] သဝေန ဟိတသုခေန ဟိဒလောကိဂပါလလောကိကာယေ ယုဇ္ဇေဝု တိ [၊] ဟေဝ . . . . . နိ . . . * သိယာ [၊] အံတာနံ အဝိဇ္ဇိတာနံ ကိဆံ ဒ သု လာဇ . . . ဖေသ . . . . . မဝေ ဣဆ မမ အံတေသု ပါပုနေဝု တေ ဣတ္တိ ဒေဝါနံ ပိယ . . . အ . . . ဝိဂန မမာယေ * ဟုဝေဝူ တိ အသ္ဌသေဝု စ သုခံမေဝ လဟေဝု မမ တေ နော ဒုခံ [၊] ဟေဝ် ပါပုနေဝူ ဣတိ ခမိသတိ နေ ဒေဝါနံ ပိယေ အဖာက် တိ ဧ စကိယေ ခမိတဝေ မမ နိမိတ် စ ဓံမ် စလေဝူ * ဟိဒလောက ပလလောက် စ အာလာဓယေဝူ [၊] ဧတသိ အဌသိ ဟက် အနုသာသာမိ တုဖေ [၊] အနနေ ဧတကေန ဟက် အနုသာသိတု ဆံဒ် စ ဝေဒိတု အာ ဟိ မိတိ ပဋ္ဌိညာ စ မမာ အဇလာ [၊] သေ ဟေဝ် ကဌ ကံမေ စလိတဝိယေ အသ္ဌာ . . . နိ စ တာနိ ဧန ပါပုနေဝူ ဣတိ အထ ပိတာ တထ ဒေဝါနံ ပိယေ အဖာက အထာ စ အတာနံ ဟေဝ် ဒေဝါနံ ပိယေ အနုက်ပတိ အဖေ * အထာ စ ပဇ ဟေဝ် မယေ ဒေဝါနံ ပိယသ [၊] သေ ဟက် အနုသာသိတု ဆံဒ် စ ဝ . . . ဖာက ဒေသာဝုတိကေ ဟောသာမိ ဧတာယေ အထာယေ [၊] ပဋ္ဌိဗလာ ဟိ တုဖေ အသ္ဌာသနာ ယေ ဟိတသုခါယေ စ တေသ * ဟိဒလောကိကပါလလောကိကာယေ [၊] ဟေဝ် စ ကလ်တ် တုဖေ သ္ဌဂ် အာလာဓယိသထ မမ စ အာနနိယ် ဧဟထ [၊] ဧတာယေ စ အဌာယေ ဣယ် လိပိ လိခိတာ ဟိဒ ဧန မဟာမာတာ သ္ဌသတ် သမ * ယုဇ္ဇိသ်တိ အသ္ဌာသနာယေ ဓံမစလနာယေ စ တေသ အံတာနံ [၊] ဣယ် စ လိပိ အနုစာတုမာသ် တိသေန နခတေန သောတဝိယာ ကာမ် စ ခဏသိ ခနသိ အံတလာ ပိ တိသေန ဧကေန ပိ * သောတဝိယေ [၊] ဟေဝ် ကလ်တ် တုဖေ စ ယထ သ်ပဋ္ဌိပါဒယိတဝေ [၊]

၂။ ဒုတိယကလိုဏ်သိလာလေခ ကျောဂ္ဂရ် မူလပါဠ်

ဒေဝါနံ ပိယေ ဟေဝံ အာဟ သမာပါယံ မဟာမတာ လဇဝစနိက ဝတဝိယာ [:-] အံ့ကိဆိ ဒခါမိ ဟက် တံ် ဣ္ဂဆာမိ ဟက် ကိ်တိ [?] ကံ့ကမန * ပဋ္ဌိပါတယေ ဟံ ဒုဝါလတေ စ အာလဘေ ဟံ [၊] ဧသ စ မေ မောခ်ိယမတံ် ဒုဝါလ ဧတသ အထသ အံ့ တုဖေသု အနုသထိ [၊] သဝမုနိ*သာ မေ ပဇာ [၊] အထ ပဇာယေ ဣ္ဂဆာမိ ကိ်တိ [?] မေ သဝေဏာ ဟိတသုခေန ယုဇ္ဇယ္ယု အထ ပဇာယေ ဣ္ဂဆာမိ ကိ်တိ [?] မေ သဝေန ဟိတသု*ခေန ယုဇ္ဇယ္ယု'တိ ဟိဒလောကိကပါလလောကိကေန [၊] ဟေဝံ မေဝ မေ ဣ္ဂဆ သဝမုနိသေသု သိယာ [၊] အံ့တာနံ အဝိဇိတာ*နံ ကိ်ဆံ့ဒေ သုလာဇာ အဖေသ္ယုတိ ဧတာကာဝါ မေ ဣ္ဂဆ အံ့တေသု ပါပုနေယ္ယ လာဇာ ဟေဝံ ဣ္ဂဆတိ အနုဝိဂိန ဟေယ္ယ * မမိယာယေ အသ္ဘသေယ္ယ စ မေ သုခ်ံ့မေဝ စ လဟေယ္ယ မမ တေ နော ခ်ံ့ [၊] ဟေဝံ စ ပါပုနေယ္ယ ခမိသတိ နေ လာဇာ * ဧ စကိယေ ခမိတဝေ မမံ့ နိမိတံ် စ ဝံ့မံ့ စလေယ္ယုတိ ဟိဒလောကံ် စ ပါလလောကံ် စ အာလာဝယေယ္ယ [၊] ဧတာယေ * စ အဌာယေ ဟက် တုဖေနိ အနုသာသာမိ [၊] အနနေ ဧတကေန ဟက် တုဖေနိ အနုသာသိတု ဆံ့ဒ် စ ဝေဒိ*တု အာ မမ ဓိတိ ပဋ္ဌိနာ စ အစလ [၊] သ ဟေဝံ ကဌ ကံ့မေ စလိတဝိယေ အသ္ဘာသနိယာ စ တေ ဧန တေ ပါပုနေ*ယ္ယ အထာ ပိတ ဟေဝံ နေ လာဇာတိ အထ အတာနံ် အနုကံ့ပတိ ဟေဝံ အဖေနိ အနုကံ့ပတိ အထ ပဇာ ဟေ*ဝံ မယေ လာဇိနေ [၊] တုဖေနိ ဟက် အနုသာသိသု ဆံ့ဒ် စ ဝေဒိတု မမ ဓိတိ ပဋ္ဌိနာ စာ အစလ. . . * ဒေသာ အာယုတိကေ ဟောသာမိ ဧတသိ အထသိ [၊] အလံ့ ဟိ တုဖေ အသ္ဘာသနာယေ ဟိတသုခါယေ စ တေသံ့ ဟိဒ*လောကိကပါလလောကိကာယေ [၊] ဟေဝံ စ ကလ်တံ် သ္ဘဂ် စ အာလာဝယိသထ မမ စ အာနနေယ် ဧသထ [၊] ဧ*တာယေ စ အထာယေ ဣ္ဂယ် လိပိ လိခိတာ၊ . . . ဒ ဧန မဟာမာတာ သသ္ဘတံ် သမ်ံ ယုဇ္ဇယ္ယ အသ္ဘာသနာယေ စ * ဝံ့မစလနာယေ စ အံ့တာနံ် [၊] ဣ္ဂယ် စ လိပိ အနုစာတုံ့ မာသ် သောတဝိယာ တိသေန အံ့တလာပိ စ သောတဝိယာ * [၊] ခနေ သ်တ် ဧကေနပိ သောတဝိယာ [၊] ဟေဝံ စ ကလ်တံ် စယထ သ်ပဋ္ဌိပါတယိတဝေ [၊]

၃။ ဒုတိယကလိင်္ဂသီလာလေခ ကျောဂ္ဂရ် မူလပါဠိအနက်

ဒေဝါနံ၊ နတ်တို့၏။ ဝါ၊ ထီးဖြူအုပ်ဆောင်း မင်းအပေါင်းတို့၏။ ပိယေ၊ ကြည်ညို သဒ္ဓါ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီးသည်။ ဟေဝံ၊ ဤသို့ထုတ်ဖော် အမိန့်တော်ကို။ အာဟ၊ မိန့်ဆိုတော်မူလိုက်၏။ သမာပါယံ၊ သမာပါမြို့၌။ မဟာမတာ၊ မဟာမတ္တ အမည်ရှိကုန်သော အမတ်ချုပ်ကြီးတို့ကို။ လဇဝစနိက၊ မင်း၏ အမိန့်အာဏာ စကားတော်ဖြင့်။ ဝတဝိယာ၊ ဆင့်ဆိုအပ်ကုန်၏။ အံ့ကိဆိ၊ အကြင်တစ်စုံတစ်ခုသော အကြောင်းအရာကို။ ဟကံ၊ ငါသည်။ ဒခါမိ၊ သိမြင်၏။ တံ၊ ထိုအကြောင်းအရာကို။ ဟကံ၊ ငါသည်။ ဣဆာမိ၊ အလိုရှိ၏။

ကိံတိ၊ အဘယ်ကဲ့သို့ အလိုရှိသနည်းဟူမူကား။ ဟံ၊ ငါသည်။ ကံ့ကမန၊ ပြုအပ်သော အမှုကိစ္စကို။ ပဋိပါတယေ၊ သိစေအံ့။ စ၊ ထိုမှတပါး။ ဟံ၊ ငါသည်။ ဒုဝါလတေ၊ နည်းလမ်း အမျိုးမျိုးတို့ဖြင့်။ အာလဘေ၊ စ၍ အားထုတ်အံ့။ ဧတသ၊ ဤသို့ သဘောရှိသော။ အထသ၊ အစီးအပွါး၏။ အံ၊ အကြင်နည်းလမ်းအမျိုးမျိုးကို။ တုဖေသု၊ သင်တို့၌။ အနုသထိ၊ ဆုံးမအပ်၏။ ဧသ စ၊ ထိုနည်းလမ်းသည်ကား။ မေ၊ ငါ၏။ မောဒိယမတံ၊ မုချအလိုရှိအပ်သော။ ဒုဝါလ၊ နည်းလမ်း၏။ (မတံ)၊ အလိုသည်။ (ဘဝတိ)၊ ဖြစ်၏။ သဝမုနိသာ၊ လူအလုံးတို့သည်။ မေ၊ ငါ၏။ ပဇာ၊ ငယ်သားတို့သည်။ (ဟောန္တိ)၊ ဖြစ်ကုန်၏။ (ဟကံ)၊ ငါသည်။ အထ၊ အကြင်ကဲ့သို့။ ပဇာယေ၊ မိမိသားတော်တို့ကို။ ဣဆာမိ၊ အလိုရှိ၏။

ကိံတိ၊ အသို့ အလိုရှိသနည်းဟူမူကား။ မေ၊ ငါ၏။ (ပဇာ)၊ သားတော်တို့သည်။ သဝေဏာ၊ အလုံးစုံသော။ ဟိတသုခေန၊ စီးပွါးချမ်းသာခြင်းနှင့်။ ယုဇ္ဇယု၊ ယှဉ်စေကုန်ရာ၏။ (ဟကံ)၊ ငါသည်။ အထ၊ အကြင်ကဲ့သို့။ ပဇာယေ၊ မိမိသားတော်တို့ကို။ ဣဆာမိ၊ အလိုရှိ၏။ ကိံတိ၊ သို့ အလိုရှိသနည်းဟူမူကား။ မေ၊ ငါ၏။ (ပဇာ)၊ သားတော်တို့သည်။ ဟိဒလောကိက-ပါလလောကိကေန၊ ပစ္စုပ္ပန်, တမလွန် ၂-တန်နှင့် စပ်သော။ သဝေန၊ အလုံးစုံသော။ ဟိတသုခေန၊ စီးပွါးချမ်းသာခြင်းနှင့်။ ယုဇ္ဇယု၊ ယှဉ်စေကုန်ရာ၏။ ဣတိ၊ ဤသို့။ (ဣဆာမိ)၊ အလိုရှိ၏။ ဟေဝံ မေဝ၊ ဤအတူသာလျှင်။ သဝမုနိသေသု၊ လူအလုံးတို့၌။ မေ၊ ငါ၏။ ဣဆ၊ အလိုသည်။ သိယာ၊ ဖြစ်ပေ၏။

အဝိဇိတာနံ၊ မအောင်သေးကုန်သော။ အံ့တာနံ၊ နယ်စွန်နယ်ဖျားဌ ရှိကုန်သော သူတို့အား။ အသုလာဇာ၊ ထိုငါတို့၏ မင်းကြီးသည်။ အဖေသု၊ ငါတို့၌။ ကိံဆံ့ဒေ၊ အဘယ် မည်သော အလိုဆန္ဒသည်။ (သိယာ)၊ ဖြစ်အံ့နည်း။ ဣတိ၊ ဤသို့။ (ဝေပုဠ္ဆေယျ)၊ အကယ်၍

ကား မေးကုန်ငြားအုံ့။ (ဧဝံ သန္ဓေသု)၊ ဤသို့ မေးကြကုန်သည်ရှိသော်။ မေ၊ ငါ၏။ ဧတာ-ကာဝါ၊ ဤမျှလောက်ကုန်သော။ ဣဆ၊ ဖြေအပ်ကုန်သော အလိုဆန္ဒတို့သည်။ အံတေသု၊ နယ်စွန်နယ်ဖျားဌ် နေကုန်သောသူတို့ဌ်။ ပါပုနေယု၊ ရောက်ကုန်၏။ လာဇာ၊ မင်းသည်။ ဟေဝံ၊ ဤသို့။ ဣဆတိ၊ အလိုရှိ၏။

(ကိုတိ)၊ အသို့ အလိုရှိသနည်းဟူမူကား။ (မေ)၊ ငါ့အား။ တေ၊ ထိုနယ်စွန်နယ်ဖျားဌ် နေကုန်သောသူတို့သည်။ အနုဝိဂိန၊ မကြောက်မလန့်ခြင်းတို့သည်။ ဟေယု၊ ဖြစ်ကြကုန်ရာ၏။ မမိယာယေ၊ ငါ၏အပေါ်ဌ်။ အသွဿေယု၊ ယုံကြည်ကုန်ရာ၏။ စ၊ ထိုမှတပါး။ မေ၊ ငါမှ။ သုခံမေဝ၊ ချမ်းသာကိုသာလျှင်။ လဟေယ္ယု စ၊ ရကုန်ရာ၏။ မမ၊ ငါမှ။ ခံ=ဒုခံ၊ ဆင်းရဲဒုက္ခကို။ နော လဟေယ္ယု၊ မရကုန်ရာ။

ဧဝံ စ၊ ဤသို့လည်း။ (အသွာသနံ)၊ ယုံကြည်ခြင်းသို့။ ပါပုနေယု၊ ရောက်ကုန်ရာ၏။ နေ၊ ငါတို့၏။ လာဇာ၊ မင်းကြီးသည်။ ဧ၊ အကြင်မျှလောက်။ ခမိတဝေ၊ သည်းခံခြင်းငှာ။ စကိယေ၊ စွမ်းနိုင်၏။ (တ)၊ ထိုမျှလောက်။ ခမိသတိ၊ သည်းခံလတ္တံ့။ မမံ၊ ငါ၏။ နိမိတ်၊ အလို့ငှာ။ (တေ)၊ ထိုနယ်စွန်နယ်ဖျားဌ် နေကြကုန်သောသူတို့သည်။ ဓံမံ စ၊ တရားတော်ကိုလည်း။ စလေယု၊ ကျင့်ကုန်ရာ၏။ ဣတိ၊ ဤတရားတည်းဟူသော အကျင့်ကြောင့်။ ဟိဒ-လောကံ စ၊ ဤပစ္စုပ္ပန်လောကကိုလည်းကောင်း။ ပါလလောကံ စ၊ နောင်တမလွန်လောကကိုလည်းကောင်း။ အာလာဓယေယု၊ ရကုန်ရာ၏။

ဧတာယေ၊ ဤသို့ သဘောရှိသော။ အဌာယေ စ၊ အကျိုးငှာလည်း။ ဟကံ၊ ငါသည်။ တုဖေနိ၊ သင်တို့အား။ အနုသာသာမိ၊ ဆုံးမ၏။ ဧတကေန၊ ဤအဆုံးအမကြောင့်။ ဟကံ၊ ငါသည်။ အနနေ၊ သံသရာအကြွေး၊ ကင်းစင်ဝေး၏။ တုဖေနိ၊ သင်တို့အား။ အနုသာသိတု စ၊ ဆုံးမခြင်းငှာလည်းကောင်း။ ဆံဒ၊ မိမိ၏ အလိုဆန္ဒကို။ အာ၊ ထင်ရှားစွာ။ ဝေဒိတု စ၊ သိစေခြင်းငှာလည်းကောင်း။ မမ၊ ငါ၏။ မိတိ စ၊ မြဲမြံခြင်းလည်း ရှိထသော။ အစလ စ၊ ရွှေ့လျှောဖောက်ပြန်ခြင်းလည်း မရှိထသော။ ပဋ္ဌိနာ၊ ဝန်ခံခြင်းသည်။ (ဟောတိ)၊ ဖြစ်၏။ (တုဖေဟိ)၊ သင်တို့သည်။ သ ကံမေ၊ ထိုအမှုကိစ္စကို။ ကဌ္ဌ၊ ပြုလုပ်ခြင်းငှာ။ ဟေဝံ၊ ဤသို့။ စလိတဝိယေ၊ ကျင့်အပ်၏။

နေ၊ အကြင်အကျင့်ဖြင့်။ တေ၊ ထိုနယ်စွန်နယ်ဖျားဌ် နေကြကုန်သော သူတို့သည်။ အသွာသနိယာ၊ ယုံကြည်ကုန်သည်ဖြစ်၍။ ဣတိ စ၊ ဤသို့လည်း။ ဝါ၊ ဤသို့ နှလုံးသွင်းခြင်းသို့လည်း။ ပါပုနေယု၊ ရောက်ကုန်ရာ၏။ အထာ၊ ဥပမာကား။ နေ၊ ငါတို့၏။ လာဇာ၊ မင်းကြီးသည်။ ပိတဟေဝံ၊ အဘနှင့်လည်း တူ၏။ အထ၊ ဥပမာ တစ်နည်းကား။ လာဇာ၊ မင်းသည်။

အတာနံ့၊ မိမိကိုယ်ကို။ အနုကံပတိ ဟော၀ံ၊ မြတ်နိုးသကဲ့သို့။ အဖေနှိ၊ ငါတို့အပေါ်၌လည်း။ အနုကံပတိ၊ မြတ်နိုး၏။ အထ၊ ဥပမာ တစ်နည်းကား။ မယေ၊ ငါတို့သည်။ လာဇိနေ၊ မင်းကြီး၏။ ပဇာ ဟော၀ံ၊ သားတော်တို့နှင့် တူကုန်၏။ (ဣတိ၊ ဤသို့။ အသ္စာသနံ၊ ယုံကြည်ခြင်းသို့။ ပါပုနေယ္ယ၊ ရောက်ကုန်ရာ၏)။ ဟကံ၊ ငါသည်။ တုဖေနှိ၊ သင်တို့အား။ အနုသာသိသု စ၊ ဆုံးမခြင်းငှာလည်းကောင်း။ ဆံဒံ၊ မိမိ၏အလိုဆန္ဒကို။ ဝေဒိတု စ၊ ထင်စွာ သိစေခြင်းငှာလည်းကောင်း။ မမ၊ ငါ၏။ ဓိတိ စ၊ မြဲမြံခြင်းလည်း ရှိထသော။ အစလ စ၊ ရွှေ့လျှောဖောက်ပြန်ခြင်းလည်း မရှိထသော။ ပဋ္ဌိနာ၊ ဝန်ခံခြင်းသည်။ (ဟောတိ)၊ ဖြစ်၏။

(ဟကံ)၊ ငါသည်။ ဒေသာ၊ မြို့,ရွာနှင့်ဆိုင်ရာ မင်းမှူထမ်းတို့ကို။ ဧတသိ၊ ဤသို့ သဘောရှိသော။ အထသိ၊ အစီးအပွါးအလို့ငှာ။ အာယုတိကေ၊ စီမံခန့်ထားခြင်းသည်။ ဟောသာမိ၊ ဖြစ်လတ္တံ့။ ဟိ၊ အဘယ့်ကြောင့်နည်းဆိုသော်။ တုဖေ၊ သင်တို့သည်။ တေသံ၊ ထိုနယ်စွန်နယ်ဖျားဌ နေကုန်သောသူတို့၏။ အသ္စာသနာယေ စ၊ ယုံကြည်ခြင်းငှာလည်းကောင်း။ ဟိဒလောကိကပါလလောကိကာယေ၊ ပစ္စုပ္ပန်, တမလွန် ၂-တန်သော လောကနှင့် စပ်သော။ ဟိတသုခါယေ စ၊ စီးပွါးချမ်းသာခြင်းငှာလည်းကောင်း။ အလံ၊ ပြုလုပ်နိုင်ကုန်၏။ စ၊ အကျိုးကို ပြဦးအံ့။ ဟော၀ံ၊ ဤဆိုအပ်ခဲ့ပြီးသော နည်းလမ်းအတိုင်း။ ကလံတံ၊ ပြုလုပ်ကြကုန်သည်ရှိသော်။ သွဂံ စ၊ နတ်ချမ်းသာကိုလည်း။ အာလာဓယိသထ၊ ရကုန်လတ္တံ့။ မမ၊ ငါ၏။ အာနနေယံ စ၊ ကြွေးမြီမှ ကင်းလွတ်ခြင်းသို့လည်း။ ဧသထ၊ ရောက်ကြကုန်လတ္တံ့။

ဣယံ လိပိ၊ ဤအမိန့်အာဏာ ပြန်တမ်းစာကို။ ဧတာယေ၊ ဤသို့ သဘောရှိသော။ အထာယေ စ၊ အစီးအပွါးအလို့ငှာလည်း။ လိခိတာ၊ ရေးအပ်ပြီ။ ဧန၊ အကြင် အမိန့်အာဏာ ပြန်တမ်းစာဖြင့်။ ဒ. . . = ဟိဒ၊ ဤတိုင်းပြည်၌။ မဟာမာတာ၊ မဟာမတ္တ-အမည်ရှိကုန်သော အမတ်ချုပ်ကြီးတို့သည်။ သသ္ဂတံ၊ အမြဲမပြတ်။ သမံ=သမယံ၊ အခါတိုင်း, အခါတိုင်း။ အံတာနံ၊ နယ်စွန်နယ်ဖျားဌ နေကုန်သောသူတို့အား။ အသ္စာသနာယေ စ၊ ၎င်းအား ယုံကြည်ခြင်းငှာလည်းကောင်း။ ဓံမစလနာယေ စ၊ တရားတော်ကို ကျင့်ခြင်းငှာလည်းကောင်း။ ယုဇ္ဇယု၊ အားထုတ်ကုန်ရာ၏။

ဣယံ စ ဓံမလိပိ၊ ဤအမိန့်အာဏာ ပြန်တမ်းစာကိုလည်း။ အနုစာတုံ မာသံ၊ ၄-လ ၁-ကြိမ်စီ။ သောတ၀ိယာ၊ နာယူအပ်၏။ အံတလာပိ စ၊ ကြိုကြားကြိုကြားလည်း။ တိသေန၊ ဖုဿနက္ခတ်နှင့်။ (ယုတ္တော၊ ယှဉ်သော။ ဒိနေ စ၊ နေ့ဌ်လည်း။) သောတ၀ိယာ၊ နာယူအပ်၏။ ခနေ၊ အားလပ်သောအခါသည်။ သံတံ၊ ရှိလတ်သော်။ ဧကေနပိ၊ တစ်ယောက်ချင်းချင်းလည်း။ သောတ၀ိယာ၊ နာယူအပ်၏။ ဟော၀ံ စ၊ ဤသို့လည်း။ ကလံတံ၊ ပြုလုပ်ကြကုန်လျက်။

သံပဋိပါတယိတဝေ၊ ငါ၏အလို ပြည့်စုံစေခြင်းငှာ။ စယထ၊ အားထုတ်ကြကုန်လော့။ (ကျွတိ၊ ဤသို့။ အာဟ၊ မိန့်ဆိုတော်မူလိုက်၏။)

၄။ ဒုတိယကလိင်္ဂသိလာလေခ ကျောဂွရ်, ဓောက်လီ ၂-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ' တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် ဤသို့မိန့်ဆိုတော်မူလိုက်၏။ "သမာပါနှင့် တောသလီမြို့ရှိ မင်းသားနှင့် မဟာမတ္တခေါ်သော အမတ်ချုပ်ကြီးတို့အား မင်း၏ အမိန့်အာဏာတော်ဖြင့် ဤသို့ဆင့်ဆိုရမည်မှာ တစ်စုံတစ်ခုသော အကြောင်းအရာကို ငါသည် ထင်မြင်၏။ ထိုအကြောင်းအရာကို သင်တို့အား သိစေရန် အလိုရှိပေ၏။ အသို့ အလိုရှိသနည်းဟူမူကား ငါသည် ပြုအပ်,ပြုထိုက်သော ဝတ္တရားကို သင်တို့အား သိစေအံ့။ ၎င်းပြင် ငါသည် နည်းလမ်းအမျိုးမျိုးတို့ဖြင့် စ၍အားထုတ်၏။ အစီးအပွါးရှိသော နည်းလမ်းအမျိုးမျိုးတို့ကို သင်တို့အား ဆိုဆုံးမ၏။ ထိုနည်းလမ်းမျိုးသည်ကား ငါ၏ မုချလိုလားအပ်သော အရေးအကြီးဆုံး နည်းလမ်းမျိုးပင် ဖြစ်ပေ၏။

လူအားလုံးတို့သည် ငါ၏ သားတော်တို့ပင် ဖြစ်ကုန်၏။ ငါသည် မိမိ၏ သားတော်များအား အလုံးစုံသော ချမ်းသာကို ရစေလိုသကဲ့သို့ လူအားလုံးတို့ကိုလည်း ပစ္စုပ္ပန်, တမလွန် ၂-တန်သော အစီးအပွါးနှင့် ပြည့်စုံစေလို၏။ မအောင်မြင်သေးကုန်သော နယ်စွန်နယ်ဖျား, နယ်ခြားတို့၌ ရှိနေကြကုန်သောသူတို့အား အုပ်ချုပ်နည်းနှင့်ဆိုင်ရာ ငါတို့၏ မင်းကြီးသည် ငါတို့၏အပေါ်မှာ အဘယ်မည်သော အမိန့်တော်မြတ်ဖြင့် သတ်မှတ်၍ ပေးလိမ့်မည်-ဟူသော အလိုဆန္ဒကို အကယ်၍ သင်တို့က သိလိုကြလျှင် ၎င်းတို့၏အပေါ်၌ ငါ၏အလိုတော်ကား ထိုနယ်ခြားရှိ လူမျိုးများတို့သည် ငါ့အား မကြောက်မလန့်ဘဲ ငါ၏အပေါ်၌ ယုံကြည်အားကိုးပြီးလျှင် ငါ၏အထံမှသာလျှင် ချမ်းသာသုခကို ခံစားရ၍ မည်သည့်အခါမျှ ဆင်းရဲဒုက္ခ မရောက်ကြစေရန် ငါအလိုရှိတော်မူ၏။ ဤမျှသာ မကသေး။ ထိုနယ်ခြားရှိ လူမျိုးတို့သည် ငါ၏အပေါ်မှာ အားကိုးယုံကြည်ကြရမည်မှာလည်း 'ငါတို့၏ မင်းကြီးသည် ငါတို့၏အပေါ်မှာ သည်းခံနိုင်သလောက် သည်းခံလိမ့်မည်မှာ အမှန်ပင် ဖြစ်ပေ၏'-ဟု ယုံကြည်ကြရမည်။

ငါ၏အလို့ငှာ ထိုနယ်ခြားရှိ လူမျိုးတို့သည် တရားတော်ကို လိုက်နာကျင့်ကြံကြ၍ ဤတရားတည်းဟူသော အကျင့်ကြောင့် ပစ္စုပ္ပန်, တမလွန် ၂-တန်သောလောက၌ ချမ်းသာသုခကို မုချခံစားရကုန်ရာ၏။ ဤအစီးအပွါးအလို့ငှာ ငါသည် သင်မင်းမှူထမ်းတို့အား အဆုံးအမကို ပေးလိုက်၏။ ဤအဆုံးအမ သြဝါဒကြောင့် ငါသည် သံသရာအကြွေးမှ ကင်းလွတ်

၏။ သင်တို့အား သြဝါဒပေးခြင်းနှင့် မိမိ၏အလိုဆန္ဒကို ထင်ရှားစွာ သိစေခြင်းငှာ ဖော်ထုတ်ပြရာ၌ ငါ၏ မဖောက်မပြန် မြဲမြံခိုင်ခံ့သော ဝန်ခံခြင်းသည်ပင် ဖြစ်ပေ၏။ သင်တို့သည် ဤအမှုကိစ္စကို ရွက်ဆောင်ဖို့ရန် ဤမည်သော တရားတော်ကို ကျင့်ကြရမည်။ ၎င်းတရားတော်၏ အကျင့်ကြောင့် ထိုနယ်ခြားရှိ လူမျိုးများတို့သည် ငါ၏အပေါ်မှာ ယုံကြည်အားကိုးပြီးလျှင် ဤကဲ့သို့ အောက်မေ့ကြကုန်အံ့။

အဘယ်ကဲ့သို့ အောက်မေ့ကြကုန်အံ့နည်းဟူမူ 'မင်းကြီးသည် ငါတို့၏ မိဘသဖွယ်ဖြစ်၍ မိမိကိုယ်ကို ချစ်မြတ်နိုးဘိသကဲ့သို့ ငါတို့အပေါ်မှာလည်း ချစ်မြတ်နိုးပေ၏။ ငါတို့သည်လည်း မင်းကြီး၏ သားတော်တို့နှင့် အလားတူကြကုန်၏'-ဟု ယုံကြည်အောက်မေ့ကြကုန်ရာ၏။ သင်တို့အား သြဝါဒပေးခြင်းနှင့် မိမိ၏ အလိုဆန္ဒကို ထင်ရှားစွာ သိစေခြင်းငှာ ဖော်ထုတ်၍ပြရာ၌ ငါ၏ မဖောက်မပြန် မြဲမြံခိုင်ခံ့သော ဝန်ခံခြင်းသည်ပင် ဖြစ်ပေ၏။ ငါသည် မြို့ရွာဒေသနှင့်ဆိုင်ရာ မင်းမှူထမ်းများတို့ကို ဤအစီးအပွါးအလို့ငှာ တစ်နည်း ဤအမှုကိစ္စအလို့ငှာ အသီးအသီး စီမံခန့်ထားနိုင်လိမ့်မည်။ အဘယ်ကြောင့်နည်းဟူမူ သင်တို့သည် ငါ၏အပေါ်၌ ထိုထိုလူများအပေါင်းတို့၏ ယုံကြည်ခြင်းငှာလည်းကောင်း၊ ပစ္စုပ္ပန်, တမလွန် ၂-တန်သော လောကနှင့်စပ်သော စီးပွါးချမ်းသာခြင်းငှာလည်းကောင်း ပြုလုပ်နိုင်ကြကုန်၏။

အကယ်၍ ဆိုအပ်ခဲ့သော နည်းလမ်းအတိုင်း အားထုတ်ပြုလုပ်ကြသည်ရှိသော် နတ်ပြည်ချမ်းသာကို ခံစားရမည့်အပြင် ငါ့အား ပေးဆပ်ရန်ရှိသော ကြွေးမြီမှလည်း လွတ်မြောက်ကြလိမ့်မည်။ ဤအမိန့်တော်ပြန်တမ်းစာကို ရေးသားရခြင်းမှာကား တိုင်းပြည်ရှိ အမတ်ချုပ်ကြီးတို့သည် ၎င်းအမိန့်တော်အရဖြင့် မပြတ်မလပ် နယ်ခြားရှိ လူမျိုးတို့အား အားကိုးယုံကြည်စေပြီးလျှင် တရားတော်အတိုင်း လိုက်နာကျင့်ကြံစေရန် အထူးအားထုတ်ဆောင်ရွက်ဖို့ရာကို ရည်သန်လျက် ရေးသားရပေ၏။

ဤအမိန့်တော်စာတမ်းကို ၄-လ ၁-ကြိမ် အသီးသီးသောဥတု၏ အစ၌လည်းကောင်း၊ အကြားအကြား ၁-လ, ၁-ကြိမ်၊ လ-သည် ဖုဿနက္ခတ်နှင့် ယှဉ်သောနေ့၌လည်းကောင်း နာယူအပ်၏။ ၎င်းပြင် ခဏခဏ အားလပ်ခွင့်ရသောနေ့မှာလည်း တစ်ယောက်တည်းပင် ဖြစ်သော်လည်း ကြားနာအပ်၏။ ဤဆိုခဲ့သောနည်းလမ်းအတိုင်း ပြုလုပ်၍ ငါ၏ အလိုတော်ပြည့်စုံစေရန် အားထုတ်ကြရမည်"။ ဤသို့လျှင် သီရိဓမ္မာသောကမင်းကြီးသည် မိန့်ဆိုတော်မူလိုက်ပေ၏။

အမှာစကား။ ပထမ, ဒုတိယ၊ ဤကျောက်စာ ၂-ခုသည် များသောအားဖြင့် သဘောချင်းတူမျှ၏။ ဤကလိင်္ဂကျောက်စာ ၂-ခုကို ဥရိဆာနယ်ရှိ ပုရိစီရင်စုတွင် ဓောက်လီအမည်နှင့် မဒရပ်နယ်ရှိ ဂံဂျာမ်စီရင်စုတွင် ကျောဂ္ဂရ်အမည်ရှိသော ဌာနမှ ရရှိပေ၏။ စတုဒ္ဒသ-သိလာလေခတို့တွင် ဧကာဒသမ, ဒွါဒသမ, တေရသမကျောက်စာသည် မပါမရှိပေ။ ၎င်း ၃-ဌာန၏နေရာမှာ ဤကျောက်စာ ၂-ခုသာ ရေးရှိပေ၏။ ထို့ကြောင့် စတုဒ္ဒသသိလာလေခ၏ နောက်ဆက်တွဲသဖွယ်နှင့် တူ၏။ ဤကလိင်္ဂကျောက်စာ ၂-ခုကို အတိရိတ္တ(အပိုအလွန်) ကျောက်စာ-ဟူသောအမည်ဖြင့်လည်း ခေါ်ဆိုကြ၏။

ဒုတိယ ကလိင်္ဂသိလာလေခကို အချို့ဆရာများက သီမာန္တလေခ-ဟူ၍လည်း ခေါ်ဆိုကြ၏။ ၎င်းဒုတိယကျောက်စာ၌ နယ်ခြားလူမျိုးများတို့ကို အဘယ်ကဲ့သို့ အုပ်ချုပ်ရမည်-ဟူသော အကြောင်းအရာကို ဖော်ပြပါရှိပေ၏။

သမာပါမြို့သည် ကျောဂ္ဂရ်ဌာန၏ အနီးအပါးတွင် ရှိသင့်သည်။ တောသလီမြို့သည်လည်း ဓောက်လီ၏ အနီးအပါးမှာ ရှိသင့်သည်။ ကလိင်္ဂတိုင်းပြည်၌ အသောကမင်းကြီး၏ မင်းမှူထမ်း အမတ်ချုပ်ကြီးတို့သည် တောသလီနှင့် သမာပါမြို့၌ပင် ရုံးစိုက်ကြလေကုန်၏။ '၄-လ ၁-ကြိမ်စီ'ဆိုသော စကားကို ထောက်သဖြင့် အသောကမင်းကြီးလက်ထက်၌လည်း ၁-နှစ်တွင် ဥတု ၃-ပါးဖြင့် ရေတွက်ကြောင်းကို သိရှိရ၏။ အန္ဓရကုသမင်းတို့၏ ကျောက်စာဖြင့်လည်း ထိုမင်းတို့ လက်ထက်မှာ ၁-နှစ်တွင် ဂိမှာန, ဝဿာန, ဟေမ-ဟူသော ဥတု ၃-ပါးဖြင့် ရေတွက်ကြောင်းသည် ထင်ရှားပေ၏။

တတိယကဏ္ဍ ပြီးပြီ။

★ ★ ★ ★ ★ ★ ★

{ ၄ } စတုတ္ထကဏ္ဍ

[၁] သတ္တထမ္ဘလေခ ပထမထမ္ဘလေခ မူလပါဠိ ၆-ဌာနနှင့် အဓိပ္ပါယ်

၁။ ဒီလီတိုပရာ ပထမထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ အာဟ [:-] သဒ္ဓါဝိသတိ*ဝဿအဘိသိတေန မေ ဣယံ ဓံမလိပိ လိခါပိတာ * [:-] ဟိဒ တပါလတေ ဒုသ်ပဋိပါဒယေ အံနတ အဂါယာ မကာမတာယ * အဂါယ ပလိခါယာ အဂါယ သုသူသာယာ အဂေန ဘယေနာ * အဂေန ဥသာဟေနာ [၊] ဧသ စု ခေါ မမ အနုသထိယာ * ဓံမာပေခါ ဓံမကာမတာ စ သုဝေ သုဝေ ဝပိတာ ဝပိသတိ စေဝါ * [၊] ပုလိသာ ပိ စ မေ ဥကသာ စ ဂေဝယာ စ မစ္ဆိမာစ အနုဝိဓိယ်တိ * သ်ပဋိပါဒယ်တိ စ အလ် စပလ် သမာဒပယိတဝေ ဟေမေဝါ အံတ * မဟာမာတာပိ [၊] ဧသာ ပိ ဝိဓိ ယာ ဣယံ ဓံမေန ပါလနာ ဓံမေန ဝိဓာနေ * ဓံမေန သုခိယနာ ဓံမေန ဂေါတိတိ [၊]

၂။ ဒီလီမေရှင် ပထမထမ္ဘလေခ မူလပါဠိ

... ...
... ...
... ...
... ...
... နံ ဓံမေန * ဝိဓာနေ ဓံမ ... ... ခိယ ... ...[၊]

၃။ ဣလာဟာဗဒ် ပထမထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ အာဟ [:-] သဒ္ဓါဝိသတိဝဿာဘိသိတေန မေ ဣယံ ဓံမလိပိ လိခါပိတာ [:-] ဟိဒတ ပါလတေ ဒုသ်ပဋိပါဒယေ * အံနတ အဂါယ ဓံမကာမတာယာ အဂါယ ပလိခါယ အဂါယ သုသူသာယာ အဂေန ဘယေန အဂေန ဥသာဟေန [၊] ဧသ စု ခေါ မမ အနုသထိယာ * ဓံမာပေခါ ဓံမကာမတာ စ သုဝေ

သုဝေ ဝပိတာ ဝပိသတိ စေဝါ [၊] ပုလိသာ ပိ မေ ဥကသာ စ ဂေဝယာ စ မစ္ဆိမာ စ အနုဝိဓိ ယံတိ သံပဋိပါဒယံတိ စ * အလံ စပလံ သမာဒပယိတဝေ ဟေမေဝ အံတ-မဟာမာတာပိ [၊] ဧသာဟိ ဝိဓိယာ ဣယံ ဓံမေန ပါလနာ ဓံမေန ဝိဓာနေ ဓံမေန သုခိယနာ ဓံမေန ဂုတိ တိ စု [၊]

၄။ လောက်ရိယာအဗျာရာဂ်ိ ပထမထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အာဟ [:-] သဒ္ဓါဝိသတိဝသာဘိသိတေန မေ ဣယံ ဓံမလိပိ * လိခါပိတ [:-] ဟိဒတပါလတေ ဒုသံပဋိပါဒယေ အံနဟ အဂါယ ဓံမကာမတယ အဂါယ ပလိခါယ * အဂါယ သုသူသာယ အဂေန ဘယေန အဂေန ဥသာဟေန [၊] ဧသ စု ခေါ မမ အနုသထိယ ဓံမာပေခ * ဓံမကာမတာ စ သုဝေ သုဝေ ဝပိတာ ဝပိသတိ စေဝ [၊] ပုလိသာ ပိ မေ ဥကသာ စ ဂေဝယာ စ မစ္ဆိမာ စ အနုဝိဓိယံတိ * သံပဋိပါဒယံတိ စ အလံ စပလံ သမာဒပယိတဝေ ဟေမေဝ အံတမဟာမာတာပိ [၊] ဧသာ ဟိ ဝိဓိယာ ဣယံ ဓံမေန ပါလန * ဓံမေန ဝိဓာနေ ဓံမေန သုခိယန ဓံမေန ဂေါဟိ-တိ [၊]

၅။ လောက်ရိယာနန္ဒန်ဂဟရ် ပထမထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အာဟ [:-] သာဒ္ဓါဝိသတိဝသာဘိသိတေန မေ ဣယံ * ဓံမလိပိ လိခါပိတ [:-] ဟိဒတပါလတေ ဒုသံပဋိပါဒယေ အံနတ အဂါယ ဓံမကာမတာယ * အဂါယ ပလိခါယ အဂါယ သုသူသာယ အဂေန ဘယေန အဂေန ဥသာဟေန [၊] ဧသ စု ခေါ မမ * အနုသထိယ ဓံမာပေခ ဓံမကာမံတာ စ သုဝေ သုဝေ ဝပိတဝပိသတိစေဝ [၊] ပုလိသာ ပိ မေ * ဥကသာ စ ဂေဝယာ စ မစ္ဆိမာ စ အနုဝိဓိယံတိ သံပဋိပါဒယံတိ စ အလံ စပလံ သမာဒပယိတဝေ * ဟေမေဝ အံတမဟာမာတာပိ [၊] ဧသာ ဟိ ဝိဓိယာ ဣယံ ဓံမေန ပါလန ဓံမေန ဝိဓာနေ ဓံမေန သုခိယန * ဓံမေန ဂေါတိ တိ [၊]

၆။ ရာမ်ပုရ၀ါ ပထမထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လဇ ဟေဝံ အာဟ [:-] သဒ္ဓ . . . . . .
. . . . . * ဒုသံပဋိပါဒယေ အံနတ အဂါယ ဓံမ ကာမတာယ . . . . . .

. . . . . * ဧသ စု ခေါ် မမ အနုသထိယ ဓံမာပေခ ဓံမ . . .
. . . . . * ဂေဝယာ စ မစ္ဆိမာ စ
အနုဝိဓိယ်တိ သ်ပဋ္ဌိပါဒယ် . . . . . .
ယာ ဣယ် ဓံမေန ပါလန ဓံမေန ဝိဓာနေ ဓံမေန သု . . . . . [၁]

၇။ ဒီလီတိုပရာ ပထမထမ္ဘလေခ မူလပါဠိအနက်

ဒေဝါနံ၊ သမုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယေ၊ ကြည်ညိုသဒ္ဓါ၊ ဦးညွှတ်ရာလည်း ဖြစ်တော်မူထသော။ ပိယဒသိ၊ ဇမ်းမြောက်နုမော်၊ ရှုစားတော်မူရာလည်း ဖြစ်တော်မူထသော။ လာဇ ဇမ္ဗူဒိပ်တွင်၊ ဂုဏ်ဒေါင်ပွါးစီး၊ သီရိဝမ္မာသောကမင်းကြီးသည်။ ဟေဝံ၊ ဤသို့ထုတ်ဖော်၊ တရားတော်ကို။ အာဟာ၊ အားလုံးသိစေ၊ မိန့်ဆိုတော်မူလိုက်ပေ၏။ သဒ္ဓေ-သတိဝသအဘိသိတေန၊ ဘိသိက်ဘွဲ့ခံ၊ နန်းစံ ၂၆-နှစ်မြောက်တော်မူလေပြီးသော။ မေ၊ သမ္မာဒိဋ္ဌိ၊ အမြင်ရှိသည့်၊ သမုတိနတ်၊ ငါမင်းမြတ်သည်။ ဣယံ ဓံမလိပိ၊ ကျင့်စဉ်ကျင့်လမ်း၊ ဤတရားတည်းဟူသော စာတမ်းကို။ လိခါပိတာ၊ နောင်တသက်လမ်း၊ ကျင့်ကြံထမ်းအောင်၊ ထုတ်ဆောင်ရေးသားအပ်ပြီ။

အဂါယာ၊ မြေမြုံစိတ်ဇော၊ ခိုင်ခံ့သောသဘောရှိသော။ ဓံမကာမတာယ၊ မပြတ်မကင်း၊ တရားတော်ကို လိုလားခြင်းနှင့်လည်းကောင်း။ အဂါယ၊ ကဲလွန်ကျော်ကျူး၊ သူ့ထက်ထူးသော။ ပလိခါယာ၊ မိမိကိုယ်တွင်း၊ ဆင်ခြင်ခြင်းနှင့်လည်းကောင်း။ အဂါယ၊ အမျှားထူးချွန်၊ လွန်ထက်လွန်သော။ သုသူသာယာ၊ မရိမပျင်း၊ ကိုးကွယ်ဆည်းကပ်ခြင်းနှင့်လည်းကောင်း။ အဂေန၊ ပိုမိုတက်စီး၊ အလွန်ကြီးစွာသော။ ဘယေနာ၊ ဘေးဘယမှ၊ အေးမြလွတ်ကင်း၊ ကြောက်ရွံ့ခြင်းနှင့်လည်းကောင်း။ အဂေန၊ အမျှားထိုထို၊ သူ့ထက်ပိုသော။ ဥသာဟေနာ၊ မဆုတ်လုံ့လ၊ ဥဿာဟနှင့်လည်းကောင်း။ အံနတ၊ မယှဉ်ယွင်းချွတ်၊ ကင်းကွာလွတ်သည်ရှိသော်။ ဟိဒတပါလတေ၊ သံ်သရာ,ပစ္စုပ္ပန်၊ ကျိုး ၂-တန်ကို။ ဒုသ်ပဋ္ဌိပါဒယေ၊ ရနိုင်ဖို့ရေး၊ အလွန်ဝေး၏။

စု၊ ရနိုင်ဖို့ရေး၊ ထိုသို့ပင် ဝေးငြားသော်လည်း။ ခေါ်၊ စင်စစ်သဖြင့်။ မမ၊ တရားနွယ်ရိုး၊ ကွယ်မည့်ကိုးအောင်၊ ရွက်ဆောင်ပေတတ်၊ ငါမင်းမြတ်၏။ အနုသထိယာ၊ မရွှေ့မစောင်း၊ သြဝါဒတရားကြောင့်။ ဧသ ဓံမာပေခါ စ၊ စဉ်လာမပျက်၊ ဤတရားတော်ကို ငဲ့ကွက်ခြင်းသည်လည်းကောင်း။ ဧသ ဓံမကာမတာ စ၊ မပြတ်မကင်း၊ ဤတရားတော်ကို လိုလားခြင်းသည်

လည်းကောင်း။ သုဝေ သုဝေ၊ မပျက်မရွှေ့၊ တစ်နေ့ထက်တစ်နေ့သာလျှင်။ ဝပိတာ၊ တိုးတက်လွန်ဘိ၊ ကြီးပွါးလျက် ရှိပေ၏။ ဝပိသတိ စေဝါ၊ မဆုတ်မနစ်၊ ကြီးပွါးခြင်းလည်း ဖြစ်ပေလတ္တံ့။

အပိစ၊ စင်စစ်မှတ်သား၊ နည်းလမ်းများဖြင့်။ မေ၊ ကိုယ်ကျင့်မခ္ခတ်၊ ငါမင်းမြတ်၏။ ဥကသာ စ၊ နာမ်ခတ်နှိပ်၊ ဘွဲ့တံဆိပ်လည်း ကြီးကုန်ထသော။ ဂေဝယာ စ၊ ကုသိုလ်ပုည၊ ပြုခဲ့ကြ၍၊ ဘဝမဖြူ။ ငယ်သောသူလည်း ဖြစ်ကုန်ထသော။ မစ္ဆိမာ စ၊ ရာထူးခန့်ထား၊ အလတ်စားလည်း ဖြစ်ကုန်ထသော။ ပုလိသာ၊ တရားနည်းလမ်း၊ မင်းမှူထမ်းတို့သည်။ အနုဝိဓိယံတိ၊ သူတော်နည်းဟောင်း၊ မပျက်ကောင်းအောင်၊ ကြောင်းကျိုးပြည့်စုံ၊ အားထုတ်ကြကုန်၏။ စပလံ စ၊ ပါပညစ်ဆိုး၊ လျှပ်ပေါ်သော အလိုဆိုးရှိသောသူကိုလည်း။ အလံ၊ မကောင်းမှုထဲ၊ နုတ်ခွါဖဲ့၍။ သမာဒပယိတဝေ၊ သူတော်ကျင့်ဝတ်၊ ပဋိပတ်ကို၊ မပြတ်ကြိုးကုတ်၊ အားထုတ်ဆောက်တည်စေခြင်းငှာ။ သံပဋိပါဒယံတိ၊ နေ့,ညဉ့်လုံးစုံ၊ ကျင့်ကြကုန်၏။ အံတ မဟာ-မာတာပိ၊ နယ်စွန်နယ်ဖျား၊ မင်းမှူထမ်းများတို့သည်လည်း။ ဟေဝမေဝါ၊ မယုတ်မဆိုင်း၊ ဤနည်းအတိုင်းသာလျှင်။ သံပဋိပါဒယံတိ၊ လွယ်ကာပြီးမြောက်၊ နိဗ္ဗာန်ပေါက်အောင်၊ အားထုတ်ကျင့်ဆောင်ကြကုန်၏။

ဣယံ၊ ခပ်သိမ်းဥသုံ၊ ဤအလုံးစုံသောသူကို။ ဓံမေန၊ မတိမ်းမစောင်း၊ တရား-ကောင်းဖြင့်။ ပါလနာ၊ လက်တွင်းသိမ်းယူ၊ မွေးမြူရခြင်းလည်းကောင်း။ ဓံမေန၊ မတိမ်းမစောင်း၊ တရားကောင်းဖြင့်။ ဝိဓာနေ၊ မခ္ခတ်မယွင်း၊ စီရင်ရခြင်းလည်းကောင်း။ ဓံမေန၊ မတိမ်းမစောင်း၊ တရားကောင်းဖြင့်။ သုခိယနာ၊ ဒုက္ခမှဝေး၊ ချမ်းသာပေးရခြင်းလည်းကောင်း။ ဓံမေန၊ မတိမ်းမစောင်း၊ တရားကောင်းဖြင့်။ ဂေါတိ၊ လုံခြုံဖို့ရေး၊ စောင့်ရှောက်၍ ပေးရခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ယာ၊ ရအောင်ကြိုးကုတ်၊ ပြုလုပ်အပ်သော အကြင်အယူဝါဒသည်။ အထိ၊ ဒိဋ္ဌမြင်သိ၊ ထင်ရှားရှိ၏။ ဧသာပိ၊ ထိုသို့ဖော်ပြ၊ အယူဝါဒ-ဟူသမျှသည်လည်း။ ဝိဓိ၊ တရားနှင့်စပ်၊ စီရင်အပ်သော အယူဝါဒ မည်၏။

၇။ ဒိလီတိုပရာ ပထမထမ္ဘလေခ မူလပါဠိအနက် ၆-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ' ဘွဲ့တံဆိပ်အမည်တော်ရှိသော သီရိဓမ္မာ-သောကမင်းကြီးသည် ဤသို့ မိန့်ဆိုတော်မူလိုက်သည်မှာ မင်း၏အဘိသိက်ကို ခံ၍ ၂၆-နှစ်၊ သာသနာတော်သက္ကရာဇ် ၂၄၄-နှစ်မြောက်ပြီးသောအခါ ငါသည် ဤစာတမ်းကို ရေးထိုးစေလိုက်ပေ၏။ တရားတော်ကို မြဲမြံစွာအလိုရှိခြင်း၊ မိမိကိုယ်ကို အထူးအားဖြင့် ဆင်ခြင်ခြင်း၊ ရတနာ ၃-ပါးအား အတိုင်းထက်အလွန် ကိုးကွယ်ဆည်းကပ်ခြင်း၊ မကောင်းမှုမှ အထူး

ကြောက်ရွံ့ခြင်း၊ ကြီးသော လုံ့လဝီရိယရှိခြင်း၊ ၎င်းတရားတို့မှ ကင်း၍ ပစ္စုပ္ပန်,သံသရာ ၂-ဖြာသောဘဝ၌ ကောင်းကျိုးချမ်းသာမဂ်လာကို ရဖို့ရန် အလွန်ပင် ခဲယဉ်းလှပေ၏။

သို့ရာတွင် စင်စစ်မှာမူကား ငါ၏ အဆုံးအမ သြဝါဒတရားကြောင့် လူများတို့၏ တရားတော်ကို ငဲ့ကွက်ခြင်းနှင့် တရားတော်ကို လိုလားခြင်းသည်ပင်လျှင် နေ့မပျက် ရက်မကွာ အခါခပ်သိမ်း တိုးတက်ပွါးများလျက် ရှိပေ၏။ ရှေးရှေးကိုလည်း ဤကဲ့သို့သော တရားမျိုးသည် တစ်နေ့ထက်တစ်နေ့ တိုးတက်ကြီးမား၍ မပျက်မကွက်ဘဲ အထက်,အထက်ကဲ့သို့ စည်ပင်လိမ့်မည်မှာ အမှန်ပင်ဖြစ်၏။ ဤနည်းလမ်းအတိုင်း ငါ၏မင်းမှူထမ်းကြီးတို့သည်လည်းကောင်း၊ ငါ၏ မင်းမှူထမ်းငယ်များတို့သည်လည်းကောင်း၊ ငါ၏ မင်းမှူထမ်းတို့တွင် မကြီး, မငယ် အလယ်အလတ်ဖြစ်ကုန်သော မင်းမှူထမ်းများတို့သည်လည်းကောင်း သူတော်သူမြတ်တို့ကျင့်အပ်သော တရားနည်းလမ်းကို မချွတ်အားထုတ် ရွက်ဆောင်ကြကုန်၏။ –

ဤပြင် လျှပ်ပေါ်သောသူကိုလည်း တရားနှင့်လျော်စွာ နှိပ်ကွပ်ပယ်ဖျောက်ပြီးလျှင် ၎င်းလူအား တရားတော်ကို ဆောက်တည်စေရန် မပြတ်မလပ် ကျင့်ကြံအားထုတ်ကြကုန်၏။ ဤနည်းလမ်းအတိုင်း နယ်စွန်နယ်ဖျားရှိ အန္တမဟာမတ္တခေါ်သော အမတ်ချုပ်ကြီးတို့သည်လည်း မပျက်မကွက်စေဘဲ အသက်ထက်ဆုံး ကျင့်သုံးကြကုန်၏။ လူများအားလုံးတို့ကို တရားသဖြင့် မွေးမြူရခြင်း၊ တရားသဖြင့် စီရင်ပြုလုပ်ရခြင်း၊ တရားသဖြင့် ချမ်းသာစေခြင်း၊ တရားသဖြင့် လုံခြုံစွာစောင့်ရှောက်ရခြင်း၊ ဤအားလုံးကုန်သော အယူဝါဒများသည် အုပ်ချုပ်ပုံကောင်းသော အယူဝါဒမျိုးဖြစ်ပေ၏။

အမှာစကား။ အသောကမင်းကြီးသည် မိမိအသက်ရှည်သမျှ ကာလပတ်လုံး သာသနာရေး, ဘာသာရေးတို့အတွက် အသုံးပြုဖို့ရန် အလုံးစုံကုန်သော အကြောင်းအရာများကို သတ္တထမ္ဘာလေခ၌ အစဉ်အတိုင်း ဖော်ပြပေ၏။ ဤသတ္တထမ္ဘာလေခ၌ အသောကမင်းကြီးသည် မိမိ၏ အုပ်ချုပ်ကွပ်ညပ်ပုံ အယူဝါဒသဘောကို ဖော်ပြပေ၏။ သတ္တထမ္ဘာလေခ-ဆိုရာ၌ ၆-ဌာနတွင် တစ်ခုတစ်ခုသောဌာနမှာ ကျောက်တိုင် ၁-လုံး, ၁-လုံးစီ ရှိ၏။ ထိုကျောက်တိုင်တို့တွင်လည်း ၁-တိုင်, ၁-တိုင်မှာ ၇-ခန်း, ၇-ခန်းစီ ကျောက်စာများ ပါရှိကုန်၏။ ထို့ကြောင့် ပထမ, ဒုတိယ-စသည်ဖြင့် ပိုင်းခြား၍ ပြလိုက်ပေ၏။

အနက်အဓိပ္ပါယ် တူရာတူရာကို တစ်ပေါင်းတည်းပြု၍ အနက်ယောဇနာလိုက်ပေ၏။ အသောကမင်းကြီးသည် ဤ ၆-ဌာနရှိ မင်းမှူထမ်းများကိုသာလျှင် သြဝါဒပေးသည် မဟုတ်သေး။ နိုင်ငံလုံးရှိ ငယ်သားများကိုလည်း ဤကျောက်စာဖြင့် သြဝါဒပေးခြင်း ဖြစ်၏။

----- x -----

[၂] သတ္တထမ္ဘလေခ ဒုတိယထမ္ဘလေခ မူလပါဠိ ၆-ဌာနနှင့် အဓိပ္ပါယ်

၁။ ဒီလီတိုပရာ ဒုတိယထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ * ဟေဝံ အာဟာ [:-] ခံမေ သာဓု [၊] ကိယံ စု ခံမေတိ [?] အပါသိနဝေ ဗဟုကယာနေ * ဒယာ ဒါနေ သစေ သောစယေ [၊] စခုဒါနေပိ မေ ဗဟုဝိဓေ ဒီနေ ဒုပဒ*စတုပဒေသု ပခိဝါလိစလေသု ဝိဝိဓေ မေ အနုဂဟော ကဋ္ဌေ အာပါန*ဒါခိနာယေ အံနာနိ ပိ စ မေ ဗဟူနိ ကယာနာနိ ကဋ္ဌာနိ [၊] ဧတာယေ မေ * အဋ္ဌာယေ ဣယံ ခံမလိပိ လိခါပိတာ [၊] ဟေဝံ အနုပဋိပဇ်တု စိလံ * ထိတိကာ စ ဟောတူ'တိတိ [၊] ယေ စ ဟေဝံ သံပဋိပဇ်သတိ သေ သုကဋ် ကဒ္ဒတိတိ [၊]

၂။ ဒီလီမေရင် ဒုတိယထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ . . . [:-] ခံမေ သာဓု [၊] ကိယံ . . . . . * [?] အပါသိနဝေ ဗဟုကယာနေ ဒယာ ဒါနေ သစေ သောစယေ [၊] စခု-ဒါနံပိ မေ * ဗဟုဝိဓေ ဒီနေ ဒုပဒစတုပဒေသု ပခိဝါလိစလေ . . . ဝိဝိဓေ မေ အနု*ဂဟော ကဋ္ဌေ အပါနဒါခိနာယေ အံနာနိ ပိ စ မေ ဗဟူနိ . . . ယာဏာနိ * ကဋ္ဌာနိ [၊] ဧတာယေ မေ အဋ္ဌာယေ ဣယံ ခံမလိပိ လိခါပိတာ [၊] . . . * အနုပဋိပဇ်တူ စိလံ ထိတိကာ စ ဟောတု'တိ [၊] ယေ စ ဟော . . . . . *သတိ သေ သုကဋ် ကဒ္ဒတိ'တိ။

၃။ ဣလာဟာဗာဒ် ဒုတိယထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသီ လာဇာ ဟေဝံ အာဟာ [:-] ခံမေ သာဓု [၊] ကိယံ စု ခံမေတိ [?] အပါသိနဝေ ဗဟုကယာနေ ဒယာ ဒါနေ သစေ သောစယေ [၊] စခုဒါနေပိ မေ * ဗဟုဝိဓေ ဒီနေ ဒုပဒစတုပဒေသု ပခိဝါလိစလေသု ဝိဝိဓေ မေ အနုဂဟော ကဋ္ဌေ အာပါနဒခိနာယေ အံနာနိ ပိ စ မေ ဗဟုနိ ကယာနာနိ ကဋ္ဌာနိ * [၊] ဧတာယေ မေ အဋ္ဌာယေ ဣယံ ခံမလိပိ လိခါပိတာ [၊] ဟေဝံ အနုပဋိပဇ်တု စိလဋ္ဌိတိကာ စ ဟောတူ'တိ [၊] ယေ စ ဟေဝံ သံပဋိပဇ်သတိ သေ သုကဋ် ကဒ္ဒတိ'တိ [၊]

၄။ လောက်ရိယာအရာရာ၏ ဒုတိယထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ အာဟ [;-] ခံမေ သာဓု [၊] ကိယံ စု ခံမေတိ [?] အပါသိနဝေ ဗဟုကယာနေ ဒယ ဒါနေ သစေ * သောစေယေတိ [၊] စခုဒါနေပိ မေ ဗဟုဝိဓေ ဒီံနေ ဒုပဒစတုပဒေသု ပခိဝါလိစလေသု ဝိဝိဓေ မေ အနုဂဟေ ကဋ္ဌေ * အာပါနဒခိနာယ အံနာနိ ပိ စ မေ ဗဟူနိ ကယာနာနိ ကဋ္ဌာနိ [၊] ဧတာယေ မေ အဋ္ဌာယေ ဣယံ ခံမလိပိ လိခါပိတ [၊] ဟေဝံ * အနုပဋိပဇ္ဇတု စိလံ ထိတီကာ စ ဟောတူ'တိ [၊] ယေ စ ဟေဝံ သံပဋိပဇ္ဇိသတိ သေ သုကဋ္ဌं ကဒ္ဒတိတိ [၊]

၅။ လောက်ရိယာနန္ဒန်ဂဟာ၏ ဒုတိယထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အာဟ [;-] ခံမေ သာဓု [၊] ကိယံ စု ခံမေတိ [?] အပါသိနဝေ ဗဟုကယာနေ * ဒယ ဒါနေ သစေ သောစေယေတိ [၊] စခုဒါနေပိ မေ ဗဟုဝိဓေ ဒီံနေ ဒုပဒစတုပဒေသု ပခိ*ဝါလိစလေသု ဝိဝိဓေ မေ အနုဂဟေ ကဋ္ဌေ အာပါနဒခိနာယေ အံနာနိ ပိ စ မေ ဗဟူနိ ကယာနာနိ * ကဋ္ဌာနိ [၊] ဧတာယ မ အဋ္ဌာယေ ဣယံ ခံမလိပိ လိခါပိတ [၊] ဟေဝံ အနုပဋိပဇ္ဇတု စိလံ ထိတီကာ စ ဟောတူ'တိ [၊] ယေ စ ဟေဝံ သံပဋိပဇ္ဇိသတိ သေ သုကဋ္ဌं ကဒ္ဒတိ [၊]

၆။ ရာမ်ပုရဝါ ဒုတိယထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အာဟ [;-] ခံမေ သာဓု [၊] ကိယံ . . . . . * ဗဟုဝိဓေ ဒီံနေ ဒုပဒစတုပဒေသု ပခိဝါလိစလေသု ဝိဝိ . . . . . * ဧတာယေ မေ အဋ္ဌာယေ ဣယံ ခံမလိပိ လိခါပိတ [၊] ဟေဝံ အ . . . . . .

၇။ ဒိလီတိုပရာ ဒုတိယထမ္ဘလေခ မူလပါဠိအနက်

ဒေဝါနံ၊ သမ္မုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယေ၊ ကြည်ညိုသဒ္ဓါ၊ ဦးညွှတ်ရာလည်း ဖြစ်တော်မူထသော။ ပိယဒသိ၊ ဝမ်းမြောက်နုမော်၊ ရှုစားတော်မူရာလည်း ဖြစ်တော်မူ

ထသော။ လာဇာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ ဟေဝံ၊ ဤသို့ ထုတ်ဖော်တရားတော်ကို။ အာဟာ၊ တိုင်းလုံးသိစေ၊ မြွက်ဆိုပေ၏။ ဓံမေ၊ ဘုရားမုခပါဠ်၊ တရားတော်မြတ်သည်။ သာဓု၊ မယုတ်မလွန်၊ ကောင်းမွန်သော တရားပေတည်း။ စု၊ ထိုစကားသင့်စွ။ ဓံမေတိ၊ ဂတိမမ္မား၊ သတိထားဖို့ အမျှားလိုလား၊ ထိုတရားသည်ကား။ ကိယံ၊ မဆုတ်မပွါး၊ သရုပ်အားဖြင့်၊ အဘယ်မျှ ပြားသနည်း။

အပါသိနဝေ၊ ပါပညစ်ကြေး၊ မကောင်းမှုမှ ကင်းဝေးရခြင်းလည်းကောင်း။ ဗဟုကယာနေ၊ ပုညအထူး၊ များစွာ ဆည်းပူးရခြင်းလည်းကောင်း။ ဒယာ၊ ကြင်နာသနား၊ မေတ္တာထားရခြင်းလည်းကောင်း။ ဒါနေ၊ သဒ္ဓါကြည်ဖြူ ပေးလှူရခြင်းလည်းကောင်း။ သစေ၊ မချွတ်မယွင်း၊ မှန်ကန်ရခြင်းလည်းကောင်း။ သောစယေ၊ ညစ်ကြေးမဝင်၊ ဖြူစင်သောစိတ်ရှိရခြင်းလည်းကောင်း။ (အယံ)၊ ဤသို့ဖော်ပြ၊ သဘာဝသည်။ (ဓံမေ)၊ တင်းတင်းကိုင်ဆွဲ၊ လက်ကိုင်မြဲဖို့၊ မလွဲသောတရား ဖြစ်ပေ၏။ မေ၊ ကိုယ်ကျင့်မချွတ်၊ ငါမင်းမြတ်သည်။ စခုဒါနေပိ၊ ဒါနပရမတ်၊ မျက်စိမြတ်ကိုလည်း။ ဗဟုဝိဓေ၊ တစ်ပါးမက၊ များပြားလှအောင်။ ဒီဃေ၊ ရဲရဲဝံ့ဝံ့ ပေးစွန့်အပ်ပြီ။

ဒုပဒစတုပဒေသု၊ ၂-ခုကစ၊ ၄-ပါဒဖြင့်၊ သွားကြထွက်,ဝင်၊ မြင်မြင်ရှုရှု၊ သတ္တဝါဟူသမျှတို့၌လည်းကောင်း။ ပခိဝါလိစလေသု၊ ကုန်းမှာ ပျံတက်၊ ငှက်တိရစ္ဆာန်၊ တဖန်ကျက်စား၊ ရေနေငါးတို့၌လည်းကောင်း။ မေ၊ ကြီး,ငယ်ခြင်းရာ၊ မလိုက်နာဘဲ၊ ညီညာတိုင်းဖြတ်၊ ငါမင်းမြတ်သည်။ ဝိဝိဓေ၊ သူ့ထက်ထူးချွန်၊ လွန်ထက်လွန်အောင်။ အနုဂဟေ အပိ စ၊ မပျက်မကွာ၊ ချစ်မေတ္တာကိုလည်းကောင်း။ အာပါနဒါခိနာယေ အပိ စ၊ မကွက်မညှာ၊ ရဲစွာကြည်ဖြူ အသက်တိုင်အောင်သော အလှူကိုလည်းကောင်း။ ကဌေ၊ သူတော်တို့ထုံး၊ ပျက်မဆုံးအောင်၊ အသုံးပြုအပ်လေပြီ။ အံနာနိ၊ မချန်မခြွင်း၊ ထိုမှ ကြွင်းကုန်သော။ ဗဟူနိ၊ ဓမ္မိယလဒ်၊ ရအပ်ပြည့်စုံ၊ အလွန်များပြားကုန်သော။ ကယာနာနိ အပိ စ၊ ကောင်းမှုဟူသမျှ၊ မှုကိစ္စတို့ကိုလည်း။ မေ၊ ဒါနမွေလျှော်၊ ငါသူတော်သည်။ ကဌာနိ၊ အမြတ်ရည်စူး၊ ဆည်းပူးအပ်ကုန်ပြီ။

မေ၊ တရားနှင့်ပျော်၊ ငါသူတော်သည်။ ဣယံ ဓံမလိပိ၊ တရားနည်းလမ်း၊ ဤစာတမ်းကို။ ဧတာယေ အဌာယေ၊ စိတ်၌ ကြံသိ၊ ဤအမည်ရှိသောအကျိုးငှာ။ လိခါပိတာ၊ ရေးစေအပ်ပြီ။ ဧဝံ၊ ဤသို့စံယူ၊ အလားတူသာလျှင်။ (မုနိသာ)၊ တိုင်းသူပြည်သား၊ လူအများတို့သည်။ အနုပဋ္ဌိပဇ်တု၊ အစဉ်လိုက်၍၊ အားစိုက်ကြိုးပမ်းစေကုန်သတည်း။ စ၊ ထိုမှတခြား၊ နည်းတပါးအားဖြင့်။ (ဣယံ)၊ တရားနည်းလမ်း၊ ဤစာတမ်းသည်။ စိလံ၊ ရှည်လျားတွက်ကျုံ့၊ သာသနာ

၅,၀၀၀-ကာလပတ်လုံး။ ထိတိကာ၊ မယိုမယွင်း၊ တည်နေခြင်းသည်။ ဟောတု၊ ဖြစ်စေ သတည်း။ ဣတိတိ၊ ဤသို့၊ ဤသို့လည်း။ (လိခါပိတာ)၊ ရေးစေအပ်ပြီ။

ယေ၊ သဘောစင်ဖြူ။ အကြင်သူသည်။ ဟေ၀ံ၊ ဤသို့နည်းယူ၊ ထုံးအတူသာလျှင်။ သံပဋိပဇ္ဇိသတိ၊ ကြိုးစားရှာဖွေ၊ ကျင့်သုံးပေလတ္တံ့။ သေ၊ သူတော်လက်ရုံး၊ ကျင့်စဉ်ထုံးကို၊ အသုံးပြုတတ်၊ ထိုသူမြတ်သည်။ သုကဋ္ဌ၊ နိဗ္ဗာန်ရောက်ကြောင်း၊ ကောင်းသောအမှုကို။ ကဒ္ဒဘိ၊ ဖွေရှာကြိုးကုတ်၊ အားထုတ်သောသူ မည်ပေလတ္တံ့။

၈။ ဒီလီတိုပရာ-စသော ၆-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေ၀ါနံပိယ ပိယဒဿီ' ဘွဲ့တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာ-သောကမင်းကြီးသည် ဤသို့ မိန့်ဆိုတော်မူလိုက်သည်မှာ "တရားတော်ကို အားထုတ်ပြုကျင့်ရခြင်းသည် အလွန်သင့်လျော်ကောင်းမြတ်ပေ၏။ သို့ရာတွင် တရားတော်-ဟူသည် အဘယ်နည်း-ဟုမေးခဲ့မူ တရားတော်-ဟူသည်ကား–

(၁) မကောင်းမှုမှ ကြဉ်ရှောင်ခြင်း,
(၂) ကောင်းသော အမှုကိစ္စကို အတိုင်းထက်အလွန် ရွက်ဆောင်ခြင်း,
(၃) သတ္တ၀ါတို့အပေါ် ၌ သနားကြင်နာခြင်း,
(၄) အလှူပေးခြင်း,
(၅) ဟုတ်မှန်သော စကားကို ပြောဆိုခြင်း,
(၆) ကိုယ်,နှုတ်,နှလုံး ၃-ပါးလုံးတို့၏ ဖြူစင်ခြင်း,

ဤ ၆-ပါးတို့သည် နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောတရား မည်ကုန်၏။

ငါသည် အမြောက်အမြား မျက်စိတည်းဟူသော အလှူဒါနကိုလည်း ပြုဖူး၏။ အခြေ ၂-ချောင်းရှိ, အခြေ ၄-ချောင်းရှိ သတ္တ၀ါတို့အပေါ် မှာလည်းကောင်း၊ ဌက်တိရစ္ဆာန်နှင့်တကွ ရေရှိ သတ္တ၀ါတို့အပေါ် မှာလည်းကောင်း အလွန်အမင်း မေတ္တာတရားကိုလည်း ပွါးများ အားထုတ်ခဲ့၏။ ၎င်းပြင် ကိုယ်အင်္ဂါ,အသက်ကိုလည်း ရက်ရက်ရောရော စွန့်စား၍ လှူဖူး၏။ ဤမျှသာမကသေး၊ ဗာဟိရ၀တ္ထု ဒါနစုတို့ကိုလည်း တစ်ခုမကျန်အောင် ပေးလှူခဲ့ဖူး၏။

ဤစာတမ်းကို ရေးသားရခြင်းမှာ လူများအပေါင်းတို့သည်လည်း ၎င်းတရားနည်း-လမ်းအတူ အစဉ်တစိုက် ကျင့်ကြံလိုက်နာကြပါစေ-ဟူ၍လည်းကောင်း၊ ဤတရားဥပဒေ စာတမ်းသည် သာသနာတော် ၅,၀၀၀-ကာလပတ်လုံး တည်နေပါစေ-ဟူ၍လည်းကောင်း၊

ဖြူစင်သောစိတ်ထားဖြင့် ဤတရားတော်အတိုင်း ကျင့်သုံးဆောက်တည်သောသူသည် နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားတော်ကို ဖွေရှာအားထုတ်သောသူမည်လိမ့်မည်-ဟူ၍လည်းကောင်း ရည်သန်စိတ်ထားသောအားဖြင့်လည်း ရေးသားစေရခြင်း ဖြစ်ပေ၏"။

အမှာစကား။ ဤကျောက်စာ၌ 'စခုဒါန, အာပါန ဒါဒိနာယ'သဒ္ဒါ ၂-ပုဒ်ဖြင့် အသောကမင်းကြီးသည် မျက်စိနှင့် အသက်ကို ပေးလှူကြောင်းကို သိအပ်၏။ ဇိနတ္ထပကာသနီကျမ်း၊ နံပါတ် ၆၇၆-တွင်ကား ရှင်ဥပဂုတ်-စသော ရဟန္တာတို့သည် ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် ဇမ္ဗူဒီပါကျွန်းအလုံးကို အကြွင်းမဲ့ မြင်စွမ်းနိုင်သော လောကဝိဝရဏပြာဋိဟာကို ပြ၍ မင်းကြီးအား ၈၄,၀၀၀-သော စေတီကျောင်းတို့ကို မြင်စေသောအခါ ဝမ်းမြောက်တော်မူသောကြောင့် အသောကမင်းကြီးသည် မိမိကိုယ်ကို ဝါဂွမ်းတို့ဖြင့် ရစ်ပတ်ပြီးလျှင် နံ့သာဆီ၌ စိမ်ပြီးမှ မီးထွန်းပူဇော်ကြောင်းကိုလည်း လာရှိပေ၏။

ကဒ္ဒတိ-ပုဒ်သည် သက္ကဋဘာသာ၌ ကရိရှယတိ-ဟု အနာဂတ်ကာလနှင့် ရှုပ်ပြီး၏။ ထို့ကြောင့် ဝတ္ထုမာန်, တိဝိဘတ် မဟုတ်-ဟု မှတ်ရမည်။ အသောကမင်းကြီးသည် တလောကလုံး ကျင့်သုံးဖို့ရန် လိုရင်းအချုပ်ကို ထုတ်နုတ်၍ တရားတော် ၆-ပါးကို ပြခြင်းဖြစ်ပေ၏။

----- × -----

[၃] သတ္တထမ္ဘလေခ တတိယထမ္ဘလေခ မူလပါဠိ ၆-ဌာနနှင့် အဓိပ္ပါယ်

၁။ ဒီလီတိုပရာ တတိယထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အဟာ [:-] ကယာနံမ ဧဝ ဒေခတိ ဣယံ မေ * ကယာနေ ကဍ္ဎေ'တိ [၊] နော မိန ပါပံ ဒေခတိ ဣယံ မေ ပါပေ ကဍ္ဎေ'တိ ဣယံ ဝါ အာသိနဝေ * နာမာ'တိ [၊] ဒုပဍိဝေခေ စု ခေါ ဧသော [၊] ဟေဝံ စု ခေါ ဧသ ဒေခိယေ [၊] ဣမာနိ * အာသိနဝဂါမိနိ နာမ အထ စံဍိယေ နိဍ္ဍုလိယေ ကောခေ မာနေ ဣဿာ * ကာလနေနဝ ဟကံ မာ ပလိဘသယိသံ [၊] ဧသ ဗာပ ဒေခိယေ ဣယံ မေ * ဟိဒတိကာယေ ဣယံ မန မေ ပါလတိကာယေ [၊]

၂။ ဒီလီမေရဍ် တတိယထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အာဟာ [:-] ကယာနံ မ ဝ ဒေခ . . . . . မ* ကယာနေ ကဍ္ဎေ တံ [၊] နော မိနာ ပါပံ ဒေခတိ ဣယံ မေ ပါပံ ကဍ္ဎေတိ ဣယံ

ဝ * အာသိနဝေ နာမာတိ [၊] ဒုပဋ္ဌိဝေခေ စု ခေါ ဧသာ [၊] ဟေဝံ စု ခေါ . . . သာ ဒေခိယေ * ဣမာနိ အာသိနဝဂါမိနိ နာမ အထ စံဌိယေ နိဋ္ဌုလိယေ ကောဓေ * မာနေ ဣဿာ ကာလနေနဝ ဟကံ မာ ပလိဘသယိသ [၊] . . . ဗာပံ * ဒေခိယေ ဣယံ . . . ဟိဒတိကာယေ ဣယံ မေ ပါလတိကာယေ [၊]

၃။ ဣလာဟာဗာဒ် တတိယထမ္ဘလေခ မူလပါဋ္ဌ

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ အာဟာ [:-] ကယာနံ ဧဝ ဒေခတိ ဣယံ မေ ကယာနေ ကဋ္ဌေ'တိ [၊] နော မိန ပါပကံ ဒေခတိ ဣယံ မေ ပါပကေ ကဋ္ဌေတိ ဣယံ ဝါ အာသိနဝေ နာမာ'တိ * [၊] . . . . . .

၄။ လောက်ရိယာအရာရာဂျ် တတိယထမ္ဘလေခ မူလပါဋ္ဌ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အာဟ [:-] ကယာနံမ ဧဝ ဒေခတိ ဣယံ မေ ကယာနေ ကဋ္ဌေ'တိ [၊] နော မိန ပါပံ ဒေခံတိ ဣယံ မေ ပါပေ ကဋ္ဌေ'တိ * ဣယံ ဝ အာသိနဝေ နာမာ'တိ [၊] ဒုပဋ္ဌိဝေခေ စု ခေါ ဧသ [၊] ဟေဝံ စု ခေါ ဧသ ဒေခိယေ [၊] ဣမာနိ အာသိနဝဂါမိနိ နာမာ'တိ အထ စံဌိယေ * နိဋ္ဌုလိယေ ကောဓေ မာနေ ဣဿ ကာလနေနဝ ဟကံ မာ ပလိဘသယိသံတိ [၊] ဧသ ဗာပံ ဒေခိယ ဣယံ မေ ဟိဒတိကာယေ ဣယံ မန မေ ပါလတိကာယေတိ [၊]

၅။ လောက်ရိယာနန္ဒန်ဂဟရ် တတိယထမ္ဘလေခ မူလပါဋ္ဌ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အာဟ [:-] ကယာနံမ ဧဝ ဒေခံတိ ဣယံ မေ ကယာနေ ကဋ္ဌေ'တိ [၊] နော မိန ပါပံ * ဒေခံတိ ဣယံ မေ ပါပေ ကဋ္ဌေ'တိ ဣယံ ဝ အာသိနဝေ နာမာ'တိ [၊] ဒုပဋ္ဌိဝေခေ စု ခေါ ဧသ [၊] ဟေဝံ စု ခေါ ဧသ ဒေခိယေ [၊] ဣမာနိ အာသိနဝဂါမိနိ နာမာ'တိ အထ စံဌိယေ နိဋ္ဌုလိယေ ကောဓေ မာနေ ဣဿ ကာလနေနဝ ဟကံ * မာ ပလိဘသယိသံတိ [၊] ဧသ ဗာပံ ဒေခိယေ ဣယံ မေ ဟိဒတိကာယေ ဣယံ မန မေ ပါလတိကာယေတိ [၊]

၆။ ရာမ်ပုရဝါ တတိယထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အာဟ [:-] ကယာနံမ ဧ . . . . . * ဣယံ ဝ အာသိနဝေ နာမာတိ [၊] ဒုပဒ္ဒိဝေခေ စု ခေါ ဧသ [၊] ဟေဝံ . . . . . * ကောခေ မာနေ ဣဿ ကာလနေနဝ ဟကံ မာ ပလိ-ဘသသိ . . . . . .

၇။ ဒီလီတိုပရာ တတိယထမ္ဘလေခ မူလပါဠိအနက်

ဒေဝါနံ၊ စည်းစိမ်ခြွေရံ၊ ရှေးဘုန်းကံကြောင့်၊ ပျော်စံနေကြ၊ မင်းဟူသမျှတို့၏။ ပိယေ၊ ကြည်ညိုလေးမြတ်၊ ချစ်ခင်အပ်သော။ ပိယဒသိ၊ ရွှင်ပြုံးကြည်သာ၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ လာဇ အသောက-ဟု၊ နာမပညတ်၊ သမ္မုတိနတ်သည်။ ဟေဝံ၊ ဤသို့သင့်လျော်၊ စကားတော်ကို။ အဟာ၊ အမျှားသိစေ၊ မိန့်ဆိုပေ၏။ (ဇနေ)၊ ယခုလောက၊ ရှိနေကြသူ၊ မျှားဗိုလ်လူသည်။ မေ၊ ငါသည်။ ဣယံ ကယာနေ၊ ပုံညအစု၊ ဤကောင်းမှုကို။ ကဋ္ဌေ၊ လုံ့လကြိုးကုတ်၊ ပြုလုပ်အပ်ပြီ။ ဣတိ၊ ဤသို့။ ကယာနံမ ဧဝ၊ မိမိဆည်းပူး၊ ကုသိုလ်ထူးကို သာလျှင်။ ဒေခတိ၊ စေ့ငုရှာဖွေ၊ ရှုတတ်ပေ၏။

ဝါ၊ ဤမှတပါး၊ တစ်နည်းအားဖြင့်သာလျှင်။ (ဇနေ)၊ မြင်မြင်သည်၊ မျှားဗိုလ်လူသည်။ မေ၊ ငါသည်။ ဣယံ ပါပေ၊ ပါပညစ်စု၊ ဤမကောင်းမှုကို၊ ကဋ္ဌေ၊ လုံ့လကြိုးကုတ်၊ ပြုလုပ်အပ်ပြီ။ ဣတိ၊ ဤသို့လည်းကောင်း။ ဣယံ၊ ဤအကုသလ၊ ပါပအစု၊ မကောင်းမှုသည်။ အာသိနဝေ နာမ၊ မပြုထိုက်လှ၊ အပြစ်ဒေါသ မည်၏။ ဣတိ၊ ဤသို့လည်းကောင်း။ ပါပံ၊ မိမိပြုဖူး၊ မကောင်းမှုကို။ မိန၊ မပယ်မခြင်း၊ မိမိစိတ်တွင်း၌။ နော ဒေခတိ၊ အစဉ်မပြတ်၊ မရှုတတ်။ ခေါ၊ မုချကေန်၊ အမှန်စင်စစ်။ ဧသော စု၊ မျက်ဝါးထင်ထင်၊ ဤသို့ မြင်ခြင်းကား။ ဒုပဒ္ဒိဝေခေ၊ ဆင်ခြင်ပြစ်မှု၊ မကောင်းသောရှုခြင်း မည်၏။ ခေါ၊ မုချကေန်၊ အမှန်စင်စစ်။ ဧသ စု၊ ဤသို့မြွက်ဟ၊ ထုတ်ဖော်ပြသည်ကိုကား။ ဟေဝံ၊ ဤသို့။ ဒေခိယေ၊ မျက်ဝါးထင်ထင်၊ ရှုမြင်အပ်၏။

အထ၊ သရုပ်ဥပမာ၊ ရှုပုံမှာကား။ စံဌိယေ၊ ယုတ်မာဆိုးညစ်၊ ကြမ်းတမ်းသောအဖြစ်လည်းကောင်း။ နိဋ္ဌုလိယေ၊ မကောင်းဆိုးဝါး၊ ရုန့်ရင်းသောအကျင့်မျှားလည်းကောင်း။

ကောဓေ၊ အမျက်ဒေါသ၊ ဟူးဟူးထခြင်းလည်းကောင်း။ မာနေ၊ တံခွန်နှင့်တူ၊ ငါ, ငါ-ဟူသော မာနလည်းကောင်း။ ဣဿ၊ သူတပါးဥစ္စာ၊ ပြည့်စုံစွာကို၊ မသာမဖြူ။ ငြူစူစောင်းမြောင်းခြင်းလည်းကောင်း။ ဣမာနိ၊ ဝေဖန်ပိုင်းခြား၊ ဤတရားတို့သည်။ အာသိနဝဂါမိနိ နာမ၊ ပါပညစ်စု၊ မကောင်းမှု၏အကြောင်း ဖြစ်ကုန်၏။

(ဧတေသံ)၊ ဤသို့မြွက်ဟ၊ အပြစ်ဒေါသတို့၏။ ကာလနေနဝ၊ အကြောင်းကြောင့် သာလျှင်။ ဟက်၊ ငါ့ကို။ မာ ပလိဘသယိသံ၊ မရေရွတ်, မကဲ့ရဲ့ပါစေလင့်။ (ဣတိ)၊ ဤသို့။ (ဒေဒိယေ)၊ စေ့စေ့ငုငု၊ ထင်အောင် ရှုအပ်၏။ ဣယံ၊ ဆင်ခြင်ထောက်ထား၊ ဤရှုမြင်ခြင်း သဘောတရားသည်။ မေ၊ ငါ့အား။ ဟိဒတိကာယေ၊ ယခုလောက၊ ဤပစ္စုပ္ပန်ဘဝ၌။ (သုခံ)၊ ချမ်းသာသုခ၊ ဟူသမျှကို။ (လဘိဿတိ)၊ ရလတ္တံ့။ ဣယံ၊ ဆင်ခြင်ထောက်ထား၊ ဤရှုမြင်ခြင်း သဘောတရားသည်။ မေ၊ ငါ့အား။ ပါလတိကာယေ၊ တမလွန်လောက၊ နောင်ဘဝ၌။ (သုခံ)၊ ချမ်းသာသုခ၊ ဟူသမျှကို။ (လဘိဿတိ)၊ ရလတ္တံ့။ (ဣတိ)၊ ဤသို့။ မန၊ မယိုမယွင်း၊ မိမိစိတ်တွင်း၌။ ဧသ၊ ဖွေရှာစဉ်းစား၊ ဤတရားကိုလည်း။ ဗာဟ၊ အခိုင်အမြဲ၊ အလွန်အကဲသာလျှင်။ ဒေဒိယေ၊ မပြတ်မလပ်၊ ရှုမြင်အပ်၏။

၈။ ဒိလီတိုပရာ တတိယထမ္ဘလေခ-စသော ၆-ဌာန၏အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံ ပိယ ပိယဒဿီ' ဘွဲ့ချီခတ်နှိပ် တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် ဤသို့ မိန့်ဆိုတော်မူသည်မှာ "လောကရှိ လူများတို့သည် ဤမည်သော ကောင်းမှုပုညကို ငါတို့ပြုခဲ့ကြကုန်၏-ဟု အောက်မေ့ပြီး၍ မိမိတို့ ဆည်းပူးခဲ့သော ကုသိုလ်ကောင်းမှုကိုသာလျှင် စိတ်ထဲ၌ ရှုမြင်တတ်ကြကုန်၏။ တစ်နည်းမှာလည်း လောကရှိ လူများတို့သည် ဤမည်သော အပုညစု မကောင်းမှုကို ငါတို့ ပြုလုပ်ခဲ့ကြကုန်၏။ ဤမကောင်းသောအမှုသည် မပြုအပ်, မပြုထိုက်သော မကောင်းမှု၏ အပြစ်ဒေါသပင် ဖြစ်ပေ၏-ဟု အောက်မေ့ပြီးလျှင် မိမိတို့ ပြုခဲ့ဖူးသော အပုညစု မကောင်းမှုကို မိမိတို့စိတ်ထဲမှာ ဆင်ခြင်၍ မရှုတတ်ကြကုန်။

စင်စစ်မှာမူကား ဤသို့ ထင်မြင်ခြင်း သဘောတရားသည် မကောင်းသော ထင်မြင်ခြင်း၏ သဘောတရားပင် ဖြစ်ပေ၏။ လောကရှိ လူတို့သည် ဤမည်သော သဘောတရားနှင့် စပ်လျဉ်း၍ မိမိတို့ကိုယ်ကို စင်စစ်ရှုမြင်ကြရမည်မှာ ကြမ်းတမ်းခြင်း, မကောင်းသောအကျင့်, အမျက်ဒေါသမာန ထောင်လွှားခြင်း, ငြူစူစောင်းမြောင်းခြင်းတည်းဟူသော ဤသဘောတရားမျိုးသည် မုခ္ဓ မကောင်းမှုအကုသိုလ်တရားဖြစ်ခြင်း၏ အကြောင်းရင်းမူလကြီး ဖြစ်ပေ

၏။ ဤတရားတို့ကြောင့် တရံတခါမျှ ငါ့အား သူတပါးကဲ့ရဲ့ဖွယ် မဖြစ်ပါစေလင့်-ဟု မိမိစိတ်ထဲ၌ ထောက်ရှုဆင်ခြင်အပ်ကုန်၏။

ဤသို့ ဆင်ခြင်ခြင်းတည်းဟူသော တရားလမ်းကြောင်းသည် ငါ့အား ပစ္စုပ္ပန်, တမလွန် ၂-တန်သော လောကဌ ချမ်းသာသုခကို မုချရပေလိမ့်မည်-ဟူ၍လည်း မိမိတို့စိတ်၌ ဤတရားလမ်းကြောင်းတို့ကို အမြဲမကွာ အလွန်အမင်းသာလျှင် ရှုမြင်အပ်ကုန်၏"။

အမှာစကား။ အာသိနဝ-သဒ္ဒါသည် အပြစ်ဒေါသကို ဟော၏။ အချို့ဆရာကား သံသရာ၏ ပြင်ပအာရုံ (ဗာဟိရသဘောမျိုး)၊ တစ်နည်း ရူပါရုံ-စသည်ကို ညွှန်းပြ၏။ အာသိနဝ-သဒ္ဒါသည် အာသ္ဝဝ-သဒ္ဒါမှ ဖြစ်၏။ ၎င်းအာသ္ဝဝ-သဒ္ဒါသည် အာသ္ဝု-သဒ္ဒါမှ ဖြစ်လာ၏-ဟု အယူရှိကြ၏။ ဂျိုင်းနိဘာသာ၌ အဏှယ-သဒ္ဒါသည် ပါရှိ၏။ ၎င်းအနက်ကား မကောင်းမှုကို ဟော၏။ အာသိနဝ-နှင့် အဏှယ-သဒ္ဒါ ၂-ခုသည် ဓာတ်သဘောအားဖြင့် အတူတူပင် ဖြစ်ပေ၏။ ထို့ကြောင့် အနက်လည်း တူ၏-ဟု မှတ်ယူအပ်၏။

----- × -----

[၄] သတ္တထမ္ဘလေခ စတုတ္ထထမ္ဘလေခ မူလပါဠိ ၆-ဌာနနှင့် အဓိပ္ပါယ်

၁။ ဒိလီတိုပရာ စတုတ္ထထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အာဟာ [:-] သဒ္ဓါဝိသတိဝသ*အဘိသိ-တေန မေ ဣယံ ဓံမလိပိ လိခပိတာ [၊] လဇုကာ မေ * ဗဟူသု ပါနသတသဟသေသု ဇနသိ အာယတာ တေသံ ယေ အဘိဟာလေ ဝါ * ဒံဍေ ဝါ အတပတိယေ မေ ကဋ္ဌေ ကိံတိ [?] လဇုကာ အသ္ဝထ အဘိတာ * ကံမာနိ ပဝတယေဝု ဇနသ ဇာနပဒသာ ဟိတသုခံ ဥပဒဟေဝု အနုဂဟိနေဝုစာ [၊] သုခိယန ဒုခိယနံ ဇာနိသံတိ ဓံမယုတေန စ * ဝိယောဝဒိသံတိ ဇနံ ဇာနပဒံ ကိံတိ [?] ဟိဒတံ စ ပါလတံ စ * အာလာဓယေဝုတိ [၊] လဇုကာပိ လယံတိ ပဋိစလိဋ္ဌဝေ မံ [,] ပုလိသာနိပိ မေ * ဆံဒနာနိ ပဋိစလိသံတိ [,] တေပိ စ ကာနိ ဝိယောဝဒိသံတိ ယေန မံ လဇုကာ * စယံတိ အာလာဓယိတဝေ [၊] အထာ ဟိ ပဇ ဝိယတာယေ ဓာတိယေ နိသိဇိတု * အသ္ဝထေ ဟောတိ [:-] ဝိယတ ဓာတိ စယတိ မေ ပဇ သုခံ ပလိဟဋ္ဌဝေ [,] * ဟေဝံ မမာ လဇုကာ ကဋ္ဌာ ဇနပဒသ ဟိတသုခါယေ [၊] ယေန ဧတေ အဘိတာ * အသ္ဝထ သံတံ အဝိမနာ ကံမာနိ ပဝတယေဝု-တိ [၊] ဧတေန မေ လဇုကာနံ * အဘိဟာလေ ဝ ဒံဍေ ဝါ အတပတိယေ ကဋ္ဌေ [၊] ဣဆိတဝိယေ ဟိ ဧသာ ကိံတိ [?] ဝိယောဟာလသမတာ စ သိယ ဒံဍသမတာ စာ

[၊] အဝ ဣတေပိ စ မေ အာဝုတိ * ဗံဓနဗဓာနံ မုနိသာနံ တိလိတဒံဌာနံ ပတဝဓာနံ တိုနိ ဒိဝသာနိ မေ * ယောတေ ဒိုနေ [၊] နာတိကာ ဝ ကာနိ နိစ္စပယိသံတိ ဇိဝိတာယေ တာနံ * နာသံတံ ဝါ နိစ္စပယိတာ ဒါနံ ဒါဟံတိ ပါလတိကံ ဥပဝါသံ ဝ ကဆံတိ * [၊] ဣဆာ ဟိ မေ ဟေဝံ နိလုဓသိ ပိ ကာလသိ ပါလတံ အာလာဓယေဝူတိ ဇနသ စ * ဝပတိ ဝိဝိဓေ ဓံမစလနေ သံယမေ ဒါနသဝိဘာဂေ'တိ [၊]

၂။ ဒီလီမရင့် စတုတ္ထထမ္ဘလေခ မူလပါဋ်

... ...
... ...
... ...
.. ..
.. ..
... .

. . . . . .

. . . . . .

. . . . . .

. . . . . ဟာလသမတာ စာ သိယာ ဒံဋ္ဌသမတာ စ [၊] အဝ ဣတေပိ စ မေ အာဝုတိ ပံဓနဗဓာနံ မုနိသာနံ တိလိတဒံဋ္ဌာနံ ပတဝဓာနံ တိုနိ ဒိဝသာနိ ယောတေ ဒိုနေ* [၊] . . . ဝ ကာနိ နိစ္စပယိသံတိ ဇိဝိတာယေ တာနံ နာသံတံ ဝါ နိစ္စပယိတာ ဒါနံ ဒါဟံတိ ပါလတိကံ ဥပဝါသံ ဝါ ကဆံတိ [၊] . . . . . မေ ဟေဝံ နိလုဓသိ ပိ ကာလသိ ပါလတံ အာလာဓယေဝု ဇနသ စ ဝပတိ ဝိဝိဓေ ဓံမစလနေ သယမေ ဒါနသဝိဘာဂေ [၊]

၄။ လောက်ရိယာအရာရာဂ္ဂ် စတုတ္ထထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အာဟ [:-] သဋ္ဌဝိသတိဝသာဘိသိတေန မေ ဣယံ ဓံမလိပိ လိခါပိတ [၊] လဇုကာ မေ ဗဟူသု ပါနသတသဟသေသု * ဇနသိ အာယတ တေသံ ယေ အဘိဟာလေ ဝ ဒံဋ္ဌေ ဝ အတပတိယေ မေ ကဋ္ဌေ ကိံတိ [?] လဇုကာ အသ္ဓထ အဘိတ ကံမာနိ ပဝတယေဝုတိ ဇနသ ဇာနုပဒသ * ဟိတသုခံ ဥပဒဟေဝု အနုဂဟိနေဝု စ [၊] သုခိယန ဒုခိယနံ ဇာနိသံတိ ဓံမယုတေန စ ဝိယောဝဒိသံတိ ဇနံ ဇာနုပဒံ ကိံတိ [?] ဟိဒတံ စ * ပါလတံ စ အာလာဓယေဝု [၊] လဇုကာ ပိ လယံတိ ပဋိစလိတဝေ မံ [,] ပုလိသာနံ ပိ မေ ဆံဒနာနိ ပဋိစလိသံတိ [,] တေပိ စ ကာနိ ဝိယောဝဒိသံတိ ယေန မံ * လဇုက စယံတိ အာလာဓယိတဝေ [၊] အထာ ဟိ ပဇ ဝိယတာယေ ဓာတိယေ နိသိဇိတု အသ္ဓထေ ဟောတိ [:-] ဝိယတ ဓာတိ စယတိ မေ ပဇ သုခံ ပလိဟဋ္ဌဝေတိ [,] * ဟေဝံ မမ လဇုက ကဋ္ဌ ဇာနုပဒသ ဟိတသုခါယေ [၊] ယေန ဧတေ အဘိတ အသ္ဓထာ သံတံ အဝိမနကံမာနိ ပဝတယေဝုတိ [၊] ဧတေန မေ လဇုကာနံ အဘိဟာလေ ဝ * ဒံဋ္ဌေ ဝ အတပတိယေ ကဋ္ဌေ [၊] ဣဆိတဝိယေ ဟိ ဧသ ကိံတိ [?] ဝိယောဟာလသမတာ စ သိယ ဒံဋ္ဌသမတာ စ [၊] အာဝါ ဣတေပိ စ မေ အာဝုတိ ပံဓနဗဓာနံ * မုနိသာနံ တိလိတဒံဋ္ဌာနံ ပတဝဓာနံ တိုနိ ဒိဝသာနိ မေ ယောတေ ဒိုနေ [၊] နာတိကာ ဝ ကာနိ နိစ္စပယိသံတိ ဇိဝိတာယေ တာနံ နာသံတံ ဝ * နိစ္စပယိတဝေ ဒါနံ ဒါဟံတိ ပါလတိကံ ဥပဝါသံ ဝ ကဆံတိ [၊] ဣဆာ ဟိ မေ ဟေဝံ နိလုဓသိ ပိ ကာလသိ ပါလတံ အာလာဓယေဝုတိ * ဇနသ စ ဝပတိ ဝိဝိဓေ ဓံမစလနေ သယမေ ဒါနသံဝိဘာ-ဂေတိ [၊]

၅။ လောက်ရိယာနန္ဒန်ဂဟရ် စတုတ္ထထမ္ဘလေခ မူလပါဋ္ဌ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အာဟ [:-] သဒ္ဓါဝိသတိဝသာဘိသိတေန မေ ဣယံ ဓံမလိပိ လိခါပိတ [၊] လဇုကာ မေ * ဗဟူသု ပါနသတသဟသေသု ဇနသိ အာယတ တေသံ ယေ အဘိဟာလေ ဝ ဒံဍေ ဝ အတပတိယေ မေ ကဋ္ဌေ ကိံတိ [?] လဇုကာ အသ္ဝထ * အဘိတ ကံမာနိ ပဝတယေဝုတိ ဇနသ ဇာနပဒသ ဟိတသုခံ ဥပဒဟေဝု အနုဂဟိနေဝု စ [၊] သုခိယန ဒုခိယနံ * ဇာနိသံတိ ဓံမယုတေန စ ဝိယောဝဒိသံတိ ဇနံ ဇာနပဒံ ကိံတိ [?] ဟိဒတံ စ ပ�end်လတံ စ အာလာဓယေဝုတိ [၊] လဇုကာပိ လယံတိ ပဋိစလိတဝေ မံ [,] ပုလိသာနိ ပိ မေ ဆံဒံနာနိ ပဋိစလိသံတိ [,] တေပိ စ ကာနိ ဝိယောဝဒိသံတ် ယေန မံ လဇုက စယံတိ အာလာဓယိတဝေ * [၊] အထာ ဟိ ပဇံ ဝိယတာယေ ဓာတိယေ နိသိဇိတု အသ္ဝထေ ဟောတိ [:-] ဝိယတ ဓာတိ ဈယတိ မေ ပဇံ သုခံ ပလိဟဋ္ဌဝေတိ [,] * ဟေဝံ မမ လဇုက ကဋ္ဌ ဇာနပဒသ ဟိတသုခါယေ [၊] ယေန ဧတေ အဘိတ အသ္ဝထာ သံတံ အဝိမနကံမာနိ ပဝတယေဝုတိ * [၊] ဧတေန မေ လဇုကာနံ အဘိဟာလေ ဝ ဒံဍေ ဝ အတပတိယေ ကဋ္ဌေ [၊] ဣဆိတဝိယေ ဟိ ဧသ ကိံတိ [?] ဝိယောဟာလသမတာ စ သိယ ဒံဍသမတာ စ [၊] အာဝါ ဣတေပိ စ မေ အာဝုတိ ပံဓနဗဓာနံ မုနိသာနံ တိလိတဒံဍာနံ ပတာဝဓာနံ တိံနိ ဒိဝသာနိ မေ ယောတေ ဒိံနေ [၊] နာတိကာ ဝ ကာနိ * နိစ္ဓပယိသံတိ ဇိဝိတာယေ တာနံ နာသံတံ ဝ နိစ္ဓပယိတဝေ ဒါနံ ဒါဟံတိ ပါလတိကံ ဥပဝါသံ ဝ ကဆံတိ [၊] ဣဆာ ဟိ မေ ဟေဝံ * နိလုဓသိ ပိ ကာလသိ ပါလတံ အာလာဓယေဝုတိ ဇနသ စ ဝပတိ ဝိဝိဓေ ဓံမစလနေ သယမေ ဒါနသဝိဘာဂေတိ [၊]

၆။ ရာမ်ပုရဝါ စတုတ္ထထမ္ဘလေခ မူလပါဋ္ဌ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အာဟ [:-] သဒ္ဓါဝိသတိ . . . . . * ဇနသိ အာယတ တေသံ ယေ အဘိ-ဟာလေ ဝ ဒံဍေ ဝ အတပတိ . . . . . * ဟိတသုခံ ဥပဒဟေဝု အနုဂဟိနေဝု စ [၊] သုခိယန ဒု . . . . . * အာလာဓယေဝုတိ [၊] လဇု-ကာပိ လယံတိ ပဋိစလိတဝေ မံ . . . . . .

. . . . . စယံတိ အာလာဓယိတဝေ [၊] အထာ ဟိ ပဇ ဝိယတာယေ ဓာတိယေ နိ . . . . . *ဇာနပဒသ ဟိတသုခါယေ [၊] ယေန ဧတေ အဘိတ အသ္ဓထာ . . . . . * [၊] ဣဆိတဝိယေ ဟိ ဧသ ကိံတိ [?] ဝိယောဟာလသမတာ စ သိယ . . . . . *တိံနိ ဒိဝသာနိ မေ ယောတေ ဒိံနေ [၊] နာတိကာ ဝ ကာနိ နိစ္ဘ . . . . . [၊] ဣဆာ ဟိ မေ ဟေဝံ နိလုဓသိ ပိ ကာလသိ ပါလတံ . . .

၇။ ဒိလီတိုပရာ စတုတ္ထထမ္ဘလေခ မူလပါဠိအနက်

ဒေဝါနံ၊ သမ္မုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယေ၊ ကြည်ညိုသဒ္ဓါ၊ ဦးညွှတ်ရာ လည်းဖြစ်တော်မူထသော။ ပိယဒသိ၊ ဝမ်းမြောက်နှုမော်၊ ရှုစားတော်မူရာလည်း ဖြစ်တော် မူထသော။ လာဇ သီရိဓမ္မာသောကမင်းကြီးသည်။ ဟေဝံ၊ ဤသို့မိန့်မြွက်၊ ဓမ္မစက်ကို။ အာဟာ၊ တိုင်းလုံးသိစေ၊ မိန့်ဆိုပေ၏။ သဒ္ဓါဝိသတိဝဿအဘိသိတေန၊ မင်း၏အဘိသိက်ကို ခံတော်မူ၍ ၂၆-နှစ်မြောက်လေပြီးသော။ မေ၊ ငါသည်။ ဣယံ၊ ဤမည်သော။ ဓံမလိပိ၊ တရားတည်း-ဟူသော စာတမ်းကို။ လိခပိတာ၊ ရေးစေအပ်ပြီ။

မေ၊ ငါ၏။ လဇုကာ၊ ရဇ္ဇုကအမည်ရှိကုန်သော မင်းမှူထမ်းတို့သည်။ ဗဟူသု၊ များစွာ ကုန်သော။ ပါနသတသဟသေသု၊ သတ္တဝါ အသိန်းမျှလောက်ကုန်သော။ ဇနသိ=ဇနေသု၊ လူအပေါင်းတို့၌။ အာယတာ၊ အကြီးအမှူးဖြစ်ကြကုန်၏။ မေ၊ ငါသည်။ တေသံ၊ ထိုရဇ္ဇုက မင်းမှူထမ်းတို့အား။ ယေ အဘိဟာလေ ဝါ၊ အကြင် ခိုးမြှောက်ခြင်းကိုလည်းကောင်း။ ယေ ဒံဍေ ဝါ၊ အကြင် ပြစ်မှုဒဏ်ကိုလည်းကောင်း။ အတပတိယေ၊ မိမိတို့ ပိုင်ဆိုင်ခွင့်ကို။ ကဇ္ဇေ၊ လွှဲအပ်လိုက်ပြီ။

ကိံတိ၊ အသို့ လွှဲအပ်သနည်းဟူမူကား။ လဇုကာ၊ ရဇ္ဇုက မင်းမှူထမ်းတို့သည်။ အသ္ဓထ၊ စိုးရိမ်ခြင်းမရှိဘဲလည်းကောင်း။ အဘီတာ၊ ကြောက်ရွံ့ခြင်းမရှိဘဲလည်းကောင်း။ ကံမာနိ၊ မိမိတို့ဆိုင်ရာ အမှုကိစ္စမျိုးတို့ကို။ ပဝတယေဝု၊ အားထုတ်ကြကုန်လော့။ ဇာနပဒသာ၊ တိုင်းပြည်၌ နေထိုင်သော။ ဇနသ၊ လူအပေါင်း၏။ ဟိတသုခံ၊ စီးပွါးချမ်းသာကို။ ဥပဒဟေဝု၊ အထူးဂရုစိုက်ကြကုန်လော့။ အနုဂဟိနေဝုစာ၊ ခိုးလည်း ခိုးမြှောက်ကြကုန်လော့။ (ဣတိ၊)

ဤသို့။ ကဋ္ဌ၊ လွှဲအပ်လိုက်ပြီ။ (တေ)၊ ထိုရဇ္ဇုက မင်းမှူထမ်းတို့သည်။ သုခီယနှ စ၊ ချမ်းသာခြင်း၏ အကြောင်းကိုလည်းကောင်း။ ဒုခီယနံ စ၊ ဆင်းရဲခြင်း၏ အကြောင်းကိုလည်းကောင်း။ ဇာနိသံတိ၊ သိကြကုန်လတ္တံ့။

ဓံမယုတေန စ၊ ဓမ္မယုတ္တအမည်ရှိသော မင်းမှူထမ်းငယ်ဖြင့်လည်း။ ဇာနပဒံ၊ တိုင်းပြည်၌ နေထိုင်သော။ ဇနံ၊ လူအပေါင်းကို။ ဝိယောဝဒိသံတိ၊ ဩဝါဒပေးကြကုန်လတ္တံ့။ ကိံတိ၊ အသို့ ပေးကုန်အံ့နည်းဟူမူကား။ (တေ)၊ ထိုပြည်သူ,ပြည်သားတို့သည်။ ဟိဒတံ စ၊ ယခု ပစ္စုပ္ပန်အကျိုးကိုလည်းကောင်း။ ပါလတံ စ၊ နောင် တမလွန်အကျိုးကိုလည်းကောင်း။ အာလာမယေဝ၊ အားထုတ်ကြစေသတည်း။ ဣတိ၊ ဤသို့။ ဝိယောဝဒိသံတိ၊ ဩဝါဒပေးကြကုန်လတ္တံ့။ လဇ္ဇကာပိ၊ ရဇ္ဇုက မင်းမှူထမ်းတို့သည်လည်း။ မံ၊ ငါ့အား။ ပဋိစလိဋ္ဌဝေ၊ အလိုတော်ပြည့်စေခြင်းငှာ။ လယံတိ၊ အားထုတ်ကြကုန်၏။

ပုလိသာနိပိ၊ ပုလိသအမည်ရှိကုန်သော မင်းမှူထမ်းတို့သည်လည်း။ မေ၊ ငါ၏။ ဆံဒံနာနိ၊ ဆန္ဒတော်တို့ကို။ ပဋိစလိသံတိ၊ ပြည့်စေကြကုန်လတ္တံ့။ တေပိ စ၊ ထိုပုလိသ မင်းမှူထမ်းတို့သည်လည်း။ ကာနိ၊ မကြာမကြာ။ ဝါ၊ ဘယ်အခါမျိုးမှာမဆို။ ဝိယောဝဒိသံတိ၊ ဩဝါဒပေးကြကုန်လတ္တံ့။ ယေန၊ အကြင် ဩဝါဒဖြင့်။ လဇ္ဇကာ၊ ရဇ္ဇုက မင်းမှူထမ်းတို့သည်။ မံ၊ ငါ့အား။ ဝါ၊ ငါ့ကို။ အာလာမယိတဝေ၊ နှစ်သက်စေခြင်းငှာ။ စယံတိ၊ အားထုတ်ကြကုန်၏။ ဟိ၊ ဥပမာအားဖြင့် ထင်စွာပြဦးအံ့။

(ယောကောစိ)၊ အကြင် တစ်စုံတစ်ယောက်သောသူသည်။ ပဇ၊ မိမိသားကို။ ဝိယ-တာယေ၊ အသိအလိမ္မာနှင့် ပြည့်စုံသော။ ဓာတိယေ၊ နို့ထိန်းသည်လက်ထဲ၌။ နိသိဇိတှ၊ အပ်နှင်း၍။ အသွထေ၊ စိုးရိမ်ကြောင့်ကြမဲ့သည်။ ဟောတိ၊ ဖြစ်၏။ ဝိယတ၊ အသိအလိမ္မာနှင့် ပြည့်စုံသော။ ဓာတိ၊ နို့ထိန်းသည်သည်။ မေ၊ ငါ၏။ ပဇ၊ သားကို။ သုခံ၊ ချမ်းသာခြင်းသို့။ ပလိဟဋ္ဌဝေ၊ ကောင်းစွာ ရောက်စေခြင်းငှာ။ စယတိ အထာ၊ အားထုတ်ဘိသကဲ့သို့။ ဟေဝံ၊ ဤအတူ။ မမာ၊ ငါသည်။ လဇ္ဇကာ၊ ရဇ္ဇုက မင်းမှူထမ်းတို့ကို။ ဇနပဒသ၊ တိုင်းသူပြည်သား လူအများ၏။ ဟိတသုခါယေ၊ စီးပွါးချမ်းသာခြင်းငှာ။ ကဋ္ဌာ၊ စီမံခန့်ထားအပ်ကုန်ပြီ။ ဝါ၊ စီမံခန့်ထားလိုက်ကုန်ပြီ။

ယေန၊ အကြင်ကဲ့သို့ စီမံခန့်ထားလိုက်ခြင်းကြောင့်။ ဧတေ၊ ထိုရဇ္ဇုကမင်းမှူထမ်းတို့သည်။ အသွထ၊ စိုးရိမ်ခြင်းမရှိဘဲလည်းကောင်း။ အဘီတာ၊ ကြောက်ရွံ့ခြင်းမရှိဘဲလည်းကောင်း။ သံတံ၊ ငြိမ်သက်စွာလည်းကောင်း။ အဝိမနာ၊ နှလုံးမသာမယာ မရှိဘဲလည်းကောင်း။ ဝါ၊ ရဲရဲဝံ့ဝံ့လည်းကောင်း။ ဣတိ၊ ဤသို့။ ကံမာနိ၊ မိမိတို့ ပြုအပ်ပြုထိုက်ကုန်သော

အမှုကိစ္စတို့ကို။ ပဝတယေဝူ၊ အားထုတ်ကြကုန်၏။ ဧတေန၊ ဤသို့ အားထုတ်ခြင်းကြောင့်။ မေ၊ ငါသည်။ လဇုကာနံ၊ ရဇ္ဇုက မင်းမှုထမ်းတို့အား။ အဘိဟာလေ၀၊ ခိုးမြှောက်ခြင်းကို လည်းကောင်း။ ဒံဒ္ဓေ ၀ါ၊ ပြစ်မှုဒဏ်ကိုလည်းကောင်း။ အတပတိယေ၊ မိမိတို့ပိုင်ဆိုင်ခွင့်ကို။ ကဍ္ဎေ၊ လွှဲအပ်လိုက်ပြီ။

ဟိ၊ အမှန်မုခ။ ဧသာ၊ ဤတရား ၂-ပါးကို။ ဣဆိတ၀ိယေ၊ အလိုရှိအပ်၏။ ကိံတိ၊ အလိုရှိအပ်သော တရား ၂-ပါးဟူသည် အဘယ်နည်း-ဟူမူကား။ ၀ိယောဟာလသမတာ စ၊ မျက်နှာမလိုက်ဘဲ တရားကို စီရင်ခြင်းသည်လည်းကောင်း။ ဒံဍသမတာ စာ၊ မျက်နှာ မလိုက်ဘဲ ပြစ်မှုဒဏ်ကို ပေးခြင်းသည်လည်းကောင်း။ (ဧသာ)၊ ဤတရား ၂-ပါးသည်။ သိယာ၊ ဖြစ်၏။ အ၀=အဘား၊ ထို့ကြောင့်။ မေ၊ ငါသည်။ ဣတေပိ စ၊ ဤအမိန့်တော်ကိုလည်း။ ဒေ၀ဝုတိ၊ ဆင့်ဆိုအပ်၏။

တီလိတ၀ဏ္ဏာနံ၊ စီရင်ချက်ချ၍ ရအပ်ပြီးသော ဒဏ်ရှိကုန်သော။ ဗ်ဝနဗဓာနံ၊ သတ်အံ့-ဟု အကျဉ်းထောင်၌ ချထားကုန်သော။ မုနိသာနံ၊ လူတို့အား။ ပတ၀ဓာနံ၊ စီရင်ချက် ချလိုက်ပြီးသည့်နောက်။ မေ၊ ငါသည်။ ယောတေ=ယာ၀တ၊ အကြင်မျှလောက်။ တိံနိ ဒိ၀သာနိ၊ ၃-ရက်တို့ပတ်လုံး။ (အ၀ကာသံ)၊ ချမ်းသာခွင့်ကို။ ဒိန္နေ၊ ပေးအပ်ပြီ။ နာတိကာ ၀၊ ညာတိဆွေမျိုးတို့သည်လည်း။ ကာနိ၊ ထိုသူတို့ကို။ ဇီ၀ိတာယေ၊ အသက်ရှည်စေခြင်းငှာ။ နိစ္စပယိသံတိ၊ အထူးသဖြင့် ဂရုစိုက်ကြကုန်လတ္တံ့။ ၀ါ၊ တစ်နည်းကား။ တာနံ၊ ထိုသေလုနီးပါး လူအများတို့၏။ နာသံတံ၊ သေဆုံးသည့်တိုင်အောင်။ (နာတိကာ)၊ ဆွေမျိုးဉာတိတို့သည်။ နိစ္စပယိတာ၊ အထူးသဖြင့် ဂရုစိုက်ကြကုန်လျက်။ ပါလတိကံ၊ တမလွန်လောကအလို့ငှာ။ ဒါနံ ၀၊ အလှူကိုလည်း။ ဒါဟံတိ၊ ပေးကြကုန်လတ္တံ့။ ဥပ၀ါသံ ၀၊ ဥပုသ်စောင့်သုံးခြင်းကို လည်း။ ကဆံတိ၊ စောင့်သုံးကြကုန်လတ္တံ့။

မေ၊ ငါ၏။ ဣဆာ၊ အလိုသည်။ ဟေ၀ံ ဟိ၊ ဤသို့လည်း။ ဘ၀တိ၊ ဖြစ်၏။ ကိံတိ၊ အသို့ဖြစ်သနည်းဟူမူကား။ တေ၊ ထိုအကျဉ်းထောင်၌ ခံနေရကုန်သောသူတို့သည်။ နိလုဓသိ၊ သေခါနီးဆဲဆဲသော။ ကာလသိ၊ အခါ၌။ ပါလတံ၊ နောင်တမလွန်လောကကို။ ၀ါ၊ နောင် တမလွန်လောကအလို့ငှာ။ အာလာ၀ယေဝူ၊ အားထုတ်ကြစေကုန်သတည်း။ ဣတိ အပိ၊ ဤသို့လည်းကောင်း။ ဇနသ၊ လူအပေါင်းအား။ ဝိ၀ိ၀ေ၊ အထူးထူးအပြားပြားရှိသော။ ဓံမ-စလနေ စ၊ တရားတော်ကို ကျင့်သုံးဆောက်တည်ခြင်းသည်လည်းကောင်း။ သံယမေ စ၊ ကိုယ်,နှုတ်,နှလုံး ၃-ပါးလုံးကို စောင့်သုံးရခြင်းသည်လည်းကောင်း။ ဒါနသ၀ိဘာဂေ စ၊ ဒါန အရာ၌ ကောင်းစွာ ဝေဖန်ဆည်းပူးရခြင်းသည်လည်းကောင်း။ ၀ပတိ၊ ပွါးများ၏။ ဣတိ အပိ၊ ဤသို့လည်းကောင်း။ မေ၊ ငါ၏။ ဣဆာ၊ အလိုသည်။ ဘ၀တိ၊ ဖြစ်၏။

၈။ ဒိလီတိုပရာ စတုတ္ထထမ္ဘလေခ-စသော ၆-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ' ဘွဲ့ချီခတ်နှိပ် တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် ဤသို့ မိန့်ဆိုတော်မူသည်မှာ "ငါသည် မင်း၏အဘိသိက်ကို ခံတော်မူပြီး၍ ၂၆-နှစ် (သာသနာတော်သက္ကရာဇ် ၂၄၄-နှစ်)မြောက်သောအခါ ဤဓမ္မလိပိ ခေါ်သော ကျောက်ကမ္ပည်းစာကို ရေးသားစေလိုက်၏။ ငါ၏မင်းမှူထမ်း ရဇ္ဇုကအမတ်တို့သည် အသိန်းမကကုန်သော လူတို့အပေါ်မှာ ကြီးမှူးအုပ်စိုးကြကုန်၏။ ငါသည်လည်း ၎င်းအမတ်တို့အား လာဘ်သပ်ပကာတို့ဖြင့် ချီးမြှောက်ခွင့်နှင့် ပြစ်မှုဒဏ်ပေးနိုင်ခွင့်များကို လွှဲအပ်လိုက်ပေ၏။

အသို့ လွှဲအပ်လိုက်သနည်း-ဟု မေးခဲ့ရာ ရဇ္ဇုကအမတ်တို့သည် စိုးရိမ်ကြောက်ရွံ့ခြင်းမရှိဘဲ လွတ်လွတ်လပ်လပ် မိမိတို့ ပြုအပ်ပြုထိုက်ကုန်သော မင်းမှုကိစ္စများကို ပြုလုပ်ဆောင်ရွက်ပြီးလျှင် တိုင်းသူပြည်သား လူအများတို့၏ စီးပွါးချမ်းသာကို အထူးဂရုစိုက်၍ မပြတ်မလပ် ပွါးများအပ်သော မေတ္တာဖြင့် နေထိုင်ကြစေရန် လွှဲအပ်လိုက်ပေ၏။ ထိုအမတ်တို့သည် တိုင်းသူပြည်သားတို့၏ ဆင်းရဲ, ချမ်းသာခြင်းအကြောင်းများကို ကောင်းစွာ သိရှိလိမ့်မည်-ဟု ယုံကြည်အားကိုးရပေ၏။

ဤမျှသာ မကသေး။ ထိုအမတ်တို့သည် ဓမ္မယုတ္တ-ခေါ်သော အမတ်ငယ်တို့ဖြင့်လည်း ပြည်သူ,ပြည်သား လူအများတို့အား တရားနှင့်လျော်ရာ သြဝါဒများကို ပေးကြလိမ့်မည်။ အသို့ ပေးကြအံ့နည်း-ဟု မေးခဲ့ရာ သင်တို့ ငယ်သားများတို့သည် ပစ္စုပ္ပန်, တမလွန် အကျိုးကို အထူးဆောင်ရွက်ကြကုန်လော့-ဟူသော သြဝါဒကို ပေးကြလိမ့်မည်။ ရဇ္ဇုက အမတ်တို့သည် ငါ၏အလိုတော် ပြည့်စုံစေဖို့ရန် ကြိုးစားအားထုတ်ကြကုန်၏။ ထိုနည်းအတူ ပုရိသ အမည်ရှိကုန်သော အမတ်ငယ်တို့လည်း ငါ၏ အလိုဆန္ဒတော် ပြည့်စေဖို့ရန်ကို ဆောင်ရွက်ကြပေလိမ့်မည်။ ထိုပုရိသအမတ်တို့သည် ဘယ်အခါမျိုးမဆို မကြာမကြာ ရဇ္ဇုကအမတ်တို့သည် ငါ့အား သဘောကျစေဖို့ရန်ကို အကြင်ဝတ္တရားဖြင့် ဆောင်ရွက်ကြကုန်၏။ ထိုဝတ္တရားဖြင့်လည်း ဆောင်ရွက်၍ သြဝါဒပေးကြလိမ့်မည်။

ဥပမာဆိုသော် တစ်စုံတစ်ယောက်သောသူသည် မိမိသားကို လိမ္မာသော နို့ထိန်းသည်၏ လက်ထဲသို့ ပေးအပ်လိုက်ပြီးလျှင် ငါ၏သားကို အထိန်းသည်မသည် ချမ်းသာစေအောင် ဆောင်ရွက်ထိန်းသိမ်းလိမ့်မည်-ဟု စိုးရိမ်ကြောင့်ကြမဲ့နေသကဲ့သို့ ထို့အတူ ငါသည် ရဇ္ဇုက မင်းမှူထမ်းအမတ်တို့အား ပြည်သူပြည်သားတို့၏ အစီးအပွါးအလို့ငှာ စိမ်ခန့်ထား၍

လွှဲအပ်လိုက်ပေ၏။ ထို့ကြောင့် ၎င်းရဏ္ဍကအမတ်တို့သည် စိုးရိမ်ကြောက်ရွံ့ခြင်း မရှိဘဲနှင့် ချမ်းချမ်းသာသာ ကောင်းမွန်စွာဖြင့် မိမိတို့ ဆိုင်ရာဆိုင်ရာ တိုင်းရေးပြည်ရေးကိစ္စကို ဘယ်အခါမျိုးမဆို ဆောင်ရွက်ကြပေ၏။ သို့အတွက် ငါသည် ထိုရဏ္ဍကအမတ်တို့အား လူများတို့ကို လာဘ်သပ်ပကာဖြင့် ခိုးမြောက်ခွင့်နှင့် ပြစ်မှုဒဏ် ပေးနိုင်ခွင့်များကို လွှဲအပ်လိုက်ပေ၏။ မျက်နှာကြီး,ငယ် မရွေးချယ်ဘဲ တရားသော စစ်ဆေးခြင်းနှင့် ပြစ်မှုဒဏ်ပေးခြင်း၊ ဤတရား ၂-ပါးကို မုချအလိုရှိအပ်၏။

ထို့ကြောင့် ငါသည် ဤအမိန့်တော်မြတ်ကြီးကို ဆင့်ဆိုမိန့်ကြားလိုက်သည်မှာ 'တရားစီရင်ချက် ချလိုက်ပြီးသည့်နေ့ကစ၍ သေဒဏ်ဖြင့် အချုပ်ထောင်၌ ခံနေရကုန်သောသူတို့ကို ချမ်းသာခွင့် ၃-ရက် ရကြစေဖို့ရန်' အမိန့်ပေးလိုက်၏။ ထို ၃-ရက်အတွင်းမှာ သေလုနီးပါး အကျဉ်းထောင်တွင် ခံနေရကုန်သောသူတို့၏ ဆွေမျိုးဥာတိများတို့ကလည်း ထိုသူတို့ အသက်ရှည်စေခြင်းငှာ အထူးဂရုစိုက်ရုံသာမက ၎င်းတို့ သေသည့်တိုင်အောင် အထူးဂရုစိုက်ပြီးလျှင် ဒါန, သီလ-စသည်တို့ကိုလည်း ပြုလုပ်ကြလိမ့်မည်။ ငါ၏အလိုတော်ကား ထိုသေဒဏ်ရရှိသူတို့သည် သေခါနီးအခါ တမလွန်အကျိုးငှာ အားထုတ်စေဖို့ရန် ပြင်ပရှိ ဆွေမျိုးအပေါင်းတို့လည်း ကောင်းမြတ်သော တရားတော်ကို ကျင့်ဆောက်တည်ခြင်း၊ ကိုယ်အမူအရာ, နှုတ်အမူအရာ-စသည်များကို ထိန်းသိမ်းခြင်း၊ ဒါနအရာ၌ ကြည်ဖြူစွာ အားထုတ်နိုင်ခြင်းတည်းဟူသော သဘောတရားသည် တိုးပွါးသည်ထက်မက တိုးပွါးရခြင်း ဖြစ်ရာ၏"။

အမှာစကား။ လဇကအမတ်ကို တတိယသိလာလေခ အမှာစကားရပ်မှာ ကြည့်လေ။ ဓံမ-ယုတ, ဓမ္မယုတ္တ ခေါ်သော အမတ်များသည် ရဏ္ဍကနှင့် ဓမ္မမဟာမတ္တအမတ်တို့၏ လက်အောက်ခံအဖြစ်ဖြင့် ငယ်သားတို့၏ အစီးအပွါးကို ကြိုးစားအားထုတ်ကြရကုန်၏။ ဝိယောဟာလသမတာ-ပုဒ်၏ အရကား တရားစီရင်ရာ၌ မျက်နှာမလိုက် သမစိတ္တဖြင့် စီရင်ချက်ချခြင်းကို ရ၏။ အသောကမင်းကြီးသည် ရဏ္ဍကတို့ကို မင်းမှုကိစ္စ၌ အထူးဂရုစိုက်စေ၏။ တိ"နိ ဒိဝသာနိ-ပုဒ်ဖြင့် အသောကမင်းကြီးသည် သေဒဏ်ရပြီးသောသူအား ပြစ်မှုဒဏ်မှ လုံးလုံးမလွတ်ဘဲ ၃-ရက်မျှသာ ချမ်းသာခွင့်ကို ပေး၏။ ၎င်း ၃-ရက်အတွင်းမှာ သေဒဏ်ရရှိသူနှင့် ထိုသူ၏ဆွေမျိုးတို့သည် ဒါန,သီလ-စသည်ကို အားထုတ်နိုင်ခွင့် ရ၏-ဟု မှတ်ယူရမည်။ ဇိဝိတာယေ ဟူသော ပုဒ်ကို ထောက်သဖြင့် ယခု အင်္ဂလိပ်မင်းလက်ထက်မှာကဲ့သို့ အသောကမင်းကြီး လက်ထက်မှာလည်း သေဒဏ်ရရှိပြီးသောသူအား အယူခံခွင့် ရရှိနိုင်ကြောင်းကို သိရ၏။

ဤကဲ့သို့ အယူခံရက် ခွင့်ပြုခြင်းတရားမျိုးသည် ယခုမင်းလက်ထက်မှာသာ မဟုတ်၊ ငါတို့ သီရိဓမ္မာသောကမင်းကြီးလက်ထက်ကပင် ရှိကြောင်းကို အဆိုပါကျောက်စာဖြင့် သိအပ်၏။

----- × -----

[၅] သတ္တထမ္ဘလေခ ပဌမထမ္ဘလေခ မူလပါဠိ ၅-ဌာနနှင့် အဓိပ္ပါယ်

၁။ ဒိလီတိုပရာ ပဌမထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အဟာ [:-] သဒ္ဓါဝိသတိဝသ*အဘိသိတေန မေ ဣမာနိ ဇာတာနိ အဝဓိယာနိ ကဋ္ဌာနိ သေ ယထာ * သုကေ သာလိကာ အလုနေ စကဝါကေ ဟံသေ နံဒိမုခေ ဂေလာဋ္ဌေ * ဇတူကာ အံဗာကပိလိကာ ဒဋ္ဌိ အနဋ္ဌိကမဆေ ဗေဒဝေယကေ * ဂံဂါပုပ္ပုဋ္ဌကေ သံကုဇမဆေ ကဖဋ္ဌသယကေ ပံနသသေ သိမလေ * သံဌုကေ ါ[ဩ]ကပိံဌေ ၁လသတေ သေတကပေါတေ ဂါမကပေါတေ * သဝေ စတုပဒေ ယေ ပဋ္ဌိဘောဂံ နော ဇတိ နု စ ခါဒိယတိ . . . . . * ဌေကာ စာ သူကလိ စာ ဂဘိနိ ဝ ပါယမိနာ ဝါ အဝဓိယ ပတကေ*ပိ စ ကာနိ အာသံ မာသိကေ [၊] ဝဓိ ကုကုဋ္ဌေ နော ကဋ္ဌဝိယေ [,] တုသေ သဇိဝေ * နော စျာပေတဝိယေ [,] ဒါဝေ အနဋ္ဌာဝေ ဝါ ဝိဟိသာယေ ဝါ နော စျာပေတဝိယေ [,] * ဇိဝေန ဇိဝေ နော ပုသိတဝိယေ [၊] တိသု စာတုံမာသိသု တိသာယံ ပုံနမာသိယံ * တိံနိ ဒိဝသာနိ စာဝုဒသံ ပံနဌုသံ ပဋ္ဌိပဒါယေ ဓုဝါယေ စာ * အနုပေါသထံ မဆေ အဝဓိယေ နောပိ ဝိကေတဝိယေ [၊] ဇတာနိ ယေဝ ဒိဝသာနိ * နာဂဝနသိ ကေဝဋ္ဌဘောဂသိ ယာနိ အံနာနိ ပိ ဇိဝနိကာယာနိ * နော ဟံတဝိယာနိ [၊] အဌမိပခါယေ စာဝုဒသာယေ ပံနဌုသာယေ တိသာယေ * ပုနာဝသုနေ တိသု စာတုံမာသိသု သုဒိဝသာယေ ဂေါနေ နော နိလခိတဝိယေ * အဇကေ ဌေကေ သူကလေ ဇေါပိ အံနေ နိလခိယတိ နာ နိလခိတဝိယေ * [၊] တိသာယေ ပုနာဝသုနေ စာတုံမာသိယေ စာတုံမာသိပခါယေ အသ္ဓသာ ဂေါနသာ * လခနေ နော ကဋ္ဌဝိယေ [၊] ယာဝ သဒ္ဓါဝိသတိဝသအဘိသိတေန မေ ဇတာယေ * အံတလိကာယေ ပံနဝိသတိ ဗံဓနမောခါနိ ကဋ္ဌာနိ [၊]

၂။ ဒိလီမေရဋ္ဌ ပဌမထမ္ဘလေခ မူလပါဠိ

. . . . . .

. . . . . အဝယေ ပတက
ပိ စ ကာနိ * ကေ [၊] ဝမိ ကုကုဒ္ဓေ နော ကဒ္ဓဝိယေ [,] တုသေ သဇ်ဝေ * . . .
တဝိယေ [,] ဒါဝေ အနဗ္ဘာယေ ဝါ ဝိဟိသာယေ ဝါ နော * စ္ဘာပေတဝိယေ [,] ဇ်ဝေန
ဇ်ဝေ နော ပုသိတဝိယေ [၊] တီသု စာတုံမာသီသု * တိသာယံ ပုံနမာသိယံ တိန် ဒိ . . .
စာတုဒသံ ပံနဍသေ * ပဋ္ဌိပဒါ . . . ခုဝါယေ စ အနုပေါသထံ မဆေ အဝမိယေ နောပိ
* ဝိကေတဝိယေ [၊] ဧတာနိ ယေဝ ဒိဝသာနိ နာဂဝနသိ ကေဝ္ဌဘောဂသိ * ယာ . . .
အံ . . . နိ ပိ ဇ်ဝနိကာယာနိ နော ဟံတဝိယာနိ * [၊] အဌမိ . . . ယေ စာဝုဒသာယေ
ပံနဍသာယေ တိသာယေ * ပုနာဝသုနေ တီသု စာတုံမာသီသု သုဒိဝသာယေ ဂေါနေ *
နော နိလခိတဝိယေ အဇကေ ဧဍကေ သုကလေ ဧဝါပိ * အံနေ နိလခိယတိ နော
နိလခိတဂိယေ [၊] တိသာယေ ပုနာဝသုနေ * စာတုံမာသိယေ စာတုံမာသိပခါယေ
အဃ္ဌသာ ဂေါနသာ လခေန * နော . . . ဝိယေ [၊] ယာဝ သဏ္ဌိသတိဝသအဘိသိတေန
မေ ဧတာယေ * အံတလိကာယေ ပံနဝိသတိ ဝံဝနမောခါနိ ကဍာနိ [၊]

၃။ ဣလာဟာဘာဒ် ပဌမထမ္ဘလေခ မူလပါဠိ

. . . ပိယေ ပိယဒသိ လာဇာ ဟေဝံ အာဟာ [;-] သဏ္ဌိသတိဝသာဘိသိတေန
မေ ဣမာနိ ဇာတာနိ အဝဓိယာနိ ကဍာနိ သေ ယထာ သုကေ သာလိကာ အလုနေ
စကဝါကေ . . . * . . . မုခေ ဂေလာဒ္ဓေ ဇတူကေ အံဗာကိပိလိကာ ဒဋ္ဌိ အနထိကမဆေ
ဝေဒဝေယကေ ဂံဂါပုပုဒ္ဓကေ သံကုဇမဆေ ကဖဒ္ဓ . . . ကေ ပံနသသေ သိမလ သံ
. . . . . ကပေါတေ ဂါမကပေါတေ သဝေ စတုပဒေ ယေ ပဋ္ဌိဘောဂံ
. . . . . .
. . . . . .
. . . . . သဇ်ဝေ . . . . . နော စ္ဘာ . . .
. . . . . စာဝုဒသံ ပံစဒသံ
. . . . . တာနိ . . . . . .
. . . . . ထ . . . . . .
. . . . . .
. . . . . လခေန နော ကဒ္ဓဝိယေ ယာဝ
သ . . . . . * . . . .

၄။ လောက်ရိယာအရာရာဂျိ ပဠမထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အာဟာ [:-] သဒ္ဓါဝိသတိဝသာဘိသိတသ မေ ဣမာနိပိ ဇာတာနိ အဝဓိယာနိ * ကဋ္ဌာနိ သေ ယထာ သုကေ သာလိက အလုနေ စကဝါကေ ဟံသေ နံဒီမုခေ ဂေလာဋ္ဌေ ဇတူက*အံဗာကိပိလိက ဒုဋ္ဌိ အနဋ္ဌိကမဆေ ဝေဒဝေယကေ ဂံဂါပုပ္ပုဋ္ဌကေ သံကုဇမဆေ ကဖဋ္ဌသေယကေ * ပံနသသေ သိမလေ သံဒုကေ ါ[ဩ]ကပိံဒ္ဓေ ပလသတေ သေတကပေါတေ ဂါမကပေါတေ သဝေ စတုပဒေ * ယေ ပဋ္ဌိဘောဂံ နော ဇတိ နု စ ခါဒိယတိ [၊] အဇကာ နာနိ ဧဠကာ စ သူကလိ စ ဂဝိနိ ဝ ပါယမိနာ ဝ * အဝဓျံပေါတကေ စ ကာနိ အာသံမာသိကေ [၊] ဝဓိကုကုဋ္ဌေ နော ကဋ္ဌဝိယေ [,] တုသေ သဇ်ဝေ နော စျာပယိတဝိယေ [,] ဒါဝေ * အနုဋ္ဌာယေ ဝ ဝိဟိသာယေ ဝ နော စျာပယိတဝိယေ [,] ဇ်ဝေန ဇ်ဝေ နော ပုသိတဝိယေ [၊] တိသု စာတုံမာသိသု တိဿ * ပုံနမာသိယံ တိုနိ ဒိဝသာနိ စာဝုဒသံ ပံနဒ္ဓသံ ပဋ္ဌိပဒံ ဓုဝါယ စ အနုပေါသထံ မဆေ အဝဓျေ နောပိ * ဝိကေတဝိယေ [၊] ဧတာနိ ယေဝ ဒိဝသာနိ နာဂဝနသိ ကေဝဋ္ဌဘောဂသိ ယာနိ အံနာနိပိ ဇ်ဝနိကာယာနိ * နော ဟံတဝိယာနိ [၊] အဋ္ဌမိပခါယေ စာဝုဒသာယေ ပံနဒ္ဓသာယေ တိသာယေ ပုနာဝသုနေ တိသု စာတုံမာသိသု * သုဒိဝသာယေ ဂေါနေ နော နိုလခိတဝိယေ အဇကေ ဧဠကေ သူကလေ ဧဝါပိ အံနေ နိုလခိယတိ နော နိုလခိတဝိယေ * [၊] တိသာယေ ပုနာဝသုနေ စာတုံမာသိယေ စာတုံမာသိပခါယေ အသ္ဓသ ဂေါနသ လခန နော ကဋ္ဌဝိယေ * [၊] ယာဝ သဒ္ဓါဝိသတိ-ဝသာဘိသိတသ မေ ဧတာယေ အံတလိကာယေ ပံနဝိသတိ ဗံခနမောခါနိ ကဋ္ဌာနိ [၊]

၅။ လောက်ရိယာနန္ဒန်ဂဟရ် ပဠမထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အာဟ [:-] သဒ္ဓါဝိသတိဝသာဘိသိတသ မေ ဣမာနိပိ * ဇာတာနိ အဝဓိယာနိ ကဋ္ဌာနိ သေ ယထာ သုကေ သာလိက အလုနေ စကဝါကေ ဟံသေ * နံဒီမုခေ ဂေလာဋ္ဌေ ဇတူက အံဗာကပလိက ဒုဋ္ဌိ အနဋ္ဌိကမဆေ ဝေဒဝေယကေ * ဂံဂါပုပ္ပုဋ္ဌကေ သံကုဇမဆေ ကဖဋ္ဌသေယကေ ပံနသသေ သိမလေ သံဒုကေ ါ[ဩ]ကပိံဒ္ဓေ * ပလသတေ သေတကပေါတေ ဂါမကပေါတေ သဝေ စတုပဒေ ယေ ပဋ္ဌိဘောဂံ နော ဇတိ နု စ ခါဒိယတိ [၊] အဇကာနာနိ ဧဠကာ စ သူကလိ စ ဂဘိနိ ဝ ပါယမိနာ ဝ အဝဓျ ပေါတကေ စ ကာနိ * အာသံမာသိကေ [၊] ဝဓိကုကုဋ္ဌေ နော

ကဋ္ဌဝိယေ [,] တုသေ သဇိဝေ နော စျာပယိတဝိယေ [,] ဒါဝေ အနဋ္ဌာယေ ဝ * ဝိဟိသာယေ ဝ နော စျာပယိတဝိယေ [,] ဇိဝေန ဇိဝေ နော ပုသိတဝိယေ [၊] တီသု စာတုံမာသီသု တိသိယံ * ပုံနမာသိယံ တိုဏိ ဒိဝသာနိ စာဝုဒသံ ပံနဒ္ဓသံ ပဋ္ဌိပဒံ ခုဝါယေစ အနုပေါသထံ မဆေ အဝဓျေ * နောပိ ဝိကေတဝိယေ [၊] ဧတာနိ ယေဝ ဒိဝသာနိ နာဂဝနသိ ကေဝဋ္ဌဘောဂသိ ယာနိ အံနာနိပိ * ဇိဝနိကာယာနိ နော ဟံတဝိယာနိ [၊] အဋ္ဌမိပခါယေ စာဝု ဒသာယေ ပံနဒ္ဓသာယေ တိသာယေ ပုနဝသုနေ * တီသု စာတုံမာသီသု သုဒိဝသာယေ ဂေါနေ နော နိလခိတဝိယေ အဇကေ ဧဏေကေ သူကလေ ဧဝါပိ အံနေ * နိလခိယတိ နော နိလခိတဝိယေ [၊] ကိသာယေ ပုနာဝသုနေ စာတုံမာသိယေ စာတုံမာသိ-ပခါယေ အသ္ဓသ ဂေါနသ * လခနေ နော ကဋ္ဌဝိယေ [၊] ယာဝ သဗ္ဗဝိသတိဝသာဘိသိ-တေန ၈၈ ဧတာယေ အံတလိကာယေ ပံနဝိသတိ * ဗံဓနမောခါနိ ကဋ္ဌာနိ [၊]

၆။ ဒိလိတိုပရာ ပဠမထမ္ဘလေခ မူလပါဠိအနက်

ဒေဝါနံ၊ သမ္မုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယော၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာ လည်းဖြစ်တော်မူထသော။ ပိယဒသိ၊ ဝမ်းမြောက်နုမော်၊ ရှုစားတော်မူရာလည်းဖြစ်တော်မူ ထသော။ လာဇ၊ သီရိဓမ္မာသောကမင်းကြီးသည်။ ဟေဝံ၊ ဤသို့နှုတ်ထွက်၊ အာဏာစက်ကို။ အဟာ၊ အများသိစေ၊ မိန့်မြွက်လိုက်ပေ၏။ သဗ္ဗဝိသတိဝသအဘိသိတေန၊ မင်း၏ အဘि-သိက်ကို ခံတော်မူ၍ ၂၆-နှစ်မြောက်လေပြီးသော။ မေ၊ ငါသည်။ အဝဓိယာနိ၊ မသတ်အပ် ကုန်သော။ ဣမာနိ၊ ဤအမည်ရှိကုန်သော။ ဇာတာနိ၊ တိရစ္ဆာန်သတ္တဝါမျိုးတို့ကို။ ကဋ္ဌာနိ၊ ကာလပိုင်းခြား၊ လူအများတို့၊ ခြားနားသိရန်၊ ဝေဖန်အပ်ကုန်၏။

တစ်နည်းကား- မေ၊ ငါသည်။ ဣမာနိ၊ ဤအမည်ရှိကုန်သော။ ဇာတာနိ၊ တိရစ္ဆာန် သတ္တဝါမျိုးတို့ကို။ အဝဓိယာနိ၊ မသတ်အပ်သည်တို့ကို။ ကဋ္ဌာနိ၊ အခါပိုင်းဖြတ်၊ ပြုအပ်ကုန်ပြီ။ သေ=တာနိ၊ ထိုမသတ်အပ်ကုန်သော တိရစ္ဆာန်သတ္တဝါတို့သည်။ ယထာ၊ အဘယ်သည်တို့ နည်းဟူမူကား။

သုကေ စ၊ ကျေးသားကိုလည်းကောင်း။

သာလိကာ စ၊ သာလိကာကိုလည်းကောင်း။ အလုနေ စ၊ အရုဏာကိုလည်းကောင်း။

စကဝါကေ စ၊ စက္ကဝက်ကိုလည်းကောင်း။ ဟံသေ စ၊ ဟသ်ကိုလည်းကောင်း။

နံဒိမုခေ စ၊ နန္ဒိမုခကိုလည်းကောင်း။

ဂေလာဌေ စ၊ ဂေလာဌကိုလည်းကောင်း။

ဇတူကာ စ၊ လင်းနို့ကိုလည်းကောင်း။ ဝါ၊ လင်းဆွဲကိုလည်းကောင်း။

အံဗာကပိလိကာ စ၊ ဥသြကိုလည်းကောင်း။ ဒဋ္ဌိ စ၊ လိပ်မကိုလည်းကောင်း။

အနဋ္ဌိကမဆေ စ၊ အရိုးနည်းပါးသော ငါးကိုလည်းကောင်း။

ဗေဒဝေယကေ စ၊ ဇီဝစိုးကိုလည်းကောင်း။

ဂံဂါပုပ္ပဌကေ စ၊ နတ်တင်ကြက်ကိုလည်းကောင်း။

သံကုဇမဆေ စ၊ ငါးတန်ကိုလည်းကောင်း။

ကဖဌသယကေ စ၊ လိပ်ဖိုနှင့် ဖြူကိုလည်းကောင်း။

ပံနသသေ စ၊ ယုန်ကိုလည်းကောင်း။ သိမလေ စ၊ ဆတ်ကိုလည်းကောင်း။

သံဌကေ စ၊ နွားလားကိုလည်းကောင်း။

သြကပိံဌေ စ၊ သြကပိဏ္ဍကိုလည်းကောင်း။ ပလသတေ စ၊ သမင်ကိုလည်းကောင်း။

သေတကပေါတေ စ၊ ခိုဖြူကိုလည်းကောင်း။ ဂါမကပေါတေ စ၊ ရွာခိုကိုလည်းကောင်း။

သဝေ၊ အလုံးစုံသော။ စတုပဒေ၊ အခြေ ၄-ချောင်းရှိသော။ ယေ၊ အကြင် သားတိရစ္ဆာန်သည်။ ပဋိဘောဂံ၊ စားသုံးအပ်သည်၏အဖြစ်သို့။ နော ဧတိ၊ မရောက်သေး။ (သေ စ)၊ ထိုအလုံးစုံသော သား, ငါး, တိရစ္ဆာန်ကိုလည်းကောင်း။ နဒါဒိယတိ၊ မစားအပ်။

ဂဘိနီ ဝ၊ ပဋိသန္ဓေရှိသော။ ဝါ၊ တစ်နည်းကား။ ပါယမိနာ ဝ၊ နို့စို့အရွယ် သားငယ်ရှိသော။ (နာနိ)၊ အမျိုးမျိုးသော။ (အဇကာ စာ)၊ ဆိတ်မကိုလည်းကောင်း။

ဧဋကာ စ၊ သိုးမကိုလည်းကောင်း။ သူကလိစာ၊ ဝက်မကိုလည်းကောင်း။

အာသံ မာသိကေ၊ ၆-လမပြည့်သေးသော။ ကာနိ၊ တစ်စုံတစ်ခုသော။ ပတကေပိ စ၊ တိရစ္ဆာန်သတ္တဝါတို့၏ သားငယ်ကိုလည်းကောင်း။ အဝဓိယ၊ မသတ်အပ်။

ကုက္ကုဋေ၊ ကြက်ဖကို။ ဝဓိ၊ သတ်ခြင်းကို။ နော ကဌဝိယေ၊ မပြုအပ်။

သဇီဝေ၊ သတ္တဝါနှင့်တကွသော။ တုသေ၊ ဖွဲပုံ-ဟူသမျှကို။ နော စျာပေတဝိယေ၊ မီးမရှို့အပ်။ အနဗ္ဘာဝေ ဝါ၊ အကျိုးမဲ့လုပ်ခြင်းငှာလည်းကောင်း။ ဝိဟိသာယေ ဝါ၊ ညှဉ်းဆဲခြင်းအလို့ငှာလည်းကောင်း။ ဒါဝေ၊ တောကို။ နော စျာပေတဝိယေ၊ မီးမရှို့အပ်။

ဇီဝေန၊ တိရစ္ဆာန် ၁-ကောင်ဖြင့်။ ဇီဝေ၊ တိရစ္ဆာန် ၁-ကောင်ကို။ နော ပုသိတဝိယေ၊ အစာကျွေး၍ မမွေးစားအပ်။ စာတုံမာသိသု၊ ၄-လစီရှိကုန်သော။ တီသု၊ ဥတု ၃-ပါး တို့၌။ တိုနိ၊ ၃-ရက်ကုန်သော။ ဒိဝသာနိ စာ၊ လပြည့်နေ့(တိုင်း)တို့ကိုလည်းကောင်း။ တိသာယ်၊ ဖုဿနက္ခတ်နှင့်ယှဉ်သော။ ပုံနမာသိယ်၊ ပြာသိုလပြည်နေ့ကိုလည်းကောင်း။ စာဝုဒသံ စာ၊ စတုဒ္ဒသီ လကွယ်နေ့(တိုင်း)ကိုလည်းကောင်း။ ပံနဍသံ စာ၊ ပန္နရသီ လပြည့်နေ့တိုင်းကိုလည်းကောင်း။ ဓုဝါယေ၊ အမြဲသတ်မှတ်အပ်သော။ ပဋိပါဒယေ စာ၊ ဆန်း, ဆုတ် ၁-ရက်နေ့တိုင်းကိုလည်းကောင်း။ အနုပေါသထံ စာ၊ ဥပုသ်နေ့တိုင်းကို လည်းကောင်း။ မဆေ၊ ငါ-ဟူသမျှကို။ အဝဓိယေ၊ မသတ်အပ်။ နောပိ ဝိကေတဝိယေ၊ ရောင်းလည်း မရောင်းအပ်။

ဧတာနိ၀ေ ဒိဝသာနိ၊ ဤနေ့ရက်အတွင်းတို့ကိုသာလျှင်။ နာဂဝနသိ အပိ၊ ဆင်နေ တောဋ္ဌလည်းကောင်း။ ကေဝဋ္ဋဘောဂသိ အပိ၊ တံငါတို့၏ ကျက်စားရာ အင်းအိုင်ဋ္ဌ လည်းကောင်း။ အံနာနိ၊ ဤမှ တပါးကုန်သော။ ယာနိ ဇီဝနိကာယာနိ အပိ၊ အကြင် သတ္တဝါအပေါင်းတို့သည်(လည်း)။ (သန္တိ)၊ ရှိကုန်၏။ (တာနိ)၊ ထိုသတ္တဝါတို့ကို။ နော ဟံတဝိယာနိ၊ မသတ်အပ်ကုန်။

အဋ္ဌမီပခါယေ၊ ၈-ရက် ပက္ခနေ့တိုင်းကိုလည်းကောင်း။ စာဝုဒသာယေ၊ စတုဒ္ဒသီ လကွယ် နေ့တိုင်းကိုလည်းကောင်း။ ပံနဍသာယေ၊ ပန္နရသီ လပြည့်နေ့တိုင်းကိုလည်းကောင်း။ တိသာယေ၊ ဖုဿနက္ခတ်နှင့် ယှဉ်သောနေ့ကိုလည်းကောင်း။ ပုနာ၀သုနေ၊ ပုနဗ္ဘသု နက္ခတ်နှင့် ယှဉ်သောနေ့ကိုလည်းကောင်း။ စာတုံမာသိသု၊ ၄-လစီရှိကုန်သော။ တီသု၊ ဥတု ၃-ပါးတို့၌။ သုဒိ၀သာယေ၊ နေ့ထူးနေ့မြတ်ကိုလည်းကောင်း။ ဂေါနေ၊ နွားထီးကို။ နော နီလခိတဝိယေ၊ အမှတ်တံဆိပ်၊ မခတ်နှိပ်အပ်။

အဇကေ၊ ဆိတ်ကိုလည်းကောင်း။ ဧဏေ၊ သိုးကိုလည်းကောင်း။ သူကလေ၊ ဝက်ကို လည်းကောင်း။ အံနေ၊ ဤမှ တပါးသော။ ဧ၀ါ အပိ၊ အကြင်တိရစ္ဆာန်ကို။ နီလခိယတိ၊ အမှတ်တံဆိပ် ခတ်နှိပ်၏။ (သေ)၊ ထိုတိရစ္ဆာန်ကို။ နာ နီလခိတဝိယေ၊ အမှတ်တံဆိပ် မခတ်နှိပ်အပ်။

တိသာယေ၊ ဖုဿနက္ခတ်နှင့် ယှဉ်သောနေ့ကိုလည်းကောင်း။ ပုနာ၀သုနေ၊ ပုနဗ္ဘသုနက္ခတ် နှင့် ယှဉ်သောနေ့ကိုလည်းကောင်း။ စာတုံမာသိယေ၊ ၄-လ ၁-ကြိမ်၌ လပြည့်နေ့တိုင်း ကိုလည်းကောင်း။ စာတုံမာသိပခါယေ၊ ၄-လ ၁-ကြိမ်၌ လဆန်းပက္ခနေ့တိုင်းကိုလည်း ကောင်း။ အသ္ဓသာ၊ မြင်းကိုလည်းကောင်း။ ဂေါနသာ၊ နွားထီးကိုလည်းကောင်း။ လခနေ၊ အမှတ်တံဆိပ် ခတ်နှိပ်ခြင်းကို။ နော ကဋ္ဌဝိယေ၊ မပြုအပ်။

ယာဝ၊ အကြင်မျှလောက်။ သဗ္ဗဝိသတိဝသအာဘိသိတေန၊ မင်း၏အာဘိသိက်ကို ခံတော်မူ၍ ၂၆-နှစ်မြောက်လေပြီးသော။ မေ၊ ငါသည်။ ဧတာယေ၊ ထိုမျှလောက်သော။ အံတလိကာယေ၊ အတောအတွင်း၌။ ပံနဝိသတိ၊ ၂၅-ကြိမ်တိုင်တိုင်။ ဗံဓနမောခါနိ၊ အကျဉ်းထောင်မှ လွှတ်ခြင်းတို့ကို။ ကဒ္ဒာနိ၊ ပြုအပ်ကုန်ပြီ။

၇။ ဒိလီတိုပရာ ပဌမထမ္ဘလေခ မူလပါဠိ-စသော ၅-ဌာန၏အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ' ဘွဲ့ချီခတ်နှိပ် တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် ဤသို့သော အမိန့်အာဏာတော်ကို ဆင့်ဆိုလိုက်သည်မှာ "ငါသည် အဘိသေက ခံတော်မူပြီး၍ ၂၆-နှစ် (သာသနာတော် သက္ကရာဇ် ၂၄၄-နှစ်) မြောက်သောအခါ ကာလအပိုင်းအခြားနှင့်ကကွ သတ္တဝါတိရစ္ဆာန်တို့ကို သတ်ဖြတ်ခြင်းမှ ပိတ်ပင်တားမြစ်လေပြီ။

မသတ်အပ်ကုန်သော သား, ငါး, **သတ္တဝါတိရစ္ဆာန်တို့-ဟူသည်ကား** ကျေးသား, သာလိကာ, အရုဏ, စက္ကဝက်, ဟသ်ာ, နန္ဒိမုခ, ဂေလာဋ, လင်းဆွဲ, ဥသြ, လိပ်မ, အရိုးနည်းပါးသော ငါး, ဇီဝစိုး, နတ်တင်ကြက်, ငါးတန်, လိပ်ဖို, ဖြူ, ယုန်, ဆတ်, နွားလား သြကပိဏ္ဍ, သမင်, ခိုဖြူ, ရွာခို, စားသုံးခြင်းငှာ မထိုက်သော အခြေ ၄-ချောင်းရှိ သားတိရစ္ဆာန်၊ ဤအလုံးစုံကို သတ်ဖြတ်၍ မစားအပ်။

ပဋိသန္ဓေရှိသော သို့မဟုတ် နို့စို့အရွယ် သားငယ်ရှိသော အမျိုးမျိုးသော ဆိတ်မ, သိုးမ, ဝက်မ, ၆-လ မစေ့သေးသော တစ်စုံတစ်ခုသော သတ္တဝါတိရစ္ဆာန်တို့၏ သားငယ်များကိုလည်း မသတ်ဖြတ်အပ်။ ကြက်ဖများကိုလည်း မသတ်အပ်။ သဝိညာဏကသတ္တဝါများနှင့်တကွ ဖွဲ့များကိုလည်း မီးမရှို့အပ်။ အကျိုးမဲ့သက်သက်လည်းကောင်း, သတ်လိုသော စေတနာဖြင့်လည်းကောင်း တောများကိုလည်း မီးမရှို့အပ်။ သတ္တဝါ ၁-ကောင်ကို သတ်၍ သတ္တဝါ ၁-ကောင်ကို ကျွေးမွေးပြီးလျှင်လည်း မမွေးမြူအပ်။

၄-လတို့ဖြင့် ပိုင်းခြားအပ်ကုန်သော ဥတု ၃-ပါးတို့၌ ပန္နရသီလပြည့် ၃-ရက်နေ့, ဖုဿနက္ခတ်နှင့်ယှဉ်သော ပြာသိုလပြည့်နေ့, စတုဒ္ဒသီလကွယ်နေ့, ပန္နရသီလပြည့်နေ့တိုင်း၊ လူတို့သတ်မှတ်အပ်သော လဆန်း,လဆုတ်နေ့တိုင်း၊ ဥပုသ်နေ့တိုင်း၊ ဤနေ့ရက်တို့မှာလည်း ငါးများကို မသတ်အပ်။ ၎င်းပြင် ဈေး-စသည်တို့၌ ငါးများကို မရောင်းအပ်။ ဤနေ့ရက်အတောအတွင်းမှာ ဆင်နေသော တော၊ တံငါတို့ ကျက်စားရာ ချောင်း, မြောင်း, ရေကန်, ရေအိုင်၌ တစ်စုံတစ်ခုသော သားတိရစ္ဆာန်များကို မသတ်အပ်။

၈-ရက် ပက္ခနေ့တိုင်း, စတုဒ္ဒသီ လကွယ်နေ့တိုင်း, ပန္နရသီ လပြည့်နေ့တိုင်း, ဖုဿနက္ခတ်နှင့်ယှဉ်သော နေ့တိုင်း, ပုနဗ္ဗသုနက္ခတ်နှင့်ယှဉ်သော နေ့တိုင်း ၄-လတို့ဖြင့် ပိုင်းခြားအပ်ကုန်သော ဥတု ၃-ပါးတို့၌ နေ့ထူး,နေ့မြတ်၊ ၎င်းနေ့ရက်တို့မှာလည်း နွားထီးကို အမှတ်တံဆိပ် မခတ်နိုပ်အပ်။ ဆိတ်, သိုး, ဝက်-စသော တိရစ္ဆာန်များကိုလည်း အဆိုပါနေ့တို့၌ အမှတ်တံဆိပ် မခတ်နိုပ်အပ်။ ဖုဿနက္ခတ်နှင့် ယှဉ်သောနေ့, ပုနဗ္ဗသုနက္ခတ်နှင့် ယှဉ်သောနေ့, ၄-လ ၁-ကြိမ်၌ လပြည့်နေ့တိုင်း, ၄-လ ၁-ကြိမ်၌ လဆန်းပက္ခနေ့တိုင်း ၎င်းနေ့ရက်မှာလည်းမြင်း, နွားထီးများကို အမှတ်တံဆိပ် မခတ်နိုပ်အပ်။ ငါသည် အဘိသေကကို ခံတော်မူ၍ ၂၆-နှစ်၏ အတောအတွင်းမှာ ၂၅-ကြိမ်တိုင်တိုင် ထောင်သားများကို အကျဉ်းထောင်မှ ထုတ်နုတ်ခဲ့ဖူးလေပြီ။

အမှာစကား။ **အဝဓိယာနီ-ပုဒ်**ကို ထောက်၍ အချို့ဆရာများက နှစ်ပေါင်းများစွာကပင် ဆင်းသက်လာသော ယဇ်ပွဲ, နတ်ပွဲတို့၌ သတ္တဝါတိရစ္ဆာန်များကို မသတ်ဖို့ရန် အသောကသည် လုံးဝပိတ်ပင်သည်-ဟု အယူရှိကြ၏။ တီသု စာတုံမာသီသု-စသော အောက်ပါ ဝါကျစကားတို့ကို ထောက်လျှင် အသောကမင်းကြီးသည် ရှေးရှေးက အတိုင်းမသိ သတ်နေကြသောအရာများကို အမျိုးမျိုးသော နည်းလမ်းဖြင့် ခေါင်းပါးစေခြင်းငှာ အားထုတ်ပေ၏။ အဘယ်ကြောင့်ဆိုသော် ဤကျောက်စာ၌ ကာလဖြင့် ပိုင်းခြား၍ မသတ်အပ်, မသတ်ထိုက်သော သတ္တဝါများနှင့် ဝေဖန်လျက် ပါရှိပေ၏။ ထို့ကြောင့် လုံးလုံးပိတ်ပင်၏-ဟူသော စကားကို ယုတ္တိမရှိ-ဟု မှတ်ရမည်။

ဤကျောက်စာ၌ ကာလအပိုင်းအခြားနှင့်တကွ သတ္တဝါတိရစ္ဆာန်တို့၏ အမည်ကို အထူးဖော်၍ ပြပြားသော်လည်း ကြွင်းသောကာလ၌ ကြွင်းသောသတ္တဝါများကို သတ်အပ်၏-ဟု စောဒနာရန် မလို။ အသောကမင်းကြီးသည် တဖြည်းဖြည်းနှင့် သတ္တဝါများကို မသတ်စေဖို့ရန် အားထုတ်ပေ၏-ဟူ၍သာ မှတ်ယူရမည်။ ၎င်းပြင် ဤကျောက်စာ၌ ယခုကာလအားလျော်စွာ အမည်နာမကို မသိသော တိရစ္ဆာန်များလည်း ပါရှိကုန်၏။ ၎င်းအမည်တို့ကို ပါဠိကျမ်းဂန်တွင် ကြည့်ရှုကြလေ။ 'တိန်နိ ဒိဝသာနိ'-ပုဒ်ဖြင့် ပုဏ္ဏားတို့သည် ၁-ဥတု, ၁-ဥတုတွင် အစ၌လည်းကောင်း၊ သို့မဟုတ် အဆုံး၌လည်းကောင်း ယဇ်နတ်-ပူဇော်လေ့ရှိကြ၏-ဟု သိအပ်၏။ ထို့ကြောင့် ၁-ဥတုမှာ အဆုံးဖြစ်သော လပြည့်နေ့ကိုလည်းကောင်း, အစဖြစ်သော လပြည့်နေ့ကိုလည်းကောင်း ပန္နရသီ ၃-နေ့-ဟု ယူရမည်။

နာဂဝနသီ-ပုဒ်၏ အရကား ဆင်နေသောတော၌ ဆင်-စသော တိရစ္ဆာန်များကို မသတ်အပ်။ **ကေဝဋ္ဋဘောဂသီ-သဒ္ဒါ**ဖြင့် တံငါတို့၏ အင်းအိုင်, မြစ်, တံငါတို့၏ ကျက်စားရာ၊ ၎င်းနေရာ၌သား, ငါးများကို မသတ်အပ်-ဟု မှတ်အပ်၏။

----- × -----

[၆] သတ္တထမ္ဘလေခ ဆဋ္ဌထမ္ဘလေခ မူလပါဠိ ၄-ဌာနနှင့် အဓိပ္ပါယ်

၁။ ဒိလီတိုပရာ ဆဋ္ဌထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အဟာ [:-] ဒုဝါဒုသ*ဝသအဘိသိတေန မေ ဓံမလိပိ လိခါပိတာ လောကသာ * ဟိတသုခါယေ သေ တံ အပဟဋ္ဌာ တံတံ ဓံမဝပိ ပါပေါ ဝါ * [၊] ဟေဝံ လောကသာ ဟိတသုခေတိ ပဋိဝေခါမိ အထ ဣယံ * နာတိသု ဟေဝံ ပတိယာသံနေသု ဟေဝံ အပကဋ္ဌေသု * ကိမ် ကာနိ သုခံ အဝဟာမိတိ တထ စ ဝိဒဟာမိ [၊] ဟေမေဝါ * သဝနိကာယေသု ပဋိဝေခါမိ [၊] သဝပါသံဘာပိ မေ ပူဇိတာ * ဝိဝိဓာယ ပူဇာယာ [၊] ဧ စု ဣယံ အတုနာ ပစုပဂမနေ * သေ မေ မောချမတေ [၊] သချဝိသတိဝသအဘိသိတေန မေ ဣယံ ဓံမလိပိ လိခါပိတာ [၊]

၂။ ဣလာဟာဗာဒ် ဆဋ္ဌထမ္ဘလေခ မူလပါဠိ

. . . . . ပိယဒသီ လာ . . . . . ပါ . . . . . ဟေဝံ . . . * ဟိတသုခေတိ ပဋိဝေခါမိ အထ . . . . . တိသု . . . . . သံနေသု ဟေဝံ အပ က . . . ကိမ် . . . . . ဒဟာမိ [၊] ဟေဝံမေဝ သဝ . . . ယေသု ပဋိဝေခါမိ * [၊] သဝပါသံဘာပိ မေ ပူဇိတာ ဝိဝိဓာယ ပူဇာယာ [၊] ဧ စု ဣယံ အတနာ ပစုပဂမနေ သေ မေ မုချမုတေ [၊] . . . . . လိပိ လိခါပိတာတိ [၊]

၃။ လောက်ရိယာအရာရာဂ္ဂ် ဆဋ္ဌထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အာဟ [:-] ဒုဝါဒုသဝသာဘိသိတေန မေ ဓံမလိပိ လိခါပိတ လောကသ * ဟိတသုခါယေ သေ တံ အပဟဋ္ဌ တံတံ ဓံမဝပိပါပေါ ဝ [၊] ဟေဝံ လောကသ ဟိတသုခေတိ ပဋိဝေခါမိ * အထာ ဣယံ နာတိသု ဟေဝံ ပတျာသံနေသု ဟေဝံ အပကဋ္ဌေသု ကိမ် ကာနိ သုခံ အာဝဟာမိတိ တထာ စ ဝိဒဟာမိ [၊] ဟေမေဝ သဝနိကာယေသု ပဋိဝေခါမိ [၊] သဝပါသံဘာပိ မေ ပူဇိတ ဝိဝိဓာယ

ပူဇာယ [၊] ဧ စု ဣယံ အတန ပစ္စုပဂမနေ * သေ မေ မုခ္ခမုတေ [၊] သဗ္ဗဝိသတိဝသာ-ဘိသိတေန မေ ဣယံ ဓံမလိပိ လိခါပိတ [၊]

၄။ လောက်ရိယာနန္ဒန်ဂဟရ် ဆဋ္ဌထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇ ဟေဝံ အာဟ [:-] ဒ္ဝါဒသဝသာဘိသိတေန မေ ဓံမလိပိ လိခါပိတ လောကသ * ဟိတသုခါယေ သေ တံ အပဟဋ္ဌ တံတံ ဓံမဝပိ ပါပေါ [၊] ဟေဝံ လောကသ * ဟိတသုခေတိ ပဋိဝေခါမိ အထာ ဣယံ နာတိသု ဟေဝံ ပတ္ကာသံနေသု ဟေဝံ အပဂဋ္ဌေသု * ကိံမံ ကာနိ သုခံ အာဝဟာမိတိ တထာ စ ဝိဒဟာမိ [၊] ဟေမေဝ သဝနိကာယေသု ပဋိဝေခါမိ * [၊] သဝပါသံဘာပိ မေ ပူဇိတ ဝိဝိဓာယ ပူဇာယ [၊] ဧ စု ဣယံ အတန ပစ္စုပဂမနေ * သေ မေ မောခ္ခမုတေ [၊] သဗ္ဗဝိသတိဝသာ-ဘိသိတေန မေ ဣယံ ဓံမလိပိ လိခါပိတ [၊]

၅။ ဒိလီတိုပရာ ဆဋ္ဌထမ္ဘလေခ မူလပါဠိအနက်

ဒေဝါနံ၊ သမ္မုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယေ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပိယဒသိ၊ ဝမ်းမြောက်နုမော်၊ ရှုစားတော်မူရာလည်းဖြစ်တော်မူထသော။ လာဇ သီရိဓမ္မာသောကမင်းကြီးသည်။ ဟေဝံ၊ ဤသို့။ အဟာ၊ မိန့်ဆိုတော်မူပေ၏။ ဒ္ဝါဒသဝသအာဘိသိတေန၊ မင်း၏အာဘိသိက်ကို ခံတော်မူ၍ ၁၂-နှစ်မြောက်လေပြီးသော။ မေ၊ ငါသည်။ ဓံမလိပိ၊ ဓမ္မလိပိကမ္ဘည်းစာကို။ လောကသ၊ လူအပေါင်း၏။ ဟိတ-သုခါယေ၊ စီးပွါးချမ်းသာခြင်းငှာ။ လိခါပိတာ၊ ရေးစေအပ်ပြီ။

(တေန)၊ ထိုကျောက်ကမ္ဘည်းစာဖြင့်။ သေ၊ ထိုလူများအပေါင်းသည်။ တံ၊ ထိုထိုသော အကုသိုလ်ကို။ အပဟဋ္ဌာ၊ ကြဉ်ရှောင်၍။ တံတံ ဝါ၊ ထိုထိုသော ကုသိုလ်ကိုလည်းကောင်း။ ဓံမဝပိ ဝါ၊ တရားတော်၏ ကြီးပွါးခြင်းကိုလည်းကောင်း။ ပါပေါ၊ ရ၏။ ဝါ၊ လက်ရကြိုးကုတ်၊ အားထုတ်ဆည်းပူး၏။ ဣတိ ဟေဝံ၊ ဤသို့သော အပြားအားဖြင့်။ (ဟကံ)၊ ငါသည်။ လောက-သာ၊ လူများအပေါင်း၏။ ဟိတသုခေ၊ စီးပွါးချမ်းသာတို့ကို။ ပဋိဝေခါမိ၊ ရှုဆင်ခြင်၏။

အထ၊ အကြင်ကဲ့သို့။ နာတိသု၊ ဆွေမျိုးညာတိတို့၌လည်းကောင်း။ ဟေဝံ၊ ဤအတူ။ ပတိယာသံနေသု၊ အဝေးဌာ နေကုန်သောသူတို့၌လည်းကောင်း။ ဟေဝံ၊ ဤအတူ။ အပ-ဂဋ္ဌေသု၊ အနီးဌာ နေကုန်သောသူတို့၌လည်းကောင်း။ ကာနိ၊ အဘယ်အမည်ရှိကုန်သော

သူတို့၏။ ဝါ၊ အလုံးစုံကုန်သောသူတို့၏။ ဣယံ သုခံ၊ ဤချမ်းသာသုခကို။ (ဟုတ်)၊ ငါသည်။ ကိမံ အဝဟာမိ၊ အဘယ်မှာ မဆောင်ရွက်ဘဲရှိအံ့နည်း။ ဣတိ တထာ၊ ဤအတူ။ ကိမံ ဝိဒဟာမိ စ၊ အဘယ်မှာ မစိုးရိမ်ဘဲ ရှိအံ့နည်း။ ဟေမေဝါ၊ ဤအတူသာလျှင်။ (ဟုတ်)၊ ငါသည်။ သဝနိကာယေသု၊ အလုံးစုံကုန်သော အသင်းအပင်းတို့၌။ ပဋိဝေခါမိ၊ ရှုဆင်ခြင်၏။

သဝပါသံဌာပိ၊ အလုံးစုံကုန်သော ဂိုဏ်းသူ, ဂိုဏ်းသားတို့ကိုလည်း။ မေ၊ ငါသည်။ ဝိဝိဓာယ၊ အထူးထူးအပြားပြားရှိသော။ ပူဇာယာ၊ ခြီးမြှောက်ခြင်းဖြင့်။ ပူဇိတာ၊ ခြီးမြှောက်အပ်ကုန်ပြီ။ စု၊ ထိုမှတပါး။ အတုနာ၊ မိမိ၏။ ပစူပဂမနေ၊ ယုံကြည်သက်ဝင်သော။ ဧ ဣယံ၊ အကြင်တရားမျိုးသည်။ (အထ်)၊ ရှိ၏။ သေ၊ ထိုတရားကို။ မေ၊ ငါသည်။ မောချမတေ၊ မုချအလိုရှိအပ်၏။ သဗ္ဗဝိသတိဝသအဘိသိတေန၊ မင်း၏အဘိသိက်ကို ခံတော်မူ၍ ၂၆-နှစ်မြှောက်လေပြီးသော။ ခေ၊ ငါသည်။ ဣယံ ဓံမလိပိ၊ ဤဓမ္မလိပိခေါ်သော ကမ္မည်းစာကို။ လိခါပိတာ၊ ရေးသားစေအပ်ပြီ။

၆။ ဒီလီတိုပရာ ဆဋ္ဌထမ္ဘလေခ-စသော ၄-ဌာန၏ အဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ' ဘွဲ့ချီခတ်နှိပ် တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် ဤသို့ မိန့်ဆိုတော်မူလိုက်သည်မှာ "ငါသည် အဘိသေကကို ခံယူတော်မူပြီး၍ ၁၂-နှစ် (သာသနာတော်သက္ကရာဇ်-၂၃၀) မြှောက်သောအခါကပင် လူများအပေါင်းတို့၏ စီးပွါးချမ်းသာခြင်းအလို့ငှာ ဓမ္မလိပိခေါ်သော ကျောက်ကမ္ပည်းစာများကို ရေးသားစေ၏။ ငါရေးသားအပ်သော ကျောက်ကမ္ပည်းစာအရဖြင့် လူများအပေါင်းတို့သည် ထိုထိုအကုသိုလ်တရားများကို ပယ်ရှား၍ ကုသိုလ်ကောင်းမှုနှင့်တကွ တရားတော်၏ ကြီးပွါးရာကြီးပွါးကြောင်းကို အထူးဆည်းပူးအားထုတ်ကြကုန်၏။ ဤသို့သော နည်းလမ်းအစဉ်ဖြင့် ငါသည် လူများအပေါင်းတို့၏ စီးပွါးချမ်းသာကို အထူးသဖြင့် ဂရုစိုက်လျက် ဆင်ခြင်ကြည့်ရှုပေ၏။

ဆွေမျိုးဉာတိနှင့်တကွ အဝေးအနီးရှိ လူများတို့သည် တစ်စုံတစ်ခုသော နည်းလမ်းဖြင့် ချမ်းသာသုခကို ရရှိစေကြဖို့ရန်ကိုလည်း ငါသည် ရှုဆင်ခြင်တော်မူ၏။ ဤမျှသာ မကသေး။ ငါသည် မိမိရည်ရွယ်ချက်အတိုင်း အမှုကိစ္စကိုလည်း ဆောင်ရွက်အားထုတ်တော်မူ၏။ ၎င်းပြင် လူများအားလုံးတို့ ချမ်းသာစေခြင်းငှာ အားထုတ်ရုံမျှမကသေး။ ထိုသူတို့အတွက် သား,သမီးတို့အပေါ်မှာ မိဘများတို့က စိုးရိမ်ဘိသကဲ့သို့ အလွန်စိုးရိမ်ပေ၏။ ဤနည်းလမ်းအတိုင်း အသင်းအပင်းအားလုံးတို့အပေါ်၌လည်း ကြည့်ရှုဆင်ခြင်တော်မူ၏။

ထိုမှတပါး ဘာသာဝင်ဂိုဏ်းအားလုံးတို့အားလည်း ချီးမြှောက်ခြင်းအမျိုးမျိုးတို့ဖြင့် ချီးမြှင့်မြှောက်စားတော်မူ၏။ ၎င်းပြင် ငါသည် မိမိသက်ဝင်ယုံကြည်အပ်သော တရားကို မုချအလိုရှိတော်မူ၏။ ငါသည် အဘိသေကကို ခံတော်မူပြီး၍ ၂၆-နှစ် (သာသနာတော် သက္ကရာဇ် ၂၄၄-နှစ်) မြှောက်သောအခါ၌ ဤဓမ္မလိပိခေါ်သော ကျောက်ကမ္ပည်းစာကို ရေးသားစီရင်စေလိုက်ပေ၏"။

အမှာစကား။ ခံမလိပိ၊ ဤပထမ ဓမ္မလိပိပုဒ်ဖြင့် အသောကမင်းကြီးသည် အဘိသေကကို ခံယူပြီး၍ ၁၂-နှစ်မြှောက်ကပင် စ၍ အစဉ်အတိုင်း ရေးထိုးလာသော ဓမ္မလိပိ ခေါ်သော ကျောက်ကမ္ပည်းစာကို ယူကြလေ။ ဣယံ ခံမလိပိ၊ ဤဒုတိယဓမ္မလိပိပုဒ်ဖြင့် အသောကမင်းကြီးသည် အဘိသေကကို ခံယူပြီး၍ ၂၆-နှစ်မြှောက်သောအခါ ရေးထိုးသော ဤဒိလိတိုပရာ ကျောက်ကမ္ပည်းစာကို ယူကြလေ။

နိကာယ-သဒ္ဒါသည် အတန်းအဖွဲ့, နိကာယ် ၅-ကျမ်း, မင်းမှူထမ်းအပေါင်း-ဟူသော အနက်ကို ဟောတ်။ ဤနေရာမှာ အသင်းအပင်း သို့မဟုတ် ဂိုဏ်းဂဏကို ယူရမည်။ ပါဠိ-အဘိဓာန်ကျမ်းဂန်၌ကား အမျိုးဇာတ်တူသောသူကို ကုလ-ဟူ၍လည်းကောင်း, ဘာသာတရား အယူဝါဒတူသောသူအပေါင်းကို နိကာယ-ဟူ၍လည်းကောင်း ညွှန်းပြ၏။ ပါသံဍု-ကို ဒွါဒသမ သိလာလေခမှာ ကြည့်လေ။

----- × -----

[၇] သတ္တထမ္ဘလေခ မူလပါဠိနှင့် အဓိပ္ပါယ်

၁။ ဒိလိတိုပရာ သတ္တထမ္ဘလေခ ပုဗ္ဗမှု မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ အာဟာ [:-] ယေ အတိက်တံ * အံတလ် လာဇာနေ ဟုသု [,] ဟေဝံ ဣဆိသု [:-] ကထံ ဇနေ * ခံမဝပိယာ ဝပေယာ [၊] နော စု ဇနေ အနုလုပါယာ ခံမဝပိယာ * ဝပိထာ [၊] ဧတံ ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ အာဟာ [:-] ဧသ မေ * ဟုထာ [,] အတိက်တံ စ အံတလ် ဟေဝံ ဣဆိသု လာဇာနေ ကထံ ဇနေ * အနုလုပါယာ ခံမဝပိယာ ဝပေယာတိ [,] နော စ ဇနေ အနုလုပါယာ ခံမဝပိယာ ဝပိထာ [၊] သေ ကိန သု ဇနေ အနုပဋိပဇေယာ [,] * ကိန သု ဇနေ အနုလုပါယာ ခံမဝပိယာ ဝပေယာတိ [,] ကိန သု ကာနိ * အဘျုနာမယေ'ဟံ ခံမဝပိယာတိ [၊] ဧတံ ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ * အာဟာ [:-] ဧသ မေ

ဟုထာ [,] ဓံမသာဝနာနိ သာဝါပယာမိ ဓံမာနုသထိနိ * အနုသာသာမိ [၊] ဧတံ ဇနေ သုတ္ တ အနုပဋိပဇ္ဇိသတိ အဘ၀ျှနမိသတိ။

၂။ ဒိလိတိုပရာ သတ္တထမ္ဘလေခ အပရမ္ပု မူလပါဋ္ဌ

ဓံမဝပိယာ စ ဗာပံ ဝပိသတိ [၊] ဧတာယေ မေ အဋ္ဌာယေ ဓံမသာဝနာနိ သာဝါပိတာနိ ဓံမာနုသထိနိ ဝိဝိဓာနိ အာနပိတာနိ ယထာ မေ ပုလိသာပိ ဗဟုနေ ဇနသိ အာယတာ ဧတေ ပလိယော ဝဒိသံတိပိ ပဝိထလိသံတိပိ [၊] လဇ္ဇကာပိ ဗဟုကေသု ပါနသတသဟသေသု အာယတာ တေပိ မေ အာနပိတာ ဟေဝံ စ ဟေဝံ စ ပလိယော ဝဒါထ * ဇနံ ဓံမယုတံ [၊]

ဒေ၀ါနံ ပိယေ ပိယဒသ် ဟေ၀ံ အာဟာ [:-] ဧတမ် ဧ၀ မေ အနုဝေ၀မာနေ ဓံမထဘာနိ ကဍာနိ [,] ဓံမမဟာမာတာ ကဍာ [,] ဓံမသာ၀နေ ကဍေ [၊] ဒေ၀ါနံ ပိယေ ပိယဒသိ လာဇာ ဟေ၀ံ အာဟာ [:-] မဂေသု ပိ မေ နိဂေါဟာနိ လောပါပိတာနိ ဆာယောပဂါနိ ဟောသံတိ ပသုမုနိသာနံ [,] အံဗာ၀ဋိကျာ လောပါပိတာ [,] အပကော-သိကျာနိ ပိ မေ ဥဒုပါနာနိ * ခါနာပါပိတာနိ [,]

နိံသိဓိယာ စ ကာလာပိတာ [,] အာပါနာနိ မေ ဗဟုကာနိ တတ တတ ကာလာပိတာနိ ပဋ္ဌိဘောဂါယေ ပသုမုနိသာနံ [၊] လဟုကေ စု ဧသ ပဋ္ဌိဘောဂေ နာမ [၊] ဝိဝိဓာယာ ဟိ သုခါယနာယာ ပုလိမေဟိ ပိ လာဇိဟိ မမယာ စ သုခယိတေ လောကေ [၊] ဣမံ စု ဓံမာနုပဋိပတိ အနုပဋိပဇ္ဇတု'တိ ဧတဒတာ မေ * ဧသ ကဍေ [၊] ဒေ၀ါနံ ပိယေ ပိယဒသိ ဟေ၀ံ အာဟာ [:-] ဓံမမဟာမာတာပိ မေ တေ ဗဟုဝိဓေသု အဋ္ဌေသု အာနုဂဟိကေသု ဝိယာပဋာ သေ ပဝဇိတနံ စေ၀ ဂိဟိထာနံ စ [,] သ၀ပါသံဆေသုပိ စ ဝိယာပဋာ သေ [၊] သံယဋ္ဌသိပိ မေ ကဍေ ဣမေ ဝိယာပဋာ ဟောဟံတိတိ [,] ဟေမေ၀ ဗာဘနေသု အာဇိ၀ိကေသု ပိ မေ ကဍေ * ဣမေ ဝိယာပဋာ ဟောဟံတိတိ [,]

နိဂံဌေသုပိ မေ ကဍေ ဣမေ ဝိယာပဋာ ဟောဟံတိ [,] နာနာပါသံဆေသုပိ မေ ကဍေ ဣမေ ဝိယာပဋာ ဟောဟံတိ'တိ [၊] ပဋ္ဌိ၀ိသိဋ္ဌ ပဋ္ဌိ၀ိသိဋ္ဌ တေသု တေသု တေ တေ မဟာမာတာ [၊] ဓံမမဟာမာတာ စု မေ ဧတေသု စေ၀ ဝိယာပဋာ သ၀ေသု စ အံနေသု ပါသံဆေသု [၊] ဒေ၀ါနံ ပိယေ ပိယဒသိ လာဇာ ဟေ၀ံ အာဟာ * [:-]

ဧတေ စ အံနေ စ ဗဟုကာ မုခါ ဒါနဝိသဂသိ ဝိယာပဋ သေ မမ စေ၀ ဒေ၀ိနံ စ [,] သ၀သိ စ မေ ⎕ြ‌ြ‌ြ‌

တုဋ္ဌာယတနာနိ ပဋိပါဒယံတိ ဟိဒ စေဝ ဒိသာသု စ [၊] ဒါလကာနံပိ စ မေ ကဋ္ဌေ အံနာနံ စ ဒေဝိကုမာလာနံ ဣမေ ဒါနဝိသဂေသု ဝိယာပဋာ ဟောဟံတိတိ * ခံမာပဒါနဋ္ဌာ-ယေ ခံမာနုပဋိပတိယေ [၊]

ဧသ ဟိ ခံမာပဒါနေ ခံမပဋိပတိ စ ယာ ဣယံ ဒယာ ဒါနေ သစေ သောစဝေ မဒဝေ သာခဝေ စ လောကသ ဟေဝံ ဝပိသတိ'တိ [၊] ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ အာဟာ [;-] ယာနိ ဟိ ကာနိစိ မမိယာ သာခဝါနိ ကဋ္ဌာနိ တံ လောကေ အနုပတိပံနေ တံ စ အနုဝိဓိယံတိ [,] တေန ဝပိတာ စ

ဝပိသံတိ စ မာတာပိတိသု သုသုသာယာ ဂုလုသု သုသုသာယာ ဝယောမဟာလ-ကာနံ အနုပဋိပတိယာ ဗာဘနသမနေသု ကပနဝလာကေသု အာဝ ဒါသဘဋကေသု သံပဋိပတိယာ [၊] ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ အာဟာ [;-] မုနိသာနံ စု ယာ ဣယံ ခံမဝပိ ဝပိ ဒုဝေဟိ ယေဝ အာကာလေဟိ ခံမနိယမေန စ နိစ္စတိယာ စ * [၊]

တတ စ လဟု သေ ခံမနိယမေ [,] နိစ္စတိယာဝ ဘုယေ [၊] ခံမနိယမေ စ ခေါ ဧသ ယေ မေ ဣယံ ကဋ္ဌေ ဣမာနိ စ ဣမာနိ ဇာတာနိ အဝဓိယာနိ [၊] အံနာနိ ပိ စု ဗဟုကာနိ ခံမနိယမာနိ ယာနိ မေ ကဋ္ဌာနိ [၊] နိစ္စတိယာဝ စု ဘုယေ မုနိသာနံ ခံမဝပိ ဝပိတာ အဝိဟိံသာယေ ဘုတာနံ * အနာလံဘာယေ ပါနာနံ [၊]

သေ ဧတ္ထယေ အဋ္ဌာယေ ဣယံ ကဋ္ဌေ ပုတာ ပပေါတိကေ စံဒမသုလိယိကေ ဟောတု'တိ တထာ စ အနုပဋိပဇ္ဇတုတိ [၊] ဟေဝံ ဟိ အနုပဋိပဇ္ဇတံ ဟိဒတပါလတေ အာလဓေ ဟောတိ [၊] သတဝိသတိဝသာဘိသိတေန မေ ဣယံ ခံမလိပိ လိခါပါပိတာတိ [၊] ဧတံ ဒေဝါနံ ပိယေ အာဟာ [;-] ဣယံ * ခံမလိပိ အတ အထိ သိလာထံဘာနိ ဝါ သိလာဖလကာနိ ဝါ တတ ကဋ္ဌဝိယာ ဧန ဧသ စိလဋ္ဌိတိကေ သိယာ [၊]

၃။ ဒီလိတိုပရာ သတ္တထမ္ဘလေခ ပုဗ္ဗမှ မူလပါဠိအနက်

ဒေဝါနံ၊ သမ္မုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယေ၊ ကြည်ညိုသဒ္ဓါ၊ ဦးညွှတ်ရာလည်း ဖြစ်တော်မူထသော။ ပိယဒသိ၊ ဝမ်းမြောက်နုမော်၊ ရှုစားတော်မူရာလည်း ဖြစ်တော်မူထသော။ လာဇာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ ဟေဝံ၊ ဤသို့ထုတ်ဖော်၊ စကားတော်ကို။ အာဟာ၊ နှုတ်မြွက်ဝေဖန်၊ မိန့်ဆိုပြန်၏။ အံတလံ၊ နေ့ရက်ရှည်လျှ၊ ခါသမယသည်။ အတိကံတံ၊ တစ်နေ့တခြား၊ လွန်မြောက်မြားလေပြီ။ ယေ လာဇာနေ၊ အကြင် သမ္မုတိနတ်၊ မင်းမြတ်အပေါင်းတို့သည်။ ဟုသု၊ ထီးနန်းစိုးအုပ်၊ မင်းလုပ်၍ နေကြကုန်ပြီ။ (တေ)၊ ထိုသမ္မုတိ

နတ်၊ မင်းမြတ်အပေါင်းတို့သည်။ ကထံ၊ ဘယ်သို့စီမံ၊ ဘယ်လိုကြံ၍။ ဇနေ၊ အမျှားဗိုလ်လူ၊ ခပ်သိမ်းသူ၌။ ခံမဝပိယာ၊ တိုးတက်ကြီးပွါး၊ မြတ်တရားသည်။ ဝပေယာ၊ မရွှေ့မရှား၊ ကြီးပွါးရပါအံ့နည်း။ ဧဝံ၊ ဤသို့။ ဣဆိသု၊ အလိုရှိခဲ့ကြကုန်၏။

စု၊ ထိုသို့ရှုမြော်၊ အလိုရှိငြားသော်လည်း။ ဇနေ၊ မှားထိုသောင်းသောင်း၊ လူအပေါင်း၌။ အနုလုပါယာ၊ စိတ်လိုသလောက်၊ အကြံမြောက်အောင် အလွန်လျှောက်ပတ်သော။ ခံမဝပိယာ၊ တိုးတက်ကြီးမား၊ မြတ်တရားသည်။ နော ဝပိထာ၊ မရွှေ့မရှား, မကြီးပွါး။ ဧတံ၊ ဤအကြောင်းကို။ ဝါ၊ ထို့ကြောင့်။ ဒေဝါနံ၊ သမ္မုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယော၊ လေးမြတ်ကြည်သာ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပိယဒသီ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ လာဇာ၊ ထက်,အောက်ကျော်ဟီး သီရိခမ္မာသောက မင်းကြီးသည်။ ဟေတံ၊ ဤသို့ထုတ်ဖော်၊ စကားတော်ကို။ အာဟာ၊ နှုတ်မြွက်ဝေဖန်၊ ဒိန္နဆို ပြန်၏။ မေ၊ ငါ့အား။ ဒေ၊ ဤသို့ဟုဟ်မှန်၊ စိတ်အကြံသည်။ ဟုထာ၊ နှိုင်းဆရှုမြော်၊ ဖြစ်ပေါ်လာပြီ။

(ကိုတိ)၊ အဘယ်ကဲ့သို့ ဖြစ်ပေါ်လာသနည်းဟူမူကား။ အံတလံ၊ နေ့ရက်ရှည်လှ၊ ခါသမယသည်။ အတိကံတံ စ၊ တစ်နေ့တခြား၊ လွန်မြောက်မြားလေပြီ။ လာဇာနေ၊ ရှေးသူတော်ကောင်း၊ မင်းအပေါင်းတို့သည်။ ကထံ၊ ဘယ်သို့စီမံ၊ ဘယ်သို့ကြံ၍။ ဇနေ၊ အမျှားဗိုလ်လူ၊ ခပ်သိမ်းသူ၌။ အနုလုပါယာ၊ မမှားရှုမြော်၊ တရားနှင့်သင့်လျော်သော။ ခံမ-ဝပိယာ၊ တိုးတက်ကြီးမား၊ မြတ်တရားသည်။ ဝပေယာ၊ မရွှေ့မရှား၊ ကြီးပွါးရပါအံ့နည်း။ ဣတိ ဟေတံ၊ ဤသို့။ ဣဆိသု၊ အလိုရှိခဲ့ကြကုန်၏။ စ၊ ထိုသို့ရှုမြော်၊ အလိုတော်ရှိကြငြားသော်လည်း။ ဇနေ၊ မှားထိုသောင်းသောင်း၊ လူအပေါင်း၌။ အနုလုပါယာ၊ မမှားရှုမြော်၊ တရားနှင့်လျော်သော။ ခံမဝပိယာ၊ တိုးတက်ကြီးမား၊ မြတ်တရားသည်။ နော ဝပိထာ၊ မရွှေ့မရှား မကြီးပွါး။

သေ=တတာ၊ ထို့ကြောင့်။ သု=ခေါ၊ မချွတ်ဧကန်၊ အမှန်စင်စစ်။ (ခံမံ)၊ တရားတော်ကို။ ဇနေ၊ လူအပေါင်းတို့အား။ ကိန၊ ဘယ်လိုစီမံ၊ ဘယ်အကြံဖြင့်။ အနုပဋိပဇ္ဇယာ၊ ကျင့်စေရပါအံ့နည်း။ သု=ခေါ၊ မချွတ်ဧကန်၊ အမှန်စင်စစ်။ ကိန၊ ဘယ်လိုစီမံ၊ ဘယ်အကြံဖြင့်။ ဇနေ၊ မှားထိုစုဆောင်း၊ လူအပေါင်းတို့အား။ အနုလုပါယာ၊ မမှားရှုမြော်၊ တရားနှင့် သင့်လျော်သော။ ခံမဝပိယာ၊ တိုးတက်ကြီးမား၊ မြတ်တရားသည်။ ဝပေယာ၊ မစောင်းတိမ်းပါး၊ ကြီးပွါးစေရပါအံ့နည်း။ ဣတိ၊ ဤသို့လည်းကောင်း။ သု=ခေါ၊ မချွတ်ဧကန်၊ အမှန်စင်စစ်။ ကိန၊ ဘယ်လိုစီမံ၊ ဘယ်အကြံဖြင့်။ အဟံ၊ ငါသည်။ ကာနိ၊ အဘယ်သူတို့အား။ ခံမဝပိယာ၊ တိုးတက်ကြီးမား၊ မြတ်တရားဖြင့်။ အဘျုနာမယေ၊ ယုံကြည်သက်ဝင်စေရပါအံ့နည်း။ ဣတိ၊ ဤသို့လည်း

ကောင်း။ (ဧသ၊ ဤသို့ဟုတ်မှန်၊ စိတ်အကြံသည်။ မေ၊ ငါ့အား။ ဟုထာ၊ နှိုင်းဆရှုမြော်၊ ဖြစ်ပေါ်လာပြီ။)

ဧတံ=အတး၊ ထို့ကြောင့်။ ဒေဝါနံ၊ သမ္မုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယော၊ လေးမြတ်ကြည်သာ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပိယဒသီ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ လာဇာ၊ ထက်,အောက်ကျော်ဟီး၊ သီရိဓမ္မာသောက မင်းကြီးသည်။ ဟေဝံ၊ ဤသို့ထုတ်ဖော်၊ စကားတော်ကို။ အာဟာ၊ နှုတ်မြွက်ဝေဖန်၊ မိန့်ဆိုလိုက်ပြန်၏။ (တထာ)၊ ထိုမှတပါး။ မေ၊ ငါ့အား။ ဧသ၊ ဤသို့ဟုတ်မှန်၊ စိတ်အကြံသည်။ ဟုထာ နှိုင်းဆရှုမြော်၊ ဖြစ်ပေါ်လာပြီ။

(ကိုတိ)၊ အဘယ်ကဲ့သို့ ဖြစ်ပေါ်လာသနည်းဟူမူကား။ (အဟံ)၊ ငါသည်။ ဇနေ၊ မျှားထိုစုဆောင်း၊ လူအပေါင်းတို့အား။ ဓံမသာဝနာနိ၊ တရားတော်ကို ကြားနာရခြင်းတို့ကို။ သာဝါပယာမိ၊ ကြားနာရစေအံ့။ ဓံမာနုသထိနိ၊ တရားတော်၏ အဆုံးအမ သြဝါဒတို့ကို။ အနုသာသာမိ၊ ဆိုဆုံးမပါအံ့။ ဧတံ၊ ထိုအဆုံးအမ သြဝါဒတရားကို။ ဇနေ၊ လူမျှားအပေါင်း၊ သူတော်ကောင်းတို့သည်။ သုတု၊ ကြားနာရ၍။ အနုပဋိပဇ္ဇိသတိ၊ အစဉ်လိုက်၍ ကျင့်ရလတ္တံ့။ အဘျဂ္ဂနမိသတိ စ၊ ယုံလည်း ယုံကြည်ရလတ္တံ့။ (ဣတိ၊ ဤသို့။ ဧသ၊ ပြည်သူအကျိုး၊ ရည်ကိုးထက်သန်၊ ဤသို့သော စိတ်အကြံသည်။ မေ၊ တရားရှုလတ်၊ ငါ မင်းမြတ်အား။ ဟုထာ၊ နှိုင်းဆရှုမြော်၊ ဖြစ်ပေါ်လာပြီ။)　။ ဤတွင် ပုဗ္ဗမုနိသျ ပြီး၏။

၄။ ဒိလိတိုပရာ သတ္တထမ္ဘလေခ အပရမု မူလပါဠိအနက်

ဓံမဝပိယာ စ၊ တိုးတက်ကြီးမား၊ မြတ်တရားသည်လည်း။ ဗာပံ၊ ကဲထက်ကဲလွန်၊ ကောင်းမွန်စွာသာလျှင်။ ဝပိသတိ၊ ကြီးပွါးရလတ္တံ့။ မေ၊ ငါသည်။ ဧတောယေ၊ ဤသို့သဘောရှိသော။ အဋ္ဌာယေ၊ အကျိုးငှာ။ ဓံမသာဝနာနိ၊ တရားတော်ကို ကြားနာရခြင်းတို့ကို။ သာဝါပိတာနိ၊ ကြားနာစေအပ်ကုန်ပြီ။ ဝိဝိဓာနိ၊ အထူးထူးအပြားပြားရှိကုန်သော။ ဝါ၊ မျှားပြားလှစွာကုန်သော။ ဓံမာနုသထိနိ၊ တရားတော်၏ အဆုံးအမသြဝါဒတို့ကို။ အာနုပိတာနိ၊ ဆိုဆုံးမအပ်ကုန်ပြီ။ ယထာ၊ အကြင်ကဲ့သို့၊ ဝါ၊ အကြင်အခြင်းအရာဖြင့်။ မေ၊ ငါ၏။ ပုလိသာပိ၊ ပုရိသ အမည်ရှိကုန်သော အမတ်တို့သည်လည်း။ ဗဟုနေ၊ မျှားလှစွာသော။ ဇနသိ၊ လူအပေါင်း၌။ အာယတာ၊ အကြီးအမှူး ဖြစ်ကြကုန်၏။

(တထာ)၊ ထိုကဲ့သို့။ ဝါ၊ ထိုအခြင်းအရာဖြင့်။ ဧတေ၊ ထိုပုရိသ အမည်ရှိကုန်သော အမတ်တို့သည်။ ပလိယော၊ အရပ်ထက်ဝန်းကျင်၊ မြင်မြင်သမျှ။ ဝဒိသံတိပိ၊ ဟောလည်း

ဟောပြောကြကုန်လတ္တံ့။ ပဝိထလိသံတိပိ၊ အထူးအားထုတ်၊ တွင်ကျယ်အောင်လည်း ပြုလုပ်ကြကုန်လတ္တံ့။ လဇုကာပိ၊ ရဇ္ဇုက အမည်ရှိကုန်သော အမတ်တို့သည်လည်း။ ဗဟုကေသု၊ များလှစွာကုန်သော။ ပါနသတသဟဿေသု၊ အသိန်းမျှလောက်ကုန်သော သတ္တဝါတို့၌။ အာယတာ၊ အကြီးအမျှားဖြစ်ကြကုန်၏။ တေပိ၊ ထိုရဇ္ဇုက အမည်ရှိကုန်သော အမတ်တို့ကိုလည်း။ မေ၊ ငါသည်။ အာနပိတာ၊ ဆင့်ဆိုအပ်ကုန်ပြီ။ (တုမ္မေ)၊ သင်တို့သည်။ ဓံမယုတံ၊ ဓမ္မယုတ္တာ အမည်ရှိသော။ ဇနံ၊ မင်းမှုထမ်းအပေါင်းကို။ ဟေဝံ စ ဟေဝံ စ၊ ဤသို့ဤသို့လည်း။ ပလိယော၊ ထက်ဝန်းကျင်မှ။ ဝဒါထ၊ ဟောပြောကြကုန်လော့။ (ကွတိ)၊ ဤသို့။ (အာနပိတာ)၊ ဆင့်ဆိုအပ်ကုန်ပြီ။

ဒေဝါနံ၊ သမ္မုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယော၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပိယဒသိ၊ ဝမ်းမြောက်နှုမော်ရှုစားတော်မူရာလည်း ဖြစ်တော်မူထသော။ (လာဇာ)၊ သီရိဓမ္မာသောကမင်းကြီးသည်။ ဧဝံ၊ ဤသို့။ အာဟာ၊ မိန့်ဆိုတော်မူ၏။ မေ၊ ငါသည်။ မဂေသု၊ လမ်းစဉ်တလျှောက်တို့၌။ နိဂေါဟာနိ အပိ၊ ပညောင်ပင်တို့ကိုလည်း။ လောပါပိတာနိ၊ စိုက်စေအပ်ကုန်ပြီ။ (တတ)၊ ထိုနေရာ၌။ ပသုမုနိသာနံ၊ တိရစ္ဆာန်သတ္တဝါ၊ လူများစွာတို့၏။ ဆာယောပဂါနိ၊ အရိပ်ခိုလှုံခြင်းတို့သည်။ ဟောသံတိ၊ ဖြစ်ကုန်လတ္တံ့။ အံဗာဝဋိကျာအပိ၊ သရက်ဥယျာဉ်တို့ကိုလည်း။ လောပါပိတာ၊ စိုက်ပျိုးစေအပ်ကုန်ပြီ။ မေ၊ ငါသည်။ အပကောသိကျာနိ၊ ၈-ကောသ, ၈-ကောသတို့၌။ ဥဒုပါနာနိ အပိ၊ ရေတွင်း,ရေကန်တို့ကိုလည်း။ ခါနာပါပိတာနိ၊ တူးစေအပ်ကုန်ပြီ။

ဒေဝါနံ၊ သမ္မုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယော၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ လာဇာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ ဧဝံ၊ ဤသို့။ အာဟာ၊ မိန့်ဆိုတော်မူ၏။ မေ၊ ငါသည်။ မဂေသု၊ လမ်းစဉ်တလျှောက်တို့၌။ နိဂေါဟာနိ အပိ၊ ပညောင်ပင်တို့ကိုလည်း။ လောပါပိတာနိ၊ စိုက်စေအပ်ကုန်ပြီ။ (တတ)၊ ထိုနေရာ၌။ ပသုမုနိသာနံ၊ တိရစ္ဆာန်သတ္တဝါ၊ လူများစွာတို့၏။ ဆာယောပဂါနိ၊ အရိပ်ခိုလှုံခြင်းတို့သည်။ ဟောသံတိ၊ ဖြစ်ကုန်လတ္တံ့။ အံဗာဝဋိကျာအပိ၊ သရက်ဥယျာဉ်တို့ကိုလည်း။ လောပါပိတာ၊ စိုက်ပျိုးစေအပ်ကုန်ပြီ။ မေ၊ ငါသည်။ အပကောသိကျာနိ၊ ၈-ကောသ, ၈-ကောသတို့၌။ ဥဒုပါနာနိ အပိ၊ ရေတွင်း,ရေကန်တို့ကိုလည်း။ ခါနာပါပိတာနိ၊ တူးစေအပ်ကုန်ပြီ။

နိံသိမိယာ စ၊ ဓမ္မသာလာတို့ကိုလည်း။ ကာလာပိတာ၊ ဆောက်လုပ်စေအပ်ကုန်ပြီ။ မေ၊ ငါသည်။ တတ တတ၊ ထိုထိုနေရာတို့၌။ ဗဟုကာနိ၊ များစွာကုန်သော။ အာပါနာနိ၊ ရေချမ်းစင်တို့ကိုလည်း။ ပသုမုနိသာနံ၊ တိရစ္ဆာန်သတ္တဝါ၊ လူများစွာတို့၏။ ပဋိဘောဂါယေ၊ သုံးဆောင်စိမ့်သောငှာ။ ဝါ၊ အကျိုးစီးပွါးအလို့ငှာ။ ကာလာပိတာနိ၊ စီမံစေအပ်ကုန်ပြီ။ စု၊

စင်စစ်သော်ကား။ ဧသ၊ ဤအဆောက်အဦး-ဟူသမျှသည်။ လဟုကေ၊ မပြောပလောက်သော။ ဝါ၊ သေးနုပ်သော။ ပဒ္ဓိဘောဂေ နာမ၊ ပရိဘောဂ မည်၏။ ဝါ၊ အသုံးအဆောင် မည်၏။

ဟိ၊ သင့်စွ။ ပုလိမေဟိ၊ ရှေးဦးဖြစ်ကုန်သော။ လာဇိဟိ အပိ၊ မင်းတို့သည်လည်းကောင်း။ မမယာ စ၊ ငါသည်လည်းကောင်း။ ဝိဝိဓာယာ၊ အထူးထူးအပြားပြားရှိကုန်သော။ သုခါယနာယာ၊ ချမ်းသာတို့ဖြင့်။ လောကေ၊ လူများအပေါင်းကို။ သုခယိတေ၊ ချမ်းသာစေအပ်ပြီ။ စု၊ စင်စစ်သော်ကား။ မေ၊ ငါသည်။ ဣမံ ဓံမာနုပဒ္ဓိပတိ၊ တရားကျင့်ဝတ် ဤပဒ္ဓိပတ်ကို။ (မုနိသာ)၊ လူများအပေါင်းတို့သည်။ အနုပဒ္ဓိပဇ္ဇတု၊ အစဉ်လိုက်၍ အားထုတ်ကျင့်ဆောင်ကြစေကုန်သတည်း။ ဣတိ၊ ဤသို့။ ဧတဒဏာ၊ ဤအကျိုးငှာ။ ဧသ၊ ဤအလုံးစုံကို။ ဝါ၊ ချမ်းသာခြင်း၏ အခြေအနေကို။ ကဋ္ဌေ၊ စီမံအားထုတ် ပြုလုပ်အပ်ပြီ။

ဒေဝါနံ၊ သမ္မုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယေ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပိယဒသိ၊ ဝမ်းမြောက်နှုမော်၊ ရှုစားတော်မူရာလည်း ဖြစ်တော်မူထသော။ (လာဇာ)၊ သီရိဓမ္မာသောကမင်းကြီးသည်။ ဟေဝံ၊ ဤသို့။ အာဟာ၊ မိန့်ဆိုတော်မူ၏။ သေ=တတ၊ ထို့ကြောင့်။ မေ၊ ငါသည်။ တေ ဓံမမဟာမာတာပိ၊ ထိုဓမ္မမဟာမတ္တာ အမည်ရှိကုန်သော အမတ်ချုပ်ကြီးတို့ကိုလည်း။ ပဝဇိတနံ စေဝ၊ ရဟန်းတို့အားလည်းကောင်း။ ဂိဟိထာနံ စ၊ လူတို့အားလည်းကောင်း။ ဗဟုဝိဓေသု၊ များသော အစီအရင်ရှိကုန်သော။ အာနုဂဟိကေသု၊ ချီးမြှောက်အပ်ကုန်သော။ အဋ္ဌေသု၊ အစီးအပွါးတို့၌။ ဝိယာပဋာ၊ စီမံခန့်ထားအပ်ကုန်၏။

သေ=တေ၊ ထိုအမတ်ချုပ်ကြီးတို့ကို။ သဝပါသံဒျေသုပိ စ၊ အလုံးစုံကုန်သော ဂိုဏ်းတို့၌လည်း။ ဝိယာပဋာ၊ စီမံခန့်ထားအပ်ကုန်၏။ မေ၊ ငါသည်။ ကဋ္ဌေ၊ စီမံပြုလုပ်အပ်သော။ သံဃဒ္ဌသိပိ၊ သံဃာတော်၏ အစီးအပွါး၌လည်း။ ဣမေ၊ ဤအမတ်ချုပ်ကြီးတို့ကို။ ဣတိ ဧဝံ၊ ဤအတူ။ ဝိယာပဋာ၊ စီမံခန့်ထားအပ်ကုန်သည်။ ဟောဟံတိ၊ ဖြစ်ကုန်၏။ ဣတိ ဟေမေဝ၊ ဤအတူသာလျှင်။ မေ၊ ငါသည်။ ကဋ္ဌေ=ကဋ္ဌေသု၊ စီမံပြုလုပ်အပ်ကုန်သော။ ဗာဘနေသု အပိ၊ ပုဏ္ဏားတို့၌လည်းကောင်း။ အာဇီဝိကေသု အပိ၊ အာဇီဝက တဂ္ဂတွန်းတို့၌လည်းကောင်း။ ဣမေ၊ ဤအမတ်ချုပ်ကြီးတို့ကို။ ဝိယာပဋာ၊ စီမံခန့်ထားအပ်ကုန်သည်။ ဟောဟံတိ၊ ဖြစ်ကုန်၏။

(ဣတိ ဧဝံ)၊ ဤအတူ။ မေ၊ ငါသည်။ ကဋ္ဌေ=ကဋ္ဌေသု၊ စီမံပြုလုပ်အပ်ကုန်သော။ နိဂံဌေသုပိ၊ နိဂန္ထတို့၌လည်း။ ဣမေ၊ ဤအမတ်ချုပ်ကြီးတို့ကို။ ဝိယာပဋာ၊ စီမံခန့်ထားအပ်

ကုန်သည်။ ဟောဟံတိ၊ ဖြစ်ကုန်၏။ ဣတိ ဧဝံ၊ ဤအတူ။ မေ၊ ငါသည်။ ကဒ္ဓေ=ကဒ္ဓေသု၊ စိမ်ပြုလုပ်အပ်ကုန်သော။ နာနာပါသံဒ္ဓေသုပိ၊ အထူးထူးအပြားပြား၊ များပြားကုန်သော ဂိုဏ်းတို့၌လည်း။ ဣမေ၊ ဤအမတ်ချုပ်ကြီးတို့ကို။ ဝိယာပဒ္ဓာ၊ စိမ်ခန့်ထားအပ်ကုန်သည်။ ဟောဟံတိ၊ ဖြစ်ကုန်၏။ တေ တေ မဟာမာတာ၊ ထိုထိုမဟာမတ္တ အမည်ရှိကုန်သော အမတ်တို့သည်။ တေသု တေသု၊ ထိုထိုအမှုကိစ္စတို့၌။ ပဒ္ဓိဝိသိဋ္ဌ=ပဒ္ဓိဝိသိဋ္ဌ၊ အထူးအားထုတ်ကြကုန်၏။

စု၊ စင်စစ်သော်ကား။ မေ၊ ငါသည်။ ဧတေသု၊ ထိုအမတ်တို့တွင်။ ဓံမမဟာမာတာ စေဝ၊ ဓမ္မမဟာမတ္တ အမတ်ချုပ်ကြီးတို့ကိုသာလျှင်။ သဝေသု၊ အလုံးစုံကုန်သော။ အံနေသု၊ အခြားအခြားကုန်သော။ ပါသံဒ္ဓေသု စ၊ ဂိုဏ်းတို့၌လည်း။ ဝိယာပဒ္ဓာ၊ စိမ်ခန့်ထားအပ်ကုန်၏။ ဒေဝါနံ၊ သမ္မုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယေ၊ ကြည်ညိုသဒ္ဓါ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ လာဇာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ ဟေဝံ၊ ဤသို့။ အာဟာ၊ အမျှားသိစေ မိန့်ဆိုတော်မူပေ၏။

(မေ)၊ ငါသည်။ ဧတေ စ၊ ထိုအမတ်ချုပ်ကြီးတို့ကိုလည်းကောင်း။ အံနေ၊ တပါးကုန်သော။ ဗဟုကာ၊ မျှားစွာကုန်သော။ မုခါ၊ ပဓာနဖြစ်ကုန်သော။ သေ စ၊ ထိုအမတ်တို့ကိုလည်းကောင်း။ မမ စေဝ၊ ငါ၏လည်းကောင်း။ ဒေဝိနံ စ၊ မိဖုရားတို့၏လည်းကောင်း။ ဒါနဝိသဂသိ၊ စွန့်ကြဲပေးကမ်း လျှဒါန်းသောအရာ၌။ ဝိယာပဒ္ဓာ၊ စိမ်ခန့်ထားအပ်ကုန်၏။ တေ၊ ထိုအမတ်တို့သည်။ ဟိဒ စေဝ၊ ဤပါဋလိပုတ်ပြည်၌လည်းကောင်း။ ဒိသာသု စ၊ ထက်ဝန်းကျင်ကုန်သော အရပ်မျက်နှာတို့၌လည်းကောင်း။ မေ၊ ငါ၏။ သဝသိ၊ အလုံးစုံသော။ ဩလောဓနသိ စ၊ နန်းတော်တွင်း၌လည်းကောင်း။ ဗဟုဝိဓေန၊ မျှားသော အစီအရင်ရှိသော။ အာကာလေန၊ အခြင်းအရာဖြင့်။ တာနိ တာနိ စ၊ ထိုထိုသော အမှုကိစ္စတို့ကိုလည်းကောင်း။ တုဋ္ဌာယတနာနိ စ၊ နှစ်သက်အပ်, ပူဇော်အပ်သော အရပ်တို့ကိုလည်းကောင်း။ ပဒ္ဓိပါဒယံတိ၊ သိစေကုန်၏။

ဣမေ၊ ဤအမတ်တို့ကို။ ဓံမာပဒါနဋ္ဌာယေ စ၊ တရားတော်ကို သုတ်သင်ခြင်းအကျိုးငှာလည်းကောင်း။ ဓံမာနုပဋ္ဌိပတိယေ စ၊ တရားတော်ကို အစဉ်လိုက်၍ ကျင့်ခြင်းငှာလည်းကောင်း။ မေ၊ ငါ၏။ ဒါလကာနံပိ စ၊ သားတော်တို့၏လည်းကောင်း။ အံနာနံ၊ တပါးကုန်သော။ ဒေဝိကုမာလာနံ စ၊ မင်းသားတို့၏လည်းကောင်း။ ကဒ္ဓေ=ကဒ္ဓေသု၊ ပြုအပ်ကုန်သော။ ဒါနဝိသဂေသု စ၊ စွန့်ကြဲပေးကမ်း လျှဒါန်းသောအရာတို့၌လည်းကောင်း။ ဣတိ၊ ဤသို့သော အပြားအားဖြင့်။ ဝိယာပဒ္ဓာ၊ စိမ်ခန့်ထားအပ်ကုန်သည်။ ဟောဟံတိ၊ ဖြစ်ကုန်၏။

ဟိ၊ မှန်၏။ ဓံမာပဒါနေ စ၊ တရားတော်ကို သုတ်သင်ရာ၌လည်းကောင်း။ ဓံမပဒ္ဌိပတိ စ၊ တရားတော်၏ ကျင့်စဉ်၌လည်းကောင်း။ လောကသ၊ လူအပေါင်း၏။ ယာ ဣယံ ဒယာ၊ အကြင် သနားခြင်းလည်းကောင်း။ ဒါနေ စ၊ အကြင် အလှူပေးခြင်းလည်းကောင်း။ သစေ စ၊ အကြင် မှန်ကန်ခြင်းလည်းကောင်း။ သောစဝေ စ၊ အကြင် ဖြူစင်ခြင်းလည်းကောင်း။ မဒဝေ စ၊ အကြင် နူးညံ့ခြင်းလည်းကောင်း။ သာဓဝေ စ၊ အကြင် သူတော်ကောင်း၏အဖြစ်လည်းကောင်း။ ဣတိ ဟေဝံ၊ ဤသို့။ ဧသ၊ ဤသဘောတရားသည်။ ဝပိသတိ၊ ကြီးပွါးလတ္တံ့။ ဒေဝါနံ၊ သမ္မုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယေ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ လာဇာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ ဟေဝံ၊ ဤသို့။ အာဟာ၊ မိန့်ဆိုတော်မူ၏။

ဟိ၊ မဒ္ဓေတ်ဧကန်၊ အမှန်မုချ။ မမိယာ၊ ငါသည်။ ယာနိ ကာနိစိ၊ အကြင် တစ်စုံတစ်ခု ကုန်သော။ သာဓဝါနိ၊ သူတော်ကောင်းတရားတို့ကို။ ကဋ္ဌာနိ၊ ပြုအပ်ကုန်ပြီ။ လောကေ၊ လူတို့သည်။ တံ=တာနိ စ၊ ထိုတရားတို့ကို။ အနုပတိပ်နေ၊ အစဉ်လိုက်၍ အားထုတ်ကျင့်ဆောင်ကြကုန်၏။ တံ=တာနိ စ၊ ထိုတရားတို့ကို။ အနုဝိဓိယံတိ၊ အစဉ်လိုက်၍ အားထုတ်စီရင်ကြကုန်၏။

တေန၊ ထို့ကြောင့်။ မာတာပိတိသု၊ အမိအဘတို့၌။ သုသုသာယာ၊ ကိုးကွယ်ဆည်းကပ်ခြင်းတို့သည်လည်းကောင်း။ ဂုလုသု၊ ဆရာတို့၌။ သုသုသာယာ၊ ကိုးကွယ်ဆည်းကပ်ခြင်းတို့သည်လည်းကောင်း။ ဝယောမဟာလကာနံ၊ သက်ကြီးသူအိုတို့အား။ အနုပဋ္ဌိပတိ-ယာ၊ ရိုသေကိုင်းညွှတ်ခြင်းတို့သည်လည်းကောင်း။ ဗာဘနသမနေသု၊ ရဟန်းပုဏ္ဏားတို့၌ လည်းကောင်း။ ကပနဝလာကေသု၊ ဆင်းရဲသောသူ၊ ကိုးကွယ်ရာမရှိသူတို့၌လည်းကောင်း။ အာဝ၊ အကြင်မျှလောက်။ ဒါသဘဋေကေသု၊ တသက်ကျွန်, လခစားကျွန်တို့၌လည်းကောင်း။ သံပဋ္ဌိပတိယာ၊ သင့်မြတ်သော ဝတ္တရားကို ပြုခြင်းတို့သည်လည်းကောင်း။ ဝပိတာ စ၊ တိုးလည်းတိုးပွါးကုန်၏။ ဝပိသံတိ စ၊ တိုးလည်း တိုးပွါးကုန်လတ္တံ့။ ဒေဝါနံ၊ သမ္မုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယေ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်းဖြစ်တော်မူထသော။ ပိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်းဖြစ်တော်မူထသော။ လာဇာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ ဟေဝံ၊ ဤသို့။ အာဟာ၊ မိန့်ဆိုတော်မူ၏။

စု၊ စင်စစ်သော်ကား။ မုနိသာနံ၊ လူတို့အား။ ယာ ဣယံ ဓံမဝပိ၊ အကြင်တရားတော်၏ ကြီးပွါးခြင်းသည်။ (အထိ)၊ ရှိ၏။ (သေ)၊ ထိုတရားတော်၏ ကြီးပွါးခြင်းသည်။ ဓံမနိယမေန စ၊ တရားတော်၏ အလေ့အကျက်ဖြင့်လည်းကောင်း။ နိစ္စတိယာ စ၊ ကမ္မဋ္ဌာန်းဘာဝနာ

ပွါးများခြင်းဖြင့်လည်းကောင်း။ ဒုဝေဟိ၊ ၂-ပါးကုန်သော။ အာကာလေဟိ ယေဝ၊ အကြင် အခြင်းအရာတို့ဖြင့်သာလျှင်။ ဝပိ၊ ကြီးပွါးရ၏။

တတ စ၊ ထို ၂-ပါးတို့တွင်လည်း။ သေ မံမနိယမေ၊ ထိုတရားတော်၏ အလေ့အကျက် နိယမမျိုးသည်။ လဟု၊ သေးနုပ်သေး၏။ နိစ္စတိယာဝ၊ ကမ္မဋ္ဌာန်းဘာဝနာ ပွါးများခြင်းသည်သာလျှင်။ ဘုယေ၊ လွန်မြတ်၏။ စ၊ ဆက်၍ ပြဦးအုံ့။ ခေါ၊ စင်စစ်။ ယေ ဣယံ မံမနိယမေ၊ အကြင်တရားတော်၏ အလေ့အကျက် နိယမမျိုးသည်။ (အထိ)၊ ရှိ၏။ ဧသ မံမနိယမေ၊ ထိုတရားတော်၏ အလေ့အကျက်ကို။ မေ၊ ငါသည်။ ကဒ္ဓေ၊ ပြုအပ်ပြီ။ (ကသ္မာ)၊ အဘယ်ကြောင့် ပြုအပ်သနည်းဟူမူကား။ ဣမာနိ စ ဣမာနိ၊ ဤအမည်, ဤအမည်ရှိကုန်သော။ ဇာတာနိ၊ တိရစ္ဆာန်သတ္တဝါမျိုးတို့ကို။ အဝဓိယာနိ၊ မသတ်အပ်ကုန်။ (တသ္မာ)၊ ထို့ကြောင့်။ ကဒ္ဓေ၊ ပြုအပ်ပြီ။

စု၊ ထိုမှတပါး။ မေ၊ ငါသည်။ အံနာနိ၊ ဤမှ တပါးကုန်သော။ ဗဟုကာနိ၊ များစွာကုန်သော။ ယာနိ မံမနိယမာနိ အပိ၊ အကြင်တရားတော်၏ အလေ့အကျက် နိယမမျိုးတို့ကိုလည်း။ ကဒ္ဓာနိ၊ ပြုအပ်ကုန်ပြီ။ စု၊ ထိုသို့ပင် ပြုအပ်ကုန်သော်လည်း။ နိစ္စတိယာဝ၊ ကမ္မဋ္ဌာန်းဘာဝနာတရား တစ်ခုသည်သာလျှင်။ ဘုယေ၊ လွန်မြတ်၏။ (တေန)၊ ထို့ကြောင့်။ မုနိသာနံ၊ လူတို့အား။ မံမဝပိ၊ တရားတော်၏ ကြီးပွါးခြင်းသည်လည်းကောင်း။ ဘုတာနံ၊ သတ္တဝါတို့အား။ အဝိဟိသာယေ၊ မညှဉ်းဆဲ, မသတ်ဖြတ်ခြင်းသည်လည်းကောင်း။ (ယဧ)၊ ယဧ်ပွဲ သဘင်၌။ ပါနာနံ၊ သားတိရစ္ဆာန်တို့ကို။ အနာလံဘာယေ၊ မသတ်ဖြတ်ခြင်းသည်လည်းကောင်း။ ဝပိတာ၊ တိုးတက်ကြီးပွါးလေပြီ။

သေ=တတ၊ ထို့ကြောင့်။ ဣဒံ၊ ဤဓမ္မလိပိကမ္မည်းစာကို။ ဧတ္ထ=ယေ၊ ဤသို့သဘောရှိသော။ အဋ္ဌာယေ၊ အကျိုးငှာ။ ကဒ္ဓေ၊ ရေးထိုးအပ်ပြီ။ (ယာဝတာ)၊ အကြင်မျှလောက်။ စံဒမသုလိယိကေ၊ နေ, လ ၂-ပါးသည်။ ဟောတုတိ၊ ရှိသည်ဖြစ်သေး၏။ တထာ စ၊ ထိုနေ,လ ၂-ပါး ရှိသည်တိုင်အောင်သာလျှင်လည်း။ (မေ)၊ ငါ၏။ ပုတာ စ၊ သားတော်တို့သည်လည်းကောင်း။ ပပေါတိကေ စ၊ မြေးတော်တို့သည်လည်းကောင်း။ အနုပဋ္ဌိပဇ်တုတိ၊ အစဉ်လိုက်၍ အားထုတ်ကျင့်ဆောင်ကြစေကုန်သတည်း။ ဟေဝံ ဟိ၊ ဤသို့သာလျှင်။ အနုပဋ္ဌိပဇ်တံ၊ အစဉ်လိုက်၍ အားထုတ်ကျင့်ဆောင်ကုန်သောသူတို့အား။ ဟိဒတပါလတေ၊ ပစ္စုပ္ပန်, တမလွန် ၂-တန်သောဘဝကို။ အာလဓေ၊ ရအပ်သည်။ ဝါ၊ အားထုတ်နိုင်သည်။ ဟောတိ၊ ဖြစ်၏။

သတဝိသတိဝသာဘိသိတေန၊ မင်း၏အဘိသိက်ကို ခံတော်မူပြီး၍ ၂၇-နှစ်မြောက်လေပြီးသော။ မေ၊ ငါသည်။ ဣဒံ မံမလိပိ၊ ဤဓမ္မလိပိ ကျောက်ကမ္မည်းစာကို။ လိခါပါပိ-

တာတိ၊ ရေးစေအပ်ပြီ-ဟူ၍။ ဒေဝါနံ၊ သမ္မှတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယေ၊ ကြည်ညို ရာဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီးသည်။ ဧတံ၊ ဤစကားကို။ အာဟာ၊ မိန့်ဆို တော်မူ၏။

ဣယံ ဓံမလိပိ၊ ဤဓမ္မလိပိ ကျောက်ကမ္မည်းစာကို။ အတ၊ အကြင်အကြင်အရပ်၌။ သိလာထံဘာနိ ဝါ၊ ကျောက်တိုင်တို့သည်လည်းကောင်း။ သိလာဖလကာနိ ဝါ၊ ကျောက်လုံး, ကျောက်ပြား, ကျောက်ပျဉ်တို့သည်လည်းကောင်း။ အထိ=သန္တိ၊ ရှိကုန်၏။ တတ၊ ထိုထိုနေရာ တို့၌။ ကဋ္ဌဝိယာ၊ ရေးထိုးစေအပ်၏။ ဧန၊ အကြင်ကဲ့သို့ ရေးထိုးခြင်းကြောင့်။ ဧသ၊ ဤ ကျောက်ကမ္မည်းစာသည်။ စိလဋ္ဌိတိကေ၊ သာသနာ ၅၀၁၀-ကြာမြင့်သည်တိုင်အောင် တည်နေခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ။ ဤတွင် အပရမုနိသျ ပြီး၏။

၅။ ဒီလီတိုပရာ သတ္တမထမ္ဘလေခ ပုဗ္ဗမု မူလပါဠိအဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ' ဘွဲ့တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာ-သောကမင်းကြီးသည် ဤသို့မိန့်ဆိုတော်မူသည်မှာ "ရှေးလွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ဆင်းသက်၍ စိုးစံတော်မူလာခဲ့ကြကုန်သော မင်းတို့သည် အဘယ်မည်သောနည်းဖြင့် လူများတို့အပေါ်မှာ တရားတော်၏ တိုးတက်ပွါးများခြင်းသည် ဖြစ်ရပါအံ့နည်း-ဟူသော အကြံအစည် ဖြစ်ကြပြားသော်လည်း ထိုမင်းတို့ ရည်ရွယ်ကြံစည်ချက်အတိုင်း ငယ်သားတို့ အပေါ်မှာ သင့်လျော်လျောက်ပတ်အောင် တရားတော်၏ ကြီးပွါးခြင်းသည် မရှိသေး"။

ထို့ကြောင့် အသောကမင်းကြီး မိန့်ဆိုတော်မူသည်မှာ "ငါ့အား ဤကဲ့သို့ အကြံ အစည်ဖြစ်ပေါ်လာ၏။ အသို့ဖြစ်ပေါ်လာသနည်း-ဟု မေးခဲ့မူ ရှေးလွန်ခဲ့သော နှစ်ပေါင်း များစွာကပင် ဆင်းသက်၍ စိုးစံတော်မူလာခဲ့ကြကုန်သော ရှေးမင်းတို့သည် အဘယ်မည် သော နည်းလမ်းဖြင့် လူခပ်သိမ်းတို့အပေါ်မှာ တရားတော်၏ တိုးတက်ကြီးပွါးခြင်းသည် ဖြစ်ရပါအံ့နည်း-ဟူသော အကြံအစည် ဖြစ်ငြားသော်လည်း ထိုမင်းတို့ ရည်ရွယ်ချက်အတိုင်း ငယ်သားတို့အပေါ်မှာ သင့်မြတ်သော ဓမ္မသာသန, ဓမ္မဝုဠိုသဘောမျိုးသည် မရှိသေးသော ကြောင့် ငါသည် ခပ်သိမ်းသူတို့အား အဘယ်မည်သော အကြံအစည်ဖြင့် တရားတော်ကို လိုက်နာကျင့်ကြံစေရပါအံ့နည်း။ အဘယ်မည်သော နည်းလမ်းဖြင့် ဝေနေယျပုဂ္ဂိုလ်တို့အား သင့်လျော်လျောက်ပတ်အောင် တရားတော်မြတ်ကို ပွါးများစေရပါအံ့နည်း။ အဘယ်တရား နည်းလမ်းဖြင့် အဘယ်သူတို့ကို တရားတော်၌ သက်ဝင်ယုံကြည်စေရပါအံ့နည်း"။

ဤကဲ့သို့ အကြံအစည် ဖြစ်ပေါ်လာခြင်းကြောင့် အသောကမင်းကြီးသည် မိန့်ဆိုတော်မူသည်မှာ "ငါ၏ စိတ်ထဲ၌ ဤမည်သော အကြံအစည်လည်း တဖန်ဖြစ်ပေါ်လာပြန်၏။ အသို့လျှင် ဖြစ်ပေါ်လာပြန်သနည်း-ဟု မေးခဲ့ရာ ငါသည် တစ်လောကလုံးရှိ လူများအပေါင်းတို့အား အကျိုးအကြောင်းကို ပြပြီးလျှင် တရားတော်ကို ကြားနာစေအံ့။ ဓမ္မာနုသာသနသြဝါဒ တရားကိုလည်း ပေးပါအံ့။ လူအပေါင်းတို့သည် ငါ၏သြဝါဒကို ကြားနာရ၍ ထိုတရား၏ အနုသာသနအတိုင်း ယုံကြည်သက်ဝင်ပြီးလျှင် ကျင့်ကြကုန်လတ္တံ့"။ ။ ဤတွင် ပုဗ္ဗမုအဓိပ္ပါယ် ပြီး၏။

၆။ ဒိလီတိုပရာ သတ္တမထမ္ဘလေခ အပရမု မူလပါဠိအဓိပ္ပါယ်

ဓမ္မဝုဗို, ဓမ္မဘာသန, ဓမ္မရသ သဘောမျိုးသည် ထွက်စသော နေ, လကဲ့သို့ အထူးဝိသေသ ကြီးကျယ်ပြန့်နှံ့ခြင်းသို့ ရောက်ပေလိမ့်မည်။ ငါသည် ဤကဲ့သို့သော အကျိုးကို လိုလားသည့်အတွက် ဝေနေယျဖြစ်သူအား ကြည်ဖြူသော တရားတော်ကို ကြားနာစေပြီ။ များစွာသော ဓမ္မာနုသာသနကိုလည်း ပေးသနားတော်မူပြီ။ ငါ၏ ပုရိသ ခေါ်သော မှူးတော်, မတ်တော်တို့သည်လည်း ပြည်သူပြည်သားအပေါ်၌ အကြီးအကဲဖြစ်ရှိကြသည့်အလျောက် အရပ်ထက်ဝန်းကျင်၌ မြင်မြင်သမျှတို့အား ဟောပြောကြပြီးလျှင် ငါ၏သြဝါဒကို အထူးတွင်ကျယ်အောင် ပြုလုပ်ကြလိမ့်မည်။

ရဋ္ဌိကအမတ်တို့ကလည်း အသိန်းမကကုန်သော သတ္တဝါတို့၏အပေါ်မှာ အုပ်ချုပ်ရကုန်၏။ ထိုအမတ်တို့ကိုလည်း ငါသည် ဤမည်သော သြဝါဒဖြင့် ဆင့်ဆိုလိုက်ပေ၏။ သင်တို့သည် ဓမ္မယုတ္တခေါ်သော မင်းမှုထမ်းအမတ်တို့အား ဤမည်သော ဤမည်သော အဆုံးအမကို အရပ်ထက်ဝန်းကျင်၌ မြင်မြင်သမျှတို့အား ဟောပြောရမည်-ဟု တိုက်တွန်းနှိုးဆော်ဖို့ရန်ကိုလည်း ဆင့်ဆိုလိုက်ပေ၏"။

ထိုမှတပါး အသောကမင်းကြီးသည် ဤသို့ မိန့်ဆိုတော်မူသည်မှာ "ငါသည် ဤအကြောင်းအရာကို ဆင်ခြင်ထောက်ရှုလျက် ဓမ္မဝိဇယခေါ်သော အောင်တံခွန်တိုင်ကြီးများကိုလည်း မြမြဲစွာစိုက်ထူလေပြီ။ ဓမ္မမဟာမတ္တ အမတ်ချုပ်ကြီးတို့ကိုလည်း စီမံခန့်ထားလိုက်ပြီ။ ဤမျှသာ မကသေး။ တရားတော်မြတ်ကိုလည်း မခွျတ်မယွင်းရအောင် စီရင်အားထုတ်လေပြီ"။

ထိုမှတပါး သီရိဓမ္မာသောကမင်းကြီးသည် ဤသို့လည်း မိန့်ဆိုတော်မူသည်မှာ "ငါသည် လမ်းစဉ်တလျှောက်တို့၌ သားတိရစ္ဆာန်များနှင့် လူများတို့ အရိပ်ခိုလှုံဖို့ရန်အတွက်

ပညောင်ပင်တို့ကို စိုက်စေပြီးလျှင် သရက်ဥယျာဉ်များကိုလည်း အချက်ကျကျနှင့် စီမံလိုက်ပြီ။ ငါသည် ဤမျှလောက် မကသေး။ စ-ကောသ, စ-ကောသစီရှိကုန်သော ခရီးအကြားအကြားတို့မှာလည်း ရေတွင်း,ရေကန်တို့ကို လူအပေါင်းတို့ ချိုး,သောက်စေဖို့ရန် စီမံတူးဖော်စေပြီ။ ၎င်းပြင် ခရီးသည်တို့ တည်းခိုဖို့ရန် ဓမ္မသာလာများကိုလည်း လမ်းကြားအလျောက် ဆောက်လုပ်စီမံလေပြီ။

ထိုမှတပါး ငါသည် နေရာတိုင်းနေရာတိုင်းမှာ သားတိရစ္ဆာန်များနှင့်တကွ လူများတို့ သုံးဆောင်စိမ့်သောငှာ ရေချမ်းစင်တို့ကိုလည်း ပြုလုပ်စေပြီ။ သို့သော်လည်း ဤမျှလောက် အားထုတ်သော ပရိဘောဂမျိုးသည် ပြောပလောက်အောင် မကြီးကျယ်ရကား ရှေးရှေးမင်းတို့သည်လည်းကောင်း, ငါသည်လည်းကောင်း လူအပေါင်းတို့အား အမျိုးမျိုးသော ချမ်းသာခြင်းတို့ဖြင့် ချမ်းသာစေ၏။ စင်စစ်သော်ကား ငါသည် လူအပေါင်းတို့အား ဤပဋိပတ်ကျင့်စဉ်ကို ကျင့်၍ ချမ်းသာစေခြင်းငှာ စီမံအားထုတ်ပေ၏"။

တစ်နည်း အသောကမင်းကြီး မိန့်ဆိုတော်မူသည်မှာ "ငါသည် ဓမ္မမဟာမတ္တ အမတ်ချုပ်ကြီးတို့ကို ရဟန်း,ရှင်,လူတို့အား ချီးမြှောက်ခြင်းအမျိုးမျိုးတို့ဖြင့် ချီးမြှောက်အပ်သော အစီးအပွါး အမှုကိစ္စအရာ၌ စီမံခန့်ထားလိုက်ပေ၏။ ၎င်းပြင် ဘာသာဝင် ဂိုဏ်းအမျိုးမျိုးတို့၌လည်း ၎င်းအမတ်ချုပ်ကြီးတို့ကိုပင် စီမံခန့်ထားလိုက်ပေ၏။ ထိုမှတပါး ငါသည် ထိုအမတ်ချုပ်ကြီးတို့ကို ရဟန်း, ပုဏ္ဏား, အာဇီဝကတဂ္ဂတွန်း, နိဂဏ္ဌ-စသော ဘာသာဝင် ဂိုဏ်းတို့၌လည်း စီမံခန့်ထားလိုက်ပေ၏။

ထိုအမတ်ချုပ်ကြီးတို့သည် အမှုကိစ္စဟူသမျှတို့၌ ဆောင်ရွက်ကြကုန်၏။ စင်စစ်သော်ကား ငါသည် ထိုထိုအမတ်အပေါင်းတို့တွင် ဤဓမ္မမဟာမတ္တ အမတ်ချုပ်ကြီးကိုသာလျှင် ၎င်းတို့၏ ဆောင်ရွက်ရန် အမှုကိစ္စမှတပါး အခြားအခြားကုန်သော ဘာသာဝင်ဂိုဏ်းအမျိုးမျိုးတို့၌ အထူးဆောင်ရွက်ဖို့ရန် စီမံခန့်ထားလိုက်ပေ၏"။ ၎င်းပြင် အသောကမင်းကြီး မိန့်ဆိုတော်မူသည်မှာ "ငါသည် ထိုအမတ်ချုပ်ကြီးတို့ကိုလည်းကောင်း၊ အခြားအခြားကုန်သော ပဓာနအမတ်ကြီးတို့ကိုလည်းကောင်း ငါ၏မိဖုရားတို့နှင့်တကွ ငါ၏အလျှဒါနနှင့်ဆိုင်ရာ အမှုကိစ္စတို့မှာလည်း စီမံခန့်ထားလိုက်ပေ၏။

၎င်းအမတ်တို့သည် ပါဠိလိပုတ်ပြည်နှင့်တကွ အရပ်ထက်ဝန်းကျင်တို့၌လည်းကောင်း၊ ငါ၏ နန်းတော်တွင်း၌လည်းကောင်း နည်းလမ်းအမျိုးမျိုးတို့ဖြင့် အမှုကိစ္စတို့ကို ဆောင်ရွက်ကြပြီးလျှင် လျှဒါန်းအပ်သော အခါသမယကိုလည်းကောင်း၊ နှစ်သက်ပူဇော်အပ်သော အရပ်ဌာနကိုလည်းကောင်း ညွှန်ပြကြကုန်၏။ ထိုမှတပါး ၎င်းအမတ်တို့ကို တရားတော်

၏ ကြီးပွါးရာကြီးပွါးကြောင်းဖြစ်သော တရားတော်ကို သုတ်သင်ပြီးလျှင် တရားတော်အတိုင်း ကျင့်စေခြင်းငှာလည်းကောင်း၊ ငါ၏သားတော်များနှင့် အခြားအခြားကုန်သော မင်းသားတို့၏ ပြုလုပ်အပ်ကုန်သော ဒါနအရာတို့၌လည်းကောင်း စိမ်ခန့်ထားလိုက်ပေ၏။

တရားတော်ကို သုတ်သင်ခြင်းနှင့် တရားတော်၏ ကျင့်စဉ်နည်းလမ်း၌ တလောကလုံးရှိ လူများတို့၏ အလျှုပေးခြင်း၊ သစ္စာရှိခြင်း၊ ကိုယ်,စိတ်,နှလုံး ၃-ပါးလုံးတို့၏ ဖြူစင်ခြင်း၊ နှုးညံ့သိမ်မွေ့ခြင်း၊ သူတော်ကောင်းဖြစ်ခြင်း-ဟု ဆိုအပ်သော သဘောတရားသည် မုချ ကြီးပွါးတိုးတက်ရပေလိမ့်မည် ဖြစ်ပေ၏"။

တစ်နည်း အသောကမင်းကြီး အမိန့်ရှိတော်မူလိုက်သည်မှာ "ငါသည် သူတော်-ကောင်းတရားနည်းလမ်းတို့ကို အားထုတ်စိမ်လေပြီ။ ငါ၏ ငယ်သားတို့ကလည်း ထိုတရားတော်အတိုင်း လိုက်နာကျင့်သုံးကြကုန်၏။ ထို့ကြောင့် အမိ, အဘ, ဆရာသမား, သက်ကြီးသူအို, ရဟန်း, ပုဏ္ဏား, ဆင်းရဲသူဆင်းရဲသား, ကိုးကွယ်ရာမရှိသူ, တသက်လုံးကျွန်, လခစားအစေခံကျွန်၊ ဤမှတပါး အလုံးစုံတို့၌ အစဉ်အတိုင်း ကိုးကွယ်ဆည်းကပ်ခြင်းနှင့် သင့်လျော်သော ဝတ္တရားကို ပြုလုပ်ခြင်းသည် တိုးတက်လွန်ကဲလာပေ၏။ ၎င်းပြင် ရှေ့ရှေ့ကိုလည်း တိုးတက်ပွါးများပေလိမ့်မည်"။

တစ်နည်း အသောကမင်းကြီး မိန့်ဆိုတော်မူသည်မှာ "လူအားလုံးတို့အား တရား-တော်၏ ကြီးပွါးလာခြင်းသည် တရားတော်ကို လေ့လာခြင်းနှင့် ကမ္မဋ္ဌာန်းဘာဝနာ ပွါးများခြင်း တည်းဟူသော တရား ၂-ပါးကြောင့် ဖြစ်ပေ၏။ ထိုတရား ၂-ပါးတို့တွင်လည်း တရားတော်ကို လေ့လာကျင့်သုံးခြင်းသည် အလွန်မကြီးကျယ်။ ကမ္မဋ္ဌာန်းဘာဝနာကို ပွါးများခြင်းသည်သာ လျှင် အထူးသဖြင့် သာလွန်မြင့်မြတ်၏။ စင်စစ်မူကား ငါသည် တရားတော်၏ အလေ့အကျင့်ကို စိမ်ပြုလုပ်ရခြင်းအကြောင်းကား မည်သည့်တိရစ္ဆာန်သတ္တဝါတို့ကိုမဆို မသတ်ဖြတ်,မညှဉ်းဆဲစေရန် စိမ်ပြုလုပ်ရပေ၏။ ထိုမှတပါးလည်း ငါသည် တရားတော်ကို လေ့လာကျင့်သုံးဖို့ရန်အတွက် နည်းလမ်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်ရပေ၏။ သို့သော်လည်း ကမ္မဋ္ဌာန်းဘာဝနာ ပွါးများခြင်းသည်သာလျှင် အထူးဘဝဖြင့် လွန်မြတ်ခြင်းကြောင့် လူအပေါင်းတို့အား တရား-တော်၏ တိုးတက်လာခြင်း၊ သတ္တဝါတိရစ္ဆာန်တို့ကို ယဇ်ပွဲ-စသည်တို့၌ မညှဉ်းဆဲ, မသတ်ဖြတ်ခြင်းသည် အနှံ့အပြား တွင်ကျယ်လာပေ၏။

ထို့ကြောင့် ငါသည် ကမ္ဘာပေါ်၌ နေ, လ ၂-ပါးရှိသမျှ ကာလပတ်လုံး ငါ၏သားစဉ်မြေးဆက်တို့သည် အစဉ်လိုက်၍ အားစိုက်ကျင့်သုံးကြစေရန် ဤဓမ္မလိပိခေါ်သော ကျောက်ကမ္ပည်းစာကို ရေးထိုးစေ၏။ ဤသို့ လိုက်နာကျင့်သုံးကြကုန်သောသူတို့အား ပစ္စုပ္ပန်,တမလွန်

၂-တန်သောချမ်းသာကို ဧကန်ရနိုင်ပေ၏။ ငါသည် မင်း၏အဘိသေကကို ခံတော်မူပြီး၍ ၂၇-နှစ် (သာသနာတော် သက္ကရာဇ် ၂၄၅-နှစ်) မြောက်သောအခါ ဤကျောက်ကမ္ပည်းစာကို ရေးထိုးစေလိုက်၏"။

တစ်နည်း အသောကမင်းကြီးသည် မိန့်ဆိုတော်မူသည်မှာ "ဤဓမ္မလိပိခေါ်သော ကျောက်ကမ္ပည်းစာကို ကျောက်တိုင်, ကျောက်လုံး, ကျောက်ဆောင်, ကျောက်ပြား, ကျောက်ပျဉ် ရှိရှိသမျှတို့၌ ရေးထိုးစေလိုက်၏။ ထိုသို့သောနေရာတို့မှာ ရေးထိုးသည်ရှိသော် ဤကမ္ပည်းကျောက်စာသည် သာသနာ ၅,၀၀၀-ကြာမြင့်သည်တိုင်အောင် မုချ တည်နေရာ၏။ ထို့ကြောင့် နေရာတိုင်းမှာ ရေးထိုးကြရမည်-ဟု ဆင့်ဆိုတော်မူလိုက်ပေ၏။ ။ ဤတွင် **အပရမုအဓိပ္ပါယ် ပြီး၏။**

အမှာစကား။ သတ္တမထမ္ဘလေခသည် သတ္တထမ္ဘလေခတို့တွင် အကောင်းဆုံးဖြစ်ပေ၏။ ဝါကျတိုင်းမှာ အစ,အစဉ် 'ဒေဝါနံပိယ ပိယဒဿီ' ဘွဲ့တံဆိပ်များလည်း ပါရှိပေ၏။ **ရဇုက**ကို တတိယသိလာလေခမှာ ရှုလေ။ **ဓမ္မယုတ္တ**-ကို ပဉ္စမသိလာလေခမှာ ရှုလေ။ **အပကော-သိကျာနိ**-ဟူသော ပုဒ်သည် သက္ကဋ္ဌဘာသာ၌ အာရဓကြောသ္ပိကီယာနိ-ဟု ဖြစ်၏။ ဗျူလရ်ခေါ်သော အင်္ဂလိပ်ပညာရှိ၏ အယူမှာကား ၎င်းသက္ကဋ္ဌဘာသာ၏အရ ကောသထက်ဝက်ကို ပင် ဆုံးဖြတ်၏။ ဖလီဋ်ခေါ်သော အင်္ဂလိပ်ပညာရှိသည်ကား အာရှဋ္ဌကြောသ္ပိကာနိ-ဟု ပြန်ဆိုပြီးလျှင် ၈-ကောသဟု ဆုံးဖြတ်၏။ ဟူယိန်ဆင်ခေါ်သော တရုတ်ဘုန်းကြီးအယူကား စစ်တပ်များ ၁-ရက်သွားကို ၁-ယူဇနာစီရှိသောကြောင့် ၁-ယူဇနာတွင် ၈-ကောသစီရှိရကား ထို့ကြောင့် ၈-ကောသဟု ဆိုလိုသည်။

ဗာဏ အမည်ရှိသော ပညာရှိ ၁-ယောက်သည် မိမိ၏ ဟရရှကျရိတကျမ်း၌ စစ်တပ်သည် တစ်နေ့လျှင် ၈-ကောသ သွားကြောင်းကို ရေး၏။ အထက်ပါစကားရပ်များကို ထောက်၍ အသောကသည် ကောသခွဲတွင် မဟုတ်ဘဲ ၈-ကောသစီ ကွာခြားသော နေရာတိုင်းမှာ ရေတွင်း, ရေကန်, ဓမ္မသာလာ ပြုလုပ်ကြောင်းကို သိအပ်၏။ ၎င်းပြင် ဆင်ခြင်ရန် ၁-ချက်မှာလည်း အသောက၊ အခြားအခြားသော စာတမ်း၌ **အရှဋ္ဌ**-ဟူသော သက္ကဋ္ဌမှ ပြန်၍ **အပ**-ဟူသောပုဒ်သည် မဖြစ်နိုင်။ **အဋ္ဌ**-ဟူ၍သာ ဖြစ်သင့်၏-ဟူသော အကြောင်းကို တွေ့ရှိရပေ၏။ တေရသမသိလာလေခ ကာလဆီကျောက်စာမှာ ရှုကြပါ။ သက္ကဋ္ဌဘာသာ၌ **အရှဋ္ဌ**-ပုဒ်သည် **အဋ္ဌ**-ဟု ပါရှိ၏။

ဥဒါဟရဏ်ကား–

အဋ္ဌဝရှာဘိရှိတ-ကို သက္ကဋ္ဌပြန်ဆိုလျှင် **အရှဋ္ဌ**ဝရရှာဘိရှိတ္တ-ဟူ၍သာ ဖြစ်နိုင်၏။ ပါဠိဘာသာ၌လည်း **အရှဋ္ဌ**-သဒ္ဒါကို **အဋ္ဌ**-ဟူ၍ လာရှိကြောင်းကို တွေ့ရှိရ၏။ ဟိန္ဒီ, မရာဟာဋ္ဌီ,

ဂုဏ္ဍရာတီဘာသာ၌လည်း အရှင္မ-သဒ္ဒါသည် အပ-ဖြစ်ကြောင်းကို မျှားသောအားဖြင့် တွေ့ရှိရ၏။ ဤနေရာမှာ ၈-ကောသဆိုသော စကားသည် အလွန်သင့်မြတ်ပေ၏။ အဘယ့်ကြောင့်ဆိုသော် ကောသဝက်, ကောသဝက်တို့မှာ ရေတွင်း, ရေကန်, ဓမ္မသာလာလုပ်ဖို့ရန် အလွန်ခဲယဉ်းသည်လည်းတစ်ကြောင်း၊ ပါဠိကျမ်းဂန်တွင်လည်း အသောကမင်းကြီးသည် စေတီ, ကျောင်း ၈၄,၀၀၀-ပြုလုပ်ခဲ့ကြောင်းကိုသာ လာရှိသည်။ ကောသ၏ အပိုင်းအခြားသည် မပါရှိ။ သို့သော် ပညာရှိတို့သည် ဆင်ခြင်နိုင်သမျှ ဆင်ခြင်၍ ကြည့်ရှုကြပါလေ။

နီသိဓိယာ-သဒ္ဒါသည် သက္ကဋ္ဌဘာသာ၌ သံနိရှဒျာ ဖြစ်၏။ သံရှေ, နိရှေ့ရှိသော သဒ-ဓာတ်ဖြင့် ရုပ်ပြီး၏။ **ဓံမမဟာမာတာ**-ကို ပဠမသိလာလေခမှာ ကြည့်လေ။ **အာဇီဝက**ကို တိဂုဟာလေခမှာ ကြည့်လေ။ **နိဂ်ဌ**-သည် ဂျိုင်းနီဘာသာကို တည်ထောင်သော 'မဟာဗီရ'ကို နိဂဏ္ဌနာထပုတ္တ-ဟု ခေါ်ဆိုကြ၏။ ၎င်း၏ တပည့်တို့သည် ထိုအခါကပင် ရှိကြကုန်၏။

ဒေဝိနံ-ပုဒ်၏အရကား အဘိသိက်ခံ၍ ပဓာနဖြစ်သော မိဖုရားကိုသာ ရ၏။ **ဒေဝိကုမာလ**-ဆိုသည်ကား မင်းကြီးကို ပဓာနထား၍ ရာဇကုမာရ၊ မိဖုရားကို ပဓာနထား၍ ဒေဝီကုမာရ-ဟု ခေါ်ကြ၏။ အသောကသည် **ဒါလကာနံပိ စ မေ**-ဟူသော ပုဒ်ဖြင့် မိမိသား-ဟု အထူးဆိုခြင်းကြောင့် ဒေဝိကုမာလ-ပုဒ်၏ အရကို ဆွေတော်,မျိုးတော်တို့မှဖြစ်သော မင်းသား-ဟု သိရမည်။

အဝိဟီသာ-ဆိုသည်ကား ယဇ်ပွဲမှတပါး အခြားအခြားသော အမှုကိစ္စအတွက် သတ်ရာမှ ကြဉ်ရှောင်ခြင်းကို ဆို၏။ **အနာလံဘ**-၏ အရမူကား သက်သက် ယဇ်နတ်အလို့ငှာ ကြဉ်ရှောင်ခြင်းကို ဆို၏။ 'ဣယံ ဓံမလိပိ, **အတ, အထိ**'-စသော ပုဒ်တို့ဖြင့် အသောကမင်းကြီးသည် ဤကျောက်ကမ္ပည်းစာကို ကျောက်တိုင်, ကျောက်လုံး, ကျောက်ပြား ရှိရာတိုင်းမှာ ရေးထိုးရမည်-ဟု ဆင့်ဆိုကြားသော်လည်း ဤဒီလီတိုပရာ ၁-ခုမှာသာ ရှိသောကြောင့် မင်းကြီး၏ အမိန့်တော်အတိုင်း မရေးထိုးခဲ့ကြောင်းကို သိရှိရ၏။ "**ဟောတုတိ, အနုပဋိပဇ်တုတိ, လိခါပိတာတိ**'-ပုဒ်တို့၌ ဣတိ-သဒ္ဒါသည် အနက်အထူးမရှိသော်လည်း အချို့နေရာ၌ အာကာရ-အနက်ဟု မှတ်ယူသင့်၏။

စတုတ္ထကဏ္ဍ ပြီးပြီ။

★ ★ ★ ★ ★ ★ ★

{ ၅ } ပဌမကဏ္ဍာ

[၁] ဒွေးတရာဤထမ္ဘလေခ ရုမ္မိန်ဒေဤ ပထမထမ္ဘလေခ

၁။ ရုမ္မိန်ဒေဤ ပထမထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေန ပိယဒသိန လာဇိန ဝိသတိဝသာဘိသိတေန * အတန အာဂါစ မဟီယိတေ [၁] ဟိဒ ဗုဒ္ဓေ ဇာတေ သက္ယမုနိတိ * သိလာဝိဂဋ္ဌဘီစာ ကာလာပိတ သိလာထဘေ စ ဥသပါဒိတေ * [၁] ဟိဒ ဘဂဝံ ဇာတေတိ လုံမိနိ:ဂါမေ ဥဗလိကေ ကဍ္ဎေ * အဌဘာဂိယေ စ (အသောကကျောက်စာ၁၆၁။ အနည်းငယ် အကွာရာကွဲ၏။)

၂။ ရုမ္မိန်ဒေဤ ပထမထမ္ဘလေခ မူလပါဠိအနက်

ဒေဝါနံ၊ ထီးဖြူအုပ်ဆောင်း၊ မင်းမြတ်အပေါင်းတို့၏။ ပိယေန၊ ချစ်ခင်လေးမြတ်၊ နှစ်သက်အပ်ထသော။ ပိယဒသိန၊ ရွှင်ပြုံးကြည်သာ၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ဝိသတိဝသာဘိသိတေန၊ ဘိသိက်မင်္ဂလာ၊ ခံပြီးခါမှ၊ သခ္ခါတွက်ရောက်၊ အနှစ် ၂၀-လည်း မြောက်ထသော။ လာဇိန၊ ထက်,အောက်ကျော်ဟီး၊ သီရိဓမ္မာသောကမင်းကြီးသည်။ အတန၊ မိမိကိုယ်တော်တိုင်။ အာဂါစ၊ စိတ်အားကြည်ဖြူ၊ ကြွလာတော်မူ၍။ (ဣဒံ ဌာနံ)၊ ဒဿနီယ၊ ဤဌာနကို။ မဟီယိတေ၊ ကြည်ညိုဆည်းကပ်၊ ပူဇော်အပ်ပြီ။ ဟိဒ၊ ဒဿနီယ၊ နာမထင်ပေါ်၊ ဤနေရာတော်၌။ သက္ယမုနိ၊ သာကီဝင်ထွတ်၊ မင်းထက်မင်းမြတ်ဖြစ်တော်မူသော။ ဗုဒ္ဓေ၊ အကြွင်းမရှိ၊ မြင်သိပေတတ်၊ ဘုရားမြတ်သည်။ ဇာတေ၊ မယ်တော်ဝမ်းမှ၊ စံမြန်းထွက်ပေါ်၊ ဖွားမြင်တော်မူပြီ။

ဣတိ၊ သရုပ်မချွတ်၊ ထိုဗျုပ္ပတ်ကြောင့်။ (ဟိဒ)၊ ဤသို့သန့်စင်၊ ဖွားမြင်တော်မူရာ၌။ သိလာဝိဂဋ္ဌဘီစာ စ၊ ခိုင်ခဲ့မြဲမြံ၊ ကျောက်မဟာရာမ်ကြီး ၁-ခုကိုလည်း။ ကာလာပိတ၊ မရွှေ့မရှား၊ တည်ထားစေအပ်ပြီ။ သိလာထဘေ စ၊ မယိမ်းမယိုင်၊ ကျောက်စာတိုင်ကြီး ၁-ခုကိုလည်း။ ဥသပါပိတေ၊ တည့်တည့်မတ်မတ်၊ စိုက်ထူစေအပ်ပြီ။ ဟိဒ၊ အခါမလင့်၊ သီးပွင့်စုံညီ၊ ဤလုမ္မိနီ၌။ ဘဂဝံ၊ ဘုန်းတော်အဟုန်၊ ဂုဏ်တော်ကြီးမား၊ မြတ်ဘုရားသည်။ ဇာတေ၊ နေ,လ အသွင်၊ ဖွားမြင်တော်မူပြီ။

ဣတိ၊ ဤသို့ကျေးဇူး၊ ဂုဏ်အထူးကြောင့်။ လုံမိနိဂါမေ၊ လုမ္မိနီ-ဟု၊ သည်တွင်ထ၊ ရှာဂါမဋ္ဌ။ ဥဗလိကေ စ၊ နှစ်စဉ်တိုးတက်၊ လူခွန်တော် ဖျက်ခြင်းကိုလည်း။ ကဒ္ဒေ၊ အကျိုးကြီး စေ၊ ပြုအပ်လေပြီ။ အဌဘာဂိယေ စ၊ ကောက်ပဲမျိုးစုံ၊ ၈-ပုံ ၁-ပုံသော အခွန်တော်ကိုလည်း။ ကဒ္ဒေ၊ သနားခွင့်လွှတ်၊ ပယ်နုတ်အပ်ပြီ။

၃။ ရုမ္မိန်ဒေဏ္ဍ ပထမထမ္ဘလေခ မူလပါဠိအဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ' ဘွဲ့တံဆိပ်နာမံတော်ရှိသော သီရိဓမ္မာ-သောကမင်းကြီးသည် မင်း၏အဘိသေကကို ခံတော်မူပြီး၍ အနှစ်-၂၀ (သာသနာတော် သက္ကရာဇ် ၂၃၈-နှစ်) မြောက်သောအခါ မိမိကိုယ်တော်တိုင် ကြွလာတော်မူ၍ ဘုရားသခင် ဖွားမြင်တော်မူရာ ဤလုမ္မိနီဥယျာဉ်တော်ကို ဖူးမြော်တော်မူလေ၏။ ဤမည်သော နေရာတွင် သက္ကမုနိအမည်ဖြင့် ထင်ပေါ်ကျော်စောတော်မူသော သာကီဝင်မင်းသား ရှင်တော်ဘုရား သည် ထင်ရှားစွာ ဖွားမြင်တော်မူ၏။ ထို့ကြောင့် ဘုရားသခင် ဖွားမြင်တော်မူရာ ဤလုမ္မိနီ ဥယျာဉ်တော်၌ ခိုင်ခံ့ကြီးကျယ်သော ကျောက်နံရံ၊ တစ်နည်း မဟာရာမ်တံတိုင်းနှင့် ကျောက် စာတိုင်ကြီး ၁-ခုကို ပြုလုပ်စိမ်ထားခဲ့၏။ ဤလုမ္မိနီဥယျာဉ်တော်၌ ဘုရားသခင် ဖွားမြင်တော် မူသောကြောင့် ထိုလုမ္မိနီရွာမှ လူခွန်တော်နှင့် ၈-ပုံ ၁-ပုံစီ ကောက်ယူသော ကောက်ပဲသီးနှံ ၏ အခွန်တော်ကိုလည်း ပယ်ဖျက်တော်မူလိုက်လေ၏။

အမှာစကား။ **ဒွေးတရာဤထမ္ဘလေခ ရုမ္မိန်ဒေဏ္ဍ**-ဟူသော စကား၏ အဓိပ္ပါယ်ကား နေပါလ် နယ်ရှိ ကျောက်စာတိုင် ၂-ခုအနက် ဤကျောက်စာတိုင်ကား ပထမလုမ္မိနီ ကျောက်စာတိုင် ဖြစ်၏။ ဟိန္ဒီဘာသာ၌ လုမ္မိနီကို ရုမ္မိန်ဒေဏ္ဍ-ဟု ခေါ်ဆိုကြ၏။ **သီလာဝိဂ္ဂဟဘီစာ** ဟူသောပုဒ်သည် သီလာဝိကဋ္ဌဘိတ္တိကာ-ဟူသော သက္ကဋ္ဌဘာသာနှင့် ညီမျှ၏။ ထို့ကြောင့် ၎င်းပုဒ်၏အနက်ကား ကျောက်ဖြင့်ပြုလုပ်သော မဟာရာမ်တံတိုင်းကြီး-ဟု အနက်ရရှိ၏။ ဤကဲ့သို့သော တံတိုင်းမျိုးကို ယခုအခါ လုမ္မိနီဥယျာဉ်တော်၌လည်း မရှိပြီ။ အခြားအခြားသော နေရာမှာလည်း မတွေ့ရှိရသေး။

လုံမိနိဂါမေ, ဥဗလိကေ, ကဒ္ဒေ-ပုဒ်တို့တွင် ဥဗလိက-ပုဒ်ကို သက္ကဋ္ဌသို့ ပြန်လိုက်လျှင် ဥဒ္ဓလိက ဖြစ်နိုင်၏။ အနက်ကား အခွန်ဘဏ္ဍာမှ ကင်း၏-ဟူသောအနက်ကို ရ၏။ ဗျူလရ်-ခေါ်သော အင်္ဂလိပ်ပညာရှိက ၎င်းပုဒ်ကို အဝဗလိက၊ တစ်နည်း အပဗလိက-ဟူ၍ ပြန်ဆို၏။ အနက်မှာ အတူတူပင် ဖြစ်၏။ **အဌဘာဂိယေ** စ-ဟူသောပုဒ်၏ အဓိပ္ပါယ်ကား လယ်မြေမှ ဖြစ်ပွါး သော ကောက်ပဲသီးနှံ၏ ၈-ပုံ ၁-ပုံကို မင်းအား ဆက်သရ၏။ ၎င်းဘဏ္ဍာကိုလည်း မင်းကြီး သည်းခံတော်မူလိုက်ပေ၏။ မနုကျမ်း၊ အခန်းနံပါတ်-၇၊ ဂါထာနံပါတ် ၁၃၀-မှာ ကြည့်လေ။

ရှေးက မင်းတို့သည် ငယ်သားတို့ထံမှ လယ်မြေက ထွက်သော ကောက်ပဲသီးနှံ-စသော အခွန်တော်ကို ၈-ပုံ ၁-ပုံသော်လည်းကောင်း၊ ၆-ပုံ ၁-ပုံသော်လည်းကောင်း၊ ၁၂-ပုံ ၁-ပုံသော်လည်းကောင်း ကောက်ယူလေ၏။ ၎င်းပြင် သားတိရစ္ဆာန်နှင့် ရွှေ,ငွေကိုလည်း အပုံ ၅၀-ပုံ၌ ၁-ပုံ ကောက်ယူကြောင်းကို တွေ့ရှိရပေ၏။

----- × -----

[၂] ဒွေးတရာ၅ျှဳထမ္ဘလေခ နိဂလီဟဝါ ဒုတိယထမ္ဘလေခ

၁။ နိဂလီဟဝါ ဒုတိယထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေန ပိယဒသိန လာဇိန စောဒသဝသာဘိသိတေန * ဗုဓသ ကောနာ-ကမနသ ထုပေ ဒုတိယံ ဝပိတေ * [၁] ဝိသတိဝသာဘိသိတေန စ အတန အာဂါစ မဟိယိတေ * . . . . . ပါပိတေ [၁] (အသောကကျောက်စာ။၁၆၄)

၂။ နိဂလီဟဝါ ဒုတိယထမ္ဘလေခ မူလပါဠိအနက်

ဒေဝါနံ၊ ထီးဖြူအုပ်ဆောင်း၊ မင်းမြတ်အပေါင်းတို့၏။ ပိယေန ချစ်ခင်လေးမြတ်၊ နှစ်သက်အပ်ထသော။ ပိယဒသိန၊ ရွှင်ပြုံးကြည်သာ၊ ရှုစားရာလည်းဖြစ်တော်မူထသော။ စောဒသဝသာဘိသိတေန၊ ဘိသိက်မင်္ဂလာ၊ ခံပြီးခါမှ၊ သခ္ခါတွက်ရောက်၊ ၁၄-နှစ်လည်း မြောက်ထသော။ လာဇိန၊ သမ္မုတိနတ်၊ သီရိဓမ္မာသောကမင်းမြတ်သည်။ ကောနာကမနသ၊ ကောဏာဂုံ-ဟု၊ ၃-ဘုံထင်ပေါ်၊ အမည်ရှိတော်မူသော။ ဗုဓသ၊ ကြွင်းမဲ့ဉဿုံ၊ အလုံးစုံကို၊ အကုန်သိမြင်၊ ဘုရားရှင်၏။ ထုပေ၊ ကိုးကွယ်ပေအပ်၊ စေတီတော်ဓာတ်ကို။ ဒုတိယံ၊ သဒ္ဓါဇော ပေါက်၊ ၂-ကြိမ်မြောက်အောင်။ ဝပိတေ၊ ပြုပြင်ပေါင်းစပ်၊ ပွါးစေအပ်ပြီ။

စ၊ ထိုမှ နောက်၌။ ဝိသတိဝသာဘိသိတေန၊ ရာဇာဘိသိက်၊ ဘွဲ့တံဆိပ်ကို၊ ခတ်နှိပ်ပြီး နောက်၊ အနှစ် ၂၀-မြောက်သော။ (လာဇိန)၊ သမ္မုတိနတ်၊ သီရိဓမ္မာသောကမင်းမြတ်သည်။ အတန၊ သဒ္ဓါမြဲခိုင်၊ ကိုယ်တော်တိုင်သာလျှင်။ အာဂါစ၊ ဝမ်းမြောက်ကြည်ဖြူ။ ကြွလာတော်မူ၍။ (ဣယံ ထုပေ)၊ လူ,နတ်ရိုသွတ်၊ ဤစေတီတော်ဓာတ်ကို။ မဟိယိတေ၊ လေးမြတ်ကော်ရော်၊ ပူဇော်တော်မူအပ်လေပြီ။ (သိလာထဘေ စ)၊ ချောမောစေမှု၊ ကျောက်စာတိုင် ၁-ခုကိုလည်း။ ပါပိတေ=ဉသပါပိတေ၊ ကာလရှည်လျား၊ လူအများတို့၊ ခြားနားမှတ်ယူ၊ သိစေ-ဟူ၍၊ စိုက်ထူ စေအပ်လေပြီ။

၃။ နိဂလီဟဝါ ဒုတိယထမ္ဘလေခ မူလပါဠိအဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ' ဘွဲ့တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာ-သောကမင်းကြီးသည် မင်း၏အဘိသေကကို ခံတော်မူပြီး၍ ၁၄-နှစ် (သာသနာတော်သက္ကရာဇ် ၂၃၂-ခု) မြောက်သောအခါ ကောဏာဂုံဘုရားသခင်၏ စေတီတော်ဓာတ်ကို အသစ်ထပ်မံ၍ ပြုပြင်စေတော်မူ၏။ ထို့နောက် သီရိဓမ္မာသောကမင်းကြီးသည် မင်း၏အဘိသေကကို ခံတော်မူပြီး၍ အနှစ်-၂၀ (သာသနာတော်သက္ကရာဇ် ၂၃၈-ခု) မြောက်သော အခါ မိမိကိုယ်တော်တိုင် ကြွလာတော်မူ၍ ဤစေတီတော်ဓာတ်ကို ပူဇော်တော်မူလေ၏။ ၎င်းပြင်လည်း ကျောက်စာတိုင် ၁-ခုကို နောက်သားနောင်လာတို့ သိစေခြင်းအလို့ငှာ စိုက်ထားစေတော်မူ၏။

အမှာစကား။ **ဒွေးတရာဤထမ္ဘလေခ နိဂလီဟဝါ-ဟူသော စကား၏ အဓိပ္ပါယ်ကား နေပါလ်** နယ်ရှိ ကျောက်စာတိုင် ၂-ခုအနက် ဤကျောက်စာတိုင်ကား ဒုတိယ နိဂလီ-ဟဝါကျောက်စာတိုင် ဖြစ်၏။ ယခုအခါ ဂျာပန်, တိဗက်, မြန်မာ, ရခိုင်-စသော လူများတို့သည် တောက်လီဟဝါရွာမှ မြောက်ဘက်ရှိ ၁-မိုင်လောက်အရပ်၌ အဆောက်အဦးပျက်ကြီး ၁-ခုကို ကပိလဝတ်-ဟု ထင်မှတ်ကြပြီးလျှင် သွားရောက်ဖူးမြော်ကြကုန်၏။ ထိုလူတို့ ကြည့်ရှုကြသော အရပ်ကို ဟိန္ဒူလူမျိုးတို့ကား တိလောက်ရာကိုးဋ္ဌ-ဟု ခေါ်ဆိုကြ၏။ တိလောက်ရာနှင့် ဂိုဗရီအနီးတွင် ဤနိဂလီဟဝါခေါ်သောအရပ်သည် ရှိ၏။ ၎င်းအရပ်၌ အသောကကျောက်စာတိုင်တစ်ခု ကျိုးပျက်လျက် ရှိနေ၏။ ဤကျောက်စာတိုင်၌ အထက်ပါ စကားရပ်များကို ရေးသားလျက်ပါရှိ၏။ ထို့ကြောင့် ဤကျောက်စာအရဖြင့် အထက်ပါ နေရပ်ကို ရှေးက ကပိလဝတ် မဟုတ်-ဟု မုချသိအပ်၏။ သွားရောက်သူတို့ကလည်း ကျောက်စာတိုင်ကို မတွေ့ရှိ။ အကယ်၍ တွေ့ပြီးသော်လည်း စာ၏အဓိပ္ပါယ်ကို မသိသောကြောင့် 'သူများယောင်လို့သာ ယောင်ရပါသည် တောင်မှန်း,မြောက်မှန်းမသိ'ဆိုသကဲ့သို့ ရမ်းဆ၍ ကပိလဝတ်-ဟု သမုတ်ကြ၏။ သွားရောက်ကြည့်ရှုရန် လမ်းစဉ်းကို ခရီးစဉ်မှာ ရှုကြည့်ကြလေ။

ထုဗေ-ဟူသောပုဒ်ကို သက္ကဋဘာသာ၌ ဆူပ-ဖြစ်၏။ ထို့ကြောင့် ထုဗေ-ဟူသော ပုဒ်သည် စေတီဟောပုဒ် ဖြစ်၏။ ထိုစေတီတော်သည် ယခုအခါ မရှိပြီ။ ကျောက်တိုင်သာ ကျိုးပျက်လျက် အဆိုပါအရပ်၌ ရှိနေ၏။ ဤကျောက်စာသည် လုမ္မိနီကျောက်စာနှင့် တစ်မျိုးတစ်စားတည်းဖြစ်ခြင်းကြောင့် ၎င်းကျောက်စာ ၂-ခုကို တခါတည်း ရေးထိုးခဲ့ဟန်နှင့် တူ၏။ အဘယ့်ကြောင့်ဆိုသော် အသောကမင်းကြီး သွားရောက်၍ ပူဇော်သော ခုနှစ်,သက္ကရာဇ်ချင်း အကူတူပင် ပါရှိသောကြောင့် ဖြစ်ပေ၏။

----- x -----

[၃] လယုထမ္ဘလေခ ဆာရနာထ် ပထမထမ္ဘလေခ

၁။ ဆာရနာထ် ပထမထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယေ ပိယဒသိ လာဇာ . . . * ဧ (လ) . . . ပါဋ္ဌလိပုတေ . . . . ယေ ကေနပိ သံယေ ဘေတဝေ [၊] ဧ စု ခေါ * ဘိခူ ဝါ ဘိခုနိ ဝါ သံယံ ဘခတိ သေ ⌈ဩ⌋ဒါတာနိ ဒုသာနိ သံနံဓာပယိယာ အာနာဝါသသိ * အာဝါသိယိယေ [၊] ဟေဝံ ဣယံ သာသနေ ဘိခုသံယသိ စ ဘိခုနိသံယသိ စ ဝိနပယိတဝိယေ * [၊] ဟေဝံ ဒေဝါနံ ပိယေ အာဟာ ဟေဒိသာ စ ဧကာ လိပိ တုဖာကံတိကံ ဟုဝါတိ သံသလနသိ နိခိတာ * [၊] ဣကံ စ လိပိ ဟေဒိသမေဝ ဥပါသကာနံတိကံ နိခိပါထ [၊] တေပိ စ ဥပါသကာ အနုပေါသထံ ယာဝု * ဧတမေဝ သာသနံ ဝိသွံသယိတဝေ [၊] အနုပေါသထံ စ ခုဝါယေ ဣတိကေ မဟာမာတေ ပေါသထာယေ * ယာတိ ဧတမေဝ သာသနံ ဝိသွံသယိ-တဝေ အဇာနိတဝေ စ [၊] အာဝတကေ စ တုဖာကံ အာဟာလေ * သဝတ ဝိဝါသယာထ တုဖေ ဧတေန ဝိယံဇနေန [၊] ဟေမေဝ သဝေသု ကောဋ္ဌဝိသဝေသု ဧကေန * ဝိယံဇနေန ဝိဝါသာပယာထာ [၊]

၂။ ဆာရနာထ် ပထမထမ္ဘလေခ မူလပါဠိအနက်

ဒေဝါနံ၊ သမုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယေ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာလည်း ဖြစ်တော်မူထသော။ ပိယဒသိ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ လာဇာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ (ဟေဝံ)၊ ဤသို့။ (အာဟ)၊ မိန့်ဆိုတော်မူ၏။ ပါဋ္ဌလိပုတေ စ၊ ပါဋ္ဌလိပုတ်ပြည်၌လည်းကောင်း။ (တထာ၊ ထိုမှတပါး။ ဗဟီသု၊ ပါဋ္ဌလိပုတ်ပြည်မှ အပဖြစ်ကုန်သော။ နဂလေသု စ၊ မြို့တို့၌လည်းကောင်း။) ယေ ကေနပိ = ယေန ကေနပိ၊ အကြင် တစ်စုံတစ်ယောက်သော ရဟန်းယောက်ျား, ရဟန်းမိန်းမသည်။ သံယေ၊ သံဃာတော်ကို။ (နှ) ဘေတဝေ၊ မကွဲပြားစေအပ်။

စု၊ ထိုမှတပါး။ ခေါ၊ စင်စစ်။ ဧ ဘိခူ ဝါ၊ အကြင် ရဟန်းယောက်ျားသည်လည်းကောင်း။ ဧ ဘိခုနိ ဝါ၊ အကြင် ရဟန်းမိန်းမသည်လည်းကောင်း။ သံယံ၊ သံဃာတော်ကို။ ဘခတိ၊ ကွဲပြားစေ၏။ သေ၊ ထိုသံဃာတော်ကို ကွဲပြားအောင်ပြုလုပ်သော ရဟန်းယောက်ျား,

ရဟန်းမိန်းမကို။ ဩဒါတာနိ၊ ဖြူသောအဆင်းရှိကုန်သော။ ဒုသာနိ၊ အဝတ်ပုဆိုးတို့ကို။ သံနံဓာပယိယာ၊ ဝတ်ဆင်စေ၍။ အာနာဝါသသိ၊ ရဟန်းယောက်ျား, ရဟန်းမိန်းမတို့အား မထိုက်သောနေရပ်၌။ အာဝါသိယိယေ၊ နေစေအပ်၏။ ဟေဝံ၊ ဤသို့။ ဣယံ သာသနေ၊ ဤအဆုံးအမစကားတော်ကို။ ဘိခုသံ့ယသိ စ၊ ရဟန်းယောက်ျားသံ့ယာတော်၌လည်း ကောင်း။ ဘိခုနီသံ့ယသိ စ၊ ရဟန်းမိန်းမသံ့ယာတော်၌လည်းကောင်း။ ဝိနပယိတဝိယေ၊ ကြားသိစေအပ်၏။

ဒေဝါနံ၊ သမ္မုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယေ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာ ဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီးသည်။ ဟေဝံ၊ ဤသို့။ အာဟာ၊ မိန့်ဆိုတော်မူ၏။ ဟေဒိသာ၊ ဤသို့သဘောရှိသော။ ဧကာ၊ တစ်ခုသော။ လိပိ စ၊ စာတမ်းသည်လည်း။ တုဘကံ့တိကံ့၊ သင်တို့အထံ၌။ ဟုဝါ=ဘဝတု၊ ရှိစေသတည်း။ ဣတိ=ဣယံ၊ ဤစာတမ်းကို။ သံ့သလနသိ၊ အစဉ်အောက်မေ့ခြင်း၌။ ဝါ၊ အမြဲမပြတ်၊ သတိရခြင်းငှာ။ နိဓိတာ၊ ထားအပ်၏။ ဟေဒိသမေဝ၊ ဤအတူသာလျှင်။ ဧကံ၊ တစ်ခုသော။ လိပိံ၊ စာတမ်းကို။ ဥပါသကာနံ့တိကံ့ စ၊ ဥပါသကာတို့ အထံ၌လည်း။ နိဓိပါထ၊ ထားကြကုန်လော့။

စ၊ ထိုမှတပါးလည်း။ တေပိ ဥပါသကာ၊ ထိုဥပါသကာတို့သည်လည်း။ အနုပေါသထံ၊ ဥပုသ်နေ့တိုင်း။ ဧတမေဝ သာသနံ၊ ဤအဆုံးအမစကားကိုသာလျှင်။ ဝိသ္ဝံသယိတဝေ၊ သိရှိစေဖို့ရန်။ ယာဝု၊ သွားကြကုန်လော့။ အနုပေါသထံ စ၊ ဥပုသ်နေ့တိုင်း။ ဓုဝါယေ၊ အမြဲမပြတ်။ ဣတိကေ၊ အသီးအသီးသော။ ဝါ၊ ၁-ယောက်, ၁-ယောက်စီ။ မဟာမာတေ၊ မဟာမတ္တ အမည်ရှိသော အမတ်ကြီးသည်။ ပေါသထာယေ စ=ဥပေါသထာယေ စ၊ ဥပုသ် စောင့်သုံးခြင်းငှာလည်းကောင်း။ ဧတမေဝ သာသနံ၊ ဤအဆုံးအမစကားကိုသာလျှင်။ ဝိသ္ဝံသယိတဝေ စ၊ သိရှိစေဖို့ရန်လည်းကောင်း။ အဇာနိတဝေ စ၊ ဆင့်ဆိုဖို့ရန်လည်းကောင်း။ ဝါ၊ တွင်ကျယ်အောင် ပြုလုပ်ခြင်းငှာလည်းကောင်း။ ယာတိ၊ သွားရလတ္တံ့။

စ၊ ထိုမှတပါးလည်း။ အာဝတကေ၊ အကြင်အကြင် မြို့,ရွာတိုင်အောင်။ တုဘကံ့၊ သင်အမတ်ကြီးတို့၏။ အာဟာလေ၊ ပိုင်နက်သည်။ (အထိ)၊ ရှိ၏။ သဝတ၊ ထိုထို အလုံးစုံသော မြို့,ရွာ၌။ တုဖေ၊ သင်အမတ်ကြီးတို့သည်။ ဧတေန၊ ဤသို့ စီမံလိုက်သော။ ဝိယံ့ဇနေန၊ အမိန့်အာဏာ စကားတော်ဖြင့်။ ဝိဝါသယာထ၊ သာသနာတော်ပြုကြကုန်လော့။ ဟေမေဝ၊ ဤအတူသာလျှင်။ သဝေသု၊ အလုံးစုံကုန်သော။ ကောဋ္ဌဝိသဝေသု၊ ခံတပ်မြို့ကြီး နယ်ပြည်တို့၌လည်း။ ဧတေန၊ ဤသို့ စီမံလိုက်သော။ ဝိယံ့ဇနေန၊ အမိန့်အာဏာစကားတော်ဖြင့်။ ဝိဝါသာပယာထ၊ သာသနာတော်ပြုကြကုန်လော့။

၃။ ဆာရနာထ် ပထမထမ္ဘာလေခ မူလပါဠိအဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ' ဘွဲ့ချီခတ်နှိပ် တံဆိပ်နာမ်တော်ရှိသော ဓမ္မာသောကမင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူလိုက်သည်မှာ ငါ၏ ပါဠိလိပုတ်ပြည်နှင့် တကွ အခြားအခြားကုန်သော မြို့,ရွာနိုဂုံးတို့၌ ရဟန်းယောက်ျားဖြစ်စေ၊ ရဟန်းမိန်းမဖြစ်စေ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် သံဃာတော်ကို ကွဲပြားအောင် မပြုလုပ်အပ်။ အကယ်၍ ထိုရဟန်းယောက်ျား, ရဟန်းမိန်းမ ၂-ပါးတို့တွင် အကြင်တစ်ပါးပါးသောပုဂ္ဂိုလ်က သံဃာတော် ကွဲပြားလေအောင် အားထုတ်ပြုလုပ်ခဲ့လို့ရှိလျှင် ထိုပုဂ္ဂိုလ်ကို အဝတ်ဖြူဆင်ယင်၍ ရဟန်းယောက်ျား, ရဟန်းမိန်းမတို့အား နေခြင်းငှာ မထိုက်သောနေရပ်ဌာနမှာ နေစေရမည်။ (အဓိပ္ပါယ်မှာ သံဃာတော် ကွဲပြားလေအောင် ပြုလုပ်သောပုဂ္ဂိုလ်ကို ဝတ်ဖြူလဲ၍ သံဃာ့ဘောင်မှ နှင်ထုတ်ရမည်။)

ဤသြဝါဒစကားကို ရဟန်းယောက်ျား, ရဟန်းမိန်းမတို့အား အကြောင်းကြားသိစေရမည်။ 'ဒေဝါနံပိယ ပိယဒဿီ' ဘွဲ့ချီခတ်နှိပ် တံဆိပ်နာမ်တော်ရှိသော ဓမ္မာသောကမင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူလိုက်သည်မှာ ဤကဲ့သို့သော စာတမ်းမျိုး ၁-ခုသည်သင်တို့အား အမြဲရှိစေရမည်။ ဤစာတမ်းကို အမြဲမပြတ် သတိရရှိခြင်းငှာ ထားအပ်၏။ ဤနည်းအတူ သင်တို့သည် ဥပါသကာတို့အထံမှာလည်း အမိန့်တော်ပြန်တမ်းစာ ၁-ခုကို ပို့ထားကြကုန်လော့။ ထိုဥပါသကာတို့သည်လည်း ဥပုသ်နေ့တိုင်း ဤသြဝါဒစကားကို ကြားသိစေဖို့ရန် သွားရောက်ကြရမည်။ ဥပုသ်နေ့တိုင်း မပြတ်မလပ် အသီးသီးသော မဟာမတ္တ အမတ်ကြီးသည်လည်း ဥပုသ်သီတင်းစောင့်သုံးခြင်း, ဤအမိန့်တော်ပြန်တမ်းစာကို သိရှိစေခြင်း, တစ်နေ့ထက်တစ်နေ့ တွင်ကျယ်အောင် ပြုလုပ်ခြင်းငှာ သွားလိမ့်မည်။

ထိုမှတပါး သင်တို့အုပ်ချုပ်ရာ အရပ်ဌာန-ဟူသမျှတို့၌လည်း သင်အမတ်ကြီးတို့သည် ဤအမိန့်တော်စကားအရဖြင့် သာသနာတော်ပြုကြရမည်။ ဤနည်းအတူ ခံတပ်မြို့တော်ကြီးနှင့် နယ်ပြည်တော်ရှိ အားလုံးကုန်သော မြို့,ရွာနိုဂုံးတို့၌ ဤအမိန့်တော်အတိုင်း သာလျှင် သာသနာတော် ကြီးပွါးရာကြီးပွါးကြောင်းကို ကောင်းမွန်စွာ အားထုတ်ပြုလုပ်ကြရမည်။

အမှာစကား။　　ဆာရနာထ်-ဟူသော ဤနေရာကို ဗုဒ္ဓဘာသာ၌ မိဂဒါဝုန်-ဟု ခေါ်ဆို၏။ ဤမိဂဒါဝုန်ကျောက်စာနှင့် ကောသမ္မီ, ဝေဒိသက ကျောက်စာ ၃-ခုသည် သဘောချင်း တူမျှ၏။ ဤကျောက်စာကို ထောက်သဖြင့် ဓမ္မာသောကမင်းကြီး၏ အန္တိမအရွယ်မှာ

ရဟန်းတော်များနှင့် မင်းများတို့အပေါ်တွင် အကြီးအမှူး သာသနာပြုမင်းဖြစ်ကြောင်းကို ထင်ရှားစွာ သိအပ်၏။ သံယာတော် မကွဲပြားစေရန် အထက်ပါ ကျောက်စာတိုင် ၃-ခုတွင် ဤစာတမ်းမျိုးကို ရေးထိုးထားခဲ့၏။ ဤစာတမ်းအရဖြင့်လည်း အသောကမင်းကြီးသည်၊ မင်းမှူထမ်းကြီးတို့အား ဆင့်ဆိုရေးထားခဲ့ကြောင်းကို သိရှိရပေ၏။

'ဇ(လ) . . . '-ဟူသော ဤကွင်းမတွင် ပါရှိသောစကား၏ အဓိပ္ပါယ်ကို ကျောက်စာဝန်များတို့ကလည်း အထူးမဖွင့်ဆိုပြားသော်လည်း ရှေ့နောက်ကို ဆင်ခြင်သောအားဖြင့် အမတ်ဟောပုဒ်-ဟု သိရမည်။ ယင်းသို့ သိခဲ့လျှင် 'ဇ (လ). . . 'ဟူသောပုဒ်သည် စင်စစ် "ဇ လဇုကံ ဝါ မဟာမာတံ"ပုဒ်နှင့် ညီမျှရာ၏။ ထို့ကြောင့် အနက်ယောဇနာလျှင် "ဇ လဇုကံ ဝါ၊ အကြင်ရဇ္ဇုက အမတ်ကိုလည်းကောင်း။ ဇ မဟာမာတံ ဝါ၊ အကြင် မဟာမတ္တအမတ်ကိုလည်းကောင်း။ ဟေဝံ၊ ဤသို့။ အာဟ၊ ဆင့်ဆိုလိုက်၏"ဟု ယောဇနာလေ။

အာနာဝါသသိ-ဟူသောပုဒ်၌ ပညာရှိတို့ အယူကွဲပြားပုံကို ဤနေရာတွင် အနည်းငယ် ဖော်ပြရေးထည့်လိုက်၏။ ထိုပုဒ်၏အနက်ကား ရဟန်းယောက်ျား, ရဟန်းမိန်းမတို့အား နေခြင်းဌာမထိုက်သော နေရာဌာန-ဟူသောအနက်ကို ဟော၏။ ဒေါက်တာဖိုဂလ် ပညာရှိနှင့် ဒေါက်တာ ဆေနာခေါ်သော ပညာရှိကား ထိုပါဠိသည် အာနာဝါသသိပင် ဖြစ်နိုင်၏-ဟု ဖော်ထုတ်၍ ပြ၏။ သို့ရာတွင် ဒေါက်တာဝေနိဆ်-ခေါ်သော ပညာရှိသည် အာနာဝါသသိ-ပုဒ်ကို အနာဝါ-သသိ-ဟု ပြန်ဆို၏။

ဒေါက်တာဖိုဂလ် အင်္ဂလိပ်ပညာရှိကြီး ဆုံးဖြတ်၍ ပြသည်မှာလည်း အာနာဝါသသိ-ပုဒ်သည် အနျာဝါသေ-ဟူသော သက္ကဋ္ဌဘာသာမှ လာ၍ တခြားသော နေရပ်ဌာန-ဟု ယောဇနာ၏။ သေနာခေါ်သော အင်္ဂလိပ်ပညာရှိကား အမှန်အကန် အာနာဝါသသိ-ပုဒ်ပင် ဖြစ်ငြားသော်လည်း အနျာဝါသေ-ဟူသောအနက်ကို မဟောနိုင်။ အာနာဝါသ-ဟူသော ပုဒ်သည် အာဂျာဝါသ ဟူသော သက္ကဋ္ဌဘာသာမှ လာခြင်းကြောင့် သံယာတော်၏ အမိန့်အာဏာဖြင့် ရဟန်းအား ရအပ်သော နေရပ်ဌာနကို ဟော၏-ဟု ဆုံးဖြတ်၏။ ဒေါက်တာဝေနိဆ် ပညာရှိအလိုမှာ အနာဝါသသိ-ပုဒ်ဖြစ်၍ ၎င်းပုဒ်၏အနက်သည် ရဟန်းတို့အား နေခြင်းဌာ မထိုက်သောနေရာ-ဟု ယောဇနာသည် လာရှိ၏။

ဟေဒိသာ စ ဧကာ လိပိ တုဖာက်တိက် ဟုဝါတိ သံသလနသိ နိခိတာ-ဟူသော ဤစကားကို အခ္ပိုဆရာများက ဤအတူ စာတမ်း ၁-ခုကို သင်တို့ထံ၌ ပို့ထားလိုက်၏။ သင်တို့သည် ထိုစာတမ်းကို ဂရုစိုက်ကြလော့။ ဤကဲ့သို့ အနက်သမ္ဘန်ကြ၏။ ကရုနခေါ်သော အင်္ဂလိပ်ပညာရှိနှင့် ဗသာက် အမည်ရှိသော အင်္ဂလိပ်ပညာရှိ၏ အယူဝါဒအတိုင်း ဒေါက်တာဖိုဂလ် ခေါ်သော အင်္ဂလိပ်ပညာရှိကြီးသည် သံသလနသိ-ပုဒ်ကို ဂရုစိုက်ခြင်း, အောက်မေ့ခြင်း, သတိထားခြင်း အနက်ဟောပုဒ်-ဟု ကြံ၏။

တာမဆ် အင်္ဂလိပ်ပညာရှိ၏ အယူကား သံသလန-ဟူသောပုဒ်သည် သံသရဏ-ပုဒ်ဖြစ်၍ သည်နေရာမှာ ၎င်းပုဒ်သည် လူတို့လာရောက်၍ တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံရာ သို့မဟုတ် လှည့်လည်ရာဌာနကို ဟော၏။ ဓာတ်အားဖြင့် သံရှေ့ရှိသော ဩဓာတ်ဖြစ်၍ သရဏ-သော်လည်းကောင်း သို့မဟုတ် စလန-သော်လည်းကောင်း ဖြစ်နိုင်၏။ ယင်းသို့ဖြစ်ခဲ့သော် ၎င်းသရဏ-သဒ္ဒါသည် ရဟန်းတို့ လှည့်လည်သောနေရာ သို့မဟုတ် အချင်းချင်းတွေ့ဆုံကြသော နေရာဖြစ်၏-ဟု ဖွင့်ဆိုပြ၏။

ဟေဒီသာ စ-ပုဒ်မှ စ၍ နိဒါပါထ-ပုဒ်တိုင်အောင်သော ပုဒ်၏အနက်ကို တာမဆ် ခေါ်သော အင်္ဂလိပ်ပညာရှိ၏ အလိုအားဖြင့် ဤသို့ ယောဇနာအပ်၏။ (ဤကဲ့သို့ စာတမ်း ၁-ခုကို သင်တို့အထံ၌ ရှိခြင်းကြောင့် ဤစာတမ်းကို သံသရဏ-ခေါ်သော နေရာမှာ ထားအပ်ပြီ။ ဤအတူ စာတမ်း ၁-ခုကို သင်တို့သည် ဥပါသကာတို့အထံ၌ ထားကြကုန်လော့။) ဤသို့ အနက်ယောဇနာ၏။ အကျယ်ကို လိုလျှင်၊ J.R.A.S. 1915 PP. 109-12 ဤစာအုပ်မှာ ကြည့်လေ။

ဝိန်ဆေဏ္ဍာန်ဆမိထ်ခေါ်သော အင်္ဂလိပ်ပညာရှိ တစ်ယောက်သည် သံသလန သို့မဟုတ် သံလရဏပုဒ်ကို အလုပ်ရုံ၊ တစ်နည်း မင်းမှုကိစ္စအတွက် မင်းမှုထမ်းတို့ တွေ့ဆုံကြသောနေရာ-ဟု အနက်ဆောင်ကြ၏။ "ဟေဒီသာ စ ဧကာလိပိ တုဖာကံတိကံ ဟုဝါတိ သံသလနသိ နိဒါတာ"ဟူသော စကားကို ၎င်းပညာရှိသည် ဤသို့ အနက်ယောဇနာ၏။ (ဤကဲ့သို့ စာတမ်း ၁-ခုကို သင်တို့အတွက် သင်တို့၏ရုံး၌ ပို့ထားအပ်ပြီ။)

"အနုပေါသထံ"ဟူသောပုဒ်ဖြင့် ၁-လမှာ ၄-ကြိမ်စီရှိသော ဥပုသ်နေ့တိုင်းကို ယူအပ်၏။ "ယာတိ"ဟူသောကြိယာပုဒ်၌ သက်သောအာချာတ် 'တိ'ဝိဘတ်သည် ဝတ္တမာနာ ပစ္စုပ္ပန်၌ မဖြစ်။ အနာဂတကာလ၌သာ ဖြစ်၏။

"ကောဋ္ဌဝိသဝ"ပုဒ်သည် သက္ကဋ္ဌဘာသာ၌ "ကောဋ္ဌဝိရှယ"ဖြစ်၏။ ထို ၂-ပုဒ်တို့တွင် ကောဋ္ဌကို ခံတပ်မြို့, သို့မဟုတ် စစ်သားတို့ နေရာကို ယူအပ်၏။ ဝိရှယ-ပုဒ်၏အရကား နယ်ပြည်နှင့်ဆိုင်ရာ အရပ်ဒေသပင် ဖြစ်ပေ၏။ အလုံးစုံသော နယ်ပြည်တို့၌ မင်းမှုထမ်းကြီး တစ်ယောက်, တစ်ယောက်စီ ခန့်ထား၏။

----- x -----

[၄] လယုထမ္ဘလေခ ကောက်ဆမ်ီ(ကောသမ်ီ) ဒုတိယထမ္ဘလေခ

၁။ ကောက်ဆမ်ီ ဒုတိယထမ္ဘလေခ မူလပါဠိ

. . . . . ယေ အာနပယတိ ကောသံဗိယ မဟာမာတ * . . . . . မ . . . သံယသိ နစိ ယေ * . . . . . သံယံ ဘောဒတိ ဘိခု ဝ ဘိခုနီ ဝါပိ စ ၊ သြ*ဒါတာနိ ဒုသာနိ . . . နံဓာပယိတု အာနပေသ . . . ဝ . . . ယ . . .

(အသောက။၁၆၉)

၂။ ကောက်ဆမ်ီ ဒုတိယထမ္ဘလေခ မူလပါဠိအနက်

ဒေဝါနံ၊ သမုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ယေ=ပိယေ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီးသည်။ ကောသံဗိယ၊ ကောသမ်ီပြည်၌။ မဟာမာတ၊ မဟာမတ္တ အမည်ရှိကုန်သော အမတ်ကြီးတို့ကို။ (ဟေဝံ)၊ ဤသို့။ အာနပယတိ၊ ဆင့်ဆိုတော်မူလိုက်ပေ၏။ သံယသိ၊ သံယာတော်၌။ (သံယသ)၊ သံယာတော်၏။ မ=ယေနိ ယာမ၊ အကြင်အဆုံးအဖြတ်သည်။ ဝါ၊ အကြင်နိယမသည်။ (အထိ)၊ မကွဲမပြား ထင်ရှားရှိ၏။ (သေ=တတ)၊ ထိုအဆုံးအဖြတ်ကို။ ဝါ၊ ထိုနိယမကို။ (နှ) နစိ၊ မလွန်ကျူးအပ်။

(စု)၊ ထိုမှတပါး။ (ခေါ)၊ စင်စစ်။ (ယေ) ဘိခု ဝ၊ အကြင်ရဟန်းယောက်ျားသည်လည်းကောင်း။ (ယေ) ဘိခုနီ ဝါ၊ အကြင်ရဟန်းမိန်းမသည်လည်းကောင်း။ သံယံ၊ သံယာတော်ကို။ ဘောဒတိ၊ ကွဲပြားစေ၏။ (သေ) အပိ စ၊ ထိုသံယာတော်ကို ကွဲပြားအောင် ပြုလုပ်သော ရဟန်း ယောက်ျား, ရဟန်းမိန်းမကိုလည်း။ သြဒါတာနိ၊ ဖြူသော အဆင်းရှိကုန်သော။ ဒုသာနိ၊ အဝတ်ပုဆိုးတို့ကို။ နံဓာပယိတု=သံနံဓာပယိတု၊ ဝတ်ဆင်၍။ အာနပေသ=အာနပေသသိ၊ ရဟန်းယောက်ျား, ရဟန်းမိန်းမတို့အား မထိုက်သောနေရပ်၌။ ဝ. . . ယ=အာဝါသိယိယေ၊ နေစေအပ်၏။

၃။ ကောက်ဆမ်ီ ဒုတိယထမ္ဘလေခ မူလပါဠိအဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ' ဘွဲ့တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာ-သောကမင်းကြီးသည် ကောသမ်ီမြို့ရှိ မဟာမတ္တအမည်ရှိကုန်သော အမတ်ကြီးတို့အား ဤသို့

ဆင့်ဆိုတော်မူလိုက်သည်မှာ "သံယာတော်အဖွဲ့၌ သံယာတော်များတို့က စိရင်ဆုံးဖြတ်လိုက်ပြီးသော အဆုံးအဖြတ်-ဟူသမျှကို ကျူးလွန်ကျော်နင်းသော ရဟန်းယောက်ျား, ရဟန်းမိန်းမကိုလည်းကောင်း ထိုမှတပါး သံယာတော်ကို ကွဲပြားအောင် ပြုလုပ်သောရဟန်းယောက်ျား, ရဟန်းမိန်းမကိုလည်းကောင်း အဝတ်ဖြူတို့ဖြင့် ဆင်ယင်၍ ရဟန်းယောက်ျား, ရဟန်းမိန်းမတို့ နေခြင်းဌာနမထိုက်သော နေရပ်ဌာန၌ နေစေရမည်။ (အဓိပ္ပါယ်မှာ ထိုကဲ့သို့ ပြုလုပ်သော ရဟန်းယောက်ျား, ရဟန်းမိန်းမကို အဝတ်ဖြူလဲ၍ သံယာ့ဘောင်မှ နှင်ထုတ်ရမည်-ဟု ဆိုလိုသည်)။

အမှာစကား။　　ကောက်ဆမ္ပိကို ဟိန္ဒီဘာသာ၌ ကောက်သျှမ္ပီ-ဟူ၍လည်းကောင်း, ကိုဆမ်ဂ္ဂနာမ်ဟူ၍လည်းကောင်း၊ တစ်နည်း ကိုဆမ်ခိရာဂ္ဂ-ဟူ၍လည်းကောင်း ခေါ်ဆိုကြ၏။ မြန်မာနှင့် ပါဠိဘာသာ၌ကား ကောသမ္ပီ-ဟူသော အမည်ဖြင့် ထင်ရှားလေ၏။ ၎င်းနေရာသည် ဂ္ဂလာဟာဗာဒ်မြို့၏ စိရင်စုမှာ ရှိ၏။ သွားရောက်ကြည့်ရှုလိုသူတို့သည် ခရီးစဉ်မှာ ကြည့်ရှုကြလေ၏။ ဤကျောက်စာသည် ဆာရနာထ်(မိဂဒါဝုန်)ကျောက်စာနှင့် သဘောချင်းတူ၏။ ကျောက်စာတွင် ပျက်စီးယိုယွင်း၍ ပါရှိသောနေရာမှာလည်း ပြင်ဆင်၍ ရေးထည့်လိုက်၏။ ပြင်ဆင်၍ ကြည့်ရှုကြလေ။

----- x -----

[၅]　လယုထမ္ဘာလေခ ဆာန်ကျီ တတိယထမ္ဘာလေခ

၁။　ဆာန်ကျီ တတိယထမ္ဘာလေခ မူလပါဠိ

. . . . . ယေ သံယံ * ဘောဓတိ ဘိခု ဝါ ဘိခုနိ ဝါ ⁅ဩဒါတာ*နိ ဒုသာနိ သန်ဓာပယိတု အနာ . . . * သသိ ဝိသယေတဝိယေ [၊] ဂ္ဂဆာ ဟိ မေ ကိ*တိ သံယသ မဂေ စိလထိတိကေ သိယာတိ [၊]

၂။　ဆာန်ကျီ တတိယထမ္ဘာလေခ မူလပါဠိအနက်

(ဒေဝါနံ)၊ သမုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ (ပိယေ)၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီးသည်။ (ဟေဝံ)၊ ဤသို့။ (အာဟ)၊ မိန့်ဆိုတော်မူ၏။ ယေ ဘိခု ဝါ၊ အကြင်ရဟန်းယောက်ျားသည်လည်းကောင်း။ ယေ ဘိခုနိ ဝါ၊ အကြင်

ရဟန်းမိန်းမသည်လည်းကောင်း။ သံယံ၊ သံယာတော်ကို။ ဘောခတိ၊ ကွဲပြားစေ၏။ (သေ)၊ ထိုသံယာတော်ကို ကွဲပြားအောင်ပြုလုပ်သော ရဟန်းယောက်ျား, ရဟန်းမိန်းမကို။ ဩဒါတာနိ၊ ဖြူသောအဆင်းရှိကုန်သော။ ဒုသာနိ၊ အဝတ်ပုဆိုးတို့ကို။ သန်ဓာပယိတု၊ ဝတ်ဆင်စေ၍။ အနာ. . . သသိ=အနာဝါသသိ၊ ရဟန်းယောက်ျား, ရဟန်းမိန်းမတို့အား၊ မထိုက်သောနေရပ်၌။ ဝိသယေတဝိယေ၊ နေစေအပ်၏။

ဟိ၊ စင်စစ်ဧကန် အမှန်မုချ။ မေ၊ ငါ့အား။ ဣဆာ၊ အလိုတော်သည်။ (ဘဝတိ)၊ ဖြစ်၏။ ကိံတိ၊ အဘယ်ကဲ့သို့ဖြစ်သနည်းဟူမူကား။ သံယသ၊ သံယာတော်၏။ မဂေ၊ သူတော်-ကောင်းလမ်းသည်။ စိလထိတိကေ၊ မပြိုမကွဲ၊ အမြဲတာရှည် တည်နေခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ (မေ၊ ငါ့အား။ ဣဆာ၊ အလိုတော်သည်။ ဘဝတိ၊ ဖြစ်၏။)

၂။ ဆာန်ကျီ တတိယထမ္ဘလေခ မူလပါဠိအဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယပိယ ပိယဒဿီ' ဘွဲ့တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာ-သောကမင်းကြီးသည် ဤသို့ မိန့်ဆိုတော်မူသည်မှာ "ရဟန်းယောက်ျားဖြစ်စေ၊ ရဟန်းမိန်းမ ဖြစ်စေ တပါးပါးသောပုဂ္ဂိုလ်က သံယာတော်ကို ကွဲပြားအောင် ပြုလုပ်ခဲ့လို့ရှိလျှင် ထိုပုဂ္ဂိုလ်ကို အဝတ်ဖြူတို့ဖြင့် ဝတ်ဆင်စေ၍ ရဟန်းယောက်ျား, ရဟန်းမိန်းမတို့အား နေခြင်းဌာနမထိုက်သော နေရပ်ဌာန၌ နေစေရမည်။ (အဓိပ္ပါယ်မှာ သံယာကွဲပြားအောင် ပြုလုပ်သော ပုဂ္ဂိုလ်ကို အဝတ်ဖြူလဲ၍ သံယာ့ဘောင်မှ နှင်ထုတ်ရမည်။) အဘယ်ကြောင့်နည်းဆိုသော် သံယာတော်၏ သူတော်ကောင်းတည်းဟူသော လမ်းသည် မပျက်မစီးဘဲ အမြဲတာရှည် တည်နေစေဖို့ရန်ကို ငါသည် မုချအလိုရှိတော်မူ၏။

အမှာစကား။ ဆာန်ကျီကို မြန်မာဘာသာနှင့် ပါဠိဘာသာမှာ ဝေဒိသကတောင်-ဟု ခေါ်ဆိုကြ၏။ ဤကျောက်စာ၏ အကြောင်းအရာသည်လည်း ဆာရနာထ်(မိဂဒါဝုန်)ကျောက်စာနှင့် တူ၏။ သွားရောက်ကြည့်ရှုလိုသူတို့သည် ခရီးစဉ်မှာ ကြည့်ရှုကြလေ။ ခရီးစဉ်မှာ လမ်းခရီးအညွှန်းနှင့်တကွ အကြောင်းအရာလည်း အကျယ်ပါရှိ၏။ ပျက်စီးယိုယွင်း၍ ပါရှိရာ၌လည်း ပြင်ဆင်၍ ရေးထည့်လိုက်ပေ၏။

----- x -----

[၆] လယုထမ္ဘလေခ ရာနီလေခ စတုတ္ထထမ္ဘလေခ

၁။ ရာနီလေခ စတုတ္ထထမ္ဘလေခ မူလပါဠိ

ဒေဝါနံ ပိယရှာ ဝစနေနာ သဝတ မဟာမတာ*ဝတဝိယာ ဧ ဟေတ ဒုတိယာယေ ဒေဝိယေ ဒါနေ * အံဗာဝဋိကာ ဝါ အာလမေဝ ဒါနဂဟေ ဝါ ဧဝါပိ အံနေ * ကီဆိ ဂနိယတိ တာယေ ဒေဝိယေ ရှေ နာနီ . . . ဝ . . . * ဒုတိယာယေ ဒေဝိယေ'တိ တိဝလ-မာတု ကာလုဝါကိယေ [၊] (အသောက။၁၇၀)

၂။ ရာနီလေခ စတုတ္ထထမ္ဘလေခ မူလပါဠိအနက်

ဒေဝါနံ၊ သမုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယရှာ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာ ဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီး၏။ ဝစနေနာ၊ စကားတော်ဖြင့်။ သဝတ၊ အလုံးစုံ ကုန်သောအရပ်တို့၌။ မဟာမတာ၊ မဟာမတ္တ အမည်ရှိကုန်သော အမတ်ကြီးတို့ကို။ ဝတ-ဝိယာ၊ ဆင့်ဆိုအပ်ကုန်၏။ ဟေတ၊ ဤနေရာ၌။ ဒုတိယာယေ၊ ၂-ယောက်မြောက်ဖြစ်သော။ ဒေဝိယေ၊ မိဖုရား၏။ အံဗာဝဋိကာ ဝါ၊ သရက်ဥယျာဉ်လည်းကောင်း။ အာလမေဝ၊ ပန်း ဥယျာဉ်လည်းကောင်း။ ဒါနဂဟေ ဝါ၊ အလှူမဏ္ဍပ်ရုံလည်းကောင်း။ အံနေ၊ တပါးသော။ ဧဝါပိ ကီဆိ၊ အကြင်တစ်စုံတစ်ခုလည်းကောင်း။ ဣတိ၊ ဤသို့။ ဧ ဒါနေ၊ အကြင် ပေးလှူခဲ့ သော ဒါနသည်။ (အထိ)၊ ရှိ၏။

ရှေ၊ ထိုအလုံးစုံကို။ တာယေဒေဝိယေ၊ ထို ၂-ယောက်မြောက်ဖြစ်သော မိဖုရား၏။ (ဒါနံ)၊ အလှူ-ဟူ၍။ ဂနိယတိ၊ ရေတွက်အပ်၏။ (ဝါ)၊ တစ်နည်းကား။ နာနီ၊ တစ်ပါးမက များပြားကုန်သော။ ဣတိ=ဣမာနိ၊ ဤအလုံးစုံကုန်သော အမှုကိစ္စတို့ကို။ တိဝလမာတု၊ တိဝရမင်းသား၏ မယ်တော်ဖြစ်သော။ ကာလုဝါကိယေ၊ ကာရုဝါကီအမျိုးအနွယ်ဖြစ်သော။ ဒုတိယာယေ၊ ၂-ယောက်မြောက်ဖြစ်သော။ ဒေဝိယေ၊ မိဖုရား၏။ (ကံမာနီ)၊ ပြုဖွယ်ကိစ္စတို့-ဟူ၍။ . . . ဝ . . . ညာတဝိယာ၊ သိအပ်ကုန်၏။

၃။ ရာနီလေခ စတုတ္ထထမ္ဘလေခ မူလပါဠိအဓိပ္ပါယ်

အဓိပ္ပါယ်ကား- 'ဒေဝါနံပိယ ပိယဒဿီ' ဘွဲ့တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာ-သောကမင်းကြီး၏ အမိန့်တော်စကားဖြင့် ရှိရှိသမျှအရပ်ဌာနတို့၌ မဟာမတ္တ အမည်ရှိကုန်

သော အမတ်ကြီးတို့ကို ဆင့်ဆိုတော်မူလိုက်သည်မှာ "ဤနေရာ၌ ငါ၏ ဒုတိယမြောက် ဖြစ်သော မိဖုရားသည် သရက်ဥယျာဉ်ကိုသော်လည်းကောင်း၊ ပန်းဥယျာဉ်ကိုသော်လည်း ကောင်း၊ အလှူမဏ္ဍပ်ကိုသော်လည်းကောင်း သို့မဟုတ် ဘယ်အရာဝတ္ထုမျိုးကိုမဆို အကြင် တစ်စုံတစ်ခု လှူဖွယ်ဝတ္ထုတို့ကို ဆည်းပူးအားထုတ်ခဲ့၏။ ပြုလုပ်သမျှ ထိုအရာဝတ္ထုတို့ကို ထိုမိဖုရား၏ ပြုလုပ်သော အလှူဝတ္ထု-ဟူ၍ ခေါ်ဆိုရေတွက်ကြရမည်။ ၎င်းပြင် ပြုလုပ်သမျှ ဤအမှု ကိစ္စတို့ကို တီဝရမင်းသား၏ မယ်တော်၊ ကာရုဝါကီအမျိုးအနွယ် ငါ၏ ၂-ယောက် မြောက်ဖြစ်သော မိဖုရား၏ ကောင်းမှုအလို့ငှာ ပြုလုပ်၏-ဟူ၍ သိရှိကြရမည်။"

အမှာစကား။ ရာနီလေခ-ဟူသည်ကား အသောကမင်းကြီးသည် မိမိ၏ ကာရုဝါကီမိဖုရား အတွက် ရေးထိုးသောစာတမ်း ဖြစ်သည်။ ဤစာတမ်းကို ဣလာဟာဗာဒ်မြို့ ခံတပ်ရှိ ကျောက်စာတိုင်တွင် ရေးထိုးပါရှိခြင်းကြောင့် ထမ္ဘလေခ ၆-ခုတို့တွင် နောက်ဆုံးရေးထိုး ထားခဲ့သော စာတမ်း-ဟု သိရှိရ၏။ ဤကျောက်စာသည် ထမ္ဘလေခ ၆-ခုရှိ ကျောက်စာနှင့် သဘောချင်း မတူ။ သတ္တမထမ္ဘလေခတွင် မဟာမတ္တအမတ်ကြီးနှင့် အသီးသီးကုန်သော ပဓာန အမတ်များကို အသောကမင်းကြီးသည် မိဖုရားတို့၏ ဒါနအရာတို့၌ စောင်မကြည့်ရှုဖို့ရန် အတွက် စီမံခန့်ထားလျက် ပါရှိ၏။

ဒါနဂဟ-သဒ္ဒါသည် အလှူမဏ္ဍပ်, အလှူရုံ, အလှူတင်းကုပ်, အလှူပေးရာဌာန, ခရီး သည်တို့ တည်းခိုရာ-စသည်ကို ဟော၏။ ဒုတိယာယေ,ဒေဝိယေ-ဟူသော ပုဒ် ၂-ပုဒ်၌ ဆဋ္ဌီဧကဝုစ် ဝိဘတ်နှင့် ရုပ်ပြီး၏။ အသောကမင်းကြီးသည် ဤဒုတိယမြောက် ကာရုဝါကီမိဖုရားကို အထူး မြတ်နိုး၏။ အကယ်၍ ထိုမိဖုရား၏သားတော် တီဝရမင်းသား မသေလွန်ခဲ့လို့ရှိလျှင် ထိုမင်းသား သည် ထီးနန်းအမွေကို ခံယူရမည့်မင်းသား ဖြစ်၏။ ၎င်းမင်းသားသည် ခမည်းတော်မင်းကြီး နတ်ရွာမစံမီကပင် သေလွန်ကြောင်းကို သိရှိရ၏။ များသောအားဖြင့် အသောကမင်းကြီး လွန်ပြီး နောက် မြေးတော်တို့သည် နန်းတက်ကြောင်းကိုသာ ဗုဒ္ဓဘာသာကျမ်းဂန်-စသည်တို့၌ လာရှိ၏။

ကာလုဝါကီ-ဆိုသော စကားသည် မိဖုရား၏အမည် မဟုတ်။ အမျိုးအနွယ်၏ အမည် သာ ဖြစ်သည်။ ထိုမိဖုရားတို့၏ အနွယ်ထုံးစံအားလျော်စွာ မိဖုရား၏အမည်ကို ဖော်ထုတ်၍ မရေးခဲ့ပေ။ '. . . ဝ . . . 'ဤပုဒ်၏ အဓိပ္ပါယ်ကို ကျောက်စာသက္ကဋ္ဌဘာသာနှင့်အညီ ညာတဝိယ-ဟု ဖွင့်ဆိုပြလိုက်ပေ၏။ ဆင်ခြင်ကြပါလေ။

----- x -----

[၇] တိဂုဟာလေခ ၃-ခု

၁။ တိဂုဟာလေခ ပထမဂုဟာလေခ မူလပါဠိ

လာဇိနာ ပိယဒသိနာ ဒုဝါ*ဋသဝသာဘိသိတေနာ * ဣယံ နိဂေါဟကုဘာ ဒိနာ အာဇိဝိကေဟိ [၊]

၂။ တိဂုဟာလေခ ဒုတိယဂုဟာလေခ မူလပါဠိ

လာဇိနာ ပိယဒသိနာ ဒုဝါ*ဋသဝသာဘိသိတေနာ ဣယံ * ကုဘာ ခလတိက-ပဝတသိ * ဒိနာ အာဇိဝိကေဟိ [၊]

၃။ တိဂုဟာလေခ တတိယဂုဟာလေခ မူလပါဠိ

လာဇာ ပိယဒသီ ဧကုနဝီ*သတိဝသာဘိသိတ . . . *. . . ဥထာတ . . . *သုပိ . . . ခ . . . . . *. . . . . [၊] (အသောက။၁၇၄)

၄။ တိဂုဟာလေခ မူလပါဠိ ၃-ဌာန၏ အနက်

(၁) ပိယဒသိနာ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ဒုဝါဋ-သဝသာဘိသိတေနာ၊ မင်း၏ အဘိသိက်ကို ခံတော်မူ၍ ၁၂-နှစ်လည်း မြောက်တော်မူလေပြီးထသော။ လာဇိနာ၊ သီရိမွှာသောကမင်းကြီးသည်။ ဣယံ နိဂေါဟကုဘာ၊ ဤနိဂြောဓ အမည်ရှိသော လိုဏ်ဂူကို။ အာဇိဝိကေဟိ၊ အာဇီဝကတက္ကတွန်းတို့အား။ ဒိနာ၊ ပေးလှူအပ်လေပြီ။

(၂) ပိယဒသိနာ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ဒုဝါဋသဝသာ-ဘိသိတေနာ၊ မင်း၏အဘိသိက်ကို ခံတော်မူ၍ ၁၂-နှစ်လည်း မြောက်တော်မူလေပြီးထသော။ လာဇိနာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ ခလတိကပဝတသိ၊ ခလတိက အမည်ရှိသော တောင်၌။ ဣယံ ကုဘာ၊ ဤလိုဏ်ဂူကို။ အာဇိဝိကေဟိ၊ အာဇီဝကတက္ကတွန်းတို့အား။ ဒိနာ၊ ပေးလှူအပ်လေပြီ။

(၃) ပိယဒဿီ၊ ရွှင်ပြုံးကော်ရော်၊ ဖူးမြော်ရာလည်း ဖြစ်တော်မူထသော။ ဧကုနဝိသတိ-ဝဿာဘိသိတ၊ မင်း၏အဘိသိက်ကို ခံတော်မူ၍ ၁၉-နှစ်လည်း မြောက်တော်မူလေပြီးထသော။ လာဇာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ ခ . . . . . =ခလတိကပဝတသိ၊ ခလတိက အမည်ရှိသော တောင်၌။ သုပိ. . . =သုပိယကုဘ်၊ သုပိယ အမည်ရှိသော လိုဏ်ဂူကို။ (အာဇီဝကေဟိ)၊ အာဇီဝကတက္ကတွန်းတို့အား။ (အဒါသိ)၊ ပေးလှူပြီ။

၅။ တိဂုဟာလေခ မူလပါဠိ ၃-ဌာန၏ အဓိပ္ပါယ်

(၁) 'ဒေဝါနံပိယ ပိယဒဿီ' ဘွဲ့တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် မင်း၏အဘိသေကကို ခံတော်မူပြီး၍ ၁၂-နှစ်မြောက် (သာသနာတော် သက္ကရာဇ်-၂၃၀) ပြည့်သောအခါ ဤနိဂြောဓ အမည်ရှိသော လိုဏ်ဂူကို အာဇီဝကတက္ကတွန်းတို့အား ပေးလှူတော်မူခဲ့၏။

(၂) 'ဒေဝါနံပိယ ပိယဒဿီ' ဘွဲ့တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် မင်း၏အဘိသေကကို ခံတော်မူပြီး၍ ၁၂-နှစ်မြောက် (သာသနာတော်သက္ကရာဇ်-၂၃၀)ပြည့်သောအခါ ခလတိကတောင်၌ လိုဏ်ဂူ ၁-ခုကိုလည်း အာဇီဝကတက္ကတွန်းတို့အား ပေးလှူတော်မူခဲ့၏။

(၃) 'ဒေဝါနံပိယ ပိယဒဿီ' ဘွဲ့တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် မင်း၏အဘိသေကကို ခံတော်မူပြီး၍ ၁၂-နှစ်မြောက် (သာသနာတော်သက္ကရာဇ်-၂၃၀)ပြည့်သောအခါ ခလတိကတောင်၌ လိုဏ်ဂူ ၁-ခုကိုလည်း အာဇီဝကတက္ကတွန်းတို့အား ပေးလှူတော်မူခဲ့၏။

(၄) 'ဒေဝါနံပိယ ပိယဒဿီ' ဘွဲ့တံဆိပ်နာမ်တော်ရှိသော သီရိဓမ္မာသောကမင်းကြီးသည် မင်း၏အဘိသေကကို ခံတော်မူပြီး၍ ၁၂-နှစ်မြောက် (သာသနာတော်သက္ကရာဇ်-၂၃၇-နှစ်) မြောက်သောအခါ ခလတိကတောင်၌ သုပိယ အမည်ရှိသော လိုဏ်ဂူ ၁-ခုကိုလည်း အာဇီဝကတက္ကတွန်းတို့အား ပေးလှူတော်မူခဲ့၏။

အမှာစကား။ တိဂုဟာလေခ-ဆိုသည်ကား ဓမ္မာသောကမင်းကြီးသည် အာဇီဝကတက္ကတွန်းတို့အား ဗိဟာရ်နယ်ရှိ ဂယာမြို့အနီးအပါးတွင် ဗရာဗရ်တောင်၌ လိုဏ်ဂူ ၃-ခု ထွင်းဖောက်၍ လှူခဲ့ကြောင်းနှင့်စပ်လျဉ်း၍ ရေးထိုးထားခဲ့သော စာတမ်း-ဟု ဆိုလိုသည်။ ထိုလိုဏ်ဂူ ၃-ခုတွင်–

ပထမလိုဏ်ဂူ၏အမည်ကား နိဂြောဓ,

တတိယလိုဏ်ဂူ၏ အမည်ကား သုပိယ,

ဒုတိယလိုဏ်ဂူ၏ အမည်ကိုကား အထူးမဆိုသော်လည်း ခလတိကတောင်၌ ရေးထိုးထားခဲ့သောကြောင့် ၎င်းလိုဏ်ဂူ၏အမည်ကို ခလတိကလိုဏ်ဂူ-ဟူ၍ပင်-

ခေါ်ဆိုထိုက်၏။ ယင်းသို့ဆိုခဲ့သော် သုပိယလိုဏ်ဂူလည်း ခလတိကတောင်ခ္ခပင် ရှိသောကြောင့် ခလတိကလိုဏ်ဂူ-ဟု ဆိုရအံ့လော မေးရန်ရှိ၏။ သို့သော် ခလတိကတောင်ခ္ခပင် ရှိငြားသော်လည်း သုပိယ-ဟု ရအပ်ပြီးသော အမည်ရှိသောကြောင့် ခလတိကလိုဏ်ဂူ-ဟူ၍ အထူးခေါ်ဆိုရန် မလိုပြီ-ဟု ဖြေဆိုရာ၏။ ထက်ဝန်းကျင်ရှိ တောင်တို့ကို ဗရာဗရ်တောင်-ဟု ယခုအခါ ခေါ်ဆိုကြ၏။ ၎င်းတောင်ခ္ခ လိုဏ်ဂူ ၃-ခုသည် အမည်အားဖြင့် တစ်မျိုးတစ်မျိုးစီ ပါရှိ၏။

'. . . ဥထာတ . . . . . ' ဤကွင်းမ၌ ပါရှိသောပုဒ်တို့၏ အဓိပ္ပါယ်နှင့် " . . . . . [၁]" ဤကွင်းမရှိ ပုဒ်တို့၏အဓိပ္ပါယ်ကို ယခုအခါ သေချာစွာ မသိရသေးချေ။ တစ်စုံတစ်ခုသော ကြိယာပုဒ်နှင့် ဝိသေသနများလောက်သာ ရှိကောင်းရှိလိမ့်မည်။ ပညာရှိတို့ကလည်း အထူးဖွင့်ဆို၍ မရေးသေးသောကြောင့် ချန်လှပ်၍ ထားလိုက်ရပေ၏။

----- × -----

[၈]　ဒသရထတိဂုဟာလေခ ၃-ခု

၁။ ဒသရထတိဂုဟာလေခ ပထမဂုဟာလေခ မူလပါဋ္ဌ

ဗဟိယကာ ကုဘာ ဒရ္ဒလထေန ဒေဝါနံ ပိယေနာ * အာနံတလိယံ အဘိရ္ဒိတေနာ အာဇ်ဝိကေဟိ * ဘဒ်တေဟိ ဝါရ္ဒနိရ္ဒိဒယာယေ နိရ္ဒ္ဒာ * အာစံဒမရ္ဒလိယံ [၁]

၂။ ဒသရထတိဂုဟာလေခ ဒုတိယဂုဟာလေခ မူလပါဋ္ဌ

ဂေါပိကာ ကုဘာ ဒရ္ဒလထေနာ ဒေဝါနံ ပိ*ယေနာ အာနံတလိယံ အဘိရ္ဒိတေနာ အာဇ် * ဝိကေဟိ ဘဒ်တေဟိ ဝါရ္ဒနိရ္ဒိဒယာယေ * နိရ္ဒ္ဒာ အာစံဒမရ္ဒလိယံ [၁]

၃။ ဒသရထတိဂုဟာလေခ တတိယဂုဟာလေခ မူလပါဋ္ဌ

ဝဒ္ဓထိကာ ကုဘာ ဒရ္ဒလထေနာ ဒေဝါနံ * ပိယေနာ အာနံတလိယံ အဘိရ္ဒိတေနာ * အာဇ်ဝိကေဟိ ဘဒ်တေဟိ ဝါရ္ဒနိရ္ဒိဒယာယေ * နိရ္ဒ္ဒာ အာစံဒမရ္ဒလိယံ [၁]

၄။ ဒသရထတိဂုဟာလေခ မူလပါဠိ ၃-ဌာန၏ အနက်

(၁) ဒေဝါနံ၊ သမုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယေနာ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာ ဖြစ်တော်မူထသော။ ဒရ္ဓလထေန၊ ဒသရထမင်းသည်။ အဘိရှိတေနာ၊ မင်း၏အဘိသေကကို ခံတော်မူပြီးသည်မှ။ အာနံတလိယံ၊ အခြားမဲ့၌။ ဗဟိယကာ၊ ဗဟိယကာ အမည်ရှိသော။ ကုဘာ၊ လိုဏ်ဂူကို။ ဘဒ်တေဟိ၊ ဘဒ္ဒန္တအမည်ရှိကုန်သော။ အာဇီဝိကေဟိ၊ အာဇီဝက တက္ကတွန်းတို့အား။ အာစံဒမရှုလိယံ၊ နေ, လ ၂-ပါးရှိသည်တိုင်အောင်။ ဝါရှနိရှိဒိယာယေ၊ သီတင်းသုံးရန်နေရာအလို့ငှာ။ နိရှိဋ္ဌာ၊ စွန့်ကြဲအပ်ပြီ။ ဝါ၊ ပေးလှူအပ်လေပြီ။

(၂) ဒေဝါနံ၊ သမုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယေနာ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာ ဖြစ်တော်မူထသော။ ဒရ္ဓလထေနာ၊ ဒသရထမင်းသည်။ အဘိရှိတေနာ၊ မင်း၏အဘိသေက ကို ခံတော်မူပြီးသည်မှ။ အာနံတလိယံ၊ အခြားမဲ့၌။ ဂေါပိကာ၊ ဂေါပိကာ အမည်ရှိသော။ ကုဘာ၊ လိုဏ်ဂူကို။ ဘဒ်တေဟိ၊ ဘဒ္ဒန္တအမည်ရှိကုန်သော။ အာဇီဝိကေဟိ၊ အာဇီဝက-တက္ကတွန်းတို့အား။ အာစံဒမရှုလိယံ၊ နေ, လ ၂-ပါးရှိသည်တိုင်အောင်။ ဝါရှနိရှိဒယာယေ၊ သီတင်းသုံးရန်နေရာအလို့ငှာ။ နိရှိဋ္ဌာ၊ စွန့်ကြဲအပ်ပြီ။ ဝါ၊ ပေးလှူအပ်လေပြီ။

(၃) ဒေဝါနံ၊ သမုတိနတ်၊ မင်းမြတ်အပေါင်းတို့၏။ ပိယေနာ၊ ကြည်ညိုသဒ္ဓါ၊ မြတ်နိုးရာ ဖြစ်တော်မူထသော။ ဒရ္ဓလထေနာ၊ ဒသရထမင်းသည်။ အဘိရှိတေနာ၊ မင်း၏အဘိသေက ကို ခံတော်မူပြီးသည်မှ။ အာနံတလိယံ၊ အခြားမဲ့၌။ ဝဇုထိကာ၊ ဝဇုထိကာ အမည်ရှိသော။ ကုဘာ၊ လိုဏ်ဂူကို။ ဘဒ်တေဟိ၊ ဘဒ္ဒန္တအမည်ရှိကုန်သော။ အာဇီဝိကေဟိ၊ အာဇီဝက တက္ကတွန်းတို့အား။ အာစံဒမရှုလိယံ၊ နေ, လ ၂-ပါးရှိသည်တိုင်အောင်။ ဝါရှနိရှိဒိယာယေ၊ သီတင်းသုံးရန်နေရာအလို့ငှာ။ နိရှိဋ္ဌာ၊ စွန့်ကြဲအပ်ပြီ။ ဝါ၊ ပေးလှူအပ်လေပြီ။

၅။ ဒသရထတိဂုဟာလေခ မူလပါဠိ ၃-ဌာန၏ အဓိပ္ပါယ်

'ဒေဝါနံပိယ' ဘွဲ့တံဆိပ်နာမ်တော်ရှိသော ဒသရထမင်းသည် မင်း၏အဘိသေကကို ခံတော်မူပြီးသည်မှ အခြားမဲ့၌ ဗဟိယကာ, ဂေါပိကာ, ဝဇုထိကာ-အမည်ရှိသော လိုဏ်ဂူ ၃-ခုကို ဘဒ္ဒန္တအမည်နာမ ဘွဲ့တံဆိပ်ကို ရရှိကြကုန်သော အာဇီဝကတက္ကတွန်းတို့အား နေ,လ ၂-ပါးရှိသည်တိုင်အောင် အမြဲနေထိုင်စေဖို့ရန် နေရာအလို့ငှာ လှူဒါန်းတော်မူလိုက်ပေ၏။

အမှာစကား။　ဒသရထ တိဂုဟာလေခ-ဟူသော စကား၏အဓိပ္ပါယ်ကား ဓမ္မာသောကမင်းကြီး၏မြေးတော် ဒသရထမင်းသည် အာဇီဝကတက္ကတွန်းတို့အား လိုဏ်ဂူ ၃-ခု ကို လှူခဲ့ကြောင်းနှင့် စပ်လျဉ်း၍ ရေးထိုးထားခဲ့သော စာတမ်း-ဟု ဆိုလိုသည်။

ဒေါက်တာဖလီတ်ခေါ်သော အင်္ဂလိပ်ပညာရှိကြီးကား ဤကျောက်စာ၏ အဓိပ္ပါယ်ကို ဓမ္မာသောကမင်းကြီး အဘိသိက်ခံပြီးသည်၏ အခြားမဲ့၌ ဒသရထမင်းသားသည် ဗဟိယကာ-စသော လိုဏ်ဂူ ၃-ခုကို ဘဒ္ဒန္တ အာဇီဝကတက္ကတွန်းတို့အား နေ,လ ၂-ပါးရှိသမျှ ကာလပတ်လုံး နေထိုင်စေဖို့ရန် လှူထားခဲ့၏-ဟု ပြန်ဆိုလေ၏။

ဘဒ်တ-ပုဒ်ကို ဘဏ္ဍာရကရ်-ခေါ်သော အင်္ဂလိပ်ပညာရှိ၏ အလိုအားဖြင့် ဟိန္ဒူ ဘာသာဝင်ဂိုဏ်းတို့အား မည်သည့်အခါမှ မရှိစဖူးသော ဘွဲ့ထူးတံဆိပ်-ဟု သိအပ်၏။ ထို့ကြောင့် အာဇီဝကတက္ကတွန်းတို့သည် ဗိရှဏုဂိုဏ်းဝင် မဟုတ်နိုင်ကြောင်းကိုလည်း ၎င်းဆရာက ဖော်ပြ၏။ ဤလိုဏ်ဂူ ၃-ခုလည်း အထက်ပါ ဗရာဗရ်တောင်မှာ ရှိ၏။

----- × -----

[၉]　ကျောက်စာတွင် မူကွဲပြားပုံကို ဇယားကွက်နှင့် ဖော်ပြခြင်း

အနည်းငယ်ခန့်မျှ အရပ်ဒေသအားလျော်စွာ ကျောက်စာမူတို့ ကွဲပြားသည်မှတပါး ဓမ္မာသောကမင်းကြီး၏ ကျောက်စာသည် တစ်မျိုးတစားတည်းသော ဘာသာဖြင့်သာ ရေးထိုးထားလျက် ပါရှိပေ၏။ ထို့ကြောင့် အသောကမင်းတရားကြီးလက်ထက်၌ ပြည်နယ်ဆိုင်ရာ ဘာသာများအပြင် ပညာရှိဟူသမျှ သိနားလည်နိုင်လောက်သော ပဓာနဘာသာကြီးလည်း တစ်မျိုးရှိသည်-ဟု မှတ်ယူအပ်၏။

ဤကျောက်စာတွင်ပါရှိသော ဘာသာသည်ပင် အသောကမင်းကြီးလက်ထက်ကတိုင်းရင်းသား ဝံသာနုဘာသာဖြစ်ပေ၏။ မင်းမှုနှင့်ဆိုင်ရာ အမှုကိစ္စ-ဟူသမျှ၌ ယခုအခါ အင်္ဂလိပ်ဘာသာကို အသုံးပြုသကဲ့သို့ပင် အသောကမင်းကြီး လက်ထက်မှာလည်း အထက်အဆိုပါဘာသာဖြင့် သုံးစွဲလေ့လာကြလေ၏။ ထို့ကြောင့် နယ်နှင့်ဆိုင်ရာ ဘာသာတို့ ကွဲပြားပုံကို အနည်းငယ်ခန့်မျှ အောက်ပါဇယားကွက်တွင် ဖော်ပြလိုက်သည်။

	ဂိရနာရ်	ကာလဆီ	ဣျောဂ္ဂရ်	သျှာဟဗာဂ်ုဂဟရီ	မာန်နဆေရာ
၁	ခံမလိပိ	ခံမလိပိ	ခံမလိပိ	ခြမဒိပိ	ခြမဒိပိ
၂	ပြဇုဟိတယ္ပံ	ပြဇောဟိတ ဝိယေ	ပဇောဟိတ ဝိယေ	ပြယုဟော တဝေ	ပြယုဟောတ ဝိယေ
၃	ဧကစာ	ဧကတိယာ	ဧကတိယာ	ဧကတိဧ	ဧကတိယ
၄	ရာညော	လာဇိနေ	လာဇိနေ	ရညော	ရဇိနေ
၅	အာရဘိသု	အာလဘိယိသု	အာလဘိယိသု	အရဘိယုသု	အရဘိသု
၆	မဂေါ	မိဂေ	မိဂေ	မြုဂေါ	မြိုဂေ
၇	သူပါထာယ	သုပဋ္ဌာယေ	သူပဋ္ဌာယေ*	သုပဋ္ဌယေ	သုပထြယေ
၈	ဝိဇိတမ္ပိ	ဝိဇိတသိ	ဝိဇိတသိ*	ဝိဇိတေ	ဝိဇိတသိ
၉	ဒ္ဝါဒသဝါသာ ဘိသိတေနt	ဒုဝါဒသဝါ ဘိသိတေန	ဒုဝဒသဝသာ ဘိသိတေန	ဗဒယဝရ္ဘ ဘိသိတေန	ဒုဝဆုသ္ဘဝရ္ဘ ဘိသိတေန

အထက်ပါ ဥဒါဟရဏ်ဖြင့် ဤကဲ့သို့ ကွဲပြားခြင်းသည် ပဓာနဘာသာကြီး ၁-ခုကို ဖတ်ရှတ်နားလည်ဖို့အရာ၌ အင်္ဂလိပ်နှင့်မြန်မာ ကွဲပြားသကဲ့သို့ ကွဲပြား၍ အလွန်ခဲယဉ်းသော အနှောင့်အယှက်ကြီး ၁-ခုဖြစ်သည်-ဟု မမှတ်ယူအပ်။ ဒေသအလိုက်ပင် အနည်းငယ်မျှစီ ကွဲပြားငြားသော်လည်း အနက်အဓိပ္ပါယ်မှာ အတူတူပင် ဖြစ်ပေ၏။

* ဤပါဠိသည် ဓောက်လီကျောက်စာတွင် ပါရှိပေ၏။

t ဓောက်လီကျောက်စာ၌ ဒုဝါဒသဝသာဘိသိတေန-ဟု ပါရှိ၏။

ပဌမကဏ္ဍ ပြီးပြီ။

★ ★ ★ ★ ★ ★ ★

{ ၆ } ဆဋ္ဌကဏ္ဍ

[၁] ကုသိနာရုံပြည်မှ ရရှိသော မြေခွက်ကမ္ပည်းစာ

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။ ။

အနက်ကား- ယေ ဓမ္မာ၊ အကြင် ဇာတိ, ဇရာ, ဗျာဓိ, မရဏ-စသော ဒုက္ခသစ္စာတရားတို့သည်။ ဟေတုပ္ပဘဝါ၊ တဏှာ-ဟူသော သမุဒယသစ္စာလျှင် အမွန်ရှိကုန်၏။ တေသံ၊ ထိုဒုက္ခသစ္စာတရားတို့၏။ ဟေတုဉ္စ၊ ဖြစ်ကြောင်းဖြစ်သော သမุဒယသစ္စာကိုလည်း။ တထာ-ဂတော၊ ငါတို့ဆရာ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ တေသံ၊ ထိုဒုက္ခ, သမุဒယ ၂-ပါးတို့၏။ ယော နိရောဓော၊ အကြင်ချုပ်ရာဖြစ်သော နိရောဓသစ္စာ, ချုပ်ကြောင်းဖြစ်သော မဂ္ဂသစ္စာသည်။ (အတ္ထိ)၊ ရှိ၏။ (တဉ္စ)၊ ထိုနိရောဓသစ္စာ, မဂ္ဂသစ္စာ ၂-ပါးကိုလည်း။ တထာ-ဂတော၊ ငါတို့ဆရာ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ မဟာသမဏော၊ ရဟန်း မြတ်စွာ ငါတို့ဆရာသည်။ ဧဝံ ဝါဒီ၊ ဤသို့ အယူတော်ရှိ၏။ (ဝိနည်းမဟာဝဂ္ဂ။၅၁)

အဓိပ္ပါယ်ကား- ဇာတိ, ဇရာ, ဗျာဓိ, မရဏ-စသော ဒုက္ခသစ္စာကိုလည်းကောင်း၊ ထိုဒုက္ခသစ္စာတရားသည် တဏှာ-ဟူသော သမုဒယသစ္စာလျှင် အကြောင်းရင်းရှိ၏။ ထိုဒုက္ခ-သစ္စာတရားဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာကိုလည်းကောင်း၊ ထိုဒုက္ခနှင့် သမုဒယသစ္စာ၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာကိုလည်းကောင်း၊ ထိုဒုက္ခနှင့် သမုဒယသစ္စာ၏ ချုပ်ကြောင်းဖြစ်သော မဂ္ဂင် ၈-ပါးတည်းဟူသော မဂ္ဂသစ္စာကိုလည်း-ကောင်း ငါတို့ဆရာ မြတ်စွာဘုရားသည် ဟောတော်မူ၏။ ရဟန်းမြတ်စွာ ငါတို့ဆရာသည် ဤသစ္စာ ၄-ပါးကို အယူရှိတော်မူသည်ဖြစ်၍ ဝေနေယျတို့အား ဟောကြားတော်မူပေ၏။

အမှာစကား။ ဤဂါထာဖြင့် **အရှင်အဿဇိမထေရ်**သည် ဥပတိဿကို ဟောတော်မူသော ခဏ္ဍ ရှေ့ ၂-ပါဒကို ကြားလျှင်ကြားချင်း အရှင်ဥပတိဿသည် နည်း ၁,၀၀၀-ဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်လေ၏။ နောက် ၂-ပါဒ ကို ဖလဋ္ဌာန်ဖြစ်မှ နာရလေ၏။ ဂါထာဆုံးလျှင် သစ္စာ ၄-ပါးကို ကွင်းကွင်းကြီး ထင်မြင်လေ၏။ ဥပတိဿလည်း မိမိ၏အဆွေတော်ဖြစ်သူ ကောလိတအား ၎င်းဂါထာဖြင့် ဟောလိုက်လျှင် ဂါထာဆုံးသည်နှင့်တပြိုင်နက် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထို့နောက် ဥပတိဿနှင့် ကောလိတ ၂-ယောက်တို့သည် နောက်လိုက်နောက်ပါ တပည့် ၅၀၀-နှင့် ဘုရားထံသို့ ရောက်

လျှင် ဧဟိဘိက္ခုရဟန်း ဖြစ်ကြလေ၏။ တပည့် ၅၀၀-တို့လည်း အစဉ်အတိုင်း မဂ်ကိစ္စဖြင့် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

ဤဂါထာကို ဘုရားပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံစေတီတော်ကြီး၏ ဌာပနာအတွင်း၌ မြေတံဆိပ်ခွက်မှ ရရှိပေ၏။ ကျောက်စာဝန်တို့ တူးဖော်သောအခါ ၎င်းဂါထာပါရှိသော မြေခွက်တို့သည် မျှားစွာ ပေါ်ထွက်ပေ၏။ ၎င်းဂါထာသည် အလွန်အရေးကြီးသောဂါထာ ဖြစ်ပေ၏။

----- × -----

[၂] ကုသိနာရုံပြည်မှ ရရှိသော ကြေးပုရပိုက်စာ

ဣဒံ ဗုဒ္ဓဿ ဘဂဝတော မဟာပရိနိဗ္ဗာနစေတိယံ။

အနက်ကား- ဣဒံ၊ ဤကုသိနာရုံပြည် မလ္လာမင်းဥယျာဉ်တော်၌ရှိသော စေတီတော်သည်။ ဘဂဝတော၊ ဘုန်းတော် ၆-စုံ, ဂုဏ်တော် ၉-ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ ငါတို့ဆရာ မြတ်စွာဘုရား၏။ မဟာပရိနိဗ္ဗာနစေတိယံ၊ ပရိနိဗ္ဗာန်စံတော်မူရာ မဟာပရိနိဗ္ဗာန စေတီတော်ကြီးပေတည်း။

အဓိပ္ပါယ်ကား- ကုသိနာရုံ မလ္လာမင်းတို့၏ ဥယျာဉ်တော်အတွင်း၌ တည်ရှိတော်မူသော ဤစေတီတော်ကြီးသည် ဘုန်းတော် ၆-ပါး, ဂုဏ်တော် ၉-ပါး, ဉာဏ်တော် အနန္တနှင့် ပြည့်စုံတော်မူ၍ သစ္စာ ၄-ပါးကို အကြွင်းမရှိ သိမြင်တော်မူသော ငါတို့ဆရာ ဂေါတမဘုရားမြတ်စွာ၏ ပရိနိဗ္ဗာန်ဝင်စံတော်မူရာ မဟာပရိနိဗ္ဗာနစေတီတော်ကြီးပင် ဖြစ်ပေ၏။

----- × -----

[၃] ကုသိနာရုံပြည် ဘုရားညောင်စောင်းတော်မှ ရရှိသော စာတမ်းငယ်

ဒေယဓမ္မော'ယံ မဟာဝိဟာရသ္မာမိနော ဟရိဗလဿ ပြတိမာစေ'ယံ ယဒိုတာ ဒေဝ-သုရေန။

အနက်ကား- အယံ၊ ဤကုသိနာရုံပြည် မလ္လာမင်းတို့၏ ဥယျာဉ်တော်၌ရှိသော ကျောင်းတော်သည်။ မဟာဝိဟာရသ္မာမိနော၊ ကျောင်းဒါယကာကြီးဖြစ်သော။ ဟရိဗလဿ၊ ဟရိဗလ အမည်ရှိသောသူ၏။ ဒေယဓမ္မော၊ ရေစက်သွန်းချ အမျှပေးဝေခဲ့သော ကျောင်း

တော်ကြီး ဖြစ်ပေ၏။ ဣယံ ပြတိမာ စ၊ ဤမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူဟန် ဆင်းတုတော်သဏ္ဌာန်ကိုလည်း။ ဒေဝသုရေန၊ ဒေဝသုရ အမည်ရှိသော ပန်းရံဆရာကြီးသည်။ ယဒ္ဓိတာ၊ စိမ်ထုလုပ်ထားအပ်ပြီ။

အဓိပ္ပါယ်ကား- ကုသိနာရုံပြည် မလ္လာမင်းတို့ ဥယျာဉ်တော်အတွင်း၌ရှိနေသော ဤကျောင်းတော်ကြီးသည် ဟရိဗလအမည်ရှိသော ကျောင်းဒကာကြီး၏ ကောင်းမှုတော်ဖြစ်သော ကျောင်းတော်ကြီးဖြစ်ပေ၏။ ၎င်းပြင် ၁၃-တောင်ထွာခန့်ရှိသော မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူဟန် ရုပ်တုတော်သဏ္ဌာန် ၁-ဆူကို ဒေဝသုရ အမည်ရှိသော ပန်းရံဆရာကြီးသည် စိမ်ထုလုပ်၍ ဂဿားခဲ့ပေ၏။

----- x -----

[၄] ကုသိနာရုံကျောင်းတော်ရာမှ ရရှိသော မြေခွက်တံဆိပ်စာ

၁။ ဩ မဟာပရိနိရဝါဏဝိဟာရေ ဘိက္ခုသံ့ယဿ။

၂။ ဩ ဝိရှဏုဒ္ဓိပ ဝိဟာရေ ဘိက္ခုသံ့ယဿ။

အနက်ကား-

၁။ (ဣယံ)၊ ဤကျောင်းတော်သည်။ ဩ၊ ဘုန်းကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူသော။ ဘိက္ခုသံ့ယဿ၊ ရဟန်းသံ့ယာတော်အရှင်မြတ်၏။ မဟာပရိနိရဝါဏ၊ မဟာပရိနိဗ္ဗာန အမည်ရှိသော။ ဝိဟာရေ၊ ကျောင်းတော်သည်။ (ဟောတိ)၊ ဖြစ်၏။

၂။ (ဣယံ)၊ ဤကျောင်းတော်သည်။ ဩ၊ ဘုန်းကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူသော။ ဘိက္ခုသံ့ယဿ၊ ရဟန်းသံ့ယာတော် အရှင်မြတ်၏။ ဝိရှဏုဒ္ဓိပ၊ ဗိသဏုဒ်ပ အမည်ရှိသော။ ဝိဟာရေ၊ ကျောင်းတော်သည်။ (ဘဝတိ) ဖြစ်၏။

အဓိပ္ပါယ်ကား-

၁။ ဤမဟာပရိနိဗ္ဗာနကျောင်းတော်သည် ကျက်သရေဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသော ရဟန်းသံ့ယာတော်အရှင်မြတ်၏ ကျောင်းတော်ဖြစ်ပေ၏။

၂။ ဤဗိသဏုဒ်ပအမည်ရှိသော ကျောင်းတော်သည် ကျက်သရေဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသော ရဟန်းသံ့ယာတော်အရှင်မြတ်၏ ကျောင်းတော်ဖြစ်ပေ၏။

----- x -----

[၅] ကုသိနာရုံကျောင်းတော်ရာမှ ရရှိသော ရွှေဒဂါး, ငွေဒဂါးစာ

ဩ မဟာပရိနိရဝါဏာဝိဟာရေ။

အနက်ကား- (ဣယံ)၊ ဤကျောင်းတော်သည်။ ဩ၊ ဂုဏ်ကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူသော။ (ဘိက္ခုသံဃဿ)၊ ရဟန်းသံဃာတော် အရှင်မြတ်၏။ မဟာပရိနိရဝါဏ၊ မဟာပရိနိဗ္ဗာန အမည်ရှိသော။ ဝိဟာရေ၊ ကျောင်းတော်သည်။ (ဘဝတိ)၊ ဖြစ်၏။

အဓိပ္ပါယ်ကား- ဤမဟာပရိနိဗ္ဗာနကျောင်းတော်သည် ဂုဏ်ကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူသော ရဟန်းသံဃာတော်အရှင်မြတ်၏ကျောင်းတော် ဖြစ်ပေ၏။

အမှာစကား။ ဩ-သဒ္ဒါကို အချို့သောပညာရှိက ဝိဟာရ-သဒ္ဒါ၏ ဝိသေသန-ဟု ညွှန်ပြ၏။ ထိုဆရာအလိုသည်လည်း သင့်လျော်၏။ ဘိက္ခု-သဒ္ဒါကို မြန်မာ၌ စာလုံးပေါင်း မရှိ၍ သက္ကဋအသံထွက်ပါအောင်သာ ရေးလိုက်ရသည်။ ပါဠိဘာသာမှာ ဘိက္ခု-သာ ရှိသည်။

----- × -----

[၆] ကုသိနာရုံစေတီတော်မှ ရရှိသော ကြေးပုရပိုက်စာတစ်မျိုး

နိရဝါဏာကျိုက်တော့ တာမြပဋ္ဌ ဣတိ။

အနက်ကား- ဣတိ = ဣယံ၊ ဤစေတီတော်ကြီးကို။ တာမြပဋ္ဌ = တာမြပဋ္ဌေန၊ ကြေးပုရပိုက်စာဖြင့်။ နိရဝါဏာကျိုက်တော့၊ မဟာပရိနိဗ္ဗာနစေတီတော်ကြီး-ဟူ၍။ (မတံ)၊ သိအပ်၏။

အဓိပ္ပါယ်ကား- စေတီတော်ကြီးကို ကြေးပုရပိုက်စာဖြင့် မဟာပရိနိဗ္ဗာနစေတီတော်ကြီး-ဟူ၍ သိအပ်, သိထိုက်, သိကြလေ။

----- × -----

[၇] ပိပရဝါ ဓာတ်တော်ကြုတ်ကမ္ဘည်းစာ

သလိလ နိဓနေ ဗုဒ္ဓသ ဘဂဝတော။

အနက်ကား- (ဣယံ)၊ ဤဓာတ်တော်သည်။ နိဓနေ၊ ပရိနိဗ္ဗာန်ဝင်စံတော်မူလေပြီးသော။ ဘဂဝတော၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော။ (ဗုဒ္ဓသ)၊ ဂေါတမဘုရားရှင်၏။ သလိလ၊ သရီရဓာတ်တော်သည်။ (ဘဝတိ)၊ ဖြစ်၏။

အဓိပ္ပါယ်ကား- ပိပရဝါအရပ်မှ ရရှိသော ဓာတ်တော်သည် ပရိနိဗ္ဗာန်ဝင်စံတော်မူလေပြီးသော ငါတို့ဂေါတမမြတ်စွာဘုရား၏ သရီရဓာတ်တော်ပင် ဖြစ်ပေ၏။

----- × -----

[၈] မောရိယမြို့မှ ရရှိသော ကျောက်စာငယ်

ဥ၊ ယောဂိပြယာဂေ ဝါသ ယောဂီ လေခိတား။

အနက်ကား- ဥ၊ ယောဂိပြယာဂေ၊ ဘုရား, ရဟန္တာ, ယောဂိပုဂ္ဂိုလ်တို့၏ ပျော်မွေ့ရာ ပြယာဂ်(ဣလာဟာဘာဒ်)မြို့၌။ ဝါသ၊ အမြဲမပြတ် နေထိုင်လေ့ရှိသော။ ယောဂီ၊ ယောဂိပုဂ္ဂိုလ် ၁-ယောက်သည်။ (ဣယံ)၊ ဤစာတမ်းငယ်ကို။ (ဣဓ)၊ ဤမောရိယမြို့၌။ လေခိတား၊ ရေးသားအပ်ပြီ။

အဓိပ္ပါယ်မှာ- ဘုရား အစရှိကုန်သော သူတော်ကောင်းတို့၏ နေပျော်ရာ ပြယာဂ်(ဣလာဟာဘာဒ်)မြို့၌ အမြဲမပြတ် နေထိုင်လေ့ရှိသော ယောဂိပုဂ္ဂိုလ် ၁-ယောက်သည် ဤမောရိယပြည်သို့ လာရောက်ပြီးလျှင် နောင်လာသူတို့ သိရှိဖို့ရန် ဤစာတမ်းငယ်ကို ဘုရားကျောင်း တံခါးဘောင်၌ ရေးထိုးထားခဲ့၏။ ကျောက်စာဘက်ဆိုင်ရာ ကျောက်စာဝန်တို့ကဂင်းစာတမ်းကို လွန်ခဲ့သောနှစ်ပေါင်း ၁၃၀၀-လောက်ကပင် ရေးထိုးခဲ့သည်-ဟု ဖော်ပြပေ၏။

----- × -----

[၉] ကနိရ္ဓကမင်း ရွှေဒဂီးစာ

၁။ သ္သာ၀ိ သြနာနော သ္သာသကနေရ္ဓက ဣကောသ္သာနော။
၂။ ဗောဒ္ဓေါ။
၃။ အပါဒကသပေါ။

အနက်ကား- သ္သာ၀ိ သြနာနော၊ မင်းထက်မင်းမြတ်ဖြစ်တော်မူထသော။ ဣကော-သ္သာနော၊ စတုတ္ထသင်္ဂါယနာတင် ဘုရင်ဧကရာဇ်လည်း ဖြစ်တော်မူထသော။ သ္သာသကနေ-ရ္ဓက၊ ကနိရ္ဓကမင်းကြီး၏။ အပါဒကသပေါ၊ အစဉ်ရိုကျိုး ကိုးကွယ်ဆည်းကပ်ရာသည်။ ဗောဒ္ဓေါ၊ ဂေါတမမြတ်စွာဘုရားသခင်ပေတည်း။

----- × -----

[၁၀] ကမ္မောဇတိုင်း၊ ဤရာနီကျောက်စာ

၁။ ကံဗုဇ္ဈိယ

အနက်ကား- ကံဗုဇ္ဈိယ၊ ကမ္မောဇတိုင်းပြည်။

----- × -----

[၁၁] သိဝိတိုင်းမှ ရရှိသော ငွေဒဂီး ၇-ပြားစာ

၁။ မဇ္ဈိမက သိဝိဇနပဒဿ။

အနက်ကား- မဇ္ဈိမက၊ မဇ္ဈိမတိုက်တွင် အဝင်အပါဖြစ်သော။ သိဝိဇနပဒဿ၊ သိဝိ-တိုင်းပြည်၏။

----- × -----

[၁၂] ပြဟ္မီလိပိ-ခေါ်သော အက္ခရာ၏အကြောင်း

ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၅၀၀-လောက်မှ ခရစ်တော်သက္ကရာဇ်-၃၅၀(သာသနာ-တော်သက္ကရာဇ် ၄၄-ခုနှစ်မှ-၈၉၄) တိုင်အောင် ဤ ၈၅၀-အတွင်း ပြဟ္မီအက္ခရာကိုပင် အသုံးပြု

ကြဟန် တူ၏။ ထို့ကြောင့် ပြဟ္မီအက္ခရာသည် မဇ္ဈိမဒေသ၏ ရှေးဟောင်းအက္ခရာဖြစ်၏။ အစပထမ ပြဟ္မီအက္ခရာဖြင့် ရေးထားခဲ့သော ကမ္ပည်းကျောက်စာကို ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၃၀၀-အသောကမင်းလက်ထက်သို့ တိုင်အောင် အတွင်းမှာသာ ရရှိပေ၏။

သို့ရာတွင် လွန်ခဲ့သောနှစ်ပေါင်းအနည်းငယ်က အထက်ပြဟ္မီအက္ခရာဖြင့် ရေးထိုးထားခဲ့သော ကျောက်စာငယ် ၂-ခုကိုလည်း ပိပရဝါစေတီနှင့် ဗရလီရွာမှ ရရှိ၏။ ဤကျောက်စာသည် ခရစ်တော်မပေါ်မီ အနှစ် ၅၀၀-လောက်က ကျောက်စာဖြစ်လေ၏။ ဤကျောက်စာနှင့် အသောကမင်းကြီး၏ကျောက်စာသည် ပြောပလောက်အောင် မကွဲပြားချေ။ ဥပမာ ဆိုသော် ခရစ်တော်သက္ကရာဇ် ၁၄၀၀-မှစ၍ ယခုထက်ထိ နာဂရီအက္ခရာ မကွဲပြားသကဲ့သို့တည်း။

သို့သော် အသောဂဃထက် အလွန်နောက်မကျသော အိန္ဒိယတောင်ပိုင်း ဘတ္တိပြိုလုစေတီတော်ကျောက်စာနှင့် ပိပရဝါ, ဗရလီ, အသောကကျောက်စာသည် အတော်အတန်ကွဲပြားကြောင်းကို သိရှိရပေ၏။ ထို့ကြောင့် ဤအကြောင်းအရာများကို ထောက်ဆ၍ ဘတ္တိပြိုလုကျောက်ကမ္ပည်းစာသည် အသောက၏လက်ထက်မှ မဆင်းသက်လာဘဲ ထိုထက်ပင် ရှေးကျသော ပိပရဝါ, ဗရလီကျောက်စာများ ဆင်းသက်လာသော ပထမ ပြဟ္မီအက္ခရာမှ ဆင်းသက်လာလိမ့်မည်-ဟု သိမှတ်ရပေ၏။

ဤပြင် ဘတ္တိပြိုလုကျောက်ကမ္ပည်းစာသည် မြောက်ပိုင်းရှိ ဗုဒ္ဓဘာသာကျမ်းဂန် ၁-ခုဖြစ်သော လလိတဝိစ္ဆာရ်-ခေါ်သောကျမ်းတွင် ပါရှိသော ဒြဝိဋလိပိပင် ဖြစ်တန်ရာ၏။ အဘယ့်ကြောင့်ဆိုသော် ထိုကျောက်ကမ္ပည်းစာကို ဒြဝိဋတိုင်းပြည်၊ ကြိုရှဏမြို့စီရင်စု၌ ရရှိခြင်းကြောင့် ဆိုလိုက်ရပေ၏။

အသောကမပေါ်မီကပင် ကျိုင်းနီဘာသာဖြစ်သော သမဝါယဂ်သုတ်၌လည်းကောင်း, ထို့နောက်ကို စီရင်ထားခဲ့သော လလိတဝိစ္ဆာရ်ကျမ်း၌လည်းကောင်း ပြဟ္မီအက္ခရာမှတပါး အခြားသောအက္ခရာများတို့၏ အမည်ကိုလည်း သိရှိရ၏။ သို့သော် ထိုဘာသာတို့ဖြင့် ရေးထိုးထားခဲ့သော ကမ္ပည်းစာတစ်စုံတစ်ခုကို ယခုထက်ထိ မတွေ့ရှိရသေးချေ။ ဤကဲ့သို့ မတွေ့ရခြင်းမှာလည်း ၎င်းဘာသာများသည် ရှေးကာလကပင် တိမ်မြုပ်သွားလေဟန်နှင့် တူလေသည်။ ၎င်းပြင်လည်း ထိုအက္ခရာဘာသာများသည် ပြဟ္မီအက္ခရာဘာသာများလောက် အသုံးမပြု, မတွင်ကျယ်ဘဲ ရှိကောင်းရှိလိမ့်မည်။ ဥပမာကား ယခုအခါ အက္ခရာဘာသာအမျိုးမျိုးပင် ရှိငြားသော်လည်း သက္ကဋ္ဌဘာသာကို အထူးသဖြင့် နာဂရီအက္ခရာဖြင့် ရေးသားဘိသကဲ့သို့ပင် မှတ်ရမည်။

အထူးသတိထား၍ စဉ်းစားရန် ၁-ချက်မှာလည်း သာသနာတော်သက္ကရာဇ် ၄၄-ခုနှစ်မှ ရှေးကျသော ပြဟ္မီအက္ခရာ တစ်စုံတစ်ခုကို ယခုထက်တိုင်အောင် မတွေ့ရှိရသေးချေ။ ထို့ကြောင့် ပြဟ္မီအက္ခရာ၏ စၦဖြစ်ပေါ်လာခြင်းသည် သာသနာတော်သက္ကရာဇ် ၄၄-ခုနှစ်လောက်မှ စၦဖြစ်ကြောင်းကို ယူဆသင့်ပေ၏။

လက်ဖြင့် ရေးထိုးအပ်သော အက္ခရာမည်သည်ကား မည်သည့်တိုင်းပြည်မဆို ကာလအားလျော်စွာလည်းကောင်း သို့မဟုတ် စာရေးဆရာတို့၏ အလိုဆန္ဒအားလျော်စွာလည်းကောင်း ပြောင်းလွဲဖောက်ပြန်ခြင်း ဖြစ်တတ်လေ၏။ နောက်ကာလရှည်လျားသောအခါ အထက်ပြခဲ့သည့်အတိုင်း ပြဟ္မီအက္ခရာသည် မျိုးစွာပြောင်းလွဲလျက် သွားလေ၏။ ယခုကာလ အိန္ဒိယနိုင်ငံတော်ရှိ နာဂရီ, သျှာရဒါ (ကဿမီရီ), ဂုရမုခီ (ပံဂျာဗီ), ဗံဂလား, ဥရိယာ, ဘေလုဂု, ကန္နရီ, ဂြန္ထ, တာမိလ-အစရှိသော အက္ခရာသည် စင်စစ်မှာ ရှေးဟောင်းပြဟ္မီအက္ခရာမှ ဆင်းသက်လာပြားသော်လည်း လုံးဝမတူဘဲ ရှိနေ၏။

ထို့ကြောင့် ပြဟ္မီအက္ခရာမှ အစပြု၍ ဆင်းသက်လာသော အက္ခရာ၏ ရေးသားပုံနည်းလမ်းကို အောက်ပါအတိုင်း ခွဲခြား၍ ပြရမည်ဆိုလျှင် သာသနာတော်သက္ကရာဇ် ၄၄-ခုနှစ်မှ ၈၉၄-ခုနှစ်အတွင်း အိန္ဒိယနိုင်ငံတော်ရှိ အက္ခရာအလုံးကို ပြဟ္မီ-ဟူသော အမည်ဖြင့် ခေါ်ဆိုကြပြီးလျှင် ထိုမှ နောက်ကို **အိန္ဒိယမြောက်ပိုင်းရေးနည်း, အိန္ဒိယတောင်ပိုင်းရေးနည်း**-ဟု ၂-မျိုး, ၂-စား ခေါ်ဆိုရပေလိမ့်မည်။ မြောက်ပိုင်းရေးနည်းသည် ဝိန္ဓျတောင်၏ မြောက်ပိုင်း၌ တွင်ကျယ်၍ တောင်ပိုင်းရေးနည်းသည် ဝိန္ဓျတောင်၏ တောင်ပိုင်းနယ်တို့၌ တွင်ကျယ်လေ၏။ သို့သော်လည်း မြောက်ပိုင်းရေးနည်းနှင့် တောင်ပိုင်းရေးနည်း ၂-မျိုးသည် အချို့အချို့ နေရာမှာ တူမျှလျက် ပါနေသည်ကို တွေ့ရှိရ၏။

မြောက်ပိုင်း၌ ဂုပ္တလိပိ, ကုဋိလလိပိ, နာဂရီ, သျှာရဒါ, ဗံဂလား၊ ဤအက္ခရာများတို့သည် ဖြစ်ကုန်၏။ **တောင်ဘက်၌** ပဿကျိမိ, မဗျပြဒေသျှိ, တေလုဂု (ကန္နရီ), ဂြန္ထလိပိ, ကလိင်္ဂလိပိ, တာမိလလိပိ, ဝဋ္ဋေလုတ္တ၊ ဤအက္ခရာများတို့သည် ပါဝင်ကုန်၏။

----- × -----

[၁၃] ပြဟ္မီဂဏန်းသင်္ချာကို ဖော်ထုတ်၍ ပြခြင်း

ရှေးက ပြဟ္မီဂဏန်းသင်္ချာ ရေးနည်းမှာ ၁-ဟူသော သင်္ချာတစ်ခုမှ ၉-ဂဏန်းတိုင်အောင် အမျိုးချင်းမတူဘဲ အမှတ်သင်္ကေတ တစ်ခု, တစ်ခုစီ ဂဏန်း ၉-လုံး ပါရှိ၏။ ၁၀-၂၀-၃၀-၄၀-၅၀-၆၀-၇၀-၈၀-၉၀-တိုင်အောင် ရေးနည်းမှာ ၁၀-လက္ခဏာ၏ နေရာ၌

၉-ဂဏန်း၏ အမှတ်လက္ခဏာတစ်မျိုးစီ၊ ၎င်းပြင် ရာ,ထောင်တို့၏ အလို့ငှာလည်း အမှတ်သင်္ကေတ တစ်မျိုး,တစ်မျိုးစီ ပါရှိ၏။ ထိုလက်ထက်အခါ သုညကို အသုံးပြုလေ့မရှိချေ။ ဤလက္ခဏာ ၂၀-ဖြင့် ၉၉၉၉၉-ဂဏန်းလောက်ကိုသာ ရေးနိုင်၏။ သိန်း, သန်း, ကုဋေ-စသော ဂဏန်းကို ရေးသားရန် သင်္ကေတလက္ခဏာကို ယခုထက်ထိ မရရှိသေး။

အဘယ့်ကြောင့်ဆိုသော် ကျောက်ကမ္ပည်းစာနှင့် ကြေးပုရပိုက်စာတို့မှာ သိန်းမှစ၍ အထက်သင်္ချာဂဏန်းကို မရရှိသောကြောင့်-ဟု သိရမည်။ ၁၁-သင်္ချာမှ ၉၉-တိုင်အောင် ရေးနည်းအစီအစဉ်မှာ ပထမ ဆယ်ဂဏန်းလက္ခဏာကို ရေးပြီးလျှင် ထိုဆယ်ဂဏန်း၏ ရှေ့၌ ခု-ဟု ခေါ်သော သင်္ချာဂဏန်းကို ရေးထည့်သွင်းလိုက်၏။ ဥပမာကား ၁၅-ကို ရေးလိုလျှင် ၁၀-လက္ခဏာကို ရေးပြီးမှ ၎င်း၏ရှေ့က ၅-ဂဏန်း၏ လက္ခဏာကို ရေးကြရ၏။ ဤနည်းအတူ ၃၃-ကို ရေးလိုလျှင် ၃၀-၏ လက္ခဏာကို ရေးပြီးမှ ၎င်း၏ရှေ့က ၃-ဂဏန်းကို ထည့်သွင်းလေ၏။ ၉၃-ကိုလည်း ၉၀-ကို ရှေ့ဦးစွာရေးပြီးလျှင် ၎င်း၏ရှေ့က ၃-ဂဏန်းကို ရေးရမည်။ ရေးပုံကား- ၁၅= ၁၀-၅၊ ၃၃= ၃၀-၃၊ ၉၃= ၉၀-၃၊ ဤသို့ စသည်ဖြင့် ရေးလေ့ရှိ၏။

၂၀၀-ရေးလိုလျှင် ၁၀၀-၏လက္ခဏာကို ရေးပြီးမှ ၎င်း၏လက်ယာဘက်တွင်၊ တရံတခါ အပေါ်၌လည်းကောင်း, အလယ်ကြား၌လည်းကောင်း သို့မဟုတ် အောက်၌လည်းကောင်း အဖြောင့်ဖြစ်စေ, အကောက်ဖြစ်စေ တစ်ခုခုသော သင်္ကေတလက္ခဏာကို ထည့်သွင်း၍ ရေးလေ့ရှိ၏။ ၃၀၀-ရေးရာ၌ ပထမနည်းအတိုင်း ၁၀၀-၏ သင်္ချာနှင့်အတူ အကြောင်းကလေး ၂-ကြောင်းကို ရေးထည့်ရပေ၏။ ၄၀၀-မှ ၉၀၀-တိုင်အောင် ရေးလိုလျှင်လည်း ၁၀၀-၏လက္ခဏာကို ရှေ့ဦးစွာရေးပြီးလျှင် ၎င်းနှင့်အတူ အစဉ်အတိုင်း ၄-ဂဏန်းမှ ၉-ဂဏန်းတိုင်အောင် အကြောင်းငယ်ဖြင့် ပေါင်းစပ်ရ၏။

၁၁၁-မှ ၉၉၉-တိုင်အောင် ရေးနည်း၌ ရာဂဏန်း၏ရှေ့က ဆယ်နှင့် ခုဂဏန်းကို အစဉ်အတိုင်း ထည့်သွင်း၍ ရေးလေ့ရှိ၏။ ဥပမာကား ၁၂၉-ကို ရေးလိုလျှင် ၁၂၉=၁၀၀-၂၀-၉၊ ၉၅၅-ကို ရေးလိုလျှင် ၉၅၅=၉၀၀-၅၀-၅- စသည်ဖြင့် ရေးသားရမည်။ အကယ်၍ ဤကဲ့သို့ ဂဏန်းအမှတ်၌ ဆယ်ဂဏန်း၏ အမှတ်မရှိခဲ့လျှင် ရာ၏နောက်က ခုဂဏန်းအမှတ်ကို ထား၍ ရေးလေ့ရှိ၏။ ဥပမာကား ၃၀၁-ကို ရေးလိုလျှင် ၃၀၀-၏နောက်က ၁-ဂဏန်းကို ထည့်၍ ရေးရ၏။ ရေးနည်းကား- ၃၀၁= ၃၀၀-၁- စသည်ဖြင့် ရေးရမည်။

၂၀၀၀-ကို ရေးလိုလျှင် ၁၀၀၀-လက္ခဏာ၏ လက်ယာဘက်၌ အပေါ်တွင် အကြောင်းငယ် ဖြောင့်ဖြောင့်တစ်ခုကို အောက်သို့ မျက်နှာမူလျက် ထည့်သွင်းရ၏။ ၃၀၀၀-ကို ရေးရာ၌လည်း ၎င်းနည်းတူစွာ အကြောင်းငယ်တစ်ခုကို ရေးထည့်ရ၏။ ၄၀၀၀-မှ-၉၀၀၀-တိုင်အောင်လည်းကောင်း၊ ၁၀၀၀၀-မှ ၉၀၀၀၀-တိုင်အောင်လည်းကောင်း ရေးလို

လျှင် ၁၀၀၀-၏ရှေ့က ၄-၅-၆-စသည်ဖြင့် ၉-ဂဏန်းတိုင်အောင် ၎င်းပြင် ၁၀-မှ ၉၀-တိုင်အောင်သော ဂဏန်းအမှတ်ကို အစဉ်အားလျော်စွာ အကြောင်းငယ်တစ်ခုစီဖြင့် ပေါင်းစပ်၍ ရေးလေ့ရှိ၏။ ၁၁၀၀၀-ကို ရေးလိုလျှင် ၁၀၀၀၀-အမှတ်ကို ရေးပြီးမှ ၎င်း၏အနီး အပါးတွင် ၁၀၀၀-ဂဏန်း၏ အမှတ်သင်္ကေတကို ရေးရ၏။

ဤနည်းအတူ ၂၁၀၀၀-ကို ရေးလိုလျှင် ဥပမာကား- ၂၁၀၀၀ = ၂၀၀၀၀-၁၀၀၀၊ ၉၉၀၀၀=၉၀၀၀၀-၉၀၀၀၊ ၉၉၉၉၉=၉၀၀၀၀-၉၀၀၀-၉၀၀-၉၀-၉။ အကယ်၍ကား ရာ,ဆယ် နေရာ၌ ဂဏန်းမပါရှိခဲ့လျှင် ထောင်ဂဏန်း၏ရှေ့က ခုဂဏန်း၏အမှတ်ကို ထား၍ ရေးရာ၏။ ဥပမာကား ၆၀၀၁-ကို ရေးလိုလျှင် ၆၀၀၁=၆၀၀၀-၁၊ ဤနည်းအတိုင်း ရေးသားလေ့ရှိ၏။

အထက်ဖော်ပြခဲ့သော ပြဟ္မီဂဏန်းသင်္ချာတို့တွင် ၁-၂-၃-ဂဏန်း၏ လက္ခဏာသည် အစဉ်အတိုင်း ၁-ဂဏန်း၏အမှတ်ကြောင်း –၊ ၂-ဂဏန်း၏အမှတ်ကြောင်း =၊ ၃-ဂဏန်း ၏အမှတ်ကြောင်း ≡၊ ဤလက္ခဏာကို ထည့်သွင်း၍ ရေးရာ၏။ ယခုထက်ထိ ဤလက္ခဏာ မျိုးကို ကုန်သည်တို့စာအုပ်၌ ကျပ်, ပဲရေးရာ၌ ၁ ပဲ, ၂-ပဲ , ၃-ပဲတိုင်အောင် ရေးလေ့ရှိ၏။ ရှေးဟောင်းကျောက်စာ, ကြေးပုရပိုက်စာများ၌ ၄-ဂဏန်းမှ ၁၀၀၀-သင်္ချာ တိုင်အောင်သော လက္ခဏာကို အက္ခရာသင်္ချာဖြင့် ရရှိပေ၏။

အသောကကျောက်စာ၌–

၄-ဂဏန်း၏ သင်္ကေတသည် က-အက္ခရာနှင့် တူ၏။

၅-ဂဏန်း၏ အက္ခရာသင်္ချာ- တ, တာ, ပု, ဟု, ရှ, တြီ, တြီာ, နှ, နှာ, ပြီ, ပြ, ဟ၊

၆-ဂဏန်း၏ အက္ခရာသင်္ချာ- ဇ, သ, ဖြ, ဖြာ, ဖ, ဖာ, ဟာ၊

၇-ဂဏန်း၏ အက္ခရာသင်္ချာ- ဂြ, ဂု, ဂ၊

၈-ဂဏန်း၏ အက္ခရာသင်္ချာ- ဟြ, ဟြာ, ဟ, ဟာ, ဥ, ဝု, ဒ္ဓ, ဒ္ဓာ, ရ, ဗြ, ဗြာ၊

၉-ဂဏန်း၏ အက္ခရာသင်္ချာ- သြ, ဥ, အောက်၊

၁၀-ဂဏန်း၏ အက္ခရာသင်္ချာ- ယိ, ဟ, ဟြီ, ခ, လြီ၊

၂၀-ဂဏန်း၏ အက္ခရာသင်္ချာ- ထ, ထာ၊

၃၀-ဂဏန်း၏ အက္ခရာသင်္ချာ- လ၊

၄၀-ဂဏန်း၏ အက္ခရာသင်္ချာ- တိ, သ၊

၅၀-။။။။ ဂဏန်း၏ အက္ခရာသင်္ချာ- ဗ၊

၆၀-ဂဏန်း၏ အက္ခရာသင်္ကေတ- ပ, ပ္ပ, ယာ, ပြ၊

၇၀-ဂဏန်း၏ အက္ခရာသင်္ကေတ- တ္ထိ, ပ္ပ, ရော, ပ္ပါ, ပြ, ယာ, ဟြ၊

၈၀-ဂဏန်း၏ အက္ခရာသင်္ကေတ- × က, ပ္ဂပါ၊

၉၀-ဂဏန်း၏ အက္ခရာသင်္ကေတသည် – မရှိ၊ ဘယ်အက္ခရာနှင့်မျှလည်း မတူ။

၁၀၀-ဂဏန်း၏ အက္ခရာသင်္ကေတ- သု, အ၊

၂၀၀-ဂဏန်း၏ အက္ခရာသင်္ကေတ- ဿ, အာ, လာ, ဆူ။

အထက်ဖော်ပြခဲ့သော ရှေးဟောင်းအက္ခရာသင်္ကေတ၏ ဂဏန်းသည် အက္ခရာတို့နှင့် တူမျှကြောင်းကိုသာ ဖော်ပြလိုက်ပေ၏။ ထိုအက္ခရာတို့မှာလည်း အလုံးစုံသော အက္ခရာသည် အထက်ပါဂဏန်းတို့နှင့် လုံးလုံးကြီး မတူကြ။ အချို့အချို့သော အက္ခရာသည် ဂဏန်းနှင့် တူ၏။ အချို့ကလည်း မတူ။ မဇ္ဈိမဒေသ၌ ဂဏန်းသင်္ကေတသည် ဘယ်အခါက ပေါ်ပေါက်သည်-ဟု နေရာကို သေချာစွာ မသိကြားသော်လည်း အသောက၏ ဆိုဒ္ဓါပုရ်, ဆဟဆရာမ်, ရူပနာထ်၊ ဤကျောက်စာတို့၌ ၂၀၀, ၅၀, ၆-ဂဏန်းသင်္ကေတများကို ရရှိ၏။ ထိုသင်္ကေတတို့တွင် ၂၀၀-၏ ဂဏန်းအမှတ်သည် ထိုစာတမ်း ၃-ခု၌ ၃-မျိုးစီ ကွဲပြားလျက်နေ၏။

၅၀-နှင့် ၆-ဂဏန်း၏ အမှတ်သင်္ကေတလည်း ၂-မျိုး, ၂-စား ခြားနားပါရှိ၏။ ထိုကဲ့သို့ တစ်မျိုးနှင့်တစ်မျိုး မတူကြသည်ကို ထောက်ဆဆင်ခြင်လျှင် ဤဂဏန်းရေးနည်းသည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၃၀၀-အတွင်းက အသစ်ပြုလုပ်၍ ရေးနည်းမဟုတ်ဘဲ လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ဆင်းသက်၍ လာသည်-ဟု ဆိုရပေလိမ့်မည်။ ဤကဲ့သို့ မဟုတ်ခဲ့လျှင် အသောကစာတမ်း၌ ဂဏန်း ၂၀၀-သည် တစ်မျိုးနှင့်တစ်မျိုးမတူဘဲ ၃-မျိုးကွဲပြားလျက် မရှိနိုင်ရာ။ အသောက မပေါ်မီကပင် ဆိုခဲ့သော ဂဏန်းရေးနည်းလက္ခဏာသည် ဘယ်ကဲ့သို့ ရှိ၍ ထို့နောက်ကို ဘယ်လိုပြောင်းလဲလာသည်-ဟု သေချာစွာ ပြောဆိုနိုင်ရန် အလွန်ခဲယဉ်းပေ၏။ ပညာရှိတို့ထံမှလည်း ဆုံးဖြတ်ချက် မရရှိသေးချေ။

----- × -----

[၁၄] ခရိုရှဒ္ဒီလိပိ-ခေါ်သော အက္ခရာ၏အကြောင်း

မောရိယအနွယ်ဝင် အသောကမင်းကြီး၏ ကျောက်စာများတို့တွင် သျှာဟဗာဂ်ဂ-ဟာရီနှင့် မာန်နဆေရာ၊ ဤကျောက်စာ ၂-ခုကိုသာ ခရိုရှဒ္ဒီအက္ခရာဖြင့် ရေးထိုးလျက် ထားခဲ့သည်ကို တွေ့ရှိရ၏။ ဤကျောက်စာ ၂-ခုကို ထောက်၍ ခရိုရှဒ္ဒီအက္ခရာသည် အသောက

မင်းကြီးလက်ထက်၌ အိန္ဒိယအနောက်မြောက်ပိုင်း ပံ့ကျာပ်, ဂန္ဓာရတိုင်းပြည်၌သာ တွင်ကျယ်လျက် ရှိနေခဲ့ကြောင်းကို သိရှိရပေ၏။

အသောကမပေါ်မီ အဆိုပါအကျင့်ရာဖြင့် ရေးထိုးထားခဲ့သော တစ်စုံတစ်ခုသော ကမ္ဘည်းစာကို ယခုထက်ထိ မတွေ့ရှိရပေ။ သို့သော် ဤရာနီ(ပသီ) လူမျိုးတို့၏ ငွေဒင်္ဂါးများတို့၌ ဗြဟ္မီအက္ခရာနှင့် ခရိုရှဋ္ဌီအက္ခရာကို ၁-လုံး, ၁-လုံးစီ ရိုက်နှိပ်လျက် ပါရှိသည်ကို တွေ့ရှိရပေ၏။ အထက်ပါစကားများကို ထောက်လျှင် ပံ့ကျာပ်နယ်၌ သုံးစွဲကြသော ဤရာနီ ငွေဒင်္ဂါးများသည် အလဂ္ဂစန္ဒာ(ဆိကန္ဒရ)မင်း မပေါ်မီကပင် သို့မဟုတ် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၄၀၀-လောက်ကပင် ရှိကောင်း ရှိတန်ရာ၏။ (သာသနာတော်သက္ကရာဇ်အားဖြင့်ဆိုသော် ၁၄၄-ခုလောက်ကပင် ရှိတန်ရာ၏။) အဘယ့်ကြောင့်ဆိုသော် အလဂ္ဂစန္ဒာမင်း ဝင်ရောက်တိုက်ခိုက်သည်မှ စ၍ ဤရာနီလူမျိုးတို့သည် ပံ့ကျာပ်ပြည်ကို လက်လွှတ်၍ ထွက်ပြေးရလေ၏။ ထို့ကြောင့် ခရစ်တော်မပေါ်မီ အနှစ် ၄၀၀-လောက်ကပင် ရှိသင့်၏-ဟု ဆိုသောစကားသည် အမှန်ပင် ဖြစ်ပေ၏။

အသောကမင်းကြီး လွန်ပြီးနောက် ဤအက္ခရာကို နိုင်ငံခြားမင်းတို့၏ ဒင်္ဂါးနှင့် ကမ္ဘည်းစာ-စသည်တို့မှာ များသောအားဖြင့် တွေ့ရှိရပေ၏။ ဒင်္ဂါးတို့၌ ဝါကတြိယန်ဂြိတ် (ယူနာနီ), သျှက္ကာ(သက), ချတြပ, ပါရသိယန်, ကုသျှန်ဝံသီမင်းများအောက် ဒုမ္မရ အစရှိကုန်သော ဤတိုင်းပြည်ရှိ မင်းတို့၏ ဒင်္ဂါးများ၌ တဖက်သော မျက်နှာပြင်တွင် ဤကမ္ဘည်းစာကို ခရိုရှဋ္ဌီအက္ခရာဖြင့် ရိုက်နှိပ်ပါရှိလေ၏။ ဤအက္ခရာဖြင့် ရေးထားခဲ့သော ကျောက်စာ, ကြေးပုရပိုက်စာသည် ဗြဟ္မီအက္ခရာထက် အထူးနည်း၍ အလွန်ငယ်သည်ကို တွေ့မြင်ရပေ၏။

သျှက္ကာ(သက), ချတြပ, ပါရသိယန်, ကုသျှန်အနွယ်ဝင်မင်းများ အုပ်စိုးစဉ်က ကမ္ဘည်းစာများတွင် မင်း၏အမည်နှင့် လူသာမည်တို့၏ အမည်သည် ပါရှိ၏။ ဤဒင်္ဂါးများကို ဗုဒ္ဓဘာသာဆိုင်ရာ စေတီကျောင်းများ၌ တပ်ထားအပ်သော ကျောက်အိုး, ခွက်, ရွှေ, ငွေ, ကြေး-စသည်တို့၏ တံဆိပ်၌လည်းကောင်း၊ ကျောက်ဆောင်, ဘုရားရုပ်တု, ဆင်းတုတော်တို့၏ ပလွင်တို့၌လည်းကောင်း ထွင်းထုထားလျက် ပါရှိနေသည်ကို တွေ့ရှိရပေ၏။ ၎င်းကမ္ဘည်းတံဆိပ်များကို များသောအားဖြင့် ဂန္ဓာရတိုင်း၊ တက္ကသိုလ်ပြည်မှသာ ရရှိပေ၏။ ထိုနေရာတို့မှာလည်း အထူးသဖြင့် တက္ကသိုလ်(သျှာဟဒဟေရီ), ပံ့ကျာပ်နယ်, ရာဝလပိဏ္ဍီ, ကျာရဆတ်ဘာခေါ်သော ပုရှကလာဝတီမှ ရရှိ၏။

၎င်းပြင် ပံ့ကျာပ်နယ်ပြင်ဘက် အာဖဂါနိုဆတာန်ပြည်၊ ဝရဘုကစီရင်စုဌ်လည်းကောင်း၊ ရှေးအခါက ဟိတ်ဘာခေါ်သော ယခုအခါ ဂျလာလာဗာဒ်မြို့မှ တောင်ဘက် ၅-

မိုင်လောက်အကွာအဝေးဌ ရှိကုန်သောအရပ်တို့ဌလည်းကောင်း၊ မထုရာမြို့ဌလည်းကောင်း ရရှိပေ၏။ အခြားအခြားသော နေရပ်ဌာနမှသော်ကား မရရှိကြောင်းကို ကျောက်စာဘက် ဆိုင်ရာတွင် တွေ့မြင်ရပေ၏။

ခရိုရှင်ဒီအက္ခရာ၏ ရေးနည်းမှာ ဖာရဆီ, ဥိရဒူရေးနည်းကဲ့သို့ လက်ယာမှ လက်ဝဲဘက်သို့ တင်၍ ပြောင်းပြန်ရေးလေ့ရှိသည်။ ၎င်းပြင် 'က-ဇ-ဒ-နဗ-ယ-ရ-ဝ-ရှ-သ-ဟ' ဤ ၁၁-လုံးသော အက္ခရာသည် **အရမက္ကက်-ခေါ်**သော အက္ခရာနှင့် အချို့ ထက်ဝက်တူလေသည်။ အဆီရိယာနှင့် ဗာဗီလန်ခေါ်သော တိုင်းပြည်ဌ ကျူနီဖရမာ အမည်ရှိသော အက္ခရာသည် တွင်ကျယ်ငြားသော်လည်း မင်းနှင့်ဆိုင်ရာ, ရောင်းဝယ်ကူးသန်းမှုနှင့်ဆိုင်ရာတို့မှာ အရမက္ကက်ခေါ်သော အက္ခရာကိုသာ အသုံးပြုလေသည်။ ဟခါမနီ(အကမီနီယန်) အနွယ်ဝင် မင်းတို့လက်ထက်ဌ ဤရန်နိုင်ငံတော်၏ တန်ခိုးအာနုဘော်သည် အထူးပြန့်နှံ့၍ အနီးအဝေးရှိ တိုင်းပြည်တို့သည် အထက်ပါနိုင်ငံတော်၏ လက်အောက်ခံဖြစ်နေရလေသည်။ ထိုကာလနှင့် ဆိုင်သော အရမက္ကက်ခေါ် အက္ခရာဖြင့် ရေးထားသော ကမ္ပည်းစာကို မိဆရ်, အရဗ်, ဇေရှိယာ, မာဂ္ဂနရ်နယ်ပြည်တို့ဌ ရှိလေသည်။

ကမ္ပည်းစာ ၁-ခုကို ဤရန်ပြည်ဌ ရ၍ ၁-ခုသောကမ္ပည်းစာကို ဂ္ဂန္ဒီယပြည် တက္ကသိုလ်မြို့ဌ ရရှိလေသည်။ မိဆရ်(အီဂျစ်)ပြည်မှ ဟခါမနီမင်းတို့၏ ကမ္ပည်းစာနှင့် ဇေရှိယာ, မာဂ္ဂနရ်ပြည်မှ ရရှိသော ဤရာနီလူမျိုး၊ ချတြပမင်းတို့၏ ဒဂီးများတို့ဌ ထိုအရ-မက္ကက်ခေါ်သော အက္ခရာကို တွေ့ရှိရလေသည်။ ထို့ကြောင့် ဟခါမနီအနွယ်ဝင် ဤရာနီမင်းတို့၏ အသုံးပြုသော အက္ခရာသည် အရမက္ကက်ခေါ်သော အက္ခရာပင် ဖြစ်၏-ဟု မှတ်ယူသင့်သည်။ ရောင်းဝယ်ကူးသန်းခြင်း အရာဌာနမှာလည်း ၎င်းအက္ခရာကိုပင် အခြားအခြားသောနိုင်ငံတို့က အသုံးပြုကြလေသည်။

ဂ္ဂန္ဒီယပြည်သည်လည်း ဤရန်နှင့်ရှေးကပင် ဆက်သွယ်နေခြင်းကြောင့် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၅၅၈-နှစ်မှ ၅၃၀ ဤ ၂၈-နှစ်အတွင်း အုပ်ချုပ်ခဲ့သော ဆာဂ္ဂရုဆ် ခေါ်သော မင်းသည် ဂန္ဓာရပြည်ကို အောင်မြင်လေ၏။ ၎င်းပြင် ခရစ်တော်မပေါ်မီ ၃၁၆-နှစ်မှာ ပထမဒါရာမင်းသည် ဆိန္ဓုမြစ်တိုင်အောင် ဂ္ဂန္ဒီယနိုင်ငံ အနောက်မြောက်ပိုင်းကို သိမ်းပိုက်လေ၏။ အဆိုပါပြည်နယ်သည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၃၃၁-နှစ်တိုင်အောင် ဒါရာမင်း၏ လက်ထဲဌပင် ရှိနေလေ၏။ သို့ဖြစ်သောကြောင့် ၎င်းမင်းတို့၏ ပိုင်ဆိုင်ရာဒေသတို့မှာ အရမက္ကက်ခေါ်သော အက္ခရာသည် ထွန်းကား၍ ထိုအက္ခရာမှပင် ခရိုရှင်ဒီအက္ခရာသည် ဆင်းသက်ဖြစ်ပေါ်လာသည်-ဟု သိရှိရပေ၏။ ဥပမာကား မူဆလမာန်မင်းတို့၏ ဘာသာသည် ဖာရဆီဘာသာမှ ဆင်းသက်လာဘိသကဲ့သို့ မှတ်ယူရမည်။

အရမဂ္ဂက်အက္ခရာ၌ ၂၁-လုံးသာ ရှိ၏။ သရအက္ခရာ နည်းပြီးလျှင် ထိုသရအရာ၌ ရဿ, ဒီဃ မကွဲပြားခြင်းကြောင့် အိန္ဒိဘာသာကို ကုန်စင်အောင် ရေးဖို့ရန် အလွန်ခဲယဉ်းလေ၏။ အိန္ဒိယနိုင်ငံပညာရှိ အချို့က ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၅၀၀-လောက်က ထိုဘာသာ၌ အက္ခရာအချို့အချို့ကို ပိုမိုထည့်သွင်းပြီးနောက် အသီးအသီး ပြောင်းလွဲပြီးလျှင် လူအများတို့ အသုံးပြုနိုင်လောက်အောင် ခရိုရှင်ဋီအက္ခရာပြုလုပ်ဟန်နှင့် တူသည်။

ဤခရိုရှင်ဋီအက္ခရာကို စ၍ ပြုလုပ်သူသည် တရုတ်စာရေးနည်းကဲ့သို့ ရေးလေ့ရှိသော "ခရိုရှင်ဋပုဏ္ဏား"ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ထိုပုဏ္ဏားဆရာ၏ အမည်သို့ အစဉ်လိုက်၍ ၎င်းအက္ခရာကိုလည်း ခရိုရှင်ဋီအက္ခရာ-ဟု ခေါ်စမ္ပတ်ပြုကြဟန်နှင့် တူ၏။ ယခုထက်ထိ ရရှိသမျှ ကျောက်စာတို့၌ သရတို့၏ ဒီဃ, ရဿ မကွဲပြားဘဲ ပါရှိပေ၏။

သံယုတ်အက္ခရာ၌လည်း များသောအားဖြင့် သံယုတ်ဗျည်းတို့၏ ခြားနားသော ရုပ်လက္ခဏာ မထင်ရှားဘဲ ကွဲပြားထူးဆန်းသော ရုပ်လက္ခဏာကိုသာ တွေ့ရှိရ၏။ ထို့ကြောင့် ယခုထက်ထိ သံယုတ်အက္ခရာကို ဖတ်ရှတ်ရာ၌ ပညာရှိတို့ အလွန်ပဲ ခဲယဉ်းသေး၏။ ဗုဒ္ဓဘာသာဆိုင်ရာ ပြာကြိုတိကျမ်းဂန်တို့မှာလည်း ဒီဃ, ရဿသည် ကောင်းစွာ မကွဲပြား။ ထိုကျမ်း၌လည်း သံယုတ်အက္ခရာသည် အနည်းငယ်မျှသာ ပါရှိ၏။ သို့သော် ဤအက္ခရာမျိုးသည် သက္ကဋဘာသာကို ရေးခြင်းငှာ မထိုက်။ သေသေချာချာ စဉ်းစား၍ ကြည့်လိုက်လျှင် ဤအက္ခရာနှင့် ပြဟ္မီအက္ခရာမှာ ယခုကာလ နာဂရီကျမ်းနှင့် ရာဇပူဘာနာနယ်ရှိ စာမတတ်သော မင်းမှူထမ်းတို့၏ ရေးပုံရေးနည်းကဲ့သို့ ဤမျှလောက်သာ ကွဲပြား၏။

ခရစ်တော်သက္ကရာဇ် နှစ်ပေါင်း ၃၀၀-လောက်ထိ ထိုပြာကြိုတိအက္ခရာသည် ပံ့ကျော်နယ်၌ ရှိနေ၏။ ထို့နောက် ကွယ်ပျောက်သွားပြီးလျှင် ပြဟ္မီအက္ခရာပင် တိုင်းရင်းသားဘာသာ အက္ခရာအဖြစ်ဖြင့် ရှိနေလေ၏။ ဗုဒ္ဓဘာသာထွန်းကားသော ဟိန္ဒူကုသ္ဌ တောင်,မြောက်ပိုင်းရှိ တိုင်းပြည်များနှင့် တရုတ်, တူရကီ အစရှိကုန်သော နယ်ပြည်တို့၌ နောက်နှစ်ပေါင်းများစွာ တိုင်အောင် ဤပြာကြိုတိအက္ခရာသည် တွင်ကျယ်နေလေ၏။ ကျောက်စာပညာရှိ ဒေါက်တာဆရ်အာရယ်ဆတာဂျန်သည် ထိုတရုတ်, တူရကီ-စသော တိုင်းပြည်မှ ဤပြာကြိုတိဘာသာဖြင့် ရေးထိုးပါရှိသော ရှေးဟောင်းကျမ်းဂန်နှင့် ကမ္ဘည်းစာပါရှိသော ဖျဉ်သင်ပုန်းကြီး ၁-ခုကို ရှာဖွေလျက် ရရှိလေ၏။

----- × -----

[၁၅] ခရိုရှဒ္ဒီဂဏန်းသင်္ချာကို ဖော်ထုတ်၍ ပြခြင်း

ခရိုရှဒ္ဒီဂဏန်းသင်္ချာ၏ သင်္ကေတဂဏန်းလက္ခဏာသည် နိုင်ငံခြား၏ သင်္ကေတ လက္ခဏာဖြစ်၏။ အာရဗီ, ဟရဆီဘာသာ အက္ခရာရေးနည်းကဲ့သို့ လက်ယာဘက်မှ လက်ဝဲဘက်သို့ တင်၍ ရေးလေ့ရှိ၏။ ထိုဂဏန်းတို့သည် ဆေမိတိက်ဖိနိသျှိယန်ဂဏန်းမှလည်းကောင်း သို့မဟုတ် ဆေမိတိက်ဖိနိသျှိယန်ဂဏန်းမှ ထွက်ပေါ်လာသော အရမင်္ဂက်ဂဏန်းမှလည်းကောင်း ပေါ်ထွက်လာ၏-ဟု သိရ၏။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၃၀၀-လောက်က စ၍ ဂ္ဂန္ဒိယနိုင်ငံတော်ကြီးမှာ ဤဂဏန်းမျိုးကို တွေ့ရှိရပေ၏။

အသောကမင်းကြီး ရေးထိုးထားခဲ့သော သျှာဟဗာဂ်ိုဂဟရီခေါ်သော ကျောက်စာ၌ ၁-၂-ဂဏန်းကို အစဉ်အတိုင်း ၁=(I)၊ ၂=(II) ဤရပ်စောက်အကြောင်းသည် ပါရှိ၏။ ၎င်းပြင် ၄=(IIII)၊ ၅=(IIIII)ကိုလည်း ရပ်စောက်အကြောင်းနှင့်ပင် တွေ့ရှိ၏။ အသောက ရေးထိုးထားခဲ့သော မာန်နဆေရာကျောက်စာ၌လည်း ၁-၂-ဂဏန်းကို ၁=(I)၊ ၂=(II)၊ ၅=(IIIII) ဤကဲ့သို့ မတ်တပ်အကြောင်းနှင့် တွေ့ရှိရပေ၏။ အသောကလက်ထက်တိုင်အောင် ၉-ဂဏန်းထိ ဤဖိနိသျှိယန်ရေးနည်းကဲ့သို့ပင် ရေးသားလေ၏။

အသောကနောက်ကို သျှကပါရထိယန်, ကုသျှန်ဝံသီမင်းတို့လက်ထက်၌ ခရိုရှဒ္ဒီကျောက်စာမှာလည်း ဤဂဏန်းလက္ခဏာကို ဝိသေသအားဖြင့် တွေ့ရှိရပေ၏။ ထိုကျောက်စာများ၌ ၁-၂-၃-၄-၁၀-၂၀-၁၀၀-အလို့ငှာ တစ်မျိုးတစ်မျိုးစီ သင်္ကေတလက္ခဏာပါရှိ၏။ ဤ ၇-ခုသော လက္ခဏာဖြင့် ၃၉၉-ဂဏန်းတိုင်အောင်သာ ရေးသားနိုင်သည်။ ဤအမှတ်သင်္ကေတဂဏန်း၌ ၁-ဂဏန်းမှ ၉-ဂဏန်းတိုင်အောင် အစီအစဉ်ကား ၅-ဂဏန်းကို ရေးလိုလျှင် ၄-ဂဏန်း၏ လက်ဝဲဘက်တွင် ၁-ဂဏန်းကို ရေးရ၏။ ၆-ကို ရေးလိုလျှင် ၄-နှင့် ၂-ကို ရေးရ၏။ ၇-ကို ရေးလိုလျှင် ၄-နှင့် ၃-ကို ရေးရ၏။ ၈-ကို ရေးလိုလျှင် ၄-နှစ်လုံးကို ရေးရ၏။ ၉-ကို ရေးလိုလျှင် ၄-နှစ်လုံးနှင့် ၁-ဂဏန်းတစ်လုံးကို ထည့်သွင်းရေးရ၏။

၁၁-မှ ၁၉-တိုင်အောင် ရေးလိုမူ ၁၀-၏ လက်ဝဲဘက်၌ အထက်ပါနည်းအတိုင်း ၁-ဂဏန်းမှ ၉-ဂဏန်းထိ ရေးထည့်ရမည်။ ၂၀-မှ ၂၉-တိုင်အောင် ရေးလိုလျှင် ၂၀-၏ လက်ဝဲဘက်၌ ၁-ဂဏန်းမှ ၉-ဂဏန်းတိုင်အောင် ရေးထည့်ရမည်။ ၃၀-ကို ရေးလိုလျှင် ၂၀-နှင့် ၁၀-ကို ရေးရ၏။ ၃၁-မှ ၉၉-ကို ရေးရာ၌ ၂၀-၁၀-၁-ဂဏန်းမှ ၉-ဂဏန်းတိုင်အောင် အစဉ်အတိုင်း ရေးသားရ၏။ ဥပမာကား- ၇၄-ကို ရေးလိုလျှင် ၂၀-၂၀-၂၀-၁၀-၄- ဤကဲ့သို့ ပေါင်းစပ်ရ၏-ဟု မှတ်လေ။ ၉၉-ကို ရေးလိုလျှင် ၂၀-၂၀-၂၀-၂၀-၁၀-၄-၄-၁- ဤနည်းလမ်းအတိုင်း ရေးရမည်။

၁၁၀-ဂဏန်းကို ရေးရာ၌ ၁၀၀-၏ လက္ခဏာဂဏန်းရှေ့က ၁-ဂဏန်းကို ရေးရမည်။ ၂၀၀-ကို ရေးလျှင် ၁၀၀-၏ရှေ့က ၂-ဂဏန်းကို ထည့်လေ။ ၃၀၀-ကို ရေးလိုလျှင် ၃-ဂဏန်းကို ထည့်။ ၄၀၀-ကို ရေးလိုလျှင် ၁၀၀-၏ရှေ့က ၄-ဂဏန်းကို ထည့်။ သို့မဟုတ် ၄-ခုသောအကြောင်းကို ရေးထည့်ရ၏။ ၃၇၄-ဂဏန်း၏ အထက်ကို တစ်စုံတစ်ခုသော ဂဏန်းကို ယခုထက်ထိ မတွေ့ရသေးချေ။

----- × -----

[၁၆] မောရိယမင်းဆက်

စန္ဒဂုတ်မင်းကြီးသည် ခရစ်တော်သက္ကရာဇ်မပေါ်မီ နှစ်ပေါင်း ၃၂၂-ခုနှစ်မှ ခရစ်-တော်မပေါ်မီ ၂၉၈-နှစ်ထိ နန်းစံတော်မူခဲ့လေ၏။ ခမည်းတော် စန္ဒဂုတ်မင်းကြီး ၂၄-နှစ် နန်းစံပြီးနောက် အနိစ္စရောက်ခဲ့သော် သားတော်ဗိန္ဒုသာရ မင်းဖြစ်တော်မူလေ၏။ ဗိန္ဒုသာရ မင်းကြီးသည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၉၈-နှစ်မှ ခရစ်တော်မပေါ်မီ ၂၇၂-နှစ်တိုင်အောင် ထီးနန်းအုပ်ချုပ်တော်မူခဲ့လေ၏။ ဗိန္ဒုသာရမင်းကြီး နန်းသက် ၂၆-နှစ်စေ့၍ နတ်ရွာစံပြီးလတ်သော် သားတော် သီရိဓမ္မာသောကမင်းကြီးသည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၇၂-နှစ်မှ ခရစ်တော်မပေါ်မီ ၂၃၂-နှစ်သို့ ကျအောင် ပြည်အလုံးကို သိမ်းယူ၍ မင်းပြုလေ၏။ အသောကမင်းကြီး နန်းသက် ၄၀-ပြည့်မြောက်၍ နတ်ရွာစံ ကံတော်ကုန်ခဲ့လေသော် သားတော်ကုနာလသည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၃၂-ခုနှစ်မှ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၂၄-ခုနှစ်သို့ ကျအောင် မင်းပြုခဲ့လေ၏။ သားတော်ကုနာလ မင်းပြုကြောင်းကို ဝါယုပုရာဏ်ကျမ်းဂန်၌ ပါရှိ၏။

ဗိရှဏုပုရာမ်ကျမ်း၌မူကား သုယသသည်ပင်လျှင် ထီးနန်းရကြောင်း လာရှိ၏။ ဤနေရာမှာ ဂျာယဆဝါလခေါ်သော ပညာရှိ၏ အယူဝါဒအတိုင်းပင် ပညာရှိအားလုံးတို့က သုယသသည်ပင်လျှင် ကုနာလ-ဟူသော ဘွဲ့တံဆိပ်ကို ရရှိလေ၏-ဟု ဆုံးဖြတ်ကြ၏။ ကုနာလမင်း၏ နန်းသက်ကား ၈-နှစ်မျှသာ ရှိ၏။ ကုနာလမင်း အနိစ္စရောက်ခဲ့လေသော် သားတော် ဒသရထမင်းသားသည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၂၄-နှစ်မှ ခရစ်တော်မပေါ်မီ ၂၁၆-နှစ်တိုင်အောင် နိုင်ငံတော်အားလုံးကို အုပ်ချုပ်၍ မင်းပြုလေကြောင်းကို ဗြဟ္မဒဏ္ဍာပုရာဏ်ကျမ်း၌ လာရှိ၏။

သို့သော် ဇင်းပုရာဏ်၌ကား ဗန္ဓုပါလိတ အမည်ပင် ပါရှိကြားသော်လည်း ထိုဗန္ဓုပါ-လိတသည်ပင်လျှင် ဒသရထမင်း၏ ဘွဲ့တံဆိပ်ဖြစ်ကြောင်းကို ညွှန်ပြပေ၏။ ဒသရထမင်း

ထီးနန်းကို ရရှိပြားသော်လည်း တိုင်းပြည်အုပ်ချုပ်ရေးဌ ညီတော်ဆံပြတိ(သံပတိ) လက်ထဲမှာ သာ ရှိနေလေ၏။ ထို့ကြောင့် ညီတော်ဆံပြတိကိုပင် ဗန္ဓုပါလိတ-ဟူ၍ ခေါ်ဆိုစမှတ်ပြုကြ၏။ ဒသရထမင်းသည် နန်းသက် ၈-နှစ်စေ့၍ ကံကုန်ခဲ့သော် ဆံပြတိသည်ပင်လျှင် ခရစ်တော် မပေါ်မီ ၂၁၆-ခုနှစ်မှ ခရစ်တော်မပေါ်မီ ၂၀၇-နှစ်တိုင်အောင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်လေ၏။ ဆံပြတိမင်းကို ဣန္ဒြပါလိတ-ဟူ၍လည်း ခေါ်ဆိုကြ၏။ ဆံပြတိမင်း၏ နန်းသက်ကား ၉-နှစ်မျှသာရှိ၏။

နန်းသက် ၉-နှစ်စေ့၍ နတ်ရွာစံလေသော် သားတော်သျှာလိသျှက(သာလိသုက) မင်းသားသည် ခရစ်ယာန်မပေါ်မီ နှစ်ပေါင်း ၂၀၇-ခုနှစ်မှ ခရစ်ယာန်မပေါ်မီ နှစ်ပေါင်း ၂၀၆-နှစ် တိုင်အောင် မင်းပြုလေ၏။ ၎င်းမင်းသည် နန်း၏စည်းစိမ်ကို ၁-နှစ်မျှသာ ခံစားရ၍ အနိစ္စရောက်လတ်သော် သားတော် ဒေဝဝရမာမင်းသားသည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၀၆-ခုနှစ်မှ ခရစ်တော်မပေါ်မီ ၁၉၉-ခုနှစ်ထိ ခမည်းတော်၏ အမွေဆက်ကို ခံရလေ၏။ ထိုမင်း၏အမည်ကို ပုရာဏ်ကျမ်း၌ ဒေဝဓရမာ, ဆိုမဓရမာ, ဆိုမဝရမာ-စသည်ဖြင့် မျှားစွာ လာရှိ၏။

ဒေဝဝရမာမင်းသည် နန်းသက် ၇-နှစ်စေ့၍ ကံကုန်ခဲ့သော် သားတော်သျှတဓနုရှ (သတဓနုသ)မင်းသားသည် ခရစ်တော်မပေါ်ခင် နှစ်ပေါင်း ၁၉၉-နှစ်မှ ခရစ်တော်မပေါ်ခင် နှစ်ပေါင်း ၁၉၁-နှစ်တိုင်အောင် မင်းပြုလေ၏။ ဤမင်း၏လက်ထက်မှာ (မောရိယမင်းတို့၏ နိုင်ငံတော်မျှားသည် မျှားစွာလွတ်ထွက်လျက် အသီးအခြားဖြစ်ကြလေ၏။ ၎င်းမင်း၏ နန်းသက်ကား ၈-နှစ်မျှသာ ရှိ၏။ သျှတဓနုရှမင်း နတ်ရွာစံပြီးသော် ညီတော်ဗြိဟဒ္ဒထမင်းသည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၁၉၁-ခုနှစ်မှ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၁၈၄-ခုနှစ်တိုင်အောင် မင်းပြုလေ၏။ ဗြိဟဒ္ဒထမင်းသည် မောရိယမင်းတို့တွင် နောက်ဆုံးမင်းဖြစ်ပေ၏။ ဤမင်း၏နောက်ကို မောရိယအနွယ်ဆက် ပြတ်လေ၏။ ဗြိဟဒ္ဒထမင်း၏ နန်းသက်ကား ၇-နှစ်မျှသာရှိ၏။

မောရိယအနွယ်ဝင် အသောကမင်းကြီးနောက်ကို ၇-ဆက်မြောက်ဖြစ်သော ဗြိဟဒ္ဒထမင်း၏စစ်သူကြီး ပုရှယမိတြသည် မိမိ၏သခင်ဖြစ်သူ ဗြိဟဒ္ဒထမင်းကို ခရစ်တော်မပေါ်မီ ၁၈၄-ခုနှစ်မှာ မဂဓတိုင်းက သျှကတိသျှာလိစစ်သားတို့၏ အကူအညီဖြင့် သတ်ပြီးလျှင် မိမိကိုယ်တိုင် နန်းတက်လေ၏။ မိမိ၏အနွယ်ကိုလည်း သုံ့ဂဝံသီ-ဟု တွင်စေ၏။ ဤရာဇဝင်၏ အကျယ်ကို သိလိုလျှင် မောက်ရယဆာမြာဂျယဂ္ဂတိဟာဆ်ခေါ်သော ဟိန္ဒူ ရာဇဝင်မှာ ကြည့်ရှုကြလေကုန်။

----- x -----

[၁၇] ကနိ၎ကမင်းလက်ထက် သင်္ဂီယနာ

မြတ်စွာဘုရားလက်ထက်ကပင် ဗုဒ္ဓဘာသာ သာသနာတော်အထဲမှာ အယူဝါဒ ကွဲပြားခြင်းကြောင့် အရှင်မဟာကဿပသည် ပဋိသမ္ဘိဒါပတ္တ, တေဝိဇ္ဇ, ဆဠဘိည, ရဟန္တာ ၅၀၀-တို့နှင့်တကွ မသူတော်တရားတို့၏ မပြန့်ပွါး, မတောက်ပမီ၊ သူတော်ကောင်းတို့၏ တရားတော် မရွှေ့ရှားခင် အဓမ္မဝါဒီ, အလဇ္ဇီပုဂ္ဂိုလ်များ မကြီးပွါးမီ၊ ဓမ္မဝါဒီ, လဇ္ဇီသူတော်-ကောင်းတို့၏ တရားတော် အားမနည်းမီ၊ ဤအတောအတွင်းမှာ သုတ်, ဝိနည်း, အဘိဓမ္မာကို ဘုရားသခင် ပရိနိဗ္ဗာန်စံယူတော်မူပြီးသည့်နောက် ၄-လမြောက်သောအခါ ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းကို အမှီပြု၍ ဝါခေါင်လပြည့်ကျော် ၁-ရက်နေ့မှစ၍ တပေါင်းလပြည့် တိုင်အောင် စရည်းပင်ရောက်ရာ လိုဏ်ဝ၌ ပထမသင်္ဂီယနာ တင်တော်မူလေ၏။

ထို့နောက် သာသနာတော်သက္ကရာဇ် အနှစ် ၁၀၀-မြောက်လတ်သော် အရှင်မဟာ-ယသထေရ်သည် အဓမ္မဝါဒီ မသူတော်တရားကို နှိပ်နင်းခြင်းအလို့ငှာ ပဋိသမ္ဘိဒါပတ္တ, ခီဏာ-သဝ, ရဟန္တာ ၇၀၀-တို့နှင့်တကွ ဝဇ္ဇီတိုင်း၊ ဝေသာလီပြည်၊ ကာလာသောကမင်းကို အမှီပြု၍ ပိဋကတ် ၃-ပုံကို ဝါလိကာရုံ၌ အကုန်အစင် ထပ်မံ၍ ၈-လတိုင်တိုင် ဒုတိယသင်္ဂီယနာ တင်ကြလေ၏။

ဒုတိယသင်္ဂီယနာတင်ပြီးနောက် သာသနာတော်သက္ကရာဇ် ၂၃၅-နှစ်မြောက် နယုန်လတွင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် ပဋိသမ္ဘိဒါပတ္တ, တေဝိဇ္ဇ, ဆဠဘိည, တိပိဋကဓရ, ရဟန္တာ ၁,၀၀၀-တို့နှင့်တကွ မသူတော်တရားကို ဖျက်ဆီးခြင်းငှာ ပါဋလိပုတ်ပြည်ကို အစိုးရသော သီရိဓမ္မာသောကမင်းကြီးကို အမှီပြု၍ အသောကာရာမတိုက်၌ နယုန်လမှစ၍ ၉-လတိုင်တိုင် တတိယသင်္ဂီယနာ တင်တော်မူကြလေသည်။

သီရိဓမ္မာသောကမင်းကြီး နတ်ရွာစံပြီးသည့်နောက် သာသနာတော်မှာ အယူဝါဒ ကွဲပြားလျက် ၁၈-ဂိုဏ်း ဖြစ်ကြလေကုန်၏။ ကနိ၎ကမင်း၏လက်ထက်သို့ ကျရောက်သော အခါ ထိုမည်သည့်တက်ကြသော ၁၈-ဂိုဏ်းသားတို့၏ အယူဝါဒများကို ဖြေဖျောက်ခြင်းငှာ ဂန္ဓာရတိုင်း၊ ပေရှဝါပြည်ရှင်ဘုရင် ကနိ၎ကမင်းကြီးသည် စတုတ္ထသင်္ဂီယနာ ၁-ကြိမ်တင် ရလေ၏။ တင်ရပုံကား အိန္ဒိယပြည်တွင် ဘုရင်ကနိ၎ကမင်း၏ ဘုန်းတန်ခိုးအာနုဘော်သည် ကာသ္မီရ, ယာရကန္ဒ, ခုတန်, ကာဗုလ်, ဂန္ဓာရ, သိန္ဓ, ကသ္မီရပြည်များနှင့် ဣန္ဒိယအလယ်ပိုင်းတို့၌ လွှမ်းမိုးခြင်းကြောင့် ဗုဒ္ဓဘာသာသာသနာတော်သည် တစ်နေ့ထက်တစ်နေ့ စည်ပင်၍ လာပြန်လေ၏။

ထိုအခါ ဗုဒ္ဓဘာသာ၌ အယူဝါဒကွဲပြား၍ အချင်းအချင်း မစေ့စပ်ခြင်းသည် ရှိနေ၏။ ထိုကဲ့သို့ ကွဲပြားနေကြားသော်လည်း တာရာနာထ်ခေါ်သော ပညာရှိ ရေးသားစီရင်သော ရာဇဝင်အလိုကို ထောက်လျှင် ၁၈-ဂိုဏ်းတို့တွင် ဖြစ်ပွါးနေသော ခိုက်ရန်အငြင်းအခုံသည် ကနိရ္ဓကမင်း၏ သင်္ဂီယနာ၌ အကုန်ငြိမ်းချမ်းခြင်းကို သိရ၏။ အထက်ကပင် ပေထက်အက္ခရာ ရှိနေသော ဝိနည်းပိဋကတ်တို့ကဲ့သို့ သုတ်,အဘိဓမ္မာကိုလည်း ထိုသင်္ဂီယနာတင်ပွဲ၌ ပေထက်အက္ခရာ တင်ကြလေ၏။

တိဗွတ္တိကျမ်း ၁-စောင်၏ အလိုအားဖြင့်ကား ကနိရ္ဓကမင်းသည် အယူမတူ ၁၈-ဂိုဏ်းသားတို့ကို စေ့စပ်ခြင်းအလို့ငှာ မိမိဆရာ ပါရသ္ကအား သင်္ဂီယနာတင်လိုကြောင်းနှင့် လျှောက်ထားလေရာ ဆရာကလည်း ထိုစကားကို ဝမ်းမြောက်တော်မူ၍ အတည်ပြုလိုက်လေ၏။ ထိုဆရာကြီးအလိုတော်အတိုင်းပင် ဗုဒ္ဓဘာသာပညာရှိတို့ အဖွဲ့တစ်ခုကို စီမံပြုလုပ်လေ၏။ ကနိရ္ဓကမင်းကြီးလည်း ဤသင်္ဂီယနာအလို့ငှာ ကသ္ဟမီရပြည်၌ ကြီးကျယ်သော ကျောင်းတော်ကြီး ၁-ခုကို စီမံပြုလုပ်စေပြီးလျှင် ထိုကျောင်းတော်၌ သင်္ဂီယနာအစည်းအဝေးတွင် ပညာရှိကြီး ၅၀၀-တို့သည် ပါဝင်ကြကုန်၏။

ထိုပညာရှိကြီးတို့တွင်လည်း ဝဆုမိတြခေါ်သော ပညာရှိကို ဥက္ကဋ္ဌအကြီးဆုံးတင်မြှောက်ကြလေ၏။ ထိုသင်္ဂီယနာတင်ပွဲတွင် ပါဝင်ကြကုန်သော ပညာရှိကြီးတို့သည် ဗုဒ္ဓဘာသာကျမ်းဂန်များတို့ကို မွှေနှောက်ပြီးလျှင် ကြိုးကြိုးပမ်းပမ်းနှင့် ကော. င်းမွန်စွာ ကြည့်ရှုပြင်ဆင်၍ အများသဘောတူ သုတ်, ဝိနည်း, အဘိဓမ္မာကို သက္ကဋဘာသာဖြင့် ဂါထာ ၁-သိန်း, ၁-သိန်းစီ ဖွဲ့သီကြလေ၏။ ထို့နောက် ၎င်းကျမ်းဂန်များကို မဟာဘာရှယခေါ်သော ကျမ်းဂန်၏အမည်ဖြင့် စီရင်ရေးသားကြလေ၏။ ဤမဟာဘာရှယကျမ်းတွင်လည်း သုတ္တန်ပိဋကတ်ကို ဥပဒေသ၊ ဝိနည်းပိဋကတ်ကို ဝိနယဝိဘာသာသတ္ထ၊ အဘိဓမ္မာပိဋကတ်ကို အဘိဓမ္မဝိဘာသာသတ္ထ-ဟူသော အမည်ဖြင့် ခေါ်ဆိုကြပေ၏။ ဤသင်္ဂီယနာ၌ ၁၈-ဂိုဏ်းသားတို့၏ ဝိဝါဒတရားများသည် အခါခပ်သိမ်း ကင်းငြိမ်းခြင်းသို့ ရောက်လေ၏။

ထို့နောက်ကို များမကြာမီ အယူမတူသော ဂိုဏ်းအချို့သည် တဖန်ထပ်မံ၍ ပေါ်ပေါက်လာပြန်၏။ ဤကဲ့သို့ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း ဝါဒကွဲပြားပြီးလျှင် မဟာယာန-ဟူသော ဂိုဏ်း ၁-မျိုး ဖြစ်ပေါ်လာ၏။ ဤမဟာယာနဂိုဏ်းသားသည် ရှေးမဆွကပင် ရှိနှင့်သောကြောင့် ဤအခါသမယမှာ ကြီးပွါးလျက်ပင် ရှိနေလေ၏။ ထိုမဟာဘာရှယကျမ်းကိုလည်း ကနိရ္ဓကမင်းသည် စေတီ ၁-ဆူ၌ ကြေးပုရပိုက်တွင် ရေးကူးပြီးလျှင် ဌာပနာခဲ့ကြောင်းကို ဟိန္ဒူရာဇဝင်ကျမ်းဂန်၌ တွေ့ရှိရ၏။ ကနိရ္ဓကမင်းသည် ခရစ်တော်သက္ကရာဇ် ၇၈-ခုနှစ်မှ ၁၂၀-ထိ နန်းစံတော်မူခဲ့လေ၏။

[၁၈] ဟီနယာန, မဟာယာနတို့ ဖြစ်ပေါ်လာပုံ

အစပထမကပင် ဘုရားသခင်၏ တရားတော်မှာ ရဟန်းတော်တို့၏ ကျင့်စဉ်လမ်းကြောင်းသည် တစ်မျိုးတစ်စားတည်းမျှသာ ရှိနေလေ၏။ သုတ္တနိပါတ်၊ ခဂ္ဂဝိသာဏသုတ်၌ "အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေပြီးသော ရဟန်းတော်အရှင်မြတ်တို့သည် တစ်စုံတစ်ခု သောအလုပ်မျိုးကို မပြုမလုပ်ဘဲ ခြေသော့်, သစ်ကျားကဲ့သို့ တော, တောင်တို့မှာ ရဟန်းတရားကို အားထုတ်နေကြ၏"ဟု လာရှိ၏။ မဟာဝဂ္ဂ၌လည်း "နိဗ္ဗာန်ကို မျက်မှောက်ပြုလေပြီးသော ရဟန်းသံဃာအား အလုပ်လုပ်ခြင်းမှ ကင်း၍ အကယ်၍ ပြုအပ်ပြီးသော အကျိုးဆက်ကိုလည်း တဖန်ခံစားရခြင်း မရှိပြီ"ဟု ပါရှိ၏။ ဤတရားနည်းလမ်းသည်ပင်လျှင် ရဟန်းတို့၏ ကျင့်ရာလမ်းကြောင်း မှန်ပေ၏။ ဤနည်းလမ်းသည် ဥပနိရှဒ်ကျမ်းဂန်နှင့်လည်း ညီပေ၏။ အသောကလက်ထက်သို့ ကျရောက်သောအခါ ဗုဒ္ဓဘာသာတရားနည်းလမ်းသည် တစ်မျိုးတစ်မျိုးစီ ပြောင်းလွဲဖောက်ပြန်ခြင်းသို့ ရောက်လေ၏။

ရောက်ပုံကား- ဗုဒ္ဓဘာသာရဟန်းတော်တို့သည် မိမိတို့၏ ရဟန်းတရားနှင့် ဆိတ်ငြိမ်ရာသို့ ကပ်ပြီးလျှင် မနေကြဘဲ သာသနာတော်နှင့်တကွ သူတပါးအကျိုးကို အထူးလိုလား၍ အရှေ့ဘက်မှာလည်း တရုတ်ပြည်၊ အနောက်အရပ်မှာလည်း ယူနန်တိုင်အောင် အနှံ့အပြားဖြစ်သွားကြလေကုန်၏။ ထိုရဟန်းတော်များတို့သည် ရဟန်းတရားကို ပယ်ရှား၍ သူတပါးတို့အတွက် အမှုကိစ္စပြုလုပ်ရာ-ဟူသမျှ၌ ပါဝင်ကြလေသောအခါ ဝါဒဟောင်း, ဝါဒသစ်တို့တွင် အမျိုးမျိုး အယူဝါဒကွဲပြားကြပြီးလျှင် ငြင်းခုံခြင်းခိုက်ရန်တို့သည် ဖြစ်ထွန်းပေါ်ပေါက်လာကုန်၏။

ထို့ကြောင့် ရှေးဟောင်းအယူဝါဒသို့ ပါဝင်သူတို့က မိမိတို့၏ အယူဝါဒကို ထေရဝါဒ-ဟု ခေါ်ဆိုကြလေ၏။ ဝါဒသစ်သို့ ပါဝင်သူအချို့ကလည်း မိမိတို့၏ ယူရာယူကြောင်းနည်းလမ်းကို **မဟာယာန** အမည်ဖြင့် တွင်စေပြီးလျှင် ရှေးဟောင်းနည်းလမ်းအစဉ်ကို ဟီနယာန-ဟု ခေါ်ဆိုခြင်းကို ပြုကြလေ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာထဲမှာ ဟီနယာန, မဟာယာန-ဟူ၍ ၂-ဝိုဏ်း ကွဲပြားလေ၏။ ယခုထက်ထိ ထို ၂-ဝိုဏ်းတို့သည် ထင်ရှားရှိနေပေ၏။

----- × -----

[၁၉] မဟာယာနဂိုဏ်းသားတို့၏ အယူဝါဒ

မဟာယာနဂိုဏ်းသားတို့၏ အယူဝါဒကား- သမ္မာသမ္ဗုद္ဓဘုရားသခင်၏ မူလရင်းတရားတော်မှာ ဝိညာဏ်တရားနှင့် ထာဝရအယူဝါဒသဘောမျိုးကို ပရမတ္ထအားဖြင့် ထင်ရှားစွာရှိ၏-ဟု အယူမရှိသောကြောင့် ဘုရားသခင် သက်တော်ထင်ရှားရှိစဉ်အခါက ဘုရားကိုယ်တော်၏ ရုပ်တု,ဆင်းတုတော်များကို ကိုးကွယ်ဆည်းကပ်၍ နိဗ္ဗာန်မဂ်,ဖိုလ်ကိုလည်းကောင်း၊ ထာဝရဘုရားထံသို့သော်လည်းကောင်း ရောက်နိုင်ရန် ဩဝါဒတရားမျိုးကို မည်သည့်သူ တစ်စုံတစ်ယောက်မျှ မဟောပြောနိုင်ချေ။

ဘုရားကိုယ်တော်မြတ်၏ ရူပကာယ အဆင်းသဏ္ဌာန်ကော်နှင့် အကျင့်စာရိတ္တသည် လူများတို့ ပစ္စက္ခမျက်မှောက်တွင် ရှိနေစဉ်အခါ ရုပ်တု,ဆင်းတုတော်ကို ပြုလုပ်၍ ကိုးကွယ်ဆည်းကပ်ဖို့ရန် ဩဝါဒတရားသည် အရေးမကြီးသေး။ ဘုရားသခင် နိဗ္ဗာန်ဝင်စံပြီးနောက် ရဟန်းတော်များတို့က လူသာမည်တို့အပေါ်မှာ အထက်ပါ တရားမျိုးကို နားဝင်လေအောင် ဟောပြောကြလေ၏။ ထိုအခါ လူများတို့ကလည်း ယုံကြည်သက်ဝင်ပြီးလျှင် အိမ်ရာထောင်သော လူဘောင်မှ ရှောင်ကြဉ်၍ ရဟန်းမလုပ်နိုင်ခြင်း၊ အနိစ္စ, ဒုက္ခ, အနတ္တ-တည်းဟူသော ဝိပဿနာသဘောမျိုး၌ မထင်မြင်နိုင်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာမျိုး၌လည်း မလေ့လာနိုင်ခြင်းတည်းဟူသော ပညာအမြော်အမြင်သည် ဖြစ်လာကြကုန်၏။

ထိုကဲ့သို့ ဉာဏ်ပညာအမြော်အမြင် နည်းပါးကြလေသော် ယခု ပစ္စက္ခမျက်မှောက်တွင် လွယ်ကူစွာ ထင်မြင်နိုင်လောက်သော တရားလမ်းကြောင်းကြီး ၁-ခုသည် လူအလုံးတို့၏ စိတ်နှလုံးကို သက်ဝင်ဆွဲငင်နိုင်ရန် အရေးတကြီးဖြစ်ပေါ်လာသည်မှာ ရုပ်တု, ဆင်းတုတော်ကို ကိုးကွယ်ဆည်းကပ်ခြင်းမှတပါး အခြားအခြားသော နည်းလမ်းမျိုးသည် နိဗ္ဗာန်မဂ်,ဖိုလ်သို့ ရောက်နိုင်ရန် နည်းလမ်းမျိုး မဟုတ်ချေ-ဟု အထင်အမြင်ရှိကြလေ၏။ ဤနည်းလမ်းအတိုင်းပင် မိမိတို့ကိုယ်တိုင် ငါတို့ဂေါတမဘုရားသခင်ကို ထာဝရသဘောမျိုးနှင့် ရှိနေ၏-ဟု ထင်မြင်ကြလေ၏။ ထို့ကြောင့် ဘုရားကိုယ်တော်မြတ်၏ ရုပ်တု,ဆင်းတုတော်ကို ကိုးကွယ်ဆည်းကပ်ရုံသာမကသေး၊ နုစဉ်ကာလကပင် ဘုရားလောင်း၏ ရုပ်တု,ဆင်းတုများကိုလည်း စိမ်ပြုလုပ်လျက် ကိုးကွယ်ဆည်းကပ်အပ်၏-ဟု အကြံအစည်ဖြစ်ကြလေ၏။

ထိုသို့ဖြစ်ခဲ့လတ်သော် အသစ်တည်ထောင်ကြသော မဟာယာနဂိုဏ်းသားတို့သည် ဘုရားကိုယ်တော်မြတ်၏ ရုပ်တု,ဆင်းတုတော်မြတ်နှင့်တကွ ဘုရားလောင်း၏ ရုပ်တု,ဆင်းတုတော်ကိုလည်း စိမ်၍ကိုးကွယ်ကြလေ၏။ ထိုမဟာယာနဂိုဏ်းသား ပညာရှိများတို့ကလည်း

ဂေါတမဘုရားသခင်ကိုပင် ထာဝရဘုရား၏ သဘောမျိုးထင်လျက် သက်ဝင်ယုံကြည်ကြလေ၏။ ဘုရား၏ ပရိနိဗ္ဗာန်ဝင်စံခြင်းသည်လည်း ပရိယာယ်မျှသာဖြစ်၏။ စင်စစ်မှာမူကား ဗုဒ္ဓဘုရားသည် အနိစ္စတရားသို့ မပါဝင်နိုင်ရာ။ အခါခပ်သိမ်း အမြဲရှိ၏-ဟူ၍ ပြောဆိုကြကုန်၏။

ထိုမှတပါး ဘုရားသခင်သည် လူတွင် အမြတ်ဆုံးဖြစ်၍ ယောက်ျား, မိန်းမ-ဟူသမျှသည် ဘုရားသခင်၏ သားတော်, သမီးတော်ပင် ဖြစ်ပေ၏။ ဘုရားသခင်သည် သတ္တဝါအလုံးတို့၏အပေါ်မှာ အညီအမျှ ကြည့်ရှုလေ့ရှိ၏။ မသူတော်တရား တိုးပွါးလာသောအခါ သူတော်ကောင်းတရားကို စောင့်ရှောက်ဖို့ရန် ဗုဒ္ဓ-ဟူသော အမည်ဖြင့် ထင်ပေါ်လာပေ၏-ဟူ၍ အယူရှိကြလေ၏။ ဤမျှသာ မကသေး၊ ဒေဝါဓိဒေဝသမ္မုဒ္ဓကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့်လည်းကောင်း၊ ဘုရားသခင်၏ စေတီပုထိုးကို ကြည်ညိုခြင်းကြောင့်လည်းကောင်း၊ ဘုရားနှင့်တကွ စေတီပုထိုးကို ရိုသေကိုးကွယ်၍ ပန်းကလေး ၁-ပွင့်ကို ပူဇော်ခြင်းကြောင့်လည်းကောင်း လူများတို့သည် သုဂတိဘဝကို ရနိုင်၏-ဟူသော အယူဝါဒမျိုးသည် ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ လာရှိ၏။

မိလိန္ဒပဉှာ၌လည်း တစ်စုံတစ်ယောက်သောသူသည် မကောင်းမှုကို တသက်လုံးလုံးပြုလေငြားသော်လည်း သေခါနီးဆဲဆဲမှာ ၁-ကြိမ် ၁-ခါမျှ ဘုရားကို ကြည်ညိုမှု နတ်ပြည်သို့ရောက်နိုင်ကြောင်းလည်း ပါရှိ၏။ ၎င်းပြင် အရှင်နာဂသေနမထေရ်မြတ်သည် မိလိန္ဒမင်းကြီးအား မိန့်ကြားသည်မှာ လူဘောင်၌ နေ၍ ရတနာ ၃-ပါးကို ကြည်ညိုလေးမြတ်က နိဗ္ဗာန်မင်, ဖိုလ်ကို ရနိုင်၏-ဟု ဟောတော်မူ၏။ ဤသို့ စသည်ဖြင့် မိလိန္ဒပဉှာနှင့် ဆဓရမပုဏ္ဏာရိက (သဒ္ဓမ္မပုဏ္ဏာရိက)ကျမ်းဂန်တို့ကို အကိုးအကား ထားကြပြီးလျှင် အမျိုးမျိုးအဖုံဖုံ ကြံစည်ခြင်းဖြင့် ကြံစည်ကြလေ၏။

ဤကား မဟာယာန၏ ဝိသေသတရားထူးတည်း။

----- × -----

[၂၀] မဟာယာနဂိုဏ်းဌ ဘဂဝဒ္ဂီတာကျမ်း၏ တရားမျိုး သက်ဝင်ခြင်း

မဟာယာနဂိုဏ်းဌ ဟိန္ဒူလူမျိုးတို့ အလေးမူအပ်သော ဘဂဝဒ္ဂီတာကျမ်း၏ တရားသဘော ရောနှောလာသည်မှာ ငါတို့ဂေါတမဘုရားသခင်၏ ရှေးဟောင်းအယူဝါဒမှာ ဖြူစင်သန့်ရှင်း၍ ရဟန်းသူတော်ကောင်းတို့ ပွါးများအပ်သော ရုပ်,နာမ်,ခန္ဓာ, အာယတန-စသည်

များနှင့် ကမ္မဋ္ဌာန်းဘာဝနာတရားမျိုးသာ ဖြစ်ပေ၏။ ဤပရမတ္ထနည်းလမ်း၌ ရုပ်တု, ဆင်းတု များကို ကိုးကွယ်ဆည်းကပ်၍ နတ်ရွာ,နိဗ္ဗာန် ရောက်နိုင်ကြောင်း၏ တရားမျိုးသည် အခြား အခြားသော ဘာသာတရား မရောနှောဘဲနှင့် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ရာ။ ထို့ကြောင့် ဘာသာခြားတရားသည် မုချဝင်လာ၏-ဟု သိကြရမည်။

တာရာနာထ်ခေါ်သော ရာဇဝင်ဆရာ ရေးသားလိုက်သော ဗုဒ္ဓဘာသာတိဗွတ္တိကျမ်း၌ မဟာယာန အသစ်တည်ထောင်လာသော ကျမ်းဂန်တို့၏ မူလရင်းသည် ဟိန္ဒူကြီရှဏာ ဘုရားနှင့် ဂဏေသျှ-ခေါ်သော မဟာပိန္ဒဲတို့၏ အယူဝါဒမျိုးဖြစ်ကြောင်းနှင့် ပါရှိ၏။ ထိုကျမ်း၌ ပင် မဟာယာနဂိုဏ်းကို စ၍တည်ထောင်သူသည် နာဂါရဇုန်အမည်ရှိသောသူ၏ ဆရာ ဖြစ်သူ ရာဟုလဘဒြခေါ်သော ဗုဒ္ဓဘာသာပုဏ္ဏားမျိုးတည်း။ ထိုပုဏ္ဏားသည် မဟာယာန၏ သဘောမျိုးကို ကြီ၄ှ:ဏ, ဂဏေသျှတို့၏ မေတ္တာအာသီသကြောင့် ရရှိလေ၏-ဟု လာရှိ၏။

အဓိပ္ပါယ်မှာ ရှေးက ဗုဒ္ဓဘာသာတရားတော်သည် အလွန်ဖြူစင်သည်ဖြစ်၍ ရဟန်းသူတော်ကောင်းတို့ အားထုတ်ပွါးများအပ်သော ကမ္မဋ္ဌာန်းနည်းလမ်းပင် ရှိငြားသော်လည်း ထိုတရားတို့တွင် ရုပ်တု, ဆင်းတုနှင့် ကံကို ပဓာနထားပြီးလျှင် မဟာယာနလမ်းသစ် ဖြစ်ပေါ်လာရခြင်းသည် ဟိန္ဒူဘုရား ကြီရှဏာ ဟောထားခဲ့သော ဘဂဝဒ္ဂီတာကျမ်း၏ အာနုဘော်ကြောင့် ဖြစ်၏-ဟု မှတ်ယူအပ်၏။

----- × -----

[၂၁] မဟာယာနဂိုဏ်း၌ ဘာသာခြားတရား ဝင်ရောက်လာခြင်း

မဟာယာနဂိုဏ်း၌ ဘာသာခြားတရားတို့ ဝင်ရောက်လာပုံမှာ ဗုဒ္ဓဘာသာတရားတော်သည် ဣန္ဒိယ၌ ရှိနေစဉ်အခါ ကာလပတ်လုံး သုဒ္ဓတရားမျိုးဖြစ်၍ အလွန်ထင်ပေါ်ကျော်စောနေလေ၏။ အသောကမင်းကြီးလက်ထက်မှာ ဗုဒ္ဓဘာသာတရားတော်သည် ဣန္ဒိယကို လွန်၍ နိုင်ငံတော်အသီးအသီးသို့ ရောက်သွားလေရကား ထိုအခါ ရှေးဟောင်း မူလရင်းတရားသည် လူအမျိုးမျိုးတို့ အယူဝါဒကွဲပြားခြင်းသို့ ရောက်ရှိလေ၏။ အသောကမင်းကြီးလက်ထက်မှာ ဗုဒ္ဓဘာသာ သာသနာပြုဆရာကြီးတို့သည် ဆီရိယာ, မိုဆြ, ဆာဏ္ဏရိနိ, ယူနန်, ဧပိရဆ်, ဂန္ဓာရ, ကမ္မောဇ, သီဟိုဠ်, တရုတ်, တိဗတ်ပြည်တို့၌ သွားရောက်ကြပြီးလျှင် ဗုဒ္ဓဘာသာတရားတော်ကို ကြီးပွါးစေရန် အားထုတ်ကြလေကုန်၏။

ထိုသို့အားထုတ်ရာ၌ အကြောင်းတစ်ခုကား ဘုရားသခင်၏ တရားတော်သည် မဇ္ဈိမဒေသအတွင်း၌ နေထိုင်လျက်ရှိကြကုန်သော လူမျိုးတို့၏ စိတ်ကို လုံးလုံးကြီး သက်ဝင်

စေနိုင်ပေ၏။ ယူနာနီ-စသော လူမျိုးတို့၏ စိတ်ဌာမူကား ကောင်းမွန်စွာ မသက်ဝင်ဘဲ ရှိနေလေ၏။ ထို့ကြောင့် နိုင်ငံခြားလူမျိုးတို့၏ တရားအခြေအနေအားလျော်စွာ ဗုဒ္ဓဘာသာ တရားတော်မှာ ဝါဒကွဲသဘောတရားသည် ဖောက်ပြန်၍ လာပေ၏။

အသောကမင်းကြီးနောက် မောရိယအနွယ်ဝင်မင်းတို့သည် အသီးအသီး လွန်ကြပြီးလျှင် ဂ္ဂန္ဓီယဌ် ယူနာနီ, သျှက, ပါရသီ, ကုရ္ဝဏမင်းများတို့သည် ဝင်ရောက်တိုက်ခိုက်လေ၏။ ထိုထိုမင်းတို့တွင်လည်း ဗုဒ္ဓဘာသာ အယူဝါဒကို နှစ်သက်သော မင်းတို့သည် များစွာပင် ပါရှိကြ၏။ ထိုဗုဒ္ဓဘာသာမင်းတို့သည် မိမိတို့နိုင်ငံမှ ရှေးရှေးအယူဝါဒ, အကျင့်စာရိတ္တ, ကိုးကွယ်ဆည်းကပ်ပုံ နည်းလမ်းအမျိုးမျိုးကို ဂ္ဂန္ဓီယသို့ ယူဆောင်လာကြကုန်၏။ ထိုမင်းတို့၏ ရှေးအယူဝါဒသည် ဗုဒ္ဓဘာသာတရားတော်ဌ ရောနှောလေခြင်းကြောင့် ဗုဒ္ဓဘာသာလူမျိုးတို့၏ ဝိသုဒ္ဓိတရားတော်သည် ယိုယွင်းပျက်ပြားခြင်းသို့ ရောက်ရှိလေ၏။

သာသနာတော်သည် အရပ်ထက်ဝန်းကျင်ကို အောင်မြင်လို၍ ဂ္ဂန္ဓီယမှ ထွက်ခွါပြီးလျှင် နိုင်ငံခြားလူမျိုးတို့နှင့် ပေါင်းစပ်မိသောအခါ ဖောက်ပြန်ဖို့ရန် မျိုးစေ့ကြီးသည် ပေါ်ပေါက်လာ၏။ ထိုမျိုးစေ့က တဖြည်းဖြည်းနှင့် အညောက်ပေါက်ပြီးလျှင် မဟာယာနဂိုဏ်းထဲ၌ အမြစ်သက်၏။ ဤကဲ့သို့ ဖောက်ပြန်လာခြင်း၏ သက်သေကို ဂ္ဂန္ဓီယဗုဒ္ဓဘာသာ လက်ထက်က ကျောက်ရုပ်တု,ဆင်းတုတွင် အထင်အရှား တွေ့ရှိရ၏။ ဘုရားလက်ထက်က စ၍ မောရိယမင်းလက်ထက်တိုင်အောင် ရှေးဟောင်းရုပ်တု, ဆင်းတုများကိုကား တစ်စုံတစ်ခု၌လည်း မတွေ့ရှိရပေ။ ရှေးဟောင်း ဗုဒ္ဓဘာသာလက်ထက်မှာ ဘုရားပွင့်တော်မူရာ မဟာဗောဓိဓမ္မစကြာပုံတော် ဓာတ်တော်စေတီမျှကိုသာ သင်္ကေတအမှတ်ဖြင့် ကိုးကွယ်ဆည်းကပ်ကြ၏။ မဟာယာနလက်ထက်ကစ၍ ယခုထက်ထိ ရုပ်တု,ဆင်းတုတော်များကို ကြည်ညိုလျက်ရှိနေ၏။

----- × -----

[၂၂] ဟီနယာနနှင့် မဟာယာနတို့၏ ခြားနားပုံ

ဟီနယာနနှင့် မဟာယာနတို့၏ ခြားနားပုံမှာ ဟီနယာနတို့၏ ကျမ်းဂန်သည် ပါဠိဘာသာမှာသာ ရှိ၏။ မဟာယာနတို့၏ ကျမ်းဂန်သည် သင်္သကၠတဘာသာ၌ ရှိ၏။ ဟီနယာနဂိုဏ်း၌ ဘုရားတရားတော်သည် မဖောက်မပြန် မှန်ကန်သော နည်းလမ်းအတိုင်း ရှိ၏။ မဟာယာနဂိုဏ်းတို့၏ အယူဝါဒကား ဘာသာအမျိုးမျိုးနှင့် ပေါင်းစပ်လျက်ရှိ၏။ ဟီနယာန၏အယူဝါဒသည် မှားသောအားဖြင့် ဂ္ဂန္ဓီယတောင်ပိုင်းနှင့် မြန်မာ, သီဟိုဠ်တို့မှာ ထွန်းကား

လျက်ရှိနေ၏။ များသောအားဖြင့် မဟာယာနဂိုဏ်းသားတို့သည် ဣန္ဒိယမြောက်ပိုင်းနှင့် နေပါလ်, တိဗတ်, တရုတ်ပြည်တို့၌ ရှိ၏။

ထိုမှတပါး ဟီနယာနဂိုဏ်းသားတို့သည် နတ်ရုပ်, ဘုရားရုပ်တု, ဆင်းတုများကို ကိုးကွယ်ဆည်းကပ်ခြင်း မရှိ။ မဟာယာနတို့က နတ်ရုပ်, ဘုရားရုပ်တု, ဆင်းတုနှင့် ဘုရား-လောင်းရုပ်တု, ဆင်းတုများကို ပြုလုပ်၍ ပူဇော်ကြ၏။ *ထိုရုပ်တု,ဆင်းတု၏ စ၍ဖြစ်ပေါ်လာခြင်းသည်လည်း ကုရုဏာ, ဂုဟ, ပါလမင်းတို့၏ လက်ထက်ကပင် စ၍ဖြစ်ပေါ်၏။ ဟီနယာနဂိုဏ်းသားတို့သည် များသောအားဖြင့် အိမ်ရာမထောင်ဘဲ လူ့ဘောင်မှ ထွက်ခွါသွားပြီးလျှင် ကမ္မဋ္ဌာန်းဘာဝနာသို့သာ လိုက်လေ့ရှိ၏။ မဟာယာနဂိုဏ်းမှာ အိမ်ရာထောင်သော လူ့ဘောင်မှာပင် ဖြစ်ငြားသော်လည်း ရတနာ ၃-ပါးနှင့် ရုပ်တု,ဆင်းတုကို ကိုးကွယ်ဆည်းကပ်လျှင် နိဗ္ဗာန်မဂ်,ဖိုလ်ကို ရနိုင်၏-ဟု အယူရှိ၏။ အထက်ဖော်ပြခဲ့သော မဟာယာန, ဟီနယာန ဖြစ်ပေါ်လာပုံ အခန်းမှစ၍ ဤအခန်းတိုင်အောင်သော စကားရပ်ကို ဗောက်ဒ္ဓကာလိန်-ဘာရတ်ခေါ်သော ဟိန္ဒီဘာသာ ကျမ်းဂန်ကို ရှုလေ။

အမှာစကားရပ်။ မဟာယာနသဘောမျိုးကဲ့သို့ ယခုအခါ ဟီနယာနဂိုဏ်းတို့မှာလည်း ရုပ်တု, ဆင်းတုများကို ကိုးကွယ်လေ့ရှိ၏။ သို့သော် အကုသိုလ်မဖြစ်က ဘယ်အလုပ်မျိုးကိုမဆို လုပ်အပ်,လုပ်ထိုက်ပေ၏။ ဘုရားဟော ပါဠိတော်၌ပင် တိုက်ရိုက်မလာငြားသော်လည်း အဋ္ဌကထာ,ဋီကာတို့ အလိုအတိုင်း ကိုးကွယ်ဆည်းကပ် စိတ်ထားတတ်လျှင် မြတ်၏-ဟု ယူဆသင့်ပေသည်။ စိတ်ထားမတတ်က ဘယ်လိုပင် တရားကောင်းသော်လည်း နိဗ္ဗာန်လမ်းကြောင်း မပေါက်နိုင်။

* ဖာဟီယာန်စာတမ်း-စသည်၌ သီရိဓမ္မာသောကမင်းကြီးလက်ထက်ကပင် ရုပ်တုတော်ပေါ်ကြောင်း၊ အသောကကျောက်စာမှာလည်း ရုပ်ပွါးတော်လုပ်၍ ပြည်သူတို့အား ကြည်ညြိစေကြောင်း လာရှိ၏။

----- × -----

[၂၃] ဣန္ဒိယ၌ ဗုဒ္ဓဘာသာ သာသနာတော်၏ အခြေအနေ

သီရိဓမ္မာသောကမင်းကြီး နတ်ရွာစံပြီးနောက် အနှစ် ၃၀၀-မြောက်သောအခါ ကနိရှကမင်း၏ လက်ထက်သို့ ကျရောက်အောင် ဗုဒ္ဓဘာသာသာသနာတော်သည် ဣန္ဒိယမြောက်ပိုင်း၌ အလွန်အကဲ စည်ပင်ပြန့်ပွါးလျက် ရှိနေလေ၏။ ပညာရှိတို့ စကားအရဖြင့် ဖော်ပြလိုက်ပေအုံ့။ အသောကမင်းကြီးနောက်ကို သျှုဂအန္ဓယ်ဝင်မင်းတို့သည် ဗုဒ္ဓဘာသာ

တို့၏အပေါ်၌ အထူးသဖြင့် ကွပ်နှိပ်ဖျက်ဆီးလိုက်ပေ၏။ သို့သော်လည်း တဖန် ဗုဒ္ဓဘာသာ တရားတော်သည် အခါခပ်သိမ်း ထင်ပေါ်လျက်ရှိနေသေး၏။

ဗုဒ္ဓဘာသာ သာသနာတော်ကား ဣန္ဒိယတွင်သာ မကသေး။ ဗလခ, တရုတ်, တိဗက်, ဂျပန်-စသော နိုင်ငံတော်၌လည်း ထွန်းကားလျက်ပင် ရှိနေလေ၏။ အသောက နောက် မောရိယမင်းတို့တွင် နောက်ဆုံးဖြစ်သော ပြိုဟဒြထမင်းကို ၎င်းမင်း၏စစ်သူကြီး ပုရှယမိတြသည် သတ်ပစ်၍ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၁၈၄-ခုနှစ်မှ ခရစ်တော်မပေါ်မီ ၁၄၈-ခုနှစ်တိုင်အောင် နန်းစံခဲ့လေ၏။ ထိုပုရှယမိတြမင်းသည် ဗုဒ္ဓဘာသာ၌ မျှားစွာဖျက်ဆီး ပစ်ခဲ့၏-ဟု ပညာရှိတို့ ပြောဆိုကြသော စကားသည် မုချပင် ဖြစ်ပေရာ၏။

အဘယ့်ကြောင့်ဆိုသော် တာရာနာထ်-ခေါ်သော ရာဇဝင်ဆရာကြီးသည် တိဗက်တို့ ဘာသာ၌ ဗုဒ္ဓဘာသာ ရာဇဝင်ကို ရေးထိုးထားခဲ့သည့်အတွက်ကြောင့် သိရှိရပေ၏။ ထိုကျမ်း၏အလိုကား ပုရှယမိတြမင်းသည် ဣန္ဒိယမြောက်ပိုင်းမှ ဂျာလန္ဓရတိုင်အောင် ဗုဒ္ဓဘာသာ တို့၏ ကျောင်း, ကန်, သိမ်, ပုထိုးများကို မီးရှို့၍ ဗုဒ္ဓဘာသာ ပညာရှိများနှင့် ရဟန်းသူတော်-ကောင်းတို့ကို ရေတွက်၍ မပြတ်လောက်အောင် သတ်ဖြတ်ပစ်ခဲ့လေ၏။

ဒီဗျာဝဒါနကျမ်း၌လည်း ပုရှယမိတြမင်းသည် သာသနာတော်ကို အကြွင်းမရှိ ဖျက်ဆီးလိုသော စိတ်သဘောနှင့် ပါဋလိပုတ်ပြည်တွင် ကုက္ကုဋာရာမကျောင်းတိုက်ကြီးကို ဖျက်ဆီးပြီးလျှင် သျှာကလ(ဆယာလကိုး၌)မြို့၏ အနီးအပါး ရှိရှိသမျှသော နေရာတို့၌ သီတင်းသုံး နေထိုင်ကြကုန်သော ရဟန်းသူတော်ကောင်းများကို သတ်ဖြတ်ညှဉ်းဆဲကြောင်းသည် လာရှိ၏။ ဣန္ဒိယအလယ်ပိုင်း၌ ဘယ်လိုပင် ဖြစ်ဖျက်နေငြားသော်လည်း ဗုဒ္ဓဘာသာ တရားတော်သည် ခရစ်တော်မပေါ်မီ အနှစ် ၁၀၀, ၂၀၀-လောက်တွင် ဣန္ဒိယအနောက်မြောက် ယဝန(ယူနာနီ)တိုင်းပြည်တို့၌ နေ,လအသွင်ကဲ့သို့ ထွန်းတောက်ပလျက် ရှိနေ၏။ ယူနာနီခေါ်သော မိလိန္ဒမင်းကြီး၏ ယုံမှားသံသယကို အရှင်နာဂသေနမထေရ်မြတ်သည် ပယ်ဖျောက်တော်မူလေသောကြောင့် ထိုမိလိန္ဒမင်းကြီးသည် လုံးလုံးကြီး ဗုဒ္ဓဘာသာဘက်သို့ သက်ဝင်ပါရှိလေ၏။ မိလိန္ဒမင်းကြီးသည် ယူနာနီလူမျိုးဖြစ်ကြောင်းကိုလည်း ဗောက်ဒ္ဓကာလိန်ဘာရတခေါ်သော ဟိန္ဒီဘာသာရာဇဝင်ကျမ်းဂန်၌ တွေ့ရှိရ၏။

ပုရှယမိတြမင်း ဖျက်ဆီးပြီးနောက် အစဉ်အတိုင်း ကနိရှကမင်းလက်ထက်မှာ သာသနာတော်သည် စည်ပင်သာယာစွာ ရှိလေ၏။ ထိုကနိရှကမင်းသည် ခရစ်တော်သက္ကရာဇ် ၇၈-နှစ်မှ ၁၂၀-တိုင်အောင် နိုင်ငံတော်ကို အုပ်ချုပ်၍ နတ်ရွာစံပြီးနောက် ခရစ်တော်သက္ကရာဇ် ၈၀၀-လောက်အတွင်းမှာ အာသံအနွယ်ဝင် ကုမာရိဘတ္တပုဏ္ဏားသည်

ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီးကို မျှားစွာမှ ဖျက်ဆီးပြန်လေ၏။ ထို့နောက် နှစ်ပေါင်း ၁၀၀-လောက်မှာ မလာဗာတိုင်းပြည်သား နမ္ဗူဒရီပုဏ္ဏားမျိုး သျှင်ကြာကျာရယခေါ်သော ပညာရှိကြီးတစ်ယောက် ပေါ်ပေါက်လာပြန်၏။ ထိုပုဏ္ဏားလည်း မိမိတို့၏ ကမ္ဘာဦးကပင် ဆင်းသက်လာသော သနာတနီတရားကို ကြီးပွါးစေလို၍ ဗုဒ္ဓဘာသာတို့အပေါ်မှာ အထူးနှိပ်လျက် တရားဟောလေ၏။

သျှင်ကြာကျာရယ လွန်ပြီးနောက်ကိုလည်း မဟာမဒ္ဒဂိုရီမင်းနှင့် ၎င်း၏ စစ်ဗိုလ်ချုပ်ဖြစ်သော ကုတုဗိုလ်ဒိန်သည် ခရစ်တော်သက္ကရာဇ် ၁၂၀၆-ခု သို့မဟုတ် ၁၂၀၇-ခုလောက်မှာ ဂျယကုန္ဒြမင်းလက်ထက် ဗာရာဏသီမြို့အလုံးကို ဖျက်ဆီးလေ၏။ ၎င်းပြင်လည်း ၁၁၉၇-ခုနှစ်မှာ ဗိဟာရ်နယ်ရှိ ဗုဒ္ဓဘာသာတို့၏ အဆောက်အဦး, ကျောင်း, ကန်, သိမ်, ပုထိုးတို့ကို အပြွင်းမရှိလေအောင် ဖျက်ဆီးပစ်လေ၏။ ထို့နောက် တဖြည်းဖြည်းနှင့် ဂ္ဂန္ဒီယနိုင်ငံလုံးရှိ သာသနာတော်များကို မရှိပြီ-ဟု ဆိုလောက်အောင် နှိပ်ကွပ်လိုက်လေ၏။

ထို့နောက်ကိုလည်း ခရစ်တော်သက္ကရာဇ် ၁၆၅၉-ခု၊ ဇွန်လမှာ ဒိလ္လီမြို့၌ နန်းတက်သော အောက်ရင်ဇေ့ပ် အမည်ရှိသော မင်းသည် ၁၆၆၉-ခုနှစ်ကပင် စ၍ တဖန် ဗာရာဏသီမြို့တော်ကို ဖျက်ဆီးပြန်လေ၏။ ထိုမင်းဖျက်ဆီးသောအခါ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာတို့သည် များစွာ ပျက်စီးကြကုန်၏။ ခရစ်တော်သက္ကရာဇ် ၁၆၇၂-ခုနှစ်မှာ ဗာရာဏသီမြို့မှစ၍ ဂ္ဂန္ဒီယသူပုန် ထကြွလေသည်ကို ရာဇဝင်ကျမ်းဂန်တို့၌ လာရှိပေ၏။ ခရစ်တော်သက္ကရာဇ် ၁၆၇၅-ခုမှာ ဆိက်လူမျိုးတို့၏ ကိုးကွယ်ရာ ၉-ဆက်မြောက်ဖြစ်သော ဒုတောက်ဗဟာဒူရ် (ဂုရုဂိုဝိန္ဒ)ခေါ်သော ဆိက်လူမျိုးကိုလည်း ပသီဘာသာသို့ မဝင်လို၍ သတ်ပစ်လိုက်ပေ၏။

ခရစ်တော်သက္ကရာဇ် ၁၆၇၈-ခုနှစ်မှာ မရဝါရီပြည်၌ ဂျဆဝန္တအမည်ရှိသော မင်းကြီးနှင့် ဆိက်လူမျိုးတို့ သေလွန်ပြီးသည့်နောက် ၎င်းလူမျိုးတို့၏ သားတော်, သမီးတော်များကိုလည်း မူဆလမာန်ဘာသာသို့ ဝင်စေ၏။ ထို့နောက် ထိုအောက်ရင်ဇေ့ပ်မင်းသည် ခရစ်တော်သက္ကရာဇ် ၁၇၀၇-ခုနှစ်တွင် အနိစ္စရောက်လေ၏။ အကျယ်ကို သိလိုလျှင် အောက်စဖော့ ဂ္ဂန္ဒီယခေါ်သော အင်္ဂလိပ်ရာဇဝင်မှာ ကြည့်လေ။ (OXFORD STUDENTS HISTORY OF INDIA BY V. A. SMITH.)

ဟိန္ဒူဘာသာတရားကို ယုံကြည်သော ဂုတိမင်းသည် ဟိန္ဒူပုဏ္ဏားတို့၏ စကားကို လိုက်နာ၍ မင်းမှု-စသည်ကို ရွက်ဆောင်၏။ ဂုတိအနွယ်ဝင် ၃-၄-ဆက်မြောက်၊ သမုဒ္ဒဂုတိနှင့် ကုမာရဂုတိမင်းသည် အဿမေဓယဇ်ကို စီမံ၍ ဟိန္ဒူတရားကို နှိုးကြားစေ၏။ ဤမင်းတို့လည်း ဗုဒ္ဓဘာသာ သာသနာတော်ကို ဖျက်ဆီး၏-ဟု ဆိုကြားသော်လည်း အလုံးစုံ မပျက်စီး

သေး။ အထက်ဖော်ပြခဲ့သည့်အတိုင်း ပုရှယမိတြ-စသော ဟိန္ဒူမင်းတို့လည်း ဖျက်ဆီးပေ၏။ သို့သော်လည်း အမြစ်အရင်း မပြတ်သေး။ ပသီမင်းဖြစ်သော **မဟာမဒ္ဓဂိုရီ, အောက်ရင်ဇေ**ပ်မင်းတို့လက်ထက်မှာသာ အစမထင်အောင် ဗုဒ္ဓဘာသာသာသနာတော်သည် ဖျက်ပြားခြင်းသို့ ရောက်လေ၏-ဟု မှတ်ကြရမည်။

ဗုဒ္ဓဘာသာ ဘာသာကြီး ၁-ခုကို ဟိန္ဒူနှင့် မူဆလမာန်တို့ ဖျက်ဆီးငြားသော်လည်း ယခုအခါမှာ အင်္ဂလိပ်မင်းတို့၏ အထောက်အပင့်ကို ရခြင်းကြောင့် တဖန် နိုးကြားလျက်ပင် ရှိနေရလေ၏။ ဗုဒ္ဓဘာသာ မင်းတပါးပါး ပေါ်ပေါက်လာမူကား အဘယ်ဆိုဖွယ်ရာ ရှိနိုင်အံ့နည်း။

ဆဌကဏ္ဍ ပြီးပြီ။

★★★★★★★

{ ၇ } နိုဂ်ုံးချုပ် ဆုတောင်းဂါထာ ပါဠိနိသျှ

ဘဝေယျံ'နေန ပုညေန၊ ပညာဓိကော အနုတ္တရော။
နိ ဘဝါမိ ယာဝ ဗုဒ္ဓေါ၊ ဘဝါမိ စက္ကဝတ္တိကော။
စတုရန္တော မဟာပညော၊ ဗုဒ္ဓသာသနသောဓကော။ ။

အဟံ၊ ဦးကိတ္တိ-ဟု၊ မည်ရှိထင်ပေါ်၊ ငါရဟန်းတော်သည်။ အနေန ပုညေန၊ ဣန္ဒိယ-ကြေးမုံ အမည်ရှိသော ကျမ်းဂန်ကို၊ ကြံဖန်ကာ ရေးသားရသော တိဟိတ်ဥက္ကဋ္ဌ၊ ဤကုသလ ကြောင့်။ အနုတ္တရော၊ မိမိထက်ချွန်၊ ကဲလွန်သူ မရှိသော။ ပညာဓိကော၊ ပညာဓိက၊ မည်ရ ပညတ်၊ ဘုရားမြတ်သည်။ ဘဝေယျံ၊ ဧကန်မုချ၊ ဖြစ်ပါရလိုမူ။ ယာဝ၊ သင်္ခါတွက်ရောက်၊ အကြင်မျှလောက် ကာလပတ်လုံး။ ဗုဒ္ဓေါ၊ သစ္စာ ၄-ပါး၊ မြတ်တရားကို၊ ပိုင်းခြားမြင်တတ်၊ ပညာဓိကဘုရားမြတ်သည်။ နိ ဘဝါမိ၊ ပါရမီ မရင့်သောကြောင့် မပွင့်ဖြစ်သေး။ တာဝ၊

သခ်ၢ်ာတွက်ရောက်၊ ထိုမ္ပလောက် ကာလပတ်လုံး။ (သံသာရေ)၊ အနမတဂ္ဂ၊ အစမထင်၊ သံသရာရေအပြင်၌။ သံသရန္တော၊ ထိုမ္ပ,ဤမ္ပ၊ ကျင်လည်ရသည်ရှိသော်။ စတုရန္တော၊ ၄-ကျွန်းပိုင်သ၊ အစိုးရထသော။ မဟာပညော၊ သူတပါးထက် ကြီးမားသောပညာရှိထသော။ ဗုဒ္ဓသာသနသောဓကော၊ ဘုရားမြတ်စွာ သာသနာကို ကောင်းစွာ သုတ်သင်နိုင်ထသော။ စက္ကဝတ္တိကော၊ စကြာရတနာကို ကောင်းစွာ လည်စေနိုင်သော ဘုရင်မင်းမြတ်သည်။ ဘဝါမိ၊ ဧကန်မုချ ဖြစ်ပါရလိုဏ်။

မမ နာမံ သုတ္တာ စ'ညေ၊ ရာဇာနော ခတ္တိယာ သဒါ။
မေတ္တစိတ္တသမပ္ပိတာ၊ နိပ္ပတန္တု မမ'န္တိကေ။
သမ္မာ တိဋ္ဌတ္ပ'ယံ ဂန္ဆော၊ ယာဝ'တ္ထိ စန္ဒသူရိယာ။ ။

မမ၊ ငါ၏။ နာမံ၊ နာမပညတ်၊ အမည်မြတ်ကို။ သုတ္တာ စ၊ နား၌ဆတ်ဆတ်၊ ကြားရလတ်၍လည်း။ အညေ၊ တပါးကုန်သော။ ခတ္တိယာ၊ ရေ,မြေကို အစိုးရကုန်သော။ ရာဇာနော၊ မင်းတို့သည်။ သဒါ၊ နေ့ရောညဉ့်ပါ၊ အခါခပ်သိမ်း။ မေတ္တစိတ္တသမပ္ပိတာ၊ ချစ်မြတ်နိုးသောစိတ်ဖြင့် ပြည့်ကုန်သည်ဖြစ်၍။ မမ'န္တိကေ၊ ငါ၏ရှေ့မှောက်၊ မျက်နှာအောက်၌။ နိပ္ပတန္တု၊ ကျရောက်ခစားကြစေကုန်သတည်း။ ယာဝ၊ အကြင်မျှလောက်။ စန္ဒသူရိယာ၊ လ,နေတို့သည်။ လောကမ္ပိ၊ လောက၌။ အတ္ထိ သန္တိ၊ ရှိကုန်၏။ တာဝ၊ ထိုမ္ပလောက်။ အယံ ဂန္ဆော၊ ငါ-ယခုရေးသားပြုစုအပ်သော ဤကျမ်းကြီးသည်။ သမ္မာ၊ ကောင်းစွာ။ တိဋ္ဌတု၊ တည်ပါစေသတည်း။ (ပဏ္ဍိတာပိ)၊ ရှေ,နောက်မြော်မြင်၊ ပညာရှင်တို့သည်လည်း။ (သမ္မာ)၊ ကောင်းစွာ။ (ပသဒန္တု)၊ နှစ်သက်သေချာ၊ ရှုကြည့်ကြပါစေကုန်သတည်း။

အဓိပ္ပါယ်ကား- ဦးကိတ္တိရဟန်းတော်သည် ဗာရာဏသီမြို့တော်၌ မြန်မာရဟန်းတော် ၇-ပါးနှင့် ဝါဆိုနေစဉ် ဤကျမ်းကို စီရင်ရေးသား၍ နေရပေ၏။ ထိုအခါ အပေါင်းအဖော် ထိုရဟန်းတော်တို့သည် မိမိတို့ ဆိုင်ရာဆိုင်ရာဘက်က ကူညီထောက်ပင့်ကြပေ၏။ ထိုရဟန်းတော်များအနက်–

- ဇရပ်လှရွာ၊ မြန်မာရဟန်းတော် ဦးဥာဏိန္ဒသည် မိမိသိမြင် သလောက်ကို အကြံဉာဏ်ပေး၏။
- ရခိုင်ပြည်၊ ပုဏ္ဏားကျွန်းရပ်နေ ဦးနာရဒရဟန်းတော်သည် မိမိစွမ်းအားအလျောက် ပညာဉာဏ်တို့ဖြင့် ကူညီထောက်ပင့်၏။
- မိဂဒါဝုန်၌ ခိုလှုံသီတင်းသုံးနေသော ရခိုင်ဦးပဉ္စင်း ဦးကိတ္တိမသည်ကား ကျမ်းဂန်၏ အစ,အဆုံးတိုင်အောင် အထူးဝိသေသအားဖြင့် ဗုဒ္ဓဘာသာ မြန်မာအမျိုးသားတို့

အကျိုးရှိလောက်အောင် အစီအစဉ်-စသည်နှင့်တကွ အကြံဉာဏ်ကို ကူညီအားပေး၏။

ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့၏ ကျေးဇူးဂုဏ်ကို ကုန်စင်အောင် ပြောဆိုဖို့ရန် ပညာဉာဏ်ကို ဦးကိတ္တိရဟန်းတော်အား အဘယ်မှာ ရနိုင်ပါအံ့နည်း။

- ထိုထိုသော ဒေသန္တရ, ဘာသန္တရနှင့် လိမ္မာကျွမ်းကျင်၍ အကြင်အကြင်ကျမ်းဂန်များကို ဘာသာပြန်ဆိုပေးနိုင်ရန်ကိုလည်းကောင်း၊ ဗဟုသုတအရာ၌ ထင်ပေါ်စေခြင်းကိုလည်းကောင်း၊ ဩဝါဒပေးတတ်သော သီလ, သမာဓိ, ပညာဂုဏ်-စသည်နှင့် ပြည့်စုံလုံလောက်တော်မူသော ကုသိနာရုံဆရာတော်ဘုရားကြီးလည်းကောင်း၊
- သီလဝန္တ, ဂုဏဝန္တ, အာစာရသိက္ခာ ဖြူစင်ပေသော ဇေတဝန်ဆရာတော်ဘုရားကြီးလည်းကောင်း-

ထိုကျေးဇူးရှင် ဆရာတော်ဘုရားကြီး ၂-ပါးတို့သည်ကား ဦးကိတ္တိ ရဟန်းတော်၏ မိုဃိုရာ ကျွန်းကြီးသဖွယ် ဖြစ်ကြပေ၏။ အဖိုးအနှဌထိုက်တန်လှပေသော ပညာဂုဏ်ထူးကို ပေးတော်မူတတ်သောကြောင့် ထိုကျေးဇူးရှင် ဆရာတော်ဘုရားကြီး ၂-ပါးတို့သည် မိဘသဖွယ်နှင့်လည်း တူကြပေ၏။

တပည့်ဦးကိတ္တိရဟန်းတော်သည် ထိုဆရာတော်ဘုရားကြီး ၂-ပါးတို့၏ ခြေတော်မှ ကျသော မြေမှုန့်ဖြင့် ဖုံးလွှမ်းအပ်သော ဦးခေါင်းရှိသည်ဖြစ်၍ ထိုဆရာတော်ဘုရားကြီး ၂-ပါးတို့၏ နည်းလမ်းကို အစဉ်မှီ၍လည်းကောင်း၊ ထိုဦးကိတ္တိရဟန်းတော်သည် ဣန္ဒိယပြည်တွင် ပညာအရာ၌ ထင်ပေါ်ကျော်စောသော ဟိန္ဒူပဏ္ဍိတ်, ပရောဟိတ်ပုဏ္ဏားတို့အထံမှ သက္ကဋ္ဌ, ဟိန္ဒီ, ဗင်္ဂလီဘာသာများကို မပြိုမပြင် သင်အံ့လေ့ကျက်အားထုတ်ခဲ့သော ဥပနိဿယဖြင့်လည်းကောင်း အမျိုးသားတို့ အကျိုးကြီးပွါးစေရန် ဤဣန္ဒိယကြေးမုံကျမ်းကြီးကို တစ်စုံတစ်ခုသော ဘေးအန္တရာယ် မတွယ်မကပ်ရောက်ဘဲ သက္ကရာဇ် ၁၂၉၄-ခု၊ တပေါင်းလ၌ အပြီးသို့ ရောက်စေပေ၏။

ဤကျမ်းကို ရေးသားရာ၌ ပါဝင်ကြကုန်သော အထက်ပါ ပညာရှိတို့သည် တစ်ဆင့်ထက်တစ်ဆင့် ကြာပဒုမ္မာမြင့်သကဲ့သို့ ဖိုလ်,မဂ်အဆင့်ဆင့်သို့ ဆိုက်ရောက်ကြပြီးလျှင် နိဗ္ဗာန်တည်းဟူသော အသင်္ခတမာတ်နှစ်ကြီးကို သုံးဆောင်ခံစားရကြပါစေကုန်သတည်း။ ဤဣန္ဒိယကြေးမုံကျမ်းကြီးသည်လည်း ကမ္ဘာပေါ်တွင် နေ,လအသွင်ကဲ့သို့ ထင်ပေါ်လျက် လောကတွင် လူ,ရှင်,ရဟန်းရှိသမျှကာလပတ်လုံး မပျက်မဆုံးဘဲ အမြဲတည်နေပါစေသတည်း။

ရင်းပြင် ဒေသန္တရ, ဘာသန္တရ, ဗဟုသုတအမျိုးမျိုးကို အလိုရှိကြ၍ ဤကျွန်ုပ်ယ-ကြေးမုံကျမ်းကြီးကို တွေ့ကြုံခဲလှပေစွတကား-ဟု နှလုံးသွင်းပိုက်လျက် နေ့စဉ်မပြတ် လေ့လာရွတ်ဖတ်သရဇ္ဈာယ်ကြကုန်သော ရဟန်း,ရှင်,လူ သူတော်သူမြတ်အပေါင်းတို့သည်လည်း ပညာရင့်သန် ဉာဏ်ဂမ္ဘီရ ပွင့်လန်းကြပြီးလျှင် အနန္တဝေနေယျတို့အား မေတ္တာရေစင်ဖြင့် ဆွတ်ဖျန်းရုံမက အလိုရှိအပ်,တောင့်တအပ်ကုန်သော ဆုထူးဆုမြတ်တို့နှင့် ပြည့်စုံလင်၍ နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်ကြီးသို့ ဝင်ရောက်နိုင်ကြပါစေကုန်သတည်း။

ထိုမှတပါး လောကီ, လောကုတ္တရာ ၂-ဖြာသောအကျိုးကို လိုလားတောင့်တအပ်သော ငါ-ဦးကိတ္တိရဟန်းတော်သည် ပညာဓိက, သမ္မာသမ္ဗုဒ္ဓ နိယတဗျာဒိတ်ပန်းကို မဆင်မြန်းရသေးသမျှ ကာလပတ်လုံး တွက်ကျုံးမျှားလှ အစမထင် သံသရာမှာ ကျင်လည်၍ နေရသည်ရှိသော် ရှေးရှေးက သီရိဓမ္မာသောကမင်းကဲ့သို့ သူတပါးတို့ မတုပနိုင်သော ပညာဂုဏ်-စသော ဘုန်းတန်ခိုးအာနုဘော်နှင့် ပြည့်စုံ၍ သာသနာတော်၌ မသူတော်တရားတည်းဟူသော အညစ်အကြေးကို သူတော်ကောင်းတရားတည်းဟူသော ရေစင်ဖြင့် သုတ်သင်ဆေးကြောနိုင်ပေသော မင်းထူးမင်းမြတ် ဖြစ်ရလိုပါ၏။ ထိုအခါ လူမျှားအပေါင်းနှင့်တကွ မင်း-ဟူသမျှတို့သည် အခါခပ်သိမ်း မေတ္တာစိတ်ဖြင့် ပြည့်ကုန်သည်ဖြစ်၍ ငါ၏ မျက်မှောက်သို့ ကျရောက်ကြပါစေကုန်သတည်း။ ငါ၏သူတော်ကောင်းတရားတော်ကို ၁-ကြိမ်, ၁-ခါမျှ ကြားနာခဲ့ရသည်ရှိသော် ဝေနေယျတို့သည် သဒ္ဓါပသန္နဖြင့် သက်ဝင်ယုံကြည်ပြီးလျှင် ထိုတရားတော်ကို စင်စစ် လေ့လာကျင့်သုံးနိုင်ကြပါစေကုန်သတည်း။ ။

ကျွန်ုပ်ယကြေးမုံကျမ်းကြီး ပြီး၏။

✪ ✪ ✪ ✪ ✪ ✪ ✪ ✪ ✪ ✪

၁။ ဝိသုဒ္ဓါရုံသုတ်နက်ကြီး
၂။ ဝိသုဒ္ဓါရုံသင်ကြိုဟ်နိသျ
၃။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်
၄။ ဝိသုဒ္ဓါရုံပရိတ်ကြီးနိသယ
၅။ သိရီမဟာမာယာဒေဝီဝတ္ထုနိသျ
၁၁။ ဆိဒ္ဓပိဓာနနိကျမ်း
၁၂။ ဝိစိတြဝန္ဒနာ-စသည် (ပ,ဒု၊ ၂-ကြိမ်)
၁၃။ သတိသမ္ပဇဉ်နိဂ္ဂဟစာတမ်း (ဦးနာရဒ)
၁၄။ မဟာဝိသုဒ္ဓါရာမတိုက်အုပ်ဆရာတော်ထေရပ္ပတ္တိ
၁၆။ ဝိမိဿမဝုရရစနာ (ပ, ဒု-တွဲ) (ပ-ကြိမ်) (အရှင်စန္ဒဇောတိ)
၁၉။ ဝိမိဿမဝုရရစနာ (၂-တွဲပေါင်း) (ဒု-ကြိမ်) (အရှင်စန္ဒဇောတိ)
၂၀။ လူနှင့်တူသောလူ
၂၂။ မင်္ဂလာ့အမြုတေ
၂၄။ ဗုဒ္ဓနိုင်ငံတော် (ဒု-တွဲ)
၂၆။ တထာဂတဥဒါနဒီပနီ (ပ-တွဲ)
၂၈။ ဝိမတိစ္ဆေဒနီ (ကျီးသဲ)
၃၀။ စွယ်စုံကျော်ထင်ဂဏ္ဌိကျမ်း
၃၂။ သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပွဒီပိကာကျမ်း၊
THE HISTORY OF THE BUDDHA'S RELIGION (၃-ကျမ်းတွဲ)
၃၃။ သီလဂွန်အဋ္ဌကထာ မြန်မာပြန်
၃၅။ ချောင်းဦး၊ ရွှေတောင်ဆရာတော်ဝိနိစ္ဆယ
၃၇။ ကစ္စာယနသာရသရူပတ္ထဒီပနီ (ပြည်)
၃၉။ ဝင် ၉-ဝင်ဝတ္ထု (ဒု-တွဲ)
၄၁။ မဏ္ဍိမဒေသသာသနာပြုအတွေ့အကြုံများ (ဟရိဗလ၊ ကုသိနာရုံ)
၄၂။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (ပ-တွဲ)
၄၄။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (ဒု-တွဲ)
၄၆။ ပြက္ခဒိန်အကြောင်းသိကောင်းစရာနှင့် ကာဗျမိဿက (ပ, ဒု ၂-ကြိမ်)
၄၇။ ဒုစရိုက်,သုစရိုက်ခွဲတမ်း လူစည်းကမ်းဥပဒေတော်ကြီး (အရှင်စန္ဒဇောတိ)
၄၈။ ဂမ္ဘီရတ္ထဒေသနာ (သီးလုံးဆရာတော်)
၅၀။ ဆယ့်နှစ်လရာသီပြ ကြယ်တာရာပုံများ (အရှင်သဒ္ဓိယနှင့် ကိုလူသောင်) (ဒု-ကြိမ်)
၅၁။ အနေကဇာဋိကာ (ဦးကေတုမာလာ)
၅၃။ ဆန်းကျမ်း ၆-စောင်တွဲ
၅၅။ ဝိနယသမူဟဝိနိစ္ဆယကျမ်း (တ-တွဲ)
၅၇။ အဋ္ဌသာရဏီ, ဇယဒြတရာမလ, ဆဋ္ဌိသလင်္ကာ, ဆဋ္ဌိသဟူးရား, ဆဋ္ဌိသ (၅-ကျမ်းတွဲ)
၅၈။ သူရိယသိဒ္ဓါန္တ မြန်မာပြန် (Dr. ကံညွှန့်)
၂။ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ဋီကာ
၄။ ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိကျမ်း
၆။ နှုတ်ငုံဆောင် ဝိသုဒ္ဓါရုံပရမတ္ထသရူပဆိုရိုး
၈။ ဝိသုဒ္ဓါရုံထေရပ္ပတ္တိဒီပနီပါဠိ
၁၀။ ဓာတ္တတ္ထသင်္ဂဟပါဠိ + နိသျ
၁၂။ လင်္ကာဒီမဂ္ဂဒီပနီ
၁၄။ မနောဒိဋ္ဌဝန္ဒနာ
၁၆။ ဓဟာဗောဓျာဒီမဂ္ဂဒီပနီ
၁၈။ ဝိမိဿမဝုရရစနာ (ပ, ဒု-တွဲ) (ပ-ကြိမ်) (အရှင်စန္ဒဇောတိ)
၂၁။ အုမေးတော်ဖြေ
၂၃။ ဗုဒ္ဓနိုင်ငံတော် (ပ-တွဲ)
၂၅။ ဗုဒ္ဓနိုင်ငံတော် (တ-တွဲ)
၂၇။ တထာဂတဥဒါနဒီပနီ (ဒု-တွဲ)
၂၉။ သမ္မာဒိဋ္ဌိကထာကျမ်း
၃၁။ မဟာဗောဓိပ္ပတ္တိကထာကျမ်း
၃၄။ ဘူမိစာလနိဒါန်းကျမ်း (ဒု, တ ၂-ကြိမ်)
၃၆။ တွံတေး၊ ပရိတ်ကြီးပါဠိ,နိသျ
၃၈။ ဝင် ၉-ဝင်ဝတ္ထု (ပ-တွဲ)
၄၀။ ဝင် ၉-ဝင်ဝတ္ထု (တ-တွဲ)
၄၂။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (ပ-တွဲ)
၄၅။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (တ-တွဲ)
၄၇။ ဒုစရိုက်,သုစရိုက်ခွဲတမ်း လူစည်းကမ်းဥပဒေတော်ကြီး (ဦးကိတ္တိဝေရ)
၄၉။ မုဒ္ဓါဘိသေကာဒီပဏ္ဍက (၅-ကျမ်းတွဲ)
၅၁။ ဝိနယသမူဟဝိနိစ္ဆယကျမ်း (ပ-တွဲ)
၅၄။ ဝိနယသမူဟဝိနိစ္ဆယကျမ်း (ဒု-တွဲ)
၅၆။ ဗောဓိမဏ္ဍရိပဉ္ဘာဗျာကရဏ (ပ, ဒု-ကြိမ်)
၅၈။ ဝိနယသမ္ဘာရဏီ, ဇယဒြတရာမလ, ဆဋ္ဌိသလင်္ကာ, ဆဋ္ဌိသဟူးရား, ဆဋ္ဌိသ (၅-ကျမ်းတွဲ)
၅၉။ ဣန္ဒိယကြေးမုံကျမ်းကြီး (ဦးကိတ္တိဝေရ)

စာဒါယကာကြီး ဦးကျော်ညွှန့်နှင့် မိတ်ဆွေများ ပုံနှိပ်လျှုဒါန်းပြီးသော ကျမ်းဂန်များ

၁။ တိပိဋကပါဠိမြန်မာ အဘိဓာန် — အတွဲ- ၁

၂။ တိပိဋကပါဠိမြန်မာ အဘိဓာန် — အတွဲ- ၂

၃။ တိပိဋကပါဠိမြန်မာ အဘိဓာန် — အတွဲ- ၃

၄။ တိပိဋကပါဠိမြန်မာ အဘိဓာန် (အပိုင်း- ၁) — အတွဲ- ၄

၅။ တိပိဋကပါဠိမြန်မာ အဘိဓာန် — အတွဲ- ၅

၆။ တိပိဋကပါဠိမြန်မာ အဘိဓာန် — အတွဲ- ၆

၇။ တိပိဋကပါဠိမြန်မာ အဘိဓာန် — အတွဲ- ၇

၈။ တိပိဋကပါဠိမြန်မာ အဘိဓာန် — အတွဲ- ၈

၉။ တိပိဋကပါဠိမြန်မာ အဘိဓာန် — အတွဲ- ၉

၁၀။ တိပိဋကပါဠိမြန်မာ အဘိဓာန် — အတွဲ-၁၀

၁၁။ တိပိဋကပါဠိမြန်မာ အဘိဓာန် — အတွဲ-၁၁

၁၂။ တိပိဋကပါဠိမြန်မာ အဘိဓာန် — အတွဲ-၁၂

၁၃။ တိပိဋကပါဠိမြန်မာ အဘိဓာန် — အတွဲ-၁၃

၁၄။ တိပိဋကပါဠိမြန်မာ အဘိဓာန် — အတွဲ- ၁၄ (ပ-ပိုင်း)

၁၅။ တိပိဋကပါဠိမြန်မာ အဘိဓာန် — အတွဲ-၁၅

၁၆။ တိပိဋကပါဠိမြန်မာ အဘိဓာန် — အတွဲ-၁၆

၁၇။ တိပိဋကပါဠိမြန်မာ အဘိဓာန် (ရိုက်ပြီးချုပ်ဆဲ) — အတွဲ-၁၇

၁၈။ တိပိဋကပါဠိမြန်မာ အဘိဓာန် — အတွဲ-၁၈

၁၉။ တိပိဋကပါဠိမြန်မာ အဘိဓာန် — အတွဲ-၁၉

၂၀။ လူသေလူဖြစ်ဝိနိစ္ဆယကျမ်း

၂၁။ မူလဓမ္မဝိသောဓနီကျမ်း

၂၂။ ဝိနယပုစ္ဆာဝိသဇ္ဇနာ (ထိမ်တော၊ ဒု-ကြိမ်)

၂၃။ ဝိနယပုစ္ဆာဝိသဇ္ဇနာ (ထိမ်တော၊ တ-ကြိမ်)

၂၄။ ပုစ္ဆာနယပကာသနီကျမ်း

၂၅။ ဒွါစတ္တာလီသပုစ္ဆာဝိသဇ္ဇနာကျမ်း, ဓ-ဌာနဝိနိစ္ဆယကျမ်း (၂-ကျမ်းတွဲ)

ဤကွန်ဒီယကြေးမုံကျမ်းကြီးကို အဆက်မပြတ် ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင် စိုက်ထူကာ ပညာသံဝတ္ထုနိုကကုသိုလ်ပြုကြသော ဓမ္မဒါနဒါယကာများ

* * * * * *

နှစ်ဖက်မိဘများဖြစ်ကြသော

ဗိုလ်မှူးကြီး (ငြိမ်း) ဦးကောင်းလှ + ဒေါ်လှမြိုင်

ဗိုလ်ကြီး (ငြိမ်း) ဦးလှမြင့် + ဒေါ်ခင်ခင်သောင်း

တို့အား အမှူးထား၍

ဒု-အင်ဂျင်နီယာမှူးကြီး ဦးကျော်သူ

ဇနီး ဒေါ်သက်မာမြင့်

သား မောင်တေဇကျော်

သမီး မဇ္ဇနာ်ပွင့်သူ

ခြံအမှတ်-၁၊ စိန်ပန်းလမ်း၊ ပြည်ထောင်စုရိပ်မွန်၊ သယ်နန်းကျွန်းမြို့နယ်၊ ရန်ကုန်

မိသားစု ကောင်းမှု

ဤကွန်ဒီယကြေးမုံကျမ်းကြီးကို အဆက်မပြတ် ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင် စိုက်ထူကာ ပညာသံဝတ္ထုနိုကကုသိုလ်ပြုကြသော မမွေဒါနဒါယကာများ

* * * * * *

နှစ်ဖက်မိဘများဖြစ်ကြသော

ဗိုလ်မှူးကြီး (ငြိမ်း) ဦးကောင်းလှ + ဒေါ်လှမြင့်

ဗိုလ်ကြီး (ငြိမ်း) ဦးလှမြင့် + ဒေါ်ခင်ခင်သောင်း

တို့အား အမှူးထား၍

ဒု-အင်ဂျင်နီယာမှူးကြီး ဦးကျော်သူ

၇နီး ဒေါ်သက်မာမြင့်

သား မောင်တေဇကျော်

သမီး မဇ္ဇနှင့်ပွင့်သူ

ခြံအမှတ်-၁၊ စိန်ပန်းလမ်း၊ ပြည်ထောင်စုရိပ်မွန်၊ သယံနှီးကျွန်းမြို့နယ်၊

ရန်ကုန်

မိသားစု ကောင်းမှု